ရန်ကုန်မြို့-သရက်တောကျောင်းတိုက်

မြို့မိဆရာတော်-ဦးဇေယျာသေန

ရေးသားတော်မူအပ်သော

[ဒီဃနိကာယ]

# သုတ်သီလက္ခန်

# ဝတ္ထုတော်ကြီး

ဆရာ ဦးတင်စိုး [ဓမ္မာစရိယ]
ကြီးကြပ်ရိုက်နှိပ်သည်

မူပိုင်ရှင်-ဦးထွန်းကို-ဒေါ်ညွန့်

လဇ္ဇီပေသလ သိက္ခာကာမ သံသာရဘယ ဘီရုက နာနာနယ
ကောဝိဒ ဂန္ထန္တရဗဟုသုတ အာဂတာဂမ ဝိနိစ္ဆယဆေက
ဂန္ထကာရက ဖြစ်တော်မူသော ခကေ့းမြို့ မြို့မရွာဇာတိ
(ပဝတ္တိ) ရန်ကုန်မြို့၊ သရက်တောကျောင်းတိုက် မြို့ကျောင်း
ဆရာတော်ဘုရားကြီး ရေးသားတော်မူသော

# ဒီဃနိကာယ

# သုတ်သီလက္ခန်

# ဝတ္ထုတော်ကြီး

ဆရာ ဦးတင်စိုး (ဝပ္ပာစရိယ) ကြီးကြပ် ရိုက်နှိပ်သည်။

ရန်ကုန်မြို့၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်
၁၀/၂၂ ကွန်းဘညာ ... တိုက်
... ကို ... ဒေါ်...

ဘာသာရေး ခွင့်ပြုချက်အမှတ် (၁၀၉၉)
၂/၅၆

ထုတ်ဝေသူ ။ ။ဦးထွန်းကို ၀၁၅၀၆
ထွန်းပညာ-စာပေ၊ ၅၁-၅၂
ရွှေတိဂုံဘုရားဈေး၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ဦးစိန်လင်း (၀၇၂၀)
ရတနာသီရိပုံနှိပ်တိုက်
အမှတ်-၁၀/၉၄၉ လမ်း-၃၀
တောင်ဥက္ကလာ၊ ရန်ကုန်။

တန်ဘိုး ။ ။

ပထမအကြိမ်။

အုပ်ရေ ။ ။ ၂၅၀၀,

ပန်းချီ ။ ။ကိုလေး၊

အဖုံးအတွင်းရှိပုံများ ။ ။ကာလာ–မောင်ဝင်း၊

ဘလောက် ။ ။ဦးကျော်စိန်၊

စာအုပ်ချုပ် ။ ။ကြိုင်မိသားစု၊

၁၃၃၅-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်-၂-ရက်၊ ၁၉-၁၁-၇၃



သိက္ခာ ၂၄-ဝါအရတွင် ရိုက်ကူးထားသော
မြို့မိဆရာတော်ဘုရား၏ ပုံတော်။

| အမှတ်စဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|


က—အကြောင်းပြစာတမ်း
ခ—နိဒါန်း (အချီးစကား) ၁
ဂ—ပထမ သင်္ဂါယနာတင်ရခြင်း၏ အကြောင်း ၄
ဃ-နတ်သားတပါးက အရှင်အာနန္ဒာအား သံဝေဂဖြစ်ရန် လျှောက်ထားကြောင်း ၉


## ၁။ ဗြဟ္မဇာလသုတ် ဝတ္ထု


၁။ စူဠသီလကို ဟောတော်မူကြောင်း ၂၅
၂။ မဇ္ဈိမသီလကို ဟောတော်မူကြောင်း ၂၈
၃။ မဟာသီလကို ဟောတော်မူကြောင်း ၃၆
၄။ နိမိတ်ယူ၍ဟောသော ဆရာအကြောင်း ၃၈
၅။ လက္ခဏာကျမ်းတို့၏ အကြောင်း ၃၉
၆။ မန္တန်အမျိုးမျိုးနှင့် ပီယဆေးများအကြောင်း ၄၃
၇။ သဿတဒိဋ္ဌိ လေးမျိုးကို ဟောတော်မူကြောင်း ၄၅
၈။ အဋ္ဌကထာပြသော တက္ကီဒိဋ္ဌိ လေးမျိုးအကြောင်း ၄၉
၉။ ဝေဒနာကမ္မဋ္ဌာန်းကို ဟောပြတော်မူကြောင်း ၅၀
၁၀။ ခိဍ္ဍာပဒေါသိက နတ်တို့၏အကြောင်း ၅၄
၁၁။ မနောပဒေါသိက နတ်တို့အကြောင်း ၅၆
၁၂။ ကေစ္စ သဿတ (လ) စိတ္တကမ္မဋ္ဌာန်းအကြောင်း ၅၉
၁၃။ အမရာဝိက္ခေပ ဒိဋ္ဌိလေးမျိုးတို့ကို ဟောတော်မူကြောင်း ၆၀
၁၄။ အသညသတ် ဗြဟ္မာဘုံသို့ရောက်ခြင်း၏ အကြောင်း ၆၅
၁၅။ ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး သရုပ်ကို ပေါင်း၍ ဟောပြကြောင်း ၇၄
၁၆။ မြေကြီးတုန်လှုပ်ခြင်း၏အကြောင်း ၈၃

# မာ တိ ကာ


| အမှတ်စဉ် | အကြောင်းအရာ | နှာပါတ် |
|---|---|---|
| | ၂။ သာမညဖလသုတ် ဝတ္ထု | |
| ၁၇။ | အဇာတသတ်မင်း၏ အတ္တုပ္ပတ္တိအကြောင်း | ၈၈ |
| ၁၈။ | ဗိမ္ဗိသာရမင်းကြီးက လက်ရုံးသွေးကို ဖောက်၍ မိဖုရားအား တိုက်ရခြင်း အကြောင်း | ၈၈ |
| ၁၉၊ | အရှင်ဒေဝဒတ်သည် မကောင်းသောအကြံကို ကြံစီကြောင်း | ၈၉ |
| ၂၀။ | ဗိမ္ဗိသာရမင်းကြီး၏ ခြေဖဝါးကို ဓားခွဲခံရကြောင်း | ၉၂ |
| ၂၁။ | အရှင်ဒေဝဒတ်သည် မြတ်စွာဘုရားကိုသတ်ရန် ကြံစီကြောင်း | ၉၃ |
| ၂၂။ | အဘသတ် မင်းငါးဆက် အကြောင်း | ၁၀၈ |
| ၂၃။ | အဇာတသတ်မင်းသည် ဘုရားသခင်ထံ သွားရောက်ကြောင်း | ၁၀၇ |
| ၂၄။ | တိတ္ထိဆရာကြီးတို့ထံ အဇာတသတ်မင်း ပုစ္ဆာမေးကြောင်း | ၁၁၂ |
| ၂၅။ | ရဟန်းခံခြင်း၏ ဒိဋ္ဌဓမ္မ မျက်မှောက်ခံစားရသောအကျိုး | ၁၂၄ |
| ၂၆။ | ဝဍ္ဎနနည်းဖြင့် လှည့်စား၍ယူသော သေသောက်ကြူးဝတ္ထု | ၁၂၈ |
| ၂၇။ | အထူးမှတ်သားဘွယ်အချက်စု | ၁၃၀ |
| ၂၈။ | ပါဏာတိပါတကံမြောက်ခြင်း အင်္ဂါ-၅-ပါး | ၁၃၃ |
| ၂၉။ | ဖဿဝါစာ စသည်၌ မှတ်သားဘွယ်များ | ၁၃၈ |
| ၃၀။ | ဝိပဿနာဉာဏ်ကို ဟောတော်မူကြောင်း | ၁၄၈ |
| ၃၁။ | သမ္ဗောဇ္ဈာဘရား ၄-ပါးကို ဟောခြင်း | ၁၆၀-၁ |
| ၃၂။ | ဖုဿဒေဝထေရ် အဘိက္ကန္တ ပဋိက္ကန္တဝတ်ကို ဖြည့်ကျင့်ကြောင်း | ၁၆၉ |
| ၃၃။ | အသမ္မောဟ သမ္ပဇာဉ်ဖြစ်ပုံ အလွန်သိမ်မွေ့နက်နဲကြောင်း | ၁၇၄ |
| ၃၄။ | ခြေတလှမ်းကို ခြောက်ပုံပြု၍ ဖြစ်ပျက်ကို ရှုကြည့်ပုံ | ၁၇၅ |
| ၃၅။ | ကြည့်ရှုရာ၌ အသမ္မောဟ သမ္ပဇာဉ် ဖြစ်ပုံ | ၁၈၀ |
| ၃၆။ | ရဟန်းငယ် လေးပါး၏ ဝတ္ထု | ၁၈၃ |
| ၃၇။ | ဂေါစရသမ္ပဇာဉ်နှင့် ပြည့်စုံလှသော မဟာထေရ်၏ ဝတ္ထု | ၁၈၄ |
| ၃၈။ | လက်ခြေတို့ နူနာစွဲသူတို့ နေထိုင်သော ဇရပ်ကြီးအကြောင်း | ၁၈၇ |
| | ၃။ အမ္ဗဋ္ဌသုတ် ဝတ္ထု | |
| ၃၉။ | ပေါက္ခရသာတိ ပုဏ္ဏားကြီး အကြောင်း | ၁၉၉ |
| ၄၀။ | သာကီဝင်မင်းတို့၏ အစဖြစ်ပုံ အကြောင်း | ၂၀၀ |
| ၄၁။ | ဘုရားသခင်က အမ္ဗဋ္ဌလုလင်အား ဇာတိမျိုးရိုးကို မေးကြောင်း | ၂၁၃ |
| ၄၂။ | သာသနာကွယ်ပလွယ်ကြောင်း ရသေ့လေးမျိုးတို့အကြောင်း | ၂၂၁ |
| ၄၃။ | အမ္ဗဋ္ဌ လုလင်သည် မြတ်စွာဘုရား၏ လက္ခဏာတော်တို့ကို စုံစမ်းကြောင်း | ၂၂၉ |

**အမှတ်စဉ်** **အကြောင်းအရာ** **နံပါတ်**

၄။ သောဏဒဏ္ဍသုတ် ဝတ္ထု

၄၄။ သောဏဒဏ္ဍ ပုဏ္ဏားကြီး အကြောင်း ၂၃၈
၄၅။ မြတ်စွာဘုရား ကိုယ်တော်ကို ဝါးလုံးနှင့် တိုင်း၍ ကြည့်သော ပုဏ္ဏား ဝတ္ထု ၂၄၃
၄၆။ ရာဟု အသူရိန်နတ်ကြီး၏ ဝတ္ထု ၂၄၄
၄၇၊ သောဏဒဏ္ဍပုဏ္ဏားသည် ဘုရားသခင်ထံ သွားရောက်ကြောင်း၊ ၂၅၀
၄၈။ သီလနှင့် ပညာသည် မဟာမိတ်ဖြစ်ကြောင်း ၂၅၄

၅။ ကူဋဒန္တသုတ် ဝတ္ထု

၄၉။ မဟာဝိဇိတမင်းကြီး၏ ဝတ္ထုကို ဟောကြားတော်မူကြောင်း- ၂၆၀
၅၀။ ဘုရားသခင်သည် ကူဋဒန္တပုဏ္ဏားကြီးအား တရားဟောနေပုံ- ၂၆၀
၅၁။ စံသာနုရက္ခ နိစ္စဒါန ဆွမ်းဝတ်တည်ခြင်းအကြောင်း ၂၇၀
၅၂။ မြန်မာပြည်၌ အစဉ်ပြတ်၍နေသော စာရေးတန် ဆွမ်းဝတ်လှူနည်း ၂၇၁
၅၃။ စာရေးတံ လက်မှတ်ပို့၍ လှူဒါန်းသော ဝတ္ထုသက်သေ- ၂၇၂
၅၄။ စာရေးတံ ဆင်စွယ်၊ လက်မှတ်ပုံစံ ၂၇၃
၅၅။ စာရေးတံ လက်မှတ်(လ)မိဖုရားဖြစ်သောမိန်းကလေး ဝတ္ထု ၂၇၄
၅၆။ ကြိုးကြာငှက်တို့သည် ရေကို ဘယ်အခါမှ မသောက်ကြောင်း- ၂၇၆
၅၇။ အထူးမှတ်သားဘွယ်များ ၂၇၇

၆။ မဟာလိသုတ် ဝတ္ထု

၅၈။ ဝေသာလီပြည်အနီး မဟာဝုန်တောကြီးအကြောင်း ၂၇၉
၅၉။ သုနက္ခတ်ရဟန်း ဘုရားကို ရန်ငြိုးဖွဲ့ကြောင်း ၂၉၃
၆၀။ နိဗ္ဗာန်ရောက်ကြောင်း လမ်းမှန် ဂုဏ်အင်္ဂါရှစ်ပါး ၂၉၆

၇။ ဇာလိယသုတ် ဝတ္ထု

၆၁။ သောသိတ သေဌေး အကြောင်း ၃၀၀
၆၂။ နေ့ဝက်မျှ စောင့်သော ဥပုသ်သီလအကျိုး ၃၀၂

၈။ မဟာသိဟနာဒသုတ် ဝတ္ထု

၆၃။ အစေလ ကဿပသည် မြတ်စွာဘုရားအား လျှောက်ကြောင်း ၃၀၆
၆၄။ မြတ်စွာဘုရားသည် အစေလကဿပအား လမ်းကောင်း လမ်းမှန် ၈-မျိုးကို ဟောကြောင်း ၃၀၉
၆၅။ အစေလကဒိဋ္ဌိတို့၏ ကျင့်နည်းများ ၃၁၀

| အမှတ်စဉ် | အကြောင်းအရာ | နံပါတ် |
|---|---|---|


၉။ ပေါဋ္ဌပါဒသုတ် ဝတ္ထု

၆၆။ ကိုးကွယ်သော ဘာသာအယူဝါဒ (လ) ဇရပ်ကြီးအကြောင်း– ၃၂၃
၆၇။ အရှင်မဟာ ကောဋ္ဌိကထေရ် ဟောပြောသော တရားအထူး– ၃၂၄
၆၈။ စိတ္တထေရ် ရှေးမကောင်းမှု ကံကြောင့် ခုနစ်ကြိမ် လူထွက်ရကြောင်း ၃၂၈
၆၉။ မိဂသိင်္ဂရသေ့သည် နတ်သမီးအတွေ့ကြောင့် သုံးနှစ်မေ့၍နေကြောင်း ၃၃၅
၇၀။ အကျင့်ကို ကောင်းစွာကျင့်၍ အချို့စိတ်ဖြစ်ပုံ, မဖြစ်ပုံကို ထင်ရှားအောင် ခွဲပြတော်မူကြောင်း ၃၃၈
၇၁။ အတ္တဘောသုံးမျိုးကို ဟောတော်မူကြောင်း ၃၄၉

၁၀။ သုဘသုတ်ဝတ္ထု

၇၂။ တောဒေယျပုဏ္ဏားကြီး ခွေးဖြစ်ကြောင်း ၃၅၈
၇၃။ သုဘလုလင်အား တရားဟောကြောင်း ၂၅၉

၁၁။ ကေဝဋ္ဋသုတ် ဝတ္ထု

၇၄။ ကေဝဋ္ဋသူကြွယ်သည် မြတ်စွာဘုရားအား တန်ခိုးပြစေရန် တောင်းပန်ကြောင်း ၃၆၅
၇၅။ အဘိညာဏ်ရ ရဟန်းတပါး၏ အကြံဖြစ်ကြောင်း ၃၆၉
၇၆။ ခေတ်–၄–ပါး၏ ချုပ်ရာကို ဟောတော်မူသောဂါထာများ ၃၇၇

၁၂၊ လောဟိစ္စသုတ် ဝတ္ထု။

၇၇။ လောဟိစ္စပုဏ္ဏားကြီး အယူမှား၍နေကြောင်း ၃၇၉
၇၈၊ အပြစ်ပြောဆိုထိုက်သော တရားဟောဆရာ သုံးမျိုး ၃၈၃

၁၃။ တေဝိဇ္ဇသုတ် ဝတ္ထု

၇၉။ သာဝတ္ထိပြည် ကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားကြီး ငါးဦးအကြောင်း ၃၈၇
၈၀။ စတုဒိသာ ဇရပ်ကြီးတွင် သူကဏ်းငါးဆယ်ကျော်တို့ စုံ၍နေကြောင်း ၃၉၁
၈၁။ ဗြဟ္မာပြည်ရောက်ကြောင်းလမ်းကို ဟောတော်မူကြောင်း ၄၀၀
၈၂။ ကျမ်းပြီးနိဂုံး ၄၀၄

# အကြောင်းပြစာတမ်း

ဤသုတ်သီလက္ခန် ဝတ္ထုတော်ကြီးကို၊ ကျေးဇူးရှင် မကွေးမြို့၊ မြို့မိရွာကျောင်း၊ (ပဝတ္တိ) ရန်ကုန်မြို့၊ သရက်တောကျောင်းတိုက်၊ မြို့မိကျောင်း ဆရာတော်ဘုရားကြီးကိုယ်တိုင် ရေးသားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

**သမိုင်းကြောင်း။** ။ဖော်ပြပါ ဆရာတော်ဘုရားကြီးသည် တချိန်တုန်းက ရန်ကုန်မြို့ ပရိယတ္တိ သာသနာနုဂ္ဂဟ အသင်းကြီးမှ ထုတ်ဝေသော စာစောင်တွင် ဘာသာရေးဆိုင်ရာစာပေများကို အထက်တန်းကျသော နိကာယ်ကျမ်းကြီးများမှ ထုတ်နှုတ်၍ လစဉ် ခန်းဆက်သဘော ရေးသားခဲ့ဘူးသဖြင့် နိုင်ငံတော်တွင် လူ ရှင်ရဟန်း များစွာတို့ မသိသူရှားသလောက် ဖြစ်ခဲ့သော ဆရာတော်ကြီးတပါး ဖြစ်ပေသည်။

ထို့ပြင် ယခုမျက်မှောက်ကာလတွင်လည်း ထေရာ, ထေရီ, ဝတ္ထုတော်ကြီးများ၊ ပေတ၊ ဝိမာန၊ ဝတ္ထုတော်ကြီးများ၊ ဝိပဿနာ ဓာတ်ပညာ ကျမ်းကြီးများကို ပုံနှိပ်၍ ဖြန့်ချီနေပြီ ဖြစ်သောကြောင့်လည်း ကျမ်းပြု ဆရာတော်ဘုရားကြီးနှင့် စာရှုသူတို့အား အထူးမိတ်ဆက်ပေးရန် လိုတော့မည် မထင်ပါ။

ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ကျမ်းကြီးများကိုသာမက၊ ဒီဃနိကာယ်ဆိုင်ရာ သုတ်သီလက္ခန်ဝတ္ထုတော်ကြီး၊ သုတ်မဟာဝါဝတ္ထုတော်ကြီး သုတ်ပါထိက ဝတ္ထုတော်ကြီးများကို လည်းကောင်း၊ မဇ္ဈိမနိကာယ်ဆိုင်ရာ မူလပဏ္ဏာသ ဝတ္ထုတော်ကြီး၊ မဇ္ဈိမပဏ္ဏာသ ဝတ္ထုတော်ကြီး၊ ဥပရိပဏ္ဏာသ ဝတ္ထုတော်ကြီးများကို လည်းကောင်း၊ သံယုတ္တနိကာယ်ဆိုင်ရာ မဟာဝဂ္ဂ သံယုတ် ဝတ္ထုတော်ကြီး၊ သဂါထာဝဂ္ဂ သံယုတ် ဝတ္ထုတော်ကြီးများကို လည်းကောင်း၊ အင်္ဂုတ္တရနိကာယ်ဆိုင်ရာ အင်္ဂုတ္တိုရ်ဝတ္ထုတော်ကြီး ပထမတွဲနှင့် ဒုတိယတွဲကျမ်းကြီးများကို လည်းကောင်း၊ ဝိထိလက်ဆန်းကျမ်း၊ လောကီဝိဇ္ဇာ လမ်းမှန်ကျမ်းကြီးများကို လည်းကောင်း၊ ရေးသားခဲ့ဘူးကြောင်းသိရှိရပါသည်။

**သီလဂုဏ်။** ။၎င်းဆရာတော်ဘုရားကြီးသည် ဂန္ထဓုရ ဗဟုသုတ (စာပေအတွေ့အကြုံ) နှင့်သာ ပြည့်စုံသည် မဟုတ်၊ ဝိနည်းသိက္ခာပုဒ်တော်များကို ကျိုးပေါက် ပျက်စီးမှုမရှိအောင် ထိမ်းသိမ်း စောင့်

ရှောက်ခြင်း၊ သုဘာနှ်ဒေသနာတော်လာ သန္တုဋ္ဌိ၊ သလ္လေခစသော ဂုဏ်တော်များနှင့် ပြည့်စုံခြင်း စသည်ဖြင့် ရဟန်းကောင်း ရဟန်းမြတ်တို့မှာ အမှန်ရှိသင့်ရှိထိုက်သော ဂုဏ်ပုဒ်တို့နှင့်လည်း ပြည့်စုံတော်မူကြောင်းကို ရန်ကုန်မြို့ ဗဟန်းရပ် နန်းငွေတောင် ဆရာတော်ဘုရားကြီးမှတဆင့် သိရှိရပါသည်။

လက်ရာမူွန်များ။ ။ဤကဲ့သို့ ကိုယ်အပင်ပန်းခံပြီး ရေးသားခဲ့သော ဆရာတော်ဘုရားကြီး၏ လက်ရာမွန်များအနက် အချို့မှာ တပိုင်းတစ ပျက်စီးကုန်ပြီဖြစ်၍ အချို့မှာ လုံးဝရှာမတွေ့တော့ပါ၊ နန်းငွေတောင် ဆရာတော်ဘုရားကြီး၏ အကူအညီဖြင့် ဆက်လက် ရှာဖွေရာ ပေါ်ပြူပါ သုတ်သီလက္ခန်ဝတ္ထုတော်ကြီး၏ စာမူကို အစအဆုံး တွေ့ရှိရသော ဦးထွန်းကို–ဒေါ်ညွန့်တို့က ဗဟန်းရပ် နန်းငွေတောင်ဆရာတော်ကြီးထံ ပုံနှိပ်ခွင့်ပြုပါရန် လျှောက်ထားရာ အပြီးအပိုင် ပုံနှိပ်ခွင့်ရသောကြောင့် ဤစာရေးသူအား စာမူကို ပြင်ဆင်ပေးပါရန် မေတ္တာရပ်ခံသဖြင့် တိုတောင်းလှသော အချိန်အတွင်းဝယ် မိမိတတ်နိုင်သလောက် ပါဠိတော် အဋ္ဌကထာများနှင့် တိုက်ဆိုင်ပြီး ပြင်ဆင်ရိုက်နှိပ်လိုက်ရပါကြောင်း....

ဆရာ-ဦးတင်စိုး (မဟာစရိယ)

၁၃၃၇–ခု၊ တန်ဆောင်မုန်းလ



## ဒီဃ နိကာယ

# သုတ်သီလက္ခန်ဝတ္ထုတော်ကြီး

## နိဒါန်း (အချီးစကား)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သီဟဠဒီပံ ပန အာဘတာထ၊ ဝသိနာ မဟာမဟိန္ဒေန။
ဌပိတာ သီဟဠဘာသာယ၊ ဒီပဝါသိန မတ္ထာယ။

အထ၊ ထို သံဂါယနာ သုံးတန်တင်ပြီးသော နောက်ကာလ၌။ ဝသိနာ၊ ဝသီဘော်ငါးပါးနှင့် ပြည့်စုံတော်မူသော။ ဝါ၊ ပိဋကတ်သုံးပုံကို အာဂုမ် ဆောင်ရွက်ခြင်း၌ လေ့လာတော်မူသော။ မဟာမဟိန္ဒေန၊ အရှင် မဟာမဟိန္ဒ ထေရ်မြတ်သည်။ သီဟဠဒီပံ၊ သီဟိုဠ်ကျွန်းသို့။ အာဘတာ၊ ဆောင်ယူအပ် ကုန်သော ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ စကားတို့ကို။ ဒီပဝါသိနံ၊ သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့၏၊ အတ္ထာယ၊ အကျိုးငှါ၊ သီဟဠဘာသာယ၊ သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့ ပြောဆိုသော သီဟိုဠ်ဘာသာ စကားဖြင့်။ ဌပိတာ၊ ထားအပ်ကုန်၏။

ဤသို့ မိန့်အပ်သော အဋ္ဌကထာ နိဒါန်း ဂါထာလာသည်နှင့် အညီ အရှင်မဟာမဟိန္ဒ ထေရ်မြတ်သည် ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ စကားတို့ကို သီဟိုဠ်ကျွန်း၌ နေကုန်သော သီဟိုဠ်ကျွန်းသူ ကျွန်းသား လူအများတို့၏ အကျိုးများစေခြင်းငှါ သီဟိုဠ်ဘာသာစကာ ဖြင့် ရေးသား ပြန်ဆို၍ ထားတော်မူ၏။

ထို့အတူပင်လျှင် မြန်မာတိုင်းပြည်၌ မြန်မာလူမျိုးတို့ အကျိုးများစေခြင်းငှါ ပါဠိတော် အဋ္ဌကထာ စကားတို့ကို မာဂဓတိုင်းသူ တိုင်းသားတို့၏ အကျိုးငှါ မြတ်စွာဘုရား ဟောတော်မူအပ်သော မာဂဓဘာသာမှ ကူးပြောင်း ပြန်ဆို၍ မြန်မာလူမျိုးတို့ ပြောဆိုသော မြန်မာဘာသာစကားဖြင့် ရေးသား၍ ထားအပ်သတည်း။

အရှင်မဟာကဿပ အစရှိသော မထေရ်မြတ်တို့သည် ဝိနည်း, သုတ္တန်, အဘိဓမ္မာ သုံးပြားသော ပိဋကတ်တို့ကို ဒီဃ နိကာယ်, မဇ္ဈိမ နိကာယ်, သံယုတ္တ နိကာယ်, အင်္ဂုတ္တရ နိကာယ်, ခုဒ္ဒက နိကာယ် ဟူ၍ ငါးပုံ ငါးစု ပေါင်းကာပြု၍ သင်္ဂါယနာ တင်အပ်ကုန်၏။

၁။ သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထိက- ဤသုံးကျမ်းတို့သည် ဒီဃ နိကာယ် ဖြစ်ကုန်၏။

၂။ မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ, ဥပရိပဏ္ဏာသ- ဤသုံးကျမ်းတို့သည် မဇ္ဈိမ နိကာယ် ဖြစ်ကုန်၏။

၃။ သဂါထာဝဂ္ဂသံယုတ်, နိဒါနဝဂ္ဂသံယုတ်, ခန္ဓဝဂ္ဂသံယုတ်, သဠာယတနဝဂ္ဂ သံယုတ်, မဟာဝဂ္ဂသံယုတ်- ဤ ငါးကျမ်း တို့သည် သံယုတ္တ နိကာယ် ဖြစ်ကုန်၏။

၄။ ဧက နိပါတ်, ဒုက နိပါတ်, တိက, စတုက, (လ) ဒသ နိပါတ်, ဧကာဒသ နိပါတ်- ဤ ဆယ့်တကျမ်းတို့သည် အင်္ဂုတ္တရ နိကာယ် ဖြစ်ကုန်၏။

၅။ ဤ နိကာယ်လေးပါးမှ တပါးကုန်သော ဝိနည်းငါးကျမ်း, အဘိဓမ္မာခုနစ်ကျမ်း, ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက, ဇာတက, သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု, စရိယာပိဋက, ထေရ, ထေရီ, ... ဤကျမ်းတို့သည် ခုဒ္ဒက နိကာယ် ဖြစ်ကုန်၏။

ထိုငါးရပ်သော နိကာယ်တို့တွင် ဒီဃ နိကာယ်၌ ဝဂ်အားဖြင့် သုံးဝဂ်၊ သုတ်အားဖြင့် သုံးဆယ့်လေးသုတ် ရှိကြကုန်၏။ ဤ သုံးဆယ့်လေးသုတ် ရှိသော ဒီဃ နိကာယ် ပါဠိတော်ကြီးကို မြန်မာလူမျိုးတို့ ပြောဆိုသော မြန်မာဘာသာစကားဖြင့် ရေးသား ပြန်ဆို၍ (ဒီဃနိကာယ် ဝတ္ထုတော်ကြီး) ဟူသော အမည်ဖြင့် ခေါ်ဆိုရသတည်း။

ဤ ဒီဃ နိကာယ် ပါဠိတော်ကြီး၌ ဗြဟ္မဇာလသုတ်, သာမညဖလသုတ်, အမ္ဗဋ္ဌသုတ်, အစရှိသည်ဖြင့် သုံးဆယ့်လေးသုတ်တို့တွင် ဗြဟ္မဇာလသုတ်ကို

ရှေးဦးစွာ သံဂါယနာ တင်အပ်၏။ ထိုသုတ်တို့ကို အစဉ်အတိုင်း ဗြဟ္မဇာလသုတ် ဝတ္တု၊ သာမည ဖလသုတ် ဝတ္တု၊ အမ္ဗဋ္ဌသုတ် ဝတ္တု- ဤသို့ အစရှိသော အမည်ဖြင့် မြန်မာစကား ပြန်ဆိုရေးသားအပ်ကုန်၏။

မာဂဓဘာသာဖြင့် ဟောတော်မူသော ဘုရားဟော ပါဠိတော်တို့ကို မြန်မာစကား ပြန်ဆို၍ ရေးသားထားသောကြောင့် မြန်မာ သင်ပုန်းကြီးကို သင်ကြား၍ မြန်မာစာကို ဖတ်နိုင်သော ကလေးသူငယ်တို့သည် လည်း ဘုရားဟော ပါဠိစကား တရားတော် အဓိပ္ပါယ်ကို သိနိုင်၏။ လူကြီးများမှာ အဘယ်ဆိုဘွယ် ရှိအံ့နည်း။

ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ တို့ကို မသင်ကြားနိုင်သော လူယောကျ်ား လူမိန်းမတို့နှင့် တကွ ပါဠိတော် အဋ္ဌကထာတို့ကို ကောင်းစွာ အနက်မထင်၍ မကြည့်ရှုနိုင်သော အချို့ရဟန်းတော်များလည်း ရှိကြကုန်၏။ ထိုအလုံးစုံသော မြန်မာလူမျိုးတို့သည် ဘုရားဟော ပါဠိတော်, အဋ္ဌကထာတို့ကို ဒူလာ ပါဒရက် လေနာ ထအောင် ဆင်းရဲပင်ပန်းစွာ မသင်ကြားရဘဲ မြန်မာစကားတို့ကို နားလည်၍ မြန်မာစာကို ဖတ်တတ်ရုံမျှဖြင့် အနက်အဓိပ္ပါယ်တို့ကို သိရပေတော့မည်-ဟု ဝမ်းမြောက်နှစ်သက် အားတက်ဖွယ် ကောင်းလှ၏။

ငါတို့မှာမူကား ဒူလာပါဒရက်, လေနာထအောင် ဆင်းရဲပင်ပန်းစွာ သင်ကြားခဲ့ရ၏။ ဆင်းရဲပင်ပန်းစွာ သင်ကြားသော်လည်း ရှေးဘဝတို့က ကုသိုလ်ဆုတောင်း ပါရမီကောင်း ပါမှသာလျှင် ကောင်းစွာ တတ်သိနိုင်၏။ ပါရမီအားလျော်စွာ သာလျှင် ဖြစ်နိုင်၏။

ထိုစကားသည် မှန်၏။ ပကတိသာဝက ပါရမီရှိသော သူက မဟာသာဝက ပါရမီရှိသူကို မမှီနိုင်၊ မဟာသာဝက ပါရမီရှိသူလည်း အဂ္ဂသာဝက ပါရမီရှိသူကို မမှီနိုင်၊ အဂ္ဂသာဝက ပါရမီရှိသူလည်း ပစ္စေကဗောဓိ ပါရမီရှိသူကို မမှီနိုင်၊ ပစ္စေကဗောဓိ ပါရမီရှိသူလည်း သမ္မာသမ္ဗောဓိ ပါရမီရှိသူကို မမှီနိုင်၊ အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့ ပဋိစ္စသမုပ္ပါဒ်တရားကို သိသကဲ့သို့တည်း။ တရားမွေ့ သဘာဝကို သိသော အရာသည် ပါရမီအားလျော်စွာ သာလျှင် သိနိုင်ကြ၏။ အပေါ်ရံ လျှံကာ, ဝါစာနှုတ်ရ, နှုတ်ခမ်းလှုတ်ရုံမျှ သိသူလည်း ရှိ၏။ နက်နက်နဲနဲ ထိထိရှရှ သိသူလည်း ရှိ၏။ ထိုကြောင့် (အတ္တနော ဝိသယေ) ကိုယ့်အရာ၌သာလျှင် စွမ်းနိုင်ကြသည် ဟူ၍ အချင်နာဂသေန ထေရ်မြတ် မိန့်အင်သတည်း။ ထိုကြောင့် ပါရမီကို အထူး အားထုတ်၍ ဖြည့်ကြကုန်ရာ၏။

## ပထမ သံဂါယနာ တင်သော အကြောင်း

၁။ မြတ်စွာဘုရားသည် ကဆုန်လပြည့်နေ့၌ (ရိနိဗ္ဗာန် စံတော်မူ၍ ရွှေအဆင်းကဲ့သို့ အဆင်းရှိသော အလော းတော်ကို (ကိုယ်တော်ကို၊ ခုနစ် ၇က်ပတ်လုံး ပူဇော်ကြကုန်ပြီး၍

၂။ အလောင်းတော်ကို မီးရှို့ခြင်းငါ နှံသာထင်းပုံထက်၌ ခုနစ်ရက် ပတ်လုံး ပူဇော်ကြပြီး၍ မတစောဓာတ်မီး လောင်တော်မူပြီးနောက်,

၃။ ဓာတ်တော်တို့ကို ခုနစ်ရက်ပတ်လုံး ပူဇော်ကြကုန်၏။

ဤသို့လျှင် သရိရပူဇာ ခုနစ်ရက်, စိတကပူဇာ ခုနစ်ရက်, ဓာတုပူဇာ ခုနစ်ရက်အားဖြင့် ရက်ပေါင်း (၂၁) နှင်ဆဲ့တစ်ရက်ရှိသော နယုန်လဆန်း ငါးရက်နေ့ ဓာတ်ဘော်တို့ကို ဝေဘန်သောနေ့၌ သတ္တ-သတသဟဿ- ခုနစ်သိန်းကုန်သော ရဟန္တာတို့၏ သံဃထေရ် ဖြစ်တော်မူသော အရှင်မဟာ ကဿပ ထေရ်မြတ်သည် ဤသို့ မိန့်တော်မူ၏။ ငါ့ရှင်တို့.... မဟာကဿပ အမည်ရှိသော ငါသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူ၍ ခုနစ်ရက် မြောက်သော နေ့၌ ပါဝါပြည်မှ တိဂါဝုတ- သုံး ဂါဝုတ်ကွာသော ကုသိ နာရုံပြည်သို့ ငါးရာမျှလောက်သော ရဟန်းတို့နှင့် အတူတကွ အခွန်ရှိး သွားရာ လမ်ခရီးအကြား၌ သုဘဒ္ဒအမည်ရှိသော (ဝုဍ္ဎပဗ္ဗဇိတ)- တောထွက် ရဟန်းကြီးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူကြောင်းကို ကြား၍ ပုထုဇဉ် သောဘာပန် ရဟန်းတို့ ငိုကြွေးကြသောအခါတွင်-

> "ငါ့ရှင်တို့ မစိုးရိမ်ကြကုန်လင့်, မငိုကြွေးကြကုန်လင့်, ငါတို့ သည် ရဟန်းကြီး ဂေါတမလက်မှ လွတ်ကြကုန်ပြီ။ ရဟန်းကြီး ဂေါတမသည် ငါတို့ကို ဤသည်ကား မအပ်, ဤသည်ကား အပ်၏- စသည်ဖြင့် ပြောဆို၍ နှိပ်စက်၏။ ယခုမှာမူကား ငါတို့ အလိုရှိရာ ပြုလုပ်၍ နေကြရကုန်တော့အံ့"....

ဟူ၍ သုဘဒ္ဒ တောထွက်ရဟန်းကြီး ဆိုသောစကားကို ငါ ကြား၏။

ငါ့ရှင် ရဟန်းတို့ တရားမဟုတ်, ဝိနည်း မဟုတ်သည်ကို ယူကုန်၍ ပြောဆို သော အဓမ္မဝ ဒီ, အဝိနယဝါဒီ ရဟန်းဆိုးတို့ လွှမ်းမိုးခြ း မဖြစ်မီ မြတ်စွာ ဘုရား ဟောတော်မူသော ဝိနည်း, သုတ္တန်, အဘိဓမ္မာ သုံးဖြာသော ပိဋကတ်တို့ကို သံဂါယနာ တင်ကြကုန်အံ့။ (စုဒပေါင်း၍ ရွတ်ဆိုဂ ၁ ထားကြ ကုန်အံ့ ။ ဤသို့ အရှင်မဟာကဿပ ထေရ်မြတ် မိန့်ဆိုသည်ရှိသော် ရဟန်း



အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာများ သင်္ဂါယနာတင်ရန် စည်းဝေးနေကြပုံ

အပေါင်းတို့က ''အရှင်ဘုရားသည် ရဟန်းတို့ကို ရွေးကောက်တော်မူပါ''ဟု လျှောက်ကြကုန်၏။

ထိုအခါ၌ အရှင်မဟာကဿပ ထေရ်မြတ်သည် ငြိမ်သပ္ပိဒါသို့ ရောက်ကုန်သော ခီဏာသဝ ရဟန်းတို့ကို တပါးယုတ် ငါးရာ ရွေးကောက်တော်မူ၏၊ အဘယ့်ကြောင့် ငါးရာမပြည့်စေမူ၍ တပါးယုတ် ရွေးကောက်တော်မူသနည်း ဟူမူကား အရှင်အာနန္ဒာ၏ အဘို့ ချန်ထားတော်မူသောကြောင့် ဖြစ်ပါသည်။

အရှင်အာနန္ဒာသည် သောတာပန်မျှ ဖြစ်သေး၍၊ ခီဏာသဝ ရဟန္တာ မဖြစ်သေးသောကြောင့် အရှင်အာနန္ဒာနှင့် အတူတကွ သံဂါယနာတင်ခြင်း ငှါလည်း မတတ်ကောင်း၊ မြတ်စွာဘုရား၏ အပါးတော်မြဲ အလုပ်အကြွေး ပိဋကတ်သုံးပုံဆောင်သော တရားဘဏ္ဍာစိုး ဖြစ်သောကြောင့် အရှင်အာနန္ဒာနှင့် ကင်း၍ သံဂါယနာတင်ခြင်းငှါ လည်း မတတ်ကောင်း၊ အရှင်မဟာကဿပသည် အရှင်အာနန္ဒာနှင့် အလွန် အကျွမ်းဝင်၏။ ဦးခေါင်း၌ ဆံပင်ဖြူသော်လည်း အရှင်အာနန္ဒာကို ကုမာရက (လူကလေး)- သူငယ် ကလေး ဟူ၍ ခေါ်ဆိုလျက် ဆုံးမ ပြောဆို၏၊ မြတ်စွာဘုရား၏ ညီတော် တဝမ်းကွဲလည်း ဖြစ်၏၊ ထိုကြောင့် ''ဆန္ဒာဂတိသို့ လိုက်သည်'' ဟု မှတ်ထင်သော အချို့ ပုထုဇဉ်ရဟန်းတို့က ရဟန္တာပုဂ္ဂိုလ်တွေ များစွာ ရှိပါလျက်, သောတာပန်မျှ ဖြစ်သော အရှင်အာနန္ဒာကို သူချစ်ခင်သူ ဖြစ်၍ ရွေးကောက်သည်ဟူ၍ ကဲ့ရဲ့စွပ်စွဲခြင်းမှ လွတ်ကင်းရန် ပရူပဝါဒကို ရှောင်ရှားတော်မူ၍, တရားဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာနှင့် ကင်း၍ သံဂါယနာတင်ခြင်းငှါ မတတ်ကောင်းသောကြောင့် ရဟန်းတို့၏ အလို အားဖြင့်သာလျှင် ရွေးကောက်တော့အံ့-ဟု နှလုံးတော်ပြု၍, တပါးသောအဘို့ ချန်ထား၍ ရွေးကောက်တော်မူသတည်း။

ထိုအခါ၌ ရဟန်းတို့သည် အရှင်အာနန္ဒာ၏ အကျိုးငှါ တောင်းပန်ကြကုန်၏။ အရှင် မဟာကဿပ အရှင်မြတ်ဘုရား၊ အရှင် အာနန္ဒာသည် သောတာပန်မျှ ဖြစ်သေးသော်လည်း ဆန္ဒာဂတိ, ဒေါသာဂတိ, ဘယာဂတိ, မောဟာဂတိသို့ လိုက်ခြင်ငှါ မထိုက်တော့ပါဘုရား၊ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အထံတော်မှ များစွာသော ပိဋကတ်တို့ကို သင်ကြားတော်မူပါ၏၊ ထိုကြောင့် အရှင်အာနန္ဒာကိုလည်း ရွေးကောက်တော်မူပါဟု လျှောက်ကြား တောင်းပန် ကြကုန်၏။ ထိုအခါ၌ အရှင် မဟာကဿပ ထေရ်မြတ်သည် အရှင်အာနန္ဒာကိုလည်း ရွေးကောက်တော်မူ၍ ရဟန်း ငါးရာ ပြည့်စေလေသတည်း။

ထိုအခါ၌ ထေရ်ကြီးဖြစ်တော်မူကုန်သော ရဟန်းတို့သည် "အဘယ် အရပ်၌ သံဃာယနာတင်ရပါအံ့နည်း"ဟု အကြံဖြစ်ကြကုန်၍ ဆင်ခြင်တော်မူ ကုန်သည်ရှိသော်–ရာဇဂြိုဟ်ပြည်သည် များသော ဆွမ်းခံရွာ ရှိ၏။ များသော ကျောင်းလည်း ရှိ၏၊ ရာဇဂြိုဟ်ပြည်၌ ဝါဆို၍ သံဂါယနာတင်ကြကုန်အံ့-ဟု အကြံဖြစ်ကြကုန်၏၊

ဤငါးရာသော ရဟန်းတို့မှ တပါးသော ရဟန်းတို့သည် "ရာဇဂြိုဟ် ပြည်၌ ဝါဆို၍ နေခြင်းကို မပြုကြစေကုန်ရာ"ဟု တိုင်ပင်တော်မူကြပြီး၍ အရှင်မဟာကဿပ ထေရ်မြတ်သည် ဉတ္တိ ဒုတိယကမ္မ ဝါစာဖြင့် သံဃာကို ပန်ကြား၏၊

> ပန်ကြားပုံကား....ငါ့ရှင် သံဃာအပေါင်းတို့.... ငါ၏စကားကို နားထောင်ကြလော့, သံဃာအား သင့်လျော် လျောက်ပတ်သော အခါ ဖြစ်အံ့၊ ဤငါးရာသော ရဟန်းတို့ကို ရာဇဂြိုဟ်ပြည်၌ ဝါဆို၍ ပိဋကတ်သုံးပုံတို့ကို သံဂါယနာတင်ခြင်းငှါ သံဃာသည် သမုတ်ရာ၏၊ ဤ ငါးရာမှ တပါးကုန်သော ရဟန်းတို့သည် ရာဇ ဂြိုဟ်ပြည်၌ ဝါဆို၍ မနေအပ်၊ ဤသည်ကား သံဃာကို သိစေရန် ပန်ကြားခြင်းတည်း။
>
> ငါ့ရှင် ရဟန်းသံဃာတို့.... ငါ၏စကားကို နားထောင်ကြလော့၊ သံဃာသည် ဤငါးရာသော ရဟန်းတို့ကို ရာဇဂြိုဟ်ပြည်၌ ဝါဆို၍ ပိဋကတ်သုံးပုံတို့ကို သံဂါယနာတင်ခြင်းငှါ သမုတ်၏၊ ဤ ငါးရာမှ တပါးသော ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါဆို၍ မနေအပ်၊ အကြင်အရှင်သည် နှစ်သက်၏။ ထိုအရှင်သည် တိတ်တိတ်နေရာ၏။ အကြင်အရှင်သည် မနှစ်သက်၊ ထိုအရှင်သည် ပြောဆိုရာ၏။ ဤ ငါးရာသော ရဟန်းတို့ကို သံဃာသည် ရာဇဂြိုဟ်ပြည်၌ ဝါဆို၍ သံဂါယနာတင်ခြင်းငှါ သမုတ်အပ်ပြီ၊ တပါးသော ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါဆို၍ မနေအပ်၊ ဤသို့ သမုတ်သည်ကို သံဃာ သည် နှစ်သက်၏၊ ထို့ကြောင့် တိတ်ဆိတ်နေသည် ဟူ၍ မှတ်ရာ၏။

ဤ ကမ္မဝါစာကို မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီ နောက် နှစ်ဆယ့် တရက်မြောက်သော နေ့၌ ပြုအပ်၏၊ ထိုစကားသည် မှန်၏....၊ မြတ်စွာ ဘုရားသည် ကဆုန်လပြည့် မိုးသောက်နံနက်လင်းခါစ အခါ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏၊

ထို့နောက် ခုနစ်ရက်ပတ်လုံး ရွှေအဆင်းကဲ့သို့ အဆင်းရှိတော်မူသော ကိုယ်တော်ကို (အလောင်းတော်ကို) နံ့သာ ပန်း၊ စသည်တို့ဖြင့် ပူဇော်

ကြကုန်၏။ ဤ ခုနစ်ရက်သည် သာခုကိုင္ဂနေ့တို့ ဖြစ်ကုန်၏။ (သူတော်ကောင်းတို့ ပူဇော်ပွဲပြု၍ ကစားကြသော နေ့တို့ ဖြစ်ကုန်၏)။

ထိုနောက် နံ့သာထင်းပုံထက်၌ တင်ထား၍ ခုနစ်ရက်ပတ်လုံး "စိတက ပူဇာ" ဖြင့် ပူဇော်ကြကုန်၏။

ခုနစ်ရက်လည်သောအခါ၌ တေဇောဓာတ်မီးလောင်တော်မူ၍ဓာတ်တော်တို့ကို ယူ၍ ပူဇော်ပွဲ ပြုကြကုန်၏၊ ခုနစ်ရက် သုံးလီ နှစ်ဆဲ့တရက် ရှိ၍ နယုန်လဆန်း ငါးရက်နေ့၌ သာလျှင် ဓာတ်တော်တို့ကို ဝေဘန်ကြကုန်၏။

ထိုနေ့၌ပင်လျှင် စည်းဝေးကြသော ရဟန်းများစွာတို့အား အရှင်မဟာကဿပသည် သုဘဒ္ဒအမည်ရှိသော တောထွက် ရဟန်းကြီး၏ အနာစာရကို ပြောကြား၍ သံဂါယနာတင်ရန် ရဟန်းတို့ကို ရွေးကောက်ပြီး၍ ဤ ကမ္မဝါစာကို ပြုအပ်သတည်း။

ဤသို့ ဉတ္တိ ဒုတိယကမ္မဝါစာဖြင့် သံဃာကို ကြားပြီး၍ အရှင်မဟာကဿပ ထေရ်မြတ်သည် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏။

ငါ့ရှင်တို့.... ယခုအခါ၌ ရက်ပေါင်းလေးဆယ်တို့ သာလျှင် ငါ့ရှင်တို့သည် အခွင့်ရကုန်၏၊ ထိုမှနောက်၌ ဤမည်သော ပလိဗောဓ ရှိသေး၏-ဟူ၍ နေခြင်းငှါ အခွင့်မရ၊ ထိုကြောင့် ဤ ရက်ပေါင်း လေးဆယ် အတွင်း၌ အကြင်ရဟန်းအား ရောဂပလိဗောဓသည်လည်းကောင်း, ဆရာ ဥပဇ္ဈာယ် ပလိဗောဓသည်လည်းကောင်း, အမိအဘ ပလိဗောဓသည်လည်း ကောင်း ရှိငြားအံ့၊ သပိတ်ဖုတ်ရန် သော်လည်းကောင်း, သင်္ကန်းချုပ်ရန် သော်လည်းကောင်း ရှိငြားအံ့၊ ထိုရဟန်းသည် ထိုပလိဗောဓကို ပြီးစီး အောင် ဖြတ်၍ ထိုပြုဘွယ်ကိစ္စ ရှိသမျှတို့ကို ပြုလုပ်ကြကုန်လော့။

ဤသို့ ပြောဆိုပြီး၍ အရှင်မဟာကဿပ ထေရ်မြတ်သည် မိမိ တပည့် ငါးရာတို့နှင့်တကွ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏၊

ဤမှတပါး ကုန်သော မထေရ်မြတ်တို့သည်လည်း မိမိတို့၏ တပည့် ပရိသတ် အပေါင်းတို့ကို ခေါ်ယူ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်၏ အဖြစ်ကြောင့် သောကနှိပ်စက်၍ နေကုန်သော လူအပေါင်းတို့ကို သက်သာရာ ပြုကြလိုကုန်သည်ဖြစ်၍ ထိုထိုအရပ် ဒေသ မြို့ရွာတို့သို့ ဖဲသွားကြကုန်၏။

အရှင်ပုဏ္ဏထေရ် သည်ကား ခုနစ်ရာသော ရဟန်းတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသော နေရာသို့ ရောက်လာကြကုန်သော အရပ်ဝေးနေ လူများစွာတို့ကို တရားဓမ္မ ဟောပြ၍ သက်သာရာ ရကြစေခြင်းငှါ ကုသိနာရုံပြည်၌ပင်လျှင် နေတော်မူ၏။

အရှင်အာနန္ဒာသည်ကား မြတ်စွာဘုရား ရှိတော်မူစဉ်အခါကဲ့သို့ မြတ်စွာဘုရား၏ သပိတ်ပရိက္ခရာတော်တို့ကို လွယ်ယူ၍ ငါးရာသော ရဟန်းတို့နှင့် အတူ တကွ သာဝတ္ထိပြည်သို့ ကြွတော်မူ၏၊ သာဝတ္ထိပြည် သို့ ရောက်တော်မူသော အခါ၌ လူအပေါင်း တို့သည် ပန်းနံ့သာ လက်စွဲကုန်လျက် ခရီးဦးကြိုဆို၍,


"အရှင်ဘုရားအာနန္ဒာ၊ ရှေးအခါက မြတ်စွာဘုရားနှင့် အတူ တကွ လာတော်မူပါကလား အရှင်ဘုရား၊ ယခုအခါ၌ မြတ်စွာဘုရားကို အဘယ်မှာထားခဲ့၍ လာတော်မူပါသနည်း အရှင်ဘုရား"

ဤသို့ အစရှိသော စကားတို့ကို လျှောက်ကြားလျက် ငိုကြွေးကြကုန်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောနေ့၌ ကဲ့သို့ ငိုပွဲကြီး ဖြစ်၍ သွားလေ၏။

အရှင်အာနန္ဒာသည် အနိစ္စနှင့် စပ်သော တရားစကားကိုဖြင့် လူအပေါင်း တို့အား သက်သာရာရစေလျက် ဆုံးမဟောပြောတော်မူ၍, ဇေတဝန် ကျောင်းတိုက်တွင်းသို့ ဝင်တော်မူပြီးလျှင် မြတ်စွာဘုရား သီတင်းသုံးတော် မူရာ ဂန္ဓကုဋိတိုက်တော်ကို ရှိခိုး၍, တံခါးကို ဖွင့်၍, ညောင်စောင်း အင်းပျဉ်တို့ကို ထုတ်၍, ခေါက်ခါ၍, တမြက်လှည်း၍, ညှိုးလေပြီးသော ပန်းတို့ကို စွန့်ပစ်၍, ညောင်စောင်း အင်းပျဉ်တို့ကို တဖန် ပြန်ခင်း၍ မြတ်စွာဘုရား ရှိတော်မူစဉ် အခါကဲ့သို့ ဝတ်ကြီး, ဝတ်ငယ်တို့ကို ပြုလုပ် သောအခါ၌-

အရှင်ဘုရား ယခုအခါ၌ မြတ်စွာဘုရား ရေချိုးတော်မူသော အချိန်, ယခုအခါ၌ တရားဟောတော်မူသော အချိန်, ယခုအခါ၌ ရဟန်းတို့အား ဆုံးမသြဝါဒ ပေးတော်မူသော အချိန်ပါဘုရား, ယခုအခါ၌ ခြင်္သေ့မင်း ကဲ့သို့ ကျိန်းစက်တော်မူသော အချိန်ပါမြတ်စွာဘုရား။

ဤသို့ အစရှိသော စကားတို့ကို ငိုကာငိုကာ ပြောဆိုလျက် ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုလုပ်တော်မူ၏၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော် အပေါင်းကို သိတော်မူသည်၏ အပြစ်ကြောင့်လည်းကောင်း, အလွန် ချစ်ခင် မြတ်နိုးခြင်း ရှိသောကြောင့်လည်းကောင်း, ရဟန္တာအဖြစ်သို့ ရောက်အောင် အားသစ်ဝါတရား မကုန်သေးသောကြောင့်လည်းကောင်း, များစွာကုန်သော ဘဝတို့၌ အချင်းချင်း ညှိနှိုင်းသော စိတ်ရှိခဲ့ဘူးလှသဖြင့်လည်းကောင်း, စိတ်အစဉ်ကို ပြေအေးစေ၍ မနိုင်သောကြောင့်လည်းကောင်း ငိုကာငိုကာ ပြောဆို၍ ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုလုပ်သတည်း။



အရှင်အာနန္ဒာအား နတ်သားတပါးက လာရောက် တရားဟောနေပုံ။

ထိုအခါ၌ နတ်သားတယောက်သည်--

> "အရှင်ဘုရား အာနန္ဒာ၊ အရှင်ဘုရားတို့ကမှ ဤသို့ ငိုကြွေးခြင်းကို ပြုပါလျှင် တပါးသူတို့ကို အဘယ်သို့ သက်သာရာရအောင် ပြုနိုင်တော့မည်နည်း"

ဟူ၍ ပြောကြားလျက် သံဝေဂကို ဖြစ်စေ၏။ အရှင်အာနန္ဒာသည် ဤနတ်သား၏ စကားကိုကြား ရသောကြောင့် သံဝေဂဖြစ်လျက်, စိတ်ကို နိုင်အောင် ထိမ်း၍ မငိုကြွေးဘဲ နေတော်မူ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသော နေ့မှစ၍ ထိုင်ခြင်း ရပ်ခြင်း များသည်၏အဖြစ်ကြောင့် စမြင်းဒေါသပြောသော ကိုယ်ကို သက်သာ လေအောင် နောက်တနေ့၌ နို့ရေနှင့် ရောသော ဝမ်းလျှော ဆေးကို သောက်တော်မူ၍, ကျောင်း၌သာလျှင် နေ၏၊ ထိုကြောင့် တောဒေယျ ပုဏ္ဏားကြီး၏သား သုဘလုလင်က စေလွှတ်၍ အပင့်ခိုင်းသော တမန် သူငယ်ကို အရှင်အာနန္ဒာက—

"ယခုနေ့ အခါမဟုတ်သေး၊ ငါ၌ ဆေးကလေး သောက်၍ ထားခြင်း ရှိ၏။ အကြောင်းသင့်လျှင် နက်ဖြန်မှ လာနိုင်ရာ၏"ဟု ပြောဆိုလိုက်၏။

နောက်တနေ့ ကျရောက်သောအခါ စေတကထေရ်ကို နောက်ပါ ရဟန်း ပြုလုပ်၍ သုဘလုလင်၏ အိမ်သို့ ကြွတော်မူ၍ ဤ ဒီဃနိကာယ်၌ သုဘ သုတ်ကို ဟောတော်မူ၏။

ထိုနောက် အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော်၌ ကျိုးသည်, ပွင့်သည်တို့ကို ပြုပြင်စီရင်၍ ဝါဆိုရန် အချိန်နီးလပ်သော် ရဟန်းသံဃာ အပေါင်းကို စွန့်ခွါ၍ ရာဇဂြိုဟ်ပြည်သို့ တပါးတည်း သာလျှင် ကြွလာ တော်မူ၏။

ထိုအတူ တပါးကုန်သော သံဂါယနာတင် မထေရ်ရဟန်းတို့သည်လည်း ရာဇဂြိုဟ်ပြည်သို့ တပါးစီသာလျှင် ကြွလာကြကုန်၏။

အရှင်မဟာကဿပ အစရှိကုန်သော သံဂါယနာတင် အရှင်ထေရ်မြတ် တို့သည် ငါးရာရှိသည် ဖြစ်၍ ဝါဆိုလပြည့်နေ့၌ ဥပုသ်ပြုကြပြီး၍ ဝါဆို လပြည့်ကျော် တရက်နေ့၌ စည်းဝေးကြ၍ ဝါဆိုကြကုန်၏။

ထိုအခါ၌ ရာဇဂြိုဟ်ပြည်ကို ဝန်းရံ၍ တဆဲ့ရှစ်ရပ်သော ကျောင်းတိုက် ကြီးတို့သည် ရှိကုန်၏၊ ထို ကျောင်းတိုက်တို့ သည်လည်း စွန့်ပစ်ထား၍ ကျကုန်သော အမှိုက်တို့ ရှိသည်ဖြစ်ကုန်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော် မူသော ကုသိနာရုံပြည်သို့ သွားကြကုန်သော ရဟန်းတို့သည် ထိုကျောင်း

တိုက်ကြီးတို့ကို စွန့်ခဲ့ကြ၍ မိမိ သပိတ်ပရိက္ခရာမျှကိုသာလျှင် ယူ၍ သွားကြကုန်၏၊ ထိုကျောင်းတိုက်ကြီး တို့၌ တိတ်ဆိတ်၍ နေကုန်၏။ အမှိုက်တွေကျ၍ နေကုန်၏၊

ထိုသို့ နေရာ၌ သံဂါယနာတင် အရှင်မထေရ်မြတ် ငါးရာတို့သည် ကတိကဝတ်ကို ပြုကြကုန်၍ မြတ်စွာဘုရား၏ စကားတော်ကို ပူဇော်မြတ်နိုးခြင်းကို ပြုခြင်းငှါလည်းကောင်း, တိတ္ထိယတို့၏ ပြောဆိုကဲ့ရဲ့ခြင်းမှ လွတ်စေခြင်းငှါလည်းကောင်း ပထမတလအတွင်း၌ ကျိုးသည်, ပွင့်သည်တို့ကို ပြုပြင်ကြကုန်အံ့-ဟူ၍ ကြံစည်တိုင်ပင်ကုန်၏။

တိတ္ထိတို့သည် ဤသို့ ဆိုကုန်ရာ၏။

''ရဟန်းဂေါတမ၏ တပည့်ရဟန်းတို့သည် မြတ်စွာဘုရား ထင်ရှားရှိခိုက်သာလျှင် ကျောင်းတို့ကို စောင့်ရှောက် သုတ်သင်ကြကုန်၏။ ပရိနိဗ္ဗာန်ပြုလျှင် စွန့်ပစ်ထားကြကုန်၍ ဒါယကာတို့၏ များစွာသော ပစ္စည်းတို့ကို စွန့်လှူခြင်းသည် အကျိုးမဲ့ ပျက်စီးကုန်၏''

ဟူ၍ ပြောဆိုကဲ့ရဲ့ကုန်ရာ၏၊ ထိုကဲ့ရဲ့ခြင်းမှလွတ်စေခြင်းငှါ စောင့်ရှောက်ပြုပြင်ရန် စိမ်ကြကုန်၏၊ ဤသို့ တိုင်ပင်စိမ်ကြပြီးလျှင် အဇာတသတ်မင်း၏ နန်းတော်တံခါးသို့ သွား၍ ရပ်တော်မူကြကုန်၏။

အဇာတသတ်မင်းသည် လာ၍ ရှိခိုးပြီးလျှင် အရှင်ဘုရားတို့သည် အဘယ်ကို အလိုရှိ၍ ကြွလာတော်မူကြပါသနည်း၊ တပည့်တော်သည် အဘယ်သို့ ပြုလုပ်ရပါမည်နည်း အရှင်ဘုရား၊ အလိုရှိတော်မူရာကို မိန့်တော်မူကြပါ အရှင်ဘုရား ဟူ၍ လျှောက်ကြား၏။

မထေရ်မြတ်တို့က တဆဲ့ရှစ်ရပ်သော ကျောင်းတိုက်ကြီးတို့ကို ပြုပြင်၍ သုတ်သင်ရှင်းလင်းရန် ဟတ္ထကမ္မ လက်သမားများကို အလိုရှိကြောင်းနှင့် ပြောကြားကြကုန်၏၊

အဇာတသတ်မင်း သည် လက်သမား အလုပ်ကို လုပ်တတ် ကုန်သော ယောကျ်ားတို့ကို စေလွှတ်၍ ပေး၏၊ အရှင်မြတ်ငါးရာ ရဟန္တာတို့သည် ပဌမဦးသော လ၌ အလုံးစုံသော ကျောင်းတို့ကို ပြုပြင်စီရင်၍ အဇာတသတ်မင်းအား ပြောကြားကုန်၏၊

ပြည့်ရှင်မင်းမြတ်၊ ကျောင်းတို့ကို ပြုပြင်ခြင်း ကိစ္စသည်ကား ပြီးစီးပြီ၊ ယခုအခါ၌ သံဂါယနာတင်ကြကုန်အံ့။ သံဂါယနာတင်ကြကုန်သော ရဟန်းငါးရာတို့ စည်းဝေးနေထိုင်ရန် မဏ္ဍပ်ကို အလိုရှိကြကုန်၏ ဟူ၍ ပြောကြားကုန်၏။

**အဇာတသတ်မင်းသည်** အရှင်ဘုရားတို့ လွတ်လွတ် ပြုကြပါကုန်လော့၊ တပည့်တော်က အာဏာစက်ကို ဖြစ်ပါစေအံ့၊ အရှင်ဘုရားတို့က ဓမ္မစက်ကို ဖြစ်ပါစေကုန်လော့၊ အဘယ်အရပ်၌ မဏ္ဍပ်ကို ပြုလုပ်စေလိုပါ သနည်း အရှင်ဘုရားတို့-ဟု လျှောက်၏၊

ဝေဘာရတောင်ရမ် သတ္တပဏ္ဏိ-ခုနစ်ရွက်ရှိသော စည်းပင်၏ တည်နေရာ ဂူလိုဏ်ဝ၌ ပြုလုပ်ရန် သင့်လျော်၏-ဟု မိန့်တော်မူကြကုန်၏။

ကောင်းပါပြီ အရှင်ဘုရားတို့-ဟု လျှောက်ကြား၍ အဇာတသတ်မင်းသည် ဝိသကြုံနတ်သား ဖန်ဆင်းသကဲ့သို့ လည်းကောင်း, ကောင်းစွာ ပြုလုပ်စီမံအပ်သော သည်တိုင်, နံရံ စောင်းတန်း, အထူးထူး အပြားပြားသော ပန်းနွယ်, ပန်းပြောက်တို့ဖြင့် ဆန်းကြယ်စွာသော မင်း၏ နန်းတော်ပြသာဒ်ကြီးကို လွှမ်းမိုးဘိသကဲ့သို့ လည်းကောင်း, သကြားစံရာ ဝေဇယန္တာ နန်းပြာသာဒ်ကြီးကို ပျက်ရယ်ပြုဘိသကဲ့သို့ လည်းကောင်း, အရောင်အသရေတို့ဖြင့် တောက်ပလျက် တပ္ပိုင်နက် ကျသကဲ့သို့ လည်းကောင်း, နတ်လူအပေါင်းတို့၏ မျက်စိဘည်းဟူသော ငှက်အပေါင်းတို့၏ စုပေါင်းရာ ဖြစ်သော တခုတည်းသော ရေဆိပ်ကဲ့သို့ လည်းကောင်း, လောက လူတို့ ပြည့်ဝယ် မွေ့လျော်ဘွယ် ဟူသမျှကို တပေါင်းတည်း ပေါင်း၍ ပြဘိသကဲ့သို့ လည်းကောင်း၊

ဤသို့ စသည်ဖြင့် ထင်မှတ်ဖွယ် ဖြစ်သော အနှစ် အဆီ ကြည်လင် စင်ကြယ် မွေ့လျော်ဘွယ် ရှိလှသော မဏ္ဍပ်ကြီးကို ဆောက်လုပ် ပြီး၍ အထူးထူး အပြားပြားသော ပန်းဆိုင်း, ပန်းကုံး တို့ဖြင့် ဆွဲ၍ ဆင်မြန်း အင်သော ဇိတန် မျက်နှာကြက်တို့ဖြင့် မိုးကာ၍ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ် စွာသော ပတ္တမြား မြေအပြင်ကဲ့သို့ အထူးထူး အပြားပြားသော ပန်းပွင့်တို့ဖြင့် ကဲဖြန့်၍, ကောင်းမွန်စွာ ပြုလုပ်စီမံ အပ်သော မြေအပြင်ရှိသည်ဖြစ်၍ ဗြဟ္မာမင်း၏ ဘုံဗိမာန်ကဲ့သို့ တန့်ဆာ ဆင်ပြီး၍ ထိုမဏ္ဍာပ်ကြီးအတွင်း၌ ငါးရာကုန်သော ရဟန်းတို့၏ နေရာကို အဘိုးမဖြတ်နိုင်သော ကပ္ပိယအခင်းတို့ဖြင့် ခင်းထား၍ တောင်မျက်နှာ အဘို့ကို မှီ၍ (နောက်ကျောပြု၍,) မြောက်မျက်နှာသို့ ရှေးရှု မျက်နှာပြု၍, ထေရာသန-မထေရ်ကြီး၏ နေရာကို ထား၍, မဏ္ဍပ်၏ အလည်တည့်တည့်၌ အရှေ့သို့ မျက်နှာလှည့်၍, မြတ်စွာဘုရားတို့ နေတော်မူခြင်းငှါ ထိုက်သော ဓမ္မာသန-တရားဟော ပလ္လင် နေရာကို ခင်းထား၍, ဆင်စွယ်ဖြင့် ကောင်းစွာ ပြုအပ်သော ယပ်ကိုလည်း ထား၍ အရှင်ဘုရားတို့၊ မဏ္ဍပ် စီမံ၍ ပြီးစီးပြီ ဖြစ်ပါကြောင်းနှင့် လျှောက်ကြား၏။

---

## မအိပ်, မထိုင်, မရပ်, မသွား လေးပါးသော ဣရိယာပုထ်မှ လွတ်၍ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်အကြောင်း

ထိုနေ့၌ အချို့သော ရဟန်းတို့က အရှင် အာနန္ဒာကို ရည်မှတ်၍ ဤ ရဟန်းသံဃာတို့၏ အလယ်၌ ရဟန်း တပါးသည် အဆိပ်နံ့ တို့ကို လှိုင်စေလျက် လှည့်လည်သွားလာ၍ နေ၏-ဟု ဆိုကြကုန်၏။

အရှင်အာနန္ဒာသည် ထိုစကားကို ကြား၍ ဤသံဃာတို့၏ အလယ်၌ အဆိပ်နံ့ကို လှိုင်စေလျက် သွားလာသော ရဟန်းကား မရှိ၊ ကေန် စင်စစ် ငါ့ကို ရိမ်စောင်း၍ ဆိုသော စကားဖြစ်၏-ဟု ထိပ်လန့်ခြင်းသို့ ရောက်၏။

အချို့သော ရဟန်းတို့ကလည်း... ငါ့ရှင် အာနန္ဒာ နက်ဖြန်အခါ၌ သံဃာ အစည်းအဝေးဖြစ်၏၊ ငါ့ရှင်သည် သောတာပန်မျှ ဖြစ်၍ ပြုဘွယ် ကိစ္စရှိသေး၏၊ ထိုကြောင့် ငါ့ရှင်သည် သံဃာအစည်းအဝေးသို့ သွားခြင်းငှါ မသင့်လျော်, မဖွေမလျော့ ဖြစ်လော့-ဟု ဆိုကြကုန်၏။

ထိုအခါ၌ အရှင်အာနန္ဒာသည် နက်ဖြန်အခါ၌ ပင်လျှင် သံဃာအစည်း အဝေး ဖြစ်တော့မည်၊ ငါသည်မူကား ရဟန္တာ မဖြစ်သေး၊ သောတာပန် မျှသာ ဖြစ်သေး၍ အစည်းအဝေးသို့ သွားရောက်နေထိုင်ရန် မသင့်လျော် ချေ-ဟု နှလုံးပြု၍ တညလုံး ကာယဂတာသတိဖြင့် လွန်စေ၍, နံနက် မိုးသောက်အခါ၌ စင်္ကြံန်မှ သက်ဆင်း၍ ကျောင်းတွင်းသို့ ဝင်၍ အိပ်အံ့-ဟု ကိုယ်ကို စောင်းလိုက်၏။ (ကိုယ်ကို စောင်း၍ လှဲလိုက်၏၊)

ခြေတော်နှစ်ဖက်တို့သည် မြေအခင်းပေါ်မှ လွတ်၏၊ ဦးခေါင်းတော် သည်ကား ခေါင်းအုံးပေါ်သို့ မရောက်သေး၊ ထိုအတွင်း၌ စိတ်သည် အာသဝေါတို့မှ ကင်းလွတ်၏။

ထိုစကားကို ထင်ရှားစေဦးအံ့....၊ အရှင်အာနန္ဒာသည် စင်္ကြံန်လှည့်သွားတော် မူလျက် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍, ကျောင်း၏ပြင်ဘက်၌ ညဉ့်ကို လွန်စေ၍ တရားထူးကို ဖြစ်စေခြင်းငှါ မတတ်နိုင်ရကား ဤသို့ ကြံ၏။

မြတ်စွာဘုရားသည် ချစ်သား အာနန္ဒာ၊ သင်သည် ပြုပြီးသော ပါရမီ ကုသိုလ်ရှိ၏။ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလော့, လျှင်မြန်စွာ အာသဝေါ ကင်းလတံ့-ဟူ၍ ငါ့အား ဟောကြားဘူးသည် မဟုတ်ပါလော၊ မြတ်စွာ ဘုရားတို့၏ စကားသည် မှားသောအဖြစ်-ဟူ၍ မရှိ၊ ငါသည် ဝီရိယလွန်၍ နေ၏၊ ထိုကြောင့် ငါ၏ စိတ်သည် မငြိမ်သက်ခြင်း ဖြစ်၏။ ယခုအခါ၌ ငါသည် ဝီရိယကို မျှစေအံ့-ဟု စင်္ကြံန်သွားရာမှ သက်ဆင်း၍ ခြေဆေး သော နေရာ၌ ရပ်၍ ခြေတို့ကို ဆေးပြီး၍ ကျောင်းတွင်းသို့ ဝင်၍

ညောင်စောင်းထက်၌ ထိုင်၍ အနည်းငယ်မျှ သက်သာခံဦးအံ့ ဟု ကိုယ်ကို ညောင်စောင်းပေါ်သို့ စောင်း၍ လှဲလိုက်၏။

ခြေတော်နှစ်ဖက်တို့သည်- မြေအခင်းမှ လွတ်၏၊ ဦးခေါင်းတော်သည်လည်း ခေါင်းအုံးပေါ်သို့ မရောက်သေး၊ ထိုအတွင်း၌ အာသဝေါကင်း၍သွား၏၊ အရှင်အာနန္ဒာ၏ အရဟတ္တဖိုလ်သည် ဣရိယာပုထ် လေးပါးမှ ကင်းလွတ်၏။ ထို့ကြောင့် ဤ သာသနာတော်၌ မအိပ်, မထိုင်, မရပ်, မသွား လေးပါး ဣရိယာ လွတ်ကင်းစွာလျက်၊ ရဟန္တာဖြစ်သော သူကား အဘယ်သူနည်း ဟူ၍ ပုစ္ဆာ ပြုသည်ရှိသော် အရှင်အာနန္ဒာတည်း–ဟူ၍ ဖြေဆိုခြင်းငှါ သင့်၏။

ထိုအခါ၌ သံဂါယနာတင် အရှင်မြတ်တို့သည် ဒုတိယနေ့ ဝါခေါင်လဆုပ် ငါးရက်အကြားတွင် ဆွမ်းကိစ္စ ပြီးသောအခါ၌ သပိတ် သင်္ကန်းတို့ကို သိမ်းခဲ့၍ တရားသဘင်မဏ္ဍပ်ကြီးသို့ စည်းဝေးရန် သွားရောက်ကြကုန်၏။

အရှင်အာနန္ဒာသည်ကား ရွှင်လမ်းဝမ်းမြောက်သော စိတ်ဖြင့် ငါသည် သံဃာအစည်းအဝေးသို့ ဝင်ခြင်းငှါ ထိုက်၏-ဟု လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ရုံစမ္ပယ်တင်၍, အညာမှ ကြွေကျကာ ဖြစ်သော ထန်းသီးမှည့် အဆင်းကဲ့သို့လည်းကောင်း, ဖျော့သော နီပြေသော အဆင်းရှိသော ပဏ္ဍုကမ္ဗလာ၌ ချထားသော မဏိဇောတိရသ ပတ္တမြားကဲ့သို့ လည်းကောင်း, တိမ်တိုက်ကင်းစင်သော ကောင်းကင်ဝ၌ တက်ထွန်းသော လပြည့်ဝန်းကဲ့သို့ လည်းကောင်း, နေပူထိ၍ ပွင့်ခြင်းသို့ ရောက်သော ပဒုမ္မာကြာပန်းကဲ့သို့ လည်းကောင်း, အသွန်စင်ကြယ်၍ ပြိုးပြိုးပျက်မျှ အရောင်ထွက်သော ကြက်သရေရှိ၍ တင့်တယ်လှသော မျက်နှာတော်ဖြင့် မိမိ၏ ရဟန္တာ ဖြစ်သည်ကို ပြောကြားဘိသကဲ့သို့ သံဃာအစည်းအဝေးသို့ သွားရောက်တော်မူ၏။

ထိုအခါ၌ အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို ကြည့်ရှုတော်မူ၍ ဤသို့ အကြံဖြစ်၏။

ရဟန္တာအဖြစ်သို့ ရောက်သော အရှင်အာနန္ဒာသည် တင့်တယ်လှပ၏တကား၊ အကယ်၍ မြတ်စွာဘုရား ရှိတော်မူငြားအံ့–စင်စစ်မုချ အရှင်အာနန္ဒာအား သာဓု ခေါ်တော်မူခြင်းကို ပြုရာ၏။ ယခုအခါ၌ ငါသည် မြတ်စွာဘုရား ပြုတော်မူအပ်သော သာဓုခေါ်ခြင်းကို ပြုအံ့–ဟူ၍ သုံးကြိမ် သာဓု ခေါ်တော်မူ၏။

မဇ္ဈိမနိကာယ်ကို ဆောင်ကြကုန်သော ဆရာတော်တို့သည်ကား ဤသို့ ဆိုကုန်၏၊

အရှင်အာနန္ဒာသည် မိမိ၏ ရဟန္တာဖြစ်ကြောင်းကို သိစေလိုသည် ဖြစ်၍ ရဟန်းတို့နှင့်အတူတကွ မသွားဘဲ နောက်ချန်၍ နေ၏။ သံဂါယနာတင် အရှင်မြတ်တို့သည် ထေရ်စဉ်ဝါလိုက် မိမိတို့ ရောက်ထိုက်သော နေရာတို့၌ အသီးအသီး နေတော်မူကြကုန်၍ အရှင်အာနန္ဒာ၏ နေရာကို ချန်ထား ကုန်၏။

အချို့ရဟန်းတို့က ဤနေရာသည် အဘယ်သူ၏ နေရာနည်း-ဟု မေး၍ အရှင်အာနန္ဒာ၏ နေရာတည်း—ဟူ၍ ဆိုကြကုန်၏။

ယခုအခါ၌ အရှင်အာနန္ဒာသည် အဘယ်သို့ သွား၍ နေသနည်း-ဟု မေးကြကုန်၏၊ ထိုအခါ၌ အရှင်အာနန္ဒာသည် ယခုအခါ၌ ငါသည် သွားဘို့ အခါတော်ပြီ-ဟု ကြံ၍ မိမိ၏ အစွမ်းကို ပြလျက် ပထဝီမြေကြီးအတွင်းသို့ ငုတ်၍ မိမိအဘို့ ချန်ထားသော နေရာ၌ ပေါ်လာ၍ ထိုင်နေတော်မူ၏။

ကောဆရာတို့က ကောင်းကင်ဖြင့် သွား၏-ဟု ဆိုကုန်၏။ (မြေကြီးထဲမှ ငုတ်၍သွားခြင်းသည် အသင့်ဆုံး ဖြစ်၏။)

အရှင်အာနန္ဒာသည် သံဃာအစည်းအဝေးသို့ ရောက်သည်ရှိသော် အရှင် မဟာကဿပ ထေရ်မြတ်သည် ဤသို့ဆို၏။

ငါ့ရှင်တို့၊ ပိဋကတ်သုံးပုံတို့တွင် အဘယ်ကို ရှေးဦးစွာ သံဂါယနာ တင်ရအံ့နည်း၊ သုတ္တန်ကိုသော်လည်း ရှေးဦးစွာ သံဂါယနာတင်ရအံ့လော၊ အဘိဓမ္မာကိုသော်လည်း ရှေးဦးစွာ သံဂါယနာတင်ရအံ့လော၊ ဝိနည်းကို သော်လည်း ရှေးဦးစွာ သံဂါယနာတင်ရအံ့လော- ဤသို့ မေး၏။

အရှင်မဟာကဿပဘုရား၊ ဝိနည်းမည်သည်ကား မြတ်စွာဘုရား သာသ နာတော်၏ အသက်ဖြစ်ပါ၏။ ဝိနည်း သိက္ခာပုဒ် တည်သောရဟန်းသည် သာသနာတော်၌ တည်သော ရဟန်းဖြစ်ပါ၏။ ဝိနည်းသိက္ခာပုဒ် မတည်သော ရဟန်းသည် သက်န်းဝတ်၍ နေသော်လည်း သာသနာတော်၌ တည်နေသော ရဟန်းမဟုတ်ပါ၊ ဝိနည်း ပိဋကတ်ကျမ်းစာသည် ရဟန်းတို့၏ နှုတ်ခမ်း နှုတ်သုံး အဘွင်း၌ အရဆောင်၍ တည်ရှိမှသာလျှင် ကောင်းစွာ တတ်သိ လိမ်မာခြင်း ရှိပါသည်။ ဝိနည်းကျမ်းစာကို တတ်သိ လိမ်မာမှသာလျှင် သိက္ခာပုဒ်ကို စောင့်ရှောက်တတ်ပါသည်။ သိက္ခာပုဒ်ကို စောင့်ရှောက်တတ်ပါ မှသာလျှင် ရဟန်းတို့၏ သန္တာန်၌ သိက္ခာပုဒ် တည်နိုင်ပါသည်။ ရဟန်းတို့၏ ကိုယ်တွင်းသန္တာန်၌ သိက္ခာပုဒ် တည်မှသာလျှင် သာသနာတော် တည်ပါ သည်၊ ရဟန်းတို့၏ ကိုယ်တွင်းသန္တာန်၌ ဝိနည်းသိက္ခာပုဒ် မတည်လျှင် သာသနာတော် မတည်ပါ။ ထို့ကြောင့် ဝိနည်း ပိဋကတ်ကို ရှေးဦးစွာ သံဂါယနာ တင်ကြပါကုန်အံ့—ဟူ၍ လျှောက်ကြားကြကုန်၏။

ငါ့ရှင်တို့ အဘယ်ရဟန်းကို အဦးထား၍"ဝိနည်း ပိဋကတ် သံဂါယနာ တင်ရအံ့နည်း"။ အရှင် ဥပါလိထေရ်ကို အဦးထား၍ သံဂါယနာ တင်တော်မူပါ အရှင်ဘုရား။

"အရှင်အာနန္ဒာသည် ဝိနည်း ပိဋကတ်၌ မစွမ်းနိုင်ပါသလော" စွမ်းနိုင်ပါ၏။ သို့သော် အရှင်ဥပါလိကို မြတ်စွာဘုရားသည် ဝိနည်းအရာ၌ တေဒဂ်ထားတော်မူပါ၏။ ထို့ကြောင့် အရှင်ဥပလိထေရ်ကို မေး၍ ဝိနည်းကို သံဂါယနာ တင်ကြပါကုန်အံ့-ဟူ၍ ရဟန်းတို့က လျှောက်ကြား ကြကုန်၏။

ထိုနောက် အရှင်မဟာကဿပ ထေရ်မြတ်သည် ဝိနည်း ပိဋကတ်ကို မေးတော်မူခြင်းငှာ မိမိကိုယ်ကို မိမိသည်ပင်လျှင် သမုတ်တော်မူ၏၊ (သပုတိမြွက်၏၊)

အရှင်ဥပါလိ ထေရ်မြတ်သည်လည်း ဝိနည်းကို ဖြေဆိုခြင်းငှာ သမုတ်၏။

ထိုအခါ၌ အရှင်မဟာကဿပသည် သံဃာကို သိစေတော်မူ၏၊ ငါ့ရှင် သံဃာအပေါင်းတို့ ငါ၏စကားကို နားထောင်ကြလော့ အကယ်၍ သံဃာအား လျှောက်ပတ်သင့်လျော်သော အခါဖြစ်အံ့။ ငါသည် ဥပါလိကို ဝိနည်းမေးအံ့။

အရှင်ဥပါလိသည်လည်း သံဃာကို သိစေ၏။ သံဃာတော်အရှင်မြတ်တို့၊ တပည့်တော်၏ စကားကို နားထောင်ကြပါကုန်လော့၊ အကယ်၍ သံဃာ အား လျှောက်ပတ်သင့်လျော်သော အခါဖြစ်အံ့။ အရှင်မဟာကဿပသည် ဝိနည်းကို မေးတော်မူသည်ကို တပည့်တော်ဥပါလိသည် ဖြေဆိုပါအံ့။

ဤသို့ မိမိကိုယ်ကို မိမိသမုတ်တော်မူ၍ သမုတိတင်မြွက်၍ ဥပါလိ ထေရ်မြတ်သည် နေရာမှ ထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ရုံကေစီ သင်္ကန်းကို စမွယ်တင်သိုင်း၍ ထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့ကို ရှိခိုး၍ ဆင်စွယ်သပ်ကို ကိုင်တော်မူ၍ ဓမ္မာသန တရားဟောပလ္လင် နေရာထက်၌ တက်၍ ထိုင်နေ၏။

အရှင်မဟာကဿပသည်လည်း ထေရာသန ထေရ်ကြီး၏ နေရာထက်၌ ထိုင်တော်မူ၍ အရှင်ဥပါလိထေရ်ကို ဝိနည်းကို မေးတော်မူ၏။

ငါ့ရှင် ဥပါလိ၊ "ပဌမပါရာဇိကကို အဘယ်အရပ်၌ ပညတ်တော်မူ သနည်း"။ ။ဝေသာလီပြည်၌ ပညတ်ပါသည်ဘုရား။

"အဘယ်သူကို အကြောင်းပြု၍ ပညတ်သနည်း"၊ ကလန္ဒသေဋ္ဌေး၏သား အရှင်သုဒိန္နကို အကြောင်းပြု၍ ပညတ်ပါသည် အရှင်ဘုရား။

"အဘယ်ဝတ္ထု၌ ပညတ်သနည်း ငါ့ရှင်"။

မေထုန်ဝတ္ထု၌ ပညတ်ပါသည် အရှင်ဘုရား။

ထိုအခါ၌ အရှင်မဟာကဿပသည် အရှင်ဥပါလိကို ပဌမပါရာဇိကဏ်၏ ဝတ္ထုကိုလည်း မေး၏။ နိဒါန်းကိုလည်း မေး၏၊ ပုဂ္ဂိုလ်ကိုလည်းကောင်း၊ မူလပညတ်ကိုလည်းကောင်း၊ အနုပညတ်ကိုလည်းကောင်း၊ အာပတ္တိဝါရကို လည်းကောင်း၊ အနာပတ္တိဝါရကိုလည်းကောင်း မေးတော်မူ၏။ မေးတိုင်း မေးတိုင်း အရှင်ဥပါလိ ဖြေဆို၏။

ဤသို့ မေးဖြေ စိစစ်၍ ပဌမပါရာဇိကနှင့် သက်ဆိုင်၍ ပညတ်တော်မူသော ဘုရားဟော ပါဠိစကားတော်တို့ကို အလုံးစုံ စုပေါင်း၍ ထားကြကုန်၏။

ဤသို့ စုပေါင်း၍ထားပြီးသော ပါဠိအစဉ်အတိုင်း (တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ၊) အစရှိသည်ဖြင့် ငါးရာကုန်သော ရဟန္တာ အရှင်မြတ်တို့သည် တပေါင်းတည်း တပိုင်တည်း (ယခုအခါ၌ ဘုရား ဝတ်တက်သကဲ့သို့) ရွတ်ဆိုတော်မူကြကုန်၏၊ (ဤသို့စုပေါင်း၍ ရွတ်ဆိုသည်ကို သံဂါယနာ တင်သည်ဟူ၍ ဆိုအပ်၏။)

ထိုရဟန္တာငါးရာတို့သည် စုပေါင်း၍ ရွတ်ဆိုသည်မှ စ၍ သာဓုခေါ်ခြင်း ကို ပြုသကဲ့သို့ မဟာပထဝီမြေကြီးသည် ရေအဆုံးတိုင်အောင် လှုပ်လေ၏။ ထိုနည်းအတူပင်လျှင် ကြွင်းသော ပါရာဇိကသုံးပါး တို့ကိုလည်း မေးဖြေ စိစစ်၍ စုပေါင်းကာ ထားပြီးလျှင် ရဟန္တာငါးရာတို့ စုပေါင်း၍ တပြိုင်နက် ရွတ်ဆို၍ သံဂါယနာ တင်ထားကြကုန်၏။ ပါရာဇိက ကဏ္ဍဟူ၍ ထားကြ ကုန်၏။

တဆယ့်သုံးပါးသော သံဃာဒိသိသ်တို့ကိုလည်း တေရသက-ဟူ၍ ထားကြ ကုန်၏။

နှစ်ပါးသော သိက္ခာပုဒ်တို့ကို အနိယတဟူ-၍ ထားကြကုန်၏။ သုံးဆယ် သော သိက္ခာပုဒ်တို့ကို နိဿဂ္ဂိပါစိတ်-ဟူ၍ ထားကြကုန်၏။

ကိုးဆယ့်နှစ်ပါးသော သိက္ခာပုဒ်တို့ကို သုဒ္ဓပါစိတ်-ဟူ၍ ထားကြကုန်၏။

လေးပါးသော သိက္ခာပုဒ်တို့ကို ပါဋိဒေသနီ-ဟူ၍ ထားကြကုန်၏။

ခုနစ်ဆယ်ငါးပါးသော သိက္ခာပုဒ်တို့ကို သေခိယ-ဟူ၍ ထားကြကုန်၏။ ခုနစ်ပါးသော တရားတို့ကို အဓိကရဏသမထ-ဟူ၍ ထားကြကုန်၏။

ပါရာဇိက ၄-ပါး၊ သံဃာဒိသိသ် ၁၃-ပါး၊ အနိယတ ၂-ပါး၊ နိဿဂ္ဂိပါစိတ် ၃၀၊ သုဒ္ဓပါစိတ်၉ ၂-ပါး၊ ပါဋိဒေသနီ ၄-ပါး၊ သေခိယ

၇၅-ပါး၊ အဓိကရဏသမထ ၇-ပါး ဤသို့အားဖြင့် ၂၂၇-ပါးသော သိက္ခာပုဒ်တို့ကို မဟာဝိဘင်း ဟူ၍လည်းကောင်း၊ ဘိက္ခုဝိဘင်းဟူ၍ လည်းကောင်း ထားကြကုန်၏။ ဘိက္ခုဝိဘင်းအဆုံး၌လည်း ပထဝိမြေကြီး တုန်လှုပ်၏။

ထိုနောက် ဘိက္ခုနီဝိဘင်း၌ ပါရာဇိက ရှစ်ပါး, သံဃာဒိသိသ် တဆယ့် ခုနစ်ပါး, နိဿဂ္ဂိပါစိတ် သုံးဆယ်, တရာခြောက်ဆယ်ခြောက်ပါးသော သုဒ္ဓပါစိတ်, ပါဋိဒေသနီ ရှစ်ပါး, သေခိယသိက္ခာပုဒ် ခုနစ်ဆယ်ငါးပါး, အဓိကရဏသမထ ခုနစ်ပါး၊ ဤသို့အားဖြင့် သုံးရာတဆယ့်တပါးသော သိက္ခာပုဒ်တို့ကို ဘိက္ခုနီဝိဘင်းဟူ၍ ပြောကြားထားကြကုန်၏၊

> (အဓိကရဏသမထ ခုနစ်ပါးကို သိက္ခာပုဒ်အရေအတွက်၌ အဋ္ဌကထာမသွင်း-ထိုကြောင့် ''ဒိယာဍ္ဍသိက္ခာပဒ သတာနိ'' ဟူ၍လည်းကောင်း, ''တိဏိသိက္ခာပဒသတာနိ စတ္တာရိစ သိက္ခာပဒါနိ'' ဟူ၍လည်းကောင်း မိန့်၏။ ။သိလက္ခန်အဋ္ဌကထာ-၁၁-၁၂။)

ဤဥဘတောဝိဘင်းသည် ခြောက်ဆယ့်လေး ဘာဏဝါရ ရှိ၏- ဟူ၍ ထားကြကုန်၏၊ ဥဘတောဝိဘင်း အဆုံး၌လည်း ပဟာပထဝိမြေကြီး တုန်လှုပ်၏။

ဤနည်းတူပင်လျှင် ဘာဏဝါရ ရှစ်ဆယ် ပမာဏရှိသော မဟာဝါခန္ဓက, စူဠဝါခန္ဓကကိုလည်းကောင်း, နှစ်ဆယ့်ငါး ဘာဏဝါရ ပမာဏရှိသော ပရိဝါကိုလည်းကောင်း စုပေါင်း၍ သံဂါယနာ တင်တော်မူကုန်ကြပြီး၍ ဤသည်ကား ဝိနည်း ပိဋကတ်မည်၏-ဟု ပြောကြား၍ ထားကြကုန်၏၊ ဝိနည်းပိဋကတ်အဆုံး၌ မြေကြီးတုန်လှုပ်၏၊

ဝိနည်းပိဋကတ်ကို သံဂါယနာတင်ပြီးသော အဆုံး၌ အရှင်ဥပါလိ ထေရ်မြတ်သည် ဆင်စွယ်ယပ်ကို ချထားခဲ့၍ ဓမ္မာသနမှ သက်ဆင်းတော်မူ၍ ထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့ကို ရှိခိုး၍ မိမိနေရာ၌ ပြန်၍ ထိုင်တော်မူ၏။

ထိုအခါ၌ အရှင် မဟာကဿပ ထေရ်မြတ်သည် ဝိနည်း ပိဋကတ်ကို သံဂါယနာ တင်ပြီး၍ သုတ္တန်နှင့် အဘိဓမ္မာ ပိဋကတ်ကို အဘယ်သူကို အဦးထား၍ သံဂါယနာ တင်ရအံ့နည်း-ဟု မေးတော်မူ၏။

''အရှင် အာနန္ဒာထေရ်ကို အဦးထား၍ သံဂါယနာ တင်တော်မူကြရန်'' ရဟန်းတို့က လျှောက်ကြ ကုန်၏၊

ထိုအခါ၌ အရှင်မဟာကဿပ ထေရ်မြတ်သည် သံဃာကို သိစေ၏။

ငါရှင် သံဃာအပေါင်းတို့ ငါ၏စကားကို နားထောင်ကြလော့, အကယ်၍ သံဃာအား လျောက်ပတ်သင့်လျော်သော အခါဖြစ်အံ့၊ ငါသည် အရှင်အာနန္ဒာကို သုတ္တန်နှင့် အဘိဓမ္မာကို မေးအံ့-ဟူ၍ သိစေ၏။

ထိုနောက် အရှင်အာနန္ဒာ ထေရ်မြတ်သည်လည်း သံဃာကိုသိစေ၏။ ။ သံဃာတော် အရှင်ဘုရားတို့၊ တပည့်တော်၏ စကားကို နားထောင်ကြပါကုန်လော့။ အကယ်၍ သံဃာအား လျောက်ပတ် သင့်လျော်သော အခါဖြစ်အံ့၊ တပည့်တော်သည် အရှင်မဟာကဿပ မေးသည်ကို ဖြေဆိုပါအံ့-ဟူ၍ သိစေ၏။

ထိုသို့ သံဃာကို သိစေပြီး၍ အရှင်အာနန္ဒာ ထေရ်မြတ်သည် နေရာမှ ထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ရုံတော် ကေစီသက်န်းကို စမွယ်တင်သိုင်း၍, ထေရ်ကြီး ဖြစ်ကုန်သော ရဟန်းတို့ကို ရှိခိုး၍ ဓမ္မာသန၌ ထိုင်နေ၍ ဆင်စွယ်ယပ်ကို ကိုင်၏၊

ထိုအခါ၌ အရှင်မဟာကဿပ ထေရ်မြတ်သည် ရဟန်းတို့ကို မေးတော်မူ၏။ ငါရှင်တို့၊ အဘယ်ပိဋကတ်ကို ရှေးဦးစွာ သံဂါယနာတင်ရအံ့နည်း၊ သုတ္တန်ပိဋကတ်ကို ရှေးဦးစွာ သံဂါယနာ တင်ရအံ့လော၊ အဘိဓမ္မာပိဋကတ်ကိုသော်မူလည်း ရှေးဦးစွာ သံဂါယနာ တင်ရအံ့လော။

သုတ္တန္တပိဋကတ်ကို ရှေးဦးစွာ သံဂါယနာ တင်တော်မူပါဘုရား-ဟု လျှောက်ကြားကြကုန်၏၊ သုတ္တန်ပိဋကတ်၌ လေးပါးသော အပေါင်းရှိကုန်၏၊ လေးပါး ဟူသော်ကား ၁-ဒီဃနိကာယ။ ၂-မဇ္ဈိမနိကာယ။ ၃-သံယုတ္တနိကာယ။ ၄-အင်္ဂုတ္တရနိကာယတို့တည်း။

ဤလေးပါးတို့တွင် အဘယ်နိကာယ်ကို ရှေးဦးစွာ သံဂါယနာ တင်ရအံ့နည်း။ ။ဒီဃနိကာယ်ကို ရှေးဦးစွာ တင်တော်မူပါဘုရား။

ငါရှင်တို့-ဒီဃနိကာယ်၌ သုတ်ပေါင်း သုံးဆယ့်လေးသုတ်, ဝဂ်သုံးပါး ရှိကုန်၏၊ အဘယ်ဝဂ်ကို ရှေးဦးစွာ တင်ရအံ့နည်း၊ ။သီလက္ခန္ဓဝဂ်ကို ရှေးဦးစွာ တင်တော်မူပါဘုရား။

ငါရှင်တို့- သီလက္ခန္ဓဝဂ်၌ တဆယ့်သုံးသုတ် ရှိ၏။ အဘယ်သုတ်ကို ရှေးဦးစွာ တင်ရအံ့နည်း၊

အရှင်မဟာကဿပ အရှင်ဘုရား၊ ဗြဟ္မဇာလသုတ်သည် သုံးပါးသော သီလဖြင့် တန်ဆာဆင်အပ်ပါ၏၊ အထူးထူး အပြားပြားသော မိစ္ဆာဇီဝ၊

ကိုဟန, လပန-အစရှိသော မှားသော အသက်မွေးခြင်းကို ဖျက်နိုင်ပါ၏။ ခြောက်ဆယ်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိကို ဖြေချွတ်နိုင်ပါ၏။ တသောင်းသော စကြာဝဠာ လောကဓာတ်ကို တုန်လှုပ်စေနိုင်ပါ၏၊ ထိုဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ သံဂါယနာ တင်ကြပါကုန်အံ့-ဟူ၍ လျှောက်ကြားကြကုန်၏။

ထိုအခါ၌ အရှင်မဟာကဿပ ထေရ်မြတ်သည် အရှင်အာနန္ဒာကို ဤသို့ မေး၏၊ ငါ့ရှင် အာနန္ဒာ၊ ဗြဟ္မဇာလသုတ်ကို အဘယ်အရပ်၌ ဟောဘော်မူသနည်း။ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏အကြား အမ္ဗလဋ္ဌိက သရက်ပင်ပျို ဥယျာဉ်တော်၏အတွင်း မင်းတို့၏ တည်းနန်းတော်ဖြစ်သော မင်းကွန်းဇရပ်၌ ဟောတော်မူပါသည် အရှင်ဘုရား။

အဘယ်သူကို အကြောင်းပြု၍ ဟောတော်မူသနည်း ငါ့ရှင်။ ။ သုပ္ပိယ ပရိဗ္ဗာဇကနှင့် ဗြဟ္မဒတ္တလုလင်ကို အကြောင်းပြု၍ ဟောတော်မူပါသည် အရှင်ဘုရား။

အဘယ်ဝတ္ထုကြောင့် ဟောတော်မူသနည်း ငါ့ရှင်။ ။ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းကြောင့် ဟောတော်မူပါသည် အရှင်ဘုရား။

ဤသို့ မေးဖြေ စိစစ်တော်မူပြီး၍ ရဟန္တာ ငါးရာတို့သည် ဗြဟ္မဇာလ သုတ်ကို တပ်ပိုင်နက် ရွတ်ဆို၍ သံဂါယနာ တင်တော်မူကြကုန်၏။

မဟာပထဝီမြေကြီးသည် သွက်သွက်ခါ တုန်လှုပ်လေ၏။ ။ဗြဟ္မဇာလ သုတ်နှင့်တကွ တဆယ့် သုံးသုတ်တို့ကို သံဂါယနာ တင်တော်မူပြီး၍ ဤသည်ကား သီလက္ခန္ဓဝဂ် (သုတ်သီလက္ခန်ပါဠိတော်) ဟူ၍ ပြောကြား ထားကြကုန်၏။

ထိုနောက် သုတ်မဟာဝါ, သုတ်ပါထိယတို့ကိုလည်း သံဂါယနာ တင်ပြီး၍, သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထိယ ဤဝဂ်သုံးခုဖြင့် ပေါင်း၍ သုတ်ပေါင်း သုံးဆယ် လေးသုတ် တို့ဖြင့် တန်ဆာဆင်၍ ခြောက်ဆယ့်လေး, ဘာဏဝါရမျှ ရှိသော ပါဠိတော် အစဉ်ကို သံဂါယနာ တင်ပြီး၍ ဤသုတ်သီလက္ခန်၊ သုတ်မဟာဝါ၊ သုတ်ပါထိယ သုံးကျမ်း သည် ဒီဃနိကာယ်မည်၏-ဟု ပြောကြားတော်မူ၏။

ငါ့ရှင် အာနန္ဒာ ဤဒီဃနိကာယ်ကို သင်၏ တပည့်တို့အား သင်ကြား ပို့ချ၍ ဆောင်ပါစေလော့-ဟူ၍ အရှင်အာနန္ဒာကို အပ်နှင်းကြကုန်၏။ ။ (ထိုကြောင့်၊ အရှင်အာနန္ဒာ၏ တပည့် အစဉ်အဆက်တို့သည် ဒိဃဘာဏက-ဒီဃနိကာယ်ဆောင် ဆရာတို့ ဖြစ်ကုန်၏။)

ထိုနောက် မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသ၊ ဤသုံးကျမ်းတို့ကို သံဂါယနာတင်ပြီး၍၊ ဘာဏဝါရ–ရှစ်ဆယ်ပမာဏရှိသော မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတ္တရာ၏ တပည့်တို့ကို၊ ငါ့ရှင်တို့က ဆောင်ကြကုန်လော့–ဟု ပြောဆို၍ အပ်နှင်းကြကုန်၏၊ ။(ထိုကြောင့် အရှင်သာရိပုတ္တရာ၏ တပည့် အစဉ်အဆက်တို့သည် မဇ္ဈိမဘာဏက-မဇ္ဈိမနိကာယ်ဆောင် ဆရာတို့ ဖြစ်ကုန်၏၊)

ထိုနောက် သဂါထာဝဂ္ဂသံယုတ်, နိဒါနဝဂ္ဂသံယုတ်, ခန္ဓဝဂ္ဂသံယုတ်, သဠာယတနဝဂ္ဂသံယုတ်, မဟာဝဂ္ဂသံယုတ် ဤငါးကျမ်းတို့ကို သံဂါယနာတင်ပြီး၍ ဘာဏဝါရ တရာချုပ်ရှိသော သံယုတ္တနိကာယ်ကို အရှင်မဟာကဿပအား အပ်နှင်းကြကုန်၏၊ (ထိုကြောင့် အရှင်မဟာကဿပ၏ တပည့် အစဉ်အဆက်တို့သည် သံယုတ္တဘာဏက-သံယုတ္တနိကာယ်ဆောင် ဆရာတို့ ဖြစ်ကုန်၏၊)

ထိုနောက် ဘာဏဝါရ-တရာ့နှစ်ဆယ်မျှရှိသော အင်္ဂုတ္တရနိကာယ်ကို သံဂါယနာတင်ပြီး၍ အရှင်အနုရုဒ္ဓါကို အပ်နှင်းကြကုန်၏။ ။(အရှင်အနုရုဒ္ဓါ၏ တပည့် အစဉ်အဆက်တို့သည် အင်္ဂုတ္တရဘာဏက–အင်္ဂုတ္တရနိကာယ်ဆောင် ဆရာတို့ ဖြစ်ကုန်၏။)

ထိုနောက် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း ဤခုနစ်ကျမ်းကို သိမ်မွေ့နက်နဲသော ဉာဏ်၏ ကျက်စားရာ အဘိဓမ္မာတည်းဟု-ပါဠိတော်အစဉ်ကို သံဂါယနာ တင်ပြီး၍ ''ဤကား အဘိဓမ္မာ ပိဋကတ်တည်း''ဟုဆို၍ ငါးရာသော ရဟန္တာအရှင်တို့သည် တပေါင်းတည်း တပြိုင်နက် ရွတ်ဆိုကြကုန်၏။ ပထဝီမြေကြီးသည် အိုးဆိမ်းစက်ကဲ့သို့ သွက်သွက်ခါ တုန်လှုပ်လေ၏၊

ထိုနောက် -

၁၊ ပါဒ္ဓာရာဇိက ပါဠိတော်၊ ၂။ မဟာနိဒ္ဒေသ။ ၃။ စူဠနိဒ္ဒေသ။ ၄၊ ပဋိသမ္ဘိဒါမဂ်။ ၅၊ အပဒါန် ပါဠိတော်။ ၆။ ဗုဒ္ဓဝံသ။ ၇။ စရိယာ ပိဋက။ ၈။ သုတ္တနိပါတ်။ ၉၊ ခုဒ္ဒက ပါဌ။ ၁၀။ ဓမ္မပဒ၊ ၁၁၊ ဥဒါန ပါဠိတော်၊ ၁၂။ ဣတိဝုတ်။ ၁၃၊ ဝိမာန ဝတ္ထု။ ၁၄၊ ပေတ ဝတ္ထု။ ၁၅။ ထေရ ဂါထာ၊ ၁၆။ ထေရီ ဂါထာ၊ ၁၇၊ (နေတ္တိ၊ ၁၈။ ပေဋကောပဒေသ၊ ။) ဤကျမ်း တို့ကို ပါဠိတော် အစဉ်အတိုင်း သံဂါယနာ တင်၍''ဤကျမ်းတို့သည် ခုဒ္ဒက နိကာယ် ဖြစ်ကုန်၏''ဟု ပြောကြား ထားကုန်၏။

အဘိဓမ္မာ ပိဋကတ်သည်လည်း ခုဒ္ဒက နိကာယ် ဖြစ်ကုန်၏-ဟူ၍ ဒီဃ ဘာဏက—ဒီဃ နိကာယ်ဆောင် ဆရာတို့ ဆိုကြကုန်၏။

(ဒီဃနိကာယ်, မဇ္ဈိမ နိကာယ်, သံယုတ္တ နိကာယ်, အင်္ဂုတ္တရ နိကာယ်၊ ဤလေးပါးသော နိကာယ်ကို အသီးအခြားခွဲ၍ သံဂါယနာ တင်သော ကြောင့် ဝိနည်းပိဋကတ်သည်လည်း ခုဒ္ဒက နိကာယ်၌ ပါဝင်၍ ခုဒ္ဒက နိကာယ် ဖြစ်၏။)

အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ ငါးရာတို့သည် ပိဋကတ်သုံးပုံ တို့ကို ပေါင်းစုကာ ရွတ်ဆို၍ သံဂါယနာ တင်ခြင်းကိစ္စသည် ခုနစ်လ ရှိမှ ပြီးစီးခြင်းသို့ ရောက်၏။ သံဂါယနာ တင်၍ ပြီးစီးသောအခါ၌ မဟာ ပထဝီမြေကြီးသည် အကြိမ်ပေါင်းများစွာ တုန်လှုပ်လေ၏။ များစွာကုန် သော အံ့ဘွယ်တို့သည် ထင်ရှား ဖြစ်ကုန်၏။

ဤ ပထမ သံဂါယနာ တင်ခြင်းကို ရဟန္တာ ငါးရာတို့ ပြုအပ်သည်၏ အဖြစ်ကြောင့် ''ပဉ္စသတိက သံဂါယနာ''ဟူ၍ ဆိုအပ်၏။

# ၁။ ဗြဟ္မဇာလသုတ် ဝတ္ထု

## သုပ္ပိယ ပရိဗ္ဗာဇက အကြောင်း၊

တရံသောအခါ၌ မြတ်စွာဘုရားသည် ငါးရာမျှလောက်သော ရဟန်းတို့နှင့် တကွ ရာဇဂြိုဟ်နှင့် နာဠန္ဒမြို့၏အကြား၌ ဒေသစာရီ ကြွချီတော်မူ၏၊ သုပ္ပိယ အမည်ရှိသော ပရိဗ္ဗာဇက-ပရိဗိုဇ်သည်လည်း အန္တေဝါသိက တပည့်ဖြစ်သော ဗြဟ္မဒတ် လုလင်နှင့်အတူ တကွ အဓွန့်ခရီးသို့ သွားလျက် ဆရာဖြစ်သော သုပ္ပိယပရိဗိုဇ်သည် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို ပြောဆို၏။ တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သောစကားကို ပြောဆို၏၊ သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို ပြောဆို၏၊

သုပ္ပိယပရိဗိုဇ်၏ တပည့် ဖြစ်သော ဗြဟ္မဒတ္တလုလင်သည်ကား များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းစကား ပြောဆို၏။ တရားတော်၏ ဂုဏ်တော်ကို ချီးမွမ်းစကား ပြောဆို၏။ သံဃာတော်၏ ဂုဏ်တော်ကို ချီးမွမ်းစကား ပြောဆို၏။

ဤသို့လျှင် နှစ်ယောက်ကုန်သော ဆရာတပည့်တို့သည် အချင်းချင်း ဆန့်ကျင်ဘက်စကားကို ပြောဆိုကြကုန်လျက် ရဟန်းသံဃာတော်နှင့် တကွ ဒေသစာရီ ကြွချီတော်မူသော မြတ်စွာဘုရား၏ နောက်တော်မှ အစဉ်တကိုက် လိုက်လာကြကုန်၏။

နေဝင်လုနီး ရောက်သောအခါ၌ မြတ်စွာဘုရားသည် အမ္ဗလဋ္ဌိက—အရက်ပင်မျိုးဥယျာဉ်တော်အတွင်း မင်းတို့၏ တည်းနန်းတော် ဖြစ်သော မင်းကုန်းဇရပ်၌ ရဟန်းသံဃာနှင့် တကွ တညမျှ ကျိန်းဝပ်တော်မူရန် နေတော်မူ၏၊

သုပ္ပိယပရိဗိုဇ်သည်လည်း မိမိ၏ တပည့်ဖြစ်သော ဗြဟ္မဒတ္တလုလင် နှင့် အတူတကွ အမ္ဗလဋ္ဌိက ဥယျာဉ်တော်၏အတွင်း တခုသော နေရာ၌ တညအိပ်ခြင်းကို ပြုခဲ့၍ နေ၏၊

ထိုသို့ နေရာ၌လည်း သုပ္ပိယပရိဗိုဇ်သည် များစွာသော အကြောင်းတို့ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို ပြောဆို၏။

တရားတော်၏ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို ပြောဆို၏။ သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို ပြောဆို၏။

တပည့် ဖြစ်သော ဗြဟ္မဒတ္တလုလင်သည်ကား မြတ်စွာဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းစကား ပြောဆို၏။ တရားတော်၏ ဂုဏ်တော်ကို ချီးမွမ်းစကား ပြောဆို၏၊ သံဃာတော်၏ ဂုဏ်တော်ကို ချီးမွမ်း စကား ပြောဆို၏၊ ဤသို့လျှင် နှစ်ယောက်ကုန်သော ဆရာ တပည့်တို့သည် အချင်းချင်း ဆန့်ကျင်ဘက် စကားကို ပြောဆိုကြလျက် နေကြကုန်၏။

နံနက်မိုးသောက်ထအခါ၌ များစွာကုန်သော ရဟန်းတို့သည် စည်းဝေး နေထိုင်ရာ ဖြစ်သော မဏ္ဍလမာဠ-ဇရပ်ဝန်း၌ စည်းဝေး နေထိုင်ကြကုန်လျက် ဤသို့သော စကားသည် ဖြစ်၏။

'ငါ့ရှင်တို့ အံ့ဩဘွယ် ရှိစွတကား ...၊ မဖြစ်ဖူးမြဲ ဖြစ်လေစွ တကား၊ မြတ်စွာဘုရား၏ နာနာဓိမုတ္တိက ဉာဏ်တော်သည် အံ့ဩဘွယ် ရှိအောင် သိတော်မူပေ၏ တကား၊ သတ္တဝါတို့ အလိုဆန္ဒ ထူးခြားကြသည်ကို ကောင်းစွာ သိတော်မူပေ၏ တကား။ ဤ သုပ္ပိယပရိဗိုဇ်သည် ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို သာလျှင် ပြောဆို၏။

- တပည့်ဖြစ်သော ဗြဟ္မဒတ္တ လုလင်သည်ကား ရတနာသုံးပါး၏ ဂုဏ်တော်ကို ချီးမွမ်းစကား ပြောဆို၏၊ ဤသို့လျှင် နှစ်ယောက်ကုန်သော ဆရာ တပည့်တို့သည် အချင်းချင်း ဆန့်ကျင်ဘက် စကားကို ပြောဆိုကြကုန်လျက် ရဟန်းသံဃာနှင့် တကွ မြတ်စွာဘုရား၏ နောက်တော်မှ အစဉ်ကစိုက် လိုက်လာကြကုန်၏၊

ဤသို့ ရဟန်းတို့ ပြောဆိုသော စကားကို သိတော်မူ၍ မြတ်စွာဘုရားသည် ထို ရဟန်းတို့ စည်းဝေး နေထိုင်ရာ မဏ္ဍလမာဠ-ဇရပ်ဝန်းသို့ ကြွတော်မူ၍ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူ၍, ချစ်သားရဟန်းတို့ ယခု အခါ၌ အဘယ်စကားကို ပြောဆို၍ နေကြကုန် သနည်း....?ဟု သိတော် မူလျက် မေးတော်မူသတည်း။

ဤသို့ မေးတော်မူသည် ရှိသော် ရဟန်းတို့သည် မြတ်စွာဘုရားအား သုပ္ပိယပရိဗိုဇ်နှင့် တပည့်ဖြစ်သော ဗြဟ္မဒတ္တလုလင်တို့၏ ကဲ့ရဲ့စကား, ချီးမွမ်း စကားတို့ကို ပြောဆိုလျက် ဆန့်ကျင်ဘက် ဖြစ်၍ နေသော အကြောင်းကို ပြောဆိုလျက် တပည့်တော်များသည် သဗ္ဗညုမြတ်စွာဘုရား၏ နာနာဓိမုတ္တိက ဂုဏ်တော်ကို ချီးမွမ်း၍ နေပါကြောင်းနှင့် လျှောက်ကြားကြကုန်၏။ (ကဲ့ရဲ့သည်ကိုလည်း စိတ်မဆိုးကောင်း။ ချီးမွမ်းသည်ကိုလည်း ဝမ်းမသာ ကောင်း။)

၁။ ချစ်သားရဟန်းတို့....ဆန့်ကျင်ဘက် ဖြစ်ကုန်သော သူတပါး တို့သည် ငါဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုကြကုန် သော်လည်းကောင်း, တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုကြကုန် သော်လည်းကောင်း, သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုကြကုန် သော်လည်းကောင်း ထိုသို့ ပြောဆိုသော သူတို့၌ သင် ချစ်သားတို့သည် စိတ်ဆိုးခြင်းကို မပြုသင့်။

၂။ ချစ်သားရဟန်းတို့....ဆန့်ကျင်ဘက် ဖြစ်ကုန်သော သူတပါး တို့သည် ငါဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုကုန် သော်လည်းကောင်း, တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုကုန် သော်လည်းကောင်း, သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုကုန် သော်လည်းကောင်း, ထိုသို့ ပြောဆိုသော သူတို့၌ သင် ချစ်သားတို့သည် စိတ်ဆိုးခြင်းကို အကယ်၍ ပြုကုန်ငြားအံ့။ သင် ချစ်သားတို့မှာ သာလျှင် ပဌမဈာန် စသည်တို့၏ အန္တရာယ် ဖြစ်၏။

၃။ ချစ်သားရဟန်းတို့ ထိုသို့ပြောဆိုကုန်သော သူတို့၌ သင် ချစ်သားတို့သည် အကယ်၍ စိတ်ဆိုးခြင်းကို ပြုငြားအံ့ သင်ချစ်သား တို့သည် သူတပါးတို့၏ ကောင်းသော စကားကိုလည်း သိနိုင်ကုန်မည်လော။ မသိနိုင်ပါ မြတ်စွာဘုရား။

၄။ ချစ်သားရဟန်းတို့ ဆန့်ကျင်ဘက် ဖြစ်ကုန်သော သူတပါးတို့သည် ငါဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုကုန်သော်လည်းကောင်း, တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုကုန်သော်လည်းကောင်း, သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုကုန်သော်လည်းကောင်း ထိုသို့ပြောဆိုရာ၌ သင် ချစ်သားတို့သည် မဟုတ်သည်ကို မဟုတ်သည့်အတိုင်း ဖြေကြား ပြောဆို သင့်၏၊ ဤစကားသည် မဟုတ်၊ ဤစကားသည် မမှန်၊ ဤစကားသည် ငါတို့၌ ဆိုဖွယ်မရှိ၊ ဤစကားကို ငါတို့အား မဆိုထိုက်။ ဤသို့ ဖြေကြား ပြောဆိုသင့်၏။

၁။ ချစ်သားရဟန်းတို့ သဒ္ဓါကြည်ညိုခြင်း ဖြစ်ကုန်သော သူတပါး တို့သည် ငါဘုရား၏ ဂုဏ်ကျေးဇူး ချီးမွမ်းစကားကို ပြောဆိုကုန်သော် လည်းကောင်း, တရားတော်၏ ဂုဏ်ကျေးဇူး ချီးမွမ်းစကားကို ပြောဆို ကုန်သော်လည်းကောင်း, သံဃာတော်၏ ဂုဏ်ကျေးဇူး ချီးမွမ်း စကားကို ပြောဆိုကုန်သော်လည်းကောင်း ထိုသို့ပြောဆိုရာ၌ ဝမ်းမြောက် နှစ်သက် တက်ကြွ ပေါ့လွှားသောစိတ်ကို မဖြစ်စေသင့်၊

၂။ ချစ်သားရဟန်းတို့ သင်ချစ်သားတို့သည် ဝမ်းမြောက် နှစ်သက် တက်ကြွ ပေါ့လွှားသောစိတ်ကို အကယ်၍ ဖြစ်စေကုန်ငြားအံ့ သင် ချစ်သားတို့မှာသာလျှင် ပဌမဈာန် စသည်၏ အန္တရာယ်ဖြစ်၏။

၃။ ချစ်သားရဟန်းတို့ သဒ္ဓါကြည်ညိုခြင်း ဖြစ်ကုန်သော သူတပါး တို့သည် ငါဘုရား၏ ဂုဏ်ကျေးဇူး ချီးမွမ်းစကားကို ပြောဆိုသော် လည်းကောင်း, တရားတော်၏ ဂုဏ်ကျေးဇူး ချီးမွမ်းစကားကို ပြောဆို ကုန်သော်လည်းကောင်း, သံဃာတော်၏ ဂုဏ်ကျေးဇူး ချီးမွမ်းစကားကို ပြောဆို ကုန်သော် လည်းကောင်း ထိုသို့ပြောဆိုရာ၌ သင်ချစ်သားတို့သည် ဟုတ်သည်ကို ဟုတ်သည့်အတိုင်း ဝန်ခံအပ်၏၊ ဤစကားသည် ဟုတ်၏၊ ဤစကားသည် မှန်၏၊ ဤချီးမွမ်းဘွယ်စကားသည် ငါတို့၌ရှိ၏၊ ဤချီးမွမ်း ခြင်းစကားကို ငါတို့အား ပြောဆိုထိုက်၏၊ ဤသို့ ဝန်ခံသင့်၏။

## စူဠသီလကို ဟောတော်မူခြင်း အကြောင်း

ချစ်သားရဟန်းတို့ ပုထုဇဉ်များက ငါဘုရား၏ဂုဏ်ကို ချီးမွမ်းသည် ရှိသော် အနည်းငယ်မျှသော သီလဂုဏ်ကိုသာလျှင် ချီးမွမ်းနိုင်၏။

ချစ်သားရဟန်းတို့ ပုထုဇဉ်များသည် အနည်းငယ်မျှသော သီလဂုဏ်ကို အဘယ်သို့ ချီးမွမ်းသနည်း ဟူမူကား....

၁။ ရဟန်းဂေါတမသည် သူ့အသက်သတ်ခြင်းကို ပယ်ရှား၍ သူ့အသက် ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ ချထားသော ဒုတ်ရှိ၏၊ ချထားသော စွန့်ထားသော ဓားလက်နက်ရှိ၏၊ (ဒုတ်ဓားလက်နက်တို့ကို စွန့်ပစ်ချထား ပယ်ရှား၏)။ သူ့အသက်ကို သတ်ခြင်း၌ ရှက်တတ်၏၊ သတ္တဝါတို့ကို သနားတတ်၏၊ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွားကိုသာလျှင် အလို ရှိ၍ နေ၏၊ ချစ်သားရဟန်းတို့ ပုထုဇဉ်သည် ငါဘုရား၏ ဂုဏ်ကို ဤမျှ သာလျှင် ချီးမွမ်းသော် ချီးမွမ်းနိုင်ရာ၏၊

၂။ ရဟန်းဂေါတမသည် သူမပေးသော ဥစ္စာကို ခိုးယူခြင်းမှ ပယ်ရှား၍ ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးမှသာလျှင် ယူ၏၊ ပေးမှ ယူသည်ကို နှစ်သက်၏၊ မခိုးယူခြင်းဖြင့် စင်ကြယ်စွာ ဖြစ်၍ ဖြစ်သော ကိုယ်စိတ်ဖြင့် နေ၏ ဟူ၍လည်းကောင်း။

၃။ ရဟန်းဂေါတမသည် မမြတ်သော အကျင့်ကို ပယ်ရှား၍ မြတ်သော အကျင့်ကို ကျင့်၏၊ မေထုန်အကျင့်မှ ရှောင်ကြဉ်၏၊ ဤသို့ ချီးမွမ်းသော် လည်းကောင်း၊

၄။ မဟုတ်မမှန် ပြောဆိုသော စကားကို ပယ်ရှား၍ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ အမှန်ကို ပြောဆိုလေ့ရှိ၏၊ အစဉ်မပြတ် မှန်သော စကားရှိ၏၊ မြဲခိုင်သော စကားရှိ၏၊ ယုံကြည်ထိုက်သော စကားရှိ၏၊ လူအပေါင်းကို မချွတ်လွဲစေတတ်- ဤသို့ ချီးမွမ်းသော် လည်းကောင်း။

၅၊ ကုံးတိုက်သော စကားကို ပယ်ရှား၍ ကုံးတိုက်သော စကားမှ ရှောင်ကြဉ်၏။ ဤသူတို့၏ ကွဲပြားခြင်းငှာ ဤမှကြား၍ ဤ၌ မပြော ကြားတတ်။ ဤမည်သောသူတို့၏ ကွဲပြားခြင်းငှာ ဤမည်သော နေရာမှ ကြားခဲ့၍, ဤသူတို့အား မပြောကြားတတ်၊ (ဤသူထံက စကားကို ထိုသူထံ၌ ကွဲပြားအောင် မပြောတတ်။ ထိုသူထံက စကားကို ဤသူထံ၌ ကွဲပြားအောင် မပြောတတ်။ ဟိုဘိုက် သည်တိုက်၊ ကုံးတိုက်၍ မပြောတတ်) ဤသို့ သူတပါး ပြော၍ ကွဲပြားကုန်သော သူတို့ကို စေ့စပ်၍ ပေးတတ်၏။ စေ့စပ်၍ ညီညွတ်ကုန်သော သူတို့ကိုလည်း ညီညွတ်ခြင်း မြဲခိုင်အောင် အားပေး တတ်၏။ ညီညွတ်မှသာ ပျော်မွေ့၏။ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကိုပြုတတ်သော စကားကိုသာ ပြောဆို တတ်၏၊ ဤသို့ ချီးမွမ်းသော် လည်းကောင်း။

၆။ ကြမ်းကြုတ်သော စကားကို ပယ်ရှား၍, ကြမ်းကြုတ်သော စကားမှ ရှောင်ကြဉ်၏။ အကြင်စကားသည် အပြစ်မရှိ၊ နားချမ်းသာ၏၊ ချစ်ခင်ဘွယ်ရှိ၏၊ နှလုံးကို ပွားစေတတ်၏၊ (စိတ်နှလုံးသို့ ဆိုက်ရောက်၏။ စိတ်တိုင်းကျ၏၊ ပြည်ကြီးသူတို့၏ ယဉ်ကျေးသာယာသော စကားဖြစ်၏၊ လူများစွာတို့ နှစ်သက်ဖွယ်ဖြစ်၏၊ လူများ နှစ်လိုဘွယ်ဖြစ်၏၊ ထိုသို့သဘော ရှိသောစကားကိုသာ ပြောဆိုတတ်၏၊ ဤသို့ ချီးမွမ်းသော်လည်းကောင်း, အနက် အဓိပ္ပါယ် မရှိသော ပိုသဏ္ဍာ ဒေဿနီ စကားကို ပယ်ရှား၍ ရှောင်ကြဉ်၏။

၇၊ အခါအားလျော်စွာ ပြောဆိုလေ့ရှိ၏၊ ဟုတ်မှန်သော စကားကို ပြောဆိုလေ့ရှိ၏၊ အကျိုးစီးပွားရှိသော စကားကို ပြောဆိုလေ့ ရှိ၏။ တရားသဘော ရှိသည်အတိုင်း ပြောဆိုလေ့ရှိ၏။ ဝိနည်းအတိုင်း ပြောဆို လေ့ရှိ၏။ နှလုံး၌ ထားသင့်သော စကားကို ပြောဆိုတတ်၏။ အခါ အားလျော်စွာ ဥပမာအကြောင်းနှင့်တကွ အပိုင်းအခြား အဆုံးသတ်ခြင်း ရှိသော အကျိုးရှိသော စကားကို ပြောဆိုတတ်၏၊ ဤသို့ ချီးမွမ်းသော် လည်းကောင်း။

၈။ ချစ်သားရဟန်းတို့ ပုထုဇဉ်သည် ငါဘုရား၏ဂုဏ်ကို ဤသို့ ချီးမွမ်းနိုင်ရာ၏။ ရဟန်းဂေါတမသည် မျိုးစေ့နှင့် မြက်သစ်ပင်တို့ကို မဖျက်ဆီးဘဲ ရှောင်ကြဉ်၏-ဟူ၍လည်းကောင်း,

၉။ ရဟန်း ဂေါတမသည် နံနက်တာအပ်သာ စား၏။ ညစာကို ရှောင်ကြဉ်၏။ နေလွဲ နေလည်စာ စားခြင်းမှ ရှောင်ကြဉ်၏-ဟူ၍ လည်းကောင်း,

၁၀။ ရဟန်းဂေါတမသည် ကခြင်း, သီခြင်း တီးမှုတ်ခြင်း, အထူးထူး အပြားပြား ပွဲသဘင်ကို ကြည့်ရှုခြင်းမှ ရှောင်ကြဉ်၏-ဟူ၍လည်းကောင်း,

၁၁။ ပန်းပန်ခြင်း, အနံ့ထုံခြင်း, နံ့သာရည်လိမ်းခြင်းတို့မှ ရှောင်ကြဉ်၏-ဟူ၍လည်းကောင်း,

၁၂။ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်၏-ဟူ၍ လည်းကောင်း,

၁၃။ ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏-ဟူ၍ လည်းကောင်း,

၁၄။ စပါးစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏-ဟူ၍ လည်းကောင်း,

၁၅။ အမဲ, ငါး, အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏-ဟူ၍ လည်းကောင်း,

၁၆။ မိန်းမကြီး, မိန်းမငယ် ခံယူခြင်းမှ ရှောင်ကြဉ်၏ - ဟူ၍ လည်းကောင်း,

၁၇။ ကျွန်မိန်းမ, ကျွန်ယောကျ်ား ခံယူခြင်းမှ ရှောင်ကြဉ်၏-ဟူ၍ လည်းကောင်း,

၁၈။ ဆိတ်ကုလား, ဆိတ်မြန်မာ, (ဝါ) သိုး, ဆိတ်တို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏-ဟူ၍လည်းကောင်း,

၁၉။ ကြက်, ဝက်တို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏-ဟူ၍ လည်းကောင်း,

၂၀။ ဆင်, မြင်း, ကျွဲ, နွား ခံယူခြင်းမှ ရှောင်ကြဉ်၏ ဟူ၍ လည်းကောင်း,

၂၁။ လယ်မြေ, ယာမြေ ခံယူခြင်းမှ ရှောင်ကြဉ်၏-ဟူ၍ လည်းကောင်း,

၂၂။ တမန် အစေအပါး သွားလာခြင်းမှ ရှောင်ကြဉ်၏ - ဟူ၍ လည်းကောင်း,

၂၃။ ရောင်းခြင်း, ဝယ်ခြင်းမှ ရှောင်ကြဉ်၏ ဟူ၍ လည်းကောင်း,

၂၄။ ချိန်စဉ်းလဲ, ခွက်စဉ်းလဲ, ချင်စဉ်းလဲတို့မှ ရှောင်ကြဉ်၏ - ဟူ၍ လည်းကောင်း,

၂၅။ ဥက္ကောဋနာ တခိုးလက်ဆောင်ယူခြင်း, ဝဉ္စန-ညာခြင်း, လှိမ်းခြင်း လှည့်စားခြင်း, နိကတိ-အတုအယောင်ပြု၍ လိမ်ခြင်း သုံးနည်း တို့ဖြင့် ကောက်ကျစ်ဉ်းလဲ၍ ယူခြင်းမှ ရှောင်ကြဉ်၏ ဟူ၍ လည်းကောင်း,

၂၆။ ဆေဒန-လက်ခြေဖြတ်ခြင်း စသည်, ဝဓ-သတ်ခြင်း, ဗန္ဓန-ကြိုး စသည်ဖြင့် တုတ်ချည်ခြင်း, ဝိပရာမောသ-ဆီးနှင်းဖြင့် ပျောက်ကွယ် ပုံးလျှိုးခြင်း, ချုံပိတ်ပေါင်းဖြင့် ပျောက်ကွယ်ပုံးလျှိုးခြင်း, အာလောပ-ရွာနိဂုံး စသည်တို့၌ လုယက်ခြင်း, သဟသာကာရ-အတင်းအဓမ္မ-နိုင်ထက် မူ၍-နိုင်သလောက် ပြုလုပ်ယူခြင်းမှ ရှောင်ကြဉ်၏-ဟူ၍ လည်းကောင်း,

၂၇။ ချစ်သားရဟန်းတို့ ပုထုဇဉ်သည် ငါဘုရား၏ ဂုဏ်ကို ဤသို့ ချီးမွမ်းသော် ချီးမွမ်းနိုင်ရာ၏။ စူဠသီလပြီး၏။

## မဇ္ဈိမ သီလကို ဟောတော်မူခြင်း အကြောင်း

၁။ အို လူအပေါင်းတို့- အချို့ကုန်သော သူတို့သည်ကား သမဏ ဗြာဟ္မဏ သူတော် သူမြတ် ဟု အခေါ်ခံကြကုန်လျက်, ကံကိုလည်းကောင်း, ကံ၏ အကျိုးကို လည်းကောင်း ယုံကြည်၍ ပေးလှူကြကုန်သော ဘောဇဉ် အစားအသောက်, စားကောင်း သောက်ဖွယ် ဖြစ်ကုန်သော အစာတို့ကို စားကြ ကုန်ပြီး၍, ထို သမဏ ဗြာဟ္မဏ သူတော်သူမြတ် အခေါ်ခံကြ ကုန်သော သူတို့သည် ဤသို့ သဘောရှိသော (ဤသို့ အသက် ဝိညာဏ် သဘော ရှိသော) မျိုးစေ့ မြက်သစ်ပင်တို့ကို ညှဉ်းဆဲနှိပ်စက် ဖျက်ဆီး ခြင်းကို ပြုလုပ်ကြ ကုန်လျက် နေကြကုန်၏။

အသက်ဝိညာဏ် သဘော ရှိသော မျိုးစေ့ မြက်သစ်ပင်တို့သည် အဘယ် နည်း ဟူမူကား အမြစ်, အဥ မျိုးစေ့ကို လည်းကောင်း, ပင်လုံး မျိုးစေ့ ကို လည်းကောင်း, အဆစ် မျိုးစေ့ကို လည်းကောင်း, အညွန့် မျိုးစေ့ကို လည်းကောင်း, အစေ့မျိုးစေ့ကို လည်းကောင်း ဤမျိုးစေ့ သစ်ပင်တို့ကို ညှဉ်းဆဲ နှိပ်စက် ဖျက်ဆီးခြင်းကို ပြု၍ နေကြကုန်၏၊

ရဟန်းဂေါတမသည် ဤသို့ အသက် ဝိညာဏ် သဘော ရှိသော မျိုးစေ့ သစ်ပင်တို့ကို ညှဉ်းဆဲ နှိပ်စက် ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်တော်မူ၏၊

ချစ်သားရဟန်းတို့- ဤသို့ မူလည်း ပုထုဇဉ် ဖြစ်သော သူသည် ငါဘုရား၏ ဂုဏ်ကို ချီးမွမ်းသော် ဤမျှလောက် သာလျှင် ချီးမွမ်းနိုင်ရာ၏၊ (ထိုထက် ပိုလွန်၍ မချီးမွမ်းနိုင်ရာ၊)

၂။ အို လူအပေါင်းတို့- သမဏ ဗြာဟ္မဏ သူတော်သူမြတ် အချို့ကြကုန်သော အချို့သော သူတို့ သည်ကား သဒ္ဓါကြည်သို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်ပြီး၍, ထို သမဏ ဗြာဟ္မဏ သူတော် သူမြတ် အခေါ်ခံကြကုန်သော သူတို့သည် ဤသို့ သဘော ရှိသော သိုမှီးသိမ်းဆည်းခြင်းကို ပြုလုပ်သော အသုံးအဆောင် တို့ကို သိုမှီး သိမ်းဆည်းကြကုန်လျက် နေကြကုန်၏၊ အဘယ်သည်တို့နည်း ဟူမူကား....

ထမင်းကို သိုမှီး သိမ်းဆည်းခြင်း, အဖျော်ကို သိုမှီး သိမ်းဆည်းခြင်း အဝတ်ကို သိုမှီး သိမ်းဆည်းခြင်း, လှည်းယာဉ် လှေယာဉ်ကို သိုမှီးသိမ်းဆည်းခြင်း, အိပ်ရာနေရာ, ကုတင်, ညောင်စောင်း, ဖျာ သင်ဖြူး အခင်းအခင်း တို့ကို သိုမှီး သိမ်းဆည်းခြင်း, နံ့သာတို့ကို သိုမှီးသိမ်းဆည်းခြင်း, ပစ္စည်း အာမိသကို သိုမှီး သိမ်းဆည်းခြင်း ဤသို့ သဘောရှိသော သိုမှီးသိမ်းဆည်းခြင်းကို ပြုလုပ်၍ နေကြကုန်၏။

ရဟန်း ဂေါတမသည် ဤသို့ သဘောရှိသော သိုမှီး သိမ်းဆည်းခြင်းမှ ရှောင်ကြဉ်တော်မူ၏။ ချစ်သားရဟန်းတို့ ဤသို့မူလည်း ပုထုဇဉ် ဖြစ်သော သူသည် ငါဘုရား၏ ဂုဏ်ကို ချီးမွမ် သော်လည်း ချီးမွမ်းနိုင် ရာ၏။

၃။ အို လူအပေါင်းတို့ သမဏ ဗြာဟ္မဏ သူတော် သူမြတ် အခေါ်ခံကြကုန်သော သူတို့သည် သဒ္ဓါ ကြည်သို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်ပြီး၍, ထို သမဏ ဗြာဟ္မဏ အခေါ်ခံကြသော သူတို့သည် အထူးထူး အပြားပြားသော ပွဲလမ်းကို ကြည့်ရှုကြကုန်လျက် နေကြကုန်၏။

အဘယ်သူတို့နည်း ဟူမူကား - နစ္စ-ကခြင်းကို လည်းကောင်း, ဂီတ-သီခြင်း, ဝါဒိတ-တီးမှုတ်ခြင်း, ပေက္ခ-ကပွဲသဘင်ကို လည်းကောင်း, အက္ခာန်-ဘာရတနှင့် ရာမတို့ စစ်တိုက်ခြင်းကို လည်းကောင်း ပါဏိဿရ-ကြေးခွက် တီးခြင်း, ကြေးနှောင် တီးခြင်း, လက်ခုတ် တီးခြင်းကို လည်းကောင်း, ဝေတာဠ-ကြေးဝိုင်း တီးခြင်းကို လည်းကောင်း, (ဝေတာဠ-သူသေဘအောင် ပြုလုပ်၍ ပြခြင်းကို လည်းကောင်း။)

ကုမ္ဘထုန်၊ လေးထောင့်စည်ပုတ်ကို တီးခြင်းကို လည်းကောင်း၊ ဝါ။ (အိုးစည်သံကို လည်းကောင်း၊)

သောဘဏကံ၊ ကချေသည်တို့ ပုံသဏ္ဍာန် ဆန်းကြယ်စွာ ပြုလုပ်သည်ကို လည်းကောင်း။ ဝါ၊ ကချေသည်တို့ တင့်တယ်လှပအောင် ပြုပြင်သည်ကို လည်းကောင်း၊

စဏ္ဍာလံ၊ သံလုံးတို့ကို ကစားခြင်းကိုလည်းကောင်း။ စံသံ၊ ဝါးလုံး ချော တိုင် တက်ခြင်းကို လည်းကောင်း။

ဓောဝနံ၊ အရိုးဆေးပွဲ လုပ်ခြင်းကိုလည်းကောင်း။ ဟတ္ထိယုဒ္ဓံ၊ ဆင်တိုက် ပွဲကို လည်းကောင်း။

အဿယုဒ္ဓံ၊ မြင်းပြိုင်ပွဲကို လည်းကောင်း။ မဟိံသယုဒ္ဓံ၊ ကျွဲတိုက်ပွဲကို လည်းကောင်း။

ဥသဘယုဒ္ဓံ၊ နွားတိုက်ပွဲကို လည်းကောင်း။ အဇယုဒ္ဓံ၊ ဆိတ်တိုက်ပွဲ သိုးတိုက်ပွဲကို လည်းကောင်း။

မေဏ္ဍယုဒ္ဓံ၊ ဆိတ်မြန်မာ တိုက်ပွဲကို လည်းကောင်း။ ကုက္ကုဋယုဒ္ဓံ၊ ကြက်တိုက်ပွဲကို လည်းကောင်း။

ဝဋ္ဋကယုဒ္ဓံ၊ ငုံးတိုက်ပွဲကို လည်းကောင်း။ ဒဏ္ဍယုဒ္ဓံ၊ ဒုတ်ချင်းချင်းရိုက်ပွဲ ကို လည်းကောင်း။

မုဋ္ဌိယုဒ္ဓံ၊ လက်သီးချင်း ထိုးပွဲကို လည်းကောင်း၊ နိဗ္ဗုဒ္ဓံ၊ လက်ပန်း လက်ဝှေ့ပွဲကို လည်းကောင်း။

ဥယျောဓိကံ၊ စစ်ပွဲကို လည်းကောင်း။ ဗလဂ္ဂံ၊ စစ်ဗိုလ်စုရာကို လည်း ကောင်း။

သေနာဗျူဟံ၊ စစ်သည်သွင်းရာကို လည်းကောင်း၊ အဏီက ဒဿနံ၊ စစ်ဆင်ရာကို လည်းကောင်း။

ဤသို့ သဘောရှိသော ပွဲအမျိုးမျိုးတို့ကို ကြည့်ရှု၍ နေကြ ကုန်၏။ ရဟန်း ဂေါတမသည် လည်းကောင်း, ပုဏ္ဏား ဂေါတမ၏ တပည့် ရဟန်း ဘောင်များ သည်လည်းကောင်း, ဤသို့ သဘောရှိသော ပွဲလမ်းတို့ကို ကြည့်ရှု ခြင်းမှ ရှောင်ကြဉ်၏-ဟူ၍ လည်းကောင်း။

၄၊ အို လူအပေါင်းတို့— သမဏ ဗြာဟ္မဏ သူတော်သူမြတ် အခေါ်ခံ ကြကုန်သော အချို့ သူတို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ် တို့ကို စားကြကုန်၍ ထို သမဏ ဗြာဟ္မဏ အခေါ်ခံကြကုန်သော သူတို့သည် ဤသို့ သဘောရှိသော ကစား ပျော်ပွဲလျော့ခြင်းတို့ကို ပြုလုပ်ကြ ကုန်သျက် နေကြကုန်၏။

အဘယ်သည်နည်း ဟူမူကား- အဋ္ဌပဒံ၊ ရှစ်ကွက်ကြား ကစားခြင်း။ ဒသပဒံ၊ ဆယ်ကွက်ကြားတို့ ကဲ့သို့ စိတ်မှန်းရေး၍ ကစားခြင်းကို လည်းကောင်း၊ ပရိဟာရပထံ၊ ထုတ်ဆည်းကစားခြင်း (ဝါ) ပုဒ္ဒက်ဆိတ်ကြောင်းလိုက်၍ ကစားခြင်း၊ သန္တိကံ၊ ဇယ်တောက် ကစားခြင်း၊

ခလိကံ၊ ပိုက်ဆံကို သံကွင်းပစ်၍ စွပ်မိအောင် ကစားခြင်း။ ဃဋိကံ၊ ကျီးသားရိုက်၍ ကစားခြင်း (ဝါ)။ ဒုတ်ရှေဖြင့် ဒုတ်တို ဂလေးကို ရိုက်ခတ်၍ ကစားခြင်း။

သလာကဟတ္ထံ၊ ဆေးရည်သုတ်သော ဝါးခြမ်းစိတ်ဖြင့် အလိုရှိသော အရုပ်ထင်အောင် မြေကြီး နံရံ စသည်၌ ရိုက်ပုတ်၍ ကစားခြင်း။

အက္ခံ၊ ဂေါ်လီလုံးကစားခြင်း။ ပင်္ဂစိရံ၊ သစ်ရွက်လိပ် မှုတ်၍ ကစားခြင်း။ ဝင်္ကကံ၊ ထွန်ကလေးဖြင့် ကစားခြင်း၊

မောက္ခစိကံ၊ ကောင်းကင်၌ ဒုတ်ခေါးဖမ်း၍ ပစ်မြောက်၍ ဖမ်းယူ ကစားခြင်း။ (ဝါ)၊ ရှေ့ကျွမ်း နောက်ကျွမ်း ပစ်၍ ကစားခြင်း။

စိင်္ဂုလိကံ၊ ထန်းရွက် နီးဖျားကို စကြာရက်လုပ်၍ ရဟတ်လယ် ပြုလုပ်၍ လေညာ၌ ထား၍ လည်သည်ကို ပြု၍ ကစားခြင်း။

ပတ္တာဠှကံ၊ ပက်ခွက်ငယ် ပြုလုပ်၍ ကစားခြင်း၊ ရထကံ၊ ရထား ငယ်ဖြင့် ကစားခြင်း၊ ဓနုကံ၊ လေးငယ်ဖြင့် ကစားခြင်း။ အက္ခရိကံ၊ ကောင်းကင်၌ သော်လည်းကောင်း, နောက်ကျော၌ သော်လည်းကောင်း အက္ခရာစာလုံး ရေး၍ ကစားခြင်း၊

မနေသိကံ၊ စိတ်ကြံကိုသိအောင်ပြု၍ ကစားခြင်း။ ယထာဝဇ္ဇံ၊ အကကျိုးရောင်, အကန်းရောင်, အကွရောင်, အသွဲ့ရောင်, အအရောင် ပြုလုပ်၍ ကစားခြင်း။ ဤသို့ သဘောရှိသော မွေ့လျော်ကစားခြင်းတို့ကို ပြုလုပ်၍ နေကြကုန်၏။

•ရဟန်းဂေါတမသည် လည်းကောင်း, ရဟန်းဂေါတမ၏ တပည့် ရဟန်းတို့သည် လည်းကောင်း ဤသို့ သဘော ရှိသော မွေ့လျော် ကစားခြင်းတို့မှ ရှောင်ကြဉ်တော်မူ၏-ဟူ၍ လည်းကောင်း,

၅။ အို လူအပေါင်းတို့— သမဏဗြဟ္မဏ သူတော်သူမြတ် အခေါ်ခံကြကုန်သော အချို့သူတို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်ပြီး၍ ထို သမဏ ဗြဟ္မဏ သူတော်သူမြတ် အခေါ်ခံကြသော

သူတို့သည် ဤသို့ သဘောရှိသော မြင့်မြတ်သော နေရာ အခင်းအနှီးထိုကို သုံးဆောင်နေထိုင်ကြကုန်၏၊ အဘယ်သည်တို့နည်း ဟူမူကား—

အာသန္ဒိ၊ အခြေတဆောင်ထွာထက် ရှည်သော ကုတင်ညောင်စောင်းကို လည်းကောင်း, ပလ္လင်္က၊ အခြေ၌ ခြင်္သေ့ရုပ်, ကျားရုပ် အစရှိသော သားရဲရုပ်တို့ဖြင့် ပြုသော ပလ္လင်ကို လည်းကောင်း,

ဂေါနက၊ အမွေးရှည်သော ကော်ဇောကြီးကိုလည်းကောင်း,(လက်လေးသစ်ထက် လွန်၍ အမွေးရှည်သော ကော်ဇောကြီးကို လည်းကောင်း,)စိတ္တက၊ ဆန်းကြယ်စွာ ချုပ်သော သားမွေးအခင်းကို လည်းကောင်း,

ပဋိက၊ ဖြူသော သားမွေး အခင်းကိုလည်းကောင်း, ပဋလိက၊ ပန်းပွင့်ပြောက်တို့ဖြင့် ဆန်းကြယ်သော သားမွေးအခင်း။ တုလိက၊ သစ်လဲ,မျက်လဲ, နွယ်လဲတို့ဖြင့် ပြည့်အောင် သွတ်သော အခင်းကို လည်းကောင်း,

ဝိကတိက၊ ခြင်္သေ့ရုပ်, ကျားရုပ် တို့ဖြင့် ဆန်းကြယ်သော သားမွေးအခင်းကို လည်းကောင်း, ဥဒ္ဒလောမိ၊ နှစ်ဖက် အမြိတ်အဆာ ရှိသော သားမွေးအခင်း။ ဝါ။ ခြေဖျားအမြိတ်, ဦးခေါင်းဖျားအမြိတ် ဖွားရယားကျသော သားမွေး အခင်းကို လည်းကောင်း,

ဧကန္တလောမိ၊ ခြေဖျားတဖက် အမြိတ်ဖွားရယားကျသော သားမွေးအခင်းကို လည်းကောင်း, ကဋ္ဋိဿ၊ ရတနာတို့ဖြင့် ချုပ်အပ်သော ပိုးချည်အခင်းကို လည်းကောင်း, ကောသေယျ၊ ပိုးအပ်ချည်တို့ဖြင့် ချုပ်သော ရွှေချည် ငွေချည် သားမွေးအခင်းကို လည်းကောင်း,

ကုတ္တက၊ တကျိပ် ခြောက်ယောက်သော ကချေသည် မိန်းမတို့ ရပ်၍ ကလောက်သော သားမွေးအခင်းကြီးကို လည်းကောင်း, ဟတ္ထတ္ထရဏ၊ ဆင်ကျောပေါ်၌ ခင်းရန် အထူးပြုလုပ်သော မင်းစိုးရာဇာတို့ သုံးစွဲသော ဆင်ပေါ်အခင်းကို လည်းကောင်း, အဿတ္ထရဏ၊ မင်းစိုးရာဇာတို့ သုံးစွဲရန် အထူး ပြုလုပ်သော မြင်းပေါ်အခင်းကို လည်းကောင်း,

ရထတ္ထရဏ၊ မင်းစိုးရာဇာတို့ သုံးစွဲရန် အထူး ပြုလုပ်သော ရထားပေါ် အခင်းကို လည်းကောင်း, အဇိနပဝေဏိ၊ ညောင်စောင်းနှင့်အမျှ ချုပ်အပ်သော သစ်ရေအခင်းကို လည်းကောင်း,

ကဒလိမိဂပဝရပစ္စတ္ထရဏ၊ ငှက်ပျောရွက်နှုကဲ့သို့ နုသော အသရေရှိသော ငှက်ပျောသည်နှင့် သားကောင်အရေဖြင့် ချုပ်၍ ပြုအပ်သော အခင်းမြတ်ကို လည်းကောင်း။ ဝါ။ ဖြူသော အဝတ်၏ အထက်၌ ငှက်ပျောသည့်နှင့် သားကောင်၏ အရေကိုဖြန့်၍ ချုပ်အပ်သော အခင်းမြတ်ကို လည်းကောင်း

သဥတ္တရစ္ဆဒံ၊ နီသော ဇိတာန်အမိုး ရှိသော ညောင်စောင်းကို လည်း ကောင်း,

ဥဘတောလောဟိတုပဓာနံ၊ နီသော ခြေအုံး ခေါင်းအုံး နှစ်ဖက်အုံး ရှိသော ညောင်စောင်းကို လည်းကောင်း၊ ဤသို့သဘောရှိသော မြင့်မြတ်သော ညောင်စောင်း အင်းပျဉ် ပလ္လင် ကော်ဇော၊ နေရာ အခင်းတို့ကို ခင်း၍ နေကြကုန်၏။ ။ရဟန်း ဂေါတမသည် လည်းကောင်း၊ ရဟန်း ဂေါတမ၏ တပည့်ရဟန်းတို့သည် လည်းကောင်း၊ ဤသို့သဘော ရှိသော မြင့်မြတ်သော အခင်းတို့မှ ရှောင်ကြဉ်ကြကုန်၏-ဟူ၍ လည်းကောင်း။

၆။ အို လူအပေါင်းတို့- သမဏ ဗြာဟ္မဏ အချို့ အခေါ်ခံကြကုန်သော သူတို့သည် သဒ္ဓါ ကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြပြီး၍ ထိုသူတော်သူမြတ် အခေါ်ခံကြသူတို့သည် ဤသို့သဘောရှိသော တံဆာဆင်ခြင်းတို့ကို ပြုလုပ်ကြကုန်လျက် နေကြကုန်၏၊ အဘယ်သည်တို့နည်း ဟူမူကား။ ဥစ္ဆာဒနံ၊ နံ့သာမှုန့်တို့ဖြင့် လိမ်းကျံ ဖုံးလွှမ်းခြင်းကို လည်း ကောင်း,

ပရိမဒ္ဒနံ၊ လက်ခြေ အင်္ဂါ အသားအရေ ကောင်းမွန်အောင် နှိပ်နယ် ပြုပြင်ခြင်းကို လည်းကောင်း,

နှာပနံ၊ အသားအရေ ပြည့်ဖြိုးကောင်းမွန်အောင် နှိပ်နယ် ပြုပြင်ခြင်းကို လည်းကောင်း။

နှာပနံ၊ အသားအရေ ပြည့်ဖြိုးကောင်းမွန်စေခြင်းငှာ နံ့သာရေတို့ဖြင့် ရေချိုးခြင်းကို လည်းကောင်း။ သမ္ဗာဟနံ၊ လက်ပန်းဝေ့သည်တို့ ကဲ့သို့ လက်ခြေတို့ ကြီးမား၍ အသားအရေကို တောင့်တင်း ခိုင်မာစေခြင်းငှာ ပုတ်ခတ်ခြင်းကို လည်းကောင်း,

အာဒါသံ၊ ခါးပိုက်ဆောင် မှန်ကို လည်းကောင်း၊ အဥ္ဇနံ၊ တံဆာဆင်သော မျက်စဉ်းကို လည်းကောင်း,

မာလာဂန္ဓဝိလေပနံ၊ ပန်းပန်ခြင်း, အနံ့ထုံခြင်း နံ့သာရည် လိမ်းခြင်းကို လည်းကောင်း,

မုခစုဏ္ဏံ၊ မျက်နှာချေမှုန့်ကို လည်းကောင်း။ မုခလေပနံ၊ မျက်နှာချေ နံ့သာရေကို လည်းကောင်း။ (မျက်နှာ၌ မှဲ့မဲ့တို့ကို ပယ်ဖျောက်ခြင်းငှာ မြေညက် အမှုန့်တို့ကို လိမ်းကြကုန်၏။ ထိုနောက် သွေးကြသည် ရှိသော မုံညင်းမှုန့်ကို လိမ်းကြကုန်၏ မှဲ့မဲ့တို့ကို စားကုန်သည် ရှိသော် ထိုနောက်

နှမ်းမှုန့်ကို အုံကြ၏။ ထိုနောက် သွေးစုသည်ရှိသော် နနွင်းမှုန့်ကို လိမ်းကြကုန်၏၊ ထိုနောက် အရေအဆင်း တက်သည် ရှိသော် မျက်နှာချေမှုန့်ဖြင့် မျက်နှာကို လိမ်းကြကုန်၏)

ဟတ္ထဗန္ဓ၊ လက်ပတ်နာရီ စသည်ကို လည်းကောင်း။ သိခါဗန္ဓ၊ ဆံပင်၌ ချည်သော ပန်းစည်းကြိုး စသည်ကို လည်းကောင်း,

ဒဏ္ဍ၊ တံဆာဆင်သော လက်ကိုင်ဒုတ်ကို လည်းကောင်း,

နာဠိကံ၊ မိန်းမရုပ်, ယောကျ်ားရုပ်တို့ဖြင့် ဆန်းကြယ်သော ဆေးကျည်တောက်ကို လည်းကောင်း၊ ဝါ၊ ဆေးတံကို လည်းကောင်း,

အသိ ၊ ဓါးပိုက်သောင် ဓားငယ်ကို လည်းကောင်း။ ဆတ္တ၊ ဆန်းကြယ်သော လက်ကိုင်ထီးကို လည်းကောင်း,

စိတြုပါဟနံ၊ ဆန်းကြယ်စွာ ချုပ်သော ဘိနပ်ကို လည်းကောင်း၊ ဥဏှီသံ၊ ဆန်းကြယ်သော နဖူးစည်းကို လည်းကောင်း, ဆန်းကြယ်သော ဂူဠာမဏိကို လည်းကောင်း, ဆန်းကြယ်သော ယပ်တောင်ကို လည်းကောင်း, အမြိတ်အဆာ ရှည်လျားစွာသော အဝတ်ဖြူတံဆာ ပုံးတင် ပုဝါတို့ကို လည်းကောင်း, ဤသို့ သဘောရှိသော တံဆာ ဆင်ခြင်းတို့ကို ပြုလုပ်၍ နေကြကုန်၏။ ရဟန်း ဂေါတမသည် လည်းကောင်း၊ ရဟန်း ဂေါတမ၏ တပည့်များသည်လည်းကောင်း၊ ဤသို့ သဘော ရှိသော ထံဆာဆင်ခြင်း ကိုမှ ရှောင်ကြဉ်တော်မူ၏ ဟူ၍ လည်းကောင်း။

၇။ အို လူအပေါင်းတို့ သမဏ ပြဟ္မဏ သူတော် သူမြတ် လုပ်ကြကုန်သော အချို့ သူတို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်ပြီး၍ ထို သူတော်သူမြတ် လုပ်သူတို့သည် ဤသို့သော တိရစ္ဆာန ကထာ-မဂ်ဖိုလ်မှ ဖီလာကန့်လန့် ဖြစ်ကုန်သော စကားတို့ကို ပြောဆို၍ နေကြကုန်၏၊ ။အဘယ်စကားတို့နည်း -ဟူမူက ား ?

မင်းစကား, ခိုးသူစကား, အမတ်ကြီးစကား, စစ်သည်စကား, ဘေးစကား, စစ်တိုက်စကား, ထမင်းစကား, အဖျော်စကား, အဝတ်စကား, အိပ်ရာနေရာစကား, ပန်းစကား, နံ့သာစကား, ဆွေမျိုးစကား, လှည်းယာဉ် လှေယာဉ်စကား, ရွာစကား, နိဂုံးစကား, မြို့စကား, ဇနပုဒ်စကား, မိန်းမစကား, ယောကျ်ားစကား, သူရဲကောင်းစကား, လမ်းစကား, ရေဆိပ်စကား, သေပြီးသူတို့၏ အကြောင်းစကား, အထူးထူးအပြားပြား တောစကား, တောင်စကား, လောကအကြောင်းကို ပြောဆိုသော စကား, သမုဒ္ဒရာအကြောင်းကို ပြောဆိုသော စကား, ကြီးပွား မကြီးပွား ဟူသော

စကား, ဤသို့သော မဂ်ဖိုလ်မှ ဖီလာကန့်လန့် ဖြစ်သော စကားတို့ကို ပြောဆိုကြ၍ နေကြကုန်၏။

ရဟန်း ဂေါတမသည် လည်းကောင်း, ရဟန်း ဂေါတမ၏ တပည့်များ သည် လည်းကောင်း, ဤသို့သော မဂ်ဖိုလ်မှ ဖီလာကန့်လန့် ဖြစ်သော စကားတို့မှ ရှောင်ကြဉ်တော်မူ၏ ဟူ၍ လည်းကောင်း။ (ကမ္မဋ္ဌာန်းနှင့် ပြောဆိုလျှင် တိရစ္ဆာန ကထာ မဖြစ်။)

၈။ အို လူအပေါင်းတို့ သမဏ ဗြာဟ္မဏ သူတော်သူမြတ် လုပ်ကြ ကုန်သော အချို့သူတို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ထိုသမဏ ဗြာဟ္မဏ သူတော်သူမြတ် လုပ်သူတို့သည် ဤသို့သော ဝိဂ္ဂါဟိက ချုပ်ချယ်ဖောင်းမြောင်း မကောင်းသော စကားတို့ကို ပြောဆို၍ နေကြကုန်၏၊ အဘယ်စကားတို့နည်း–ဟူမူကား ?

သင်သည် ဤတရား ဝိနည်းကို မသိ။ ငါသည် ဤတရား ဝိနည်းကို သိ၏၊ သင်သည် ဤတရား ဝိနည်းကို အဘယ်မှာ သိလတံ့နည်း?။ သင်သည် မှားသော အကျင့် ဖြစ်၏၊ ငါသည်ကား ကောင်းသော အကျင့် ဖြစ်၏။ ငါ၏ စကားသည် အကြောင်း အကျိုး သင့်လျော်၏။ သင်၏ စကားသည် အကြောင်း အကျိုး မသင့်လျော်။ သင် လေ့လာကျက်မှတ်၍ ထားသော စကားသည် ခြာလည်ကွေ့ကောက် ဖြစ်သွား၏။ သင်၏ အယူဝါဒကို အပြစ်တင်အပ်၏၊ သင့်ကို ငါသည် နှိပ်အပ်သူ ဖြစ်၏။ အပြစ်လွတ်အောင် အရပ်တပါး လှည့်လည် သွားလာ၍ သင်ကြား ဦးလော့။ သင်သည် တတ်နိုင်လျှင် ယခုပင် ဖြေတော့လော့။ ဤသို့သော ဝိဂ္ဂါဟိက–ချုပ်ချယ်သော စကားတို့ကို ပြောဆို၍ နေကြကုန်၏။

ရဟန်း ဂေါတမသည် လည်းကောင်း၊ ရဟန်း ဂေါတမ၏ တပည့်များ သည် လည်းကောင်း ဤသို့သော ဝိဂ္ဂါဟိက – ချုပ်ချယ် စကားတို့မှ ရှောင်ကြဉ်တော်မူ၏–ဟူ၍ လည်းကောင်း။

၉။ အို လူအပေါင်းတို့ သမဏ ဗြာဟ္မဏ သူတော် သူမြတ် လုပ်သူ အချို့တို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန် ပြီး၍ ထိုသူတော်သူမြတ် လုပ်သူတို့သည် ဤသို့သော အစေ အပါး ခံ၍ သွား လာခြင်းကို ပြုလျက် နေကြကုန်၏၊ အဘယ်သို့ အစေ အပါး ခံသနည်း–ဟူမူကား၊

မင်းတို့၏ အစေ အပါးကို လည်းကောင်း, မင်း အမတ်တို့၏ အစေ အပါးကို လည်းကောင်း, မင်းမျိုးတို့၏ အစေ အပါးကို လည်းကောင်း,

ပုဏ္ဏားမျိုးတို့၏ အစေအပါးကို လည်းကောင်း, သူကြွယ်မျိုးတို့၏ အစေအပါးကို လည်းကောင်း, မင်းသားတို့၏ အစေအပါးကို လည်းကောင်း, ဤအရပ်သို့ သွားပါလော့။ ဤအရပ်မှ လာခဲ့ပါလော့၊ ဤဝတ္ထုကို ဆောင်ယူ၍ သွားပါလော့၊ ဤအရပ်မှ ဆောင်ယူ၍ လာခဲ့ပါလော့ ဤသို့သော အစေအပါးကို ခံ၍ သွားလာခြင်းကို ပြုလုပ်လျက် နေကြကုန်၏၊

ရဟန်းဂေါတမသည် လည်းကောင်း၊ ရဟန်းဂေါတမ၏ တပည့်ရဟန်းများသည် လည်းကောင်း ဤသို့သော အစေအပါးကို ခံ၍ သွားလာခြင်းမှ ရှောင်ကြဉ်တော်မူ၏-ဟူ၍ လည်းကောင်း၊ (ရဟန်းများ၌ သိတင်းသုံးဖော် ငါးဦးတို့၏ အစေအပါးကို လည်းကောင်း။ ရတနာသုံးပါးနှင့် စပ်သော လူတို့၏ အစေအပါးကို လည်းကောင်း ခံ၍ သွားလာသင့်၏။ ရတနာသုံးပါးနှင့် တစုံတရာ မစပ်ဆိုင်သော အဝတ်, အစား, အင်္ကျီ, ပုဝါ စသည်တို့ကို ယူခဲ့ပါ စသည်ဖြင့် လူတို့က ဆိုငြားအံ့။ မဆောင်ယူအပ်။)

## သူတော်သူမြတ် အခေါ်ခံ၍ ကောက်ကျစ်စဉ်းလဲကြောင်း

၁၀။ အို လူအပေါင်းတို့ သမဏ ဗြာဟ္မဏ သူတော်သူမြတ် လုပ်သူ အချို့တို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်ပြီး၍ ထိုသူတော်သူမြတ် လုပ်သူတို့သည် သူတော်သူမြတ် အခေါ် ခံလျက် ကောက်ကျစ် စဉ်းလဲ ကြကုန်၏။ လာဘ်ကို လို၍ စကားချိုသာ ပြောဆိုကြကုန်၏၊ ပစ္စည်း ရအောင် အရိပ်ပြကြကုန်၏၊ သူတပါး၏ဂုဏ်ကို ကျိတ်ချေ၍ ပစ္စည်းရအောင် ပြုလုပ်ကြကုန်၏၊ နည်းသော ပစ္စည်းဖြင့် ဖြားယောင်း၍ များသော ပစ္စည်းကို ယူကြကုန်၏၊ ရဟန်းဂေါတမသည် လည်းကောင်း, ရဟန်းဂေါတမ၏ တပည့်ရဟန်းများသည် လည်းကောင်း ဤသို့သော ကောက်ကျစ် စဉ်းလဲခြင်းတို့မှ ရှောင်ကြဉ်တော်မူ၏-ဟူ၍ လည်းကောင်း, ချစ်သား ရဟန်းတို့ ဤသို့မှု ပည်း ပုထုဇဉ်သည် ငါဘုရား၏ဂုဏ်ကို ချီးမွမ်းသော် ချီးမွမ်းနိုင်ရာ၏၊ (ကုဟက လပက နေမိတ္တိက နိပ္ပေသိက လာဘေန လာဘံ နိဇိဂီသိတ တို့ဖြင့် အနေသန-ကို ပြုခြင်းငှါ ရဟန်းတို့၌ အလျဉ်း မအပ်။) ပဉ္စမ သီလ ပြီး၏။

## မဟာသီလကို ဟောတော်မူကြောင်း
## ဝိဇ္ဇာအတတ် အမျိုးမျိုး။

၁။ အို လူအပေါင်းတို့ သမဏ ဗြာဟ္မဏ သူတော်သူမြတ် လုပ်သူ အချို့တို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြပြီး၍

ထို သူတော် သူမြတ် လုပ်သူတို့သည် မင်္ဂဖိုလ်မှ ဖီလာကန့်လန့် ဖြစ်သော အကျင့်ဖြင့် မှားသော အသက်မွေးခြင်း, မိစ္ဆာဇီဝဖြင့် အသက်မွေးကြကုန်၏။ အဘယ်အတတ်တို့နည်း–ဟူမူကား။

လက်ခြေ အင်္ဂါ စသည်ကို ကြည့်ရှု၍ ဟောသော အင်္ဂကျမ်း အတတ်ကို လည်းကောင်း,

နိမိတ်ယူ၍ ဟောသော ကျမ်းအတတ်၊ မိုးကြိုး ပစ်သည်ကို ကြည့်ရှု၍ ဟောသော ဥပါတ်ကျမ်း အတတ်၊ အိပ်မက်ကျမ်း အတတ်၊ လက္ခဏာကျမ်း အတတ်။ အဝတ်ပုဆိုး ကြွက်ကိုက်ခြင်းကိုရှု၍ ဟောသော အတတ်။ထင်းမီး ပူဇော်ခြင်း အတတ်၊ ယောက်မဖြင့် ပူဇော်ခြင်း အတတ်၊ ဖွဲဖြင့်ပူဇော်ခြင်း အတတ်။ ဆန်ကွဲဖြင့် ပူဇော်ခြင်း အတတ်။ ဆန်ဖြင့် ပူဇော်ခြင်း အတတ်။ ထောပတ်ဖြင့် ပူဇော်ခြင်း အတတ်၊ ဆီဖြင့် ပူဇော်ခြင်း အတတ်၊ မုံညင်းမှုန့် စသည်တို့ကို ခံတွင်းဖြင့် ငုံ၍ မီးထည့်သော အတတ်။ ဝါ။ မန္တန်ရွတ်၍ မီးပူဇော်သော အတတ်။ လက်ရုံးသွေး စသည်ဖြင့် မီးပူဇော်သော အတတ်။ လက်ဆစ်ရိုးကို ကြည့်ရှု၍ မန္တန်ကိုရွတ်၍ ဤသူသည် အမျိုးကောင်းသား ဟုတ်သည် မဟုတ်သည်ကို လည်းကောင်း။ ဥစ္စာ ရှိ မရှိ စသည်ကို လည်းကောင်း ဟောသော အင်္ဂဝိဇ္ဇာအတတ်။

အိမ်ရာမြေရာကို လည်းကောင်း။ ခြံမြေ ယာမြေတို့ကို လည်းကောင်း။ မြေအထူးကိုကြည့်ရှု၍ မန္တန်ကို ရွတ်၍ ဤနေရာမှ အောက်မြေ အတွင်း အတောင်သုံးဆယ်မျှ၌ လည်းကောင်း၊ ဤနေရာ မြေ၏ အထက် ကောင်းကင် အတောင် ရှစ်ဆယ်မျှ၌ လည်းကောင်း, အကျိုး အပြစ်ကို မြင်နိုင်သော ဝတ္ထု ဝိဇ္ဇာ အတတ်။

လယ်မြေကို သိသော ခေတ္တဝိဇ္ဇာ အတတ်။ သုသာန်သို့ဝင်၍ ပြုအပ်သော သိဝ ဝိဇ္ဇာအတတ်။ ဝါ။ မြေခွေးသံကို သိသော အတတ်။ ဝါ၊ သန္တိကရဏ ဝိဇ္ဇာ အတတ်။ (အဋ္ဌကထာ–၇၈)

တစ္ဆေ မြေဖုတ်ကို နိုင်သော ဘူတဝိဇ္ဇာ အတတ်။ မြေအတွင်း၌ နေ၍ မန္တန်ကို သင်ယူရသော ဘူရိဝိဇ္ဇာ အတတ်။

မြွေကိုက်သည်ကို ဆေးကုခြင်း။ မြွေကို လာအောင် ခေါ်နိုင်ခြင်း အဟိဝိဇ္ဇာ အတတ်။

အဆိပ်ဟောင်းကို စောင့်ရှောက်နိုင်ခြင်း။ အဆိပ်သစ်ကို ပြုလုပ်နိုင်ခြင်း အဆိပ်ကိုအုံစေနိုင်ခြင်း, ဝိသ ဝိဇ္ဇာ အတတ်။

ကင်းကိုက်သည်ကို ဆေးကုခြင်း ဝိစ္ဆိက ဝိဇ္ဇာအတတ်။ မြွေကိုက်သည်ကို သိသော (ဆေးကုသော) မုသိက ဝိဇ္ဇာ အတတ်။

အဘောဒ်ရှိမျှ၊ အခြေ နှစ်ချောင်း အခြေ လေးချောင်း သတ္တဝါတို့၏ မြည်သံကို ကြား၍ သိနိုင်သော သကုဏ ဝိဇ္ဇာ အတတ်။

ကျီးမြည်သံကို သိသော ဝါယသ ဝိဇ္ဇာ အတတ်။ ဤသူသည် ဤမျှ လောက်သာ အသက်ရှင်လတ့်။ ဤသူသည်ကား ဤမျှလောက် - ဟူ၍ အသက်တိုရှည်ကို သိသော ပက္ကဇ္ဈာန အတတ်။

မိမိ ကိုယ်ပေါ်သို့ လက်နက် မြှားတို့ မကျနိုင်သော သရပရိတ္တာဏ အတတ်၊

အသုံးစုံသော တိရစ္ဆာန်တို့ အသံကို ကြား၍ ဟောနိုင်သော မိဂစက္က အတတ်။ ဤသို့သော အတတ်ဖြင့် အသက်မွေးကြကုန်၏။

ရဟန်း ဂေါတမသည် လည်းကောင်း၊ ရဟန်းဂေါတမ၏ တပည့် ရဟန်း များသည် လည်းကောင်း ဤသို့သော မိစ္ဆာဇီဝ တိရစ္ဆာန ဝိဇ္ဇာ အတတ် တို့ကို ရှောင်ကြဉ်တော်မူ၏-ဟူ၍ လည်းကောင်း၊ ချစ်သား ရဟန်းတို့ ပုထုဇဉ်သည် ငါဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းသော် ဤမျှလောက် အနည်း ငယ်မျှသော သီလကလေးကို သာလျှင် ချီးမွမ်းနိုင်ရာ၏။

## နိမိတ်ယူ၍ ဟောသော ဆရာ၏ အကြောင်း။

ပဏ္ဍုကမ္ဗလှိသော မင်းသည် သုံးလုံးကုန်သော ပုလဲတို့ကို လက်ထဲ၌ ဆုပ်၍ ငါ၏ လက်ဆုပ်ထဲ၌ ဘာရှိ သနည်း-ဟု နိမိတ် ယူ၍ ဟောတတ် သော ဆရာကို မေး၏၊ နိမိတ်ယူသော ဆရာသည် ထိုမှ ဤမှ ကြည့်ရှု သော အခါ၌ ကိုယ်မြောင် ကောင်သည် မက္ခိက-ယင်ကောင်ကို ဖမ်းယူပြီး၍ မုတ္တ-ပွက် ပုံက်၏၊ လွတ်သွား၏၊ ထိုနိမိတ်ကို ယူ၍ မုတ္တ-ပုလဲ-ဟူ၍ ဆို၏၊

တဖန် ဘယ်နှစ်သုံး ရှိသနည်း-ဟု မေးပြန်၏၊ ကြက်သုံးကြိမ် မြည်တွန် သံကို ကြား၍ နိမိတ်ယူပြီးလျှင် သုံးလုံးရှိသည်-ဟူ၍ ဆို၏၊ ဤသို့ ထိုသို့ သော နိမိတ်ကို ယူ၍ ဟောပြောကြသော သူတို့လည်း ရှိကုန်၏၊ (အဋ္ဌ ကထာ-၇၇)

(ပုလဲဟော မုတ္တ သဒ္ဒါကား ဒြဗ်ပုဒ်။ လွတ်ခြင်းကို ဟောသော မုတ္တ သဒ္ဒါကား ကြိယာပုဒ်။ ပါဠိဘာသာအားဖြင့် အနက်မတူသော်လည်း

သဒ္ဒါ-အသံတူသည်ကို နိမိတ်ယူသတည်း။ ကြက်တွန်သံ သုံးကြိမ်နှင့် ပုလဲ သုံးလုံး၌လည်း အရေအတွက် သချၤာတူသည်ကို နိမိတ်ယူသတည်း။)

၂။ အို လူအပေါင်းတို့ သမဏ ဗြာဟ္မဏ သူတော်သူမြတ် လုပ်ကြသော အချို့သူတို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ထိုသူတော် သူမြတ် အခေါ်ခံကြသော သူတို့သည် ဤသို့သော တိရစ္ဆာန ဝိဇ္ဇာအတတ်ဖြင့် မှားသော မိစ္ဆာဇီဝ အသက်မွေးခြင်းဖြင့် ပြုကြကုန်၏။ အဘယ် အတတ်တို့နည်း—ဟူမူကား။

ပတ္တမြား၏ လက္ခဏာအတတ်, အဝတ်ပုဆိုး၏ လက္ခဏာအတတ်, ဒုတ်တောင်ဝှေး၏ လက္ခဏာ, ဓား လက်နက်၏ လက္ခဏာကို လည်းကောင်း,

သံလျက်၏ လက္ခဏာကို လည်းကောင်း, လှံ၏ လက္ခဏာကို လည်းကောင်း, လေး၏ လက္ခဏာ (အာဝုဓ လက္ခဏာ—ဓား, သံလျက်, လှံမှ တပါးသော လက်နက် အမျိုးမျိုး၏ လက္ခဏာ။)

မိန်းမ၏ လက္ခဏာ, ယောကျ်ား၏ လက္ခဏာ, လူကလေး၏ လက္ခဏာ, မိန်းကလေး၏ လက္ခဏာ, ကျွန်ယောကျ်ား လက္ခဏာ, ကျွန်မိန်းမ လက္ခဏာ, ဆင်လက္ခဏာ, မြင်းလက္ခဏာ, ကျွဲလက္ခဏာ, နွားလက္ခဏာ, နွားလားဥသဘ၏ လက္ခဏာ, ဆိတ်လက္ခဏာ, သိုးလက္ခဏာ, ကြက်လက္ခဏာ, ငုံးလက္ခဏာ, ဂေါဓာ-ဖွတ်လက္ခဏာ, ကဏ္ဏိကာ-အိမ်ခေါင်တိုင် လက္ခဏာ၊ ဝါ။ အိမ်အဘွဲ့ ဃရကူဋ လက္ခဏာ, (ကဏ္ဏိကာ-နားတောင်း လက္ခဏာ။) ကစ္ဆပ-လိပ်လက္ခဏာ, မိဂ-သားသမင်လက္ခဏာ၊

ဤသို့သော လက္ခဏာ ကျမ်းတို့ဖြင့် အသက်မွေးခြင်းကို ပြုကြကုန်၏။ ရဟန်း ဂေါတမသည် လည်းကောင်း၊ ရဟန်း ဂေါတမ၏ တပည့် ရဟန်းတော်တို့သည် လည်းကောင်း ဤသို့သော မဂ်ဖိုလ်မှ ဖိလာကန့်လန့် ဖြစ်ကုန်သော မိစ္ဆာဇီဝ အတတ်ဖြင့် ပြောဟော၍ အသက်မွေးခြင်းကို ရှောင်ကြဉ်ရာ၏-ဟူ၍ လည်းကောင်း, ပုထုဇဉ်သည် ချီးမွမ်းသော် ချီးမွမ်းနိုင်ရာ၏။

## လက္ခဏာကျမ်းတို့၏ အကြောင်း။

(ဤ လက္ခဏာ ကျမ်းများသည် မဏိလက္ခဏာ၌ ပတ္တမြား၏ အဆင်းသဏ္ဌာန်ကို ကြည့်ရှု၍ ဥစ္စာရှင်သည် အနာကင်းခြင်း, မင်းဖြစ်ခြင်း အကြောင်းဖြစ်၏-ဟူ၍ လည်းကောင်း၊ ဤပတ္တမြားကို ဆောင်သည် ရှိသော် အဘယ်သို့ အကျိုး အပြစ် ဖြစ်မည်ကို လည်းကောင်း ဟောပြောကြကုန်၏။

ဂူတ္တိလက္ခဏာ စသည်တို့၌ ဤအိမ်၌, ဤမိန်းမ, ဤယောကျ်ားတို့သည် နေထိုင်၏၊ ထိုအိမ်၌ ကြီးပွားခြင်း, ဆုတ်ယုတ်ခြင်းတို့ကို သိအပ်ကုန်၏။ ဆိတ်လက္ခဏာ စသည်တို့၌လည်း ဤသို့သော ဆိတ်၏ အသားကို မစားအပ်။ ဤသို့သော ဆိတ်၏ အသားကို စားအပ်၏–ဟူ၍ ဤသို့သော အထူးကို သိအပ်၏။

## ပွတ်၏လက္ခဏာ အထူးဖြစ်ကြောင်း။

ဂေါဓာ လက္ခဏာ၌ သဝိညာဏက ဖွတ်ကိုသာ ဆိုသည်မဟုတ်, ပန်းချီဆေးရေးရုပ် ဖြစ်သော ဖွတ်ရှိလျှင် ဤသို့ ဖြစ်တတ်၏-ဟူ၍ အထူးကို သိအပ်၏။

တခုသော ကျောင်းတိုက်၌ ပန်းချီ ဆေးရေးရုပ် တို့ကို ရေးချယ်၍ ထားရာ၌ ဖွတ်သည် မီးရှုတ်၍ နေပုံကို ရေးသားကြကုန်၏။ ထိုဖွတ်ရုပ်ရှိသည်မှ စ၍ ရဟန်းတို့ ကြီးစွာ ငြင်းခုံ ခိုက်ရန် ဝိဝါဒဘေးသည် ဖြစ်၏။ အာဂန္တု ရဟန်းတပါးသည် ထိုဖွတ်ရုပ်ကိုမြင်၍ ဖွတ်ချေ ဖျက်ဆီးလိုက်၏။ ထိုဖွတ်ရုပ်ကို ဖျက်သည်မှ စ၍ ငြင်းခုံ ခိုက်ရန်ဘေးသည် နည်းပါး၍ သွား၏။

ကဏ္ဏိကာ-လက္ခဏာ၌ နားဋောင်း လက္ခဏာကိုလည်း သိအပ်၏၊ အိမ်ခေါင်တိုင် အိမ်အထွဋ် လက္ခဏာကိုလည်း သိအပ်၏။

ကစ္ဆပ-လိပ် လက္ခဏာသည် ဂေါဓာ-လက္ခဏာနှင့် အတူပင် ဖြစ်၏။ မိဂ-လက္ခဏာကို အလုံးစုံ ခြေလေးချောင်းတို့၏ လက္ခဏာကို သိမ်းရုံး၍ ဆို၏။ (အဋ္ဌကထာ-၇၉။)

## အာကာသ ကောင်းကင် နက္ခတ်ကျမ်း အပျိုးမျိုး ဒ.ကြောင်း။

၃။ အို လူအပေါင်းတို့ သမဏ ဗြာဟ္မဏ သူတော်သူမြတ် လုပ်သူ အချို့တို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်ပြီး၍ ထို သူတော်သူမြတ် လုပ်သူတို့သည် ဤသို့သော မဂ်ဖိုလ်မှ ဖီလာ ဖြစ်သော တိရစ္ဆာန ဝိဇ္ဇာ အတတ်ဖြင့် မှားသော မိစ္ဆာဇီဝဖြင့် အသက် မွေးခြင်းကို ပြုကြကုန်၏။ အဘယ်သည်တို့နည်း–ဟူမူကား။

ဤမည်သော နေ့၌ ဤမည်သော နက္ခတ်ဖြင့် ဤမည်သော မင်း စစ်တက်ခြင်းသည် ဖြစ်လတ္တံ။ စစ်တိုက်ရာမှ တပန် ပြန်လာကုန်လတ္တံ-ဟူ၍ လည်းကောင်း, ပြည်ကွင်း မင်းတို့ စစ်မြေပြင်ကို ကပ်ရောက်ခြင်း ဖြစ်လတ္တံ,

တိုင်းဘပါး ပြည်ပမင်းတို့ ဖဲသွားခြင်း ဖြစ်လတ္တံ့-ဟူ၍ လည်းကောင်း, ပြည်တွင်း မင်းကို အောင်ခြင်း ဖြစ်လတ္တံ့။ ပြည်ပ မင်းတို့ ရှုံးခြင်း ဖြစ်လတ္တံ့-ဟူ၍ လည်းကောင်း ပြည်ပမင်းတို့ အောင်ခြင်း ဖြစ်လတ္တံ့၊ ပြည်တွင်း မင်းတို့ ရှုံးခြင်း ဖြစ်လတ္တံ့-ဟူ၍ လည်းကောင်း, ဤသို့သော တိရစ္ဆာနဝိဇ္ဇာ ဗေဒင်ဟောခြင်း မိစ္ဆာဇီဝဖြင့် အသက်မွေးကြကုန်၏။

ရဟန်း ဂေါတမသည် လည်းကောင်း, ရဟန်းဂေါတမ၏ တပည့် ရဟန်းများသည် လည်းကောင်း ဤသို့သော ဗေဒင်ဟောခြင်း မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းကို မပြုဘဲ ရှောင်လွှဲ ပယ်ရှား ဘော်ပူ၏-ဟူ၍ လည်းကောင်း။

၄။ အို လူအပေါင်းတို့ သမဏ ဗြာဟ္မဏ သူတော်သူမြတ် လုပ်သူ အချို့တို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်ပြီး၍ ထိုသူတော်သူမြတ် လုပ်သူတို့သည် ဤသို့သဘောရှိသော မိစ္ဆာဇီဝ တိရစ္ဆာနဝိဇ္ဇာ ဗေဒင်ဟောခြင်းဖြင့် အသက်မွေးကြကုန်၏၊ အဘယ်သည်တို့နည်း-ဟူမူကား။

ဤမည်သော နေ့ ရာဟု အသူရိန်သည် (စန္ဒ) လမင်းကို ဖမ်းလတ္တံ့-ဟူ၍ လည်းကောင်း, နေမင်းကို ဖမ်းလတ္တံ့-ဟူ၍ လည်းကောင်း, ဝါ၊ လကျစ်ခြင်း နေကျစ်ခြင်း ဖြစ်လတ္တံ့-ဟူ၍ လည်းကောင်း, လကို, နေကို ငပုတ် ဖမ်းလတ္တံ့-ဟူ၍ လည်းကောင်း ဤမည်သော နက္ခတ်သည် ဤမည်သော ဂြိုဟ်နှင့် ယှဉ်လတ္တံ့-ဟူ၍ လည်းကောင်း,

နေ လ တို့ လမ်းမှန် သွားလတ္တံ့။ နေ လ တို့ လမ်းလွဲ သွားလတ္တံ့၊ နက္ခတ်တို့ လမ်းမှန် သွားလတ္တံ့၊ လမ်းလွဲ သွားလတ္တံ့။

ဥက္ကာ မီးရှူးကျခြင်း ဖြစ်လတ္တံ့၊ (ဝင်းဝင်း လုံးကြီး မီးရှူးကဲ့သို့ ကောင်းကင်မှ ကျသည်ကို ဥက္ကာ ကျသည် ဟူ၍ ဆို၏၊) ဒိသာဍာဟ-ကောင်းကင် အရပ် မျက်နှာ တောက်လောင်ခြင်း မီးလျှံ အခိုးဘန်းဘို့ ဖြစ်လတ္တံ့-ဟူ၍ လည်းကောင်း, မြေလှုပ်ခြင်း ဖြစ်လတ္တံ့။

ဒေဝဒုန္ဒုဘိ- မိုးတိမ်မရှိဘဲ ကောင်းကင်၌ အချောက်ထိုက် မိုးချိန်းလတ္တံ့, နေလနက္ခတ်တို့ ထွက်ခြင်း ဝင်ခြင်း, မှေးခြင်း, ထွန်းတောက်ဖြူစင်ခြင်း ဖြစ်လတ္တံ့-ဟူ၍လည်းကောင်း, လကျစ်လျှင် ဤသို့ဖြစ်လတ္တံ့, နေကျစ်လျှင် ဤသို့အကျိုး အပြစ်ဖြစ်လတ္တံ့, နက္ခတ်ကျစ်လျှင် ဤသို့အကျိုး အပြစ်ဖြစ်လတ္တံ့, လ နေတို့ လမ်းမှန်သွားလျှင် ဤသို့ အကျိုး အပြစ် ဖြစ်လတ္တံ့, လမ်းလွဲသွားလျှင် ဤသို့ ဖြစ်လတ္တံ့-ဟူ၍ လည်းကောင်း,

နက္ခတ် လမ်းမှန်သွားလျှင် ဤသို့ အကျိုး အပြစ်ဖြစ်လတ္တံ့။ လမ်းလွဲ သွားလျှင် ဤသို့ ဖြစ်လတ္တံ့- ဟူ၍လည်းကောင်း,

ဥက္ကာကျလျှင် ဤသို့ အပြစ် ဖြစ်လတ္တံ့။ ဒိသာဍာဟ ကောင်းကင် ဘောက်လောင်ခြင်း ဖြစ်သော် ဤသို့ အကျိုး အပြစ်ဖြစ်လတ္တံ့- ဟူ၍ လည်းကောင်း,

မြေလှုပ်လျှင် ဤသို့ အကျိုး အပြစ် ဖြစ်လတ္တံ့,- ဟူ၍ လည်းကောင်း, ဒေဝဒုန္ဒုဘိ- အချောက်တိုက် မိုးချိမ်းလျှင် ဤသို့ အကျိုးအပြစ်ဖြစ်လတ္တံ့,- ဟူ၍လည်းကောင်း,

လ နေ နက္ခတ်တို့ ထွက်ခြင်း ဝင်ခြင်း မှေးခြင်း ထွန်းခြင်းတို့ဖြစ်သည် ရှိသော် ဤသို့ အကျိုး အပြစ် ဖြစ်လတ္တံ့,- ဟူ၍လည်းကောင်း, ဤသို့သော ကောင်းကင် နက္ခတ်ကျမ်းတို့ဖြင့် ဗေဒင်ဟောခြင်း မိစ္ဆာဇီဝဖြင့် အသက်မွေးကြကုန်၏။

ရဟန်းဂေါတမသည် လည်းကောင်း, ရဟန်းဂေါတမ၏ တပည့်ရဟန်းများသည် လည်းကောင်း, ဤသို့သော ဗေဒင်ဟောခြင်း မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူ၏- ဟူ၍လည်းကောင်း။

၅၊ အိုလူအပေါင်းတို့- သမဏဗြာဟ္မဏ သူတော်သူမြတ် လုပ်သူ အချို့တို့သည် သဒ္ဓါကြည်သို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်ပြီး၍, ထိုသူတော် သူမြတ် ရဟန်း လုပ်သူတို့သည် ဤသို့သော မိစ္ဆာဇီဝ-မှားသော အသက်မွေးခြင်း မင်္ဂဖိုလ်မှ ဖီသာကန့်လန့် ဖြစ်သော တိရစ္ဆာနဝိဇ္ဇာ-ဗေဒင်ဟောခြင်းဖြင့် အသက် မွေးကြကုန်၏။ အဘယ်သည်တို့နည်း- ဟူမူကား,

မိုးကောင်းလတ္တံ့, မိုးခေါင်လတ္တံ့, ဝပြောလတ္တံ့, ငတ်မွတ် လတ္တံ့, ဘေး ကင်းလတ္တံ့, ဘေးဖြစ်လတ္တံ့, ရောဂါ ထူပြောလတ္တံ့, ရောဂါ ကင်းဝေးလတ္တံ့,- ဟူ၍ လည်းကောင်း,

မုဒ္ဒါ- လက်ဆစ်ချိုးအတတ်, ဂဏနီ၊ မြောက်ခြင်း, ဂဏန်း အတတ်၊ (သခါန-ပေါင်းခြင်း ဂဏန်းအတတ်- ဝါ။ အပေါင်းအားဖြင့် ရေတွက်ခြင်း အတတ်) (ဤသခါန်- အပေါင်းရေတွက်ခြင်း အတတ်ကို လေ့လာနိုင်သော သူသည် သစ်ပင်ကို မြင်လျှင် အရွက်ပေါင်း ဤမျှရှိ၏- ဟူ၍ မြန်စွာသိနိုင်၏၊)

ကာဝေယျ- သီချင်း ကဗျာ ရေးသားခြင်း အတတ်, လောကာယတ-ကျိုးသည်ဖြစ်၍ အဘယ့်ကြောင့်နည်း။ အရိုးဖြူသောကြောင့်တည်း။

ဗျိုင်းသည် နီ၏။ အဘယ့်ကြောင့်နည်း။ သွေးနီသောကြောင့်တည်း။

ဤသို့ စသည်ဖြင့် ပြောဆိုသော ဝိတဏ္ဍစာဒါးတို့ကို ပြောဆိုတတ်သော လောကာယတကျမ်း အတတ်။ ဤသို့ သဘောရှိသော မဂ်ဖိုလ်မှ ဖီလာ ကန့်လန့်ဖြစ်သော အတတ်ဖြင့် မိစ္ဆာဇီဝဖြင့် အသက်မွေးကြကုန်၏။

ရဟန်းဂေါတမသည် လည်းကောင်း, ရဟန်းဂေါတမ၏ တပည့်ရဟန်း များ သည်လည်းကောင်း, ဤသို့သော မိစ္ဆာဇီဝတို့ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူ၏–ဟူ၍ လည်းကောင်း။

## မန္တန် အမျိုးမျိုးနှင့် ပီယဆေးများ အကြောင်း

၆။ အို လူအပေါင်းတို့ သမဏ ဗြဟ္မဏ သူတော် သူမြတ် လုပ်သူ အချို့တို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန် ပြီး၍, ထို သူတော် သူမြတ် ရဟန်း လုပ်သူတို့သည် ဤသို့ သဘောရှိ သော တိရစ္ဆာနဝိဇ္ဇာ– မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းကို ပြုကြကုန်၏။ အဘယ်သည်တို့နည်း- ဟူမူကား,

အာဝါဟန်- သိမ်းယူခြင်း မင်္ဂလာဆောင်ရက် ရွေးနည်း, ဝိဝါဟန်- သိမ်းပေးခြင်း မင်္ဂလာဆောင်ရက် ရွေး နည်း, သံဝရဏံ– လင်မယား ပေါင်းစပ်သော နက္ခတ်ရွေးနည်း, ဝိဝရဏံ–လင်မယား ကွာရှင်းသော နက္ခတ်ရွေးနည်း, သံကိရဏံ– ငွေတိုး ကြေးတိုး ယူသောရက် ရွေးနည်း, ဝိကိရဏံ– ငွေတိုး ကြေးတိုး ပေးသော ရက် ရွေးနည်း, သုဘဂကရဏံ– လင်ချစ်အောင် မယားချစ်အောင် မျက်ချစ်ဆေး စီရင်နည်း–ဒုဗ္ဘဂကရဏံ၊ မုံးဆေး စီရင်နည်း, ဝိရုဒ္ဓဂဗ္ဘကရဏံ ·ကိုယ်ဝန်တည်ဆေး စီရင်နည်း, ဇိဝှါနိ ဗန္ဓနံ– မန္တန်ဖြင့် သူတပါးတို့ လျှာ မလှုပ်ရှား နိုင်အောင် ပြုလုပ်နည်း, ဟနုသံဟနနံ၊ မေးခိုင်အောင် မန္တန်ဖြင့် ပြုလုပ်နည်း၊ ဟတ္ထာဘိဇပ္ပနံ– လက်နောက်ပြန် နေအောင် မန္တန်စုတ်နည်း၊ (ထိုမန္တန်ဖြင့် ခုနစ်ဘဝါး အတွင်း၌ ''ဖဝါးခုနစ်လှမ်းအတွင်း၌'' မန်းမှုတ်သည် ရှိသော် တပါးသော သူသည် လက်နောက်ပြန် ဖြစ်၏။)

ကဏ္ဏဇပ္ပနံ– နားမကြားအောင် မန္တန်စုတ်နည်း, ထိုနားမကြားသော မန္တန်ကို စုတ်သည်ရှိသော် တရားဆိုင်ရာ ရုံးများ၌ အလိုရှိသော စကား ကို ပြောသော်လည်း တရားတွေ့ဘက် ဖြစ်သော သူသည် နားမကြားဘဲ နေ၏၊ နားမကြားသည် ရှိသော် စကားတုံ့ပြန်၍ ပြောခြင်းငှါ မတတ်နိုင်။ (မေးခိုင်အောင် လျှာခိုင်အောင်ပြု လုပ်နည်းတို့၌လည်း ထိုအတူပင် ဖြစ်၏)

အာဒါသပဥှ- မှန်၌ နတ်ချ၍ မေးနည်း, ကုမာရိကပဉှ၊ မိန်းကလေး၏ ကိုယ်၌ နတ်သွင်း၍ မေးနည်း, ဒေဝပဥှ- ကျွန်မိန်းမ၏ ကိုယ်၌ နတ်ပင်း၍ မေးနည်း, အာဒိစ္စုပဋ္ဌာနံ- အသက်ရှည်ခြင်း အကျိုးငှါ နေကို ပူဇော်ခြင်း၊ လုပ်ကျွေးခြင်း, မဟာတုပဋ္ဌာနံ- ဗြဟ္မာကို လုပ်ကျွေး ပူဇော်ခြင်း,

အဗ္ဘုဇ္ဇလနံ- မန္တန်ဖြင့် ခံတွင်းမှ မီးလျှံ လွှတ်ခြင်း, မျက်လှည့် အဘက်, သိရီအဝှယနံ- ကြက်သရေ ခေါ်ခြင်း အတတ်, သန္တိကမ္မံ- နတ်စင်ရှိရာသို့ သွား၍ အကျွန်ုပ်အား ဤမည်သော အရာသည် ပြီးစီးသည် ဖြစ်အံ့၊ အရှင်နတ်မင်းတို့အား ဤသို့သော ပူဇော်ခြင်းကို ပြုပါအံ့- ဟူ၍ နတ်ကိုကိုး၏။ ကိုးသည့်အတိုင်း ပြီးစီးသော အခါ ပြုဘွယ်ကိစ္စ ဖြစ်သော ပူဇော်ခြင်းကို ပြုလုပ်ပါအံ့- ဟူ၍ဝန်ခံခြင်းကို ပြုခြင်းတည်း။

ပဏိဓိကမ္မံ- နတ်ကိုးသည့် အတိုင်း အလိုရှိရာ ပြီးစီးသော အခါ၌ ဝန်ခံသည့်အတိုင်း ပူဇော်ခြင်း, ဘူရိကမ္မံ- မြေပညာသင်သော အိမ်တွင်း၌ နေ၍ မန္တန်ကို သင်ယူပြီး၍ ထိုမန္တန်ကို ပယောဂ ပြုခြင်းတည်း, ဝဿကမ္မံ- နပုံး ပဏ္ဍုက်ကို ယောကျ်ားပြုခြင်း, ဝေါဿကမ္မံ- ယောကျ်ားကို နပုံးပဏ္ဍုက် ပြုလုပ်နည်း, (ထိုသို့ ပြုသော်လည်း လိင်ကွယ်အောင် မပြုနိုင်ချေ။ စိတ်ဆန္ဒ ပြောင်းလဲရုံမျှ ဖြစ်၏၊)

ဝတ္ထုကမ္မံ- အိမ်ရာ မရှိရာ၌ အိမ်ဆောက်သောနည်း, ဝတ္ထုပရိကမ္မံ- ဤမည်သော အုံးသီး, ငှက်ပျောသီး, ဆေး, ကွမ်း, လဘက်တို့ကို ယူခဲ့လော့- ဟု ဆို၍ အိမ်ရာမြေ၌ နတ်ပူဇော်သောနည်း, အာစမနံ- ဆရာလုပ်သူက သူနာ၏ မျက်နှာကို ရေဆေးခြင်းနည်း။ နှာပနံ- ဆရာလုပ်သူက သူနာကို ရေချိုးသောနည်း, ဇုဟနံ- ဆရာလုပ်သူက သူနာ၏ အကျိုးငှါ မီးပူဇော်နည်း,

ဝမနံ- မန္တန်ဖြင့် အံစေခြင်း, ဝိရေစနံ- မန္တန်ဖြင့် ဝမ်းလျှော စေသောနည်း, ဥဒ္ဒံဝိရေစနံ-အထက်သို့ အံစေ၍ အပင်းထုတ်သောနည်း, အဓောဝိရေစနံ- အောက်သို့ ဆင်းစေ၍ ဝမ်းလျှောစေ၍ အပင်းထုတ်သော နည်း, သီသဝိရေစနံ-ဦးခေါင်းမှ အညင်းအနာ ထွက်စေသောနည်း,

ကဏ္ဏတေလံ-နားပင်း ခြင်းငှါသော် လည်းကောင်း, နားအနာကို ထုတ်ပယ်ရန်သော် လည်းကောင်း, ဆေးစိမ်၍ ဆီချက်နည်း, နေတ္တပါနံ- မျက်စိသူသော ဆီချက်နည်း, နတ္ထုကမ္မံ-နှာနှပ်နည်း,(ပယောဂ နှာနှပ်နည်း။)

အဉ္ဇနံ-မျက်လွှာ နှစ်ထပ် သုံးထပ် ပယ်ရှားရန် စားသော မျက်စဉ်း စီရင်နည်း, ပစ္စဉ္ဇနံ-သူသောမျက်စိကို တဖန်အေးအောင်ဆေး မျက်စဉ်း စီရင်

နည်း, သာလာကိယ - ဝါးခြမ်းစိတ်ဖြင့် ဆေးကုနည်း, သလ္လကတ္တိယ- ဆူးငြောင့်ထွက်သော မန္တန်ဖြင့် ဆေးကုနည်း, ဒါရကတိကိစ္ဆာ- သူငယ်နာ ဆေးကုနည်း,

မူလဘေသဇ္ဇ-အမြစ်ဆေးတို့ဖြင့် စားဆေး, လိမ်းဆေး ပေးသောနည်း, ဩသဓိနံပဋိမောက္ခော-အနာပျောက်သည် ရှိသော် ထိုဆေးတို့ကို ပယ်ရှား သုတ်သင် ကင်းစင်အောင် ပြုလုပ်နည်း-ဤသို့သဘောရှိသော နည်းတို့ဖြင့် မန္တန်စုတ်၍, မန်းမှုတ်၍, ပယောဂဆေးပေး၍, ဆေးကု၍ အသက်မွေးသော မိစ္ဆာဇီဝ အသက်မွေးခြင်းဖြင့် သူတော်သူမြတ် လုပ်သူ အချို့တို့သည် အသက်မွေးခြင်းကို ပြုကြကုန်၏၊

ရဟန်း ဂေါတမသည် လည်းကောင်း, ရဟန်း ဂေါတမ၏ တပည့် ရဟန်းများသည် လည်းကောင်း, ဤသို့သော မန္တန်စုတ်ခြင်း, မန်းမှုတ်ခြင်း, ဆေးကုခြင်း, မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူ၏-ဟူ၍ လည်းကောင်း,

ချစ်သား ရဟန်းတို့ ပုထုဇဉ်သည် ငါဘုရား၏ ဂုဏ်ကို ချီးမွမ်းသော် ဤမျှလောက်သာလျှင် ချီးမွမ်းနိုင်ရာ၏။

ချစ်သား ရဟန်းတို့ အကြင်စကားဖြင့် ပုထုဇဉ်သည် ငါဘုရား၏ ဂုဏ်ကို ချီးမွမ်းအံ့-ဟူ၍ အားထုတ် လုံ့လ ပြုလျက် ချီးမွမ်းသော် ချီးမွမ်းရာ၏၊ ထိုသို့ အားထုတ် လုံ့လ ပြု၍ ချီးမွမ်းသော်လည်း အနည်းငယ် မျှသော ဤသီလကလေးကိုသာလျှင် ချီးမွမ်းနိုင်၏။ ထိုထက် ပိုလွန်၍ အလွန် နက်နဲသော ငါဘုရား၏ ပညာတော်ကို မချီးမွမ်းနိုင်၊ မဟာသီလပြီး၏။

## သဿတဒိဋ္ဌိ လေးမျိုးကို ဟောတော်မူကြောင်း

ချစ်သား ရဟန်းတို့ ဤသီလမှ တပါးကုန်သော နက်နဲစွာ ကုန်သော မြင်နိုင်ခဲစွာကုန်သော သိနိုင်ခဲစွာကုန်သော ငြိမ်သက် အေးငြိမ်းစွာ ကုန်သော မွန်မြတ်စွာကုန်သော ကြံစည်၍ မသိနိုင်ကုန်သော သိမ်မွေ့စွာ ကုန်သော မင်္ဂဖိုလ် မြင်သိ ပညာရှိတို့သာ သိနိုင်ကုန်သော ဂုဏ်တော် တရားတို့သည် ရှိကုန်၏၊ ထို ဂုဏ်တော် တရားတို့ကို ငါဘုရားသည် ကိုယ်တော်တိုင် သိတော်မူ၍, မျက်မှောက် ပြုတော်မူ၍, ဟောကြားတော် မူ၏။ ထို နက်နဲစွာ ကုန်သော ဂုဏ်တော် တရားတို့ဖြင့် ငါဘုရား၏ ဂုဏ်မှန်ကိုင်းသော နာနာဓိမုတ္တိက ဂုဏ်တော်ကို သင် ချစ်သားတို့သည် ချီးမွမ်းလိုသည်ရှိသော် ချီးမွမ်းကြကုန်ရာ၏။

ချစ်သား ရဟန်းတို့ နက်နဲလှစွာကုန်သော ထိုဂုဏ်တော် တရားတို့သည် အဘယ်နည်း ဟူမူကား....ချစ်သား ရဟန်းတို့ သမဏ ဗြာဟ္မဏ သူတော် သူမြတ် အချေါ်ခံကြ ကုန်သော အချို့သော ရဟန်း-ရသေ့ တို့သည် ရှေးအစွန်း သံသရာ ခန္ဓာအစု အဖို့ကို ကြံစီ ဆင်ခြင် အစဉ် ရှောက်၍ ရှုကြည့်ကြကုန်၏။ ထိုသို့ ရှုကြည့်ကုန်သော သမဏ ဗြာဟ္မဏ ရသေ့ရဟန်း တို့သည် ရှေးရှေးအစွန်း သံသရာ ခန္ဓာအစု အဖို့ကို အာရုံပြု၍ (တဏှာဒိဋ္ဌိ တို့ဖြင့် ကြံဆ၍) တပါးမက များလှစွာကုန်သော မိစ္ဆာဒိဋ္ဌိ အယူစကားတို့ကို လူအများတို့အား တဆဲ့ရှစ်ပါးသော အကြောင်းတို့ဖြင့် ပြောဆိုကြကုန်၏။

ထို သမဏ ဗြာဟ္မဏ ရဟန်း ရသေ့တို့သည် အဘယ်ကို အစွဲပြု၍ တဆဲ့ ရှစ်ပါးသော အကြောင်းတို့ဖြင့် ပြောဆိုကြကုန်သနည်း ဟူမူကား....

ချစ်သား ရဟန်းတို့ အစဉ်မပြတ် မြဲ၏-ဟု အယူရှိကြကုန်သော သဿတ ဝါဒ ရသေ့ ရဟန်းတို့သည် လေးပါးသော အကြောင်းတို့ဖြင့် ကိုယ်ကို လည်းကောင်း, လောကကို လည်းကောင်း, မြဲ၏—ဟု ပညတ် ပြောဆိုကြ ကုန်၏။

ချစ်သား ရဟန်းတို့ ဤလောက၌ အချို့သော ရသေ့ ရဟန်းသည် အပူတပြင်း အားထုတ်ခြင်းကို ကမ္မဋ္ဌာန်း စီးဖြန်းခြင်း, အဖန်တလဲလဲ မပြတ်မလပ် တလစပ် အားထုတ်ခြင်း, မခမ်မလျော့နေခြင်း, ကောင်းစွာ နှလုံး သွင်းခြင်းကို အစွဲပြု၍, ထိုသို့ တည်ကြည်ခြင်း သဘော ရှိသော စိတ်သမာဓိကို ရ၏၊ ထိုသို့သော အခြင်းအရာဖြင့် စိတ်တည်ကြည်လတ်သော် ဖြူစင်လတ်သော် ပြိုးပြိုးပျက် ရှိလတ်သော် အင်္ဂဏ-ဟူသော ကိလေသာမှု ကင်းလတ်သော်, အညစ်အကြေး ကိလေသာမှ စင်ကြယ်လတ်သော်, တပါး မက များလှစွာ ကုန်သော ရှေးဘဝတို့ကို အောက်မေ့နိုင်၏။ ရှေးဘဝ တို့သည် အဘယ်နည်း ဟူမူကား....

တခုသော ဘဝကို လည်းကောင်း, နှစ်ခုသော ဘဝကို လည်းကောင်း, သုံး, လေး, ငါး ခုသော ဘဝကို လည်းကောင်း, ဆယ်ခု, နှစ်ဆယ်, သုံးဆယ်, လေးဆယ်, ငါးဆယ်သော ဘဝကို လည်းကောင်း, ဘဝတရာ, တထောင်, တသိန်း, ရာပေါင်း, ထောင်ပေါင်း, သိန်းပေါင်း များစွာ ကုန်သော ဘဝတို့ကို အောက်မေ့နိုင်၏၊ (ဤမျှသာ အောက်မေ့နိုင်၏။ တကပ် တကမ္ဘာကုန်အောင် မအောက်မေ့ နိုင်သော ရသေ့တမျိုး)။ ထိုမျှလောက် အောက်မေ့နိုင်သော ရသေ့သည် ဤသို့ ပြောဆိုလေ၏။

ကိုယ်သည် လည်းကောင်း, လောကသည် လည်းကောင်း, အစဉ် မြဲ၏, မြဲ၏, တစုံတခုသော အကျိုးကို မဖြစ်စေတတ်, တောင်ထွဋ်ကဲ့သို့ တည်၏,

တံခါးတိုင်ကဲ့သို့ တည်၍, ထို အမြဲတည်သော သတ္တဝါတို့သည် ထို ဤ ဘဝ ပြောင်းရွှေ့ကြ ကုန်၏။ အဆင့်ဆင့် အဆက်ဆက် ဘဝချင်း ဆက်၍ ကျင်လည် ကြကုန်၏။ စုတေ သေလွန်ကြ ကုန်၏။ ဖြစ်လည်း ဖြစ်ကြကုန်၏။ ဝါ။ ဤဘဝမှ သေ၍ ထိုဘဝ၌ ဖြစ်ကြကုန်၏။ အမြဲတည်၍ သွားလာ ပြောင်းရွှေ့ နေသော လ နေ နက္ခတ်တို့ကဲ့သို့ ကိုယ်ကောင်ကြီး ထင်ရှား ရှိသည်သာတည်း။ အဘယ့်ကြောင့်နည်း-ဟူမူကား....

ငါသည်ပင်လျှင် အပူတပြင်း အားထုတ်ခြင်း, ကမ္မဋ္ဌာန်း စီးဖြန်းခြင်း, အဖန်တလဲလဲ အားထုတ်ခြင်း, မမေ့မလျော့ခြင်း, ကောင်းစွာ နှလုံးသွင်း ခြင်းကို စွဲ၍ စိတ်၏ တည်ကြည်ခြင်း, သမာဓိတရားကို ရ၍, ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဏ်ကို ရ၍, ရှေးဘဝ သိန်းပေါင်း များစွာတို့ကို အောက်မေ့ နိုင်, ဆင်ခြင်နိုင်, သိမြင်နိုင်၍, ထိုငါသည် ပင်လျှင် ထိုထိုဘဝတို့၌ ပြောင်းရွှေ့ ကျင်လည်ခဲ့၍, ယခု ဤဘဝသို့ ရောက်၍နေ၏။ ထိုငါ၏ ကိုယ်ကြီးသည် အစဉ်မပြတ် နက္ခတ် နေ လ တို့ကဲ့သို့ အမြဲတည်၍ လာခဲ့၏, ထိုဘဝမှ ဤဘဝသို့ ရွှေ့ပြောင်း၍ လာခဲ့၏-ဟူ၍ ပြောဆိုလေ၏။ ချစ်သား ရဟန်းတို့ ဤအကြောင်းသည် သဿတဒိဋ္ဌိ ဖြစ်ခြင်း၏ ရှေးဦးစွာသော အကြောင်းတည်း။ ဤအကြောင်းကိုပင်လျှင် အစွဲပြု၍ အချို့ ကုန်သော ရဟန်းရသေ့တို့သည် သဿတဝါဒ အယူကို ပညတ် ပြောဆိုကြကုန်၏။ ပထမသဿတဒိဋ္ဌိ (မန္ဒပညာ)

(ဤကား ဘဝပေါင်း တသိန်းသော်လည်းကောင်း, သိန်းပေါင်းများ စွာသော် လည်းကောင်း, ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် မြင်နိုင်သော သဿတဒိဋ္ဌိ ရသေ့ဘည်း။)

ထိုအတူ။ တကမ္ဘာမှစ၍ ဆယ်ကမ္ဘာ မြင်နိုင်သော သဿတဒိဋ္ဌိ ရသေ့ တမျိုး။ ဒုတိယ သဿတဒိဋ္ဌိ။ (မဇ္ဈိမပညာ) ထို့အတူ ဆယ်ကမ္ဘာမှစ၍ ကမ္ဘာ လေးဆယ် မြင်နိုင်သော သဿတဒိဋ္ဌိ ရသေ့တမျိုး။ တတိယ သဿတဒိဋ္ဌိ။ (တိက္ခပညာ။)

ချစ်သား ရဟန်းတို့ အချို့သော သမဏ ဗြာဟ္မဏ ရသေ့ရဟန်းတို့သည် ကြံစီ စဉ်းစား ဆင်ခြင်လေ့ရှိကုန်၏။ ထိုသို့ ကြံစီ စဉ်းစား ဆင်ခြင်လေ့ ရှိသော ရသေ့ ရဟန်းသည် ကြံစီ စဉ်းစား ဆင်ခြင်၍ ရသော မိမိ အထင်ကို ဤသို့ ပြောဆိုလေ၏။

ကိုယ်သည် လည်းကောင်း, လောကသည် လည်းကောင်း, အစဉ်မြဲ၏။ မြဲ၏။ တစုံတခုသော အကျိုးကို မဖြစ်စေတတ်။ တောင်ထွဋ်ကဲ့သို့ တည်၏။ တံခါးတိုင်ကဲ့သို့ တည်၏။ ထို အမြဲတည်သော သတ္တဝါတို့သည် ထို

ဤဘဝ၊ ပြောင်းရွေ့ကြကုန်၏၊ အဆင့်ဆင့် အဆက်ဆက် ဘဝချင်းဆက်၍ ကျင်လည် ကြ ကုန်၏၊ စုတေသေလွန်ကြကုန်၏၊ ဖြစ်လည်း ဖြစ်ကြကုန်၏၊ ဝါ၊ ဤဘဝမှ သေ၍ ထိုဘဝ၌ ဖြစ်ကြကုန်၏။ အမြဲတည်၍ သွားလာပြောင်းရွေ့နေသော လ နေ နက္ခတ်တို့ကဲ့သို့ ကိုယ်ကောင်ကြီး ထင်ရှားရှိသည်သာတည်း-ဟူ၍ ပြောဆိုလေ၏၊

ချစ်သားရဟန်းတို့ ဤအကြောင်းသည် သဿတဒိဋ္ဌိ ဖြစ်ခြင်း၏ စတုတ္ထအကြောင်းတည်း။ ဤကြံစီ စဉ်းစား ဆင်ခြင်သော အကြောင်းကိုပင်လျှင်အစွဲပြု၍ အချို့ကုန်သော ရဟန်းဗြဟ္မဏတို့သည် သဿတဝါဒ အယူကိုပညတ် ပြောဆိုကြကုန်၏။ စတုတ္ထ သဿတဒိဋ္ဌိ။ (တက္ကီ။)

ချစ်သား ရဟန်းတို့ သဿတဝါဒ အယူရှိကြကုန်သော ရသေ့ရဟန်းတို့သည် ဤလေးပါးသော အကြောင်းတို့ဖြင့် ကိုယ်သည်လည်းကောင်း, လောကသည် လည်းကောင်း, မြဲ၏-ဟူ၍ ပညတ်ပြောဆိုကြကုန်၏။

ချစ်သားရဟန်းတို့ သဿတအယူရှိကြကုန်သော ရသေ့ရဟန်းတို့သည် ဤလေးပါးသော အကြောင်းတို့ဖြင့် လည်းကောင်း, ဤလေးပါးတို့တွင် တပါးပါးသော အကြောင်းဖြင့် လည်းကောင်း, ကိုယ်သည်လည်းကောင်း, လောကသည် လည်းကောင်း, မြဲ၏-ဟု ပညတ် ပြောဆိုကြကုန်၏။ ဤလေးပါးအပြင် ပြောစရာအကြောင်း မရှိ။

ချစ်သားရဟန်းတို့ ထိုလေးပါးသော ဒိဋ္ဌိ အယူကို ငါဘုရားသည် သိတော်မူ၏။ အဘယ်သို့ သိတော်မူသနည်း-ဟူမူကား။

ထိုမိစ္ဆာဒိဋ္ဌိ အယူရှိသူတို့သည် ဤသို့ အယူရှိကြကုန်၏။ဤသို့ သုံးသပ်စွဲလမ်းကြကုန်၏။ ထိုသို့ ဂတိအလား ရှိကြကုန်၏၊ ငရဲတိရစ္ဆာန် ပြိတ္တာတို့တွင် တခုခု၌ ဖြစ်ကြကုန်လတ္တံ့, ဤသို့ နောက်ဘဝ၌ ဖြစ်ကြကုန်လတ္တံ့, ဟူ၍ သိတော်မူ၏၊ ထိုအကြောင်းကိုလည်း ငါဘုရားသည် သိတော်မူ၏။ ထိုထက် အလွန်ဖြစ်သော သီလ သမာဓိ သဗ္ဗညုတဉာဏ်ကိုလည်း သိတော်မူ၏၊ ထိုသို့ သိသော်လည်း ငါသိ၏-ဟူ၍ တဏှာ မာန ဒိဋ္ဌိဖြင့် သုံးသပ်စွဲလမ်းခြင်း မရှိ၊ ဤသို့သုံးသပ် စွဲလမ်းခြင်း မရှိသောကြောင့် ပင်လျှင် မျက်မှောက်ကိုယ်တိုင် ကိလေသာတို့မှ ငြိမ်းခြင်းကို သိတော်မူ၏။

ချစ်သားရဟန်းတို့ ငါဘုရားသည် ဝေဒနာတို့၏ ဖြစ်ကြောင်းကိုလည်းကောင်း, မဖြစ်ကြောင်းကို လည်းကောင်း, သာယာခြင်းကို လည်းကောင်း, ဖြစ်ပျက်ကို လည်းကောင်း, မဖြစ်ခြင်းကို လည်းကောင်း, ဟုတ်တိုင်းမှန်စွာ သိတော်မူ၍ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်း မရှိဘဲ ကိလေသာတို့မှ ကင်းလွတ်တော်မူ၏။ (ဝေဒနာ ကမ္မဋ္ဌာန်းတည်း)။

ချစ်သား ရဟန်းတို့ ဤဂုဏ်တော်တရားတို့သည် နက်နဲကုန်၏။ မြင်နိုင်ခဲကုန်၏။ သိနိုင်ခဲကုန်၏၊ ငြိမ်သက် အေးငြိမ်းကုန်၏၊ မွန်မြတ်ကုန်၏။ ကြံစီ၍ မရနိုင်ကုန်။ သိမ်မွေ့ကုန်၏၊ ပညာရှိတို့သာ သိနိုင်ကုန်၏။ ဤနက်နဲသော တရားတို့ကို ငါဘုရားသည် ကိုယ်တော်တိုင် သိတော်မူ၍, မျက်မှောက်ပြု၍ ဟောကြားတော်မူ၏၊ ဤနက်နဲသော တရားတို့ဖြင့် ငါဘုရား၏ ဟုတ်မှန်တိုင်းသော ဂုဏ်တော်ကို ချီးမွမ်းနိုင်သည်ရှိသော် ကောင်းစွာ ချီးမွမ်းရာ၏။ ပထမ ဘာဏဝါရ။

## အဋ္ဌကထာပြသော တက္ကီဒိဋ္ဌိ လေးမျိုး အကြောင်း

တက္ကီဒိဋ္ဌိသည် လေးပါးရှိ၏၊ လေးပါးဟူသော်ကား။

၁။ အနုဿုတိက-တဆင့်ကြား တက္ကီ။

၂။ ဇာတိဿရ ဇာတိသရဉာဏ်ကို ရသော တက္ကီ။

၃။ လာဘီ- စျာန်ရ တက္ကီ။

၄၊ သုဒ္ဓိကတက္ကီ- အကြံသက်သက် တက္ကီ။

ထိုလေးမျိုးတို့တွင် အကြင်သူသည် ဝေဿန္တရာမင်းကြီး ဖြစ်၏။ ဇနက မင်းကြီး ဖြစ်၏၊ အစရှိသော မြတ်စွာဘုရား၏ ဇာတ်တော်တို့ကို ကြား၍ အကယ်၍ ဝေဿန္တရာမင်းကြီးသည် ပင်လျှင် မြတ်စွာဘုရား ဖြစ်ငြားအံ့။ ကိုယ်သည် မြဲ၏ · ဟု ကြံလျက် သဿတဒိဋ္ဌိကို ယူ၏။ ဤကား တဆင့်ကြား တက္ကီတည်း။ မူလပဏ္ဏာသ ပါဠိတော်လာ- ၃၁၂-သာတိရဟန်းတို့ ကဲ့သို့တည်း။

အကြင်သူသည် နှစ်ဘဝ သော်လည်းကောင်း, သုံးဘဝသော်လည်း ကောင်း, အောက်မေ့မှတ်မိနိုင်သော ဇာတိသရဉာဏ်ကို ရ၍, ရှေးဘဝက လည်း ငါပင်ဖြစ်၏၊ ယခုဘဝလည်း ငါပင်ဖြစ်၏။ ထိုကြောင့် ကိုယ်သည် မြဲ၏-ဟု ကြံလျက် သဿတ ဒိဋ္ဌိကို ယူ၏။ ဤကား ဇာတိသရတက္ကီတည်း၊

အကြင်သူသည် စျာန်ကို ရသည်၏ အဖြစ်ကြောင့် ငါ၏ ကိုယ်သည် ယခုအခါ၌ ချမ်းသာ၏။ ထိုအတူပင် ရှေးဘဝ၌လည်း ချမ်းသာခြင်း ဖြစ်အံ့။ နောက်ဘဝ၌လည်း ချမ်းသာခြင်း ဖြစ်လတ္တံ့- ဟု ကြံလျက် သဿတဒိဋ္ဌိကို ယူ၏၊ ဤကား စျာနလာဘီ စျာန်ရတက္ကီတည်း။

အကြင်သူသည်- အကြံသက်သက်ဖြင့် ကြံစီ ငြင်းစား၍ မိမိအထင် သက်သက်ဖြင့် ဤ ကိုယ်ကောင်ကြီးသည် တောင်သွား မြောက်သွား ရွှေ့ရှား သွားလာနိုင်၏၊ ထိုကြောင့် အလုံးအခဲ အမြဲတည်၏– ဟု ကြံ၍ သဿတဒိဋ္ဌိကို ယူ၏၊ ဤကား သုဒ္ဓတက္ကီ- အကြံသက်သက်တည်း။

## ဝေဒနာ ကမ္မဋ္ဌာန်းကို ဟောပြတော်မူကြောင်း

ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ၊ ယထာဘူတံ ဝိဒိတွာ အနုပါဒါ ဝိမုတ္တော ဘိက္ခဝေ တထာဂတော။

ဟူသော ဝေဒနာ ကမ္မဋ္ဌာန်း ပါဠိတော်၌ အဋ္ဌကထာ ဤသို့ ဖွင့်ပြတော်မူ၏၊

အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။ တဏှာဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊ ရှေးကံ ဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊ အတွေ့ ဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊ ဤသို့ အကြောင်း ဖြစ်ခြင်းကြောင့် ဝေဒနာ၏ ဖြစ်ခြင်းကို မြင်၏၊ ဖြစ်ခြင်းလက္ခဏာကို မြင်သော သူသည်လည်း ဝေဒနာ၏ဖြစ်ခြင်းကို မြင်၏၊ ဤငါးပါးသော လက္ခဏာတို့၏ အစွမ်းဖြင့် ဝေဒနာတို့၏ ဖြစ်ကြောင်းကို ဟုတ်တိုင်းမှန်စွာ သိ၍ သမုဒယ။

၁။ အဝိဇ္ဇာ မဖြစ်ခြင်းကြောင့် ဝေဒနာ မဖြစ်၊

၂၊ တဏှာ မဖြစ်ခြင်းကြောင့် ဝေဒနာမဖြစ်၊

၃၊ ရှေးကံ မဖြစ်ခြင်းကြောင့် ဝေဒနာမဖြစ်၊

၄၊ အတွေ့ မဖြစ်ခြင်းကြောင့် ဝေဒနာမဖြစ်၊

၅။ ဤသို့ အကြောင်း မဖြစ်ခြင်းကြောင့် ဝေဒနာ၏ ပျက်ခြင်းကို မြင်၏၊ ပျက်ခြင်း လက္ခဏာကို မြင်သော သူသည်လည်း ဝေဒနာ၏ ပျက်ခြင်းကို မြင်၏။ ဤငါးပါးသော လက္ခဏာတို့၏ အစွမ်းအားဖြင့် ဝေဒနာတို့ မဖြစ်ကြောင်းကို ဟုတ်တိုင်း မှန်စွာသိ၍ အတ္ထင်္ဂမ။

ဝေဒနာကို အစွဲပြု၍ ချမ်းသာခြင်း ဝမ်းသာခြင်းသည် ဖြစ်၏၊ ဤကား ဝေဒနာ၌ သာယာခြင်းတည်း။ ဤသို့သာယာခြင်းကိုလည်း ဟုတ်တိုင်း မှန်စွာ သိ၍ အဿာဒ၊

အကြင်ဝေဒနာသည် ဖြစ်ပျက် မမြဲ ညှိုးဆဲ နှိပ်စက် ဖြစ်ပျက် ဖန်ဖန် ဖေါက်ပြန် ပြောင်းလဲခြင်း သဘောသည်ရှိ၏။ ဤကား ဝေဒနာ၌ အပြစ်တည်း၊ ဤသို့ ဖြစ်ပျက်ကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၍ အာဒီနဝ။

အကြင်ဝေဒနာ၌ လိုချင်ခြင်း တပ်မက်ခြင်းသည် ပပျောက် လွတ်ကင်း ၏၊ ဤကား ဝေဒနာ၏ မဖြစ်ခြင်းတည်း။ ဤသို့ မဖြစ်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၍ နိဿရဏ။

လိုချင်ခြင်း တပ်မက်ခြင်း ကင်းသည်၏ အဖြစ်ကြောင့် စွဲလမ်းခြင်း မဖြစ်၊ စွဲလမ်းခြင်း မဖြစ်သောကြောင့် မြတ်စွာဘုရားသည် ကိလေသာမှ လွတ်တော်မူ၏။ ဝေဒနာကမ္မဋ္ဌာန်းပြီး၏။

## ကေစ္စသဿတ မိစ္ဆာဒိဋ္ဌိလေးမျိုးကို ဟောတော်မူကြောင်း

**ချစ်သား** ရဟန်းတို့ အချို့မြဲ, အချို့မမြဲ-ဟူ၍ အယူရှိကြ ကုန်သော **ကေစ္စသဿတဒိဋ္ဌိ** ရသေ့တို့သည်လည်း ရှိကုန်၏။ ထိုရသေ့ ရဟန်းတို့သည် ကိုယ်ကို လည်းကောင်း, လောကကို လည်းကောင်း, လေးပါးသော အကြောင်းတို့ဖြင့် အချို့မြဲ, အချို့မမြဲ-ဟူ၍ ပညတ် ပြောဆိုကြကုန်၏၊ အဘယ်ကို အစွဲပြု၍ ပြောဆိုကုန်သနည်း-ဟူမူကား....

**ချစ်သား** ရဟန်းတို့ တရံတခါ၌ ရှည်လှစွာသော အခွန့် ကာလကို လွန်သဖြင့် ဤလူ့ဘုံ လောကကြီးသည် ပျက်စီး၏၊ ထိုသို့ ပျက်စီးသော အခါသည် ရှိသေး၏။

ဤ လူ့ဘုံ လောကကြီး ပျက်စီးသည်ရှိသော် များသောအားဖြင့် သတ္တဝါ တို့သည် အာဘဿရ ဗြဟ္မာ့ဘုံ၌ ဖြစ်ကြကုန်၏၊ ထို အာဘဿရ ဗြဟ္မာ့ဘုံ၌ ထိုသတ္တဝါတို့သည် ဈာန်စိတ်ကြောင့် ဖြစ်ကြကုန်၏။ နှစ်သက်ခြင်း ပီတိ လျှင် အစာအာဟာရ ရှိကြကုန်၏။ကိုယ်၏ အရောင်ရှိကြကုန်၏။ကောင်းကင်၌ သွားလာကြကုန်၏။ ကောင်းမွန်တင့်တယ်သော ဥယျာဉ်ဗိမာန် ပဒေသာပင် အစရှိသည်တို့၌ တည်ကြကုန်၏။ ရှည်ကြာစွာသော အခွန့်ကာလ ရစ်ကမ္ဘာမျှ တည်နေကြကုန်၏၊ (ဤကား ကမ္ဘာပျက်သော အခါ၌ ဖြစ်ပုံတည်း။)

ချစ်သား ရဟန်းတို့ တရံတခါ၌ ရှည်လှစွာသော အခွန့် ကာလကို လွန်သဖြင့် ဤလူ့ဘုံလောကကြီးသည် ဖြစ်လာ, တည်လာ ပြန်၏။ ထိုသို့ ဖြစ်လာ, တည်လာသော အခါသည် ရှိသေး၏၊

ဤလောကကြီး ဖြစ်လာ, တည်လာ ပြန်သည် ရှိသော် သတ္တဝါတို့ ကင်းဆိပ်၍ သတ္တဝါမရှိသော ပထမဈာန် ဗြဟ္မာ့ဘုံဗိမာန်သည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ ထိုအခါ၌ တစုံတယောက်သော သတ္တဝါသည် သက်တမ်း ကုန်သဖြင့် လည်းကောင်း, ကောင်းကင်မှ ကံကုန်သဖြင့် သော်လည်း ကောင်း, အာဘဿရ ဗြဟ္မာ့ဘုံမှ စုတေ သေလွန်၍ သတ္တဝါ ကင်းဆိပ် သော (ဝါ) ဘာမှမရှိသော ပထမဈာန် ဗြဟ္မာဘုံ ဗိမာန်၌ ဖြစ်လာ၏။ ထို ဖြစ်လာသော ဗြဟ္မာသည် ထို ပထမဈာန် ဘုံဗိမာန်၌ ပထမဈာန် စိတ် ကြောင့် ဖြစ်၏၊ နှစ်သက်ခြင်း ပီတိလျှင် အစာ အာဟာရ ရှိ၏။ ကိုယ်၏

အဒေရာင် ရှိ၏။ ကောင်းကင်၌ သွားလာ၏၊ ကောင်းမွန် တင့်တယ်လှစွာသော ဥယျာဉ်ဗိမာန် ပဒေသာပင် ရှိ၏၊ ရှည်ကြာလှစွာသော အခွန့် ကာလ အသင်္ချေယျကပ် ထက်ဝက်သော် လည်းကောင်း, တကပ် သော်လည်း ကောင်း တည်နေ၏။

ထိုပဌမစျာန် ဗြဟ္မာဘုံ၌ တယောက်ဘည်း ဖြစ်၍ နေရသော ထိုဗြဟ္မာကြီးအား ရှည်ကြာလှစွာသော ကာလပတ်လုံး နေရသည်၏ အဖြစ်ကြောင့် မပျော်မွေ့နိုင်ဘဲ တပါးသော အပေါင်းဗြဟ္မာကို တောင့်တခြင်း ဖြစ်၏၊ တပါးကုန်သော သတ္တဝါတို့ သည်လည်း ဤပဌမစျာန် ဗြဟ္မာဘုံသို့ လာရောက်ကြကုန်မူကား ကောင်းလေစွ - ဟူ၍ တောင့်တ မျှော်လင့်ခြင်း ဖြစ်၏။

ထိုအခါ၌ တပါးကုန်သော သတ္တဝါတို့သည်လည်း သက်တမ်း ကုန်သဖြင့် သော်လည်းကောင်း, ကောင်းကင်မှ ကံ ကုန်သဖြင့် သော်လည်းကောင်း, အာဘဿရဘုံမှ စုတေ၍ ပဌမစျာန် ဗြဟ္မာဘုံ၌ ထိုရှေးဦးစွာ ဖြစ်သော ဗြဟ္မာကြီးနှင့် အတူတကွ ဖြစ်လာကြကုန်၏၊ ထိုနောက်မှ ဖြစ်သော ဗြဟ္မာတို့သည်လည်း ပဌမစျာန် စိတ်ကြောင့် ဖြစ်၍ စိတ်ဖြင့်ပြီးသော ကိုယ် ရှိကြကုန်၏၊ (စိတ်သွားရာ အလိုရှိက ကိုယ်-ပါနိုင်ကြကုန်၏။) ပီတိလျှင် အစာ အာဟာရ ရှိကြကုန်၏၊ ကိုယ်၏ အရောင် ရှိကြကုန်၏။ ကောင်းကင်၌ သွားလာကြကုန်၏။ ကောင်းမွန် တင့်တယ်လှစွာသော ဥယျာဉ် ဗိမာန် ပဒေသာပင် ရှိကြကုန်၏၊ ကြာရှည်လှစွာသော ကာလ - အသင်္ချေကပ် ထက်ဝက်သော် လည်းကောင်း, တကပ်သော် လည်းကောင်း, တည်နေကြကုန်၏၊ (ဤကား ကမ္ဘာသစ် တည်ပြန်သော အခါတည်း။)

ချစ်သားရဟန်းတို့ ထိုပဌမစျာန်ဘုံ၌ အကြင် သတ္တဝါသည် ရှေးဦးစွာ ဖြစ်၏။ ထိုသတ္တဝါအား ဤသို့ အကြံ ဖြစ်၏။

ငါသည် အကြီးဆုံး ဗြဟ္မာကြီး ဖြစ်၏၊ သူတပါးတို့ကို လွှမ်းမိုး၍ တည်နိုင်၏၊ သူတပါးတို့က ငါ့ကို မလွှမ်းမိုးနိုင်။ စင်စစ် အလုံးစုံကို ငါမြင်၏၊ အလုံးစုံသော သတ္တဝါကို ငါ၏အလို၌ ဖြစ်စေနိုင်၏။ ငါသည် အလုံးစုံကို အစိုးရ၏၊ အလုံးစုံကို ငါပြုလုပ် ဖန်ဆင်းနိုင်၏။ မြေကြီး, ဟိမဝန္တာ, မြင်းမိုရ်တောင်, စကြာဝဠာ, မဟာသမုဒ္ဒရာ, လ နေတို့ကို ငါဖန်ဆင်း၏။ ငါသည် လောက၌ အလုံးစုံတို့ထက် မြတ်၏၊ အလုံးစုံကို ငါ စီရင်၏၊ သင်သည် မင်း ဖြစ်လော့, သင်သည် ပုဏ္ဏား ဖြစ်လော့, သူကြွယ် ဖြစ်လော့ သူဆင်းရဲ ဖြစ်လော့, လူ ဖြစ်လော့, ရဟန်း ဖြစ်လော့ ဟူ၍ ငါ စီရင်၏။,

ကုလားအုပ် ဖြစ်လေ၊ နွား ဖြစ်လေ-ဟူ၍ အလုံးစုံသော သတ္တဝါတို့ကို ငါသည် ခွဲခြား၍ စီရင်၏။

ငါသည် လေ့လာ လျှင်မြန်၏။ အလုံးစုံသော ပိုးပရွက်က စ၍ ရှိသမျှ သတ္တဝါတို့၏ အဘသည် ငါ ဖြစ်၏၊ ဤသတ္တဝါ အလုံးစုံတို့ကို ငါ ဖန်ဆင်း၏။ အဘယ်ကြောင့်နည်း ဟူမူကား? ငါသည် ရှေးအဖို့၌ ဤသို့ အကြံ ဖြစ်၏၊ ဖြစ်ပုံကား တပါးကုန်သော သတ္တဝါတို့သည်လည်း ဤပဌမဈာန် ဗြဟ္မာဘုံသို့ လာရောက် ဖြစ်လာကြမူကား ကောင်းလေစွ၊ ဤသို့ ငါ၏ စိတ်တောင့်တခြင်း ဖြစ်၏။ ဤသတ္တဝါတို့ သည်လည်း ဤ ဗြဟ္မာဘုံသို့ ရောက်လာ ဖြစ်လာကြကုန်၏။ ထို့ကြောင့် ဤ သတ္တဝါတို့ကို ငါ ဖန်ဆင်း သည်-ဟူ၍ ဆို၏၊ (ထိုဗြဟ္မာကြီးကို ပင်လျှင် ထာဝရဘုရား-ဟူ၍ အချို့ ဘာသာတို့က ဆိုကြကုန်၏၊)

အကြင် သတ္တဝါတို့သည်လည်း နောက်မှဖြစ်ကုန်၏။ ထိုနောက်မှ ဖြစ်လာ ကြကုန်သော ဗြဟ္မာတို့သည်လည်း ဤသို့ အကြံ ဖြစ်ကြကုန်၏၊ ဖြစ်ပုံကား....

ဤ အရှင်ဗြဟ္မာကြီးသည် အကြီးဆုံးဖြစ်၏။ သူတပါးတို့ကို လွှမ်းမိုးနိုင်၏။ သူတပါးတို့က မလွှမ်းမိုးနိုင်၊ စင်စစ် အလုံးစုံကို သူမြင်၏။ သူ၏ အလိုသို့ လိုက်စေနိုင်၏၊ သူ အစိုးရ၏၊ ငါတို့ကို သူ ပြုလုပ် ဖန်ဆင်း၏။ ငါတို့ထက် သူ အမြတ်ဆုံး ဖြစ်၏၊ ငါတို့ကို သူ စီရင်၏၊ လျှင်မြန် လေ့လာ၏။ အလုံးစုံသော သတ္တဝါတို့၏ အဘ ဖြစ်၏။ ဤအရှင် ဗြဟ္မာကြီးသည် ငါတို့ကို ဖန်ဆင်း၏။ အဘယ်ကြောင့်နည်း ဟူမူကား....

ဤဗြဟ္မာကြီးကို ဤနေရာ၌ ရှေးဦးစွာ ဖြစ်သည်ကို ငါတို့ မြင်ရကုန်၏။ ငါတို့သည်ကား နောက်မှ ဖြစ်လာရကုန်၏။ ဤသို့ အကြံ ဖြစ်ကြကုန်၏။ မိမိ ကံ၏ အစွမ်းဖြင့် သေ၍ ဖြစ်လာကြကုန် သော်လည်း သက်သက် မှတ်ထင်ခြင်းမျှဖြင့် ဤဗြဟ္မာကြီးက ငါတို့ကို ဖန်ဆင်းသည်-ဟူ၍ မှတ်ထင် ကြကုန်သော နောက်ဖြစ် ဗြဟ္မာတို့သည် ကောက်ကွေ့သော အပေါက်သို့ ဒုတ်တံသည် ကောက်ကွေ့၍ ဝင်သကဲ့သို့ ထိုပဌမ ဖြစ်သော ဗြဟ္မာကြီး၏ ခြေရင်းသို့သာလျှင် ကပ်ရောက်ကြကုန်၏၊ (အဋ္ဌကထာ-၉၂)

ချစ်သားရဟန်းတို့ ထို ဗြဟ္မာတို့တွင် ရှေးဦးစွာ ဖြစ်သော ဗြဟ္မာသည် အသက်လည်း အရှည်ဆုံးဖြစ်၏၊ အဆင်းလည်း အလှဆုံးဖြစ်၏။ အကိုးကွယ်ခြင်း အခြံအရံများခြင်း အားဖြင့်လည်း တန်ခိုးအာဏာ အကြီးဆုံး ဖြစ်၏၊ နောက်မှ ဖြစ်ကုန်သော ဗြဟ္မာတို့သည် အသက်လည်း တိုကုန်၏၊ ပဌမ ဗြဟ္မာလောက် အဆင်းလည်း မလှကုန်၊ တန်ခိုး အာဏာလည်း နည်းပါးကြ ကုန်၏၊ (ပါဠိတော်-၁၅၊)

ချစ်သား ရဟန်းတို့ ထိုနောက်ဖြစ် ဗြဟ္မာအပေါင်းတို့တွင် တယောက်သော ဗြဟ္မာသည် စုတေ၍ ဤလူ့ဘုံသို့ ဖြစ်လာရခြင်း၏ အကြောင်းသည် ရှိသည်သာတည်း။ ဤလူ့ဘုံသို့ ဖြစ်လာပြီးလျှင် အိမ်ရာမထောင်ဘဲ ရသေ့ရဟန်း ပြုလုပ်၏၊ ရသေ့ ရဟန်းပြုလုပ်ပြီး၍ အပူတပြင်း အားထုတ်ခြင်း, ကမ္မဋ္ဌာန်း စီးဖြန်းခြင်း, အဖန်တလဲလဲ လေ့လာ ပွားများခြင်း, မမေ့မလျော့ နေခြင်း, ကောင်းစွာ နှလုံးသွင်းခြင်းတို့ကို အစွဲပြု၍ စိတ်၏ တည်ကြည်ခြင်းသို့ ရောက်၏၊ သမာဓိကို ရ၏။

စိတ်တည်ကြည်၍ သမာဓိရှိသော် ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ရှေးက ဗြဟ္မာဖြစ်သော ဘဝကို မြင်၏၊ ထိုထက် ပိုလွန်၍ မမြင်။

ထိုသို့ ရှေးဘဝ တခုကိုသာ မြင်နိုင်သော ရသေ့သည် ဤသို့ ပြောဆိုလေ၏၊ ဤအရှင် ဗြဟ္မာကြီးသည် အကြီးဆုံး မဟာဗြဟ္မာ ဖြစ်၏၊ သူတပါးတို့ကို လွှမ်းမိုးနိုင်၏၊ သူတပါးတို့က သူ့ကို မလွှမ်းမိုးနိုင်။ စင်စစ် အလုံးစုံကို သူမြင်နိုင်၏၊ သူ့အလိုသို့ လိုက်စေနိုင်၏။ သူအစိုးရ၏၊ ပြုလုပ် ဖန်ဆင်းတတ်၏၊ အမြတ်ဆုံး ဖြစ်၏၊ သူစီရင်နိုင်၏။ လေ့လာ လျင်မြန်၏။ သတ္တဝါတို့၏ အဘဖြစ်၏။ ဤအရှင် ဗြဟ္မာကြီးသည် ငါတို့ကို ဖန်ဆင်း၏။ ဤဗြဟ္မာကြီးသည် မြဲ၏၊ သေခြင်း မရှိ၊ ပြောင်းလဲခြင်း မရှိ။ အမြဲ တည်နေ၏။ ထိုဗြဟ္မာကြီး ဖန်ဆင်းသော ငါတို့သည်ကား မမြဲကုန်။ အသက် တိုကုန်၏။ သေခြင်း, ရွေ့လျောခြင်း သဘော ရှိသည်ဖြစ်၍ ဤလူ့ဘုံသို့ ရောက်လာရကုန်၏၊ ဤသို့ ပြောဆိုလေ၏။

ချစ်သား ရဟန်းတို့ ဤအကြောင်းကို ပင်လျှင် အစွဲပြု၍ အချို့သော ရသေ့ ရဟန်းတို့သည် အချို့မြဲ, အချို့မမြဲ ဟု ဧကစ္စသဿတ အယူရှိကြကုန်၏၊ ဤသည်ကား ဧကစ္စသဿတဒိဋ္ဌိအယူကို စွဲလမ်းခြင်း၏ ရှေးဦးစွာသော ပဌမ အကြောင်းတည်း၊ ပဌမ ဧကစ္စသဿတ။

## ခိဍ္ဍာပဒေါသိက နတ်တို့၏ အကြောင်း

ဒုတိယ ရသေ့ရဟန်းတို့သည် အဘယ်ကို အစွဲပြု၍ ဧကစ္စ သဿတ အယူ ရှိကြသနည်း ဟူမူကား- ချစ်သား ရဟန်းတို့ မြူးတူး ပျော်ပါးခြင်း လွန်ကဲကုန်သော ခိဍ္ဍာ ပဒေါသိက နတ်တို့သည် ရှိကုန်၏။ ထိုခိဍ္ဍာ ပဒေါသိက နတ်တို့သည် ရယ်ရွှင် မြူးကူး ကစားခြင်း၌ အချိန်လွန်အောင် မေ့လျော့ ပျော်ပါးနေကြ ကုန်သည်ဖြစ်၍ စားချိန် သောက်ချိန်မှန်း မသိအောင် သတိ မေ့လျော့ကုန်၏၊ သတိ မေ့လျော့သဖြင့် စားချိန် သောက်ချိန်ကို လွန်သော ထိုနတ်တို့သည် အာဟာရ ပြတ်၍ သေခြင်းသို့ ရောက်ကြကုန်၏၊

ထိုခိဍ္ဍာ ပဒေါသိက နတ်တို့သည် ကောင်းမှုထူးဖြင့် ရအပ်သော ကြီးငှာသော နတ်စည်းစိမ်ဖြင့် နက္ခတ်သဘင် ကစား ပျော်ပါးခြင်း လွန်ကြကုန်သည် ဖြစ်၍, အလွန်စည်းစိမ်ရှိရကား အာဟာရ စားပြီး ဟူ၍ လည်းကောင်း, မစားရသေး ဟူ၍ လည်းကောင်း, သတိမရ မသိကြကုန်။ ထိုအခါ၌ တကြိမ်မျှသော စားချိန်ကို လွန်သည်မှ စ၍, ထိုနောက် မပြတ် စားသောက်ကြသော်လည်း သေရ လေကုန်တော့၏။ အဘယ်ကြောင့်နည်း ဟူမူကား- ကမ္မဇ တေဇော အားကြီး၍ ကရဇ ကာယ နူးညံ့သည်၏ အဖြစ်ကြောင့်တည်း။

ထိုကားသည် မှန်၏၊ လူတို့၌ ကမ္မဇ တေဇော အားနည်း၏။ ကရဇ ကာယ အားကြီး၏။ ရုန့်ကြမ်း၏။ ထိုလူတို့အား ကမ္မဇ တေဇောအားနည်း၍ ကရဇကာယ ရုန့်ကြမ်း အားကြီးသည်၏ အဖြစ်ကြောင့် ခုနစ်ရက်ပတ်လုံးသော်လည်း မစား မသောက်ဘဲ နေနိုင်၏၊ ခုနစ်ရက်ကို လွန်သော်လည်း ရေပူဖြင့်လည်းကောင်း,ကစီးကြည် ကြည်သော ယာဂုဖြင့် လည်းကောင်း, မျှတ၍ ကိုယ်ကိုတည်ခြင်းငှါ တတ်နိုင်၏။ နတ်တို့မှာကား ကမ္မဇ တေဇောသည် အလွန် အားကြီး၏။ ကရဇ ကာယသည်ကား အလွန် နူးညံ့ အားနည်း၏၊ ထိုကြောင့် တကြိမ်မျှသော စားချိန် အခါကို လွန်၍ နောက်မှ စားသော်လည်း မဘည်နိုင်ကုန်။ ဥပမာကား ...

နွေလအခါ ချစ်ချစ် ပူသော ကျောက်ဖျာ၌ တင်ထားသော ပဒုမ္မာကြာပင်သည် ညနေ အခါ၌ ရေအိုးတရာဖြင့် သွန်းလောင်း သော်လည်း ပကတိ မဖြစ်နိုင်၊ ပျက်စီးလေတော့၏၊ ထို့အတူပင်လျှင် တကြိမ်မျှ စားချိန်ကို လွန်ပြီးနောက် မပြတ် စားသောက်သော်လည်း သေလေတော့သည်သာတည်း။ ထိုကြောင့် သတိ မေ့လျော့ သဖြင့် စားချိန်, သောက်ချိန်ကို လွန်သော ထိုနတ်တို့သည် အာဟာရပြတ်၍ သေခြင်းသို့ ရောက်ကြကုန်၏၊

ချစ်သား ရဟန်းတို့ ထိုခိဍ္ဍာပဒေါသိက နတ်တို့တွင် တယောက်ယောက်သော နတ်သည် စုတေ၍ ဤလူ့ဘုံသို့ လာရောက်ဖြစ်ခြင်း အကြောင်းသည် ရှိ၏။ ဤလူ့ဘုံသို့ ရောက်သော် ရသေ့ ရဟန်းပြု၍ ကမ္မဋ္ဌာန်းကို အားထုတ်၍ ပုဗ္ဗေနိဝါသ အဘိညာဏ်ကို ရ၍, ရှေးက ဖြစ်ခဲ့သော ဘဝတခုကိုသာ မြင်နိုင်၏၊ ထိုထက် ပိုလွန်၍ မမြင်နိုင်။

ထိုရသေ့သည် ဤသို့ ဆိုလေ၏။ အို လူအပေါင်းတို့ အကြင် ခိဍ္ဍာပဒေါသိက နတ်တို့သည် စားချိန်, သောက်ချိန်ကို လွန်အောင် ရွှင်မြူး ကစား ပျော်ပါး မေ့လျော့ခြင်း မရှိကြကုန်၊ ထို နတ်တို့သည် သေခြင်း မရှိကြကုန်။ မြဲကြကုန်၏၊ ပြောင်းလဲ ဖောက်ပြန်ခြင်း သဘော မရှိကုန်။ အမြဲ တည်နေကုန်၏။

ငါတို့မှာကား မြူးထူး ပျော်ပါး ကစားခြင်း လွန်ကဲသော ခိဍ္ဍာပဒေါသိကနတ်ဘို့ဖြစ်ကုန်၍ စားချိန် သောက်ချိန်ကို လွန်အောင် မြူးထူး ပျော်ပါး ကစားခြင်း လွန်ကဲ၍ နေကြကုန်၏။ ထိုသို့နေသော ငါတို့သည် သေခြင်းသို့ ရောက်ကုန်၏၊ မမြဲကြကုန်။ ပြောင်းလဲ ဖေါက်ပြန်ခြင်း သဘော ရှိကုန်၏။ အသက် တိုကုန်၏၊ ရွေ့လျောခြင်း သဘော ရှိကုန်သည် ဖြစ်၍ ဤလူ့ဘုံသို့ လာ၍ ဖြစ်ကြကုန်၏၊ ဤသို့ ပြောဆို၍ ဧကစ္စသဿတ မိစ္ဆာဒိဋ္ဌိ အယူကို ယူကြကုန်၏။

ချစ်သား ရဟန်းတို့ ဤအကြောင်းသည်ပင်လျှင် အချို့မြဲ, အချို့မမြဲဟု ဧကစ္စသဿတဒိဋ္ဌိ အယူကို ယူခြင်း၏ အကြောင်းဖြစ်၏၊ ဤအကြောင်းသည်ကား ဧကစ္စသဿတဒိဋ္ဌိ အယူကို ယူခြင်း၏ ဒုတိယ အကြောင်းတည်း။
ဒုတိယ ဧကစ္စ သဿတ၊

## မနောပဒေါသိက နတ်တို့အကြောင်း

တတိယရသေ့တို့သည် အဘယ်ကို အစွဲပြု၍ ဧကစ္စ သဿတဒိဋ္ဌိ အယူရှိကြသနည်း- ဟူမူကား.... ချစ်သားရဟန်းတို့ မနောပဒေါသိက မည်သော နတ်တို့သည် ရှိကြကုန်၏၊ အချင်းချင်း ငြူစူခြင်း, စိတ်ပြစ်မှားခြင်း ရှိကြကုန်၏၊ စတုမဟာရာဇ်နတ်ဘုံ၌ ဖြစ်ကုန်၏။ ထိုမနောပဒေါသိက နတ်တို့တွင် တယောက်သော နတ်သားသည် နက္ခတ်သဘင် ကစားအံ့- ဟူ၍ အခြံအရံနှင့် တကွ ရထားစီး၍ မြေသို့သွား၏။

ထိုနောက် တပါးသော နတ်သားသည်လည်း ထိုအတူ ထွက်လာ၍ ရှေ့မှ သွားသော နတ်သားကို မြင်သည်ရှိသော် အချင်းတို့ ဤငပွဲတေကို ငါမမြင်ဘူး သကဲ့သို့ ထင်၏။ ဤငပွဲတေသည် မြှောက်ကြွ, ဖေါက်ကြွား ပျက်ပြားအောင် ဖျက်ဆီးသကဲ့သို့ ငါ၏ ရှေ့မှသွား၏- ဟု စိတ်ဆိုး၏။

ရှေ့မှ သွားသော နတ်သားသည်လည်း နောက်ကိုလှည့်၍ ကြည့်ရှုသော အခါ၊ ထိုစိတ်ဆိုးသော နတ်သားကို မြင်၍ စိတ်ဆိုးခြင်း မည်သည် သိလွယ်သော လက္ခဏာရှိရကား, စိတ်ဆိုးသည်၏ အဖြစ်ကို သိ၍ သင် စိတ်ဆိုး၍ ငါ့ကို အဘယ်သို့ ပြုနိုင်အံ့နည်း၊ ဤ စည်းစိမ်ကို ငါသည် ရှေးဘဝက ဒါန သီလ၏ အစွမ်းဖြင့် ရ၏။ သင်က ပေး၍ရသော စည်းစိမ် မဟုတ်- ဟု ဆို၍ စိတ်ဆိုးပြန်၏။

ဤသို့ တယောက်က စိတ်ဆိုး၍ တယောက်က စိတ်မဆိုးဘဲ နေလျှင် ချမ်းသာသို့ ရောက်နိုင်သေး၏၊ နှစ်ယောက်လုံး စိတ်ဆိုးသည် ရှိသော်

တယောက်၏ စိတ်ဆိုးခြင်းသည် တယောက်၏ စိတ်ဆိုးကြောင်း ထပ်၍ ဖြစ်ရကား နတ်သား နှစ်ယောက် အချင်းချင်း ရန်ဖြစ်ကြသည် ရှိသော် မောင်းမ အပျို အငံ့တို့ ငြည်တမ်းစဉ်ပင်လျှင် ထိုနတ်သား နှစ်ယောက် လုံးတို့သည် သေခြင်းသို့ ရောက်ကြ လေကုန်၏။ ဤကား မွေ့တာ ပင်တည်း။

ထိုနတ်တို့သည် အချင်းချင်း စိတ်ဆိုး၍ တစိမ့်စိမ့် ကြည့်ရှုကြကုန်လျက် အချက် နှိပ်စက်ကြကုန်သည် ဖြစ်၍ ကိုယ်ကာယ၏ ပင်ပန်းခြင်း ဖြစ်ကုန် ရကား နူးညံ့သော ကိုယ်ကာယရှိသော နတ်သား နှစ်ယောက်တို့သည် သေခြင်းသို့ ရောက်ကြကုန်၏။

ချစ်သား ရဟန်းတို့ ထိုသို့ သေခြင်းသို့ ရောက်ကြကုန်သော နတ်သားတို့ တွင် တယောက်ယောက်သော နတ်သားသည် ဤလူ့ဘုံသို့ လာရောက် ဖြစ်ခြင်း၏ အကြောင်းသည် ရှိ၏၊ (တချို့နတ်သားလည်း အပါယ်ဘုံသို့ ကျရောက်၍ သွား၏၊) ဤလူ့ဘုံသို့ လာ၍ လူဖြစ်ခြင်း၏ အကြောင်းရှိ သော နတ်သားသည်ကား လူ့ဘုံ၌ ဖြစ်ပြီးလျှင် အိမ်ရာထောင်ခြင်းကို မပြုဘဲ ရသေ့ ရဟန်း လုပ်သူလည်း ရှိသေး၏၊ ရသေ့ ရဟန်း မလုပ် သူလည်းရှိ၏၊ ရသေ့ ရဟန်းလုပ်သော သူသည် ကမ္မဋ္ဌာန်းကို အားထုတ်၍ ပုဗ္ဗေနိဝါသ အဘိညာဏ်ကို ရသူလည်းရှိ၏၊ မရသူလည်း ရှိ၏။

ပုဗ္ဗေနိဝါသ– အဘိညာဏ်ကို ရသူသည်လည်း ရှေးဘဝ တခုကိုသာ မြင်သော သူလည်း ရှိ၏။ နှစ်ဘဝ, သုံးဘဝ, (လ) ဆယ်ဘဝ, ဘဝ တသိန်း, တကမ္ဘာ, နှစ်ကမ္ဘာ, ဆယ်ကမ္ဘာ, (လ) ကမ္ဘာလေးဆယ် တိုင်အောင် မြင်သော သူလည်း ရှိ၏။

ရှေးဘဝ တခုကိုသာ မြင်သော ရသေ့သည် မိမိ ဖြစ်ခဲ့ဘူးသော မနောပဒေါသိက နတ်သား၏ ဘဝကို မြင်၍ ဤသို့ ဆိုလေ၏။

အို လူအပေါင်းတို့– အကြင်နတ်တို့သည် စိတ်ဆိုးခြင်း မရှိကြကုန်။ ထိုနတ်တို့သည် မသေကြကုန်။ အမြဲ ဖြစ်ကြကုန်၏ ဖေါက်ပြန် ပြောင်းလဲ ခြင်း မရှိကြကုန်။ အမြဲ တည်သကဲ့သို့ ဖြစ်ကုန် တည်ကုန်၏၊ ငါတို့သည် ကား စိတ်ဆိုးခြင်း သဘောရှိကုန်၍ သေကြကုန်၏။ မမြဲကြကုန်၊ အသက် တိုကုန်၏၊ ရွေ့လျောခြင်း သဘောရှိသည် ဖြစ်၍ ဤလူ့ဘုံ၌ ဖြစ်ကြရ ကုန်၏–ဟု ပြောဆို၍ ဧကစ္စ သဿတဒိဋ္ဌိ အယူရှိကြကုန်၍ အချို့ မြဲ, အချို့မမြဲ–ဟု မှတ်ထင်ကြကုန်၏၊ စွဲလမ်းကြကုန်၏၊ (အယူမှား ကြ ကုန်၏။)

ချစ်သားရဟန်းတို့ ဤသည်လျှင် ကေစ္စ သဿတဒိဋ္ဌိ- အယူကိုယူခြင်း၏ တတိယအကြောင်းတည်း။ ဤတတိယ အကြောင်းကိုပင်လျှင် အစွဲပြု၍ အချို့သော ရသေ့ရဟန်းတို့သည် အချို့မြဲ, အချို့မမြဲ-ဟု ပညတ် ပြောဆိုကြကုန်၏။ တတိယ ကေသစ္စ သဿတ။

စတုတ္ထကေစ္စ သဿတဒိဋ္ဌိ- အယူရှိကြကုန်သော ရသေ့ ရဟန်းတို့သည် အဘယ်ကို အစွဲပြု၍ အယူရှိသနည်း- ဟူမူကား....

ချစ်သား ရဟန်းတို့ ဤလောကကြီး၌ အချို့ကုန်သော ရသေ့ရဟန်းတို့သည် ကြံစီ စဉ်းစားလေ့ရှိကြကုန်၏၊ စုံစမ်း ဆင်ခြင်လေ့ ရှိကြကုန်၏၊ ထိုသို့ စုံစမ်း ဆင်ခြင် ကြံစီ စဉ်းစား၍ ရသော မိမိအထင်ကို ယူ၍ ဤသို့ စွဲလမ်း ပြောဆိုကြကုန်၏၊ မျက်စိ- ဟူ၍ လည်းကောင်း, နား- ဟူ၍ လည်းကောင်း, နှာခေါင်း- ဟူ၍ လည်းကောင်း, လျှာ- ဟူ၍ လည်းကောင်း, ကိုယ်- ဟူ၍ လည်းကောင်း, ရှိကြကုန်၏။ ထို မျက်စိ နား, နှာ, လျှာ, ကိုယ်,တို့သည်ကား-မမြဲကုန်။ ပြောင်းလဲ ဖေါက်ပြန်ခြင်း သဘော ရှိကုန်၏၊ ဤစိတ်သည်ကား မြဲ၏၊ ပြောင်းလဲ ဖေါက်ပြန်ခြင်း မရှိ။ စိတ်- ဟူ၍ လည်းကောင်း, ဝိညာဏ်- ဟူ၍ - လည်းကောင်း, မနော- ဟူ၍လည်းကောင်း, ခေါ်ဆိုကြသော ဤစိတ်သည် ပျက်စီးခြင်း မရှိ၊ ၎က်သည် တခုသော သစ်ပင်မှ တခုသော သစ်ပင်သို့ ပြောင်း၍ နားသကဲ့သို့ ထိုအတူပင်လျှင် တခုသော အတ္တဘော ပျက်သည် ရှိသော် တခုသော အတ္တဘောသို့ ပြောင်း၍ တည်နေ၏၊ တခုသော ဘဝသေလျှင် တခုသော ဘဝသို့ ဤစိတ်သည် ပြောင်း၍သွား၏၊ ကိုယ်ကောင်ကြီးသည် ဤဘဝ၌ သေ၍ သင်းချိုင်း, သုသာန်၌, ပုတ်ဆွေး, ပျက်စီး၍ သွား၏။ ဤစိတ်သည်ကား မပျက်စီးမူ၍ နောက်ဘဝ ဖြစ်သော ကိုယ်ကောင်သစ်သို့ ပြောင်း၍ အမြဲ တည်နေ၏-ဟူ၍ ပြောဆိုလျက် ကေစ္စ သဿတမိစ္ဆာဒိဋ္ဌိ- အယူကို ယူလေ၏။

ချစ်သား ရဟန်းတို့ ဤအကြောင်းကို ပင်လျှင် အစွဲပြု၍ စတုတ္ထ-ရသေ့ ရဟန်းတို့သည် အချို့မြဲ အချို့မမြဲ ပြောဆိုလျက် ကေစ္စ သဿတမိစ္ဆာဒိဋ္ဌိ အယူကို စွဲလမ်း မှတ်ယူ၍ ပညတ် ပြောဆိုကြကုန်၏။ စတုတ္ထ ကေစ္စ သဿတ။

(မြန်မာပြည်၌ ဤသို့အယူရှိကြသော သူတို့သည် များကုန်၏။)

## ကေစ္စ သဿတဝါဒီတို့ ကင်းပျောက်စေတတ်သော စိတ်ကမ္မဋ္ဌာန်း အကြောင်း

အညံ့ ဥပ္ပဇ္ဇတိ စိတ္တံ၊ အညံ့ စိတ္တံ နိရုဇ္ဈတိ။
အဝိစိ မနုသမ္ဗန္ဓော၊ နဒီသောတောဝ ပဝတ္တတိ။

အညံ၊ တမျိုးသော။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အညံ၊ တမျိုးသော။ စိတ္တံ၊ စိတ်သည်။ နိရုဇ္ဈတိ၊ ပျက်၏၊ အဝိစိ မနုသမ္ဗန္ဓော၊ အကြားမလပ်, အစဉ်စပ်လျက်၊ နဒီ သောတော ဝ၊ မြစ်ရေ အယဉ်ကဲ့သို့။ ပဝတ္တတိ၊ ဖြစ်ပျက်,ဖြစ်ပျက်နေ၏။ ။မြင်စိတ် တမျိုး, ကြားစိတ် တမျိုး, နံစိတ် တမျိုး, လျက်စိတ် တမျိုး, ထိစိတ် တမျိုး, တွေးစိတ် တမျိုး။ ဤ စိတ် ခြောက်မျိုးတို့သည် တမျိုး ဖြစ်ပြီး၍ ပျက်ပြီးမှ တမျိုး ဖြစ်ကြကုန်၏။ တမျိုးဖြစ်၍ မပျက်သေးမှီ တမျိုးဖြစ်သည် မဟုတ်။

မြင်စိတ်သည် မြင်ရုံသာလျှင် မြင်တတ်၏။ မကြားတတ်, မနံတတ်, ကြားစိတ်သည်လည်း ကြားရုံသာလျှင် ကြားတတ်၏၊ မမြင်တတ်, မနံတတ်, လျက်စိတ်သည် အရသာကို လျက်၍ သိတတ်၏။ ထိစိတ်သည် ပူအေးထိ, ကြမ်းချော ခဲ်ထိ, တွန်းထိုး တောင့်တင်းထိ, အထိသုံးမျိုးတွင် တမျိုးမျိုးကို ထိ၍ သိတတ်၏။

တွေးစိတ်သည် မမြင်, မကြား, မနံ,မလျက်, မထိ, တွေး၍ သိတတ်၏။ မြင်စိတ်ဖြစ်သော အခါ၌ ကြားစိတ်မဖြစ်, မြင်စိတ်သာလျှင် ဖြစ်၏။ မြင်စိတ် ပျက်ပြီးမှ ကြားစိတ် ဖြစ်၏။

ကြားစိတ် ဖြစ်၍ မပျက်မှီ မြင်စိတ်မဖြစ်။ ကြားစိတ်ပျက်ပြီးမှ မြင်စိတ် ဖြစ်၏၊ ထိုနည်းအတူပင်လျှင် ဤစိတ် ခြောက်မျိုးတို့တွင် တမျိုးသောစိတ် ဖြစ်သော အခါ ငါးမျိုးသော စိတ်တို့ မဖြစ်ကြကုန်။ တမျိုးသော စိတ် သာလျှင် ဖြစ်၍ ပျက်၏၊ ၎င်းစိတ် ပျက်လျှင် တမျိုးစိတ် ဆက်၍ ဖြစ်လာ သဖြင့် တမျိုးဖြစ်၍ ပျက်ရင်း တမျိုးဆက်၍ ဖြစ်ရင်းနှင့် မြစ်ရေ အယဉ် ကဲ့သို့ စိတ်စဉ်မပြတ် အထပ်ထပ် ဆက်၍ ဖြစ်ပျက်, ဖြစ်ပျက် နေသည်ကို မမြင်သောကြောင့် မြဲ၏-ဟူ၍ မှတ်ထင်ကြကုန်၏။

## အန္တာ နန္တိက ဒိဋ္ဌိလေးမျိုး အကြောင်း

ချစ်သား ရဟန်းတို့ အချို့ကုန်သော သမဏ ပြဟ္မဏ ရသေ့ ရဟန်းတို့ သည် အန္တာနန္တ အယူရှိကြကုန်၏။ ထို ရသေ့ ရဟန်းတို့သည် လေးပါးသော

အကြောင်းသို့ဖြင့် လောက၏ ဆုံး, မဆုံးကို ပညတ် ပြောဆိုကြကုန်၏။ ထိုရသေ့ ရဟန်းတို့သည် အဘယ်ကို အစွဲပြု၍ ဆုံး, မဆုံးကို ပြောဆိုကြသနည်း- ဟူမူကား....

ချစ်သားရဟန်းတို့ ဤလောက၌ အချို့ကုန်သော ရသေ့ ရဟန်းတို့သည် ကမ္မဋ္ဌာန်းကို အားထုတ်၍ ကသိုဏ်း ပဋိဘာဂ နိမိတ်ကို စကြာဝဠာ အဆုံးတိုင် မပွားမူ၍ ထိုပဋိဘာဂ နိမိတ်ကို လောက-ဟု အယူရှိ၍ လောကသည် အဆုံးရှိ၏။ လောကသည် လုံး၍ နေ၏-ဟု ပညတ်ပြောဆိုကြကုန်၏။

ချစ်သား ရဟန်းတို့ ဤအကြောင်းသည် အန္တာနန္တိက ဒိဋ္ဌိ ဖြစ်ခြင်း၏ ပဌမ အကြောင်းပေ ဖြစ်၏၊ အန္တဝါဒိဋ္ဌိ ပဌမ။

၂။ ချစ်သား ရဟန်းတို့ အချို့သော ရသေ့တို့သည် ကမ္မဋ္ဌာန်းကို အားထုတ်၍ ကသိုဏ်း ပဋိဘာဂ နိမိတ်ကို စကြာဝဠာ အဆုံးတိုင်အောင် ပွားစေ၍ လောကသည် အဆုံးမရှိ-ဟု ပညတ် ပြောဆိုကြကုန်၏။ အနန္တဝါ ဒိဋ္ဌိ ဒုတိယ။

၃။ ချစ်သား ရဟန်းတို့ အချို့သော ရသေ့ရဟန်းတို့သည် ကမ္မဋ္ဌာန်းကို အားထုတ်၍ ကသိုဏ်း ပဋိဘာဂနိမိတ်ကို အထက်အောက်ကို မပွားစေမူ၍ ဖီလာအားဖြင့် ပွားစေ၍ လောကသည် အထက်အောက် အားဖြင့် အဆုံးရှိ၏။ ဖီလာအားဖြင့် အဆုံးမရှိ-ဟု ပညတ် ပြောဆိုကြကုန်၏။ အန္တာနန္တ ဒိဋ္ဌိ တတိယ၊

၄။ ချစ်သားရဟန်းတို့ အချို့သော ရသေ့ရဟန်းတို့သည် ကြံစီ စဉ်းစား လေ့ ရှိ၏။ ကြံစီ စဉ်းစား စုံစမ်း ဆင်ခြင်၍ မိမိအထင်အားဖြင့် လောကသည် အဆုံးရှိသည်လည်း မဟုတ်, အဆုံး မရှိသည်လည်းမဟုတ်-ဟု ပညတ် ပြောဆိုကြကုန်၏၊ နေဝအန္တာ နာနန္တာဒိဋ္ဌိ (တက္ကီ) စတုတ္ထ။

ချစ်သား ရဟန်းတို့ ဤလေးပါးသော အကြောင်းတို့ဖြင့် အန္တာနန္တိက ဒိဋ္ဌိ လေးမျိုးဘို့သည် ဖြစ်ကုန်၏၊

## အမရာ ဝိက္ခေပ ဒိဋ္ဌိ လေးမျိုးတို့ကို ဟောတော်မူကြောင်း

ချစ်သား ရဟန်းတို့ အချို့သော ရသေ့ ရဟန်းတို့သည် အမရာ ဝိက္ခေပ အယူ ရှိကြကုန်၏၊ ထိုထို အယူဝါဒကို မေးမြန်းသည်ရှိသော် လေးပါးသော ဝတ္ထုတို့ဖြင့် ပစ်ပယ်ခြင်းသို့ ရောက်ကြကုန်၏။ အမရာ ဝိက္ခေပ အယူဝါဒ မမြဲသော အဖြစ်သို့ ရောက်ကြကုန်၏၊ အဘယ်ကို အစွဲပြု၍ ရောက်ကြကုန်သနည်း ဟူမူကား....

ချစ်သား ရဟန်းတို့ ဤလောကဝ္ဍ အချို့သော ရသေ့သည် လည်းကောင်း, ရဟန်းသည် လည်းကောင်း, ကုသိုလ်ကမ္မပထ တရား ဆယ်ပါးတို့ကိုလည်း ဟုတ်တိုင်း မှန်စွာ မသိ။ အကုသိုလ် ကမ္မပထတရား ဆယ်ပါးတို့ကိုလည်း ဟုတ်တိုင်း မှန်စွာမသိ။ ထိုသို့ မသိသော သူသည် ဤသို့ အကြံ ဖြစ်၏။

ငါသည်ကား အကုသိုလ်ကိုလည်း ဟုတ်တိုင်း မှန်စွာ မသိ၊ ကုသိုလ်ကိုလည်း ဟုတ်တိုင်း မှန်စွာ မသိ။ ငါသည် မသိဘဲနှင့် ဤကား ကုသိုလ်တည်း။ ဤကား အကုသိုလ်တည်း-ဟု ပြောဆိုငြားအံ့။ ငါ့အား မုသာဝါဒ ဖြစ်ရာ၏၊ မုသာဝါဒ ဖြစ်ခဲ့သော် နှလုံးမသာခြင်းဖြစ်၍ စိတ်ဆင်းရဲလေရာ၏။ ထိုစိတ်နှလုံး မသာဘဲ ဆင်းရဲခြင်းသည် သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်၊ ဖြစ်ရာ၏။ (နတ်ပြည်၏ အန္တရာယ်လည်း ဖြစ်ရာ၏။မဂ်ဖိုလ်၏ အန္တရာယ်လည်း ဖြစ်ရာ၏။) ဤသို့ အကြံ ဖြစ်၏၊

ဤသို့ ကြံပြီး၍ ထိုသူသည် မုသာဝါဒဖြစ်မည်ကို ကြောက်သောကြောင့် မုသာဝါဒ ကို စက်ဆုတ် သောကြောင့် ကုသိုလ်-ဟူ၍လည်း မပြောကြား၊ အကုသိုလ်—ဟူ၍လည်း မပြောကြား။ ထိုထို အယူဝါဒကို မေးမြန်းသည် ရှိသော် စကား ပစ်ပယ်ခြင်းသို့ ရောက်၏။ (အမရာ ဝိက္ခေပ-အပရိယန္တ ဝိက္ခေပ) အယူဝါဒ မမြဲသော အဖြစ်သို့ ရောက်၏၊ မေးသမျှ စကားကို ပယ်ရှား ပစ်ပယ်၍ ပြောဆို၏။ ပြောဆိုပုံကား....

ဤတရားသည် ကုသိုလ်လော-ဟု မေးသည်ရှိသော် ဤသို့လည်း ငါ့အယူ မဟုတ်-ဟု ဆို၏။

ကုသိုလ် မဟုတ်လျှင် အကုသိုလ်လော-ဟု မေးသည် ရှိသော် ထိုသို့လည်း ငါ့အယူ မဟုတ် ဆို၏။

ကုသိုလ် အကုသိုလ်မှ တပါးတခြားလော- ဟု မေးသည်ရှိသော် တပါးတခြား— ဟူ၍လည်း ငါ့အယူ မဟုတ်- ဟု ဆို၏။

ကုသိုလ်, အကုသိုလ် တပါး တခြား, ဤသုံးပါး၊ မဟုတ်လျှင် သင့်၏ အယူဝါဒ ဘာရှိသေးသလဲ- ဟု မေးလျှင် မဟုတ်ဟူ၍လည်း ငါ့အယူ မဟုတ်- ဆို၏။

ယင်းသို့ ဖြစ်သော် သင်၏ အယူဝါဒသည် မဟုတ်, မဟုတ်, အယူဝါဒလော-ဟု မေးသည် ရှိသော် မဟုတ်, မဟုတ်-ဟူ၍လည်း ငါ့အယူ မဟုတ် ဟု ပြောဆို၏။

ဤဤ, ထိုထို, ဆိုသမျှ, မေးသမျှ, စကားတို့ကို အကုန်ပယ်ရှား ပစ်ပယ်၍ နေသော အယူဝါဒသို့ ရောက်၏။

ချစ်သား ရဟန်းတို့ ဤမုသာဝါဒမှ ကြောက်ခြင်းသည် ပင်လျှင် အမရာ ဝိက္ခေပ အယူဝါဒ ဖြစ်ခြင်း၏ ပထမအကြောင်းတည်း။ ဤပထမ အကြောင်းကို အစွဲပြု၍ အချို့သော ရသေ့ ရဟန်းတို့သည် အမရာဝိက္ခေပ အယူသို့ ရောက်ကြကုန်၏။

ဒုတိယ ရသေ့ရဟန်းတို့သည် အဘယ်ကို အစွဲပြု၍ အမရာဝိက္ခေပ အယူသို့ ရောက်ကြသနည်း- ဟူမူကား။

ချစ်သား ရဟန်းတို့ ဤလောကကြီး၌ အချို့သော ရသေ့သည်လည်း ကောင်း၊ ရဟန်းသည်လည်းကောင်း၊ ကုသိုလ် ကမ္မပထ တရားဆယ်ပါးကို လည်း ဟုတ်တိုင်း မှန်စွာ မသိ။ အကုသိုလ် ကမ္မပထ တရား ဆယ်ပါး ကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။ (သူတော် သူမြတ် ရသေ့ ရဟန်းဟူ၍ ဝန်ခံ၍ နေလို၏။)

ကုသိုလ်မှန်း အကုသိုလ်မှန်းကိုလည်း မသိ၊ အကယ်၍ သူတပါးတို့က ကုသိုလ်ကို ပွားစေ၍ အကုသိုလ်ကို ပယ်ရှား၍ တရားကို သိသော သူတော် သူမြတ် ရသေ့ရဟန်းဟု မှတ်ထင်၍ မေးလာသည် ရှိသော် ကုသိုလ်မှန်း အကုသိုလ်မှန်း ကွဲကွဲပြားပြား ပိုင်းခြား၍ မသိပါဘဲနှင့် ထင်ရာကို ဖြေလိုက် ငြားအံ့-, ဟုတ်မှန်ရာကို ဖြေမိ၍ ပညာရှိတို့ ချီးမွမ်းလျှင် ငါ့အား ဆန္ဒ ရာဂ ဖြစ်ရာ၏။

မဟုတ်ရာကို ဖြေမိ၍ ပညာရှိတို့ ကဲ့ရဲ့လျှင် ငါ့အား ဒေါသပဋိဃ ဖြစ်ရာ၏၊ ဆန္ဒရာဂ ဒေါသ ပဋိဃ ဖြစ်လျှင် စွဲလမ်းခြင်း စိတ်, ပင်ပန်း ခြင်း ဖြစ်ရာ၏၊ စိတ်, ပင်ပန်းခြင်း ဖြစ်လျှင် နတ်ပြည် အန္တရာယ်, မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်ရာ၏- ဟု အောက်မေ့၍, စွဲလမ်းခြင်း ဖြစ်မည်ကို ကြောက်သောကြောင့် ကုသိုလ်ဟူ၍လည်း မဖြေကြား၊ အကုသိုလ် ဟူ၍ လည်း မဖြေကြား၊ မေးသမျှ စကားကို ပယ်ရှား၍, အမရာ ဝိက္ခေပ အယူသို့ ရောက်လေ၏။

ဤသို့လည်း ငါ့အယူ မဟုတ်။ ထိုသို့လည်း ငါ့အယူ မဟုတ်။ တပါး တခြားလည်း ငါ့အယူ မဟုတ်။ မဟုတ်- ဟူ၍လည်း ငါ့အယူ မဟုတ်။ မဟုတ်, မဟုတ်- ဟူ၍လည်း ငါ့အယူမဟုတ်။ ဤသို့ မေးသမျှ စကားကို ရှောင်ရှား ပစ်ပယ်ခြင်းသို့ ရောက်သော အမရာ ဝိက္ခေပ အယူဖြစ်လေ၏။

ချစ်သား ရဟန်းတို့ ဤစွဲလမ်းခြင်း ဖြစ်မည်ကို ကြောက်သော အကြောင်းသည် ပင်လျှင် အမရာဝိက္ခေပ အယူ ဖြစ်ခြင်း၏ ဒုတိယ အကြောင်းတည်း။

တတိယ ရသေ့ရဟန်းတို့သည် အဘယ်ကို အစွဲပြု၍ အမရာဝိက္ခေပ အယူ ဖြစ်သနည်း- ဟူမူကား။

ချစ်သား ရဟန်းတို့ ဤလောကကြီး၌ အချို့သော ရသေ့သည်လည်းကောင်း, ရဟန်းသည် လည်းကောင်း, ကုသိုလ် အကုသိုလ်တို့ကို ဟုတ်တိုင်းမှန်စွာ နေရာကျ ပိုင်းခြား၍ မသိသောကြောင့် မေးလာသော သူအား ထင်ရာကို ဖြေကြား၍ တပါးသော ပညာရှိတို့က မေးမြန်း စိစစ်သည် ရှိသော် ငါသည် ကောင်းစွာ ပြည့်စုံအောင် မဖြေနိုင်ငြားအံ့- မဖြေနိုင်သည် ရှိသော် ငါ့အား စိတ်ပင်ပန်း ဖြစ်ရာ၏။ စိတ်ပင်ပန်းခြင်း ဖြစ်လျှင် နတ်ပြည်၏ အန္တရာယ်, မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်ရာ၏- ဟု အောက်မေ့၍ ထိုရသေ့ရဟန်း လုပ်သော သူသည် ပညာရှိတို့ မေးမြန်း စိစစ်မည်ကို ကြောက်သောကြောင့် ကုသိုလ်- ဟူ၍လည်း မဖြေကြား။ အကုသိုလ်- ဟူ၍လည်း မဖြေကြား၊ မေးသမျှ စကားကို ရှောင်ရှား ပစ်ပယ်သော အမရာဝိက္ခေပ အယူသို့ ရောက်လေ၏။ ချစ်သား ရဟန်းတို့ ဤအကြောင်းသည် ပင်လျှင် အမရာဝိက္ခေပ အယူသို့ ရောက်ခြင်း၏ တတိယ အကြောင်းတည်း။

စတုတ္ထ ရသေ့ရဟန်းတို့သည် အဘယ်ကို အစွဲပြု၍ အမရာဝိက္ခေပ အယူသို့ ရောက်သနည်း- ဟူမူကား။

ချစ်သား ရဟန်းတို့ ဤလောကကြီး၌ အချို့ ရသေ့သည်လည်းကောင်း, ရဟန်းသည်လည်းကောင်း, အလွန် ပညာနု၏၊ အလွန် တွေဝေ၏။ ထိုရသေ့သည် အလွန် ပညာနု၍ အလွန်တွေဝေသည်၏ အဖြစ်ကြောင့် ထိုထိုအရာ၌ မေးသည်ရှိသော်- မေးသမျှ စကားကို ရှောင်ရှား ပစ်ပယ်၍ အမရာဝိက္ခေပ အယူသို့ ရောက်၏။

ချစ်သား ရဟန်းတို့ ဤသို့အလွန် ပညာနု၍ အလွန်တွေဝေခြင်းသည် ပင်လျှင် အမရာဝိက္ခေပ အယူသို့ ရောက်ခြင်း၏ စတုတ္ထ အကြောင်းတည်း။ အမရာဝိက္ခေပ အယူလေးပါးပြီး၏။

## အဓိစ္စသမုပ္ပန္န ဒိဋ္ဌိ နှစ်ပါးကို ဟောတော်မူကြောင်း

ချစ်သား ရဟန်းတို့ အချို့သော ရသေ့ရဟန်းတို့သည် အဓိစ္စ သမုပ္ပန္န ဒိဋ္ဌိ အယူ ရှိကြကုန်၏။

ကိုယ်သည် လည်းကောင်း, လောကသည် လည်းကောင်း, အကြောင်း မရှိဘဲ ဖြစ်၏- ဟူ၍ ပြောဆိုကြကုန်၏။ အဘယ်သို့ အစွဲပြု၍ ပြောဆိုကြ

ကုန်သနည်း- ဟူမူကား.... ချစ်သား ရဟန်းတို့ သညာစိတ် မရှိဘဲ၊ ရုပ်သက်သက်သော အတ္တဘောဖြင့် ဖြစ်၍ နေသော အသညသတ် ဗြဟ္မာကြီးဘို့သည် ရှိကုန်၏။ ထိုအသညသတ် ဗြဟ္မာကြီးတို့သည် စိတ်သညာဖြစ်ခြင်းကြောင့် ထိုအသညသတ် ဗြဟ္မာ၏ အဖြစ်မှ စုတေကြကုန်၏။

ထို အသညသတ် ဗြဟ္မာ၏ အဖြစ်မှ စုတေသည် ရှိသော် ဤလူ့ဘုံသို့ လာ၍ ပဋိသန္ဓေစိတ် သည့်ာသည် ဖြစ်၏၊ ဤလူ့ဘုံ၌ လူဖြစ်သော အခါ အိမ်ရာမထောင်ဘဲ ရသေ့ရဟန်း ပြုလုပ်၍ ကမ္မဋ္ဌာန်းကို အားထုတ်၍ ကသိုဏ်းရှုသည် ရှိသော် စိတ်၏ တည်ကြည်ခြင်းသို့ ရောက်၏။ စိတ်တည်ကြည်သည် ရှိသော် ဤဘဝ အစဆုံး ဖြစ်သော ပဋိသန္ဓေ စိတ်ကိုသာ မြင်နိုင်၏ ထိုထက် ပိုလွန်၍ မမြင်၊ (အသညသတ် ဘဝကို မမြင်နိုင်)။

ထိုရသေ့သည် ဤသို့ ပြောဆိုလေ၏။ ဤ ကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း, အကြောင်းမရှိဘဲ ဖြစ်၍လာ၏။

အဘယ်ကြောင့်နည်း ဟူမူကား.... ငါသည်ပင်လျှင်။ ရှေးအခါက မဖြစ်ဖူးဘူး၊ ထိုငါသည် ယခုမှ ရှေးက မဖြစ်ဖူးဘဲ ငြိမ်သက်သည် အဖြစ်ဖြင့် အတ္တဘော ဖြစ်၍ လာ၏။ ဤသို့ ပြောဆို၍ အဓိစ္စ သမုပ္ပန္နဒိဋ္ဌိ အယူကို ယူလေ၏၊ ချစ်သား ရဟန်းတို့ ဤအကြောင်းသည် ပင်လျှင် အဓိစ္စ သမုပ္ပန္န ဒိဋ္ဌိ ဖြစ်ခြင်း၏ ပဌမ အကြောင်းတည်း။ ဤအကြောင်းကို အစွဲပြု၍ အချို့သော ရသေ့ ရဟန်းဘို့သည် ကိုယ်သည် လည်းကောင်း, လောကသည် လည်းကောင်း, အကြောင်းမရှိဘဲ ဖြစ်၏-ဟု ပညတ်ပြောဆိုကြ ကုန်၏။

ဒုတိယ ရသေ့ ရဟန်းတို့သည် အဘယ်ကို အစွဲပြု၍ အဓိစ္စသမုပ္ပန္န ဒိဋ္ဌိ ဖြစ်ကြကုန်သနည်း ဟူမူကား....

ချစ်သားရဟန်းတို့ ဤလောက၌ အချို့သော ရသေ့သည်လည်းကောင်း, ရဟန်းသည် လည်းကောင်း, ကြံစီ, စဉ်းစား, စုံစမ်း, ဆင်ခြင်လေ့ ရှိ၏၊ ထိုရသေ့သည် ကြံစီ, စဉ်းစား, စုံစမ်း, ဆင်ခြင်၍ မိမိ အထင်ကို ဤသို့ ပြောဆို၏၊ ဤကိုယ်သည် လည်းကောင်း, လောကသည်လည်းကောင်း, အကြောင်း မရှိဘဲ အလိုလိုဖြစ်၏-ဟု ပြောဆို၏။ ချစ်သား ရဟန်းဘို့ ဤသည်လျှင် ဒုတိယ အကြောင်းတည်း။

ရှေးသံသရာ အစွန်း ခန္ဓာ အဘို့ကို ကြံ၍ ဖြစ်သော ပုဗ္ဗန္တ ကပ္ပိက ဒိဋ္ဌိ တဆယ့်ရှစ်ပါး ပြီး၏။

## အသညသတ် ဗြဟ္မာဘုံသို့ ရောက်ခြင်း၏အကြောင်း

အချို့သော သာသနာပ ရသေ့သည် ဝါယော ကသိုဏ်းကို ပရိကမ်
ပြု၍ စတုတ္ထ ဈာန်ကို ဖြစ်စေ၍ (ရှေးစေ၍) စတုတ္ထဈာန်မှ ထ၍ စိတ်၌
အပြစ်ကို ရှု၏။ စိတ်ရှိခြင်းကြောင့် သာလျှင် လက်ဖြတ်ခြင်း, ခြေဖြတ်ခြင်း,
အစရှိသည်တို့ဖြင့် နာကျင်ခြင်း ဆင်းရဲဘေး အပေါင်းတို့သည် ဖြစ်ကုန်
၏၊ စိတ်မရှိလျှင် နာကျင်ခြင်း ဆင်းရဲ မဖြစ်နိုင်-ဟု စိတ်၌ အပြစ်ကို
ရှု၍, စိတ်မရှိသော အဖြစ်သည် ငြိမ်သက် ချမ်းသာ၏— ဟု နှလုံးသွင်း၍
စိတ် တခုကိုသာ အပြစ်ကို မြင်၍ ရုပ်၌ အပြစ်ကို မမြင်သောကြောင့်
ဈာန်မလျော့ကျမူ၍ သေသောအခါ၌ အသညသတ်ဘုံသို့ ဖြစ်၏၊ စိတ်သည်
ကား စုတိစိတ် ချုပ်ပြီးသည် နောက်၌ မဖြစ်မူ၍ ရုပ်သက်သက်သည် သာ
လျှင် ထိုအသညသတ်ဘုံ၌ သွား၍ ဖြစ်လေ၏။ (လူ့ပြည်မှ ထိုင်လျက်
သေလျှင် အသညသတ်ဘုံ၌လည်း ထိုင်လျက်ပင်လျှင် ရှေ့ဆင်းတု ကဲ့သို့
ဖြစ်၏၊ အာကာသကသိုဏ်းကို ပရိကမ်ပြုသည်- ဟူ၍ ဆိုသေး၏။)

ထိုအသညသတ် ဗြဟ္မာကြီးတို့သည် ကမ္ဘာပေါင်း ငါးရာပတ်လုံး
တည်နေ၍ ဥပမာ ဆိုသည်ရှိသော် လေးညို့ အဟုန်ဖြင့် ပစ်လိုက်သော
မြှားသည် ကောင်းကင်၌ လေးညို့၏ အဟုန် ထက်သန်သလောက်
သွား၍ တဖန် မြေသို့ပြန်၍ ကျလာသကဲ့သို့ စတုတ္ထဈာန်စိတ် အဟုန်
အားဖြင့် ဖြစ်သော အသညသတ် ဗြဟ္မာကြီးသည် ဈာန်စိတ်၏ အစွမ်း
အဟုန် ရှိသလောက် သာလျှင် တည်နေ၍ ဈာန်စိတ် အစွမ်း အဟုန်
ကုန်သည်ရှိသော် ထိုအသညသတ် ဘုံ၌ ဖြစ်သော ရုပ်တရားသည်
ကွယ်ပျောက်၍ ဤလူ့ဘုံသို့သာလျှင် ပြန်ရောက်၍ ပဋိသန္ဓေစိတ် ဖြစ်၏၊
ထိုပဋိသန္ဓေစိတ် ဖြစ်ခြင်းကြောင့် ထိုအသညသတ် စုတိသည် ထင်ရှား၏။
(စုတိစိတ်ဟူ၍ အထူးမရှိတော့ပြီ) ထို့ကြောင့်....

သညုပ္ပါဒါစ ပန တေဒေဝါ တမှာကာယာ စဝန္တိ,-ဟူ၍ ဟောတော်
မူ၏၊ သုတ်သီလက္ခံ ပါဠိတော်-၂၄ ၎င်းအဋ္ဌ-ထာ ၉၆။

အသညသတ်ဘုံမှ သေ၍ လူဖြစ်ပြီးနောက် ရသေ့ပြုလုပ်ပြန်၍ ဈာန
သမာဓိ စိတ်ဖြင့် မိမိ၏ ပဋိသန္ဓေစိတ်ကို မြင်၏၊ ထိုတက်လွန်၍ မမြင်
သောကြောင့် ဤယခုဘဝ ပဋိသန္ဓေမှ ငါစ၍ဖြစ်သည်၊ တို့သက်လွန်သော
ကာလ ရှေးအခါက ငါမဖြစ်ဖူးဘူး-ဟူ၍ အကြောင်းမရှိဘဲ ဖြစ်သည်-ဟု
မှတ်ထင်၍ အဓိစ္စ သမုပ္ပန္န ဒိဋ္ဌိ ဖြစ်သတည်း။ (အဝိဇ္ဇာ, သင်္ခါရ, တဏှာ,
ဥပါဒါန်, ကံ-တည်းဟူသော အကြောင်း ငါးပါးကို ထိုဈာန်ရ ရသေ့
သည် သာသနာပ ဖြစ်၍ မမြင်ရှာလေ၊)

## သညီဝါဒဒိဋ္ဌိ တဆယ့်ခြောက်ပါးကို ဟောတော် မူကြောင်း

ချစ်သားရဟန်းတို့ အချို့သော ရသေ့ရဟန်းတို့သည် သံသရာ နောက်အစွန်းကို ကြံစီခြင်း ရှိကြကုန်၏၊ သံသရာ နောက်အစွန်းကို အစဉ်လိုက်၍ မြင်ကြကုန်သော ရသေ့ရဟန်းတို့သည် သံသရာ နောက်အစွန်းကို အာရုံပြု၍ တပါးမက များလှစွာကုန်သော အယူဝါဒ စကားတို့ကို လေးဆယ့်လေးပါးသော ဝတ္ထုတို့ဖြင့် ပြောဆိုကြကုန်၏။

အဘယ်အကြောင်းကို စွဲ၍ ပြောသနည်း - ဟူမူကား....

ချစ်သား ရဟန်တို့ သညီဝါဒ ဒိဋ္ဌိ တို့သည် တဆယ့်ခြောက်ပါး ရှိကုန်၏၊ အဘယ်သို့ တဆယ့်ခြောက်ပါး ဖြစ်သနည်း- ဟူမူကား....

၁။ ရုပ်ရှိသောကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏ ဟု ပညတ် ပြောဆိုသော ဒိဋ္ဌိလည်း တမျိုး,

၂။ ရုပ်မရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာသည်ရှိသည် ဖြစ်၍ မြဲ၏--ဟု ပြောဆိုသော ဒိဋ္ဌိလည်း တမျိုး,

၃။ ရုပ်ရှိ-ရုပ်မရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏--ဟု ဆိုသော ဒိဋ္ဌိလည်း တမျိုး,

၄၊ ရုပ်ရှိသည်လည်း မဟုတ်, ရုပ်မရှိသည်လည်း မဟုတ်သော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏-ဟု ဆိုသော ဒိဋ္ဌိလည်း တမျိုး,

၅။ အဆုံးရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏--ဟု ယူဆသော ဒိဋ္ဌိ တမျိုး,

၆၊ အဆုံး မရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏-ဟု ဆိုသော ဒိဋ္ဌိလည်း တမျိုး,

၇၊ အဆုံးရှိ အဆုံး မရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏-ဟု ဆိုသော ဒိဋ္ဌိလည်း တမျိုး,

၈။ အဆုံးရှိလည်း မဟုတ်, အဆုံး မရှိလည်း မဟုတ်သော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏--ဟု ဆိုသော ဒိဋ္ဌိလည်း တမျိုး,

၉။ တခုသော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏-ဟု ဆိုသော ဒိဋ္ဌိလည်း တမျိုး,

၁၀။ အထူးထူးသော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏-ဟူသော ဒိဋ္ဌိလည်း တမျိုး,

၁၁။ နည်းသော သညာ ရှိသော ကိုယ်သည် သေသည်မှ နောက်၌ မြဲ၏-ဟူသော ဒိဋ္ဌိလည်း တမျိုး,

၁၂။ များသော သညာရှိသောကိုယ်သည် သေသည်မှ နောက်၌ မြဲ၏-ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

၁၃။ ချမ်းသာ သက်သက်သာ ရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည်ဖြစ်၍ မြဲ၏-ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

၁၄။ ဆင်းရဲသက်သက်သာ ရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏-ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

၁၅။ ချမ်းသာ ဆင်းရဲ ရောသော ကိုယ်သည် သေသည်မှ နောက်၌ သညာ ရှိသည်ဖြစ်၍ မြဲ၏-ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

၁၆။ ချမ်းသာလည်း မဟုတ်, ဆင်းရဲလည်း မဟုတ်သော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏-ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

ဤ တဆယ့်ခြောက်ပါးတို့သည် သညီဝါဒ ဒိဋ္ဌိ အယူရှိသော အကြောင်းတို့ ဖြစ်ကုန်၏၊ ထိုတိတ္ထိတို့သည် ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရကုန်၏။ ကသိုဏ်းကို စီးဖြန်း၍ ကသိုဏ်းရုပ်ကိုပင် ကိုယ်-ဟူ၍ မှတ်ထင်၏၊ ထို ကသိုဏ်းရုပ်ကို အာရုံပြု၍ဖြစ်သော စိတ်ကိုကား သညာ—ဟူ၍ မှတ်ထင်၏၊သေသည်မှ နောက်၌ ဗြဟ္မာဖြစ်၍ မြဲ၏-ဟု အယူရှိကုန်၏။ ကသိုဏ်းနိမိတ်နှင့် သတ္တသညာကို မလွန်နိုင်၍ ရုပ်နာမ်၏ ဖြစ်ပျက်ကို မမြင်သောကြောင့် မြဲ၏-ဟု အယူရှိသတည်း။

အရူပ သမာပတ်ကို ရသော ရသေ့က အရူပ သမာပတ်၏ အာရုံကို ပင်လျှင် ကိုယ်-ဟူ၍ မှတ်ထင်၏။ အာဇီဝက တိတ္ထိ, နိဂဏ္ဌ တိတ္ထိတို့ ကဲ့သို့ ဈာန်သမာပတ်ကို မရဘဲ ပရိကပ္ပအားဖြင့် တက္ကမတ္တ အကြံမျှဖြင့် အယူရှိသော တိတ္ထိလည်း ရှိသေး၏။

အဘူးအားဖြင့် ပုဗ္ဗန္တာနုဒိဋ္ဌိကသာ အဘိညာဏ်ကို ရသော ရသေ့တို့သည် ပုဗ္ဗန္တ ကပ္ပိကဒိဋ္ဌိတို့ ဖြစ်တတ်ကုန်၏၊ ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရသော ရသေ့တို့သည် အပရန္တ ကပ္ပိက တိတ္ထိတို့ ဖြစ်ကုန်၏။ အဋ္ဌက ထာ-၉၇။ ဒုတိယ ဘာဏဝါရ။

## အသညီဝါဒ ဒိဋ္ဌိ ရှစ်မျိုးကို ဟောတော်မူကြောင်း

ချစ်သား ရဟန်းတို့ အချို့သော သာသနာပ ရသေ့တို့သည် ရှစ်ပါးသော အကြောင်းတို့ဖြင့် အသညီဝါဒ အယူရှိကြကုန်၏။ အဘယ်သို့ ရှိကြကုန်သနည်း ဟူမူကား....

၁။ ရုပ်ရှိသော ကိုယ်သည် သေသည်မှနောက်၌ သညာမရှိသည် ဖြစ်၍ မြဲ၏-ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

၂။ ရုပ်မရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာ မရှိသည် ဖြစ်၍ မြဲ၏-ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

၃။ ရုပ်ရှိ, ရုပ်မရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာမရှိသည် ဖြစ်၍ မြဲ၏-ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

၄။ ရုပ်ရှိလည်း မဟုတ်၊ ရုပ် မရှိလည်း မဟုတ်သော ကိုယ်သည် သေသည်မှ နောက်၌ မြဲ၏-ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

၅။ အဆုံးရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာမရှိသည် ဖြစ်၍ မြဲ၏-ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

၆။ အဆုံးမရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာ မရှိသည် ဖြစ်၍ မြဲ၏-ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

၇။ အဆုံးရှိ, အဆုံးမရှိသော ကိုယ်သည် သေသည်မှ နောက်၌ သညာ မရှိသည် ဖြစ်၍ မြဲ၏ ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

၈။ အဆုံး ရှိလည်း မဟုတ်, အဆုံး မရှိလည်း မဟုတ်သော ကိုယ်သည် သေသည်မှ နောက်၌ သညာ မရှိသည်ဖြစ်၍ မြဲ၏ ဟု ယူသော ဒိဋ္ဌိလည်း တမျိုး,

ဤ ရှစ်ပါးတို့သည်ကား သေသည်မှ နောက်၌ သညာမရှိသည် ဖြစ်၍ မြဲ၏-ဟု ယူသော အသညီဝါဒ ဒိဋ္ဌိရှစ်မျိုးတည်း၊

ထိုအဘူ သေသည့်မှ နောက်၌ သညာရှိလည်း မဟုတ်၊ သညာ မရှိလည်း မဟုတ်၍ မြဲ၏-ဟု ယူသော နေဝသညီ နာသညီ ဝါဒ ဒိဋ္ဌိလည်း ရှစ်မျိုး ဖြစ်သတည်း။

ဈာန် အဘိညာဏ်ကို ကမ္ဘာဘိုင်း ရနိုင်၍ ရုပ်နာမ် ဖြစ်ပျက်ကို ကမ္ဘာ ကြာသော်လည်း တကြိမ် တခါ အဆင်သင့်မှ တွေ့ရကြောင်း။

ထိုသညီဝါဒ, အသညီဝါဒ, နေဝသညီ, နာသညီဝါဒ တိတ္ထိတို့၌ စင်စစ် မုချအားဖြင့် အဘယ်ကြောင့် ဤကဲ့သို့ ဒိဋ္ဌိ အယူရှိကြပါလိမ့်မည်နည်း-ဟူ၍ အကြောင်းကို ရှာဘွယ်မရှိ၊ ထိုစကားသည် မှန်၏။ မိစ္ဆာဒိဋ္ဌိ အယူရှိသော သတ္တဝါသည် အရှုးနှင့် တူ၏၊ သူရူး သူနှမ်းတို့၏ ခြင်းတောင်း ထဲ၌ ကောင်းသော ဝတ္ထုလည်း ပါရှိတတ်၏၊ မကောင်းသော ဝတ္ထုလည်း ပါရှိတတ်၏၊ ထိုအတူပင်လျှင် မိစ္ဆာဒိဋ္ဌိအယူရှိသော သူ၏ အယူဝါဒသည် သင့်လျော်သော အကြောင်းလည်း ရှိတတ်၏၊ မသင့်လျော်သော အကြောင်း လည်း ရှိတတ်၏၊ မုချ စင်စစ်အားဖြင့် မိစ္ဆာဒိဋ္ဌိယူခြင်း၏ အကြောင်းကို သဗ္ဗညုတဉာဏ်တော်မှသာလျှင် ပိုင်းခြားတိတိ ဟုတ်မှန် စွာသော အကြောင်း ကို သိတော်မူနိုင်၏၊ ပကတိ သာဝက, မဟာ သာဝက, အဂ္ဂသာဝက, ပစ္စေကဗုဒ္ဓါတို့၏ အရာ မဟုတ်ချေ။

ထိုကြောင့်—

ဣမေ ခေါ တေ ဘိက္ခဝေ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ ဒုရနုဗောဓာ၊
(လ)ယေတထာဂတော သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေဘိ။

ဟူ၍ ဟောတော်မူသတည်း၊ ပါဠိတော်-၁၄။ အဋ္ဌကထာ-၈၇-၉၀။

ဤမိစ္ဆာဒိဋ္ဌိတို့သည် သာမည ပုဂ္ဂိုလ်တွေ မဟုတ်ကြကုန်။ ဈာန်အဘိညာဏ် သမာပတ်တို့ကို ရအောင် ကမ္မဋ္ဌာန်း တရားကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏၊ သို့သော်လည်း ဤကဲ့သို့ သမာပတ်ဈာန် အဘိညာဏ် တို့သည် နာမ်ရုပ်၏ ဖြစ်ပျက်ကို မမြင်သော သူတို့၌ သံသရာဆင်းရဲ တာရှည်ကြောင်း ဖြစ်၏-ဟူ၍ မူလပဏ္ဏာသ, သလ္လေခသုတ် ပါဠိတော် အရှင် သာရိပုတ္တရာ အာဒါန် ပါဠိတော် အဋ္ဌကထာတို့၌ ဟောတော်မူ၏၊

ဤကဲ့သို့သော ဈာန်အဘိညာဏ်မျိုးကို ကမ္ဘာဝေသော အခါတိုင်းပင် ရကြကုန်၏၊ တကမ္ဘာလျှင် တခါ အနည်းဆုံး ရကြမြဲ ဖြစ်၏။ ရုပ်နာမ်၏ ဖြစ်ပျက်ကိုကား ကမ္ဘာပေါင်း များစွာ လွန်သော်လည်း မြင်သူ ရှိခဲ၏၊ ဘုရားပွင့်မှသာလျှင် ရုပ်နာမ်၏ဖြစ်ပျက်ကို ဟောနိုင်သူရှိ၏။ တခါတလေမှ တွေ့ရသော သာသနာတော်အတွင်း၌ ရုပ်နာမ်ဖြစ်ပျက်ကို အထူးရှုရာ၏၊

## ဥစ္ဆေဒ ဒိဋ္ဌိ ခုနစ်ပါးကို ဟောတော် မူကြောင်း

ချစ်သား ရဟန်းတို့ အချို့သော သာသနာပ ရသေ့တို့သည် ခုနစ်ပါးသော အကြောင်းတို့ဖြင့် သတ္တဝါသေလျှင် ပျောက်၏, ကင်းပြတ်၏-ဟူ၍ ပညတ် ပြောဆိုကြကုန်၏၊ အဘယ်သို့ ပြောဆိုကြသနည်း ဟူမူကား—

၁။ ချစ်သားရဟန်းတို့ အချို့သော ရသေ့သည် ဤသို့ အယူရှိ၍ ဤသို့ ပြောဆို၏၊ အချင်းတို့ ဤကိုယ်ကြီးသည် ရုပ်ရှိ၏၊ မဟာဘုတ် လေးပါးရှိ၏။ အမိအဘတို့၏ သုက်သွေးကြောင့် ဖြစ်၏။ ကိုယ်ကောင်ကြီး ပျက်စီးသည်မှ နောက်၌ ပြတ်တော့၏။ ပျောက်တော့၏။ သေသည်မှ နောက်၌ မဖြစ်သည်သာဘည်း။ အို လူအပေါင်းတို့ ဤကိုယ်ကြီးသည် ဤမျှလောက်သာလျှင် တည်၍ ကောင်းစွာ ပြတ်၍ သွားလေတော့၏။ ဤသို့လျှင် အချို့သော ရသေ့ ရဟန်းတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်း, ပျောက်သွားခြင်းကို တဖန်ဘဝ မဖြစ်ခြင်းကို ပြောဆို ပညတ်ကြကုန်၏။

၂။ ထို သူကို တပါးသော သူက ဤသို့ ဆိုပြန်၏။

အချင်းယောကျ်ား ဤကိုယ်ကြီးသည် ရှိ၏၊ ရှိသည်အတိုင်း သင်ဆို၏။ သင်ဆိုသော ကိုယ်ကြီးသည် ရှိ၏, မရှိ-ဟူ၍ ငါမဆို၊ သို့သော်လည်း ဤမျှလောက်ဖြင့် ပြတ်၍, ပျောက်၍, မသွားသေး။ ဤမှ တပါးသော ကိုယ်သည် နတ်၌ဖြစ်၏၊ ရုပ်ရှိ၏၊ ကာမဘုံ၌ဖြစ်၏။ ကဗဠီ ကာရာဟာရလျှင် အစာရှိ၏၊ ထိုကိုယ်ကို သင်သည်မသိ။ ငါမူကား သိ၏၊မြင်၏။ ထိုကိုယ်သည် သေသည်မှ နောက်၌ ပြတ်တော့၏။ ဘာမှ မဖြစ်တော့ပြီ။

အချင်း ယောကျ်ား ဤမျှလောက် နတ်၏ကိုယ် ဖြစ်ပြီးမှ သာလျှင် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်း, ကင်းခြင်း, မဖြစ်ခြင်းကို ပြောကြကုန်၏၊

၃။ ထိုသူကို တယောက်သော သူက ဆိုပြန်၏။

အချင်း ယောကျ်ား သင်ပြောဆိုသော နတ်၏ကိုယ်သည် ရှိ၏၊ မရှိ-ဟူ၍ ငါမဆို၊ သို့သော်လည်း ဤနတ်၏ ကိုယ်ဖြစ်၍ ကောင်းစွာ, ကင်းပြတ်ခြင်းသို့ မရောက်သေး၊ ထိုနတ်၏ ကိုယ်မှ တပါးသော ဗြဟ္မာ၏ ကိုယ်သည် ရှိသေး၏၊ ထိုဗြဟ္မာ၏ ကိုယ်ကို သင်သည် မမြင်မသိ၊ ငါမူကား မြင်၏, သိ၏၊ ထိုဗြဟ္မာ၏ ကိုယ်သည် ရှိသေး၏။ ထိုဗြဟ္မာ၏ ကိုယ်သည် စိတ်ဖြင့် ပြီး၍ စိတ်သွားရာ ပါနိုင်၏။ ရုပ်ရှိ၏၊ အလုံးစုံသော ကိုယ်အင်္ဂါ ရှိ၏၊ မျက်စိ, နား စသော ဣန္ဒြေတို့မှ ယုတ်လျော့ခြင်းမရှိ။ ထိုဗြဟ္မာ၏ ကိုယ်သည် သေသည်မှ နောက်၌ ပြတ်လေတော့၏၊ ဤမျှလောက် ဗြဟ္မာ၏ ကိုယ်ဖြစ်ပြီးမှသာ ကောင်းစွာ အပြစ် ပြတ်၏၊

၄။ ထိုသူကို တဖန် တယောက်သော သူက ပြောဆိုပြန်၏။

အချင်း ယောကျာ်း သင် ပြောဆိုသော ရူပဗြဟ္မာ၏ ကိုယ်သည် ရှိ၏၊ မရှိ–ဟူ၍ ငါမဆို။ သို့သော်လည်း ထိုဗြဟ္မာ၏ကိုယ်ဖြစ်၍ ပြတ်သေးသည် မဟုတ်၊ ဤရူပဗြဟ္မာ၏ ကိုယ်မှ တပါး အာကာသာ နဉ္စာယတန ဗြဟ္မာ၏ ကိုယ်သည် ရှိသေး၏။ ထို အာကာသာ နဉ္စာယတန ဗြဟ္မာ၏ ကိုယ်ဖြစ်ပြီးမှ သာလျှင် ဤသတ္တဝါသည် သေသည်မှ နောက်၌ ကင်းပျောက် လေတော့၏၊ ဘာမှ မဖြစ်တော့ပြီ။

၅။ ထိုသူကို တဖန် တယောက်သော သူက ပြောပြန်၏၊

အချင်း ယောကျာ်း–သင်ပြောဆိုသော အာကာသာနဉ္စာယတန ဗြဟ္မာ၏ ကိုယ်သည်ရှိ၏,မရှိ·ဟူ၍ ငါမဆို၊ သို့သော်လည်း ထိုအာကာသာ နဉ္စာယတန ဗြဟ္မာ၏ ကိုယ်ဖြစ်ပြီး၍ ကင်းပြတ်သေးသည် မဟုတ်။ ထို အာကာသာ နဉ္စာယတန ဗြဟ္မာ၏ ကိုယ်မှတပါး ဝိညာဏဉ္စာယတန ကိုယ်သည် ရှိသေး၏၊ ထိုဝိညာဏဉ္စာတယန ဗြဟ္မာ၏ ကိုယ်ကို သင်သည် မမြင်, မသိ။ ငါမူကား မြင်၏, သိ၏၊ ထို ဝိညာဏဉ္စာယတန ကိုယ်ဖြစ်ပြီး၍ သေသည်မှ နောက်၌ ဤသတ္တဝါသည် ကင်းပြတ်လေတော့၏။ ဘာမှ မဖြစ်တော့ပြီ၊

၆။ ထိုသူကို တဖန် တယောက်သော သူက ဆိုပြန်၏။

အချင်း ယောကျာ်း သင်ပြောဆိုသော ဝိညာဏဉ္စာယတန ဗြဟ္မာ၏ ကိုယ်သည် ရှိ၏, မရှိ ဟူ၍ ငါမဆို၊ သို့သော်လည်း ဝိညာဏဉ္စာယတန ဗြဟ္မာ၏ ကိုယ်ဖြစ်၍ ပြတ်ကင်းသေးသည် မဟုတ်။ ထိုဝိညာဏဉ္စာယတန ကိုယ်မှတပါး အာကိဉ္စညာယတန ဗြဟ္မာ၏ ကိုယ်သည် ရှိသေး၏၊ ထို အာကိဉ္စညာယတန ဗြဟ္မာ၏ ကိုယ်ကို သင်သည် မမြင်, မသိ၊ ငါမူကား မြင်၏, သိ၏။ ထိုအာကိဉ္စညာယတန ဗြဟ္မာ၏ ကိုယ်ဖြစ်ပြီးမှ ထိုသတ္တဝါသည် သေသည်မှ နောက်၌ ကင်းပြတ်လေတော့၏၊ ဘာမှ မဖြစ်တော့ပြီ၊

၇။ ထိုသူကို တဖန် တယောက်သော သူက ဆိုပြန်၏၊

အချင်း ယောကျာ်း သင်ပြောဆိုသော အာကိဉ္စညာယတန ဗြဟ္မာ၏ ကိုယ်သည် ရှိ၏၊ မရှိ–ဟူ၍ ငါမဆို၊ သို့သော်လည်း ထိုအာကိဉ္စညာယတန ဗြဟ္မာ၏ ကိုယ်ဖြစ်ပြီး၍ ကင်းပြတ်သည် မဟုတ်သေး၊ ထိုမှတပါး နေဝသညာ နာသညာယတန ဗြဟ္မာ၏ ကိုယ်သည် ရှိသေး၏။ ထိုနေဝသညာ ဗြဟ္မာ၏ ကိုယ်ကို သင်သည် မမြင်, မသိ၊ ငါမူကား မြင်၏, သိ၏။ ထို နေဝသညာ ဗြဟ္မာ၏ ကိုယ်ဖြစ်ပြီးမှ သာလျှင် ဤသတ္တဝါသည် ကင်းပြတ် လေတော့၏၊ သေသည်မှ နောက်၌ ဘာမှ မဖြစ်တော့ပြီ၊ ဤသို့ အချို့ ရသေ့တို့သည် ပြောဆို ပညတ်ကြကုန်၏။

ချစ်သား ရဟန်းတို့ ဤ ခုနစ်ပါးသော အကြောင်းတို့ဖြင့် သတ္တဝါ ကင်းပြတ်၏-ဟူသော ဥစ္ဆေဒဒိဋ္ဌိ အယူကို ပြောဆိုကြကုန်၏။

(သတ္တဝါ-ဟူ၍ လည်းကောင်း, ကိုယ်-ဟူ၍ လည်းကောင်း, မှတ်ထင် သမျှ ကာလပတ်လုံး မိစ္ဆာဒိဋ္ဌိ ကင်းပျောက်ခြင်းသို့ မရောက်နိုင်။ သတ္တဝါ မဟုတ်။ ကိုယ် မဟုတ်။ ရုပ်နာမ် ဖြစ်ပျက်ကို မြင်မှသာလျှင် မိစ္ဆာအယူ ကင်းလွတ်၏။)

## ဒိဋ္ဌဓမ္မ နိဗ္ဗာန ဝါဒ ဒိဋ္ဌိငါးမျိုးကို ဟောတော်မူကြောင်း

ချစ်သားရဟန်းတို့ အချို့သော ရသေ့ ရဟန်းတို့သည် ဒိဋ္ဌဓမ္မ နိဗ္ဗာန် ရှိ၏-ဟူ၍ ယူကြကုန်၏၊ ထိုရသေ့ ရဟန်းတို့သည် ငါးပါးသောဝတ္ထုတို့ဖြင့် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ထင်ရှားရှိသော သတ္တဝါ၏ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ပြောဆိုကြကုန်၏။ အဘယ်သို့ ပြောဆိုကြကုန် သနည်း ဟူမူကား....

၁။ ချစ်သား ရဟန်းတို့ အချို့သော ရသေ့ ရဟန်းတို့သည် ဤသို့ အယူ ရှိ၍ ဤသို့ ပြောဆို ကြကုန်၏။ အို လူအပေါင်းတို့ ဤကိုယ်ကြီး သည် ငါးပါးသော ကာမဂုဏ်တို့၏ အရသာဖြင့် သက်ဝင်ကုန်သည် ဖြစ်၍ ပြည့်စုံ ကုန်သည်ဖြစ်၍ အလိုရှိတိုင်း ခံစား, စံစား၍ နေ၏။ ဤသို့ ကာမဂုဏ် ငါးပါးတို့ဖြင့် အလိုရှိတိုင်း ခံစား, စံစား၍ နေသော ဤကိုယ်ကြီးသည် မျက်မှောက် ဒိဋ္ဌ နိဗ္ဗာန်သို့ ရောက်၏၊ ဤသို့ ပြောဆို ကြကုန်၏။

၂။ ထိုသူကို တပါး တယောက်သော သူက ဤသို့ ဆိုပြန်၏။

အချင်း ယောကျ်ား-ဤကိုယ်သည် ရှိ၏။ မရှိဟူ၍ ငါမဆို သို့သော် လည်း ဤကိုယ်ဖြင့် မျက်မှောက် ဒိဋ္ဌ နိဗ္ဗာန်သို့ မရောက်သေး။ အဘယ် ကြောင့်နည်း- ဟူမူကား.... အချင်း ယောကျ်ား ဤကာမဂုဏ်တို့သည် မမြဲ ကုန်သည်သာတည်း။ ဆင်းရဲကုန်၏။ ဖေါက်ပြန် ပြောင်းလဲခြင်း သဘောရှိကုန်၏၊ ထိုကာမဂုဏ်တို့၏ ပျက်ပြား ဖေါက်ပြန်ခြင်းကြောင့် စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဒုက္ခဒေါမနဿတို့သည် ဖြစ်ကုန်၏၊

အချင်းယောကျ်ား-ကာမဂုဏ်တို့မှ ကင်းဆိတ်၍ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ ဝိတက်ဝိစာရနှင့် တကွ ဖြစ်သော နှစ်သက် ချမ်းသာခြင်း ရှိ သော ပဌမဈာန်ကို ဝင်စားနေခြင်းသည် ရှိ၏၊ ဤသို့ ပဌမဈာန်ကို ဝင်စား၍ နေသော ဤကိုယ်ကြီးသည် ဒိဋ္ဌဓမ္မ မျက်မှောက် နိဗ္ဗာန်သို့ ရောက်၏။

၃။ ထိုသူကို တဖန် တယောက်သော သူက ဤသို့ ဆိုပြန်၏။

အချင်း ယောကျ်ား သင်ပြောဆိုသော ကိုယ်သည် ရှိ၏။ မရှိ- ဟူ၍ ငါမဆို၊ သို့သော်လည်း သင်ပြောဆိုသော ကိုယ်၌ ဝိတက်, ဝိစာရတို့ ရှိ၏။ ထို ဝိတက်, ဝိစာရရှိသောကြောင့် ဤကိုယ်ကို ရန့်ရင်းကြမ်းတမ်း၏- ဟူ၍ ဆိုအပ်၏။ ဤဒုတိယ ဈာန်ဖြစ်သော ကိုယ်သည်သာလျှင် ဝိတက်, ဝိစာရတို့မှ ကင်း၍ ဒိဋ္ဌဓမ္မ မျက်မှောက် ချမ်းသာဖြစ်သော နိဗ္ဗာန်သို့ ရောက်၏။

၄။ ထိုသူကို တဖန် တယောက်သောသူက ဤသို့ ဆိုပြန်၏။

အချင်း ယောကျ်ား ဤဒုတိယ ဈာန်ဖြစ်သော ကိုယ်သည်ရှိ၏။ ထိုဒုတိယ ဈာန်ဖြစ်သော ကိုယ်ဖြင့် ဒိဋ္ဌဓမ္မ နိဗ္ဗာန်သို့ မရောက်သေး။ အဘယ် ကြောင့်နည်း–ဟူမူကား.... ထိုဒုတိယဈာန်ဖြစ်သော ကိုယ်၌ နှစ်သက်ခြင်း ပီတိသဘောသည် စိတ်ပေါ်လွင်၏။ ထိုစိတ်ပေါ်လွင်သော နှစ်သက်ခြင်း ပီတိရှိသောကြောင့် ထိုဒုတိယဈာန်ဖြစ်သော ကိုယ်ကို ရန့်ရင်း ကြမ်းတမ်း ၏- ဟူ၍ ဆိုအပ်၏။

အချင်း ယောကျ်ား ဤတတိယ ဈာန်ဖြစ်သော ကိုယ်သည် နှစ်သက် ခြင်း ပီတိကို စွန့်ခွါ၍ ဥပေက္ခာဖြင့် နေ၏၊ သတိသမ္ပဇဉ် ရှိသည် ဖြစ်၍ ချမ်းသာကို ခံစားရ၏။ ထိုတတိယဈာန်ဖြစ်သော ကိုယ်သည် သာလျှင် ဒိဋ္ဌဓမ္မ နိဗ္ဗာန်သို့ ရောက်၏။

၅။ ထိုသူကို တဖန် တယောက်သောသူက ဆိုပြန်၏။

အချင်းယောကျ်ား သင်ပြောဆိုသော တတိယဈာန်သည် ရှိ၏၊ မရှိဟူ၍ - ငါမဆို၊ သို့သော်လည်း ဤတတိယ ဈာန် ဖြစ်သော ကိုယ်ဖြင့် ဒိဋ္ဌဓမ္မ နိဗ္ဗာန်သို့ မရောက်သေး, အဘယ်ကြောင့်နည်း- ဟူမူကား- – ထိုတတိယ ဈာန် ဖြစ်သော ကိုယ်၌ သုခသည် ရှိ၏။ ထိုသုခကို အဖန်ဖန် နှလုံး သွင်းရ၏။ ထိုကြောင့် ရန့်ရင်း ကြမ်းတမ်း၏ - ဟူ၍ ဆိုအပ်၏၊

အချင်းယောကျ်ား ဤစတုတ္ထဈာန်တည်း– ဟူသော ကိုယ်သည် သုခ လည်း မရှိ၊ ဒုက္ခလည်း မရှိ၊ သောမနဿ ဒေါမနဿတို့မှာကား ရှေးကပင် လျှင် ပယ်ရှားပြီး ဖြစ်၏၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဥပေက္ခာသတိ၏ ပြည့်စုံခြင်းသို့ ရောက်၍ ချမ်းသာစွာ နေရ၏။ ထိုကြောင့် စတုတ္ထ ဈာန်တည်း ဟူသော ကိုယ်သည်သာလျှင် ဒိဋ္ဌဓမ္မ မျက်မှောက် ချမ်းသာသော နိဗ္ဗာန်သို့ ရောက်၏၊

ဤကဲ့သို့ အချို့သော ရသေ့ရဟန်းတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြဋ္ဌဓမ္မ နိဗ္ဗာန်ချမ်းသာကို ပညတ် ပြောဆိုကြကုန်၏။

(ဈာန်အဘိညာဏ်ကိုရကုန်သော သာသနာပ ရသေ့တို့သည် သတ္တသညာကို မခွာနိုင်ပါ နိုင်သည် ဖြစ်၍ သတ္တဝါ- ဟူ၍သာလျှင် မှတ်ထင်ကြလျက် ချမ်းသာရာကို နိဗ္ဗာန်ဟု- မှတ်ထင်ကြကုန်၏။ ရုပ်နာမ်၏ ဖြစ်ပျက်ကို အနည်းငယ်မျှ မမြင်ကြသေကုန်။ ထိုကြောင့် ဈာန်စိတ်တို့ကို ကိုယ်ဟူ၍ ပြောဆိုကြကုန်၏။ ကြမ်းချော ခဲရုပ် ဖြစ်ပျက်, ဖြစ်ပျက် နေသည်ကိုလည်းကောင်း, တောင့်တင်း တွန်းထိုးရုပ် ဖြစ်ပျက်, ဖြစ်ပျက်နေသည်ကို လည်းကောင်း, ပူအေးသောရုပ် ဖြစ်ပျက်, ဖြစ်ပျက်နေသည်ကို လည်းကောင်း။ ဖွဲ့စည်း ကပ်စေးရုပ် ဖြစ်ပျက်, ဖြစ်ပျက်နေသည်ကို လည်းကောင်း, အဆင်းရုပ် ဖြစ်ပျက်, ဖြစ်ပျက်နေသည်ကို လည်းကောင်း, အသံရုပ်, အနံ့ရုပ်, အရသာရုပ် ဖြစ်ပျက်, ဖြစ်ပျက်နေသည်ကို လည်းကောင်း, မမြင်ကြကုန်သည် ဖြစ်၍ ထိုရုပ်တို့သည် ဖြစ်ပျက်, ဖြစ်ပျက်, အစဉ်မပြတ်သောကြောင့် ညအခါ၌ ကိုင်၍ ရမ်းသော မီးစက် ကွင်းကဲ့သို့ ဝန်းဝန်း ဝိုင်းဝိုင်း ရှေ့ရှေ့, လျားလျား, လုံးလုံး, ပြားပြား ထင်ရသော သဏ္ဌာန် ပညတ်ကြီးသည် ဖုံးကွယ်၍ နေရကား- ဖြစ်ပျက်, ဖြစ်ပျက် နေသည်ကို မမြင်နိုင်သောကြောင့် လက် ဟူ၍, ခြေ ဟူ၍, ကိုယ် ဟူ၍, မှတ်ထင်ကြကုန်၏၊ ဖြစ်ပျက်ကို မြင်လျက် မှတ်ထင်ခြင်း မရှိ။

## ဒိဋ္ဌိခြောက်ဆယ်နှစ်ပါး သရုပ်ကို ပေါင်း၍ ဟောပြကြောင်း။

သံသရာ ရှေးအစွန်းကို ကြံ၍ အယူမှားသော ပုဗ္ဗန္တ ကပ္ပိက ဒိဋ္ဌိ တဆဲ့ ရှစ်ပါး, သံသရာ နောက်အစွန်းကို ကြံ၍ အယူမှားသော အပရန္တ ကပ္ပိက ဒိဋ္ဌိ လေးဆယ့် လေးပါး။ ဤသို့အားဖြင့် ဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး ဖြစ်သတည်း။

ပုဗ္ဗန္တ ကပ္ပိက ဒိဋ္ဌိ တဆယ့် ရှစ်ပါး ဟူသည်ကား—

၁။ သဿတ ဒိဋ္ဌိ လေးပါး,

၂။ ဧကစ္စသဿတ ဒိဋ္ဌိ လေးပါး,

၃။ အန္တာနန္တိက ဒိဋ္ဌိလေးပါး,

၄။ အမရာ ဝိက္ခေပ ဒိဋ္ဌိလေးပါး,

၅။ အဓိစ္စ သမုပ္ပန္န ဒိဋ္ဌိ နှစ်ပါး, ဤသို့အားဖြင့် ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ တဆယ့် ရှစ်ပါး ဖြစ်သတည်း။

သဿတဒိဋ္ဌိ လေးပါး ဟူသော်ကား–

၁။ ဘဝပေါင်း တသိန်းသော် လည်းကောင်း, သိန်းပေါင်း များစွာသော်လည်းကောင်း။ ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် မြင်နိုင်သော ဈာန် အဘိညာဏ်ရ-သာသနာပ ရသေ့၏ သဿတဒိဋ္ဌိ တပါး,

၂။ တကမ္ဘာမှစ၍ ဆယ်ကမ္ဘာတိုင်အောင် ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ရှေးဘဝတို့ကို မြင်နိုင်သော ဈာန်ရ ရသေ့၏ သဿတဒိဋ္ဌိ တပါး,

၃။ ဆယ်ကမ္ဘာမှ စ၍ ကမ္ဘာ လေးဆယ် တိုင်အောင် ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့် ရှေးဘဝတို့ကို မြင်နိုင်သော သာသနာပ ဈာန်ရ ရသေ့၏ သဿတဒိဋ္ဌိတပါး,

၄။ ဈာန်အဘိညာဏ်ကို မရဘဲ ကြံဆ၍ ယူသော မိမိ အထင်အားဖြင့် သတ္တဝါ ကိုယ်ကောင်ကြီးသည် အစဉ်အမြဲ တည်၍ ဘဝ အဆက်ဆက် ပြောင်း၍ လာ၏-ဟု အယူရှိသော တက္ကီ ဒိဋ္ဌိ တပါး, ဤသို့အားဖြင့် လေးပါးတည်း။

ဧကစ္စ သဿတဒိဋ္ဌိ လေးပါးတို့တွင်ကား ရှေးဦးစွာ ကမ္ဘာပျက်ပြီးသည့်နောက် သတ္တဝါအပေါင်းတို့သည် အာဘဿရ ဗြဟ္မာဘုံသို့ ရောက်ကြကုန်၏၊ နောက်တဖန် ကမ္ဘာသစ်တည်စအခါ အာဘဿရဘုံမှ စုတေ၍ ပထမဈာန် ဗြဟ္မာဘုံ၌ ရှေးဦးစွာဖြစ်သော မဟာဗြဟ္မာကြီး တယောက်သာလျှင် မအို, မသေ, အမြဲတည်၍ ထိုမဟာဗြဟ္မာကြီးက ဖန်ဆင်း၍ လူ-နတ်-ဗြဟ္မာဆင်, မြင်း, နွား, ကျွဲ, ခွေး, ဝက် အသက်ဝိညာဉ် ရှိသော သတ္တဝါတို့သည် လည်းကောင်း, တောတောင်, သမုဒ္ဒရာ,ရေ,မြေ တို့သည် လည်းကောင်း, အမြဲမတည် – ဟူ၍ အယူရှိသော ကမ္ဘာဦးသား ဈာန်အဘိညာဏ်ရ သာသနာပ ရသေ့၏ အချို့မြဲ, အချို့မမြဲ–ဟု ယူသော ဧကစ္စသဿတဒိဋ္ဌိ တပါး,

(မဟာဗြဟ္မာကြီး တယောက်သာလျှင် မအို,မသေ အမြဲနေ၍ အလုံးစုံကို မဟာဗြဟ္မာကြီးက ဖန်ဆင်း၍ ထားသည်-ဟု အယူရှိသည်။ မဟာဗြဟ္မာကြီး ကလည်း အလုံးစုံကို ငါဖန်ဆင်း၍ ထားသည်–ဟု ပြောဆိုသည့် နောက်မှ ဖြစ်သော ဗြဟ္မာတို့ကလည်း မဟာဗြဟ္မာကြီးက ဖန်ဆင်း၍ ငါတို့အားလုံး ဖြစ်ကြကုန်သည်–ဟု အယူရှိ၍ ပြောသည်။ ကမ္ဘာဦးသူ ဈာန်အဘိညာဏ်ရ လူတို့ကလည်း မဟာ ဗြဟ္မာကြီးက ဖန်ဆင်းသည်–ဟူ၍ အယူ ရှိသည်။ ထိုမဟာဗြဟ္မာကြီးကို ယခုအခါ၌ ထာဝရဘုရား-ဟူ၍ ဆိုကြသည်။)

ကေစ္စသဿတဒိဋ္ဌိ အချို့မြဲ, အချို့မမြဲ-ဟု ယူသော ဒိဋ္ဌိလေးပါး ဟူသော်ကား—

၁။ ကမ္ဘာဦးက အစဆုံးဖြစ်သော မဟာဗြဟ္မာကြီး တယောက် သာလျှင် မြဲ၍, ကြွင်းသော သူတို့ မမြဲ-ဟု ယူသော မဟာဗြဟ္မာ အယူဝါဒ တပါး,

၂၊ မြူးကူး ပျော်ပါးခြင်း မရှိသော နတ်တို့သာ မြဲ၍ မြူးတူး ပျော်ပါး ခြင်း ရှိသော ငါတို့ကား မမြဲ-ဟု ယူသော ခိဍ္ဍာပဒေါသိက အယူဝါဒ တပါး,

၃၊ စိတ်ဆိုး ဖြစ်မှားခြင်း မရှိသော နတ်တို့သာလျှင် မြဲ၍, စိတ်ဆိုး ဖြစ်မှားခြင်း ရှိသော ငါတို့ကား မမြဲ—ဟု ယူသော မနောပဒေါသိက အယူဝါဒ တပါး,

၄။ စိတ်ဘခုသာလျှင် မြဲ၏-ဟု ယူ၍ ကြွင်းသော မျက်စိ, နား, နှာ, ကိုယ်အင်္ဂါ အလုံးစုံ မမြဲ—ဟု ယူသော တက္ကီဒိဋ္ဌိ အယူဝါဒတပါး,

ဤသို့အားဖြင့် ကေစ္စသဿတ ဒိဋ္ဌိ လေးပါးတည်း။

အန္တာနန္တိက ဒိဋ္ဌိလေးပါး- ဟူသော်ကား-

၁။ ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ လောကသည် လုံး၏- အဆုံးရှိ၏- ဟု ယူသော အန္တဝါဒိဋ္ဌိတပါး,

၂။ ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ လောကသည် အဆုံးမရှိ-ဟု ယူသော အနန္တဝါ ဒိဋ္ဌိတပါး,

၃။ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ လောကသည် အထက်အောက် အဆုံး ရှိ၏။ ဖီလာအားဖြင့် အဆုံးမရှိ-ဟု ယူသော အန္တာနန္တဒိဋ္ဌိ တပါး,

၄၊ ဈာန်ကို မရဘဲ မိမိအာဘော်အားဖြင့် ကြံဆ၍ လောကသည် အဆုံး ရှိလည်း မဟုတ်၊ အဆုံး မရှိလည်း မဟုတ်-ဟု ယူသော နေဝန္တဝါ နာနန္တာ ဒိဋ္ဌိ တပါး။ ဤသို့အားဖြင့် လေးပါးတည်း။

အမရာ ဝိက္ခေပ ဒိဋ္ဌိလေးပါး- ဟူသော်ကား—

၁၊ မုသာဝါဒ ဖြစ်မည်ကို ကြောက်၍ မေးသမျှ စကားကို ရှောင်ရှား ပစ်ပယ်၍ ပြောဆိုသော အမရာဝိက္ခေပ တပါး,

၂။ ဆန္ဒရာဂ, ဒေါသ, ပဋိဃ ဖြစ်မည်ကို ကြောက်သောကြောင့် မေးသမျှ စကားကို ရှောင်ရှား ပစ်ပယ်၍ ပြောဆိုသော အမရာ ဝိက္ခေပ တပါး,

၃။ ပညာရှိတို့ မေးမြန်း စိစစ်မည် ို ာက်သောကြောင့် မေးသမျှ စကားကို ရှောင်ရှား ပစ်ပယ်၍ ပြော ို ာ အမရာဝိက္ခေပ တပါး,

၄။ အလွန်ပညာ နုံ့နေး တွေဝေသ ို အဖြစ်ကြောင့် မေးသမျှ စကားကို ရှောင်ရှား ပစ်ပယ်၍ ပြော ို အမရာဝိက္ခေပ တပါး, ဤသို့အားဖြင့် လေးပါးတည်း။

အဓိစ္စ သမုပ္ပန္န ဒိဋ္ဌိ နှစ်ပါး ဟူသော်ကား .

၁။ အသညသတ် ဗြဟ္မာဘုံမှ စုတေ၍ လူဖြစ်သော ရှာန်အဘိညာဏ်ရ သာသနာပ ရသေ့၏ အယူဝါဒ တပါး,

၂။ လောကသည် အကြောင်းမရှိဘဲ အလိုလိုဖြစ်၏-ဟု ယူသော တက္ကီ ဒိဋ္ဌိ တပါး, ဤသို့အားဖြင့် နှစ်ပါးတည်း။

ဤသို့အားဖြင့် ပုဗ္ဗန္တ ကပ္ပိက ဒိဋ္ဌိ တဆယ့်ရှစ်ပါး ဖြစ်သတည်း။

အပရန္တ ကပ္ပိက ဒိဋ္ဌိလေးဆယ့်လေးပါး- ဟူသော်ကား-

သညီဝါဒ ဒိဋ္ဌိ တဆယ့်ခြောက်ပါး, အသညီဝါဒ ဒိဋ္ဌိရှစ်ပါး, နေဝသညီ နာသညီဝါဒ ဒိဋ္ဌိရှစ်ပါး, ဥစ္ဆေဒဒိဋ္ဌိ ခုနစ်ပါး, ဒိဋ္ဌဓမ္မ နိဗ္ဗာန ဝါဒီ ဒိဋ္ဌိ ငါးပါး,

ဤသို့အားဖြင့် လေးဆယ့်လေးပါး ဖြစ်သတည်း။

သညီဝါဒ ဒိဋ္ဌိတဆယ့်ခြောက်ပါး - ဟူသော်ကား-

၁။ ရုပ်ရှိသော ကိုယ်

၂။ ရုပ် မရှိသောကိုယ်,

၃။ ရုပ်ရှိ ရုပ်မရှိကိုယ်,

၄။ ရုပ်ရှိလည်း မဟုတ်, ရုပ် မရှိလည်း မဟုတ်သော ကိုယ်,
(ဤနောက်ဆုံးကား တက္ကီ၊ ရှေ့သုံးပါး ဈာန်ရ။)

၅။ အဆုံးရှိသော ကိုယ်,

၆။ အဆုံး မရှိသော ကိုယ်,

၇။ အဆုံးရှိ အဆုံးမရှိသော ကိုယ်,
(ဤကား ဈာန်ရ)

၈။ အဆုံးရှိလည်း မဟုတ်, အဆုံးမရှိလည်း မဟုတ်သောကိုယ်,
(ဤကား တက္ကီ)

၉။ သညာ တခုတည်း ရှိသော ကိုယ်,

၁၀။ သညာ အများရှိသော ကိုယ်,

၁၁။ နည်းသော သညာရှိသော ကိုယ်,

၁၂။ ပြန့်ပြောသော သညာရှိသော ကိုယ်,

၁၃။ ချမ်းသာ သက်သက်သော ကိုယ်,

၁၄။ ဆင်းရဲ သက်သက်သော ကိုယ်,

၁၅။ ချမ်းသာ ဆင်းရဲရောသော ကိုယ်,

၁၆။ ချမ်းသာ ဆင်းရဲ မဟုတ်သောကိုယ်,

၁၇။ ဤတဆယ့်ခြောက်ပါးသော ကိုယ်သည် သေသည်မှ နောက်၌ သညာရှိသည် ဖြစ်၍ မြဲ၏-ဟု ယူသော သညီဝါဒ ဒိဋ္ဌိ တဆယ့်ခြောက်ပါး ဖြစ်သတည်း။

သညီဝါဒ ဒိဋ္ဌိ ရှစ်ပါး– ဟူသော်ကား–

၁။ ရုပ်ရှိသော ကိုယ်,

၂။ ရုပ် မရှိသော ကိုယ်,

၃။ ရုပ်ရှိ ရုပ်မရှိ ကိုယ်,

၄။ ဈာန်ရ ပုဂ္ဂိုလ်

၄။ ရုပ် ရှိလည်း မဟုတ်, ရုပ်မရှိလည်း မဟုတ်သော ကိုယ်,(တက္ကီ)

၅။ အဆုံးရှိသော ကိုယ်,

၆။ အဆုံး မရှိသောကိုယ်,

၇။ အဆုံးရှိ, အဆုံးမရှိသော ကိုယ်, (ဈာန်ရ)

၈။ အဆုံးရှိလည်း မဟုတ်, အဆုံးမရှိလည်း မဟုတ်သော ကိုယ်, (တက္ကီ) ဤရှစ်ပါးသော ကိုယ်သည် သေသည်မှ နောက်၌ သညာ မရှိသည်ဖြစ်၍ မြဲ၏-ဟု ယူသော အသညီဝါဒ ဒိဋ္ဌိ ရှစ်ပါး ဖြစ်သတည်း။

နေဝသညီ နာသညီ ဝါဒ ဒိဋ္ဌိ သည်လည်း အသညီဝါဒ ဒိဋ္ဌိ ဟူသော ကိုယ်ရှက်ကျိုးသည်ပင်လျှင် သေသည့်မှ နောက်၌ သညာရှိလည်း မဟုတ်, မရှိလည်း မဟုတ်သည် ဖြစ်၍ မြဲ၏-ဟု ယူသော နေဝသညီ နာသညီ ဝါဒ ဒိဋ္ဌိ ဖြစ်သတည်း။

ဥစ္ဆေဒ ဒိဋ္ဌိ ခုနစ်ပါး- ဟူသော်ကား-

၁။ ဤသူ့ဘုံ၌ ဖြစ်သော ကိုယ်သည် သေသည့်မှ နောက်၌ ဘာမှ မဖြစ်, သစ်ပင်မှ ကြွေကျသော သစ်ရွက်တို့ကဲ့သို့ ဆွေးမြေ့ ပျောက်ပျက်၍ သွား၏-ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိ,

၂။ နတ်ဖြစ်ပြီးမှ ပျောက်ပျက်၍ သွား၏-ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိ,

၃။ ရူပဗြဟ္မာ ဖြစ်ပြီးမှ ပျောက်ပျက်၍ သွား၏-ဟု ယူသော ဥစ္ဆေဒ ဒိဋ္ဌိ,

၄။ အာကာသာနဉ္စ ဗြဟ္မာဖြစ်ပြီးမှ ပျောက်ပျက်၍ သွား၏-ဟု ယူသော ဥစ္ဆေဒ ဒိဋ္ဌိ,

၅။ ဝိညာဏဉ္စ ဗြဟ္မာဖြစ်ပြီးမှ ပျောက်ပျက်၍ သွား၏-ဟု ယူသော ဥစ္ဆေဒ ဒိဋ္ဌိ။

၆။ အာကိဉ္စည ဗြဟ္မာဖြစ်ပြီးမှ ပျောက်ပျက်၍ သွား၏-ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိ,

၇။ နေဝသညာ, နာသညာ, ဗြဟ္မာ ဖြစ်ပြီးမှ ပျောက်ပျက်၍ သွား၏-ဟု ယူသော ဥစ္ဆေဒ ဒိဋ္ဌိ, ဤသို့ အားဖြင့် ဥစ္ဆေဒ ဒိဋ္ဌိ ခုနစ်ပါး ဖြစ်သတည်း။

ထိုဥစ္ဆေဒ ဒိဋ္ဌိသည် ဈာန်ရ ဥစ္ဆေဒဒိဋ္ဌိ, တက္ကီ ဒိဋ္ဌိ- ဟူ၍ နှစ်မျိုး ရှိကုန်၏၊ ဈာန်အဘိညာဏ်ရ ဒိဋ္ဌိသည် ဒိဗ္ဗစက္ခုဖြင့် စုတိဒိဋ္ဌ ကိုသာ မြင်၍ ပဋိသန္ဓေကို မမြင်သောကြောင့် လည်းကောင်း, ပဋိသန္ဓေကိုသာ မြင်၍ စုတိကို မမြင်သောကြောင့်လည်းကောင်း, ဥစ္ဆေဒ ဒိဋ္ဌိကို ယူမှားလေ၏။

ဈာန် မရသော တက္ကီဒိဋ္ဌိသည် ပရလောကကို မသိ၊ ကာမဂုဏ် ချမ်းသာဖြင့် တပ်မက်တွယ်တာလျက် သစ်ရွက်တို့ကဲ့သို့ သတ္တဝါ ဟူသမျှ သည် သေသည်မှ နောက်၌ ပျောက်ပျက် ဆွေးမြေ့၍ သွားကုန်၏-ဟု ဥစ္ဆေဒ ဒိဋ္ဌိကို ယူမှားလေ၏။

ငါ၏ ကိုယ်သည် မျက်မှောက်ဒိဋ္ဌ နိဗ္ဗာန်သို့ ရောက်၍ နေ၏ ဟု အယူ ရှိသော ဒိဋ္ဌဓမ္မ နိဗ္ဗာန ဝါဒီ ဒိဋ္ဌိ ငါးပါးဟူသော်ကား-

၁။ ကာမဂုဏ် ချမ်းသာကို နိဗ္ဗာန်-ဟု မှတ်ထင်သော ဒိဋ္ဌိတပါး,

၂။ ပဌမဈာန် ချမ်းသာကို နိဗ္ဗာန်-ဟု မှတ်ထင်သော ဒိဋ္ဌိတပါး,

၃။ ဒုတိယဈာန် ချမ်းသာကို နိဗ္ဗာန်-ဟု မှတ်ထင်သော ဒိဋ္ဌိတပါး,

၄။ တတိယဈာန် ချမ်းသာကို နိဗ္ဗာန်-ဟု မှတ်ထင်သော ဒိဋ္ဌိတပါး,

၅။ စတုတ္ထဈာန် ချမ်းသာကို နိဗ္ဗာန်-ဟု မှတ်ထင်သော ဒိဋ္ဌိတပါး,

ဤသို့အားဖြင့် ငါးပါးတည်း။ ။ဤသို့ အားဖြင့် အပရန္တ ကပ္ပိက ဒိဋ္ဌိလေးဆယ့်လေးပါး ဖြစ်သတည်း၊

ပုဗ္ဗန္တ ကပ္ပိက ဒိဋ္ဌိ ဘဆယ့် ရှစ်ပါး, အပရန္တ ကပ္ပိက ဒိဋ္ဌိ-လေးဆယ့် လေးပါး အားဖြင့် ဒွါသဋ္ဌိ ခြောက်ဆယ့်နှစ်ပါး ဖြစ်၏။

> ဣမေဟိ ခေါ တေ ဘိက္ခဝေ သမဏ ဗြာဟ္မဏာ ပုဗ္ဗန္တ ကပ္ပိကာ စ အပရန္တ ကပ္ပိကာ စ ပုဗ္ဗန္တာပရန္တ ကပ္ပိကာ စ ပုဗ္ဗန္တာပရန္တာ နုဒိဋ္ဌိနော ပုဗ္ဗန္တာပရန္တံ အာရဗ္ဘ အနေက ဝိဟိတာနိ အဓိမုတ္တိ ပဒါနိ အဘိဝဒန္တိ ဒွါသဋ္ဌိယာဝတ္ထူဟိ။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ပုဗ္ဗန္တ ကပ္ပိကာ၊ သံသရာ ရှေးအစွန်းကို ကြံကြကုန်သော။ သမဏ ဗြာဟ္မဏာ စ၊ သာသနာပ ပ္ရော့ ရဟန်းတို့သည် လည်းကောင်း။ အပရန္တကပ္ပိကာ၊ သံသရာ နောက်အစွန်းကို ကြံကြကုန်သော၊ သမဏ ဗြာဟ္မဏာ စ၊ ရသေ့ ရဟန်းတို့သည် လည်းကောင်း။ ပုဗ္ဗန္တာ ပရန္တ ကပ္ပိကာ၊ သံသရာ ရှေးအစွန်း, နောက်အစွန်းကို ကြံစီကြကုန်သော၊ သမဏ ဗြာဟ္မဏာ စ၊ သူတော်သူမြတ် အခေါ်ခံကြသော သူတို့သည် လည်းကောင်း။ ပုဗ္ဗန္တာ ပရန္တာ နုဒိဋ္ဌိနော၊ သံသရာ ရှေးအစွန်း, နောက်အစွန်းကို ပုဗ္ဗေနိဝါသ-ဒိဗ္ဗစက္ခုဖြင့် အစဉ်ရှောက်၍ မြင်ကြကုန်လျက်၊ ဝါ၊ အချို့ကား မိမိအထင်ဖြင့် ကြံစီကြကုန်လျက်။ ပုဗ္ဗန္တာပရန္တံ၊ သံသရာ ရှေးအစွန်း, နောက်အစွန်းကို။ အာရဗ္ဘ၊ အာရုံပြု၍။ အနေက ဝိဟိတာနိ၊ တပါးမက-များလှစွာကုန်သော၊ အဓိမုတ္တိ ပဒါနိ၊ အယူဝါဒ စကားဘိုကို။ ဒွါသဋ္ဌိယာ၊ ခြောက်ဆယ့်နှစ်ပါးသော။ ဝတ္ထုဟိ၊ အကြောင်း အရာတို့ဖြင့်။ အဘိဝဒန္တိ၊ စွံစွံ လမ်းလမ်း လက်ရုံး တမ်း၍ ရှင်လန်း ဝမ်းမြောက်စွာ ပြောဆိုကြကုန်၏။ (ဝမ်းမြောက် ဝမ်းသာ အားရ ပါးရ ဟုဘ်လှုပြီအထင်နှင့် ရှင်ရှင် လန်းလန်း ပြောဆိုကြကုန်၏။)

ချစ်သားရဟန်းတို့ ဖြစ်ပျက်မမြင် ဖြစ်ချင်သောတဏှာဖြင့် ဝမ်းမြောက်စွာ ပြောဆိုကြကုန်သော ထိုဆရာတို့၏ ဝမ်းသာခြင်း, သောမနဿ ဝေဒနာသည် ဖြစ်ချင်သော တဏှာဖြင့် တုန်လှုပ်သည်သာတည်း။ (တဒပိ တေသံ ဘဝတံ သမဏ ဗြာဟ္မဏာနံ အဇာနတံ အပဿတံ ဝေဒယိတံ တဏှာဂတာနံ မရှိတ ဿိဘ ဝိပ္ဖန္ဒိတမေဝ။)

ချစ်သားရဟန်းတို့ ဖြစ်ချင်သော တဏှာဖြင့် တုန်လှုပ်စွာ ပြောဆိုကြကုန်သော ထိုဒိဋ္ဌိဆရာတို့၏ ရွှင်လန်း ဝမ်းသာခြင်း သောမနဿဝေဒနာသည် အတွေ့ ခြောက်ပါး ဖဿတရားကြောင့် ဖြစ်၏၊ (တဒပိ ဖဿပစ္စယာ။)

ချစ်သားရဟန်းတို့ ရွှင်လန်း ဝမ်းမြောက်စွာ ပြောဆိုကြ ကုန်သော ထိုဒိဋ္ဌိဆရာတို့သည် အတွေ့ခြောက်ပါး ဖဿတရားကို ကင်း၍ ရွှင်လန်း ဝမ်းသာခြင်း သောမနဿ ဝေဒနာကို ခံစားလဘံ့ ဟူ၍ အကြောင်းမရှိ။ (တေဝတ အညတြ ဖဿာ ပဋိသံဝေဒိဿန္တီတိ နေတံ ဌာနံ ဝိဇ္ဇတိ။)

ချစ်သား ရဟန်းတို့ ရွှင်လန်း ဝမ်းမြောက်စွာ ပြောဆိုကြ ကုန်သော ထိုဒိဋ္ဌိဆရာတို့သည် အတွေ့ခြောက်ပါး ဖဿတရားတို့ဖြင့် တွေ့ကာ တွေ့ကာ ခံစားကြကုန်၏၊ (သဗ္ဗေတေ ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ။)

ချစ်သား ရဟန်းတို့ အတွေ့ ခြောက်ပါး ဖဿတရားကြောင့် ဝေဒနာ ဖြစ်၏၊ ဝေဒနာကြောင့် တဏှာ ဖြစ်၏။ တဏှာကြောင့် ဥပါဒါန် ဖြစ်၏၊ ဥပါဒါန်ကြောင့် ဘဝ ဖြစ်၏၊ ဘဝကြောင့် ဇာတိ ဖြစ်၏။ ဇာတိကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တို့သည် ဖြစ်ကုန်၏။

ချစ်သား ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်း လုပ်သော သူသည် အတွေ့ခြောက်ပါး ဖဿတရားတို့၏ ဖြစ်ကြောင်းကို လည်းကောင်း, မဖြစ်ကြောင်းကို လည်းကောင်း, သာယာခြင်းကို လည်းကောင်း, ဖြစ်ပျက်ကို လည်းကောင်း, မဖြစ်ကို လည်းကောင်း, ဟုတ်တိုင်း မှန်စွာ သိ၏။ ဤသို့ ဟုတ်တိုင်းမှန်စွာ အတွေ့ ခြောက်ပါး ဖဿတရားတို့၏ ဖြစ်ပျက်ကို သိချင်သော ရဟန်းသည် အလုံးစုံသော ဤဒိဋ္ဌိဆရာတို့ထက် လွန်၍သိ၏။

ထိုစကားသည် မှန်၏၊ မိစ္ဆာဒိဋ္ဌိ အယူရှိသော သာသနာပ ရှိန်ရ ရသေ့ ပရိဗိုဇ်သည် မိမိ အယူရှိသော ဒိဋ္ဌိကိုသာ သိ၏။ ဖဿတရား၏ ဖြစ်ပျက်ကို သိသော သာသနာတော်ထမ်း မြတ်ရဟန်းသည်ကား မိစ္ဆာဒိဋ္ဌိကိုလည်း မိစ္ဆာဒိဋ္ဌိ– ဟူ၍ သိ၏၊ ထိုထက် ပိုလွန်၍ မြတ်သော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, အရဟတ္တဖိုလ် တိုင်အောင် သိ၏။ ရဟန္တာသည် သိ၏၊ အနာဂါမ်သည် သိ၏။ သကဒါဂါမ်သည် သိ၏၊ သောတာပန်သည် သိ၏။ အကြား, အမြင်များသော ဗဟုသုတ ဂန္ထဓုရ ပုဂ္ဂိုလ်သည် သိ၏၊ ဝိပဿနာကို အားထုတ်သော ပုဂ္ဂိုလ် သိ၏၊

ချစ်သား ရဟန်းတို့ အလုံးစုံသော မိစ္ဆာဝါဒ ရသေ့ ပရဗိုဇ်တို့သည် ငါဘုရား၏ ဒေသနာတော် ကွန်ရက်တွင်း၌ ငုတ်ကြကုန်၍ အတွင်းဝင်ကြကုန်၍နေကြကုန်၏။ချစ်သား ရဟန်းတို့ ဥပမာဆိုသည် ရှိသော် လိမ္မာသော တငါသည် လည်းကောင်း, တငါ၏ တပည့်သည် လည်းကောင်း, သေးငယ်သော အပေါက် ရှိသော ပိုက်ကွန်ဖြင့် နည်းသော ငယ်သော ရေအိုင်ကို အုပ်ဖုံး လွှမ်းလိုက် ပြွားအံ့၊ ပိုက်ကွန်ဖြင့် ဖုံးအုပ် လွှမ်းရာ၏။

ထိုသို့ ဖုံးလွှမ်း၍ အုပ်သော တငါသည် ဤသို့ ဆိုရာ၏၊ ဤရေအိုင်ငယ်၌ အလုံးစုံသော ကြီးသောရေသတ္တဝါတို့သည် ရှိကုန်၏။ ထိုရေသတ္တဝါတို့သည် ငါ၏ ပိုက်ကွန်အတွင်း၌ သာလျှင် ငုတ်၍ နေကုန်ရာ၏၊ ငါ၏ ပိုက်ကွန် အတွင်း၌ သာလျှင် နေကုန်ရာ၏။

ချစ်သားရဟန်း တို့ ထိုအတူပင်လျှင် အလုံးစုံသော ရဟန်း ရသေ့သည် လည်းကောင်း, ပုဏ္ဏား ပရဗိုဇ်သည် လည်းကောင်း, သံသရာ၏ ရှေးအစွန်းကို ကြံကြကုန်၍ လည်းကောင်း, သံသရာ၏ နောက်အစွန်းကို ကြံကြကုန်၍ လည်းကောင်း, ဝါ။ ပုဗ္ဗန္တ ကပ္ပိက ဒိဋ္ဌိတို့သည် လည်းကောင်း, အပရန္တ ကပ္ပိကဒိဋ္ဌိ တို့သည် လည်းကောင်း, ခြောက်ဆယ့်နှစ်ပါးသော အကြောင်းအရာတို့ဖြင့် ပြောဆိုကြကုန်၏။ ထိုအလုံးစုံသော ဒိဋ္ဌိတို့သည် ဤငါဘုရား၏ ဒေသနာတော် ကွန်ရက်တွင်း၌ သာလျှင် ငုတ်၍ အတွင်းဝင်၍ နေကုန်၏၊

ချစ်သားရဟန်းတို့ ငါဘုရား၏ ကိုယ်ကာယတော်သည်ကား ပြတ်သော တဏှာကြိုး ရှိသည် ဖြစ်၍, တဏှာကြိုး ပြတ်ပြီးသည် ဖြစ်၍ တည်တော်မူ၏. ငါဘုရား၏ ကိုယ်ကာယတော်သည် အကြင်မျှလောက်သော ကာလပတ်လုံး ပရိနိဗ္ဗာန် မပြုသေး၊ ထိုမျှလောက်သော ကာလပတ်လုံး နတ်လူတို့သည် ဖူးမြင် ရကုန်၏၊ ကိုယ်ကာယတော် ပျက်စီး၍ အသက်တော်ကုန်သည်ရှိသော် နတ်လူတို့သည် ငါဘုရားကို မဖူးမြင် ရကုန်။

ချစ်သား ရဟန်းတို့ သရက်သီးခိုင်, သရက်သီးပြွတ်တို့သည် အညှာပြတ်သည်ရှိသော် အလုံးစုံသော သရက်သီးတို့သည် အညှာနှင့် စပ်သည်ဖြစ်၍ အလုံးစုံ ပြတ်၍ ကြွေကျကုန်၏၊ ချစ်သား ရဟန်းတို့ ထိုအတူပင်လျှင် ငါဘုရား၏ ကိုယ်ကာယတော်သည် ပြတ်သော တဏှာကြိုး ရှိ၏။ တဏှာကြိုး ပြတ်သည် ဖြစ်၍ တည်တော်မူ၏၊ ငါဘုရား၏ ကိုယ်ကာယတော် တည်တော်မူသရွေ့ နတ်လူတို့သည် ဖူးမြင်ရကုန်၏။ ကိုယ်ကာယတော် ပျက်သည်မှ အသက်၍ အသက်တော် ကုန်သည်ရှိသော် ငါဘုရား၏ ကိုယ်ကာယတော်ကို နတ်လူတို့သည် မဖူး မြင်ရတော့ကုန်။

ဤသို့ မြတ်စွာဘုရား ဟောတော်မူသည် ရှိသော် အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏။

ဘုန်းတော်သခင် အရှင်ဘုရား, အံ့ဩဘွယ် ရှိပါပေ၏- အရှင်ဘုရား။ ဘုန်းတော် နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား ဤတရားတော်သည် အဘယ်အမည် ရှိပါသနည်း မြတ်စွာဘုရား။

ချစ်သား အာနန္ဒာ, ဤတရား ဒေသနာတော်ကို အတ္ထဇာလသုတ်- ဟူ၍လည်း မှတ်လေလော့။ ဓမ္မဇာလသုတ်- ဟူ၍လည်း မှတ်လေလော့။ ဗြဟ္မ ဇာလသုတ် ဟူ၍လည်း မှတ်လေ, ဆောင်လေလော့။ ဒိဋ္ဌိဇာလ သုတ်- ဟူ၍လည်း မှတ်လေ, ဆောင်လေလော့။ အတုမရှိသော စစ်မြေကို အောင်ခြင်း-ဟူ၍လည်း မှတ်လေလော့။

ဤသို့ မြတ်စွာဘုရား မိန့်တော်မူ၏၊ တရားတော်ကို နာကြကုန်သော ရဟန်းတို့သည် ရွှင်လန်း, ဝမ်းမြောက်စွာ နှစ်သက်ကြကုန်၏၊

သုဘာသိတံ သုလပိတံ၊ သာဓု သာဓုတိ တာဒိနော။
အနုမောဒ မာနာ သီရသာ၊ သမ္ပဋိစ္ဆိံသု ဘိက္ခဝေါ။

တာဒိနော၊ ကောင်းဆိုး နှစ်ပါး တွေ့လာငြားလည်း စိတ်ထား မဖြုံ, တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊သုဘာသိတံ၊ ကောင်းစွာ ဟောတော် မူအပ်သော၊ သုလပိတံ၊ ကောင်းစွာ မိန့်တော် မူအပ်သော ဗြဟ္မဇာလသုတ် ဒေသနာတော်ကို။ ဘိက္ခဝေါ၊ ရဟန်းတို့သည်။ သာဓု သာဓုတိ၊ သာဓု သာဓု- ဟူ၍။ အနုမောဒ မာနာ၊ ဝမ်းမြောက်ကြကုန် လျက်။ သီရသာ၊ ဦးခေါင်းဖြင့်။ သမ္ပဋိစ္ဆိံသု၊ ဝန်ခံကြကုန်၏။

## မြေကြီး တုန်လှုပ်ခြင်း၏ အကြောင်း

ဤဗြဟ္မဇာလသုတ်ကို ဟောတော်မူသော အခါ၌ စကြာဝဠာ တသောင်းရှိသော လောကဓာတ်သည် တုန်လှုပ်လေ၏။ အဘယ်သို့ တုန်လှုပ်သနည်း- ဟူမူကား....

ခြောက်ဆယ့် နှစ်ပါးသော ဒိဋ္ဌိ အပြားကို ခွဲပြတော်မူ၍ ဒိဋ္ဌိတမျိုး- တမျိုးကို ဟောတော်မူ၍ ပြီးဆုံးသော အခါတိုင်း မြေကြီး တုန်လှုပ် သည်ဖြစ်၍, ခြောက်ဆယ် နှစ်ကြိမ် တုန်လှုပ်လေသည်၊

မြေကြီး တုန်လှုပ်ခြင်း၏ အကြောင်းရှစ်ပါး– ဟူသော်ကား–

၁။ ဓာတ် ချောက်ခြားခြင်းကြောင့် လည်းကောင်း။

၂။ တန်ခိုးဣဒ္ဓိ ရှိသော ပုဂ္ဂိုလ်၏ တန်ခိုး အစွမ်းကြောင့် လည်းကောင်း,။

၃။ ဘုရားလောင်း ပဋိသန္ဓေ နေတော်မူသော အခါ၌ လည်းကောင်း,

၄၊ ဖွားတော်မူသော အခါ၌ လည်းကောင်း။

၅၊ ဘုရားဖြစ်တော် မူသော အခါ၌ လည်းကောင်း။

၆။ ဓမ္မာကြာ တရား ဟောတော်မူသော အခါ၌ လည်းကောင်း။

၇။ အာယု သင်္ခါရ လွှတ်တော် မူသော အခါ၌ လည်းကောင်း။

၈။ ပရိနိဗ္ဗာန် ပြုတော်မူသော အခါ၌ လည်းကောင်း။

ဤရှစ်ပါးသော အကြောင်းကို မဟာ ပရိနိဗ္ဗာနသုတ် ဝတ္ထု၌ ပြဆိုလတ့်။

ထိုမှ တပါးလည်း မြေကြီးလှုပ်ခြင်း အကြောင်းရှစ်ပါး ရှိသေး၏။

၁။ တော ထွက်တော်မူသော အခါ၌ လည်းကောင်း။

၂။ ဗောဓိပင်သို့ ကပ်ရောက်တော်မူသော အခါ၌ လည်းကောင်း။

၃။ ပံ့သုကူလ သင်္ကန်းတော်ကို ကောက်တော်မူသော အခါ၌ငင်း။

၄။ ပံ့သုကူလ သင်္ကန်းတော်ကို ဖွပ်လျှော်တော် မူသော အခါ၌ လည်းကောင်း။

၅။ ကာလ ကာရာမသုတ်ကို ဟောတော်မူသော အခါ၌ လည်းကောင်း။

၆။ ဂေါတမကသုတ်ကို ဟောတော်မူသော အခါ၌ လည်းကောင်း။

၇။ ဝေဿန္တရာ ဇာတ်တော်၌ လည်းကောင်း။

၈။ ဤဗြဟ္မဇာလသုတ်ကို ဟောတော်မူသော အခါ၌ လည်းကောင်း, မြေကြီး တုန်လှုပ်လေ၏။ ထိုရှစ်ပါး တို့တွင် တောထွက်တော်မူသော အခါ, ဗောဓိပင်သို့ ကပ်ရောက်တော်မူသော အခါတို့၌ ဝီရိယ အစွမ်းအားဖြင့် တုန်လှုပ်၏။

ပံ့သုကူလ သင်္ကန်းတော် ကောက်တော်မူသော အခါ၌ ကျွန်းငယ်နှစ်ထောင် အငံ့ရှိသော ကျွန်းကြီး လေးကျွန်းကို အုပ်စိုးနိုင်သော ကြော

မင်း အဖြစ်ကို စွန့်တော်မူ၍, ရဟန်းပြုတော်မူ၍ သုံးသာနှ်သို့ ကြွတော်မူ၍ ပံ့သုကူလသင်္ကန်းကို ကောက်တော်မူသော မြတ်စွာဘုရားသည် ပြုနိုင်ခဲစွာသော အမှုကို ပြုတော်မူဘိ၏- တကား - ဟူ၍ အံ့ဩခြင်းကို ဖြစ်စေလျက် တုန်လှုပ်၏။

ပံ့သုကူလ သင်္ကန်းတော်ကိုလျှော်ဖွပ်တော် မူသောအခါနှင့် ဝေဿန္တရာ ဇာတ်တော်၌ မြေလှုပ်ခြင်းသည်ကား အကာလ မြေလှုပ်ခြင်းမည်၏။

ကာလကာရာမသုတ်- ဂေါတမက သုတ်တို့ကို ဟောတော် မူသော အခါ၌ မြေကြီးတုန်လှုပ်ခြင်းသည် ဘုန်းတော် နေဝန်း, တောက်ထွန်းသော် မူပေသော မြတ်ဘုရား.... တပည့်တော် မဟာပထဝီ မြေကြီးသည် အချင်ဘုရား၏ သက်သေဖြစ်ပါ၏ ဘုရား- ဟု လျှောက်ကြား သကဲ့သို့ သက်သေ၏ အဖြစ်ဖြင့် တုန်လှုပ်၏။

ဤဗြဟ္မဇာလ သုတ်ကို ဟောတော်မူသော အခါ၌ မြေကြီး အကြိမ်ပေါင်း ခြောက်ဆယ့်နှစ်ကြိမ် တုန်လှုပ်ခြင်းသည်ကား- ခြောက်ဆယ့်နှစ်ပါး ကုန်သော မိစ္ဆာဒိဋ္ဌိတို့ကို မှုတ်လွင့် ဖျောက်ဖျက်တော်မူ၍ အရှုတ်အထွေးတို့ကို ရှင်းလင်း၍ ဟောပြတော် မူသည်ကို သာဓု ခေါ်ခြင်းကို ပြုသကဲ့သို့ ပြုသည်၏ အစွမ်းဖြင့် တုန်လှုပ်လေ၏။

ဤအခါ၌သာလျှင် မြေကြီးတုန်လှုပ်သည်မဟုတ်, သံဂါယနာ သုံးတန်တင်သော အခါ၌ငှင်း, အရှင်မဟာမဟိန္ဒ ထေရ်မြတ်သည် ဤသီဟိုဠ်ကျွန်းသို့ လာတော်မူ၍ ဇာတိပန-နွယ်ဖြူတော၌ နေတော်မူ၍ တရားဟောတော်မူသော နေ့၌လည်း မြေကြီးတုန်လှုပ်၏။

ကလျာဏီ ကျောင်းနေ ပိဏ္ဍပါတိယ ထေရ်သည် စေတီယင်ပြင်တော်ကို တံမြက်လှဲ၍ ထိုနေရာ၌ပင်လျှင် နေ၍ ဘုရားလျှင် အာရုံရှိသော ပီတိကို ယူ၍ ဤဗြဟ္မဇာလသုတ်ကို အားထုတ်ရွတ်ဆို၍ ပြီးဆုံးသော အခါ၌လည်း မြေကြီးတုန်လှုပ်၏၊

လောဟပါသာဒ ပြာသာဒ်၏ အရှေ့ မျက်နှာ အရပ်၌ အမ္ဗလင်္ဂက မည်သော နေရာသည်ရှိ၏၊ ထိုအမ္ဗလင်္ဂက နေရာ၌ထိုင်၍ ဒီဃနိကာယ်ဆောင် မထေရ်တို့သည် ထိုဗြဟ္မဇာလသုတ်ကို ရွတ်ဆိုကြကုန်၏။ ထို ဒီဃနိကာယ်ဆောင် အရှင်မြတ်တို့ ရွတ်ဆို၍ ပြီးဆုံးသော အခါ၌လည်း ရေအဆုံးရှိသော မြေကြီးသည် တုန်လှုပ်၏၊

ဧဝံ ယဿာနုဘာဝေန၊ အကမ္ပိတ္ထ အနေက သော။
မေဒနီ သုတ္တသေဋ္ဌဿ၊ ဒေသိတဿ သယမ္ဘုနာ။
ဗြဟ္မဇာလဿ တဿိမ၊ ဓမ္မံ အတ္ထဉ္စ ပဏ္ဍိတာ။
သက္ကစ္စံ ဥဂ္ဂဟေတွာန၊ ပဋိပဇ္ဇန္တု ယောနိသော။

ဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသည် အတိုင်း။ ယဿ၊ အကြင် ဗြဟ္မဇာလသုတ်၏။ အာနုဘာဝေန၊ အစွမ်းအာနုဘော်ကြောင့်။ အနေကသော၊ အကြိမ်များစွာ။ မေဒနီ၊ ပထဝီမြေကြီးသည်။ အကမ္ပိတ္ထ၊ တုန်လှုပ်ရ၏။ သယမ္ဘုနာ၊ မြတ်စွာဘုရားသည်။ ဒေသိတဿ၊ ဟောတော်မူသော။ ဗြဟ္မဇာလဿ၊ မြတ်သော သဗ္ဗညုဘဉာဏ် ကွန်ရက်နှင့် တူသောကြောင့် ဗြဟ္မဇာလအမည် ရှိသော။ တဿသုတ္တသေဋ္ဌဿ၊ ထိုသုတ်တော်မြတ်၏။ ဓမ္မဉ္စ၊ ပါဠိတော် အစဉ်ကိုလည်းကောင်း။ အတ္ထဉ္စ၊ အနက် အဓိပ္ပါယ်ကိုလည်းကောင်း။ ဣမ၊ ဤသာသနာတော်၌။ ပဏ္ဍိတာ၊ ပညာရှိ ပုဂ္ဂိုလ်တို့သည်။ သက္ကစ္စံ၊ ရိုသေစွာ။ ဥဂ္ဂဟေတွာန၊ သင်ယူပြီး၍။ ယောနိသော၊ အသင့်အားဖြင့်။ ပဋိပဇ္ဇန္တု၊ ကျင့်ကြစေကုန်သတည်း။

ဗြဟ္မဇာလသုတ်ဝတ္ထု ပြီး၏။

# ၂။ သာမညဖလသုတ် ဝဏ္ဏနာ

## သာမညဖလသုတ်ကို ဟောတော်မူခြင်း အကြောင်း

### နိဒါန်းစကား

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေ—

ဟူသော ပါဠိတော် နိဒါန်းစကား၌ မန္ဓာတုမင်း, မဟာဂေါဝိန္ဒသူဌေး အစရှိသော ဘုန်းကံကြီးမားသော မင်းတို့၏ လက်ထက်၌ သိမ်းပိုက်ယူငင် ပြုပြင် ဖန်ဆင်း မြို့ဖြစ်ခြင်းကြောင့် ရာဇဂဟေ-မင်းယူမြို့-ဟူ၍ ခေါ်ဆို အပ်သော ရာဇဂြိုဟ် မြို့တော်ကြီးသည် မြတ်စွာဘုရားတို့ ပွင့်တော်မူသော အခါ စကြာမင်းတို့ ဖြစ်ပေါ်သော အခါတို့၌ သာလျှင် မြို့ဖြစ်နိုင်၏။ တပါးသော အခါတို့၌ လူနေ အိမ်ခြေမှ ကင်းသည်ဖြစ်၍ ယက္ခပရိဂ္ဂဟိတ-ဘီလူးတို့ သိမ်းပိုက်ယူငင်သော နေရာဖြစ်၏။

ထိုရာဇဂြိုဟ်ပြည်၌ အဘယမင်း မွေးစား၍ ထားသော ဆရာဇီဝကသည် တခုသော အခါ၌ မြတ်စွာဘုရားအား စမြင်း, ဒေါသ စင်ကြယ်တော် မူစေခြင်းငှါ ဆေးတို့ဖြင့် ထုံအပ်သော ကြာပန်း သုံးခိုင်ကို ကပ်၍ နှမ်းတော် မူစေရန် လျှောက်ကြား၍, ဝမ်းလျှော စေပြီး၍, သိဝိတိုင်းဖြစ် အဘိုး တသိန်းထိုက်တန်သော ပုဆိုးတစုံကို လှူဒါန်းမူ၍ တရားတော်ကို နာပြီးသည်၏ အဆုံး၌ သောတာပတ္တိဖိုလ်သို့ ရောက်၍, ဤသို့ ကြံလေ၏။

ငါသည် တနေ့လျှင် နှစ်ကြိမ် သုံးကြိမ် မြတ်စွာဘုရားအား ဆည်းကပ် ခစားခြင်းငှါ သင့်၏၊ ဤဂိဇ္ဈကုဋ်တောင် ဝေဠုဝန် ကျောင်းတော်သည် လည်း အလွန် ဝေးလွန်း၏။ ငါ၏ သရက် ဥယျာဉ်သည် နီး၏၊ ဤသရက် ဥယျာဉ်၌ ကျောင်းဆောက်အံ့-ဟု ကြံပြီး၍, ထိုဆရာဇီဝကသည် မိမိ၏ သရက်ဥယျာဉ်အတွင်း၌ နေ့သန့်ရာ, ညဉ့်သန့်ရာ, လိုဏ်ဂူ, မဏ္ဍပ် စသည် တို့ဖြင့် ပြည့်စုံအောင် စီရင်၍ မြတ်စွာဘုရားအား သင့်လျော်စွာသော ဂန္ဓကုဋိ တိုက်ဘော်ကို ဆောက်လုပ်စေ၍, ထိုအမ္ဗဝန ကျောင်းတိုက်ကြီးကို တဆယ့်ရှစ်ဘောင် မြင့်သော နီသော အဆင်းရှိသော တံတိုင်းဖြင့် ကာရံ

ပြုလုပ်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား ဆွမ်း, သင်္ကန်း စသည်တို့ဖြင့် ရောင့်ရဲစေ၍ အလှူရေစက်ကို သွန်းချ၍ ကျောင်းတိုက်ကြီးကို မြတ်စွာဘုရားအား လှူဒါန်း ဆောင်နှင်းတော် မူသတည်း။

ထိုဆရာဇီဝက ဆောက်လုပ်စေ၍ လှူဒါန်းအပ်သော အမွဝန-သရက် တောကျောင်းတိုက် အတွင်း၌ မြတ်စွာဘုရားသည် သောင့်နှစ်ရာငါးဆယ် သော ရဟန်းတို့နှင့် နေတော်မူ၏။

ထိုအခါ၌ ရာဇဂြိုဟ် ပြည်ဘော်ကြီးဝယ် အဇာတ- မဖွားမီကပင်လျှင် သတ္တု-အဘခမည်းတော်မင်းကြီး၏ ရန်သူဖြစ်သောကြောင့် အဇာတသတ္တု အမည်ရှိသော ဘုန်းကံကြီးမားသော ပစ္စေဗုဒ္ဓါလောင်း အဇာတသတ် မင်းသည် အင်္ဂတိုင်း, မာဂဓတိုင်း, နှစ်တိုင်းလုံးကို အုပ်စိုး၍ နေတော်မူ၏။

## အဇာတသတ်မင်း၏ အတ္ထုပ္ပတ္တိ အကြောင်း

ထိုအဇာတသတ်မင်းသည် အမိဝမ်း၌ ပဋိသန္ဓေ နေဆဲအခါတွင် အမိ ဖြစ်သော ဝေဒေဟီ မိဖုရားကြီးသည် ဤသို့သော ချင်ခြင်းသည် ဖြစ်၏။

ငါသည် ဗိမ္ဗိသာရ မင်းကြီး၏ လက်ရုံးသွေးကို ဖေါက်ယူ၍ သောက်ရ မူကား ကောင်းလေစွ၊

ဤသို့သော ချင်ခြင်းသည် ဖြစ်လာ၍ ငါသည် ဝန်လေးစွာသော အရာ၌ ချင်ခြင်းဖြစ်၏- တကား....တစုံတယောက်သော သူကိုမျှ ပြောကြားခြင်းငှါ မဘဝ်ကောင်းပေ-ဟု နှလုံးပြု၍ ဗိမ္ဗိသာရမင်းကြီးအားလည်း ပြောကြား ခြင်းငှါ မဝံ့ရကား ကြုံလှီ ပိန်ချုံးသော ကိုယ်ရှိ၏။ ထိုအကြောင်းအရာကို မင်းကြီးမြင်၍ ''ရှင်မိဖုရား သင်၏ အတ္တဘောသည် ရှေးကကဲ့သို့ ပကတို အဆင်း မဟုတ်, အဘယ်ကြောင့်နည်း''ဟု မေး၏၊

အရှင်မင်းမြတ် မေးတော် မမူပါလင့်-ဟုဆို၏။

ရှင်မိဖုရား- သင်၏ အလိုဆန္ဒကို ငါ့အား မပြောလျှင် အဘယ်သူကို ပြောကြားဦးမည်နည်း-ဟုဆို၍ ပြောကြားစေ၏။

ထိုအခါ၌ မိဖုရားကြီး ပြောကြားသော စကားကို ကြားလျှင်-

အမိုက်မ-အဘယ်ကို ဝန်လေးဘွယ်-ဟူ၍ သင်မှတ်ထင်သနည်း? ယခုပင် ငါ့ဖေါက်စေ၍ လက်ရုံးသွေးကို တိုက်အံ့-ဟု ဆေးဆရာကို ခေါ်စေ၍ ရွှေဓါးငယ်ဖြင့် လက်ရုံးကိုခွဲစေ၍, ရွှေခွက်ငယ်ဖြင့် သွေးကိုထည့်၍, ရေနှင့် စပ်ဖျော်၍ သောက်စေ၏။



ဗိမ္ဗိသာရ မင်းကြီး၏ လက်ျာလက်ရုံးသွေးကို ဖေါက်ယူနေပုံ။

ထိုအကြောင်းကို နိမိတ်ဖတ် ဆရာတို့သည် ကြားကြ၍ ဤကိုယ်ဝန်သည် မင်းကြီး၏ရန်သူ ဖြစ်လတ့်၊ ဤသားသည် မင်းကြီးကို သတ်လတ့်-ဟု ပြောကြားကြကုန်၏။

ထိုနိမိတ်ဆရာတို့ ပြောကြားသော စကားကို မိဖုရားကြီးကြား၍ ငါ၏ ဝမ်းမှ မွေးဖွားသောသားသည် မင်းကြီးကို သတ်လတ့်တဲ့လော-ဟု ဆို၍ ကိုယ်ဝန်ကို ကျစေလိုရကား ဥယျာဉ်တော်ကို သွား၍ ဝမ်းကို နှိပ်စေ၏။ ကိုယ်ဝန်သည် မကျသည်ဖြစ်၍ ထိုမိဖုရားကြီးသည် အကြိမ်ကြိမ် အခေါက်ခေါက် ဥယျာဉ်တော်သို့သွား၍ ဝမ်းကို နှိပ်စေ၏။

ဗိမ္ဗိသာရ မင်းကြီးသည် ဤမိဖုရားကား အဘယ် အကြောင်းကြောင့် ဥယျာဉ်တော်ကို အခါအခါ အခေါက်ခေါက် သွားပါလိမ့်မည်နည်း?-ဟု အသောက်တော်တို့ကို စေလွှတ်၍ စုံစမ်းသောအခါ ထိုအကြောင်းကို သိ၍ ရှင်မိဖုရား သင်၏ ဝမ်း၌ သားဖြစ်သည်, သမီးဖြစ်သည်-ဟူ၍ မသင်ရှား။ မိမိ၏ဝမ်း၌ဖြစ်သောသားကို ဤကဲ့သို့ ပြုသည်-ဟူ၍ လူအများတို့ ကြားသိလျှင် မကောင်းသတင်း ကျော်စောခြင်းသည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ပျံ့နှံ့၍ သွားလတ့်။ သင်သည် ဤကဲ့သို့မပြုလင့် -ဟုတားမြစ်၍ အစောင့်အရှောက်ကို ထား၏။ —

ထိုမိဖုရားကြီးသည် ဖွားမြင်သောအခါ၌ ထိုသားကို သတ်အံ့-ဟု ကြံ၏၊ (ထိုအရပ်သည်လည်း မဒ္ဒကုစ္ဆိ-ဝမ်းနှိပ်အရပ်-ဟု တွင်လေ၏။)

ဖွားမြင်သော အခါ၌လည်း အစောင့်အရှောက် ထားသော သူတို့က စောင့်ရှောက် ပယ်ရှားသဖြင့် သတ်ခြင်းငှါ မတတ်နိုင်။ နောက်အခါ၌ အရွယ်သို့ရောက်သည် ရှိသော် မင်းသားကလေးကို မိဖုရားကြီးအား ပြကြကုန်၏၊ မိဖုရားကြီးသည် မြင်သည်ရှိသော် သား၏ချစ်ခြင်းဖြင့် သတ်ခြင်းငှါ မတတ်နိုင်တော့ပြီ။

ဗိမ္ဗိသာရမင်းကြီးသည်လည်း မင်းသားကလေးအား အိမ်ရှေ့မင်း အရာ၌ ထား၏၊ နောက်အခါ၌ အရှင်ဒေဝဒတ်နှင့် ပေါင်းစပ်မိ၍ ဗိမ္ဗိသာရ မင်းကြီးကို သတ်၏။

## အရှင်ဒေဝဒတ်သည် မကောင်းသောအကြံကို ကြံစီကြောင်း

တရံသော အခါ၌ အရှင်ဒေဝဒတ်သည် ဆိတ်ကွယ်ရာ၌ နေ၍ ဤသို့ ကြံ၏။ သာရိပုတ္တရာ၏ ပရိသတ်သည်လည်း များ၏၊ မဟာမောဂ္ဂလာန်၏ ပရိသတ်သည်လည်း များ၏၊ မဟာကဿပ၏ ပရိသတ်သည်လည်း များ၏။

ဤသူတို့သည် ကိုယ်စီ ကိုယ်စီ ပရိသတ်နှင့် တကွ အမှူးပြု၍ နေကြကုန်၏။ ငါသည်လည်း အမှူးပြု၍ ပရိသတ်ကို ဆောင်အံ့-ဟု မကောင်းသော အကြံကို ကြံလေ၏၊ ငါသည် လာဘ်ပေါများခြင်းနှင့် ကင်း၍ပရိသတ်ကိုဖြစ်စေခြင်းငှါ မတတ်နိုင်။ ယခုပင်လျှင် လာဘ်ပေါများခြင်းကို ဖြစ်စေအံ့-ဟု ကြံ၍, ဝိနည်း သံဃာဘေဒခန္ဓကဌ လာသည်အတိုင်း အဇာတသတ်မင်းကလေးကို တန်ခိုးပြ၍ ကြည်ညိုစေပြီးလျှင် ညနေအခါ တကြိမ်, နံနက်အခါတကြိမ်, ရထား ငါးရာတို့နှင့် ဆည်းကပ်လာသော အဇာတသတ် မင်းသားကလေးကို ဤသို့ ပြောဆိုလေ၏၊

အဇာတသတ် မင်းသား-ရှေးအခါ၌ လူတို့သည် အသက်ရှည်ကြကုန်၏။ ယခုအခါ၌ အသက် တိုကြကုန်၏၊ ထိုကြောင့် သင်သည် အဘကို သတ်၍ မင်းပြုလော့။ ငါသည် ဘုရားကိုသတ်၍ ဘုရား ပြုလုပ်အံ့-ဟု ပြောဆို၍ အဘကို အသတ်ခိုင်းလေ၏။

ထိုအဇာတသတ် မင်းသားကလေးသည် အရှင်ဒေဝဒတ်ကား ကြီးသော တန်ခိုး ရှိ၏၊ မသိမမြင်သော အရာမည်သည် တစုံတခုမရှိ-ဟု မှတ်ထင်၍, စေခိုင်းသလို ပြုလုပ်အံ့-ဟု ကြံ၍ ပေါင်အတွင်း၌ သံလျက်ကို ဖွဲ့ချည်၍ နေ့လည်အခါကြီး၌ ကြောက်ရွံ့ တုန်လှုပ်ထိတ်လန့်စွာ ဖြစ်လျက် နန်းတော်တွင်းသို့ ဝင်သည်ကို အမတ်တို့သည် ဖမ်းယူ၍, မေးမြန်းစိစစ်၍ မင်းသားကိုလည်း သတ်ထိုက်၏၊ အရှင်ဒေဝဒတ်ကိုလည်း သတ်ထိုက်၏။ အလုံးစုံသော ရဟန်းတို့ကိုလည်း သတ်ထိုက်၏ ဟု တိုင်ပင် ပြောဆိုကြကုန်၏။ ထိုနောက် မင်းကြီး၏ အာဏာအားဖြင့် ပြုကြကုန်အံ့-ဟု မင်းကြီးအား ပြောကြား လျှောက်ထားကြကုန်၏၊

ဗိမ္ဗိသာရ မင်းကြီးသည် မင်းသားကို သတ်လိုကုန်သော အမတ်တို့ကို အရာမှချ၍ မင်းသားကိုမသတ်လိုကုန်သော သူတို့ကို အရာပေး၍ မင်းသားကို ဤသို့ မေး၏၊

အဘယ်ကြောင့် ငါ့ကို သတ်လိုသနည်း-ဟု မေးလျှင် မင်းအဖြစ်ကို အလိုရှိ၍ သတ်လို၏-ဟု ပြောလျှင် ဗိမ္ဗိသာရ မင်းကြီးသည် မင်းအဖြစ်ကို ပေးလေ၏၊

ထိုအခါ၌ အဇာတသတ်မင်းသည် ငါ၏နှလုံး ပြည့်စုံပြီ-ဟု မှတ်ထင်၍ အရှင်ဒေဝဒတ်အား ပြောကြားလေ၏။

ထိုအခါ၌ အသင် မင်းသား ငါ၏ အလို ပြည့်စုံပြီ-ဟု မှတ်ထင်၍ မြွေဆိုးကို အဖွင့်မှာထား၍ သားရေစည်ကိုကျက်သော ယောကျ်ားကဲ့သို့ ကိစ္စပြီးပြီ-ဟူ၍ မှတ်ထင်သလော, မကြာမီပင်လျှင် သင်၏ အဘသည်

သင့်ကို အယုတ်အားဖြင့် ကြံ၍ သူကိုယ်တိုင်မင်းပြု၍ နေလတံ့-ဟု ဆို၏။ ယင်းသို့ ဖြစ်သော် အဘယ်သို့ ပြုရအံ့နည်း-ဟု မေး၏။ အာဟာရကို ဖြတ်၍ သတ်လေလော့-ဟု စေခိုင်း၏။

ထိုအခါ၌ အဇာတသတ်မင်းသည် အရှင်ဒေဝဒတ် စေခိုင်းတိုင်း ရာဇဝတ်သားတို့ကို ညွှန်းဆဲ၍ ထားသော မီးခိုးအရှိန် ပူသော ရာဇဝတ်အိမ်အတွင်းသို့ ချထားစေ၍, ငါ၏မယ်တော်ကို ချန်ထား၍ ကြွင်းသောသူတို့ကို မြင်ခြင်းငှါ မပေးရ-ဟု ဆို၍ ဗိမ္ဗိသာရမင်းကြီးကိုထားသော ရာဇဝတ်အိမ်အတွင်းသို့ မယ်တော် တယောက်ကို သာလျှင် ဝင်ထွက်ရန် အခွင့်ပေး၏။

မိဖုရားကြီးသည် ရွှေခွက်ဖြင့် ထမင်းကို ဆောင်ယူ၍ ခါးပိုက်တွင်း၌ ထားလျက် ရာဇဝတ်အိမ်အတွင်းသို့ဝင်၍ ကြွေး၏၊ မင်းကြီးသည် ထိုထမင်းကို စား၍ နေ၏၊

အဇာတသတ်မင်းသည် ငါ၏ခမည်းတော်သည် အဘယ်သို့ နေသနည်း-ဟု မေး၍ ထိုအကြောင်းကို ပြော၍ကြားလျှင် ငါ၏ မယ်တော်ကို ခါးပိုက်အတွင်း၌ တစုံတခုကိုမျှ ယူ၍မဝင်စေရ-ဟု ဆို၏၊ ထိုအခါမှစ၍ မိဖုရားကြီးသည် ဦးထုပ် အတွင်း၌ ထမင်းကို ထည့်၍ ဝင်၏၊ ထိုအကြောင်းကိုလည်း သိပြန်၍ မယ်တော်ကို ဦးထုပ်ဆောင်း၍ မဝင်စေရ-ဟု ဆိုပြန်၏။

ထိုနောက် ရွှေခြေနင်းတို့၌ ထမင်းကို ထား၍ ပိတ်ပုံး၍ ရွှေခြေနင်းကို စီး၍ဝင်၏။ တဖန် ထိုအကြောင်းကို သိပြန်၍ မယ်တော်ကို ခြေနင်းစီး၍ မဝင်စေရ-ဟု ဆိုပြန်၏၊

ထိုနောက် မိဖုရားကြီးသည် မိမိကိုယ်ကို နံ့သာရေတို့ဖြင့် ချိုး၍ ကိုယ်ကို စတုမဓုဖြင့် လိမ်းကြံ၍ အဝတ်ကို ချုံ၍ဝင်၏။ ဗိမ္ဗိသာရ မင်းကြီးသည် မိဖုရား၏ ကိုယ်ကို လျှာဖြင့် လျက်၍ မျှတရ၏၊ ထိုအကြောင်းကိုလည်း သိပြန်၍ ဤမှ စ၍ မယ်တော်ကို မဝင်စေရ- ဟု တားမြစ်စေ၏။

ထိုအခါမှ စ၍ မိဖုရားကြီးသည် တံခါးဝ၌ ရပ်၍, ချစ်လင် ဗိမ္ဗိသာရ ဤသားကို ငယ်စဉ်အခါက သတ်ခွင့်ကို မပေး။ မိမိ၏ ရန်သူကို မိမိ ပင်လျှင် မွေးမြူ၏။ ဤယခု အခါသည်ကား အရှင်မင်းမြတ်ကို နောက်ဆုံး မြင်ရခြင်း ပါတည်း။ ဤမှ နောက်၌ ကျွန်တော်မသည် အရှင်မင်းမြတ်ကို မြင်ခြင်းငှာ မရတော့ပါ၊ ကျွန်တော်မ၌ အကယ်၍ အပြစ်ရှိငြားအံ့ သည်းခံတော်မူပါ အရှင်မင်းမြတ်- ဟု ဆို၍ ငိုကြွေး မြည်တမ်းလျက် ပြန်သွားလေ၏။

ထိုအခါမှစ၍ မင်းကြီးအား အစာအာဟာရ မရှိတော့ပြီ။ မင်းကြီးသည် သောတာပတ္တိဖိုလ်၌ တည်ပြီးဖြစ်၍ကား မဂ်ချမ်းသာ, ဖိုလ်ချမ်းသာဖြင့် သာလျှင် စင်္ကြံသွားလျက် မျှတ၍ နေ၏။ အလွန်လျှင် အတ္တဘောသည် တင့်တယ်၏။


ထိုအကြောင်းကိုလည်း အဇာတသတ် သိပြန်၍ စင်္ကြံသွားခြင်းကို ဖြတ်အံ့-ဟု ကြံ၍ ငါ၏ ခမည်းတော်၏ ခြေဖဝါးတို့ကို သင်ဒုံး ဓားဖြင့် ခွဲ၍ ဆား, ဆီဖြင့် နယ်၍ ရှားမီးခဲဖြင့် ကင်လေလော့- ဟု ဆတ္တာသည်တို့ကို စေခိုင်း၏၊

ဗိမ္ဗိသာရ မင်းကြီးသည် ဆတ္တာသည်တို့ လာသည်ကို မြင်၍ ငါ၏ သားကို တစုံတယောက်သော သူသည် ဖြောင့်ဖျ ဆုံးမသည် ဖြစ်လတံ့။ ဤဆတ္တာသည်တို့သည် ငါ၏ မုတ်ဆိတ် ဆံပင်တို့ကို ပြုပြင်ရန် လာရောက်ကုန်၏ ဟု ကြံ၏၊

ထိုဆတ္တာသည်တို့သည် မင်းကြီးကို ရှိခိုး၍ ရပ်ကြကုန်၏၊ အဘယ်ကြောင့် လာကြကုန်သနည်း- ဟု မေးသည် ရှိသော် ထိုအကြောင်းကို ဆတ္တာသည်တို့က မင်းကြီးအား လျှောက်ကြားကုန်၏။ သင်တို့မင်း၏ အလိုအတိုင်း ပြုကြကုန်လော့-ဟု ဆိုလျှင် အရှင်မင်းမြတ် ထိုင်တော်မူပါလော့- ဟု ဆို၍ မင်းကြီးကို ရှိခိုး၍ အရှင်မင်းမြတ် အကျွန်ုပ်တို့သည် မင်း၏ အာဏာကို ပြုပါကုန်၏၊ အကျွန်ုပ်တို့အား အမျက်တော် မထွက်ပါလင့်, ဤအမှုသည် အရှင်မင်းကြီးတို့ ကဲ့သို့ တရားမင်းတို့အား မလျော်ပါ ဟု ဆို၍ လက်ဝဲလက်ဖြင့် ခြေဖမျက်ကို ကိုင်၍ လက်ယာ လက်ဖြင့် သင်ဒုံးဓားကို ကိုင်၍ ခြေဖဝါးအပြင်တို့ကို ခွဲ၍ ဆား, ဆီဖြင့် နယ်၍, ရှားမီးခဲ၌ ကင်ကြကုန်၏၊ (ဗိမ္ဗိသာရ မင်းကြီးသည် ရှေးဘဝတို့က စေတီတော်ရင်ပြင်၌ ဘိနပ်စီး၍ သွားဘူး၏။ ထိုင်စေရန် ခင်းထားသော ဖျာ, သင်ဖြူးကို မဆေးသော ခြေတို့ဖြင့် နင်းဘူး၏။ ထို အကုသိုလ်၏ အကျိုးဆက် ဖြစ်သည် ဟု ဆိုကြကုန်သည်။)

ထိုအခါ၌ ဗိမ္ဗိသာရ မင်းကြီးသည် ပြင်းထန်သော ဝေဒနာ ဖြစ်၍ အဟောဗုဒ္ဓေါ, အဟောဓမ္မော, အဟောသံဃော၊ အလို ဘုရား, ဘုရား၊ အလို တရား, တရား၊ အလို သံဃာ, သံဃာ- ဟု အောက်မေ့လျက် စေတီရင်ပြင်၌ ပစ်ချထားသော ပန်းကဲ့သို့ ညှိုးနွမ်း၍ စတုမဟာရာဇ်နတ်ပြည်၌ ဝေဿဝဏ္ဏ နတ်မင်းကြီး၏ အခြွေအရံ ဇနဝသဘ- နတ်သား ဖြစ်လေ၏၊

ထိုနေ့၌ပင်လျှင် အဇာတသတ်၏ သားသည်လည်း မွေးဖွား၏။ သားတော် ဖွားမြင်ကြောင်း စာကို လည်းကောင်း, ခမည်း တော် အသက်




ဗိမ္ဗိသာရ မင်းကြီး၏ ခြေဖဝါးကို ဓားဖြင့် ခွဲနေပုံ။

ကုန်ကြောင်း စာကို လည်းကောင်း, ထိုနှစ်ခုသောစာတို့သည် တပြိုင်နက် ရောက်လာကုန်၏။ အမတ်တို့သည် ရှေးဦးစွာ သားတော် ဖွားမြင်ကြောင်း စာကို လျှောက်ကြားကုန်အံ့- ဟု အဇာတသတ်မင်း၏ လက်၌ စာကိုထားကုန်၏။

အဇာတသတ် မင်းသည် ထိုခဏ၌ ပင်လျှင် သား၌ ချစ်ခြင်း ဖြစ်၍ အလုံးစုံ တကိုယ်လုံး ခြောက်ခြားခ၍ ရိုးတွင်းခြင်ဆီ ထိအောင်တည်လေ၏၊ ထိုခဏ၌ ခမည်းတော်၏ ဂုဏ်ကို သိ၏။ ငါမွေးစ အခါ၌လည်း ငါ၏ ခမည်းတော်သည် ဤကဲ့သို့ပင် ချစ်ခြင်း ဖြစ်လိမ့်မည်-ဟု အောက်မေ့၏။

ထိုအခါ၌ အချင်းတို့ သွားကြကုန်လော့။ ငါ၏ အဘကို လွှတ်ကြကုန်လော့- ဟု ဆို၏။ အရှင်မင်းမြတ် အဘယ်ကို လွှတ်ရအံ့နည်း-ဟု ဆို၍ ခမည်းတော် အသက်ကုန်ကြောင်း စာကို မင်း၏လက်၌ ထားကြကုန်၏။

အဇာတသတ်မင်းသည် ထိုအကြောင်းကို သိလျှင် ငိုကြွေးလျက် မယ်တော် အနီးသို့ သွား၍-

မယ်တော်ဘုရား, အကျွန်ုပ်ကို မွေးဖွားစ အခါက အကျွန်ုပ်၏ ခမည်းတော်သည် ချစ်ခြင်းဖြစ်ပါသလော-ဟု မေး၏၊ ဟယ်- သားမိုက်၊ အဘယ်သို့ ဆိုသနည်း.... သင်ငယ်စဉ် အခါက လက်ညှိုး၌ ပြီဝပ်သော အကျိပ် အဖု အနာဖြစ်၏။ ထိုအနာကြောင့် ငို၍နေသော သင့်ကို ချော့မော့ခြင်းငှါ မတတ်နိုင်သောကြောင့် သင့်ကို ခေါ်ယူ ချီပိုက်၍ ရုံးထိုင်ရာ၌ နေသော သင်၏ ခမည်းတော် ထံသို့ သွားကြကုန်၏။ သင်၏ ခမည်းတော်သည် လက်ညှိုးကလေးကို ခံတွင်းဖြင့် ငုံ၍ ထား၏၊ ပြီကိုက်သော အနာသည် ပေါက်၍ ပြီထွက်လာ၏၊ ထိုအခါ၌ သင်၏ခမည်းတော်သည်သင့်ကို ချစ်သောကြောင့် သွေးနှင့် ရောသော ထိုပြီကို ခံတွင်းဖြင့် မျိုလိုက်၏။

သင်၏ ခမည်းတော်သည် ဤမျှလောက်ပင် သင့်ကို ချစ်၏-ဟု မယ်တော်က ပြောသောအခါ အဇာတသတ်သည် ငိုကြွေး၍ ခမည်းတော်၏ အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ခြင်း- သရီရကိစ္စကို ပြုလုပ်၏။

## အရှင်ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ရန် ကြံစီကြောင်း

အရှင်ဒေဝဒတ်သည် အဇာတသတ်မင်းသို့ ကပ်၍-

ဒါယကာ မင်းမြတ် မြတ်စွာဘုရားကို သတ်နိုင်လောက်သော ယောကျ်ားတို့ကို စေလွှတ်ပါလော့- ဟု ဆို၍ အဇာတသတ်မင်းက စေလွှတ်သော ယောကျ်ားတို့နှင့် မိမိကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်၍ စက်ယန္တရား

ဖြင့် ကျောက်ခဲကြီးကို လိမ့်၍ ချသော် လည်းကောင်း, နာဠာဂီရိဆင်ကို လွှတ်၍ ဆင်နှင့်တိုက်သော် လည်းကောင်း, လေးသမားတို့ကို စေလွှတ်၍ ပစ်သတ်ရန် စေခိုင်းသော် လည်းကောင်း, တစုံတခုသော အကြောင်းဖြင့် မြတ်စွာဘုရားကို သတ်ခြင်းငှါ မတတ်နိုင်ရကား ယုတ်လျော့သော လာဘ သက္ကာရှိသည်ဖြစ်၍ (ပုံ့သူကူလ, အရည, ရုက္ခ, ပိဏ္ဍပါတ်, မံသ, မစ္ဆ, ရှောင်ရေစအပ်, ငါးဖြာ ဘောင်းပန်ရပ်။ ဒေဝဒတ်ဉာဏ်, စင်းလဲဟန်, ခိုးခြသည်သို့ မှတ်) ဤငါးပါးသော ဝတ္ထုတို့ကို မြတ်စွာဘုရား အထံ၌ ခိုးခြ၍ကျင့်လိုဟန် စဉ်းလဲဉာဏ်ဖြင့် တောင်းပန်သည်ကို မြတ်စွာဘုရားက အခွင့် မပြုသဖြင့် ထိုငါးပါးသောအကျင့်တို့ဖြင့် မိမိသည်ကျင့်၍, လူအများ တို့အား လိမ်လည်လှည့်စား၍။ သက်သတ်လွတ် စားခြင်း, တောကျောင်း တောင်ကျောင်း နေခြင်း, နူတ်ဖျား ချိုစွာ သာယာသော စကားဖြင့် ဒါယကာ အများကို ဖြားယောင်း သွေးဆောင်ကာ ငါးရာမျှလောက် သော ရဟန်း မလိမ်မာ ကလေးတို့ကို ခေါ်ယူ၍ သံဃဘေဒ အမှုကို ပြုသည်ရှိသော် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် တို့သည် အရှင် ဒေဝဒတ်ထံသို့ သွား၍ ငါးရာမျှလောက်သော ရဟန်းကလေးတို့ကို တရား ဟော၍ ခေါ်ယူ ပြန်သွားကြသော အခါ၌ကောကာလိက အမည်ရှိသော အရှင် ဒေဝဒတ်၏ အဖေါ် ရဟန်းက, အရှင် ဒေဝဒတ်ကို ခြေဖြင့် ကျောက်ကန်၍ သွေးအံသည်ရှိသော် ကိုးလပတ်လုံး သူနာ ညောင်စောင်း၌ အိပ်နေရသော အရှင်ဒေဝဒတ်သည် ဝိပ္ပဋိသာရ- နှလုံးမသာ ဖြစ်လှ၍ ယခု အခါ၌ မြတ်စွာဘုရား အဘယ်မြို့မှာ နေသနည်း- ဟု မေး၍ ဇေတဝန် ကျောင်းတော်၌ နေတော်မူကြောင်းကို လျှောက်ကြားသော အခါ ငါ့ကို ညောင်စောင်းဖြင့် ဆောင်ယူ၍ ပြကြကုန်လော့။ ငါသည် မြတ်စွာဘုရား ကို ကန်တော့ပါမည်-ဟု ဆို၍ ဆောင်ယူကာ သွားကြပါသော်လည်း မြတ်စွာ ဘုရားကို ဖူးမြော်တိုက်သော ကံကို မပြုလုပ်သောကြောင့် ဇေတဝန်ကျောင်း တိုက်တော် အတွင်း လေထောင့် ရေကန်၏ အနီး၌ နှစ်ဖြာကွဲသော ပထဝီ မြေကြီး အောင်းသို့ ဝင်၍ အဝီစိ ငရဲကြီး၌ ကျလေ၏။

အကျဉ်းစကားမျှသာ ဤသုတ်သီလက္ခန် ဝတ္ထု၌ ပြအပ်၏။ အကျယ် စကား သည်ကား ဝိနည်း စူဠဝါ သံဃဘေဒ ခန္ဓက၌ လာ၏။

အဇာတသတ် မင်းသည်လည်း အရှင်ဒေဝဒတ်ကို မြေမျိုသည်- ဟု ကြားသောကြောင့် လည်းကောင်း, ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးကို သတ်မိသောကြောင့် လည်းကောင်း, ညအခါ၌ အိပ်အံ့- ဟု မျက်စိကို မှိတ်ခါမျှ၌ သာလျှင် လှံပေါင်း တရာဖြင့် မျက်စိကို ထိုးဆွတ်သကဲ့သို့

မှတ်ထင်၍ ရောင်ရမ်း ပြောဆိုလျက် လန့်၍ထ၏။ အဘယ်အကြောင်း ပါနည်း- ဟု မေးသည်ရှိသော် ဘာမှ မဟုတ်ဘူး— ဟူ၍ ပြော၏။

အဇာတသတ် မင်းသည် အိပ်စက်ခြင်းငှါ မတတ်နိုင်ပကား၊ ငါ့အား အိပ်စက်ရခြင်းသည် မနှစ်သက်ဖွယ် ဖြစ်၏— ဟု မအိပ်စက်မူ၍, စက်တော် မခေါ်မူ၍ ငိုက်မြည်းခြင်း, အိပ်ချင်ခြင်းကို ပယ်ဖျောက်ဒ့်သောငှါ အမတ် အပေါင်းတို့ဖြင့် ခြံရံလျက် အထက် ပြသာဒ်ပေါ်၌ နေ၏။ ထိုနေ့ညဥ့်သည် ကား မိုးလေးလ အဆုံး ကုမုဒြာကြာပွင့်တုံး တန်ဆောင်မုံးလပြည့်နေ့ ဖြစ် ၏။ တိမ်တိုက် စင်ကြယ်သဖြင့် အရောင်သည် အလွန်သန့်ရှင်း စင်ကြယ်၍ ကြည်ညိုဘွယ်ရှိ၏။

ထိုအခါ၌ အဇာတသတ်မင်းသည် မြတ်စွာဘုရားကို စိတ်ထဲက အောက်မေ့ ၍ ဖူးမြင်လိုသော စိတ်ရှိ၏၊ ဖူးမြင်လိုသော စိတ်ဖြစ်သော်လည်း ကိုယ်တိုင် သွား၍ ဖူးမြင်ဝံ့မည်ကား ဝေးစွ။ အရှင်ဒေဝဒတ်ကို မြေမျိုသည်- ဟု ကြားသည်မှ စ၍ ငါသည် မှားခြင်းကြီး မကအောင် မှားလှချေ၏ ·တကား၊ မြတ်စွာဘုရားကို သတ်ရန် ကြံစီအားထုတ်သော အရှင်ဒေဝဒတ်ကို ထောက်ပံ့ ကူညီ၍ အားပေး မိချေ၏-တကား၊ ထိုအရှင် ဒေဝဒတ်၏ စကားကိုပင် နားချောင်၍ ခမည်းတော်ကိုလည်း သတ်မိချေ၏- တကား၊ ငါ၏ ခမည်း တော်သည် မြတ်စွာဘုရားကို အလွန်ရိုသေလေးမြတ်စွာ ဆည်းကပ် ကိုးကွယ် ၍ နေသော မြတ်စွာဘုရား၏ အလုပ်အကျွေး ဒါယကာကြီး ဖြစ်ပါ တကား။ အရှင်ဒေဝဒတ်သည်လည်း ငါ့ကို အမှီပြု၍ မြတ်စွာ ဘုရား၏ အကျိုးယုတ်ကို များစွာ ပြုလုပ်နိုင်ပါ တကား။ ငါသည် မဟာ အပရာဓ- ကြီးလှစွာသော အပြစ်ကို ပြုမိချေ၏- တကား။ မြတ်စွာဘုရား အပေါ်၌ ငါ၏ အပြစ်သည် ကြီးလှစွာ၏— တကား၊

မြတ်စွာဘုရား အထံသို့ ရောက်အောင် အဘယ်သို့ ကြံ၍ သွားရပါအံ့ နည်း။ မြတ်စွာဘုရားအထံသို့ ငါသွားလိုသည်။ ငါ့ကို ယခုပင်လျှင် မြတ်စွာ ဘုရား အထံသို့ ပို့ကြလော့-ဟု ဆိုရမည်လည်း မြတ်စွာဘုရား၏ ရန်သူတော် ဖြစ်သော အရှင်ဒေဝဒတ်၏ အသင်းအပင်း ဒါယကာ ဖြစ်၍ နေသောကြောင့် ငါ့ကို မည်သူမျှ အကောင်း ထင်တော့မည် မဟုတ်။ ဆရာဇီဝကသည်ကား မြတ်စွာဘုရား၏ အလုပ်အကျွေး ဒါယကာဖြစ်၏။ ဆရာဇီဝက၏ နောက်ဆွယ် က နေ၍ မြတ်စွာဘုရားကိုဖူးမြင်ရန် ကြံစီရမူကား— သင့်လျော်ဘွယ်သော အကြောင်းရှိ၏—ဟု ကြံပြီး၍ ဆရာဇီဝကကို တဲ့တဲ့မပြောဝံ့ဘဲ [illegible] အနှံ့ပိ နိမိတ်ကို ပြလိုရကား....ဤသို့သော ဥဒါန်းစကားကို ကျူးရင့်မြွက်ဆိုလေ၏။ အဘယ်သို့ မြွက်ဆိုသနည်း ဟူမူကား....

အချင်းသို့ - မိုးခိုး မြူတိမ် သူရိန် ဆီးနှင်း အပြစ်ကင်းသော ညဥ့်သည် ငွေ့ငွေ့ချင်ဘွယ်ရှိစွတကား- အလွန်အဆင်းအရောင်ဖြင့် တင့်တယ်စွတကား- (လမင်း၏ အရောင်အဆင်းဖြင့် တင့်တယ်ခြင်း ရှိစွ-တကား။) တိမ်တိုက် စင်ကြယ် ကောင်းကင်လယ်၌ ရှုချင်ဘွယ် ရှိစွ-တကား။ နက္ခတ်ပန်းနွယ် ဆန်းကြယ်လှစွာ လရောင်သာသဖြင့် လွန်စွာ ကြည်ညိုဘွယ် ရှိစွတကား။ နေ့ထူး, ရက်ထူး, လအထူးကို ပိုင်းခြား ကဗျည်းထား၍ မှတ်သားဘွယ် ကောင်းသော ညဥ့်အထူး ဖြစ်စွ-တကား....။

ယနေ့ ညဥ့်အခါဝယ် အဘယ်မည်သော သူတော်သူမြတ်ကို ဆည်းကပ် ရပါအံ့နည်း။ ငါတို့သည် အဘယ်မည်သော သူတော်သူမြတ်ကို ဆည်းကပ်၍ စိတ်၏ ကြည်လင်ခြင်း ဖြစ်ရပါအံ့နည်း-။ ဤသို့သော ရာဇပရိယာယ်ဖြင့် ဝိုက်သွယ်ကာ အရိပ်သွေးလျက် နိမိတ်ပေးသော စကားကို အပါးက နေသော ဆရာ်ဝကကြားအောင် မြွက်ကြား မြည်ဆိုလေသတည်း။

ဆရာဝကသည်ကား အဇာတသတ်မင်းသည် ငါ့ကိုရည်မှန်း၍ ဥဒါန်း စကား မြွက်ကြား မြည်ဆိုကာ အရိပ်သွေးလျက် နိမိတ်ပေးသောစကား-ဟု ထင်ရှားစွာ သိသော်လည်း တပါးသော အမတ်တို့ ဝင်၍လျှောက်တင်သော စကားကို နားထောင်လျက် တိတ်တိတ်သာ နေလေသတည်း။

ထိုအခါ၌ သသဏ္ဍာရ တိတ္ထိ ဆရာကြီး ခြောက်ယောက်တို့ကို ဘုရား-မှတ်ထင်၍ ကိုးကွယ်ကြကုန်သော အမတ် ခြောက်ယောက်တို့သည် အသီး အသီး မိမိတို့ ကိုးကွယ်သော တိတ္ထိဆရာကြီးတို့၏ ဂုဏ်ကို ဖေါ်ကြားလျက် လျှောက်တင်ကြကုန်၏။ လျှောက်တင်ပုံကား....

အရှင်မင်းမြတ် အကျွန်ုပ်၏ဆရာ ပုရာဏကဿပ အမည်ရှိသော ဆရာကြီး သည် သံဃာလည်း ရှိ၏။ ဂိုဏ်းလည်း ရှိ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒတရားစကားကို အသီးအခြား ပြုတတ် ၏။ များစွာသော လူအပေါင်းတို့က သူတော်ကောင်း-ဟူ၍ သမုတ်ကြ ပါ၏။ ရဟန်းပြု၍ကြာမြင့်၏။ တတိယ အရွယ်သို့ ရောက်၏။ အရှင်မင်းမြတ် သည် ထိုပုရာဏကဿပ ဆရာကြီး အထံသို့ ဆည်းကပ်ရပါမူကား အရှင် မင်းမြတ်၏ စိတ်သည် ကြည်လင်ခြင်း ဖြစ်ရာ၏။ ဤသို့ လျှောက်တင်သည် ရှိသော် အဇာတသတ်မင်းသည် တိတ်တိတ်သာလျှင် နေ၏။

တယောက်သော အမတ်ကလည်း မက္ခလိဂေါသာလ အထံသို့ ဆည်းကပ် ရလျှင် စိတ်ကြည်လင်ခြင်း ဖြစ်ရာ၏-ဟု လျှောက်တင်လေ၏။ အဇာတသတ် မင်းသည် တိတ်တိတ်သာလျှင် နေ၏။

တယောက်သောအမတ်ကလည်း ကေသကမ္ဗလ အဇိတထံသို့ ဆည်းကပ်ရလျှင် စိတ်ကြည်လင်ရာ၏-ဟု လျှောက်တင်၏။ အဇာတသတ်-မင်းသည် တိတ်တိတ်သာလျှင် နေ၏။

တယောက်သော အမတ်ကလည်း ကစ္စာယန အမျိုးဖြစ်သော ပကုဓ အထံသို့ ဆည်းကပ်ရလျှင် စိတ်ကြည်လင်ရာ၏-ဟု လျှောက်တင်၏။ အဇာတသတ် မင်းသည် တိတ်တိတ်သာလျှင် နေ၏။

တယောက်သော အမတ်ကလည်း ဗေလဋ္ဌ၏သား သဉ္စယပရိဗိုဇ်၏ အထံသို့ ဆည်းကပ်ရလျှင် စိတ်ကြည်လင်ရာ၏-ဟု လျှောက်တင်၏။ အဇာတသတ် မင်းသည် တိတ်တိတ်သာလျှင်နေ၏။

တယောက်သော အမတ်ကလည်း နာဋ၏သား နိဂဏ္ဌ အထံသို့ ဆည်းကပ်ရလျှင် စိတ်ကြည်လင်ရာ၏-ဟု လျှောက်တင်၏။ အဇာတသတ် မင်းသည် တိတ်တိတ်သာလျှင် နေ၏။

ထိုအမတ် ခြောက်ယောက်တို့သည် မိမိတို့ ကိုးကွယ် ဆည်းကပ်သော တိတ္ထိဆရာကြီး ခြောက်ယောက်တို့၏ ဂုဏ်ကို ပေါ်ကြား၍ လျှောက်တင်သော စကား ပြီးဆုံးသော်လည်း ဆရာဇီဝကသည် တစုံတခုသော စကားကိုမျှ မလျှောက်တင်ဘဲ အဇာတသတ်မင်း အပါး၌ ထိုင်လျက် တိတ်တိတ်သာလျှင် နေသတည်း။

အဘယ်ကြောင့် တိတ်တိတ်နေသနည်း ဟူမူကား....ဤအမတ် ခြောက်ယောက်တို့၏ ဆရာဖြစ်သော တိတ္ထိဆရာကြီးများ အထံသို့ အဇာတသတ် မင်းသည် ဆည်းကပ် ခစား၍ ပုစ္ဆာများကို မေးမြန်းဘူးသော အခါ၌ နှစ်သက်ခြင်းမရှိ၊ ထိုတိတ္ထိဆရာကြီးတို့၏ အယူဝါဒသည် ဒ. နှစ်သာရ မရှိ-ဟု သိလျက် နေရာတွင် ထိုဆရာကြီးတို့၏ဂုဏ်ကို ယခုတဖန် ထပ်မံ၍ လျှောက်တင်သော အမတ်ခြောက်ယောက်၏ စကားကိုကြား၍ နှလုံးမသာ ဖြစ်ပြီးလျှင် ငါ့ကိုသာလျှင် တဲ့တဲ့ မေးလာ၏။ တဲ့တဲ့မေးသော အခါမှ လျှောက်တင်အံ့-ဟု နှလုံးပြု၍ တုဏှိဘာဝ-တိတ်တိတ်သာလျှင် နေလေသတည်း။

ထိုအခါ၌ အဇာတသတ် မင်းသည် ဤသို့ကြံ၏ ငါသည် အကြင်အကြင် တိတ္ထိဆရာတို့၏ စကားကိုမကြားလို။ ထိုဆို တိတ္ထိဆရာတို့၏ တပည့်တို့က သာလျှင် လျှောက်တင်၏။ ဤဆရာဇီဝကသည်ကား နဂါးမင်း၏ အဆိကို သောက်၍ ဝသောအခါ ငြိမ်သက်စွာနေသော ဂဠုန်မင်းကဲ့သို့ ဘာစကားကိုမှ မလျှောက်တင်ဘဲ တိတ်တိတ်သာလျှင် နေတော့၏။ ဆရာဇီဝက၏ မလျှောက်တင်ခြင်းကိုသာလျှင် အသိရှိ၍ ထင်ရှားစွာ စကားအရိပ် နိမိတ်ကို

ပြပါသော်လည်း ဆရာဇီဝကသည် ငါ၏ ဆရာ မြတ်စွာဘုရားနှင့် ဆန့်ကျင်ဘက် ရန်သူဖြစ်သော အရှင်ဒေဝဒတ်ကို ဆည်းကပ် ကိုးကွယ်သော ရန်သူမင်း-ဟု မှတ်ထင်၍ မလျှောက်တင်ဘဲ နေလေသလော။ ငါသည် မှုကား အရှင်ဒေဝဒတ်ကို မြေမျိုသည်-ဟု ကြား၍ မှားခြင်းကြီးမကအောင် မှား၍ သံဝေဂ ဖြစ်ပွားလျက် မြတ်စွာဘုရားကို ဆည်းကပ်လို၍ စကားအရိပ်ပေးသည်ကိုလည်း ဆရာဇီဝကသည် သိနိုင်သော ပညာရှိ ယောကျ်ားဖြစ်ပါ၏၊ သို့ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် ယခုထက်တိုင်ကြာအောင် ဘာစကားကိုမှ မလျှောက်တင်ဘဲ နေပါလိမ့်မည်နည်း-ဟု တွေးမိတွေးရာ တွေးတောကြံစီပြီး တဖန် ဤသို့ ကြံပြန်၏၊

ဆရာဇီဝကသည် ငြိမ်သက်တော်မူခြင်း၌ အတုမရှိသော မြတ်စွာဘုရား၏ အလုပ်အကြွေးဘပည့်ဖြစ်၍ မိမိသည်လည်း အလွန် ငြိမ်သက်သောသူ ဖြစ်၏။ ငြိမ်သက်သော စိတ်သဘော ရှိသည်၏ အဖြစ်ကြောင့် သာလျှင် ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသော ရဟန်းကဲ့သို့ တိတ်ကိတ်သာလျှင် နေလျက် ငါ၏ အမေးကို မျှော်လင့်၍ နေရပုံ တူ၏၊ ငါကမှ မမေးမြန်းလျှင် အသိုရမက်ကြီးလှသော တိတ္ထိ၏အမတ်တို့သည် မိမိတို့ ကိုးကွယ်သော တိတ္ထိဆရာကြီးတို့၏ အထံသို့ ငါကဲ့သို့သော မင်းကို အပါဆွဲလို၍ သူ့ထက်ငါ အလုင်ဦးအောင် လျှောက်တင်ကြသကဲ့သို့ လောဘရမက်ဖြင့် လျှောက်တင်ကြမည် မဟုတ်၊ ဥပမာအားဖြင့် ဆင်နင်းသည် ရှိသော် ဆင်၏ ခြေကိုသာလျှင် ဖက်သင့်သကဲ့သို့ ငါကသာလျှင် သူ့ကို ဖက်၍ နှစ်သက်စွာ မေးမြန်းတော့အံ့-ဟု ကြံလျက် အဇာတသတ် မင်းသည် ဆရာဇီဝကအား ဤသို့ စကားဆို၍ မေးမြန်းလေ၏။

အဆွေဇီဝက သင်သည်ကား အဘယ်ကြောင့် တိတ်တိတ် နေဘိသနည်း။ ဤအမတ်တို့သည် မိမိတို့ ကိုးကွယ်သော ဆရာ၏ဂုဏ်ကို ပြောဆိုကြကုန်၏။ ထိုအမတ်တို့ကဲ့သို့ သင့်မှာ ကိုးကွယ်သော ဆရာ မရှိပါသလော? သင်သည် သူဆင်းရဲလော? ငါ၏ခမည်းတော်က တစုံတခုသော ဣဿရိယဂုဏ်ထူးဖြင့် ချီးမြှောက်ခြင်းကို မပြုပါသလော? ထိုသို့မဟုတ် သဒ္ဓါတရား မရှိသောသူ ဖြစ်၍ တစုံတဦးသော သူတော်သူမြတ်ကို ဆည်းကပ်ကိုးကွယ်ခြင်း မပြုပါသလော-ဟူ၍ မေးလေ၏။

ထိုအခါ၌ ဆရာဇီဝကသည် ဤသို့ ကြံ၏၊

ဤအဇာတသတ်မင်းသည် ငါ့အား လျှောက်တင်ရန်တိုက်တွန်း၍ကိုးကွယ်သော ဆရာ မရှိပါသလော-ဟု တဲ့တဲ့ ထုတ်ဖော်၍ မေးတော်မူ၏၊ ယခုအခါ၌ ငါသည် တုဏှိဘာဝ နေရမည့်အခါမဟုတ်။ ဤတိတ္ထိ၏ အမတ်တို့

သည်ကား မိမိတို့၏ ဆရာ၏ဂုဏ်ကို ထိုင်ရာမထဘဲ မင်းကြီးကိုသာ ရှိခိုး၍ လျှောက်တင်ကြ ကုန်၏။ ငါသည်မူကား မြတ်စွာဘုရား၏ ဂုဏ်တော်ကို ဤတိတ္ထိ၏အမတ်တို့ကဲ့သို့ နေရာမှမထဘဲ လျှောက်တင်ခြင်းငှါ မသင့်လျော်ချေ–ဟုကြံလျက် နေရာမှ ထတဲ့၍ မြတ်စွာဘုရား ရှိတော်မူရာ အရပ်သို့ ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးပြီး၍ လက်သီးဆယ်ခု ပုလဲဥသို့ ပေါင်းစုတောက်ပြောင် အရောင်လက်စွာ လက်ဆယ်ဖြာကို ထိပ်မှာပန်ဆင် လက်အုပ်တင်၍ ကြည်ရွှင်သောမျက်နှာ သာယာသော စကားဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းလျက် ဤသို့ လျှောက်တင်လေ၏။

အရှင်မင်းမြတ်– အရဟံ သမ္မာသမ္ဗုဒ္ဓ ကိုးဝဂုဏ်ရှင် ဘုရားသခင်သည် အကျွန်ုပ်၏ အမ္ဗဝန-သရက်တော ကျောင်းတော်၌ ထောင့်နှစ်ရာ့ ငါးဆယ်သော ရဟန်းတို့နှင့်တကွ နေတော်မူပါ၏။ ထိုမြတ်စွာဘုရား၏ ဂုဏ်တော် သတင်းတော်ဖြင့် ကျော်စောသော အသံသည် လူ့ပြည်နတ်ကံ နိုင်ငံကျော်ဘိ ပြဟ္မာထိအောင် နှံ့သိ ကျော်ကြားတော် မူပါ၏။

အဘယ်သို့ ကျော်ကြားတော်မူပါသနည်း–ဟူမူကား....

> ထိုမြတ်စွာ ဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်၏- ဟူ၍ လည်းကောင်း, အလုံးစုံသော တရားကို ပိုင်းခြား ကုန်စင် သိမြင်တော် မူ၏– ဟူ၍ လည်းကောင်း, ဝိဇ္ဇာသုံးပါး၊ စရဏ တဆယ့်ငါးပါးနှင့် ပြည့်တော်မူ၏- ဟူ၍ လည်းကောင်း, ကောင်းသော စကားကိုသာ အခါကို ထောက်၍ လျှောက်ပတ် သင့်လျော်စွာ ဆိုတော်မူတတ်၏– ဟူ၍ လည်းကောင်း, သတ္တာကာသ သင်္ခါရ–ဟု လောကအပြား ဤသုံးပါးကို ပိုင်းခြားကုန်စင် သိမြင်တော်မူ၏– ဟူ၍ လည်းကောင်း, အတုမရှိသော ယောကျ်ား လူအများကို ဆုံးမ ပဲ့ပြင်တတ်သော ရထားမှူး- ဟူ၍ လည်းကောင်း, နတ်လူတို့၏ ဆရာ- ဟူ၍ လည်းကောင်း, သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ကုန်စင် သိမြင်တော်မူ၏-ဟူ၍ လည်းကောင်း, ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ–တည်း ဟူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူ၏-ဟူ၍ လည်းကောင်း,-

ဤကဲ့သို့ အစရှိသော မရေတွက်နိုင် ချီးမွမ်း၍ မကုန်နိုင်သော အနန္တဂုဏ်တော်ဖြင့် ကျော်စောသော အသံသည် လူ့ပြည် နတ်ထံ နိုင်ငံကျော်ဘိ ပြဟ္မာထိအောင် နှံ့သိ ကျော်ကြားတော်မူပါ၏။ ထိုကဲ့သို့ အနန္တ ဂုဏ်ထူးဖြင့် ကျော်ကြားတော် မူသော မြတ်စွာဘုရားကို အရှင်မင်းမြတ်သည် အကျွန်ုပ်ကဲ့သို့ ဆည်းကပ်တော် မူပါလော့။ ထိုမြတ်စွာဘုရား အထံသို့

သွား၍ ဆည်းကပ်သည် ရှိသော် အရှင်မင်းမြတ်၏ စိတ်သည် ကြည်လင် ခြင်း ဖြစ်ရပါ၏။ အရှင်မင်းမြတ်တို့ ကဲ့သို့သော သူသည် တရာ လာသော်လည်းကောင်း, တထောင် လာသော် လည်းကောင်း, တသောင်းလာသော် လည်းကောင်း တသိန်း လာသော် လည်းကောင်း, လာသမျှ အလုံးစုံသော သူတို့၏ စိတ်ကို ဉာဏ်တော်ဖြင့် သိမ်းအုပ်တော် မူ၍ မေးလျှောက်သမျှ ပုစ္ဆာတို့ကို ဖြေကြားတော် မူခြင်းငှါ တတ်နိုင်သော အစွမ်းတော်ရှိပါ၏၊ အရှင်မင်းမြတ်သည် မကြောက်မရွံ့ ရဲရဲတင်းတင်း အပါးတော်သို့ ကပ်ချင်း၍ မေးမြန်းလိုသော ပုစ္ဆာများကို လျှောက်ကြား မေးမြန်းတော် မူပါလော့။

ဤသို့ ဆရာဇီဝကသည် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ထုတ်ဖော်၍ လျှောက်တင်သောအခါ အဇာတသတ် မင်း၏ ကိုယ်၌ ငါးပါးသော ပီတိသည် ပျံ့နှံ့၍ ထိလေ၏။ ထိုခဏ၌ ပင်လျှင် သွားလိုသော စိတ်ဖြစ်လာ၍ အဆွေ ဇီဝက ယင်းသို့ ဖြစ်ခဲ့သော် ယခုပင်လျှင် ဆင်ယာဉ်တို့ကို စီရင်ပေးလော့- ဟု ဆို၏၊

ထိုအခါ၌ ဆရာဇီဝကသည် ဤသို့ ကြံ၍ စီရင်၏၊ မိန်းမတို့ကို အမှီပြု၍ ယောကျ်ားတို့အား ဘေးအန္တရာယ် မရှိ။ မိန်းမတို့ဖြင့် ခြံရံလျက် ချမ်းသာစွာ သွားအံ့- ဟု ကြံလျက် ငါးရာသော ဆင်မတို့ကို ကကြိုးတန်ဆာတို့ဖြင့် စီရင်စေ၍ ငါးရာသော မိန်းမတို့ကို ယောကျ်ားအသွင် ဝတ်ဆင်စေ၍ သံလျက် လှံတို့ကို ကိုင်လျက် မင်းကြီးအား ခြံရံကြကုန်လော့- ဟု ဆို၍ ဤသို့ ကြံပြန်၏။

ဤအဇာတသတ်မင်းအား ဤဘဝ၌ မဂ်ဖိုလ်ရခြင်း၏ အကြောင်းမရှိ။ မြတ်စွာဘုရားတို့ မည်သည်ကား မဂ်ဖိုလ်ရခြင်း၏ အကြောင်းရှိမှ တရားကို ဟောတော်မူ၏။ ငါသည် လူအပေါင်းတို့ကို စည်းဝေးစေ၍ ထိုလူအပေါင်းတို့ဖြင့် ဝန်းရံလျက် မြတ်စွာဘုရား အထံသို့ ရောက်လျှင် တစုံတယောက်သော မဂ်ဖိုလ် ရလတ္တံ့သော သူကို ရည်မှန်း၍ တရားတော်ကို ဟောတော်မူလတ္တံ့, လူများအား ကျေးဇူးများခြင်း ဖြစ်လတ္တံ့။

ဤသို့ကြံ၍ ရာဇဂြိုဟ် တပြည်လုံး ပျံ့နှံ့အောင် သတင်းစကားကို စေလွှတ်၏၊ စည်ကို လည်စေ၏။ စည်ကိုတီး၍ လှည့်လည်လျက် ကြော်ငြာစေ၏။ အဘယ်သို့ ပြောဆို၍ ကြော်ငြာ စေသနည်း- ဟူမူကား။

ယခုည အဇာတသတ် မင်းမြတ်သည် မြတ်စွာဘုရားကို ဖူးမြင်ရန်ထွက်တော် မူလိမ့်မည်၊ အလုံးစုံသော လူအပေါင်းတို့သည် ကိုယ်စီ, ကိုယ်စီ, စည်းစိမ် ချမ်းသာ ရှိသည်အားလျော်စွာ မင်းကြီးအား အစောင့်အရှောက် ပြုကြကုန်လော့။ ဤသို့ ဆို၍ ကြော်ငြာစေ၏၊

ထိုအခါ၌ လူအပေါင်းတို့သည် အို မိတ်ဆွေ အပေါင်းတို့– ယခုည အဇာတသတ် မင်းမြတ်သည် မြတ်စွာဘုရားကို ဖူးမြင်ရန် ထွက်တော်မူလိမ့်မည်တဲ့။ အဘယ်ချလောက်သော တရားဒေသနာတော်ကို ဟောကြားတော်မူလိမ့်မည်နည်း။

အကျွန်ုပ်တို့သည် တန်ဆောင်မုန်းလ, ကြတ္တိက ၁-နက္ခတ်သဘင်ကို နှစ်ငှဲပင်လျှင်ကျင်းပ၍ပျော်ပါးကြရပါကုန်၏ တရားတော် သဘင်ကိုကား အလွန်တရာ နာရခဲ ပါကုန်၏။ နက္ခတ်သဘင်ကို ပျော်ပါးနေသည်ထက် တရားတော် သဘင်ကို သာလျှင် နာကြရန် အဇာတသတ် မင်းနှင့် အတူတကွလိုက်၍ နာကြပါကုန်အံ့– ဟု အချင်းချင်း နှိုးဆော် တိုက်တွန်း ခေါ်ယူကုန်၍ အလုံးစုံသော မြို့သူ- မြို့သား လူအပေါင်းတို့သည် ပန်းနံ့သာတို့ကို လက်စွဲကြကုန်လျက်၊ မင်းကြီး ထွက်တော်မူမည့် လမ်းခရီးမှ မျှော်ငံ့စောင့်ဆိုင်း၍ နေကြကုန်၏။

ဆရာဇီဝက သည်လည်း ရှေးဦးစွာ ငါးရာသော ဆင်မတို့ကို ကကြိုးတန်ဆာတို့ဖြင့် ဆင်စေလျက် ယောကျ်ားအသွင် ဝတ်ဆင်ကြကုန်သော မိန်းမငါးရာတို့ကို ဦးထုပ်တို့ကို ဆောင်းစေလျက်, သံလျှက်တို့ကို လွယ်စေလျက် ပတ္တမြားအရိုး တပ်သော လှံတို့ကို စွဲကိုင်စေလျက် ငါးရာသော ဆင်မတို့၏ ကျောက်ကုန်းထက်၌ ဆင်မ တစီးလျှင် မိန်းမတယောက်စီ တက်စီးစေ၍ အဇာတသတ် မင်းမြတ် စီးတော်မူရန် ဆင်ပြောင်ကြီးကို အလည်မှ ထား၍ မိန်းမ ငါးရာတို့ စီးသော ဆင်မငါးရာတို့ဖြင့် ဝန်းရံစေ၍ ထို့ပြင် တသောင်း, ခြောက်ထောင်ကုန်သော နန်းတွင်းသူ က ချေသည် မိန်းမတို့ကို ဝန်းရံစေကုန်၏။

ထိုပြင်မှ ကချေသည် မိန်းမတို့ကို စောင့်ရှောက် ပြုပြင်၍ နေကြသော အကုန်းအကွ- တောသူ, တောင်သူ အစေခံ မိန်းမတို့ကို ဝန်းငုံစေကုန်၏။ ထိုမိန်းမတို့၏ ပြင်ပ အစွန်မှ အကျွမ်း ဝင်ကုန်သော နန်းတော်စောင့် ယောကျ်ားတို့ကို ဝန်းရံစေကုန်၏။

ထိုသူတို့၏ ပြင်ပ အစွန်မှ ဆန်းကြယ်ကုန်သော အဝတ်, အဆင်, အသွင် အပြင်တို့ဖြင့် တင့်တယ်ကုန်သော အမတ်ကြီးတို့ကို မိမိတို့၏ ချွေရံ ပရိသတ်နှင့် တကွ ဝန်းရံ စေကုန်၏။

ထိုအမတ်ကြီးတို့၏ ပြင်ပအစွန်မှ အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော အထူးထူးသော လက်နက်တို့ကို စွဲကိုင်ကြကုန်သော ဝိဇ္ဇာဂိုရ်လုလင်တို့ ကဲ့သို့ ကိုးသောင်း မျှလောက် ကုန်သော တိုင်းတော်သားများကို ဝန်းရံ စေကုန်၏။

ထိုသူတို့၏ ပြဒ်ပ အစွန်မှ တရာတန် ခါးဝတ်တို့ကို ဝတ်ကုန်လျက် ငါးရာတန် ကိုယ်ဝတ်, တဘက်တို့ကို လက်ဝဲတဖက်ပခုံးထက်၌ စလွယ်သိုင်း၊ စပယ်တင် ဝတ်ဆင်ကုန်လျက် ကောင်းစွာပြင်ဆင်အပ်သော မုတ်ဆိပ်ဆံပင်ရှိကုန်သော ရွှေစလွယ် အစရှိသော တန်ဆာအထူးတို့ဖြင့် ဆင်မြန်းလျက် တင့်တယ်ကုန်သော တခေါင်း မျှလောက်ကုန်သော ပုဏ္ဏားတို့ကို လက်ယာလက်ကို ချီမ မြှောက်ကြလျက်။ ဇယသဒ္ဒ—အောင်သံကို ပေးစေကုန်လျက် အောင်ဆု-မင်္ဂလာကို ပြုကြစေကုန်လျက် ဝန်းရံ စေကုန်၏။

ထိုပုဏ္ဏားတို့၏ ပြဒ်ပအစွန်မှ တူရိယာငါးပါးတို့ကို တီးမှုတ်ကြကုန်သော ယိမ်းတော်သားများကို ဝန်းရံစေကုန်၏။

ထိုသူတို့၏ ပြဒ်ပအစွန်းမှ လေးတော်ပစ်သမားတို့ကို ဝန်းရံစေကုန်၏။

ထိုသူတို့၏ ပြဒ်ပအစွန်မှ ဆင်တပ်တော်, ထိုပြင်မှ လည်ခြင်း ထိမျှ ဝန်းရံကြသော မြင်းတပ်တော်, ထိုပြင်မှ အချင်းချင်း နပန်း စွန်းချင်း တိုက်ခိုက်လျက် ဝန်းရံကြသော ရထားတပ်တော်, ထိုပြင်မှ လက်ရုံးချင်း ထိလျက် ဝန်းရံကြသော စစ်ဗိုလ်ကြီးများ, ထိုပြင်မှ မိမိတို့ အားလျော်စွာ ဝတ်ဆင်ကြသော စစ်သည်တော် တပ်သားများကို ဝန်းရံစေကုန်၏။

ဤကဲ့သို့ ဝန်းရံ၍နေသော စစ်သည်တပ်သားတို့၏ အပြင်ဘက်မှ ပစ်ခတ်အပ်သော လေးမြား လက်နက်တို့သည် မင်းကြီးထံသို့ မရောက်နိုင်လောက်အောင် ဘရာဇ်ဝကသည် မင်းကြီး၏ အခြံအရံ ပရိသတ်ကို စီရင်စေ၏။

ဤသို့ စီရင်ပြီးလျှင် အရှင်မင်းမြတ် ဆင်ယာဉ်တော် များကို စီရင်၍ပြီးပါကြောင်းနှင့် လျှောက်တင်၍ အဇာတသတ် မင်းမြတ်သည် နန်းတော်မှ ထွက်တော်မူ၍ မဟာနာဂ-ဆင်ယဉ်တော် ကျောက်ကုန်းထက်သို့ တက်တော်မူ၍ ကြီးစွာသောမင်း၏ အာနုဘော်ဖြင့် ချီတက် ထွက်ကြွတော်မူ၏။

ဆရာဇ်ဝကသည်ကား အကယ်၍ တစုံတရာသော ဘေးအန္တရာယ် ပေါ်ပေါက်ခဲ့သော်။ ရှေးဦးစွာ မင်းကြီး၏အသက်ကို ငါစောင့်ရှောက်အံ့—ဟု နှလုံးပြု၍ အဇာတသတ်မင်းနှင့် မနီးမဝေးမှ လိုက်၏။

မိန်းမ မင်းတိုင်တို့သည်ကား ရာ, ထောင်, သိန်း, သန်း အားဖြင့် ရေတွက်ခြင်းငှါ မတတ်နိုင်။ ဤကဲ့သို့ ခမ်းနားကြီးကျယ် တင့်တယ်ထူးဆန်းသော ပရိသတ် ထိုထိုကြီးကို လျင်မြန်စွာ တခဏခြင်းဖြင့် စီမံခြင်းငှါ စွမ်းနိုင်သော သူသည် ဘရာဇ်ဝက တယောက်သာလျှင် ရှိ၏၊ တပါး သူတို့သည် ဤကဲ့သို့ လျင်မြန်စွာပြီးစီးအောင် စီမံခြင်းငှါ မတတ်နိုင်။

ဆရာဇီဝကသည် ဆေးအတတ်ပညာ၌ တဖက်ကမ်းရောက် တတ်မြောက်၍ ဇမ္ဗူဒိပ်တကျွန်းလုံး ကျော်စောထင်ရှားသော ယောကျ်ားမြတ် ဖြစ်ရကား- ပြည့်ရှင်မင်းတို့ကဲ့သို့ လက်နက်အား, စစ်သည်အား, အစိုးရခြင်း-ဣဿရိယ အား မရှိသော်လည်း ထိုအားတို့ထက် အဆပေါင်း ရာ,ထောင်,သိန်းသန်း မက ကြီးမား လွန်ကဲသော မေတ္တာအားသည်လည်း ရှိ၏၊ အရာဌာန အားလျော်စွာ သိတတ်သော သိခြင်းငှါ စွမ်းနိုင်သော ဌာနုပ္ပတ္တိပညာ အားသည်လည်း ရှိ၏၊ ထိုမေတ္တာအား ပညာအားဖြင့် လူအများတို့သည် ဆရာဇီဝကကို အလွန် ရိုသေခန့်ညားခြင်း ရှိကြကုန်၏။

ဆရာဇီဝကသည် တခုံတရာကိုအလိုရှိ၍ တခွန်းသော စကားကို ပြောဆို လိုက်လျှင် ကြားသိသမျှသော လူအပေါင်းတို့သည် တခဏခြင်း ဝိုင်းဝန်း ရောက်လာကြ၍ "ဆရာကိစ္စကိုပြီးစီးအောင် ကျွန်တော်တို့ဆောင်ရွက်ပါမည်" ဟု ပြောဆိုကြကုန်လျက် သူ့ထက်ငါ အရင်ဦးအောင် ရောက်လာကြကုန်၏။ အဘယ်ကြောင့် သူ့ထက်ငါ ရောက်အောင် လာကြသနည်း - ဟူမူကား ဆေးအတတ်ပညာဖြင့် အလွန် မျက်နှာပွင့်သော ယောကျ်ားမြတ် ဖြစ်သော ကြောင့်တည်း။

ထိုစကားကို ထင်ရှားစေဦးအံ့.... ဆရာဇီဝကသည် အဘယမင်းသား မွေးစား၍ နန်းတော်တွင်း၌ ကြီးပွားသော မင်းသားကို ဆောင် အရှက် ဖြင့် မင်းမျိုး, မင်းနွယ်ဖြစ်သော်လည်း မင်းသားတို့ သင်ကြားအပ်သော ဓားခုတ် လှံထိုး အတတ်မျိုးတို့ကို သူတပါးတို့ ဆင်းရဲကြောင်း ဖြစ်၍ သင်ကြားခြင်းငှါ အလိုမရှိ။ သူတပါးတို့ ချမ်းသာကြောင်းဖြစ်သော ဆေး- အတတ် ပညာကိုသာလျှင် သင်ကြား လိုသည်ဖြစ်၍ အဘဖြစ်သူ အဘယ မင်းသားကို မပန်ကြားဘဲ တက္ကသိုလ်ဆရာထံသို့ သွား၍ ဆေး, အတတ် ပညာကို သင်ကြား၏။

တက္ကသိုလ် ဆရာထံမှ ပြန်လာသော် လမ်းခရီး အကြား၌ ဦးခေါင်းကိုက် အနာ စွဲကပ်သော သူဌေးကတော်ကြီးအား တလက်ဖက်မျှ လောက်သော ထောပတ်ဖြင့် အထူးထူးသော ဆေးတို့ကို စီမံ၍ တကြိမ်တည်း နှာနှ ခြင်း ဖြင့် ပျောက်ကင်းစေနိုင်ခြင်း,

ထို့အတူပင်လျှင် ဦးခေါင်းကိုက် အနာ စွဲကပ်သော သူဌေးကြီး တဦး အား ဦးခေါင်းခွံကို ခွဲဆေးပေး၍ ခွါပြီးလျှင် ဦးနှောက်ကို စားသော ပိုးနှစ်ကောင်ကို ထုတ်ပစ်၍ တခဏခြင်း ပျောက်ကင်းအောင် ဆေးကုခြင်း

ဂျွမ်းပစ်သော အတတ်ကို သင်ကြားသော သူဌေးသား တဦး၏ဝမ်းကို မွေးဆေးပေး၍ ခွဲပြီးလျှင် လိုး၍ နေသော အူကို ဖြေ၍ ပကတိ အတိုင်း ဖြစ်အောင် ဆေးကုခြင်း,

ကင်းနှင့် စပ်၍ မွေးဖွားသောကြောင့် သောပတ်ကို စက်ဆုတ်လှသော စန္ဒပဇ္ဇောတ- မင်းအား သောပတ်နံ့ မနံအောင် အထူးထူးသော ဆေးတို့ဖြင့် စီမံ၍ ပေးပြီးလျှင် ဆင်မ ယာဉ်သာကို စီးလျက် ထွက်လာခဲ့ရာ စန္ဒပဇ္ဇောတ မင်းက စေခိုင်းသော ကာကအမည်ရှိသော မင်းစေတမန်ကို ဇီးဖြူသီး တစိတ်မျှဖြင့် မထနိုင်အောင် ဝမ်းလျှောစေခြင်း,

လျှောပြီး ဝမ်းကို ပကတိ ပျောက်ကင်း၍ သွားလာစေနိုင်ခြင်း,

ဗိမ္ဗိသာရမင်းကြီး၏ နန်းတော် အတွင်းရှိ အလုံးစုံသော နန်းတွင်းသူ နန်းတွင်းသားတို့ကို ဆေးကု၍ စောင့်ရှောက်ခြင်း,

ဘုရားအမှူးရှိသောသံဃာတော်များကိုဆေးကု၍ကိုးကွယ်ဆည်းကပ်ခြင်း,

စခြင်း ဒေါသပြော၍ နေသော မြတ်စွာဘုရားအား အထူးထူးသော ဆေးတို့ဖြင့် ထုံအပ်သော ကြာပန်းခိုင် သုံးလက်ကို နမ်းရှူတော် မူစေခြင်း ဖြင့် အကြိမ်သုံးဆယ် ဝမ်းလျှောစေခြင်း,

ဤသို့ အစရှိသည်ဖြင့် ဝိနည်း မဟာဝါ စီဝရ က္ခန္ဓက၌- လာသည် အတိုင်း ဆေးအတတ်ပညာတွင် တဖက်ကမ်းရောက် တတ်မြောက်သော ဆရာဇီဝကသည် ဥစ္စာပေါများသော သူဌေးကြီးများကို ဆေးကုရာ၌ ပေးသမျှသော ဆေးဘိုး, ဆေးကုခကို ခံယူ၍ ဥစ္စာမရှိသော ဆင်းရဲသား များကိုမူ ဆေးခ မယူဘဲ မေတ္တာဖြင့် ဆေးကုသသော ကျေးဇူးတို့သည် တိုင်းသူ ပြည်သားတို့ အသက်သခင် ဖြစ်၍နေသောကြောင့် အလုံးစုံသော တိုင်းသူ ပြည်သားတို့သည် ဆရာဇီဝကကို ကျေးဇူးတင်၍ အလွန်ချစ်ခင် မြတ်နိုးကြကုန်၏။ ထို့ကြောင့် ဆရာဇီဝကသည် အလွန်မျက်နှာ ပွင့်သော ယောကျ်ားမြတ်ဖြစ်သတည်း။

ထို့ကြောင့် အဇာတသတ်မင်းသည် တခဏခြင်းဖြင့် လျင်မြန်စွာပြီးစီး အောင် စီမံနိုင်သော သူကို ဆရာဇီဝကမှ တပါး မမြင်သောကြောင့်-

တေန ဟိ သမ္မဇီဝက ဟတ္ထိယာနာနိ ကပ္ပေဟိ-

ဟူ၍ ဆရာဇီဝကကို စီရင်စေရန် စေခိုင်း တိုက်တွန်း လေသတည်း- (အဋ္ဌကထာ- ၁၁၈။)

ပညာရှိသော ဆရာဇီဝကသည်လည်း အခါမဲ့ဖြစ်သော ညအချိန် အခါကြီး၌ မြတ်စွာဘုရား အထံသို့ သွားရန် ငါ့အား စီမံရန် စေခိုင်းတော်မူ၏။ မင်းတို့ မည်သည်လည်း ရန်သူများစွာ ရှိကုန်၏။ အကယ်၍ လမ်းခရီး အကြား၌ တစုံတရာသော အန္တရာယ်ဖြစ်ပေါ်ငြားအံ့။ ဆရာဇီဝကသည် အခါမဟုတ်သည်၌ မင်းကြီးကို ဆောင်ယူ၍ ထွက်သွားသောကြောင့်-ဟူ၍ ငါ့ကိုလည်း ကဲ့ရဲ့ကုန်ရာ၏၊

ရဟန်း ဂေါတမသည် အခါကာလကို မမှတ်မူ၍ အခါမဲ့သော ကာလ၌ မင်းပရိသာ်ကို တရားဟောရသလော- ဟု မြတ်စွာဘုရားကိုလည်း ကဲ့ရဲ့ကုန်ရာ၏။ ထို့ကြောင့် ငါ့ကိုလည်းကောင်း, မြတ်စွာဘုရားကိုလည်းကောင်း, ကဲ့ရဲ့ခြင်းမှ လွတ်ကင်း၍ မင်းကြီးအားလည်း လုံခြုံအောင် အစောင့်အရှောက်ကို စီရင်အံ့- ဟု နှလုံးပြု၍, ဤမျှလောက် ခမ်းနားကြီးကျယ်, တင့်တယ်ထူးဆန်းစွာသော ပရိသာ် ဗိုလ်ထုကြီးကို တခဏခြင်း ပြီးစီးအောင် စီရင်၍ နန်းတော်မှ ထွက်သောအခါ မြို့သူ, မြို့သား လူအများတို့သည် လမ်းခရီးမှ ချော်လင့် ငံ့ဆိုင်း၍ နေကြကုန်သော နေရာသို့ ရောက်၍, မင်းကြီး၏ပရိသတ် ဗိုလ်ထုကြီးကို ဝန်းရံ၍ လိုက်ကြပြန်သဖြင့် အလွန်ကြီးကျယ်သော ပရိသတ်ကြီး ဖြစ်သွားပြန်၏။

ရာဇဂြိုဟ်မြို့ကြီးသည် တံခါးကြီး သုံးဆယ့်နှစ်, တံခါးငယ် ခြောက်ဆယ့်လေး ရှိကုန်၏၊ ဆရာဇီဝက၏ အမ္ဗဝန- သရက်တော ကျောင်းတိုက်သည် မြို့ရိုးဘံတိုင်းနှင့် ဂိဇ္ဈကုဋ်တောင်၏ စပ်ကြား၌ ရှိ၏။

ရာဇဂြိုဟ် မြို့တော်ကြီး၏ အရှေ့-ပါစိန-တံခါးမှ ထွက်၍ ဂိဇ္ဈကုဋ်တောင်ရိပ်ဖြင့် ဆရာဇီဝက သရက်ဥယျာဉ် အမ္ဗဝန- သရက်တောကျောင်းတိုက်သို့ သွားရ၍- လရောင်ကို တောင်ထွင်သည့် လည်းကောင်း, သစ်ပင်တို့သည် လည်းကောင်း, ကွယ်ဖုံး၍ နေသော်လည်း မီးရှူး, မီးတိုင်တို့သည် ထောင်, သောင်း, သိန်း, သန်း-မကအောင် အလွန်များရကား တောင်ရိပ်, သစ်ပင်ရိပ်တို့ဖြင့် မှောင်ခြင်း, မဲခြင်း မရှိမူ၍ အလင်းရောင်ဖြင့် သွား၍ ကျောင်းတိုက် အနီးသို့ရောက်သော အခါ၌ ဆရာဇီဝကသည် နန်းတော်ပြသာဒ်ဘက်ကပင်လျှင် မြတ်စွာဘုရားသည် နည်းပါးတိတ်ဆိတ်သော အသံဖြင့် နေတော်မူ၏။ နည်းပါးတိတ်ဆိတ်သော အသံဖြင့် သွားမှသာလျှင် သင့်၏-ဟု ပြောကြားသည့် အတိုင်း အဇာတသတ် မင်းသည် တူရိယာ-အသံတို့ကို တားမြစ်၍ တူရိယာတို့ကို ကိုင်၍ ဆောင်ယူခုံမျှသာ ရှိတော့၏။ စကားကို ကျယ်စွာမပြောစေမူ၍ လက်ဖျောက်တီးသံ အမှတ်ဖြင့် သွားကြကုန်၏။

အမ္ဗဝန- သရက်တော ကျောင်းတိုက်ကြီး၏ အတွင်း၌ ရဟန်းပေါင်း ထောင့်နှစ်ရာ ငါးဆယ်တို့ သီတင်း သုံး၍ နေသော်လည်း ချေဆပ်သံ ချောင်းဟန့်သံကိုမျှ မကြားရအောင် တိတ်ဆိပ်၍ နေ၏။ ထိုကဲ့သို့ တိတ်ဆိပ်စွာသော နေရာသို့ ရောက်သောအခါ၌ အဇာတသတ် မင်းသည် သရက်တော ကျောင်းတိုက်၏ အနီး၌ ကြောက်ခြင်း, ကြက်သီးထခြင်းဖြစ်၍ ဆရာဇီဝကကို ဤသို့ဆို၏။


အဆွေဇီဝက ငါ့ကို မလိမ်ဘူးမဟုတ်လော, အဆွေဇီဝက အဘယ်သို့နည်း ငါ့ကို မလှည့်စားပါလင့်။ အဆွေဇီဝက အသို့နည်း။ ငါ့ကို ရန်သူတို့အား မပေးအပ်ပါလင့်။ အဘယ်ကြောင့် ထောင့်နှစ်ရာ ငါးဆယ်သော ရဟန်း သံဃာတော်တို့၏ ချေဆပ်သံ, ချောင်းဆိုသံ, စကားပြောသံတို့ကို မကြားရပါသနည်း- ဟူ၍ ဆရာဇီဝကသည် ငါ့ကို လိမ်လည်လှည့်စား၍ ထီးနန်းကို ယူမည်အထင်နှင့် မေးမြန်း ပြောဆိုလေ၏။

အရှင်မင်းမြတ် မကြောက်ပါလင့်, အရှင်မင်းမြတ် မကြောက်ပါလင့်, အရှင်မင်းမြတ်ကို မလှည့်စားပါ။ အရှင်မင်းမြတ်ကို ရန်သူတို့အား မပေးအပ်ပါ။ ရှေ့သို့တိုး ကြွတော်မူပါလော့။ တိုး၍သာ ကြွတော်မူပါလော့။ ထိမီးတိုင်တို့သည် ရဟန်းများ စည်းဝေးရာ ဇရပ်ဝန်း၌ ထွန်းညှိ၍ ထားပါကုန်၏။

ဤသို့ ဆရာဇီဝကသည် မင်းကြီးအား လျှောက်တင်၍ သက်သာရာကို ရစေ၏။ အဇာတသတ် မင်းသည် ကျောင်းတိုက်တော် တံခါးမုခ်၏ အပ၌ ဆင်ပေါ်မှ ဆင်းသက်၍ မြေပေါ်၌ ရပ်သော ကာလမှ စ၍ မြတ်စွာဘုရား၏ တန်ခိုးသည် အဇာတသတ်မင်း၏ ကိုယ်၌ ပျံ့နှံ့၍ တည်လေ၏။ တကိုယ်လုံးမှ ချွေးတို့သည် ယိုစီး၍ ကျကုန်၏။ မိမိအပြစ်ကို အောက်မေ့၍ ကြီးစွာသော ရှက်ကြောက်ခြင်းသည် ဖြစ်၏။

မြတ်စွာဘုရား အထံသို့ ဖြောင့်ဖြောင့်တန်းတန်း ဦးတိုက်လှမ်း၍ ဖူးမြင်ခြင်းငှါ မခံ့ရကား ဆရာဇီဝက၏ လက်ကို ဆွဲကိုင်၍ လမ်းရှောက်လှည့်လည် သကဲ့သို့....

အဆွေဇီဝက ဤကျောင်းတိုက်ကို ကောင်းစွာပြု၍ ထား၏။ မွေ့လျော်ဘွယ်ရှိ၏- စသည်ဖြင့် စကားပါလျက် မဏ္ဍလမာဠ- စည်းဝေးရာ ဇရပ်ဝန်း တံခါးဝသို့ ရောက်သော အခါ၌ အဆွေဇီဝက.... မြတ်စွာဘုရား အဘယ်မှာနည်း-ဟု မင်းဘို့၏ ပကတိသော ရာဇပရိယာယ်ဖြင့် မသိသကဲ့သို့မေးမြန်းလေ၏။



အဇာတသတ် မင်းကြီးသည် ဘုရားရှင်ထံသို့ သွားရောက် ဖူးမျှော်နေပုံ။

ဆရာဇီဝကသည် မြတ်စွာဘုရား ဆီသို့ လက်အုပ်ချီကာ ညွှန်ပြလျက်။ ထိုမြတ်စွာဘုရားသည် အလယ်တိုင်ကိုမှီ၍ အရှေ့သို့ မျက်နှာတော် ပြုလျက် ရဟန်းသံဃာတော် ခြံရံလျက် ထိုင်နေတော်မူ၏- ဟု လျှောက်တင်၏။

ထိုအခါ၌ အဇာတသတ် မင်းသည် မြတ်စွာဘုရား ရှေ့တော်မှောက်သို့ သွား၍ သင့်တင့်ရာ အရပ်၌ ရပ်၍, တိတ်ဆိပ်ငြိမ်သက်စွာ နေသောရဟန်း သံဃာတော်ကို လှည့်ကာ ကြည့်ရှု၍ ဥဒါန်းကြူးရင့်ပြီးလျှင် ဤသို့သော ငြိမ်သက်ခြင်းနှင့် ဥဒယမင်းသားသည် ပြည့်စုံပါစေသတည်း။ ယခုအခါ၌ ရဟန်းသံဃာသည် ငြိမ်သက်ခြင်းနှင့် ပြည့်စုံတော်မူ၏။ ဤသို့ ဥဒါန်းကြူးရင့် သော အခါ၌ မြတ်စွာဘုရားသည် ဤသို့ ကြံတော်မူ၏။

ဤအဇာတသတ် မင်းသည် ငါဘုရားနှင့် စကားပြောဆိုခြင်းငှါ မဝံ့ ရကား ရဟန်းသံဃာကို လှည့်ကာကြည့်ရှု၍ သူ၏သားကို မသင်ကာဖြစ်၍ ဥဒါန်းကို ကြူး၏၊ ငါဘုရားကမှ စကား-စ၍ မဆိုလျှင် တစုံတခုကိုမျှ လျှောက်ကြားဝံ့မည် မဟုတ်-ဟု ကရုဏာ တရားဖြင့် ဘနားတော် မူခြင်းကြောင့်-

ပြည့်ရှင်မင်းမြတ်.... လူတို့မည်သည်ကား—ချစ်ရာဆီသို့ စိတ်သွားမြဲတည်း- ဟူ၍ မိန့်တော်မူလိုက်၏။ ဤသို့သော စကားကို မြတ်စွာဘုရားက-စ၍ မိန့်တော် မူလိုက်သော အခါ၌ အဇာတသတ်မင်း၏ ကိုယ်ဝယ်, ရေအိုး တထောင်ဖြင့် သွန်းလောင်းဘိ သကဲ့သို့ အသွင်စိတ်၏ ကြည်လင် အေးမြ ခြင်း ဖြစ်သွား၍-

သြော်-ငါသည်မူကား မြတ်စွာဘုရား၏ ရန်သူဖြစ်သောအာ ရှင်ဒေဝဒတ် နှင့် ပေါင်းသင်း၍ နာဠာဂိရိဆင်နှင့် တိုက်ခြင်း, လေးသမားတို့ကို စေလွှတ် ခြင်း, အလုပ်အကြွေး ဒါယကာဖြစ်သော ခမည်းတော်ကို သတ်ခြင်းတို့ဖြင့် အပြစ် ကြီးမား လှစွာသော ငါကဲ့သို့သော သူကို သံမှုန်ခြင်း မရှိဘဲ စကား- စ၍ ပြောဆိုတော်မူသော မြတ်စွာဘုရား၏ ကရုဏာ မေတ္တာတော် ဂုဏ်သည် ကြီးမြတ်လှစွာ၏-တကား....

ဟု အောက်မေ့လျက် တပည့်တော်သည် ဥဒယဘဒ္ဒ မင်းသားကို ချစ်လှ ပါသည် မြတ်စွာဘုရား။ ယခုအခါ၌ ရဟန်းသံဃာသည် ငြိမ်သက်ခြင်းနှင့် ပြည့်စုံသကဲ့သို့ တပည့်တော်၏ သားဥဒယဘဒ္ဒသည် ဤသို့သော ငြိမ်သက် ခြင်းနှင့် ပြည့်စုံပါစေသတည်း- မြတ်စွာဘုရား- ဟု လျှောက်ကြားပြီးမှ ငါးပါးသော တည်ခြင်းဖြင့် မြတ်စွာဘုရားကို ရှိခိုး၍ ရဟန်းသံဃာတော် အား လက်အုပ်ကို ချီ၍ သင့်တင့်ရာ၌ ထိုင်နေ၏။

## အဘသတ်မင်း ငါးဆက်အကြောင်း

အဇာတသတ် မင်းသည် မိမိသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်၍ မင်းပြုသကဲ့သို့ ငါ၏သား ဥဒယဘဒ္ဒသည်လည်း ခမည်းတော်ကို သတ်၍ မင်းပြုမည်ကို မသင်ကာခြင်း ဖြစ်၍၊ ရဟန်း သံဃာတော်များ ငြိမ်သက် သကဲ့သို့ မိမိ၏သား ဥဒယဘဒ္ဒ၏ ငြိမ်သက်ခြင်းကို ဆုတောင်း၍ မြတ်စွာဘုရားအား လျှောက်ကြားသတည်း၊ သို့သော်လည်း အဇာတသတ်မင်းကို ဥဒယဘဒ္ဒ မင်းသားက မုချသတ်လတ့် ဖြစ်၏။

ထိုစကားသည် မှန်၏။ ထိုမင်းမျိုး၌ အဘသတ်မင်း ငါးဆက် ဖြစ်၏။ ငါးဆက်ဟူသော်ကား။

၁၊ အဇာတသတ်သည် ဗိမ္ဗိသာရကို သတ်၏။

၂။ ဥဒယဘဒ္ဒသည် အဇာတသတ်ကို သတ်၏။

၃။ မဟာမုဏ္ဍိကသည် ဥဒယဘဒ္ဒကို သတ်၏။

၄။ အနုရုဒ္ဓါသည် မဟာမုဏ္ဍိကကို သတ်၏။

၅။ နာဂဒါသသည် အနုရုဒ္ဓါကို သတ်၏။ ဤကား အဘသတ်မင်း ငါးဦးတို့တည်း။

နာဂဒါသ မင်းကိုကား ဤမင်းမျိုးတို့သည် အဘသတ် မင်းမျိုးတည်း။ အမျိုးအနွယ်ကို သတ်ဖြတ်တတ်၏ ဟု တိုင်းသူ-ပြည်သားတို့ အမျက်ထွက်ကြကုန်၍ သတ်ကြကုန်၏၊ သုတ်သီလက္ခန် အဋ္ဌကထာ- ၁၂၃။

အဇာတသတ်မင်းသည် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး၍ ဤသို့ လျှောက်ကြား၏။

ဘုန်းတော် နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား.... တပည့်တော်သည် အနည်းငယ်မျှ ပုစ္ဆာကို အရှင်ဘုရားသည် အကယ်၍ အခွင့် ပြုတော်မူပါလျှင် မေးလျှောက်လိုပါ၏။ မြတ်စွာဘုရား။

အဇာတသတ်မင်းမြတ် အလိုရှိရာကို မေးလော့-ဟု မိန့်တော်မူ၏၊

မဟာကရုဏာတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....လောက၌ အသက်မွေးမှု အတတ်တို့သည် ရှိပါကုန်၏၊ ထိုအတတ်တို့သည် အဘယ်နည်း-ဟူမူကား၊... ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ ရထားအတတ်၊ လေးအတတ်၊ ဓေလကာစစ်တိုက်ရာ၌ အလံကိုင် အတတ်။ စလကာ- စစ်သည်တပ်သားတို့ကို နေရာချထားခြင်း အတတ်၊ ပိဏ္ဍဒါယကာ- တဖက်သော စစ်သည်တို့၏

ဦးခေါင်းကို ဖြတ်ခါ၊ ဖြတ်ခါ လျှင်မြန်စွာ ပေါင်းစုရှ် ယူနိုင်သော, ပိဏ္ဍ ဒါယက အတတ်, (ဝါ) စစ်သည်တပ်သားတို့ကို ထမင်းကျွေးခြင်း အတတ် ဥဂ္ဂါရာဇပုတ္တာ— စစ်မြေပြင်သို့ ထွက်သော မင်းသား၊ ပက္ခန္ဒိနော— တဖက် စစ်သည် အတွင်းသို့ ပြေးဝင်၍ ယူနိုင်သော အတတ်, မဟာနာဂါ— ဆင်ပြောင်ကြီးကိုသော်လည်း နောက်မဆုတ်ဘဲ ရဲရင့်သောစစ်သား အတတ်, သူရာ—သူရဲကောင်း အတတ်, စမ္မယောဓိ— သားရေကို ဝတ်၍ စစ်တိုက်သော အတတ်, (ဤကား စစ်ပညာတည်း)

ဒါသိကပုတ္တ– အိမ်ကျွန်မက မွေးသော အိမ်ပေါက်ကျွန်, အာဠာရိကာ– ထမင်းချက်သမား, ကပ္ပကာ– ဆတ္တာသည် အတတ်, နှာပကာ– ရေချိုးပေး သောသူ, သူဒါ– စဖိုသည်အတတ်, မာလာကာရ–ပန်းကုံးသမား။ (ဝါ) ပန်းပွင့်ထိုးသမား, ရဇကာ–ဆေးဆိုးသမား, (ဝါ) ပင်းမင်း ပေသကာရ– ရက်ကန်းသည်,နဠကာရ– ကျူထရံ ရက်သမား, ကုမ္ဘကာရ–အိုးလုပ်သမား, ဂဏကာ– ဂဏန်းအတတ်, မုဒ္ဒိက— လစ်ဆစ်ချိုး ရေတွက်သော အတတ်, ဤမှ တပါးကုန်သော များစွာကုန်သော အသက်မွေးမှု အတတ်သည် ရှိပါ ကုန်၏— မြတ်စွာဘုရား။

ထိုအတတ်တို့သည် မျက်မှောက်သော ကိုယ်အဖြစ်၌ မျက်မှောက်ဒိဋ္ဌ အတတ်၏ အကျိုးရှိသည်ဖြစ်၍ အသက်မွေးနိုင်ကြ ပါကုန်၏၊ ထိုအတတ် သည် တို့သည် မိမိကိုယ်ကိုလည်း ချမ်းသာ စေပါ၏၊ အမိအဘတို့ကိုလည်း ချမ်းသာစေ နိုင်ပါ၏၊သားမယားကိုလည်း ချမ်းသာစေနိုင်ပါ၏။ မိတ်ဆွေ တို့ကိုလည်း ချမ်းသာစေနိုင်ပါ၏။

ရသေ့ ရဟန်း သူတော်– သူမြတ်တို့၌လည်း အထက် မြင့်မြတ်ရာသို့ ရောက်ကြောင်းဖြစ်သော အလှူရေစက်ကို တည်ထားနိုင်ပါ၏၊ နတ်ပြည်သို့ ရောက်ထိုက်သော အကျိုးလည်း ရှိပါ၏။ ချမ်းသာသော အကျိုးလည်း ရှိပါ၏။ နတ်ပြည်၌ ဖြစ်စေတတ်ပါ၏။ ထိုကဲ့သို့ အကျိုးရှိသော အလှူဝတ် ကို တည်ထားနိုင်ကြ ပါကုန်၏၊

ဘုန်းတော်သခင် အရှင်ဘုရား၊ ဤလောက၌ အသက်မွေးမှု အတတ်တို့ ကဲ့သို့ ဒိဋ္ဌိဓမ္မ– အကျိုးရှိသော ရဟန်း၏အကျိုးကို (ဝါ)ရဟန်းပြုလုပ်ရခြင်း ဒိဋ္ဌဓမ္မအကျိုးကို ဟောကြားတော် မူခြင်းငှါ တတ်နိုင်ပါသလော– မြတ်စွာ ဘုရား၊

ဤသို့ အဇာတသတ်မင်း မေးလျှောက်သောအခါ၌ မြတ်စွာဘုရားသည် ထိုအမေးပုစ္ဆာကို ဖြေတော် မမူသေးဘဲ ဤသို့ ကြံတော်မူ၏။

ဤအဇာတသတ်မင်း၏ ပရိသတ်၌ အညတိတ္ထိတို့၏ တပည့်ဒါယကာတို့ သည်လည်းများစွာပါကြကုန်၏၊ ထိုအညတိတ္ထိတို့၏ တပည့်ဒါယကာ ဖြစ်ကုန်သော သူတို့က ကုသိုလ် အကုသိုလ်ခွဲပြ၍ ဟောသည်ရှိသော် ရဟန်းဂေါတမ သည် သမဏကလဟ၊ သမဏဘဏ္ဍန- ဆူပူသောရဟန်း, ငြင်းခုံသောရဟန်း တို့၏ စကားကိုသာလျှင် ပြောဟော၍ နေ၏-ဟု ကဲ့ရဲ့ကုန်လတ့်။ ရှိသေစွာ တရားတော်ကို မနာကြကုန်လတ့်။ အဇာတသတ် မင်းက ပြောဆိုသော စကားကိုမူကား.... ကဲ့ရဲ့ခြင်းငှါ မဝံ့ကြကုန်လတ့်၊ အဇာတသတ် မင်း၏ စကားကိုသာ လိုက်ကြ, ယူကြ, နားထောင်ကြကုန်လတ့်။လောက-လူအများ တို့ မည်သည်ကား.... အစိုးရသို့ အစဉ်လိုက်မြဲ ဖြစ်ကုန်၏၊ ငါဘုရားသည် အဇာတသတ်မင်းအား တိတ္ထိတို့၏ အယူဝါဒကို ဖြေကြား လျှောက်ထား စေအံ့-ဟု နှလုံးတော်ပြု၍ ဤသို့ မေးတော်မူ၏။

အဇာတသတ်မင်းမြတ်.... သင်မင်းမြတ်သည် ဤအမေးပုစ္ဆာတို့ကို တပါး ကုန်သော ရသေ့ ရဟန်းတို့ကို မေးမြန်းဘူး၏- ဟူ၍ မှတ်မိပါ၏လော။

တပည့်တော်သည် ဤပုစ္ဆာတို့ကို တပါးသော ရသေ့, ရဟန်းတို့အား မေးမြန်းဘူးသည်ကို မှတ်မိပါ၏ မြတ်စွာဘုရား။

အဇာတသတ်မင်းမြတ်။ ထိုရသေ့, ရဟန်းတို့က အဘယ်ကဲ့သို့ ဖြေကြကုန် သနည်း။ သင်မင်းမြတ်သည် အကယ်၍ ဝန်မလေးလျှင် လျှောက်ကြား လော့-ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား အကြင်အရပ်၌ မြတ်စွာဘုရားသည် လည်းကောင်း, မြတ်စွာဘုရားကဲ့သို့သော ပညာရှိပုဂ္ဂိုလ်မြတ်သည် လည်းကောင်း, နေထိုင် ငြားအံ့။ (နေထိုင်၍ ရှိငြားအံ့) ထိုအရပ်၌ တပည့်တော်သည် ဝန်မလေးပါ- မြတ်စွာဘုရား။

အဇာတသတ် မင်းမြတ်၊ ယင်းသို့ ဝန်မလေးသော် လျှောက်ကြား လော- ဟူ၍ မိန့်တော်မူ၏၊ ထိုအခါ၌ အဇာတသတ်မင်းသည် တိတ္ထိဆရာ ကြီး ခြောက်ယောက်တို့ ဖြေဆိုသော အယူဝါဒ စကားတို့ကို မြတ်စွာ ဘုရားအား လျှောက်ကြားလေ၏၊ လျှောက်ကြားပုံကား- ဤသို့တည်း။

## အဇာတသတ်မင်း လျှောက်ကြားသော မိစ္ဆာဒိဋ္ဌိ အယူဝါဒများ အကြောင်း

ကုန်းတော် နေ့ဝန်း ဘောက်ထွန်းတော်မူပေသော မြတ်စွာဘုရား၊ တရံ သော အခါ၌ တပည့်တော်သည် ပူရဏကဿပ အမည်ရှိသော တိတ္ထိဆရာ ကြီး အထံသို့ သွား၍ ဤသို့ မေးမြန်းဘူးပါ၏။

အရှင်ပုရဏ ကဿပ— ဤလောက၌ ဆင်စီးအတတ်, မြင်းစီးအတတ် အစရှိသော အတတ်ပညာတို့သည် ဒိဋ္ဌဓမ္မ အကျိုးကို ဖြစ်စေနိုင်သကဲ့သို့ ရဟန်းပြုလုပ်ခြင်း၏ ဒိဋ္ဌဓမ္မအကျိုးကို ဟောပြခြင်းငှါ တတ်နိုင်ပါအံ့လော– ဤသို့မေးသည်ရှိသော် ပုရဏ ကဿပသည် ဤသို့ ဖြေဆိုပါ၏။

ပြုလုပ်သော သူသည် လည်းကောင်း, ပြုလုပ်စေသောသူသည် လည်းကောင်း, ဖြတ်သော သူသည် လည်းကောင်း, လက်စသည်ကို ဖြတ်စေသော သူသည် လည်းကောင်း, နှိပ်စက်သော သူသည် လည်းကောင်း, ဒုတ်လက်နက် စသည်တို့ဖြင့် နှိပ်စက်စေသော သူသည် လည်းကောင်း, စိုးရိမ်ကြောင့်ကြ၊ သူတပါးတို့ ဖြစ်အောင် ပြုလုပ်သော ပြုလုပ်စေသော သူသည် လည်းကောင်း, သူတပါးတို့ ပင်ပမ်းအောင် ပြုလုပ်သော ပြုလုပ်စေသော သူသည် လည်းကောင်း, တုန်လှုပ် ကြောက်ရွံ့အောင် ပြုလုပ်သော ပြုလုပ်စေသော သူသည် လည်းကောင်း, သူ၏ အသက်ကို သတ်သော သူသည် လည်းကောင်း, သူ၏ ဥစ္စာကို ခိုးသော သူသည် လည်းကောင်း,။ အိမ်ထရံ ပျဉ်ထောင် အကာကို ဖေါက်၍ ခိုးသော သူသည်လည်းကောင်း, တရွာလုံးကို ဓားပြတိုက်သော သူသည် လည်းကောင်း, တအိမ်တည်းကို ဝိုင်း၍ လုယူသော သူသည် လည်းကောင်း, လမ်းကစောင့်၍ လုယူသော သူသည် လည်းကောင်း, သူတပါးတို့၏ မယားကို သွားလာသော သူသည် လည်းကောင်း, လိမ်လည် လှည့်စား မုသားပြောဆိုသော သူသည်လည်းကောင်း, တစုံတခု မကောင်းမှု- ဟူ၍ မဖြစ်, မကောင်းမှုကို ပြုအံ့-ဟူ၍ မှတ်ထင်သော်လည်း မှတ်ထင်၍ ပြုသော်လည်း မကောင်းမှု မဟုတ်, မကောင်းမှု- ဟူ၍ မရှိ၊ သတ္တဝါတို့သည်ကား မကောင်းမှု- ဟူ၍ အယူ ရှိကြကုန်၏။ မှတ်ထင်ကြကုန်၏။

သင်တုံးစက်, ဓားစက်ဖြင့်လည်း ဤမြေကြီးပေါ်၌ ရှိ လူတွေ သတ္တဝါတွေကို အမဲသားပုံကြီး ဖြစ်အောင် ပြုလုပ်သော်လည်း ထိုပြုလုပ်ခြင်း- တည်းဟူသော အကြောင်းကြောင့် မကောင်းမှု – ဟူ၍ မရှိ။ မကောင်းမှုကား ဆိုက်ရောက်၍ လာခြင်း မရှိ။ ဂင်္ဂါမြစ်ကြီး၏ တောင်ဘက်ကမ်းသို့ သတ်ဖြတ်ညှဉ်းဆဲလျက်, သတ်ဖြတ်ညှဉ်းဆဲစေလျက် သွားသော်လည်းကောင်း, မကောင်းမှု- ဟူ၍ မရှိ၊ ထိုသတ်ဖြတ် ညှဉ်းဆဲခြင်း- တည်းဟူသော အကြောင်းကြောင့် မကောင်းမှုကား ဆိုက်ရောက် လာခြင်း မရှိ။ ဂင်္ဂါမြစ်ကြီး၏ မြောက်ဖက်ကမ်းသို့ လှူဒါန်း ပူဇော်လျက်, လှူဒါန်း ပူဇော်စေလျက် သွားသော် လည်းကောင်း, ကောင်းမှု ကုသိုလ်-ဟူ၍ မရှိ။ ကောင်းမှု ကုသိုလ်ကား လာရောက်ခြင်းမရှိ။ လှူဒါန်းသဖြင့် လည်းကောင်း, ကိုယ်နှုတ်နှလုံးကို ဆုံးမ သဖြင့် လည်းကောင်း, စောင့်စည်းခြင်းဖြင့်

လည်းကောင်း, မှန်သော စကားကို ပြောဆိုခြင်းဖြင့် လည်းကောင်း, ကောင်းမှု ကုသိုလ်- ဟူ၍ မရှိ။ ကောင်းမှု ကုသိုလ်က လာရောက်ခြင်း မရှိ-ဟု ဖြေဆို ပြောကြားပါသည်။

ဘုန်းတော် နေဝန်း ထွန်းတောက် သပ္ပါယ်, တင့်တယ်ခြင်း ရှိတော်မူသော မြတ်စွာဘုရား။ ပုရာဏကဿပ တိတ္ထိဆရာကြီးသည် ရဟန်းပြုလုပ်ရခြင်း၏ ဒိဋ္ဌဓမ္မ အကျိုးကို မေးသော တပည့်တော်အား ကံမရှိသော အယူဝါဒကို ဖြေကြားပါ၏။ ဥပမာ ဆိုသည်ရှိသော် သရက်သီးကို မေးပါလျက်နှင့် ပိန္နဲသီးသို့ ဖြေဆိုသကဲ့သို့ လည်းကောင်း ပိန္နဲသီးကို မေးပါလျက်နှင့် သရက်သီးကို ဖြေဆိုသကဲ့သို့ လည်းကောင်း, ဤအတူသာလျှင် ကိုယ်တိုင် ဒိဋ္ဌသိမြင်ရသော ရဟန်းဖြစ်ခြင်း၏ အကျိုးကို မေးမြန်း ပါလျက်နှင့် ကံမရှိသော အယူဝါဒကို အမေးတခြား အဖြေတခြား ဖြေကြားပါ၏ အရှင်ဘုရား၊

ဘုန်းတော် နေဝန်း ထွန်းတောက် သပ္ပါယ် တင့်တယ်ခြင်း ရှိတော်မူသော မြတ်စွာဘုရား- အကျွန်ုပ်အား ဤသို့သော အကြံသည် ဖြစ်၏။

"ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေသော သမဏ, ဗြဟ္မဏကို ပြစ်တင် မောင်းမဲ သင့်သည်- ဟု အဘယ်ကြောင့် မှတ်ထင်နိုင်ပါအံ့နည်း" ဟု ကြံစီမိပါ၏။

အကျွန်ုပ်သည် ပုရာဏကဿပ တိတ္ထိ ဆရာကြီး ပြောဆိုသော စကားကို နှစ်သက်ခြင်းလည်း မရှိ။ ဖယ်လှန်ခြင်းလည်း မပြုခဲ့၊ မနှစ်သက် မပယ်ခဲ့မူ၍ နှစ်လုံးမသာသော်လည်း၊ နှစ်လုံး မသာသော စကားကို မပြောဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သား လက်မခံဘဲ နေရာမှထ၍ ပြန်ခဲ့ပါသည်- မြတ်စွာဘုရား- ဟု အဇာတသတ်မင်းသည် လျှောက်ထား၏။

## မက္ခလိဂေါသာလ တိတ္ထိဆရာကြီး ထံသို့ သွား၍ အဇာတသတ်မင်း ပုစ္ဆာ-မေးမြန်းကြောင်း

ဘုန်းတော် နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား- တပည့်တော် အဇာတသတ်မင်းသည် မက္ခလိဂေါသာလ တိတ္ထိဆရာကြီး အထံသို့ သွား၍ မေးမြန်းဘူးပါ၏။

မေးပုံကား.... "အရှင်ဂေါသာလ-လောက၌ များစွာသော အတတ်တို့သည် ရှိကြပါ၏၊ ဆင်စီးအတတ်, မြင်းစီး အတတ် - အစရှိသော

သိပ္ပါယတန အတတ်မျိုးတို့ ကဲ့သို့ မျက်မှောက် ဒိဋ္ဌဖြစ်သော ရဟန်းခံခြင်း၏ အကျိုးကို ဟောပြော ပြသခြင်းငှါ တတ်နိုင်ပါအံ့လော့”

ဤသို့ မေးသည်ရှိသော်– မက္ခလိဂေါသာလ တိတ္ထိဆရာကြီးသည် ဤသို့ ဖြေဆိုပါ၏။

ဖြေဆိုပုံကား- အဇာတသတ် မင်းမြတ်– ဤလောက၌ သတ္တဝါတို့ ညစ်ညူးခြင်းငှါ အကြောင်းတရားသည် မရှိ၊ အကြောင်းအထောက်ပံ့သည် မရှိကုန်ဘဲနှင့် သတ္တဝါတို့သည် ညစ်ညူးကြကုန်၏။ သတ္တဝါတို့ စင်ကြယ် သန့်ရှင်းရန် အကြောင်းတရားသည် မရှိ။ အကြောင်း အထောက်ပံ့သည် မရှိဘဲ သတ္တဝါတို့ စင်ကြယ်ကြကုန်၏၊ မိမိပြုလုပ်မှုသည် မရှိ။ သူတပါး ပြုလုပ်ပေးမှုလည်း မရှိ။ ယောကျ်ားတို့ ပြုလုပ်မှုသည် မရှိ။ ခွန်အားသည် မရှိ။ လုံ့လသည်မရှိ။ ယောကျ်ားတို့ စွမ်းအားသည် မရှိ။ ယောကျ်ားတို့ အားထုတ်မှုသည်မရှိ။ အလုံးစုံသော သတ္တဝါ, အလုံးစုံသော သက်ရှိသတ္တဝါ, အလုံးစုံသော ထင်ရှားဖြစ်သော သတ္တဝါ, အလုံးစုံသော သက်ရှိသတ္တဝါ တို့သည် အစွမ်း မရှိကုန်။ ခွန်အား မရှိကုန်။ လုံ့လ မရှိကုန်၊ ဖြစ်မြဲအတိုင်း, ဆုံစည်းသည့်အတိုင်း သဘာဝအတိုင်း, အမျိုးမျိုး ဖြစ်ကုန်၍ ဇာတ်အထူး ခြောက်မျိုးတို့၌ သာလျှင် ချမ်းသာ, ဆင်းရဲကို ခံစားကုန်၏။ ဤတသန်း လေးသိန်း ခြောက်ထောင့် ခြောက်ရာသော အဓိကသတ္တဝါမျိုးများ,

ငါးရာသော ကံများ, ငါးပါးသော ကံများ, သုံးပါးသော ကံများ, ပြည့်သော ကံများ, ထက်ဝက်သော ကံများ, ခြောက်ဆယ့် နှစ်ပါးသော အကျင့်များ, ခြောက်ဆယ့်နှစ်ပါးသော အန္တရကပ်များ, ခြောက်မျိုးသော ဇာတ်အထူးများ, ရှစ်ပါးသော ယောကျ်ားတို့၏ အရွယ်များ, လေးထောင့် ကိုးရာသော အသက်မွေးမှုများ, လေးထောင့် ကိုးရာသော ပရိဗိုဇ်များ, လေးထောင့် ကိုးရာသော နဂါးတို့ နေရာများ, နှစ်ထောင်သော ဣန္ဒြေ များ, သုံးဆောင်သော ငရဲများ, သုံးဆယ့်ခြောက်မျိုးသော မြူဓာတ်များ,

ခုနစ်မျိုးသော သညာရှိ ပဋိသန္ဓေများ, ခုနစ်မျိုးသော သညာမဲ့ ပဋိသန္ဓေများ, ခုနစ်မျိုးသော အဆစ်ပဋိသန္ဓေများ, ခုနစ်မျိုးသော နတ်များ, ခုနစ်မျိုးသော လူများ, ခုနစ်မျိုးသော ဖြေဘုတ်ဘီလူးများ, ခုနစ်ခုသော အိုင်ကြီးများ, ခုနစ်ခုသော အဖုကြီးများ, ခုနစ်ရာသော အဖုငယ်များ, ခုနစ်ခုသော ချောက်ကြီးများ, ခုနစ်ရာသော ချောက်ငယ်များ, ခုနစ်ခုသော အိပ်မက်များ, ခုနစ်ရာသော အိပ်မက်ငယ်များ, ရှစ်သန်း လေးသိန်းသော မဟာကပ်များ ရှိကုန်၏။

ယင်း မဟာကပ်တို့ပတ်လုံး လူမိုက်သည် လည်းကောင်း, ပညာရှိသည် လည်းကောင်း, ထိုဘဝမှ ဤဘဝသို့ ပြေးသွား ကျင်လည်၍ ဆင်းရဲ ကုန်ဆုံး ခြ ်းကို ပြုကုန်လတ့်။ ထိုအတောအတွင်း၌ ဆင်းရဲ ကုန်ဆုံးခြင်း မရှိ။ ငါသည် ဤသီလဖြင့်သော် လည်းကောင်း, ဤကျင့်ဝတ်ဖြင့် သော်လည်း ကောင်း, ဤခြိုးခြံမှုဖြင့် သော်လည်းကောင်း, ဤအကျင့်မြတ်ဖြင့် သော် လည်းကောင်း,မရင့်ကျက်သေးသော ကံကိုမူလည်း ရင့်ကျက်စေရန်၊ ရင့်ကျက် စေပြီးသော ကံကို မူလည်း သေ၍, သေ၍ ပျက်စီးစေရန် ဤသို့ပြုပြင်နိုင် ခြင်း မရှိ၊

ချ ်းသာ ဆင်းရဲသည် စရွတ်တောင်းဖြင့် ခြင်ထားသ ကဲ့သို့ ဖြစ်၏။ သံသရာသည် အပိုင်း အခြား ပြုထားပြီးဖြစ်၏။ အတိုးအဆုတ်မရှိ၊ အယုတ် အလွန်မရှိ၊ ချည်လုံးကို ပစ်လိုက်သော် ချည်ရှိသရွေ့သာ ပြေလျက် ပြေးသွား သကဲ့သို့ ဤအတူ လူမိုက်သည် လည်းကောင်း, ပည ရှိသည် လည်းကောင်း, ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်၍။ ဆင်းရဲ ကုန်ဆုံးခြင်းကို ပြုကြ လတံ့–ဟု ဖြေဆိုပြောကြားပါသည်။

ဘုန်းတော် နေဝန်း ထွန်းတောက် သပ္ပါယ်ခြင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား– မက္ခလိဂေါသာလ ၊ တိတ္ထိဆရာကြီးသည် ရဟန်းပြုလုပ်ရ ခြင်း၏ ဒိဋ္ဌိဓမ္မ အကျိုးကို မေးသော တပည့်တော်အား ဤသို့ သံသရာမှ စင် ယ်ခြင်းကို ဖြေကြားပါ၏။ ဥပမာ ဆိုသည်ရှိသော်– သရက်သီးကို မေးပါလျက်နှင့် ပိန္နဲသီးကို ဖြေဆိုသကဲ့သို့ လည်းကောင်း, ပိန္နဲသီးကို မေးပါ လျက်နှင့် သရက်သီးကို ဖြေဆိုသကဲ့သို့ လည်းကောင်း, ဤအတူသာလျှင် ကိုယ်တိုင် ဒိဋ္ဌ သိမြင် ့သော ရဟန်းပြု ့ခြင်း၏ အကျိုးကို မေးမြန်းပါလျက် နှင့် မက္ခလိဂေါသာလ တိတ္ထိဆရာကြီးသည် သံသရာမှ စ ်ကြယ်ခြင်းကို အမေးတခြား အဖြေတခြား တပည့်တော်အား ဖြေကြားပါ၏ အရှင်ဘုရား။

မြတ်စွာဘုရား– အကျွန်ုပ်အား ဤသို့သော အကြံသည် ဖြစ်၏။ ငါကဲ့သို့ သော မ ်းသည် နိုင်ငံတော်၌ နေသော သမဏ, ဗြာဟ္မဏကို ပြစ်တင် မောင်းမဲ သင့်သည်- ဟု အဘယ်ကြောင့် မှတ်ထင်နိုင်ပါအံ့နည်း–ဟု အကြံဖြစ်မိ ပါ၏။

အကျွန်ုပ်သည် ·မက္ခလိဂေါသာလ တိတ္ထိဆရာကြီး ပြောသော စကားကို နှစ်သက်ခြင်းလည်း မရှိ၊ ပယ်လှန်ခြင်းလည်း မပြုခဲ့။ မနှစ်သက် မပယ်ခဲ့မူ၍ နှစ်လုံး မသာသော်လည်း, နှစ်လုံးမသာသော စကားကို မပြောဆို မူ၍ ထိုစကားကို မနာယူ မမှတ်သား လက်မခံဘဲ နေရာမှ ထ၍ ပြန်ခဲ့ပါသည် မြတ်စွာဘုရား– ဟု အဇာတသတ် မင်းသည် လျှောက်ထား၏။

# အဇိတ ကေသကမ္ဗလ တိတ္ထိဆရာကြီးထံသို့ သွား၍ အဇာတသတ်မင်း ပုစ္ဆာ မေးမြန်းကြောင်း

ဘုန်းတော် နေဝန်း တောက်ထွန်းတော် မူသော မြတ်စွာဘုရား– တပည့်တော် အဇာတသတ် မင်းသည် အဇိတ ကေသ ကမ္ဗလ တိတ္ထိဆရာ ကြီး အထံသို့ သွား၍ မေးမြန်းဘူးပါ၏၊

မေးပုံကား အရှင် အဇိတကေသ ကမ္ဗလ၊ လောက၌ များစွာသော အတတ်တို့သည် ရှိပါကုန်၏။ ဆင်စီးအတတ်, မြင်းစီးအတတ် အစရှိသော သိပ္ပါယတန အတတ်မျိုးတို့ကဲ့သို့ မျက်မှောက် ဒိဋ္ဌဓမ္မ ဖြစ်သော ရဟန်းခံ ခြင်း၏ အကျိုးကို ဟောပြခြင်းငှါ တတ်နိုင်ပါအံ့လော့– ဤသို့မေးသည် ရှိသော် အဇိတ ကေသ ကမ္ဗလ တိတ္ထိဆရာကြီးသည် ဤသို့ ဖြေဆို၏။ ဖြေဆိုပုံကား–

အဇာတသတ် မင်းမြတ်–၊ ဤလောက၌ အလှူပေးခြင်း အကျိုးသည် မရှိ။ ယဇ်ပူဇော်ခြင်း၏ အကျိုးသည် မရှိ၊ ဟုန်းပူဇော်ခြင်း၏ အကျိုးသည်မရှိ၊ ကောင်းမှု, မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ။ ဤလောကသည် မရှိ၊ တပါးသော လောကသည် မရှိ။ အမိ, အဖတို့၌ ကောင်းစွာပြုစုခြင်း၊ မကောင်းသဖြင့် ပြုစုခြင်း၏ အကျိုးသည် မရှိ။ သေပြီးနောက် ပြန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်။ ဤလောကကို လည်းကောင်း, တပါးသော လောကကို လည်းကောင်း, ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက် ပြုလျက် ဟောကြားနိုင်သော ဖြောင့်မှန်သော အရိယာမဂ်သို့ ေ က်ကု သော ကောင်းသော အကျင့်ရှိကုန်သော သမဏ, ဗြာဟ္မဏာတို့သည် မရှိကုန်။

ဤသတ္တဝါသည်– မဟာဘုတ်လေးပါး– အစုအဝေး ဖြစ်၏၊ ပထဝီဓာတ် သည် မြေကိုယ် အစုသို့ ဆိုက်ရောက်၏၊ ရေဓာတ်သည် ရေကိုယ် အစုသို့ ဆိုက်ရောက်၏။ မီးဓာတ်သည်၊ မီးကိုယ် အစုသို့ ဆိုက်ရောက်၏၊ လေဓာတ်သည် လေကိုယ် အစုသို့ ဆိုက်ရောက်၏။

နာမ် ဣန္ဒြေတို့သည် ကောင်းကင်သို့ ပြောင်းရွေ့ကုန်၏။ ညောင်စောင်း လျှင် ငါးခုမြောက်ဖြစ်သော ယောကျ်ားတို့သည် သူသေကေ ာင်ကို ယူ၍ သွားကုန်၏၊ သင်းချိုင်းတိုင်အောင် သူသေကောင်တို့သည် ထင်ကုန်၏၊ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏။ အလှူတို့သည် ပြာအဆုံးရှိကုန်၏၊ အလှူပေးခြင်းကို လူမိုက်တို့က ပညတ် ထားကုန်၏။ အချို့သူတို့သည် ပေးလှူခြင်း–စသည်ရှိ၏– ဟူသော ဝါဒကို ပြောဟောကုန်၏။ ထိုသူတို့၏ စကားသည် အချည်းနှီးဖြစ်၏။ မှားယွင်း၏။ ယောင်ယမ်းပြောဆိုသော စကား

ဖြစ်၏။ လူမိုက်သည် လည်းကောင်း, ပညာရှိသည် လည်းကောင်း, ခန္ဓာကိုယ် ပျက်စီး၍ သည်မှ နောက်၌ ပြတ်၏။ သေသည်မှ နောက်၌ ပြန်မဖြစ်ကုန်-ဟု ပြောဆိုပါသည်။

ဘုန်းတော် နေဝန်း ထွန်းတောက် သပ္ပါယ်တော်မူသော မြတ်စွာဘုရား- အဇိတ ကေသ ကမ္ဗလ တိတ္ထိ ဆရာကြီးသည် ရဟန်းပြုလုပ်ရခြင်း၏ ဒိဋ္ဌဓမ္မ အကျိုးကို မေးသော တပည့်တော်အား သေသည်မှ နောက်၌ ပြန်မဖြစ်၊ ပြတ်၏-ဟူသော ဝါဒကို ဖြေကြားပါ၏။

ဥပမာဆိုသော်- သရက်သီးကို မေးပါလျက်နှင့် ပိန္နဲသီးကို ဖြေဆိုသကဲ့သို့ လည်းကောင်း, ပိန္နဲသီးကို မေးပါလျက်နှင့် သရက်သီးကို ဖြေဆို သကဲ့သို့ လည်းကောင်း, ဤအတူသာလျှင် ကိုယ်တိုင် ဒိဋ္ဌဓမ္မ သိမြင်ရသော ရဟန်း ပြုရခြင်း၏ အကျိုးကို မေးပါလျက်နှင့် အဇိတ ကေသ ကမ္ဗလ တိတ္ထိဆရာကြီး သည် သေသည်မှနောက်၌ ပြန်မဖြစ်၊ သေလျှင် ပြတ်၏-ဟူသော ဝါဒကို အမေးတခြား အဖြေတခြား တပည့်တော်အား ဖြေကြားပါ၏ အရှင်ဘုရား။

မြတ်စွာဘုရား....ကျွန်ုပ်အား ဤသို့သော အကြံသည် ဖြစ်၏။

ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေသော သမဏ ဗြာဟ္မဏကို ပြစ်တင် မောင်းမဲသင့်သည်-ဟု အဘယ်ကြောင့် မှတ်ထင်ပါအံ့နည်း-ဟု အကြံ ဖြစ်မိပါ၏။

အကျွန်ုပ်သည် အဇိတ ကေသ ကမ္ဗလ တိတ္ထိဆရာကြီးပြောသော စကားကို နှစ်သက်ခြင်းလည်းမရှိ, ပယ်လှန်ခြင်းလည်း မပြုခဲ့၊ မနှစ်သက် မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသောစကားကို မပြောဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သား လက်ခံဘဲနေရာမှ ထ၍ ပြန်ခဲ့ပါသည် မြတ်စွာဘုရား- ဟု အဇာတသတ်မင်းသည် လျှောက်ထား၏။

## ပကုဓကစ္စာယန တိတ္ထိဆရာကြီးထံသို့ သွား၍ အဇာတသတ်မင်း ပုစ္ဆာ မေးမြန်းကြောင်း

ဘုန်းတော်နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား.... တပည့်တော် အဇာတသတ် မင်းသည် ပကုဓ ကစ္စာယန တိတ္ထိဆရာကြီး အထံသို့ သွား၍ မေးမြန်းဘူးပါ၏။

မေးပုံကား...."အရှင် ကစ္စာယန လောကဌ-များစွာ ကုန်သော ဆင်စီး အဘက်, မြင်းစီးအဘက် အစရှိသော သိပ္ပါယတန အတတ်မျိုးတို့ ကဲ့သို့

ကိုယ်တိုင် မျက်မှောက် ဒိဋ္ဌဓမ္မ ဖြစ်သော ရဟန်းခံခြင်း၏အကျိုးကို ဟောပြခြင်းငှါ တတ်နိုင်ပါအံ့လော”

ဤသို့ မေးသည်ရှိသော် ပကုဓ ကစ္စာယန တိတ္ထိဆရာကြီးသည် ဤသို့ ဖြေဆိုပါ၏၊

အရှင်ဘုရား မင်းမြတ်....ဤလောက၌ ဤခုနစ်ပါးသော ကိုယ်တို့သည် ပြုလုပ်ထားသည် မဟုတ်ကုန်၊ ပြုလုပ်ထားစေသည် မဟုတ်ကုန်။ ဖန်ဆင်းထားသည် မဟုတ်ကုန်။ မြုံကုန်၏၊ တောင်အထွဋ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏။ မတုန်လှုပ်ကုန်, မဖောက်ပြန်ကုန်။ ထို ကိုယ်တို့သည် အချင်းချင်း မညှဉ်းဆဲကြကုန်။ အချင်းချင်းဆင်းရဲခြင်းငှါ လည်းကောင်း, ချမ်းသာခြင်းငှါ လည်းကောင်း, မစွမ်းနိုင်ကြကုန်။

ထို ခုနစ်ပါးသော ကိုယ်တို့သည် အဘယ်သည်တို့နည်း ဟူမူကား....ပထဝီကိုယ်, အာပေါကိုယ်, တေဇောကိုယ်, ဝါယောကိုယ်, သုခကိုယ်, ဒုက္ခကိုယ်, ဇီဝ အသက်၊ ဤခုနစ်ပါးသောကိုယ်တို့သည် သူတပါးတို့က ပြုလုပ် ဖန်ဆင်း၍ ထားသည်လည်း မဟုတ်၊ ပြုလုပ် ဖန်ဆင်း စေခြင်းငှါလည်း မတတ်နိုင်။ သူတို့အားသာ တောင်ထွဋ်တံခါးတိုင်ကဲ့သို့ အမြဲ တည်ရှိသည် ဖြစ်၍ မတုန်လှုပ်ကြကုန်။ မပြောင်းလဲကြကုန်။ မပျက်စီးကြကုန်။ ထိုခုနစ်ပါးသော ကိုယ်တို့၌ သတ်ဖြတ် ညှဉ်းဆဲခြင်းလည်း မရှိနိုင်ကုန်၊ ကြားခြင်းလည်း မရှိကုန်၊ ကြားစေခြင်းလည်း မရှိကုန်။ သိခြင်းလည်း မရှိကုန်။ သိစေခြင်းလည်း မရှိကုန်။

အကြင်သူ သည်လည်း ထက်လှ စွာသော သံလျက်ဖြင့် ဦးခေါင်းကို ဖြတ်ငြားအံ့ တစုံတခု အသက်မှ ချခြင်းငှါ မတတ်နိုင်၊ ခုနစ်ပါးသော ကိုယ်တို့၏ အကြားဖြင့်သာလျှင် ဓားလက်နက်သည် ကိုယ်တို့၏ အကြား အပေါက်သို့ အစဉ်လိုက်၍ ကျသွား၏၊ (လူးပုတ်ထဲသို့ လည်းကောင်း, ဆန်ပုတ်ထဲသို့လည်းကောင်း လူးတောင်း, ဆန်တောင်းထဲသို့ လည်းကောင်း, ဓားကို စိုက်သည် ရှိသော် လူးဆန်တို့၏ အကြားသို့ ဓားဝင်၍ သွားသကဲ့သို့ ပသဝီအစရှိသော ခုနစ်ပါးသော ကိုယ်တို့၏အကြား အပေါက်သို့ ဓားဝင်၍ သွား၏-ဟူလို။)

ဘုန်းတော်နေဝန်း ထွန်းတောက် သပ္ပါယ် တင့်တယ်ခြင်း ရှိတော်မူသော မြတ်စွာဘုရား....ပကုဓ ကစ္စာယန တိတ္ထိဆရာကြီးသည် ရဟန်း ပြုခြင်း၏ ဒိဋ္ဌဓမ္မအကျိုးကို မေးသော တပည့်တော်အား အညာနညာ အကြောင်းကို ဖြေဆိုပါ၏၊ ဥပမာ– ဆိုသည်ရှိသော် သရက်သီးကို မေးလျှင် ပိန္နဲသီးကို ဖြေသကဲ့သို့ အမေးတခြား အဖြေတခြား ဖြစ်၍ နေပါ၏ မြတ်စွာဘုရား၊ ဤသို့ အရှင်ဘုရား မင်းသည် မြတ်စွာဘုရားအား လျှောက်ကြား၏။

## ပကုဓ ကစ္စာယန တိတ္ထိဆရာကြီး အကြောင်း

ပကုဓ အမည် ရှိသော တိတ္ထိဆရာကြီးသည် ကစ္စာယန အမျိုးတည်း။ ထိုတိတ္ထိဆရာကြီးသည် ရေ၌ အသက် ရှိသည်-ဟု မှတ်သင်၏၊ ထို့ကြောင့် ရေကို ပကတိအတိုင်း နေလျှင် ကျင်ကြီးပြု၍ ပြီးသော်လည်း ရေဆေးခြင်း ကို မပြု။

ဥဏှောဒက-ရေပူကို သော်လည်းကောင်း, ပအုံးရည်ကို သော်လည်း ကောင်း, ရလျှင် ရေဆေးခြင်းကိုပြု၏။ မြစ်ကိုလည်းကောင်း, ရေရှိသော လမ်းသို့လည်းကောင်း, ကူးဖြတ်၍ သွားမိငြားအံ့။ ငါ၏ သီလသည် ပျက်၏-ဟု သဲပုံတော်ကို ပြုလုပ်၍ သီလကို ဆောက်တည်၍ သွား၏၊ ဤသို့သော အသရေ မရှိသော အယူဝါဒကို စွဲလမ်းသော တိတ္ထိတည်း၊

## နိဂဏ္ဌ တိတ္ထိဆရာကြီး ထံသို့ သွား၍ အဇာတသတ်မင်း ပုစ္ဆာ မေးမြန်းကြောင်း

ဘုန်းတော် နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား.... တပည့်တော် အဇာတသတ် မင်းသည် နိဂဏ္ဌတိတ္ထိဆရာကြီးထံသို့ သွား၍ မေးမြန်းဘူးပါ၏။

မေးပုံကား.... အရှင်အဂ္ဂိဝေဿန- လောက၌ ဆင်စီးအတတ်, မြင်းစီး အတတ် အစရှိသော သိပ္ပါယတန-အတတ်မျိုးတို့ကဲ့သို့ မျက်မှောက် ဒိဋ္ဌဓမ္မ ဖြစ်သော ရဟန်းခံခြင်း၏ အကျိုးကို ဟောပြခြင်းငှါ တတ်နိုင်ပါအံ့လော? ဤသို့ မေးသည်ရှိသော် နိဂဏ္ဌတိတ္ထိ ဆရာကြီးသည် ဤသို့ ဖြေဆိုပါ၏။

အဇာတသတ်မင်းမြတ်- ဤလောက၌ နိဂဏ္ဌဆရာသည် လေးပါးသော အဘို့ဖြင့် စောင့်စီးခြင်း ရှိ၏၊ အဘယ်သို့ စောင့်စီးသနည်း ဟူမူကား... နိဂဏ္ဌဆရာကြီးသည် အလုံးစုံသော ရေကို ပယ်ရှား၏၊ အလုံးစုံသော မကောင်းမှုကို ပယ်ရှား၍ အလုံးစုံသော မကောင်းမှုကို ပယ်ရှားအောင် ကျင့်၏၊ အလုံးစုံသော မကောင်းမှုကို ပယ်ရှားခြင်းသို့ ရောက်၏။

အဇာတသတ် မင်းမြတ် ဤသို့ လေးပါးသော စောင့်စည်းခြင်းဖြင့် စောင့်စည်းသော နိဂဏ္ဌဆရာကို အထွဋ်အဖျားသို့ ရောက်သော စိတ်ရှိ၏- ဟူ၍ လည်းကောင်း, စောင့်စည်းသော စိတ်ရှိ၏- ဟူ၍ လည်းကောင်း, ကောင်းစွာ တည်သော စိတ်ရှိ၏- ဟူ၍ လည်းကောင်း, ဆိုအပ်၏။

ဘုန်းတော် နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား.... နိဂဏ္ဌ အမည်ရှိသော တိတ္ထိဆရာကြီးသည် ရဟန်းပြုလုပ်ခြင်း၏ ဒိဋ္ဌမေ့မျက်မှောက် အကျိုးကို မေးသော တပည့်တော်အား လေးပါးသော စောင့်စည်းခြင်းကို ဖြေဆိုပါ၏။ ဥပမာ ဆိုသည်ရှိသော် သရက်သီးကို မေးလျှင် ပိန္နဲသီးကို ဖြေသကဲ့သို့ လည်းကောင်း, ပိန္နဲသီးကိုမေးလျှင် သရက်သီးကို ဖြေသကဲ့သို့ လည်းကောင်း, အမေးတခြား, အဖြေတခြား ဖြစ်၍ နေပါ၏– အရှင်ဘုရား။ ဤသို့ အဇာတသတ်မင်း လျှောက်၏။

## နိဂဏ္ဌ တိတ္ထိဆရာကြီး၏ အကြောင်း

ထိုတိတ္ထိဆရာကြီး အယူဝါဒ၌ သာသနာတော်နှင့် လျော်သော အချို့သော အကျင့်သည်ရှိ၏။ ရှိသော်လည်း မစင်ကြယ်သော အယူဖြစ်လေသောကြောင့် အလုံးစုံသည် ပင်လျှင် မိစ္ဆာဒိဋ္ဌိ အယူဖြစ်လေ၏။ ထိုဆရာကြီးသည် ရေအေး၌ သတ္တဝါ– ဟူသော အမှတ်သညာရှိ၏။ ထို့ကြောင့် ရေအေးကို မသုံးဆောင်၊ ငါတို့အား အထုံးအဖွဲ့ဖြစ်သော ကိလေသာ မရှိ၊ ကိလေသာ– ဟူသော အထုံးအဖွဲ့မှ ကင်း၏။ ဤသို့ ပြောဆိုလေ့ ရှိသောကြောင့် နိဂဏ္ဌဟူသော အမည်ကို ရ၏။

## သိဉ္စည်းဆရာကြီးထံသို့ သွား၍ အဇာတသတ်မင်း ပုစ္ဆာ မေးမြန်းကြောင်း

ဘုန်းတော် နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား .. တပည့်တော် အဇာတသတ် မင်းသည် သိဉ္စည်းအမည်ရှိသော တိတ္ထိဆရာကြီး ထံသို့ သွား၍ ရဟန်းခံခြင်း၏ ဒိဋ္ဌဓမ္မ မျက်မှောက်အကျိုးကို မေးမြန်းဘူးပါ၏။

မေးပုံကား ... အရှင်သိဉ္စည်းဆရာကြီး လောက၌ ဆင်စီးအဘက်, မြင်းစီး အတတ်– အစရှိသော သိပ္ပါယတန အတတ်မျိုးတို့ကဲ့သို့ ရဟန်းပြုခြင်း၏ ဒိဋ္ဌဓမ္မ မျက်မှောက် အကျိုးကို ဟောပြခြင်းငှါ တတ်နိုင်ပါ၏လော။ ဤသို့ မေးသည်ရှိသော် သိဉ္စည်းဆရာကြီးသည် ဤသို့ ဖြေဆိုပါ၏။ အဇာတသတ်မင်းမြတ် ပရလောကသည် ရှိ၏လော– ဟူ၍ ငါ့ကို အကယ်၍ မေးငြားအံ့။ ဤသို့လည်း ငါအယူမရှိ၊ ဤသို့ ဖြေဆိုအံ့။ ပရလောက မရှိသလော – ဟူ၍ မေးငြားအံ့၊ ဤသို့လည်း ငါအယူ မရှိ–ဟုဖြေဆိုအံ့။

ပရလောကသည် ရှိ,မရှိလော-ဟု မေးမြန်းအံ့။ ဤသို့လည်း ငါအယူ မရှိ-ဟု ဖြေဆိုအံ့။

ပရလောကသည် ရှိလည်း မဟုတ်, မရှိလည်း မဟုတ်လော-ဟု မေးမြန်းအံ့၊ ဤသို့လည်း ငါအယူ မရှိ-ဟု ဖြေဆိုအံ့။ ဩပပါတိက သတ္တဝါ ရှိသလော-ဟု မေးမြန်းအံ့။ ဤသို့လည်း ငါအယူမရှိ-ဟု ဖြေအံ့။ ဩပပါတိက သတ္တဝါ မရှိလော-ဟု မေးမြန်းအံ့။ ဤသို့လည်း ငါအယူ မရှိ-ဟု ဖြေအံ့၊ ဩပပါတိက သတ္တဝါရှိလည်း မဟုတ်, မရှိလည်းမဟုတ်လော- ဟူ၍ မေးမြန်းအံ့။ ဤသို့လည်း ငါအယူမရှိ-ဟု ဖြေအံ့။

ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးရှိပါသလော- ဟု မေးမြန်းအံ့။ ဤသို့လည်းငါအယူမရှိ-ဟုဖြေအံ့ ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုး မရှိလော-ဟု မေးမြန်းအံ့၊ဤသို့လည်း ငါအယူမရှိ-ဟု ဖြေအံ့။ ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုး၊ ရှိ,မရှိလော-ဟု မေးမြန်းအံ့။ ဤသို့လည်း ငါအယူ မရှိဟု-ဟု ဖြေအံ့။ ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုး ရှိလည်း မဟုတ်, မရှိလည်း မဟုတ်လော-ဟု မေးမြန်းအံ့။ ဤသို့လည်း ငါအယူ, မရှိ-ဟု ဖြေအံ့။

သတ္တဝါ သေသည်မှ နောက်ဖြစ်သလော ဟု မေးမြန်းအံ့၊ ဤသို့လည်း ငါအယူ မရှိ ဟု ဖြေအံ့။ သတ္တဝါသေသည်မှ နောက်မဖြစ်လော- ဟု မေးမြန်းအံ့။ ဤသို့လည်း ငါအယူ မရှိ-ဟု ဖြေအံ့။ သတ္တဝါ သေသည်မှ နောက်ဖြစ်- မဖြစ်လော-ဟု မေးမြန်းအံ့၊ ဤသို့လည်း ငါအယူ မရှိ-ဟု ဖြေအံ့။ သတ္တဝါသေသည်မှ နောက်ဖြစ်လည်း မဟုတ်,မဖြစ်လည်း မဟုတ်လော-ဟု မေးမြန်းအံ့။ ဤသို့လည်း ငါအယူမရှိ-ဟု ဖြေအံ့။

ဘုန်းတော် နေဝန်း ဘောက်ဘွန်းတော်မူသော မြတ်စွာဘုရား ရဟန်းခံခြင်း၏ အကျိုးကို မေးသော တပည့်တော်အား သိဉ္စည်းသရကြီးသည် အမရာ ဝိက္ခေပ အယူကို ဖြေဆိုပါ၏။

ဥပမာ အိုသည်ရှိသော် သရက်သီးကို မေးလျှင် ပိန္နဲသီးကို ဖြေသကဲ့သို့လည်းကောင်း, ပိန္နဲသီးကို မေးလျှင် သရက်သီးကို ဖြေသကဲ့သို့လည်းကောင်း, အမေး တခြား အဖြေတခြား ဖြစ်၍ နေပါသည် မြတ်စွာဘုရား။

ဤသို့ သိဉ္စည်းသရကြီးက ဖြေဆိုသည်ရှိသော် တပည့်တော်သည် ဤသို့ အကြံ ဖြစ်ပါ၏၊ ဤဆရာကြီးသည်ကား အလုံးစုံသော ရသေ့ရဟန်းတို့ထက် အမိုက်ဆုံး အတွေဝေဆုံး ဖြစ်ပြီး ရဟန်းခံခြင်း၏ ဒိဋ္ဌဓမ္မ- အကျိုးကို မေးသော ငါ့ကဲ့သို့သော မင်းကို အမရာ ဝိက္ခေပ အယူကို အဘယ်ကြောင့် ဖြေဆိုရသနည်း ဟု အကြံ ဖြစ်ပါ၏၊

ထိုနောက်တဖန် တပည့်တော်သည် ဤသို့ အကြံဖြစ်ပါ၏။

ငါကဲ့သို့သော မင်းသည် ငါ၏တိုင်းပြည် နိုင်ငံအတွင်း၌ ရှိသော ရသေ့ ရဟန်းတို့ကို အဘယ်ကြောင့် မေခင်းမဲ့ရအံ့နည်း--ဟု အကြံဖြစ်ပါ၏၊

ဘုန်းတော် နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား-- တပည့်တော် အဇာတသတ်သည် သိဥ္စည်းဆရာကြီး၏ စကားကို နှစ်သက်ခြင်းလည်း မရှိ။ တားမြစ်ခြင်းလည်း မရှိမူ၍ နှလုံး မသာဖြစ်လျက် နှလုံး မသာသော စကားကို မမြွက်ဆိုမူ၍ ထိုဆရာကြီး၏ စကားကို စွဲလမ်းခြင်း မရှိမူ၍, နေရာမှ ထ၍ လာခဲ့ပါ၏- မြတ်စွာဘုရား။

## ရဟန်းပြုရခြင်း၏ မျက်မှောက် ခံစားရသောအကျိုးကို မြတ်စွာဘုရားအား အဇာတသတ်မင်းက မေးလျှောက်ကြောင်း

ဘုန်းတော်နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား.... ထိုတိတ္ထိဆရာကြီး ခြောက်ယောက်တို့၏ အယူဝါဒ၌သဲကိုဆီကြိတ်၍ ဆီမထွက်သကဲ့သို့ တစုံတခုသောအနှစ်သာရကို မရသည်ဖြစ်၍ မြတ်စွာဘုရား၏အထံသို့ မေးလျှောက်ရန် လာရောက်ပါ၏၊ ထိုတပည့်တော်သည် အရှင် ဘုရားကို မေးလျှောက်ပါ၏၊ လောက၌ ဆင်စီးအတတ်, မြင်းစီးအတတ်-အစရှိသော သိပ္ပါယတနအတတ်မျိုးတို့ကဲ့သို့ ရဟန်းပြုရခြင်း၏ မျက်မှောက်ခံစားရသော အကျိုးကို ဟောကြားခြင်းငှါ တတ်နိုင်ပါအံ့လော--မြတ်စွာဘုရား။

အဇာတသတ် မင်းမြတ် ငါဘုရား တတ်နိုင်တော်မူ၏၊ သို့သော်လည်း သင်မင်းမြတ်ကို ပင်လျှင် ငါဘုရားမေးတော်မူဦးအံ့။ အဇာတသတ်မင်းမြတ် သင်မင်းမြတ်၏ တိုင်းပြည်၌ ကျွန်ဖြစ်၍နေသောသူသည် ဤသို့ အကြံဖြစ်၏။

ကုသိုလ်ကောင်းမှုတို့၏ အကျိုးသည် အံ့ဩဘွယ် ရှိစွတကား--ဤအဇာတသတ် မင်းသည်လည်း လူသား၏လူ ဖြစ်ခဲ့၏။ ငါသည်လည်း လူသား၏လူ ဖြစ်၏၊ ထိုသို့ လူချင်းတူပါလျက် အဇာတသတ်မင်းမှာကား ငါးပါးသော ကာမဂုဏ်တို့ကို ခံစား၍ နေရ၏။ ငါ့မှာမူကား--သူတပါး၏ အစေခံ ကျွန်ဖြစ်၍ နေရ၏၊ ငါသည် ကုသိုလ်ကောင်းမှုကို ယခုပင်ပြုတော့အံ့၊ ငါသည် ဆံ, မုတ်ဆိတ်တို့ကို ပယ်ရှား၍, ဖန်ရည်ဆိုးသော အဝတ် သင်္ကန်းတို့ကို ဝတ်ရုံ၍, အိမ်ရာတည်ထောင် လူတို့ဘောင်မှ ခွါရှောင်ပယ်ရှား, စွန့်ပစ်ထား၍ အိမ်ရာမထောင် ရဟန်းဘောင်၌ နေတော့အံ့-ဟူ၍ အကြံဖြစ်လျက် ထိုကျွန်ယောကျာ်းသည် နောက်အခါ၌ ဆံ, မုတ်ဆိတ်တို့ကို ပယ်ရှား၍, ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံ၍ သာသနာတော်ထမ်း ရဟန်း အဖြစ်ကို ပြုလုပ်၍ နေ၏၊

ထိုကျွန်ယောကျ်ားသည် ဤသို့ ရဟန်းပြု၍နေသည်ရှိသော် ကိုယ်, နှုတ်, စိတ်တို့ဖြင့် စောင့်စည်း၍ နေ၏၊ ဝတ်ရုံ, စားခြင်းမျှဖြင့် ရောင့်ရဲ မျှတလျက် စိတ်ငြိမ်ရာ၌ မွေ့လျော်စွာနေ၏၊ ထိုသို့နေသော အကြောင်းကို လူအပေါင်းတို့သည် သင်မင်းမြတ်အား ဤသို့ ပြောကြားကုန်ရာ၏။

အရှင်မင်းမြတ် အရှင်မင်းမြတ်၏ စေခိုင်းရာဖြစ်သော ကျွန်ယောကျ်ားမည်သူသည် ရဟန်းပြု၍ နေပါ၏။ ဤသို့ ပြောကြားကုန်ငြားအံ့။ ဤသို့ ပြောကြားကုန်သည် ရှိသော် အချင်းယောကျ်ားတို့ ရဟန်း မပြုစေလင့်။ ကျွန်အဖြစ်၌ပင်လျှင် နေစေရမည်-ဟူ၍ သင်မင်းမြတ် ဆိုခြင်းငှါ တတ်နိုင်အံ့လော။

မဘတ်နိုင်ပါ မြတ်စွာဘုရား။စင်စစ်သော်ကား တပည့်တော်တို့ကပင်လျှင် ရှိခိုးမှုလည်း ရှိခိုးရာ၏။ ခရီးဦးကြိုမှုလည်း ကြိုဆိုရာ၏။ နေရာဖြင့် မှုလည်း ပင့်ဖိတ်ရာ၏။ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး, လေးပါးသော ပစ္စည်းတို့ဖြင့်လည်း လှူဒါန်းပူဇော်ရာ၏၊ တရားသဖြင့် စောင့်ရှောက်ခြင်းကို သော်လည်း စီမံရာ၏။

အဇာတသတ်မင်းမြတ်- ဤသို့ ဖြစ်သည်ရှိသော် အသင် မင်းမြတ်သည် အဘယ်သို့မှတ်ထင်သနည်း? ရဟန်းခံခြင်း၏ အကျိုးသည် ရှိသလော -မရှိသလော။

ဘုန်းတော်နေဝန်း တောက်ထွန်းတော်မူပေသော မြတ်စွာဘုရား....ဤသို့ ဖြစ်သည်ရှိသော် ရဟန်း ပြုလုပ်ခြင်း၏ မျက်မှောက် ဒိဋ္ဌအကျိုးသည် စင်စစ်မုချ ရှိလှပါတော့သည် မြတ်စွာဘုရား။

အဇာတသတ်မင်းမြတ် ဤသည်ကား ရဟန်းခံခြင်း၏ ဒိဋ္ဌဓမ္မမျက်မှောက် အကျိုးကို ရှေးဦးစွာ ငါဘုရားသည် သင်မင်းမြတ်အား ဟောကြားပညတ်တော်မူ၏။

ဘုန်းတော်နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား.... ရဟန်း ပြုလုပ်ခြင်း၏ ဒိဋ္ဌဓမ္မမျက်မှောက် အကျိုးကိုထိုမှတပါး ဤကဲ့သို့သော တရားကို ဟောကြားခြင်းငှါ တတ်နိုင်ပါအံ့လော- မြတ်စွာဘုရား။

အဇာတသတ်မင်းမြတ်- ငါဘုရား ဟောကြားခြင်းငှါ တတ်နိုင်တော်မူ၏။ သို့သော်လည်း သင်မင်းမြတ်ကို ပင်လျှင် ရှေးဦးစွာ မေးတော်မူဦးအံ့၊ သင်မင်းမြတ် နှစ်သက်သလို ဖြေဆိုဦးလော့။

အဇာတသတ်မင်းမြတ် သင်မင်းမြတ်၏ တိုင်းပြည်အတွင်း၌ လယ်ယာအလုပ်ဖြင့် အသက်မွေးရသော လယ်သမား တယောက်သည် ဤသို့ အကြွ

ဖြစ်ရာ၏။ ကုသိုလ်ကောင်းမှုတို့၏ အကျိုးသည် အံ့ဩဘွယ် ရှိစွတကား— ဤအဇာတသတ်မင်းသည်လည်း လူသားလူဖြစ်ခဲ့၏။ ငါသည်လည်း လူသား လူ ဖြစ်ခဲ့၏၊ ထိုသို့လူချင်းတူပါလျက် အဇာတသတ်မင်းသည်ကား ကာမဂုဏ် ငါးပါးတို့ဖြင့် ခံစားလျက် ချမ်းသာ အေးမြစွာ နေရ၏။ ငါမှာမူကား လယ်ထွန်၍နေရ၏၊ ယာထွန်၍နေရ၏၊ ထိုငါသည် ကုသိုလ်ကောင်းမှုကို ပြုတော့အံ့–ဟု ဆံမုတ်ဆိတ်ကို ပယ်ရှား၍, ဖန်ရည်ဆိုးသော အဝတ်သင်္ကန်း တို့ကို ဝတ်ရုံ၍ ရဟန်းပြုတော့အံ့။ ဤသို့ကြံပြီး၍ ထိုလယ်သမား ယောကျ်ား သည် နောက်အခါ၌ နည်းသော ဥစ္စာစုကိုသော်လည်းကောင်း, များသော ဥစ္စာစုကိုသော်လည်းကောင်း, ပယ်စွန့်၍ နည်းသော ဆွေမျိုး အဆက်ကို သော်လည်းကောင်း, များသောဆွေမျိုးအဆက်ကိုလည်းကောင်း ပယ်စွန့်၍ ရဟန်းပြု၏။

ထိုသို့ ရဟန်းပြုပြီး၍ ကိုယ်, နှုတ်, စိတ်တို့ကို သိုသိပ် စောင့်စီးလျက် ဝတ်ရုံ,စားရုံမျှဖြင့် ရောင့်ရဲလျက် စိတ်ငြိမ်ရာ၌ မွေ့လျော်စွာ နေ၏၊ ထိုသို့ နေသော အကြောင်းကို လူအပေါင်းတို့သည် သင်မင်းမြတ်၏ထံသို့ လာရောက် ၍ ပြောကြားကုန် ငြားအံ့။

အရှင်မင်းမြတ် အရှင်မင်းမြတ်၏ တိုင်းပြည်အတွင်း၌ လယ်ယာလုပ်ကိုင်၍ စားသောက်သော လယ်သမား တယောက်သည် ယခုအခါ၌ ရဟန်းပြု၍ နေပါ၏။ ထိုရဟန်းသည် ကိုယ်, နှုတ်, စိတ် တို့ကို သိုသိပ် စောင့်စီးလျက် ဝတ်ရုံ, စားရုံမျှဖြင့် ရောင့်ရဲ တင်းတိမ်လျက် စိတ်ငြိမ်ရာ၌ မွေ့လျော်စွာ နေပါ၏။ ဤသို့လျှောက်ကြားလာကုန်ငြားအံ့၊ သင်မင်းမြတ်သည် အဘယ် သို့ ဆိုမည်နည်း။

အချင်းယောကျ်ားတို့ ဤလယ်သမား ယောကျ်ားကို ရဟန်းပြု၍ မနေ စေရ၊ လယ်ယာအလုပ်ကိုပင် လုပ်ကိုင်၍ နေစေရမည်–ဟု ဆိုခြင်းငှါတတ်နိုင် မည်လော....မဆိုနိုင်ပါ မြတ်စွာဘုရား။ စင်စစ်သော်ကား တပည့်တော်တို့က ပင်လျှင် ရှိခိုးခြင်းကိုလည်း ပြုပါကုန်အံ့၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသော ပစ္စည်းတို့ဖြင့် လှူဒါန်း ပူဇော်ရာ၏၊ တရားသဖြင့် စောင့် ရှောက်ခြင်းကိုမူလည်း စောင့်ရှောက်ရာ၏၊ အဇာတသတ် မင်းမြတ် ဤသို့ ဖြစ်သည်ရှိသော် ရဟန်းခံခြင်း၏ ဒိဋ္ဌဓမ္မအကျိုးသည် ရှိသလော မရှိသလော။

ဘုန်းတော်နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား.... ဤသို့ ဖြစ်သည်ရှိသော် ရဟန်းခံခြင်း၏ ဒိဋ္ဌဓမ္မ— မျက်မှောက်အကျိုးသည် စင်စစ်အားဖြင့် ရှိပါသည် မြတ်စွာဘုရား။ အဇာတသတ်မင်းမြတ် ဤသည် ကား နှစ်ခုမြောက်ဖြစ်သော ရဟန်းခံခြင်း၏ ဒိဋ္ဌဓမ္မ မျက်မှောက်အကျိုးကို ငါဘုရားသည် ဟောကြား ပညတ်တော်မူ၏။

ဘုန်းတော် နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား.... ဤသခု ဟောဘော်မူအပ် ပြီးကုန်သော ဒိဋ္ဌဓမ္မ အကျိုးတို့ထက် အလွန် မွန်မြတ်သော ရဟန်းခံခြင်း၏ အကျိုးကို ဟောကြားခြင်းငှါ တတ်နိုင်ပါအံ့ သော- မြတ်စွာဘုရား။

အဇာတသတ်မင်းမြတ်– ငါဘုရား တတ်နိုင်တော်မူ၏။ ထိုအကျိုးတို့ထက် လွန်မြတ်သော ရဟန်းခံခြင်း၏ ဒိဋ္ဌဓမ္မ အကျိုးကို သင်မင်းမြတ် သိလိုမူကား– ကောင်းစွာ နားထောင်လော့, ကောင်းစွာ နှလုံးသွင်းလော့, ငါဘုရား ဟောကြားတော်မူအံ့။

ကောင်းပါပြီ အရှင်ဘုရား-ဟူ၍ ဝေဒေဟီမိဖုရား၏ သားတော်ဖြစ်သော အဇာတသတ်မင်းသည် ရှိသေစွာ တရားတော်ကို နာခံရန် ဝန်ခံလျှောက် ကြားလေ၏။

မြတ်စွာဘုရားသည် ဤသို့သော ရဟန်းခံခြင်း၏ ဒိဋ္ဌဓမ္မ အကျိုး တရား ကို ဟောကြားတော်မူ၏။

## ရဟန်းခံခြင်း၏ ဒိဋ္ဌဓမ္မ-မျက်မှောက် ခံစားရသောအကျိုး

အဇာတသတ် မင်းမြတ် အရဟံ, သမ္မာသမ္ဗုဒ္ဓ, ဝိဇ္ဇာစရဏ သမ္ပန္န, သုဂတဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လူ့ဘုံဌာန ဤလောက၌ ထင်ရှားစွာ ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် နတ်မာရ်, ဗြဟ္မာ, ရဟန်း, ပုဏ္ဏား, လူနှင့် တကွ ဤလောကကို ကိုယ်တော်တိုင် သာလျှင် ထူးသော ဉာဏ်အမြင်ဖြင့် သိမြင်တော်မူ၏။

ထိုသို့ သိမြင်တော်မူသော မြတ်စွာဘုရားသည် အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းနှင့် တကွ အနက်သဒ္ဒါများစွာ ဉဿုံ အလုံးစုံ အားဖြင့် ပြည့်စုံ စင်ကြယ်စွာသော တရားတော် အကျင့်မြတ်ကို ဟောပြ တော် မူ၏၊ ထိုသို့ ဟောပြတော် မူသော တရားတော် အကျင့်မြတ်ကို သူကြွယ်သည် လည်းကောင်း, သူကြွယ်၏ သားသော် လည်းကောင်း, တစုံ တယောက်သော အမျိုးသားသည် လည်းကောင်း, ကြားနာရသည် ဖြစ်၍ မြတ်စွာဘုရား၌ ယုံကြည်ခြင်း သဒ္ဓါတရားကို ရ၏။ ထိုသဒ္ဓါတရားကို ရသောသူသည် ဤသို့ ကြံ၏။

''အိမ်ရာ၌ နေထောင် လူ၏ဘောင်၌ နေရခြင်းသည်ကား ကျဉ်းမြောင်း စွာ၏၊ ကိလေသာ တည်းဟူသော မြူမှုန့်တို့၏ ထကြွရာ လမ်းဖြစ်၏။ ရဟန်း

အဖြစ်သည်ကား- ကောင်းကင်ပမာ ကျယ်ဝန်းစွာ၏။ အိမ်ရာတည်ထောင်လူ၏ဘောင်၌ နေသဖြင့် စင်စစ် ပြည့်စုံစွာသော ခရုသင်း ဖွတ်သစ်ပမာ ဖြူစင်စွာသော ဤသာသနာတော်၏ အကျင့်မြတ်ကို ကောင်းစွာ ကျင့်ခြင်းငှါ မလွယ်သည် သာတည်း။ ငါသည် တမူကား.... ဆံမုတ်ဆိတ်ကို ပယ်၍, ဖန်ရည် ဆိုးသော အဝတ်ကို ဝတ်ရုံ၍ ရဟန်းပြုမူကား- ကောင်းလေစွ”

ဤသို့ အကြံဖြစ်ပြီးသော ထိုသူသည် နောက်အခါ၌ နည်းသော ဥစ္စာစုကို သော်လည်းကောင်း, များသော ဥစ္စာစုကို သော်လည်းကောင်း, နည်းသော ဆွေမျိုး အဆက်ကို သော်လည်းကောင်း, များသော ဆွေမျိုးအဆက်ကို သော်လည်းကောင်း, မထောက်မငဲ့ ပယ်စွန့်ခဲ့၍, ဆံမုတ်ဆိတ်ကို ပယ်ရှား၍, ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းကို ဝတ်ရုံ၍ ရဟန်းပြု၏။

ထိုသူသည် ဤသို့ ရဟန်းပြုပြီးသည် ရှိသော် ပါတိမောက္ခ သံဝရသီလကို စောင့်စည်းလျက် နေ၏၊ အာစာရ ဂေါစရနှင့် ပြည့်စုံသည် ဖြစ်၍ အနည်းငယ်မျှသော အပြစ်တို့၌လည်း ဘေး-ဟု ရှုသည် ဖြစ်၍ သိက္ခာပုဒ်တို့၌ စိတ်ဖြင့် ကြည်ဖြူ ကောင်းစွာယူ၍ ကျင့်၏၊ ကောင်းသော ကာယကံ ဝစီကံနှင့် ပြည့်စုံသည် ဖြစ်၍ စင်ကြယ်သော အသက်မွေးခြင်းရှိ၏။ သီလနှင့် ပြည့်စုံ၏၊ စက္ခု, သောတ-စသည် ထွေထွေ, ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသော တံခါးရှိ၏။ ရသာချိချင်, ဘောဇဉ်အစာ အာဟာရတို့၌ အတိုင်းအရှည် ပမာဏကို သိ၏။ သတိသမ္ပဇဉ်နှင့် ပြည့်စုံ၏၊ ရောင့်ရဲခြင်း-သန္တုဋ္ဌိတရားနှင့် ပြည့်စုံ၏။

အဘာတသတ်မင်းမြတ်- ဤသာသနာတော်၌ ရဟန်းလုပ်သော သူသည် အဘယ်သို့ သီလနှင့် ပြည့်စုံသနည်း--ဟူမူကား။

သူ၏ အသက်ကို သတ်ခြင်းမှ ပယ်ရှား၍ သူ၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။ ချခသော လက်နက်ရှိ၏။ ချထားသော ဒုတ်ဓား ရှိ၏။ ရှက်ပစ် ပယ်ရှား, ချထားသော ဒုတ်ဓား လက်နက် ရှိသည်ဖြစ်၍ သနားခြင်းသို့ ရောက်၏၊ အလုံးစုံသော သတ္တဝါတို့၌ အစီးအပွားကို အလိုရှိ၏။ အစီးအပွားကို အလိုရှိသည်ဖြစ်၍ နေ၏၊ ဤသည်လည်း ရဟန်း၏ သီလတည်း။

သူမပေးသော ဥစ္စာကို ခိုးယူခြင်း, လိမ်ယူခြင်းမှ ပယ်ရှား၍ ရှောင်ကြဉ်၍ ပေးမှသာလျှင် ယူ၏၊ ပေးမှ ယူသည်ကို နှစ်သက်၏။ ခိုးခြင်း မရှိသော စင်ကြယ်သော ကိုယ်စိတ်ဖြင့် နေ၏၊ ဤသည်လည်း ရဟန်း၏သီလတည်း။

မမြတ်သော အဗြဟ္မစရိယကို ပယ်ရှား၍ မြတ်သော အကျင့်ကို ကျင့်၏။ ရွာသူတို့၏ အကျင့်ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။ ဤသည်လည်း ရဟန်း၏ သီလတည်း။

မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ပယ်ရှား၍ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ မှန်သော စကားကိုသာ ဆိုလေ့ရှိ၏။ မှန်သော စကားကိုသာ အစဉ်မပြတ် ဆိုတတ်၏။ ခိုင်ခန့်သော စကားရှိ၏၊ ယုံကြည်ထိုက်သော စကားရှိ၏၊ လူအပေါင်းကို မချွတ်ယွင်းစေတတ်။ ဤသည်လည်း ရဟန်း၏ သီလတည်း၊

ဂုံးတိုက်သော စကားကို ပယ်ရှား၍ ဂုံးတိုက်သော စကားကို ရှောင်ကြဉ်၏၊ ဤသူထံမှ ကြားခဲ့၍ ထိုသူ၏အထံ၌ ထိုသူနှစ်ဦးကို ကွဲပြားခြင်းငှါ မပြောဆိုတတ်၊ ထိုသူထံမှ ကြားခဲ့၍ ဤသူ၏အထံ၌ ထိုသူတို့၏ ကွဲပြားခြင်းငှါ မပြောကြားတတ်။ ကွဲပြားသော သူတို့ကို စေ့စပ်၍ ပေးတတ်၏။ ညီညွတ်ကုန်သော သူတို့ကိုလည်း ညီညွတ်ခြင်း မြဲခိုင်အောင်အားပေးတတ်၏။ ညီညွတ်ခြင်းကို ပွါးတတ်သော စကားကိုသာလျှင် ပြောဆိုတတ်၏။ ဤသည်လည်း ရဟန်း၏ သီလတည်း။

ကြမ်းကြုတ်သော စကားကို ပယ်ရှား၍ ကြမ်းကြုတ်သော စကားကို ရှောင်ကြဉ်၏၊ အကြင်စကားသည် နားချမ်းသာ၏။ နှစ်သက်ဖွယ် ရှိ၏။ နှလုံးကို ပွားစေတတ်၏။ ပြည်ကြီးသူတို့၏ စကားဖြစ်၏၊ များစွာသော လူအပေါင်းတို့ နှစ်သက်ဖွယ်ဖြစ်၏၊ ထိုကဲ့သို့ နှစ်သက်ဖွယ်သော စကားကိုသာလျှင် ပြောဆိုလေ့ရှိ၏၊ ဤသည်လည်း ရဟန်း၏ သီလတည်း။

သမ္ဖပ္ပလာပ- အကျိုးမရှိသော အနက်အဓိပ္ပာယ် မရှိသော သမ္ဖပ္ပလာပ စကားကို ပယ်ရှား၍ သမ္ဖပ္ပလာပစကားမှ ရှောင်ကြဉ်၏။

သမ္ဖပ္ပလာပ စကားဟူသည်ကား- ''သမုဒ္ဒရာ ပင်လယ်ခြား, မယ်သီတာ နောက်ကပိုး မင်းရာမ မြောက်သိုး၊ မြောက်သိုးဖင်မှာ ဗုံလုံသီး ခွဲတောင်း လောက်ကြီး'' ဤသို့အစရှိသော မဟုတ်မဟတ်စကားတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ အနက် အဓိပ္ပါယ် အားဖြင့် ဟုတ်မှန်၍ အကျိုး မရှိသော စကားကိုလည်း ပြောသင့်သော အခါကာလအားဖြင့် ပြောဆိုလေ့ရှိ၏။

ဤစကားကို ဤအခါ၌ပြောဆိုသင့်၏-ဟူ၍ မှတ်သားခြင်းကို ပြုလျက် ဟုတ်မှန်သော, အကျိုးရှိသော, တရားနှင့်လျော်သော, ဝိနည်းနှင့်လျော်သော စကားတို့ကိုသာလျှင် ပြောဆိုလေ့ရှိ၏။ ထိုတရား ဝိနည်းနှင့် လျော်သော စကားကိုလည်း အပိုင်းအခြား အဆုံးထား၍ ဤမျှလောက်သော ဝါကျ စကားဖြင့် ဤမျှလောက်သော အဓိပ္ပါယ်ကို သိစေအံ့-ဟု နှလုံးပြု၍ ပြောဆိုလေ့ရှိ၏၊ ဤသို့ အပိုင်းအခြားနှင့် အဆုံးရှိသော စကားကို ကာလအား လျော်စွာ ပြောဆိုလေ့ရှိ၏၊

ဤသို့ ပြောဆိုသောစကားသည် အကျိုးစီးပွားနှင့်စပ်လျဉ်း၏။ ဟုတ်မှန်သော အဓိပ္ပါယ် ရှိ၏ ဟူ၍ အကျိုးရှိသော စကားကိုသာလျှင် ပညာသမ္ပဇဉ် အမြဲယှဉ်လျက် ပြောဆိုလေ့ရှိ၏။ ဤသည်လည်း ရဟန်း၏ သီလတည်း။

အဘာတသတ်မင်းမြတ် သာသနာတော်ထမ်း ရဟန်းလုပ်သော သူသည် မျိုးစေ့ သစ်ပင်တို့ကိုဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။

နံနက် တထပ်တည်းသာ စားလေ့ရှိ၏။ ညစာစားခြင်းမှ ရှောင်ကြဉ်၏။ နေလွဲအခါ နေ့လည်စာ စားခြင်းမှ ရှောင်ကြဉ်၏။

နစ္စ-ကခြင်း, ဂီတ-သီချင်း, ဝါဒိတ- တီးမှုတ်ခြင်း, ဝိသုက- ဒဿန အထူးထူးသော ပွဲသဘင်တို့ကို ကြည့်ရှုခြင်း, နားထောင်ခြင်းမှ ရှောင်ကြဉ်၏။ ပန်းပန်ခြင်း,နံ့သာလုံးခြင်း,နံ့သာရည်ကို လိမ်းခြင်းမှ ရှောင်ကြဉ်၏။

မြင့်သော ညောင်စောင်း အင်ပျဉ်,မြတ်သောလဲျောင်းရာ အခင်းတို့၌ နေထိုင်ခြင်းမှ ရှောင်ကြဉ်၏။

ရွှေငွေကို ခံယူခြင်း, ကိုင်ခြင်းမှ ရှောင်ကြဉ်၏။ စပါးစိမ်းကို ခံယူခြင်း, ကိုင်ခြင်း, သုံးသပ်ခြင်းမှ ရှောင်ကြဉ်၏။

အမဲစိမ်း,ငါးစိမ်း,အသားစိမ်းတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ (ရဟန်းတို့အား အမဲသားစိမ်း,ငါးအစိမ်းတို့ကို မခံယူအပ်။ ကိုင်ခြင်း, သုံးသပ်ခြင်းကိုကား ပယ်ရှားတော် မမူ။) မိန်းမကြီး, မိန်းမငယ်လေးတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

(ကပ္ပိယ ကာရကကို လှူပါ၏-ဟု ဆို၍ မိန်းမကြီး, မိန်းမငယ် လေးတို့ကို လှူပြောအံ့။ ခံယူခြင်းငှါ ရဟန်းတို့အားအပ်၏။ ။အဋ္ဌကထာ-၆၇)

ကျွန်မိန်းမ,ကျွန်ယောကျ်ားတို့ကို ခံယူခြင်းမှရှောင်ကြဉ်၏။ (ကျွန်အဖြစ်ဖြင့်သာလျှင် မအပ်။ ကပ္ပိယ အဖြစ်ဖြင့်ကား အပ်၏။)

သိုးကို လည်းကောင်း,ဆိတ်ကိုလည်းကောင်း, ခံယူခြင်းမှ ရှောင်ကြဉ်၏။ ကြက်ကို လည်းကောင်း, ဝက်ကိုလည်းကောင်း, ခံယူခြင်းမှ ရှောင်ကြဉ်၏။ ဆင်,မြင်း,ကျွဲ,နွား ခံယူခြင်းမှ ရှောင်ကြဉ်၏။ လယ်မြေ,ယာမြေ ခံယူခြင်းမှ ရှောင်ကြဉ်၏။ တဖက်ဆည်ရေကန် ထုံးအိုင်တို့ကိုလည်း ခံယူခြင်းမှ ရှောင်ကြဉ်၏။ (သိုး,ဆိတ်,ကြက်,ဝက်,ဆင်, မြင်း, ကျွဲ, နွား, လယ်မြေ, ယာမြေ တဖက်ဆည်ရေကန်, ထုံးအိုင်တို့ကို ခံယူရာ၌ ကပ္ပိယ-အကပ္ပိယ- အပ်မအပ် အဆုံးအဖြတ်ကို ဝိနည်းအဋ္ဌကထာမှာ ရှုရာ၏။)

အဇာတသတ်မင်းမြတ်၊ သာသနာတော်ထမ်း ရဟန်းလုပ်သော သူသည် လူတို့၏အနေအပါး တမန်ပြုလုပ်ခြင်းမှ ရှောင်ကြဉ်၏။ရောင်းခြင်း,ဝယ်ခြင်းမှ ရှောင်ကြဉ်၏၊ တုလာကူဋ–ချိန်စင်းလဲ, ကံသကူဋ-ခွက်စင်းလဲ, မာနကူဋ–ချင်စင်းလဲတို့မှ ရှောင်ကြဉ်၏။

အဇာတသတ် မင်းမြတ် ရဟန်း လုပ်သော သူသည် ဥက္ကောဋန–တစိုး လက်ဆောင်ယူခြင်း, ဝဉ္စန–ထိုထိုအကြောင်းတို့ဖြင့် လှည့်စားခြင်း,နိကတိ–အတုပြု၍ လှည့်စားခြင်း, လိမ်ခြင်း, ကောက်ကျစ် စဉ်းလဲခြင်းတို့မှ ရှောင်ကြဉ်၏။

## ဝဉ္စန လှည်စားခြင်းဖြင့် လှည့်စား၍ ယူသော သေသောက်ကြူး ဝတ္ထု

သားမုဆိုး တယောက်သည် သမင်မကြီးကို လည်းကောင်း, သမင်ငယ် ကလေးကို လည်းကောင်း, ယူ၍လာ၏။ သေသောက်ကြူး တယောက်သည် ထိုမုဆိုးလာသည်ကိုမြင်၍ အဆွေ-သမင်မကြီးသည် အဘယ်မျှ အဘိုးထိုက် သနည်း? သမင်ကလေးသည် အဘယ်မျှ အဘိုးထိုက်သနည်း–ဟူ၍ မေး၏၊

သမင်မကြီးက နှစ်ကျပ် ထိုက်၏, သမင်ကလေးက တကျပ်ထိုက်၏–ဟု ပြော၏၊ ထိုအခါ သေသောက်ကြူးသည် ငွေတကျပ်ကို မုဆိုးအား ပေး၍ သမင်ကလေးကို ယူ၏၊

ထိုနောက်တဖန် သေသောက်ကြူးက အဆွေမုဆိုး-ငါသည်သမင်ကလေး ကို အလိုမရှိ၊ သမင်မကြီးကိုသာ ပေးပါလော့–ဟု ဆို၏။

မုဆိုးက အဆွေ–သမင်မကြီးကို အလိုရှိလျှင် ငွေနှစ်ကျပ်ပေးရမည်–ဟု ဆို၏။ သေသောက်ကြူးက အဆွေမုဆိုး သင်အား ငါသည် ရှေးဦးစွာ ငွေတကျပ်ပေးပြီး မဟုတ်လော–ဟု ဆို၏။

မုဆိုးက ဟုတ်ကဲ့ ငွေတကျပ် ပေးပြီး ဖြစ်၏–ဟု ဆို၏၊ သေသောက်ကြူးက အဆွေမုဆိုး-ဤတကျပ်အဘိုးထိုက်သော သမင်ငယ်ကို ယူလော့။ ရှေးဦးစွာ ပေးပြီးသော ငွေတကျပ်နှင့် ဤတကျပ်ထိုက်သော သမင်ငယ်ကို ယူလျှင် ငွေနှစ်ကျပ် ဖြစ်သွား၏-ဟု ဆို၏။

ထိုမုဆိုးသည် သေသောက်ကြူး ပြောသော စကားကို နားယောင်၍ ဟုတ်အမှန် ပြောသည်-ဟု ထင်မှတ်၍ သမင်ငယ်ကလေးကို ပြန်၍ ယူပြီးလျှင် သမင်ကြီးကို သေသောက်ကြူးအား ပေးလိုက်၏။

သေသောက်ကြူးသည် သမင်မကြီးကို ယူ၍ သွားလေ၏။ ဤကား အဖိုးငွေ နှစ်ကျပ်ထိုက်သော သမင်မကြီးကို ငွေတကျပ်ဖြင့် ရအောင် ဝဥ္စန လှည့်စားခြင်းဖြင့် လှည့်စား၍ ယူခြင်းတည်း။

ရဟန်းလုပ်သော သူသည် ဤကဲ့သို့ လှည့်စား၍ ယူခြင်းကို မပြုအပ်၊ ပါရာဇိက ကျတတ်၏၊ လူများမှာကား အဒိန္နာဒါနကံ ထိုက်၏။

အဇာတသတ် မင်းမြတ် ရဟန်းလုပ်သော သူသည် ဆေဒန- လက်ခြေ ဖြတ်ခြင်း, ဝဓ-သတ်ခြင်း, ဗန္ဓန-ကြိုးစသည်ဖြင့် တုတ်ချည် နှောင်ဖွဲ့ခြင်း, ဝိပရာမောသ-ဆီးနှင်းဖြင့် ပျောက်ကွယ် ပုန်းလျှိုးခြင်း, ချုံပိတ်ပေါင်းဖြင့် ပျောက်ကွယ် ပုန်းလျှိုးခြင်း, အာလောပ-ရွာနိဂုံး စသည်တို့၌ လုယက်ခြင်း, သဟသာကာရ-အဘင်းအဓမ္မ နိုင်ထက်မူ၍ နိုင်သလောက် ပြုလုပ်၍ယူခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ရဟန်း၏ သီလတည်း၊ ။စူဠသီလပြီး၏၊

အဇာတသတ်မင်းမြတ် အချို့ ကုန်သော သာသနာပ ဗာဟိရ ရသေ့ ရဟန်းတို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စာ ကြကုန်၍ ထိုသာသနာပ ရဟန်း ရသေ့တို့သည် ဤသို့ သဘောရှိကုန်သော မျိုးစေ့ သစ်ပင်တို့ကိုဖျက်ဆီးကြကုန်လျက် နေကြကုန်၏။ ထိုမျိုးစေ့တို့သည် အဘယ် နည်း ဟူမူကား....

အမြစ်မျိုးစေ့, ပင်စည်မျိုးစေ့,အဆစ်မျိုးစေ့ အညွန့်မျိုးစေ့,အစေ့မျိုးစေ့ တို့တည်း၊ ငါဘုရား၏ သာသနာတော်၌ ရဟန်းလုပ်သော သူသည် မျိုးစေ့ သစ်ပင်တို့ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ရဟန်း၏ သီလ ဖြစ်၏၊

အဇာတသတ် မင်းမြတ် အချို့ ကုန်သော သာသနာပ ရသေ့ ရဟန်း တို့သည် သဒ္ဓါကြည်သို၍လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ အသုံး အဆောင် အဝတ်ရုံ အစား အသောက်တို့ကို သိုမှီး သိမ်းဆည်းကုန်လျက် နေကြကုန်၏၊

အဘယ်သည်တို့နည်း ဟူမူကား- ထမင်းကိုသိုမှီးခြင်း, အဖျော်ကို သိုမှီး ခြင်း, အဝတ်ကို သိုမှီးခြင်း, ယာဉ်ကိုသိုမှီးခြင်း, အိပ်ရာကိုသိုမှီးခြင်း, နံ့သာ ကို သိုမှီးခြင်း, ပစ္စည်းအာမိသကို သိုမှီးခြင်းတို့တည်း၊

ငါဘုရား၏ သာသနာတော်၌ ရဟန်းလုပ်သော သူသည် ဤကဲ့သို့သော သိုမှီးခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ရဟန်း၏ သီလ ဖြစ်၏၊

အဇာတသတ် မင်းမြတ် အချို့ကုန်သော သာသနာပ ရသေ့ ရဟန်း တို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားသောက်ကြ

ကုန်၍ ထိုသာသနာပ ရသေ့ ရဟန်းတို့သည် ဤသို့သော ပွဲသဘင်တို့ကို ကြည့်ရှုကြကုန်လျက် နေကြကုန်၏၊

အဘယ်သည်တို့နည်း ဟူမူကား....

နစ္စံ-ကခြင်းကို လည်းကောင်း, ဂီတံ-သီခြင်းကို လည်းကောင်း, ဝါဒိတံ-တီးမှုတ်ခြင်းကို လည်းကောင်း, ပေက္ခံ-နဋသမဇ္ဇ-ကချေသည် ပွဲသဘင်ကို လည်းကောင်း, အက္ခာနံ- ဘာရတ- ရာမာယဏ္ဍနာဒိကံ- ဘာရတနှင့် ရာမတို့ စစ်တိုက် ဇာတ်ပွဲကို လည်းကောင်း, ပါဏိဿရံ ကံသတာဠ-ကြေးနောင် တီးခြင်းကို လည်းကောင်း, ဝေတာဠံ-မန္တန် စုတ်၍ သူသေ ထအောင် ပြုလုပ်၍ ပြသော မျက်လှည့်ပွဲကို လည်းကောင်း, ကုမ္ဘထူနံ-အိုးစည်တီးပွဲကို လည်းကောင်း, သောဘဏကာ ကချေသည်တို့ တင့်တယ်အောင် ပြုပြင်၍ နေသည်ကို လည်းကောင်း, ဤသို့ အစရှိသည်တို့တည်း။

ဤသို့ အစရှိသည်ဖြင့် သဗ္ဗညု မြတ်စွာဘုရားသည် ဗြဟ္မဇာလသုတ်၌ ဟောတော်မူသည့် အတိုင်း စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကို အဇာတသတ် မင်းအား ဟောကြားတော် မူအပ် သတည်း။ (ဗြဟ္မဇာလသုတ် ဝတ္ထု၌ ပြန်၍ ရှုလေ။)

## သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ ချီးမွမ်းဆိုက်သော ဂုဏ်အထူးများ
## အထူးမှတ်သားဘွယ် အချက်စု

သီလသမ္ပန္န-သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်-ဟူ၍ ချီးမွမ်းပြောဆိုလောက်သော ဂုဏ်အထူးတို့ကို ဤသို့ သိအပ်၏၊

ပါဏာတိပါတာ-သူ၏အသက်ကို သတ်ခြင်းမှ၊ ပဋိဝိရတော-အထူးသဖြင့် ရှောင်ကြဉ်၏။

ဤသို့ ဟောတော်မူသော သီလ၌ သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း သည်ကား မကောင်းမှု အကုသိုလ် ဖြစ်မည်ကို စက်ဆုတ်၍ ရှောင်ကြဉ်ခြင်း, ပိုး,ပရွက် အစရှိသော သတ္တဝါကလေးတို့၏ ပကတိ ချမ်းသာမှ ယုတ်လျော့၍ သွားမည်ကို စိုးရိမ်သဖြင့် ရှောင်ကြဉ်ခြင်း, ဤသုံးမျိုးသော စိတ်နေစိတ်ထားတို့တွင် တမျိုးမျိုးသော စိတ်နေစိတ်ထားဖြင့် ရှောင်ကြဉ်သော သူသည် ပါဏာတိပါတာ ဝိရတီသီလ၌ ကောင်းစွာတည်သောကြောင့် သီလသမ္ပန္န-သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ် -ဟူ၍ အထူးသဖြင့် ချီးမွမ်း ထိုက်သော ပုဂ္ဂိုလ်ဖြစ်၏၊

လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတ ဟိတာနုကမ္ပီ ဝိဟရတိ။
(ပါဠိတော်)

လဇ္ဇီ-မကောင်းမှု အကုသိုလ်ဖြစ်မည်ကို ရှက်တတ်၍၊ စက်ဆုတ်၍။

လဇ္ဇီတိ ပါပဇိဂုစ္ဆနလက္ခဏာယ လဇ္ဇာယ သမန္နာဂတော။
(အဋ္ဌကထာ-၆၁။)

**ဒယာပန္နော-မေတ္တာစိတ် ရှိသည်၏ အဖြစ်သို့ ရောက်၏။ ဒယံ မေတ္တ စိတ္တတံ အာပန္နော။ (အဋ္ဌကထာ)**

သဗ္ဗပါဏ ဘူတ ဟိတာနုကမ္ပီ-အလုံးစုံသော သတ္တဝါတို့၏ အစီးအပွါးကို လိုသဖြင့် အစဉ်သနားသော စိတ်ရှိလျက်။ ဝိဟရတိ-နေ၏။

သဗ္ဗေပါဏဘူတေ ဟိတေန အနုကမ္ပကော တာယ ဒယာပန္န တာယ သဗ္ဗေသံ ပါဏဘူတာနံ ဟိတစိတ္တကောတိ အတ္ထော။

သဗ္ဗေ-အလုံးစုံကုန်သော။ပါဏဘူတေ-ပိုး, ပရွက်, ခြင်, မှက် အစရှိသော သတ္တဝါတို့ကို။ဟိတေန-ချမ်းသာစီးပွားခြင်းကို အလိုရှိသဖြင့်။အနုကမ္ပကော-အစဉ်သနားတတ်၏။ တာယဒယာပန္နတာယ-ထိုမေတ္တာစိတ် ရှိသည်၏ အဖြစ်သို့ ရောက်သဖြင့်။ သဗ္ဗေသံ-အလုံးစုံ ကုန်သော။ ပါဏဘူတာနံ-သတ္တဝါတို့၏။ ဟိဘစိတ္တကော-ချမ်းသာ စီးပွားခြင်းကို အလိုရှိသော စိတ်ရှိ၏။ ဣတိ အတ္ထော-ဤကားအနက်။

ဤပါဠိတော် အဋ္ဌကထာတို့နှင့်အညီ မကောင်းမှု အကုသိုလ် ဖြစ်မည်ကို စက်ဆုတ်ခြင်း, သတ္တဝါတို့ကို သနားသောစိတ် ရှိခြင်း, သတ္တဝါတို့ကို ပကတိ ချမ်းသာမှ ယုတ်လျော့၍ သွားမည်ကို စိုးရိမ်ခြင်း, ဤဂုဏ်အင်္ဂါ စိတ်ကောင်း စိတ်မြတ်နှင့် ပြည့်စုံသော သူကိုသာလျှင် သီလသမ္ပန္န ပုဂ္ဂိုလ်-ဟူ၍ ချီးမွမ်း ပြောဆိုထိုက်သည်။

ပါဏာတိပါတာ-သူ၏ အသက်ကို ငါမသတ်။ လင်းတကို မြင်လျှင် ငါရှောင်ကြဉ်၏၊ ဘဲကြက်ကိုမြင်လျှင် စားချင် သရည်ထွက်၍ နှက်မပေး၏-ဆိုသော သူကဲ့သို့ သတ်ခွင့်မပေါ်၍ မသတ်သောသူကို သီလသမ္ပန္န ပုဂ္ဂိုလ်-ဟု ချီးမွမ်းထိုက်သည် မဟုတ်။ ထိုကဲ့သို့ စိတ်ယုတ်မာ ရှိသော သူကို လူယုတ်မာ-ဟူ၍သာလျှင် ပညာရှိတို့၏ ကဲ့ရဲ့ဘွယ်ဖြစ်၏။ ။ပါဏာတိပါတ၌ အထူး မှတ်ဖွယ် ပြီး၏။

အဒိန္နာဒါနာ- သူမပေးသော ဥစ္စာကို ခိုးယူခြင်းမှ။ ပဋိဝိရတော-**အထူးရှောင်ကြဉ်၏။**

ဒိန္နာဒါယီ- ပေးမှသာလျှင်ယူ၏၊ ဒိန္နပါဋိကင်္ခီ- ပေးမှယူသည်ကိုသာလျှင် နှစ်သက်၏၊ အလိုရှိ၏၊ (မပေးဘဲနှင့် နဲနဲမျှ ယူလိုသော စိတ်မရှိဟူလို)။

အထေနေန- မခိုးလိုသော၊ သုစိဘူတေန- စင်ကြယ်သည်ဖြစ်၍ ဖြစ်သော၊ (ဝါ) စင်ကြယ်သည်သာလျှင် ဖြစ်သော၊ အတ္တနာ- ကိုယ်စိတ်ဖြင့်။ ဝိဟရတိ-နေ၏။ (ပါဠိတော်။)

ဒိန္နမေဝ အာဒိယတိတိ ဒိန္နာဒါယီ- စိတ္တေနပိ ဒိန္နမေဝ ပါဋိကင်္ခတီတိ ဒိန္နပါဋိကင်္ခီ၊ ထေနေတီတိ ထေနော။ နထေနေန- အထေနေန၊ အထေနတ္တာယေဝ သုစိဘူတေန။ (အဋ္ဌကထာ။)

ဒိန္နမေဝ- ပေးမှသာလျှင်၊ အာဒိယတိ- ယူတတ်၏။ ဣတိ- ထိုကြောင့်။ ဒိန္နာဒါယီ- ပေးမှသာလျှင် ယူသောသူ မည်၏။

စိတ္တေနပိ- စိတ်ဖြင့်လည်း။ ဒိန္နမေဝ- ပေးသော ဥစ္စာကို သာလျှင်။ ပါဋိကင်္ခတိ-အလိုရှိတတ်၏၊ ဣတိ- ထိုကြောင့်။ ဒိန္နပါဋိကင်္ခီ- ပေးသော ဥစ္စာကို သာလျှင် အလိုရှိသော သူမည်၏။ (မပေးသော ဥစ္စာကို နဲနဲမျှ အလို မရှိဟူလို၊)

ထေနေတိ- ခိုးတတ်၏၊ ဣတိ-ထို့ကြောင့်။ ထေနော- သူခိုးမည်၏။ န-ထေနေန- မခိုးလိုသော၊ အထေနေန-မခိုးလိုသော။ အထေနတ္တာယေဝ- မခိုးလိုသည်၏ အဖြစ်ကြောင့်သာလျှင်။ သုစိဘူတေန- စင်ကြယ်သည်ဖြစ်၍ ဖြစ်သော ကိုယ်စိတ်ဖြင့်။

အထေနံ သုစိဘူတံ အတ္တာနံ ကတွာ ဝိဟရတီတိ ဝုတ္တံ ဟောတိ။

အထေနံ- မခိုးလိုသောကြောင့်၊ သုစိဘူတံ- စင်ကြယ်သည် ဖြစ်၍ ဖြစ်သော၊ (ဝါ) စင်ကြယ်သည်သာလျှင် ဖြစ်သော။ အတ္တာနံ- ကိုယ်စိတ်ကို။ ကတွာ-ပြု၍။ ဝိဟရတိ-နေ၏၊ ဣတိဝုတ္တံ- ဤသို့ ဆိုလိုသည်။ ဟောတိ- ဖြစ်၏၊ အဋ္ဌကထာ လိုရင်းအချုပ်။

ဤပါဠိတော်- အဋ္ဌကထာတို့နှင့်အညီ ပေးသော ဥစ္စာကို သာလျှင် ယူလိုခြင်း၊ မပေးသော ဥစ္စာကို မယူလိုခြင်း၊ မခိုးလိုသော စိတ်ရှိခြင်း။ ဤဂုဏ်အင်္ဂါနှင့် ပြည့်စုံသဖြင့် စင်ကြယ်သော စိတ်ရှိခြင်းသည် အဒိန္နာဒါန သိက္ခာပုဒ်သုံးခုံရာ၌ လိုရင်းအချုပ်ဖြစ်၏။

ဤဂုဏ်အင်္ဂါနှင့် ပြည့်စုံမှသာလျှင် အဒိန္နာဒါန အရာ၌လုံခြုံသဖြင့် သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်-ဟူ၍ ချီးမွမ်းထိုက်၏။

အဒိန္နာဒါနာ - သူ၏ဥစ္စာကို ငါမခိုး။ အခိုက်ကောကိုမြင်လျှင် ငါရှောင်ကြဉ်၏။ ရွှေငွေကို မြင်လျှင် စားချင် သရည်ထွက်၍ နှစ်သက်မိပေ၏။ ဆိုသော သူကဲ့သို့ ခိုးခွင့် ယူခွင့် မပေါ်၍ မခိုးယူသော သူကို သီလသမ္ပန္န ပုဂ္ဂိုလ်- ဟူ၍ ချီးမွမ်းထိုက်သည့် မဟုတ်၊ ထိုကဲ့သို့ စိတ်ယုတ်မာရှိသော သူကို လူယုတ်မာ ဟူ၍ပညာရှိတို့ကဲ့ရဲ့ဘွယ်ဖြစ်၏။ အဒိန္နာဒါန၌အထူးမှတ်ဖွယ် ပြီး၏။

ပါဏာတိပါတ သိက္ခာပုဒ် အဒိန္နာဒါနသိက္ခာပုဒ်ဘို့၌ ဤပြဆိုပြီးသော အထူးမှတ်သားဘွယ် ဂုဏ်အင်္ဂါတို့ကို အထူးမှတ်သား၍ ထိုဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော စိတ်ကောင်း စိတ်မြတ်ရှိသော သူတို့၌ ပကတိ စိတ်သဘော အားဖြင့် စင်ကြယ်၍ သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ရကား ပါဏာတိပါတ ကံ, အဒိန္နာဒါန ကံတို့၏ အင်္ဂါပယောဂတို့ကို အကြယ်အားဖြင့် ဟောပြဘွယ် မရှိချေ။

## ပါဏာတိပါတကံ မြောက်ခြင်း အင်္ဂါ ၅-ပါး

ပါဏော- သတ္တဝါဖြစ်စေ။ ပါဏသညိတာ-သတ္တဝါ-ဟု အမှတ်ရှိစေ။ ဝဓကစိတ္တံ-သတ်လိုသော စိတ်ရှိစေ။ ဥပက္ကမော-သတ်ခြင်းငှါ လုံ့လပြုစေ။ တေနမရဏံ- ထိုလုံ့လဖြင့် သေသည့်ဖြစ်စေ။ ပေါင်း ၅-ပါးတည်း။

## အဒိန္နာဒါနကံမြောက်ခြင်း အင်္ဂါငါးပါး

ပရပရိဂ္ဂဟိတံ- သူတပါးတို့ သိမ်းဆည်းသော ဥစ္စာဖြစ်စေ။ ပရ ပရိဂ္ဂဟိတ သညိတာ-သူတပါးတို့ သိမ်းဆည်းသည်-ဟူသော အမှတ်ရှိစေ။ ထေယျစိတ္တံ- ခိုးယူလိုသော စိတ်ရှိစေ။ ဥပက္ကမော၊ ခိုးယူခြင်းငှါ လုံ့လပြုသည်ဖြစ်စေ။ တေနအာဟရဏံ- ထိုလုံ့လဖြင့် ယူသည်ဖြစ်စေ။ ပေါင်း ၅-ပါးတည်း။

သာဟတ္ထိကော- ကိုယ်တိုင်, အာဏတ္တိကော- စေခိုင်းခြင်း, နိဿဂ္ဂိ- ပစ်လွှတ်ခြင်း, ထာဝရော- အမြဲအာဝရ, ဝိဇ္ဇာမယော- ဝိဇ္ဇာမယအတတ်, ဣဒ္ဓိမယော-အာထပ္ပနုဣဒ္ဓိ-ဤသာဟတ္ထိက-စသော ပယောဂ ခြောက်ပါးတို့ သည် ပါဏာတိပါတ အဒိန္နာဒါန နှစ်မျိုးလုံး၌ ရထိုက် ဖြစ်ဆိုက်၏။

ပါဏာတိပါတ, အဒိန္နာဒါနတို့၌ အင်္ဂါ ပယောဂ-ခိုးခြင်း နှစ်ဆယ့် ငါးပါး အစရှိသည်တို့ကို အကျယ်ဝေဖန် စိတ်ဖြာ၍ ဟောပြရခြင်းသည် ကား ဆိုခဲ့ပြီးသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော စိတ်ကောင်း စိတ်မြတ် မရှိ

သော သူယုတ်မာတို့၏ စိတ်အမျိုးမျိုးကို လိုက်၍ ဤသို့လည်း ပါဏာတိပါတ ဖြစ်သေး၏၊ ဤသို့လည်း အဒိန္နာဒါန ဖြစ်သေး၏-ဟူ၍ အမျိုးမျိုးသော နည်းတို့ဖြင့် အကြယ်ဝေဖန် ခွဲချမ်းစိတ်ဖြာ၍ ဟောပြတော်မူရ၏။

သူစိဘူတ-စင်ကြယ် ကောင်းမွန်သော စိတ်ရှိသူတို့၌ ဟောပြဘွယ် မရှိချေ။ အကျယ်ကို ပါရာဇိကဏ် အဋ္ဌကထာ၌ရှုရာ၏။ ဤပါဠိတော်၌လည်း ကုမဋ္ဌ ထလဋ္ဌ စသည်ဖြင့် အကျယ်ဟောတော်မူ၏။

ဤသာမညဖလသုတ် ပါဠိတော်၌ကား- စိတ်ကောင်း စိတ်မြတ်နှင့် ပြည့်စုံ၍ သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုသာလျှင် အထူးထုတ်ဖော်၍ ဟောပြတော် မူလိုသော မြတ်စွာဘုရားသည်။

> ကထဉ္စမဟာရာဇ ဘိက္ခု သီလသမ္ပန္နောဟောတိ။ ဣဓ မဟာရာဇ ဘိက္ခု ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။ နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတာ ဟိတာ နုကမ္ပီဝိဟရတိ။ ဣဒံ ပိဿ ဟောတိသီလသ္မိံ။ အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ။ဒိန္နာဒါယီ ဒိန္နပါဋိကင်္ခီ အထေနေန သုစိဘူတေန အတ္တနာ ဝိဟရတိ။ ဣဒံပိဿ ဟောတိ သီလသ္မိံ-အစရှိသော လိုရင်းအချုပ် သီလသမ္ပန္နဂုဏ်တို့ကို အဇာတသတ် မင်းအား ဟောကြားတော် မူအပ်သတည်း။

ဤကဲ့သို့သော စိတ်ကောင်း စိတ်မြတ်နှင့် ပြည့်စုံသော သီလသမ္ပန္နပုဂ္ဂိုလ်သည်သာလျှင် အထက်၌ ဟောတော်မူလာခဲ့သော သာမညဖလ- ရဟန်းပြုလုပ်ရခြင်း၏ ဒိဋ္ဌဓမ္မ—မျက်မှောက် အကျိုးကို လွယ်ကူစွာ ရနိုင်လေသတည်း။

မဟာရာဇ၊ အဇာတသတ် မင်းမြတ်။ ဘိက္ခု- ရဟန်းသည်။ ကထဉ္စ- အဘယ်သို့လျှင်။ သီလသမ္ပန္နော- စိတ်ကောင်း စိတ်မြတ်နှင့် ပြည့်စုံသော သီလသမ္ပန္န-ပုဂ္ဂိုလ်သည်။ ဟောတိ ဖြစ်သနည်း။

မဟာရာဇ- အဇာတသတ် မင်းမြတ်။ ဣဓ-ဤသာသနာတော်၌။ ဘိက္ခု- ရဟန်းသည်၊ ပါဏာတိပါတံ- သူ၏အသက်ကို သတ်ခြင်းကို။ ပဟာယ- ပယ်၍ ပါဏာတိပါတာ- သူ၏ အသက်ကို သတ်ခြင်းမှ။ ပဋိဝိရတော-အထူးရှောင်ကြဉ်သည်၊ ဟောတိ- ဖြစ်၏။

နိဟိတ ဒဏ္ဍော-သတ္တဝါတို့ကို ညှဉ်းဆဲသတ်ပုတ်ရန် ဒုတ်ဆောင်ထားခြင်း မရှိ။ နိဟိတသတ္ထော သတ္တဝါတို့ကို သတ်ဖြတ် နှိပ်စက်ရန် လက်နက် ဆောင်ထားခြင်း မရှိ။ လဇ္ဇီ-မကောင်းမှု အကုသိုလ် ဖြစ်မည်ကို စက်ဆုတ် ရှက်နိုး

ခြင်း သဘောရှိ၏။ ဒယာပန္နော-သတ္တဝါများကို သနားခြင်းသို့ ရောက်၏။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ-အလုံးစုံသော သတ္တဝါတို့၏ စီးပွား လိုလား အစဉ်သနားလေ့ ရှိသည် ဖြစ်၍။ ဝိဟရတိ-နေ၏။ ဣဒံပိ – ဤသို့သော စိတ်ကောင်း စိတ်မြတ် ရှိခြင်းသည်လည်း။ အဿ—ထိုရဟန်း၏။ သီလသ္မိံ-သီလအကျင့်မြတ်သည်။ ဟောတိ—ဖြစ်၏။ (သီလသ္မိံ ပုဒ်၌ ဂ တ္တားအနက်၌ သတ္တမီ ဝိဘတ်ဖြစ်၏။ ။အဋ္ဌကထာ-၁၄၄၊)

အဒိန္နာဒါနံ- သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ခိုးယူခြင်းကို။ ပဟာယ-ပယ်၍။ အဒိန္နာဒါနာ-ခိုးယူခြင်းမှ။ ပဋိဝိရတော-အထူးရှောင်ကြဉ်သည်။ ဟောတိ -ဖြစ်၏၊ ဒိန္နာဒါယီ ပေးမှသာလျှင် ယူလေ့ရှိ၏ ဒိန္နပါဋိကင်္ခီ-စိတ်ဖြင့်လည်း ပေးမှယူသည်ကိုနှစ်သက်၏။ အထေနေန-မခိုးလိုသော။သုစိဘူတေန—စင်ကြယ်သည်ဖြစ်၍ ဖြစ်သော။ အတ္တနာ-ကိုယ်, စိတ်ဖြင့်၊ ဝိဟရတိ-နေ၏၊ဣဒံပိ-ဤသည်လည်း။အဿ-ထိုရဟန်း၏။သီလသ္မိံ-သီလအကျင့်မြတ်သည်။ ဟောတိ-ဖြစ်၏။

## မုသာဝါဒမှ စင်ကြယ် သန့်ရှင်းသော စိတ်ကောင်းစိတ်ပြတ်နှင့် ပြည့်စုံသော သီလသမ္ပန္န ပုဂ္ဂိုလ်ပြတ်၏ အကြောင်း

မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော ဟောတိ,
သစ္စဝါဒီ, သစ္စသန္ဓော,ထေတော,ပစ္စယိကော, အဝိသံဝါဒကော
လောကဿ၊ ဣဒံပိဿ ဟောတိ သီလသ္မိံ။ ။ပါဠိတော်။

မုသာဝါဒံ-မမှန်စကား ပြောဆိုခြင်းကို။ ပဟာယ-ပယ်၍။မုသာဝါဒါ-မမှန်စကားကို ပြောဆိုခြင်းမှ။ပဋိဝိရတော အထူးရှောင်ကြဉ်သည်။ဟောတိ-ဖြစ်၏။ သစ္စဝါဒီ-အမှန်ကို ပြောဆိုလေ့ရှိ၏။ သစ္စသန္ဓော မမှန်စကား စပ်ကြားမချပ် ဆက်စပ်သော သစ္စာစကား ရှိ၏။ ထေတော- တည်တန့်ခိုင်မြဲသော စကားရှိ၏။ ပစ္စယိကော – ယုံကြည်ထိုက်သော စကားရှိ၏။ လောကဿ-လူအပေါင်းကို။ အဝိသံဝါဒကော – မမှောက်မှား စေတတ်။ ဣဒံပိ—ဤသို့သော စိတ်ကောင်းစိတ်မြတ်ရှိခြင်းသည်လည်း။အဿ--ထိုရဟန်း၏။ သီလသ္မိံ-သီလအကျင့်မြတ်သည်။ ဟောတိ -ဖြစ်၏။

အမှန်စကားကိုသာ ဆိုလေ့ရှိသော သူမြတ်ကို သစ္စဝါဒီ ပုဂ္ဂိုလ်မြတ်—ဟူ၍ ဆိုအပ်၏။

မမှန်သော စကားကို စပ်ကြားမချပ် ဆက်စပ်သော သစ္စာစကားရှိသော သူမြတ်ကို သစ္စသန္ဓ ပုဂ္ဂိုလ်မြတ်—ဟူ၍ ဆိုအပ်၏။

အချို့သော သူသည် တရံတခါ မမှန်စကားကို စပ်ကြားချပ်၍ ပြောတတ်၏၊ အမှန်စကားသက်သက်ကို မပြောဆိုတတ်၊ ထိုသူသည် သစ္စသန္ဓ ပုဂ္ဂိုလ် မဟုတ်၊

သစ္စသန္ဓ ပုဂ္ဂိုလ်မြတ်၏ သဘောသည်ကား.... အသက်၏ အကြောင်း ရှိသော်လည်း မမှန်သောစကားကို တရံကဆစ်မျှ မပြောဆိုမူ၍ အစဉ်မပြတ် ဆက်စပ်သော သစ္စာစကား ရှိ၏။ ထိုသို့သော သူမြတ်ကိုသာလျှင် သစ္စသန္ဓ ပုဂ္ဂိုလ်မြတ် -ဟူ၍ ဆို၏၊

အချို့သူသည် မုသားမပါ၊ လက်ာပချော၊ စိတ်သဘောဖြင့်၊ မမှန်သော စကားကို စပ်ကြားချပ်ခါ၊ မှန်ရာတချက်၊ မမှန်တချက်၊ နှုတ်လျှာသွက်၍၊ အဆက်မပြတ်အောင် စကားကို ပြောဆိုတတ်သော အလေ့ရှိ၏၊ ထိုကဲ့သို့သော သူကို သစ္စသန္ဓ ပုဂ္ဂိုလ်မြတ် -ဟူ၍ မဆိုထိုက်။

> သစ္စေန သစ္စံ သန္ဒဟတိ ဃံဋ္ဌေတီတိ သစ္စသန္ဓော၊ န အန္တရန္တရာ မုသာဘာဏတီတိအတ္ထော။ ယောဟိ ပုရိသော ကဒါစိ မုသာဝဒတိ၊ ကဒါစိ သစ္စံ၊ တဿ မုသာဝါဒေန အန္တရိတတ္တာ သစ္စံ သစ္စေန နဃဋီယတိ၊ တသ္မာသော န-သစ္စသန္ဓော၊ အယံပန နတာဒိသော ဇီဝိတ ဟေတုပိ မုသာ အဝတွာ သစ္စေန သစ္စံသန္ဒဟတိ ယေဝါတိ သစ္စသန္ဓော၊ ။အဋ္ဌကထာ။

သစ္စေန၊ မှန်သော စကားဖြင့်။ သစ္စံ၊ မှန်သောစကားသည်။ သန္ဒဟတိ ဃဋ္ဌေတိ၊ ဆက်စပ်၏၊ ဣတိ၊ ထိုကြောင့်၊ သစ္စသန္ဓော၊ သစ္စာဆက်စပ်သော ပုဂ္ဂိုလ်မြတ် မည်၏။ အန္တရန္တရာ၊ အကြား အကြား၌။ မုသာ၊ မမှန်သော စကားကို၊ နဘဏတိ၊ မပြောဆိုတတ်၊ ဣတိအတ္ထော၊ ဤအနက်။

ဟိ၊ ချဲ့၍ပြဦးအံ့။ ယော ပုရိသော၊ အကြင်သူသည်။ ကဒါစိ၊ တရံတခါ၊ မုသာ၊ မမှန်သော စကားကို။ ဝဒတိ၊ ဆိုတတ်၏။ ကဒါစိ၊ တရံတခါ၊ သစ္စံ မှန်သော စကားကို၊ ဝဒတိ၊ ပြောဆိုတတ်၏။ တဿ၊ ထိုမမှန်တခါ မှန်တခါ။ ပြောဆိုတတ်သူအား။ မုသာဝါဒေန၊ မမှန်သော စကားဖြင့်၊ အန္တရိတတ္တာ၊ ခြားသည်၏အဖြစ်ကြောင့်။ သစ္စံ၊ မှန်သောစကားသည်၊ သစ္စေန၊ မှန်သော စကားနှင့်၊ နဃဋီယတိ၊ မဆက်စပ်။ တသ္မာ၊ ထိုကြောင့်။ သော၊ ထိုသူသည်။ နသစ္စသန္ဓော၊ သစ္စသန္ဓပုဂ္ဂိုလ်မြတ် မဟုတ်။

အယံပန၊ ဤသစ္စသန္ဓ ပုဂ္ဂိုလ်မြတ်သည်ကား။ နတာဒိသော၊ ထိုကဲ့သို့ သဘော ရှိသည် မဟုတ်။ ဇီဝိတ ဟေတုပိ၊ အသက်၏ အကြောင်းကြောင့် သော်လည်း။ မုသာ၊ မမှန်သော စကားကို။ အဝတွာ၊ မပြောဆိုမူ၍။

သစ္စေန၊ မှန်သောစကားနှင့်။ သစ္စံ၊ မှန်သောစကားသည်။ သန္ဓဟတိ ့ယ၀၊ ဆက်စပ်သည်သာတည်း။ ဣတိ၊ ထိုကြောင့်။ သစ္စသန္ဓော၊ သစ္စသန္ဓ ပုဂ္ဂိုလ် မြတ် မည်၏။

ထေတော၊ တည်တန့် ခိုင်မြဲသော စကားရှိသော ပုဂ္ဂိုလ်မြတ်—ဟူရာ၌ အချို့သော သူသည် ဘယ်စကား တလုံးကိုမျှ ခိုင်မြဲသော စကားကိုမဆို။ တောင်လိုလို မြောက်လိုလို ရီးတီးရားတား စကားကို သုံးလေ့ရှိ၏၊ ထိုးကား ဖြင့် လိမ်၍ရပုံ မပေါ်လျှင် သည်စကားကို ပြောင်းလိုက်၊ သည်စကားဖြင့် လိမ်၍ရပုံမပေါ်လျှင် ဟိုစကားကို ပြောင်းလိုက်၊ ဖွဲပုံစု၌ သစ်ငုပ်စိုက်သကဲ့သို့ လည်းကောင်း, မြင်း၏ ကျောက်ကုန်းထက်၌ တင်ထားသော ဖရုံသီးကဲ့သို့ လည်းကောင်း, ရွေ့ရှားသော စကားရှိ၏။

အချို့သော သူသည်ကား ကျောက်ဖျာ၌ ရေးထားသော စာလုံးကဲ့သို့ တည်တန့်ခိုင်မြဲသော စကားရှိ၏။ သံလျက်ဖြင့် ဦးခေါင်းကို ဖြတ်မည် ပြုသော်လည်း နှစ်ခွန်း နှစ်ခွသော စကားကို မသုံး။ ထိုကဲ့သို့သော သူမြတ်ကို သာလျှင် တည်တန့်မြဲခိုင်သော စကားရှိသော ပုဂ္ဂိုလ်မြတ်—ဟူ၍ဆိုအပ်၏၊

ပစ္စယိကော၊ ယုံကြည်ထိုက်သော စကားရှိသော ပုဂ္ဂိုလ်မြတ်ဟူရာ၌.... အချို့သော သူသည် ယုံကြည်ထိုက်သော စကားမရှိ။ ဤစကားကို အဘယ် သူ ပြောသနည်း-ဟု မေးလျှင် ဤသူ ပြောသော စကား-ဟူ၍ ဆိုသည် ရှိသော် ထိုသူ၏ စကားကို မယုံကြလင့်— ဟူ၍ ဆိုထိုက်၏။ အဘယ်ကြောင့် နည်း.... ထိုသူသည် တည်တန့်မြဲခိုင်သော စကားမရှိ။ ထိုကြောင့် ထိုသူ၏ စကားကို မယုံကြလင့်- ဟူ၍ ပြောဆို အပ်သော သူ၏ အဖြစ်သို့ ရောက်လေ၏။

အချို့သော သူသည် ယုံကြည်ထိုက်သော စကားရှိ၏။ဘယ်အခါမှ ချွတ်လွဲ သော စကားကို မပြောဆိုတတ်။ ဤစကားကို အဘယ်သူ ပြောသနည်း။ ဤသူပြော၏—ဟု ဆိုလျှင် ထိုသူက ပြောသော စကားဖြစ်လျှင် ဤစကား ကို ပမာဏ ထားလေလော့။ ထပ်မံ၍ စီစစ်ဖွယ် မရှိ။ ဤစကား အတိုင်း သာလျှင် စိတ်ချ၍ ယုံကြည်စွာ မှတ်လေလော—ဟု ပြောဆို အပ်သော သူ၏ အဖြစ်သို့ ရောက်၏။

ဤသို့သော သူမြတ်ကို သာလျှင် ယုံကြည်ထိုက်သော စကားရှိသော သူမြတ်-ဟူ၍ (အပ်၏၊ (အဋ္ဌကထာ - ၆၄၊)

## ဖရုသဝါစာ-ကြမ်းကြုတ်သော စကား-ဟူရာ၌ မှတ်သားဘွယ် လိုရင်းအချက်

တယောက်သော သူငယ်သည် အမိ၏ စကားကို မနာယူဘဲ တောသို့ သွား၏၊ထိုသူငယ်ကို ပြန်စိမ့်သောငှါ မတတ်နိုင်သော အမိသည် "ကြမ်းသော ကျွဲမသည် လိုက်စေသတည်း"-ဟု ကျိန်ဆဲ၏။ ထိုသို့ အမိက ကျိန်ဆဲသော်လည်း ထိုသူငယ်သည် မနာယူဘဲ ဇွတ်ကဲ၍ သွားသည်ရှိသော် တော၌ ကျွဲမတကောင်သည် ထ၍ လာ၏။ထိုသူငယ်သည် ကျွဲမ ထ၍ လာသည်ကို မြင်လျှင် ငါ၏ အမိသည် စကားဖြင့် ကြမ်းတမ်းစွာ ကျိန်ဆဲ၍ ဆို၏။ ထိုစကားအတိုင်း မဖြစ်ပါစေသတည်း။

ငါ၏ အမိသည် စိတ်ဖြင့် ကြံစီ၏။ ထိုစိတ်အကြံအတိုင်း သာလျှင် ဖြစ်ပါစေသတည်း-ဟု သစ္စာပြု၏၊ ထိုထ၍ လာသော ကျွဲမသည် ထိုနေရာ၌ ပင်လျှင် ချည်၍ ထားသကဲ့သို့ ရပ်၍နေ၏။

အမိသည် သား၏ အပေါ်၌ နူးညံ့သော စိတ်ရှိသကဲ့သို့ သတ္တဝါတို့၏ အပေါ်၌ နူးညံ့သော စိတ်ရှိသော သူသည် ကြမ်းတမ်းသော စကားကို နှုတ်ဖြင့် ပြောဆိုသော်လည်း စိတ်နူးညံ့ရကား ဖရုသဝါစာမဖြစ်။

ဆရာဥပဇ္ဈာယ်တို့သည်လည်း တပည့်တို့က ဤသူတို့သည် အရှက်မရှိကုန်, အကြောက် မရှိကုန်, ဤသူတို့ကို နှင်ထုတ်ကြကုန်လော့- ဟူ၍ တရံတခါ ဆိုတော်မူကုန်၏။ ထိုသို့ပင် ဆိုသော်လည်း အာဂမ- အဓိဂမ- ပါဠိ ပိဋကတ်ကို ဆောင်နိုင်ခြင်း, မဂ်ဖိုလ်ရခြင်းတို့ကို အလိုတော် ရှိကြပေကုန်၏။ ထိုကြောင့် ဖရုသဝါစာ မဖြစ်၊

စကား နူးညံ့သော်သည်း သေစေလိုသောစိတ်, ပျက်စီးစေလိုသော စိတ်ဖြင့် ဤသူကို ချမ်းသာစွာ အိပ်၍ နေပါစေ-ဟု ပြည့်ရှင်မင်းတို့သည် ရန်သူကို ဆိုတတ်ကုန်၏၊ ထိုစကားသည် နူးညံ့သော်လည်း စိတ်ထား ကြမ်းကြုတ်လေသောကြောင့် ဖရုသဝါစာပင် ဖြစ်၏။

ထိုကြောင့် သတ္တဝါတို့၏ အပေါ်၌ နူးညံ့သော စိတ်ရှိသော သူမြတ်သည် ဖရုသဝါစာ မဖြစ်နိုင်။

## သမ္ဖပ္ပလာပဝါစာ-အကျိုးမရှိသော စကား-ဟူရာ၌ မှတ်သားဘွယ် အချက်

ကာလဝါဒီ, ဘူတဝါဒီ, အတ္ထဝါဒီ, ဓမ္မဝါဒီ, ဝိနယဝါဒီ, နိဓာနဝတိံ ဝါစံဘာသိတာ ဟောတိ။ ကာလေန သာပဒေသံ၊ ပရိယန္တဝတိံ အတ္ထသဥှိတံ။ ဣဒံ ပိဿ ဟောတိ သီလသ္မိံ။ (ပါဠိတော်။)

ကာလဝါဒီ၊ ပြောဆိုသင့်သော အခါကို မှတ်၍ ပြောဆိုလေ့ ရှိ၏။ ဘူတဝါဒီ၊ ဟုတ်မှန်သော သဘောကိုသာလျှင် ပြောဆိုလေ့ရှိ၏။ အတ္ထဝါဒီ၊ ဒိဋ္ဌဓမ္မိက, သမ္ပရာယိက မျက်မှောက် တမလွန် နှစ်တန်သော အကျိုးကို မှီ၍ ပြောဆိုလေ့ ရှိ၏။ ဓမ္မဝါဒီ၊ ကိုးပါးသော လောကုတ္တရာတရားကို မှီ၍ ပြောဆိုလေ့ရှိ၏၊ ဝိနယဝါဒီ၊ သံဝရဝိနည်း, ပဟာနဝိနည်းကို မှီ၍ ပြောဆိုလေ့ ရှိ၏။ နိဓာနဝတိံ၊ နှလုံး၌ မှတ်သား၍ ထားသင့်သော။ ဝါစံ၊ စကားကို။ ဘာသိတာ၊ ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကာလေန၊ သင့်လျော် လျောက်ပတ်သော ကာလအားဖြင့်။ သာပဒေသံ၊ ဥပမာ အကြောင်းယုတ္တိနှင့် တကွ။ ပရိယန္တဝတိံ၊ အပိုင်းအခြားရှိသော စကားကို။ အတ္ထသဥှိတံ၊ များစွာသော နည်းတို့ဖြင့် ဝေဘန်စိတ်ဖြာ၍ ပြောဆိုသော်လည်း မကုန်နိုင်သော အနက်အဓိပ္ပါယ် ရှိသော စကားကို။ ဘာသိတာ၊ ပြောဆိုတတ်သော အလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံပိ၊ အကျိုးရှိသော အတ္ထသံဟိတ စကားကိုသာ ပြောဆိုအံ့-ဟူသော စိတ်ကောင်း, စိတ်မြတ် ရှိခြင်းသည်လည်း။ အဿ၊ ထိုရဟန်း၏။ သီလသ္မိံ၊ သီလအကျင့်မြတ်သည်။ ဟောတိ၊ ဖြစ်၏။

> ကာလေနာတိ ဝေရူပိံ ဘာသမာနောပိစ အဟံ နိဓာဝတိံ
> ဝါစံဘာသိဿာမိတိ- န အကာလေန ဘာသတိ။ ယုတ္တကာလံ
> ပန အပေက္ခိတွာဝ ဘာသတိ။ (အဋ္ဌကထာ- ၆၆။)

ကာလေနာတိ၊ ကာလေန-ဟူသော ပါဠိတော်ဖြင့်။ ဝေရူပိံ။ အတ္ထ, ဓမ္မ, ဝိနယအားဖြင့် ဘူတ တစ္ဆသဘာဝရှိသော ဤသို့သော စကားကို။ ဘာသ မာနောပိစ၊ ပြောဆိုသော်လည်း။ အဟံ၊ ငါသည်၊ နိဓာနဝတိံ၊ နှလုံးထား၍ မှတ်သားအပ်သော။ ဝါစံ၊ စကားကို။ ဘာသိဿာမိတိ၊ ပြောဆို၏-ဟု။အကာလေန၊ ပြောဆိုသင့်သောအခါ မဟုတ်ဘဲ။ နဘာသတိ၊ မပြောဆို။ယုတ္တကာလံပန၊ ပြောဆိုသင့်သော အခါကိုမူကား။ အပေက္ခိတွာဝ၊ ကြည့်ရှုဆင်ခြင်၍သာလျှင်။ ဘာသတိ၊ ပြောဆိုတတ်၏။

## သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၌ ဒိဋ္ဌဓမ္မ-ချမ်းသာသော အကျိုးကို ဟောတော်မူကြောင်း

အဇာတသတ်မင်းမြတ် စူဠသီလ, မဇ္ဈိမသီလ, မဟာသီလနှင့် ပြည့်စုံသော ထိုရဟန်းသည် သီလကို စောင့်စည်းသောအားဖြင့် လုံခြုံသောအားဖြင့် တစုံတခုသော ဘေးကိုမမြင်။ ဥပမာ ဆိုသည်ရှိသော် ရန်သူကို အောင်မြင်ပြီး၍ အဘိသိက် မြောက်ပြီးသော ပြည့်ရှင်မင်းသည် ရန်သူမှ တစုံတခုသော

ဘေးကို မမြင်သကဲ့သို့ ထိုအတူပင်လျှင် ဤကဲ့သို့ သီလနှင့် ပြည့်စုံသော ရဟန်းသည် သီလအားဖြင့် လုံခြုံသဖြင့် တစုံတခုသော ဘေးကို မမြင်။ ထိုရဟန်းသည် ဤကဲ့သို့သော သီလအကျင့်မြတ်နှင့် ပြည့်စုံသောကြောင့် မိမိ၏ကိုယ်တွင်းသန္တာန် စိတ်အစဉ်၌ အပြစ်မရှိသောချမ်းသာကို ကောင်းစွာ ခံစားရ၏။ နှလုံးရွှင်လန်း ဝမ်းမြောက် နှစ်သက်ခြင်း, ကိုယ်စိတ် ငြိမ်းအေးခြင်း တရားတို့ဖြင့် ရအပ်သော ကိုယ်စိတ် ချမ်းသာခြင်း အကျိုးထူးကို ဒိဋ္ဌဓမ္မ ခံစားရ၏။

အဘိုတသတ်မင်းမြတ် စူဠ,မဇ္ဈိမ,မဟာ ကောင်းမြတ်စွာသော အကျင့်နှင့် ပြည့်စုံသော ရဟန်းကို သီလသမ္ပန္န ပုဂ္ဂိုလ်မြတ်-ဟူ၍ ဆိုအပ်၏။ထိုကဲ့သို့ သော အကျင့်မြတ်နှင့် ပြည့်စုံသော ရဟန်းသည် သီလသမ္ပန္န ပုဂ္ဂိုလ်မြတ် ဖြစ်၏။

> သော ဣမိနာ အရိယေန သီလက္ခန္ဓေန သမန္နာဂတော အဇ္ဈတ္တံ အနဝဇ္ဇသုခံ ပဋိသံဝေဒေတိ။ ။(ပါဠိတော်)

အဘိုတသတ်မင်းမြတ် သာသနာတော်ထမ်း ရဟန်းလုပ်သော သူသည် စက္ခုသောတ စသည်ခြောက်ထွေ ဣန္ဒြေတို့၌ အဘယ်သို့လျှင် စောင့်ရှောက် လုံခြုံသော တံခါးရှိသနည်း--ဟူမူကား။

> ဣဓ မဟာရာဇ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ နနိမိတ္တဂ္ဂါဟီဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ။ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာသဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ။ ရက္ခတိ စက္ခုန္ဒြိယံ။ စက္ခုန္ဒြိယေ သံဝရံအာပဇ္ဇတိ။
>
> သော တေန သဒ္ဒံသုတွာ။ လ။ ဃာနေန ဂန္ဓံ ဃာယိတွာ။ လ။ ဇိဝှါယ ရသံသာယိတွာ၊ လ။ ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ။ လ။ မနသာ ဓမ္မံဝိညာယ နနိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ။ ယတွာဓိကရဏမေနံ မနိန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာဓမ္မာ အန္ဝာသဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ။ ရက္ခတိမနိန္ဒြိယံ။ မနိန္ဒြိယေ သံဝရံ အာပဇ္ဇတိ။

အဘိုသသတ်မင်းမြတ် ဤသာသနာတော်၌ ရဟန်းလုပ်သော သူသည် မျက်စိဖြင့်အဆင်းကို မြင်သည်ရှိသော် မိန်းမ၏အဆင်း, ယောကျာ်း၏အဆင်း ဟူ၍ မှတ်ယူခြင်းမရှိ၊ လက်,ခြေ,အင်္ဂါ မျက်နှာ ရင်ဝမ်း, နှုတ်ခမ်း, သွား,

မေး, ခါးသေးတင်ကျယ် အသွယ်သွယ်အဖြာဖြာ ကိုယ်အင်္ဂါကို စိတ်ဖြာအနု အာရုံပြု၍ ဂရုတစိုက် ကြည့်ရှုမှတ်သား စဉ်းစားကြံစီခြင်းမရှိ။ စက္ခုန္ဒြေကို မစောင့်စည်းသော ထိုရဟန်းကို လိုချင်တပ်မက်ခြင်း စိတ်ဆိုးခြင်း,အကုသိုလ် စိတ်ယုတ်တို့သည် နှိပ်စက်ကုန်ရာ၏။ ဤသို့ နှလုံးပြု၍ စက္ခုန္ဒြေကို စောင့် စည်းခြင်းငှါ ကောင်းစွာ ကျင့်၏၊ ကောင်းစွာ စက္ခုန္ဒြေကို စောင့်ရှောက်၏။

နားဖြင့် အသံကို ကြားသည် ရှိသော် လည်းကောင်း, နှာခေါင်းဖြင့် အနံ့ကို နံသော် လည်းကောင်း, လျှာဖြင့် အရသာကို လျက်သော် လည်း ကောင်း, ကိုယ်ဖြင့် အထိကို တွေ့ထိသော် လည်းကောင်း, မိန်းမ ယောကျ်ား စသော အားဖြင့် မှတ်သားမပြု၊ ဂရုမထား, ကြားရုံ မြင်ရုံ တွေ့ထိရုံဖြင့်, အာရုံမစွဲ, စိတ်ထဲဖန်ဖန်,မကြံမစီ, နှလုံးကြည်၍, တည်တန့်သော စိတ်ရှိသော ရဟန်းသည် စက္ခုသောတ-စသည် ခြောက်တွေ ဣန္ဒြေတို့၌ လုံခြုံ စောင့် ရှောက်ခြင်း ရှိသော ရဟန်း ဖြစ်၏။

ထိုရဟန်းသည် ဤသို့သော ဣန္ဒြိယ သံဝရအကျင့်မြတ်နှင့် ပြည့်စုံခြင်း ကြောင့် ကိလေသာ စိတ်ယုတ်မာတို့နှင့် မရောရှက်၊ သက်သက် စင်ကြယ် သန့်ရှင်းသော အဗျာသေက-ချမ်းသာကို မျက်မှောက်ဗို၌ ခံစားရ၏။

အဇာတသတ်မင်းမြတ် သာသနာတော်ထမ်း ရဟန်းလုပ်သော သူသည် ဤသို့ ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသော တံခါးရှိ၏၊

အဇာဘသတ်မင်းမြတ် ရဟန်း လုပ်သော သူသည် အဘယ်သို့ သတိ သမ္ပဇဉ်နှင့် ပြည့်စုံသနည်း-ဟူမူကား....

အဇာတသတ်မင်းမြတ် ဤသာသနာတော်၌ ရဟန်းလုပ်သော သူသည် ရှေ့သို့တက်ခြင်း, နောက်သို့ ဆုတ်ခြင်း၌ သမ္ပဇဉ်ကို ပြုလေ့ရှိ၏။ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊

၁။ တည့်တည့် ကြည့်ရှုခြင်း, စောင်းလှည့်၍ ကြည့်ရှုခြင်း၌ သမ္ပဇဉ်ကို ပြုလေ့ရှိ၏၊ (ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏။)

၂။ ကွေးခြင်း, ဆန့်ခြင်း၌ သမ္ပဇဉ်ကို ပြုလေ့ရှိ၏။(ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ ရှိ၏၊)

၃။ သင်္ကန်း, သပိတ်ကို ဆောင်ယူခြင်း၌ သမ္ပဇဉ်ကို ပြုလေ့ရှိ၏၊ (ပညာ ဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏။)

၄။ စားခြင်း,သောက်ခြင်း,ခဲခြင်း, လျက်ခြင်း၌ သမ္ပဇဉ်ကို ပြုလေ့ရှိ၏။ (ပညာဖြင့်ဆင်ခြင်၍ ပြုလေ့ရှိ၏၊)

၅။ ကျင်ကြီး, ကျင်ငယ် ပြုရာ၌ သမ္ပဇဉ်ကို ပြုလေ့ ရှိ၏။ (ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊)

၆။ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း, နိုးခြင်း, စကားဆိုခြင်း, တိတ်တိတ်နေခြင်း၌ သမ္ပဇဉ်ကို ပြုလေ့ရှိ၏၊ (ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ ရှိ၏၊)

အဇာတသတ်မင်းမြတ် ဤသို့လျှင် ရဟန်းလုပ်သောသူသည် သတိသမ္ပဇဉ် ပညာအဆင်ခြင်နှင့် ပြည့်စုံခြင်း ဖြစ်၏။

(သဗ္ဗညု မြတ်စွာဘုရားသည် အဇာတသတ် မင်းအား သတိရှေ့သွား သမ္ပဇညတရားကို အကျဉ်းအားဖြင့် ဟောကြားတော်မူ၏။)

အဇာတသတ်မင်းမြတ် ဤသာသနာတော်၌ ရဟန်းလုပ်သော သူသည် အဘယ်သို့ ရောင့်ရဲခြင်း ဖြစ်သနည်း ဟူမူကား....

ကာယ ပရိဟာရိကေန စီဝရေန ကုစ္ဆိပရိဟာရိကေန ပိဏ္ဍပါတေန သော ယေနယေနေဝ ပက္ကမတိ၊ သမာဒါယေဝ ပက္ကမတိ။ သေယျထာပိ မဟာရာဇ ပက္ခီသကုဏော ယေနယေနေဝဍေတိ။ သပတ္တဘာရောဝဍေတိ။ ။(ပါဠိတော်။)

အဇာတသတ်မင်းမြတ် ဤသာသနာတော်၌ ရဟန်းလုပ်သော သူသည် ကိုယ်ဖြင့် ဆောင်ယူသော သင်္ကန်းဖြင့် လည်းကောင်း, ဝမ်းဖြင့် ဆောင်ယူ သော ဆွမ်းဖြင့် လည်းကောင်း, ရောင့်ရဲတင်းတိမ်ခြင်း ဖြစ်၏။

ဥပမာဆိုသည်ရှိသော် အတောင်ရှိသော ငှက်သည် အကြင်အကြင် အရပ် သို့ ပြန်သွား၏၊ အတောင်လျှင် ဝန်ရှိသည်ဖြစ်၍ ပြန်သွား၏။ ထို့အတူပင် လျှင် ထိုရဟန်းသည်လည်း အကြင်အကြင်အရပ်သို့ ဖဲသွားလို၏။ ဆောင်ယူ၍ သာလျှင် ဖဲသွားနိုင်၏။

အဇာတသတ်မင်းမြတ် ဤသို့လျှင် သာသနာတော်ထမ်း ရဟန်းလုပ်သော သူသည် ရောင့်ရဲခြင်း သန္တုဋ္ဌိ တရားနှင့်ပြည့်စုံခြင်း ဖြစ်၏။

အဇာတသတ်မင်းမြတ်....ထိုရဟန်းသည် ဤသို့ ဟောတော်မူ အပ်သော သီလအကျင့်မြတ်နှင့်လည်း ပြည့်စုံ၏။ ဤသို့သော ဣန္ဒြေ စောင့်စည်းခြင်း အကျင့်မြတ်နှင့်လည်း ပြည့်စုံ၏။ ဤသို့သော သတိသမ္ပဇည တရားမြတ်နှင့် လည်း ပြည့်စုံ၏။ ဤသို့သော ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတရားမြတ်နှင့်လည်း ပြည့်စုံ၏၊

ထိုကဲ့သို့သော ဂုဏ်နှင့် ပြည့်စုံပြီးသော ရဟန်းသည် တိတ်ဆိတ်သော နေရာသို့ ခိုဝင် ကပ်ရောက်၍ နေ၏။ ရွာမနီးဝေး ဘေးမဆက်ဆံ လူသံ တိတ်ဆိတ် မိတ်ကောင်းလည်းရ ပစ္စည်းမျှသော ဌာနရိပ်ကောင်း တောရ ကျောင်းသို့ လည်းကောင်း၊

ခက်မငါးဖြာ ဝေဆာအေးမြ ခိုတင်ရသော ရုက္ခပင်မင်း သစ်ပင်ရင်းသို့ လည်းကောင်း၊

သန့်ရှင်းကြည်လင် ရေတခွန်တို့ဖြင့် တသွင်သွင်စီးကျလျက် အေးမြသော သစ်ပင်ချုံနွယ် တင့်တယ်ဝေမှိုင် ဂနိုင်ဆို့ပိတ် တောရိပ်တောင်စောင်း တောင်ပေါ်ကျောင်းသို့ လည်းကောင်း၊

စိမ့်စမ်းရေယဉ်တို့ဖြင့် တသွင်သွင်စီးသွားသော တောင်ခြောက်ကြားသို့ လည်းကောင်း၊

ဘောင်ခေါင်းလှိုင်ခေါင်း အရိပ်ကောင်းသော ကျောက်ဂူ ကျောင်းသို့ လည်းကောင်း၊

သုသာန်သင်းချိုင်း ပြိုလုပ် လူကောင်မြှုတ်၍ ဖုတ်မိုက်သင်္ချိုင်းရာ သုသာန် ကျောင်းသို့ လည်းကောင်း၊

ရွာနေလူတို့ စိုက်ပျိုးကြဲမြှုတ် လယ်ယာ လုပ်သော အရပ်မှ ဝေးကွာ လှသော တောအုပ်အတွင်းသို့ လည်းကောင်း၊

အဗ္ဘောကာသ-ကျယ်ဝန်းလှသော လွင်တီးခေါင်သို့ လည်းကောင်း၊

သစ်ပင် ချုံငယ်တို့၏ အပေါ်၌ ကောက်ရိုးတို့ဖြင့် ဖုံးအုပ်ပိုးကာ၍ ထား အပ်သော ကောက်ရိုးပုံ ကျောင်းသို့ လည်းကောင်း၊

ဤသို့ပြဆိုအပ်သော တိတ်ဆိတ်စွာသော ကျောင်းနေရာသို့ ခိုဝင် ကပ် ရောက်၍ နေသော ထိုရဟန်းသည် ဆွမ်းခံချိန် အခါ၌ ဆွမ်းခံသွား၍ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသည်ရှိသော် တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေပြီး၍ ကိုယ်ကို ဖြောင့်မတ်စွာထားလျက် သတိကို ကမ္မဋ္ဌာန်း အာရုံသို့ ရှေးရှု အောင်ပြု၍၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ နီဝရဏ တရား ငါးပါး တို့မှ ကင်းသော စိတ်ရှိသည်ဖြစ်၍ ကောင်းစွာ နေ၏၊ နီဝရဏတရားတို့မှ စိတ်ကို စင်ကြယ်အောင် သုတ်သင်၍နေ၏။

အဇာတသတ် မင်းမြတ် ထိုကဲ့သို့ နီဝရဏတရားတို့မှ ကင်းစင် သန့်ရှင်း၍ နေသော ရဟန်းသည် အလွန် ဝမ်းမြောက်ခြင်း ဖြစ်၏။ အဘယ်ကဲ့သို့ ဝမ်းမြောက်ခြင်း ဖြစ်သနည်း ဟူမူကား....

အဘာကသတ်မင်းမြတ် ဥပမာ–ဆိုသည်ရှိသော်.... သူတပါးတို့၏ အထံမှ ကျွေးယူ၍ အလုပ်လုပ်သော သူဆင်းရဲ ယောကျ်ားသည် အလုပ်လုပ်၍ ပြီးသော အခါ၌ ကျွေးရှင်တို့အား တင်သမျှ ကျွေးတို့ကို အကုန်အစင် ဆပ်ပေးပြီး၍ အပိုအလျှံ အမြတ်အစွန်းကိုလည်း သားမယား ကျွေးရန် ရသောကြောင့် အလွန်ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့ အဘိဇ္ဈာတည်း–ဟူသော ကာမစ္ဆန္ဒ-နီဝရဏတရား နှိပ်စက်၍ နေသောရဟန်းသည် ထိုကာမစ္ဆန္ဒ နီဝရဏတရားမှ လွတ်ကင်း၍ သန့်ရှင်းစင်ကြယ်ခြင်း ရှိသောကြောင့် အလွန် ဝမ်းမြောက်ခြင်း ဖြစ်၏။

အဘာကသတ် မင်းမြတ် အကျဉ်းထောင်၌ ကျ၍ ဒုက္ခခံ နေရသော အကျဉ်းသမား ထောင်ကျသော ယောကျ်ားသည် ထိုအကျဉ်းထောင်မှ လွတ်ကင်း၍ ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့ ထိနမိဒ္ဓနီဝရဏ နှိပ်စက်၍နေသော ရဟန်းသည် ထိုထိနမိဒ္ဓနီဝရဏ– တရားယုတ်မှ လွတ်ကင်း၍ သန့်ရှင်း စင်ကြယ်ခြင်း ရှိသောကြောင့် အလွန်ဝမ်းမြောက်ခြင်း ဖြစ်၏။

အဘာကသတ်မင်းမြတ် ကျွန်ဖြစ်၍ နေသော ယောကျ်ားသည် ထိုကျွန် အဖြစ်မှ လွတ်ကင်း ဘေးလုံ၍ ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ တရားယုတ် နှိပ်စက်၍ နေသော ရဟန်းသည် ထိုဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ တရားယုတ်မှ လွတ်ကင်း၍ သန့်ရှင်း စင်ကြယ်ခြင်းကြောင့် အလွန်ဝမ်းမြောက်ခြင်း ဖြစ်၏။

အဘာကသတ် မင်းမြတ် ခိုးသူ,ဓားပြ– သောင်းကြမ်းလှသော တော စခန်း ကန္တာရ ခရီးလမ်းသို့ ဥစ္စာနှင့် သွားလာရသော ယောကျ်ားသည် ခိုးသူ, ဓားပြ သောင်းကြမ်းသော ကန္တာရ တောစခန်း ခရီးလမ်းမှ လွန်မြောက် ဘေးကင်းရာသို့ ရောက်သဖြင့် ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့ ဝိစိကိစ္ဆာ နီဝရဏ နှိပ်စက်၍နေသော ရဟန်းသည် ထိုဝိစိကိစ္ဆာ၊ နီဝရဏ– တရားယုတ်မှ လွတ်ကင်း၍ သန့်ရှင်း စင်ကြယ်ခြင်းကြောင့် အလွန်ဝမ်းမြောက် ခြင်း ဖြစ်၏။

အဘာကသတ်မင်းမြတ် သာသနာတော်၌ ရဟန်းလုပ်သော သူသည် မိမိ သန္တာန်၌ မပယ်နိုင်သေးသဖြင့် နှိပ်စက်၍ နေသော နီဝရဏ–ငါးပါးတို့တွင် အဘိဇ္ဈာ တည်းဟူသော ကာမစ္ဆန္ဒ နီဝရဏ– တရားယုတ်ကို တင်ရှိသော ကြွေးမြည်ကဲ့သို့ ရှု၏။ ဗျာပါဒ နီဝရဏ - တရားယုတ်ကို အနာရောဂါ ဆိုးကြီးကဲ့သို့ ရှုကြည့်၏။

ထိနမိဒ္ဓ နီဝရဏ– တရားယုတ်ကို အကျဉ်းထောင်ကြီးကဲ့သို့ ကြည့်ရှု၏။ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ– တရားယုတ်ကို ကျွန်အဖြစ်ကဲ့သို့ ကြည့်ရှု၏။

ဝိစိကိစ္ဆာ နီဝရဏ-တရားယုတ်ကို ခိုးသူ့ ခေါးပြ သောင်းကြမ်းလှသော ကန္တာရ ခရီးလမ်းကဲ့သို့ ကြည့်ရှု၏၊

အဇာတသတ်မင်းမြတ် သာသနာတော်ထမ်း ရဟန်းလုပ်သော သူသည် အဘိဇ္ဈာ—တည်းဟူသော ကာမစ္ဆန္ဒ နီဝရဏမှ- ကင်းလွတ်စင်ကြယ်ခြင်းကို ကြွေးမြီကင်းသကဲ့သို့ ကြည့်ရှု၏။

ဗျာပါဒ နီဝရဏမှ- ကင်းလွတ် စင်ကြယ်ခြင်းကို အနာရောဂါဆိုးကြီးမှ ကင်းလွတ် သကဲ့သို့ ရှုကြည့်၏၊

ထိနမိဒ္ဓ နီဝရဏမှ- ကင်းလွတ် စင်ကြယ်ခြင်းကို အကျဉ်းထောင်ကြီးမှ ကင်းလွတ်သကဲ့သို့ ကြည့်ရှု၏။ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏမှ ကင်းလွတ်စင်ကြယ်ခြင်းကို ကျွန်အဖြစ်မှ ကင်းလွတ်သကဲ့သို့ ကြည့်ရှု၏၊

ဝိစိကိစ္ဆာ နီဝရဏမှ ကင်းလွတ်စင်ကြယ်ခြင်းကို ခိုးသူ့ ခေါးပြ သောင်းကြမ်းလှသော ကန္တာရ ခရီးကြမ်းမှ ကင်းလွတ်သကဲ့သို့ ကြည့်ရှု၏၊

ဤသို့ ကြည့်ရှု၍ နီဝရဏ ငါးပါးမှ ကင်းလွတ် သန့်ရှင်းစင်ကြယ်ခြင်းကို မြင်သော ရဟန်းအား အလွန်ဝမ်းမြောက်ခြင်း ဖြစ်၏။

ဝမ်းမြောက်သော ရဟန်းအား နှစ်သက်ခြင်း ဖြစ်၏။

နှစ်သက်ခြင်း ရှိသော ရဟန်း၏ ကိုယ်သည် ငြိမ်းချမ်း၏။

ငြိမ်းချမ်းသော 'ကိုယ်စိတ်ရှိသော' ရဟန်းအား ချမ်းသာ၏။ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။

ထိုကဲ့သို့ စိတ်တည်ကြည်သော ရဟန်းသည် ဝတ္ထုကာမ, ကိလေသာကာမ, အကုသိုလ်တရားတို့မှ ကင်းဆိပ်၍ ဝိတက်ဝိစာရနှင့် တကွသော ဆိပ်ငြိမ်ခြင်းကြောင့်ဖြစ်သော နှစ်သက် ချမ်းသာခြင်း ရှိသော ပထမစျာန်ကို ဝင်စား၍ နေ၏။

ထိုသို့ ပထမစျာန်ကို ဝင်စား၍ နေသော ရဟန်းသည် ဤရူပကာယကို ဆိပ်ငြိမ်ခြင်းကြောင့် ဖြစ်သော နှစ်သက် ချမ်းသာခြင်းဖြင့် စွတ်စို၍ နေ၏။

တကိုယ်လုံး ထက်ဝန်းကျင်မှ ပျံ့နှံ့အောင် တွေ့ထိ၍ နေ၏။ နှစ်သက်ချမ်းသာခြင်းဖြင့် မတွေ့မထိသော နေရာ-ဟူ၍ တစုံတရာ မရှိ၊ တကိုယ်လုံး တွေ့ထိ၍ စိမ့်၍ ချမ်းသာ၍ နေ၏။

ဥပမာဆိုသည်ရှိသော် ရေချိုး ကသယ်မှုန့်တို့ကို ရေဖြင့်ဖြန်းကာဖြန်းကာ ဆွတ်၍ နေသည်ရှိသော် ထိုရေချိုး ကသယ်မှုန့်သည် အလုံးစုံရေဖြင့်စွတ်စို၍

နေသကဲ့သို့ စိမ့်၍ နေသကဲ့သို့ ရေစက်တို့လည်း တပေါက် တစက်မျှ ယိုကျခြင်း မရှိဘဲ ပုံ့နှံ့စိမ့်ဟဲ့၍နေဘိသကဲ့သို့ ဤပဌမဈာန်ကို ဝင်စား၍နေသော ရဟန်း၏ကိုယ်သည် နှစ်သက်ချမ်းသာခြင်း, ပီတိသုခဖြင့် စိမ့်၍ ချမ်းသာ၍ နေ၏။

အဇာတသတ်မင်းမြတ် ဤသို့သော ပီတိသုခဖြင့် စိမ့်၍, ချမ်းသာ၍ နေသော ပဌမဈာန် ချမ်းသာသည်လည်း ရှေးအခါ၌ ဟောပြခဲ့ပြီးသော ဒိဋ္ဌဓမ္မ-ချမ်းသာတို့၏ အလွန်အကဲ မွန်မြတ်လှစွာသော ရဟန်းလုပ်ခြင်း၏ ဒိဋ္ဌဓမ္မ-မျက်မှောက်ချမ်းသာ ဖြစ်၏။

အဇာတသတ်မင်းမြတ် ထိုမှတပါးနောက်တဖန်လည်းသာသနာတော်ထမ်း ရဟန်းလုပ်သော သူသည် ဝိတက်ဝိစာရတို့မှကင်းငြိမ်းပြီး၍ကိုယ်တွင်းသန္တာန်၌ ကြည်လင်စွာသော စိတ်၏ တခုတည်းသော အာရုံရှိသည်၏ အဖြစ်-ဟု ဆိုအပ်သော ဝိတက်ဝိစာရမရှိ။ သမာဓိကြောင့် ဖြစ်သော နှစ်သက်ချမ်းသာခြင်း ပီတိသုခရှိသော ဒုတိယဈာန်ကို ဝင်စား၍ နေ၏။

ထိုသို့ ဒုတိယဈာန်ကို ဝင်စား၍ နေသော ရဟန်းသည် ဤရူပကာယကို သမာဓိကြောင့်ဖြစ်သောပီတိသုခဖြင့် စွပ်စို၍ နေ၏။ တကိုယ်လုံး ထက်ဝန်းကျင် ပျံ့နှံ့အောင် တွေ့ထိ၍ နေ၏၊ ပီတိသုခဖြင့် မတွေ့မထိသော နေရာ-ဟူ၍ တစုံတခုမျှ မရှိ။ တကိုယ်လုံး တွေ့ထိ၍ စိမ့်၍ ချမ်းသာ၍နေ၏။

အဇာတသတ်မင်းမြတ် ဥပမာ ဆိုသည်ရှိသော် နက်လှစွာသော ရေအိုင်ကြီးသည် အရပ်ရှစ်မျက်နှာမှ စီးဝင်လာသော ရေလည်းမရှိ။ ကောင်းကင်မှ မိုးရွာခြင်းလည်း မရှိ၊ စင်စစ်သော်ကား ထိုရေအိုင်ကြီး၏ အထက်မရောက်။ အောက်မြေသို့လည်းမကျ။ ဗဟိုလယ် အရပ်မှ ငါးလိပ်တို့၏ မြူးတူးပျော်ပါးခြင်းကြောင့် ပွက်၍ ထသော ရေအလျင် ရေမှုန်,ရေဖွဲ့တို့သည် ထိုရေအိုင်ကြီးကိုပင်လျှင် အေးမြသော ရေအလျင်ဖြင့် စွပ်စို၍ နေဘိသကဲ့သို့ ထိုအတူပင်လျှင် ဒုတိယဈာန်ကို ဝင်စား၍နေသောရဟန်းသည် ဤရူပကာယကို သမာဓိကြောင့် ဖြစ်သော ပီတိသုခဖြင့် စွပ်စို၍ စိမ့်၍ အေးမြ၍ ချမ်းသာ၍ နေ၏၊

အဇာတသတ်မင်းမြတ် ဤဒုတိယဈာန် ချမ်းသာသည်လည်း ရှေးအခါ၌ ဟောပြခဲ့ပြီးသော ဒိဋ္ဌဓမ္မ ချမ်းသာတို့ထက် အလွန်အကဲ မွန်မြတ်လှစွာသော ရဟန်းပြုလုပ်ခြင်း ဒိဋ္ဌဓမ္မ မျက်မှောက် အကျိုးထူးဖြစ်၏။

အဇာတသတ်မင်းမြတ် ထိုမှတပါး နောက်တဖန်လည်း သာသနာတော်ထမ်း ရဟန်းလုပ်သောသူသည် နှစ်သက်ခြင်းကို အလိုမရှိဘဲ ဥပေက္ခာပြု၍

နေ၏။ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ ကိုယ်စိတ်ဖြင့် ချမ်းသာကို ခံစား ရ၏။ အကြင်တတိယ စျာန်ကို အရိယာ သူမြတ်တို့သည် ဥပေက္ခာ ပြုသော သူ, သတိရှိသောသူ, ချမ်းသာစွာ နေလေ့ ရှိသောသူ- ဟူ၍ ပြောကြား ကြကုန်၏၊ ထိုတတိယစျာန်ကို ဝင်စား၍ နေ၏၊

ထိုတတိယစျာန်ကို ဝင်စား၍ နေသော ရဟန်းသည် နှစ်သက်ခြင်း မရှိ သော ချမ်းသာသက်သက်ဖြင့် စွပ်စို၍ နေ၏၊ စိမ့်၍ ချမ်းသာ၍ နေ၏၊

အဇာတသတ်မင်းမြတ် ဥပမာ ဆိုသည် ရှိသော် ဖြူ,နီ,ညိုပြာ, ဥပ္ပလာနှင့် ကြာနီ, ပုဏ္ဍရိက်, ကြာဖြူ, ပဒုမ္မာ, ထပ်တရာနှင့် ရေမှာ ပေါက်ပွား ကြာပန်းများတို့ အဖျား, အရင်း, ရေအတွင်းမှ အေးမြခြင်းရှိသော ရေဖြင့် စွပ်စို၍ နေဘိသကဲ့သို့ တတိယစျာန်ကို ဝင်စား၍ နေသော ရဟန်းသည် လည်း ဤရူပကာယကို နှစ်သက်ခြင်း မရှိ။ ချမ်းသာခြင်း သက်သက်ဖြင့် ထက်ဝန်းကျင် ပျံ့နှံ့၍ စိမ့်၍ ချမ်းသာ၍ နေ၏။

အဇာတသတ်မင်းမြတ် ဤတတိယစျာန် ချမ်းသာသည်လည်း ရှေးအခါ က ပြောဟောခဲ့ပြီးသော ဒိဋ္ဌဓမ္မအကျိုးတို့ထက် အလွန်အကဲ မွန်မြတ် လှစွာသော ရဟန်းပြုလုပ်ရခြင်း၏ ဒိဋ္ဌဓမ္မ- မျက်မှောက် ချမ်းသာသော အကျိုးထူး ဖြစ်၏။

အဇာတသတ် မင်းမြတ် ထိုမှတတန် နောက်တဖန်လည်း သာသနာတော် ထမ်း ရဟန်းလုပ်သော သူသည် ချမ်းသာကို ပယ်ရှားခြင်းကြောင့် ဆင်းရဲကို လည်း ပယ်ရှားခြင်းကြောင့် ဝမ်းမြောက်ခြင်း နှလုံး မသာခြင်းတို့ကို ရှေးဦးစွာကပင်လျှင် ကင်းပျောက်စေပြီး၍ ဆင်းရဲလည်း မဟုတ်။ ချမ်းသာ လည်း မဟုတ်သော ဥပေက္ခာ သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန် ကို ဝင်စား၍ နေ၏။

ထိုစတုတ္ထစျာန်ကို ဝင်စား၍ နေသော ရဟန်းသည် ဤရူပကာယကို စင်ကြယ်လှစွာသော ဖြူးဖြူးဖြက်ဖြက် အရောင်ထွက်လောက်သော စိတ်ဖြင့် ပျံ့နှံ့၍ နေ၏။

အဇာတသတ်မင်းမြတ်....ဥပမာဆိုသည်ရှိသော် ဖြူစင်လှစွာသော အဝတ် ဖြင့် ဦးခေါင်းနှင့် တကွ တကိုယ်လုံးခြုံ၍ နေသော ယောကျ်ားသည် တကိုယ် လုံး၌ ထိုဖြူလှစွာသော အဝတ်ဖြင့် မထိရာအရပ်သည် မရှိသကဲ့သို့ ထိုအတူ ပင်လျှင် စတုတ္ထစျာန်ကို ဝင်စား၍နေသော ရဟန်းသည်လည်း ဤရူပကာယ ကို စင်ကြယ်လှစွာသော ဖြူးဖြူးဖြက်ဖြက် အရောင် ထွက်လောက်သော စိတ်ဖြင့် ပျံ့နှံ့၍ ထိ၍ နေ၏၊

အဇာဘသတ်မင်းမြတ် ဤစတုတ္ထစျာန် ချမ်းသာသည်လည်း ရှေးအခါက ဟောပြခဲ့ပြီးသော ဒိဋ္ဌဓမ္မ အကျိုးတို့ထက်အလွန်အကဲမွန်မြတ်စွာသောရဟန်း ခံခြင်း၏ ဒိဋ္ဌဓမ္မ မျက်မှောက် ခံစားရသော အကျိုးထူးဖြစ်၏။

(စင်ကြယ်စွာ ရေချိုးပြီးသော ယောကျ်ားသည် ဖြူစင်စွာသော အဝတ်ကို ခြုံ၍ နေသည်ရှိသော် ကိုယ်မှထွက်သော အငွေ့သည် ဖြူစင်စွာသော အဝတ်ကို အကုန်လုံး ပျံ့နှံ့နေကြောင်းကို ဥပမာပြုသည်-ဟူ၍ အဋ္ဌကထာ၌ ပြဆိုတော်မူ၏)။

ပါဠိတော်၌ကား.... "နာသ္သ ကိဉ္စိသဗ္ဗာဝတော ကာယဿ ပရိသုဒ္ဓေန ဝေတသာ အဖုဋံ အသ။ ဧဝမေဝ ခေါ မဟာရာဇ"-ဟူ၍ဟောပြတော်မူ၏။ ရူပစျာန် လေးပါးပြီး၏။

## ဝိပဿနာဉာဏ်ကို ဟောတော်မူကြောင်း

အဇာတသတ်မင်းမြတ် ထိုမှတပါးနောက်တဖန်လည်း သာသနာတော်ထမ်း ရဟန်းလုပ်ခြင်း၏ အကျိုးထူးဖြစ်သော ရူပစျာန် လေးပါးကို ရပြီးသော ထိုရဟန်းသည် ဤသို့ စိတ်တည်ကြည်သည် ရှိသော် စင်ကြယ်သည် ရှိသော် ပြိုးပြိုးပြက်ပြက် ၍ အရောင်ထွက်လောက်သည်ရှိသော် အင်္ဂဏ-ဟူ ကိလေသာတို့ စင်ဖြူ သန့်ရှင်း ပျောက်ကင်းသည် ရှိသော် ဝိက္ခမ္ဘန ပဟာန ဖြင့် ကင်းပ ဝေးကွာ ကိလေသာမှ လွန်စွာငြိမ်းအေးသည်ရှိသော် နူးညံ့ခိုင်ခန့် စိတ်တည်တန့်သော်, မတုန်လှုပ်ခြင်းသို့ ရောက်သည်ရှိသော် ဝိပဿနာဉာဏ်အမြင်သို့ ရောက်ခြင်းငှါ စိတ်ကို ဝိပဿနာ၏ အာရုံဖြစ်သော ရုပ်နာမ်တရား၏ ဖြစ်ခြင်း, ပျက်ခြင်း သဘောသို့ ဆောင်၍ ညွတ်စေ၏။ (ဝါ) ဝိပဿနာ ရှု၏။

ထိုသို့ ဝိပဿနာ ရှုသော ရဟန်းသည် ဤသို့ သိ၏၊ ဤငါ၏ကိုယ်သည် ရုပ်ရှိ၏။ ကြမ်းတမ်း, ခုံ ဘောင်တင်း တွန်းထိုး, ပွတ်အေး နွေးသော ရှိမီးကပ်ဟဲ, ဖေးနဲ့ ပြောင်းပြောင်း, ဓာတ်ခေါင်း အချုပ်, မဟာဘုတ်ရှိ၏။

အမိ အဘတို့၏ သုက်သွေးကြောင့် ဖြစ်၏။ ထမင်း, မုန့်တို့ဖြင့် ကြီးပွားစေအပ်၏။ မမြဲသော သဘောရှိ၏။ (ဝါ) ဖြစ်ခြင်း, ပျက်ခြင်း သဘောရှိ၏။ မကောင်းသော အနံ့ကို ပယ်ဖျောက်ခြင်း အကျိုးငှါ နံ့သာရည်တို့ဖြင့် လိမ်းကျံပုံပြင်ရခြင်း သဘောရှိ၏။ အင်္ဂါကြီးငယ် တင့်တယ်စေခြင်းငှါ နှိပ်နယ်ပုံပြင်ရသော သဘောရှိ၏။

ဤသို့ ခြောင့်ကြလုံ့လကြီးစွာ ပြုပြင်ပါလည်း ကောင်းစွာ မတည်တာရှည် မမြဲ ဖချိဖရဲ, ကြေကွဲ, ပျက်ပြားခြင်း သဘောရှိ၏။

ဤငါ၏ စိတ်ဝိညာဏ်သည်ကား ဤမဟာဘုတ် လေးပါးရှိသောကိုယ်၌ မှီ၍ ဖြစ်၏၊ ဤမဟာဘုတ် လေးပါးရှိသောကိုယ်၌ စပ်၍ ဖြစ်ပျက် ဖြစ်ပျက် နေ၏၊ "ဤသို့ ဝိပဿနာဉာဏ်ဖြင့်" သိမြင်၏၊

အဇာတသတ်မင်းမြတ် ဥပမာ ဆိုသည် ရှိသော် သယံဇာတ ဖြစ်သော ရှစ်ခမြှောင့်သွေးထားသော အလွန် ကြည်လင်စွာသော ဝေဠုရိယ ပတ္တမြားလုံး၏ အတွင်း၌ ညို့,ရွှေ,နီ,ဖြူ,ပြေရောင်,နီဖျော့ အဆင်းငါးမျိုးတို့တွင် တမျိုးမျိုး အဆင်းရှိသော ကြိုးကိုသီ၍ တပ်၍ထားသည် ရှိသော် မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုသို့ကြိုးသီ၍ တပ်၍ထားသော ပတ္တမြားလုံးကို လက်ဝါး ပေါ်၌ တင်ထား၍ ဆင်ခြင်ကြည့်ရှုသည် ရှိသော် ဤကား ပတ္တမြားလုံး, ဤကား ကြိုးတည်း-ဟု သိမြင်သကဲ့သို့တည်း၊

ထို့အတူပင်လျှင် ရူပဈာန် လေးပါးကို ရပြီး၍ စိတ်တည်ကြည်သော ရဟန်းသည် ဝိပဿနာ ရှုသည်ရှိသော် ဤကား ရုပ်တည်း, ဤကား နာမ်တည်း, ဤကား မဟာဘုတ်လေးပါးတည်း, ဤကား မဟာဘုတ်လေးပါး ကို မှီ၍ ဖြစ်ပျက်ဖြစ်ပျက်နေသော စိတ်ဝိညာဉ် နာမ်တရားတည်း၊ ဤကား ကြမ်းချောခုခံ ဖြစ်,ပျက်တည်း၊ ဤကား တောင့်တင်း တွန်းထိုး ဖြစ်ပျက်တည်း၊ ဤကား ပူအေးနွေးသော ဖြစ်ပျက်တည်း၊ ဤကား ယိုစီး ကပ်တွဲ ဖေးနှဲ ပျော့ပြောင်း ဖြစ်ပျက်တည်း၊ ဤကား စိတ်ဝိညာဉ် ဖြစ်ပျက်တည်း၊ ဤကား ဖဿဖြစ်ပျက်, ဝေဒနာဖြစ်ပျက်, သညာဖြစ်ပျက်, သင်္ခါရ ဖြစ်ပျက်တည်း၊ ဤကား အတွေ့ဖြစ်ပျက်, ကောင်းဆိုးဖြစ်ပျက်, သိမှတ် ဖြစ်ပျက်, အကြံဖြစ်ပျက်, စဉ်းစားဖြစ်ပျက်။ (ဖြစ်ပျက်ဖြစ်ပျက်၊ မွှမွှကြဲအောင်ပျက်) ဟူ၍ ကောင်းစွာ ဖြစ်ခြင်း,ပျက်ခြင်း သဘောကို သိမြင်လေ၏။

အဇာတသတ်မင်းမြတ် ဤသို့ ဝိပဿနာဉာဏ်ဖြင့် ကောင်းစွာ သိမြင်ခြင်း သည်လည်း ရှေးအခါက ဟောကြားခဲ့ပြီးသော ဒိဋ္ဌဓမ္မ အကျိုးတို့ထက် အလွန်အကဲ မွန်မြတ်လှစွာသော ရဟန်းခံခြင်း၏ သာမညဖလ ဒိဋ္ဌဓမ္မ မျက်မှောက်ခံစားရသော အကျိုးထူး ဖြစ်သတည်း။

မှတ်ချက်။ ။ရူပဈာန်လေးပါး, အရူပဈာန်လေးပါး ဤသမာပတ် ရှစ်ပါးတို့၌ တဆယ့်လေးပါးသော အချင်းအရာတို့ဖြင့် မလေ့လာ မူ၍, လေ့လာခြင်း မရှိမူ၍ အဘိညာဏ်ကို ရခြင်း မရှိနိုင်။ ပါဠိတော်၌ကား ရူပဈာန် လေးပါးတို့ကို သာလျှင် ဟောကြားတော်မူ၏။ သို့သော်လည်း အရူပဈာန် လေးပါးတို့ကို ထုတ်ဆောင်၍ ပြအပ်ကုန်၏၊

သော ဇော သမာဟိတေ (လ) အာနဉ္စပ္ပတ္တေ – ဟူသော ပါဠိတော်ဖြင့် သမာပတ် ရှစ်ပါးတို့၌ တဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် လေ့လာပြီး ဝသီဘော် ရှိသော ရဟန်းကို ပြတော်မူ၏၊ (အဋ္ဌကထာ-၁၇၄)

ဤသို့ချွန်လေးပါးကို ဟောကြားပြီးသော နောက်၌ ဝိပဿနာရှုခြင်းကို ဟောတော်မူခြင်းသည်လည်း အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ သုံးပါးဖြင့် ဖြစ်ခြင်း, ပျက်ခြင်းကို မရှုဘူး၍ ဖြစ်ပျက်ကို မမြင်သော ရဟန်းအား အဘိညာဏ်တို့ကို ရ၍ ဒိဗ္ဗသောတ အဘိညာဏ်ဖြင့် ကြောက်မက်ဖွယ်သော အသံတို့ကို ကြားရသော် လည်းကောင်း, ပုဗ္ဗေ နိဝါသာနုဿတိအဘိညာဏ်ဖြင့် ကြောက်မက်ဖွယ် ခန္ဓာအစဉ်တို့ကို အောက်မေ့သော် လည်းကောင်း, ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် ကြောက်မက်ဖွယ်သော အဆင်းကို မြင်ရသော် လည်းကောင်း, ကြောက်ခြင်း, ထိတ်လန့်ခြင်း ဖြစ်တတ်၏။

ဖြစ်ခြင်း, ပျက်ခြင်းကို ဆင်ခြင်၍ အနိစ္စ – အစရှိသော သဘောကို မြင်သော ရဟန်းအား ကြောက်ခြင်း, ထိတ်လန့်ခြင်းတို့ မဖြစ်နိုင်၊ ထိုကြောင့် အဘိညာဏ်သို့ ရောက်သော ရဟန်းအား ကြောက်ခြင်း, ထိတ်လန့်ခြင်းကို ပယ်ဖျောက်နိုင်ခြင်း၏ အကြောင်းကို ကောင်းစွာ ပြီးစေခြင်း အကျိုးငှါ အဘိညာဏ်၏ ရှေးဦးစွာ ဤနေရာ၌ ဖြတ်ခါသွင်း၍ ဝိပဿနာ ရှုခြင်းကို ဟောပြတော်မူ၏၊ စင်စစ်သော်ကား ဝိပဿနာချမ်းသာသည်လည်း မဂ်ဖိုလ် ချမ်းသာကို ကောင်းစွာပြီးစေ, ရောက်စေ, ရစေတတ်သော အသီးအခြား ဖြစ်သောသန္ဒိဋ္ဌိက သာမညဖလဖြစ်၏၊ ထိုကြောင့်လည်း ဤနေရာ၌ ဖြတ်ခါ သွင်း၍ ပြတော်မူ၏၊ (အဋ္ဌကထာ-၁၇၅)။

## မနောမယိဒ္ဓိကို ဟောတော်မူခြင်း

အာဘာသတ်မင်းမြတ် ထိုသို့ သမာပတ်ရှစ်ပါးကို ရပြီးသော လေ့လာပြီးသော ဝသီဘော် ရှိသော ရဟန်းသည် နူးညံ့ခိုင်ခန့် စိတ်တည်တန့်၍ မတုန်လှုပ်သည် ရှိသော် စိတ်ဖြင့်ပြီးသော မနောမယကိုယ်ကို ဖန်ဆင်းခြင်းငှါ စိတ်ကို ဆောင်၏၊ ညွတ်စေ၏။

ထိုရဟန်းသည် ဤကိုယ်မှ တပါးသော ကိုယ်ကို ဖန်ဆင်း၏၊ ရုပ်ရှိ၏။ စိတ်ဖြင့်ပြီး၏၊ အလုံးစုံသော အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံ၏၊ စက္ခု,သောတ-စသော ဣန္ဒြေတို့သည် သဏ္ဌာန်အားဖြင့် ယုတ်လျော့ခြင်း မရှိ။

ဣဒ္ဓိမန္တ ပုဂ္ဂိုလ်၏ အဆင်းသည် ဖြူငြားအံ့၊ ဖန်ဆင်းသော နိမ္မိတကိုယ်သည်လည်း ဖြူ၏၊ ဣဒ္ဓိမန္တ ပုဂ္ဂိုလ်သည် မပေါက်သော နားရှိငြားအံ့။

ဖန်ဆင်းသော နိမ္မိတ ကိုယ်သည်လည်း မဖေါက်သော နားရှိ၏။ အလုံးစုံ ဣန္ဒြိမန္တ ပုဂ္ဂိုလ်နှင့်တူစွာသာလျှင် ဖန်ဆင်းသော နိမ္မိတကိုယ်သည် ဖြစ်၏။

အဇာတသတ် မင်းမြတ် ဥပမာဆိုသည် ရှိသော် ဖြူဆံမျက်၊ ပိတ်စွယ်မျက်မှ အညှောက်ကို ထုတ်ယူသကဲ့သို့ လည်းကောင်း၊ သံလျက် အိမ်မှ သံလျက်ကို ထုတ်ယူသကဲ့သို့ လည်းကောင်း။ မြွေရေလဲမှ မြွေကောင်ကို ထုတ်ယူသကဲ့သို့ လည်းကောင်း၊ ထိုအတူပင်လျှင် မနောမယိဒ္ဓိနှင့် ပြည့်စုံသော ရဟန်းသည် ဤကိုယ်မှတပါးသော ကိုယ်ကို ဤကိုယ်နှင့် အလုံးစုံ တူစွာ ဖန်ဆင်းနိုင်၏။

အဇာတသတ်မင်းမြတ် ဤသည်လည်း ရှေးအခါက ဟောပြခဲ့ပြီးသော ဒိဋ္ဌဓမ္မ အကျိုးတို့ထက် မွန်မြတ်စွာသော သာမညဖလ ဒိဋ္ဌဓမ္မ မျက်မှောက်အကျိုးထူး ဖြစ်၏။

အဇာတသတ် မင်းမြတ် ထိုရဟန်းသည် စိတ်တည်ကြည် ငြိမ်သက်၍ သမာပတ် ရှစ်ပါးကို ရပြီးသည် ရှိသော် နူးညံ့ခိုင်ခန့် စိတ်တည်တန့်၍ မတုန်လှုပ်သည် ရှိသော် ဣဒ္ဓိဝိဓ အဘိညာဏ် အလို့ငှါ စိတ်ကို ဆောင်၏၊ ညွတ်စေ၏။

ထိုရဟန်းသည် တပါးမက များလှစွာသော တန်ခိုးဖန်ဆင်းခြင်းကို ပြု၏။ တပါးတည်းပင် ဖြစ်သော်လည်း အများဖြစ်အောင် ဖန်ဆင်းနိုင်၏၊ အများကိုလည်း တပါးတည်း ဖြစ်အောင် ဖန်ဆင်းနိုင်၏။ အထင်အရှားသော် လည်းကောင်း၊ ကွယ်ပျောက်၍သော် လည်းကောင်း၊ တိုက်နံရံ ခြားရာသို့ လည်းကောင်း၊ တံတိုင်းခြားရာသို့ လည်းကောင်း၊ တောင်ခြားရာသို့ လည်းကောင်း၊ ငြိကပ်ခြင်း မရှိဘဲ ကောင်းကင်၌ကဲ့သို့ သွားနိုင်၏။

မြေ၌ ငုပ်ခြင်း၊ ပေါ်ခြင်းတို့လည်း ရေ၌ကဲ့သို့ ပြုနိုင်၏၊ ရေပေါ်၌လည်း ကွဲပြား၊ နစ်မြုပ်ခြင်း မရှိဘဲ မြေပေါ်၌ ကဲ့သို့ သွားနိုင်၏၊ ကောင်းကင်၌သည်း တင်ပလ္လင်ခွေ ထိုင်နေလျက် ငှက်တို့ကဲ့သို့ သွားနိုင်၏။

ဤသို့ တန်ခိုးအာနုဘော် ကြီးလှသော နေလတို့ကိုလည်း လက်ဖြင့် သုံးသပ်ဆုပ်ကိုင်နိုင်၏၊ ဗြဟ္မာပြည်သို့တိုင် ရောက်အောင်လည်း ဤကိုယ်ဖြင့် သွားရောက်နိုင်၏။

အဇာတသတ်မင်းမြတ် ဥပမာဆိုသည် ရှိသော် အိုးခွက် အလုပ်၌ တတ်ကျွမ်း လိမ္မာလှစွာသော အိုးထိန်းသည် အိုးလုပ်သမားသည် လည်းကောင်း၊ အိုးလုပ်သမားအတပည့်သည် လည်းကောင်း၊ ကောင်းစွာနယ်၍ ထားသော

မြေဖြင့် အကြင်အကြင် အိုးခွက်အထူးကို ပြုလုပ်လို၏။ ထိုထိုအိုးခွက်အထူးကို ပြုလုပ်နိုင် သကဲ့သို့ လည်းကောင်း,

ဥပမာ တနည်းသော်ကား၊ ဆင်စွယ်အလုပ်၌ ကောင်းစွာ တတ်ကျွမ်း လိမ်မာသော ဆင်စွယ်လုပ်သမားသည်လည်းကောင်း, ဆင်စွယ်လုပ်သမား၏ တပည့်သည် လည်းကောင်း, ကောင်းစွာ ပြုပြင်၍ ထားသော ဆင်စွယ်၌ အကြင်အကြင် ဆင်စွယ် အထူးကို ပြုလုပ်လို၏။ ထိုထို ဆင်စွယ် အထူးကို ပြုလုပ်နိုင် သကဲ့သို့ လည်းကောင်း,

ဥပမာ တနည်းသော်ကား....တတ်ကျွမ်း လိမ်မာလှစွာသော ရွှေပန်းထိမ်သည် ဆရာကြီးသည် လည်းကောင်း, ထိုဆရာကြီး၏ တပည့်သည် လည်းကောင်း, ကောင်းစွာ ပြုပြင်၍ ထားသော ရွှေ၌ အကြင်အကြင် လက်ကောက်, နားဒွေါင်း အစရှိသော တန်ဆာ အထူးကို ပြုလုပ်လို၏။ ထိုထို တန်ဆာအထူးကို ကောင်းစွာ ပြုလုပ်နိုင် သကဲ့သို့ လည်းကောင်း, ထိုအတူပင်လျှင် ဣဒ္ဓိဝိဓ အဘိညာဏ်နှင့်ပြည့်စုံသော ရဟန်းသည် အလိုရှိရာကို ဖန်ဆင်းနိုင်၏။

အဇာတသတ် မင်းမြတ် ဤသည်လည်း ရဟန်း ပြုရခြင်း၏ သန္ဒိဋ္ဌိက မျက်မှောက်ခံစားရသော အကျိုးဖြစ်၏၊ ရှေးက ဟောပြပြီးသော သန္ဒိဋ္ဌိက အကျိုးတို့ထက် အလွန်အကဲ မွန်မြတ်လှစွာ၏။

ထိုသို့ သမာပတ် ရှစ်ပါးဖြင့် စင်ကြယ်သော စိတ်ရှိသည်ဖြစ်၍, နူးညံ့ ခိုင်ခန့် တည်တန့်သော စိတ်ဖြင့် မတုန်လှုပ်သော စိတ်ရှိသော ရဟန်းသည် ဒိဗ္ဗသောတ အဘိညာဏ်ကို ဖြစ်စေခြင်းငှါ စိတ်ကို ဆောင်၏-ညွတ်စေ၏။

ထိုသို့ ဒိဗ္ဗသောတ အဘိညာဏ်ကို ရပြီးသော ရဟန်းသည် လူတို့၏ နားအကြားကို လွန်၍, စင်ကြယ်လှစွာသော ဒိဗ္ဗသောတ အဘိညာဏ်ဖြင့် နတ်,လူ အားဖြင့် နှစ်မျိုးသောအသံကို ကြားနိုင်၏၊ အနီးအဝေး အားဖြင့် လည်း နှစ်မျိုးသော အသံတို့ကို ကြားနိုင်၏၊

အဇာတသတ်မင်းမြတ် ဥပမာ ဆိုသည်ရှိသော် အရှည်ရှည်သော ခရီးသို့ သွားသောသူသည် စည်ကြီးသံကိုလည်းကောင်း, မရိုးစည်သံကိုလည်းကောင်း ခရုသင်းသံကို လည်းကောင်း, စည်ပုတ်သံကိုလည်းကောင်း ကြားနိုင်၏။

အဇာတသတ်မင်းမြတ် ထိုအတူပင်လျှင် ဒိဗ္ဗသောတ အဘိညာဏ်ကို ရသော ရဟန်းသည် ဝေးသော် လည်းကောင်း, နီးသော် လည်းကောင်း, လူတို့၏ အသံကို သော်လည်းကောင်း, နတ်တို့၏ အသံကိုသော်လည်းကောင်း,

ဒိဗ္ဗသောတ အဘိညာဏ်ဖြင့် ကြားနိုင်၏။ ဤသည်လည်း ရှေးအခါက ဟောပြပြီးသော သန္ဒိဋ္ဌိက အကျိုးတို့ထက် အလွန်အကဲ မွန်မြတ်စွာသော သာမညဖလ သန္ဒိဋ္ဌိက အကျိုးဖြစ်၏။

သမာပတ် ရှစ်ပါးနှင့် ပြည့်စုံ၍လေ့လာပြီးသော ဝသီဘော်ရှိသော ရဟန်းသည် နူးညံ့ ခိုင်ခံ့ စိတ်တည်တန့်၍ မတုန်လှုပ်သည် ရှိသော် စေတောပရိယညာဏ်ကို ရခြင်းငှါ စိတ်ကိုဆောင်၏၊ ညွတ်စေ၏။ ထိုစေတော ပရိယ အဘိညာဏ်ကို ရသော ရဟန်းသည် သူတပါးတို့၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိနိုင်၏၊ (အကောင်း ကြံသည်ကိုလည်း သိနိုင်၏။ မကောင်းကြံသည်ကိုလည်း သိနိုင်၏)။

အဘာတသတ်မင်းမြတ် ဥပမာ ဆိုသည်ရှိသော်.... ပျိုရွယ် ငယ်နုသော မိန်းကလေးသည် လည်းကောင်း, လူကလေးသည်လည်းကောင်း, တန်ဆာဆင်လိုသည်ဖြစ်၍ စင်ကြယ်သန့်ရှင်း ကြည်လင်သော မှန်၌သော် လည်းကောင်း, ရေခွက်၌သော် လည်းကောင်း, မိမိ၏ မျက်နှာရိပ်ကို ကြည့်ရှုသည် ရှိသော် မှဲ့မဲ, အဖု, အနာတို့ကို ကြည့်ရှုနိုင်, မြင်နိုင်၏။ မှဲ့မဲ, အဖု, အနာတို့ ရှိလျှင်လည်းရှိ၏- ဟူ၍ သိနိုင်၏၊ မရှိလျှင်လည်း မရှိ- ဟူ၍ သိနိုင်၏။ ထိုအတူပင်လျှင် စေတောပရိယ အဘိညာဏ်ကို ရသော ရဟန်းသည် သူတပါးတို့၏စိတ်အကြံကို သိနိုင်၏။ ဤသည်လည်းရှေးက ဟောတော်မူပြီးသော သန္ဒိဋ္ဌိက အကျိုးတို့ထက် အလွန်အကဲ မွန်မြတ် လှစွာသော သာမညဖလ သန္ဒိဋ္ဌိက အကျိုးဖြစ်၏။

သမာပတ် ရှစ်ပါးနှင့် ပြည့်စုံ၍ စိတ်တည်တန့်သော ရဟန်းသည် ပုဗ္ဗေနိဝါသ အဘိညာဏ်ကို ရခြင်းငှါ စိတ်ကိုဆောင်၏၊ ညွတ်စေ၏။

ထိုရဟန်းသည် များစွာကုန်သော ရှေးဘဝတို့ကို မြင်နိုင်၏။

ထိုရှေးဘဝတို့သည် အဘယ်သည်တို့နည်း ဟူမူကား.... တခုသော ဘဝကို လည်းကောင်း, နှစ်ခုသော ဘဝကို လည်းကောင်း, သုံးခု, လေးခု, ငါးခုသော ဘဝကို လည်းကောင်း, ဆယ်ခုသော ဘဝကို လည်းကောင်း, နှစ်ဆယ်သော ဘဝကို လည်းကောင်း, သုံးဆယ်, လေးဆယ်, ငါးဆယ်သော ဘဝတို့ကို လည်းကောင်း, ဘဝပေါင်း တရာကို လည်းကောင်း, တထောင်ကို လည်းကောင်း, တသိန်းကို လည်းကောင်း, များစွာသော သံဝဋ္ဋကပ်တို့ကို လည်းကောင်း, များစွာသော ဝိဝဋ္ဋကပ်တို့ကိုလည်းကောင်း, များစွာသော သံဝဋ္ဋဝိဝဋ္ဋကပ်တို့ကို လည်းကောင်း, ဤမည်သော ဘဝ၌ ဖြစ်ဘူး၏၊ ဤသို့ အမည်ရှိ၏။ ဤသို့ အမျိုးအနွယ် ရှိ၏၊ ဤသို့ အဆင်း

ရှိ၏၊ ဤသို့ အစာအာဟာရရှိ၏၊ ဤသို့ ချမ်းသာ ဆင်းရဲကို ခံခဲ့ရဘူး၏။ ဤသို့ အသက် အပိုင်းအခြား ရှိ၏။

ထိုငါသည် ထိုဘဝမှ စုတေ၍ ဤမည်သော ဘဝ၌ ထင်ရှားဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့အမည်ရှိ၏၊ ဤသို့အမျိုးအနွယ် ရှိ၏။ (လ) ဤသို့ အသက်အပိုင်း အခြားရှိ၏၊ ထိုငါသည် ထိုဘဝမှ စုတေပြန်၍ ယခုအခါ ဤဘဝ၌ ဖြစ်လာရ၏၊ ဤကဲ့သို့ အခြင်းအရာ ရည်ညွှန်းခြင်းနှင့် တကွ များလှစွာသော ရှေးဘဝတို့ကို မြင်နိုင်၏။

အဇာတသတ်မင်းမြတ်.... ဥပမာ ဆိုသည်ရှိသော် တစုံတယောက်သော ယောကျ်ားသည် မိမိ၏ ရွာမှတပါးသော ရွာသို့ သွားရာ၏။ ထိုတပါးသော ရွာမှလည်း တပါးသော ရွာသို့ တဖန်သွားပြန်၏။ ထိုယောကျ်ားသည် ထိုတပါးသော ရွာမှ မိမိ၏ ရွာသို့သာလျှင် ပြန်လာပြန်၏။

ထိုယောကျ်ားသည် ဤသို့ အကြံဖြစ်ရာ၏။ "ငါသည်ကား မိမိ၏ ရွာမှ ဤမည်သော ရွာသို့ ရောက်ဘူးပြီ၊ ထိုရွာ၌လည်း ဤသို့ရပ်၏၊ ဤသို့ထိုင်၏။ ဤသို့စကားပြော၏။ ဤသို့ဆိတ်ဆိတ်နေ၏၊ ထိုရွာမှလည်း ဤမည်သော ရွာသို့ ရောက်ပြန်၏။ ထိုရောက်သော ရွာ၌လည်း ဤသို့ရပ်၏။ ဤသို့ထိုင်၏။ ဤသို့စကား ပြော၏၊ ဤသို့ ဆိတ်ဆိတ်နေ၏။ ထိုငါသည် ထိုရွာမှ မိမိ ရွာသို့ ပြန်လာခဲ့၏။" ဤသို့ အကြံဖြစ်သကဲ့သို့ ထိုအတူပင်လျှင် များလှစွာ သော ရှေးဘဝတို့ကို မြင်နိုင်၊ သိနိုင်၏။

အဇာတသတ်မင်းမြတ် ဤသည်လည်း ရှေးက ဟောတော်မူပြီးသော သန္ဒိဋ္ဌိက အကျိုးတို့ထက် အလွန်အကဲ မွန်မြတ်လှစွာသော ရဟန်းပြုရခြင်း၏ သန္ဒိဋ္ဌိက မျက်မှောက် အကျိုးထူးဖြစ်၏။

ထိုသမာပတ်ရှစ်ပါးကို ရပြီးသော ရဟန်းသည် စိတ်တည်ကြည် ငြိမ်သက်သည်ရှိသော် စုတိ ပဋိသန္ဓေကို မြင်နိုင်သော စုတူပပါတ ဉာဏ်ကို ရခြင်းငှါ စိတ်ကိုဆောင်၏၊ ညွတ်စေ၏။

ထိုရဟန်းသည် ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် စင်ကြယ်လှစွာ လူတို့၏ မျက်စိ အမြင်ကို လွန်၍ စုတေဆဲ ဖြစ်သော သတ္တဝါတို့ကိုလည်းမြင်နိုင်၏၊ ပဋိသန္ဓေ နေဆဲဖြစ်သော သတ္တဝါတို့ကိုလည်း မြင်နိုင်၏၊ ယုတ်သူတို့ကိုလည်းကောင်း မြတ်သူတို့ကို လည်းကောင်း, အဆင်းလှသူတို့ကို လည်းကောင်း, အဆင်း မလှသူတို့ကို လည်းကောင်း, ကောင်းသော ဂတိအလားရှိသူတို့ကို လည်း ကောင်း,မကောင်းသောဂတိအလားရှိသောသူတို့ကိုလည်းကောင်းမြင်နိုင်၏။ ကံအားလျော်စွာ ဖြစ်ကုန်သော သတ္တဝါတို့ကို သိနိုင်၏။

အဘယ်သို့ သိသနည်း-ဟူမူကား.... အိုအချင်းတို့ ဤသတ္တဝါတို့သည် ကာယဒုစရိုက်နှင့် ပြည့်စုံကြကုန်၏။ ဝစီဒုစရိုက်နှင့် ပြည့်စုံကြကုန်၏၊ မနောဒုစရိုက်နှင့် ပြည့်စုံကြကုန်၏။ အရိယာ သူမြတ်တို့ကို စွပ်စွဲ တတ်ကုန်၏။ မှားသော အယူရှိကြ ကုန်၏၊ မှားသော အယူကို ဆောက်တည်ကြစေကုန်၏။ (ဝါ) မှားသော အယူကို သူတပါးတို့အားလည်း ယူအောင် ပြောဟော ကြကုန်၏၊ ထိုသူတို့သည် ကိုယ်ခန္ဓာပျက်၍ သေသည်မှ နောက်၌ ချမ်းသာ ကင်းသော ဒုဂ္ဂတိအပါယ်ဘုံသို့ ဖရိုဖရဲ ကျ၍ ဖြစ်ကြရကုန်၏။

အို အချင်းတို့ — ဤသတ္တဝါ တို့သည်ကား.... ကာယ သုစရိုက်နှင့် ပြည့်စုံကုန်၏၊ ဝစီသုစရိုက်နှင့် ပြည့်စုံကုန်၏။ မနောသုစရိုက်နှင့် ပြည့်စုံကုန်၏၊ အရိယာ သူမြတ်တို့ကို မစွပ်စွဲတတ်ကုန်။ မှန်သော ကံကိုလည်းကောင်း, ကံ၏ အကျိုးကိုလည်းကောင်း, ယုံကြည်ကြကုန်၏။ မှန်သော အယူကို သူတပါးတို့အားပြောဟောတတ်ကုန်၏၊ ထိုသူတို့သည် ခန္ဓာပျက်၍ သေသည်မှ နောက်၌ ကောင်းသော ဂတိဖြစ်သော နတ်ပြည်သို့ ရောက်ကြကုန်၏၊ ဤသို့ ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် လူတို့၏ မျက်စိအမြင်ကို လွန်၍ စုတေဆဲသော သတ္တဝါတို့ကို လည်းကောင်း, ပဋိသန္ဓေ နေဆဲသော သတ္တဝါတို့ကို လည်းကောင်း, (လ) မြင်နိုင်၏။ ကံအားလျော်စွာ လားကြကုန်သော သတ္တဝါတို့ကို သိနိုင်၏။

အဇာတသတ် မင်းမြတ် ဥပမာဆိုသည် ရှိသော် လမ်းလေးခွ အဆုံ၌ ဆောက်ထားသော ပြသာဒ်ကြီးသည် ရှိရာ၏။ ထိုပြသာဒ်ကြီးပေါ်၌ မျက်စိအမြင်ရှိသော ယောကျာ်းသည် ရပ်၍ ကြည့်ရှုသည် ရှိသော် အိမ်တွင်းသို့ ဝင်သော လူတို့ကို လည်းကောင်း, ထွက်သော လူတို့ကို လည်းကောင်း, လမ်းဘေး၌သွားသော လူတို့ကိုလည်းကောင်း, လမ်းကျယ်၌ လျှောက်သွားသော လူတို့ကိုလည်းကောင်း, လမ်းဆုံ၌ထိုင်နေသော လူတို့ကိုလည်းကောင်း, မြင်နိုင်သကဲ့သို့ ထို့အတူပင်လျှင် ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရသော ရဟန်းသည် စုတေဆဲသော သတ္တဝါတို့ကို လည်းကောင်း, ပဋိသန္ဓေ နေဆဲသော သတ္တဝါတို့ကို လည်းကောင်း, မြင်နိုင်၏။

အဇာတသတ် မင်းမြတ် ဤသည်လည်း ရှေးက ဟောတော်မူပြီးသော သန္ဒိဋ္ဌိက အကျိုးထက် လွန်မြတ်သော သန္ဒိဋ္ဌိက သာမညဖလ ရဟန်းပြုရခြင်း၏ မျက်မှောက် အကျိုးထူး ဖြစ်၏။

ထိုသမာပတ်ရှစ်ပါး, အဘိညာဉ်ငါးပါးတို့ကို ရပြီးသော ရဟန်းသည် အာသဝေါတရားတို့ကို ကုန်ခမ်းစေနိုင်သော အာသဝက္ခယဉာဏ် အလို့ငှါ စိတ်ကို ဆောင်၏၊ ညွတ်စေ၏။ ထိုရဟန်းသည် ဤဖြစ်ခြင်း, ပျက်ခြင်း

သဘောသည် ဒုက္ခသစ္စာတည်း—ဟူ၍ ဟုတ်တိုင်းမှန်စွာ သိ၏။ ဤဖြစ်ခြင်း, ပျက်ခြင်း သဘောသည် ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာတည်း— ဟူ၍ ဟုတ်တိုင်းမှန်စွာ သိ၏၊ ဤမဖြစ်ခြင်း သဘောသည် ဒုက္ခမရှိရာ နိရောဓသစ္စာတည်း-ဟူ၍ ဟုတ်တိုင်းမှန်စွာ သိ၏၊ ဤဖြစ်ပျက်ကို မြင်၍ မဖြစ်ခြင်းသဘောသည် ဒုက္ခကင်းရာသို့ ရောက်ကြောင်း လမ်းမှန်ဖြစ်သော မဂ္ဂသစ္စာတည်း—ဟူ၍ ဟုတ်တိုင်းမှန်စွာ သိ၏၊ မဖြစ်ခြင်း သဘော ရှိသော နိဗ္ဗာန်သည် အာသဝကင်းရာ တရားတည်း—ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဖြစ်ပျက်ကို မြင်ခြင်းသည် အာသဝကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း တည်း-ဟူ၍ ဟုတ်တိုင်းမှန်စွာ သိ၏၊

ဤသို့ သိမြင်သော ထိုရဟန်းအား ကာမာသဝ, ဘဝါသဝ, အဝိဇ္ဇာသဝ တို့မှ စိတ်သည် ကင်းလွတ်လေတော့၏၊ (ဝါ) အရဟတ္တဖိုလ်သို့ ရောက်လေတော့၏၊ အာသဝမှ ကင်းလွတ်သည် ရှိသော် ကင်းလွတ်ပြီ—ဟူ၍ သိသော ဉာဏ်သည် ဖြစ်၏၊ (ဝါ) ပစ္စဝေက္ခဏာဉာဏ် ဖြစ်၏။ ပဋိသန္ဓေနေခြင်း ကုန်ခမ်းလေပြီ၊ မြတ်သော သာသနာတော် အကျင့်ကို ကျင့်သုံး၍ ပြီးဆုံးလေပြီ။ သာသနာတော်၌ ပြုဘွယ်ကိစ္စ ဟူသမျှကို ပြုလုပ်၍ ပြီးဆုံးလေပြီ။ ထိုထက် ပိုလွန်၍ ပြုဘွယ်ကိစ္စ မရှိတော့ပြီ၊ ဤသို့သိ၏၊

အဇာတသတ်မင်းမြတ် ဥပမာဆိုသည် ရှိသော် တောင်ထိပ်၌ရေကန်သည် ရှိ၏၊ အလွန်ကြည်လင်၏၊ နောက်ကျိခြင်း မရှိ၊ မျက်စိ အမြင် ရှိသော ယောကျ်ားသည် ထိုရေကန်၏ ကမ်းပေါ်၌ရပ်လျက် သိပ္ပိက—ယောက်သွားကို လည်းကောင်း, သမ္ဗုက—ခရုကိုသော် လည်းကောင်း, သက္ခရ—ကျောက်စရစ်ခဲကို လည်းကောင်း, ကထလ-အိုးခြမ်းကွဲကို လည်းကောင်း, မစ္ဆဂုမ္ဗ—ငါးလိပ် အပေါင်းကို လည်းကောင်း, သွားသည်တို့ကို လည်းကောင်း, ရပ်သည်တို့ကို လည်းကောင်း မြင်ရာ၏၊ မြင်သကဲ့သို့ ထို့အတူပင်လျှင် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကို ကောင်းစွာမြင်၏။

အဇာတသတ်မင်းမြတ် ဤသို့ သစ္စာလေးပါး တို့ကို ပိုင်းခြားကုန်စင် ကောင်းစွာမြင်ခြင်းသည် သန္ဒိဋ္ဌိက မျက်မှောက်ထင်ထင် ကောင်းစွာမြင်သော သာမညဖလ ရဟန်းပြုရခြင်း၏ အကျိုးတည်း၊ ရှေးက ဟောပြတော်မူပြီးသော အကျိုးတို့ထက် အမြတ်ဆုံးဖြစ်၏။ ဤသန္ဒိဋ္ဌိက မျက်မှောက် မြင်ရ, သိရ ခံစားရသော အကျိုးထက် ပိုလွန်၍မြတ်သော သန္ဒိဋ္ဌိက သာမညဖလ—ဟူ၍ တစုံတခု မရှိတော့ပြီ၊

ဤသို့ မြတ်စွာဘုရားသည် အဇာတသတ် မင်းအား ရဟန်းပြုရခြင်း၏ သန္ဒိဋ္ဌိက မျက်မှောက် ခံစားရသော သာမညဖလ အကျိုး တရားတို့ကို ဟောကြားတော်မူ၏။

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူသည် ရှိသော် ဝေဒေဟိမိဖုရား၏ သားတော်ဖြစ်သော အဇာတသတ်မင်းသည် -

အဘိက္ကန္တံ ဘန္တေ၊ အဘိက္ကန္တံ ဘန္တေ—ကောင်းပါပေ၏ အရှင်ဘုရား။ အလွန် ကောင်းမြတ်ပါပေ၏ အရှင်ဘုရား။

ဥပမာအားဖြင့် လျှောက်ကြားရသော် မှောက်၍ ထားသော အိုးကို လှန်၍ ထားဘိသကဲ့သို့ လည်းကောင်း, ဖုံး၍ထားသော ဝတ္ထုကို ဖွင့်၍ ပြဘိသကဲ့သို့လည်းကောင်း, မျက်စိလယ် လမ်းမှား ချောက်ကမ်းပါး ကျ၍ နေသော သူအား လက်ကိုဆွဲကိုင်၍ လမ်းမှန်ကို ပြဘိသကဲ့သို့လည်းကောင်း, မဲမှောင်လှစွာသော ညဥ့်မှောင်ကြီးအတွင်း၌ ထွန်းလင်းစွာသော ဆီတိုင်ကို ညှိထွန်းဘိသကဲ့သို့ လည်းကောင်း, မျက်စိအမြင် ရှိသော သူသည် အဆင်းတို့ကို မြင်ရဘိသကဲ့သို့ လည်းကောင်း, ထိုဥပမာနှင့် တူလှစွာသော တရားတော်ကို မြတ်စွာဘုရားသည် များစွာသော အကြောင်းတို့ဖြင့် ဟောပြတော် မူပါပေ၏။

ထိုတပည့်တော်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာ–ဟူ၍ ဆည်းကပ်ပါ၏ အရှင်ဘုရား။ တရားတော်ကို လည်းကောင်း, သံဃာတော်ကိုလည်းကောင်း, ကိုးကွယ်ရာ–ဟူ၍ ဆည်းကပ်ပါ၏ မြတ်စွာဘုရား။

တပည့်တော်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာ–ဟူ၍ မှတ်တော်မူပါ မြတ်စွာဘုရား။

ဤသို့ လျှောက်ကြားပြီး၍။ တဖန်....

ဘုန်းတော် နေဝန်း တောက်ထွန်းတော် မူပေသော မြတ်စွာဘုရား။ တပည့်တော်အား မိုက်သည့်အလျောက်, တွေဝေသည့်အလျောက်, မလိမ္မာသည့် အလျောက်, အပြစ်သည် ရောက်ခဲ့ပါ၏။

အကြင် တပည့်တော်သည် တရားနှင့် လျော်စွာ မင်းပြု၍ ဓမ္မရာဇာ ဖြစ်သော အဘခမည်းတော်ကို အသက်မှ ချမိပါသည် မြတ်စွာဘုရား။ ထိုအပြစ်ကို အပြစ်အားဖြင့် နောင်ကို စောင့်ရှောက်ခြင်းငှါ သည်းခံတော်မူပါ အရှင်ဘုရား–ဟူ၍ တောင်းပန် လျှောက်ကြားလေ၏။

ထိုသို့ တောင်းပန်သောအခါ၌ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။ အဇာတသတ်မင်းမြတ် သင်မင်းမြတ်သည် မိုက်မဲတွေဝေစွာ မလိမ္မာသည့် အလျောက် အပြစ်သို့ ရောက်ခဲ့၏။ သင်မင်းမြတ်သည် အဘခမည်းတော်ကို

အသက်မှ ချခဲ့၏။ သင်မင်းမြတ်သည် ယခုအခါ၌ အပြစ်ကို အပြစ်အားဖြင့် သိ၍, ကုစားလျက် လျှောက်ကြား တောင်းပန်ခြင်းကို ပြု၏။ ထိုအပြစ်ကို ငါတို့သည် သည်းခံကုန်၏။

အဇာတသတ်မင်းမြတ် ငါဘုရား၏ သာသနာတော်၌ အပြစ်ကို အပြစ်အားဖြင့် သိ၍ နောင်ကိုတဖန် စောင့်ရှောက်ခြင်းငှါ ကုစား၍ တောင်းပန်ခြင်းသည် ကြီးပွားကြောင်းသာလျှင် ဖြစ်၏။

ဤသို့ မြတ်စွာဘုရား မိန့်တော်မူသည် ရှိသော် အဇာတသတ် မင်းသည် ဤသို့ လျှောက်ကြား၏။

ဘုန်းတော် နေဝန်း ထွန်းလင်း တောက်ပတော် မူလှပေသော မြတ်စွာ ဘုရား၊ ယခုအခါ၌ တပည့်တော်များသည် ကိစ္စများလှပါ၏။ အရှင်ဘုရား ထံမှ တပည့်တော်၏နေရာ နန်းတော်သို့ ပြန်သွားလိုပါကုန်၏ အရှင်ဘုရား၊ အခွင့်သနားတော်မူပါ ဘုရား-ဟူ၍ လျှောက်ကြား၏။

အဇာတသတ်မင်းမြတ် သွားအံ့သောအခါကို သင်မင်းမြတ်သည် သိလေလော့-ဟူ၍ မိန့်တော်မူ၏။

ထိုအခါ အဇာတသတ်မင်းသည် မြတ်စွာဘုရားဟောတော်မူသော ရဟန်းပြုရခြင်း၏ မျက်မှောက် အကျိုးဖြစ်သော သာမညဖလသုတ် ဒေသနာ တော်ကို အလွန် နှစ်သက်ဝမ်းမြောက်စွာ သာဓုခေါ်ပြီး၍ နေရာမှထပြီး၍ မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုးပြီး၍ လက်ျာရစ်လည်သည်ကို ပြု၍ ဖဲသွားလေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် အဇာတသတ်မင်း ဖဲသွား၍ မကြာမြင့်မှီ ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏၊

"ချစ်သား ရဟန်းတို့ ဤအဇာတသတ်မင်းသည် မိမိကိုယ်ကို မိမိပင်လျှင် ဖျက်ဆီး၏။ မိမိပင်လျှင် ညှဉ်းဆဲ၏။ မိမိကိုယ်ကို မိမိပင်လျှင် တည်ရာမရှိအောင် ပြုလုပ်၏"

"ချစ်သားရဟန်းတို့ အကယ်၍ ဤအဇာတသတ်မင်းသည် အဘခမည်းတော်ကို အသက်မှ မချသည် ဖြစ်ငြားအံ့။ ဤနေရာ၌ပင်လျှင် ကိလေသာမြူအညစ် အကြေးကင်းသော ဓမ္မစက္ခုသည် ဖြစ်လေရာ၏။"

ဤစကားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူ၏၊ ရဟန်းတို့သည် အလွန်နှစ်သက် ဝမ်းမြောက်စွာ နာယူမှတ်သားကြကုန်၏။

ရဟန်းခံခြင်း၏ မျက်မှောက်အကျိုးတရားတော် ပြီး၏။

အဇာတသတ်မင်းသည် ဤနေရာ၌ သောတာပတ္တိမဂ်သို့ရောက်နိုင်လောက်၏၊ သို့သော်လည်းအရှင်ဒေဝဒတ် တည်း ဟူသော ပါပမိတ်ဆွေနှင့် ပေါင်းမိ၍ မဂ်၏ အန္တရာယ်ဖြစ်ရ၏။ သို့ပင်ဖြစ်သော်လည်း ဤအဇာတသတ်မင်းသည် မြတ်စွာဘုရား အထံသို့ ဆည်းကပ်ခစား တရားတော်ကို နာရ၍ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏။

ထို့ကြောင့် ငါဘုရား၏ သာသနာတော်ဂုဏ် ကြီးမြတ်ပုံကား တစုံတယောက်သော သူသည် လူကိုသတ်မိ၍ လူသတ်မှုဖြစ်ရာတွင် အနည်းငယ်မျှ ပန်းစည်းဖြင့် ရိုက်ပုတ်ခြင်းဒဏ်ကို ပေးသဖြင့် လွတ်ခြင်းသို့ ရောက်သကဲ့သို့ လောဟကုမ္ဘီ ငရဲအိုး၌ ဖြစ်၍ နှစ်ပေါင်း သုံးသောင်း အောက်သို့ ကျလျက် အောက်ငရဲအိုး၏ အပြင် ငရဲအိုးဖင်သို့ ရောက်၍ နှစ်ပေါင်း သုံးသောင်း ပင်ယျင် တဖန် အထက်နခမ်းသို့ ရောက်၍ နှစ်ပေါင်း ခြောက်သောင်းရှိသော် ထိုငရဲမှ လွတ်၍ မနာင်အခါ၌ ဝိဇိတာဝိ အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန်ပြုလတံ့။

ဤစကားကိုလည်း မြတ်စွာဘုရား ဟောတော်မူသတဲ့။ သို့သော်လည်း ပါဠိတော်၌ သံဂါယနာတင်ထားခြင်းကို မပြု။ပကိဏ္ဏက ဒေသနာတော်ဖြစ်၍ အဋ္ဌကထာ၌သာ ရှိ၏။

ဤသာမညဖလသုတ် ဒေသနာတော်ကို နာရ၍ အဇာတသတ်မင်းအား အဘယ်သို့သော အကျိုးများကို ရပါသနည်း ဟူငြားအံ့.... များစွာသော အကျိုးတို့ကို ရ၏ -ဟူ၍ ဖြေရာ၏။

ထိုစကားသည် မှန်၏ ဤအဇာတသတ် မင်းသည် အဘခမည်းတော်ကို သတ်မိသောအခါမှ စ၍ အိပ်စက်ခြင်းကို မရ။ မြတ်စွာဘုရား အထံသို့ ဆည်းကပ်ခစား၍ ချိုလှစွာသော ဩဇာရှိသော တရားတော်ကို နာရသော အခါမှ စ၍ အိပ်စက်ခြင်းကို ရ၏။

ရတနာသုံးပါး၌ ကြီးစွာသော ပူဇော်ခြင်းကိုလည်း ပြု၏။ ပုထုဇဉ်၏ ကြည်ညိုခြင်းဖြင့် ကြည်ညိုသော သူသည် ဤအဇာတသတ်မင်းနှင့် တူသော ကြည်ညိုခြင်း မရှိ၊ (အဋ္ဌကထာ။)

ဤသာမညဖလသုတ် ဒေသနာတော်ဝယ် သတိသမ္ပဇည တရားကို ဝေဖန်၍ ဟောကြားရာ၌....

> ကထဉ္စ မဟာရာဇ ဘိက္ခု သတိသမ္ပဇညေန သမန္နာဂတော ဟောတိ။ ဣဓ မဟာရာဇ ဘိက္ခု....

၁။ အဇ္ဈတ္တိကန္ဓေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။

၂၊ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။

၃။ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာန ကာရီ ဟောတိ။

၄။ သံဃာဋိ ပတ္တ စီဝရ ဓာရဏေ သမ္ပဇာန ကာရီ ဟောတိ။

၅။ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။

၆။ ဥစ္စာရ ပဿာဝ ကမ္မေ သမ္ပဇာန ကာရီ ဟောတိ။

၇။ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာန ကာရီ ဟောတိ။

ဧဝံခေါ မဟာရာဇ ဘိက္ခု သတိသမ္ပဇညေန သမန္နာဂတော ဟောတိ။ ဤသို့ အကျဉ်းအားဖြင့် ခုနစ်ဌာန ဟောကြားတော်မူ၏။

ဤသမ္ပဇညတရားကို အဋ္ဌကထာဆရာမြတ်သည် အကြယ်အားဖြင့် ဖွင့်ပြတော်မူ၏။

ဤသမ္ပဇည တရားတော်သည် သာသနာတော်၌ လိုရင်းကိစ္စကြီး ဖြစ်၏၊ လိုရင်း အလုပ်ကြီး ဖြစ်၏၊ ထို့ကြောင့် အကြယ်ဖွင့်ပြတော် မူသတည်း။

သမ္ပဇာနကာရီ-ဆိုသည်ကား အလုံးစုံသော ကိစ္စတို့၌ ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်ခြင်းတည်း၊ (ဝါ) ပညာဖြင့် ဆင်ခြင်ခြင်းကို သာလျှင် ပြုလုပ်ခြင်းတည်း။

(သမ္ပဇာနကာရီ ဟောဟီတိ သမ္ပဇညေန သဗ္ဗကိစ္စ ကာရီ၊ သမ္ပဇည မေဝ ဝါကာရီ၊)

သမ္ပဇာနကာရီ- ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ- ဖြစ်၏။ ဣတိ၊ ဤသို့ ဟောတော်မူရာ၌။ သမ္ပဇညေန၊ ပညာဆင်ခြင်ခြင်းဖြင့်။ သဗ္ဗကိစ္စကာရီ၊ အလုံးစုံသော ကိစ္စကို ပြုလေ့ရှိ၏၊ (ဝါ) တနည်းကား။ သမ္ပဇညမေဝ၊ ပညာဆင်ခြင်ခြင်းကို သာလျှင်။ ကာရီ၊ ပြုလေ့ရှိ၏။

ထိုစကားသည် မှန်၏။ ထိုသတိသမ္ပဇဉ်နှင့် ပြည့်စုံသော ရဟန်းသည်။ ရှေ့သို့ဘက်ခြင်း, နောက်သို့ဆုတ်ခြင်း, ကွေးခြင်း, ဆန့်ခြင်း- အစရှိသော အလုံးစုံတို့၌ ပညာဆင်ခြင်ခြင်းကို ပြုလုပ်သည်သာလျှင်တည်း။ တစုံတခု၌ ပညာဆင်ခြင်ခြင်း ကင်းသည် မဟုတ်။

## ပညာဆင်ခြင်ပုံ ၄-နည်းအကြောင်း

၁။ အကျိုးရှိ, မရှိ ဆင်ခြင်ခြင်း—သာတ္ထကသမ္ပဇည။
၂။ သင့်,မသင့်၊ လျော်,မလျော် ဆင်ခြင်ခြင်း—သပ္ပါယသမ္ပဇည။
၃။ ကမ္မဋ္ဌာန်းကို သတိ မလွတ်အောင် ဆင်ခြင်ခြင်း - ဂေါစရသမ္ပဇည။
၄။ ရုပ်နာမ်၌ မတွေဝေအောင် ဆင်ခြင်ခြင်း - အသမ္မောဟသမ္ပဇည။

ဤလေးပါးသော ပညာဆင်ခြင်ခြင်းကို အခါခပ်သိမ်း ဆင်ခြင်ရာ၏။

အဘိက္ကန္တေ—သွားခြင်း၌ လည်းကောင်း, ပဋိက္ကန္တေ—ပြန်ခြင်း၌ လည်းကောင်း။ သမ္ပဇာနကာရီ-ပညာ ဆင်ခြင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ (ပါဠိတော်အနက်။)

သွားအံ့-ဟု စိတ်ဖြစ်သည် ရှိသော် (ဝါ) သွားလိုသောစိတ် ဖြစ်သည် ရှိသော် စိတ်၏အလိုအားဖြင့် မသွားသေးမူ၍, အသို့နည်း ငါသည် ဤလမ်းသို့ သွားသဖြင့် အကျိုးရှိမည်လော? မရှိမည်လော-ဟူ၍ အကျိုးရှိ,မရှိကို ဆင်ခြင်ရာ၏၊ ထိုသို့ ဆင်ခြင်ခြင်းသည် သာတ္ထကသမ္ပဇည မည်၏။

အကျိုး-ဟူရာ၌လည်း စေတီတော်ကို ဖူးမြင်ရခြင်း, ဗောဓိပင်ကို ဖူးမြင်ရခြင်း, သံဃထေရ်ကို ဖူးမြင်ရခြင်း, အသုဘ ကမ္မဋ္ဌာန်းကို ရှုမြင်ရခြင်း-စသည်တို့၏ အစွမ်းဖြင့် တရားဘိုးပွားခြင်း အကျိုးကိုသာလျှင် အလိုရှိအပ်၏။

ထိုစကားသည် မှန်၏၊ စေတီတော်ကို လည်းကောင်း, ဗောဓိပင်ကို လည်းကောင်း, ဖူးမြင်ရသည် ရှိသော် ဗုဒ္ဓါရမ္မဏ-ဘုရားကို အာရုံပြု၍ သံဃာတော်ကို ဖူးမြင်ရသည် ရှိသော်, သံဃာရမ္မဏ-သံဃာကို အာရုံပြု၍ ပီတိကို ဖြစ်စေ၍ ထိုပီတိကိုပင်လျှင် ခယဝယအားဖြင့် ဖြစ်ပျက်ကို ဆင်ခြင်သုံးသပ်လျက် အရဟတ္တဖိုလ်သို့ ရောက်နိုင်၏။

ထေရ်ကြီးတို့ကို ဖူးမြင်ရာ၌လည်း ထိုထေရ်ကြီးတို့၏ ဩဝါဒ၌ တည်၍ အသုဘကို မြင်ရာ၌လည်း ထိုအသုဘကို အာရုံပြု၍, ပထမဈာန်ကို ဖြစ်စေ၍ ထိုပထမဈာန်ကိုပင်လျှင် ခယဝယအားဖြင့် ဖြစ်ပျက်ကို ဆင်ခြင် သုံးသပ်လျက် အရဟတ္တဖိုလ်သို့ ရောက်နိုင်၏။

ထို့ကြောင့် ထိုစေတီတော်, ဗောဓိပင်, သံဃာ ထေရ်ကြီး, အသုဘ တို့ကို မြင်ရာ၌ အကျိုးရှိ၏-ဟူ၍ ဆိုအပ်၏၊ (အချို့ဆရာတို့ကား ပစ္စည်းအာမိသကို တိုးပွားခြင်း အကျိုးသည်လည်း ထိုပစ္စည်းအာမိသကို မှီ၍ ဖြစ်သော သာသနာတော် အကျင့်ကို ချီးမြှောက်ခြင်းငှါ ကျင့်သောကြောင့် အကျိုးရှိသည်-ဟူ၍ ဆိုကြကုန်၏၊) သာတ္ထက သမ္ပဇည ဖြစ်ပုံတရပ် ပြီး၏၊

ထိုသို့ သွားခြင်း၌ စေတီတော်ကို ဖူးမြင်ရခြင်း — စသော အကျိုးရှိသော်လည်း သင့်,မသင့်၊ လျော်,မလျော်ကို ဆင်ခြင်ရာ၏။

ဆင်ခြင်ပုံကား စေတီတော်ကို ဖူးမြင်ရန် သွားရာ၌ စေတီတော်ကို ပူဇော်ကြသော ပွဲတော်ကြီးဘို့ကို ပြုလုပ်ရာတွင် ဆယ်ယူဇနာ, ဆယ့်နှစ်ယူဇနာ အဘွင်း ရှိသော လူအပေါင်းတို့သည် လာရောက်ကြကုန်၏။ မိမိတို့၏ ဥစ္စာစည်းစိမ် ရှိသည့် အလျောက် ဝတ်ဆင်၍ လာကြကုန်သော မိန်းမ, ယောကျ်ားတို့သည် ဆန်းကြယ်သော အရုပ်တို့ ကဲ့သို့ တန်ဆာဆင်၍ လှည့်လည် သွားလာကြကုန်၏။

ထိုသို့ လာရောက်ကြ၍ များလှစွာသော လူပရိသတ်ကြီး၏ အတွင်း၌ ဣဋ္ဌာရုံကိုမြင်လျှင် လောဘဖြစ်တတ်၏၊ အနိဋ္ဌာရုံကိုမြင်လျှင် ဒေါသ ဖြစ်တတ်၏၊ မသင့်မလျော် မညီမညွတ် ရှေ့မှေ့လျော့လျော့ ရှုကြည့်ရာ၌ မောဟ ဖြစ်တတ်၏၊ ကာယ သံသဂ္ဂ အာပတ်သို့လည်း ရောက်တတ်၏။ အသက်၏ အန္တရာယ်, ဗြဟ္မစရိယ၏ အန္တရာယ်သော်လည်း ဖြစ်တတ်၏၊ ဤသို့ဖြစ်သည် ရှိသော် ထိုစေတီပူဇော်ပွဲတော်ကြီးရှိရာအရပ်သည် မသင့်လျော်သော အရပ် ဖြစ်၏။ ထိုသို့သော အန္တရာယ်တို့ မရှိခဲ့သော် သင့်လျော်၏။

ဗောဓိပင်ကို ဖူးမြင်ရန်သွားရာ၌လည်း ထိုအတူပင်တည်း။

သံဃာကို ဖူးမြင်ရန် သွားရာ၌ အကျိုးရှိသော်လည်း အကယ်၍ ရွာတွင်း မြို့တွင်း၌ ကြီးစွာသော မဏ္ဍပ်ကို ဆောက်လုပ်၍ ညဥ့်သုံးယာမ် ပတ်လုံး တရားနာခြင်းကို ပြုကြသော လူပရိသတ် အများတို့သည်လည်းရှိကုန်ငြားအံ့၊ ဆိုခဲ့ပြီး အန္တရာယ်သည်လည်း ရှိငြားအံ့၊ မသင့်လျော်သည်သာတည်း၊

အန္တရာယ်မရှိမူကား သင့်လျော်၏။ ပရိသတ် အခြံအရံ များစွာရှိသော ထေရ်ကြီးကို ဖူးမြင်ရန်သွားရာ၌လည်း ထိုနည်းအတူ မှတ်ရာ၏၊

အသုဘကို ရှုမြင်ရာ၌ အကျိုးရှိပုံကို ပြခြင်းငှါ ဤဝတ္ထုကိုရှု၊

## ဒန်ပူ ခုတ်ရန် သွားရာတွင် အနာဂါမ် တည်သော ပုဂ္ဂိုလ်နှစ်ပါး အကြောင်း

ပဥ္စင်းငယ် တပါးသည် သာမဏေကို ခေါ်၍ ဒန်ပူခုတ်ရန် သွားသည် ရှိသော် သာမဏေသည် လမ်းမှရှောင်ဖဲ၍ ရှေ့မှသွားသည်ရှိသော် အသုဘကို မြင်၍ ပဌမဈာန်ကို ဖြစ်စေ၍, ထိုပဌမဈာန်ကိုပင်လျှင် ဝိပဿနာ၏ အခြေခံ၍ သင်္ခါရတရားကို ဖြစ်ပျက်အားဖြင့် သုံးသပ် ဆင်ခြင်သည် ရှိသော်

သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, ဤဖိုလ် သုံးပါးကို မျက်မှောက်ပြုပြီး၍ အထက်မဂ်ဖိုလ်အလို့ငှါ ကမ္မဋ္ဌာန်းကို ရှု၍ ၎ပ်နေ၏။

ပဥ္စင်းငယ်သည် သာမဏေကို မမြင်၍ ငါ့ရှင်သာမဏေ-ဟု ခေါ်လိုက်၏။ ထိုသာမဏေသည် ငါသည် ရှာပြုသည့်နေ့မှစ၍ ရဟန်းများနှင့်စကားနှစ်ခွန်း ပြည့်အောင် မပြောဘူးပေ။ တပါးသော နေ့၌လည်း အထက်မဂ်ဖိုလ် တရား ထူးကို ဖြစ်စေတော့အံ့-ဟု ကြံ၍ ဘာပါလဲ အရှင်ဘုရား--ဟု ထူးလိုက်၏။

လာခဲ့လော့-ဟု ခေါ်သည် ရှိသော် တခွန်းသော စကားဖြင့် ပင်လျှင် ပြန်လာ၍ အရှင်ဘုရား ဤလမ်းဖြင့်သွား၍ တပည့်တော် ရပ်သော နေရာ၌ ရပ်တော်မူ၍ တခဏမျှ အရှေ့ဘက်သို့ မျက်နှာကိုလှည့်၍ ကြည့်ရှုတော် မူပါ လော့-ဟု လျှောက်ကြား၏။

ထိုပဥ္စင်းငယ်သည် သာမဏေလျှောက်ကြားသည့်အတိုင်း သွား၍ ကြည့်ရှု သည် ရှိသော် အသုဘကို မြင်၍ ကမ္မဋ္ဌာန်း ရှုသည်ရှိသော် ထိုသာမဏေ ရောက်သော ဖိုလ်သုံးပါးသို့ ရောက်လေ၏။ ဤသို့လျှင် တခုသော အသုဘ သည် နှစ်ပါးသော ပုဂ္ဂိုလ်မြတ်တို့အား အကျိုးဖြစ်၏။

ထိုသို့အကျိုးရှိသော်လည်း ရဟန်းယောကျ်ားအား မာတုဂါမ အသုဘ သည် မသင့်လျော်၊ ရဟန်း မိန်းမအား-- ယောကျ်ား အသုဘသည် မသင့် လျော်- (ရာဂ ဖြစ်ပေါ်လာတတ်၍ ကမ္မဋ္ဌာန်း၏ အန္တရာယ်ဖြစ်တတ်၏။)

သဘာဂ အသုဘသာလျှင် သင့်လျော်၏။ ဤသို့ သင့် မသင့်, လျော် မလျော်ကို ဆင်ခြင်ရာ၏။ ဤသို့ ဆင်ခြင်ခြင်းသည် သပ္ပါယ သမ္ပဇည မည်၏။ တရပ်ပြီး၏။

ဤသို့ အကျိုးရှိ, မရှိကို လည်းကောင်း, သင့် မသင့်, လျော် မလျော် ကို လည်းကောင်း, ဆင်ခြင်၍ သွားသော ရဟန်းအား ကမ္မဋ္ဌာန်းကို သတိ မလွတ်စေမူ၍ သွားခြင်းသည် ဂေါစရသမ္ပဇည မည်၏။

ထို ဂေါစရ သမ္ပဇဉ်ကို ထင်ရှားစေခြင်းငှါ ဤစတုက္ကကို သိအပ်၏။

အဘိက္ကန္တ၊ အသွား။ ပဋိက္ကန္တ၊ အပြန်။ ကမ္မဋ္ဌာန်း ရှုခြင်း။ (ဂေါ စရသမ္ပဇဉ်)။

၁။ အသွား ရှု၊ အပြန် မရှု ပုဂ္ဂိုလ်။

၂။ အသွား မရှု၊ အပြန်ရှု ပုဂ္ဂိုလ်။

၃။ အသွား မရှု၊ အပြန် မရှု ပုဂ္ဂိုလ်။

၄၊ အသွားရှု၊ အပြန်ရှု ပုဂ္ဂိုလ်။ လေးပါးတည်း။

ထိုပုဂ္ဂိုလ် လေးပါးတို့တွင် အကြင်ရဟန်းသည် တနေ့ပတ်လုံး သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်းတို့ဖြင့် လောဘ၊ ဒေါသ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ နီဝရဏ- ငါးပါး တရားယုတ်တို့မှ စိတ်ကို သုတ်သင် ရှင်းလင်းစေလျက် ရှင်းလင်းအောင်နေ၍ ထို အတူပထမယာမ်၌လည်း နီဝရဏ-တရားယုတ်တို့မှ သုတ်သင်၍ မဇ္ဈိမယာမ်၌ အိပ်ခြင်းကို ပြု၍ ပစ္ဆိမယာမ်၌လည်း ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်း၊ ဣရိယာပုတ် သုံးပါးဖြင့် ညဉ့်ကိုလွန်စေ၍ စောစော က ပင်လျှင် စေတီရင်ပြင်၊ ဗောဓိရင်ပြင်တို့၌ တံမြက်လှည်းခြင်း၊ ဝတ်ကို ပြု၍ ဗောဓိပင်၌ ရေသွန်းလောင်း၍ သောက်ရေ၊ သုံးဆောင်ရေတို့ကို တည်ထားပြီး၍ အာစရိယဝတ်၊ ဥပဇ္ဈာယ်ဝတ် အစရှိကုန်သော ခန္ဓကဝတ်တို့ကို ဆောက်တည်၍ ကျင့်၏။

ထိုကဲ့သို့ ဝတ်ကြီး၊ ဝတ်ငယ်နှင့် ပြည့်စုံသော ရဟန်းသည် ကိုယ်လက် သုတ်သင်ခြင်းကို ပြု၍ ကျောင်းတွင်းသို့ ဝင်သောအခါ နှစ်ထိုင် သုံးထိုင်ခန့် လောက် ကိုယ်ငွေ့ကို ယူစေလျက် တင်ပလ္လင်ခွေ ထိုင်နေပြီးလျှင် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ ဆွမ်းခံချိန် ရောက်သောအခါ ထ၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သာလျှင် သပိတ်၊ သင်္ကန်းကို ယူ၍ ကျောင်းမှ ထွက်လာပြီးလျှင် ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်ပင်လျှင် စေတီတော်ကို ဖူးမြင်လိုငြားအံ့။ မူလ နှလုံးသွင်းသော ကမ္မဋ္ဌာန်းသည် ဗုဒ္ဓါနုဿတိ-ဖြစ်ငြားအံ့။ ထိုဗုဒ္ဓါနုဿတိ ကို မစွန့်လွှတ်မူ၍ စေတီတော်သို့ ဝင်၍ ဖူးမြင်ရာ၏။

တပါးသော ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ လာငြားအံ့၊ စေတီတော် တံတိုင်း အဘွင်း၌ လက်ဖြင့် ဆောင်ယူသော ဘဏ္ဍာထုပ်ကို ချထားသကဲ့သို့ ထို ကမ္မဋ္ဌာန်းကို တံတိုင်းအဝ ခေါင်းတန်းဦး၌ ချထား၍ ဘုရားကို အာရုံ ပြု၍ စေတီတော်ကို ဖူးမြင်ရာ၏။

အကယ်၍ ကြီးလွန်းသော စေတီဖြစ်ငြားအံ့။ သုံးကြိမ်လကျာ်ရစ်လည် ပြီးမှ လေးချက်နှာ အရပ်တို့၌ ရှိခိုးအပ်၏။

စေတီတော် ငယ်ငြားအံ့၊ ရှစ်ချက်နှာ အရပ်တို့၌ ရှိခိုးအပ်၏။

စေတီတော်ကို ရှိခိုးပြီး၍ ဗောဓိပင်ကို သွားရာ၌လည်း မြတ်စွာဘုရား ၏ ရှေ့တော်၌ ကဲ့သို့ အရိုအသေပြု၍ ဗောဓိပင်ကို ရှိခိုးအပ်၏။

ဤသို့ ရှိခိုးပြီး၍ စေတီတော် ရင်ပြင်မှ ပြန်လာ၍ တံတိုင်း အဝ ခေါင်းတန်း ဦးသို့ ရောက်သောအခါ ချထား ခဲ့သော ဘဏ္ဍာကို ပြန်၍ကောက်ယူသကဲ့သို့ ထိုမူလ ချထားခဲ့သော ကမ္မဋ္ဌာန်းကို ယူ၍ နှလုံးသွင်းမြဲ နှလုံးသွင်း၍ ဆွမ်းခံရွာအနီးသို့ ရောက်သောအခါ ကမ္မဋ္ဌာန်းကို နှလုံးသွင်း လျက်ပင်လျှင် သင်္ကန်းကို ရုံ၍ ရွာတွင်းသို့ ဆွမ်းခံ ဝင်အပ်၏။

ထိုသို့ ဆွမ်းခံ ဝင်သော ရဟန်းကို လူတို့မြင်၍ ငါတို့အရှင်မြတ် ဆွမ်းခံ ကြွလာတော်မူသည်– ဟူ၍ ခရီးဦးကြို၍ သပိတ်ကို ယူသူလည်း ရှိတတ်၏။ သပိတ်ကို ယူ၍ အိမ်ပေါ်သို့ ပင့်၍ ထိုင်စေ သူလည်း ရှိတတ်၏၊

ထိုင်စေပြီး၍ ခြေတို့ကို ဆေး၍ ခြေနယ်ဆီဖြင့် ခြေတို့ကို နယ်သူလည်း ရှိတတ်၏။ ခြေတို့ကို ခြေနယ်ဆီဖြင့် နယ်ပြီး၍ ရဟန်း၏ အနီး၌ ထိုင်၍ ရှိခိုး၍ နေသူလည်း ရှိတတ်၏၊ ရှိခိုး ထိုင်နေပြီး၍ ပုစ္ဆာကို မေးလျှောက် သူလည်း ရှိတတ်၏။

အနည်းငယ်မျှ တရားတော်ကို ဟောတော်မူပါ ဘုရား -ဟု တောင်းပန်၍ တရားနာ သူလည်း ရှိတတ်၏၊ (အကယ်၍ တရားဟောတော်မူပါဘုရားဟု မတောင်းပန်သော်လည်း လူတို့ကို တရားဖြင့် ချီးမြှောက်ခြင်းငှါ တရားတော်ကို အနည်းငယ်မျှဖြစ်သော်လည်း ဟောသင့်၏ ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ဆိုတော် မူကြကုန်၏။)

ထိုစကားသည် သင့်မြတ်လှ၏၊ အဘယ်ကြောင့်နည်း– ဟူမူကား.... ကမ္မဋ္ဌာန်းမှ လွတ်သော တရားစကား မည်သည်မရှိ။ ထိုကြောင့် ကမ္မဋ္ဌာန်း ကို အဦးထား၍ မိမိ နှလုံးသွင်းနေကြ ကမ္မဋ္ဌာန်းနှင့် အစပ်ပွာယ်အားဖြင့် သက်ဝင်သော တရားစကားကို ပြောဟော အပ်၏။

တရားနာပြီး၍ အိမ်၌ပင်လျှင် ဆွမ်းသုံးဆောင်တော်မူပြီးမှ ကျောင်းသို့ ကြွတော်မူပါဘုရား လျှောက်ကြား၍ ဆွမ်းကျွေးသူလည်း ရှိတတ်၏။

ထိုသို့ အိမ်၌ ဆွမ်းကျွေးသည် ရှိသော် ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သာ လျှင် ဆွမ်းကို စားပြီး၍ အနုမောဒနာ ပြုပြီးလျှင် ပြန်လာ၏၊ အိမ်၌ ဆွမ်းမကျွေးမူ၍ သပိတ်သည်းသို့ အမဲဟင်းလျာ အစုံနှင့် လောင်းထည့်၍ သပိတ်ကို ကပ်လိုက် သူလည်း ရှိတတ်၏။ ထိုသို့ သပိတ်ကို ကပ်လိုက်သော် ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်ပင်လျှင် သပိတ်ကို ယူ၍ ပြန်လာ၏၊ ပြန်လာ သော အခါ ရွာဘံခါး ထွက်သောင် သပိတ်ကို ယူ၍ ပို့သူလည်း ရှိတတ်၏၊

ထိုသို့ လိုက်၍ ပို့သူတို့ကို ရွာဘံခါးအထွက်၌ ပြန်စေ၍ မိမိနေရာကျောင်း သို့ ပြန်လာသော ရဟန်းကို လမ်းက ဆီး၍ ကြိုဘတ်သော သာမဏေငယ်, ပဥ္စင်းငယ်တို့သည်လည်း ရှိတတ်ကုန်၏၊

ထိုသာမဏေငယ်, ပဥ္စင်းငယ်တို့သည် ရှေးဦးစွာကပင်လျှင် ရွာတွင်း၌ ဆွမ်းခံပြီး၍ ရွာပြင်သို့ ထွက်၍ သင့်ရာ၌ ဆွမ်းစားပြီးလျှင် ထိုရဟန်းပြန်လာ သည်ကို မြင်လျှင် ရွာဘံခါး အနီးကပ လျှင် ဆီးကြို၍ သပိတ်ကို ယူတတ် ကုန်၏။

(ရှေးအခါက သာမဏေယ်, ရဟန်းငယ်တို့သည် ငါတို့၏ ဥပဇ္ဈာယ်တည်း။ ငါတို့၏ နိဿည်းဆရာတည်း။ ငါတို့၏ စာချဆရာတည်း– ဟု မျက်နှာကို မလိုက်မူ၍ ဝတ်ကြီး, ဝတ်ငယ်ကို ပြုတတ်ကြကုန်သတဲ့။)

ထိုသို့ ရွာဘ်ခါး အထွက်မှ စ၍ ဆီးကြိုလျက် သပိတ်ကို ယူကုန်သော သာမဏေယ်, ပဥ္စင်းငယ်တို့က ဤသို့လည်း မေးတတ်ကြကုန်၏၊

ဤရွာသူ, ရွာသား, ဒါယကာ, ဒါယိကာမများသည် အရှင်ဘုရားတို့နှင့် အဘယ်သို့ ဆွေမျိုးစပ်တော်ပါသနည်း....အရှင်ဘုရား။

အမိဘက်ကစပ်ပါသလော၊ အဘဘက်ကစပ်ပါသလော–ဟု မေးလျှောက်သော အခါ၌–

အဘယ်ကြောင့် မေးမြန်းကြသနည်း– ဟု ဆိုလျှင် အရှင်ဘုရားတို့၌ ဤဒါယကာ, ဒါယိကာမ များသည် အလွန်မြတ်နိုး ချစ်ခင်ကြကုန်၏။ ထို့ကြောင့် ဆွေမျိုး စပ်တော်ပါသလား–ဟု မေးရပါသည် အရှင်ဘုရား– ဟု လျှောက်ကြသောအခါ....

ငါ့ရှင်တို့ သပိတ်,သင်္ကန်းသည်လည်း ထိုဒါယိကာတို့က လှူသော ဥစ္စာ ဖြစ်ကုန်၏၊ ထိုဒါယကာ-ဒါယိကာမ တို့၏ အစွမ်းအားဖြင့် ဘေးရှိသော အခါ၌လည်း ဘေးရှိမှန်း မသိရ၊ မိုးခေါင်,ရေရှား ခေါင်းပါး တော်မွတ်သော အခါ၌လည်း တော်မွတ်ခေါင်းပါးမှန်းမသိရ။ ဤဒါယကာ- ဒါယိကာမ တို့ကဲ့သို့ ကျေးဇူးများသော သူမည်သည် တစုံတယောက်မျှ မရှိ။

ဤသို့ အစရှိသော စကားတို့ကို ရဟန်းငယ်, သာမဏေငယ်တို့နှင့် ပြောဆိုလျက် ရွာမှအပြန်ကွင် ကမ္မဋ္ဌာန်းကို နှလုံးမသွင်းဘဲ ပြန်လာ၏။ ဤရဟန်းကို အသွားရှု, အပြန်မရှု ပုဂ္ဂိုလ်-ဟူ၍ ဆိုအပ်၏။

အကြ် ရဟန်းသည်ကား နံနက် မိုးလင်းသည်မှ စ၍ ဆိုခဲ့ပြီးသော စေတီယင်္ဂဏဝတ်, ဗောဓိယင်္ဂဏဝတ်–အစရှိသော ဝတ်ကြီး, ဝတ်ငယ်တို့ကို ပြုလျက်ပ်လျှင် ကမ္မဇတေဇော, ပါစက ဝမ်းမီးသည် တောက်လောင်ပူပြင်း၍ အနုပါဒိန္နက -အစာသစ်ကို လောင်ကျွမ်း ကုန်ခမ်းစေ၍ ဥပါဒိန္နက ဖြစ်သော နှလုံးသား,အသဲ,အဆုတ်တို့ကို ပူစေ၍ ကိုယ်မှချွေးတို့သည် ယိုစီးကုန်၏။

ကမ္မဋ္ဌာန်းကို နှလုံးသွင်းပါသော်လည်း ကမ္မဋ္ဌာန်း အာရုံဆီသို့ မတက်။ ဆာလောင် နွမ်းချိလျက် သပိတ်,သင်္ကန်းကို မြန်စွာယူ၍ စေတီတော်ကိုလည်း မြန်စွာရှိခိုးလျက် လျှင်မြန်စွာ သွား၍, ယာဂုဆွမ်း အလှူငှာ ရွာသို့ ဝင်၍ ဆွမ်းခံသည်ရှိသော် ယာဂုကို ကြို၍ နံနက်စောစော လောင်းတတ်သူ များ

လည်း ရှိတတ်သဖြင့် ထိုယာဂုကို ခံယူ၍ ထိုရွာတွင်း၌ သာလျှင် ဆွမ်းစား ဇရပ်များလည်း ရှိတတ်သဖြင့် ထိုဇရပ်သို့ လျှင်မြန်စွာ သွား၍ ယာဂုကို သောက်၏။

နှစ်ရှုဘ် သုံးရှုတ် ယာဂုကို သောက်ခါမျှဖြင့် ကမ္မဇ တေဇော-ပါစက ဝမ်းမီးသည် ဥပါဒိန္နက ဖြစ်သော အသဲနှလုံးတို့ကို လွှတ်၍ အနုပါဒိန္နက ဖြစ်သော အစာသစ်ကို ယူ၏။

ရေအိုးတရာဖြင့် လောင်း၍ ရေချိုးဘိသကဲ့သို့ ကမ္မဇ တေဇော-ပါစက ဝမ်းမီးသည် ပူလောင်ခြင်း ငြိမ်းအေး၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် ယာဂုကို သောက်၍ သပိတ်ခံတွင်းတို့ကို ဆေးကြော၍, ဆွမ်းမစားမီအကြား၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ ရွာတွင်း၌ ဆွမ်းခံ လှည့်လည်၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်ပင်လျှင် ပြန်လာ၍ ဆွမ်းစားသောအခါ၌လည်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် အဆင့်ဆင့် ထင်သော ကမ္မဋ္ဌာန်းကို ယူ၍ ရွာမှ ပြန်လာ၏။ ဤရဟန်းသည် အသွားမရှု, အပြန်ရှု ပုဂ္ဂိုလ် မည်၏။

(ဤသို့သော ရဟန်းတို့သည် ယာဂုကို သောက်၍ ဝိပဿနာကို အားထုတ်၍ မြတ်စွာဘုရား သာသနာတော်၌ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်ကား အရေအတွက်ကို လွန်ကုန်၏။ မရေတွက်နိုင်ကုန်။ သီဟိုဠ်ကျွန်း၌ပင်လျှင် ထိုထိုရွာတို့၌ ဆောက်ထားသော ဆွမ်းစား ဇရပ်တို့တွင် ယာဂုကို သောက်၍ အရဟတ္တဖိုလ်သို့ မရောက်သော ဇရပ် ဟူ၍ မရှိ။)

အကြင် ရဟန်းသည်ကား မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေလေ့ရှိ၏။ (ယခုချက်ခြင်း သောတာပန် တည်မှာ မဟုတ်ဘူး ဟူ၍) စိတ်ချလက်ချ နိက္ခိတ္တဓုရဖြစ်၍၊ အလုံးစုံသော စေတီယင်္ဂဏဝတ်, ဗောဓိယင်္ဂဏဝတ်, ခန္ဓကဝတ်တို့ကို ဖျက်၍ ငါးပါးသော စေတောခိလ တရားတို့ဖြင့် နှောင်ဖွဲ့ တုပ်ချည်၍ ထားသော စိတ်ရှိလျက် နေ၏။

ကမ္မဋ္ဌာန်းဆိုသည်မှာ ဘယ်လိုဟာမှန်း မသိအောင် မေ့လျော့ပေါ့ပျက် ဂယောက်ဂယက် နေ၍, ရွာသို့ဆွမ်းခံသွားသော် လည်းကောင်း, ပြန်သော်လည်းကောင်း, တရံတဆစ်မျှ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း မရှိဘဲ အချည်းနှီး အလကား စားခါ သောက်ခါ နေ၏။ ဤရဟန်းသည် အသွားမရှု, အပြန်မရှု ပုဂ္ဂိုလ် မည်၏။

အသွားရှု, အပြန်ရှု ပုဂ္ဂိုလ်၏ အဖြစ်ကိုကား ဂတ ပစ္စာဂတ ဝတ်၏ အစွမ်းအားဖြင့် သိအပ်၏။ (ပါဠိတော်အမည်။ အဘိက္ကန္တ ပဋိက္ကန္တဝတ်။ အဋ္ဌကထာအမည် ဂတ ပစ္စာဂတဝတ်။) ဤအဘိက္ကန္တ, ပဋိက္ကန္တ, ဂတ ပစ္စာဂတ

အမည်ရသော အသွားရှု, အပြန်ရှု ပုဂ္ဂိုလ်၏အဖြစ်ကို ထင်ရှားစွာ ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည် ဤသို့သော ကျင့်နည်းအစဉ်ကို ရေးထားတော်မူ၏။

သာမညဖလ ဖြစ်သော ချွန်မင်ဖိုလ် အကျိုးကို အလိုရှိကြ ကုန်သော အမျိုးကောင်းသားတို့သည် သာသနာတော်၌ ရဟန်းပြုကြကုန်၍, တကျိပ်လည်းကောင်း, နှစ်ကျိပ် လည်းကောင်း, သုံးကျိပ်, လေးကျိပ်, ငါးကျိပ်လည်းကောင်း, တရာသော်လည်းကောင်း, တပေါင်းတည်း သဘောတူနေကြကုန်သည် ရှိသော် ကတိကဝတ်ကို ပြု၍ နေကြကုန်၏။

အဘယ်သို့ ကတိကဝတ် ပြုကြကုန် သနည်း ဟူမူကား အာဝုသော— အမျိုးကောင်းသား ဖြစ်ကြကုန်သော ငါရှင်တို့။ တုမ္ဟေ-ငါရှင်တို့သည်။ နဏကဋ္ဌာ ကြွေးမြီတင်၍ မြရှင်ဖမ်းဆီး ကြောက်အားကြီး၍ ခိုမှီးကပ်မှု ရဟန်းပြုကြသည်လည်း မဟုတ်ကုန်။

နဘယဋ္ဌာ - မင်း, ခိုးသူ, ဘေး နှိပ်စက်ရေးကြောင့် ပြေးဝင် ခိုကပ်ကြသည်လည်း မဟုတ်ကုန်။

ဇီဝိတပကတတ္တာ - ဝမ်းတထွာကြောင့် ပူဆာဇေားငေး အသက် မွေးလိုသောကြောင့်။ န ပဗ္ဗဇိတာ- ရဟန်းပြုကြသည် မဟုတ်ကုန်။

ပန -အဘုတ်သော်ကား၊ ဧတ္ထ -ဤသာသနာတော်၌၊ ဒုက္ခာ-အို, နာ, သေရေး ဖြစ်ပျက်ဘေးမှ၊ မုဥ္စိတု ကာမာ လွတ်ကင်း လိုကြကုန်သည် ဖြစ်၍ ပဗ္ဗဇိတာ—ရဟန်း ပြုကြကုန်၏။

ထိုကြောင့် ငါရှင်တို့သည် သွားရာ၌ ဖြစ်သော ကိလေသာကို သွားရာ၌ ပင်လျှင် ငြိမ်းအောင် နှိမ်ကြကုန်လော့....ထိုင်ရာ၌ ဖြစ်သော ကိလေသာကို ထိုင်ရာ၌ပင်လျှင် ပျောက်ကင်းအောင် နှိမ်ကြကုန်လော့။

ရပ်ရာ၌ဖြစ်သော ကိလေသာကို ရပ်ရာ၌ပင်လျှင် ကင်းပျောက်အောင် နှိမ်ကြကုန်လော့။ အိပ်ရာ၌ ဖြစ်သော ကိလေသာကို အိပ်ရာ၌ ပင်လျှင် ငြိမ်းပျောက်အောင် နှိမ်ကြကုန်လော့။

ဤသို့ ဆို၍ ကတိကဝတ် ပြုကြကုန်၏၊ ထိုအမျိုးကောင်းသား ရဟန်းကောင်းတို့သည် ဤသို့ ကတိကဝတ်ကို ပြုကြကုန်ပြီး၍ ဆွမ်းခံ သွားကြကုန်သည် ရှိသော် ဥဿဘဝက်, တဥဿဘ။ ဂါဝုတ်ဝက်, တဂါဝုတ် မျှသော လမ်း၏ အတွင်း၌ ကျောက်ခဲကြီး တို့သည် ရှိကြကုန်၏။ ထိုကျောက်ခဲကြီးစသည်တို့ကို အမှတ်ထား၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သာလျှင် သွားကြကုန်၏။

အကယ်၍ တစုံတယောက်သော ရဟန်းအား သွားရာ၌ ကိလေသာ ဖြစ်ပေါ်လာငြားအံ့။ ထိုသွားရာ၌ပင်လျှင် ထိုကိလေသာကို မဖြစ်လာရအောင် နှိမ်၏၊ ထိုသို့ နှိမ်၍ ပျောက်ကင်းအောင် မတတ်နိုင်သော် ရပ်၍ နေ၏။ ထိုရပ်သော ရဟန်း၏ နောက်မှလာသော ရဟန်းသည်လည်း ရောက်လာ၍ ရပ်ပြန်၏။

ထိုအခါ၌ ကိလေသာ နှိပ်စက်၍ ရပ်သော ရဟန်းသည် ဤသို့ မိမိကိုယ်ကို ဆုံးမ၏။

အချင်း စိတ်မိုက်၊ ဤနောက်မှလာသော ရဟန်းသည် သင်၏ ကိလေသာ ဝိတက်ဖြစ်သည်ကို သိ၍ သွား၏။ သင် စိတ်မိုက်အား ဤသို့သော ကိလေသာ ဝိတက်စိတ် အကြံဖြစ်ခြင်းသည် မသင့်လျော်ချေ။ သင်၏ ကိလေသာ စိတ်အကြံကို ပျောက်အောင် ပယ်ဖျောက်လော့-ဟူ၍ မိမိ စိတ်ကို မိမိ အပြစ်တင်လျက် ဝိပဿနာကို ပွားစေ၍ ထိုနေရာ၌ပင်လျှင် အရိယာဘုံသို့ သက်ဝင်၏။ (မင်လေးပါးဘွင် တပါးကိုသော်လည်း ရ၏။)

ထိုသို့ ရပ်လျက် နှိမ်၍ ငြိမ်းပျောက်အောင် မတတ်နိုင်လျှင် ထိုင်၏၊ ထိုရဟန်းထိုင်သောအခါ၌ နောက်မှလာသော ရဟန်းသည်လည်း ထိုရဟန်း ထိုင်ရာအနီး၌ ထိုင်၏။

ထိုအခါ၌လည်း ရှေးနည်းအတိုင်း မိမိစိတ်ကို အပြစ်တင်၍ ဝိပဿနာကို ပွားလျက် အရိယာအဖြစ်သို့ ရောက်၏။

အရိယာအဖြစ်သို့ မရောက် သော်လည်း ထိုကိလေသာကို ပယ်ခွါ၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သာလျှင် သွား၏။ ကမ္မဋ္ဌာန်းနှင့် ကင်းလွတ်သော စိတ်ဖြင့် ခြေလှမ်းကိုမလှမ်း။ အကယ်၍လှမ်းမိငြားအံ့။ တဖန် ပြန်၍ ကမ္မဋ္ဌာန်းနှင့်လှမ်းသော ရှေးခြေရာသို့ ရောက်အောင် လာ၏၊ အာလိန္ဒက ဝါသီ-အိမ်ဦး ကျောင်းတိုက်နေ မဟာဖုဿဒေဝ ထေရ်ကဲ့သို့ ပြုလုပ်၏။

## ဖုဿဒေဝထေရ် အဘိက္ကန္တ ပဋိက္ကန္တဝတ်ကို ဖြည့်ကျင့်ကြောင်း

အာလိန္ဒက ဝါသီ ဖုဿဒေဝ ထေရ်သည် တဆယ့်ကိုးနှစ် ပတ်လုံး ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်လျက် သာလျှင် နေသတဲ့။

ထိုအရှင်မြတ် သွားချည်, ပြန်ချည်, နေသည်ကို လှမ်းခံ ခရီးအကြား၌ လယ်ယာ ထွန်ယက် စိုက်ပျိုး နင်းနယ်ကြကုန်လျက် အလုပ်လုပ်ကြကုန်သော လူတို့သည်လည်း မြင်ကြကုန်၏၊ မြင်ကြကုန်၍ ဤအရှင်မြတ်သည် အဖန်ဖန်

ပြန်၍ သွား၏။ အသို့နည်း ... လမ်းမှား၍ နေလေသလော။ (သို့မဟုတ်) တစုံတခု မေ့လျော့ ကျန်ရစ်၍ နေလေသလော-ဟု ပြောဆိုကြကုန်၏။

ဖုဿ ဒေဝ ထေရ်သည် ထိုလူတို့ ပြောဆိုကြသော စကားကို မကြားရောင် ပြု၍ ဂရု မထားဘဲ ကမ္မဋ္ဌာန်းကို နှလုံး သွင်းသော စိတ်ဖြင့်သာလျှင် သွားလျက် တရားကို အားထုတ်သည် ရှိသော် အနှစ်နှစ်ဆယ် အတွင်း၌ အရဟတ္တဖိုလ်သို့ ရောက်၏၊ အရဟတ္တဖိုလ်သို့ ရောက်သော နေ့တွင် ထိုထေရ်မြတ်၏ စင်္ကြန်အစွန်း၌ အမြဲစောင့်၍ နေသော နတ်သည် လက်ညှိုးတို့ဖြင့် မီးကို ထွန်း၍ ရပ်၏။ လေးယောက်ကုန်သော လောကပါလ စတုမဟာရာဇ် နတ်မင်းကြီးတို့သည်လည်းကောင်း, သိကြားမင်းသည် လည်းကောင်း, သဟမ္ပတိ ဗြဟ္မာမင်းသည် လည်းကောင်း, ဆည်းကပ် ခစား ပူဇော်ခြင်းငှါ ရောက်လာကြကုန်၏။

ထိုအရောင်တို့ကို မြင်၍ ဝနဝါသီ- တောကျောင်းနေ မဟာတိဿ ထေရ်သည် ဒုတိယနေ့၌ ညဉ့်အခါက ငါ့ရှင်၏ အထံမှ အရောင်သည်ဖြစ်၏။ အဘယ်အရောင်နည်း-ဟု မေး၏။

ဖုဿ ဒေဝ ထေရ်သည် စကားဝိက္ခေပကို ပြုလျက် အရောင်မည်သည် ကား ဆီမီးရောင်လည်း ရှိ၏။ ပတ္တမြားရောင်လည်းရှိ၏၊ ဤသို့ အစရှိသော စကားကို ဆို၏၊ ထိုနောက် ဖုံးလွှမ်းကြ အရှင်တို့-ဟု နိဗဒ္ဓစကားဖြင့် ဆိုသည်ရှိသော် ဟုတ်ပါ၏-ဟု ဝန်ခံ၍ ပြောကြား၏။

## မဟာနာဂထေရ် နှစ်ဆယ့်သုံးနှစ် အားထုတ်မှ ရဟန္တာဖြစ်ကြောင်း၊

ကာဠဝလ္လိ မဏ္ဍပ ဝါသီ-နွယ်ညို မဏ္ဍပ်, ကျောင်းတိုက်နေ မဟာနာဂ ထေရ်ကဲ့သို့လည်း ပြုလုပ်အားထုတ်၍ ဂတ ပစ္စာဂတ ဝတ်ကို ဖြည့်ကျင့်ရာ၏၊

ထိုမဟာနာဂ ထေရ်သည်လည်း အဘိက္ကန္တ ပဋိက္ကန္တ ဝတ်ကို ဖြည့်ကျင့်လျက် ရှေးဦးစွာ မြတ်စွာဘုရား၏ မဟာပဓာန အကျင့်မြတ်ကို ပူဇော်အံ့-ဟု ခုနစ်နှစ်ပတ်လုံး ရပ်ခြင်း, သွားခြင်းကို သာလျှင် ဆောက်တည်၍ အဓိဋ္ဌာန်ပြု၏၊ နောက်တဖန် တဆယ့်ခြောက်နှစ် ပတ်လုံး ဂတပစ္စာဂတ ဝတ်ကို ဖြည့်ကျင့်၍ အရဟတ္တဖိုလ်သို့ ရောက်၏။

ထိုမဟာနာဂ ထေရ်သည် ကမ္မဋ္ဌာန်းကို နှလုံးသွင်းသော စိတ်ဖြင့်သာလျှင် ခြေကို လှမ်းလျက် ကမ္မဋ္ဌာန်းကို နှလုံးမသွင်းမိသော စိတ်ဖြင့် ခြေလှမ်း

မိသည် ရှိသော် တဖန်ပြန်၍ လှမ်းလျက် ရွာအနီးသို့ ရောက်၍ နွားလေလော၊ ရဟန်းလေလော-ဟု တွေးတောဘွယ် ရှိသော အရပ်၌ ' ရပ်၍ သက်နိုးကို ရုံ၍ လက်ကတီး ကြိုင်းကြားမှ ရေဗူးဖြင့် ဆောင်ယူခဲ့သော ရေဖြင့် သပိတ်ကို ဆေး၍ ရေငုံသည်ကို ပြု၏။

အဘယ်ကြောင့်နည်း-ဟူမူကား.... ဆွမ်းလောင်းခြင်းငှါ လည်းကောင်း, ရှိခိုးခြင်းငှါ လည်းကောင်း လာသော လူတို့ကို အသက်ရှည်စေသတည်း-ဟု ဆုပေး စကားမျှဖြင့်လည်း ငါ့အား ကမ္မဋ္ဌာန်း ပျံ့လွင့်ခြင်း မဖြစ်စေရ-ဟု နှလုံးပြု၍ ရေလုပ်ငုံခြင်းကို ပြုသတည်း။

ဒီနေ့ ဘယ်နေ့ပါနည်း အရှင်ဘုရား-ဟု နေ့ကို မေးသော်လည်းကောင်း, အရှင်ဘုရား ကျောင်းတိုက်၌ ရဟန်းဘယ်မျှ ရှိပါသနည်း-ဟု ရဟန်း အရေအတွက်ကို မေးသော် လည်းကောင်း, တစုံတခုသော ပုစ္ဆာကို မေးသော် လည်းကောင်း, ရေကို မျို၍ ပြောကြား၏။ အကယ်၍ နေ့ စသည်ကို မေးလျှောက်သူ မရှိငြားအံ့.... ထွက်သော အခါ၌ ရွာတံခါးဝတွင် ရေကို ထွေး၍ ပြန်လာ၏။

## ဝါတွင်း သုံးလ ကတိကဝတ် ပြု၍ ရဟန်း ငါးဆယ် ရဟန္တာဖြစ်ကြောင်း

ကလမ္ဗတိတ္ထဝိဟာရ- ဟင်းနုနွယ်ပင် ပေါသော ဆိပ်ကမ်း ကျောင်းတိုက်၌ ဝါဆို၍ နေကြကုန်သော ရဟန်းငါးဆယ်တို့သည် ဝါဆိုလပြည့်နေ့၌ ကတိကဝတ်ကို ပြုကြကုန်၏။

ပြုပုံကား- (အရဟတ္တဖိုလ်သို့ မရောက်မူ၍ အချင်းချင်း စကားမပြောကြစတမ်း) ဤသို့ ကတိကဝတ်ကို ပြုကြပြီး၍ ရွာတွင်းသို့ ဆွမ်းခံ ဝင်သော အခါလည်း ရေငုံ၍ ဝင်ကြကုန်၏၊ နေ့ရက် စသည်ဘို့ကို မေးလျှောက်သူ ရှိမှ ရေကို မျို၍ ပြောဆိုကြ၏၊ မေးသူ မရှိလျှင် ရွာပြင် တံခါးဝ၌ ရေကို ထွေး၍ ပြန်လာကြကုန်၏။

လူတို့သည် ရေထွေးရာကို မြင်၍ ယနေ့ တပါးလာ၏။ ယနေ့ နှစ်ပါး လာ၏-စသည်ဖြင့် သိကြကုန်၏။ ဤသို့လည်း လူတို့ အကြံရှိကြကုန်၏၊

''အသို့နည်း ထိုရဟန်းတို့သည် ငါတို့လူများနှင့် သာလျှင်စကားမပြောဘဲ နေလေသလော။ (သို့မဟုတ်) အချင်းချင်းလည်း စကားမပြောဘဲ နေလေသခလော၊ အကယ်၍ အချင်းချင်းလည်း စကားမပြောဘဲ နေကုန်ငြားအံ့။

ကော် စင်စစ် ရန်ဖြစ်၍ နေကြကုန်လော့။ လာကြကုန်လော့။ ထိုရဟန်းတို့ကို အချင်းချင်း ကဲ့တော့ တောင်းပန်စေကုန်အံ့- ဟူ၍ အလုံးစုံသော လူတို့သည် ကျောင်းတိုက်သို့ သွား၍ ငါးဆယ်သော ရဟန်းတို့တွင် နှစ်ပါးသော ရဟန်းသည် တနေရာတည်း၌ မမြင်ကြကုန်-ဟု တိုင်ပင်ကြ ကုန်၏။”

ထိုလူအပေါင်းတို့တွင် ဉာဏ်မျက်စိ ရှိသော သူတယောက်သည်။

“မိတ်ဆွေတို့ ခိုက်ရန်ဖြစ်သော ရဟန်းတို့၏ နေရာသည် ဤကဲ့သို့မဟုတ်၊ ကောင်းမွန်စွာ တမြက်လှည်း၍, ထားသော စေတီယင်ပြင် ဗောဓိယင်ပြင်တို့ ရှိကုန်၏၊ ကောင်းစွာ တည်ထားသော သောက်ရေ သုံးရေရှိ၏၊ ကောင်းစွာ ထားသော တမြက်စည်းများသည်း ရှိ၏-” ဟု ပြောဆို၏။

ဤသို့ ဆိုသည် ရှိသော် လူအပေါင်းတို့သည် ပြန်သွားကြကုန်၏။ ထိုရဟန်း ငါးကျိပ်တို့သည်လည်း ဝါတွင်း သုံးလအတွင်း၌ ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်၍ မဟာ ပဝါရဏာကို ပြုကြကုန်၏။

ဤသို့ပျင် ကာဠဝလ္လိ မဏ္ဍပဝါသီ- နွယ်သို့ မဏ္ဍပ် ကျောင်းတိုက်နေ မဟာနာဂ သေရိကဲ့သို့ လည်းကောင်း, ကလမ္ဗ တိတ္ထ ဝိဟာရ- ဟင်းနုနွယ် ပင် ပေါက်သော ဆိပ်ကမ်း ကျောင်းတိုက်နေ ငါးကျိပ်သော ရဟန်းတို့ ကဲ့သို့ လည်းကောင်း, ကမ္မဋ္ဌာန်းကို နှလုံး သွင်းသော စိတ်ဖြင့် သာလျှင် ခြေကို လှမ်းသွားလျက် ရွာအနီးသို့ ရောက်လျှင် ရေကို ငုံ၍ မြို့တွင်း လမ်း, ရွာတွင်း လမ်းတို့ကို မှတ်သား၍ သေသောက်ကြူး အစရှိသော ဆူပူ သောင်းကြမ်းသူတို့ သည်လည်းကောင်း ကြမ်းသော ဆင်, မြင်း, နွား, ကျွဲ, ခွေး စသည်တို့သည် လည်းကောင်း မရှိသော လမ်းသို့ သွားကြ၏။

ထိုသို့ ဆွမ်းခံ သွားရာ၌လည်း လျှင်မြန်စွာ မသွားရ။ လျှင်မြန်စွာ သွားရသော ပိဏ္ဍပါတ် ဓုတင် မည်သည်လည်း တစုံတခုမျှ မရှိ၊ ရေလှဲကဲ့သို့ မတုန်မလှုပ် ငြိမ်သက်စွာ သွားရ၏၊ အိမ်စဉ်မပြတ် ဆွမ်းခံရာ၌လည်း လောင်းလိုသလော, မလောင်းလိုသလော- မှတ်သား ဆင်ခြင်၍ လောင်းလိုသည်ကို မြင်ငြားအံ့ – ဆိုင်းရပ်၍ ဆွမ်းကို ခံယူလျက် ရွာတွင်း၌သော် လည်းကောင်း, ရွာပ၌ သော် လည်းကောင်း, ကျောင်းတိုက်သို့ လာ၍သော်လည်းကောင်း, ချမ်းသာရာ သင့်လျော်ရာ အရပ်၌ ထိုင်၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် သာလျှင် အာဟာရေ ပဋိကူလ သညာကို ဖြစ်စေ၍ သားငယ် အသားကို မိဘ စားရာ ဥပမာကို မြင်စွာဘုရား ဟောတော် မူသည့်အတိုင်း နှလုံး သွင်း၍ ဆွမ်းစားခြင်း ကိစ္စကို ပြု၍ ပြီးဆုံးစေရာ၏။

ထို့နောက် တခါမျှ ဆွမ်းသိမ်းရစ်၍ အင့်တင့်တင့်နေသော ဘတ္တကိလမထ ကို ငြိမ်းစေပြီး၍ ပုရေ ဘတ္တအခါကဲ့သို့ ပစ္ဆာဘတ္တ အခါ၌ လည်းကောင်း,

ပုရိမ ယာမ အခါ၌ လည်းကောင်း, မဇ္ဈိမ ယာမ အခါ၌ လည်းကောင်း, ပစ္ဆိမ ယာမ အခါ၌ လည်းကောင်း, ဇာ မ္မဋ္ဌာန်းကို နှလုံးသွင်းလျက် သာလျှင် နေ၏။ သွားခြင်း,လာခြင်းကိုပြု၏၊ ဤနေ့ဟန်းဘည်ကား အသွားရှု, အပြန်ရှု ပုဂ္ဂိုလ် မည်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် သာမည ဖလကို မေးလျှောက်သော အဇာတသတ် မင်းအား ဟောကြားတော် မူသော (အဘိက္ကန္တေ, ပဋိက္ကန္တေ သမ္ပဇာန ကာရီ ဟောတိ။)ဟူသော သမ္ပဇညဒေသနာတော်နှင့်အညီ ဟရဏ ပစ္စာဟရဏ–ဟူ၍ ဆိုအပ်သော ဂတပစ္စာဂတ– ဟူ၍လည်း ဆိုအပ်သော ဤအဘိက္ကန္တ, ပဋိက္ကန္တ သမ္ပဇညဝတ်ကို အစဉ်မပြတ် ကျင့်သော ရဟန်းအား ရှေးရှေးသော မြတ်စွာဘုရားတို့၏ အထံတော်၌ မဂ်,ဖိုလ်,နိဗ္ဗာန်ကို အလိုရှိ၍ ပြုလုပ်ခဲ့ဘူးသော ဥပနိဿယ ပါရမီ အကြောင်း တရားနှင့် ပြည့်စုံသောသူ ဖြစ်ငြားအံ့ ပဌမ အရွယ်၌ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်နိုင်၏။

ပဌမအရွယ်၌ မရောက်လျှင် မဇ္ဈိမအရွယ်၌ အရဟတ္တဖိုလ်သို့ ရောက်နိုင်၏ မဇ္ဈိမအရွယ်၌ မရောက်သေးလျှင် သေခါနီးသော အခါ အရဟတ္တဖိုလ်သို့ ရောက်နိုင်၏၊ သေခါနီးသော အခါ၌ အကယ်၍ မရောက်ဘဲ သေသွားငြားအံ့။ နတ်သား ဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်ရာ၏။ နတ်သား ဖြစ်၍လည်း အရဟတ္တဖိုလ်သို့ မရောက်သေးငြားအံ့။ ဘုရား မပွင့်သော ကာလ၌ ဖြစ်၍ ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်ရာ၏။ (အာ ါဒါနိဝတ္ထုတော်ကြီး ပစ္စေက ဗုဒ္ဓါ တို့၏ ဝတ္ထုကို ကြည့်ရှု၍ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ကြောင်းကို သိရာ၏၊)

အကယ်၍ ပစ္စေကဗုဒ္ဓါ မဖြစ်ငြားအံ့။ နောင်အခါ၌ ပွင့်တော် မူလတံ့သော မြတ်စွာဘုရားတို့၏ လက်ထက်တော်၌ မဂ်တရား,ဖိုလ်တရားကို လျှင်မြန်စွာ သိနိုင်သော ခိပ္ပါဘိညာ ရဟန္တာအဖြစ်သို့ ရောက်နိုင်၏။

အဘယ် မထေရ်တို့ကဲ့သို့ ဖြစ်နိုင်သနည်း ဟူမူကား ဗာဟိယ ထေရ်ကဲ့သို့ လည်းကောင်း, မဟာပညာ တေဒဂ်ရ အရှင်သာရိပုတ္တရာကဲ့သို့လည်းကောင်း, မဟိဒ္ဓိက တေဒဂ်ရ အရှင်မဟာ မောဂ္ဂလာန်ကဲ့သို့လည်းကောင်း, ဓုတင်ဝါဒီ တေဒဂ်ရ အရှင်မဟာကဿပကဲ့သို့ လည်းကောင်း, ဒိဗ္ဗစက္ခုတေဒဂ်ရ အရှင် အနုရုဒ္ဓါကဲ့သို့ လည်းကောင်း, ဝိနည်းဓိုရ်တေဒဂ်ရ အရှင် ဥပါလိထေရ်ကဲ့သို့ လည်းကောင်း, ဓမ္မကထိက တေဒဂ်ရ မန္တာနိပုတ္တ–မယ်နို့ဖူး၏ သားတော် အရှင်ပုဏ္ဏ ထေရ်ကဲ့သို့ လည်းကောင်း, တောကျောင်းနေ တေဒဂ်ရ အရှင် ရေဝတ ထေရ်ကဲ့သို့ လည်းကောင်း, ဗဟုသုတ တေဒဂ်ရ အရှင်အာနန္ဒာ ထေရ်ကဲ့သို့ လည်းကောင်း,သိက္ခာကာမ တေဒဂ်ရ အရှင်ရာဟုလာ ထေရ်ကဲ့သို့ လည်းကောင်း, ခိပ္ပါဘိညာ ရဟန္တာ ဖြစ်နိုင်ရာ၏၊

ဤသို့လျှင် အသွားရှု အပြန်မရှု, အသွားမရှု အပြန်ရှု, အသွားမရှု အပြန်မရှု, အသွားရှုအပြန်ရှု-ဟူသော ဤစတုက္က၌ ဟရတိ, ပစ္စာဟရတိ-ဟူ၍ လည်းကောင်း, ဂတပစ္စာဂတ-ဟူ၍ လည်းကောင်း, အဘိက္ကန္တ ပဋိက္ကန္တ-ဟူ၍ လည်းကောင်း, အမည်ရသော ဤနောက်ဆုံး ပြဆိုသော အသွားရှု အပြန်ရှု ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကို သတိမလွတ်စေခြင်း-ဂေါစရ သမ္ပဇည်သည်လည်း သိခါပတ္တ ထိပ်ဆုံးကျ၏။ (အဋ္ဌကထာ။)

## အသမ္မောဟ သမ္ပဇည ဖြစ်ပုံ အလွန် သိမ်မွေ့ နက်နဲကြောင်း

အဘိက္ကန္တ ပဋိက္ကန္တ သွားခြင်း,ပြန်လာခြင်းတို့၌ တွေဝေခြင်းမရှိ၊ ရုပ်နာမ်ကို ဆင်ခြင်ခြင်းသည် အသမ္မောဟ သမ္ပဇည်မည်၏။

ထိုအသမ္မောဟသမ္ပဇည်ဖြင့် ဆင်ခြင်ပုံကို ဤသို့သိအပ်၏၊ ဤသာသနာတော်၌ ရဟန်းလုပ်သော သူသည် သွားသော်လည်း ကောင်း, လာသော်လည်းကောင်း အန္ဓဗာလ ပုထုဇဉ်တို့ကဲ့သို့ ကိုယ်သည် သွား၏၊ ကိုယ်သည် သွားခြင်းကို ဖြစ်စေ၏--ဟူ၍ လည်းကောင်း, ငါသည် သွား၏, ငါသည် သွားခြင်းကို ဖြစ်စေ၏-ဟူ၍ လည်းကောင်း, သက္ကာယဒိဋ္ဌိအားဖြင့် စွဲလမ်း ရောင်ဝါး မှောက်မှားတွေဝေခြင်းကို မပြုမူ၍, (ငါ၊ ကိုယ်--ဟူ၍ လည်း ကောင်း စွဲလမ်းရောင်ဝါးခြင်းကို မဖြစ်စေမူ၍။)သွားအံ့-ဟု စိတ်ဖြစ်သည် ရှိသော် ထိုစိတ်နှင့်တကွ စိတ္တဇ ဝါယောဓာတ်သည် ဝိညတ်နှင့်တကွ ဖြစ်၏။ ထိုစိတ္တဇဝါယောဓာတ် ပျံ့နှံ့သည်၏အစွမ်းဖြင့်သာလျှင် ကိုယ်-ဟူ၍ သမုတ် ရသော အရိုးစုသည် သွား၏။ (တောင့်တင်း တွန်းထိုးခြင်း လက္ခဏာရှိသော စိတ္တဇ ဝါယောဓာတ်၏ အစွမ်းဖြင့် စတုဇရုပ်တို့သည် ဖြစ်ပျက်, ဖြစ်ပျက် အစဉ်ဆက်၍ ဖြစ်ပျက်အစဉ်သည်သာလျှင် နေရာပြောင်းရွေ့သကဲ့သို့ ထင်ရ အောင် လျင်မြန်လှစွာ ဖြစ်ပျက်၍ သွား၏။)

တနေရာ၌ ဖြစ်သော စတုဇ ရုပ်သည် တနေရာသို့ မပြောင်းရွေ့ မူ၍ ဖြစ်သော နေရာ၌သာလျှင် ပျက်၏၊ နောက်ဆက်၍ ဖြစ်သော ရုပ်သစ်သည် တနေရာ၌ဖြစ်ပြန်၏။ တနေရာ၌ ဖြစ်သော ရုပ်ပျက် ပြန်ရင်း နောက်ဆက်၍ ဖြစ်သော ရုပ်တနေရာ၌ ဆက်၍ ဖြစ်ပြန်ရင်း ဤကဲ့သို့ ဖြစ်ပျက်, ဖြစ်ပျက် တနေရာစီဆက်၍ ဖြစ်ပျက်,ဖြစ်ပျက် အစဉ်မပြတ် ဆက်စပ်သည်ကို ခြေလှမ်း သည်-ဟူ၍ ဆိုရ၏၊ ရွေ့သွားသည်-ဟူ၍ ထင်ရ၏။ ထင်ရသော်လည်း ရွေ့သွားသော ရုပ်-ဟူ၍ တစုံတခုမရှိ။ ဖြစ်သော နေရာတွင် ပျက်၏။ နောက်ဆက်၍ တနေရာ၌ ဖြစ်သော အသစ်အသစ် ရုပ်သာ ရှိ၏။ ဤသို့

အသစ်အသစ် တနေရာစီ ဖြစ်၍ ဖြစ်သောနေရာ၌ ပျက်ကြသော ဖြစ်ပျက်, ဖြစ်ပျက် ရုပ်အစဉ်တို့သာ ရှိကုန်၏၊

ထိုကြောင့် "ဖြစ်ပျက်,ဖြစ်ပျက် တနေရာစီ ဆက်၍ ဖြစ်ပျက်,ဖြစ်ပျက် ရုပ်အစဉ်ကို ခြေလှမ်း၍ သွားသည်"ဟု ဆိုရ၏။

ဥပါဒ်ဖြစ်သော ရုပ်, ဌီဖြစ်သော ရုပ်, ဘင်ဖြစ်သောရုပ်-ဟူ၍ သုံးပုံ၌ ပြီးလျှင် ဥပါဒ်ဖြစ်သော ရုပ်သည် စိတ္တက္ခဏငယ် တချက်ခန့်သာ ရှိ၏။ ဘင်ဖြစ်သော ရုပ်သည်လည်း ထိုအတူ စိတ္တက္ခဏငယ် တချက်ခန့်သာရှိ၏။ ဌီဖြစ်သော ရုပ်သည်ကား စိတ္တက္ခဏငယ် လေးဆယ့်ကိုးချက်ခန့် ရှိ၏။

စိတ္တက္ခဏငယ် လေးဆယ့် ကိုးချက်ခန့် ရှိသော ရုပ်သည် ဘင်ခဏသို့ မရောက်မီ တောင့်တင်း တွန်းထိုးခြင်း သဘောရှိသော ဝါယောဓာတ်၏ အစွမ်းကြောင့် စိတ္တက္ခဏငယ် လေးဆယ့်ကိုးချက်ခန့် ကာလအတွင်း၌ နေရာ ရွှေ့သေး၏-ဟု ဆိုသော် ဆိုသင့်ရာ၏။ အလွန့်ထက် အလွန် အလွန်ကြီး လွန်အောင် သေးငယ် နုတ်ဖွဲ့လှသော အရာ ဖြစ်၍ သဗ္ဗညုတ ဉာဏ်မှသာ မြင်နိုင်ရာ၏။

## ခြေတလှမ်းကို ခြောက်ပုံပြု၍ ဖြစ်ပျက်ကို ရှုကြည့်ပုံ

ထိုသို့ ခြေကိုလှမ်း၍သွားသော ယောဂီသည် ခြေတလှမ်းတွင် ခြောက်ပုံ ပြု၍, ခြောက်ပိုင်း ပိုင်း၍, ဖြစ်ပျက်ကို ဆင်ခြင် ကြည့်ရှုရာ၏။ အဘယ်သို့ ခြောက်ပုံ ပုံသနည်း-ဟူမူကား....

၁။ ခြေကို မြေမှကြွခြင်း-ဥဒ္ဓရဏ။

၂။ ခြေကို ရှေ့သို့ ဆောင်ခြင်း-အတိဟရဏ။

၃။ သစ်ငုတ် ဆူးငြောင့် စသည်တို့ကြောင့် ခြေကို ထိုမှဤမှ ဆောင်ခြင်း ဝီတိဟရဏ။

၄။ ခြေကို အောက်မြေဆီသို့ လွှတ်ခြင်း-ဝေါဿဇ္ဇန။

၅၊ ခြေကို မြေ၌ ချထားခြင်း-သန္နိက္ခေပန။

၆။ ဒုတိယ ခြေကိုကြွသောအခါ ပထမခြေကို မြေ၌ ကြပ်ကြပ် နှိပ်၍ နင်းခြင်း-သန္နိရုဇ္ဈန။ (သန္နိရုမ္ဘန။)

(၁။ ခြေကြွခြင်း။ ၂။ ခြေဆောင်ခြင်း။ ၃။ ခြေဖဲ ရှောင်ခြင်း။ ၄။ ခြေကို လွှတ်ခြင်း။ ၅။ ခြေကို ချထားခြင်း။ ၆၊ ခြေကို ကြပ်ကြပ် နင်းခြင်း။ ခြောက်ဌာန ဖြစ်၏။)

ခြေကြွသော အခါ၌ ဖြစ်သော ရုပ်အစုတို့သည် ခြေကို ဆောင်သော အခါသို့ မရောက်မှီ ပျက်ကုန်၏။

ခြေကို ဆောင်သော အခါ၌ ဖြစ်သော ရုပ်အစုတို့သည် ခြေကို ဖဲရှောင်သော အခါသို့ မရောက်မှီ ပျက်ကုန်၏။

ခြေကို ဖဲရှောင်သော အခါ၌ ဖြစ်သော ရုပ်အစုတို့သည် ခြေကိုလွှတ်သော အခါသို့ မရောက်မှီ ပျက်ကုန်၏။

ခြေလွှတ်သော အခါ၌ဖြစ်သော ရုပ်အစုတို့သည် ခြေကို ချထားသော အခါသို့ မရောက်မှီ ပျက်ကုန်၏။

ခြေကို ချထားသောအခါ၌ ဖြစ်သော ရုပ်အစုတို့သည် ခြေကို ကြပ်ကြပ်နင်းသော အခါသို့ မရောက်မှီ ပျက်ကုန်၏။

ဤသို့လျှင် အဆစ်အဆစ်, အစပ်အစပ်, အပြတ်အပြတ်, အပိုင်းအပိုင်း, ဖြစ်ပျက် ဖြစ်ပျက် နေကုန်၏။

ဥပမာ ဆိုသည်ရှိသော် ချစ်ချစ် ပူသော အိုးကင်းသို့ ထည့်သော နှမ်းတို့သည် ဖြစ်ဖြစ် မြည်ကုန်သကဲ့သို့ ဖြစ်ဖြစ်မြည်၍ ပျက်ကုန် သကဲ့သို့ အလုံးစုံသော ရုပ်နာမ်အစုတို့သည် ဖြစ်ပျက်ဖြစ်ပျက် နေကုန်၏။

ဤသို့ဖြစ်ပျက် ဖြစ်ပျက် နေသည်ကို ငါ-ဟူ၍ လည်းကောင်း, ငါသွားသည်- ဟူ၍ လည်းကောင်း, အဘယ်သို့ ဆိုနိုင်တော့ မည်နည်း။

ကိုယ်- ဟူ၍ လည်းကောင်း, ကိုယ်သွားသည် ဟူ၍ လည်းကောင်း, အဘယ်သို့ ဆိုနိုင်တော့မည်နည်း။ ဤနေရာ၌ ဖြစ်သော ရုပ်နာမ် အစုသည် ဤနေရာ၌ ပင်လျှင် ဖြစ်၍ ပျက်သောကြောင့်. အဘယ်မှာ ငါသွားသည်- ဟူ၍ ဆိုနိုင်တော့အံ့နည်း။ ရုပ်နာမ် အစုတို့ ဖြစ်ပျက်ဖြစ်ပျက် နေသည် ဟူ၍ သာလျှင် ဆိုရ၏။ ဖြစ်ပျက်ဖြစ်ပျက် သာလျှင် နေ၏။

ဤသို့ သွားခြင်း, လာခြင်း စသည်တို့၌ ဖြစ်ပျက်ကို ရှုခြင်းသည် အသမ္မောဟ သမ္ပဇညမည်၏။ (အဋ္ဌကထာ)

၁။ အညံ့ ဥပ္ပဇ္ဇတိ စိတ္တံ၊ အညံ့ စိတ္တံ နိရုဇ္ဈတိ။
အဝိစိ မနု သမ္ဗန္ဓော၊ နဒီ သောတော ဝ ဝတ္တတိ။

၂။ ဇီဝိတံ အတ္တ ဘာဝေါ ၊ သုခ ဒုက္ခာစ ကေဝလာ။
ကေ စိတ္တ သမာယုတ္တာ၊ လဟုသော ဝတ္တ တေ ခဏော။

၃။ စုလ္လာသီတိ သဟဿာနိ၊ ကပ္ပံ တိဋ္ဌန္တိ ယေမရူ။
နတွေ၀ တေပိ တိဋ္ဌန္တိ၊ ဒွီ စိတ္တေဟိ သမောဟိတာ။

၄။ ယေ နိရုဒ္ဓါ မရန္တဿ၊ တိဋ္ဌ မာနဿ ဝါ ဣဓ။
သဗ္ဗေပိ သဒိသာ ခန္ဓာ၊ ဂတာ အပ္ပဋိ သန္ဓိကာ။

၅။ အနန္တရာ စ ယေ ဘဂ္ဂါ၊ ယေစ ဘဂ္ဂါ အနာဂတေ။
တဒန္တရာ နိရုဒ္ဓါနံ၊ ဝေသမံ နတ္ထိ လက္ခဏေ။

၆။ အနိဗ္ဗတ္တေန နဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါ မတော လောကော၊ ပညတ္တိ ပရမတ္ထိယာ။

၇။ အ နိဓာန ဂတာ ဘင်္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေဝ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူ ပမာ။

၈။ နိဗ္ဗတ္တာနဉ္စ ဓမ္မာနံ။ ဘင်္ဂေါ နေသံ ပုရက္ခတော။
ပလောက ဓမ္မာ တိဋ္ဌန္တိ၊ ပုရာဏေဟိ အမိဿိတာ။

၉။ အဒဿနတော အာယန္တိ၊ ဘင်္ဂါဂစ္ဆန္တျာ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

၁၀။ အနုပ္ပန္နာ ငုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ နိရုဇ္ဈရေ။
နိစ္စံ နဝါဝ သင်္ခါရာ၊ ဒိပဇာလ သမူ ပမာ။

အသမ္မောဟ သမ္ပဇည ဉာဏ် ထက်သန် စေခြင်း အကျိုးငှါ ဤဂါထာတို့ကို နှုတ်ဝယ် ရအောင် ဆောင်၍ ရွတ်ခါ ရွတ်ခါ မပြတ် ရှုရန်။

အနက်ကား....

၁။ အညံ၊ တပါးသော။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အညံ၊ တပါးသော။ စိတ္တံ၊ စိတ်သည်။ နိရုဇ္ဈတိ၊ ပျက်၏။ အဝိစိမနုသမ္ဗန္ဓော၊ အကြားမလပ် အစဉ်စပ်လျက်။ နဒီသောတောဝ၊ မြစ်ရေ အယဉ်ကဲ့သို့။ ဝတ္တတိ။ ဖြစ်ပျက်-ဖြစ်ပျက် နေ၏။

၂။ ဇီဝိတံ၊ ဇီဝိတိန္ဒြေသည် လည်းကောင်း။ အတ္တဘာဝေါစ၊ ဝေဒနာ ဇီဝိတ၊ စိတ်မှ တပါးသော အတ္တဘောသည် လည်းကောင်း။ သုခ ဒုက္ခာစ၊ ဆင်းရဲ ချမ်းသာတို့သည် လည်းကောင်း။ ကေဝလာ၊ အလုံးစုံသော တရားတို့သည်။ ကေ စိတ္တ သမာယုတ္တာ၊ တချက်တချက်သော စိတ္တက္ခဏနှင့်ယှဉ်၍ တကွ ဖြစ်ကုန်၏။ ခဏော၊ ဖြစ်ပျက် ခဏသည်။ လဟုသော၊ လျင်မြန်စွာ ဝတ္တတေ၊ ဖြစ်ပျက် ဖြစ်ပျက် နေ၏။

၃။ ယေမဉ္ဇူ၊ အကြင်နေဝသညာနတ်ဗြဟ္မာတို့သည်။ စုလ္လာသိတိ သဟဿာနိ ကပ္ပံ၊ မဟာကပ် ရှစ်သောင်း လေးထောင် ကာလပတ်လုံး၊ တိဋ္ဌန္တိ၊ နေဝသညာဘုံ၌ တည်နေကုန်၏။ တေပိ၊ ထို နေဝသညာ နတ်ဗြဟ္မာတို့သည်လည်း။

ဒွိစိတ္တောဟိ၊ စိဘ္ဘက္ခဏ နှစ်ချက်တို့နှင့်။ သမောဟိတာ၊ ညီမျှကုန်၍။ နတွေဝ တိဋ္ဌန္တိ၊ မတည်နိုင်ကုန်သည် သာတည်း။

၄။ မရန္တဿ၊ သေသောသူ၏။ နိရုဒ္ဓါ၊ စုတိရောက်၍ ချုပ်ပျောက်ကုန်သော ယေခန္ဓာဝါ၊ အကြင်ရုပ်နာမ်တို့သည် လည်းကောင်း။ ဣဓ၊ ဤလူ့ဘဝ၌။ တိဋ္ဌမာနဿ၊ မသေသေးဘဲ တည်ဆဲ ဖြစ်သော သူ၏။ နိရုဒ္ဓါ၊ ပျက်ဆဲ ဖြစ်ကုန်သော။ ယေခန္ဓာဝါ၊ အကြင် ရုပ်နာမ်တို့သည် လည်းကောင်း။ သန္တိ၊ ရှိကြကုန်၏။ သဗ္ဗေပိတေခန္ဓာ၊ အလုံးစုံကုန်သော ထိုရုပ်နာမ်အစုတို့သည်၊ အပ္ပဋိသန္ဓိကာ၊ တဖန်ပြန်၍ မဖြစ်လာကုန်ဘဲ။ သဒိသာ၊ ဖြစ်ပျက်သဘော တူကုန်သည် ဖြစ်၍။ ဂတာ၊ ပျက်သွားကြလေကုန်၏။

၅။ အနန္တရာ ရှေ့အခြားမဲ့၌၊ ယေစဘဂ္ဂါ၊ အကြင်ပျက်ပြီးသော ရုပ်နာမ်တို့သည် လည်းကောင်း၊ အနာဂတေ၊ နောက် အခြားမဲ့၌၊ ယေစဘဂ္ဂါ၊ အကြင်ပျက်လာသော ရုပ်နာမ်တို့သည် လည်းကောင်း။ တဒန္တရာ၊ ထိုရှေ့နောက် ပျက်ပြီး ပျက်လတံ့ အကြား၌၊ နိရုဒ္ဓါနံ၊ ပျက်ဆဲသော ရုပ်နာမ်တို့၏၊ လက္ခဏာ၊ ပျက်ခြင်းလက္ခဏာ၌။ ဝေသမံ၊ ထူးခြားခြင်းသည်။ နတ္ထိ မရှိ။

၆။ အနိဗ္ဗတ္တေန-ဖြစ်ဆဲ မဟုတ်သော စိတ်ဖြင့်။ န ဇာတော- သတ္တဝါ မဖြစ်၊ ပစ္စုပ္ပန္နေန -ဖြစ်ဆဲသော စိတ်ဖြင့်သာလျှင်။ ဇီဝတိ-အသက် ရှင်၏၊ စိတ္တဘင်္ဂါ-စိတ်ပျက်သည်ရှိသော်။လောကော-သတ္တဝါသည်။ မတော-သေ၏။ ပညတ္တိ-ဖြစ်ပျက် မပြတ်, နောက်ထပ်မကွာ, ဆက်ခါ ဆက်ခါ နေသော ဖြစ်ပျက် အစဉ် သန္တာနပညတ်သည်၊ ပရမတ္ထိယာ-ပရမတ်ကဲ့သို့ မှတ်ထင်ရ၏။ (ဝါ) အဟုတ်အမှန် ရှိသကဲ့သို့ မှတ်ထင်ရ၏။

၇။ ဘင်္ဂါ-ပျက်ကုန်ပြီးသော ရုပ်နာမ်တို့သည်။အနိဓာနဂတာ-သိုမှီခြင်းသို့ မရောက်ကုန်။ အနာဂတေ-နောက်အခါ၌။ ပုဉ္ဇော-လာ၍ ဖြစ်ဖို့ရာ အပုံအစုသည်၊ (ပုံစု၍ ထားခြင်းသည်၊) နတ္ထိ-မရှိချေ။ နိဗ္ဗတ္တာယေဝ-ဖြစ်ဆဲဖြစ်ကုန်၍သာလျှင်။ တိဋ္ဌန္တိ-တည်ကုန်၏၊ အာရဂ္ဂေ-အပ်ဖျား, ပွတ်ဖူးဖျား၌။ သာသပူ ပမာ-ဘင်ထားသော မုံညင်းစေ့ တည်သသောက် ပမာဏ ကာလဖြင့် တည်ကုန်၏၊

၈။ နိဗ္ဗတ္တာနံ- ဖြစ်ဆဲဖြစ်ကုန်သော။ နေသံစ ဓမ္မာနံ-ထိုရုပ်နာမ် တရားတို့၏လည်း။ ဘင်္ဂါ-ပျက်ခြင်းသည်။ ပုရက္ခတော-ရှေ့နားမှာ ကပ်၍ နေ၏။ တေ-ထိုဖြစ်ဆဲရုပ်နာမ်တို့သည်။ပလောကဓမ္မာ-ပျက်လတံ့ သဘော ရှိကုန်၏။ ပုရာဏေဟိ-ရှေးဖြစ်ပျက်ပြီး ရုပ်နာမ်တို့နှင့်။ အမိဿိတာ-မရောစပ် ကုန်ဘဲ တိဋ္ဌန္တိ-တည်ကုန်၏။

၉။ အဒဿနဘော-မရှိရာ၊မမြင်ရာမှ။ အာယန္တိ-ရှိ၍ လာကုန်၏၊ ဘင်္ဂါ-ပျက်သွားကုန်သော ရုပ်နာမ်တို့သည်။ အဒဿနံ-မမြင်ရာသို့။ ဂစ္ဆန္တိ-ရောက်ကုန်၏၊ အာကာသေ-ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဝ-လျှပ်စစ်၏ ဖြစ်ခြင်းပျက်ခြင်း ကဲ့သို့၊ ဥပ္ပဇ္ဇန္တိစ-ဖြစ်လည်း ဖြစ်ကုန်၏၊ ဝယန္တိစ-ပျက်လည်းပျက်ကုန်၏။

၁၀။ အနုပ္ပန္နာဝ-ရှေးက မဖြစ်ဘူးသော အသစ် ရုပ်နာမ်တို့သည် သာလျှင်။ ဥပ္ပဇ္ဇန္တိ-ဖြစ်လာကုန်၏၊ ဥပ္ပန္နာစ-ဖြစ်လာကုန် ပြီး၍လည်း၊ နိရုဇ္ဈရေ-ခဏာချက်ခြင်း ပျက်ကုန်၏၊ သင်္ခါရာ-ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ နိစ္စံ-အမြဲမပြတ်။ နဝါဝ-အသစ်အသစ်တို့သည်သာလျှင်။ ဒိဝဇာလသမူပမာ-ဆီမီးလျှံနှင့် တူကုန်၏၊

အဘိက္ကန္တေ ပဋိက္ကန္တေ၊ သမ္ပဇာန ကာရီဟောတိ-ဟူသော ပုဒ်၏ အဖွင့်အနက် အဓိပ္ပါယ် ပြီး၏၊

အာလောကိတေ ဝိလောကိတေ သမ္ပဇာန ကာရီဟောတိ၊ (ပါဠိတော်။)

အာလောကိတေ - ရှေ့သို့ တည့်တည့် ကြည့်ရှုခြင်း၌ လည်းကောင်း ဝိလောကိတေ-လက်ဝဲ လက်ယာ လှည့်၍ ကြည့်ရှုခြင်း၌ လည်းကောင်း။ သမ္ပဇာန ကာရီ-ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ-ဖြစ်၏။ (ငုံ့၍ကြည့်ရှုခြင်း, အပေါ်သို့ကြည့်ရှုခြင်း တို့သည်း ပါဝင်ကုန်၏။)

ရှေ့ကို ကြည့်အံ့-ဟူ၍ စိတ်ဖြစ်သည် ရှိသော် စိတ်၏ အလိုအားဖြင့် မကြည့်ရှုသေးဘဲ အကျိုး ရှိ,မရှိကို ဆင်ခြင်ခြင်းသည် သတ္ထကသမ္ပဇညမည်၏။

ထိုကဲ့သို့ ဆင်ခြင်၍ ကြည့်ရှုခြင်းကို အရှင်နန္ဒ ထေရ်ကို သက်သေပြု၍ သိအပ်၏။ မြတ်စွာဘုရားသည် အရှင် နန္ဒသေရ်၏ အကြောင်းကို ဤသို့ ဟောတော်မူ၏။

> သစေ ဘိက္ခဝေ နန္ဒဿ ပုရတ္ထိမာ ဒိသာ ဩလောကေတဗ္ဗာ ဟောတိ။ သဗ္ဗံ စေတသာ သမန္နာဟရိတွာ နန္ဒော ပုရတ္ထိမံ ဒိသံ ဩလောကေတိ။ ဧဝံ မေ ပုရတ္ထိမံ ဒိသံ ဩလောကတော န အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုန္တိ။ ဣတိ သတ္တကသမ္ပဇာနော ဟောတိ။

ဘိက္ခဝေ-ချစ်သားရဟန်းတို့။ နန္ဒဿ-ငါ၏ညီတော်အရှင်း နန္ဒမင်းအား" ပုရတ္ထိမာဒိသာ - အရှေ့မျက်နှာ အရပ်ကို။ ဩလောကေတဗ္ဗာ-ကြည့်ရှုစရာသည်၊ သစေ ဟောတိ - အကယ်၍ ဖြစ်ငြားအံ့။ သဗ္ဗံ - အလုံးစုံသော အကြောင်းကို။ စေတသာ - စိတ်ဖြင့်။ သမန္နာဟရိတွာ - ဆင်ခြင် ပြီး၍၊

နန္ဒော–ငါ၏ညီရင်း နန္ဒာမင်းသည်။ ပုရတ္ထိမံ ဒိသံ အရှေ့ မျက်နှာ အရပ်ကို။ ဩလောကေတိ – ကြည့်ရှု၏၊ ပုရတ္ထိမံ ဒိသံ – အရှေ့ မျက်နှာ အရပ်ကို။ ဩလောကယတော –ကြည့်ရှုသော။ မေ–ငါအား၊ ဧဝံ–ဤသို့ ကြည့်ရှုသည် ရှိသော်။ အဘိဇ္ဈာ ဒေါမနဿာ–တပ်မက်ခြင်း, နှလုံးမသာခြင်းတို့ ဖြစ်ကုန်သော။ ပါပကာ–ယုတ်မာ ကုန်သော၊ အကုသလာဓမ္မာ၊ အကုသိုလ် တရားတို့သည်၊ န အန္ဝာဿဝေယျုံ–အစဉ်လိုက်၍ မနှိပ်စက်ကုန်ရာ။ ဣတိ–ဤသို့ ဆင်ခြင်ပြီးမှ ကြည့်ရှု၏။ ဣတိ–ဤသို့။ သတ္ထက သမ္ပဇာနော။ အကျိုးရှိ,မရှိ ဆင်ခြင်ခြင်း သတ္ထကသမ္ပဇညသည်။ ဟောတိ–ဖြစ်၏။ (ပစ္ဆိမာဒိသာ, ဥတ္တရာဒိသာ, ဒက္ခိဏာဒိသာ, ဥဒ္ဓံ, အဓော, အနုဒိသာ-နည်းတူ ဟောတော်မူ၏၊)

ဤအာလောကိတ, ဝိလောကိတ အရာ၌လည်း ရှေးဆိုပြီးသောအဘိက္ကန္တ ပဋိက္ကန္တ အရာ၌ စေတီတော်ကို ဖူးမြင်ခြင်း. ဗောဓိပင်ကို ဖူးမြင်ခြင်း– စသည်တို့၏ အစွမ်းဖြင့် အကျိုးရှိ,မရှိကို လည်းကောင်း, သင့်,မသင့် လျော် မလျော်ကို လည်းကောင်း, ဆင်ခြင်ခြင်းအားဖြင့် သတ္ထကသမ္ပဇည, သပ္ပါယ သမ္ပဇည ဖြစ်ပုံကို သိအပ်၏၊

ကမ္မဋ္ဌာန်းကို သတိ မလွှတ်စေရအောင် ကြည့်ရှုခြင်းသည်ကား ဂေါစရ သမ္ပဇည ဖြစ်၏။ ကမ္မဋ္ဌာန်းကို သတိလွှတ်၍ ကြည့်ရှုလျှင် သတ္ထကသမ္ပဇည သပ္ပါယ သမ္ပဇည ဖြစ်သော်လည်း ဂေါစရသမ္ပဇည မဖြစ်၊

ထို့ကြောင့် ခန္ဓာ, အာယတန, ဓာတ် ရုပ်, နာမ်တို့၏ ဖြစ်ပျက်ကို ကြည့်ရှုသော ဝိပဿနာ ကမ္မဋ္ဌာန်း သမားသည်လည်းကောင်း, ကသိုဏ်း ဆယ်ပါး အသုဘ ဆယ်ပါး–အစရှိသော သမထ ကမ္မဋ္ဌာန်းသမားသည် လည်းကောင်း, ကမ္မဋ္ဌာန်းကို အဦး အစ ပဓာနထား၍ သာလျှင် တည့်တည့် ကြည့်ခြင်း, လှည့်၍ ကြည့်ခြင်းကို ပြုအပ်၏၊ ကမ္မဋ္ဌာန်းကို သတိ မလွှတ်စေရ။ သို့မှသာလျှင် ဂေါစရ သမ္ပဇည ဖြစ်၏၊

## ကြည့်ရှုရာ၌ အသမ္မောဟ သမ္ပဇည ဖြစ်ပုံ

ဘဝင်း လှုပ်ခြင်းကို အစပြု၍, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်,သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇောခုနစ်ကြိမ်, တဒါရုံ နှစ်ကြိမ်။ ထိုနောင်ဘဝင်....

ဤသို့ စက္ခုဒွါရ ဝီထိစိတ် အစဉ် ဖြစ်သည်ကို ကြည့်ရှုသည်–ဟု ဆို၏။

ထိုစက္ခုဒွါရ ဝီထိစိတ် မဖြစ်မီ ရှေးအဘို့၌ တစုံတခုသော အဆင်းကို ကြည့်ရှုလို၍ ကြည့်ရှုအံ့-ဟု စိတ်ဖြစ်၏။ ထိုစိတ်သည် မနောဒွါရ ဝီထိစိတ် ဖြစ်၏၊

ဖြစ်ပုံကား-ကြည့်ရှုလိုသော အနာဂတ် ဖြစ်လတံ့သော ရူပါရုံကို အာရုံ ပြု၍ မနောဒွါရာဝဇ္ဇန်း ဇော ခုနစ်ကြိမ် တဒါရုံ နှစ်ကြိမ်။ ထိုနောင်ဘွင်....

သဏ္ဌာန ပညတ်ကို အာရုံပြု၍ မနော ဒွါရာဝဇ္ဇန်း ဇော ခုနစ်ကြိမ်။ ထိုနောင်ဘွင်....

နာမ ပညတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, ဇော ခုနစ်ကြိမ်။ ထို နောင်ဘွင်....

လူကို ကြည့်ရှုအံ့-ဟု စိတ်ဖြစ်သောအခါ၌ ထိုစိတ်သည် လူဒြပ်၊ သဏ္ဌာန အတ္ထပညတ်ကို အာရုံပြု၍ဖြစ်သော မနောဒွါရ ဝီထိစိတ်။

မည်သူမည်ဝါ–ဟူသော အမည် နာမပညတ်ကို အာရုံပြု၍ ဖြစ်သော မနောဒွါရ ဝီထိစိတ်။

ထိုဝီထိစိတ်တို့သည် အကြိမ်ပေါင်း တသောင်း, တသိန်းမက များစွာ ဖြစ်၍ ပျက်ကုန်ပြီးမှ ပစ္စုပ္ပန်ရူပါရုံ အဆင်းကို အာရုံပြု၍ စက္ခုဒွါရ ဝီထိ စိတ် ဖြစ်၍လာ၏။ ထိုစက္ခုဒွါရ ဝီထိစိတ်ဖြစ်ပြီးနောက် အတိတ် ဖြစ်သော စက္ခုဒွါရ ဝီထိစိတ်၏ အာရုံဖြစ်သောရူပါရုံကိုပင်လျှင်အာရုံပြု၍ တဒနုဝတ္တက မနောဒွါရ ဝီထိစိတ်တို့သည်လည်း အကြိမ်ပေါင်း တသောင်း, တသိန်းမက အောင် များစွာ ဖြစ်၍ ပျက်ကုန်၏။

ထိုနောက် အတ္ထ ပညတ္တိဝီထိ, နာမပညတ္တိဝီထိ တို့သည်လည်း အကြိမ် ပေါင်း တသောင်း,တသိန်းမကအောင် ဖြစ်၍ ပျက်ကုန်၏။

ဤကဲ့သို့ ဖြစ်၍ပျက်ကုန်ပြီးသော ရုပ်နာမ် အစုမှတပါး တစုံတခုမရှိ။

ဘဝင်စိတ်တို့သည်ကား ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ထိုဝီထိစိတ်တို့၏ အကြား၌ မရေတွက်နိုင်အောင် ဖြစ်၍ ပျက်ကုန်၏၊ ထိုဘဝင်စိတ်တို့ မခြားဘဲ ဝီထိစိတ် သက်သက် ဆက်၍ ဖြစ်ခြင်းမရှိ။

ဝီထိစိတ် မဖြစ်သည့် ရှိသော် ဘဝင်စိတ်တို့သည် အစဉ်မပြတ် ဖြစ်ကုန်၏။ ထိုဘဝင်စိတ်ကိုပင် မနောဒွါရ–ဟူ၍ ဆို၏။

ထိုမနောဒွါရ၌ အာရုံထင်လာသည်ရှိသော် ဘဝင် စလန, ဘဝင်ုပစ္ဆေဒ ဟူ၍ ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ပြတ်၏၊ ထိုနောင် မနောဒွါရာဝဇ္ဇန်း ဇော ခုနစ်ကြိမ်ဖြစ်၍ ဘဝင်ဆက်ပြန်၏။

တခုသော ဘဝတွင် ဘဝင်စိတ်ဘွဲက သာလျှင် များစွာ ဖြစ်ကုန်၏။ ဝိထိစိတ်ကား အာရုံထင်လာမှ ဘဝင်ပြတ်၍ ဖြစ်လာ၏။ (အာရုံ ထင်ပုံကို သိလိုလျှင် ဒိဒိလက်ဆန်းမှာ ရှုရာ၏။)

အဘိဓ ာတ် ပုဂ္ဂိုလ်တို့ ရေးထားသော အဘိဓမ္မာကျမ်းစာ တို့သည် လည်း များစွာ ရှိကုန်၏၊ ထိုအဘိဓမ္မာကျမ်းစာတို့ကို ကြည့်ရှုလျှင် အသမ္မောဟ သမ္ပဇည ဖြစ်ကြောင်းတည်း။

ကြည့်ရှု၍ မြင်ခြင်းသည် စက္ခုဝိညာဏ် စိတ်တည်း။ ထိုစက္ခုဝိညာဏ် စိတ်၌ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ,မနသိကာရ, သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနစ်ခု ယှဉ်၏၊ ထိုစက္ခုဒွါရိကစိတ်, စေတသိက်တို့သည် စက္ခုပသာဒဝတ္ထုကို မှီ၍ ဖြစ်ကုန်ကြ၏၊ ရူပါရုံကို အာရုံ ပြုကုန်၏။

ခန္ဓာဖွဲ့သည် ရှိသော်-စက္ခုပသာဒဝတ္ထု, ရူပါရုံတို့သည် ရူပက္ခန္ဓာ ဖြစ်ကုန် ၏၊ စက္ခုဝိညာဏ်စိတ်၌ ယှဉ်ကုန်သော သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခုနစ်ခုတို့တွင် ဝေဒနာ စေတသိက်သည် ဝေဒနက္ခန္ဓာ မည်၏။ သညာ စေတသိက်သည် သညက္ခန္ဓာ မည်၏၊ ကြွင်းသော စေတသိက် ငါးခုသည် သင်္ခါရက္ခန္ဓာမည်၏၊ စက္ခုဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့ ခန္ဓာငါးပါးဖြစ်၍ ပျက်သည်ကို ကြည့်ရှုသည်-ဟု ဆို၏၊ ကြည့်ရှုတတ်သော ကိုယ်-ဟူ၍ တခုတခုမရှိ၊ (အဋ္ဌကထာ)

စက္ခုပသာဒ ဝတ္ထုသည် စက္ခုဓာတ်မည်၏။ ရူပါရုံသည် ရူပဓာတ်မည် ၏၊ မြင်ခြင်းစက္ခုဝိညာဏ်စိတ်သည် စက္ခုဝိညာဏဓာတ်မည်၏။ စက္ခုဝိညာဏ် စိတ်၌ ယှဉ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုတို့သည် ဓမ္မဓာတ် မည်ကုန်၏၊ ဤကား ဓာတ်ဖွဲ့၍ အသမ္မောဟ သမ္ပဇည ဖြစ်အောင် ကြည့်ရှု နည်းတည်း။

စက္ခုပသာဒ ဝတ္ထုသည် နိဿယပစ္စည်း၊ အဆင်း ရူပါရုံသည် အာရမ္မဏ ပစ္စည်း၊ စက္ခုဝိညာဏ်စိတ်၏ ရှေးအနန္တရ ဖြစ်သော စက္ခုဒွါရာ ဝဇ္ဇန်း စိတ်သည် အနန္တရ, သမနန္တရ, နိဿယ, နတ္ထိ, ဝိဂတပစ္စည်းစု။

အာလောကလင်းသည် ဥပနိဿယပစ္စည်း၊ စက္ခုဝိညာဏ်စိတ်၌ ယှဉ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုသည် သဟဇာတာဒိပစ္စည်း၊ ဤကား

ပဋ္ဌာန်းပစ္စည်း အားဖြင့် အသမ္မောဟ သမ္ပဇဉ်ဖြစ်အောင် ကြည့်ရှုနည်း တည်း။ (အဋ္ဌကထာ)

သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာန ကာရီ ဟောတိ။ (ပါဠိတော်)

သမိဉ္ဇိတေ၊ ကွေးခြင်း၌ လည်းကောင်း။ ပသာရိတေ၊ ဆန့်ခြင်း၌လည်း ကောင်း၊ သမ္ပဇာန ကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ (အနက်)

ကွေးလို ဆန့်လိုသော စိတ်ဖြစ်တိုင်း ကွေးခြင်း, ဆန့်ခြင်းကို မပြုသေး ဘဲ၊ ကွေးခြင်း, ဆန့်ခြင်းတည်းဟူသော အကြောင်းကြောင့် အကျိုးရှိ, မရှိကို ဆင်ခြင်၍ အကျိုးရှိမှ ကွေးခြင်း, ဆန့်ခြင်းကို ပြုရာ၏။ ဤကား- သတ္ထကသမ္ပဇဉ်မည်၏။

ဆင်ခြင်ပုံကား–လက်ခြေတို့ကို အလွန်ကြာရှည်စွာ ကွေး၍သော်လည်း ကောင်း၊ အလွန်ကြာရှည်စွာ ဆန့်၍သော်လည်းကောင်း နေသော ရဟန်း အား ဒုက္ခဝေဒနာသည် ဖြစ်တတ်၏။ (လက်ကျင်၍, ခြေကျင်၍ နေတတ် ၏။) စိတ်သည် တည်ကြည်ခြင်းကို မရတတ်။ ကမ္မဋ္ဌာန်းမှ လျှောလျော၍ ကျတတ်၏။ တရားထူးကို မရနိုင် ဖြစ်တတ်၏။

မှန်၏၊ အခါကို ဆင်ခြင်၍ ကွေးခြင်း, ဆန့်ခြင်းကို ပြုသော ရဟန်း အား ထိုလက်ကျင်ခြင်း, ခြေကျင်ခြင်း, ကိုက်ခြင်း, တက်ခြင်း, ဝေဒနာ တို့သည် မဖြစ်နိုင်ကုန်။ စိတ်တည်ကြည်ခြင်း ဖြစ်၏။ ကမ္မဋ္ဌာန်း တိုးပွား၏။ တရားထူးကို ရလွယ်တတ်၏။ ဤသို့ အကျိုးရှိ, မရှိကို သိအပ်၏၊ အကျိုး ရှိသော်လည်း သင့်, မသင့် လျော်, မလျော် ဆင်ခြင်၍ သပ္ပါယ သမ္ပဇဉ် ကို ပြုရာ၏။

ဤဆိုလတ္တံ့သော ဝတ္ထုသည် ထိုကွေးခြင်း, ဆန့်ခြင်းကို ပြုရာ၌ နည်း အမြွက်တည်း။

## ရဟန်းငယ် လေးပါး၏ဝတ္ထု၊ အတန်း အဆန့်မှား၍ ပျက်ပြားကြောင်း

သီဟိုဠ်ကျွန်း မဟာစေတီ ယင်ပြင်တော်၌ ရဟန်းငယ်တို့သည် သရဇ္ဈာယ ခြင်းကို ပြုကြကုန်သတဲ့။ ထိုရဟန်းငယ်တို့၏ နောက် နံဘေးတို့၌ ရဟန်း မိန်းမငယ်တို့သည် တရားနာ၍ နေကြကုန်သတဲ့။

ထိုသို့ နေကြရာ၌ ရဟန်းငယ်တပါးသည် လက်ကို ဆန့်တန်းလိုက်သည် ရှိသော် ရဟန်းမိန်းမငယ် တယောက်၏ ရင်ဘတ်ကို ထိမိ၍ ရဟန်းမိန်းမငယ်က လက်ကို ဘဲ့ကိုင်၍ မိမိရင်ဘတ်မှာ ထားသဖြင့် ကာယ သံသဂ္ဂ ဖြစ်၍ နှစ်ဦးလုံးပင် လူထွက်ကြသတဲ့။ (မူလပဏ္ဏာသ အဋ္ဌကထာ, အပဒါန် အဋ္ဌကထာ, သုတ်သီလက္ခန် အဋ္ဌကထာ။)

ရဟန်းငယ်တပါးသည် ခြေကို ဆန့်တန်းလိုက်သည် ရှိသော် မီးဖိုထည်းသို့ ကျသဖြင့် အရိုးထိအောင် မီးလောင်သတဲ့။ တပါးက တောင်ပို့ကို ထိ၍ မြွေဟောက် ကိုက်သတဲ့။ ရဟန်းငယ် တပါးသည် သက်န်းတန်းကို ဆန့်တန်းသော လက်ဆိ၍ ထိုလက်ကို မြွေစိမ်းခေါင်းကြီး ကိုက်သတဲ့။

ထိုကြောင့် ဤကဲ့သို့သော အသပ္ပါယ အရာ၌ မဆန့်တန်းမူ၍ သပ္ပါယ အရာ၌ သာလျှင် ဆန့်တန်းရာ၏။ ဤကား သပ္ပါယ သမ္ပဇဉ်ဖြစ်ပုံတည်း။ (ကွေးခြင်း, ဆန့်ခြင်းကို ပြုရာ၌ဤဆိုလတံ့သော ဝတ္ထုသည် အထူးမှတ်ဖွယ်)

## ဂေါစရ သမ္ပဇဉ်နှင့် ပြည့်စုံသော မဟာထေရ်၏ ဝတ္ထု

မဟာထေရ်မြတ်သည် နေ့သန့်ရာ၌ နေသည်ရှိသော် အန္တေဝါသိက တပည့်တို့သည် လာ၍စကားပြောသဖြင့် အဆောတလျင် လက်ကိုကွေးလိုက်မိ၍ နောက်တဖန် ဆန့်တန်း၍ ထားပြီးတိုင်း နေရာ၌ ထားပြီးမှ ဖြေးဖြေး နှေးနှေး ကွေးပြန်သတဲ့။ ထိုမဟာထေရ်မြတ်ကို အန္တေဝါသိက တပည့်တို့က မေးကြကုန်၏။

အဘယ်ကြောင့် အဆောတလျင် လက်ကို ကွေးလိုက်ပြီးမှ နောက်တဖန် ဆန့်တန်းပြန်၍ ဖြေးဖြေးနှေးနှေး ကွေးပါသနည်း- အရှင်ဘုရား- ဟု မေးလျှောက်ကြသော အခါ "ငါ့ရှင်တို့ ငါသည် ကမ္မဋ္ဌာန်းကို အားထုတ်၍ နှလုံးသွင်းသော အခါမှ စ၍ ကမ္မဋ္ဌာန်းနှင့် ကင်း၍ ကမ္မဋ္ဌာန်းကို လွှတ်၍ လက်ကို ကွေးဘူးသည်- ဟူ၍ မရှိ။ ယခုမှာကား သင်တို့နှင့် စကားပြောသဖြင့် ကမ္မဋ္ဌာန်းကို လွှတ်၍ ကွေးမိ၏။ ထိုကြောင့် တဖန် ဆန့်တန်း၍ ဖြေးဖြေး နှေးနှေး ငါကွေးသတည်း"- ဟူ၍ ပြောတော်မူ၏။

သာဓုပါ အရှင်ဘုရား၊ ရဟန်းမည်သည် ဤကဲ့သို့ ဖြစ်သင့်ပါ၏ အရှင်ဘုရား-ဟူ၍ အန္တေဝါသိကတပည့်တို့က သာဓုခေါ်ကြကုန်၏။ ဤသို့ကမ္မဋ္ဌာန်းကို သတိမလွှတ်စေခြင်းသည် ဂေါစရသမ္ပဇဉ် မည်၏။

(ဤမဟာထေရ်သည် တပည့်တို့အား နည်းပြလို၍ ဤကဲ့သို့ ပြုပုံတူလှ၏။)

ကွေးခြင်း,ဆန့်ခြင်းကို ပြုတတ်သော ကိုယ်-ဟူ၍လည်းကောင်း, ငါ-ဟူ၍ လည်းကောင်း, တစုံတခုမရှိ။ စိတ္တဇဝါယောဓာတ်ကြောင့် ကြိုးဖြင့် ဆွဲသော အရုပ်ကဲ့သို့ ကွေးခြင်း, ဆန့်ခြင်းဖြစ်၏-ဟူ၍ ဆင်ခြင်ခြင်းသည် အသမ္မောဟ သမ္ပဇဉ် မည်၏။ ပြီး၏ တရပ်။

သံဃာဋိပတ္တ စီဝရ ဓာရဏေ သမ္ပဇာန ကာရီဟောတိ။ (ပါဠိတော်)

သံဃာဋိ-သင်္ကန်းကြီး၊ ပတ္တံ-သပိတ်၊ စီဝရ-ကိုယ်ရုံကေစီသင်းပိုင်။

ဤပါဠိတော်၌ သင်္ကန်း,သပိတ်တို့ကို ဆောင်ယူ၍ ဝတ်၍ ရုံ၍ ဆွမ်းခံ သွားသော ရဟန်းအား ဆွမ်းအာမိသကို ရခြင်း, အချမ်း,အပူကို ပယ်ဖျောက် နိုင်ခြင်း အစရှိသော နည်းဖြင့် မြတ်စွာဘုရား ဟောကြားတော် မူသော ပဋိသင်္ခါ ယောနိသော သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ-အစ ရှိသောအကျိုးသည် ရှိ၏။ ထိုအကျိုးကို ဆင်ခြင်၍ သတ္ထက သမ္ပဇည ဖြစ်၏။

ပကတိ ကိုယ်ပူတတ်သော ရဟန်းအား လည်းကောင်း, အားနည်းသော ရဟန်းအား လည်းကောင်း, သိမ်မွေ့နူးညံ့သော သင်္ကန်း, ပါးလွှာသော သင်္ကန်းသည် သပ္ပါယဖြစ်၏။

ပကတိအားဖြင့် ချမ်းတတ်သော ရဟန်းအား ထူသော သင်္ကန်း, နှစ်ထပ် သင်္ကန်းသည် သပ္ပါယ ဖြစ်၏၊ ထိုမှ ပြန်၍ သပ္ပါယ မဖြစ်၊ ဆွေးမြေ့သော သင်္ကန်းသည် တစုံတယောက်သော ရဟန်းအားမျှ သပ္ပါယ မဖြစ်သည်သာ တည်း။

ထိုစကား မှန်၏၊ ဖါရခြင်း, ချုပ်ရခြင်းဖြင့် ပလိဗောဓ ဖြစ်၏။ ပဋုဏ္ဏ တိုင်းဖြစ် သင်္ကန်း ဒုကူလ သင်္ကန်း-စသည်တို့ကား လောဘဏီယ-လိုချင် တပ်မက်ဖွယ်ဖြစ်၍ တော၌ တပါးတည်းနေသော ရဟန်းအား ဇီဝိတန္တရာယ် လည်း ဖြစ်တတ်၏၊ ထိုကြောင့် သပ္ပါယမဖြစ်၊ စင်စစ်အားဖြင့် နိမိတ်ပြခြင်း အစရှိသော မိစ္ဆာဇီဝ၏ အစွမ်းဖြင့် ဖြစ်သော သင်္ကန်းသည် လည်းကောင်း, အကုသိုလ်တရား တိုးပွား၍ ကုသိုလ်တရား ဆုတ်ယုတ် အံ့သော သင်္ကန်း သည် လည်းကောင်း, သပ္ပါယ မဖြစ်၊ ထိုမှ ပြန်သောအားဖြင့် သပ္ပါယ ဖြစ်၏၊ ဤကား သပ္ပါယ သမ္ပဇည ဖြစ်ပုံတည်း။

ကမ္မဋ္ဌာန်းကို သတိမလွတ်စေမူ၍ သင်္ကန်း,သပိတ်တို့ကို သုံးဆောင်ခြင်း သည် ဂေါစရသမ္ပဇည ဖြစ်၏။

အသမ္မောဟ သမ္ပဇညကို ဤသို့ ဆင်ခြင်အပ်၏၊ သင်္ကန်းကို ဝတ်တတ်, ရုံတတ်သော အတ္တမည်သည် တစုံတခုမရှိ။ (ကိုယ်-ဟူ၍မရှိ။) စိတ်ကြောင့် ဖြစ်သော စိတ္တဇဝါယောဓာတ် ပျံ့နှံ့သဖြင့် သင်္ကန်း ဝတ်ခြင်း,ရုံခြင်း ဖြစ်၏၊

သက်န်းသည်လည်း စိတ်ရှိသော တရားမဟုတ်။ ရူပကာယသည်လည်း စိတ်ရှိသော သဘောတရားမဟုတ်။ သင်္ကန်းက ငါသည် ကိုယ်ကာယကို ခြုံ၏– ဟူ၍ မသိတတ်။ ရူပကာယသည်လည်း ငါ့ကို သင်္ကန်းကခြုံ၍ ထား၏- ဟု မသိတတ်။ ပုဆိုးနံပိုင်းဖြင့် သစ်သားရုပ်ကို ဖုံးလွှမ်းသကဲ့သို့ ဓာတ်လေးပါး အစုအပေါင်းသည် ဓာတ်လေးပါး အစုအပေါင်းကို ဖုံးလွှမ်း၏။ ထို့ကြောင့် ကောင်းသော သင်္ကန်းကို ရ၍လည်း ဝမ်းသာခြင်းကို မပြုအပ်။ မကောင်းသော သင်္ကန်းကို ရ၍လည်း နှလုံးမသာခြင်းကို မပြုအပ်။ ဤသို့ ဆင်ခြင်သဖြင့် အသမ္မောဟ သမ္ပဇည ဖြစ်၏။

သပိတ်ကို ဆောင်ယူ သုံးဆောင်ရာ၌လည်း အဆောတလျင် မသုံးဆောင်မူ၍ မေ့မေ့လျော့လျော့ အမှတ်မဲ့ မယူမူ၍, ဤသပိတ်ဖြင့် ဆွမ်းခံ၍ ဆွမ်းကို ရလတ့်–ဟူ၍ အကျိုးကို ဆင်ခြင်ပြီး၍ ကမ္မဋ္ဌာန်းကိုလည်း နှလုံးသွင်းအပ်၏။

ကြုံလှီ၍ အားနည်းသော ရဟန်းအား လေးသော သပိတ်သည် သပ္ပါယ မဖြစ်၊ လေးကွင်ငါးကွဲချုပ်သော သပိတ်သည် ဆေးကြောခြင်းငှါ စင်ကြယ်နိုင်ခဲသည်ဖြစ်၍ တစုံတယောက်သော ရဟန်းအား မလျော်သည်သာတည်း။ ပလိဗောဓဖြစ်၏၊ မြအဆင်းရှိသော သပိတ်သည်လည်း လောဘဏိယ ဝတ္ထု ဖြစ်၍ တပ်မက်ဖွယ် ဖြစ်သောကြောင့် အသပ္ပါယ ဖြစ်၏။ မလျော်သည်သာ တည်း။

နိမိတ်ပြခြင်း စသည်ဖြင့် ရသော မိစ္ဆာဇီဝ သပိတ်သည် လည်းကောင်း။ အကုသိုလ်တရားတို့ ပွား၍ ကုသိုလ်တရား ဆုတ်သော သပိတ်သည် လည်းကောင်း စင်စစ် မလျော်သည်သာတည်း၊ ဤသို့သပ္ပါယသမ္ပဇဉ် ဖြစ်အောင် ဆင်ခြင်၍ သပိတ်ကို သုံးဆောင်ရာ၏။

ကမ္မဋ္ဌာန်းကို သတိမလွတ်စေ မူ၍ သပိတ်ကို သုံးဆောင်ခြင်းသည် ဂေါစရသမ္ပဇဉ် မည်၏။

အသမ္မောဟသမ္ပဇညမှာကား.... သပိတ်ကို ဆောင်ယူတတ်သော ကိုယ်- ဟူ၍ အတ္တ-ဟူ၍ တစုံ တခုမျှ မရှိ၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ပျံ့နှံ့သဖြင့် သပိတ် ဆောင်ယူခြင်း ဖြစ်၏။ သပိတ်သည်လည်း စိတ်စေတနာ ရှိသော တရားမဟုတ်။ လက်သည်လည်း စိတ် စေတနာ ရှိသော တရားမဟုတ်။ ငါ့ကို လက်သည် ဆောင်ယူ၏-ဟူ၍ သပိတ်ကလည်း မသိ။ ငါသည် သပိတ်ကိုဆောင်ယူ၏– ဟူ၍ လက်ကလည်း မသိ။ဓာတ်လေးပါး အစုသည်သာလျှင် ဓာတ်လေးပါး အစုကို ဆောင်ယူ၏- ဟူ၍ ဆင်ခြင်သဖြင့် အသမ္မောဟ သမ္ပဇည ဖြစ်၏။

## လက်ကို, ခြေကို နူနာ စွဲသူတို့ နေထိုင်သော ဇရပ်ကြီးအကြောင်း

မြို့ရွာနှင့် မနီးမဝေး လမ်းလေးခွ အဆုံး၌ နူနာ စွဲသူတို့ နေထိုင်သော ဇရပ်ကြီးသည် ရှိ၏။ ထိုဇရပ်ကြီး၌ လက်တို, ခြေတို ရှိသော ပြီပုတ်, သွေးပုတ် ရှိကုန်သော နူနာတို့ စွဲကပ်၍ ကိုးကွယ်ရာမဲ့ ဖြစ်ကုန်သော လူနူတို့သည် အရပ်လေးမျက်နှာမှ လမ်းသွား လမ်းလာ လူများစွာတို့ ထံမှ ထမင်းကျန် ဟင်းကျန်တို့ကို တောင်းရမ်း စားသောက်၍ ရလွယ် သဖြင့် နေထိုင်ကြ ကုန်၏။

ထိုလူနူတို့ကို မြင်၍ သနား ကြင်နာတတ်သော အချို့ လူတို့သည် ဝတ်စရာ, ခြုံစရာ အဝတ်ပုဆိုး, အင်္ကျီ, ပုဆိုးနွမ်းပိုင်းတို့ကိုလည်း တတ်အားသမျှ ပေးကမ်းကြ ကုန်၏။ စားခွက်, သောက်ခွက်, ထမင်း, ဟင်းတို့ကိုလည်း ပေးကမ်းကြကုန်၏၊ နူနာတို့နှင့် သင့်လျော်သော ဆေးတို့ကိုလည်း ပေးကြကုန်၏။ ထိုသို့ ပေးကမ်းခြင်း သည်လည်း ထိုလူနာတို့ ထံမှ တစုံ တခုသော ပစ္စည်း ဝတ္ထုကို ရ၍ ပေးကမ်း ကြသည်မဟုတ်။ သနားသဖြင့်လည်း ကောင်း, စွန့်ကြဲခြင်း စာဂ-တရားကို အဦးထားသဖြင့် လည်းကောင်း ပေးကမ်းကြကုန်၏။

ထိုသို့ ပေးကမ်းကြသော အဝတ်တို့ သည်လည်း အချို့ နူးညံ့သော အဝတ် ဖြစ်ကုန်၏။ အချို့ထူထဲ ကြမ်းတမ်းသော အဝတ် ဖြစ်ကုန်၏။ စားသောက်ရန် ခွက်တို့သည်လည်း အချို့ကောင်းသော သဏ္ဌာန် ရှိကုန်၏။ အချို့မကောင်းသောသဏ္ဌာန်ရှိကုန်၏။

ထိုလူနူတို့သည် ကောင်းသည်ကို ရ၍လည်း ဝမ်းသာခြင်း အထူး မဖြစ်ကြကုန်။ မကောင်းသည်ကို ရ၍လည်း ဝမ်းနည်းခြင်း အထူးမဖြစ်ကြကုန်။ အဘယ်ကြောင့် ဝမ်းသာခြင်း, ဝမ်းနည်းခြင်း အထူး မဖြစ်ကြသနည်း- ဟူမူကား.... အကောင်းကို ရသော်လည်း နူနာတို့ကို ဖုံးလွှမ်းရုံမျှ ဖြစ်ကုန်၏။ မကောင်းသော အဝတ်ကို ရသော်လည်း နူနာတို့ကို ဖုံးလွှမ်းရုံမျှသာ ဖြစ်ကုန်၏။

စားခွက်, သောက်ခွက်တို့မှာ လည်း စားရုံ, သောက်ရုံမျှသာ ဖြစ်ကုန်၏။ ထိုနူနာတို့ကို ကောင်းမွန်သော အဝတ်တို့ဖြင့် လှပအောင် မဖြစ်စေနိုင်ကုန်၊ လက်တို, ခြေတို, သွေးပြီ ယိုသော နူနာတို့ကို ဖုံးအုပ်ရုံမျှသာ ရှိကုန်၏။ ကောင်းမွန်သော ခွက်တို့ဖြင့်လည်း ထိုနူနာတို့ကို လှပအောင် မဖြစ်စေနိုင်ကုန်။ စားရုံ, သောက်ရုံ, အားရှိရုံသာ ဖြစ်ကုန်၏၊ ငါတို့မှာ ကောင်းသော

အားတ်ဖြင့် ဖုံးလွှမ်းသော်လည်း လက်တို့, ခြေတို့, သွေးပြီ ယိုသော နူနာစွဲသူ လူနူတို့သာ ဖြစ်ကုန်၏-ဟု နှလုံးပြု၍ အထူးဝမ်းသာခြင်းလည်း မရှိကြကုန်။ အထူးဝမ်းနည်းခြင်းလည်း မရှိကြကုန်။ နူနာတို့ကို ဖုံးလွှမ်းခြင်းကိစ္စပြီးလျှင် ထိုထက် ပိုလွန်၍ တစုံတခု ပြုဘွယ်မရှိ၊ စားခွက်,သောက်ခွက်, တို့ကိုလည်း စားရုံ သောက်ရုံ အပြင် တစုံ တခု ပြုဘွယ်မရှိပြီ- ဟူ၍ အလိုပြည့်ကြကုန်၏။

ထိုလူနူတို့နှင့် အဘူသာလျှင် သာသနာတော်ထမ်း ရဟန်းတို့သည်လည်း ကိုးပေါက်သော ဒွါရတို့မှ ကိုးဝသော အပုတ်ရေတို့ဖြင့် တစိစိ တစိုစို မပြတ်ယိုစီး၍နေသော နူနာတို့နှင့် အလားတူစွာသော ရူပကာယကို ဖုံးလွှမ်းရုံမျှသာလျှင် ဤသင်္ကန်းကို ဝတ်ရုံဖုံးလွှမ်းခြင်းကို ပြုရ၏-ဟူ၍ လည်းကောင်း, လူနူတို့၏ စားခွက်, သောက်ခွက်တို့ကဲ့သို့ ဤသပိတ်, ခွက်တို့ကိုလည်း ထည့်၍ စားရုံ, သောက်ရုံမျှ အသုံးပြုရ၏- ဟူ၍ လည်းကောင်း, လူနူတို့သည် အနာပျောက်စေခြင်းငှါ စားသောက်သော ဆေးတို့ကဲ့သို့ အားရှိရုံမျှ ဆွမ်းတို့ကို အသုံးပြုရ၏-ဟူ၍ လည်းကောင်း, ဆင်ခြင်၍ သင်္ကန်း, သပိတ်တို့ကို သုံးဆောင် အပ်ကုန်၏။

ဤသို့ ဆင်ခြင်၍ သုံးဆောင်သော ရဟန်းသည် အသမ္မောဟ သမ္ပဇဉ်၌ မြတ်သော သမ္ပဇဉ်ကို ပြုလေ့ရှိသော ရဟန်း-ဟူ၍ ဆိုအပ်၏။

သံဃာဋိပတ္တ စီဝရ ဓာရဏေ သမ္ပဇာန ကာရီဟောတိ။

(ပါဠိတော်အနက်ပြီး၏)

အသိတေ, ပီတေ, ခါယိတေ, သာယိတေ, သမ္ပဇာန ကာရီဟောတိ။
(ပါဠိတော်)

အသိတေ ဆွမ်းကို စားရာ၌ လည်းကောင်း၊ ပီတေ၊ ယာဂု စသည်ကို သောက်ရာ၌လည်းကောင်း ခါယိတေ၊ မုန့်, သစ်သီး, စသည်တို့ကို ခဲရာ၌ လည်းကောင်း၊ သာယိတေ၊ ပျား, တင်လဲ- စသည်တို့ကို လျက်ရာ၌ လည်းကောင်း၊ သမ္ပဇာန ကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်၊ ဟောတိ၊ ဖြစ်၏၊

ဆွမ်း, ခဲဘွယ် သောက်ဘွယ်, လျက်ဘွယ်တို့ကို စားခြင်း, ခဲခြင်း, သောက်ခြင်း, လျက်ခြင်းတို့ကို ပြုရာ၌ သတိသမ္ပဇဉ်နှင့် ပြည့်စုံသော ရဟန်းသည် သမ္ပဇည လေးပါးတို့ဖြင့် ဆင်ခြင်၍ ပြုရာ၏။ ထိုသို့ဆင်ခြင်၍ ပြုရာ၌၊

> ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ နေဝ ဒဝါယ (လ) ယာဝ ဒေဝ ဣမဿ ကာယဿ ဌိတိယာ, ယာပနာယ, ဝိဟိံသုပရတိယာ, ဗြဟ္မစရိယာ နုဂ္ဂဟာယ, ဣတိပုရာဏဉ္စ ဝေဒနံပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ နုပ္ပါဒေဿာမိ၊ ယာတြာစ မေ ဘဝိဿတိ အနဝဇ္ဇတာစ, ဖာသုဝိဟာရောစ။

ဟူ၍ ဟောတော်မူသော အကျိုးကို ဆင်ခြင်၍ သုံးဆောင်ခြင်းသည်။ သတ္တကသမ္ဗုဇ္ဈည်မည်၏။ (ထိုသို့သတ္တကသမ္ဗုဇ် ဖြစ်စေရန် ဟောတော်မူသော ပါဠိကို မြန်မာပြည် တပြည်လုံး၌ ရှေးဆရာတော်ကြီး များသည် အလေ့ အလာ ဖြစ်အောင် ရှင်ပြုသည်မှ စ၍ တပည့် အစဉ်အဆက်တို့ လေ့ကျက် ဆောင်ရွက် နှလုံးသွင်းကြ စေရန် ပုတီးစိတ်-ဟူ၍ ဆိုရိုးပြုတော်မူ၍ ဆုံးမ သင်ပြလေ့ရှိတော်မူကြကုန်၏၊ ယခုအခါ၌ ကာလ မြင့်ကြာ ရွေ့လျော၍ လာသဖြင့် အနက်အဓိပ္ပာယ်ကို ဟုတ်မှန်သည် အတိုင်း သိသူတို့ အသွင် ရှားပါး၍ နေကုန်၏၊)

သာသနာတော်၌ ပဟန်းလုပ်သော သူသည် ဆွမ်းဘောဇဉ်, ခဲဘွယ်, သောက်ဖွယ် လျက်ဖွယ်တို့ကို စားသောက်ရာ၌ ပျော်ပွဲစားသော ကာလသား တို့ကဲ့သို့ စားခါ,သောက်ခါ,မြူးထူးခါ, ပျော်ပါး ကစားနိုင်ခြင်း အကျိုးငှါ စားသောက်သည်လည်း မဟုတ်။

လက်ဝှေ့သမား လက်ပန်းလုံး သမားတို့ကဲ့သို့ အားကြီး၍ ထိုးနိုင်, သတ်နိုင် လုံးထွေးနိုင်အောင် အကျိုးငှါ စားသောက်သည်လည်း မဟုတ်။

နန်းတွင်း မိန်းမ, ပြည့်တန်ဆာမိန်းမတို့ ကဲ့သို့ အသားအရေ ပြည့်ဖြိုး၍ တုပ်တုပ်ဝဝ လှပစေခြင်းအကျိုးငှါ စားသောက်သည်လည်း မဟုတ်။

ကချေသည် မိန်းမတို့ကဲ့သို့ အရေအဆင်း သန့်ရှင်း ကြည်လင် ယဉ်ကျေး လှပစေခြင်း အကျိုးငှါ စားသောက်သည်လည်း မဟုတ်။ (ယင်းသို့ ဖြစ်သော် သာသနာတော်ထမ်း ရဟန်းတော်များသည် အဘယ် အကျိုးငှါ စားဘွယ် သောက်ဘွယ်တို့ကို စားသောက်ပါသနည်း။)

ဤရူပကာယကို တည်စေခြင်း အကျိုးငှါလည်းကောင်း, ဝတ်လေးပါး မျှစေခြင်း အကျိုးငှါ လည်းကောင်း, ဝိဟိံသ-ဆာလောင်ပင်ပန်းနှမ်းနယ် ခြင်းကို ပျောက်စေခြင်း အကျိုးငှါ လည်းကောင်း,

သာသနာတော် အကျင့်မြတ်ကို ချီးမြှောက်ထောက်ပံ့နိုင်ခြင်းအကျိုးငှါ လည်းကောင်း, (ဝါ) သာသနာတော်၌ တရားကို အားထုတ် နိုင်ခြင်း အကျိုးငှါ လည်းကောင်း,

ဤဆွမ်း,ဘောဇဉ်ကို စား၍ ဆာလောင် ပင်ပမ်းခြင်းကြောင့် ဖြစ်သော ဒုက္ခဝေဒနာကို ပယ်ဖျောက်အံ့-ဟူ၍ လည်းကောင်း,

ဤဆွမ်း, ဘောဇဉ်ကို အလွန် အကြူး စားခြင်းကြောင့် ဖြစ်သော အောင့်ခြင်း, အင့်ခြင်း, ဗိုက်လေးခြင်း စသည်ဖြင့် ဒုက္ခဝေဒနာ အသစ်ကို လည်း မဖြစ်စေရ-ဟူ၍လည်းကောင်း,

ဤဆွမ်း,ဘောဇဉ်ကို စားခြင်းကြောင့် သွားနိုင်,ရပ်နိုင်,ထိုင်နိုင်, မျှတနိုင် ခြင်းသည်လည်း ငါ့အား ဖြစ်လတ့်-ဟူ၍ လည်းကောင်း,

ကူလဒ္ဒူသက အနေသန မဖက် သက်သက် တရားသဖြင့်ရသော ဤဆွမ်း ဘောဇဉ်ကို စားခြင်းကြောင့် တစုံတခု ပညာရှိတို့ ကဲ့ရဲ့ဘွယ် အပြစ်မှ လွှတ်ကင်းခြင်းသည်လည်း ငါ့အား ဖြစ်လတ့်-ဟူ၍ လည်းကောင်း,

ဤဆွမ်း,ဘောဇဉ်ကို စားခြင်းကြောင့် ခေတ်လေးပါးမျှ၍ ဣရိယာပုထ် လေးပါးလည်း မျှတချမ်းသာစွာ နေနိုင်,သွားနိုင် တရားကို အားထုတ်နိုင် ခြင်းသည်လည်း ဖြစ်လတ့်-ဟူ၍ လည်းကောင်း,

ဤသို့သော အကျိုးတို့ကို ဆင်ခြင်၍ ဆွမ်း,ဘောဇဉ် စားဘွယ်, ခဲဘွယ်, သောက်ဘွယ်,လျက်ဘွယ်တို့ကို စားသောက် သုံးဆောင်သော ရဟန်းသည် ပဋိသင်္ခါ ယောနိသော-စသည်ဖြင့် ဟောတော်မူသော ဆင်ခြင်ပုံ နည်းပြကြာ ါဒနှင့်ညီညွတ် လိုက်လျောအောင် ဆင်ခြင်သောကြောင့်သတ္တကသမ္ပဇည ဖြစ်၏၊

ထိုဆွမ်း, ဘောဇဉ်, ခဲဘွယ်, သောက်ဘွယ်, လျက်ဘွယ်တို့၌လည်း မိမိနှင့် သင့်လျော်,မသင့်လျော်ကို ဆင်ခြင်ခြင်းသည် သပ္ပါယ သမ္ပဇည မည်၏။

မိမိနှင့် မသင့်သော အစာကို ရှောင်ကြဉ်ရာ၏၊ သင့်သော အစာကိုမှ စားသုံးရာ၏၊ ပြေပ်သီး လဘက်တို့နှင့် ဒူလာပါကြက်, လေနာ ရှိသူတို့နှင့် မသင့်လျော်၊ ရှောင်ကြဉ်ရာ၏၊ စပ်,ငံ,ခါး,ချဉ်,ချို,ဆိမ့်,ဖန် ခုနစ်တန်သော အရသာကိုတွင် သင့်လျော်စွာ ချမ်းသာသော အရသာကိုသာလျှင် စားသုံး ရာ၏၊

မိမိ အနာရောဂါနှင့် မသင့်လျော်သော အစာကိုလည်းကောင်း, ပကတိ အားဖြင့် မကိုက်ဘက်၍ စားခဲလျှင် ဆင်းရဲသော အစာကို လည်းကောင်း အသပ္ပါယ အစာဖြစ်၍ ရှောင်ကြဉ်ရာ၏။ မရှောင်မူ၍ စားသုံးမိလျှင် စိတ် ကောဂ္ဂတာကို မရ၊ ကမ္မဋ္ဌာန်း၏ အန္တရာယ်လည်း ဖြစ်တတ်၏။

ဆွမ်း, ဘောဇဉ်, ခဲဘွယ်တို့ကို စားသုံးရာ၌ ကမ္မဋ္ဌာန်းကို သတိမလွှတ်မစေခြင်းသည် ဂေါစရ သမ္ပဇဉ် မည်၏။

အသမ္မောဟ သမ္ပဇဉ် ဖြစ်အောင် စားဘွယ်, သောက်ဘွယ်တို့၌ ဤသို့ ဆင်ခြင်အပ်၏။ စားတတ်, သောက်တတ်သော ကိုယ်-ဟူ၍ လည်းကောင်း, ငါ-ဟူ၍လည်းကောင်း မရှိ၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ပျံ့နှံ့သဖြင့် ဆွမ်းသပိတ်ကို အကပ်ခံခြင်းဖြစ်၏၊ တောင့်တင်း တွန်းထိုး လက္ခဏာသဘောရှိသော စိတ္တဇဝါယောဓာတ် ပျံ့နှံ့တွန်းထိုးသဖြင့် လက်ကို သပိတ်၌ ချခြင်း, ဆွမ်းလုံးကို ပြုပြင်ခြင်း, ဆွမ်းလုပ်ကို ခံတွင်းဆီသို့ ရောက်အောင် မြှောက်ခြင်း, ခံတွင်းကိုဖွင့်ခြင်း ခံတွင်းသို့ ဆွမ်းကိုသွင်းခြင်း, တောင့်တင်း တွန်းထိုးခြင်း-စိတ္တဇ ဝါယောဓာတ် ပျံ့နှံ့သဖြင့် သွားလျှင် မေးလှုပ်ခြင်း, လျှာလှုပ်ခြင်း,ဆွမ်းလုံးတို့ကို ဝါးခြင်း, မျိုခြင်းတို့သည် ဖြစ်ကုန်၏။

တွန်းထိုးခြင်း ဝါယောဓာတ်၏ အစွမ်းဖြင့် သွားလျှင် ဆွမ်းလုပ်တို့သည် လည်ချောင်းမှစ၍ အစာသစ်အိမ်သို့ ရောက်အောင် ဝင်သွားကုန်၏။တွန်းထိုးခြင်း ဝါယောဓာတ်၏ အစွမ်းဖြင့်သွားလျှင် အစာသစ်အိမ်၌ တည်၏။

အစာသစ်အိမ်၌တည်သော အစာသစ်တို့ကို ဝမ်းမီးပါစက ကမ္မဇတေဇောဓာတ်သည် ပူခြင်း,ကျက်စေခြင်း သဘောဖြင့် ကျေညက်၍ သွားအောင် ကျက်စေ၏။ ကြေစေ၏။ ကြေပြီးကျက်ပြီး၍ အစာဟောင်း မစင် ဖြစ်ပြီးသော အစုအဖို့တို့ကို တွန်းထိုးခြင်း ဝါယောဓာတ်၏ အစွမ်းဖြင့် ဝါယောဓာတ်က တွန်းထိုး၍ ထုတ်ဆောင်သဖြင့် ဝစ္စမဂ် ဒွါရပေါက်မှ ထွက်စေကုန်၏။ ဤသို့ဆင်ခြင်ခြင်းသည် အသမ္မောဟ သမ္ပဇဉ် မည်၏။

အသိတေ ပိတေ ခါယိတေ သာယိတေ သမ္ပဇာန ကာရီ ပြီး၏။

ဥစ္စာရ ပဿာဝ ကမ္မေ သမ္ပဇာနကာရီ ဟောတိ။ (နည်းပြပါဠိတော်။)

ဥစ္စာရ ပဿာဝကမ္မေ-ကျင်ကြီးကျင်ငယ် ပြုရာ၌၊ သမ္ပဇာနကာရီ-ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်၊ ဟောတိ-ဖြစ်၏။

စားမျို၍ အစာသစ်အိမ်သို့ ရောက်သော အစာသစ် ကို(သည်) ပိုးစာ၊ လောင်မီး, ကျင်ကြီး, ကျင်ငယ်, တသွယ်သွေးသား, ဖြစ်ပြေ(ား)သည်၊ ငါးပါးအစာ ခွဲဝေတည်း-ဟူသော ခင်ကြီးဒုမ် လင်္ကာနှင့် အညီ) တစုကို ပိုးစား၍ ကုန်၏။ တစုကို ပါစကတေဇော ဝမ်းမီး လောင်ကျွမ်း၍ ကုန်၏။ တစုသည် ကျင်ကြီးဖြစ်၏။ တစုသည်ကျင်ငယ်ဖြစ်၏။ တစုသည် သွေးသား ဖြစ်၏။

ကျင်ကြီး ကျင်ငယ် ဖြစ်ပြီးသော အစာဟောင်းကို ကျင်ကြီး ကျင်ငယ် ဖြစ်သော အခါ၌ ကျင်ကြီးအိမ်, ကျင်ငယ်အိမ်မှ မထွက်ဘဲ အောင်း၍ နေလျှင် ရောဂါ ဖြစ်စေတတ်၏။ တကိုယ်လုံးမှ ချွေးတို့သည် ယိုကုန်၏။ မျက်လုံးတို့သည် လှည့်လည်ကုန်၏။ စိတ်သည် တည်ကြည်ခြင်း မဖြစ်။ ထို ကျင်ကြီး ကျင်ငယ်တို့ကို အချိန်မှန်မှန် ပြုသော ရဟန်းအား ဆိုခဲ့ပြီးသော ဘေးအပြစ် အန္တရာယ်တို့ မဖြစ်ကုန်။ ဤသည်ပင်လျှင် အကျိုး မည်၏။

(ထိုကျင်ကြီး ကျင်ငယ်တို့သည် ချုပ်လေသလော- သက်လေသလော-ဟု ဆင်ခြင်၍ ချုပ်လျှင် ဝမ်းနုတ်၍ သက်လျှင် ဝမ်းခိုင်စေတတ်သော ဆေး, အစာကြေစေတတ်သော ဆေးတို့ကို စားသုံး၍ အကျိုးဖြစ်အောင် ဆင်ခြင်၍ ပြုရာ၏။ ဤသို့ ဆင်ခြင်၍ ပြုခြင်းသည်လည်း သတ္ထကသမ္ပဇည မည်၏။)

ကျင်ကြီး ကျင်ငယ် မစွန့်သင့်သော နေရာ၌ စွန့်လျှင် အာပတ်သင့်တတ်၏၊ မကောင်းသတင်း ဖြစ်တတ်၏။ အသက်၏ အန္တရာယ်သော်လည်း ဖြစ်တတ်သေး၏။ သင့်လျော်သော နေရာကို ဆင်ခြင်ကြည့်ရှု၍ သင့်လျော်သော နေရာ၌ ကျင်ကြီးကျင်ငယ်ပြုသော ရဟန်းအား အလုံးစုံ အန္တရာယ် အပြစ်တို့ မဖြစ်နိုင်။ ဤသို့ ဆင်ခြင်၍ ပြုခြင်းသည် သပ္ပါယသမ္ပဇဉ် ဖြစ်၏။

ကျင်ကြီး ကျင်ငယ်ကို စွန့်သောအခါ၌ ကမ္မဋ္ဌာန်းကို သတိ မလွတ်အောင် ဆင်ခြင်ခြင်းသည် ဂေါစရသမ္ပဇဉ် ဖြစ်၏။

အသမ္မောဟ သမ္ပဇဉ်၌ ကျင်ကြီး ကျင်ငယ်ကို ပြုတတ်သောကိုယ်-ဟူ၍ လည်းကောင်း, ငါ-ဟူ၍လည်းကောင်း, တစုံတခုမရှိ၊ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်၏ အစွမ်းဖြင့် ကျင်ကြီး ကျင်ငယ်စွန့်ခြင်း ဖြစ်၏။

ဥပမာအားဖြင့် အိုင်းအနာ၌ ပြီမှည့်သည် ရှိသော် ထိုပြည်သည် ယိုကျ၍ ထွက်သကဲ့သို့ လည်းကောင်း, ရေအိုး၌ ရေပြည့်သည် ရှိသော် ထိုရေသည် လျှံ၍ ကျသကဲ့သို့ လည်းကောင်း, ထိုအတူပင်လျှင် အစာဟောင်းအိမ်မှ ကျင်ကြီးသည် လည်းကောင်း, ကျင်ငယ်အိမ်မှ ကျင်ငယ်သည်လည်းကောင်း, တွန်းဆိုးခြင်း သဘော ရှိသော ဝါယောဓာတ် အဟုန်အားဖြင့် ယိုကျစီးထွက်၍ သွား၏၊ (တရံတခါ၌ ပကတိ ဥတုဇ အာဟာရဇ ဝါယောဓာတ် အဟုန်ဖြင့် ယိုကျ စီးထွက်၍ သွား၏၊ တရံတခါ၌ စိတ္တဇ ဝါယောဓာတ် အဟုန်ဖြင့် ယိုကျစီးထွက်၍ သွား၏၊)

ဤသို့ ယိုကျစီးထွက်သော ကျင်ကြီးကျင်ငယ်တို့သည် သုံးဆယ့်နှစ်ပါးသော ကိုယ်အစုကိုတွင် ကျင်ကြီးတစု, ကျင်ငယ်တစု ဖြစ်ကုန်၏။ ထိုကျင်ကြီး ကျင်ငယ်အစုတို့သည် ကိုယ်လည်း မဟုတ်၊ ကိုယ့်ဥစ္စာလည်း မဟုတ်၊ အလွတ်

သက်သက် ဖြစ်ကုန်၍ ဒွန္ဒ'သ အစုတွင် အပါအဝင် ဖြစ်ကုန်၏။ (ဒွန္ဒ'သ အစုဘွင် ပါဝင်လေသောကြောင့် ကိုယ်တစိတ်-ဟူ၍ ဆိုရ၏။)

ကျင်ကြီး, ကျင်ငယ်-ဟူသော ကိုယ်တစိတ်သည် အလကားဟာ ဖြစ်သကဲ့သို့ ဆံပင်,အမွေး,သွား, အရေ အသား အကြော,အရိုး – အစရှိသော အစုတို့သည်လည်း အလကားဟာဘဲ့သာလျှင် ဖြစ်ကုန်၏။ ဤသို့ ဆင်ခြင်ခြင်းသည် အသမ္မောဟ သမ္ပဇဉ်မည်၏။ (ပြီး၏။)

ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှိဘာဝေ သမ္ပဇာနကာရီ ဟောတိ။ (နည်းပြပါဠိတော်။)

ဂတေ–သွားရာ၌လည်းကောင်း။ ဌိတေ-ရပ်ရာ၌လည်းကောင်း။ နိသိန္နေ-ထိုင်ရာ၌ လည်းကောင်း။ သုတ္တေ-အိပ်ရာ၌ လည်းကောင်း။ ဇာဂရိတေ–နိုးရာ၌ လည်းကောင်း။ ဘာသိတေ-စကား ဆိုရာ၌လည်းကောင်း။ တုဏှိဘာဝေ-တိတ်ဆိတ် နေရာ၌ လည်းကောင်း။သမ္ပဇာနကာရီ–ပညာဖြင့်ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ-ဖြစ်၏။

ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ။ ဌိတော ဝါ ဌိတောမှိတိ ပဇာနာတိ။ နိသိန္နော ဝါ နိသိန္နောမှိတိ ပဇာနာတိ။ သယာနော ဝါ သယာနောမှီတိ ပဇာနာတိ။

ဤသုတ်ပါဠိတော်၌ အဒ္ဓန်ရှည်သော ဣရိယာပုထ်ကို ဟောတော်မူ၏။

အဘိက္ကန္တေ,ပဋိက္ကန္တေ အာလောကိတေ ဝိလောကိတေ သမိဉ္ဇိတေ ပသာရိတေ။

ဤပါဠိတော်၌ အလယ်စား ဣရိယာပုထ်ကို ဟောတော်မူ၏။

ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ – ဟူသော ဤပါဠိတော်၌ ကား ငယ်သော အနုစိတ်သော ဣရိယာပုထ်ကို ဟောတော်မူ၏။

ထိုကြောင့် ထိုအနုစိတ်သော ငယ်သော ဣရိယာပုထ်တို့၌လည်း ဆိုခဲ့ပြီးသော နည်းဖြင့် သမ္ပဇည လေးပါးလုံးကိုပင် ရအပ်၏။

တိပိဋကမဟာသီဝ ထေရ်သည်ကား....အသမ္မောဟ သမ္ပဇည တခုကိုသာလျှင် အဦးပဓာန ထား၍ ဆိုတော်မူသော စကားကို ဤသို့ မှတ်ရာ၏။

## မဟာသီဝထေရ်ဆိုသော အသမ္မောဟ သမ္ပဇဉ် ဖြစ်ပုံစကား

အကြင် ရဟန်းသည် ကြာမြင့်စွာ သွား၍ လည်းကောင်း, ခေါက်တုံ့ ခေါက်ပြန် စင်္ကြန်သွား၍ လည်းကောင်း, နောက်မှတို့၌ ရပ်လျက် ဤသို့

ဆင်ခြင်၏၊ စကြံန်သွားသော ကာလ၌ဖြစ်ကုန်သော ရုပ်နာမ်တရားတို့သည် စကြံန်သွားသော ကာလ၌ပင်လျှင် ပျက်ကြကုန်လေပြီ။ ဤသို့ဆင်ခြင်သော ရဟန်းသည် သွားရာ၌ ပညာဖြင့် ဆင်ခြင်ခြင်းကို ပြုသည် မည်၏။

အကြင် ရဟန်းသည် သရဇ္ဈာယ်ခြင်းကို ပြုလျက်သော် လည်းကောင်း, ကမ္မဋ္ဌာန်းကိုနှလုံးသွင်းလျက်သော် လည်းကောင်း, ကြာမြင့်စွာရပ်၍ နောက်အဘို့၌ ထိုင်လျက် ဤသို့ ဆင်ခြင်၏။ ရပ်သော ကာလ၌ ဖြစ်ကုန်သော ရုပ်နာမ် တရားတို့သည် ရပ်သော ကာလ၌ပင်လျှင် ပျက်၍ ကုန်လေပြီ။ ဤသို့ ဆင်ခြင်သော ရဟန်းသည် ရပ်ရာ၌ ပညာဖြင့်ဆင်ခြင်ခြင်းကို ပြုသည် မည်၏။

အကြင် ရဟန်းသည် သရဇ္ဈာယ်ခြင်း စသည်ကို ပြုသည်၏ အစွမ်းဖြင့်သာလျှင် ကြာမြင့်စွာ ထိုင်နေ၍ နောက်အဘို့၌ ထ၍ ဤသို့ ဆင်ခြင်၏။ ထိုင်သော ကာလ၌ ဖြစ်ကုန်သော ရုပ်နာမ် တရားတို့သည် ထိုင်သောကာလ၌ ပင်လျှင် ပျက်၍ ကုန်လေပြီ၊ ဤသို့ ဆင်ခြင်သော ရဟန်းသည် ထိုင်ရာ၌ ပညာဖြင့် ဆင်ခြင်ခြင်းကို ပြုသည်မည်၏။

အိပ်လျက်နေသော ရဟန်းသည်ကား သရဇ္ဈာယ်ခြင်းကို ပြုလျက်သော် လည်းကောင်း, ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သော်လည်းကောင်း, အိပ်ပျော်ခြင်းသို့ ရောက်၍ နောက်အဘို့၌ ထ၍ ဤသို့ ဆင်ခြင်၏။ အိပ်သော ကာလ၌ ဖြစ်သော ရုပ်နာမ်တရားတို့သည် အိပ်သော ကာလ၌ပင်လျှင် ပျက်ကြလေကုန်ပြီ၊ ဤသို့ ဆင်ခြင်သော ရဟန်းသည် အိပ်ရာ၌ လည်းကောင်း, နိုးရာ၌ လည်းကောင်း, ပညာဆင်ခြင်ခြင်းကို ပြုသော ရဟန်း မည်၏။

သွားခြင်း ကြိယာ, လာခြင်း ကြိယာတို့ကို ဖြစ်စေသော ကြိယာမယ စိတ်တို့၏ မဖြစ်ခြင်းသည် ပင်လျှင် အိပ်ခြင်းမည်၏။ ကြိယာမယ စိတ်တို့ ဖြစ်ခြင်းသည် နိုးခြင်းမည်၏။

အကြင် ရဟန်းသည်ကား.... စကားပြောဆိုလျက် ဤစကား အသံမည်သည်ကား နှုတ်ခမ်းတို့ကို စွဲ၍ လည်းကောင်း, သွားတို့ကို စွဲ၍ လည်းကောင်း, လျှာကို စွဲ၍ လည်းကောင်း, အာခေါင်ကို စွဲ၍ လည်းကောင်း, စိတ်၏ ပယောဂကိုစွဲ၍ လည်းကောင်းဖြစ်၏ ဟူ၍ သတိသမ္ပဇဉ်ကို ပြုလျက်သာလျှင် စကားပြော၏။

တနည်းကား ကြာမြင့်စွာ ကာလပတ်လုံး သရဇ္ဈာယ်ခြင်းကို ပြု၍သော် လည်းကောင်း, တရားစကားကိုပြောဟော၍ သော်လည်းကောင်း, ကမ္မဋ္ဌာန်းကို ရွတ်ဆိုကာ ဖြစ်စေ၍ သော်လည်းကောင်း, အမေးပုစ္ဆာကို ဖြေ၍သော် လည်းကောင်း, နောက်အဘို့၌ တိတ်တိတ်နေလျက် ဤသို့ဆင်ခြင်၏။ စကား

ပြောသော ကာလ၌ ဖြစ်ကုန်သော ရုပ်နာမ်တရားတို့သည် စကားပြော သော ကာလ၌ပင်လျှင် ပျက်၍သွားကြကုန်၏၊ ဤသို့ဆင်ခြင်သော ရဟန်း သည် စကားပြောရာ၌ ဆင်ခြင်ခြင်းကို ပြုသည်မည်၏။

အကြင် ရဟန်းသည် တိတ်တိတ်နေလျက် ကြာမြင့်စွာ တရားကျမ်းဂန်ကို သော် လည်းကောင်း, ကမ္မဋ္ဌာန်းကို သော် လည်းကောင်း, နှလုံးသွင်း၍ နောက်အဘို့၌ ဤသို့ ဆင်ခြင်၏၊ တိတ်တိတ်နေသော ကာလ၌ ဖြစ်သော ရုပ်နာမ်တရားတို့သည် တိတ်တိတ်နေသော ကာလ၌ ပင်လျှင် ပျက်သွားကြ ကုန်၏။ ဤသို့ ဆင်ခြင်၏။

(အသံတည်းဟူသော ဥပါဒါရုပ် ဖြစ်သည် ရှိသော် စကားဆိုသည် မည် ၏။ မဖြစ်သော် တိတ်တိတ်နေသည် မည်၏၊ ဤရဟန်းသည် တိတ်တိတ် နေရာ၌ ပညာဆင်ခြင်ခြင်းကို ပြုသည်မည်၏။)

**အထူးမှတ်ဖွယ်** .... ဤသို့ ဆိုတော်မူသော မဟာသိဝထေရ်၏ စကား သည် အသမ္မောဟ သမ္ပဇဉ် တခုကိုသာ အဦးပြု၍ ဆိုတော်မူ၏။ထိုမဟာသိဝ ထေရ်၏ စကားကို မဟာသတိပဋ္ဌာနသုတ်၌ ဆိုအပ်၏။ ဤသာမညဖလသုတ်၌ ကား အသုံးစုံသော သမ္ပဇည လေးပါးလုံးကိုပင် ရအပ်၏။ သမ္ပဇည အခန်းပြီး၏။ (အဋ္ဌကထာ)

ထိုနောက် သန္တောသ- တဆယ့်နှစ်ပါးကို အကြယ်ဖွင့်ပြတော်မူ၏။ မဇ္ဈိမနိကာယ်,မူလပဏ္ဏာသ ဝတ္ထုတော်ကြီး ရထဝိနီတသုတ် ဝတ္ထုမှာရှုရာ၏၊

ထိုသန္တောသနှင့် ပြည့်စုံသော ရဟန်းအား သင့်လျော်သော ပရိက္ခရာ ရှစ်ပါး, ကိုးပါး, ဆယ်ပါး, ဆယ့်တပါး, ဆယ့်နှစ်ပါးတို့ကိုလည်း ဖွင့်ပြ တော် မူသေး၏။

> သော ဣမိနာ စ အရိယေန သီလက္ခန္ဓေန သမန္နာဂတော ဣမိနာ စ အရိယေန ဣန္ဒြိယသံဝရေန သမန္နာဂတော ဣမိနာ စ အရိယေန သတိသမ္ပဇညေန သမန္နာဂတော ဣမာယ စ အရိယာယ သန္တုဋ္ဌိယာ သမန္နာဂတော ဝိဝိတ္တံ သေနာသနံ ဘဇတိ၊ အရညံ, ရုက္ခမူလံ, ပဗ္ဗတံ, ကန္ဒရံ, ဂိရိဂုဟံ, သုသာနံ, ဝနပတ္ထံ, အဗ္ဘောကာသံ, ပလာလပုဉ္ဇံ။ သော ပစ္ဆာဘတ္တံ ပိဏ္ဍပါတ ပဋိက္ကန္တော နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။
>
> (သာမညဖလသုတ် ပါဠိတော်)

မဟာရာဇ၊ အဘိုတသတ်မင်းမြတ်။ သော၊ ထိုရဟန်းသည်။ ဣမိနာ စ အရိယေန သီလက္ခန္ဓေန၊ ဤဂုဏ္ဍ မဖျိမ မဟာသီလ အကျင့်မြတ်နှင့်လည်း။ သမန္နာဂတော၊ ပြည့်စုံ၏။ ဣမိနာ စ အရိယေန ဣန္ဒြိယသံဝရေန၊ ဤဣန္ဒြိယသံဝရ အကျင့်မြတ်နှင့်လည်း။ သမန္နာဂတော၊ ပြည့်စုံ၏။ ဣမိနာ စ အရိယေန သတိသမ္ပဇညေန၊ ဤမြတ်သော သတိသမ္ပဇဉ်နှင့်လည်း။ သမန္နာဂတော၊ ပြည့်စုံ၏၊ ဣမာယ စ အရိယာယ သန္တုဋ္ဌိယာ၊ ဤမြတ်သော သန္တုဋ္ဌိတသယ်နှစ်ပါးနှင့်လည်း၊ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

သော၊ ထိုဆိုပြီး ဥဿုံ အကျင့်ဂုဏ်နှင့် ပြည့်စုံသော ရဟန်းသည်။ ဝိဝိတ္တံ၊ ရွာမနီးဝေး ဘေးမဆက်ဆံ လူသံတိတ်ဆိတ် မိတ်ကောင်းလည်းရ ပစ္စည်းချောသော၊ သေနာသနံ၊ ဌာနရိပ်ကောင်း သက်နှင်းကျောင်းသို့။ ဘဇတိ၊ ကပ်ရောက်နေထိုင်၏။

အရညံ၊ မြို့ရွာပိုင်းခြား တံခါးပြင်မှ စ၍ ခေါ်မှတ် တောအရပ်သို့ လည်းကောင်း, (ဝါ)လေးတောင်တာဖြင့် ငါးရာပြည့်မှ မူတင်ရသည့် အရည ခေါ်မှတ် တောအချပ်သို့ လည်းကောင်း။

ရုက္ခမူလံ၊ ခက်မ ငါးဖြာ, ရိပ်ဝေဆာလျက် သာယာအေးမြ မူတင်ရသည့် ရုက္ခပင်မင်း သစ်ပင်ရင်းသို့ လည်းကောင်း။ ပဗ္ဗတံ၊ စီးကျသွန်သွန် ရေတံခွန်နှင့် သာလွန်ဝေပြိုင် ဂနိုင်အို့ငိတ် တောရိပ် တောင်စောင်း ဘောင်ပေါ် ကျောင်းသို့ လည်းကောင်း။ ကန္ဒရံ၊ တောကြို တောင်ကြား ရေတိုက်စား၍ ကမ်းပါး မြင့်စောက် ချုန္တယ်ပေါက်လျက် ခြောက်ကြား ခေါ်ဆို ချောင်းဦးတို့သို့ လည်းကောင်း။

ဂီရိဂုဟံ၊ တောင်နှစ်သုံးကြား ကမ်းပါး လှိုင်ခေါင်း ကျောက်ဂူကျောင်းသို့ လည်းကောင်း၊ သုသာနံ၊ လူသေကောင်ပုတ် မသာရပ်ကို မြေမြုပ်မီးတိုက် ဖုဘ်မြိုက် သင်္ဂြိုဟ် လူငို သံကြား သံဝေ ပွား၍ တရား ရလွယ် ငြိမ်းဌေးဘွယ်ကောင်း သုသာန်ကျောင်းသို့လည်းကောင်း။ ဝနပတ္ထံ၊ လူမရောက်လာ လွန့်ဝေးကွာ၍ လယ်ယာမလုပ် တောမြိုင်အုပ်သို့ လည်းကောင်း။

အဗ္ဘောကာသံ၊ ဘောမိုင် မခင် သစ်ပင် မခို ကျောင်းကို မကပ် နက္ခတ်ကြယ်ရောင် တောက်ပြောင် ထိန်ငြိး လွင်ပြင်ကြီးသို့ လည်းကောင်း။ ပလာလပုဉ္ဇံ၊ ချုံငယ်ပေါ်တွင် ကောက်ရိုးတင်၍ တွင်းပြင် မိုးကာချမ်းသာရိပ် မြုံကောက်ရိုးပုံသို့လည်းကောင်း၊ ဘဇတိ၊ ခိုဝင်ကပ်ရောက်နေထိုင်၏။ သော၊ ထိုရဟန်းသည်။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီးနောက်။ ပိဏ္ဍပါတာ ပဋိက္ကန္တော၊ ဆွမ်းခံရာမှ ပြန်လာပြီးသည် ရှိသော်။ ပလ္လင်္ကံ၊ တင်ပလ္လင်ကို။ အာဘုဇိတွာ၊

ဖွဲ့ခွေ၍။ ဥဇုံ ဖြောင့်မတ်စွာ။ ကာယံ၊ ကိုယ်ကို။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်း အာရုံသို့ ရှေးရှု။ သတိံ၊ သတိကို။ ဥပဋ္ဌပေတွာ၊ ထား၍။ နိသီဒတိ၊ ထိုင်နေ၏။

သောဏ္ဍမိနုာစ အရိယေန သီလက္ခန္ဓေန သမန္နာဂတော- အစရှိသော ဒေသနာတော်ကို မြတ်စွာဘုရားသည့် အဘိုယ်ကို ပြလို၍ ဟောတော်မူသနည်း- ဟူမူကား.... တော၌ နေသော ရဟန်းအား ပစ္စည်းလေးပါး ပြည့်စုံခြင်းကို ပြတော်မူခြင်းငှါ ဟောတော်မူ၏။

ထိုစကားသည် မှန်၏။ ပစ္စည်းလေးပါး မပြည့်စုံသော ရဟန်းအား တော၌ နေခြင်းသည် ကိစ္စမပြီးစီး ဖြစ်၏။ တိရစ္ဆာန်တို့နှင့် လည်းကောင်း, တောလည် မုဆိုးတို့နှင့်လည်းကောင်းအတူတကွ နေသည့်အဖြစ်သို့ ရောက်၏။ တောစောင့် နတ်တို့သည် ဤသို့သဘောရှိသော ရဟန်းယုတ်အား တော၌ နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း—ဟူ၍ ကြောက်မက်ဖွယ်သော အသံကို ကြားစေကုန်၏။လက်တို့ဖြင့် ဦးခေါင်းကို ပုတ်ခတ်၍ပြေးစေလိုသော အချင်းအရာကို ပြုကုန်၏။ ဤမည်သော ရဟန်းသည် တောသို့ဝင်၍ ဤမည်သော မကောင်းမှုကို ပြု၏-ဟူ၍ မကောင်းသတင်းသည် နတ်ပြည်၌ ပျံ့နှံ့၏။

ပစ္စည်းလေးပါး ပြည့်စုံသော ရဟန်းသည် တောနေခြင်း ပြည့်စုံ၏။ ကိစ္စပြီးစီး၏။ ထိုစကားသည် မှန်၏။ ထိုကဲ့သို့ ပြည့်စုံသော ရဟန်းသည် မိမိ သီလကို ဆင်ခြင်၍ တစုံတခုသော မှည့်မည်း အစွန်းအစက်ကို မမြင်သည် ရှိသော် နှစ်သက်ခြင်း ပီတိကို ဖြစ်စေ၍ ထိုပီတိကိုပင် ဖြစ်ခြင်း, ပျက်ခြင်း အားဖြင့် သုံးသပ်ဆင်ခြင်၍ အရိယာ၏ အဖြစ်သို့ ရောက်၏။ တောစောင့် နတ်တို့သည် ဝမ်းမြောက်ကုန်သည်ဖြစ်၍ ဂုဏ်ကျေးဇူးကို ပြောဆိုကြကုန်၏။ ထိုရဟန်း၏ ဂုဏ်သည် ရေ၌ထည့်သော ဆီကဲ့သို့ နတ်ပြည်၌ ပျံ့နှံ့ခြင်း ဖြစ်၏။

ထိုပါဠိတော်၌ ဝိဝိတ္တံ၊ တိတ်ဆိတ်သော နေရာဆိုသည်ကား.... လူသံ သူသံ နည်းပါးခြင်း ရှိသော နေရာကို ဆို၏။ ထို့ကြောင့် ဝိဘင်းပါဠိတော်၌

ဝိဝိတ္တန္တိသန္တိကေ စေပိ သေနာသနံ ဟောတိ။ တဉ္စ အနာကိဏ္ဏံ ဂဟဋ္ဌေဟိပိ ပဗ္ဗဇိတေဟိပိ၊ တေန တံ ပိဝိတ္တန္တိ ဝုစ္စတိ- ဟူ၍ ဟောတော်မူ၏။

ဝိဝိတ္တန္တိ၊ တိတ်ဆိတ်သော နေရာ-ဟူသည်ကား.... သေနာသနံ၊ ကျောင်းသည်။ စေပိ၊ အကယ်၍လည်း။ သန္တိကေ၊ နီးသည်။ ဟောတိ၊ ဖြစ်ငြားအံ့။ (သန္တိကေ၊ ရွာနှင့် နီးသည်။ စေပိဟောတိ၊ အကယ်၍ ဖြစ်သော်ငြား

လည်း၊ တဥ္စ၊ ထိုရွာနှင့် နီးသော ကျောင်းသည်လည်း။ ဂဟဋ္ဌေဟိပိ၊ လူတို့နှင့် လည်းကောင်း။ ပဗ္ဗဇိတေဟိပိ၊ ရဟန်းတို့နှင့် လည်းကောင်း။ အနာကိဏ္ဏံ။ မရောပြွမ်း။ တေန၊ ထိုသို့ ရှင်လူ ရဟန်းတို့နှင့် မရောပြွမ်းသော ကြောင့်။ တံ၊ ထိုကျောင်းကို။ ဝိဝိတ္တန္တိ၊ တိတ်ဆိတ်သော နေရာ ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ (သီလက္ခန် အဋ္ဌကထာ။)

ထိုသို့ တိတ်ဆိတ်သော နေရာ၌ ကမ္မဋ္ဌာန်းကို ရှေးရှု နှလုံးပြု၍နေသော ရဟန်းသည် နီဝရဏ ငါးပါးတို့ကို ပယ်ခွါ၍ သမာပတ် ရှစ်ပါးတို့ကိုဝင်စား၍ အဘိညာဏ် ခုနစ်ပါးတို့ကို ဖြစ်စေ၍ ရစေ၍ ဝိပဿနာဉာဏ်ကို ပွားစေ၍ အာသဝက္ခယဉာဏ်-ဟု ဆိုအပ်သော အရဟတ္တဖိုလ်ဉာဏ်ကို ရ၍ ရဟန္တာ အဖြစ်သို့ ရောက်ကြောင်းကို အဇာတသတ် မင်းအား မြတ်စွာဘုရားသည် ရဟန်းပြုရခြင်း၏ သန္ဒိဋ္ဌိက မျက်မှောက် ခံစားရသော အကျိုးတို့ကို ပြ၍ ဟောကြားတော်မူသတည်း။

ဤသို့ သာမညဖလ ရဟန်းပြုခြင်း၏ အကျိုး၌ ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသ ဉာဏ်, ယထာကမ္မူပဂ ဉာဏ်, ဒိဗ္ဗစက္ခု ဉာဏ်, အာသဝက္ခယဉာဏ်-ဟူ၍ ဆယ်ပါးသော ဉာဏ်တို့ကို ပြတော်မူ၏။

ထိုဉာဏ်ဆယ်ပါးတို့တွင် ဝိပဿနာ ဉာဏ်သည် ကာမပရိတ္တ မဟဂ္ဂုတ်, အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ ခုနစ်မည်ရသော အာရုံရှိ၏။

မနောမယ ဉာဏ်သည် နိမ္မိတ ရူပါရုံမျှကိုသာလျှင် အာရုံပြုသောကြောင့် ကာမပစ္စုပ္ပန်, ဗဟိဒ္ဓ- သုံးမည်ရသော အာရုံရှိ၏။

အာသဝက္ခယဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုသောကြောင့် အပ္ပမာဏ, ဗဟိဒ္ဓ, နဝတ္တဗ္ဗ-သုံးမည်ရသော အာရုံရှိ၏။ ကြွင်းသော အဘိညာဏ် ခုနစ်ပါးတို့၏ အာရုံကို ဝိထိလက်ဆန်းမှာရှုရာ၏။

သာမညဖလသုတ် ဝတ္ထု ပြီး၏။

(အဋ္ဌကထာ ဖွင့်ပြသော စကားတွေကို အကုန်မြန်မာပြန်၍ ရေးသားလျှင် ပြီးဆုံးနိုင်တော့မည် မဟုတ်၍ ဥပေက္ခာပြု လစ်လျူရှုရတော့၏။)

## ၃။ အမ္ဗဋ္ဌသုတ် ဝတ္ထု

### ပေါက္ခရသာတိ ပုဏ္ဏားကြီး၏ အကြောင်း

ထိုပုဏ္ဏားကြီးကို အဘယ်ကြောင့် ပေါက္ခရသာတိ–ဟူသော အမည်ကို ခေါ်ကြသနည်း–ဟူမူကား.... ထိုပုဏ္ဏားကြီး၏ ကိုယ်သည် ဖြူသော ကြာပွင့်ကဲ့သို့ တင့်တယ်၏၊ ထိုပုဏ္ဏားကြီး၏ ဦးခေါင်း၌ ဣန္ဒနီလာ ပတ္တမြားသို့ အဆင်းကဲ့သို့ မည်းမှောင်သော အဆင်းရှိသော ဆံပင်ရှိ၏။ မုတ်ဆိတ်တို့သည်လည်း လပြည့်ဝန်း၌ ညိုသော မိုးတိမ်ညို အရေးကဲ့သို့ ထင်ကုန်၏။ မျက်လုံးတို့သည် ကြာညိုပန်း အဆင်းနှင့် တူကုန်၏။

နှာခေါင်းသည် ရွှေဖြင့်ပြီးသော ကျည်တောက်ကဲ့သို့ ကောင်းစွာလုံးလျက် အလွန်စင်ကြယ် သန့်ရှင်း တင့်တယ်ခြင်းရှိ၏။ လက်ဖဝါး, ခြေဖဝါးအပြင်တို့သည် လည်းကောင်း, ခံတွင်း, နှုတ်ခမ်းတို့သည် လည်းကောင်း, ချိတ်ရည်ဖြင့် ပြေပြစ် ချောမွေ့စွာ သုတ်လိမ်း၍ ထားသကဲ့သို့ နီမြန်းသောအဆင်းရှိသည် ဖြစ်၍ အလွန်တင့်တယ်၏။

ဤသို့လျှင် ထိုပုဏ္ဏားကြီး၏ ကိုယ်သည် အလွန်တင့်တယ်ခြင်းသို့ ရောက်၏၊ မင်း မရှိသော အရပ်ဒေသ၌ မင်းပြုခြင်းငှါ သင့်လျော်သော ပုဏ္ဏားကြီး ဖြစ်၏။ ဤမျှလောက် အသရေရှိလှသော ပုဏ္ဏားကြီးဖြစ်၏။ ထို့ကြောင့် ထိုပုဏ္ဏားကြီးကို ပေါက္ခရသာတိ–ဟူသော အမည်ဖြင့် ထင်ရှားစွာ သိကြကုန်၏။

ထိုပေါက္ခရသာတိ ပုဏ္ဏားကြီးသည် ကဿပ မြတ်စွာဘုရား၏ လက်ထက်တော် အခါ၌ ဗေဒင်သုံးပုံတတ် ပုဏ္ဏားဖြစ်၍ ကဿပ မြတ်စွာဘုရားအား အလှူကို ပေးလှူ၍ တရားတော်ကို နာ၍ သေသည်မှနောက် နတ်ပြည်၌ ဖြစ်၏၊ ထိုနတ်သားသည် နတ်ပြည်မှ စုတေပြီးနောက် လူပြည်၌ ဖြစ်သည် ရှိသော် အမိဝမ်း၌ နေခြင်းကို စက်ဆုတ်၍ ဟိမဝန္တာတောင်အနီး တခုသော ရေအိုင်ကြီး၌ ပဒုမ္မာကြာတိုက် တွင်းဝယ် သံသေဒဇ ပဋိသန္ဓေအားဖြင့် ဖြစ်၏။

ထိုရေအိုင်ကြီး၏ မနီးမဝေး အရပ်၌ ရသေ့တယောက်သည် သစ်ရွက်မိုး ကျောင်းကလေးဖြင့် နေ၏။ ထိုရသေ့သည် ရေအိုင်ကြီး၏ ကမ်းပေါ်၌

ရပ်လျက် ထိုပဒုမ္မာကြာဖူးကြီးကို မြင်၍ "ဤပဒုမ္မာ ကြာဖူးကြီးသည် တပါးသော ကြာဖူးတို့ထက် ကြီး၏၊ ပွင့်သော အခါ၌ ထိုပဒုမ္မာ ကြာပန်းကို ယူအံ့-" ဟူ၍ ကြံ၏။ ထိုပဒုမ္မာ ကြာဖူးကြီးသည် ခုနစ်ရက် လည်သဖြင့်လည်း မပွင့်ဘဲ ငုံ၍ နေ၏၊

ရသေ့သည် အဘယ်ကြောင့် ဤကြာဖူးကြီးသည် ခုနစ်ရက် လည်သဖြင့်လည်း မပွင့်ဘဲ ငုံ၍ နေပါလိမ့်မည်နည်း။ ထိုကြာဖူးကြီးကို ယခုပင် ခူး၍ ယူတော့အံ့-ဟု ရေအိုင်ဘွင်းသို့ သက်ဆင်း၍ ခူးယူ၏၊ ထိုကြာဖူးကြီးသည် ကြာရိုးမှ ကိုင်၍ ရသေ့သည် ချိုးဖြတ်သည်နှင့် တပြိုင်နက် ပွင့်၍လာ၏။ ထိုသို့ ပွင့်သောအခါ၌ ထိုကြာပွင့်အတွင်းသို့ ကြည့်ရှုသည်ရှိသော် ရွှေမှုန်တို့ဖြင့် ကြဲဖြန့် ပွမ်းမံ ဖြန်းပက်၍ ထားသော ငွေဆင်းတု ကဲ့သို့ ပဒုမ္မာ ကြာဝတ်မှုန်တို့ဖြင့် ကြဲဖြန့် မွမ်းမံ၍ နေသော ဖြူသော အဆင်းရှိသော သူငယ်ကို မြင်လေ၏။

ထိုရသေ့သည် ဤသူငယ်ကား ဘုန်းကံကြီးမားသော သူဖြစ်လတ့်, ထိုသူငယ်ကို ငါသည် စောင့်ရှောက် မွေးမြူအံ့ ဟူ၍ သစ်ရွက်မိုးကျောင်းကလေးသို့ ဆောင်ယူ၍ ကောင်းမွန်စွာ စောင့်ရှောက် မွေးမြူ၍ ခုနစ်နှစ်သား အရွယ်သို့ ရောက်သည်မှ စ၍ ဗေဒင်သုံးပုံတို့ကို သင်စေ၏၊

ထိုသူငယ်သည် ဗေဒင်သုံးပုံတို့ကို ကမ်းဘဖက်ရောက် တတ်မြောက်၍ ပညာရှိ-ဟူ၍ ထင်ရှားလျက် ဇမ္ဗူဒိပ်ကျွန်း၌ မြတ်သော ပုဏ္ဏားအဖြစ်သို့ ရောက်၏၊ ထိုပုဏ္ဏားသည် နောက်အခါ၌ ကောသလမင်းကြီးအား မိမိ အတတ် စွမ်းကို ပြ၏။

ထိုအခါ၌ ကောသလမင်းကြီးသည် ထိုပုဏ္ဏားအား အတတ်ပညာ၌ ကြည်ညို၍ ဥက္ကဋ္ဌ အမည်ရှိသော မြို့ကို အပိုင် မြို့စားပေးလေ၏။ ထိုသို့ ပေါက္ခရမည်သော ကြာတိုက်၌ အိပ်၍ နေသောကြောင့်လည်း ပေါက္ခရသာတိ-ဟူသော အမည်ဖြင့် ထင်ရှားစွာ သိကြကုန်၏။ ထိုပေါက္ခရသာတိ ပုဏ္ဏားကြီးသည် ထိုဥက္ကဋ္ဌမြို့ကို အုပ်စိုး၍ နေ၏၊

## ဥက္ကဋ္ဌမြို့အကြောင်း

ထိုဥက္ကဋ္ဌမြို့ကို တည်သောအခါ၌ မြို့ရာ မြေကို မီးရှူး မီးတိုင်တို့ကိုထား၍ မီးရှူး မီးတိုင်တို့ ထွန်းတောက် ကုန်သောအခါ၌သိမ်းယူ၏၊ ထိုကြောင့် ဥက္ကဋ္ဌမြို့-ဟူ၍ ခေါ်ကြသတဲ့၊

ထိုဥက္ကဋ္ဌမြို့၌ အလှကြည့်ရှုရန် ကျေးမွေး၍ ထားကြကုန်သော ဆင်, မြင်း, ဥဒေါင်း, သမင်-အစရှိသော အမျိုးမျိုးသော တိရစ္ဆာန် သတ္တဝါတို့သည်လည်း အလွန်များကုန်၏။ ထိုဥက္ကဋ္ဌမြို့၏ အပြင်အပ၌ ဆင်, မြင်းတို့ စားရန် မြက်တို့သည် လည်းကောင်း, အိမ်မိုးရန် မြက်တို့သည် လည်းကောင်း, ပြည့်စုံလုံလောက်စွာ ရှိကုန်၏။

ထမင်း, ဟင်းချက်ရန်, မီးဆိုက်ရန် ဖြစ်သော သစ်သား ထင်းချောင်းတို့ဖြင့် လည်းကောင်း, အိမ်ဆောက်ရန် သစ်သားတို့ဖြင့် လည်းကောင်း, ပြည့်စုံကုန်၏။ ထိုဥက္ကဋ္ဌမြို့၏ အတွင်း၌လည်း အဝိုင်းအားဖြင့် လည်းကောင်း, လေးထောင့်အားဖြင့် လည်းကောင်း, ပုံသဏ္ဌာန်အမျိုးမျိုး တူးထားကုန်သော ပေါက္ခရဏီရေကန်တို့နှင့်လည်း ပြည့်စုံကုန်၏။ ကြာမျိုးငါးပါးတို့နှင့် ပြည့်စုံသော တဖက်ဆည်း ရေကန်ကြီးတို့သည်လည်း အမြဲ ရေပြည့်လျက်ရှိကြကုန်၏၊ ကောက်ပဲ သီးနှံ ဆန်ရေစပါးတို့လည်း ပေါများ ပြည့်စုံသော မြို့ကြီးဖြစ်၏။

ထိုကဲ့သို့ ပြည့်စုံလုံလောက် ပေါများစွာရှိသော ဥက္ကဋ္ဌမြို့ကြီး၌ ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် ထီးဖြူကို ဆောင်း၍ မင်းတို့၏ စံပယ်ခြင်းဖြင့် အုပ်စိုး၍ နေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ပစ္ဆိမယာမ ဗုဒ္ဓကိစ္စကို ပြုတော် မူပြီးသော အဆုံး၌ တသောင်းသော လောကဓာတ်ဝယ် ဉာဏ်တော်ကွန်ရက်ကို ဖြန့်တော်မူ၍ ကျွတ်ထိုက်သော သတ္တဝါ အပေါင်းကို ကြည့်ရှုတော်မူသည်ရှိသော် ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် သဗ္ဗညုတဉာဏ်တော် ကွန်ရက်အတွင်းသို့ ဝင်လာ၏၊

ထိုအခါ၌ မြတ်စွာဘုရားသည် ဤပုဏ္ဏားသည်ကား ငါဘုရား၏ ဉာဏ်တော် ကွန်ရက် အတွင်းသို့ ဝင်လာ၏။ မဂ်ဖိုလ်ရခြင်းအကြောင်း ရှိ,မရှိ စုံစမ်း ဆင်ခြင်တော် မူသည်ရှိသော် သောတာပတ္တိ ဖိုလ်၌ တည်လတံ့အကြောင်းကို မြင်တော်မူ၍ ငါးရာမျှလောက်သော ရဟန်းတို့နှင့် တကွ ကောသလတိုင်းသို့ ဒေသစာရီ ကြွချီတော်မူသောအခါ ဣစ္ဆာနင်္ဂလအမည်ရှိသော မြို့သို့ ရောက်တော်မူ၍ ထိုမြို့၏ မနီးမဝေး ဣစ္ဆာနင်္ဂလ တောအုပ်၌ သီတင်းသုံးတော်မူ၏။

မြတ်စွာဘုရားသည် ဣစ္ဆာနင်္ဂလမြို့ ဣစ္ဆာနင်္ဂလ တောအုပ်၌ သီတင်းသုံးနေတော်မူ၏- ဟူ၍ ပေါက္ခရသာတိ ပုဏ္ဏားကြီး ကြားသည် ရှိသော် အမ္ဗဋ္ဌအမည်ရှိသော အန္တေဝါသိက တပည့်ကို ခေါ်၍-

''ချစ်သား အမ္ဗဋ္ဌ…. သာကီဝင်မင်းမျိုးမှ ရဟန်းပြု၍ သာကီဝင်မင်းသား ဖြစ်သော ရဟန်းဂေါတမသည် ဣစ္ဆာနင်္ဂလမြို့ ဣစ္ဆာနင်္ဂလတောအုပ်၌ နေတော်မူ၏၊ ထိုရဟန်း ဂေါတမသည် ဘုရား-ဟူ၍ ကျော်စော ထင်ရှား၏၊ ရဟန်းဂေါတမ၏ ကျော်စောသော အသံသည် အလွန်ပျံ့နှံ့၏။ဘုရား-ဟူ၍ ကျော်စောတိုင်း ဘုရားဟုတ်သည်, မဟုတ်သည်ကို သိရအောင်သွား၍ ကြည့်ရှုလေလော။''

ဤသို့ ပေါက္ခရသာတိ ပုဏ္ဏားကြီးက ဆိုသည်ရှိသော် တပည့်အမ္ဗဋ္ဌလုလင်က ရဟန်းဂေါတမကို ကျော်စောတိုင်း ဘုရားဟုတ်သည်, မဟုတ်သည်ကို ကျွန်ုပ်တို့သည် အဘယ်သို့ သိရပါကုန်အံ့နည်း- ဟု မေး၏။

ချစ်သား အမ္ဗဋ္ဌ- ငါတို့၏ ဗေဒင်ကျမ်းတို့၌ သုံးဆယ့် နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့သည် လာကုန်၏။ ထို သုံးဆယ့် နှစ်ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံတော်မူသော ယောကျ်ားမြတ်အား အကယ်၍ အိမ်၌နေငြားအံ့ စကြာမင်းဖြစ်၏၊ လေးကျွန်းလုံးကို အစိုးရ၏၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံ၏၊

ထိုရတနာခုနစ်ပါးသည် အဘယ်နည်း- ဟူမူကား….
၁။ စကြာရတနာ၊ ၂။ ဆင်ပြောင်ရတနာ၊ ၃။ မြင်းပြောင်ရတနာ။
၄။ ပတ္တမြားရတနာ။ ၅။ မိန်းမရတနာ။ ၆။ သူဌေးကြီးရတနာ။
၇။ သားကြီးရတနာ-ဤရတနာခုနစ်ပါးနှင့်လည်း ပြည့်စုံကုန်၏။

ထိုစကြာမင်းအား ရဲရင့်သော လုံ့လနှင့် ပြည့်စုံသော ကိုယ်ရှိကြကုန်သော တပါးသော စစ်သည်ကို နှိပ်နင်းဖယ်ဖျက်ခြင်းငှါ စွမ်းနိုင်ကုန်သော တထောင်အလွန် ရှိကုန်သော သားတို့သည်လည်း ရှိကုန်သေး၏။

ထိုစကြာမင်းကြီးသည် သမုဒ္ဒရာအဆုံးရှိသော ဤမြေအလုံးကို ဒဏ်ခတ်ခြင်း လက်နက် မဆောင်ဘဲ တရားသဖြင့် အောင်နိုင်၍ လွှမ်းမိုး အုပ်စိုး၍ နေနိုင်၏၊ အကယ်၍ အိမ်ရာ ထောင်သော လူ၏ အဖြစ်ကို စွန့်ပစ်၍ အိမ်ရာ မထောင်သော ရဟန်းအဖြစ်ကို ပြုငြားအံ့၊ လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော အသုံးစုံသော တရားတို့ကို အကုန်အစင် သိတော်မူ၍ ဝဋ်ဆင်းရဲမှ ပြတ်ကင်းသော ဘုရားစင်စစ် ဖြစ်တော်မူ၏။

ချစ်သား အမ္ဗဋ္ဌ-ငါဆရာသည် ဗေဒင်တို့ကို သင်၍ ပေး၏။ သင်သည်မူကား…. ဗေဒင်တို့ကို သင်ယူ၍ တတ်မြောက်၏။ ထိုဗေဒင်ကျမ်းတို့၌ လာသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံသလော, မပြည့်စုံသလော- ဟု သင်သည် ရဟန်းဂေါတမ ထံသို့

သွား၍ ကြည့်ရှုလလော့။ အကယ်၍ပြည့်စုံငြားအံ့၊ ဘုရားစင်စစ်ဖြစ်တော်မူ၏၊ မပြည့်စုံငြားအံ့ ဘုရားဖြစ်သည် မဟုတ်-ဟူ၍ သတ်မှတ်လေလော့။ ဤသို့ ပြောဆို၍ အမ္ဗဋ္ဌအား စေခိုင်း၏။

ထိုဗေဒင်ကျမ်းတို့၌ မဟာပုရိသ လက္ခဏာကို ပြဆိုကုန်သော တသောင်းနှစ်သောင်း မျှသော လက္ခဏာ ကျမ်းတို့သည် ရှိကုန်၏။ တသောင်းခြောက်ထောင်မျှသော ဂါထာတို့သည် ဗုဒ္ဓဗေဒ- ဟူသော အမည်ဖြင့် ဖြစ်ကုန်၏၊

ဘုရားမပွင့်မီ နှစ်ပေါင်း တထောင်လောက်က ဘုရားပွင့်လိမ့်မည်- ဟူသော ဗုဒ္ဓကောလာဟလ ဖြစ်သောအခါ၌ ပါရမီကုသိုလ် ရှိသူတို့ ဘုရားဟုတ်သည့် မဟုတ်သည်ကို သိစေခြင်းအကျိုးငှါ သုဒ္ဓါဝါသ ဗြဟ္မာတို့သည် ပုဏ္ဏားအသွင်ဖြင့် လူ့ဘုံသို့ လာ၍ ဗေဒင်ကျမ်းတို့၌ လက္ခဏာတို့ကိုထည့်၍ ဤသည်တို့ကား.... ဗုဒ္ဓဗေဒင်တည်း-ဟူ၍ ပုဏ္ဏားတို့ကို သင်၍ပေးကုန်၏။

ထိုလက္ခဏာကျမ်းတို့၌ ဤလက္ခဏာနှင့် ပြည့်စုံလျှင် ဘုရားဖြစ်၏။ ဤလက္ခဏာနှင့် မပြည့်စုံလျှင် ပစ္စေကဗုဒ္ဓါ ဖြစ်၏။ ဤလက္ခဏာနှင့် ပြည့်စုံလျှင် အဂ္ဂသာဝက, မဟာသာဝက,ဗုဒ္ဓမာတာ, ဗုဒ္ဓပိတာ-ဖြစ်ကုန်၏၊

ဤလက္ခဏာနှင့် ပြည့်စုံလျှင်စကြာမင်းဖြစ်၏။ ကေရာဇ်မင်းဖြစ်၏။သေဌေးဖြစ်၏။ ဤသို့ စသည်ဖြင့် အထူးသိကြောင်း လက္ခဏာတို့သည် ထင်ရှားကုန်၏။

ထိုလက္ခဏာကျမ်းတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် တဖြေးဖြေး ကွယ်ပျောက်ကုန်၏။ထိုကြောင့် ယခုအခါ၌မရှိကုန်။ (အပဒါန် အဋ္ဌကထာ။ သီလက္ခန်အဋ္ဌကထာ။)

ဤပေါက္ခရသာတိ ပုဏ္ဏားကြီးသည်ကား.... ဤသို့ အကြံဖြစ်၏။

''ဤလောက၌ ငါဘုရားဖြစ်၏။ ငါဘုရားဖြစ်၏-''ဟူ၍ ကျော်ဇောသတင်းပျံ့နှံ့ခြင်းဖြင့် နာမည်ကို ယူ၍ ဘုရား—ဟု ဝန်ခံကြသောသူတို့သည် များစွာ ရှိကုန်၏၊ ဘုရားမည်သည်ကား.... တဆူတည်းသာ ဖြစ်တော်မူမြဲဖြစ်၏။ အများဖြစ်သည်—ဟူ၍ မရှိ၊

ထိုကြောင့် ကျော်ဇော သတင်း ပျံ့နှံ့ခြင်း ရှိသော သတင်းစကားကို ကြားရုံမျှနှင့် သွား၍ ဖူးမြင်ခြင်းငှါ မသင့်သေး၊ ငါသည် တပည့် အမ္ဗဋ္ဌကို စေလွှတ်၍ ဘုရားဖြစ်ထိုက်သော လက္ခဏာတို့ကို ကြည့်ရှု စေပြီးလျှင် ဤသုံးဆယ့် နှစ်ပါးသော လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံမှ သာလျှင်

ငါသွား၍ ဖူးမြင်အံ့-ဟု နှလုံးပြု၍ တပည့် အမ္ဗဋ္ဌကို ခေါ်၍ ဤသို့ပြောဆိုသတည်း၊

ဤသို့ပြောဆိုပြီး၍ ချစ်သား အမ္ဗဋ္ဌ ငါစီးသော ရထားဖြင့်စီး၍ ဤသူငယ်တို့နှင့် တကွ သွားလော-ဟု ဆိုပြီး၍ သူငယ် တပည့်တို့ကိုလည်း အမ္ဗဋ္ဌနှင့်အတူ လိုက်ကြကုန်လော-ဟု ပြောဆို၏၊ တပည့် အမ္ဗဋ္ဌသည်လည်း ကောင်း ပါပြီဆရာ-ဟု ဆို၍ နေရာမှ ထပြီးလျှင် ဆရာဖြစ်သော ပေါက္ခရသာတိ ပုဏ္ဏားကြီးကို ရှိခိုး၍ လကျာ်ရစ် သုံးကြိမ်လှည့်ပြီးလျှင် မြင်းရထားကို စီး၍ သူငယ်အများတို့နှင့် အတူတကွ ဣစ္ဆာနင်္ဂလ တောအုပ်သို့ သွားလေ၏။

မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဣစ္ဆာနင်္ဂလတောအုပ်ကျောင်းတိုက်တော် တံခါးမုခ်သို့ ရောက်လျှင် မြင်းရထားမှ ဆင်းသက်၍ ကျောင်းတိုက်ဘော် အတွင်းသို့ ဝင်၏။

ထိုအခါသည် နေမွန်းတည့်သောအခါ ဖြစ်၏။ မှန်မြတ်သော ဘောဇဉ်တို့ကို သုံးဆောင်တော်မူကြပြီး၍ ဆွမ်းဆီ ရစ်သဖြင့် ဖြစ်သော ထိနမိဒ္ဓ အိပ်ချင်ခြင်းတို့ကို ပယ်ဖျောက်အံ့သောငှါ လည်းကောင်း, နေ့အခါ၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းကုန်သော ရဟန်းတို့သည် လည်းကောင်း, များစွာ ကုန်သော ရဟန်းတို့သည် ထိုအခါ၌ သာယာစွာသော စင်္ကြံလမ်းတို့၌ ဘောဆင်ပြောင်ကြီးတို့သည် ကြက်စား လှည့်လည် သွားလာ၍ နေကုန်သကဲ့သို့ စင်္ကြံသွား၍ နေကြကုန်၏၊

ထိုသို့ ဆွမ်းစားပြီးသောအခါ၌ ရှေးဦးစွာစင်္ကြံသွားပြီးလျှင် ထိုနောက် ရေချိုးပြီး၍ ကိုယ်ကို အအေးဌေကို ယူစေ၍ (ရေချိုးခြင်းဖြင့် ကိုယ်ကို အေးအောင်ပြုပြီး၍)တင်ပလ္လင်ခွေ ထိုင်နေပြီးလျှင် တရားကိုနှလုံးသွင်းသည် ရှိသော် စိတ်တည်ကြည်ခြင်းဖြစ်၏။ ထို့ကြောင့် ရဟန်းတို့သည် ဆွမ်းစားပြီးနောက် မွန်းတည့်အချိန်၌ စင်္ကြံသွား၍ နေကြကုန်၏၊

ထိုအခါ၌ အမ္ဗဋ္ဌသည် စင်္ကြံသွား၍ နေကုန်သော ရဟန်းတို့၏ အထံသို့ လာ၍ 'အရှင်ဘုရား ဘို မြတ်စွာဘုရားသည် ယခုအခါ၌ အဘယ်မှာ နေတော်မူပါသနည်း၊၊ တသ္မ်ဆင်ဘို့ကိုသည် မြတ်စွာဘုရားကိုဖူးမြင်လို၍ ဤကျောင်းတိုက်သို့ လာရောက်ကြပါကုန်၏-''ဟု မေးလျှောက်၏။

ထိုအခါ၌ ရဟန်းတို့သည် ဤသို့အကြံဖြစ်ကြကုန်၏။ 'ဤအမ္ဗဋ္ဌသည် ဇမ္ဗူဒိပ်ကျွန်း၌ အသွန်အင်ရှားသော အမျိုး၌လည်းဖြစ်၏။ အသွန်ထင်ရှားသော ပေါက္ခရသာတိ ပုဏ္ဏားကြီး၏ အန္တေဝါသိက တပည့်လည်း ဖြစ်၏။

မြတ်စွာဘုရားသည် ထိုကဲ့သို့သော အမျိုးကောင်းသားတို့နှင့် စကားပြော ခြင်းငှါ ဝန်လေးတော်မမူ။ အမ္ဗဋ္ဌကဲ့သို့သော သူတို့သည် တထောင်သော် လည်းကောင်း, တသောင်းသော် လည်းကောင်း လာ၍ များစွာသော အမေးပုစ္ဆာတို့ကို မေးသော်လည်း ထိုပုစ္ဆာတို့ကို ဖြေဆိုခြင်း၌ မြတ်စွာ ဘုရားသည် နှဲနှဲ့ နှောက်နှေး လေးလံခြင်း ရှိတော် မမူ။ ဤကဲ့သို့ နှလုံး ပြု၍ ထိုအမ္ဗဋ္ဌ လုလင်ကို ဤသို့ ပြောကြကုန်၏။

ငါ့ရှင် အမ္ဗဋ္ဌ၊ ဤတံခါးပိတ်၍ နေသော ဂန္ဓကုဋိကျောင်းတော်သည် ရှိ၏။ ထိုဂန္ဓကုဋိကျောင်းတော်သို့ နည်းသော အသံရှိသည်ဖြစ်၍ သွားလေ လော့။ ကျောင်းဦးသို့ ဖြေးဖြေး သက်သာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါး ရွက် သံကောက်ပေါက်နားမှ လက်သဲဖျားဖြင့် အသာ အယာ တံခါးရွက် ကို ခေါက်လေလော့။ သင်အား မြတ်စွာဘုရားသည် တံခါးကို ဖွင့်ပေး တော် မူလတ္တံ့ — ဤသို့ပြောကြကုန်၏။

ထိုအခါ၌ အမ္ဗဋ္ဌလုလင်သည် တံခါးပိတ်လျက် နေသော ဂန္ဓကုဋိကျောင်း တော်သို့ ဖြေးဖြေးသက်သာ သွားပြီးလျှင် ကျောင်းဦးသို့ဝင်၍ ချောင်းဟန့် ပြီးလျှင် တံခါးရွက် သံကောက်ပေါက် နားမှ လက်သဲ ဖျားဖြင့် အသာ အယာ တံခါးရွက်ကို ခေါက်၏။

မှတ်ချက်။ ။မြတ်စွာဘုရား သီတင်းသုံးတော် မူသော ဂန္ဓကုဋိ တံခါးရွက် ကို အမြင့်ဆုံး အထက်နားမှ နတ်ဗြဟ္မာတို့သည် ခေါက်ကြကုန်၏။ အနိမ့်ဆုံး အောက်နားမှ နဂါးမင်းတို့သည် ခေါက်ကြကုန်၏၊ အလည် သံကောက် ပေါက် နားမှလူတို့သည် ခေါက်ကြကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် တံခါး ပွင့်စေသတည်း—ဟု အဓိဋ္ဌာန် တော်မူ၏၊ ထိုအခါ၌ အရှင်ဘုရားတို့သည် များစွာသော ကမ္ဘာကုဋေ အသင်္ချေတို့ဖြင့် ဒါန ပါရမီတော်ကို ဖြည့်ကျင့်တော် မူခဲ့သဖြင့် ကိုယ်တော် တိုင် ထ၍ တံခါးဖွင့်တော် မူဘွယ်ကိစ္စ မရှိပါ-ဟု ဆိုသကဲ့သို့ ဂန္ဓကုဋိ တံခါးရွက်တို့သည် အလိုလိုပင်လျှင် ပွင့်လေကုန်၏။(မြတ်စွာဘုရား၏အဓိဋ္ဌာန် စိတ်တော်ဖြင့် တံခါးရွက်တို့သည် ပွင့်ကုန်၏။ထို့ကြောင့် မြတ်စွာဘုရားသည် တံခါးကို ဖွင့်တော်မူ၏-ဟူ၍ ဆိုသင့်၏။)

ထိုအခါ၌ အမ္ဗဋ္ဌသည် လည်းကောင်း, သူငယ်တို့သည် လည်းကောင်း, ဂန္ဓကုဋိ ကျောင်းတော်အတွင်းသို့ဝင်ကြကုန်၍ မြတ်စွာဘုရားနှင့်ဝမ်းမြောက် စွာ စကားပြောကြကုန်ပြီး၍ သင့်တင့်ရာ၌ ထိုင်နေကြကုန်၏။

အမ္ဗဋ္ဌ လုလင်သည်ကား.... စင်္ကြံသွားလျက်လည်း ထိုင်နေတော်မူသော မြတ်စွာဘုရားနှင့် အချို့သော စကားကို ပြောဆို၏။ ရပ်လျက်လည်း

ထိုင်နေတော်မူသော မြတ်စွာဘုရားနှင့် အချို့သော စကားကို ပြောဆို၏။ အဘယ်ကဲ့သို့သော အမူအရာကို ပြ၍ ပြောဆိုသနည်း– ဟူမူကား....

ထိုအမ္ဗဋ္ဌ လုလင်သည် မြတ်စွာဘုရား၏ ရူပကာယ သမ္ပတ္တိ၌ စိတ်၏ ကြည်သို့ခြင်းမျှ မဖြစ်မူ၍ မြတ်စွာဘုရားကို မရိုမသေ ပြုအံ့–ဟူ၍ ဝမ်းဗိုက် ၌ ဖွဲ့၍ထားသော အပေါ်ရုံ ပုဆိုးကို ဖြည်၍ လည်ပင်း၌ တင်ကာချလျက် လက်တဖက်ဖြင့် ခါးဝတ် ပုဆိုး အစွန်ကို ကိုင်၍ စင်္ကြံသွားလျက် တခါ တခါ လက်ရုံး ပုခုံးတို့ကို ပြလျက်, တခါတခါ ဝမ်းဗိုက်ကို ပြလျက်, တခါ တခါ နောက်ကျောကိုင်းလျက် ပြောဆို၏။တခါတခါလက်တို့ကို မြှောက်ခါ လက်ဖျား, လက်ဆစ် အမူအရာဖြင့် ပြလျက်, တခါ, တခါ မျက်ခုံး မျက်စ တို့ကို လှုတ်၍ မျက်စ ပစ်သျက် အရှင် ဂေါတမ ခတ်လေးပါး မျှတ ပါ၏လော။ အသို့နည်း ဆုမ်းခံသွားရ၍ မပင်ပမ်းပါသလော။ အရှင် ဂေါတမအား မပင်ပမ်းသော အမူအရာသည် သာလျှင် ထင်ရှားပါတကား၊

အရှင်ဂေါတမ၏ ကိုယ်အင်္ဂါတို့သည် ဝဝဖြိုးဖြိုး ရှိလှပါတကား။ အရှင် ဂေါတမ နေ ကြ်ရာ, ရောက်ရာ အရပ်တို့၌ များစွာသော လူတို့သည် မင်းမျိုး ရဟန်း–ဟူ၍ လည်းကောင်း, မင်းသား–ရဟန်း–ဟူ၍လည်းကောင်း, ဘုရား– ဟူ၍ လည်းကောင်း, အလွန်မြတ်နိုးကြ ကုန်လျက် မွန်မြတ်သော ဘောဇဉ် တို့ကို လှူကြကုန်၏။

အရှင်ဂေါတမ၏ အိမ်ကြီးသည် ဆန်းကြယ်စွာသော နတ်ဘုံဗိမာန်ကြီး နှင့် တူ၏။ ကြည့်ဖမ်းကြဘော့လော့ ညောင်စောင်းကြီးများက ကောင်းမွန် ခြင်း ရှိပုံ။ ခေါင်းအုံးများက နူးညံ့ပုံ ဤကဲ့သို့ ကောင်းမွန် လှစွာသော နေရာ၌ နေ၍ ရဟန်းတရားကို ပြုလုပ်ခြင်းငှါ အဘယ်မှာ ခဲယင်းတော့မည် နည်း။ ဤသို့ အစရှိသော မထီလေးစား ပျက်ရယ်ပြုသော စကားတို့ကို ပြောဆိုလျက် မတ်တပ်ရပ်လျက်လည်း စကားပြော၏။ စင်္ကြံသွားလျက် လည်း စကားပြော၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤအမ္ဗဋ္ဌ လုလင်သည် လက်ကိုဆန့်တန်း ၍ ဘဝင်ကို လှမ်းလိုသော ယောကျ်ားရှုးကဲ့သို့ လည်းကောင်း, ခြေကို ဆန့်တန်း ခြေကို ကျော်သန်း၍ အဝီစိကို လှမ်းလိုသော သူရူးကဲ့သို့ လည်း ကောင်း, မဟာ သမုဒ္ဒရာကြီးကို အချီးနှီး ဖြတ်ကူးလိုသော သူရူးကဲ့သို့ လည်းကောင်း, မြင့်မိုရ်တောင်ကို အချီးနှီး တက်လိုသော သူရူးကဲ့သို့ လည်း ကောင်း, အရာမဟုတ်သည်၌ အာ ထုတ်၍ နေဘိ၏။ ယခုပင်လျှင် အမ္ဗဋ္ဌ လုလင်နှင့် မေးမြန်းပြောဆိုခြင်း ပြုအံ့–ဟု ကြံတော်မူလျက်

အိုအမ္ဗဋ္ဌ၊ ထိုင်လျက် နေတော်မူသော ဂေါတမဘုရားနှင့် ရပ်ရင်း သွားရင်း စကားပြောသကဲ့သို့ အသက်ကြီး, အရွယ်ကြီး ဆရာ့ဆရာ ပုဏ္ဏားကြီးတို့နှင့် သင်သည် စကားပြောခြင်းကို ပြုပါသလော ? ဟူ၍ မေးတော်မူ၏။

ဤသို့မြတ်စွာဘုရားက မေးတော်မူသောအခါ မာနကြီးလှသော အမ္ဗဋ္ဌသည်....

မဟုတ်ဘူး အရှင်ဂေါတမ၊ ကျွန်ုပ်တို့ ပုဏ္ဏား အချင်းချင်းမှာကား –သွားသော ပုဏ္ဏားသည် သွားသောပုဏ္ဏားနှင့် စကား ပြောထိုက်၏။ ရပ်သော ပုဏ္ဏားသည် ရပ်သောပုဏ္ဏားနှင့် စကားပြောထိုက်၏။ ထိုင်သော ပုဏ္ဏားသည် ထိုင်သောပုဏ္ဏားနှင့် စကား ပြောထိုက်၏။ အိပ်သော ပုဏ္ဏားသည် အိပ်သောပုဏ္ဏားနှင့် စကားပြောထိုက်၏–အရှင်ဂေါတမ။

ခေါင်းတုံးအနုပ်, ရဟန်းအနုပ်, အိမ်ကြီးရှင် သူကြွယ် ပိတ်ကွယ် မှောင်ကာ ပဲလှစ္စသော ဗြဟ္မာ၏ ခြေမှ ဖြစ်ကုန်သော အကြင်သူတို့သည် ရှိကုန်၏၊ ထိုသူတို့နှင့်လည်း အကျွန်ုပ်သည် အရှင်ဂေါတမနှင့် စကား ပြောသကဲ့သို့ စကားပြောခြင်းသည်ဖြစ်၏–ဟူ၍ ဆို၏။

အို ...အမ္ဗဋ္ဌ၊ သင်အလိုရှိသော ကိစ္စ, သင်အလိုရှိသော အရာဝတ္ထုတစုံ တခု ရှိ၍သာလျှင်သင်ကား ဤအရပ်သို့လာခြင်းဖြစ်၏။ အကြင်အကျိုးငှါ လာ၏-ထိုအကျိုးကိုသာလျှင် ကောင်းစွာ နှလုံးသွင်းလော့။

သင်ကြားရေးရာ လိမ်မာ တတ်သိခြင်း မရှိပါဘဲနှင့် ဤအမ္ဗဋ္ဌလုလင်သည် သင်ကြားရေးရာ, လိမ်မာ တတ်သိခြင်း ရှိ၏-ဟူ၍ မှတ်ထင်၏၊ မှတ်ထင်လျက် မယဉ်လေးစား စကားတို့ကို ပြောဆို၏။ သင်ကြားရေးရာ လိမ်မာ တတ်သိခြင်း မရှိသည်ကို ကြဉ်ထား၍ တပါးသော အကြောင်းသည် အဘယ်မှာ ရှိမည်နည်း အချင်းတို့-ဟူ၍ မြတ်စွာ ဘုရားက မိန့်တော်မူလိုက်၏။

အမ္ဗဋ္ဌ စိတ်ဆိုးလာသည်ကို သိတော်မူလျက် မာနကို နှိမ်ခြင်းငှါ မြတ်စွာဘုရားသည် (သင်ကြားရေးရာ လိမ်မာ တတ်သိခြင်းမရှိ) ဟူသော စကားကို မိန့်တော်မူ၏။

ထိုအခါ၌ အမ္ဗဋ္ဌလုလင်သည် (သင်ကြားရေးရာ လိမ်မာ တတ်သိခြင်း မရှိ) ဟူသော စကားကို မြတ်စွာဘုရားက မိန့်တော်မူသည် ရှိသော် စိတ်ဆိုးလျက် မြတ်စွာဘုရားကိုပင်လျှင် ထိခိုက် ငုံ့ချလျက် မြတ်စွာဘုရားကို ပင်လျှင် ပြန်၍ စွပ်စွဲနှိပ်စက်သော စကားဆိုလိုလျက် ဤသို့ ဆိုသည်ရှိသော် ရဟန်းဂေါတမသည်လည်း မကောင်းယုတ်နိမ့်ခြင်း ဖြစ်လတ္တံ့-ဟု နှလုံးပြု၍ ဤသို့သော စကားကို ဆိုပြန်၏။

အရှင်ဂေါတမ သာကီဝင်မျိုးတို့သည် ကြမ်းတမ်း ကုန်၏။ သာကီဝင်မျိုးတို့သည် စကားများကုန်၏။ အိမ်ကြီးရှင် မနေရှင်သူကြွယ်ဖြစ်ကြကုန်လျက် ပုဏ္ဏားတို့ကို အရိုအသေ ကောင်းစွာမပြုကြကုန်။ အလေးမပြုကြကုန်။ မမြတ်နိုးကြကုန်။ မပူဇော်ကြကုန်။

အရှင်ဂေါတမ၊ ဤသို့ အရိုအသေ ကောင်းစွာ မပြုခြင်း, အလေး မပြုခြင်း, မမြတ်နိုးခြင်း, မပူဇော်ခြင်းသည် မသင့်လျော်သည်သာတည်း။ ဤသို့လျှင် အမ္ဗဋ္ဌလုလင်သည် ရှေးဦးပထမ သာကီဝင်မျိုးတို့၌(အိမ် ကြီးရှင်မနေရှင်သူကြွယ်) ဟူသော ဣဗ္ဘဝါဒ စကားကိုကျစေ၏။ ။(ဣဗ္ဘဝါဒစကားဖြင့်လဲစေ၏၊ ဤကား မြတ်စွာဘုရားကို လဲအောင် လှဲသော စကားတည်း။)

အမ္ဗဋ္ဌ၊ သာကီဝင် မျိုးတို့သည် အဘယ်သို့ သင်အား ပြစ်မှားကြကုန်သနည်း -ဤသို့ မြတ်စွာဘုရားက မေးသည်ရှိသော်....

အရှင်ဂေါတမ၊ တရံသော အခါ၌ အကျွန်ုပ်သည် ဆရာ ပေါက္ခရသာတိ ပုဏ္ဏား၏ ပြုဘွယ်ကိစ္စဖြင့် ကပိလဝတ်ပြည်သို့ ရောက်၏၊ သာကီဝင်မျိုးတို့၏ စည်းဝေးရာ ရုံးသို့ ရောက်၏။ ထိုအခါ၌ သာကီဝင် မင်းတို့သည် လည်းကောင်း, သာကီဝင်မင်းသားတို့သည်လည်းကောင်း, မြင့်ကုန်သော နေရာတို့၌ နေကြကုန်၍၊ အချင်းချင်း လက်တို့ခြင်း, လက်ခုတ်တီးခြင်း စသည်ဖြင့် ပျက်ရယ်ပြောဆို ရယ်မြူး ပျော်ပါး, ကစားကြကုန်လျက် နေကြကုန်၏။ စင်စစ်သော်ကား အကျွန်ုပ်ကိုသာလျှင် ပြောင်လှောင် ပြောဆို ပျက်ရယ်ပြုကြသည်-ဟု မှတ်ထင်၏၊အကျွန်ုပ်ကို မည်သူ တယောက်မျှ နေရာ၌ နေပါ-ဟု မပြောဆို။

အရှင်ဂေါတမ၊ ဤသို့ ပြုလုပ် ခြင်းသည် မသင့်လျော် သည်သာတည်း၊ ဤသာကီဝင်မျိုးတို့သည် (အိမ်ကြီးရှင် မနေရှင် သူကြွယ်) ဖြစ်ပါကုန်လျက် ပုဏ္ဏားတို့ကို ကောင်းစွာ အရိုအသေ မပြုကြ။ အလေး မပြုကြကုန်၊ မမြတ် နိုးကြကုန်။ မပူဇော် ကြကုန်။ ဤသို့လျှင် အမ္ဗဋ္ဌ လုလင်သည် ဒုတိယအကြိမ် သာကီဝင်မျိုးတို့၌ (အိမ်ကြီးရှင် မနေရှင် သူကြွယ်) ဟူသော ဣဗ္ဘဝါဒစကားကို ကျစေ၏၊ (ဣဗ္ဘဝါဒ စကားဖြင့် လဲစေ၏။)

သာကီဝင် မင်းသားတို့သည် အမ္ဗဋ္ဌ၏ အမျိုး အနွယ်ကို သိကြကုန်၏။ အမ္ဗဋ္ဌသည်လည်း ထိုအခါ၌ ခြေဖျား တိုင်အောင် တွဲလျားချ၍ ဝတ်သော ပုဆိုး၏ အစွန်ကို လက်တဖက်ဖြင့်ကိုင်၍ လည်ဂုတ်ရိုးကို ညွတ်စေ, မော့စေလျက် မာန ရစ်မူးခြင်းဖြင့် ရစ်မူးသကဲ့သို့ လာ၏၊ ထိုကြောင့် သာကီဝင်မင်းသားတို့သည် အချင်းချင်းလက်တို့ကာ ပြောဆို ရယ်မြူးကြကုန်လျက် ကြည့်ကြကုန်၏။

အချင်းတို့၊ ငါတို့၏ ကျွန် လူနက်မျိုးဖြစ်သော အမ္ဗဋ္ဌ လာပုံကို ကြည့်ရှုကြကုန်လော—ဟု ဆို၍ အချင်းချင်း ရယ်မောကာ ပျက်ရယ်ပြု ကြကုန်၏။ ထိုအမ္ဗဋ္ဌသည်လည်း မိမိအမျိုးအနွယ်ကို သိ၏။ ထိုကြောင့် ဤသာကီဝင်မင်းသားတို့သည် ငါ့ကိုသာလျှင် ပျက်ရယ်ပြုသည်-ဟု ထင်လေ၏၊ထိုကြောင့် ဣဗ္ဘဝါဒဖြင့် မြတ်စွာဘုရားအား ဆိုပြန်၏။

ထိုသို့ အမ္ဗဋ္ဌ ဆိုသည် ရှိသော် မြတ်စွာဘုရားက အို....အမ္ဗဋ္ဌ ထွန်သွား၊ မြေကြီးခဲ၏ အကြား၌ နေသော ဗိလုံးငှက်ငယ်သော်လည်း မိမိ၏ နေရာ၌ သိန်းစွန်တို့ကို လည်းကောင်း, ဟသ်ာ ကြိုးကြာတို့ကိုလည်းကောင်း, ပမာဏ မပြုဘဲ အလိုရှိရာ မြည်တွန်၍နေသေး၏။ဤ ကပိလဝတ် ပြည်သည် သာကီဝင်မင်းသားတို့၏ နေရာဖြစ်၏၊ ငါရှင် အမ္ဗဋ္ဌသည် ဤမျှလောက်ဖြင့် စိတ်ဆိုးခြင်းငှါ မထိုက်ပါ-ဟု မြှောက်ပင့်သော စကားဖြင့် မိန့်တော်မူ၏။

ဤသို့ မြတ်စွာဘုရား မိန့်တော်မူသည် ရှိသော် အမ္ဗဋ္ဌ လုလင်သည် ဤရဟန်းဂေါတမကား မိမိ၏ ဆွေမျိုးတို့ကို ဗိလုံးငှက်ငယ်နှင့် ဥပမာပြု၍ ငါတို့ကိုမူကား သိန်း, စွန်, ဟသ်ာ, ကြိုးကြာတို့နှင့် ဥပမာပြု၍ ဆို၏။ ယခုအခါ မာန်ကျ၍ သွား၏-ဟု မှတ်လျက် အမျိုးဇာတ် လေးပါးကို ပြလျက် ဤသို့ ဆိုပြန်၏။

အရှင်ဂေါတမ....ခတ္တိယမျိုး, ဗြာဟ္မဏမျိုး, ဝေဿမျိုး, သုဒ္ဒမျိုး—ဟူ၍ မင်းမျိုး, ပုဏ္ဏားမျိုး, ကုန်သည်မျိုး, သူဆင်းရဲမျိုး အားဖြင့် လေးမျိုးသော ဇာတ်တို့တွင် ခတ္တိယ, ဝေဿ, သုဒ္ဒ—ဟူသော ဇာတ်သုံးမျိုးတို့သည် ဗြာဟ္မဏ-ဟူသော ပုဏ္ဏားမျိုးတို့၏ အလုပ်အကျွေး အခြံအရံဖြစ်ကုန်၏၊ ဤသာကီဝင်မျိုးတို့သည်ကား (အိမ်ကြီးရှင်နေရှင်သူကြွယ်) ဖြစ်ကြပါကုန်လျက် ပုဏ္ဏားတို့ကို ကောင်းစွာ အရိုအသေ မပြုခြင်း, မမြတ်နိုးခြင်း, မပူဇော်ခြင်းသည် မသင့်လျော်သည် သာလျှင်တည်း။

ဤသို့လျှင် အမ္ဗဋ္ဌလုလင်သည် တတိယအကြိမ် သာကီဝင်မျိုးတို့၌ (အိမ်ကြီးရှင် နေရှင်သူကြွယ်) ဟူသော ဣဗ္ဘဝါဒကို ကျစေ၏။ (ဣဗ္ဘဝါဒဖြင့် လဲစေ၏။)

ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့ အကြံတော်ဖြစ်၏။ ''ဤအမ္ဗဋ္ဌလုလင်သည် သာကီဝင်မျိုးတို့၌ ဣဗ္ဘဝါဒဖြင့် အလွန်လျှင် နှိပ်နင်းခြင်းကို ပြုဘိ၏—တကား, ငါသည် အနွယ်အမျိုးအဆက်ကို မေးရမူကား သင့်မြတ်ဖွယ်ရှိ၏'' ဟု ကြံတော်မူပြီး၍....

အို-အမ္ဗဋ္ဌ၊ သင်သည် အဘယ်အမျိုး အဘယ်အနွယ်ဖြစ်သနည်း-ဟု မေးတော်မူ၏၊

ထိုအခါ၌ အမ္ဗဋ္ဌ လုလင်သည် မိမိ၏ အမျိုးဇာတ် မစင်ကြယ်သည်၏ အဖြစ်ကို သိသော်လည်း ဤရဟန်းကြီးသည် ဘဝဖုံးလွှမ်းသဖြင့် အမျိုး ဇာတ်၏ အစဖြစ်ပုံ အကြောင်းကို ကောင်းစွာ သိမည်မဟုတ်-ဟု မှတ်ထင်၍ မာနခက်ထန်ခြင်း လွန်ကဲရကား....

အရှင်ဂေါတမ ...အကျွန်ုပ်သည် ကဏှာယန အမျိုးတည်း-ဟူ၍ သုံးကြိမ် တိုင်တိုင် ကျယ်စွာသော အသံကိုပြုလျက် ဆိုလေ၏။

အမ္ဗဋ္ဌ-ရှေးကဖြစ်သော အမိအဘတို့၏ အမည်အနွယ်ကို အောက်မေ့ ဆင်ခြင်သည်ရှိသော် သာကီဝင်မျိုးတို့သည် အရှင်၏ သားတို့တည်း၊ သင်သည် ကား သာကီဝင်မျိုးတို့၏ ကျွန်မက မွေးသော သားဖြစ်၏၊ ကျွန်သည် အရှင်ကို ဆည်းကပ်ခစားရသကဲ့သို့ သင်သည် ကျွန်မသားဖြစ်ပါလျက် အရှင် သားဖြစ်ကုန်သော သာကီဝင်မျိုးတို့ကို ဆည်းကပ် ခစားခြင်း မပြုသော ကြောင့် သာကီဝင် မင်းသားတို့သည် သင့်ကို ပျက်ရယ်ပြုကြကုန်၏။

## သာကီဝင်မင်းတို့၏ အစ ဖြစ်ပုံအကြောင်း

အမ္ဗဋ္ဌ-သာကီဝင်မျိုးတို့သည်ကား ဥက္ကာက မင်းကြီးကို ဘိုးဘေးအရာ၌ ထားကြကုန်၏ ဥက္ကာက မင်းကြီးကို ဘိုးတော်-ဟူ၍ သိကြကုန်၏။

အမ္ဗဋ္ဌ၊ ရှေးကဖြစ်သော အကြောင်းကို နားဆောင်ဦးလော့ ...၊ဥက္ကာက မင်းကြီးသည် ချစ်ခင်လှသော မိဖုရားငယ်၏ သားကို တိုင်းပြည်ကို အပ်နှင်း လို၍ ဥက္ကာမုခ, ကရကဏ္ဍ, ဟတ္ထိနိက, သိနိသူရ-ဟူသော သားကြီး လေး ယောက်တို့ကို တိုင်းပြည်မှ နှင်ထုတ်တော်မူ၏၊ ထိုသားကြီး လေးယောက် တို့သည် တိုင်းပြည်မှ ထွက်သွားကြ၍ ဟိမဝန္တာတောင်၏ နံပါး၌ ပေါက္ခ ရဏီ–လေးထောင့် ရေကန်၏ ကမ်းနား၌ ကြီးစွာသော ကျွန်းပင် တောအုပ် သည်ရှိ၏၊ ထိုကျွန်းပင် တောအုပ်၌ နေထိုင်ခြင်းကို ပြုကြကုန်၏။

ထိုမင်းသားလေးယောက်တို့သည် ဇာတ်ရောယှက်မည်ကို ကြောက်သော ကြောင့် မိမိ၏ နှမတို့နှင့် အတူတကွ သံဝါသ ပြုကြကုန်၏။

အိုအမ္ဗဋ္ဌ ထိုအခါ၌ ဥက္ကာကမင်းကြီးသည် မှူးမတ်တို့ကို ခေါ်၍ ယခု အခါ၌ မင်းသားတို့သည် အဘယ်အရပ်မှာ နေကြကုန်သနည်း-ဟု မေးသည်ရှိ သော် အရှင်မင်းမြတ် ဟိမဝန္တာတောင်၏ နံပါး, ပေါက္ခရဏီ လေးထောင့် ရေကန်ကြီး၏ ကမ်းနား,ကြီးစွာသော ကျွန်းပင် တောအုပ်၌ နေကြကုန်၍ ထိုမင်းသားတို့သည် ဇာတ် ရောယှက်မည်ကို ကြောက်သောကြောင့် မိမိ၏

နှမဘို့နှင့် သံဝါသပြု၍ နေကြပါကုန်၏-ဟူ၍ အမတ်တို့က လျှောက်တင်ကြကုန်၏၊

အို့အမ္ဗဋ္ဌ၊ ထိုအခါ၌ဥက္ကာကမင်းကြီးသည် ဥဒါန်းကို ကြူးရင့်တော်မူ၏။

> သကျဝတ ဘော ကုမာရာ၊ ပရမ သကျာဝတ ဘော ကုမာရာ။

ဘော၊ အိုအချင်းတို့။ ကုမာရာ၊ မင်းသားတို့သည်၊ သကျာဝတ၊တတ်နိုင်လေကုန်စွတကား။ ဘော၊ အိုအချင်းတို့။ ကုမာရာ၊ မင်းသားတို့သည်။ ပရမသကျာဝတ၊ အလွန်တတ်နိုင်လေကုန်စွတကား၊

ဤသို့သော ဥဒါန်းကို ကြူးရင့်တော်မူ၏၊

ထိုဥဒါန်း စကားကို အစပြု၍ (သကျာ)-ဟူသော သာကီဝင်မျိုးတို့သည် ထင်ရှားကုန်၏။ ထိုဥက္ကာက မင်းကြီးသည်လည်း ထိုသာကီဝင်မျိုးတို့၏ ရှေးကျသော အစအဦး ယောကျ်ားထူးပင် ဖြစ်၏။

အမ္ဗဋ္ဌ- ထိုဥက္ကာကမင်းကြီးအား ဒိသာအမည်ရှိသော ကျွန်မသည်ရှိ၏။ ထိုကျွန်မသည် ကဏှမည်သော သားကို မွေးဖွား၏၊ ထိုသားသည် မဲနက်သော အဆင်းရှိ၏၊ ဝမ်းတွင်းကပင်လျှင် သွားပေါက်၍ မုတ်ဆိတ်ကျင်စွယ်နှင့် တကွ မွေးဖွား၏။ ကြောက်မက်ဖွယ် မည်းနက်သော အဆင်း, မုတ်ဆိတ်ကျင်စွယ်, သွား, အစွယ်တို့ကို မြင်၍ ဘီလူးမှတ်သောကြောင့် ကြောက်လန့်၍ ထွက်ပြေးကြသော လူတို့သည် တံခါးကို ပိတ်၍ ထိုကဏှ- မည်သော သားသည် အခန်းတွင်း၌ ထိုမှ ဤမှ သွားလာပြီး၍ ငါ့ကို ဆေးကြောသုတ်သင်ကြကုန်လော့။ ငါ့ကို ရေချိုးကြကုန်လော့။ ဤ အညစ်အကြေးတို့မှ ကင်းစင်အောင် ပြုလုပ်ကြကုန်လော့- သင်တို့ အကျိုးငှါ ငါဖြစ်ပါအံ့-ဟူ၍ မွေးဖွားစကပင်လျှင် စကားပြော၏။ ကြယ်စွာသော အသံကို ဆို၏၊

အမ္ဗဋ္ဌ-ထိုအခါ၌ လူတို့သည် တစ္ဆေ,မြေဘုတ်ကိုမြင်လျှင် ကဏှ-မဲမဲကြီးနက်နက်ကြီး- ဟူ၍ ဆိုကြကုန်၏။ ထိုအတူပင်လျှင် ဤသားသည် မွေးဖွားစက ပင်လျှင် စကားပြော၏၊ မဲမဲနက်နက်ကြီး မွေးဖွား၍, ဘီလူး, မြေဘုတ်ကို မွေးဖွား၏- ဟူ၍ ဆိုကြကုန်၏။

အမ္ဗဋ္ဌ- ထိုအခါမှ စ၍ ကဏှာယန- လူနက်မျိုးတို့သည် ထင်ရှားကုန်၏။ ထိုဒိသာ အမည်ရှိသောကျွန်မ၏သား ကဏှ-နက်သည်ပင်လျှင် ထိုကဏှာယန လူနက်မျိုးတို့၏ ရှေးဦးအစ ဖြစ်သော ယောကျ်ားထူးပင် ဖြစ်၏၊

အမ္ဗဋ္ဌ- ဤသို့ လျှင် ရှေးဖြစ်သော အမိအဘ အမည်အနွယ်ကို အောက်မေ့သည် ရှိသော် ထိုသာကီဝင်မင်းသားတို့သည် အရှင်၏သားတို့ ဖြစ်ကြကုန်၏- သင်သည်ကား- သာကီဝင်မျိုးတို့၏ ကျွန်မက ဖွားဖွားသော ကျွန်မသား ဖြစ်၏၊

ဤသို့မြတ်စွာဘုရားသည် အမျိုးအနွယ်ကို ဖော်၍ အမြစ်အရင်း ပေါ်အောင် မိန့်တော်မူသည် ရှိသော် အမ္ဗဋ္ဌနှင့် အတူတကွ လာကြကုန်သော သူငယ်တို့သည် ဤသို့ အကြံဖြစ်ကြကုန်၏၊ အမ္ဗဋ္ဌသည် ငါတို့၏ ဆရာ ပေါက္ခရသာတိ ပုဏ္ဏား၏ တပည့်အကြီးဆုံး ဖြစ်၏၊ အကယ်၍ ဤကဲ့သို့သော နှိမ့်ချ၍ ကျွန်မသား အရာ၌ နေရာတွင် ငါတို့သည် သူ့ဘက်မှ ကူညီ၍ တခွန်း နှစ်ခွန်းသော စကားကိုမျှ မပြောဆိုကုန်ငြားအံ့။ ဤအမ္ဗဋ္ဌသည် ငါတို့၏ ဆရာအထံသို့ ရောက်လျှင် ငါတို့ကို တိုက်ခွဲလတ့်-ဟု ဂုံးတိုက်အံ့သော ဘေးမှ ကြောက်သောကြောင့် ထိုအမ္ဗဋ္ဌ၏ မာန ကြီးခြင်းကို မနှစ်သက်ဘဲ စိတ်ထဲက မာန်ကျစေခြင်းကို အလိုရှိလျက်နှင့် ပင်လျှင် သူ့ဘက်မှ ကူညီ၍—

အရှင်ဂေါတမ၊ အမ္ဗဋ္ဌကို ကျွန်မသား—ဟူသော စကားဖြင့် နှိပ်နင်း၍ မဆိုပါလင့် အမ္ဗဋ္ဌ-လုလင်သည် ကောင်းစွာ မွေးဖွားသော အမျိုးကောင်းသား ပညာရှိ စကားတတ်သော များသောအကြားအမြင်ရှိသောသူ ဖြစ်ပါ၏၊ ဗေဒင်သုံးပုံ၌ ဤအမ္ဗဋ္ဌသည် အရှင်ဂေါတမနှင့် မေးဖြေစကားပြောကြားခြင်းငှါ တတ်စွမ်းနိုင်သော သူဖြစ်ပါ၏။ ဤသို့ သူငယ်တို့ ဆိုသောအခါ မြတ်စွာဘုရားသည် ထိုသူငယ်တို့ကို ဤသို့ဆို၏။

အချင်းသူငယ်တို့၊အကယ်၍ သင်တို့သည် အမ္ဗဋ္ဌကို ပညာရှိမဟုတ်။ ရဟန်းဂေါတမနှင့် စကားပြောနိုင်သူ မဟုတ်-ဟူ၍ မှတ်ထင်လျှင် သင်တို့သည် ပင်လျှင် ငါဘုရားနှင့် စကားပြောကြကုန်လော့။ အကယ်၍ သင်တို့သည် အမ္ဗဋ္ဌကို ပညာရှိ အမျိုးကောင်းသား ရဟန်းဂေါတမနှင့် စကားပြောခြင်းငှါ တတ်စွမ်းနိုင်သောသူ- ဟူ၍ မှတ်ထင်လျှင် သင်တို့သည် အသာနေကြကုန်လော့၊ အမ္ဗဋ္ဌ- တယောက်သာလျှင် ငါဘုရားနှင့် စကားပြောပါစေလော့။

ဤသို့ မြတ်စွာဘုရား မိန့်တော်မူသည်ရှိသော် ထိုသူငယ်တို့သည် (အမ္ဗဋ္ဌ— သည် ပညာရှိ အမျိုးကောင်းသား ဖြစ်ပါ၏၊ အရှင်ဂေါတမနှင့် စကားပြောခြင်းငှါ တတ်စွမ်းနိုင်ပါ၏) အကျွန်ုပ်တို့သည် တိတ်တိတ်နေပါကုန်အံ့။ အမ္ဗဋ္ဌ- တယောက်သည်သာလျှင် အရှင်ဂေါတမနှင့် စကားပြောပါစေလော့-ဟူ၍ ဆိုကြကုန်၏။



ဘုရားသခင်သည် [illegible]

ထိုအခါ၌ မြတ်စွာဘုရားသည် အမ္ဗဋ္ဌ-လုလင်ကို ဤသို့မိန့်တော်မူ၏။

အိုအမ္ဗဋ္ဌ—အကြောင်းယုတ္တိ—ရှိသော ဤအမေးပုစ္ဆာသည် သင်၏အထံသို့ ဆိုက်ရောက်၏၊ အလိုမရှိသော်လည်း ဖြေဆိုသင့်၏။ အကယ်၍ သင်သည် မဖြေဆိုငြားအံ့၊ တပါးသော စကားဖြင့် တပါးသော စကားကို မူလည်း မေ့ရှုတ်၍ ဖုံးအုပ်ငြားအံ့၊ တိတ်တိတ်မူလည်း နေငြားအံ့။ ထ၍ မူလည်း သွားငြားအံ့။ ဤနေရာ၌ ပင်လျှင် သင်၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲလတ္တံ့။

ထိုစကားကို အဘယ်တို့ မှတ်သနည်း၊ အမ္ဗဋ္ဌ— အဘယ်သို့ သင်ကြားဘူးသနည်း.? အသက်ကြီး, အရွယ်ကြီး, ဆရာ, ဆရာပုဏ္ဏားကြီးတို့ ပြောဆိုသော စကားကို အဘယ်သို့ သင်ကြားဘူးသနည်း။

ကဏှာယန— လူနက်မျိုးတို့သည် အဘယ်မှ စ၍ဖြစ်သကုန်နည်း။ ကဏှာယန-လူနက်မျိုးတို့၏ အစ ရှေးဦး ယောကျ်ား ထူးကား အဘယ်သူနည်း။

ဤသို့ မေးသည်ရှိသော် အမ္ဗဋ္ဌလုလင်သည် တုဏှိဘာဝ ငိုက်ဆိုက်ချ၍ တိတ်တိတ်သာလျှင် နေတော့၏။

မြတ်စွာဘုရားသည် ဒုတိယအကြိမ်လည်း ထိုအမေးကို ထပ်၍ မေးတော်မူ၏။ အမ္ဗဋ္ဌ- လုလင်သည် ဒုတိယ အကြိမ်လည်း တုဏှိဘာဝ၊ ငိုက်ဆိုက်ချ၍ တိတ်တိတ်သာလျှင် နေတော့၏။

ထိုအခါ၌ မြတ်စွာဘုရားသည်။ အမ္ဗဋ္ဌလုလင်ကို ဤသို့ မိန့်တော်မူ၏။

အိုအမ္ဗဋ္ဌ-ယခု ဖြေဆိုလော့။ယခုအခါ၌ သင်သည် တုဏှိဘာဝ ငိုက်ဆိုက်ချ၍ နေရမည့်အခါ မဟုတ်၊ အမ္ဗဋ္ဌ- အကြင်သူသည် မြတ်စွာဘုရားက သုံးကြိမ်တိုင်အောင် အကြောင်း ယုတ္တိရှိသော အမေးကို မေးတော်မူပါလျက် မဖြေဆိုငြားအံ့။ ထိုနေရာ၌ ပင်လျှင် ထိုသူ၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲလတ္တံ့။

ဤသို့ မြတ်စွာဘုရား မိန့်တော်မူသော အခါ၌ ဝဇိရပါဏိ လက်နက်ရှိသော ဘီလူးကြီးသည် ကြီးစွာသော သံတူကြီးကို ကိုင်၍ အလျှံ အရောင် တပြောင်ပြောင်နှင့် တောက်လောင် စွဲငြိ ကြောက်ဖွယ် ကမန်း, ကောင်းကင် လမ်းက အမ္ဗဋ္ဌ-၏ မုဒ္ဓါ်းထိ၌ ခုနစ်စိတ်ကျ ပိုမာအောင် မှုဂ့ ကြေကွဲ, ရိုက်ခါခွဲ၍ ဖရိုဖရဲ ယခုသွားစေအံ့-ဟု ကြိမ်းဝါးခြင်းကို ပြုလျက်၊ ယခုပင် မြတ်စွာဘုရား မေးတော်မူသည်ကို ဖြေဆိုလော့- ဟု ဆို၍ အမ္ဗဋ္ဌ၏ ဦးခေါင်းပေါ် တည့်တည့် ကောင်းကင်မှ ရပ်၍ နေလေ၏။

ထိုသို့ရပ်၍ နေသော ဘီလူးကြီးကို မြတ်စွာဘုရားလည်း မြင်၏။ အမ္ဗဋ္ဌ-လည်း မြင်၏ အခြားသူတို့ မမြင်ကြကုန်၏။

ထိုအခါ၌ အမ္ဗဋ္ဌလုလင်သည် ကြောက်၍ ထိပ်လန့် ကြက်သီး မွေးညင်း ထလျက် တကိုယ်လုံး ယိုစီးသော ချွေးတို့ဖြင့် ရွဲရွဲစိုလျက် မြတ်စွာဘုရားမှ တပါး ခိုစရာ,ကပ်စရာ မရှိတော့ပြီ–ဟု အောက်မေ့လျက် မြတ်စွာဘုရား၏ အပါးတော်သို့ တိုးကာ ကပ်၍ ကျိုးနွံစွာ တုတ်ဝပ်ခြင်းကို ပြုလျက် အရှင် ဂေါတမ၊ အဘယ်စကားကို မေးတော် မူလိုက်ပါသနည်း နောက်တဖန် ထပ်၍ မေးတော်မူပါလော့–ဟု လျှောက်ကြား၏။

အမ္ဗဋ္ဌ–အဘယ်သို့ သင် မှတ်ထင်သနည်း? အသက်ကြီး, အရွယ်ကြီး, ဆရာ့ဆရာပုဏ္ဏားကြီးတို့ ပြောဆိုသော စကားကို အဘယ်သို့ သင်ကြားဘူး သနည်း?၊ ကဏှာယန လူနက်မျိုးတို့သည် အဘယ်က စ၍ဖြစ်သနည်း?။ကဏှာ ကန လူနက်မျိုးတို့၏ အစ ရှေးဦး ယောကျ်ားထူးကား အဘယ်သူ ဖြစ် သနည်း?။

အရှင်ဂေါတမ မိန့်တော်မူသော အတိုင်းပင် ကြားဘူးပါ၏။ ကဏှာယန လူနက်မျိုးတို့သည် ထိုကဏှမည်သော ကျွန်မသား နေက်မှ စ၍ ဖြစ်ပါ၏၊ ကဏှာယန လူနက်မျိုးတို့၏ အစ ရှေးဦး ယောကျ်ားထူးသည်ကား ထိုကဏှ အမည်ရှိသော ကျွန်မသား နေက်ပင်လျှင် ဖြစ်ပါ၏။

ဤသို့ အမ္ဗဋ္ဌ ပြောဆိုသည်ရှိသော် အမ္ဗဋ္ဌနှင့် အတူတကွ လာသော သူငယ် တို့သည် ကျယ်စွာသော အသံဖြင့် "အမ္ဗဋ္ဌလုလင်သည် ကျွန်မသား ဖြစ် သတဲ့၊ သာကီဝင်မင်းသားတို့သည် ကျွန်မသား အမ္ဗဋ္ဌ၏ အရှင်ဖြစ်ကြ ကုန် သတဲ့၊ တရားမှန် အတိုင်း ဟောပြောတော် မူသော အရှင်ဂေါတမကို ငါတို့သည် မသိမဲ့မြင် မှတ်ထင်မိပါကုန်၏"–ဟူ၍ ဆိုကြကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့ အကြံတော် ဖြစ်၏၊ ဤသူငယ် တို့သည် အမ္ဗဋ္ဌလုလင်ကို ကျွန်မသား–ဟူ၍ အလွန်နှိပ်နင်းပြောဆိုကြကုန်၏၊ အမ္ဗဋ္ဌကို ထိုသို့ပြောဆိုခြင်းမှ ငါသည် ယခုပင် လွတ်စေအံ့–ဟု ကြံတော် မူလျက် ထိုသူငယ်တို့ကို ဤသို့ မိန့်တော် မူရပြန်၏။

အချင်းသူငယ်တို့၊သင်တို့သည် အမ္ဗဋ္ဌကို ကျွန်မသား–ဟူသော စကားဖြင့် အလွန် နှိပ်နင်းခြင်းကို မပြုကြကုန်လင့်။ ထိုကဏှအမည်ရှိသော ကျွန်မသား နေက်သည် ကြီးပွားသော ရသေ့ဖြစ်၏။ ထိုနေက်သည် ဂင်္ဂါမြစ်၏ တောင် ဘက် ဒက္ခိဏာပထ ဇနပုဒ်သို့ သွား၍ မြတ်သောမန္တန်ကို သင်ကြား၏၊

ထိုအခါ၌ ဒက္ခိဏာပထ ဇနပုဒ်၌ များစွာကုန်သော ပုဏ္ဏားရသေ့တို့သည် ရှိကုန်၏။ ထိုကဏှမည်သော နေက်သည် ဒက္ခိဏာပထဇနပုဒ်သို့ သွား၍ တဦးသော ရသေ့ကို ဝတ်ကြီး,ဝတ်ငယ်ဖြင့် နှစ်သက်စေ၍ သင်အလိုရှိရာ မန္တန်ကို ငါပေးအံ့–ဟု ရသေ့ကဆို၍ အကျွန်ုပ်သည် တပါးသော

မန္တန်ကို အလိုမရှိပါ။ လေး လက်နက် မပစ်နိုင်သော မန္တန်ကိုသာ အလိုရှိပါသည်၊ ထိုလေး မပစ်နိုင်သော မန္တန်ကို ပေးပါလော့ဟု-တောင်း၏။

ထိုပြဟ္မဏရသေ့က လေးမပစ်နိုင်သော အမ္ဗဋ္ဌမည်သော ဝိဇ္ဇာအတတ်ကို သင်၍ပေးလိုက်၏။ ထိုကဏှနေက်သည် ထိုအမ္ဗဋ္ဌမည်သော ဝိဇ္ဇာအတတ်ကို သင်ယူ၍ ထိုအတတ်ကို စုံစမ်း၍ ယခုအခါ၌ ငါ၏ နှလုံး အလိုသည် ပြည့်ရတော့အံ့-ဟု တပါးသောရသေ့အသွင်ကို ယူ၍ ထိုကဏှမည်သော ငနက်သည် ရသေ့လုပ်၍ ဥက္ကာက မင်းကြီးအထံသို့သွား၍ မဒ္ဒရူပီ အမည်ရှိသော သမီးတော်ကို တောင်း၏။

ထိုဥက္ကာကမင်းကြီးသည် ငါ၏ ကျွန်မသား ဖြစ်ပါလျက် အဘယ့်ကြောင့် ဤငနက်သည် ငါ၏ သမီးတော်ကို တောင်းရသနည်း-ဟု အမျက်ထွက်၍ လေးကိုတင်၏။

ထိုအခါ၌ ဥက္ကာကမင်းကြီးသည် ငနက်ကို သတ်အံ့-ဟု တင်သောလေးကို ပစ်ခြင်းငှာလည်း မတတ်နိုင်။ ချခြင်းငှာလည်း မတတ်နိုင်။ ထိုအခါ၌ တကိုယ်လုံးမှ ချွေးယိုစီးလျက် ကြောက်ခြင်းဖြင့် တုန်လှုပ်စွာ ရပ်၍ နေ၏။

ဤသို့ ကဏှမည်သော ရသေ့၏ မန္တန် အစွမ်းဖြင့် လေးကိုပစ်ခြင်းငှာလည်း မတတ်နိုင်, ချထားခြင်းငှာလည်း မတတ်နိုင်၊ ကြောက်ရွံ့ တုန်လှုပ်စွာ ရပ်၍နေသော မင်းကြီးကို အမတ်တို့က မြင်ကြ၍ ကိသဝစ္ဆ အရှင်ရသေ့ကို ပြစ်မှားသော ဒဏ္ဍကီမင်းအား လက်နက်မိုးကြီး ရွာသဖြင့် အလုံးစုံသော တိုင်းပြည်သည် ပျက်စီးခြင်းသို့ ရောက်ကြောင်းကိုလည်းကောင်း, ငါးရာသောရသေ့တို့ကို ပြစ်မှားသော နာဠိကေရ မင်းသည်လည်းကောင်း, အင်္ဂီရသေ့ကို ပစ်မှားသော အဇ္ဇုနမင်းသည်လည်းကောင်း, မြေကြီးမျို၍ အဝီစိငရဲ၌ ဖြစ်သော အကြောင်းကိုလည်းကောင်း, ကြားဘူးကြကုန်၍ ကြောက်လန့်ခြင်း ရှိကြကုန်သော အမတ်ပရိသတ် အပေါင်းတို့သည် ကဏှရသေ့အထံသို့ ဝိုင်းဝန်းကာ လာကြကုန်၍-

''အရှင်ရသေ့ကောင်း မင်းကြီးအား ချမ်းသာ ပေးပါလော့- အရှင်ရသေ့ကောင်း မင်းကြီးအား ချမ်းသာပေးပါလော့''-ဟု တောင်းပန်ကြကုန်၏။

ထိုသို့ ဝိုင်းဝန်း၍ တောင်းပန်ကြသော အခါ၌ ကဏှရသေ့က ဤသို့ဆို၏၊ မင်းကြီးအား ချမ်းသာခြင်းသည် ဖြစ်လတ့်။ သို့ဖြစ်သော်လည်း ဤမင်းကြီးသည် အောက်မြေကြီး အတွင်းသို့ လေးကိုပစ်ငြားအံ့၊ မင်းကြီး၏ တိုင်းပြည်အတွင်း၌ အလုံးစုံသော မြေကြီးသည် ကွဲ၍ သွားလတ့်-ဟု ခြောက်လှန့်၍ ပြောပြန်၏။

ထိုသခါ၌ အမတ်တို့သည် အရှင်ရသေ့ကောင်း မင်းကြီးအား ချမ်းသာ ပါစေသော့- ဤဇနပုဒ် တိုင်းပြည်ကိုလည်း ချမ်းသာ ပါစေလော့-ဟု တောင်းပန်ကြ ပြန်၏။

မင်းကြီးသည်လည်း ချမ်းသာလတ့ံ။ ဇနပုဒ်သည်လည်း ချမ်းသာလတ့ံ။ သို့ဖြစ်သော်လည်း ဤမင်းကြီးသည် အထက်ကောင်းကင်သို့ လေးကို ပစ် ငြားအံ့၊ မင်းကြီး၏ တိုင်းပြည်၌ ခုနစ်နှစ်ပတ်လုံး မိုးမရွာဘဲ နေလတ့ံ-ဟု ဆိုပြန်၏။

အရှင်ရသေ့ကောင်း၊ မင်းကြီးအားလည်း ချမ်းသာ ပါစေ။ ဇနပုဒ် တိုင်းပြည်ကိုလည်း ချမ်းသာပါစေ။ မိုးကိုလည်း ရွာပါစေလော့-ဟု တောင်းပန်ကြပြန်၏။

ထိုအခါ၌ ကဏှရသေ့သည် သွီးတော်ကို ပေးပါအံ့-ဟု ဝန်ခံစေပြီး၍ မင်းကြီးသည် ဤလေးကို သားကြီး၏ ကိုယ်၌ မြှားကိုတည်စေလော့-ဟု ဆို၏၊ ထိုအခါ၌ ဥက္ကာက မင်းကြီးသည် သားကြီး၏ ကိုယ်၌ မြှားကို တည်စေ၍ သားကြီးသည် ကြောက်ခြင်း မဖြစ်ပါစေသတည်း-ဟု ဆို၏။

ထိုသို့ ဆိုသည်ရှိသော် ကဏှရသေ့သည် မန္တန်ကိုဖြေ၍ မန်းမှုတ်၍ သားကြီး၏ ချက်၌ မြှားကို တည်စေ၏။ မင်းသားသည် ချမ်းသာခြင်း ဖြစ်၏၊ ထိုအခါ၌ ထိုကဏှရသေ့သည် မန္တန် အတတ်ပညာတည်းဟူသော မြတ်သော ပြဟ္မဒဏ်ဖြင့်ခြိမ်းခြောက်လျက် ကြောက်ရွံ့ခြင်းရှိသော ဥက္ကာက မင်းကြီးသည် ဦးခေါင်း လျှော်ခြင်း အစရှိသော မင်္ဂလာကိုပြု၍ ကဏှ ရသေ့ကို ကျွန်အဖြစ်မှ တော်လှန်စေ၍ မဒ္ဒရူပီ အမည်ရှိသော သွီးတော် ကိုလည်း ပေး၏။ မြတ်သော အရာ၌လည်း ထားတော်မူ၏။

အချင်းသူငယ်ပေါင်းတို့-အမ္ဗဋ္ဌလုလင့်ကို ကျွန်မသား-ဟူသောစကားဖြင့် အလွန် နှိပ်နင်းခြင်းကို မပြုကြပါကုန်လင့်။ ထိုကဏှ-နေက်သည် မြတ်သော ကြီးပွားသော ပညာတတ်ရသေ့ဖြစ်၏။ ဤသို့ မြတ်စွာဘုရားသည် တဖက် အားဖြင့် အမ္ဗဋ္ဌလုလင်သည် သာကီဝင်မျိုး မင်းသားတို့နှင့် ဆွေမျိုး ဖြစ်သေး၏-ဟု ပြတော်မူလျက် အမ္ဗဋ္ဌကို သက်သာရာရအောင် မိန့်တော် မူရလေ၏။

ထိုအခါ၌ အမ္ဗဋ္ဌလုလင်သည် ရေအိုးတရာဖြင့် သွန်းလောင်းဘိသကဲ့သို့ ပူပန်ခြင်းအေးငြိမ်း၍ သက်သာရာကိုရလျက် ငှဟန်းဂေါတမသည် ငါ့ကို နှစ်သက်ခြင်း ဖြစ်အောင် တဖက်အားဖြင့် ဆွေမျိုးတော်စပ်ခြင်းကို ပြ၍ ဆိုတော်မူ၏၊ ငါသည်လည်း ခတ္တိယမင်းမျိုးဖြစ်၏-ဟု ကြံပြန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤအမ္ဗဋ္ဌလုလင်သည် မိမိကိုယ်ကို ခတ္တိယ မင်းမျိုး-ဟု မှတ်ထင်ပြန်၏၊ ခတ္တိယမင်းမျိုး မဟုတ်သည်၏-အဖြစ်ကို မသိ ရှာလေ။ ယခုပင်ငါသိစေအံ့-ဟု ကြံတော်မူ၍ ခတ္တိယဝံသ ဖြစ်ပုံကိုပြတော် မူခြင်းငှာ ဤသို့ ဒေသနာတော်ကို တိုး၍ မိန့်တော်မူပြန်၏၊

အို-အမ္ဗဋ္ဌ ငါဆိုလတံ့သောစကားကို သင်သည် အဘယ်သို့ မှတ်ထင် သနည်း-သင်သည် ကောင်းစွာဆင်ခြင်ဦးလော့၊ ဤ ယခု လောကကြီး၌ ရှိကြသော ခတ္တိယမျိုး, ဗြာဟ္မဏမျိုး, ဝေဿမျိုး, သုဒ္ဒမျိုး-ဟူ၍ ဇာတ် လေးမျိုး တို့တွင် ခတ္တိယမင်းသားသည် ဗြာဟ္မဏကညာနှင့် လက်ထပ်၍ မွေးဖွားသော ထိုသားသည် ဗြာဟ္မဏမျိုးတို့၌ နေရာဦး-ရေဦးတို့ကို ရထိုက် ၏လော။ ရထိုက်ပါ၏ အရှင်ဂေါတမ၊

မသာ ထမင်း, မင်္ဂလာ ထမင်း, ယဇ်ပူဇော်သော ထမင်း, ဧည့်သည် လက်ဆောင် ထမင်းတို့ကို ကျွေးထိုက်၏လော။ ကျွေးထိုက်ပါ၏-အရှင် ဂေါတမ။

ဗေဒင်တို့ကို သင်ပေးထိုက်သလော, မပေးထိုက်သလော။ သင်ပေး ထိုက်ပါ၏-အရှင်ဂေါတမ၊

ဗြာဟ္မဏကညာ မိန်းမတို့၌ ပိတ်ပင်ထိုက်သလော, မပိတ်ပင်ထိုက်သလော။ မပိတ်ပင်ထိုက်ပါ-အရှင်ဂေါတမ၊

ထိုခတ္တိယမင်းသားနှင့် ဗြာဟ္မဏကညာစပ်၍ မွေးဖွားသောသားကို ခတ္တိယ အဘိသိက်ဖြင့် သွန်းထိုက်ပါ၏လော။ မသွန်းထိုက်ပါ- အရှင်ဂေါတမ၊ အဘယ့်ကြောင့်နည်း၊ အမိဘက်မှ မပြည့်စုံပါ အရှင်ဂေါတမ။ (ဤလည်း တရပ်မှတ်ဦးလော့)။

အို-အမ္ဗဋ္ဌ-ငါဆိုလတံ့သော စကားကို စဉ်းစား၍ ပြောဦးလော့။

"ဗြာဟ္မဏကုမာရသည် ခတ္တိယ ကညာနှင့် လက်ထပ်၍ မွေးဖွားသော သားသည် ဗြာဟ္မဏတို့၏ အလယ်၌ နေရာဦး, ရေဦးတို့ကို ရထိုက်၏လော" ရထိုက်ပါ၏ အရှင်ဂေါတမ။

"မသာထမင်း, မင်္ဂလာထမင်း, ယဇ်ပူဇော်သော ထမင်း, ဧည့်သည် လက်ဆောင် ထမင်းတို့ကို ကျွေးထိုက်ပါ၏လော" ကျွေးထိုက်ပါ၏ အရှင် ဂေါတမ။

"ဗေဒင်တို့ကို သင်ကြား ထိုက်သလော၊ မသင်ကြား ထိုက်သလော" သင်ကြားထိုက်ပါ၏ အရှင်ဂေါတမ။

"ပြဟ္မဏကညာ မိန်းမတို့၌ ပိတ်ပင် ထိုက်သလော၊ မပိတ်ပင် ထိုက်သလော" မပိတ်ပင်ထိုက်ပါ အရှင်ဂေါတမ။

"ခတ္တိယ အဘိသိက်ဖြင့် သွန်းထိုက်၏လော" မသွန်း ထိုက်ပါ အရှင်ဂေါတမ။ အဘယ်ကြောင့်နည်း– အဘဘက်မှ မပြည့်စုံပါ အရှင်ဂေါတမ။ (ဤသည်း တရပ်မှတ်လေဦးလော့။)

အို-အမ္ဗဋ္ဌ၊ ဤသို့လျှင် မိန်းမနှင့် စပ်၍သော်လည်းကောင်း၊ ယောကျ်ားနှင့် စပ်၍ သော်လည်းကောင်း၊ ခတ္တိယမျိုးက သာလျှင်မြတ်၏၊ ပြဟ္မဏမျိုးသည် ယုတ်နိမ့်၏–ဟူ၍ မှတ်လေ။

အို-အမ္ဗဋ္ဌ-ငါဆိုလတ္တံ့သော စကားကို ဆင်ခြင်၍ ဖြေဦးလော့။

"ဤယခု လောကကြီး၌ ပြဟ္မဏမျိုးတို့သည် တဦးတယောက်သောပြဟ္မဏကို တစုံတခုသော အပြစ်ကြောင့် ဦးခေါင်း၌ သင်ဒုံးဖြင့် ဆံပင်တို့ကို ကတုံးရိပ်၍ ပြာပုံးလောင်း၍ တိုင်းပြည်မှသော် လည်းကောင်း၊ မြို့မှသော် လည်းကောင်း နှင်ထုတ်ကုန်ရာ၏။ ထိုသို့ နှင်ထုတ်ပြီးသော ပြဟ္မဏသည် ပြဟ္မဏတို့ အလယ်၌ နေရာဦး၊ ရေဦးတို့ကို ရထိုက်၏လော" မရထိုက်ပါ အရှင်ဂေါတမ၊

"မသာဒမင်း၊ မင်္ဂလာထမင်း၊ ယဇ်ပူဇော်သော ထမင်း၊ ဧည့်သည် လာက်ဆောင် ထမင်းတို့ကို ကျွေးထိုက်၏ လော" မကျွေး ထိုက်ပါ အရှင်ဂေါတမ၊

"ဗေဒင်တို့ကို သင်ကြားထိုက် သလော၊ မသင်ကြား ထိုက် သလော" မသင်ကြားထိုက်ပါ အရှင် ဂေါတမ။

"ပြဟ္မဏကညာ မိန်းမတို့၌ ပိတ်ပင် ထိုက်သလော၊ မပိတ်ပင် ထိုက်သလော" ပိတ်ပင်ထိုက်ပါသည် အရှင်ဂေါတမ။ (ဤသည်း တရပ် မှတ်လေဦးလော့)၊

အိုအမ္ဗဋ္ဌ၊ ဤဆိုလတ္တံ့သော စကားကို ဆင်ခြင်၍ ဖြေဦးလော့။

"ဤယခု လောကကြီး၌ ခတ္တိယ မျိုးတို့သည် တဦး တယောက်သော ခတ္တိယမျိုးကို တစုံတခုသော အပြစ်ကြောင့် ဦးခေါင်း၌ ဆံပင်တို့ကို ရိပ်၍ ကတုံးပြု၍၊ ပြာပုံးလောင်း၍ တိုင်းပြည်မှသော် လည်းကောင်း၊ မြို့မှသော် လည်းကောင်း နှင်ထုတ် ကုန်ရာ၏။ ထိုသို့ နှင်ထုတ်သော ခတ္တိယ မျိုးသည် ပြဟ္မဏမျိုးတို့၏ အလယ်၌ နေရာဦး၊ ရေဦးတို့ကို ရထိုက် ၏ လော" ရထိုက်ပါ၏ အရှင်ဂေါတမ။

"မသာသမင်း, မင်္ဂလာထမင်း, ယစ်ပူဇော်သော ထမင်း, ညှော်သည် လက်ဆောင်ထမင်းတို့ကို ကျွေးထိုက်သလော၊ မကျွေးထိုက်သလော" ကျွေး ထိုက်ပါ၏ အရှင်ဂေါတမ။

"ဗေဒင်တို့ကို သင်ကြား ထိုက်သလော၊ မသင်ကြား ထိုက်သလော" သင်ကြားထိုက်ပါသည် အရှင်ဂေါတမ။

"ဗြာဟ္မဏ ကညာ မိန်းမ တို့၌ ပိတ်ပင် ထိုက်သလော၊ မပိတ်ပင် ထိုက်သလော" မပိတ်ပင် ထိုက်ပါ အရှင်ဂေါတမ၊ (ဤလည်း တရပ် မှတ်လေဦးလော့)။

အို အမ္ဗဋ္ဌ၊ အလွန် ယုတ်နိမ့်အော အဖြစ်သို့ ရောက်သော ခတ္တိယမျိုး သည်လည်း ဗြာဟ္မဏ မျိုးတို့ထက် မြတ်သေး၏။ အို အမ္ဗဋ္ဌ သနင်္ကုမာရ ဗြဟ္မာသည်လည်း ဤသို့သော ဂါထာကို ဆိုအပ်သေး၏။

ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊ ယေ ဂေါတ္တ ပဋိသာရိနော။
ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သော သေဋ္ဌော ဒေဝ မာနုသေ။

အို အမ္ဗဋ္ဌ၊ ထိုဂါထာသည် သနင်္ကုမာရဗြဟ္မာ၏ ကောင်းသော သီချင်း ဖြစ်၏။ မကောင်းသော သီချင်း မဟုတ်။ ကောင်းသော ဆိုခြင်း ဖြစ်၏၊ မကောင်းသော ဆိုခြင်းမဟုတ်။ အတ္ထသဥ္ဟိတ-အကျိုးစီးပွားနှင့် စပ်ယှဉ်၏။ အကျိုးစီးပွားနှင့် မစပ်ယှဉ်သည်မဟုတ်။ ငါဘုရားသည် ထိုဂါထာကို အခွင့် ပြုတော် မူ၏။ ငါဘုရား၏ သဗ္ဗညုတ ဉာဏ်တော်နှင့် ညီညွတ်တော် မူ၏။ ငါဘုရားသည်လည်း ဤဂါထာကိုပင် ထပ်၍ ဟောတော်မူ၏။

ယေ၊ အကြင် သူတို့သည်။ ဂေါတ္တ ပဋိသာရိနော၊ အမျိုး အနွယ်ကို အောက်မေ့ကုန်ငြားအံ့။ ဇနေတသ္မိံ၊ လူအပေါင်း၌။ ခတ္တိယော၊ ခတ္တိယ မျိုးသည်။ သေဋ္ဌော၊ မြတ်၏။ ယော၊ အကြင်သူသည်။ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ ဝိဇ္ဇာ စရဏနှင့် ပြည့်စုံ၏။ သော၊ ထိုသူသည်။ ဒေဝ မာနုသေ၊ နတ်လူ အပေါင်း၌။ သေဋ္ဌော၊ အမြတ်ဆုံးတည်း။

ဤဂါထာ၌ ဝိဇ္ဇာစရဏသမ္ပန္န ပုဒ်ကိုကြား၍ အမ္ဗဋ္ဌလုလင်သည် ဤသို့ ကြံ၏။ ဝိဇ္ဇာဆိုသည်ကား ဗေဒင်သုံးပုံကို ဆို၏၊ စရဏ ဆိုသည်ကား ငါးပါး သီလကို ဆို၏။ ထိုဝိဇ္ဇာနှင့်စရဏတို့သည် ငါတို့မှာ သာလျှင် ရှိ၏။ ဝိဇ္ဇာစရဏ နှင့်ပြည့်စုံသော သူသည် အကယ်၍ မြတ်ငြားအံ့ ငါတို့သည် သာလျှင် အမြတ်ဆုံးတည်း-ဟူ၍ စိတ်ကိုဆုံးဖြတ်လျက် ဝိဇ္ဇာနှင့် စရဏတို့ကို မေးလို သောကြောင့်—

အို အရှင်ဂေါတမ-ဧရေကာ ဆိုသည်ကား အဘယ်ပါနည်း? ဝိဇ္ဇာဆိုသည် အဘယ်ကိုဆိုပါနည်း? -ဟူ၍ မေးလျှောက်လေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဇာတ်, အနွယ်-ဟူသော စကားကို ပယ်ရှား၍ ဤသို့ ဟောတော်မူ၏။

အို အမ္ဗဋ္ဌ၊ အတုမရှိသော ဝိဇ္ဇာ စရဏ အကျင့်မြတ်၌ ဇာတ်- ဟူ၍ လည်းကောင်း, အမျိုးအနွယ်- ဟူ၍ လည်းကောင်း မဆိုအပ်သည် သာ တည်း။

အမ္ဗဋ္ဌ၊ အကြင် အရပ်, အကြင် လူအပေါင်း၌ သမီးပေးခြင်း, သမီး ယူခြင်း, သားပေးခြင်း, သားယူခြင်းသည် ရှိ၏၊ ထိုအရပ် ထိုလူအပေါင်း၌ သာလျှင် ဇာတ်-ဟူ၍ လည်းကောင်း, အမျိုးအနွယ်-ဟူ၍ လည်းကောင်း ဆိုသင့်, ပြောသင့်၏။

အို အမ္ဗဋ္ဌ၊ အကြင် အလုံးစုံသော လူတို့သည် ဇာတ်-ဟူသော စကားဖြင့် နှောင်ဖွဲ့ ငြိတွယ်၍ နေကုန်ငြားအံ့။ အမျိုး အနွယ်ဖြင့် လည်းကောင်း, သမီးပေးခြင်း, သမီးယူခြင်း, သားပေးခြင်း, သားယူခြင်းဖြင့် လည်းကောင်း, နှောင်ဖွဲ့ ငြိတွယ်၍ နေငြားအံ့။ ထိုသူ အပေါင်းတို့သည် မြတ်သော ဝိဇ္ဇာ စရဏ အကျင့်နှင့် အလွန် ဝေးကွာကုန်၏။

အမ္ဗဋ္ဌ- ဇာတ်၌ နှောင်ဖွဲ့ငြိတွယ်ခြင်းကို လည်းကောင်း, အမျိုးအနွယ်၌ နှောင်ဖွဲ့ ငြိတွယ်ခြင်းကို လည်းကောင်း, ထိမ်းမြား လက်ထပ်ခြင်း၌ နှောင်ဖွဲ့ ငြိတွယ်ခြင်းကို လည်းကောင်း ပယ်ရှားမှ သာလျှင် အတုမရှိသော ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းကို မျက်မှောက်ပြုနိုင်၏။

ဤသို့မြတ်စွာဘုရားသည် ဇာတိဝါဒဖြင့် ပြောဆိုသင့်သော ဝိဇ္ဇာစရဏ ကို ပယ်ရှား၍ ဟောတော်မူသော အခါ၌ အမ္ဗဋ္ဌ- လုလင်သည် ဤသို့ ကြံပြန်၏။

ဤရဟန်း ဂေါတမသည် ငါတို့ ငြိကပ်တွယ်တာသော အရာ ဟူသမျှကို အလုံးစုံ ပယ်ရှား၍ ဆိုတော်မူ၏။ ငါတို့သည်ကား- သမီးပေးခြင်း, သမီးယူ ခြင်း- စသည်ဖြင့် တွယ်တာ ငြိကပ်သော ဇာတ်, အမျိုးအနွယ်ကို မပယ်ရှား နိုင်ကြကုန်၊ ငါတို့ မပယ်ရှားနိုင်သော အရာကို ပယ်ရှားနိုင်မှ ဝိဇ္ဇာစရဏ နှင့် ပြည့်စုံကြောင်းကို ဟောတော်မူ၏။ ထိုဝိဇ္ဇာစရဏကို သိသင့်၏- ဟူ၍ နောက်တပန်တပ်၍ လျှောက်ပြန်၏။

အရှင်ဂေါတမ စရဏ ဆိုသည်ကား- အဘယ်တရားပါနည်း? ဝိဇ္ဇာ ဆိုသည်ကား- အဘယ်ကို ဆိုပါသနည်း?

ဤသို့ အမ္ဗဋ္ဌက-ထပ်၍ မေးလျှောက်သောအခါ၌ မြတ်စွာဘုရားသည် လောက၌ သဗ္ဗညု မြတ်စွာဘုရား ဖြစ်တော်မူသော အကြောင်းအရာမှ စ၍ အဇာတသတ်မင်းအား ဟောကြားတော်မူသော နည်းအတိုင်း သာလျှင် စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကို အလုံးစုံသီလ-ဟူသော အမည်ဖြင့် ညွှန်ပြဟောကြားတော် မူပြီး၍ သမာပတ် ရှစ်ပါးတို့ကို စရဏ- ဟူ၍ ဟောကြားတော်မူ၏။

ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓအဘိညာဏ်, ဒိဗ္ဗသောတဉာဏ် စေတော ပရိယအဘိညာဏ်, ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်, ဒိဗ္ဗစက္ခု အဘိညာဏ်, အာသဝက္ခယဉာဏ်-ဤဉာဏ်ရှစ်ပါးကို ဝိဇ္ဇာ-ဟူ၍ ဟောကြား တော် မူ၏။

ဤသမာပတ်-ရှစ်ပါး, အဘိညာဏ်ငါးပါး, ခြောက်ပါး, ခုနစ်ပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါးနှင့် ပြည့်စုံသော ရဟန်းကို ဝိဇ္ဇာစရဏသမ္ပန္န ပုဂ္ဂိုလ်- ဟူ၍ ဆိုအပ်၏။

(အနာဂတ်သနှင့် ယထာကမ္မုပဂကို ထည့်လျှင် ဆယ်ပါး ဖြစ်၏။)

## သာသနာတော် ကွယ်ပလွယ်ကြောင်း ရသေ့လေးမျိုးတို့ အကြောင်း

အို- အမ္ဗဋ္ဌ- ဤဝိဇ္ဇာစရဏ သမ္ပန္န ဖြစ်သော ရဟန်းထက် မြတ်သော ဝိဇ္ဇာစရဏသမ္ပန္န ပုဂ္ဂိုလ်- ဟူ၍ တစုံတယောက်မျှ မရှိတော့ပြီ။

အို အမ္ဗဋ္ဌ- ဤငါဘုရား၏ သာသနာတော်၌ ဝိဇ္ဇာစရဏကို ပျက်စီး ကြောင်း ဖြစ်သော ရသေ့ လေးမျိုးရှိသေး၏။ အဘယ်နည်း- ဟူမူကား....

၁။ ဤလောက၌ အချို့သောသူသည် ဤဝိဇ္ဇာစရဏ သမ္ပဒါ သာသနာ တော်ထမ်း ရဟန်းအကျင့်ကို မှီအောင် မကျင့်နိုင်သည် ဖြစ်၍ ရသေ့ပရိက္ခရာ တို့ကို ထမ်းပိုးဖြင့် ထမ်းဆောင်၍ တောအရပ်သို့ ဝင်၍ အလိုလို ကြွေကျ သော အသီးကိုသာလျှင် စားသုံးတော့အံ့--ဟု စိတ်ကို အဓိဋ္ဌာန်ပြု၍နေ၏။ ထိုသူသည် ထိုကဲ့သို့ ရသေ့လုပ်၍ နေသော်လည်း ငါဘုရား သာသနာတော် ဝယ် ဝိဇ္ဇာစရဏသမ္ပန္န ရဟန်း၏ဝေယျာဝစ္စ အလုပ်အကြွေး ကပ္ပိယကာရက မျှသာ ဖြစ်တော့၏။ ဤကား ပဌမပျက်စီးကြောင်းတည်း။

၂။ အချို့သောသူသည် ဤဝိဇ္ဇာစရဏ သမ္ပဒါ သာသနာတော်ရဟန်း အကျင့်ကိုလည်း မှီအောင် မကျင့်နိုင်။ အလိုလိုကြွေကျသော သစ်သီးစား

ရသေ့အကျင့်ကိုလည်း မှီအောင် မကျင့်နိုင်၍ ပေါက်တူး, ချင်းတောင်းကို ဆောင်ယူလျက် တောအရပ်သို့ ဝင်ပြီးလျှင် သစ်မြစ်, သစ်ဥတို့ကို တူးဆွ၍ စားသုံးတော့အံ့-ဟု စိတ်ကို အခိဋ္ဌာန်ပြု၍ နေ၏။

ထိုသူသည် ထိုသို့ နေသော်လည်း ငါဘုရား သာသနာ တော်ဝယ် ဝိဇ္ဇာစရဏသမ္ပန္န ရဟန်း၏ ဝေယျာဝစ္စ အလုပ်ကျွေး ကပ္ပိယကာရကမျှသာ လျှင် ဖြစ်တော့၏။ ဤကား ဒုတိယပျက်စီးကြောင်းတည်း။

၃။ အချို့သော သူသည် ဤရှေးဆိုခဲ့ပြီးသော အကျင့်တို့ကို မှီအောင် မကျင့်နိုင်၍ (၀၁) ဝိဇ္ဇာစရဏ ရဟန်းအကျင့်ကို လည်းကောင်း, ပဝတ္တဖလ ဘောဇီ- အလိုလိုကြွေကျသော သစ်သီးစား ရသေ့အကျင့်ကို လည်းကောင်း, ကန္ဒမူလပဏ္ဏဘောဇီ, သစ်မြစ်, သစ်ဥစား ရသေ့အကျင့်ကို လည်းကောင်း, မှီအောင် မကျင့်နိုင်၍ ရွာ၏အနီးသို့ လည်းကောင်း, မြို့၏အနီးသို့ လည်း ကောင်း, ကပ်ရောက်၍ မီးတင်းကုတ်ကို ပြုလုပ်၍ မီးကို လုပ်ကျွေးပူဇော် လျက် နေ၏၊ ထိုရသေ့သည် ထိုသို့နေသော်လည်း သာသနာတော်ထမ်း ဝိဇ္ဇာစရဏ ရဟန်း၏ ဝေယျာဝစ္စ အလုပ်အကျွေး ကပ္ပိယကာရကမျှသာ ဖြစ်တော့၏၊ ဤကား တတိယ ပျက်စီးကြောင်းတည်း။

၄၊ အချို့သော သူသည် ဝိဇ္ဇာစရဏ ရဟန်းအကျင့်ကို လည်းကောင်း, အလိုလို ကြွေကျသော သစ်သီးစား ရသေ့အကျင့်ကို လည်းကောင်း, တူးဆွ၍ စားသော သစ်မြစ်, သစ်ဥစား ရသေ့အကျင့်ကို လည်းကောင်း, မီးလုပ်ကျွေးသော အဂ္ဂိပရိစရဏ-ရသေ့အကျင့်ကို လည်းကောင်း, မှီအောင် မကျင့်နိုင်၍ လမ်းဆုံ လမ်းမ လမ်းလေးခွ၌ တံခါးလေးပေါက် ရှိသော အိမ်ကို ပြုလုပ်၍ အရပ်လေးမျက်နှာမှ ရောက်လာကုန်သော ရသေ့ရဟန်း ခရီးသွားတို့ကို တတ်အားသမျှ လှူဒါန်း ပေးကမ်း၍ နေတော့အံ့- ဟု အခိဋ္ဌာန်ပြု၍နေ၏။ ထိုရသေ့သည် ငါဘုရား သာသနာတော်ထမ်း ဝိဇ္ဇာစရဏ ရဟန်း၏ ဝေယျာဝစ္စ အလုပ်အကျွေး ကပ္ပိယကာရကမျှသာလျှင် ဖြစ်တော့ ၏၊ ဤကား စတုတ္ထ ပျက်စီးကြောင်းတည်း၊

ဤကား သာသနာတော် ပျက်စီးလွယ်ကြောင်း ရသေ့လေးမျိုးတည်း။

အဘယ်ကြောင့် ရသေ့အလုပ်ကို သာသနာကွယ်ပ ပျက်စီးလွယ်ကြောင်း- ဟူ၍ ဟောတော်မူသနည်း။

သာသနာတော် ဆုတ်ယုတ်သည်ရှိသော် ရသေ့၏အဖြစ်ဖြင့် ဆုတ်ယုတ် သောကြောင့်တည်း။

ထိုစကားသည် မှန်၏။ ဤသာသနာတော်၌ ရဟန်းပြု၍ သိက္ခာသုံးပါးတို့ကို မဖြည့်ကျင့်နိုင်သော သူကိုသိက္ခာကာမလဇ္ဇီပုဂ္ဂိုလ်တို့က သင်ကဲ့သို့သော အလဇ္ဇီပုဂ္ဂိုလ်နှင့် အတူတကွ ဉပုသ်ပဝါရဏာ သံဃကံတို့ကို မပြုနိုင် - ဟု စက်ဆုတ်ကြ၍ ရှောင်ကြဉ်ကြကုန်၏။

ထိုသိက္ခာသုံးပါးကို မဖြည့်ကျင့်နိုင်သော ရဟန်းသည် သာသနာတော်၌ ပဋိပတ်အကျင့်ကို ဖြည့်ကျင့်ရခြင်းကား- သင်ဒုံးသွားပေါ်၌ သွားရသကဲ့သို့ ခဲယဉ်းစွာ၏၊ ဆင်းရဲစွာ၏။ ရသေ့အလုပ်သည်ကား လွယ်လည်း လွယ်ကူ၏၊ သူတော်ကောင်း အလုပ်လည်း ဖြစ်၏- ဟူ၍ လူထွက်ပြီးလျှင် ရသေ့လုပ်လေ၏။

ထိုရဟန်းလူထွက် ရသေ့ကို အခြားသော ရဟန်းတို့က မြင်၍ ငါ့ရှင်သည် အဘယ့်ကြောင့် ဤကဲ့သို့ ပြုလုပ်ပါသနည်း-ဟု မေးကြကုန်၏။ ထိုရဟန်းလူထွက်ရသေ့က သင်တို့၏ သာသနာတော် အလုပ်သည် အလွန်ဝန်လေး၏။ ငါတို့၏ ရသေ့အလုပ်သည်ကား- အလိုရှိသလို သွားလာနေထိုင် လုပ်ကိုင်ရ၏- ဟူ၍ ပြောလေ၏။

ထိုရဟန်းသည်လည်း ရသေ့ပြောသော စကားကို အဟုတ်ထင်၍ ယင်းသို့ ဖြစ်သော် ငါသည်လည်း ရသေ့လုပ်တော့အံ့-ဟု ထိုရသေ့၏နောက်သို့ အဘုလိုက်၍ ရသေ့လုပ်လေ၏။

ဤကဲ့သို့ ထိုမှတပါးသော သူတို့သည်လည်း ဤနည်းသည် နည်းကောင်း- တခုဟု မှတ်ဆင်ကြကုန်၍ အစဉ်သဖြင့် တိုးပွားလျက် ရသေ့တို့သည်သာလျှင် များစွာဖြစ်ကြကုန်၏။ ထိုရသေ့တို့ ဖြစ်ပေါ်သော အခါသို့ ရောက်လျှင် သာသနာတော်သည် ဆုတ်ယုတ်ခြင်း ဖြစ်လတံ့။

လူ့ပြည်၌ ဤသို့သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရား၏ သာသနာတော်သည် ရှေးကာလ အခါက ဤသို့သဘောရှိသတဲ့။ ဤသို့ ထွန်းလင်း တောက်ပ၍ နေသတဲ့- ဟူ၍ ကြားဘူးရုံမျှသာလျှင် ဖြစ်လတံ့။

ဤအကြောင်းကို ရည်ရွယ်တော်မူ၍ မြတ်စွာဘုရားသည် ရသေ့အလုပ်ကို သာသနာတော် ပျက်စီးလွယ်ကြောင်း- ဟူ၍ ဟောတော်မူ၏။ (သီလက္ခန် ပါဠိတော်၊ ရင်း အဋ္ဌကထာ)

ယခုအခါ၌ မြတ်စွာဘုရားသည် အမ္ဗဋ္ဌ-တို့ ဆရာတပည့်အား ဝိဇ္ဇာ စရဏနှင့် ပြည့်စုံသော သာသနာတော်ထမ်း ရဟန်း၏ အတုအယောင် ဖြစ်၍

ဝိဇ္ဇာစရဏသမ္ပဒါ ပျက်စီးလွယ်ကြောင်း ဖြစ်သော ရသေ့၏ အဖြစ်သို့လည်း မရောက်ကြောင်းကို ပြတော်မူခြင်းငှါ ဤသို့မေးတော်မူ၏။

အို အမ္ဗဋ္ဌ- ငါမေးတော်မူသော စကားကို စဉ်းစား၍ ဖြေဦးလော့။ သင်သည် အဘယ်သို့ မှတ်ထင်သနည်း? ဤဝိဇ္ဇာစရဏနှင့် ပြည့်စုံသော သာသနာတော်ထမ်း ရဟန်းအဖြစ်၌ သင်တို့ဆရာတပည့် နှစ်ယောက်သည် ထင်ပါ၏လော။ မထင်နိုင်ပါ အရှင်ဂေါတမ။ အကျွန်ုပ်တို့ ဆရာတပည့်သည် အဘယ်မှာ ထင်နိုင် မည်နည်း။ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းသည် အဘယ်မှာ ဖြစ်နိုင်တော့ မည်နည်း အရှင်ဂေါတမ၊ အလွန်ဝေးကွာ၍ နေပါ၏။

အို အမ္ဗဋ္ဌ- ဝိဇ္ဇာစရဏနှင့် ပြည့်စုံသော သာသနာတော် အလုပ်၌ မထင်နိုင်လျှင် ရှိစေဦးတော့။ ဤဝိဇ္ဇာစရဏ သာသနာတော် ရဟန်းအလုပ်နှင့် အဘုအယောင်မျှ ဖြစ်သော အလိုလိုကြွေကျသော သစ်သီးစားရသေ့ အကျင့်ကိုလည်း သင်တို့ ဆရာတပည့်သည် ကျင့်နိုင်ပါ၏လော။

မကျင့်နိုင်ပါ အရှင်ဂေါတမ။

မကျင့်နိုင်လျှင် ရှိစေဦးတော့၊ ပေါက်တူး, ချင်းတောင်းဖြင့် သစ်မြစ်, သစ်ဥစား ရသေ့အကျင့်၌လည်း သင်တို့ဆရာ တပည့် ထင်ပါ၏လော။

မထင်နိုင်ပါ အရှင်ဂေါတမ၊

ရှိစေဦးတော့ အမ္ဗဋ္ဌ- ရွာ၏အနီး၌ လည်းကောင်း, မြို့၏အနီး၌ လည်းကောင်း, မီးတင်းကုတ်ကို ဆောက်လုပ်၍ မီးကိုလုပ်ကျွေးသော အဂ္ဂိပရိစရဏ ရသေ့အကျင့်ကိုလည်း သင်တို့ ဆရာတပည့် ကျင့်နိုင်ပါ၏လော။

မကျင့်နိုင်ပါ အရှင်ဂေါတမ၊

ရှိစေဦးတော့ အမ္ဗဋ္ဌ- လမ်းဆုံ လမ်းမ, လမ်းလေးခွ၌ တံခါးလေးမျက်နှာ ရှိသော အိမ်ကို ဆောက်လုပ်၍ အရပ်လေးမျက်နှာမှ ရောက်လာကုန်သော ခရီးသွား အာဂန္တု ရသေ့ ရဟန်းတို့ကို တတ်အားသမျှ ပူဇော်ခြင်းကို ပြုသော အာဂါရရသေ့ အကျင့်ကိုလည်း သင်တို့ ဆရာတပည့် ကျင့်နိုင်ပါ၏လော။

မကျင့်နိုင်ပါ အရှင်ဂေါတမ။

အို အမ္ဗဋ္ဌ- ဤသို့လျှင် ဝိဇ္ဇာစရဏသမ္ပဒါ သာသနာတော် ရဟန်းအကျင့်မှလည်း သင်တို့ဆရာ တပည့်သည် ယုတ်လျော့ခဲ့၏။ ဝိဇ္ဇာစရဏ သမ္ပဒါ သာသနာတော်၏ ဆုတ်ယုတ် ကွယ်ပျောက်လွယ်ကြောင်း အဘုအယောင်

ကပ္ပိယကာရကမျှ ဖြစ်သော ရသေ့လေးမျိုး အကျင့်မှလည်း သင်တို့ ဆရာတပည့် ယုတ်လျော့၍ နေ၏။

မိမိသည် အတုအယောင်မှလည်း သင်တို့ဆရာတပည့် ယုတ်လျော့၍နေ၏။ မိမိသည် အတုအယောင်ဖြစ်သော ရသေ့အကျင့်ကိုမှ မှီအောင်မဖြည့်ကျင့်နိုင်ပါဘဲနှင့် သင်၏ဆရာပေါက္ခရသာတိပုဏ္ဏားသည် ဖြုတ်ဘာ၏ခြေမှ ဖြစ်သော ဦးပျည်းကတုံး ရဟန်းအနုပ်အစုတ်တို့သည် ဝိဇ္ဇာသုံးပါးရှိသော ပုဏ္ဏားတို့နှင့် အဘယ်မှာ ဆွေးနွေး မေးမြန်းခြင်းကို ပြုနိုင်အံ့နည်း - ဟူသော စကားကို ဆိုမှားလေ၏။

အမ္ဗဋ္ဌ-သင်၏ဆရာပေါက္ခရသာတိပုဏ္ဏား၏ ချွတ်လွဲပုံကို သင် ရှုစဉ်းစားလော့။

အမ္ဗဋ္ဌ-သင်၏ဆရာ ပေါက္ခရသာတိ ပုဏ္ဏားသည် ပသေနဒီ ကောသလမင်း၏ ပေးထားသော အစာကိုစား၍ နေ၏၊ ပသေနဒီ ကောသလမင်း ပေးသောအရာမှာလည်း မျက်မှောက်ပေးသည်မဟုတ်၊ သင်၏ဆရာပေါက္ခရသာတိ ပုဏ္ဏားနှင့် တိုင်ပင်နှီးနှော စကားပြောသော်လည်း ပသေနဒီကောသလမင်းသည် ပုဆိုးကန့်လန့်ကာကို ကာခြား၍ စကားပြော၏။

ပသေနဒီကောသလမင်းသည် တရားသဖြင့်ပေးသည်ကို ယူသော သူအား အဘယ့်ကြောင့် မျက်မှောက် ပေးဘဲ ရှိအံ့နည်း၊ မတရားသဖြင့် မာယာ လှည့်စား၍ ယူသော သူကိုသာလျှင် မျက်မှောက် မပေးခြင်းဖြစ်၏။

အို အမ္ဗဋ္ဌ - သင်၏ဆရာ ပေါက္ခရသာတိ ပုဏ္ဏား၏ ဤချွတ်လွဲပုံကိုလည်း သင်ရှု စဉ်းစားဦးလော့။ ပသေနဒီကောသလမင်းသည်ပေါက္ခရသာတိပုဏ္ဏားအား ပေးကမ်းဘွယ်ကို အဘယ်ကြောင့် မျက်မှောက် မပေးသနည်း- ဟူမူကား။

ထိုပေါက္ခရသာတိပုဏ္ဏားသည် အာဝဋ္ဋနီမာယာ အမည်ရှိသော ဝိဇ္ဇာ အတတ်ကို တတ်သတဲ့။ အကြင်အခါ၌ ကောသလမင်းသည် မြတ်သော တန်းဆာကို ဆင်၍ နေငြားအံ့။ ထိုအခါ၌ မင်း၏အနီး၌ ရပ်၍ ထိုတန်းဆာ၏ အမည်ကို ယူ၏၊ ပေါက္ခရသာတိပုဏ္ဏားက အာဝဋ္ဋနီမာယာ အမည်ရှိသော ဝိဇ္ဇာအတတ်ဖြင့် မြတ်သောတန်းဆာ၏ နာမည်ကို ယူသည်ရှိသော် (ဝါ) နှုတ်မြွက်သည်ရှိသော် ကောသလမင်းကြီးသည် မပေးဘူး-ဟူ၍ ဆိုခြင်းငှါ မဘဘ်နိုင်၊ ပေးရလေတော့၏။ ဤကား အာဝဋ္ဋနီဝိဇ္ဇာ၏ အစွမ်းတည်း။

နောက်တနေ့ပွဲသဘင်ရှိသောအခါ တန်းဆာကိုယူခဲ့ကြလော့-ဟု ပသေနဒီ ကောသလမင်း ဆိုသည် ရှိသော် အရှင်မင်းမြတ်သည် ပေါက္ခရသာတိ

ပုဏ္ဏားအား ပေးလိုက်ပြီ- ဟူ၍ လျှောက်တင်ကြသောအခါ ငါ့အဘယ် ကြောင့် ပေးသနည်း—ဟု မင်းကြီးက မေး၏။

ထိုအခါ၌ အမတ်တို့က အရှင်မင်းမြတ်၊ ဤပုဏ္ဏားသည် အာဝဋ္ဋနီ မာယာ အမည်ရှိသော ဝိဇ္ဇာအတတ်ကို တတ်၏၊ ထိုဝိဇ္ဇာအတတ်ဖြင့် လှည့်ပတ် ၍ ယူသွား၏-ဟု လျှောက်တင်ကြကုန်၏။

ထိုမှတပါးသော သူတို့သည်လည်း ကောသလမင်းကြီးသည် ထိုပုဏ္ဏားနှင့် အလွန်အကျွမ်းဝင်သည့် အဖြစ်ကို ငြူစူကြကုန်သည် ဖြစ်၍ ဂုံးတိုက်စကား ပြောကြကုန်၏။

အရှင်မင်းမြတ်သည် ဤပုဏ္ဏားကို ကိုယ်လက်နှိုးနှောသုံးသပ်ခြင်းကို ပြု၏။ ဤပုဏ္ဏား၏ ကိုယ်၌ ခရုသင်းအမည်ရှိသော နံ့နာမျိုးသည်ရှိ၏။ ဤနံ့နာမျိုး သည် ကိုယ်လက်နှိုးနှောသဖြင့် ကူး၍ကပ်တတ်၏။ ဤသို့ဂုံးတိုက်သောကြောင့် ထိုအခါမှစ၍ ထိုပုဏ္ဏားအား ကောသလမင်းသည် မျက်မှောက် အဖြစ်ကို မပေးတော့ပြီ၊ သို့သော်လည်း ထိုပေါက္ခရသာတိ ပုဏ္ဏားသည် ပညာရှိ၏။ ဝေဒဝိဇ္ဇာ၌ လိမ္မာ၏။ ထိုပုဏ္ဏားနှင့် ထိပ်ပင်နှိုးနှော၍ ပြုသောအလုပ်သည် ချွတ်ယွင်းခြင်းမရှိ၊ ထို့ကြောင့် ပုဆိုးကန့်လန့်ကာကို ကာခြား၍ အတွင်းမှ နေလျက် ကန့်လန့်ကာ၏ အပြင်မှနေသော ပုဏ္ဏားနှင့် တိုင်ပင် နှိုးနှောခြင်း ကို ပြု၏။

ထိုအကြောင်းကို ရည်တော်မူ၍ မြတ်စွာဘုရားသည် အမ္ဗဋ္ဌ—လုလင်အား ပေါက္ခရသာတိပုဏ္ဏား၏ ချွတ်လွဲပုံ ကို ရှုစမ်းလော- ဟူ၍ ဟောတော်မူ၏၊

ထိုအကြောင်းကိုလည်း ကောသလမင်းနှင့် ပေါက္ခရသာတိ ပုဏ္ဏားမှ တပါး အခြားသူတို့ တစုံတယောက်မျှ သိသူမရှိ၊ ဤသို့ ဖုံးလွှမ်းသော အကြောင်းကိုလည်း ရဟန်းဂေါတမသည် သိ၏၊ ကေန်စင်စစ် သဗ္ဗညုဘုရား ဖြစ်တော်မူ၏-ဟု စိတ်ကို ဆုံးဖြတ်စေခြင်းငှါ (မြတ်စွာဘုရားသည် ဤသို့ လျှို့ဝှက်သော အရာကို ဖော်ကြား၍ အပြစ်အားဖြင့် ဟောကြားတော်မူ လိုက်၏၊)

ယခုအခါ၌ မြတ်စွာဘုရားသည် ဤအမ္ဗဋ္ဌတို့ ဆရာတပည့်သည် ဗေဒင် တို့ကို အမှီပြု၍ အလွန်မာနကြီး၏၊ ထိုမာနကို နှိမ်ချစေခြင်း အကျိုးငှါ ဒေသနာတော်ကို တိုး၍သွားလျက် အမ္ဗဋ္ဌ-အား ဤသို့မေးတော်မူပြန်၏။

အို အမ္ဗဋ္ဌ- ငါဘုရားမေးတော်မူသော စကားကို သင်အဘယ်သို့ မှတ် ထင် သနည်း၊ စဉ်းစား၍ ဖြေဦးလော့။ ပသေနဒီကောသလမင်းကြီးသည် ဆင်ပေါ်၌သော် လည်းကောင်း,မြင်းပေါ်၌သော် လည်းကောင်း,မြတ်သော

အခင်းပေါ်၌သော် လည်းကောင်း, နေထိုင်၍ အမတ်ကြီးတို့နှင့် သော်လည်းကောင်း, မင်းသားတို့နှင့်သော် လည်းကောင်း, တစုံတရာသောစကားကို ပြောဆိုရာ၏၊ ပြောဆိုပြီး၍ ဆင်ပေါ်, မြင်းပေါ် မြတ်သောအခင်းပေါ်မှ ဖဲခွါ၍ သွား၏၊ သွားပြီးနောက် သူဆင်းရဲသည် လည်းကောင်း, သူဆင်းရဲ၏ အစေခံ ကျွန်သည် လည်းကောင်း,ထိုကောသလမင်းကြီး နေ၍ စကားပြောသော ဆင်ပေါ် မြင်းပေါ် အခင်းပေါ်၌ လာနေပြီးလျှင်-

ကောသလ မင်းသည် ဤစကားကို ဆို၏။ ကောသလ မင်းသည် ဤစကားကို ပြော၏-ဟူ၍ ကောသလမင်း ပြောသောစကားကို ပင်လျှင် ထပ်၍ တဖန် ပြောဆိုပြန်၏။ ထိုသို့ ကောသလမင်း ပြောဆို ပြီးသော စကားကို ထပ်၍ တဖန် ပြောဆိုရုံမျှဖြင့် ထို သူဆင်းရဲသည် မင်းဖြစ်ရာ သလော၊

မဖြစ်နိုင်ပါ-အရှင်ဂေါတမ။

အမ္ဗဋ္ဌ၊ ထို့အတူပင်လျှင် ရှေးအခါက အဋ္ဌကရသေ့, ဝါမက, ဝါမဒေဝ,ဝေဿာမိတ္တ,ယမဒဂ္ဂိ,အင်္ဂီရသ,ဘာရဒွါဇ, ဝါသေဋ္ဌ,ကဿပ,ဘဂုရသေ့တို့သည် ဗေဒင်တို့ကို သီဆိုကြကုန်၏၊ ထိုရသေ့ဆယ်ဦးတို့ သီဆိုကြသော ဗေဒင်တို့ကိုပင်လျှင် ယခုအခါ နောက်ပေါ် ပုဏ္ဏားတို့သည် ထပ်၍တဖန် သီဆိုကြပြန်ကုန်၏။ သင်တို့ ဆရာတပည့်လည်း ထိုရသေ့ ဆယ်ဦးတို့ သီဆိုပြီးသော ဗေဒင်တို့ကိုပင်လျှင် ထပ်၍ တဖန် သီဆိုအံ့-ဟူ၍ သီဆို၏။

ထိုသို့ရှေးက ရသေ့တို့ သီဆိုသော ဗေဒင်တို့ကို ထပ်၍ သီဆိုနိုင်ရုံမျှဖြင့် သင်သည် ရသေ့လည်းမဟုတ်၊ ရသေ့အကျင့်ကိုလည်း ကျင့်သည်မဟုတ်။

အို အမ္ဗဋ္ဌ- သင်သည် အသက်ကြီး အရွယ်ကြီး ဆရာ့ဆရာ ဖြစ်သော ပုဏ္ဏား ကြီးတို့၏ စကားကို ကြားဘူး၏ လော။ ထိုဗေဒင် တို့ကို ဝိရင်ကုန်သော ရှေးက ရသေ့တို့သည် ယခုသင်တို့ ဆရာတပည့်ကဲ့သို့ အဝတ်တန်းဆာ နံ့သာ ပန်းမာလ် လိမ်းကျံလျက် ဆံမုတ်ဆိတ်တို့ကို ပြုပြင်လျက် ပုလဲပတ္တမြား, နားဋ္ဌောင်းတို့ကို ဝတ်ဆင်လျက် အဝတ်ဖြူ, အဝတ်ကြောင်တို့ကို ဝတ်၍ ကာမဂုဏ်ငါးပါးကို ခံစားလျက် နေကြကုန်၏-ဟူ၍ သင်ကြားဘူးပါသလော၊

မကြားဘူးပါ-အရှင်ဂေါတမ။

ယခု သင်တို့ ဆရာတပည့်သည် များစွာသော အမဲဟင်းလျာ တို့နှင့် ဖြူစင်စွာသော သလေးထမင်းတို့ကို စား၍နေသကဲ့သို့ ရှေးအခါက ဗေဒင်တို့ကို စီရင်ကုန်သော ရသေ့တို့သည် များစွာသော အမဲဟင်းလျာ တို့နှင့်

ဖြစ်ကုန်သော သစ်လေး ထမင်းတို့ကို စားကြ ကုန်၏- ဟူ၍ သင်ကြားဘူး ပါသလော။

မကြားဘူးပါ-အရှင်ဂေါတမ။

ယခုအခါ၌ သင်တို့ဆရာဘပည့်သည် နံ့ပါးညွတ်အောင် ခါးစည်းကြိုး တို့ဖြင့် စည်းသားကုန်သော မိန်းမကလေးတို့နှင့် ပျော်ပါး၍ နေသကဲ့သို့ ရှေးအခါက ဗေဒင်တို့ကို စီရင်ကုန်သော ရသေ့တို့သည် နံ့ပါး ညွတ်အောင် ခါးစည်းကြိုးဖြင့် စည်းကုန်သော မိန်းမကလေးတို့နှင့် ပျော်ပါး၍ နေ၏- ဟု သင် ကြားဘူးပါသလော။

မကြားဘူးပါ-အရှင်ဂေါတမ။

ယခုအခါ၌ သင်တို့ဆရာတပည့်သည် မြင်းတစီး, နှစ်စီး, လေးစီး တို့က ကုန်သော မြင်းရထားကြီးတို့နှင့် ရှည်လှစွာသော မြင်းနှင်တံ, တပြာ တို့ဖြင့် ထိုးကာ ထိုးကာ မောင်းနှင် စီးသွား လှည့်လည် ကုန်သကဲ့သို့ ရှေး အခါက ဗေဒင်တို့ကို စီရင်ကုန်သော ရသေ့တို့သည် မြင်းရထားကြီးတို့ဖြင့် လှည့်လည် သွားလာကုန်၏- ဟု သင် ကြားဘူးပါသလော။

မကြားဘူးပါ-အရှင်ဂေါတမ။

ယခုအခါ၌ သင်တို့ဆရာတပည့်သည် မြို့ရိုးကျုံးမြောင်းတို့ဖြင့် ပိတ်ကာ ဝန်းရံလျက် သံလျက်လက်စွဲသော ယောကျာ်းတို့ကို စောင့်ရှောက်စေလျက် နေသကဲ့သို့ ရှေးက ဗေဒင်တို့ကို စီရင်ကုန်သော ရသေ့ တို့သည် နေကြ ကုန်၏-ဟု သင် ကြားဘူးပါသလော။

မကြားဘူးပါ-အရှင်ဂေါတမ။

ဤသို့လျှင် သင်တို့ ဆရာတပည့်သည် ရသေ့လည်းမဟုတ်၊ ရသေ့အကျင့် ကိုလည်း ကျင့်သည်မဟုတ်။ ထိုကဲ့သို့ ဗေဒင်တို့ကို ကိုယ်တိုင်သိ၍ ကိုယ်တိုင် မြင်၍ စီရင်ကြကုန်သော ရသေ့တို့၏ အကျင့်ကိုမျှ မကျင့်နိုင်ပါဘဲနှင့် ရှေးက ရသေ့တို့ စီရင်သော ဗေဒင်တို့ကို ဝါစနတ်ရ ဆောင်ရုံမျှနှင့် နှုတ်ခမ်း လှုပ်ရုံမျှနှင့် ပါးစပ်က ရွတ်ဆိုနိုင်ရုံမျှနှင့် ငါတို့သည် ဝိဇ္ဇာသုံးပါးကို ရ၏- ဟူ၍ သင်တို့ဆရာတပည့် ပြောဆိုခြင်းသည် အလွန် ချွတ်လွဲသည် မဟုတ် ပါလော?

အလွန်ဝေးကွာအောင် ချွတ်လွဲ၍ နေပါသည်-အရှင်ဂေါတမ။

အဋ္ဌက, ဝါမက, ဝါမဒေဝ အစရှိသော ရသေ့တကျိပ်တို့သည် နိဝရဏ တည်း ဟူသော အဝိမ်းပုပ်နံ့မှ ကင်းကုန်လျက် (မိန်းမတို့၏အနံ့မှ ကင်းကြ

ကုန်လျက်) မျှအလိမ်းအလိမ်း ကပ်သော ကိုယ်ကို ဆောင်ကုန်လျက် မေထုန်ရှောင်လတ် မြတ်သော အကျင့်ရှိကြကုန်လျက် တောစွန်မှိုင်ဖျား, တောင်ချောက်ကြားတို့၌ တောသစ်မြစ်, တောသစ်သီး တို့ကို စားသောက်၍ နေကြကုန်၏။

သွားလိုသော အခါတို့၌လည်း တန်ခိုးဣဒ္ဓိဖြင့် ကောင်းကင်မှ သွားကြကုန်၏။ ထိုရသေ့ တကျိပ်တို့အား မြင်းရထား စသည်ဖြင့်-သွားဘွယ် မရှိ၊ ဥလုံးစုံသော အရပ်မျက်နှာတို့၌ မေဏ္ဍာ စသော ပြဟ္မဝိဟာရတရားတို့သည် သာလျှင် အစောင့်အရှောက် ရှိကုန်၏၊ တံတိုင်း မြို့ရိုး စသည် တို့ဖြင့် စောင့်ရှောက်ခြင်း မရှိကြကုန်။

ထိုရသေ့ တကျိပ် တို့သည် ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် ကြည့်၍ သူတပါးတို့အား နှိပ်စက်ညှဉ်းဆဲကြောင်းဖြစ်သော နည်းတို့ကို မစီရင်မူ၍ ကဿပ မြတ်စွာဘုရား၏ ပိဋကတ် တရားတော်နှင့် နှီးနှောကြ ကုန်လျက် ဗေဒင်သုံးပုံတို့ကို စီရင်ကြကုန်သတဲ့။ နောက်ကာလ ကြာမြင့်၍ အချို့အချို့သော ပုဏ္ဏားတို့သည် ပါဏာတိပါတစသည်တို့ကို ဗေဒင်တို့၌ ထည့်သွင်း၍ ဘုရားစကားနှင့်လျော်ညီသော ဗေဒင်သုံးပုံတို့ကို ဖျက်ဆီး၍ ဆန့်ကျင်ဘက်စကားတို့ကိုရေးသားထားကြကုန်၏။

ထိုပုဏ္ဏားတို့သည် ခတ္တိယ, ပြဟ္မဏ, ဝေဿ, သုဒ္ဒ အမျိုး လေးပါးတို့တွင် ပြဟ္မဏမျိုးတို့သည် ပြဟ္မာမင်း၏ ခံတွင်းမှ ဖြစ်ကုန်၏။ ခတ္တိယမျိုးတို့သည် ပြဟ္မာ မင်း၏ ရင်ဘတ်မှ ဖြစ်ကုန်၏၊ ဝေဿ မျိုးတို့သည် ပြဟ္မာ မင်း၏ ချက်မှ ဖြစ်ကုန်၏။ သုဒ္ဒမျိုးတို့သည် ပြဟ္မာမင်း၏ ပုဆစ်ဒူးမှ ဖြစ်ကုန်၏၊ သမဏတို့သည် ပြဟ္မာမင်း၏ ခြေဖမိုးမှဖြစ်ကုန်၏-ဟု အယူ ရှိကြကုန်၏။

(ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါသို့တိုင် ရောက်အောင် ထို ပုဏ္ဏားတို့ ထည့်သွင်း ရေးသားသော အယူဝါဒ၊ မဟုတ် မမှန်သော စကားတို့သည် တိုးပွား၍ နေကုန်၏။)

## အမ္ဗဋ္ဌလုလင်သည် မြတ်စွာဘုရား၏ လက္ခဏာတော်တို့ကို စုံစမ်းကြောင်း

မြတ်စွာ ဘုရားသည် အမ္ဗဋ္ဌလုလင်အား ဤ အတ္တဘောဖြင့် မဂ်ဖိုလ် ဖြစ်ပေါ်ခြင်းမရှိ နေ့ရက်လွန်ရုံမျှသာရှိ၏၊ ငါဘုရား၏ လက္ခဏာတော်တို့ကို စုံစမ်းကြည့်ရှုရန် လာသည်ကိုလည်း အမ္ဗဋ္ဌသည် သတိမရမေ့လျော့၍ နေ၏။

ယခုအခါ၌ သဘိကိုဖြစ်စေအံ့–ဟု နှလုံးပြုတော်မူ၍ ဤသို့သော စကားကို ဟောကြားတော် မူပြန်၏။

အမ္ဗဋ္ဌ၊ အကြင်သူသည် ငါဘုရား၌ ယုံမှား သံသယ တွေးတောခြင်း ရှိငြားအံ့။ ထိုသူသည် ငါဘုရားကို မေးလျှောက်သဖြင့် လည်းကောင်း, ငါဘုရားသည် ဖြေကြားသဖြင့်လည်းကောင်း သုတ်သင်တော်မူအံ့။

ဤစကားကို မိန့်တော်မူပြီး၍ ဂန္ဓကုဋိကျောင်းတော်အတွင်းမှ ထွက်၍ စင်္ကြံလမ်းသို့ တက်တော်မူ၏။

မြတ်စွာဘုရားတို့သည် ထိုင်နေတော်မူစဉ် လည်းကောင်း, လျောင်း နေတော်မူစဉ် လည်းကောင်း, တစုံတယောက်သော သူသည် လက္ခဏာ တော်တို့ကို ကြည့်ရှု စုံစမ်းခြင်းငှါ မတတ်နိုင်၊ ရပ်နေတော်မူစဉ် လည်း ကောင်း, စင်္ကြံ ကြွတော်မူစဉ် လည်းကောင်း ကြည့်ရှု စုံစမ်း ခြင်းငှါ တတ်နိုင်၏။

လက္ခဏာတော်တို့ကို ကြည့်ရှု စုံစမ်းလို၍ တစုံ တယောက်သော သူတို့ ရောက်လာ သောအခါ စင်္ကြံကြွတော် မူခြင်းသည် မြတ်စွာဘုရားတို့၏ အာစိဏ္ဏ-အလေ့တော်ပင်ဖြစ်၏။ ထိုကြောင့် အမ္ဗဋ္ဌအားလက္ခဏာ တော်တို့ကို ရှုကြည့်စုံစမ်းစေခြင်းငှါ စင်္ကြံသို့ တက်ကြွတော်မူသတည်း။

အမ္ဗဋ္ဌလုလင်သည်လည်း ကျောင်းတော်အတွင်းမှထွက်၍ မြတ်စွာဘုရား စင်္ကြံကြွတော်မူရာသို့အစဉ်လိုက်၍ စင်္ကြံသွားလျက်ပင်လျှင် မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော မဟာပုရိသ လက္ခဏာတော်ကြီးတို့ကို စုံစမ်းကြည့်ရှု၏။ တဝ-နှစ်ခု စသည်ဖြင့် ရေတွက်မှတ်သားလျက် စုံစမ်း ကြည့်ရှုသည်ရှိသော် နှစ်ပါးသော လက္ခဏာတော်တို့မှတပါး ကြွင်းသော လက္ခဏာတော်ကြီး သုံးဆယ်တို့ကို မြင်၍ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော လျို့ဝှက်သော ပုရိသ နိမိတ်တော်၌ လည်းကောင်း, ရှည်၍ ပေါ့ပါးသော လျှာတော်၌လည်းကောင်း, ယုံမှားဖြစ်၍ နေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့ အကြံတော်ဖြစ်၏၊ ဤအမ္ဗဋ္ဌ လုလင်သည် ငါဘုရား၏ လက္ခဏာတော်ကြီး သုံးဆယ်တို့ကိုကား မြင်၏။ မဟာပုရိသ လက္ခဏာနှစ်ပါး၌ကား ယုံမှားဖြစ်နေ၏-ဟု ကြံတော်မူပြီး၍ မဟာပုရိသ နိမိတ်တော်ကို အမ္ဗဋ္ဌ မြင်လောက်အောင် တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူ၏၊ လျှာတော်ကိုလည်း ထုတ်တော်မူ၍ နားတော်နှစ်ဖက် တို့ကို အယားဖျောက်သကဲ့သို့ သုံးသပ်တော်မူ၏ နှစ်ခုသောနှာခေါင်းပေါက် တော်တို့ကိုလည်း သုံးသပ်တော်မူ၏။ အလုံးစုံသော နဖူးတော်အပြင်ကိုလည်း လျှာတော်ဖြင့် ဖုံးအုပ်တော်မူ၏။

ထိုအခါ၌ အမ္ဗဋ္ဌလုလင်သည် ဤသို့ အကြံဖြစ်၏။ ရဟန်းဂေါတမသည် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့နှင့်ပြည့်စုံပေ၏။ ယုတ်လျော့ခြင်း မရှိပေ-ဟု ကြံပြီး မြတ်စွာဘုရားကို ဤသို့လျှောက်ကြား၏။

အရှင်ဂေါတမ၊ အကျွန်ုပ်တို့သည် များသောပြုဘွယ်ကိစ္စ ရှိပါကုန်၏။ ယခုအခါ အကျွန်ုပ်တို့သည် ပြန်ကြပါကုန်အံ့-ဟု လျှောက်ကြား၏။

အမ္ဗဋ္ဌ၊ သွားအံ့သောအခါကို သင်သည်ပင်လျှင် သိလေလော့-ဟု မိန့်တော်မူလိုက်၏၊ အမ္ဗဋ္ဌသည် မြင်းရထားစီး၍ ပြန်သွားလေ၏။

ကောသောဟိတေ, ဝတ္ထဂုယှေ။ (ပါဠိတော်)

ကောသောဟိ တေတိ ဝတ္ထိကောသေန ပဋိစ္ဆန္နေ။ ဝတ္ထဂုယှေတိ အင်္ဂဇာတေ။ ဘဂဝတော ဟိ ဝရဝါရဏ-ဿေဝ ကောသော ဟိတံ ဝတ္ထဂုယှံ သုဝဏ္ဏဝဏ္ဏံ ပဒုမဂဗ္ဘသမာနံ။ ။(အဋ္ဌကထာ)။

ကောသောဟိတေ၊ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော၊ ဝတ္ထဂုယှေ၊ အင်္ဂါဇာတ်တော်၌။ (ပါဠိတော်အနက်)။

ကောသောဟိတေတိ၊ ကောသောဟိတေ-ဟူသော ပါဠိ၌။ ဝတ္ထကောသေန၊ သိုအိမ်ဖြင့်။ ပဋိစ္ဆန္နေ၊ ဖုံးလွှမ်းအပ်သော၊ ဝတ္ထဂုယှေတိ၊ ဝတ္ထဂုယှေ ဟူသော ပါဠိတော်၌။ အင်္ဂဇာတေ၊ အင်္ဂါဇာတ်တော်၌။

ဟိ၊ မှန်၏ ဝရဝါရဏဿေဝ၊ မြတ်သောဆင်ဒှန်ဆင်မင်း၏ကဲ့သို့။ ဘဂဝတော၊ မြတ်စွာဘုရား၏၊ ကောသောဟိတံ၊ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော။ ဝတ္ထဂုယှံ၊ အင်္ဂါဇာတ်တော်သည်။ သုဝဏ္ဏဝဏ္ဏံ၊ ရွှေအဆင်းကဲ့သို့ အဆင်းရှိ၏။ ပဒုမဂဗ္ဘသမာနံ။ ပဒုမ္မာကြာဖူးကြီးနှင့်တူ၏။

ကောသစ္ဆာ ဒင်္ဂဇာဘော ယော၊ တေံ နာထံ နမာမ ဟံ။
ဘောနနမနေနေဝ၊ အာရောဂျံဟောတု မေသဒါ။

သုံးထောင်ပြည့်အောင် သရဇ္ဈာယ်လျှင် အောင့်နာ ပျောက်၏-ဟူ၍ ရှေးဆရာတော်ကြီးများ ရေးထားသော ဂါထာကို တွေ့ဘူး၏။

ယောနာထော၊ အကြင် မြတ်စွာဘုရားသည်၊ ကောသစ္ဆာဒင်္ဂဇာတော၊ ရွှေကတ္တီပါအိတ်ဘွင်းဝယ် သွင်းထားအပ်သော ပတ္တမြားတုံ ပမာ။ တဝါဝါ အရောင် တပြောင်ပြောင် တရွှေရွှေ အသရေတော် ဝင်းသိန်လျက် အအိမ်ဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်၍ ကျစ်လစ်လှစွာသော ယောကျ်ားမြတ်၏ နိမိတ်တော်လည်း ရှိတော်မူ၏၊ တေံနာထံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊

အကျွန်ုပ်သည်၊ နမာမိ၊ ရှိခိုးပါ၏။ စေတေန နမေနေ၀၊ ထိုသို့ရှိခိုးရသော စေတနာဖြင့်သာလျှင်။ မေ၊ အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ အာရောဂျံ၊ အနာကင်းသည်၏ အဖြစ်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## အမ္ဗဋ္ဌ လုလင်သည် - ပေါက္ခရသာတိ ပုဏ္ဏားကြီးအား ပြန်၍ လျှောက်ထားကြောင်း

ပေါက္ခရသာတိ ပုဏ္ဏားသည်လည်း အမ္ဗဋ္ဌလုလင်ကို မြတ်စွာဘုရား၏ လက္ခဏာတော်ကြီးတို့ကို ကြည့်ရှုစုံစမ်းရန် စေလွှတ်ပြီး၍, ဥက္ကဋ္ဌမြို့တွင်းမှ ထွက်လာခဲ့၍ များစွာသော ပုဏ္ဏားအပေါင်းတို့နှင့် အတူတကွ မိမိ၏ခြံ- အာရာမဉယျာဉ်၌ အမ္ဗဋ္ဌလာလိမ့်မည်ဟု မျှော်ရှုဆိုင်းငံ့လျက် နေ၏။

အမ္ဗဋ္ဌသည်လည်း၊ မြတ်စွာဘုရား၏အထံတော်မှ လက္ခဏာတော်ကြီးတို့ကို ကြည့်ရှုစုံစမ်းပြီး၍ ပြန်သွားရာ ဆရာ ပေါက္ခရသာတိပုဏ္ဏားရှိရာ အာရာမ ခြံဉယျာဉ်သို့ရောက်၍ မြင်းရထားပေါ်မှ ဆင်းသက်၍ ဆရာပေါက္ခရသာတိ ပုဏ္ဏားအထံသို့သွား၍ ရိုသေစွာရှိခိုးပြီး၍ သင့်တင့်သောနေရာ၌ထိုင်နေ၏။

ထိုသို့ထိုင်နေသော အမ္ဗဋ္ဌလုလင်ကို ပေါက္ခရသာတိ ပုဏ္ဏားသည် ဤသို့ မေး၏၊ ချစ်သားအမ္ဗဋ္ဌ၊ ထိုအရှင်ဂေါတမမြတ်စွာဘုရားကို မြင်ခဲ့ပါ၏လော၊ အကျွန်ုပ်တို့သည် ထိုအရှင်ဂေါတမ မြတ်စွာဘုရားကို မြင်ခဲ့ကြပါကုန်၏- ဆရာခင်ဗျား၊ အသို့နည်း ချစ်သားအမ္ဗဋ္ဌ၊ ထိုအရှင်ဂေါတမ မြတ်စွာဘုရား သည် ကျော်စောတိုင်း ဟုတ်မှန်ပါ၏လော။ ထိုအရှင် ဂေါတမသည် ကျော်စောတိုင်းပင်လျှင်ဟုတ်မှန်ပါ၏ဆရာ၊ ထိုအရှင်ဂေါတမသည် သုံးဆယ့် နှစ်ပါးသော မဟာပုရိသ လက္ခဏာတော်ကြီးနှင့် ပြည့်စုံပါ၏။

ချစ်သားအမ္ဗဋ္ဌ၊ သင်သည် ရဟန်းဂေါတမနှင့် တစုံတရာသောစကားကို ပြောဆိုခြင်း ဖြစ်ခဲ့ပါ၏လော။

ဆရာ အကျွန်ုပ်သည် ရဟန်းဂေါတမနှင့် တစုံတရာသော စကားကို ပြောဆိုခြင်း ဖြစ်ခဲ့ပါ၏ ဆရာ၊

ချစ်သား အမ္ဗဋ္ဌ၊ အဘယ်ကဲ့သို့ စကားများကို သင်သည် ရဟန်း ဂေါတမနှင့် ပြောဆိုခြင်း ဖြစ်ခဲ့ပါသနည်း။

ထိုသို့ ပေါက္ခရသာတိ ပုဏ္ဏားကမေးသော အခါ၌ အမ္ဗဋ္ဌ လုလင်သည် မြတ်စွာဘုရားနှင့်ပြောဆိုခဲ့သောစကား အသုံးစုံကိုအကုန်ပြန်၍ ပြောကြား၏။

ဤသို့ အမ္ဗဋ္ဌက ပြောကြားသော အခါ၌ ပေါက္ခရသာတိ ပုဏ္ဏားသည် အမ္ဗဋ္ဌလုလင်ကို ဤစကားကို ဆိုလေ၏။

"ဟယ် အမ္ဗဋ္ဌ ငါတို့ပညာရှိတွေ ကဲ့ရဲ့ဘွယ် ဖြစ်ကုန်ပါပြီ တကား.... ဟယ် အမ္ဗဋ္ဌ– ငါတို့ ဗဟုသုတတွေ အလကားဟာ ဖြစ်၍ ကုန်ပါပြီ တကား... ဟယ် အမ္ဗဋ္ဌ- ငါတို့ ဝိဇ္ဇာသုံးပါးတွေ အသုံးမကျဖြစ်၍ ကုန်ပါပြီ တကား"

ဤသို့သဘောရှိသော အတ္တစရဏပုဂ္ဂိုလ်မြတ်နှင့် ဆန့်ကျင်ဘက်ပြုသော ယောကျ်ားသည် သေသည်မှနောက် အပါယ်ဘုံသို့ ရောက်၏- ဟူ၍ သာလျှင် မှတ်လိုက်ကြ မောင်တို့, ကေန်မုချ အပါယ်သို့ ကျလိမ့်မည်-ဟူ၍ မှတ်လိုက်ကြ မောင်တို့....

ဟယ် အမ္ဗဋ္ဌ- အကြင်စကားကို သင်သည် ထိုအရှင်ဂေါတမကို ဤသို့ ထိခိုက်၍ ဆိုဘိ၏တကား.... ထိုသို့ သင်သည် အရှင်ဂေါတမကို ထိခိုက်၍ ထိခိုက်၍ ဆိုသောအခါ၌ အရှင်ဂေါတမသည် ငါတို့ကိုလည်း ဤသို့အပြစ်တွေကို ထုတ်ဆောင်ကာ, ထုတ်ဆောင်ကာ ပြန်၍ဆိုတော်မူလိုက်၏တကား။

ငါတို့ ပညာရှိတွေ အလကား ဖြစ်ပါလေရဲ့ ဟယ်။ ငါတို့ ဗဟုသုတတွေ အလကား ဖြစ်ပါလေရဲ့ ဟယ်။ ငါတို့ဝိဇ္ဇာသုံးပါးတွေ အသုံးမကျ ဖြစ်ပါလေရဲ့ဟယ်။

ဤသို့ သဘောရှိသော အတ္တစရဏပုဂ္ဂိုလ်မြတ်နှင့် ဆန့်ကျင်ဘက်ပြုသော ယောကျ်ားသည် သေသည်မှနောက် အပါယ်ရောက်၏- ဟူ၍ မှတ်လိုက်ဟဲ့။

ဤသို့ ပြောဆို၍ စိတ်ဆိုးလှသော ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် တပည့် အမ္ဗဋ္ဌကို ခြေဖြင့် ကျောက်ကန်၍ မြေ၌ လဲစေ၏။

အမ္ဗဋ္ဌသည် မြေ၌ နှစ်လိမ့်သုံးလိမ့်, လိမ့်၍ သွားလေ၏။ ရှေးအခါက အမ္ဗဋ္ဌသည် ဆရာနှင့် အတူတကွ ရထားစီး၍ သွားရသော အရာကိုလည်း အခွင့်မပြုဘဲ ပယ်ရှား၍ ရထား၏ ရှေ့မှ ခြေဖြင့်သာလျှင် သွားရတော့၏။

(ဤကား မြတ်စွာဘုရားနှင့် ဆန့်ကျင်ဘက်ပြုခြင်း၏ ဒိဋ္ဌဓမ္မအကျိုးတည်း)

ပေါက္ခရသာတိ ပုဏ္ဏားသည် ထိုခဏ၌ပင်လျှင် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ သွားလိုသော စိတ်ဖြစ်၍ ရထားကို ပြင်စေ၏။ အပေါင်းအဖော် ပုဏ္ဏားတို့က ယနေ့ ရဟန်းဂေါတမကို ဖူးမြော်ခြင်းငှါ အချိန်မဲ့လှပါ၏ဆရာ၊ နက်ဖြန်မှ သွားပါလော့-ဟု ဆိုကြကုန်၏၊ ဆိုကြကုန်သော်လည်း မနာယူ

မူ၍, မိမိအိမ်၌ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို ရထားပေါ်သို့ တင်၍ မင်းရှုး မိးတိုင်တို့ကို ညီထွန်းစေကုန်လျက် ဥက္ကဋ္ဌမြို့မှ ထွက်၍ ဇာတ္တာနဂ်လ တောအုပ်သို့ ထွက်သွားလေ၏။

ထိုအုပ်သို့ ရောက်လျှင် ကျောင်းတိုက်တော် တံခါးမုခ်ဦး၌ ရထားမှ ဆင်းသက်၍ ခြေဖြင့် သာလျှင် သွား၍ မြတ်စွာဘုရား အထံတော်သို့ ရောက်လျှင် ဝမ်းမြောက်စွာ စကားပြောပြီး၍ သင့်တင့်ရာ၌ နေပြီးလျှင်–

အရှင်ဂေါတမ၊ တပည့်တော်တို့၏ အနန္တဝါသိက တပည့် အမ္ဗဋ္ဌသည် ရောက်လာပါ၏လော–?ဟု မေးလျှောက်၏။ သင်၏ တပည့် အမ္ဗဋ္ဌသည် ရောက်လာ၏-ဟု မိန့်တော်မူ၏။

အရှင်ဂေါတမ၊ အမ္ဗဋ္ဌနှင့် တစုံတရာသော စကားပြောခြင်း ဖြစ်ပါသလော ဟု မေးလျှောက်၏၊

ထိုအခါ၌ မြတ်စွာဘုရားသည် အမ္ဗဋ္ဌနှင့် ပြောဆိုသော စကားအလုံးစုံကို အကုန်ပြန်၍ ဟောကြားတော်မူပြန်၏၊ ဤသို့ ဟောကြားတော် မူသည် ရှိသော်–အရှင် ဂေါတမ၊ အမ္ဗဋ္ဌသည် မိုက်လှပါ၏၊ အရှင် ဂေါတမသည် အမ္ဗဋ္ဌကို သည်းခံတော်မူပါ-ဟု တောင်းပန် လျှောက်ကြား၏။ အမ္ဗဋ္ဌ လုလင်သည် ချမ်းသာစေသတည်း–ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။

ထိုနောက် ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော လက္ခဏာကြီးတို့ကို ကြည့်ရှုစုံစမ်းရာတွင် အမ္ဗဋ္ဌ လုလင်ကို ပြတော်မူသကဲ့သို့ပင်လျှင် မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူ၍ ဗောဓနေယျ သတ္တဝါ အလိုရှိရာကို အလိုကျ အောင် ပြတော် မူရရှာပြန်၏။ (အဟော ဗုဒ္ဓေါ ဟိတနေရ ဏော)

ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် သုံးဆယ့်နှစ်ပါးသော လက္ခဏာတော် ကြီး တို့ကို အကုန်အစင် ကိုယ်တိုင်မြင်ရသဖြင့် ဘုရားအစစ်ဖြစ်တော်မူ၏– ဟု သန္နိဋ္ဌာန်ချ၍....

အရှင်ဂေါတမ ယနေ့အဖို့ ရဟန်းသံဃာတော်နှင့် တကွ တပည့်တော် ၏ ဆွမ်းကို သည်းခံတော်မူပါဘုရား -ဟု လျှောက်ကြားလျှင် မြတ်စွာဘုရား သည် တုဏှိဘာဝ သဘောဖြင့် သည်းခံတော်မူ၏။

ပေါက္ခရသာတိ ပုဏ္ဏားကြီးသည်လည်း မြတ်စွာဘုရားသည်းခံတော်မူသည် ကို သိ၍ ဆွမ်းဘောဇဉ်တို့ကို ပြင်ဆင်ပြီးလျှင် ဆွမ်းပြင်၍ ပြီးပါပြီ အရှင် ဂေါတမ–ဟု လျှောက်ကြားလျှင် မြတ်စွာဘုရားသည် ထိုနေ့နံနက် အခါ၌

သင်းပိုင်တော်ကို ပြင်ကာဝတ်၍ သပိတ်သင်္ကန်းကို ယူတော်မူ၍ ရဟန်းသံဃာတော်တို့နှင့် အတူတကွ ပေါက္ခရသာတိ ပုဏ္ဏားကြီး အိမ်သို့ ကြွတော်မူ၍ ခင်းထားသော နေရာ၌ နေတော်မူ၏။

ပေါက္ခရသာတိပုဏ္ဏားကြီးသည် မြတ်စွာဘုရားကို မွန်မြတ်သော ခဲဘွယ် ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် လုပ်ကျွေးလေ၏။ ပေါက္ခရသာတိ ပုဏ္ဏားကြီး၏ တပည့်လုလင်တို့သည်လည်း ရဟန်းသံဃာတော်တို့ကို လုပ်ကျွေးကြကုန်၏။ ဆွမ်းစား၍ ပြီးဆုံးသောအခါ ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ မနီးမဝေး၌ ထိုင်နေ၏။ ထိုအခါ၌ မြတ်စွာ ဘုရားသည် ပေါက္ခရသာတိ ပုဏ္ဏားကြီးအား အစဉ် အတိုင်းသော တရားစကားကို ဟောကြားတော်မူ၏။

အဘယ်တရားတို့နည်း? ဒါနကထာ, သီလကထာ, သဂ္ဂကထာ, အလှူပေးရခြင်းကြောင့် ဥစ္စာပေါများခြင်း အစရှိသော အကျိုးတရားတို့ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုနောက် သီလစောင့်ခြင်းကြောင့် ကိုယ်စိတ်ချမ်းသာခြင်း အစရှိသော အကျိုးတရားတို့ကို ဟောတော်မူ၏။

ထိုနောက် ဒါနကုသိုလ်, သီလကုသိုလ်တို့ကြောင့် နတ်ပြည်၌ ဖြစ်၍ အလွန်ချမ်းသာသော နတ်၏စည်းစိမ်ကို ခံစားရကြောင်း အစရှိသော တရားစကားတို့ကို ဟောတော်မူ၏။

ထိုနောက် လူ့စည်းစိမ်, နတ်စည်းစိမ် တည်းဟူသော ကာမဂုဏ်တရားတို့သည် ဖြစ်၍ ပျက်တတ်သော တရားတို့ ဖြစ်ကုန်၏။ ဖြစ်ချည် ပျက်ချည် နေသော တရားတို့ ဖြစ်ကုန်၏။ မြဲသော သဘောမရှိကြကုန်။ ထိုကာမဂုဏ်တရားတို့ကို စုံမက်ခြင်းကြောင့် ယုတ်နိမ့်သော အဖြစ်သို့ ရောက်တတ်ကုန်၏။ ကိုယ်ပင်ပန်း, စိတ်ပင်ပန်း, ညစ်နွမ်းဆင်းရဲခြင်းသို့ ရောက်တတ်ကုန်၏။ အစရှိသော ကာမဂုဏ်၏ အပြစ်တရားတို့ကို ဟောကြားတော်မူ၏။

ထိုနောက် ထိုကာမဂုဏ်တို့ကို စုံမက်ခြင်းမရှိဘဲ လွတ်ကင်း ထွက်မြောက်ခြင်းသည် စိုးရိမ်သောက ကြောင့်ကြ, ဗျာပါ ပူဆာရှိနွမ်း ပင်ပန်းညှဉ်းဆဲ, နှလုံးကွဲမျှ ဆင်းရဲ လှသော ဇာတိ, ဇရာ, ဗျာဓိ, မရဏ တရားတို့မှ လွတ်ကင်း၍ အလွန်အေးမြခြင်းရှိသော နိဗ္ဗာန်သို့ရောက်၍ မျက်မှောက်ဒိဋ္ဌ စံစားရသော မဂ်ဖိုလ် ချမ်းသာတို့ကို ခံစား၍ အေးမြစွာ နေရကြောင်း အစရှိသော နေက္ခမာနိသံသ တရားတို့ကို ဟောကြားတော် မူ၏။

ဤသို့ ဟောကြားတော် မူသောအခါ ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် ဖြစ်ချည်ပျက်ချည်နေသော ကာမဂုဏ်တရားတို့မှ လွတ်ကင်းလိုသော စိတ်,

မင်္ဂိုလ်ချမ်းသာကို ရလိုသောစိတ်သည် ဖြစ်၍လာ၏။ ထိုစိတ် ဖြစ်သည်ကို မြတ်စွာဘုရား သိတော်မူ၍။

(ဖြစ်ချင်ဖြစ်၊ မဖြစ်ချင် မဖြစ်၊ သစ္စာ လေးပါးအစ်) ဟူသော ဘာမုက္ကံသ်က ဓမ္မဒေသနာ- ကိုယ်တိုင်သာ ကောင်းစွာ မြင်၍, ထင်ထင် တက်တက်, ဆပ်ဆပ်မှာ ပရမတ္ထကို ဟောပြတော်မူ၏။

ဟောကြားတော် မူပုံကား-ဤသို့တည်း....

အဆင်း,အသံ,အနံ့, အရသာ, ထိတွေ့ခြင်း တရားတို့သည် ဖြစ်ချင်၍ ဖြစ်ကြကုန်၏၊ ဖြစ်လျှင် ပျက်မြဲသဘောကို မလွန်နိုင်၍ ဖြစ်ပျက်, ဖြစ်ပျက် နေကုန်၏၊ ဖြစ်ပျက် ဖြစ်ပျက်နေသော တရားတို့ကို မြင်လျှင် မဖြစ်ချင် ဘော့ပြီ၊ မဖြစ်ချင်လျှင် မဖြစ်။ မဖြစ်လျှင် မပျက်။ ဖြစ်ပျက် မရှိလျှင် နိဗ္ဗာန် တရားပင်တည်း–ဟူ၍ ဟောပြတော် မူသောအခါ ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် ထိုနေရာ၌ပင်လျှင် သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်လေ၏၊ (ဖြစ်ပျက် မရှိသော နိဗ္ဗာန်ကို သိလိုလျှင် ယောဂီဝိဇ္ဇာလမ်းမှန် စာအုပ်၌ ရှုရာ၏။)

ဖြစ်ခြင်းသဘော တရားတို့သည် ပျက်ခြင်း သဘော ရှိကုန်၏။ အလုံးစုံ ဖြစ်သမျှ တရားတို့သည် ပျက်ခြင်း သဘောရှိကုန်၏– ဟူ၍ ကောင်းစွာ မြင်ပြီးသော ပေါက္ခရသာတိပုဏ္ဏားသည် သိပြီး, မြင်ပြီး, သက်ဝင်ပြီးသော တရား ရှိသည်ဖြစ်၍ သို့လော သို့လော တွေးတော ယောင်ဝါး ယုံမှား ကင်းပျောက် ရဲရင့်ခြင်းသို့ ရောက်သည် ဖြစ်၍, မြတ်စွာဘုရား သာသနာ တော်၌ တဆင့်စကား ပြောသံကြားဖြင့် သူတပါးကို ယုံကြည်ခြင်း မရှိ မူ၍ မြတ်စွာဘုရားကို ဤသို့ လျှောက်ကြားလေ၏။

အသွန်ကောင်းပါပေ၏ အရှင်ဂေါတမ– အလွန်ကောင်းပါပေ၏ အရှင် ဂေါတမ၊ ဥပမာအားဖြင့်သည်ရှိသော် မှောက်၍ထားသော အိုးကို လှန်ဘိသကဲ့သို့ လည်းကောင်း။ လ။ တပါးမက များလှစွာသော အကြောင်းတို့ဖြင့် တရား တော်ကို ဟောပြတော် မူပါပေ၏။

ပေါက္ခရသာတိ အမည်ရှိသော တပည့် တော်သည် သားနှင့် တကွ, မယားနှင့်တကွ, ပရိသတ်နှင့် တကွ, အခြွေအရံနှင့်တကွ မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ပါ၏။ တရားတော်- သံဃာတော် ကိုလည်း ဆည်းကပ် ကိုးကွယ်ပါ၏။ ယနေ့ကို အစပြု၍ အသက် ထက်ဆုံး ဥပါသကာ ဟူ၍- မှတ်တော်မူပါ၊ အရှင်ဂေါတမသည် ဥက္ကဋ္ဌမြို့၌ တပါးသော အိမ်တို့သို့ ဝင်ထွက်သွားတော်မူသကဲ့သို့ ပေါက္ခရသာတိပုဏ္ဏား အိမ်သို့လည်း ဝင်ထွက် သွားလာတော်မူပါလော့။

တပည့်တော်၏ အိမ်၌ သူငယ်ကလေးတို့သည် လည်းကောင်း, သူငယ်မကလေးတို့သည် လည်းကောင်း, အရှင်ဂေါတမကိုရှိခိုးကြပါကုန်လတ့်, ခရီးဦးကိုကြပါကုန်လတံ့, နေရာကိုလည်း ခင်းကြပါကုန်လတ့်, ရေကိုလည်း ကပ်ကြပါကုန်လတ့်, စိတ်ကိုလည်း ကြည်ညိုကြပါကုန်လတ့်။ ထိုသို့ကြည်ညိုသဖြင့် ပြုလုပ်ကြခြင်းသည် ကုသိုလ်စိတ်တွေ ဖြစ်ပါသောကြောင့် နောင်အခါ ကာလရှည်မြင့်စွာလှသော သံသရာ၌ ချမ်းသာခြင်းငှါ ဖြစ်ကြပါကုန်လတံ့၊ ဤသို့လျှောက်ကြားသည် ရှိသော်—

''ကလျာဏံ ဝုစ္စတိ ဗြဟ္မဏ'' ဟူ၍ မိန့်တော်မူ၏။

ဗြဟ္မဏ၊ ပေါက္ခရသာတိပုဏ္ဏားဘ။ ကလျာဏံ၊ ကောင်းသည်ကို။ ဝုစ္စတိ ဆို၏၊

အမ္ဗဋ္ဌသုတ် ဝတ္ထုပြီး၏

# ၄။ သောဏဒက္ခာသုတ် ဝတ္ထု

## သောဏဒဏ္ဍပုဏ္ဏားကြီးအကြောင်း

မာဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်းကြီးသည် မဂဓတိုင်း အင်္ဂတိုင်း ထိုနှစ်တိုင်းလုံးကို အုပ်စိုးတော်မူ၏။ ထိုဗိမ္ဗိသာရမင်းကြီးသည် အင်္ဂတိုင်း စမ္ပာပြည်ကို သောဏဒဏ္ဍပုဏ္ဏားကြီးအား မြို့စားအပိုင် ပေးတော်မူ၏။ ထိုစမ္ပာပြည်၌ အလှကြည့်ရှုရန် ကျေးမွေး၍ထားကြကုန်သော ဆင်,မြင်း, သမင်, ဥဒေါင်း, ကြိုးကြာ-အစရှိသော တိရစ္ဆာန်သတ္တဝါတို့သည်လည်း များစွာရှိကုန်၏။

ထိုစမ္ပာယ်ပြည်၏ အပြင်အပ ဘောအရပ်တို့၌ ဆင်, မြင်း, နွား, ကျွဲတို့ စားရန် မြက်တို့သည် လည်းကောင်း, အိမ်မိုးရန်မြက်တို့သည်လည်းကောင်း, ပြည့်စုံလုံလောက်စွာ ရှိကြကုန်၏၊ထမင်းဟင်း ချက်ပြုတ် မီးဆိုက်ရန်သစ်သား ထင်းတို့သည် လည်းကောင်း, အိမ်ဆောက်ရန် သစ်သား ကြိမ်နွယ်စသည် တို့သည် လည်းကောင်း, ပြည့်စုံပေါများကုန်၏။

ထိုစမ္ပာပြည်၏အတွင်း၌လည်းအဝိုင်းအားဖြင့်လည်းကောင်း,လေးထောင့် အားဖြင့် လည်းကောင်း, ပုံသဏ္ဌာန်အမျိုးမျိုး တူး၍ ထားကြကုန်သော ရေကန်တို့သည်လည်း ရှိကြကုန်၏။ ထိုစမ္ပာပြည်၏ အပြင်ပ၌လည်း ကြာမျိုး ငါးပါး တို့နှင့် ပြည့်စုံသော တဖက်ဆည်း ရေကန်ကြီးတို့ သည်လည်း ရှိကုန်၏။

ထိုစမ္ပာပြည်၏ အနီး အပြင်အပ၌ ရှေးအခါက ဂဂ္ဂရ- အမည်ရှိသော အဂ္ဂမဟေသီ မိဖုရားကြီးသည် ကောင်းမွန်ကြီးကျယ်စွာ တူးထားအပ်သော ကြာမျိုးငါးပါးရှိသော ပေါက္ခရဏီလေးထောင့် ရေကန်ကြီးသည်လည်း ရှိ၏။

ထိုရေကန်ကြီးသည် ဂဂ္ဂရရေကန်—ဟူ၍ အမည်နာမအားဖြင့် ထင်ရှား ကျော်ဇော၏။

ထိုဂဂ္ဂရရေကန်ကြီး၏ ကမ်းနား မနီးမဝေး၌ ထက်ဝန်းကျင်မှ ဝန်းဝိုင်း လှည့်ပတ်၍ ပေါက်ကြကုန်သော အမျိုးမျိုးသော အဆင်းရှိသော ပန်းနွယ်,

ပန်းပင်, သစ်ပင်ကြီး, သစ်ပင်ငယ်တို့ဖြင့် ရောပြွမ်း တင့်တယ်စွာ တန်းဆာဆင်လျက် ကြည်လင်မွှေးလျော် ပျော်ရွှင်ဘွယ်ရှိသော (စမ္ပကဝန) အမည်ရှိသော စကားဝါပင်, စကားစိမ်းပင်တို့ဖြင့် ဖုံးအုပ်၍နေသော တောအုပ်သည်လည်းရှိ၏။ ထိုစမ္ပာပြည်သည် ကောက်ပဲသီးနှံ ဆန်ရေစပါးဘို့ ပေါများပြည့်စုံသော မြို့ကြီးတမြို့ပင် ဖြစ်၏။

(လှေ, ဖေါင်,သင်္ဘောတို့သွားလာသောမြစ်ကြီး,မြစ်ငယ်တို့နှင့် ဝေးကွာသောကြောင့် ကုန်းခေါင်ခေါင်၌ တည်ထားသော မြို့ကြီးဖြစ်၏၊ ရာဇဂြိုဟ်ပြည်နှင့်မဝေးကွာလှ။ ဗိမ္ဗိသာရမင်းကြီး၏ အာဏာလွှမ်းမိုး အုပ်စိုးရာ မြို့ကြီးဖြစ်၏။ထိုစမ္ပာပြည် ခေါ်သော မြို့ကြီးကို ဗိမ္ဗိသာရမင်းကြီးက သောဏဒဏ္ဍပုဏ္ဏားကြီးအားမြို့စားပေး၍ထားသောကြောင့် ထိုစမ္ပာ ပြည်ကို သောဏဒဏ္ဍပုဏ္ဏားကြီးသည် ဩဇာအာဏာဖြင့် အုပ်စိုး၍နေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ပစ္ဆိမယာမဗုဒ္ဓကိစ္စကို ပြုတော်မူပြီးသောအဆုံး၌ တသောင်းသော လောကဓာတ်ကို ရွှေညာဏ်တော် ကွန်ရက်ဖြင့် ဖြန့်ကြက်ခါ အာချံပြု၍ ကျွတ်ထိုက်သော သတ္တဝါအစုကို ကြည့်ရှုတော်မူသည်ရှိသော် ထိုသောဏဒဏ္ဍ ပုဏ္ဏားကြီးသည် သဗ္ဗညုတ ရွှေညာဏ်တော်ကွန်ရက်အတွင်းသို့ ဝင်လာသည်ကို မြင်တော်မူသတည်း။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤပုဏ္ဏားကြီးကား ငါဘုရား၏ညာဏ်တော်ကွန်ရက်အတွင်းသို့ ဝင်လာ၏။ ရတနာသုံးပါးကို ဆည်းကပ်ထိုက်သော ဥပနိဿယအကြောင်းရှိ မရှိ-ဆင်ခြင်၍ ကြည့်ရှုတော်မူသည်ရှိသော် သရဏဂုဏ် တည်အံ့သော အကြောင်းကို မြင်တော်မူ၍ ထိုအင်္ဂတိုင်းသို့ ငါးရာမျှလောက်သော ရဟန်းတို့ဖြင့် ခြံရံလျက် ဒေသစာရီကြွချီတော်မူသော အခါ စမ္ပာပြည်သို့ ရောက်တော်မူ၍ ထိုစမ္ပာပြည်၏ အနီး ဂဂ္ဂရရေကန်ကြီး၏ ကမ်းနား, စမ္ပကဝန အမည်ရှိသောစကားပင် တောအုပ်၌ သီတင်းသုံးနေတော် မူသတည်း။ (စကားဝါပင်,စကားစိမ်းပင် တောအုပ်၌ သီတင်းသုံးနေတော်မူ၏။)

စကား,စိမ်းဝါ၊ လေယူရာသို့၊ ဝေဆာယိမ်းယိုင်၊ ယှဉ်လိုင်၍၊
ပန်းမြိုင်ထုံစွာ၊ တောရိပ်သာ၌၊ မြတ်စွာသခင်၊ သုံးလူ့ရှင်သည်၊
သုံးခွင်ဗိုလ်ခြေ၊ များဝေဧကော်၊ မြို့က်ရေဖြန်းကာ၊ နေစဉ်ခါ၌၊
ဒိသာဆယ်ရပ်၊ ပျံ့လှိုင်စပ်အောင်၊ သကတ်ဂုဏ်တော်၊ ကျေးဇူးတော်သည်၊ မြေပေါ်အောက်ထက်၊ ဘဝဂ်ထိလျှံ၊ ကျော်ဝေသံဖြင့်၊
တရံမစဲ၊ ပျံ့နှံ့ကြဲ၍၊ လှိုက်လှဲဝေဖြာတက်သတည်း။

လှိုက်လှဲဝေဖြာ၊ တက်ပုံမှာကား၊ ဘဂဝါမည်ရ၊ သုံးလူ့ဘသည်၊ မြတ်လှဥဇ္ဇာ ဝိသေသာဖြင့်၊ ဗြဟ္မာသိကြား၊ လူအများတို့၊ ညွတ်တွားဆည်းကပ်၊ လေးမြတ်လှစွာ၊ ပူဇော်ရာကို၊ ကောင်းစွာသင့်လျော်၊ ခံတော်မူထိုက်၊ ပူဇော်ထိုက်၍၊ ဖူးထိုက် မြင်ထိုက်၊ အထိုက်အတန်၊ အရဟံဂုဏ်တော်၊ ကျေးဇူးတော်ဖြင့်လည်းကောင်း-

သခါ့ဝိကာ၊ လက္ခဏာနှင့်၊ နိဗ္ဗာန်ပညတ်၊ ငါးရပ်ညေယျ၊ ဓမ္မဉဿုံ၊ အလုံးစုံကို၊ အကုန်အစင်၊ ဉာဏ်သဗ္ဗညုဖြင့်၊ သိမြင်တော်မူသည်၏ အဖြစ်ကြောင့်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ကျေးဇူးတော်ဖြင့်လည်းကောင်း,

အမ္ဗဋ္ဌနှင့်၊ပေါက္ခရသာတိ၊ ဆရာတပည့်တို့၊ငါသိငါမြင်၊ဝိဇ္ဇာရှင်ဟု၊ အထင်မှောက်မှား၊ ထိုသူများကို၊ ရှစ်ပါးဝိဇ္ဇာ၊ရှစ်သမာပတ်၊ တရားမြတ်ကို၊ တတ်တတ်ထင်ရှား၊ ဟောပေါ်ကြား၍၊ ဘုရားမြတ်စွာ၊ ကိုယ်တော်သာလျှင်၊ ဝိဇ္ဇာစရဏ၊သမ္ပန္နဟု၊ မိန့်ဟအထူး ဂုဏ်ကျေးဇူးဖြင့်လည်းကောင်း။

ဤသို့အစရှိသော ကိုးပါးသော ဂုဏ်တော်ကျေးဇူးတော်တို့သည်မြေပေါ်အောက်ထက် ဘဝဂ်ထိလျှံ၊ ကျော်ဇောသံဖြင့်၊ တရံမစဲ၊ ပျံ့နှံ့ကြဲ၍၊ လှိုက်လှဲဝေဖြာတက်သတည်း။

ထိုအခါ၌ စမ္ပာပြည်သူ ဖြစ်ကုန်သော ပုဏ္ဏား, သူကြွယ်တို့လည်း အစုအစု, အပေါင်း အပေါင်း, တသုတ်စီ တသုတ်စီ, အုတ်အုတ်ကျက်ကျက်မြို့မှထွက်၍မြတ်စွာဘုရားသီတင်းသုံးတော်မူရာ ဂဂ္ဂရရေကန်အနီး,စကားဝါ, စကားစိမ်း တောအုပ်ကြီးသို့ရှေးရှုသွားကြကုန်၏၊ ထိုသို့ အစုအစု, အပေါင်းအပေါင်း သွားကြကုန်သော ပရိသတ်တို့ကို သောဏဒဏ္ဍပုဏ္ဏားကြီးသည် နေ့အခါ၌ နေသောပြာသာဒ်ပေါ်မှ မြင်၍ ခတ္တအမည်ရှိသော အမတ်ကြီးကို ခေါ်၍ အဘယ့်ကြောင့် စမ္ပာပြည်မှ ထွက်သွားကြကုန်သနည်း-ဟု မေးသည်ရှိသော်-အရှင်ပုဏ္ဏားကြီး၊ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသောသာကီဝင်မင်းသား ဖြစ်တော်မူသော ရဟန်းဂေါတမသည် ငါးရာမျှလောက်သော ရဟန်းတို့နှင့် အတူတကွ ဂဂ္ဂရရေကန်အနီး စကားဝါ, စကားစိမ်းတောအုပ်ကြီး၌ နေတော်မူ၏။

ထိုမြတ်စွာဘုရားကို ဖူးမြင်အံ့သောငှါ သွားကြကုန်၏-ဟု ဆို၏။ ယင်းသို့ဖြစ်သော် အချင်း ခတ္တ- သောဏဒဏ္ဍ ပုဏ္ဏားသည်လည်း သွားလတံ့။ အရှင်တို့သည် စောင့်ဆိုင်း၍ နေကြပါဦး-ဟု ပြောချေလော့-ဟု စေခိုင်း၏။

ခတ္တ အမည်ရှိသော အမတ်ကြီးသည် သောဏဒဏ္ဍပုဏ္ဏား စေခိုင်းသော စကားကို ပရိသတ်တို့အား သွား၍ ပြော၏၊

ထိုအခါ၌ ဘေသသတိုင်း, ကာသိတိုင်း အစရှိကုန်သော တိုင်းပြည် တို့မှ လာရောက်ကြကုန်သော ငါးရာမျှသောက်ကုန်သော ပုဏ္ဏားတို့သည် သောဏဒဏ္ဍပုဏ္ဏားကြီး၏ အထံ၌ ဗေဒင်တို့ကို သရဇ္ဈာယ်ခြင်း အကျိုးငှါ စည်းဝေးလျက် ရှိကြကုန်၏။

ထိုပုဏ္ဏားတို့သည် ရဟန်းဂေါတမ အထံသို့ သောဏဒဏ္ဍ ပုဏ္ဏားသည် ဖူးမြင်ရန် သွားလတ့်-ဟူသော စကားကို ကြားသိ ကြကုန်၍ တားမြစ် ကြကုန်၏။

အဘယ်သို့ဆို၍ တားမြစ် ကြကုန်သနည်းဟူမူကား.... အရှင်သောဏဒဏ္ဍ ပုဏ္ဏားသည် ရဟန်းဂေါတမ အထံသို့ မသွား ပါလင့်၊ သွားသည် ရှိသော် အရှင်သောဏဒဏ္ဍအား အခြံအရံ အကျော်ဇောမှ ယုတ်သျော့ ပါလိမ့်မည်၊ ရဟန်း ဂေါတမအား အခြံအရံ အကျော်အဇော တိုးတက် ပါလိမ့် မည်။ ထိုကြောင့် မသွားပါလင့်၊

ရဟန်းဂေါတမသည် သာလျှင် အရှင်သောဏဒဏ္ဍ အထံသို့ လာထိုက် ပါသည်၊ အရှင်သောဏဒဏ္ဍသည် အမိဘက်မှ လည်းကောင်း, အဘဘက်မှ လည်းကောင်း စင်ကြယ်သော ဝမ်းတိုက်မှ မွေးဖွား သောကြောင့် အမျိုး ဇာတ်အားဖြင့် မပယ်အပ်, မကဲ့ရဲ့အပ်ပါ။

ဤအကြောင်းကြောင့်လည်း အရှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမ အထံသို့ မသွားထိုက်ပါ။

ရဟန်း ဂေါတမသည် သာလျှင် အရှင်သောဏဒဏ္ဍအထံသို့ လာထိုက် ပါသည်။ အရှင်သောဏဒဏ္ဍသည် များသော ဥစ္စာရှိ၏။ ကြွယ်ဝ ချမ်းသာ များစွာသော စည်းစိမ်ရှိ၏-အရှင်သောဏဒဏ္ဍသည်ဗေဒင်သုံးပုံကိုကမ်းတဖက် ရောက် တတ်မြောက်ပါ၏။ အရှင်သောဏဒဏ္ဍသည် အလှန် အဆင်းလှ၏။ ဖြူဟွာ၏ ကိုယ်နှင့်တူ၏။ အရှင်သောဏဒဏ္ဍသည် သီလနှင့်ပြည့်စုံ၏။

အရှင်သောဏဒဏ္ဍသည် သာယာ ကောင်းမွန်သော စကားရှိ၏၊ အရှင် သောဏဒဏ္ဍသည် များစွာသော သူတို့၏ ဆရာ့ဆရာ ဖြစ်၏။ သုံးရာ မျှလောက်သော သူငယ် တို့အား ဗေဒင် သင်ကြား၍ နေ၏။ များစွာ ကုန်သော ဇနပုဒ်မြို့ရွာတို့မှ ဗေဒင် သင်ကြားလိုကုန်သော သူငယ်တို့သည် လာရောက် ကြကုန်၏။ အရှင် သောဏဒဏ္ဍသည် အိုပြီ, ကြီးပြီ တတိယ အရွယ်သို့ ရောက်ပြီ။

ရဟန်းဂေါတမသည်ကား ငယ်၏။ ငယ်ငယ်ကလေးဖြင့် ရဟန်းပြု၏၊ အရှင်သောဏဒဏ္ဍသည် ဗိမ္ဗိသာရမင်းက အလေးအမြတ် ပေးအပ်သော စမ္ပာပြည်ကို အုပ်စိုးရ၏။ အရှင်သောဏဒဏ္ဍသည် ပေါက္ခရသာတိ ပုဏ္ဏားဏ် အချီအသေ အလေးအမြတ် ပြုရာလည်း ဖြစ်၏။

ဤသို့သော ဂုဏ်အင်္ဂါတို့ဖြင့် အရှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြင်ခြင်းငှါ မသွားထိုက်ပါ၊ ရဟန်း ဂေါတမသည် သာလျှင် အရှင် သောဏဒဏ္ဍ ပုဏ္ဏားအထံသို့ လာထိုက်ပါ၏။

ဤသို့ ဆိုသည်ရှိသော် သောဏဒဏ္ဍ ပုဏ္ဏားကြီးသည် ထိုပုဏ္ဏားတို့ကို ဤသို့ ပြန်၍ဆိုပြန်၏၊

အို အရှင် ပုဏ္ဏားတို့၊ ယင်းသို့ ဖြစ်ခဲ့သော် ငါ၏ စကား ကိုလည်း နားထောင်ကြဦးလော့။ ငါတို့ကသာလျှင် ရဟန်းဂေါတမကိုဖူးမြင်ခြင်းငှါ သွားထိုက်ကုန်၏။ ရဟန်းဂေါမက ငါတို့အထံသို့ မလာထိုက်။ အဘယ့်ကြောင့်နည်း-ဟူမူကား။

အိုအရှင်ပုဏ္ဏားတို့-ရဟန်းဂေါမသည် အမိဘက်မှ လည်းကောင်း, အဘဘက်မှ လည်းကောင်း စင်ကြယ်သော အဓိဝမ်းတိုက်မှ မွေးဖွားသောကြောင့် စင်ကြယ်သော အမျိုးဇာတ် ရှိ၏။

အို အရှင်ပုဏ္ဏားတို့-ရဟန်းဂေါတမသည် များစွာကုန်သော ဆွေတော်ရှစ်သောင်း မျိုးတော်ရှစ်သောင်းတို့ကို စွန့်၍ ရဟန်းပြုတော်၏။

(အမိဘက်မှ ရှစ်သောင်း, အဘဘက်မှ ရှစ်သောင်း အားလုံးပေါင်းသော် တသိန်း ခြောက်သောင်းသော ဆွေတော် မျိုးတော် ရှိတော် မူသော မြတ်စွာဘုရား)။

အို အရှင်ပုဏ္ဏားတို့ - ရဟန်းဂေါတမသည် များစွာသော ရွှေ ငွေ တို့ကို စွန့်၍ ရဟန်းပြုတော်မူ၏။

မြတ်စွာဘုရား ဖွားတော်မူသောနေ့၌ အလိုလို ပေါ်ပေါက် လာသော ရွှေအိုးတို့သည်ကား။

၁။ တဂါဝုတ်မျှရှိသော သင်္ခမည်သော ရွှေအိုးကြီး။

၂။ နှစ်ဂါဝုတ်မျှရှိသော လေမည်သော ရွှေအိုးကြီး။

၃။ သုံးဂါဝုတ်မျှရှိသော ဥပ္ပလမည်သော ရွှေအိုးကြီး။

၄။ လေးဂါဝုတ် တယူဇနာရှိသော ပုဏ္ဍရိက မည်သော ရွှေအိုးကြီး။

ထိုရွှေအိုးကြီး လေးလုံးတို့သည် ယူတိုင်း ယူတိုင်း ယူသော နေရာမှ ပြည့်မြဲတိုင်း ပြည့်၍ နေ၏။ (ကမ္မဝိပါကော အစိန္တိယော။)

အို အရှင်ပုဏ္ဏားတို့ — ရဟန်း ဂေါတမသည် ပျိုပျို ရွယ်ရွယ် နုနယ် ညွှံပြောင်း အရွယ်ကောင်း၊ ကလေးကပင်လျှင်-ရဟန်းပြုတော်မူ၏။

အို အရှင်ပုဏ္ဏားတို့-ရဟန်းဂေါတမသည် မျက်ရည်ရွှဲစို ငိုသော မျက်နှာ ရှိကုန်သော ဆွေမျိုး, မိဘတို့ကို ပယ်စွန့်၍, ဆံပင်မုတ်ဆိတ်တို့ကို ရိတ်ဖြတ်၍, ဖန်ရည်ဆိုးသော အဝတ် သင်္ကန်းကို ဝတ်ရုံ၍, အိမ်ရာထောင်သော လူ၏ အဖြစ်ကို စွန့်၍, အိမ်ထောင် မပြုသော ရဟန်း အဖြစ်သို့ ဝင်၍ ရဟန်း ပြုတော်မူ၏။

အိုအရှင်ပုဏ္ဏားတို့- ရဟန်းဂေါတမသည်အလွန်အဆင်းလှ၏။ ကြည်ညိုဘွယ် ရှိ၏၊ မြတ်သော အဆင်းတော်နှင့် ပြည့်စုံ၏။ မြတ်သော ဗြဟ္မာမင်း၏ ကိုယ်နှင့် တူတော်မူ၏။ ကြည့်ရှု၍ မကုန်နိုင်, မရှိုင်းနိုင်၊ မယှဉ် နိုင်သော ကိုယ်တော်ရှိပုံကို ဆိုလတ့်သော ဝတ္ထုဖြင့် ကောင်းစွာသိအပ်၏။

## မြတ်စွာဘုရား ကိုယ်တော်ကို ဝါးလုံးနှင့် တိုင်း၍ ကြည့်ရှုသော ပုဏ္ဏား ဝတ္ထု

ရာဇဂြိုဟ်ပြည်၌ ပုဏ္ဏား တယောက်သည် မြတ်စွာဘုရား၏ပမာဏတော်ကို နှိုင်းယှဉ်ခြင်းငှါ မတတ်နိုင်—ဟူသော စကားကို ကြား၍, မြတ်စွာဘုရား ဆွမ်းခံ ဝင်တော်မူသောအခါ၌ အတောင် ခြောက်ဆယ် ရှိသော ဝါးကို ကိုင်၍ မြို့တံခါး၏ ပြင်ဘက်မှ ရပ်၍ နေ၏။ မြတ်စွာဘုရား ကြွလာတော် မူသောအခါ ထိုဝါးကို ယူ၍ ထောင်ပြီးလျှင် မြတ်စွာဘုရား၏ အနီး၌ ရပ်၏။

အတောင်ခြောက်ဆယ်ရှိသော ဝါးလုံးသည် မြတ်စွာဘုရား၏ ဒူးပုဆစ် တော်မျှသာလျှင် မှီလေ၏။ နောက်တနေ့၌ ဝါးလုံးနှစ်ခုကိုဆက်၍ ထိုကဲ့သို့ ပင်လျှင် အနီး၌ ရပ်၏။ ထိုဝါးလုံး နှစ်လုံးအဆက်တို့သည် မြတ်စွာဘုရား၏ ခါးတော်မျှလောက်သာ မှီ၏။

ထိုအခါ၌ မြတ်စွာဘုရားက အသင်ပုဏ္ဏား အဘယ်ကို ပြုလုပ်သနည်း- ဟု မေးတော်မူ၏။ အရှင်ဘုရားတို့၏ ပမာဏ တော်ကို နှိုင်းယှဉ်၍ ကြည့်ရှု ပါသည် မြတ်စွာဘုရား—ဟု လျှောက်ကြား၏။

အသင်ပုဏ္ဏားသင်သည် စကြာဝဠာ တခုလုံး၌ရှိသော ဝါးလုံးတို့ကို အကုန်ဆက်၍ တိုင်းသော်လည်း ငါဘုရားကို နှိုင်းယှဉ်ခြင်းငှါ မတတ်နိုင်ပတုံ့။ ငါဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီဘော်တွေကို ဖြည့်ကျင့်တော် မူခြင်းသည်အား သူတပါးတို့ နှိုင်းယှဉ်ခြင်းငှါ မတတ်နိုင်အောင် ဖြည့်ကျင့်တော် မူ၏။ အသင်ပုဏ္ဏား- မြတ်စွာဘုရား ကိုမည်သည် မနှိုင်းနိုင်ကုန်၊ မနှိုင်းယှဉ်နိုင်သော ပမာဏတော် ရှိကုန်၏-ဟု မိန့်တော်မူပြီး၍-

> တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတော ဘယေ။
> န သက္ကာ ပုညံ သင်္ခါတုံ၊ ဣမေတ္တ မပိ ကေနစိ။

တာဒိသေ၊ ထိုသို့မနှိုင်းယှဉ်နိုင်သော သဘော ရှိကုန်သော။ နိဗ္ဗုတေ ငြိမ်းပြီးသော ကိလေသာ ရှိကုန်သော။ အကုတောဘယေ၊ ဘေးရန် မရှိကုန်သော၊ တေ၊ ထိုမြတ်စွာဘုရားတို့ကို။ ပူဇယတော၊ ပူဇော်သောသူ၏။ ပုညံ၊ ကုသိုလ်ကို၊ဣမံအပိ၊ ဤမျှရှိ၏-ဟူ၍လည်းကောင်း။ ဧတ္တံအပိ၊ ဤမျှရှိ၏-ဟူ၍ လည်းကောင်း။ ကေနစိ၊ တစုံတယောက်သော သူသည်။ သင်္ခါတုံ၊ ရေတွက်ခြင်းငှါ။ နသက္ကာ၊ မတတ်နိုင်။

ဤ ဂါထာကို ဟောတော်မူပြီးသော အဆုံး၌ ရှစ်သောင်းလေးထောင်သော လူတို့သည် တရားအမြိုက် ရေကြည်ကို သောက်ရ ကြကုန်၏။ (ဝါ) မသေသော ဆေးရည်ကို သောက်ကြရကုန်၏။

## ရာဟု အသူရိန်နတ်ကြီး၏ ဝတ္ထု

ရာဟုအသူရိန်နတ်ကြီးသည်....

၁။ ယူဇနာ လေးသောင်း ရှစ်ရာ အရပ်မြင့်၏၊

၂။ လက်ရုံး, ပခုံးစွန်းနှစ်ခုတို့၏ အကြား၌ ယူဇနာ တရာ့နှစ်ဆယ်ရှိ၏။

၃။ သားမြတ် နှစ်ခုတို့၏အကြား၌ ယူဇနာ ခြောက်ရာရှိ၏။

၄။ လက်ဖဝါး, ခြေဖဝါးတို့၏ အနံ အပြန့်သည် ယူဇနာသုံးရာရှိ၏။

၅။ လက်ဆစ်တို့သည် ယူဇနာ ငါးဆယ်စီရှိကုန်၏။

၆။ မျက်ခုံး နှစ်ခုတို့၏ အကြားသည်လည်း ယူဇနာ ငါးဆယ်ရှိ၏။

၇။ ခံတွင်းသည် ယူဇနာ နှစ်ရာရှိ၏။

၈။ ခံတွင်းအနက်ကား ယူဇနာ သုံးရာ နက်၏။

၉။ ခံတွင်း အဝန်းလည်း ယူဇနာ သုံးရာ ရှိ၏။
၁၀။ လည်ပင်းသည်လည်း ယူဇနာ သုံးရာရှိ၏။
၁၁။ နဖူးပြင်လည်း ယူဇနာ သုံးရာ ရှိ၏၊
၁၂။ ဦးခေါင်းသည် ယူဇနာ ကိုးရာရှိ၏၊

ထိုအသူရိန် နတ်ကြီးသည် ငါကားမြင့်၏။ မြတ်စွာဘုရားကိုကုန်းညွတ်၍ ဖူးမြင်ခြင်းငှါမတတ်နိုင်-ဟု မြတ်စွာဘုရားအထံသို့ မလာဘဲနေ၏ ထိုအသူရိန် နတ်ကြီးသည် တနေ့သ၌ မြတ်စွာဘုရား၏ ဂုဏ်တော်, သတင်းတော် အဆင်း တော်တို့၏ တင့်တယ်ကြောင်းကို ကြားရသဖြင့် ဖူးချင်လှသော စိတ်ရှိ၍, ငါသည် အဘယ်သို့ ဖူးမြင်ရပါအံ့နည်း—ဟု ကြံလျက်လာ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ထိုအသူရိန်နတ်ကြီး၏ အကြံကို သိတော်မူ၍ ဣရိယာပုထ် လေးပါးတို့တွင် ရပ်သော ဣရိယာပုထ်သည် နိမ့်သော်လည်း မြင့်သကဲ့သို့ ထင်ရ၏။ ထိုကြောင့် ငါသည် လျောင်းတော် မူလျက် သာလျှင်ထိုအသူရိန်နတ်ကြီးအား ငါ၏ကိုယ်တော်ကို ပြတော်မူအံ့-ဟုကြံတော်မူလျက်။

ချစ်သား၊အာနန္ဒာ၊ ဂန္ဓကုဋိပရိဝုဏ်၌ ညောင်စောင်းကို ခင်းလော့—ဟု မိန့်တော်မူ၍ ခင်းပြီးသော ထိုညောင်စောင်း၌ ခြင်္သေ့မင်း၏ လျောင်းခြင်း ကဲ့သို့ လျောင်းတော်မူ၏။

ရာဟုအသူရိန် နတ်ကြီးသည် လာ၍ လျောင်းတော် မူသော မြတ်စွာ ဘုရားကို လည်ပင်းညွတ်၍ ကောင်းကင်လယ်၌ လပြည့်ဝန်းကို ကြည့်ရှု သကဲ့သို့ မော်၍ ဖူးမြင်ရ၏။

မြတ်စွာဘုရားက အသူရိန္ဒ-အဘယ်ကြောင့် မလာသနည်း-ဟု မေးတော် မူ၏။ မြတ်စွာဘုရားကို ကုန်းညွတ်၍ ဖူးမြင် ခြင်းငှါ မတတ် နိုင်-ဟု အောက်မေ့မှတ်ထင်၍ မလာဘဲ နေပါသည်ဘုရား။ ယခုလာ၍ဖူးမြင်သော အခါ၌ကား, လျောင်းတော်မူသော အရှင်ဘုရားကို တပည့်တော် အသူရိန် သည် မော်၍ ဖူးမြင်ရပါတော့သည် မြတ်စွာဘုရား—ဟုလျှောက်ကြား၏။

ထိုအခါ၌ မြတ်စွာဘုရားသည်—

အသူရိန္ဒ၊ ငါဘုရားသည် မျက်နှာ အောက်ချ၍ ငုံ့လျှိုး၍ ပါရမီတော်ကို ဖြည့်ကျင့်တော်မူသည် မဟုတ်။ တက်ကြွတော်မူသော မျက်နှာဖြင့် သာလျှင် ငါဘုရားသည် ဒါန ပါရမီတော်ကို ဖြည့်ကျင့်တော် မူခဲ့၏ ဟု မိန့်တော် မူ၏။ထိုနေ့၌ ရာဟု အသူရိန် နတ်ကြီးသည် သရဏဂုဏ်ကို ဆောက်တည်

လေ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် ကြည့်ရှု၍ မကုန်နိုင်, မနှိုင်းနိုင်၊ မယှဉ်နိုင်သော ကိုယ်တော်ရှိ၏။

အို အရှင်ပုဏ္ဏားတို့-ရဟန်းဂေါတမသည် မြတ်သောသီလနှင့်ပြည့်စုံတော်မူ၏။ ကောင်းမွန်သာယာ နာဖျော်ဘွယ်သော စကား ရှိတော်မူ၏။

အို အရှင်ပုဏ္ဏားတို့-ရဟန်းဂေါတမသည် များစွာသော လူတို့၏ ဆရာ့ဆရာ ဖြစ်၏ သပိတ်ကို တန်းဆာ ဆင်ခြင်း, သက်နိုးကို တန်းဆာဆင်ခြင်းကိုယ်ကိုတန်းဆာဆင်ခြင်း, တက်ကြွးသော အမှုအရာတို့မှ ကင်း၏- လျှပ်ပေါ်လော်လီခြင်းမရှိ။

အို အရှင်ပုဏ္ဏားတို့-ရဟန်း ဂေါတမသည် ကံကို အယူ ရှိတော်မူ၏။ ပြုလုပ် ခြင်းကို အယူ ရှိတော်မူ၏။ မကောင်းမှုကို ရှေ့သွား ပြုခြင်းမရှိ။ မကောင်းမှုကို အလိုမရှိ။

အို အရှင် ပုဏ္ဏားတို့-ရဟန်းဂေါတမသည် မြင့်မြတ်သော အမျိုးမှ-ရဟန်းပြုတော်မူ၏။ ဇာတ်ပျက်ခြင်း မရှိသော တပါးသောဇာတ်နှင့် မစပ်ယှက်သော မြတ်သော အသမ္ဘိန္နခတ္တိယမင်းမျိုးမှ ရဟန်းပြုတော်မူ၏။

အို အရှင်ပုဏ္ဏားတို့-ရဟန်း ဂေါတမသည် ကြွယ်ဝချမ်းသာ, များစွာဥစ္စာရှိသော အမျိုးမှ ရဟန်းပြုတော်မူ၏။

အို အရှင်ပုဏ္ဏားတို့- ရဟန်းဂေါတမ အထံသို့ တပါးသော တိုင်းပြည်မှလည်းကောင်း,တပါးသောဇနပုဒ်မှလည်းကောင်း များစွာသော လူတို့သည် ပုစ္ဆာကို မေးလျှောက်ခြင်းငှါ လာရောက်ကြကုန်၏။

အို အရှင်ပုဏ္ဏားတို့ ရဟန်းဂေါတမကို များစွာ ကုန်သော နတ်တို့သည် ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကြကုန်၏။

အို အရှင်ပုဏ္ဏားတို့-ရဟန်းဂေါတမ၏ကျော်စောသော သတင်းအသံသည် အသွင်ပျံ့နှံ့၍ တက်၏။အရဟံ- ဟူသော ဂုဏ်တော်ဖြင့်လည်းကောင်း, သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြင့် လည်းကောင်း, ဝိဇ္ဇာစရဏဂုဏ်တော်ဖြင့်လည်းကောင်း, သုဂတဂုဏ်တော်ဖြင့် လည်းကောင်း, (လ) ဘဂဝါ- ဟူသောဂုဏ်တော်ဖြင့် လည်းကောင်း ပျံ့နှံ့၍တက်၏၊

အို အရှင်ပုဏ္ဏားတို့-ရဟန်း ဂေါတမသည် သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော် ကြီးတို့နှင့် ပြည့်စုံတော်မူ၏။

အို အရှင်ပုဏ္ဏားတို့–ရဟန်း ဂေါတမသည် ကောင်းစွာ လာခဲ့လော့–ဟု မေးလေ့ ပြောလေ့ရှိ၏။ မျက်မှောင်ကုတ်ခြင်းမရှိ။ ပေါ်သော မျက်နှာတော်ရှိ၏။ ရှေးဦးစွာ နှုတ်ဆက်လေ့ရှိ၏။

အို အရှင်ပုဏ္ဏားတို့–ရဟန်းဂေါတမသည် ပရိသတ်အပေါင်းတို့၏ ရိုသေလေးမြတ်ရာ ဖြစ်၏။ ပူဇော်ရာ မြတ်နိုးရာဖြစ်တော်မူ၏။

အို အရှင်ပုဏ္ဏားတို့–ရဟန်းဂေါတမကို များစွာကုန်သော နတ်တို့သည်လည်းကောင်း, လူတို့သည်လည်းကောင်း ကြည်ညိုကြကုန်၏။

အို အရှင်ပုဏ္ဏားတို့– ရဟန်း ဂေါတမသည် အကြင် ရွာနိဂုံးတို့၌ နေ၏။ ထိုရဟန်းဂေါတမ နေသော ရွာနိဂုံးတို့၌ ဘီလူးတို့သည် လူတို့ကို မနှိပ်စက်နိုင်ကုန်။ မညှဉ်းဆဲနိုင်ကုန်။

အို အရှင်ပုဏ္ဏားတို့– ရဟန်း ဂေါတမသည် ဂိုဏ်းသံဃာ ရှိတော် မူ၏။ ဂိုဏ်းဆရာ ဖြစ်တော်မူ၏။ များစွာသော တိတ္ထိပုဂ္ဂိုလ်တို့ထက် မြတ်၏ ဟူ၍ ဆိုအပ်၏။

အို အရှင်ပုဏ္ဏားတို့– လောက၌ အချို့သော ရှေးသေ ရဟန်း သူမြတ်အခေါ်ခံသူတို့သည် အမျိုးမျိုး ကျော်စောခြင်းရှိကုန်၏။ အဝတ်မဝတ်ရုံမျှဖြင့်လည်း ကျော်စောခြင်းရှိကုန်၏။ ရဟန်း ဂေါတမသည်ကား ထိုကဲ့သို့မဟုတ် မဟုတ် အကြောင်းဖြင့် ကျော်စောသည် မဟုတ်၊ စင်စစ် အဟုတ်သော်ကား ဝိဇ္ဇာစရဏ သမ္ပဒါဖြင့် ရဟန်း ဂေါတမအား ကောင်းစွာ ကျော်စောခြင်းဖြစ်၏။

အို အရှင်ပုဏ္ဏားတို့–ရဟန်းဂေါတမကို ဗိမ္ဗိသာရမင်းကြီးသည် သား သမီးနှင့်တကွ, မယားနှင့် တကွ, ပရိသတ်နှင့်တကွ အခြွေအရံနှင့်တကွ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏။

အို အရှင်ပုဏ္ဏားတို့–ရဟန်းဂေါတမကို ပသေနဒီကောသလမင်းကြီးသည် သားသမီးနှင့်တကွ, မယားနှင့်တကွ, ပရိသတ် အခြွေအရံနှင့်တကွ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏။

အို အရှင်ပုဏ္ဏားတို့-ရဟန်းဂေါတမကို ပေါက္ခရသာတိပုဏ္ဏားသည် သားသမီးနှင့်တကွ, မယားနှင့်တကွ, ပရိသတ်အခြွေအရံနှင့်တကွ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏။

အို အရှင်ပုဏ္ဏားတို့–ရဟန်းဂေါတမသည်ဗိမ္ဗိသာရမင်း၏ အလေးအမြတ်အရိုအသေပြုရာဖြစ်၏။ မြတ်နိုးရာ ပူဇော်ရာ ဖြစ်၏။

ပသေနဒိကောသလ မင်းကြီး၏ အလေးအမြတ် အရိုအသေပြုရာ ဖြစ်၏။ မြတ်နိုးရာ ပူဇော်ရာဖြစ်၏။ ပေါက္ခရသာတိပုဏ္ဏား၏ အလေး အမြတ် အရိုအသေ ပြုရာ မြတ်နိုးရာ ပူဇော်ရာ ဖြစ်တော်မူ၏။

အို အရှင်ပုဏ္ဏားတို့-ရဟန်းဂေါတမသည် စမ္ပာပြည်သို့ ရောက်တော်မူ၍ ဂဂ္ဂရ ရေကန်အနီး စကားစိမ်း, စကားဝါပင် တောအုပ်၌နေတော်မူ၏။

အို အရှင်ပုဏ္ဏားတို့-အကြင် ရဟန်းပုဏ္ဏားတို့သည် ငါတို့၏-ဂါမခေတ်သို့ ရောက်လာကုန်ပြီးသော်။ ထိုရဟန်းပုဏ္ဏားတို့သည် ဧည့်သည်အာဂန္တုဖြစ်ကုန်၏။ ဧည့်သည် အာဂန္တုတို့ကို ငါတို့က ကောင်းမွန်စွာ ပြုစုသင့်ကုန်၏။

ဤသို့သော အကြောင်း ကြောင့်လည်း ရဟန်းဂေါတမသည် ငါတို့၏ အထံသို့ လာခြင်းငှါ မထိုက်။ ငါတို့ကသာလျှင် ရဟန်းဂေါတမ အထံသို့ သွားခြင်းငှါထိုက်၏၊၊

အို အရှင်ပုဏ္ဏားတို့-ဤမျှလောက် သာလျှင် ရဟန်း ဂေါတမ၏ ဂုဏ်ကျေးဇူးတို့ကို ငါသိ၏။ ရဟန်း ဂေါတမ၏ ဂုဏ် ကျေးဇူး တို့သည်ကား ဤမျှလောက်တွင် မဟုတ်, ထို အရှင်ဂေါတမသည် ပြောဟော၍ မကုန်နိုင်အောင် များစွာသော မရေတွက်နိုင်သော မနှိုင်းယှဉ်နိုင်သော ဂုဏ်ကျေးဇူး ရှိတော်မူ၏၊

ဤသို့ သောဏဒဏ္ဍပုဏ္ဏားကြီးက ပြောသည်ရှိသော် ထိုပုဏ္ဏား ငါးရာတို့သည် ဤသို့ ဆိုကြကုန်၏။

အရှင်သောဏဒဏ္ဍသည် ဟုတ်မှန် တိုင်းသော ရဟန်း ဂေါတမ၏ ဂုဏ်ကျေးဇူးတို့ကို ပြောဆိုပေ၏။ အရှင်သောဏဒဏ္ဍ၊ ရဟန်း ဂေါတမသည် ဤကျွန်ုပ်တို့ နေသောနေရာမှ ယူဇနာတရာ ကွာသော အရပ်၌ နေတော်မူသော်လည်း ရိက္ခာထုပ်ကို ပခုံး၌ လွယ်၍ ထမ်းဆောင်၍ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်း သားသည် သွားရောက် ဆည်းကပ် ခြင်းငှါ သင့်လှတော့သည်သာတည်း။

အရှင်သောဏဒဏ္ဍ- ယင်းသို့ဖြစ်သည်ရှိသော် အလုံးစုံသော အကျွန်ုပ်တို့သည် ရဟန်းဂေါတမကို ဖူးမြင်ရန် သွားကြပါကုန်စို့- ဟူ၍ ဆိုကြကုန်၏။

ထိုသို့ ဆိုကြသော အခါ၌ သောဏဒဏ္ဍပုဏ္ဏားကြီးသည် များစွာသော ပုဏ္ဏားအပေါင်းတို့နှင့် တကွ ဂဂ္ဂရရေကန်အနီး စကားစိမ်း, စကားဝါ တောအုပ်သို့ သွားကြကုန်၏။

ထိုတောအုပ်အတွင်းသို့ ရောက်သည်ရှိသော် သောဏဒဏ္ဍ ပုဏ္ဏားအား ဤသို့သော စိတ်အကြံသည်ဖြစ်၏။ ငါသည် ရဟန်းဂေါတမကို ပုစ္ဆာ မေးငြားအံ့။ ဤသို့ ငါက ပုစ္ဆာမေးလိုက်သောအခါ၌ အသင်ပုဏ္ဏားကြီး ဤပုစ္ဆာကို ဤသို့မမေးသင့်ဘူး။ ဤပုစ္ဆာကို ဤသို့သာမေးရမည်- ဟူ၍ ဆိုလိုက်ငြားအံ့။ ထိုသို့ဆိုလိုက်ခြင်းကြောင့် ငါ့ကို ဤပရိသတ်သည် မထိမဲ့မြင် အောက်မေ့ရာ၏။

သောဏဒဏ္ဍပုဏ္ဏားသည် မိုက်၏၊ မလိမ္မာ၊ ရဟန်းဂေါတမကို သင့်လျော်သော ပုစ္ဆာကို မမေးနိုင်-ဟူ၍ မထိမဲ့မြင် အောက်မေ့ရာ၏။ ထိုကဲ့သို့ မထိမဲ့မြင် အောက်မေ့လျှင် အကျော်အစောသည်လည်း ငါ့အား ယုတ်လျော့၍ သွားရာ၏။ အကျော်အစော ယုတ်လျော့ခဲ့လျှင် စည်းစိမ်သည်လည်း ငါ့အား ယုတ်လျော့ရာ၏။ ငါတို့မှာကား အကျော်အစောရှိမှသာလျှင် စည်းစိမ်တို့ကို ရကုန်၏။

ငါ့ကို မူလည်း ရဟန်းဂေါတမက ပုစ္ဆာမေးငြားအံ့၊ ငါသည် ရဟန်းဂေါတမစိတ် နှစ်သက်အောင် မဖြေနိုင်ငြားအံ့၊ ထိုသို့ မဖြေနိုင်ခဲ့သော် အသင်ပုဏ္ဏားကြီး ဤသို့ မဖြေသင့် ဤသို့သာလျှင် ဖြေရမည်-ဟူ၍ ဆိုလိုက်ငြားအံ့၊ ထိုသို့ ဆိုလိုက်ခြင်းကြောင့် ငါ့ကို ဤပရိသတ်သည် မထိမဲ့မြင် အောက်မေ့ရာ၏။

သောဏဒဏ္ဍပုဏ္ဏားသည် မိုက်၏၊ မလိမ္မာ၊ ရဟန်းဂေါတမ မေးသော ပုစ္ဆာကို ဖြေခြင်းငှါ မတတ်နိုင်-ဟူ၍ မထိမဲ့မြင် မှတ်ထင်ရာ၏။ ဤကဲ့သို့ မထိမဲ့မြင် အောက်မေ့လျှင် ငါ့အား အကျော်အစောမှ ဆုတ်ယုတ်ရာ၏။ အကျော်အစောဆုတ်ယုတ်လျှင် စည်းစိမ်သည်လည်းဆုတ်ယုတ်ရာ၏၊ အကျော်အစောရှိမှသာလျှင် ငါတို့မှာ စည်းစိမ်ကို ရကုန်၏။

ငါသည် ရဟန်းဂေါတမ၏ အနီးသို့ ရောက်မှ မဖူးမြင်ဘဲ နောက်သို့ ဆုတ်၍ ပြန်သွားလျှင်လည်း ဤသောဏဒဏ္ဍ ပုဏ္ဏားသည် မိုက်၏။ မလိမ္မာ၊ မာနဖြင့် ခက်ထန်၏၊ ကြောက်ရွံ၏။ ရဟန်းဂေါတမ၏ အနီးသို့ ကပ်၍ ဖူးမြင်ခြင်းငှါ မရဲဝံ့-ဟူ၍ ဤပရိသတ်သည်, ငါ့အား မထိမဲ့မြင် ပြုရာ၏။ ဤသို့ မထိမဲ့မြင် ပြုခဲ့သော် အကျော်အစောသည် ငါ့အား ဆုတ်ယုတ်ရာ၏။ အကျော်အစော ဆုတ်ယုတ်လျှင် စည်းစိမ်သည်လည်း ဆုတ်ယုတ်ရာ၏။ ငါတို့မှာ အကျော်အစောရှိမှ စည်းစိမ်ကို ရကုန်၏။

ရဟန်းဂေါတမသည် မိမိဆရာ အဆက်ဆက်၏ ဥစ္စာပညာ ဖြစ်သော ဗေဒင်သုံးပုံ၌ ပုစ္ဆာကို မေးမူကား ... ကောင်းလေစွ၊ ထိုသို့ဗေဒင်သုံးပုံ၌

မေးသည်ရှိသော် ငါသည် ရဟန်းဂေါတမ၏ စိတ်ကို နှစ်သက်အောင်ဖြေဆိုနိုင်ရာ၏-ဟူ၍ အကြံဖြစ်၏။

ထိုသို့ အကြံဖြစ်လျက်ပင်လျှင် မြတ်စွာဘုရား၏ အပါ တော်သို့ ရောက်၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက် ဝမ်းသာ စကားပြောပြီးလျှင် သင့်တင့်ရာ၌ ထိုင်နေ၏။

စမ္ပာပြည်သူပြည်သား ပုဏ္ဏားသူကြွယ် အပေါင်းတို့တွင် အချို့တို့သည် မြတ်စွာဘုရားကို ရှိခိုးပြီး၍ သင့်တင့်ရာ၌ ထိုင်နေကုန်၏၊ အချို့တို့သည် ဝမ်းမြောက်ဝမ်းသာစကား ပြောကြကုန်၏။ အချို့တို့သည် စကားပြောပြီး၍ သင့်ဘင့်ရာ၌ ထိုင်နေကုန်၏။အချို့တို့သည် မြတ်စွာဘုရားဆီသို့ လက်အုပ်ချီ၍ ထိုင်နေကြကုန်၏။ အချို့တို့သည် အမည်အမျိုးကို လျှောက်ကြား၍ ထိုင်နေကြကုန်၏။ အချို့တို့သည် တုဏှီဘာဝ တိတ်တိတ်သာလျှင် ထိုင်နေကြကုန်၏။

ထိုသို့ နေကြရာ၌လည်း သောဏဒဏ္ဍပုဏ္ဏားသည် ထိုအကြံကိုပင်လျှင် အဖန်ဖန် ကြံစီလျက်ထိုင်နေ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် သောဏဒဏ္ဍပုဏ္ဏားကြီး၏ အကြံကို သိတော်မူ၍ ဤသောဏဒဏ္ဍပုဏ္ဏားကြီးသည် မိမိစိတ်ဖြင့် ပင်ပန်းဆင်းရဲ၍ နေဘိ၏တကား.... ငါသည် ဗေဒင်သုံးပုံတို့၌ ပုစ္ဆာကို မေးမှသာလျှင် သင့်လျော်မည် ဖြစ်ပါတကား—ဟု နှလုံးပြုတော်မူ၍—

အသင် သောဏဒဏ္ဍ ပုဏ္ဏား....အဘယ်မျှလောက်သောအင်္ဂါနှင့် ပြည့်စုံမှ ပုဏ္ဏားတို့သည် ပုဏ္ဏား -ဟူ၍ဆိုကြ,ပညတ်ကြကုန်သနည်း?ပုဏ္ဏားဖြစ်ထိုက်၏-ဟူ၍ ဆိုသော် ကောင်းသောဆိုခြင်း ဖြစ်သနည်း? မုသာဝါဒသို့လည်း မရောက်ဘဲ ဟုတ်ရာ မှန်ရာကို ဆိုရာကျသနည်း? ဤသို့မေးတော်မူလိုက်၏။ ထိုအခါ၌ သောဏဒဏ္ဍပုဏ္ဏားကြီးသည် ဤသို့အကြံဖြစ်၏။

ဩော်—ရဟန်းဂေါတမသည် ငါအလိုရှိရာ ဘောင့်တရာ မေးစေလိုသော ဗေဒင်သုံးပုံကိုပင် မေးပါတကား— ထိုရဟန်းဂေါတမ၏ စိတ်ကို ငါသည် ဖြေကြားသဖြင့် နှစ်သက်စေအံ့-ဟူ၍ ကြံလျက် သောဏဒဏ္ဍပုဏ္ဏားကြီးသည် ကိုယ်ကိုညွတ်ကိုင်းလျက် ပရိသတ်ကို ဝေ့ဝေ့ကြည့်လျက် မြတ်စွာဘုရားကို ဤသို့လျှောက်ကြား၏။

အရှင်ဂေါတမ၊ ငါးပါးသောအင်္ဂါနှင့်ပြည့်စုံသော သူကို ပုဏ္ဏားတို့သည် ဗြာဟ္မဏ—ဟူ၍ ပညတ်ပြောဆိုကြပါကုန်၏။ ဗြာဟ္မဏဖြစ်၏- ဟူ၍ ဆိုသော် ကောင်းသော ဆိုခြင်း ဖြစ်ပါ၏။ မုသာဝါဒသို့လည်း မရောက်ဘဲ ဟုတ်ရာ မှန်ရာကို ဆိုရာကျပါ၏။



ဘုရားသခင်က မိမိစိတ်ကြိုက်မေးသဖြင့် သောဏဒဏ္ဍ ပုဏ္ဏားကြီးက ဝမ်းသာစွာ ဖြေဆိုနေပုံ။

**အဘယ်ငါးပါးတို့နည်း- ဟူမူကား-**

**၁။ အမိအဘနှစ်ဦးလုံးတို့ ဘိုးဘေးအစုံ ခုနစ်ဆက်တိုင်အောင် စင်ကြယ်သော ဇာတ်ရှိခြင်း။**

**၂။ ဗေဒင်သုံးပုံကို တတ်မြောက်ခြင်း။**

**၃။ အဆင်းလှခြင်း။**

**၄။ ငါးပါးသီလ ရှိခြင်း။**

**၅။ ယဇ်ပူဇော်ရာ၌ ပထမတန်းကသော်လည်းကောင်း, ဒုတိယတန်းကသော် လည်းကောင်း, ယဇ်စာမွေ့သော ယောင်းမကို ကိုင်တတ်သော ပညာရှိခြင်း။ (ဝါ)ယဇ်ပူဇော်ရာ အလှူခံတို့တွင် ပထမတန်းသော်လည်းကောင်း, ဒုတိယတန်းသော် လည်းကောင်း အလှူခံနိုင်သော ပညာရှိခြင်း။**

အရှင်ဂေါတမ- ဤအင်္ဂါငါးပါးတို့နှင့် ပြည့်စုံ**သော** သူကို ဗြဟ္မဏ-ဟူ၍ ပညတ်ပါသည်-ဟု လျှောက်ကြားလေ၏။

အသင်သောဏဒဏ္ဍပုဏ္ဏား ဤအင်္ဂါငါးပါးတို့တွင် တပါးသော အင်္ဂါကို ချန်ထား၍ လေးပါးသောအင်္ဂါနှင့် ပြည့်စုံသူကို ဗြဟ္မဏဟူ၍ ပညတ်နိုင်ပါမည်လော? ပညတ်နိုင်ပါ၏- အရှင်ဂေါတမ။

ဤအင်္ဂါ ငါးပါးတို့တွင် အဆင်းလှခြင်း အင်္ဂါကို ချန်ထား၍ ကြွင်းလေးပါးဖြင့် ဗြဟ္မဏ—ဟု ပညတ်ထိုက်ပါ၏။

အသင် သောဏဒဏ္ဍပုဏ္ဏား၊ ဤအင်္ဂါ လေးပါး တို့တွင် တပါးသော အင်္ဂါကို ချန်ထား၍ သုံးပါးသော အင်္ဂါဖြင့် ဗြဟ္မဏ-ဟု ပညတ် နိုင်ပါမည်လော? ပညတ်နိုင်ပါ၏-အရှင်ဂေါတမ။

ဤ အင်္ဂါလေးပါးတို့တွင် ဗေဒင်ကို ချန်ထား၍ ကြွင်းသော အင်္ဂါသုံးပါးဖြင့် ဗြဟ္မဏ—ဟု ပညတ်နိုင်ပါ၏။

အသင် သောဏဒဏ္ဍပုဏ္ဏား- ဤအင်္ဂါသုံးပါးတို့တွင်လည်း တပါးသော အင်္ဂါကို ချန်ထား၍ နှစ်ပါးသောအင်္ဂါဖြင့် ဗြဟ္မဏ-ဟု ပညတ် နိုင်ပါမည်လော?ပညတ်နိုင်ပါ၏ အရှင်ဂေါတမ။

ဤအင်္ဂါသုံးပါးတို့တွင် ဇာတ်ကိုချန်ထား၍ ကြွင်းသော အင်္ဂါနှစ်ပါးဖြင့် ဗြဟ္မဏ-ဟု ပညတ်နိုင်ပါ၏။ ထိုအင်္ဂါနှစ်ပါးသည် အဘယ်နည်း-ဟူမူကား-

သီလနှင့်ပြည့်စုံခြင်း,ပညာနှင့်ပြည့်စုံခြင်းတည်း။ ဤအင်္ဂါနှစ်ပါး ရှိလျှင် ဗြဟ္မဏ-ဟု ပညတ်နိုင်ပါ၏အရှင်ဂေါတမ။

**အဘယ်ငါးပါးတို့နည်း- ဟူမူကား-**

၁။ အမိအဘနှစ်ဦးလုံးတို့ ဘိုးဘေးအစုံ ခုနစ်ဆက်တိုင်အောင် စင်ကြယ်သော ဇာတ်ရှိခြင်း။

၂။ ဗေဒင်သုံးပုံကို တတ်မြောက်ခြင်း။

၃။ အဆင်းလှခြင်း။

၄။ ငါးပါးသီလ ရှိခြင်း။

၅။ ယဇ်ပူဇော်ရာ၌ ပထမတန်းက သော်လည်းကောင်း, ဒုတိယတန်းက သော် လည်းကောင်း, ယဇ်စာမွှေသော ယောင်းမကို ကိုင်တတ်သော ပညာရှိခြင်း။ (ဝါ) ယဇ်ပူဇော်ရာ အလှူခံတို့တွင် ပထမတန်း သော်လည်းကောင်း, ဒုတိယတန်းသော် လည်းကောင်း အလှူခံနိုင်သော ပညာရှိခြင်း။

အရှင်ဂေါတမ- ဤအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော သူကို ဗြဟ္မဏ-ဟူ၍ ပညတ်ပါသည်-ဟု လျှောက်ကြားလေ၏။

အသင်သောဏဒဏ္ဍပုဏ္ဏား ဤအင်္ဂါငါးပါးတို့တွင် တပါးသော အင်္ဂါကို ချန်ထား၍ လေးပါးသောအင်္ဂါနှင့် ပြည့်စုံသူကို ဗြဟ္မဏဟူ၍ ပညတ်နိုင်ပါမည်လော? ပညတ်နိုင်ပါ၏- အရှင်ဂေါတမ။

ဤအင်္ဂါ ငါးပါးတို့တွင် အဆင်းလှခြင်း အင်္ဂါကို ချန်ထား၍ ကြွင်း လေးပါးဖြင့် ဗြဟ္မဏ-ဟု ပညတ်ထိုက်ပါ၏။

အသင် သောဏဒဏ္ဍပုဏ္ဏား၊ ဤအင်္ဂါ လေးပါး တို့တွင် တပါးသော အင်္ဂါကို ချန်ထား၍ သုံးပါးသော အင်္ဂါဖြင့် ဗြဟ္မဏ-ဟု ပညတ် နိုင်ပါမည်လော? ပညတ်နိုင်ပါ၏ -အရှင်ဂေါတမ။

ဤ အင်္ဂါလေးပါးတို့တွင် ဗေဒင်ကို ချန်ထား၍ ကြွင်းသော အင်္ဂါ သုံးပါးဖြင့် ဗြဟ္မဏ-ဟု ပညတ်နိုင်ပါ၏။

အသင် သောဏဒဏ္ဍပုဏ္ဏား- ဤအင်္ဂါသုံးပါးတို့တွင်လည်း တပါးသော အင်္ဂါကို ချန်ထား၍ နှစ်ပါးသောအင်္ဂါဖြင့် ဗြဟ္မဏ-ဟု ပညတ်နိုင်ပါမည်လော? ပညတ်နိုင်ပါ၏ အရှင်ဂေါတမ။

ဤအင်္ဂါသုံးပါးတို့တွင် ဇာတ်ကိုချန်ထား၍ ကြွင်းသော အင်္ဂါနှစ်ပါးဖြင့် ဗြဟ္မဏ-ဟု ပညတ်နိုင်ပါ၏။ ထိုအင်္ဂါနှစ်ပါးသည် အဘယ်နည်း-ဟူမူကား-

သီလနှင့်ပြည့်စုံခြင်း, ပညာနှင့်ပြည့်စုံခြင်းတည်း။ ဤအင်္ဂါနှစ်ပါး ရှိလျှင် ဗြဟ္မဏ-ဟု ပညတ်နိုင်ပါ၏ အရှင်ဂေါတမ။

တော့မည်နည်း။ ဇာတ်သည် အဘယ်သို့ပြုလတ့်နည်း။ အကြင်ပုဏ္ဏားသည် သီလရှိ၏။ ပညာရှိ၏။ အို–အရှင်ပုဏ္ဏားတို့ ဤသီလ,ပညာ အင်္ဂါနှစ်ပါးဖြင့် ဗြဟ္မဏ-ဟူ၍ ပညတ်နိုင်ပါ၏။ သူမြတ်-ဟူ၍ ပညတ်နိုင်ပါ၏။

ဤသို့ သောဏဒဏ္ဍ ပုဏ္ဏားကြီးက အကြောင်းယုတ္တိနှင့် တကွ သဒ္ဒါ ကျအောင် ပြောပြသောအခါ ထိုပုဏ္ဏား အလုံးစုံတို့သည် တိတ်တိတ်နေကြ ကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် သောဏဒဏ္ဍ ပုဏ္ဏားကြီးအား ဤသို့ မေးတော်မူပြန်၏။

အသင် သောဏဒဏ္ဍပုဏ္ဏား,၊ ဤသီလ,ပညာ အင်္ဂါနှစ်ပါးတို့တွင် တပါး ကို ချန်ထား၍ ဗြဟ္မဏ-ဟု ပညတ်နိုင်ပါမည်လော၊ မပညတ်နိုင်ပါ အရှင် ဂေါတမ၊ သီလနှင့် သုတ်သင်မှ ပညာဖြစ်ပါ၏၊ ပညာနှင့်သုတ်သင်မှ သီလ စင်ကြယ်ပါ၏၊ ပညာရှိရာ၌ သီလရှိပါသည်၊ သီလရှိရာ၌ ပညာရှိပါသည်။ သီလရှိသောသူမှ ပညာရှိပါသည်။ ပညာရှိသောသူမှ သီလရှိပါသည်။ သီလ နှင့် ပညာကို လောက၌ အမြတ်ဟူ၍ ဆိုအပ်ပါ၏- အရှင်ဂေါတမ။

ဥပမာဆိုသည်ရှိသော် လက်ဖြင့် လက်ကို ဆေးကြောသုတ်သင်ရပါ၏။ ခြေတဘက်ဖြင့် ခြေတဘက်ကို ဆေးကြောသုတ်သင်ရ၏။ ထိုအတူပင်လျှင် သီလစင်ကြယ်မှ ပညာစင်ကြယ်ပါသည်။ ပညာဖြင့် ဆေးကြောမှ သီလ စင်ကြယ်ပါသည်။

ဤသို့ သောဏဒဏ္ဍပုဏ္ဏားကြီးက လျှောက်ကြားသော အခါ၌ မြတ်စွာ ဘုရားသည် ဤသို့မိန့်တော်မူ၏။

အသင် သောဏဒဏ္ဍပုဏ္ဏား၊ ဤသို့သင်လျှောက်ကြားသော စကားသည်- ဟုတ်မှန်သော စကားဖြစ်၏။ သီလနှင့် ပညာကို အမြတ်- ဟူ၍ ဆိုအပ်၏။

အမြတ်-ဟူ၍ ဆိုအပ်သော ထိုသီလသည် အဘယ်သီလနည်း? ပညာ သည် အဘယ်ပညာနည်း။ ဤသို့ မြတ်စွာဘုရားက မေးတော်မူသည်ရှိသော်-

အရှင်ဂေါတမ၊ တပည့်တော်တို့သည် ဤမျှသာလျှင် လျှောက်ကြားနိုင် ပါ၏။ ထိုသီလ,ပညာ၏အကြောင်းကို အရှင်ဂေါတမသည်ပင်လျှင် ဟောကြား တော် မူပါလော-ဟူ၍ လျှောက်ကြား တောင်းပန်လေ၏။

အသင် သောဏဒဏ္ဍပုဏ္ဏား၊ ယင်းသို့ဖြစ်သော် ကောင်းစွာ နားထောင် လော့။ ကောင်းစွာ နှလုံးသွင်းလော့၊ ငါဘုရား ဟောကြားတော်မူအံ့။

ကောင်းပါပြီ အရှင်ဂေါတမ-ဟု ဆို၍ သောဏဒဏ္ဍ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ တရားတော်ကို ကောင်းစွာနာ၍ နေလေ၏။

မြတ်စွာဘုရားသည် သောဏဒဏ္ဍ ပုဏ္ဏားကြီးကို အဦးထား အလုံးစုံ ရောက်လာသော ပရိသတ်တို့အား လောက၌ ဘုရားဖြစ်ပေါ်တော်မူသော အခါမှစ၍ အဇာတသတ်မင်းအား ဟောကြားတော်မူသော နည်းအတိုင်း ပင်လျှင် စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကို ဟောကြားတော် မူပြီး၍ သီလ-ဟု ညွှန်ပြတော်မူ၏။

ပဌမစျာန်မှ စ၍ ရူပစျာန်လေးပါးတို့ကို တရားဓမ္မ သဘာဝအားဖြင့် ပညာသမ္ပဒါ ဖြစ်သော်လည်း ပညာ-ဟူ၍ ညွှန်ပြတော်မမူဘဲ ဝိပဿနာ၏ ပဒဋ္ဌာန်မျှ ညွှန်ပြတော်မူ၏။ ထိုနောက် ဝိပဿနာပညာမှ စ၍ အာသဝက္ခယ ဉာဏ်တိုင်အောင် ပညာဟူ၍ ညွှန်ပြတော်မူ၏။

## သီလနှင့်ပညာသည် မဟာမိတ်ဖြစ်ကြောင်း

သီလဖြင့် ပညာကို ဆေးကြောသည်- ဟူရာ၌ အဘယ်သို့ ဆေးကြော သနည်း ဟူမူကား.... စတုပါရိသုဒ္ဓိသီလဖြင့် ဆေးကြောခြင်းတည်း။

ထိုစကားကို ခဲ့ဦးအံ့- အကြင်ပုထုဇဉ် ရဟန်း၏ သီလသည် အဝါ ခြောက်ဆယ်ပတ်လုံးသော် လည်းကောင်း, ဝါရှစ်ဆယ်ပတ်လုံးသော် လည်း ကောင်း, ကျိုးပေါက်စွန်းပြောခြင်း မရှိအောင် စင်ကြယ်၏၊ ထိုသို့သီလစင်ကြယ် သော ပုထုဇဉ် ရဟန်းသည် သေခါနီးကာလ၌ အလုံးစုံသော ကိလေသာတို့ကို လောင်ကျွမ်းစေ၍ သီလဖြင့် ပညာကို ဆေးကြော၍ အရဟတ္တဖိုလ်ပညာကို ယူ၏။ ကန္ဒရသာလ ပရိဝုဏ်၌ သီတင်းသုံးတော်မူသော ဝါခြောက်ဆယ်ရ သော မဟာထေရ်ကြီးကဲ့သို့တည်း။

ထိုမဟာထေရ်ကြီးသည် သေခါနီးညောင်စောင်း၌ အိပ်၍ အားကြီးစွာ သော ဝေဒနာဖြင့် ငြီးငြူ၍နေသတဲ့။ ထိုအခါ၌ တိဿမည်သောမင်းကြီး သည် မဟာထေရ်ကြီးကို ဖူးမြင်အံ့-ဟူ၍ လာ၏။ ပရိဝုဏ် တံခါးဝသို့ ရောက်သည်ရှိသော်ထို ငြီးငြူသံကို ကြား၍ အဘယ်အသံနည်း-ဟု မေး၏။

မဟာထေရ်ကြီး၏ငြီးငြူသောအသံတည်း-ဟုဆိုသည်ရှိသော်ရဟန်းအဖြစ် ၌ ဝါခြောက်ဆယ်ရှိ၍မှ ဝေဒနာ၏ ဖြစ်ပျက်ကို ရှုကြည့် သိမ်းဆည်းခြင်း မပြုနိုင်-ဟု ဆို၍ ထိုမဟာထေရ်ကြီးကို ငါမဖူးမြင်လို-ဟု ပြန်၍ သွားပြီး လျှင် မဟာဗောဓိပင်ကို ရှိခိုးရန် သွားလေ၏။

ထိုအခါ၌ အလုပ်အကျွေး ပဥ္စင်းငယ်က အဘယ့်ကြောင့် တပည့်တော်တို့ကို ရှက်အောင် ပြုလုပ်ပါသနည်း။ သဒ္ဓါတရားနှင့် ပြည့်စုံသော ပြည့်ရှင်မင်းသော်မှလည်း နလုံးမသာဖြစ်၍ ရှိမခိုးဘဲ သွားပါလေ၏ အရှင်ဘုရား-ဟု လျှောက်ကြား၏။

ငါ့ရှင် အဘယ်ကြောင့်နည်း-ဟု မေးလျှင် အရှင်ဘုရား၏ ငြိုငြင်သံကို ကြားသောကြောင့်-ဟူ၍ တပည့်က လျှောက်လျှင် သို့ဖြစ်လျှင် ငါ့အားအခွင့်ပေးကြ၊ ဘော်ရာသွားကြ-ဟုဆို၍ ထိုဝေဒနာကို ဆင်ခြင်၍ အရဟတ္တဖိုလ်သို့ ခဏချက်ခြင်း ရောက်သွား၍ ပဥ္စင်းငယ်အား အမှတ်ပေး၏။

ပဥ္စင်းငယ်ရောက်လာသည်ရှိသော် ငါ့ရှင်သွားချေလော့။ ပြည့်ရှင်မင်းကို ငါ့တို့အား ရှိခိုး ပါစေလော့-ဟု ဆို၏။

ပဥ္စင်းငယ်သည် သွား၍ ယခုအခါ၌ မဟာထေရ်ကို ရှိခိုးရန်လာကြကုန်-ဟူ၍ ဆိုလေ၏။

ပြည့်ရှင်မင်းသည် သုသုမာရပတိတာ-မိကျောင်းကျသကဲ့သို့ မဟာထေရ်ကြီးကို ရှိခိုးလျက် ငါသည် မဟာထေရ်မြတ်၏ အရဟတ္တဖိုလ်ကို ရှိခိုးသည် မဟုတ်။ ပုထုဇဉ်အဖြစ်၌ တည်၍ စောင့်ရှောက်အပ်သော သီလကိုသာလျှင် ရှိခိုးပါ၏-ဟု ဆို၏၊ ဤသို့သီလဖြင့် ပညာကို ဆေးကြောသုတ်သင်၏။

ပညာဖြင့် သီလကို ဆေးကြောသုတ်သင်သည် ဆိုရာ၌ အကြင်ပုဂ္ဂိုလ်၏ အဇ္ဈတ္တသန္တာန်၌ သီလ စောင့်ရှောက်ခြင်း မရှိ။ ထိုသို့ မရှိသော်လည်း ဥဂ္ဃဋိတညူ- ပုဂ္ဂိုလ်ဖြစ်သောကြောင့် (ဝါ)အလွန်ပညာထက်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် လေးပါဒရှိသော ဂါထာအဆုံး၌ ပညာဖြင့် သီလကို ဆေးကြော သုတ်သင်၍ ပဋိသမ္ဘိဒါနှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ (သန္တတိ အမတ်ကြီးတို့ကဲ့သို့တည်း။)

သောဏဒဏ္ဍပုဏ္ဏားကြီးသည် သီလပညာတရားတော်ကို ဟောကြားတော်မူပြီးသော အဆုံး၌-

အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ။

ကောင်းပါပေ၏ အရှင်ဂေါတမ၊ အလွန်ကောင်းပါပေ၏ အရှင်ဂေါတမ-ဟူ၍ ဤသို့စသော ချီးမွမ်း အံ့သြစကားတို့ကို လျှောက်ကြား ချီးမွမ်းလျက်-

တပည့်တော်သောဏဒဏ္ဍပုဏ္ဏားသည် "အရှင်ဂေါတမကိုကိုးကွယ်ရာ-ဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကို လည်းကောင်း ကိုးကွယ်ရာ-ဟူ၍ ဆည်းကပ်ပါ၏၊ ယနေ့မှစ၍ အသက်ထက်ဆုံး

ဥပါသကာ-ဟူ၍ မှတ်တော်မူပါ''– ဟု လျှောက်ကြား ပြီးလျှင် နက်ဖြန် နံနက် ဆွမ်းအလို့ငှါ ရဟန်း သံဃာတော်နှင့်တကွ တပည့်တော် အိမ်သို့ ကြွတော်မူပါ- ဟု ပင့်လျှောက်၍ နေရာမှ ထပြီးလျှင် ရိုသေစွာ ရှိခိုးပြီး၍ လက်ျာရစ်လည်၍ သွားလေ၏။

နံနက် မိုးသောက်အခါ၌ မွန်မြတ်သော ဘောဇဉ်ခဲဘွယ်တို့ကို စီရင်၍ ဆွမ်းပြင်၍ ပြီးပါကြောင်းနှင့် လျှောက်ကြား သောအခါ မြတ်စွာဘုရား သည် သင်းပိုင်တော်ကို ပြင်ကာ ဝတ်၍, သပိတ်သင်္ကန်းကို ယူတော်မူ၍ ရဟန်း သံဃာနှင့်တကွ သောဏဒဏ္ဍ ပုဏ္ဏားကြီး အိမ်သို့ ကြွတော်မူ၍ ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။

သောဏဒဏ္ဍ ပုဏ္ဏားကြီးသည် ဗုဒ္ဓပမုခ ဘိက္ခုသံဃာကို မွန်မြတ်သော ခဲဘွယ် ဘောဇဉ်ဖြင့် လုပ်ကျွေး၍ ဆွမ်းစား ပြီးသောအခါ သင့်တင့်ရာ၌ ထိုင်နေလျက် မြတ်စွာ ဘုရားကို ဤသို့လျှောက်ကြားပြန်၏။

အရှင်ဂေါတမဘုရား.... အရှင်ဂေါတမကို ပရိသတ် အတွင်း၌ နေသော တပည့်တော်သည်ထ၍ ရှိခိုးငြားအံ့။ ဤပရိသတ်သည်- တပည့်တော်ကို မထီ မဲ့မြင် ထင်ရာ၏၊ ထိုသို့မထီမဲ့မြင် အောက်မေ့ မှတ်ထင်ခြင်းကြောင့် တပည့် တော်အား ကျော်ဇောခြင်းမှ ဆုတ်ယုတ်ရာ၏၊ တပည့်တော်မှာ ကျော်ဇော ခြင်း ဆုတ်ယုတ်လျှင် စည်းစိမ်မှုလည်း ဆုတ်ယုတ်ရာ၏။ တပည့်တော်တို့မှာ ကျော်ဇောခြင်းရှိမှ စည်းစိမ်ကိုလည်း ရပါသည် ဘုရား။

အရှင်ဂေါတမ, ပရိသတ် အတွင်း၌ နေသော တပည့်တော်သည် လက်အုပ်ကိုချီပါအံ့။ ဤလက်အုပ် ချီခြင်းကို နေရာမှ ထသည်-ဟူ၍ မှတ် တော်မူပါ။

ပရိသတ်အတွင်း၌ နေသော တပည့်တော်သည် ဦးရစ် ခေါင်းပေါင်း– ဦးထုပ်ကို ချွတ်ပါအံ့၊ ဤဦးရစ် ခေါင်း ပေါင်း ဦးထုပ်ကို ချွတ်ခြင်းကို ဦးခေါင်းဖြင့် ရှိခိုးသည်-ဟူ၍ မှတ်တော် မူပါလော့။

လှည်းယာဉ် ပေါ်၌ နေသော တပည့် တော်သည် လှည်းယာဉ် ပေါ်မှ ဆင်း၍ အရှင်ဂေါတမကို ရှိခိုးငြားအံ့။ ဤပရိသတ်သည် တပည့်တော်ကို မထီ မဲ့မြင် ပြုရာ၏၊ ထိုကြောင့် ကျော်ဇောခြင်းမှ ဆုတ်ယုတ်ရာ၏၊ ကျော်ဇော ခြင်းမှ ဆုတ်ယုတ်လျှင် စည်းစိမ်လည်း ဆုတ်ယုတ် ရာ၏၊ တပည့်တော်တို့မှာ ကျော်ဇောခြင်းရှိမှ စည်းစိမ်ကို ရပါသည်ဘုရား။

ထိုကြောင့် လှည်းယာဉ်ပေါ်၌ နေသော တပည့် တော်သည် နှင်တန် တံပြာကို ညွတ်လိုက်ပါအံ့၊ ဤနှင်တံပြာကို ညွတ်ခြင်းကို လှည်းယာဉ်

ပေါ်မှ ဆင်းသည်-ဟူ၍ မှတ်တော်မူပါလော့၊ လှည်းယာဉ်ပေါ်မှ နေသော တပည့်တော်သည် ဆောင်း၍ထားသော ထီးကို ရုပ်သိမ်း လိုက်ပါအံ့၊ ဤ ထီးကို ရုပ်သိမ်းခြင်းကို ဦးခေါင်းဖြင့် ရှိခိုးသည်-ဟူ၍မှတ်တော်မူပါလော့- ဤသို့လျှောက်ကြား၏။

(ဤ သောဏဒဏ္ဍပုဏ္ဏားကြီးနှင့်တူသော စင်းလဲကောက်ကျစ်သူကိုအလွန် ရခဲသတဲ့။ ထိုသို့စင်းလဲ ကောက်ကျစ် သော်လည်း မြတ်စွာဘုရားကို မရိုသေ ခြင်း မည်သည်ကား မရှိ။ ထိုသို့ စည်းစိမ်ပျက်စီး ဆုတ်ယုတ် မည်ကို ကြောက်ခြင်းကြောင့် ကောက်ကျစ် စင်းလဲသည်၏ အစွမ်းဖြင့် ဤသို့သော စကားတို့ကို လျှောက်ကြားသတဲ့။)

မြတ်စွာဘုရားသည် သောဏဒဏ္ဍပုဏ္ဏားကြီးအား တရားစကားဖြင့် ဒိဋ္ဌ ဓမ္မိက-မျက်မှောက်အကျိုး, သမ္ပရာယိက-နောင်သံသရာအကျိုးတို့ကို ကောင်းစွာ ဟောပြတော်မူ၍, ကုသိုလ် တရားတို့၌ ဆောက်တည် စေ၍, ထိုကုသိုလ် တရားတို့၌ သဒ္ဓါတရားကို တက်စေ၍, လုလ္လထုတ်ခြင်းကိုပြုစေ၍ ထိုလုလ္လဖြင့် လည်းကောင်း, တပါးသော ထင်ရှားရှိသော ဂုဏ်တို့ဖြင့် လည်းကောင်း, ရွှင်လန်း, ဝမ်းမြောက်စေ၍ တရားရတနာ မိုးကြီးကို ရွာစေ၍ နေရာမှ ထတော်မူ၍ ဖဲ့သွားတော်မူ၏။

ဤသောဏဒဏ္ဍပုဏ္ဏားကြီးသည်ကား-ကောက်ကျစ်စင်းလဲဉာဏ်များခြင်း ကြောင့် မြတ်စွာဘုရားသည် တရားရတနာမိုးကြီးကို ရွာသွန်းစေသော်လည်း တရားထူးကို ဖြစ်စေခြင်းငှါ မဂ်ဖိုလ်ကို ရခြင်းငှါ မတတ်နိုင်လေ။ နောင်ဘဝ အကျိုးငှါ လည်းကောင်း, ဝါသနာဘာဂီ အထုံ ပါစေခြင်းငှါ လည်း ကောင်း ဟောတော်မူ၏။

သောဏဒဏ္ဍသုတ် ဝတ္ထု ပြီး၏။

# ၅။ ကူဋဒန္တသုတ် ဝတ္ထု

ကူဋဒန္တပုဏ္ဏားကြီးသည် သတ္တသတိက ယဇ်ပူဇော်ရန် ကြံစီပြုလုပ်၍ ထားကြောင်း မြင်တော်မူ၍, ငါးရာ မျှလောက်သော ရဟန်းတို့နှင့်တကွ မာဂဓတိုင်းတို့၌ဒေသစာရီကြွချီ တော်မူ၍, ခါဏုမတ- သစ်ငုတ်သေ အမည်ရှိသော ပုဏ္ဏားရွာသို့ရောက်တော်မူ၍ အမ္ဗလဋ္ဌိက-သရက်ပင်ပျိုဥယျာဉ်ကြီး အတွင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုခါဏုမတ-သစ်ငုတ်သေ ရွာ၌ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရ မင်းကြီးက ရွာစားပေး၍ ထားသော ကူဋဒန္တပုဏ္ဏားကြီးသည် သတ္တသတိက အမည်ရှိသော ယဇ်ပူဇော်ရန်-

၁။ နွားလားဥသဘကြီး ခုနစ်ရာ၊

၂၊ နွားသိုးငယ်ကလေး ခုနစ်ရာ၊

၃။ နွားမငယ်ကလေး ခုနစ်ရာ၊

၄။ ဆိတ် ခုနစ်ရာ၊

၅။ သိုး ခုနစ်ရာ၊

၆။ ဘဲ ခုနစ်ရာ၊

၇။ ကြက် ခုနစ်ရာ၊

ဤသို့အားဖြင့်ခုနစ်ရာ-ခုနစ်သိဖြစ်သောကြောင့်သတ္တသတိက လေးထောင်ကိုးရာကုန်သော သတ္တဝါတို့ကို သတ်ဖြတ်၍ ထိုသတ္တဝါတို့၏ အသားဖြင့် လူအများတို့ကို ကျွေးမွေးရန် ယဇ်တိုင်သို့ ဆောင်ယူကုန်၏။ (နွားသတ်ရုံ ။လ။ ကြက်သတ်ရုံသို့ ဆောင်ယူသည်-ဟူလို။)

ထိုအခါ၌ ခါဏုမတ ရွာသား ပုဏ္ဏား သူကြွယ်တို့သည် ခါဏုတမရွာမှ အပေါင်းအပေါင်း, အစု အစု ထွက်ကြကုန်လျက် အမ္ဗလဋ္ဌိက သရက်ပင်ပျိုဥယျာဉ်ကြီးသို့ မြတ်စွာဘုရားကို ဖူးမြင်ရန် သွားကြ ကုန်သည်တို့ကို ကူဋဒန္တပုဏ္ဏားကြီးသည် နေ့နေရာဖြစ်သော ပြာသာဒ်ထက်မှမြင်၏။

ထိုအခါ ခတ္တအမည်ရှိသော စကားပြန် သံတော်ဆင့် အမတ်ကြီးကို ခေါ်၍ အမေးခိုင်းပြီးလျှင်-ထိုအပေါင်း အပေါင်း, အစုအစု သွားကြသော

ပုဏ္ဏားသူကြွယ်တို့က အမ္ဗလဋ္ဌိက ဥယျာဉ်ကြီးအတွင်း၌ ရဟန်းဂေါတမကို ဖူးမြင်ရန် သွားကြမည့်အကြောင်းကို ပြောကြား၍ သိရလေသည်။

ထိုအခါ ငါသည်သုံးပါးသော တည်မြဲခြင်းရှိ၍ တဆယ့်ခြောက်ပါးသော အခြံအရံရှိသောယဇ်ပူဇော်ခြင်း၏ပြည့်စုံခြင်းကိုရဟန်းဂေါတမ သိတော်မူ၏-ဟူ၍ ကြားဘူး၏။ ငါသည် ထို ယဇ်ပူဇော်ခြင်း၏ ပြည့်စုံခြင်းကို မသိ။ ကြီးစွာသော ယဇ်ပူဇော်ခြင်းကိုကား ငါအလိုရှိ၏။

ရဟန်းဂေါတမ အထံသို့ ငါသွား၍ မေးလျှောက်အံ့-ဟုအကြံဖြစ်လျက် ထိုအပေါင်းအပေါင်း, အစုအစု ထွက်ကြကုန်သော ပုဏ္ဏားသူကြွယ်တို့နှင့် အတူတကွ လိုက်ပါရစေ။ ဆိုင်းငံ့ကြပါဦး-ဟု အပြောခိုင်းပြီးမှ မြတ်စွာဘုရား အထံသို့ သွားရန် ပြင်ဆင်၍ နေလေသည်။

ထိုအခါ၌ ကူဋဒန္တပုဏ္ဏားကြီး၏ ယဇ်ပူဇော်ခြင်း အလှူကြီး၌စားသောက်ရန် လာရောက်နေထိုင် စည်းဝေးလျက် ရှိကုန်သော ငါးရာမက များလှစွာ ကုန်သော ပုဏ္ဏားတို့သည် ကြားသိကြ၍ မြတ်စွာဘုရား အထံသို့ မသွားအောင် တားမြစ်ကြကုန်၏။

အဘယ်သို့ ပြောဆို၍ တားမြစ်ကြကုန်သနည်း-ဟူမူကား....

သောဏဒဏ္ဍ ပုဏ္ဏားကြီးကို တားမြစ်သကဲ့သို့ ပြောဆို၍ တားမြစ်ကြကုန်၏။

သောဏဒဏ္ဍပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို မိမိ သိသလောက်ပြောကြားသကဲ့သို့ပင်လျှင်ကူဋဒန္တပုဏ္ဏားကြီးသည်လည်း မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို မိမိသိသလောက် ပြောကြား၍ ငါးရာမက များလှစွာသော ထိုပုဏ္ဏားတို့နှင့် အတူတကွပင်လျှင် မြတ်စွာဘုရား အထံတော်သို့ သွား၍ ဝမ်းမြောက်ဝမ်းသာ စကားပြောပြီးလျှင် သင့်တင့်ရာ၌ ထိုင်နေလျက် ကူဋဒန္တပုဏ္ဏားကြီးသည် မြတ်စွာဘုရားကို ဤသို့လျှောက်လေ၏။

အရှင်ဂေါတမဘုရား- အရှင်ဂေါတမသည် သုံးပါးသော တည်မြဲခြင်း ရှိသော တဆယ့်ခြောက်ပါးသောအခြံအရံရှိသော ယဇ်ပူဇော်ခြင်း၏ ပြည့်စုံခြင်းကို သိတော်မူ၏-ဟူ၍ တပည့်တော်ကြားဘူးပါသည်ဘုရား။ တပည့်တော်သည် သုံးပါးသော တည်မြဲခြင်းရှိသော တဆယ့်ခြောက်ပါးသော အခြံအရံရှိသော ယဇ်ပူဇော်ခြင်း၏ ပြည့်စုံခြင်းကို မသိပါ။ ကြီးစွာသော ယဇ်ပူဇော်ခြင်းကိုကား အလိုရှိပါ၏၊ အရှင်ဂေါတမသည် ထိုအကြောင်းကို တပည့်တော်အား ဟောကြားတော်မူပါလျှင် ကောင်းမြတ်လှပါတော့သည် အရှင်ဂေါတမဘုရား-ဟူ၍ လျှောက်ကြား တောင်းပန်လေ၏။

ထိုသို့ တောင်းပန်သောအခါ မြတ်စွာဘုရားသည် ဤသို့ ဟောကြား တော်မူ၏၊

## မဟာဝိဇိတမင်းကြီး၏ ဝတ္ထုကို ဟောကြားတော်မူကြောင်း

ရှေးအခါက မဟာသမုဒ္ဒရာ အဆုံးရှိသော ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသော မဟာဝိဇိတ အမည်ရှိသောမင်းသည် ဖြစ်ဖူး၏။ အဒ္ဓေါ- ကြွယ်ဝ၏။ မဟဒ္ဓနော၊ မရေတွက်နိုင် များသောဥစ္စာရှိ၏၊ မဟာဘောဂေါ–ကာမဂုဏ်ငါးပါးတို့၏ အစွမ်းဖြင့် များသော စည်းစိမ်ရှိ၏၊ပဟုတဇာတရူပရဇတော–ရွှေဘုံး, ငွေဘုံး, ရွှေမှုးစေ့, ငွေမှုးစေ့, ရွှေပဲစေ့, ငွေပဲစေ့, ရွှေမတ်စေ့, ငွေမတ်စေ့, ရွှေဒင်္ဂါး, ငွေဒင်္ဂါး-စသည်တို့၏ အစုမ်းအားဖြင့် များသော ရွှေငွေရှိ၏။ (ကုဋေလေးဆယ်, ကုဋေရှစ်ဆယ် စသည်ဖြင့် ကုဋေဖွဲ့၍ ရေတွက်သော် မရေတွက်နိုင်သော ကုဋေရှိသော ရွှေငွေတို့နှင့် ပြည့်စုံ၏။)


ပဟုတဝိတ္တူ ပကရဏော၊ နှစ်သက်ဖွယ်ရှိကုန်သော ရွှေတန်းဆာ, ငွေတန်းဆာ, ရွှေအိုး, ရွှေခွက်, ငွေအိုး, ငွေခွက် အစရှိကုန်သော များသော အဆောက်အဦအသုံးအဆောင်ဖြင့် သုံးဆောင်ဘွယ်ရာ ရှိကုန်၏။ ပဟုတဓနဓညော၊ သိုမှီးမြှုပ်ထား အပ်သော ရတနာ ခုနစ်ပါး တည်း ဟူသော ဥစ္စာ ရှိ၏။

ပုဗ္ဗဏ္ဏ အပရဏ္ဏ ကောက်စပါး, နှမ်းပဲ အစရှိသော စားဘွယ်ရာ တို့နှင့်လည်း ပြည့်စုံ၏။ပရိပုဏ္ဏကောသ ကောဋ္ဌာဂါရော၊ သိုမှီး၍ထားသော ဥစ္စာတို့ဖြင့် ပြည့်၍နေသော ဘဏ္ဍာတိုက်၊ သိုမှီး၍ ထားသော ကောက်စပါး ပဲ နှမ်းတို့ဖြင့် ပြည့်၍ နေသော စပါးစိ၊ စပါးကြည် တို့နှင့်လည်း ပေါများ ပြည့်စုံစွာ ရှိ၏။

ထိုမဟာဝိဇိတမင်းကြီးသည် တနေ့သ၌ ရတနာတိုက် ဘဏ္ဍာတိုက်တို့ကို ကြည့်ရှုရန် လှည့်လည်တော်မူ၍ များစွာသော ရတနာ ဘဏ္ဍာတို့ကိုမြင်သော အခါ ဘဏ္ဍာစိုးကို ဤသို့ မေး၏။

အချင်းဘဏ္ဍာစိုး၊ ဤရတနာ ဘဏ္ဍာတွေကို အဘယ်သူတို့ စုဆောင်း၍ ထားခဲ့သနည်း–ဟု မေးတော်မူလျှင်–

ဘဏ္ဍာစိုးက အရှင် မင်းမြတ်တို့၏ ဘိုးဘေး ခုနစ်ဆက်တို့ စုဆောင်း၍ ထားခဲ့ကြပါသည် အရှင်မင်းမြတ်–ဟူ၍ လျှောက်တင်လေ၏။



ဘုရားသခင်သည် ကူဋဒန္တ ပုဏ္ဏားကြီးအား တရားဟောနေပုံ။

ငါတို့၏ ဘိုးဘေး ခုနစ်ဆက်တို့သည် ဤရတနာ ဘဏ္ဍာတော်တွေကို စုဆောင်း၍ အဘယ်သို့ သွားကြကုန်သနည်း?-ဟု မေးတော် မူပြန်၏။

အရှင်မင်းမြတ်-ဘိုးဘေး ခုနစ်ဆက်တို့သည် အလုံးစုံ သေမင်း နိုင်ငံသို့ လိုက်ပါ သွားကြရပါကုန်၏-ဟု လျှောက်တင်၏။

အချင်းဘဏ္ဍာစိုး၊ ထိုငါတို့၏ ဘိုးဘေး ခုနစ်ဆက်တို့သည် မိမိတို့ ဥစ္စာ ဘဏ္ဍာတော်တွေကို မယူမူ၍ သွားကြကုန်၏-ဟု ဆိုသောအခါ-

အရှင်မင်းမြတ်-အဘယ်သို့ ဆိုပါသနည်း? ဤဥစ္စာ ဘဏ္ဍာတို့ မည်သည် ပယ်စွန့်ပစ်ထား၍ သွားရမြဲဖြစ်ပါသည်။ သေရာသို့ ယူဆောင်၍သွားရသော ဥစ္စာမျိုး မဟုတ်ပါ-ဟု လျှောက်တင်သောအခါ မဟာဝိဇိတ မင်းကြီးသည် နောက်သို့ လှည့်ကာ ဆုတ်ခွာတော်မူခဲ့၍ အသရေရှိသော ကြက်သရေ တိုက်ခန်းတော်ဝယ် မြတ်သောနေရာ ရွှေပလ္လင်ထက်၌ ထိုင်နေတော်မူလျက်-

ငါသည် ကြီးကျယ်ပြန့်ပြောစွာသော လူစည်းစိမ်ကို ရလေပြီ၊ သမုဒ္ဒရာ အဆုံးရှိသော ဇမ္ဗူဒိပ်တကျွန်းလုံးကို အုပ်စိုး၍ နေရ၏။ ငါသည် ကြီးစွာသော ယဇ်ပူဇော်ခြင်းကို ပူဇော်ရမူကား- ရှည်မြင့်စွာသော နှောင်ဘဝ သံသရာ၌ ချမ်းသာစီးပွားခြင်းငှါ ဖြစ်ရာ၏-ဟုကြံတော်မူ၏။ (အလှူကြီး ပေးသည်ကို ယဇ်ပူဇော်သည်-ဟူ၍ ဤနေရာ၌ ဆိုသည်။)

ငါသည် ဤကဲ့သို့ ကြီးစွာသော အလှူကြီးကို ပေးရာ၌လည်း တဦး တယောက်သော ပညာရှိနှင့်တိုင်ပင်၍ ပြုမှသာလျှင် သင့်လျော်၏။ မတိုင်ပင် မူ၍ ပြုသော အလုပ် မည်သည် နှောင်တ-တဖန် ပူပန်ခြင်း ဖြစ်တတ်၏-ဟု ကြံပြီး၍, ပုရောဟိတ်ပညာရှိ အမတ်ကြီးကို ခေါ်ပြီးလျှင်-

အရှင် ပုရောဟိတ် အမတ်ကြီး၊ ငါသည် ကြီးစွာသော အလှူကြီးကို ပေးလို၏။ ငါအား ရှည်ကြာစွာသော ကာလပတ်လုံး ချမ်းသာ စီးပွား ခြင်းငှါ သင်ပြပါလော့၏-ဟု ဆို၏။

ထိုအခါ၌ ပုရောဟိတ်အမတ်ကြီးသည် ဤသို့ ကြံ၏။

ဤမင်းကြီးသည် ကြီးစွာသော အလှူကြီးကို ပေးလှူလို၏၊ ထိုမင်းကြီး ၏ တိုင်းပြည်၌လည်း များစွာသော ခိုးသူတို့ ရှိကုန်၏။ ထိုခိုးသူ တွေကို ငြိမ်းအောင် မစီမံမူ၍ အလှူကြီးကို ပေးလှူရာ၌ များစွာကုန်သော အလှူ ဝတ္ထု, နို့ရည်, နို့ဓမ်း, ဆံ, နှမ်း, ထောပတ်, ဆီ, ပျား, တင်လဲ အစ ရှိကုန်သော လှူဘွယ်ရာတို့ကို ယူဆောင်ပို့ရောက် သွားလာလုပ်ကိုင် စီမံကြရ သော ယောကျာ်းတို့သည် စုရုံးကာ လာကြကုန်သည်ရှိသော် ယောကျာ်း

မရှိသော အိမ်တို့ကို ခိုးသူတို့ လုယက်ကြသဖြင့် တိုင်းပြည်သည် ခိုးသူဘေးဖြင့် အုပ်အုပ်ကျက်ကျက် တုန်တုန်လှုပ်လှုပ် ဖြစ်လတ့်။

တိုင်းပြည်တုန်လှုပ် ခြောက်ခြားခဲ့၍ မငြိမ်မသက်ရှိလျှင် မင်းကြီး၏အလှူသည် ကြာမြင့်စွာ ထမြောက်အောင်မြင်စွာ မလှူနိုင်ရာ။ စိတ်ချမ်းသာဘွယ် မရှိ ဖြစ်လတ့်။ ထိုအကြောင်းကို မင်းကြီးအား ပြောပြဦးအံ့-ဟု ကြံပြီး၍-

အရှင်မင်းမြတ် တိုင်းပြည်သည် ခိုးသူ တည်းဟူသော ဆူးငြောင့်ခလုပ်တို့ဖြင့် ပွေရှုပ် ပိညှပ်, ကြပ်တည်းခြင်း ရှိကုန်သည်ဖြစ်၍ ရွာကိုတိုက်ဖျက်သူတို့သည်လည်း ထင်ကုန်၏၊ နိဂုံးမြို့ကို တိုက်ဖျက်သူတို့သည်လည်း ထင်ကုန်၏။ လမ်းသွားလမ်းလာကို တိုက်ဖျက်လုယက်သူတို့သည်လည်း ထင်ကုန်၏။

အရှင်မင်းမြတ်သည် ဤသို့ခိုးသူတည်းဟူသော ဆူးငြောင့် ခလုပ်တို့ဖြင့် ပွေရှုပ် ပိညှပ် ကြပ်တည်းခြင်း ရှိသော တိုင်းပြည်၌ အခွန်တော်ကို ခွဲခန့်ကောက်ခံငြားအံ့၊ အရှင်မင်းမြတ်သည် ပြုသင့်သော ကိစ္စကို ပြုရာမရောက် ဖြစ်ခဲ့၏။

အရှင် မင်းမြတ်သည် ခိုးသူ တည်းဟူသော ဆူးငြောင့် ခလုပ်တို့ကို သတ်ခြင်း, နှောင်ဖွဲ့ခြင်း, ဥစ္စာဒဏ်ဘပ်ခြင်း နှင်ထုတ်ခြင်းတို့ဖြင့် ငါသည် ပယ်ရှား နုတ်ပစ်အံ့ဟုထိုခိုးသူတို့ကို သတ်ဖြတ်၍ပစ်သော်လည်း သေပြီးသော ခိုးသူတို့မှ ကြွင်းသော နောက်ထပ်ခိုးသူများသည် အရှင်မင်းမြတ်၏ တိုင်းပြည်၌ လုယက်ဖျက်ဆီးကြကုန်လတ့်။(အရှင်မင်းမြတ်မှာလည်း ခိုးသူကိုသတ်သော ပါဏာတိပါတ အကုသိုလ်တွေ ဖြစ်ကုန်လတ့်။)

ထိုကြောင့် တရားသဖြင့် ကုသိုလ်ဖြစ်ပွား ဥစ္စာများသော စီမံခြင်းဖြင့် စီမံ၍ ခိုး ...န့်ဘေး ငြိမ်းအေးချမ်းသာ မြို့ရွာစည်ကား ကုသိုလ်ပွား၍ လူအများ ချမ်းသာအောင် အရှင်မင်းမြတ် တိုင်းပြည်၌ လယ်သမား,ယာသမားတို့အား ...ျိုးရိက္ခာကို ပေးကမ်းဝေမျှပါလော့။

ကုန်သ...်၍ အသက်မွေးကြကုန်သော ကုန်သည်တို့အား အရင်းအနှီး ဥစ္စာတို့ကို ဝေ... ပေးကမ်းပါလော့။ အရှင်မင်းမြတ်ကို မှီ၍ အသက်မွေးကြကုန်သော ...ဦးခယောကျ်ားအရာရှိများကိုလည်း လခရိက္ခာကို လုံလောက်စွာ ဘောက်...်ပေးကမ်းပါလော့။

ထိုသို့ပေးကမ်း ဝေငှသည်ရှိသော် ထိုလူတို့သည် အသက်မွေး ဝမ်းစာ လုံလောက်စွာနှင့် မိမိတို့၏အလုပ်ကိစ္စတို့ကို ကျိုးနွံအားထုတ် ပြုလုပ်၍နေကြသဖြင့် အ...်မင်းမြတ်တိုင်းပြည်၌ လုယက်ဖျက်ဆီးတတ်သော ခိုးသူတို့မပေါ် မပေါက်လာဘဲ ချမ်းသာစွာ ငြိမ်းအေးခြင်း ဖြစ်၍ အရှင်မင်းမြတ်အားလည်း၊

များစွာသော အခွန်ဘဏ္ဍာတော်များတိုးတက်၍ ဘေးရန်ကင်းကွာငြိမ်းအေး စွာသော တိုင်းသူပြည်သား လူအများတို့သည် သားငယ်၊ သမီးငယ်တို့ကို ရွှေရင်ပေါ်၌ ပွေ့ပိုက်၊ ဖက်နမ်း၊ ရွှင်လန်းဝမ်းမြောက်၊ အိမ်ပေါက်မပိတ်၊ စိတ်ချလက်ချ အေးချမ်းသာယာစွာ နေကြပါကုန်လတ့်။

ဤသို့ပညာရှိ ပုရောဟိတ် အမတ်ကြီးက နည်းလမ်းညွှန်ပြသည့်အတိုင်း မဟာဝိဇိတ အမည်ရှိသော ပြည့်ရှင်မင်းကြီးသည် လယ်ယာ ကိုင်းကျွန်း စပါး ဆန်ရေ တိုးပွားအောင် ကျိုးစားအားထုတ် ပြုလုပ်ကြ ကုန်သော လယ်သမား၊ ယာသမားတို့အား ပျိုးရိက္ခာမှ စ၍ လယ်ယာ လုပ်ကိုင်ရန် ဘဏ္ဍာအဆောက်အဦတို့ကို ပြည့်စုံလုံလောက်စွာ ဝေငှပေးကမ်းတော်မူ၏၊

ကုန်သန်းရောင်းဝယ်ရေး တိုးပွားအောင် ကျိုးစားအားထုတ် ပြုလုပ်၍ ကုန်သန်းရောင်းဝယ်ကြကုန်သောကုန်သည်တို့ကိုလည်း အရင်းအနှီးငွေစွာတို့ကို ပေးကမ်းဝေငှတော်မူ၏။

မြို့ရွာဒေသ၌ ခေးပြခိုးသူတို့ ငြိမ်သက် ပိပြားအောင် စောင့်ရှောက် အားထုတ် ပြုလုပ်ကြကုန်သော မင်းမှုထမ်း အရာရှိတို့အားလည်း လခရိက္ခာ တို့ကို လုံလောက်စွာ ဝေငှပေးကမ်းတော်မူ၏။

ဤသို့ပြုလုပ်သည်ရှိသော် ခိုးသူခေးပြတို့သည်လည်း မပေါ်ပေါက်လာသ ဖြင့် ငြိမ်းအေးခြင်း ဖြစ်လေ၏။ ပြည့်ရှင်မင်းမြတ်မှာလည်း အခွန်ဘဏ္ဍာ တော်တို့ များစွာတိုးပွားခြင်း ဖြစ်လေ၏။ ခိုးသူရန်ဘေး ငြိမ်းအေးကင်းကွာ ဝပြောစွာရှိကြကုန်သော တိုင်းသူပြည်သား လူအများတို့သည်လည်း သား ငယ်၊ သမီးငယ်တို့ကို ရွှေရင်ပေါ်ထက်၊ ပွေ့ဖက်၊ ပိုက်နမ်း ရွှင်လန်း ဝမ်းမြောက်၊ အိမ်ပေါက်မပိတ်၊ စိတ်ချလက်ချ၊ အေးမြချမ်းသာ နေကြရ လေကုန်၏။

ထိုအခါ၌ မဟာဝိဇိတ မင်းကြီးသည် ပညာရှိ ပုရောဟိတ်အမတ်ကြီးကို ခေါ်၍ ဤသို့ပြောဆိုတိုင်ပင်ပြန်၏။

အရှင်ပညာရှိ သုခမိန်ပုရောဟိတ် အမတ်ကြီး စီမံသည်ကို အကြောင်းပြု ၍ ခိုးသူခေးလည်း ငြိမ်းအေးလေပြီ၊ ငါ့မှာလည်း အခွန်ဘဏ္ဍာတော်များ တိုးပွားစုံဆောင်းမိလေပြီ။ တိုင်းသူပြည်သား လူအများတို့လည်း ရွှင်လန်း ဝမ်းမြောက် အိမ်ပေါက် မပိတ်၊ စိတ်ချလက်ချ၊ အေးမြချမ်းသာနေကြရ လေကုန်ပြီ၊ ငါမင်းမြတ်သည် ကြီးစွာသော အလှူကြီးကို ပေးလှူခြင်းငှါ အလိုရှိ၏၊ အရှင်ပညာရှိ ပုရောဟိတ်အမတ်ကြီးသည် ငါ့အားနည်းနာကျကျ ညွှန်ပြပါလော့-ဟူ၍ ဆို၏။

ဤသို့ဆိုသည်ရှိသော် ပညာရှိပုရောဟိတ် အမတ်ကြီးသည် မဟာဝိဇိတ မင်းကြီးအား ဤသို့လျှောက်ကြား၍ နည်းလမ်းညွှန်ပြလေ၏။

အရှင်မင်းမြတ်၏ တိုင်းပြည်အတွင်းဝယ် မြို့ငယ်, မြို့ကြီး အသီးသီးတို့၌ ကြီးစိုးအုပ်ချုပ် မင်းလုပ်၍ နေကြကုန်သော ခတ္တိယမင်းမျိုးတို့ကိုလည်း တိုင်ပင်စကား ပြောကြားတော်မူပါလော့။ မြို့ကြီး, မြို့ငယ်တို့၌ နေထိုင်ကြကုန်သော မင်းတိုင်ပင် အမတ်ကြီးတို့ကိုလည်း တိုင်ပင်စကား ပြောကြားတော်မူပါလော့။ ဗြာဟ္မဏမဟာသာလ ပုဏ္ဏားသေဋ္ဌေးကြီးတို့ကိုလည်း တိုင်ပင်စကားပြောကြားတော်မူပါလော့။ မြို့ကြီး, မြို့ငယ်တို့၌ နေကြကုန်သော သူကြွယ်,သူကြီး အသီးသီးတို့ကိုလည်း တိုင်ပင်စကား ပြောကြားတော်မူပါကုန်လော့။

ဤသို့ ပညာရှိ ပုရောဟိတ် အမတ်ကြီးက လျှောက်တင်သည် ရှိသော် မဟာဝိဇိတမင်းကြီးသည် ခတ္တိယမင်းမျိုးတို့ကို လည်းကောင်း,ဗြာဟ္မဏမဟာသာလပုဏ္ဏားသေဋ္ဌေးကြီးတို့ကို လည်းကောင်း,မင်းတိုင်ပင် အမတ်ကြီးတို့ကို လည်းကောင်း, သူကြွယ်, သူကြီးအသီးသီးတို့ကို လည်းကောင်း, တိုင်ပင်စကားပြောကြားလေ၏။ အဘယ်သို့ ပြောကြားသနည်း ဟူမူကား....

အိုအချင်းတို့၊ ငါမင်းမြတ်သည် ကြီးစွာသော အလှူကြီးကို ပေးလိုပါ၏၊ ငါမင်းမြတ်အား ရှည်ကြာစွာသော ကာလပတ်လုံး ချမ်းသာ စီးပွားခြင်း အကျိုးငှါ ခွင့်ပြုကြပါကုန်လော့။

ဤသို့ တိုင်ပင်စကား ပြောကြားသည်ရှိသော် ခတ္တိယမင်းမျိုးတို့ကလည်းကောင်း, ပုဏ္ဏား သေဋ္ဌေးကြီးတို့က လည်းကောင်း, မင်းတိုင်ပင် အမတ်ကြီးတို့က လည်းကောင်း, သူကြွယ်, သူကြီးအသီးသီးတို့ကလည်းကောင်း ငါတို့အရှင်မင်းကြီးသည် မိမိစိတ်ထင်တိုင်း မပြုလုပ်မူ၍ ငါတို့အား ပြောကြား တိုင်ပင်ပေသည်--ဟု နှလုံးပြု၍ အရှင်မင်း မြတ်သည် အလှူကြီးကို အလိုတော်ရှိတိုင်း ပေးလှူတော်ပါလော့။

ယခုအခါသည် အလှူပေးသင့်သောအခါ ကာလပါတည်း-ဟု လျှောက်တင်ကြကုန်၏။

ခတ္တိယ, အမစ္စ, ဗြာဟ္မဏ, မဟာသာလ, ဂဟပတိ, နေစယိက ဤလေးဦးတို့သည် အလိုတူကြကုန်သော အပေါ်သဟာယ အလှူဒါယကာတို့ ဖြစ်ကြလေကုန်၏။ ထိုအလှူကြီး၏ အခြံအရံတို့ ဖြစ်ကြ လေကုန်၏။ မဟာဝိဇိတ မင်းကြီးသည် ရှစ်ပါးသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံတော်မူ၏။ ဂုဏ်အင်္ဂါ

ရှစ်ပါး–ဟူသည် အဘယ်နည်း–ဟူမူကား၊ အမိဘက်မှ လည်းကောင်း, အဘဘက်မှ လည်းကောင်း။

၁။ ဘိုးဘေးအစုံ ခုနစ်ဆက်တိုင်အောင် စင်ကြယ်သော ဇာတ်ရှိခြင်း၊

၂။ အဆင်းလှခြင်း၊

၃။ ကြွယ်ဝချမ်းသာ များစွာသော ဥစ္စာရှိခြင်း၊

၄။ စစ်အင်္ဂါ လေးပါး ရှိသော စစ်သည်အားနှင့် ပြည့်စုံခြင်း၊

၅။ သဒ္ဓါတရား များ၍ သူတောင်းစား အလှူခံ အလုံးစုံတို့အား မပိတ်သော တံခါးရှိခြင်း၊

၆။ များသော အကြားအမြင် ရှိခြင်း၊

၇။ ပြောဟောသော တရားစကား၏ အနက်အဓိပ္ပာယ်ကို သိလွယ်ခြင်း၊

၈။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလှူ၏ အကျိုးကို သိမြင်ဆင်ခြင်နိုင်သော ပညာရှိခြင်း၊

ဤရှစ်ပါးသော ဂုဏ်အင်္ဂါ တို့သည်လည်း အလှူကြီး၏ အခြံအရံတို့ ဖြစ်ကုန်၏။

ပုရောဟိတ်ပညာရှိအမတ်ကြီးသည်လည်း ဂုဏ်အင်္ဂါ လေးပါးနှင့်ပြည့်စုံ၏။ ဂုဏ်အင်္ဂါလေးပါးဟူသည်ကား....

၁။ အမိဘက်မှလည်းကောင်း, အဘဘက်မှ လည်းကောင်း ဘိုးဘေးအစုံ ခုနစ်ဆက်တိုင်အောင် စင်ကြယ်သော ဇာတ်ရှိခြင်း။

၂။ ဗေဒင်သုံးပုံကို တတ်မြောက်ခြင်း၊

၃။ ငါးပါးသီလနှင့် ပြည့်စုံခြင်း၊

၄။ ပညာရှိခြင်း၊

ဤဂုဏ်အင်္ဂါ လေးပါးတို့သည်လည်း ထိုအလှူကြီး၏ အခြံအရံပင် ဖြစ်ကုန်၏။

ထိုဂုဏ်အင်္ဂါ လေးပါးနှင့် ပြည့်စုံသော ပုရောဟိတ် ပညာရှိ အမတ်ကြီးသည် မဟာဝိဇိတ မင်းကြီးအား သုံးပါးသော တည်မြဲခြင်းတို့ကို ဟောပြလေ၏။

၁။ အရှင်မင်းမြတ်သည် အလှူကြီးကို မပေးလှူမီ ရှေးအဘို့၌ ဤအလှူကြီးကို လှူလိုက်သည်ရှိသော် ငါ၏ ဉစ္စာဒြဗ်ရတနာတို့သည်ကုန်ခန်း၍ သွားလတ့်–ဟု နှလုံးမသာယာခြင်းကို မပြုအပ်။

၂။ ဤအလှူကြီးကို လှူဆဲအခါ၌လည်း, ငါ၏ စည်းစိမ် ဥစ္စာရတနာတို့သည် ကုန်ခမ်း၍သွား၏-ဟု နှလုံးမသာယာခြင်းကို မပြုအပ်၊

၃။ ဤအလှူကြီးကို လှူ၍ပြီးသောအခါ၌လည်း ငါ၏ စည်းစိမ်ဥစ္စာရတနာတို့သည် ကုန်ခမ်း၍ သွားလေကုန်ပြီ-ဟု နှလုံး မသာယာခြင်းကို မပြုအပ်၊

ဤသုံးပါးသော (ပုဗ္ဗ မုဉ္စ ပရ စေတနာ) ခိုင်မြဲပုံတို့ကို ပုရောဟိတ်ပညာရှိ အမတ်ကြီးသည် မဟာဝိဇိတ မင်းကြီးအား ဟောပြလေ၏။

ထိုနောက်တဖန်၊ ပုရောဟိတ် ပညာရှိ အမတ်ကြီးသည် မဟာဝိဇိတ မင်းကြီးအား ဆယ်ပါးသော အကြောင်းတို့ဖြင့် အလှူခံပုဂ္ဂိုလ်တို့၌ နှလုံးမသာယာခြင်းကို ပယ်ဖျောက်စေ၏။ ပယ်ဖျောက်နိုင်ရန် ပယ်ဖျောက်စေရန် ဟောပြလေ၏၊ ဟောပြပုံကား-

အရှင်မင်းမြတ်၏ အလှူကြီး ပေးရာသို့ သူ့အသက်ကို သတ်တတ်သောသူနှင့်မသတ်မူ၍ ရှောင်ကြဉ်သော သူတို့သည် လာကြကုန်လတ့်။ ထိုနှစ်ဦးတို့တွင် အကြင်သူတို့သည် သူ့အသက်သတ်ကုန်၏။ ထိုသူတို့၏ မကောင်းမှု ကံဖြင့် ထိုသူတို့မှာသာလျှင် မကောင်းကျိုး ဖြစ်လတ့်။

အကြင်သူတို့သည် သူ့အသက်ကိုသတ်ခြင်းမှရှောင်ကြဉ်ကုန်၏။ ထိုသူတို့ကိုသာလျှင် အာရုံပြု၍ အရှင်မင်းမြတ်သည် အလှူပေးတော် မူပါလော့။ စွန့်ကြဲတော် မူပါလော့၊ ဝမ်းမြောက်တော် မူပါလော့၊ စိတ်ကို သာလျှင် မပြတ်ကြည်ညိုတော် မူပါလော့။ထို့အတူ-

၁။ သူ့ဥစ္စာကို ခိုးယူတတ်သော သူတို့သည် လည်းကောင်း,

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်တတ်သော သူတို့သည် လည်းကောင်း,

၃။ ကာမေသုမိစ္ဆာ စာရ သူ့အိမ်ရာကို လွန်ကျူး တတ်သောသူနှင့် မလွန်ကျူးတတ်သော သူတို့သည်လည်းကောင်း,

၄။ မုသာဝါဒကို ပြောဆို တတ်သော သူနှင့် မပြောဆို တတ်သော သူတို့လည်းကောင်း,

၅။ ဂုံးတိုက်စကားကို ပြောဆိုတတ်သော သူနှင့် မပြော ဆိုတတ်သော သူတို့သည် လည်းကောင်း,

၆။ ကြမ်းကြုတ်သော စကားကို ပြောဆိုတတ်သော သူနှင့် မပြောဆိုတတ်သော သူတို့သည် လည်းကောင်း။

၇။ အကျိုးမရှိ၊ အလဟဿ စကားကို ပြောဆိုတတ်သောသူနှင့် မပြောဆိုတတ်သောသူတို့သည် လည်းကောင်း,

၈။ သူ့ဥစ္စာကို ကိုယ့်ဥစ္စာ ဖြစ်အောင် ကြံစီသော သူနှင့် မကြံစီသော သူတို့သည်လည်းကောင်း,

၉။ သူတပါးတို့ ပျက်စီးကြောင်း ကြံစီသောသူနှင့် မကြံစီသော သူတို့သည် လည်းကောင်း,

၁၀။ ကံကို လည်းကောင်း, ကံ၏အကျိုးကိုလည်းကောင်း ပယ်ရှားသော မိစ္ဆာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိမဟုတ်သော သမ္မာဒိဋ္ဌိတို့သည် လည်းကောင်း အရှင်မင်းမြတ်၏အလှူကြီးပေးရာသို့ ရောက်လာပါကုန်လတ့်။

ထိုသူတို့တွင် မကောင်းမှု တို့ကို ပြုလုပ်သော သူတို့သည် မကောင်းမှုကံဖြင့် ထိုသူတို့မှာသာလျှင် မကောင်းကျိုး ဖြစ်ကြ လတ့်။ ထိုမကောင်းမှုတို့မှ ရှောင်ကြဉ်သော သူတို့ကိုသာလျှင် အာရုံပြု၍ အရှင် မင်းမြတ်သည် အလှူပေးတော်မူပါလော့၊ စွန့်ကြဲတော်မူပါလော့၊ ဝမ်းမြောက်တော်မူပါလော့၊စိတ်ကိုသာလျှင် မပြုတ်ကြည်ညိုစေပါလော့။

ဤဆယ်ပါးသော အကြောင်းတို့ဖြင့် အလှူခံ ပုဂ္ဂိုလ်တို့၌ စိတ်နှလုံးမသာယာခြင်းကို ပယ်ဖျောက်စေ၏။ ပယ်ဖျောက်စေရန် ပြောပြတော်မူ၏။

ထိုနောက်တဖန် ပုရောဟိတ်ပညာရှိအမတ်ကြီးသည် အလှူကြီးကိုပေးလှူ၍ နေသော မဟာဝိဇိတမင်းကြီးအား တဆယ့်ခြောက်ပါးသော အခြင်းအရာအကြောင်းတို့ဖြင့် ဒါနအနုမောဒနာတရားတို့ကို ဟောပြလေ၏၊ ဟောပြပုံကား။

၁။ အရှင်မင်းမြတ်သည် မြို့ကြီး,မြို့ငယ်တို့၌ သြဇာအာဏာဖြင့်နေထိုင်ကြကုန်သော ခတ္တိယမင်းတို့ကိုလည်း ပြောကြား တိုင်ပင်၍ ဤအလှူကြီးကိုပေးလှူသောကြောင့် ခတ္တိယမင်းတို့နှင့်စပ်၍ သူတပါးတို့ အပြစ်ဆိုဘွယ်မရှိ။ အကယ်၍ ခတ္တိယမင်းတို့နှင့် တိုင်ပင်ခြင်းမရှိဘဲ လှူငြားအံ့၊ ဤမဟာဝိဇိတမင်းကြီးသည် မိမိတိုင်းပြည်အတွင်း၌ သြဇာအာဏာဖြင့် ထင်ရှားစွာ နေကြကုန်သော ခတ္တိယမင်းတို့ကို ပြောကြားတိုင်ပင်ခြင်းမရှိဘဲ အရမ်းမဲ့ ပြုလုပ်ချင်ရာ ပြုလုပ်၍ အလှူကြီးကို ပေးသည်-ဟူ၍ သူတပါးတို့၏ အပြစ်တင်ဘွယ် ရှိ၏။

ယခုမှာကား အရှင်မင်းမြတ်သည် ခတ္တိယ မင်းမျိုးတို့နှင့်လည်း တိုင်ပင်စကား ပြောကြား၍, အလှူကြီးကို စီမံလှူဒါန်းသောကြောင့် သူတပါးတို့အပြစ်တင်ဘွယ် မရှိ၍ ခတ္တိယ မင်းမျိုးတို့ သည်လည်း အလွန် နှစ်သက်

ဝမ်းမြောက်ခြင်း ရှိကြကုန်၏၊ ထိုကြောင့် အရှင် မင်းမြတ်သည် စိတ်ကို မပြတ်ကြည်ညိုစေလျက် အလှူကြီးကို လှူပါလော့–ဟူ၍ လည်းကောင်း,

၂။ အရှင်မင်းမြတ်သည် မြို့ကြီးမြို့ငယ်တို့၌နေထိုင်ကြကုန်သောတိုင်းကျိုးပြည်ကျိုးကို ဆောင်ရွက်ကြကုန်သော မင်းတိုင်ပင်အမတ်တို့နှင့်လည်း တိုင်ပင်စကား ပြောကြား၍ လှူသောကြောင့် တိုင်းပြည် အကျိုးဆောင်အမတ်ကြီးတို့သည်လည်း အလွန်နှစ်သက်ဝမ်းသာခြင်း ရှိကြ၍ သူတပါးတို့အပြစ်ဆိုဘွယ် မရှိ-ဟူ၍ လည်းကောင်း,

၃။ မြို့ကြီးမြို့ငယ်တို့၌ နေထိုင်ကြကုန်သော ဗြဟ္မဏ မဟာသာလပုဏ္ဏားသေဋ္ဌေးကြီးတို့နှင့်လည်း တိုင်ပင်စကား ပြောကြားလျက် အလှူကြီးကို ပေးလှူသောကြောင့် သူတပါးတို့ အပြစ်တင်ဘွယ် မရှိ၍ ထိုဗြဟ္မဏ မဟာသာလ ပုဏ္ဏားသေဋ္ဌေးကြီးတို့သည်လည်း အလွန် နှစ်သက် ဝမ်း မြောက်ခြင်း ရှိကြပါကုန်၏၊

ထိုကြောင့် အရှင်မင်းမြတ်သည် စိတ်ကို မပြတ်ကြည်ညိုစေလျက် အလှူကြီးကို ပေးလှူပါလော့။ စွန့်ကြဲပါလော့–ဟူ၍ လည်းကောင်း,

၄။ မြို့ကြီး, မြို့ငယ်တို့၌ နေထိုင်ကြကုန်သော သူကြွယ်, သူကြီးတို့နှင့်လည်း တိုင်ပင်စကား ပြောကြား၍ အလှူကြီးကို ပေးလှူ သောကြောင့် သူတပါးတို့က အပြစ်တင်ဘွယ်မရှိ၍,ထိုဂဟပတိ နေစယိက သူကြွယ်သူကြီးတို့သည်လည်း အလွန် ဝမ်းမြောက် နှစ်သက်ခြင်း ရှိကြပါကုန်၏-ဟူ၍ လည်းကောင်း,

၅။ အရှင်မင်းမြတ်သည် အမိဘက်မှလည်းကောင်း, အဘဘက်မှ လည်းကောင်း, ဘေးဘိုးအစုံ ခုနစ်ဆက်တိုင်အောင် စင်ကြယ်သောဇာတ် ရှိတော်မူ၍ ဇာတ်အားဖြင့် မစင်ကြယ်သော မင်း-ဟူ၍ သူတပါးတို့ အပြစ်ဆိုဘွယ် မရှိသောကြောင့် အရှင်မင်းမြတ်သည် စိတ်ကိုကြည်ညိုစေလျက် အလှူကြီးကို ပေးတော်မူပါလော့–ဟူ၍ လည်းကောင်း,

၆။ အရှင်မင်းမြတ်သည် အလွန် အဆင်းလှတော်မူ၏၊ မြတ်သောအဆင်းနှင့် ပြည့်စုံတော်မူ၏။ ထိုကြောင့် ဤအလှူကြီးကို ပေးလှူသော ပြည့်ရှင်မင်းကြီးသည် အလွန်အကြည်းတန်၏, အဆင်းမလှ–ဟူ၍ အဆင်းအားဖြင့်လည်း သူတပါးတို့ အပြစ်ဆိုဘွယ်မရှိ။

အရှင်မင်းမြတ်သည် နောင်ဘဝ၌လည်း ထိုအလှူကြီးကို ကြည်ညိုသော စိတ်ဖြင့် ပေးလှူခြင်းကြောင့် မြတ်သော အဆင်းနှင့် ပြည့်စုံပါ လတ္တံ့။ ထိုကြောင့် စိတ်ကို ကြည်ညိုစေလျက် အလှူကြီးကို ပေးပါလော့-ဟူ၍ လည်းကောင်း,

၇။ အလှူကြီးကို ပေးသော အရှင်မင်းမြတ်သည် များသောဥစ္စာမရှိ— ဟူ၍ သူတပါးတို့ အပြစ်တင်ဘွယ်မရှိ၊

၈။ အရှင်မင်းမြတ်သည် စစ်အင်္ဂါ လေးပါးရှိသော စစ်သည် ဗိုလ်ထု အားနှင့် မပြည့်စုံ ဟူ၍ သူတပါးတို့ အပြစ်တင်ဘွယ်မရှိ၊

၉။ အရှင်မင်းမြတ်သည် သဒ္ဓါတရားမရှိ။ ကံကို လည်းကောင်း, ကံ၏ အကျိုးကို လည်းကောင်း ယုံကြည်ခြင်း ရှိ၍ လှူသော အလှူ မဟုတ်—ဟူ၍ သူတပါးတို့ အပြစ်ဆိုဘွယ်မရှိ၊

၁၀။ ဤမင်းကြီးသည်အလှူကြီးကို ပေးသော်လည်း ဗဟုသုတ အကြား အမြင်များခြင်း မရှိ -ဟူ၍ သူတပါးတို့ အပြစ်ဆိုဘွယ်မရှိ၊

၁၁။ ဤမင်းကြီးသည် ပြောဟောသော တရားစကား၏ အဓိပ္ပါယ်ကို သိသော ဉာဏ်မရှိ—ဟူ၍လည်း သူတပါးတို့ အပြစ်ဆိုဘွယ်မရှိ၊

၁၂။ ဤမင်းကြီးသည် အလှူပေးသော်လည်း အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော အလှူ၏ အကျိုးကို သိသော ဉာဏ်ပညာမရှိ-ဟူ၍လည်း သူတပါးတို့ အပြစ်တင်ဘွယ်မရှိ၊

၁၃။ ဤမင်းကြီးသည် အလှူကြီးကို ပေးလှူသော်လည်း ထိုမင်းကြီး အား နည်းလမ်းညွှန်ပြသော ပုရောဟိတ်အမတ်ကြီးသည် အမိဘက်မှလည်း ကောင်း, အဘဘက်မှ လည်းကောင်း ဘိုးဘေး အစုံ ခုနစ်ဆက် တိုင် အောင်စင်ကြယ်သော ဇာတ်မရှိ-ဟူ၍လည်း သူတပါးတို့ အပြစ်ဆိုဘွယ်မရှိ၊

၁၄။ ထိုအလှူကြီးကို ပေးလှူသောမင်းကြီးအားနည်းလမ်းညွှန်ပြသော ပုရောဟိတ် အမတ်ကြီးသည် ဗေဒင်သုံးပုံကို တတ်မြောက်သော အမတ်ကြီး မဟုတ် ဟူ၍လည်း သူတပါးတို့ အပြစ်တင်ဘွယ်မရှိ၊

၁၅။ ထိုအလှူကြီးကို ပေးလှူသော မင်းကြီး၏ ပုရောဟိတ် အမတ်ကြီး သည် ပညာမရှိ-ဟူ၍လည်း သူတပါးတို့ အပြစ်ဆိုဘွယ် မရှိ၊

၁၆။ အလှူကြီးကို ပေးလှူသောမဟာဝိဇိတ မင်းကြီးအား နည်းလမ်း ညွှန်ပြသော ပုရောဟိတ်အမတ်ကြီးသည် ငါးပါးသီလမျှ တည်မြဲခြင်း မရှိ။ သီလနှင့်ပြည့်စုံခြင်းမရှိ- ဟူ၍လည်း သူတပါးတို့ အပြစ်တင်ဘွယ်မရှိ၊

ပုရောဟိတ် အမတ်ကြီးသည် ငါးပါးသီလ မြဲ၏။ သီလနှင့် ပြည့်စုံ၏။ သီလနှင့် ပြည့်စုံသော ပုရောဟိတ် အမတ်ကြီးက နည်းလမ်း ညွှန်ပြ သောကြောင့် မဟာဝိဇိတ မင်းကြီး၏ အလှူတော်ကြီးသည် အလွန်စင်ကြယ် ၏-ဟူ၍ လူပရိသတ်အများတို့သည် ဝမ်းမြောက်နှစ်သက်ခြင်း ရှိကြပါကုန်၏။

ထိုကြောင့် အရှင်မင်းမြတ်သည် စိတ်ကို ကြည်ညိုစေလျက် အလှူကြီးကို ပေးတော်မူပါလော့။ စွန့်ကြဲတော်မူပါလော့-ဟူ၍ လည်းကောင်း,

ဤကသယ်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ပုရောဟိတ် ပညာရှိ အမတ်ကြီးသည် အလှူကြီးကို ပေးလှူ၍နေသော မဟာဝိဇိတမင်းကြီးအား အလှူပေးခြင်းမဟာဒါန ကုသိုလ်တော်ကြီး၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရန် ဒါန အနုမောဒနာတရားစကားတို့ကို ပြောပြ၍ မဟာဝိဇိတမင်းကြီး၏ စိတ်ကို ကြည်လင်စေ၏။ ရွှင်လန်းစေ၏၊ ထက်သန်စေ၏။ တိုးတက်၍ အလှူဝတ်ကို ဆောက်တည်စေ၏။

ထိုသို့ အလှူကြီးကို ပေးလှူရာ၌ နွားတို့ကိုလည်း မသတ်ကုန်။ ဆိတ်, သိုး,ကြက်,ဝက် တို့ကိုလည်း မသတ်ကုန်၊ အမျိုးမျိုးသော သတ္တဝါတို့သည် သေကြေပျက်စီးခြင်းသို့ မရောက်ကြကုန်။ ထိုနွား,ကျွဲ,သိုး,ဆိတ်,ကြက်,ဝက် တို့ကို အသေသတ်ရ, ကြက်သတ်ရ, ဝက်သတ်ရ တို့၌ ချည်နှောင်၍ ထားရန် ကြိုးလုံသစ်ပင်ဘိုကိုလည်း မခုတ်ဖြတ်ကြ, မပြုလုပ်ကြကုန်။

ကျေးကျွန်အစေခံ အမှုလုပ် အစေအပါး လူအများတို့ကိုလည်း ခြိမ်းခြောက်, ငေါက်ငန်း, ရိုက်ပုတ်, ဆဲဆိုခြင်း, မရှိကုန်။ အကြင် သူတို့သည် ပြုလုပ်ခြင်းငှါ အလိုမရှိကြကုန်။ထိုသူတို့ကို အလိုအလျောက် နေစေကြကုန်၏၊ ထိုအလှူကြီးသည် ထောပတ်,ဆီဦး, ဆီ,ပျား, တင်လဲ,နို့ဓမ်း,ရက်တက် နွားနို့ တို့ဖြင့် သာလျှင် ပြီးဆုံးခြင်းသို့ ရောက်စေ၏။

ဤသို့လျှင် မဟာဝိဇိတ မင်းကြီးသည် မြို့ပြင်တံခါး လေးမျက်နှာ၌ လေးဆောင်သော အလှူရုံ ဇရပ်ကြီးတို့ကို ဆောက်လုပ်စေ၍မြို့လယ်၌ အလှူရုံ ဇရပ်ကြီးတခုကိုလည်း ဆောက်လုပ်စေ၍ ငါးဆောင်သော အလှူရုံဇရပ်ကြီး တို့တွင်တဆောင်လျှင် သတသဟဿ-တသိန်းစီပြု၍ ငါးသိန်းသော အသပြာ ဒင်္ဂါးတို့ဖြင့် နေ့တိုင်းစွန့်ကြဲလှူဒါန်း၍ နေ၏။

ထိုအလှူကြီးကို ဤသို့ပြုလုပ်၍ နံနက်နေထွက်သည်မှ စ၍ မဟာဝိဇိတ မင်းကြီးကိုယ်တိုင် ရွှေယောက်မကြီးကို လက်ဖြင့် ကိုင်၍ ထောပတ်, ဆီ, ပျား, တင်လဲတို့ဖြင့် ရောပြွမ်းသော ယာဂု, ခဲဘွယ်,ဘောဇဉ် အမဲဟင်းလျာ အဖျော်, အချို - မုံ့အမျိုးမျိုးတို့ကို ရောက်လာသမျှ လူအပေါင်းတို့အား ဝအောင် ကျွေးမွေး၏။

အိုးခွက်တို့ဖြင့် ယူလိုသော သူတို့အားလည်း အိုးခွက်တို့ကို လောင်းထည့်၍ ပေးလှူလိုက်၏၊ ညနေချမ်းအခါသို့ ရောက်လျှင် အဝတ်အထည် နံ့သာ, ပန်းမာလ် စသည်တို့ဖြင့် ပေးလှူ၏၊ထောပတ်, ဆီဦး, တင်လဲ, ပျားအစရှိ သည်တို့ကို အိုးကြီး အိုးငယ်အသွယ်သွယ် တို့ဖြင့် ပြည့်အောင်ထည့်၍ အလို

ရှိသူတို့ အလိုရှိတိုင်းခပ်၍ ယူစေရန် တရာမက များလှစွာသော နေရာတို့၌ ထားစေ၏။

ဤသို့ မဟာဝိဇိတမင်းကြီးသည် ကြီးစွာသော အလှူကြီးကို နေ့တိုင်း နေ့တိုင်း အသပြာဒင်္ဂါး ငါးသိန်း, ငါးသိန်း စွန့်ကြဲလှူဒါန်း၍ နေသော အခါ၌ တိုင်းပြည်အတွင်း ထိုထိုမြို့ကြီး မြို့ငယ် ရွာနိဂုံးတို့၌ နေထိုင်ကြကုန်သော ခတ္တိယမင်းတို့သည် လည်းကောင်း, ပြည်ကျိုးဆောင်မင်းတိုင်ပင် အမတ်ကြီးတို့သည် လည်းကောင်း, ဗြဟ္မဏ မဟာသာလ ပုဏ္ဏားသေဋ္ဌေးကြီးတို့သည် လည်းကောင်း, ဂဟပတိ နေစယိက-သူကြွယ် သူကြီးတို့သည် လည်းကောင်း ဤသို့ အကြံဖြစ်ကြကုန်၏။

ဤငါတို့ အရှင်သခင် မဟာဝိဇိတ မင်းကြီးသည် ထောပတ်, ဆီဦး, ပျားသကာ တင်လဲ အစရှိကုန်သော အလုံးစုံသော လှူဘွယ်ဝတ္ထုတို့ကို ငါတို့ နေထိုင်ရာ မြို့ရွာနိဂုံးတို့မှ တစုံတခုဆောင်ယူခြင်း မပြုဘဲ။ မိမိ၏နန်းတော်၌ ရှိသော လှူဘွယ်ဝတ္ထုတို့ကို သာလျှင် ပေးလှူစွန့်ကြဲခြင်းကို ပြုတော်မူ၏။

ငါတို့ကိုလည်း တစုံတရာကို ဆောင်ခဲ့ကြရန် မှာထား စေခိုင်းခြင်းကို လည်း မပြု။ ငါတို့သည် တုဏှီဘာဝ တိတ်ဆိတ်စွာ နေ၍ မသင့်လျော်ချေ။ မင်းကြီး၏ နန်းဘော်၌ ဥစ္စာတို့သည် မကုန်ခန်းခြင်း သဘောမရှိ။ ကုန်ခန်းခြင်း သဘောရှိသည် သာတည်း။

အကယ်၍ ကုန်ခန်းသည်ရှိသော် ငါတို့ တိုင်းသူ ပြည်သားတို့က ကူညီထောက်ပံ့ခြင်းကို မပြုလျှင် အဘယ်သူတို့က လာ၍ ထောက်ပံ့အံ့နည်း။ ငါတို့ကလည်း ကူညီထောက်ပံ့၍ မင်းကြီး၏ အလှူတော်ကြီး၌ ပင်လျှင် ပါဝင်ထောက်ပံ့မှ သင့်လျော်ကြမည်-ဟု တိုင်ပင်စည်းဝေး ကုန်၍ ထိုမင်း, အမတ်, သေဋ္ဌေး သူကြွယ်တို့သည် ရွာသင်းအားဖြင့် လည်းကောင်း, မြို့သင်းအားဖြင့်လည်းကောင်း, အစုအသင်းဖွဲ့ကြကုန်၍ ဥစ္စာဘဏ္ဍာတို့ကိုစုဆောင်း၍ လှည်းတို့ဖြင့် ဆောင်ယူကြကုန်လျက် မင်းကြီး၏ နန်းတော်သို့ ရောက်အောင် လာကြကုန်၍ ဤသို့ လျှောက်တင်ကြကုန်၏။

အရှင်မင်းမြတ်- ဤဥစ္စာဘဏ္ဍာတော်တို့ကို အရှင်မင်းမြတ်အား ရည်မှန်း၍ စုဆောင်း ယူဆောင်ခဲ့ပါကုန်၏။ ထိုဥစ္စာဘဏ္ဍာတို့ကို အရှင်မင်းမြတ်သည် သိမ်းပိုက်ယူငင်တော် မူပါလော့-ဟု လျှောက်တင်ကြသော အခါ မင်းကြီးက ဤသို့ ဆို၏။

အို အချင်းတို့၊ ငါ့မှာလည်း ဥစ္စာဘဏ္ဍာတော်တွေ များစွာရှိ၏။ တရားသဖြင့်ရသော အခွန်ဘော်ငွေဖြင့် တိုးပွား၍ နေသဖြင့် လှူ၍မကုန်နိုင်အောင်

ပေါများ၏၊ သင်တို့ယူဆောင်ခဲ့သော ဥစ္စာတို့ကိုလည်း သင်တို့အထံ၌ရှိပေစေ။ ငါ၏ထံမှ ဥစ္စာဘဏ္ဍာတို့ကို အလိုရှိလျှင်လည်း ယူကြကုန်လော့–ဟု ဆို၏။

ဤသို့ မဟာဝိဇိတမင်းကြီးက ဆိုသည်ရှိသော် ထိုမင်း, အမတ်, သေဌေး, သူကြွယ်အစရှိကုန်သော တိုင်းသူ ပြည်သား လူအများတို့သည် သင့်ရာသို့ ဖဲသွားကာ စည်းဝေးကြကုန်၍ ဤသို့တိုင်ပင်ကြပြန်၏။

ငါတို့သည် ဤဥစ္စာဘဏ္ဍာတို့ကို တဖန် မိမိတို့နေထိုင်ရာ မြို့ရွာနိဂုမ်းတို့သို့ ပြန်၍ ယူဆောင်ရန် မသင့်လျော်ချေ။ မဟာဝိဇိတမင်းကြီး လှူသကဲ့သို့ ငါတို့ကလည်း အသိုးအခြား အလှူရုံဇရပ်တို့ကို တည်ထား၍ တဆင့်အားဖြင့် အလှူပေးကြကုန်အံ့– ဟု ဆို၍....

အရှေ့မျက်နှာ မြို့တံခါး ပြင်ဘက်မှ မင်းကြီးဆောက်၍ထားသော အလှူရုံ ဇရပ်ကြီး၏ အရှေ့ဘက် မနီးမဝေးအရပ်၌ခတ္တိယမင်းတို့၏ အလှူရုံဇရပ်ကြီး တဆောင်ကို ထပ်မံဆောက်လုပ်၍ လှူကြကုန်၏။

တောင်မျက်နှာ မြို့တံခါး၏ ပြင်ဘက်မှ မင်းကြီးဆောက်လုပ် လှူဒါန်းသော အလှူရုံဇရပ်ကြီး၏ တောင်ဘက်မနီးမဝေးသော အရပ်၌ မင်းတိုင်ပင် အမတ်ကြီးတို့၏ အလှူရုံဇရပ်ကို ထပ်မံဆောက်လုပ်၍ အလှူပေးကြကုန်၏။

အနောက်မျက်နှာ မြို့တံခါး ပြင်ဘက် မင်းကြီး၏ အလှူရုံ ဇရပ်ကြီး၏ အနောက်ဘက် မနီးမဝေးသော အရပ်၌ ပြဟ္မဏ မဟာသာလ ပုဏ္ဏား သေဌေးကြီးတို့၏ အလှူရုံ ဇရပ်ကို ထပ်မံဆောက်လုပ်၍ အလှူပေးကြကုန်၏။

မြောက်မျက်နှာ မြို့တံခါး ပြင်ဘက် မင်းကြီး၏ အလှူရုံ ဇရပ်ကြီး၏ မြောက်ဘက် မနီးမဝေး အရပ်၌ ဂဟပတိနေစယိက သူကြွယ်သူကြီးတို့၏ အလှူရုံဇရပ်ကို ထပ်မံဆောက်လုပ်၍ အလှူပေးကြကုန်၏။

ထိုမင်း, အမတ်, သေဌေး, သူကြွယ်တို့၏ အလှူ၌လည်း နွားတို့ကိုလည်း မသတ်ကြကုန်၊ ဆိတ်, သိုး, ကြက်, ဝက် တို့ကိုလည်း မသတ်ကြကုန်။ သတ္တဝါအပေါင်းတို့ သေကြေပျက်စီးခြင်းသို့ မရောက်ကြကုန်။

ထိုမင်း, အမတ်, သေဌေး, သူကြွယ်တို့၏ အလှူရုံ၌လည်း ထောပတ်, ဆီဥ, ဆီ, ပျား, တင်လဲ– အစရှိသည်တို့ဖြင့် သာလျှင် ပြီးဆုံးခြင်းသို့ ရောက်ကြကုန်၏။

ဤသို့လျှင် အလှူကြီးပေးရာ၌ အလိုတူကြကုန်သော မင်း, အမတ်, သေဌေး, သူကြွယ်–ဟူသော အနုမတိပက္ခ လှူဘက်, လှူဖော်လေးဦးတို့

လည်းကောင်း, မဟာဝိဇိတမင်းကြီး၌ ပြည့်စုံစွာရှိသော ဂုဏ်အင်္ဂါ ရှစ်ပါးတို့ လည်းကောင်း, ပုရောဟိတ် ပညာရှိ အမတ်ကြီး၌ ပြည့်စုံစွာရှိသော ဂုဏ်အင်္ဂါလေးပါးတို့ လည်းကောင်း, သုံးပါးသော တည်မြဲခြင်းတို့ လည်းကောင်း, ဤသည်ကား သုံးပါးသော ယညသမ္ပဒါ– ဟူ၍လည်းကောင်း, တဆယ့်ခြောက်ပါးသော အခြံအရံ-ဟူ၍ လည်းကောင်း ဆိုအပ်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ကူဋဒန္တပုဏ္ဏားကြီးအား အမှူးထား၍ ရောက်လာကြကုန်သော ပုဏ္ဏားတို့နှင့် တကွ လူပရိသတ်တို့အား ယဇ်ပူဇော်ခြင်း၌ သုံးပါးသော တည်မြဲခြင်းကို လည်းကောင်း, တဆယ့် ခြောက်ပါးသော အခြံအရံကိုလည်းကောင်း ဟောကြားတော်မူသတည်း။

ထိုအခါ၌ အလုံးစုံသော ပုဏ္ဏားတို့သည် ကျယ်စွာသော အသံ တို့ကို ပြုကြကုန်လျက်–

ဩော်–အံ့ဩဘွယ် ကောင်းလှသော အလှူကြီးပါ တကား။ ဩော်–အံ့ဩဘွယ်ကောင်းလှသော အလှူ၏ပြည့်စုံခြင်း ဖြစ်ပါတကား–ဟူ၍ ဩဘာပေး၍ ချီးမွမ်းကြကုန်၏၊ ဝမ်းမြောက်ဝမ်းသာ သာဓု–ခေါ်ကြကုန်၏။

ကူဋဒန္တပုဏ္ဏားကြီးသည်ကား တုဏှီဘာဝ တိတ်တိတ်သာလျှင် ထိုင်လျက် နေ၏။ ထိုသို့နေသောအခါ များစွာသော ပုဏ္ဏားတို့က ကူဋဒန္တ ပုဏ္ဏားကြီးကို ဤသို့ ဆိုကြကုန်၏။

အရှင်ကူဋဒန္တပုဏ္ဏားသည် ရဟန်း ဂေါတမ၏ ကောင်းစွာ ဟောကြားသောစကားကို အဘယ့်ကြောင့် ဝမ်းမြောက်ခြင်း မပြုပါ သနည်း–ဟု မေးကြ ကုန်သောအခါ–

အို အရှင်ပုဏ္ဏားတို့၊ အကျွန်ုပ်သည် ရဟန်းဂေါတမ ဟောကြားသော တရားကို ဝမ်းမမြောက်သည် မဟုတ်ပါ။ အကြင်သူသည် ရဟန်းဂေါတမ ဟောကြားသော တရားစကားကို ဝမ်းမမြောက် ငြားအံ့။ ထိုသူသည် ဦးခေါင်းသော်လည်း မြေသို့ ပြတ်၍ ကျရာ၏။

အို အရှင်ပုဏ္ဏားတို့၊ စင်စစ်သော်ကား အကျွန်ုပ်သည် ဤသို့ အကြံဖြစ်၍ နေပါ၏။ရဟန်းဂေါတမသည် ဧဝံ မေ သုတံ၊ ဤသို့ငါကြားဘူး၏-ဟူ၍လည်းကောင်း, ဧဝံ အရဟတိ ဘဝိတုံ၊ ဤသို့ ဖြစ်ခြင်းငှါ ထိုက်၏–ဟူ၍ လည်းကောင်း ဟောကြားတော်မူသည်မဟုတ်။ စင်စစ်အဟုတ်သော်ကား၊ ဧဝံတဒါ အသိ၊ ဤသို့ ထိုအခါ၌ ဖြစ်ဘူး၏-ဟူ၍ လည်းကောင်း။ ဣတ္ထံ-တဒါအသိ၊ ဤအချင်းအရာဖြင့်ထိုအခါ၌ ဖြစ်ဘူး၏-ဟူ၍ လည်းကောင်း၊ဤသို့သာလျှင် မိန့်ဆိုတော်မူ၏။

ထိုကြောင့် အကျွန်ုပ်သည် ဤသို့ အကြံဖြစ်၍ နေပါ၏။ ကေန် စင်စစ် ရဟန်းဂေါတမသည် ထိုအခါတုန်းက မဟာဝိဇိတ မင်းသော် လည်းကောင်း ဖြစ်ရာ၏။ ပုရောဟိတ်ပညာရှိ အမတ်ကြီးသော်လည်းကောင်း ဖြစ်ရာ၏-ဟူ၍ ပုဏ္ဏားဘို့ကို ပြောလေ၏။

ထိုနောက်မှ မြတ်စွာဘုရားကို ဤသို့ မေးလျှောက်ပြန်၏၊ အရှင်ဂေါတမ သည် ဤကဲ့သို့သော ယဇ်ပူဇော်ခြင်းကို ပူဇော်၍, ကိုယ်ခန္ဓာ ပျက်ကြွေ သေသည်မှ နောက် နတ်ပြည်သို့ ရောက်သည်ကို သိတော် မူဘူးပါ၏ လော။

အသင်ကူဋဒန္တပုဏ္ဏား၊ ငါဘုရားသည် ဤသို့သော ယဇ်ပူဇော် ခြင်းကို ပူဇော်၍ ကိုယ်ခန္ဓာပျက်ကြွေ သေသည်မှနောက် နတ်ပြည်သို့ ရောက်ဘူး သည်ကို သိတော်မူ၏။ ထိုအခါတုန်းက ငါဘုရားသည် ယဇ်ပူဇော် ခြင်း၌ နည်းလမ်းညွှန်ပြသော ပုရောဟိတ်ပညာရှိ အမတ်ကြီးပင်လျှင် ဖြစ်ဘူး၏- ဟူ၍ မြတ်စွာဘုရား မိန့်တော်၏။

ထိုသို့ မိန့်တော်မူသည်ရှိသော် ကူဋဒန္တပုဏ္ဏားကြီးသည် ဤသို့ ကြံပြန်၏။ ဤကဲ့သို့ ကြီးကျယ် လှစွာသော အလှူကြီးကို ပေးရာ၌ ဇမ္ဗူဒိပ် တကျွန်း လုံးရှိလူတွေကို ခေါ်ယူ စုဆောင်း၍ အလှူ ပေးခြင်းငှါ ခဲယဉ်း စွာ၏။ အလုံးစုံသော လူဘို့သည် မိမိ၏အလုပ်တို့ကို မလုပ်ကြရလျှင် ပျက်စီးခြင်းသို့ ရောက်လတံ့။ ငါတို့နှင့် သင့်လျော်သော ကိစ္စနည်းပါး၍ အကျိုး များသော အလှူသည် ရှိလေဦးမည်-ဟု ကြံလျက် ဤသို့မေးလျှောက်ပြန်၏။

အရှင်ဂေါတမဘုရား- တဆယ့်ခြောက်ပါးသော အခြံအရံရှိသော ဤ အလှူကြီးထက် ကိစ္စ ဗျာပါရ နည်းပါး၍ အကျိုးများသော အလှူသည် ရှိပါသေး၏ လော -ဟု မေးလျှောက်၏။ ကူဋဒန္တပုဏ္ဏား ရှိသေး၏။

အဘယ်အလှူပါနည်း အရှင်ဂေါတမ။

အသင် ကူဋဒန္တပုဏ္ဏား၊ မိဘ ဘိုးဘွား တို့မှ ဆင်းသက်၍ လှူခဲ့သော နိစ္စဒါန အလှူမျိုးသည် ကိစ္စလည်း နည်းပါး၏၊ အကျိုးလည်း ကြီးမြတ်၏။ ထိုနိစ္စဒါန အလှူဝတ်ကိုသီလရှိကုန်သောရဟန်းတို့အား ရည်မှတ်၍ ဆွမ်းဝတ် တည်ကြကုန်၏။

အရှင်ဂေါတမ၊ ဤနိစ္စဒါနဆွမ်းဝတ် တည်သော အလှူသည် တဆယ့် ခြောက်ပါးသော အခြံအရံရှိသော အလှူကြီးထက် အဘယ့်ကြောင့် အကျိုး ကြီးပါသနည်း၊ အရှင်ဂေါတမ။

အသင်ကူဋဒန္တပုဏ္ဏား၊ တဆယ် ခြောက် ပါးသော အခြံအရံ ရှိသော အလှူကြီး၌ ရဟန္တာတို့သည်လည်းကောင်း, ရဟန္တာဖြစ်အောင် ကျင့်သော သူသည် လည်းကောင်း သွား၍ အလှူ မခံကြကုန်။ အဘယ်ကြောင့် နည်းဆိုသော် ထိုသို့သော အလှူကြီး၌ တုတ် ရိုက်ခြင်းတို့သည် လည်းကောင်း, ဆွဲရှန်း၍ ထုတ်ပစ်ခြင်းတို့သည် လည်းကောင်း ထင်ကုန်၏။ ထိုကြောင့် ဤသို့သောအလှူကြီးကို ရဟန္တာတို့သည် လည်းကောင်း, ရဟန္တာဖြစ်အောင် ကျင့်သူတို့သည် လည်းကောင်း မသွားကြကုန်။

နိစ္စဒါနဆွမ်း အလှူသည်ကား သီလ ရှိသော ရဟန်းတို့ကို သာလျှင် ကန့်သတ်ပိုင်းခြား၍ လှူ၏။ ထိုသို့သောအလှူကို ရဟန္တာတို့သည် လည်းကောင်း,ရဟန္တာဖြစ်အောင် ကျင့်သောသူတို့သည်လည်းကောင်း သွားရောက် အလှူခံကြကုန်၏။

အဘယ်ကြောင့်နည်းဆိုသော်-ထိုနိစ္စဒါနဆွမ်းဝတ်အလှူ၌ တုတ်ရိုက်ခြင်း စသည်တို့သည် မသင်ကုန်။ ထိုကြောင့် ရဟန္တာ တို့သည် လည်းကောင်း, ရဟန္တာဖြစ်အောင် ကျင့်သောသူတို့သည်လည်းကောင်း ဤသို့သော နိစ္စဒါန ဆွမ်းဝတ်အလှူကို သွား၍ အလှူခံကြကုန်၏။

အသင် ကူဋဒန္တပုဏ္ဏား၊ ဤသည်ကား အကျိုးကြီး-မကြီး၌သိအပ်သော အကြောင်းဖြစ်၏။

အရှင်ဂေါတမ၊ ဤသောဋ္ဌသပရိက္ခာရ အလှူကြီးနှင့် နိစ္စဒါန အလှူ တို့ထက် ကိစ္စနည်းပါး၍ အကျိုး များသော ယဇ်ပူဇော် ခြင်းသည် ရှိပါ သေး၏လော။

ကူဋဒန္တပုဏ္ဏား ရှိသေး၏။

အဘယ် အလှူပါနည်း အရှင်ဂေါတမ။

အသင်ကူဋဒန္တပုဏ္ဏား စတုဒိသာ သံဃာကို ရည်မှတ်၍ ဆောက်လုပ် အပ်သော သံဃိက ကျောင်းအလှူသည်, သောဋ္ဌသပရိက္ခာရ အလှူကြီးနှင့် နိစ္စဒါနအလှူတို့ထက် ကိစ္စလည်း နည်းပါး၏။ အကျိုးလည်း ကြီးမြတ်၏။

အရှင်ဂေါတမဘုရား၊ ဤအလှူတို့ထက် ကိစ္စ နည်းပါး၍ အကျိုး များသော အလှူ ရှိပါသေး၏လော။

ရှိသေး၏ ကူဋဒန္တပုဏ္ဏား။

အဘယ်အလှူပါနည်း အရှင်ဂေါတမ၊ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ, ဓမ္မံ, သံဃံ သရဏံဂစ္ဆာမိ-ဟု ဆို၍ သရဏဂုဏ်ကို ဆောက်တည်ခြင်းသည် ကိစ္စလည်း နည်းပါး၏ အကျိုးလည်း ကြီးမြတ်၏။

ထိုထက် ကိစ္စနည်း၍ အကျိုး များသော အလှူ ရှိပါသေး၏ - လော? အရှင်ဂေါတမ။

ရှိသေး၏၊ ကူဋဒန္တပုဏ္ဏား။

အဘယ်အလှူပါနည်း အရှင်ဂေါတမ။

အသင်ကူဋဒန္တပုဏ္ဏား-ငါးပါးသော သိက္ခာပုဒ် တို့ကို ဆောက်တည်၍ ကျင့်သော ငါးပါးသီလသည် ယခင်အလှူတို့ထက် ကိစ္စလည်း နည်းပါး၏၊ အကျိုးလည်း ကြီးမြတ်၏။

အရှင်ဂေါတမဘုရား-ဤသောဋ္ဌသပရိက္ခာရအလှူကြီး,နိစ္စဒါန ဆွမ်းဝတ် အလှူ, စတုဒိသာ သံဃိက ကျောင်းအလှူ, သရဏဂုဏ် ဆောက်တည်ခြင်း, ငါးပါးသီလကို ဆောက်တည်ခြင်းတို့ထက် ကိစ္စနည်းပါး အကျိုးများသော အလှူသည် ရှိပါသေး၏လော-

ရှိသေး၏ ကူဋဒန္တပုဏ္ဏား။

အဘယ်အလှူပါနည်း? အရှင်ဂေါတမ။

အဘယ်သို့ ယဇ်ပူဇော်ခြင်းသည် ဤသောဋ္ဌသပရိက္ခာရအလှူကြီး,နိစ္စဒါန ဆွမ်းဝတ် အလှူ,သံဃိကကျောင်း အလှူ, သရဏဂုဏ် ဆောက်တည်ခြင်း ငါးပါးသီလ ဆောက်တည်ခြင်းတို့ထက် ကိစ္စနည်းပါး၍ အကျိုးများပါ သနည်း။ ဤသို့ဆိုခဲ့ပြီးသော ယဇ်ပူဇော်ခြင်းတို့ထက် အကျိုးများသော ယဇ်ပူဇော်ခြင်းကိုတပည့်တော် ကူဋဒန္တပုဏ္ဏားအားသနားသဖြင့် ဟောကြား ညွှန်ပြတော်မူပါ အရှင်ဂေါတမဘုရား၊

ဤသို့ ကူဋဒန္တပုဏ္ဏားကြီးက တောင်းပန် လျှောက်ကြားသော အခါ မြတ်စွာဘုရားသည်....

သုခ ပြဟွာ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။

အစရှိသော ဒေသနာတော်အစဉ်ကို အဇာတသတ်မင်းအား ဟောကြား တော်မူသော နည်းတော်အတိုင်း လောကဝ္ဘ မြတ်စွာဘုရားဖြစ်တော်မူသည် မှ စ၍ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ-တို့နှင့် ပြည့်စုံသောရဟန်းပြုခြင်း ၏ အကျိုးတို့ကို အရဟတ္တဖိုလ် အာသဝက္ခယ ဉာဏ်တိုင်အောင် ဟောကြား တော် မူပြီး၍-

ဣမာယ ခြဟ္မဏ ယညသမ္ပဒါယ အညာ ယညသမ္ပဒါ ဥတ္တရိ တရာ ဝါ ပဏီတတရာ ဝါ နတ္ထိ။

ခြဟ္မဏ၊ ကူဋဒန္တပုဏ္ဏား၊ ဣမာယယညသမ္ပဒါယ- ဤအရဟတ္တဖိုလ် အာသဝက္ခယဉာဏ် တည်းဟူသော ယဇ်ပူဇော်ခြင်းထက်၊ ဥတ္တရိတရာဝါ၊ လွန်သည်လည်း ဖြစ်သော။ ပဏီတတရာဝါ၊ မြတ်သည်လည်း ဖြစ်သော။ အညာ၊ တပါးသော ယဇ်ပူဇော်ခြင်းသည်။ နတ္ထိ၊ မရှိ-ဟူ၍ ဟောတော်မူ၏။

ဤသို့ ဟောတော်မူသည်ရှိသော် ကူဋဒန္တပုဏ္ဏားကြီးသည် အဘိက္ကန္တံဘော ဂေါတမ၊ အဘိက္ကန္တံဘော ဂေါတမ။

(ကောင်းပါပေ၏ အရှင်ဂေါတမ၊ အလွန် ကောင်းပါပေ၏ အရှင် ဂေါတမ')

ဤသို့အစရှိသော ဩဘာစကားတို့ဖြင့် ချီးမွမ်းထောပနာ ဩဘာ ပေး လျက် ဝမ်းမြောက်နှစ်သက်စွာ သာဓုခေါ်ပြီးလျှင် ဥပါသကာ၏အဖြစ်ကို ဝန်ခံလျှောက်ကြားလေ၏။ ဥပါသကာ၏ အဖြစ်ကို ဝန်ခံပြီး၍-

အရှင်ဂေါတမဘုရား- တပည့်တော်သည် ဤခုနစ်ရာသော နွားလား ဥသဘကြီးတို့ကို လည်းကောင်း, ခုနစ်ရာသော နွားသိုးငယ်ကလေး, နွားမ ငယ်ကလေး, ဆိတ်, သိုး, ဘဲ, ကြက်တို့ကို လည်းကောင်း, လွှတ်ပါ၏၊ အသက် ကို လှူပါ၏။ စိမ်းစိုသောမြက်တို့ကို စားကြပါစေကုန်သတည်း။ အေးမြ သော သောက်ရေတို့ကို သောက်ကြပါစေကုန်သတည်း၊ ထိုသတ္တဝါတို့အား အေးသော လေပြေ လေညှင်းတို့သည် တိုက်ခပ်၍ အေးမြ ချမ်းသာစွာ နေကြရပါစေကုန်သတည်း-ဟူ၍ လျှောက်ကြားလေ၏။

ဤသို့လျှောက်ကြားပြီး၍ ကူဋဒန္တပုဏ္ဏားကြီးသည် အစေခံယောကျ်ား တယောက်ကို ခေါ်၍ ယဇ်ပူဇော်ရန် ချည်နှောင်၍ထားကုန်သော သတ္တဝါ တို့ကို အကုန်လုံး လွှတ်ချေလော့-ဟု စေခိုင်း၍ ထိုစေခိုင်းသောယောကျ်ား သည် အလုံးစုံသော သတ္တဝါတို့ကို ယဇ်ပူဇော်ရန်ချည်ထားရာမှ လွှတ်ပြီးလျှင် လွှတ်၍ပြီးကြောင်းကို ကူဋဒန္တပုဏ္ဏားကြီးအား ပြန်၍ပြောကြား၏။ ထိုသို့ ပြောကြားသောအခါမှ ကူဋဒန္တပုဏ္ဏားကြီး၏စိတ်သည် ကြည်လင်၍သွား၏။

ထိုသို့ စိတ်ကြည်လင်သောအခါမှ မြတ်စွာဘုရားသည် ကူဋဒန္တပုဏ္ဏားကြီး အား တရားကို ဆက်၍ ဟောကြားတော်မူပြန်၏။ အဘယ်တရားတို့ကို ဟောတော်မူသနည်း-ဟူမူကား ... ဒါနတရား, သီလတရား, နတ်ပြည်ရောက် ၍ ဘုံပေါက်ကြောင်းတရား, ကာမဂုဏ်၏ အပြစ်တရား, တောထွက်ခြင်း၏ အကျိုးတရား, ဤတရားတို့ကို အစဉ်အတိုင်း ဟောပြတော်မူ၏။

ထိုတရားစကားတို့ကို ဟောကြားသဖြင့် နီဝရဏ ကင်းသောစိတ်ရှိလျက် ကာမဂုဏ်တို့၏ ဘေးအပြစ်ကို မြင်၍ ကာမဂုဏ်မှလွတ်မြောက် ချမ်းသာ ရောက်သော အကျိုးတို့ကို မြင်၍ ကြည်လင်နူးညံ့၊ ခိုဝ်ခန့်တက်ကြွး ပီတိ ပွားလျက် စိတ်သွား ထက်သန်သည်ကို သိတော်မူသောအခါ သစ္စာလေးပါး ကို ပြတော်မူလျှင်-

(ဖြစ်ချင်,ဖြစ်၊ မဖြစ်ချင်,မဖြစ်၊ သစ္စာလေးပါးအစစ်)ကို ဟုတ်တိုင်းမှန် စွာ ကိုယ်တိုင်သိမြင်သော ကူဋဒန္တပုဏ္ဏားကြီးသည် ဥပမာဆိုသည် ရှိသော် စင်ကြယ်သန့်ရှင်းဖြူစင်ခြင်းရှိသော အဝတ်သည် ဆိုးရည်ဖြင့်ဆိုးသော အခါ ကောင်းမွန်စွာ ဆိုးရည်စွဲသကဲ့သို့ နှလုံးထဲ၌ စွဲမြဲစွာလှ ဓမ္မစက္ခုနိဗ္ဗာန်ကို အာရုံပြုလျက် ယခုထင်စွာ ထိုင်နေရာ၌ သောတာပန် အဖြစ်သို့ ရောက်၍ ဘုရားလော, တရားလော, သံဃာလော-ဟု တွေးတော ရောင်ဝါး ယုံမှား မရှိ။ ဒိဋ္ဌိကင်းကွာ သာသနာ၌ ကောင်းစွာသက်ဝင် ကြည်လင်ဖြောင့်စင်း ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ မြတ်စွာဘုရားအား ဤသို့ လျှောက်ကြား လေ၏။

အရှင်ဂေါတမသည် နက်ဖြန် နံနက် ဆွမ်းအလို့ငှါ ရဟန်းသံဃာတော် နှင့်တကွ တပည့်တော် အိမ်သို့ ကြွတော်မူပါ ဘုရား-ဟု လျှောက်ကြား၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး၍ လကျ်ာရစ်လည်၍ သွားလေ၏။

ထိုညဉ့်မိုးသောက်သော အခါ မွန်မြတ်စွာသော ခဲဘွယ် ဘောဇဉ် တို့ကို ပြင်ဆင်၍ လျှောက်ကြားသော် မြတ်စွာဘုရားသည် သပိတ်သင်္ကန်းတို့ကို ယူ၍ ရဟန်းသံဃာ ခြံရံ၍ ကူဋဒန္တပုဏ္ဏားကြီး အိမ်သို့ ကြွသွား၍ ဆွမ်းစားတော် မူပြီးလျှင် ဆွမ်းအနုမောဒနာတရား ဟောကြားပြီးမှ ကျောင်းတော်သို့ ပြန်သာတော်မူသတည်း။

ပါဠိတော် ဝတ္ထုစကားရပ် ဤတွင်ပြီး၏။

## တဆင့်ထက်တဆင့် မြင့်မြတ်၍ အကျိုးကြီးသော ယဇ်ပူဇော်ခြင်းအကြောင်း

ဤကူဋဒန္တသုတ်၌ ယဇ်ပူဇော်ခြင်း ခြောက်ပါးကို ဟောကြားတော်မူ၏။ ခြောက်ပါးဘူသော်ကား....

၁။ အကျက်အလဘ် အမြတ်မရွေး, လူအများတို့ကို ပင့်ခေါ်ဖိတ်ကြား၍ သော်လည်းကောင်း,မဖိတ်ကြားဘဲသော်လည်းကောင်း မိမိတို့ဥစ္စာ အင်အား

ရှိသလောက် တတ်စွမ်းနိုင်သမျှ ကျွေးမွေးပေးကမ်း စွန့်ကြဲသော ယဇ်ပူဇော်ခြင်းလည်း တပါး။

၂။ သီလရှိသောရဟန်းတို့ကိုသာ ရည်မှတ်၍ နိစ္စဘတ်ဆွမ်းလောင်းခြင်း ဆွမ်းဝတ်တည်ခြင်း, နိစ္စဒါန, အနုကုလ, ယဇ်ပူဇော်ခြင်းလည်း တပါး။

၃။ စတုဒိသာ သံဃာကို ရည်မှတ်၍ သံဃိကကျောင်း ဆောက်လုပ်လှူဒါန်းသော ယဇ်ပူဇော်ခြင်းလည်းတပါး။

၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ။ ။ (ဘုရားကို ဆည်းကပ် ကိုးကွယ်ပါ၏။ တရားတော်ကို ဆည်းကပ် ကိုးကွယ်ပါ၏။ သံဃာတော်ကို ဆည်းကပ် ကိုးကွယ်ပါ၏)-ဟု ဆို၍ သရဏဂုဏ် ဆောက်တည်သော ယဇ်ပူဇော်ခြင်းလည်း တပါး။

၅။ "သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ သူ့ဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။ သူ့အိမ်ရာကို ပြစ်မှား လွန်ကျူးခြင်းမှ ရှောင်ကြဉ်ပါ၏။ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။ အရက် ကဇော် သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏"။ ဤသို့ဆို၍ သိက္ခာပုဒ်ငါးပါးတို့ကို ဆောက်တည်သော ယဇ်ပူဇော်ခြင်းလည်း တပါး။

၆။ အိမ်ရာထောင်သော လူ၏ အဖြစ်မှ အိမ်ရာမထောင်သော ရဟန်း အဖြစ်သို့ ကပ်ရောက်၍, ဆံ မုတ်ဆိတ် တို့ကို ပယ်ရှား ရိပ်ဖြတ်လျက် ဖန်ရည်ဆိုးသော သင်္ကန်းတို့ကိုဝတ်ရုံ၍ သာသနာတော်ထမ်း ရဟန်းပြုခြင်း တည်းဟူသော ယဇ်ပူဇော်ခြင်းလည်း တပါး။ ဤသို့အားဖြင့် ခြောက်ပါးတည်း။

ဘယ်ကုသိုလ်မဆို၊ ကုသိုလ်ကောင်းမှု ပြုလုပ်သမျှကို ပူဇော်သည်- ဟူ၍ ဆိုသည်။ ထိုပူဇော်ခြင်းကို ပါဠိဘာသာ၌ ယဇ-ဟူ၍ လည်းကောင်း, ပူဇာ-ဟူ၍ လည်းကောင်း ဆိုအပ်၏။

ယဇ-ပူဇော်ခြင်း။ ပူဇာ-ပူဇော်ခြင်း။

ယဇ-ယဇ်။ ပူဇာ-ပူဇော်၊ ဤကဲ့သို့ ရှေးဆရာတော်ကြီးများသည် ပါဠိပျက်-ဟူ၍ လည်းကောင်း, ပါဠိယုတ္တိ မြန်မာစကား-ဟူ၍ လည်းကောင်း, မြန်မာသာသာနာမသတ် သမ္မန်သည်- ဟူ၍ လည်းကောင်း စကားအသုံး လွယ်အောင် အမည်အားဖြင့် ခေါ်၍ ရေးသား ပြောဆိုတော် မူလေ့ရှိကြ၏။

ထိုယဇ-ဟူသော ပါဠိစကားကို ပူဇာ- ဟူသော ပါဠိ၏အနက် ပါဠိပျက်စကားနှင့် ရောစပ်၍။ "ယဇ်ပူဇော်ခြင်း"-ဟု ရေးသား ပြောဆိုကြ

ပြန်၏။ ထိုကြောင့် ကုသိုလ်ကောင်းမှုပြုသမျှကို "ပူဇော်သည်-ဟူ၍ လည်းကောင်း, ယဇ်ပူဇော်သည်-ဟူ၍ လည်းကောင်း" ဝေါဟာရအမည်အားဖြင့် ခေါ်အပ်ကုန်၏။

## ဝံသာနုရက္ခ နိစ္စဒါန ဆွမ်းဝတ်တည်ခြင်း အကြောင်း

နိစ္စဒါနာနိအနု ကုလယညာနိ သီလဝန္တေ ပဗ္ဗဇိတေ ဥဒ္ဒိဿ ဒိယျန္တိ၊ (သီလက္ခန် ပါဠိ)။

နိစ္စဒါနာနီတိ ဓုဝဒါနာနိ၊ နိစ္စဘတ္တာနိ။ အနုကုလယညာနီတိ အမှာကံ ပိတုပိတာ မဟာဒိဟိ ပဝတ္တိတာနီတိ ကတွာ ပစ္ဆာနုဂတ ပုရိသေဟိပိ ဝံသပရမ္ပရာယ ပဝတ္တေတဗ္ဗာနိ၊ ယာနိတာနိ ဝေဠုပါနိ ကိရ သီလဝန္တေ ဥဒ္ဒိဿ နိဗဒ္ဓဒါနာနိ တသ္မိံ ကုလေ ဒသိဒ္ဒေပိ နဥပစ္ဆိန္နန္တိ။ (အဋ္ဌကထာ။)

နိစ္စဒါနာနိ၊ အမြဲ လှူအပ်ကုန်သော။ အနုကုလယညာနိ၊ မိဘစဉ်လာ ဝံသာမပျက် အဆက်ဆက် ပူဇော်ခြင်း အလှူတို့ကို။ သီလဝန္တေပဗ္ဗဇိတေ၊ သာသနာတော်ထမ်း ရဟန်းသူမွန် သီလဝန်တို့ကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ ဒိယျန္တိ၊ လှူအပ်ကုန်၏။ (ပါဠိတော်အနက်)။

နိစ္စဒါနာနီတိ၊ အမြဲလှူခြင်း-ဟူသည်ကား။ ဓုဝဒါနာနိ၊ အမြဲ လှူကုန်သော။ နိစ္စဘတ္တာနိ၊ နိစ္စဘတ်ဆွမ်းဝတ်တို့တည်း။

အနုကုလယညာနီတိ၊ အမျိုးစဉ်ဆက် လှူဒါန်းပူဇော်ခြင်း—ဟူသည်ကား။ အမှာကံ၊ ငါတို့၏။ ပိတုပိတာမဟာဒိဟိ၊ အဘ အဘိုး စသည် တို့သည်။ ပဝတ္တိတာနိ၊ ဖြစ်စေအပ်, ပြုလုပ်အပ်ကုန်သော ဆွမ်းဝတ် တို့တည်း။ ဣတိ ကတွာ၊ ဤသို့ နှလုံးပြု၍။ ပစ္ဆာနုဂတပုရိသေဟိပိ၊ စဉ်ဆက်မကွာ, နောင်လာ ပေါက်ဖွား သွံးသားတို့ သည်လည်း။ ဝံသပရံပရာယ၊ အမျိုး မပျက် စဉ်ဆက်ဖြစ်ပွား ပြုသောအားဖြင့်။ ပဝတ္တေတဗ္ဗာနိ၊ ဖြစ်စေအပ်, ပြုလုပ် အပ်ကုန်သော ဆွမ်းဝတ်တို့သည်။ အနုကုလယညာနိ၊ အမျိုးစဉ်လာ ဝံသာ မပျက် အစဉ်အဆက်သော အလှူမည်ကုန်၏။

သီလဝန္တေ၊ သာသနာတော်ထမ်း ရဟန်းသူမွန် သီလဝန်တို့ကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ ယာနိတာနိဝေဠုပါနိ၊ ဤသို့သော ဘိုးဘေး စဉ်ဆက် မပျက် သော အနွယ်ရှိကုန်သော။ နိဗဒ္ဓဒါနာနိ၊ အမြဲမပြတ်, ဝတ်တည်အပ်သော နိဗဒ္ဓဆွမ်းဝတ်တို့သည်။ တသ္မိံ ကုလေ၊ ထိုအမျိုးသည်။ ဒသိဒ္ဒေပိ၊ နွမ်းပါး ဆင်းရဲ ဥစ္စာပွဲသော်လည်း။နဥပစ္ဆိန္နန္တိ၊ မပြတ်နိုင်ကုန်။ (အဋ္ဌကထာအနက်)။

ယခုအခါ သာသနာတော်တွင်း၌ ရဟန်းတို့ အမြဲမပြတ် ဆွမ်းလောင်းခြင်း, ဆွမ်းဝတ်တည်ခြင်း, စာရေးတံ ဆွမ်းဝတ် လှူခြင်း တို့ကို နိစ္စဒါန-ဟူ၍ လည်းကောင်း, ဓုဝဒါန-ဟူ၍ လည်းကောင်း, နိစ္စဘတ္တ-ဟူ၍ လည်းကောင်း, နိဗဒ္ဓဒါန-ဟူ၍ လည်းကောင်း, အနုကုလယည-ဟူ၍ လည်းကောင်း ဟောအပ် ကုန်၏။

ထိုဘွင် အမြဲမပြတ် ဆွမ်းလောင်းခြင်း နိစ္စဒါန ပိဏ္ဍပတ် ဆွမ်းဝတ်ကို မြန်မာလူမျိုးတို့သည် အစဉ်မပြတ် ယခုထက်တိုင်ပင် ပြုလုပ်လှူဒါန်း ဆွမ်းလောင်းလေ့ရှိကြကုန်၏။

အမြဲမပြတ် ဆွမ်းဝတ်တည်ခြင်းကိုလည်း များသောအားဖြင့် တောမြို့, တောရွာများ၌မြန်မာလူမျိုးတို့သည် ပြုလုပ်ကြပေကုန်၏။စာရေးတံဆွမ်းဝတ်ပြု၍ လှူဒါန်းခြင်း နိစ္စဒါနနိဗဒ္ဓဝတ်ကိုကား ယခုအခါ မြန်မာပြည်၌ တစုံတယောက်သော ဒါယကာ, ဒါယိကာမသည်လည်း ပြုလုပ်လှူဒါန်း, ဝတ်ပြုသည်ကို မကြားရဘူးချေ။ ထိုစာရေးတံဆွမ်းဝတ် လှူသောနည်းသည် အစဉ်ပြတ်၍ နေ၏။

## မြန်မာပြည်၌ အစဉ်ပြတ်၍နေသော စာရေးတံ ဆွမ်းဝတ် လှူသောနည်း

စာရေးတံဆွမ်းဝတ် လှူဒါန်း-ဟူသည်ကား- ဆင်စွယ် ပြားကို သော်လည်းကောင်း, ကြေးပြားကိုသော် လည်းကောင်း, စက္ကူ ထူကြီးကိုသော် လည်းကောင်း-တစုံတခုကို ကောင်းစွာ အပြား ပြုလုပ်၍ ထိုဆင်စွယ်ပြား, ကြေးပြား, စက္ကူထူတို့တွင် တခုခုသော အပြား၌ စာလုံးကို ခိုင်ခန့်စွာ ထုလုပ်ရေးသား၍, ထားပြီးလျှင် ထိုစာရေးတံ လက်မှတ်ကို တွေ့ရာ, မြင်ရာ ရဟန်း သံဃာ၏လက်၌ ကပ်လိုက်၍, ထိုစာရေးတံ လက်မှတ်ဖြင့် နောက်တနေ့နံနက်အခါ၌ ဆွမ်းအလှူခံလာသော ပုဂ္ဂိုလ်အား ဆွမ်းလောင်း လှူခြင်း။ (သို့မဟုတ်) အိမ်၌ပင်လျှင် ထိုင်နေတော်မူစေ၍ ဆွမ်းလုပ်ကျွေးခြင်းသည် စာရေးတံ ဆွမ်းဝတ် လှူနည်း မည်၏။

ဤသို့လှူဒါန်း ကျွေးမွေးပြီး၍ ထိုရဟန်း လက်၌ ရှိသော စာရေးတံ လက်မှတ်ကို ယူထားလိုက်ပြန်၏။

နောက်တနေ့အတွက် တွေ့ရာမြင်ရာ တပါးပါးသော ရဟန်းသံဃာ၏ လက်သို့ ထိုစာရေးတံ လက်မှတ်ကို ကပ်လိုက်ပြန်၍ နောက်တနေ့ နံနက်အခါ၌ ထိုစာရေးတံ လက်မှတ်ကို ယူဆောင်၍ လာသော ရဟန်းအား

ဆွမ်းလောင်းခြင်း, ဆွမ်းကျွေးခြင်းကို ပြုလုပ်၍ ထိုစာရေးတံ လက်မှတ်ကို ထိုရဟန်း၏ လက်မှ ယူလိုက်ပြန်၏။

နောက်တနေ့အတွက်လည်း ထိုအတူပင်လျှင် တွေ့မြင်ရာ ရဟန်းသံဃာကို ကပ်လိုက်ပြန်၍ ရှေးနေ့တို့ကဲ့သို့ ဆွမ်းလောင်းခြင်း, ဆွမ်းကျွေးခြင်းကိုပြု၍ လှူဒါန်း ဝတ်ပြုသော ထိုစာရေးတံ လက်မှတ်သည် သားမြေး စဉ်ဆက် ဝတ်မပျက်မူ၍ အဆက်ရှည်စွာ တည်လေ၏။

ထိုစာရေးတံ ဆွမ်းဝတ်လှူနည်းသည် ဘယ်ရဟန်း, ဘယ်သံဃာ, ဘယ်ပုဂ္ဂိုလ်-ဟူ၍ တစုံတဦးကိုမျှ မှတ်သားခြင်း မရှိ။ တွေ့မြင်ရာ ရဟန်းသံဃာ တပါးပါးကို ကပ်လိုက်၍ လှူဒါန်းဝတ်ပြုခြင်းတည်း။

## စာရေးတံ လက်မှတ်ပြု၍ လှူဒါန်းသော နိစ္စဒါနကို ပြုလုပ်သော ဝတ္ထုသက်သေ

မြတ်စွာဘုရား၏ လက်ထက်တော်အခါက အနာထပိဏ်သေဌေးကြီးအိမ်၌

၁။ နေ့စဉ်မပြတ် ပိဏ္ဍပါတ်ဆွမ်းလောင်း ဝတ်လည်း ရှိ၏။

၂။ စာရေးတံ လက်မှတ်ပြုလုပ်၍ နေ့စဉ်လှူဒါန်းသော နိစ္စဒါနစာရေးတံ ဆွမ်းဝတ်လည်း ရှိ၏။

ထိုနိစ္စဒါန ဆွမ်းဝတ် နှစ်မျိုးတို့တွင် ပိဏ္ဍပါတ် ဆွမ်းလောင်းသော ဝတ်သည်ကား.... သင်္ကန်းပိုက်ခါ ဆွမ်းရပ်လာသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, သာမဏေယောကျ်ား, သာမဏေမိန်းမ, သိက္ခမာန်မိန်းမတို့ကို အလုံးစုံလာသမျှကိုပင် ဆန်ကွဲထမင်း, ပုံးရည်ဟင်းလင်းဖြစ်သော်လည်း ဝတ်မပျက်အောင် ပိဏ္ဍပါတ်ဆွမ်းကို လောင်းခြင်းတည်း။

ထိုအနာထပိဏ် သေဌေးကြီးအိမ်၌ စာရေးတံ လက်မှတ်ဖြင့် လှူဒါန်းသော နိစ္စဒါန သလာက ဆွမ်းဝတ် ဖြစ်စေခြင်းငှါ ဆင်စွယ်ဖြင့် ပြုလုပ်သော စာရေးတံ လက်မှတ်တို့ကို ငါးရာပြည့်အောင် ပြုလုပ်၍ထား၏။

အဘယ်သို့ ပြုလုပ်၍ ထားသနည်း-ဟူမူကား....ဆင်စွယ်တို့ကို အပြားပြု၍ ထိုဆင်စွယ်ပြား၌ စာလုံးတို့ကို ခိုင်ခန့်ကောင်းမွန်စွာ ထုလုပ် ရေးသား၍ ထား၏။

အနာထပိဏ်သေဌေးကြီး ပြုလုပ်၍ထားသော နိစ္စဒါနသလာကဆွမ်းဝတ် စာရေးတံ ဆင်စွယ်လက်မှတ် ပုံစံမှာ အောက်ပါအတိုင်းဖြစ်သည်။

(စာရေးတံ ဆင်စွယ် လက်မှတ်ပုံစံ)

* အနာထပိဏ်သေဋ္ဌေးကြီး အိမ်သို့ နက်ဖန်နံနက် ဆွမ်းအလို့ငှါ ဤစာရေးတံ လက်မှတ်ကို ယူဆောင်တော်မူ၍ ဆွမ်းအလှူခံ
* ကြွတော်မူပါ အရှင်သူမြတ်ဘုရား။

ဤပုံစံအတိုင်း ဆင်စွယ်လက်မှတ်ပေါင်း ငါးရာပြုလုပ်၍ ထားပြီးလျှင် တွေ့မြင်ရာ ရဟန်းသံဃာတို့၏လက်သို့ကပ်လိုက်၍ ထိုလက်မှတ်တို့ကိုယူဆောင်၍ လာကုန်သော ရဟန်းသံဃာ ငါးရာတို့ကို နေ့စဉ်မပြတ် နိစ္စဒါနသလာက စာရေးတံ ဆွမ်းဝတ်ကို လှူဒါန်း ကျွေးမွေးလျက် ဝတ်မပျက်အောင် ပြုလုပ်၏။

ပိဏ္ဍပါတ် ဆွမ်းလောင်းဝတ်မှာကား ဆွမ်းတို့ကို လောင်းရန် ချက်ပြုတ်၍ ထားသော်လည်း ရဟန်းသံဃာတော်တို့ အလိုရှိ၍ ဆွမ်းရပ် လာမှသာလျှင် လောင်းလှူရ၏။ ရဟန်းသံဃာတို့မလာလျှင် ထိုချက်ပြုတ်၍ ထားသော ဆွမ်းတို့ကို သူတောင်းစားတို့အား ပေးကမ်းစွန့်ကြဲ လိုက်ရလေတော့၏။

ဤစာရေးတံ လက်မှတ် နိဗ္ဗဒ္ဓသလာက ဆွမ်းဝတ်သည်ကား- ဆင်စွယ် လက်မှတ်ကို ကပ်လိုက်သော ရဟန်းသံဃာငါးရာတို့သည် မလာဘဲ မနေနိုင် တော့ပြီ။ ဆင်စွယ်လက်မှတ်ကို ယူသွားလျက်ရှိသောကြောင့် တခြားအိမ်က ပင့်သွားခြင်း ရှိသော်လည်း ထိုလက်မှတ်ကို ယူဆောင်၍ အနာထပိဏ် သေဋ္ဌေးကြီးအိမ်သို့ ရောက်အောင် ကြွတော်မူရ၏။ အကယ်၍ မိမိမကြွလို လျှင် ထိုဆင်စွယ် လက်မှတ်ကို တပါးသော ရဟန်းအား တဆင့်ပေးလိုက်ရ ၏။ ထိုတဆင့်လက်မှတ်ရသော ရဟန်းသည်သွားရ၏။ မသွားလိုလျှင် ထိုအတူ ပင် တပါးသော ရဟန်းကို တဆင့်ပေးရ၏။

ထို့ကြောင့် အနာထပိဏ် သေဋ္ဌေးကြီး အိမ်၌ ရဟန်းသံဃာ ငါးရာတို့ သည် ပုံသေရောက်၍ နေသဖြင့် သား, မြေးစဉ်ဆက် ဝတ်မပျက်ဘဲ အဆက် ရှည်ကြာစွာ တည်၍နေ၏။ အနာထပိဏ်သေဋ္ဌေးကြီးသည်ကား.... မြတ်စွာ ဘုရား ပရိနိဗ္ဗာန် မပြုမီလျှင် သေဆုံးသဖြင့် အနာထပိဏ္ဍိက နတ်သားဖြစ်၍ မြတ်စွာဘုရား အထံသို့ လာပြီးလျှင် ဂါထာဖြင့် လျှောက်ကြားကြောင်းကို သဂါထဝဂ္ဂ သံယုတ်ပါဠိတော်၌ရှိ၏။ အနာထပိဏ်သေဋ္ဌေးကြီး မကျန်းမာ ၍ သေခါနီးတွင် အရှင် သာရိပုတ္တရာကို ပင့်၍ တရားနာကြောင်းကို ဥပရိပဏ္ဏာသ ပါဠိတော်၌ ရှိ၏။

အနာထပိဏ်-သေဋ္ဌေးကြီး သေဆုံးပြီးနောက် သား, မြေး, မြစ်တိုင်အောင် ဆက်၍ ထိုစာရေးတံ နိစ္စဒါနသလာက ဆွမ်းဝတ်သည် မပျက်သေးလည်း ဆင်းရဲစွယ်လက်မှတ် ငါးရာပြည့်အောင် မလှူနိုင်ဘဲ တဖြေးဖြေး ဆုတ်ယုတ်ပါးရှား နွမ်းပါးဆင်းရဲ ဥစ္စာမဲ့သဖြင့် နိစ္စဒါနသလာက ဆွမ်းဝတ် စာရေးတံ လက်မှတ် တပါးစာ့ တခုသာ ပို၍ မလှူနိုင်ဘဲ ဖြစ်၏။

## စာရေးတံလက်မှတ် တခုဖြင့် နိစ္စဒါန ဝတ်ပြု၍ မိဖုရားဖြစ်သော မိန်းမကလေးဝတ္ထု

ထိုအနာထပိဏ်သေဋ္ဌေးကြီးအိမ်၌ အနာထပိဏ်သေဋ္ဌေးကြီး သေဆုံးပြီးနောက် သား, မြေး, မြစ်ရောက် နောက်ပေါက်, နောက်မွေး သေဋ္ဌေးမျိုးတို့သည် အနာထပိဏ် သေဋ္ဌေးကြီးကဲ့သို့ ဒါနကုသိုလ်ကံ အကျိုးပေးခွင့် မဆိုက်သေး၍ တဖြေးဖြေး ဆုတ်ယုတ်ပါးရှား, နွမ်းပါးဆင်းရဲ, ဥစ္စာမဲ့သဖြင့် တယောက်ထဲသာ ကျန်ရစ်ရှာသော မိန်းမကလေး တယောက်သည် စာရေးတံလက်မှတ်တခုသာ ပိုလွန်၍ မလှူနိုင်သည် ရှိသော် ထိုမိန်းကလေးသည် သေဘဝါဟန တိုင်းသို့သွား၍ ကောက်နယ် သလင်း၌ ကောက်သင်းကောက်၍ ရသော စပါးတို့ဖြင့် ထိုစာရေးတံ ဆွမ်းဝတ်ကို ဆက်၍ ဝတ်မပျက်အောင်လှူ၏။

ထိုအကြောင်းကိုသိသော မထေရ်တပါးသည် မင်းကြီးအား ပြောကြားသဖြင့် ထိုမိန်းကလေးကို နန်းဘော်သို့ ဆောင်ယူ၍ အဂ္ဂမဟေသီ မိဖုရားကြီး အရာ၌ထားသေ၏။ ဤသို့မိဖုရားကြီး ဖြစ်သော အခါမှ စ၍ နောင်တဖန် ဆင်းစွယ်လက်မှတ် ငါးရာတို့ဖြင့် နိစ္စဒါနသလာက ဆွမ်းဝတ်ကို ဆက်၍ ဝတ် မပျက်အောင် လှူရ ပြန်လေ၏။ (သီလက္ခန် အဋ္ဌကထာ၊ ကူဋဒန္တ သုတ်အဖွင့်)။

မှတ်ချက်။ ။ဤစာရေးတံနိစ္စဒါနသလာက ဆွမ်းဝတ်သည် သံဃိက ဖြစ်သောကြောင့် သမုဒ္ဒရာ၌ ရှိသော ရေတို့ကို ဤမျှ ဤမျှရှိ၏– ဟူ၍ နှိုင်းယှဉ်ခြင်းငှါ ပမာဏကို မသိနိုင်သကဲ့သို့ ထိုကောင်းမှုကံ၏အကျိုးဆက်၏ ပမာဏကို မသိနိုင်အောင် များသော အကျိုး ရှိကြောင်းကို အဋ္ဌကထာ ဆို၏။

ထို စာရေးတံနိစ္စဒါနထက် သံဃိကကျောင်း ဆောက်၍ လှူခြင်းသည် အကျိုး ကြီး ကြောင်း၊ ထိုသံဃိက ကျောင်း ဆောက်လုပ်၍ လှူသော ကုသိုလ်ထက် ဗုဒ္ဓံသရဏံဂစ္ဆာမိ– ဘုရားကို ကိုးကွယ် ဆည်းကပ်ပါ၏။ ဓမ္မံ

သရဏဂုံ့ ဂစ္ဆာမိ-တရားတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ သံဃံသရဏံဂစ္ဆာမိ-သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏-ဟု ဆို၍ သရဏဂုံကို ဆောက်တည်ခြင်း၏ အကျိုးကြီးကြောင်းကို လည်းကောင်း-

ထို့ထက် သူ့အသက်သတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း, သူ့အိမ်ရာကို လွန်ကျူးခြင်း, မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း, အရက် ကစော်သောက်ခြင်း ဤငါးပါးတို့ကို ရှောင်ကြဉ်ခြင်း ဝိရတိသီလသည် အကျိုးကြီးကြောင်းကို လည်းကောင်း-အဋ္ဌကထာတို့၌ လာရှိပေသည်။

## ဝိရတီ သုံးပါး အကြောင်း

ထိုဝိရတီသီလသည်လည်း သမာဒါနဝိရတီ, သမ္ပတ္တဝိရတီ, သမုစ္ဆေဒဝိရတီ-ဟူ၍ သုံးပါးရှိ၏။ ထိုတွင် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ပါ၏။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏-စသည်ဖြင့် ဆောက်တည်၍ ရှောင်ကြဉ်ခြင်းသည် သမာဒါန ဝိရတီမည်၏။

ဤသို့ ဆောက်တည်ခြင်းကို မပြုသော်လည်း တွေ့ဆိုက်လာသော ထိုကံငါးပါးကို မလွန်ကျူးမူ၍ ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တဝိရတီမည်၏။

အရိယာပုဂ္ဂိုလ်၏မဂ်နှင့်ယှဉ်သော လောကုတ္တရာ ဝိရတီသည် သမုစ္ဆေဒဝိရတီမည်၏။

ထိုသုံးပါးသော ဝိရတီတို့တွင် သမာဒါနဝိရတီ၌,

၁။ ငါးပါးသီလ သိက္ခာပုဒ်ကို ဆောက်တည်ပါ၏-ဟု ဆို၍ တပေါင်းတည်းဆောက်တည်ခြင်း,

၂။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏စ သည်ဖြင့်(သိက္ခာပုဒ် တခုစီခွဲ၍) အသီးအသီးဆို၍ ဆောက်တည်ခြင်း-ဟူ၍ ဆောက်တည်ခြင်း နည်းသည် နှစ်နည်းရှိ၏။

ထိုနှစ်နည်းတို့တွင် တပေါင်းတည်း ဆောက်တည်သောနည်း၌ သိက္ခာပုဒ်တပါးကို လွန်ကျူးလျှင် ငါးပါးလုံးပျက်၏။ ပျက်ပုံကား-

လွန်ကျူးပျက်, ဆောက်တည်ပျက်-ဟူ၍ ပျက်ခြင်းနှစ်မျိုးရှိ၏၊ တပေါင်းတည်း ဆောက်တည်ရာ၌ သိက္ခာပုဒ်တပါးကို လွန်ကျူးလျှင် လွန်ကျူးသော သိက္ခာပုဒ်သည် လွန်ကျူးပျက်၊ ဆောက်တည်ပျက်အားဖြင့် နှစ်ပျက်လုံးပင်

ပျက်၏။ ကြွင်းသော သိက္ခာပုဒ်လေးပါးသည် ဆောက်တည် ပျက်သာလျှင် ပျက်၏။ (သမာဒါန ပျက်၏ဆိုလိုသည်။)

မလွန်ကျူးသော်လည်း ဆောက်တည်ခြင်း သမာဒါန ပျက်သည်။ ပျက်သော်လည်း မလွန်ကျူးသောကြောင့် ကံမမြောက်။ လွန်ကျူးသော သိက္ခာပုဒ်သာလျှင် ကံမြောက်သည်။

အရိယာပုဂ္ဂိုလ်၌ တည်သော သမုစ္ဆေဒဝိရတီသည်ကား— အသက်သေမည် အကြောင်းကြောင့်လည်း ထိုအရိယာပုဂ္ဂိုလ်သည် သူ့အသက်ကိုလည်း မသတ်။ သူ့ဥစ္စာကိုလည်း မခိုးယူ။ အရက်ကစော်ကိုလည်း မသောက်။

## ကြိုးကြာငှက်တို့သည် ရေကို ဘယ်အခါမှ မသောက်ကြောင်း

နို့ရည်နှင့် ရေကိုရောနှော၍ ကြိုးကြာငှက်ကို တိုက်သည်ရှိသော် နို့ရည်သာလျှင် ဝင်၏။ ရေမဝင်။ အဘယ်ကြောင့်နည်း။ ယောနိသိဒ္ဓကြောင့်တည်း။

ယောနိသိဒ္ဓ– ဆိုသည်ကား— ထိုကြိုးကြာငှက်သည် ပဋိသန္ဓေဇာတိ အမျိုးအားဖြင့် ရေဝင်သော အမျိုးမဟုတ်သောကြောင့်တည်း။

ထိုအတူပင်လျှင် အရိယာပုဂ္ဂိုလ်အား နို့ရည်နှင့် ကစော် အရက်ကို ရောနှော၍ ခံတွင်းသို့ အတင်းအဓမ္မလောင်းတိုက်သော်လည်း နို့ရည်သာလျှင် ဝင်၏။ ကစော်ရည်, အရက်ရည်တို့ မဝင်။ အဘယ်ကြောင့်နည်း။ ဓမ္မတာသိဒ္ဓကြောင့်တည်း။ (သီလက္ခန် အဋ္ဌကထာ)

သုရာမေရယ ပါနေ ပါစိတ္တိယံ။

ဤသိက္ခာပုဒ်၏ မူလဝတ္ထုဖြစ်သော ပုဂ္ဂိုလ်သည် ရဟန္တာ အရှင်သာဂတထေရ်ဖြစ်၏။

> အစိတ္တကံ လောကဝဇ္ဇံ အကုသလစိတ္တံ မဇ္ဇပါနံ သာမဏေရာနံ သစိတ္တကံ၊ ပါရာဇိကဝတ္ထု (အဋ္ဌကထာ)
> အနာပတ္တိ သူပသမ္ဘာကေ။ (ပါဠိတော်)

သုရာမေရယပါနေ၊ ယစ်မျိုးငါးပါးကို သောက်ခြင်းကြောင့်။ ပါစိတ္တိယံ ပါစိတ်အာပတ်သင့်၏။

ဤဒ်၊ ဤသုရာပါနသိက္ခာပုဒ်သည်။ အစိတ္တကံ၊ ယစ်မျိုးငါးပါးဟု မသိသော် လည်းကောင်း, လွန်ကျူးလိုသော စိတ်မရှိသော် လည်းကောင်း,

အာပတ် သင့်သော သိက္ခာပုဒ်သည်။ (ဝါ) အစိတ္တကံ၊ စိတ်မရှိဘဲလည်း အာပတ်သင့်၏။ လောကဝဇ္ဇံ၊ လောကပြစ်ရှိ၏။ အကုသလစိတ္တံ၊ အကုသိုလ် စိတ်ကြောင့်ဖြစ်၏။ သာမဏေရာနံ၊ သာမဏေတို့အား။ မဇ္ဇပါနံ၊ ယစ်မျိုးကို သောက်ခြင်းသည်။ သစိတ္တကံ၊ ယစ်မျိုးဟု သိသောစိတ်။ လွန်ကျူးလိုသော စိတ် ရှိမှ။ ပါရာဇိကံ၊ လိင်ကျ၏။

သူပသမ္ပာကေ၊ အနုံထုံရုံမျှ အနည်းငယ် ဟင်းခတ်၍ချက်သော ယစ်မျိုး၌။ အနာပတ္တိ၊ အာပတ်မသင့်။ (ဤနေရာကို ရှေ့နောက် ညှိနှိုင်း၍ ကြံဘို့ အချက် ရှိ၏။)

ထိုငါးပါးသီလကို မဟာဒါန–ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

> ပဉ္စိမာနိ ဘိက္ခဝေ ဒါနာနိ မဟာဒါနာနိ (လ)
> ပါဏာတိပါတာ ပဋိဝိရတော ဘိက္ခဝေ အရိယသာဝကော
> အပရိမာဏာနံ သတ္တာနံ အဘယံ ဒေတိ၊ အဝေရံ ဒေတိ၊ အဗျာ
> ပဇ္ဈံ ဒေတိ၊ အပရိမာဏာနံ သတ္တာနံ အဘယံ ဒတွာ, အဝေရံ
> ဒတွာ, အဗျာပဇ္ဈံ ဒတွာ အပရိမာဏဿ, အဘယဿ,အဝေရဿ,
> အဗျာပဇ္ဈဿ ဘာဂီ ဟောတိ။
> အဒိန္နာဒါနာ ပဋိဝိရတော ဘိက္ခဝေ (လ)
> ကာမေသု မိစ္ဆာစာရာ ပဋိဝိရတော (လ)
> မုသာဝါဒါ ပဋိဝိရတော (လ)
> သုရာ မေရယ မဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဘိက္ခဝေ အရိယ
> သာဝကော အပရိမာဏာနံ သတ္တာနံ အဘယံ ဒေတိ၊ အဝေရံ
> ဒေတိ၊ အဗျာပဇ္ဈံ ဒေတိ (လ) ဘာဂီဟောတိ။

ဘိက္ခဝေ၊ ရဟန်းတို့– မဟာဒါနာနိ၊ မဟာဒါန အလှူတော်ကြီးတို့ သည်။ ပဉ္စိမာနိ၊ ဤငါးပါးတို့တည်း။ (လ)

ဘိက္ခဝေ၊ ရဟန်းတို့။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သော။ အရိယသာဝကော၊ တပည့်မြတ်သည်။ အပရိမာဏာနံ၊ အပိုင်းအခြား မရှိ–အတိုင်းမသိကုန်သော။သတ္တာနံ၊ သတ္တဝါ တို့အား။ အဘယံ၊ ဘေးမဲ့ကို။ ဒေတိ၊ ပေး၏။ အဝေရံ၊ ရန်ကင်းသည်ကို။ ဒေတိ။ ပေး၏။ အဗျာပဇ္ဈံ၊ စိတ်ဆိုးနှောင့်တွန့် ဗျာပါဒကင်းသည်ကို။ ဒေတိ၊ ပေး၏။

အပရိမာဏာနံ၊ အပိုင်းအခြားမရှိ အတိုင်းမသိကုန်သော၊ သတ္တာနံ၊ သတ္တဝါတို့အား။ အဘယံ၊ ဘေးကင်းသည်ကို။ ဒတွာ၊ ပေးသောကြောင့်။

အဒဝရုံ၊ ရန်ကင်းသည်ကို။ ဒတွာ၊ ပေးသောကြောင့်။ အဗျာပဇ္ဈံ၊ ပူပန်ကြောင့်ကြ ဗျာပါဒကင်းသည်ကို။ ဒတွာ၊ ပေးသောကြောင့်။ အပရိမာဏဿ၊ အပိုင်းအခြားမရှိ အတိုင်းမသိသော။ အဘယဿ၊ ဘေးမဲ့ခြင်း၏။ အဝေရဿ၊ ရန်ကင်းခြင်း၏။ အဗျာပဇ္ဈဿ၊ စိုးရိမ်နှောင့်တွန့်-ကြောင့်ကျဗျာပါ ပူဆာမရှိခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

## အထူး မှတ်သားဘွယ်များ

သရဏဂုဏ်ကို ဆောက်တည်ခြင်းထက် ငါးပါးသီလကို ဆောက်တည်ခြင်းသည် အကျိုးကြီး၏ ဟူ၍ ဟောတော်မူရာ၌ သာသနာပ ငါးပါးသီလကို ဟောတော်မူသည်မဟုတ်။ သာသနာတော်တွင်း သရဏဂုဏ် တည်ပြီးသော ပုဂ္ဂိုလ်၏ ငါးပါးသီလကိုသာလျှင် သရဏဂုဏ်ကို ဆောက်တည်ခြင်းထက် အကျိုးရှိသည်-ဟူ၍ ဟောတော်မူသည်။

သရဏဂုဏ်သည် တကြိမ်ဆောက်တည်လျှင် တည်တော့သည်။ နောက်ကို အထပ်ထပ်ဆောက်တည်ခြင်းကား.... ကုသိုလ်စိတ် တိုးပွားခြင်းသာလျှင်ဖြစ်၏၊ သရဏဂုဏ်ပျက်၍ ဆောက်တည်သော သဘော မဟုတ်။

ငါးပါးသီလ၌ ပျက်၍ ဆောက်တည်ရခြင်း ရှိ၏။ သရဏဂုဏ်ပျက်ခြင်းမှာကား.... ငါတို့အရှင်ဂေါတမဘုရားကို ဘုရားမဟုတ်-ဟူ၍လည်းကောင်း။ အရှင်ဂေါတမ ဟောတော်မူသော တရားတော်ကို တရားမဟုတ်- ဟူ၍လည်းကောင်း, အရှင်ဂေါတမ၏ တပည့် သံဃာကို သံဃာမဟုတ်- ဟူ၍လည်းကောင်း ဖယ်ရှားစွန့်ပစ်မှသာလျှင် သရဏဂုဏ် ပျက်တော့သည်။

ဘုရားဟုတ်လေသလော, မဟုတ်လေသလော အရှင်ဂေါတမသည် ဘုရားဟုတ်မှ ဟုတ်ပါမည်လော။ အလုံးစုံသော တရားကို အကုန်အစဉ် သိ၏-ဟူသည် ဟုတ်မှ ဟုတ်ပါမည်လော၊ ဤသို့စသည်ဖြင့် တွေးတောယုံမှားခြင်းရှိလျှင် သရဏဂုဏ် ညှိုးနွမ်း၏။ ပျက်ခြင်းကား မဖြစ်။

ထိုငါးပါး သီလနှင့် သရဏဂုဏ်တို့ကို ဆောက်တည်ခြင်းထက် ဥပသမ္ပဒအဖြစ်သည် အကျိုးကြီးကြောင်းကို စူဠသီလ,မဇ္ဈိမသီလမှ စ၍ အရဟတ္တဖိုလ်တိုင်အောင် ဟောတော်မူ၏။ အရဟတ္တဖိုလ်ထက် လွန်မြတ်သော တရားကား-မရှိဘော့ပြီ။

ကူဋဒန္တသုတ်ဝတ္ထု ပြီး၏။

# ၆။ မဟာလိသုတ် ဝဏ္ဏ

## ဝေသာလီပြည်၏အနီး မဟာဝုန်တောကြီးအကြောင်း

ဝေသာလီပြည်ကြီးကို တည်သောအခါ၌ ဟိမဝန္တာတောင်ကြီး အနီးကြီးစွာသော တောကြီးသည် ရှိ၏။ ထိုတောကြီးသည် ဟိမဝန္တာနှင့် တဆက်ထည်း, တစပ်ထည်းဖြစ်၏။ အလိုလိုပေါက်ကြကုန်သော သယံဇာတ သစ်ပင်ကြီး အမျိုးမျိုး, ချုန်နွယ်ပိတ်ပေါင်း, သောင်းပြောင်း ရောနှော များစွာသော သစ်ပင်, ဝါးပင်တို့ဖြင့် ဖုံးအုပ်လျက် အလွန်ကြီးကျယ်သော တောအုပ်ကြီး ဖြစ်၏။ ထို့ကြောင့် ထိုတောအုပ်ကြီးကို မဟာဝုန်တော-ဟူ၍ ဆိုကြကုန်၏။

ထိုမဟာဝုန် တောစပ်၌ ဝေသာလီပြည်ကြီးကို တည်၍ လိစ္ဆဝီမင်းမျိုးတို့သည် သား, မြေး, မြစ်တို့ဖြင့် ပြန့်ပွားလျက် မြို့ရိုးတံတိုင်းတို့ကို သုံးထပ်ရှိအောင် တိုးချဲ့ ကာရံ၍ ကြီးကျယ် သော မြို့ကြီး ဖြစ်သောကြောင့် "ဝိသာလီဘူတတ္တာ ဝေသာလီ"- ဟူသော ဝစနတ္ထနှင့် အညီ ဝေသာလီ-ဟူသော ပါဠိဘာသာ စကားဖြင့် ထင်ရှားကျော်ဇောသော မြို့ကြီး ဖြစ်၏။ မြန်မာဘာသာအားဖြင့် (မြို့ကြယ်ကြီး)ဟူ၍ ဆိုအပ်၏။

ထိုဝေသာလီ အမည်ရှိသော (မြို့ကြယ်ကြီး)၏ အနီး ဟိမဝန္တာနှင့် တစပ်ထည်း နေသော မဟာဝုန်တောကြီးအတွင်း၌ ကဏ္ဏိက-ကွန်းတိုင်-ခေါင်တိုင်တို့ကို စိုက်ထူ၍ ထိုကဏ္ဏိက- ကွန်းတိုင်- ခေါင်တိုင်တို့၏ အထက်၌ ထုပ်-သျှောက်-တို့ကို တင်၍ အထွဋ်အဖူးတို့ဖြင့် တင့်တယ်စွာ နတ်ငံမာန်ကဲ့သို့သော ပြဿာဒ်ကြီးကို တောင်, မြောက်, အလျားရှည်စွာ အရှေ့မျက်နှာသို့ ကျောင်းဦး လှေခါး လမ်း ဖေါက်ထားလျက် ခမ်းနား ကြီးကြယ်စွာ ဆောက်လုပ်အပ်သော ကူဋာဂါရသာလာ အမည်ရှိသော ကျောင်းတိုက်တော်ကြီးသည် ရှိ၏။ ထိုကျောင်းတိုက်ကြီး၌ မြတ်စွာဘုရားနေတော်မူသောအခါ အရှင်နာဂိတထေရ်သည် မိမိ၏တူတော်ဖြစ်သော သိဟအမည်ရှိသော သာမဏေနှင့် အတူတကွ မြတ်စွာဘုရား၏ အလုပ်အကျွေးပြု၍ နေ၏။

ထိုအခါ၌ ကောသလတိုင်း, မာဂဓတိုင်းတို့မှ တင့်တခုသော ကိစ္စဖြင့် ဝေသာလီ မြို့ကြယ်ကြီးသို့ ရောက်လာကြကုန်သော များနှာကုန်သော ပုဏ္ဏား

တမန်တို့သည် မြတ်စွာဘုရားကို ဖူးမြင်ရန် မဟာဝုန်ကျောင်းတိုက်တော်ကြီးသို့ ရောက်လာကြ၍ အရှင်နာဂိတထေရ်ကို ဤသို့လျှောက်ကြကုန်၏။

အရှင်နာဂိတဘုရား၊ ယခုအခါ၌ မြတ်စွာဘုရားသည် အဘယ်မှာ သီတင်းသုံးတော်မူပါသနည်း? တပည့်တော်တို့သည် မြတ်စွာဘုရားကို ဖူးမြင်လိုပါကုန်၏--ဟု လျှောက်ကြကုန်၏။

ငါ့ရှင်- ဒါယကာတို့၊ ယခု အခါ၌ မြတ်စွာဘုရားသည် တိတ်ဆိပ်ရာ၌ ကိုယ်တော်တပါးထည်း ကျိန်းဝပ်တော်မူသောအခါ ဖြစ်၍ ဖူးမြင်သင့်သော အခါ မဟုတ်သေး-ဟု ဆို၏။

ထိုအခါ၌ ထိုပုဏ္ဏားတမန်တို့သည် မြတ်စွာဘုရားကို ဖူးမြင်ပြီးမှသာလျှင် ပြန်ကြကုန်အံ့--ဟု သင့်တင့်ရာ၌ စောင့်ဆိုင်းကာ နေကြကုန်၏။

ထိုအခါ နှုတ်ခမ်းထက်ဝက်ကွဲသောကြောင့် ဩဋ္ဌဒ္ဓ-ဟူ၍ ထင်ရှားသော မဟာလိ အမည်ရှိသော လိစ္ဆဝီမင်းသည်လည်း နံနက်အခါက ဗုဒ္ဓပမုခ-ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းလုပ်ကျွေးပြီး၍ မြတ်စွာဘုရား အထံ၌ရှစ်ပါးသောအင်္ဂါရှိသော ဥပုသ်သီလကိုဆောက်တည်ပြီး၍ ပစ္ဆာဘတ္တ၌ ဆွမ်းကိစ္စတို့ ပြီးထ လွန်မြောက် နေ့ခင်းရောက်သော် များစွာကုန်သော လိစ္ဆဝီမင်း ပရိသတ်တို့နှင့်တကွ ပန်းနံ့သာလက်စွဲကုန်လျက် မဟာဝုန်ကျောင်းတိုက်တော်ကြီးသို့ လာကြကုန်၍ အရှင်နာဂိတအား လျှောက်ကြားကြသော အခါလည်း ရှေးနည်းအတူပင် ဖူးမြင်သင့်သော အခါမဟုတ်သေးကြောင်း ပြောကြားလိုက်၏။

ထိုလိစ္ဆဝီမင်း ပရိသတ်သည်လည်း သင့်ရာတော်ရာ အရိပ်အေးရာသစ်ပင် ရိပ် စသည်တို့၌ စောင့်ဆိုင်းကာ နေကြကုန်၏။ ထိုသို့ နေကြကုန်သော ပရိသတ်တို့သည် ရာဇကထာ, စောရကထာ အစရှိသော တိရစ္ဆာနကထာ တို့ကို ပြောဆို၍ နေကြသည်မဟုတ်, ရတနာသုံးပါးနှင့် စပ်သောစကားဘို ကိုသာလျှင် ချီးမွမ်းပြောဆိုကာ နေကြကုန်၏။

ထိုအခါ၌ ခုနစ်နှစ်သား အရွယ်က သာမဏေပြု၍နေသော သီဟသာမဏေ သည် ထိုပရိသတ်ကြီးကို မြင်၍ ဤပရိသတ်ကြီးသည် မဟာဝုန်ကျောင်း တိုက်ကြီးကို ပြည့်၍နေအောင် များလှစွာ၏တကား-- ယနေ့ ဤသို့ များလှ စွာသော ပရိသတ်ကြီး၌ မြတ်စွာဘုရားသည် ကြီးစွာသော လုံ့လတော်ဖြင့် တရားတော်ကို ဟောတော်မူလတံ့။ ငါသည် ဥပဇ္ဈာယ်ဆရာဖြစ်သော ငါ၏ ဦးလေးဘုန်းတော်ကြီး အရှင်နာဂိတကို လျှောက်ကြားအံ့-ဟု နှလုံးပြု၍ ထိုသီဟသာမဏေသည် အရှင်နာဂိတထေရ်၏ အထံသို့ သွား၍ ရှိသေစွာရှိခိုး ပြီးလျှင် ဤသို့ လျှောက်ကြား၏။

အရှင်ကဿပဘုရား—ကောသလတိုင်းသား ပုဏ္ဏားရွာ၌ မာဂဓတိုင်းသား ပုဏ္ဏားတမန်တို့သည် လည်းကောင်း, မဟာလိစ္ဆဝီမင်းသည် လည်းကောင်း, များစွာသော ပရိသတ်တို့သည် မြတ်စွာဘုရားကို ဖူးမြင်ရန်ရောက်၍ နေကြပါကုန်၏။

ထို ပရိသတ်သည် မြတ်စွာဘုရားအား ဖူးမြင်ခြင်းကို ရပါမူကား.... ကောင်းလှ ပါတော့သည် အရှင်ကဿပဘုရား-ဟူ၍ အရှင်နာဂိတထေရ်ကို အနွယ်အားဖြင့် လျှောက်ကြားလေ၏။

ငါ့ဘူ သီဟသာမဏေ- ငါသည်ကား-ဝဖြိုးကြီးမားသော ကိုယ်ရှိသဖြင့် အသွားအလာ အထအထိုင် လေးလံ၏။ သင်သည်မူကား မြတ်စွာဘုရားကို ဝတ်ကြီး ဝတ်ငယ် ထလွယ်, ထိုင်လွယ်, သွားနိုင်လွယ်၍ ပေါ့ပါး လျှင်မြန်စွာ သွားလာပြုလုပ်ရသဖြင့် မြတ်စွာဘုရားနှင့် အကြွမ်းဝင်၏။ သင်သည် ပင်လျှင် မြတ်စွာဘုရားအား လျှောက်ကြားချေလော့-ဟု မိန့်တော်မူလိုက်၏။

မှန်ပါဘုရား-ဟု ဆို၍ သီဟသာမဏေသည် မြတ်စွာဘုရား အထံသို့ သွားပြီးလျှင် ရှိသေစွာရှိခိုးလျက် ဤသို့လျှောက်ကြား၏။ အလုံးစုံသော သတ္တဝါတို့အား သနားကရုဏာရှိတော် မူလှပေသော သဗ္ဗညုမြတ်စွာဘုရား၊ ကောသလနှင့် မာဂဓတိုင်းသား ပုဏ္ဏားတမန်တို့သည် လည်းကောင်း, ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းသည် လည်းကောင်း များလှစွာသော လိစ္ဆဝီမင်း ပရိသတ်တို့နှင့်တကွ မြတ်စွာဘုရားအား ဖူးမြင်လိုကြ ကုန်သည် ဖြစ်၍ မဟာဝုန်ကျောင်းတိုက်အတွင်းသို့ လာရောက်စောင့်ဆိုင်းကာ နေကြရပါသည် မြတ်စွာဘုရား။

ထိုများစွာသော ပရိသတ်အပေါင်းသည် အရှင်ဘုရားအား ဖူးမြင်ခြင်းကို ရပါမူကား ကောင်းလှပါတော့သည် မြတ်စွာဘုရား—ဟူ၍ လျှောက်ကြားတောင်းပန်လေ၏။

ချစ်သားသီဟ- ယင်းသို့ဖြစ်သော် ကျောင်းတော်ရိပ်၌ နေရာကို ခင်းလေလော့—ဟု မိန့်တော်မူလိုက်၏။ထိုအခါ၌ သီဟသာမဏေသည် ကျောင်းတော်ကြီး အရိပ်၌ နေရာကိုကောင်းစွာ ခင်းထားလေ၏။

မြတ်စွာဘုရားသည်လည်း ပုဗ္ဗဝိဒေဟ- အရှေ့ကျွန်းမှ လပြည့်ဝန်းပေါ်ထွက်၍ ထက်ဝန်းကျင် ဒေသမှ လ၏အရောင်တို့သည် တောင်ဟိမဝန္တာ မဟာဂနိုင် တောမြိုင်ညိုဖြား, သစ်ပင်ကြားတို့မှ ပြေးသွား ဝင်းလက်, တိုး၍ ထွက်သကဲ့သို့ တခဲနက်သော ရောင်ခြောက်သွယ်တို့သည် ကာကွယ်ပိတ်ထားသော တံခါးပေါက်, ပြတင်း လေသာ တံခါးရွက်တို့၏ အကြားမှ ကြီးမား

လှစွာသော ခေတ်မီးရောင်တို့ ကဲ့သို့ ပြန့်ကြဲထိုးထွက် ဖြာ၍ တက်သော ဘုရား၏ ရောင်ခြည်တော်တို့ဖြင့် ထွန်းလင်း သပ္ပာယ် တင့်တယ်လှစွာ ကျောင်းခန်းသာမှ မဟာကရုဏာတော် နှိုးဆော်တိုက်တွန်းအပ်သော နှလုံးတော်ရှိလျက် ထွက်ကြွလာတော် မူပြီးလျှင် ခင်းထားအပ်သော ဘုရား၏ နေရာထက်၌ နေထိုင်တော်မူ၏။

ထိုအခါ၌ များစွာသော ပုဏ္ဏားပရိသတ်, လိစ္ဆဝီမင်း ပရိသတ်တို့သည် မြတ်စွာဘုရား အထံသို့ ဆည်းကပ်လာကြ၍ ရိုသေစွာရှိခိုးပြီးလျှင် သင့်တင့် လျောက်ပတ်စွာ ထိုင်နေကြကုန်၏။ မဟာလိအမည်ရှိသော ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းသည် မြတ်စွာဘုရားအား ဤသို့မေးလျှောက်လေ၏။

အချားသတ္တဝါ၊ ဝေနေယျာကို မဟာကရုဏာတရား၊ ဒယာအားဖြင့် သနားကြင်နာတော်မူလှပေသော မြတ်စွာဘုရား- ယမန်နေ့အလွန်ဖြစ်သော ရှေးနေ့တို့က သုနက္ခတ် အမည်ရှိသော လိစ္ဆဝီမင်းသားသည် တပည့်တော်အား ဤသို့ပြောကြားလာပါ၏။

မိတ်ဆွေ-မဟာလိ၊ ငါသည် မြတ်စွာဘုရားကို အမှီပြု၍ သုံးနှစ်ကြာအောင် နေ၏၊ ထိုအခါဝယ် နတ်၌ဖြစ်သော အဆင်းတို့ကိုကား မြင်ရ၏။ နတ်၌ဖြစ်သော အသံတို့ကိုကား မကြားရပေ။ ဤသို့ပြောကြားလာပါသည် မြတ်စွာဘုရား။ ထိုသုနက္ခတ်ပြောသော စကားသည် ဟုတ်မှန်ပါသလော, မဟုတ် မှန်သော စကား ဖြစ်ပါသလော။

ချစ်သား-မဟာလိ.... သုနက္ခတ်သည် နတ်၏ အဆင်းတို့ကို ဟုတ်မှန်သည် အတိုင်း မြင်ရ၏၊ နတ်၏အသံတို့ကိုကား မကြားရပေ။ သုနက္ခတ် ပြောသော စကားသည် ဟုတ်မှန်သော စကားဖြစ်၏။ မမှန်သောစကား မဟုတ်။

မဟာကရုဏာ ကြီးလှစွာသော မြတ်စွာဘုရား သုနက္ခတ်သည် နတ်၏ အသံ ထင်ရှားရှိလျက် မကြားပါသလော။ (သို့မဟုတ်) နတ်၏အသံ ထင်ရှား မရှိ၍ မကြားပါသလော။

ချစ်သား-မဟာလိ၊ သုနက္ခတ်သည် နတ်၏အသံ ထင်ရှားရှိလျက် မကြားခြင်း ဖြစ်၏၊ နတ်၏အသံ ထင်ရှားမရှိ၍ မကြားသည်မဟုတ်။

နတ်၏အသံ ထင်ရှားရှိပါလျက် အဘယ်အကြောင်းကြောင့် သုနက္ခတ်သည် မကြားပါသနည်း မြတ်စွာဘုရား?။

ချစ်သား-မဟာလိ၊ ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရသောရဟန်းသည် နတ်၏ အဆင်းကိုသာ မြင်နိုင်၏။ နတ်၏ အသံကို မကြားနိုင်။

ဒိဗ္ဗသောတ အဘိညာဏ်ကို ရသောရဟန်းသည် နတ်၏ အသံကိုသာ ကြားနိုင်၏။ နတ်၏အဆင်းကို မမြင်နိုင်။ ဒိဗ္ဗစက္ခုအဘိညာဏ်, ဒိဗ္ဗသောတ အဘိညာဏ် နှစ်ပါးစုံကိုရသော ရဟန်းသည် နတ်၏အဆင်းကိုလည်း မြင်နိုင်၏။ နတ်၏အသံကိုလည်း ကြားနိုင်၏။ ချစ်သား မဟာလိ၊ ဤသည်ကား အကြောင်းတည်း- ဟူ၍ ဖြေကြားမိန့်မြွက်တော်မူ၏။

## သုနက္ခတ်အမည်ရှိသော လိစ္ဆဝီမင်းသားရဟန်းသည် ဘုရားကို ရန်ငြိုးဖွဲ့ကြောင်း

သုနက္ခတ်အမည်ရှိသော လိစ္ဆဝီမင်းသားသည်ရဟန်းပြု၍ မြတ်စွာဘုရား၏ သပိတ်ပရိက္ခရာဘို့ကို လွယ်ကာ ဆောင် ယူလျက် နောက်တော်မှ လိုက်၍ အလုပ်အကျွေး ရဟန်းအဖြစ်ဖြင့် သုံးနှစ်ပတ်လုံးနေ၍ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရအောင် ကမ္မဋ္ဌာန်းနည်း ပရိယာယ်ကို တောင်းပန်၍ မြတ်စွာ ဘုရားသည် ဟောကြား ညွှန်ပြတော်မူ၏။

ထိုသုံနက္ခတ်ရဟန်းသည် မြတ်စွာဘုရား ဟောကြား ညွှန်ပြတော် မူသည့် အတိုင်း ကျင့်သည်ရှိသော် ဒိဗ္ဗစက္ခုအဘိညာဏ်ကိုရ၍, နတ်တို့၏ အဆင်းကို မြင်ရသည်ရှိသော် ဤသို့ တင့်တယ်လျောက်ပတ် ကောင်းမြတ် သန့်ရှင်း ရုပ်အဆင်းနှင့်ချတ်ယှဉ်းမရှိ၊ ပြည့်စုံဘိ၍၊ ကြည့်ရှုမဝ၊အလွန်လှသော ကာယ ပုံဟန် ကိုယ်သဏ္ဌာန်၌ အသံစကား ပြောသံ များကို ငါ့အား စင်စစ် ကြားခြင်းဖြစ်က နှစ်သက်ဖွယ်သာ ရှိလေရာ၏။ ငါ့အား ယခု၊သဗ္ဗညုမှန်၊ဘုရား ထံသို့ ကိုယ်ဟန်နုနယ်၊ တင့်တယ်လှစွာ၊ နတ်ကညာတို့ ချိုသာ ကြည်အေး၊ ငြိမ့်လေး သာယာစွာ ပြောဆိုသော စကားအသံတို့ကို ကြားရအောင် လျှောက်ကြား တောင်းပန်ဦးအံ့-ဟု ကြံ၍,ဒိဗ္ဗသောတအဘိညာဏ်၏ ပရိကမ် ကို တောင်းပန် လျှောက်ကြားပြန်၏၊

လျှောက်ကြားသော်လည်း ဤသုနက္ခတ်ရဟန်းသည်-ရှေးဘဝ၌ သီလနှင့် ပြည့်စုံသော ရဟန်းတပါး၏ နားကိုကျောက်စရစ်ခဲဖြင့်ပစ်၍ နားပင်းအောင် ပြုလုပ်ခဲ့ဘူး၏။ ထိုကြောင့် မြတ်စွာဘုရားသည် ဒိဗ္ဗသောတ အဘိညာဏ်၏ ပရိကမ်ကို ပြောကြား ညွှန်ပြသော်လည်း ရနိုင်ပြည်မဟုတ်၍ ပြောကြား ညွှန်ပြတော်မမူ။

သုနက္ခတ်ရဟန်းသည်- ဤမျှလောက်ဖြင့် မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၍ ဤသို့ ကြံမိမှားလေ၏။ ကြံမိမှားပုံကား,...

ဤရဟန်းဂေါတမသည်ကား၊ ငါလည်းခတ္တိယမင်းမျိုး၊ သုနက္ခတ်လည်း ခတ္တိယမင်းမျိုး ဖြစ်၏၊ အကယ်၍ သုနက္ခတ်သည် ဉာဏ်တိုးပွားခြင်းဖြစ်သည် ရှိသော် သဗ္ဗညုအဖြစ်သို့ ရောက်လတံ့-ဟု ငါ၏သဗ္ဗညု ဖြစ်သွား မည့်ကို သူဝန်တို၍ သဗ္ဗညုမဖြစ်စေ လိုသောကြောင့် သာလျှင် ငါ့အားပြောကြား ညွှန်ပြခြင်းကို မပြုသည်မှာကား စင်စစ် မုချမှန်၏-ဟု အထင်မှားလေ၏။

"ရဟန်းဂေါတမသည် ပညာကို သိုဝှက်၍ ထား၏။ အကုန် ပြောကြား ခြင်းကို မပြု၊ အကုန်လုံး ပညာတွေကို ပြောကြားလျှင် ငါကဲ့သို့ သဗ္ဗညု ဘုရား ဖြစ်သွားလိမ့်မည်-ဟု သဘောထား၍ မပြောကြားဘဲ သူနေသည်။ ရဟန်းဂေါတမသည် သူသိသော ပညာတွေကို ငါ့အား အကုန်လုံး ပြော ကြားပါလျှင် ငါလည်း ကေန်စင်စစ်သဗ္ဗညုဖြစ်၏-ဟူသော အယူကိုသုနက္ခတ် ရဟန်းသည် စွဲလန်း၍ နေလေ၏"။ ထိုသို့ စွဲလန်းခြင်းကြောင့်- မြတ်စွာ ဘုရားကို ဤချလောက်ဖြင့် ရန်ငြိုးဖွဲ့ထားလေသတည်း။

"ရှည်လှစွာသော သံသရာ၌ တွေ့မြင် ခဲလှစွာသော မြတ်စွာ ဘုရားကို တွေ့မြင်ရပါသော်လည်းမိမိကံကချတ်ယွင်းခဲ့လျှင်တွေ့မြင်ခြင်းကြောင့်ပင်လျှင် တိုး၍ အပြစ်လေးမပြုန်၏။ ကြောက်မက်ဖွယ်ကောင်းလှ၏"။ ဤသို့စွဲလန်း ခြင်းရှိရုံမျှ မဟုတ်သေး၊ မိစ္ဆာဒိဋ္ဌိအစေဠက-အဝတ် မဝတ်သော ပါလိကပုတ္တ နှင့် ခွေးကျင့်ကျင့်၍ ခွေးကဲ့သို့ ပြာပုံထဲ၌အိပ်လျက် ခွေးကဲ့သို့ ခံတွင်းဖြင့် ထမင်းကို ဟတ်၍ စားသော ကောရခတ္တိယကို မြင်လျှင် ရဟန္တာ-ဟု မှတ်ထင်၏။

မြတ်စွာဘုရား၏ နောက်တော်မှ လိုက်လျက် ထိုကဲ့သို့ မှတ်ထင်သော သုနက္ခတ်၏ စိတ်အကြံကို မြတ်စွာဘုရား သိတော်မူ၍ နောက်ကို လှည့်၍ ကြည့်တော်မူကာ ဤ- သုနက္ခတ်၊ ငါဘုရား၏ အထံ၌နေ၍ ဤကဲ့သို့သော စိတ်အကြံမျိုးနှင့် သင်သည် ရဟန်း-ဟု ဝန်ခံဘိ၏ တကား-ဟု မိန့်တော် မူသောအခါ အရှင်ဘုရားသည် သူတပါး ရဟန္တာ ဖြစ်သည်ကို ဝန်တိုဘိ၏ တကား-ဟု ဆိုလေ၏။

"ရဟန်း ဂေါတမသည် ဤသို့သော တန်ခိုးပြ နည်းတွေကိုလည်း ငါ့အား ပြောကြားညွှန်ပြပါလျှင် ငါသည်လည်း ကေန်စင်စစ် သဗ္ဗညုဖြစ်၍, ဤသို့ သောတန်ခိုးတွေကို ပြနိုင်လေရာ၏"-ဟု အောက်မေ့ မှတ်ထင်ခြင်း ရှိသော ကြောင့် မြတ်စွာဘုရားအား ကြည်ညိုခြင်းမရှိသည့် အပြင် "ဤတန်ခိုးပြ နည်းတွေကိုလည်း ငါ့အားမပြောကြားဘူး" ဟူ၍တန်ခိုးပြသည်ကို မြင်လေ လေ၊ စိတ်ဆိုးလေလေ စိတ်ဆိုး၍ ရန်ငြိုးကိုသာ မြဲစွာဖွဲ့လေ၏။

မိမိ၏ပါရမီ ရေးကံကြမ္မာကို သူမမြင်ဘဲ ဘုရားကိုသာလျှင် အပြစ်မြင်၍ ရန်ငြိုး ထားခြင်းကိုသာလျှင် ပြုလေ၏၊ တိုသို့ ရန်ငြိုး ထားသည်ကို ပြု၍ မြတ်စွာဘုရားအထံတော်၌ မနေဘဲ လူဝတ်လဲသွားလေ၏။

လူထွက်၍သွားပြီးနောက် ဝေသာလီပြည်သို့ရောက်လျှင် မဟာလိ အမည်ရှိသော သြဋ္ဌဒ္ဓလိစ္ဆဝီမင်းနှင့် တွေ့၍ "နတ်၏ အဆင်းကိုသာ မြင်ရအောင် ရဟန်းဂေါတမသည် ငါ့အားနည်းလမ်း ညွှန်ပြ၏။ နတ်၏အသံကို ကြားရအောင် ငါ့အား နည်းညွှန် ပြခြင်းမရှိ၍ ငါသည် နတ်၏ အဆင်းကိုသာ မြင်ရ၏။ နတ်၏အသံကို မကြားရ"-ဟူ၍ ပြောလျှင် ထိုမဟာလိ လိစ္ဆဝီမင်းသည် မြတ်စွာဘုရား အထံသို့လာ၍ လျှောက်ကြား သောအခါ နတ်၏ အဆင်း, အသံတို့ကို မြင်နိုင် ကြားနိုင်သော အကြောင်းတရားတို့ကို ဟော ကြားတော်မူသတည်း။

ထိုသို့ ဟောကြားသော အခါ မဟာလိ လိစ္ဆဝီ မင်းသည် "ဤနတ်၏ အဆင်း, နတ်၏အသံတို့ကို ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် မြင်နိုင်၏-ဟု သိပြီး၍ ဤ မြတ်စွာဘုရား၏ သာသနာ တော်၌ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ်တို့သည် အမြတ်အထွဋ်ဖြစ်၍ ဤရဟန်းတို့သည်လည်း ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ်တို့ကို ရခြင်းငှါ နှစ်ပေါင်းငါးဆယ် လည်းကောင်း, ခြောက်ဆယ်လည်းကောင်း ရဟန်းအလုပ်နှင့်နေ၍ မချွတ်မယွင်း ရအောင် ဗြဟ္မစရိယအကျင့်ကို ကျင့်ကြလေကုန်သလော။ ထိုအကြောင်းကို သိရအောင် မြတ်စွာဘုရားအား ငါလျှောက်ကြား ဦးအံ့"-ဟု နှလုံးပြု၍ ဤသို့ လျှောက်ကြားပြန်လေ၏။

ရောင်ခြည်တော် ခြောက်သွယ်ဖြင့် တင့်တယ်လျှံဝင်း တွန်းလင်းတော်မူပေသော သဗ္ဗညုမြတ်စွာဘုရား၊ အရှင်ဘုရားအထံတော်၌ ရဟန်းပြု၍နေကြကုန်သော ရဟန်းတို့သည်လည်း သုနက္ခတ် ကဲ့သို့ပင်လျှင် နတ်၏ အဆင်း, နတ်၏အသံတို့ကို မြင်နိုင်, ကြားနိုင်ခြင်း အကျိုးငှါ ရဟန်းပြု၍ ဗြဟ္မစရိယ အကျင့်ကို ကျင့်ကြပါကုန်သလော မြတ်စွာဘုရား-ဟု လျှောက်ကြားလေ၏။

ချစ်သား မဟာလိ၊ နတ်၏အဆင်း, နတ်၏အသံတို့ကို မြင်နိုင် ကြားနိုင်သော ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ် တို့သည် ငါဘုရား၏ သာသနာတော်မှအပ လောကီတရားစုသာ ဖြစ်ကုန်၏။ အမြတ်အထွဋ် မဟုတ်ကုန်။ ထိုကြောင့် ထိုအကျိုးငှါသာလျှင် ကျင့်ကြသည် မဟုတ်။ ထိုထက် လွန်မြတ်သော လောကုတ္တရာ တရားတော်သည် ရှိသေး၏။ ထိုလောကုတ္တရာ တရားတော်ကို ရခြင်း အကျိုးငှါသာလျှင် ရဟန်းတို့သည် ဗြဟ္မစရိယ အကျင့်ကို ကျင့်ကြကုန်၏။

ထိုမွန်မြတ်သော လောကုတ္တရာတရားတို့သည် အဘယ်တရားတို့ ပါနည်း မြတ်စွာဘုရား။

၁။ သုံးပါးကုန်သော သံယောဇဉ်တို့၏ကုန်ခန်း ခြင်းကြောင့် အပါယ်လေးပါးသို့ မကျခြင်းသဘောရှိသော ဓမ္မနိယာမအားဖြင့် မြဲမြံခိုင်ခန့်သော အထက် မဂ်သို့သာလျှင် ရောက်ထိုက်သော သောတာပန် ပုဂ္ဂိုလ်၏ အဖြစ်လည်း တပါး,

၂။ သုံးပါးကုန်သော သံယောဇဉ်တို့ ကုန်ခန်းခြင်းကြောင့် ရာဂ, ဒေါသ, မောဟ အဖြစ် နည်းပါး, အားနည်း၍ သွားသဖြင့် ဤကာမဘုံသို့ တကြိမ်သာလျှင် ပဋိသန္ဓေနေလာ၍ ဖြစ်ခြင်း, ပျက်ခြင်း သံသရာ၏အဆုံးကို ပြုနိုင်သော သကဒါဂါမိပုဂ္ဂိုလ်၏အဖြစ်လည်း တပါး,

၃။ အောက် ကာမဘုံသို့ ဆွဲငင်တတ်သော သံယောဇဉ်တို့ ကုန်ခန်းခြင်းကြောင့် သြပပါတိက ကောင်းကင်ကျ ပဋိသန္ဓေနေ၍, ထိုဗြဟ္မာဘုံမှ ပဋိသန္ဓေအားဖြင့် ပြန်လာခြင်း မရှိဘဲ၊ ပရိနိဗ္ဗာန် ပြုလတ္တံ့သော အနာဂါမ် ပုဂ္ဂိုလ်၏ အဖြစ်လည်း တပါး,

၄။ အာသဝေါ တရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါ တရား မရှိဘဲ၊ စိတ်၏စင်ကြယ်ခြင်း, ပညာ၏ စင်ကြယ်ခြင်း၊ ယခုဘဝ၌ပင်လျှင် ကိုယ်တိုင် သိမြင်၍ မျက်မှောက် ပြု၍ နေနိုင်သော ရဟန္တာ ပုဂ္ဂိုလ် အဖြစ်လည်း တပါး,

ဤတရား လေးပါးတို့သည် ထိုဗြဟ္မစရိယ, ဒိဗ္ဗသောတ အဘိညာဏ်တို့ထက် လွန်မြတ်သော လောကုတ္တရာ တရားစုဖြစ်ကုန်၏။ထိုလောကုတ္တရာ တရားတို့ကို ရခြင်းအကျိုးငှါ ရဟန်းတို့သည် ဗြဟ္မစရိယအကျင့်ကို ကျင့်ကြကုန်၏။

မဟာလိစ္ဆဝီဘုရားတော်ရှင်ဖြစ်တော်မူပေသောမြတ်စွာဘုရား၊ထိုလောကုတ္တရာ တရားတို့ကို ရခြင်း၏ အကျင့် ကောင်း လမ်းမှန်သည် အဘယ် အကျင့် တရား, အဘယ်လမ်းများပါနည်း မြတ်စွာဘုရား?။

ဂုဏ်အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော မြတ်သော ဤလမ်းမှန်သည် ပင်လျှင် တည်း၊ ထိုလမ်းမှန်၏ ဂုဏ်အင်္ဂါရှစ်ပါးသည် အဘယ်နည်း ဟူမူကား။

## နိဗ္ဗာန်ရောက်ကြောင်း လမ်းမှန်၏ ဂုဏ်အင်္ဂါရှစ်ပါး

၁။ အသင်းဖြစ်ပျက်၊ အသံဖြစ်ပျက်၊ ဖြစ်ပျက်ဖြစ်ပျက်၊ မွှေမွှေကြဲအောင် ပျက်-ဟူ၍ ဖြစ်ပျက်ကို ကောင်းစွာ မြင်အောင်ကြည့် ရှုခြင်းလည်း တပါး,

၂။ ဖြစ်ပျက်ကိုသာလျှင် ကောင်းစွာ ကြံဖန်ခြင်းလည်း တပါး,

၃။ အသက်မွေးကြောင်း မဟုတ်သော ဝစီဒုစရိုက် လေးပါးကို ရှောင်ကြဉ်၍ ဖြစ်ပျက်ကို ကြည့်ရှုခြင်းလည်း တပါး,

၄။ အသက်မွေးကြောင်း မဟုတ်သော ကာယဒုစရိုက်သုံးပါးကို ရှောင်ကြဉ်၍ ဖြစ်ပျက်ကို ကြည့်ရှုခြင်းတပါး၊

၅။ အသက်မွေးကြောင်း အသက်သေမည် အကြောင်း ရှိသော်လည်း ကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက်လေးပါးတို့ကို ရှောင်ကြဉ်၍ ဖြစ်ပျက်ကို ကြည့်ရှုခြင်း တပါး၊

၆။ ဖြစ်ပျက်ကို မြင်အောင် ကောင်းစွာအားထုတ်၍ ကြည့်ရှုခြင်းတပါး၊

၇။ ဖြစ်ပျက်ကို မြင်အောင် ကောင်းစွာ သတိထား၍ ကြည့်ရှုခြင်း တပါး၊

၈။ ဖြစ်ပျက်တခုတည်းသော အာရုံ၌ စိတ်ကိုကောင်းစွာ တည်စေ၍ ကြည့်ရှုခြင်း တပါး၊

ဤရှစ်ပါးသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသောသူသည် နိဗ္ဗာန်သို့ ရောက်နိုင်သော လမ်းကောင်း လမ်းမှန် ဖြစ်၏။

ဤရှစ်ပါးသော ဂုဏ်အင်္ဂါတို့တွင် ဖြစ်ပျက်ကို မြင်အောင် ကောင်းစွာ ကြည့်ရှုခြင်းဖြင့် ဖြစ်ပျက်ကို မမြင်ခြင်း အဝိဇ္ဇာမှောင်ကို ပယ်ဖျောက်နိုင်၏။ ဖြစ်ပျက်ကို မမြင်ခြင်း အဝိဇ္ဇာမှောင်ကို ပယ်ဖျောက်၍ နိဗ္ဗာန်ကို မြင်နိုင်၏။ (အဝိဇ္ဇာမှောင်-ဟု ဆိုအပ်သော ဖြစ်ပျက် မမြင်ခြင်းသဘောက ကာဆီး၍ နေလျှင် နိဗ္ဗာန်ကို မမြင်နိုင်)။

ထိုဖြစ်ပျက်ကို ကောင်းစွာမြင်အောင် ကြည့်ရှုရာ၌လည်း ကောင်းစွာကြံစီ၍ ကြည့်ရှုမှသာလျှင် ဖြစ်ပျက်ကို မြင်နိုင်၏၊ ဤတရားတို့သည် ကြမ်းချောခံ သဘောတည်း။ ဤတရားတို့သည် တွန်းတိုး တောင့်တင်းသဘောတည်း။ ဤတရားတို့သည် ပူအေး, နွေးသော သဘောတည်း။

ဤတရားကား ယိုစီးအိတွဲ့ပြစ်ချွဲ, စေးကပ်သဘောတည်း။ ဤကြမ်းချောခံ သဘောသည်လည်း ဖြစ်ပျက် ဖြစ်နေ၏။ တောင့်တင်း တွန်းတိုး သဘောသည်လည်း ဖြစ်ပျက်ဖြစ်ပျက်နေ၏။ ပူအေး, နွေးသော သဘောသည်လည်း ဖြစ်ပျက် ဖြစ်ပျက်နေ၏။ ယိုစီး, အိတွဲ့, ပြစ်ချွဲ စေးကပ်သဘောသည်လည်း ဖြစ်ပျက် ဖြစ်ပျက်နေ၏၊ ဤသို့ကောင်းစွာ ကြံစီ၍ ကြည့်ရှုမှသာလျှင် ဖြစ်ပျက်ကို မြင်နိုင်၏။

သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကိုခိုးခြင်း, မိစ္ဆာစာရကို လွန်ကျူးခြင်း, ကာယဒုစရိုက်ကို မရှောင်ကြဉ်ဘဲ ဖြစ်ပျက်ကို ကြည့်ရှု၍ မမြင်နိုင်။ ရှောင်ကြဉ်၍ ကြည့်ရှုမှသာလျှင် ဖြစ်ပျက်ကို မြင်နိုင်၏။

ထိုအတူ ဝစီဒုစရိုက်ကို ရှောင်ကြဉ်၍ ဖြစ်ပျက်ကို ကြည့်ရှုမှ သာလျှင် မြင်နိုင်၏၊ထိုကာယဒုစရိုက်,ဝစီဒုစရိုက်တို့ကိုအသက်မွေးကြောင်း၊အသက်သေမည် အကြောင်းရှိသော်လည်းမလွန်ကျူးဘဲ ရှောင်ကြဉ်သော (အာဇီဝဋ္ဌမက သီလ)၌ တည်၍ ဖြစ်ပျက်ကို ကြည့်ရှုမှသာလျှင် ကောင်းစွာမြင်နိုင်၏။

(အသက်မွေးကြောင်းရှိသော် လည်းကောင်း, အသက်သေမည်အကြောင်း ရှိသော် လည်းကောင်း, ကာယ- ဝစီ-ဒုစရိုက် ခုနစ်ပါးကို ရှောင်ကြဉ်ခြင်း သည် အာဇီဝဋ္ဌမက သီလမည်၏။ ထိုဒုစရိုက် ခုနစ်ပါးဖြင့် အသက်မမွေးဘဲ ဒုစရိုက်ကို မပြုလျှင် အသက်သေအောင် သတ်မည်ဆိုသော်လည်း မပြုလုပ်ဘဲ ရှောင်ကြဉ်ခြင်းသည် အာဇီဝဋ္ဌမက သီလမည်၏၊)

ထိုအာဇီဝဋ္ဌမက သီလ၌ တည်လျက် "ငါသည် အာဇီဝဋ္ဌမက သီလ၌ တည်၍ အသက်မွေးစင်ကြယ်၏"-ဟု ဤမျှဖြင့် နှစ်သက်အားရ, စိတ်ချ၍ နေသောသူသည် ဖြစ်ပျက်ကိုမမြင်နိုင်သေး။ ဝီရိယကို မှန်မှန်ထား၍ မလျော့ မဘင်း စောင်းကြိုးညှင်းသကဲ့သို့ ဣရိယာပုထ် လေးပါးတို့၌ အစဉ်မပြတ် ကောင်းစွာ အားထုတ်၍ ဖြစ်ပျက်ကို ကြည့်ရှုမှသာလျှင် မြင်နိုင်၏။

ဖြစ်ပျက်ကို အားထုတ်၍ ကြည့်ရှုရာ၌လည်း သတိကို ကောင်းစွာထား၍ ကြည့်ရှုမှသာလျှင် မြင်နိုင်၏။ သတိကို ကောင်းစွာထား၍ ကြည့်ရှုမှသာလျှင် တခုတည်းသော ဖြစ်ပျက်အာရုံ၌ စိတ်သည် ကောင်းစွာတည်နေ၏။ တခု တည်းသော ဖြစ်ပျက်အာရုံ၌ စိတ်ကောင်းစွာ တည်မှသာလျှင် ဖြစ်ပျက်ကို မြင်နိုင်၏၊ စိတ်-တောင်ရောက်, မြောက်ရောက်, ဂရောက် ဂရက် နေလျှင် ဖြစ်ပျက်ကို မမြင်နိုင်။

သြဋ္ဌဒွလိစ္ဆဝိ,မဟာလိမည်ရ-နာမအကျော် ဒါယကာတော်- ဤဂုဏ်အင်္ဂါ ရှစ်ပါးရှိသော လမ်းကောင်း, လမ်းမှန်သည် ထိုလောကုတ္တရာ တနုးမြတ်ကို မျက်မှောက် ထင်ထင် သိမြင်ခြင်းသို့ ရောက်နိုင်သော လမ်း- ဟူ၍ မှတ်လေလော့။

ဤသြဋ္ဌဒွလိစ္ဆဝိမင်းသည် ကြမ်းချော ခုခံ,တောင့်တင်းတွန်းတိုး ပူ,အေး နွေးသော ယိုစီး, အိဘွဲ့, ပြစ်ချွဲ, စေးကပ် သဘောဖြစ်သော ရုပ်တရားအစုကို ကိုယ်-ဟူ၍ မှတ်ထင်၏၊ ထိုကြောင့် ဂုဏ်အင်္ဂါရှစ်ပါးကို ပြ၍ ဟောကြားသော ဒေသနာတော်၌ စိတ်မဝင်စား ယောင်ဝါးဝါးနေ၏။ ထိုကြောင့်

မြတ်စွာဘုရားသည် ဤဇာလိယသုတ်ကိုဆက်၍ သြဋ္ဌဒ္ဓလိစ္ဆဝီအား ဟောကြားတော် မူပြန်၏။

မဟာလိမည်ရ—ဒါယကာလှ၊တရံသောအခါ၌ ငါဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မုဏ္ဍိယပရိဗိုဇ် ဇာလိယပရိဗိုဇ်-ရဟန်း နှစ်ယောက်တို့သည် ငါဘုရား၏ အထံသို့ လာ၍ ဝမ်းမြောက်စွာ စကားပြောပြီးလျှင် သင့်တင့်ရာ၌နေ၍ ဤသို့ လျှောက်ကြကုန်၏။

ငါ့ရှင် ဂေါတမ - အသို့ပါနည်း? အသက်သည်ပင်လျှင် ကိုယ်လော? ထိုသို့မဟုတ်- ကိုယ်တခြား, အသက်တခြားလော? ဤသို့ မေးလျှောက်၏။

ထိုသို့ ငါဘုရားသည် (အဇာတသတ်မင်းကို ဟောကြားသော သာမညဖလအတိုင်း ပင်လျှင်) ဗုဒ္ဓုပ္ပါဒမှ စ၍ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကို ခွဲပြလျက် တရားဟောချီး ဟောစဉ်ကို အစဉ်အတိုင်း ပြ၍ ဟောကြားတော်မူ၏။

ထိုပရိဗိုဇ်ရဟန်း နှစ်ယောက်တို့သည် ငါဘုရား ဟောကြားတော်မူသည် ရှိသော် ဝမ်းမြောက်နှစ်သက်ကြကုန်၏-ဟူ၍ မိန့်တော်မူသောအခါ သြဋ္ဌဒ္ဓလိစ္ဆဝီမင်းသည်လည်း ဝမ်းမြောက် နှစ်သက်ခြင်း ဖြစ်လေ၏။

(မဟာလိလိစ္ဆဝီမင်းသည် မဂ်ဖိုလ်ရခြင်း မရှိ။ ပုထုဇဉ်အဖြစ်၌ သာလျှင် အဇာတသတ်မင်းကဲ့သို့ ဝမ်းမြောက်ခြင်း ဖြစ်၏။)

မဟာလိသုတ် ဝတ္ထုပြီး၏။

# ၇။ ဇာလိယသုတ် ဝတ္ထု

## မယာသိတ သေဖွေး၏အကြောင်း

ရှေးအခါ၌ အဒ္ဒိလတိုင်း၌ ကောတုဟလိက အမည်ရှိသော သူဆင်းရဲ တယောက်သည် ငတ်မွတ်ခြင်း ဘေးကြောင့် သားမယားနှင့်တကွ အဝန္တိ တိုင်းသို့ ထွက်၍ လာခဲ့သည်ရှိသော် ထမင်း ဆာလှသဖြင့် သားငယ်ကို ဆောင်ယူခြင်းငှါ မတတ်နိုင်ရကား တခုသော သစ်ပင်ရိပ်၌ ပစ်ထားခဲ့၍ လာ၏။ အမိသည် ထိုသားငယ်ကိုပြန်ယူပြီးလျှင် လင်ယောကျ်ားကိုမှီအောင် လိုက်၍ လာရ၏။ ထိုလင်မယားနှစ်ယောက်တို့သည် တခုသော နွားကျောင်း ရွာသို့ ရောက်၍ ရွာတွင်းသို့ဝင်ကြကုန်၏။

နွားကျောင်းသား ပုဏ္ဏား တယောက်သည် ထိုနေ့၌ များစွာ နို့ထမင်း တို့ကို စီမံ၏၊ ထိုလင်မယား နှစ်ယောက်တို့သည် ထိုနွားနို့ ပုဏ္ဏားကြီးထံမှ နို့ထမင်းကို ရ၍ စားကြကုန်၏။ ယောကျ်ားသည် များစွာသော နို့ထမင်း တို့ကို စား၍အစာကြေခြင်းငှါ မတတ်နိုင်ရကား သေခြင်းသို့ရောက်၍ ထို နွားနို့ပုဏ္ဏားကြီး အိမ်၌ပင်လျှင် ခွေးမကြီး၏ ဝမ်း၌ ပဋိသန္ဓေယူ၍ ခွေးဖြစ် လေ၏၊ ထိုခွေးကလေးကို နွားကျောင်းသား ယောကျ်ား သည် အလွန် ချစ်ခင်၏။

ထိုနွားကျောင်းသား ယောကျ်ား သည်လည်း ပစ္စေကဗုဒ္ဓါ တပါးကို လုပ်ကျွေးလျက်ရှိ၏။ နေ့တိုင်း ဆွမ်းစား၍ပြီးသောအခါ ပစ္စေကဗုဒ္ဓါ အရှင် မြတ်သည် ထိုခွေးကလေးကို ထမင်း တခဲ တခဲ ကျွေး၏။ ထိုခွေးကလေး သည် ပစ္စေကဗုဒ္ဓါ၌ ချစ်ခြင်းကို ဖြစ်စေ၍ နွားနို့သမား ယောကျ်ားနှင့် အတူတကွ ပစ္စေကဗုဒ္ဓါသီတင်းသုံးတော်မူသော သစ်ရွက်မိုး တောကျောင်း ကလေးသို့လိုက်၍ လမ်းကို မှတ်မိသဖြင့် နွားနို့ သမား ယောကျ်ားသည် မသွားအားသောအခါ ထိုခွေးကလေးကိုပင် စေခိုင်း၍ ဆွမ်းစား ချိန်၌ ပစ္စေကဗုဒ္ဓါ၏အထံသို့ သွားစေ၏။ ထိုခွေးကလေးသည် သွား၍ သစ်ရွက်မိုး ကျောင်းကလေး တံခါးဝ၌နေ၍ ဟောင်၏။

လမ်းခရီး အကြား၌လည်း သားရဲ, ခွေးအ-အစရှိသည်တို့ကို မြင်လျှင် ဟောင်၍ ပြေးစေ၏။ ထို ခွေးကလေးသည် ပစ္စေကဗုဒ္ဓါ၌ ချစ်ခင်သော

စိတ်ဖြင့် သေ၍ နတ်ပြည်၌ နတ်ဖြစ်၏၊ ထိုနတ်ပြည်၌ ဃောသကနတ်သား– ဟု ပင် အမည် ခေါ်ကြ၏။ ထိုနတ်ပြည်မှ စုတေ၍ ကောသမ္ဗီ ပြည်၌ တဦးသောအိမ်၌ ဖြစ်၏။ ထိုသားငယ်ကို သူဌေးကြီးတဦးက မိမိ၌ သားမရှိ၍ ထိုအမိအဘတို့ ထံ၌ ငွေတထောင်ပေး၍ မွေးစား၏။

ထိုသူဌေးကြီးသည် မိမိမွေးသားက သားမွေးသည့် ရှိသော် ထိုသူငယ်ကို ခုနစ်ကြိမ်တိုင် သတ်ခြင်းငှာ အပစ်ခိုင်း၍ မသေဘဲ ကြီးပြင်းသော အခါ အရွယ်ရောက်သော သူဌေးသမီးတယောက်၏ ဉာဏ်ပညာအားဖြင့် သေဘေးမှ လွတ်၍ ထိုမွေးစားသော သူဌေးကြီး သေဆုံးမှ သူဌေးအဖြစ်သို့ ရောက်၍ (ဃောသကသူဌေး)–ဟု ထင်ရှား ကျော်စော၏။

ထိုဃောသိတ သူဌေးမှတပါး၊ ကောသမ္ဗီပြည်၌ ကုက္ကုဋ သူဌေး, ပါဝါရိယ သူဌေး ဟူ၍ ရှိသေး၏။ ဃောသက သူဌေးနှင့် တကွသော ကောသမ္ဗီ ပြည်တွင် သူဌေးကြီးသုံးဦး ရှိကုန်၏။

ထိုအခါ၌ ဟိမဝန္တာ တောတောင်မှ ငါးရာသော ရသေ့တို့သည်. ချမ်း အေးလှစွာ အချိန်အခါ၌ ကိုယ်ကိုပူစေခြင်းငှာ အကြားအကြား၌ ကော သမ္ဗီပြည်သို့ လာကြကုန်၏၊ ထိုရသေ့ ငါးရာတို့ကို ထိုသုံးဦးသော သူဌေး တို့သည် မိမိတို့၏ ခြံဥယျာဉ်၌ သစ်ရွက်မိုး ကျောင်းကလေးတို့ကို ဆောက် လုပ်၍ ထားပြီးလျှင် လုပ်ကျွေးကြကုန်၏။ ထိုရသေ့ငါးရာတို့သည် အေးသော အချိန်ကုန်၍ ပူသောအချိန်၌ ဟိမဝန္တာ တောတောင်သို့သွား၍ နေကြ ကုန်၏။

တနေ့သ၌ ထိုရသေ့ ငါးရာတို့သည် ဟိမဝန္တာ တောတောင်မှ လာခဲ့ ကြသောအခါ ကြီးစွာသော ကန္တာရ တောခေါင်း တောလမ်း၌ ပင်ပမ်း နွမ်းနယ်လှစွာ ရေငတ်ခြင်း ရှိလှသဖြင့် ဝဋ္ဋရုက္ခ–ကြီးလှ စွာသော ပြည် ညောင်ပင်ကြီးတခုသို့ ရောက်လျှင် ထိုညောင်ပင်၌ နေသော နတ်၏ အထံမှ ထောက်ပံ့ခြင်းကို မျှော်လင့် တောင့်တ၍ နေကြကုန်၏။

ထိုပြည်ညောင်ပင်ကြီး၌နေသော နတ်သားသည် အလုံးစုံသော နတ်ဝတ် တန်းဆာတို့ဖြင့် တန်းဆာဆင်သော လက်ကိုဆန့်တန်းလျက် ရသေ့ ငါးရာ တို့အား သောက်ရေ, အဖျော်တို့ကို ကပ်လှူ၍ ပင်ပမ်းနွမ်းနယ်ခြင်း, ရေ ငတ်ခြင်းကိုကို ငြိမ်းအေး ကင်းပျောက်စေ၏။

ထိုရသေ့တို့သည် နတ်သား၏ တန်ခိုး အာနုဘော်ကို အံ့သြခြင်း ဖြစ်ကြ ကုန်လျက် အဆင်း ရုပ်ပါ ချောလှစွာသော နတ်သား–အဘယ်ကောင်းမှုကို အဘယ်သို့ပြု၍ အသင်နတ်သားသည် ဤသို့သော စည်းစိမ်ကို ရပါသနည်း– ဟု မေးကြကုန်၏။

## နေ့ဝက်မျှ စောင့်သော ဥပုသ် သီလ၏ အကျိုး

ထိုရသေ့တို့က မေးသောအခါ နတ်သားသည် ဤသို့ပြော၏၊

အရှင်ရသေ့တို့-ယခုအခါ လောက လူ့ပြည်၌ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထို မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်း သုံးတော် မူလျက် ရှိ၏။ ထိုမြတ်စွာဘုရားကို အနာထပိဏ်သူဌေးကြီးက ဆည်းကပ်လုပ်ကျွေး၍ နေ၏၊ ထိုအနာထပိဏ်သူဌေးကြီးသည် သီတင်းနေ့တို့၌ ပကတိပေးကမ်းမြဲ ထမင်းရိက္ခာအခတို့ကို ပေးကမ်း၍ မိမိအိမ်၌ရှိသော လုပ်သား စာရင်းငှါး အားလုံးတို့ကို ဥပုသ်စောင့်စေ၏။

ထိုအခါ၌ အကျွန်ုပ်သည် မွန်းတည့်သောအခါ နံနက်စာ စားခြင်းငှါ ပြန်လာသည်ရှိသော်, တစုံတခုသော အခစား အလုပ်ကိုမျှ မလုပ်ကြဘဲ အလကားနေကြကုန်သော လုပ်သား စာရင်းငှါးတို့ကို မြင်ရ၍ "ယနေ့အဘယ် ကြောင့် သူအပေါင်းတို့သည် အလုပ်ကို မလုပ်ကြပါသနည်း"—ဟု မေး၏။

ထိုသို့ မေးသောအခါ ယနေ့သီတင်းနေ့ဖြစ်၍ ဥပုသ်သီလစောင့်၍ နေကြသဖြင့် အလုပ် မလုပ်ကြကြောင်းကို ပြောကြားကြကုန်၏၊ ထိုသို့ပြောကြား သောအခါ အကျွန်ုပ်သည် ဤသို့မေးပါ၏။ "ယခုအခါ ထက်ဝက်သော နေ့သို့ ရောက်၍ နေ၏။ ထိုထက်ဝက်သောနေ့၌ ဥပုသ်သီလကို စောင့်ခြင်းငှါ တတ်ကောင်းပါအံ့လော? စောင့်ကောင်းပါအံ့လော"

ဤသို့ မေးသည် ရှိသော် အနာထပိဏ် သူဌေးကြီးအား ပြောကြား၍ သူဌေးမင်းက တတ်နိုင်ကြောင်းကို ပြောသဖြင့် "အကျွန်ုပ်သည် ထမင်း မစားဘဲ ထက်ဝက်သော ဥပုသ်ကို စောင့် သုံးလျက် ထိုနေ့၌ ပင်လျှင် သေဆုံး၍ ဤပြည်ညောင်ပင်ကြီး၌ နတ်ဘုံဗိမာန်ရှိ၍ ဤစည်းစိမ်ကိုရပါ သည် အရှင်ဘုရားတို့"ဟူ၍ နတ်သားက ပြော၏။

ထိုရသေ့တို့သည် လောကလူတို့ပြည်၌ သဗ္ဗညုဘုရား ပွင့်တော်မူပေပြီ-ဟု နှစ်သက်ဝမ်းသာခြင်း ရှိကြကုန်၍ ထိုနေရာမှ သာဝတ္ထိပြည်သို့ သွားလိုကြ ကုန်သော်လည်း ငါတို့အား ကျေးဇူးများသော သူဌေးကြီးတို့အား ဘုရား ပွင့်ကြောင်းကို ပြောကြားဦးအံ့- ဟု ကောသမ္ဗီပြည်သို့ သာလျှင် သွားကြ ပြီး၍ ရောက်သောအခါ ဃောသိတသူဌေး, ကုက္ကုဋသူဌေး, ပါဝါရိက သူဌေးအားဖြင့် သုံးဦးသောသူဌေးကြီးတို့သည် ရသေ့တို့အား ဝမ်းမြောက် နှစ်သက်ကောင်းမွန်စွာ လုပ်ကျွေးပြီးသော် ထိုနေ့၌ ပင်လျှင် ငါတို့သည် သွားကြကုန်အံ့-ဟု ရသေ့တို့က ဆိုကြကုန်၏။

အရှင်ဘုရားတို့သည် အဘယ်ကြောင့် အလျင်လိုကြပါသနည်း? ရှေးအခါက လေးလ, ငါးလ-နေကြပါကုန်၏-ဟု မေးသည်ရှိသော် သာဝတ္ထိပြည်၌ မြတ်စွာဘုရားရှိကြောင်းကို ပြောကြသောအခါ ယင်းသို့ ဖြစ်သော် တပည့်တော် များလည်း လိုက်ပါရစေ။ အရှင်ဘုရားတို့နှင့် အတူတကွ သွား၍ မြတ်စွာဘုရားကို ဖူးမြင်ပါရစေ-ဟု ဆိုကြကုန်၏။

အသင်တို့သည် တဖြေးဖြေး နောက်မှ လာခဲ့ကြကုန်လော-ဟု မှာထား ခဲ့၍ ထိုရသေ့ငါးရာတို့သည် သာဝတ္ထိပြည်သို့ သွား၍ မြတ်စွာဘုရားအထံသို့ ရောက်လျှင် ရဟန်းပြုကြကုန်၍ ရဟန္တာငါးရာ ဖြစ်ကြကုန်၏။

ထိုကောသမ္ဗီသေဋ္ဌေးကြီး သုံးဦးတို့သည်လည်း လှည်းငါးရာစီ အခြံအရံနှင့် တကွ သာဝတ္ထိပြည်သို့ လာ၍ အလှူပေးခြင်း စသည်တို့ကို ပြုလျက် မြတ်စွာဘုရားအား ကောသမ္ဗီပြည်သို့ ကြွလာတော်မူရန် ပင့်လျှောက်ပြီး၍ ပြန်လာခဲ့ပြီးလျှင် ကျောင်းတိုက်ကြီးတို့ကို ဆောက်လုပ်ကြကုန်၏။

ကုက္ကုဋသေဋ္ဌေးကြီး ဆောက်လုပ်လှူဒါန်းသော ကျောင်းတိုက်သည် ကုက္ကုဋာရာမကျောင်းတိုက်မည်၏။

ပါဝါရိက - သေဋ္ဌေးကြီး ဆောက်လုပ်သော ကျောင်းတိုက်သည် ပါဝါရိကမ္ဗဝန-ပါဝါရိက သရက်တောကျောင်းတိုက်မည်၏။

ဃောသိတ-သေဋ္ဌေးကြီး ဆောက်လုပ် လှူဒါန်းသော ကျောင်းတိုက် သည် ဃောသိတာရာမ ကျောင်းတိုက်မည်၏၊ (သီလက္ခန် အဋ္ဌကထာ-မူလပဏ္ဏာသ အဋ္ဌကထာ)

ထိုကျောင်းတိုက်ကြီးတို့တွင် ဃောသိတာရုံကျောင်းတိုက်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူသော အခါတွင် မုဏ္ဍိယနှင့် ဇာလိယ- အမည်ရှိသော ပရိဗိုဇ်ရဟန်း နှစ်ဦးတို့သည် မြတ်စွာဘုရား၏ အယူဝါဒကို အပြစ်တင်လို၍ ပုစ္ဆာကို စီမံလျက် မေးလျှောက်ရန် လာကြကုန်၏။

စိပံပုံကား- အကယ်၍ ရဟန်းဂေါတမသည် (အသက်သည် ပင်လျှင် ကိုယ်တည်း)ဟု ဖြေငြားအံ့။ အရှင်ဂေါတမ၏ အယူဝါဒအားဖြင့် ဤဘဝ၌ ပင်လျှင် သတ္တဝါသည် ပျက်၏။ နောက်ဘဝသို့ မဆက်။ ထိုကြောင့် အရှင် ဂေါတမသည် ဥစ္ဆေဒ အယူရှိ၏-ဟု ဆိုအံ့။

အကြင်ဖြစ်၍ ရဟန်းဂေါတမသည် (အသက်တခြား, ကိုယ်တခြား) ဟု ဖြေငြားအံ့။ အရှင်ဂေါတမ၏ အယူဝါဒအားဖြင့် ရုပ်သည်ပျက်၏။ သတ္တဝါသည်ကား မပျက်။ နောက်ဘဝသို့ ဆက်၏၊ ထိုကြောင့် အရှင်ဂေါတမသည် သဿတအယူရှိ၏-ဟု ဆိုအံ့။

ဤသို့ကြံပြီးလျှင် မြတ်စွာဘုရားအား မေးလျှောက်ကြကုန်၏။

ငါ့ရှင်ဂေါတမ, အသက်သည်ပင်လျှင် ကိုယ်လော။? (ထိုသို့မဟုတ်) အသက်တခြား, ကိုယ်တခြားလော-ဟူ၍ မေးကြကုန်၏။

မြတ်စွာဘုရားသည် ထိုအမေးကိုမဖြေမူ၍ ထိုအမေးပုစ္ဆာ၏ အဖြေစကား ထင်ရှား၍ မဉ္ဈိမပဋိပဒါကို သိစေခြင်းငှါ-

ယင်းသို့ဖြစ်သော် "ငါ့ရှင်တို့ နားထောင်ကြကုန်လော့ ကောင်းစွာနှလုံး သွင်းကြကုန်လော့ ငါဟောတော်မူအံ့-"ဟု ဆိုသည်ရှိသော် ကောင်းပါပြီ ငါ့ရှင်-ဟု ဆို၍ နားထောင်ကြကုန်၏။

မြတ်စွာဘုရားသည် ဟောမြဲ ဟောစဉ် ဒေသနာတော် နည်းအတိုင်း အဓာတသတ် မင်းအား ဟောသော သာမညဖလသုတ် အတိုင်းပင်လျှင် ဗုဒ္ဓုပ္ပါဒမှ စ၍ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ-တို့ကို ခွဲ၍ဟောကြားပြီး၍ ပဌမဈာန် အစရှိသော သမာပတ် ရှစ်ပါး ဒေသနာနည်းသို့ ရောက်သော အခါ....

ငါ့ရှင် ပရိဗိုဇ်တို့ ပဌမဈာန်ကို (သို့မဟုတ်) ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ဝင်စား၍ နေထိုင်သော ရဟန်းသည် (အသက်သည်ပင်လျှင် ကိုယ်တည်း-ဟူ၍ လည်းကောင်း, အသက်တခြား, ကိုယ်တခြား ဟူ၍ လည်းကောင်း) ဤသို့ ဆိုခြင်းငှါ သင့်နိုင်ပါဦးမည်လော-ဟု မေးတော်မူ၏။

ထိုသို့ မေးတော်မူသောအခါ ပရိဗိုဇ်တို့သည် ဤသို့ကြံကြကုန်၏၊ ပုထုဇဉ်တို့သည် ဈာန်ကိုရသော်လည်း ဝိစိကိစ္ဆာယုံမှားခြင်း သဘောမကင်းနိုင်ရာ။ ထို့ကြောင့် "ကိုယ်-ဟူ၍လည်းကောင်း, အသက်-ဟူ၍ လည်းကောင်း, ဆိုကြသေး၏"ဟု နှလုံးပြု၍၊

ငါ့ရှင် ဂေါတမ ဤသို့ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ဝင်စား၍ နေသော်လည်း ပုထုဇဉ်ဖြစ်သော သူသည် "ဤအသက်-ဟူသော စကား, ကိုယ်-ဟူသောစကားကို ဆိုခြင်းငှါ သင့်ပါသေး၏" ဟု လျှောက်ကြကုန်၏။

ငါ့ရှင် ပရိဗိုဇ်ကို- ငါဘုရားသည်ကား ကိုယ်-ဟူ၍လည်းကောင်း အသက် ဟူ၍ လည်းကောင်း ဆိုတော်မမူ၊ ဤသမာပတ် ရှစ်ပါး ဈာန်တရားစုသည် မဟဂ္ဂုတ်စိတ် နာမ်တရား အစုသာ ဖြစ်၏။ "ဖြစ်ပျက်, ဖြစ်ပျက် နေ၏"ဟု ဆိုတော်မူ၏။

ဤသို့ မိန့်တော်မူပြီး၍ တဖန်''ငါ့ရှင် ပရိုဗ်တို့၊ထိုစျာန်တရား မဟာဂ္ဂုတ် စိတ်နာမ်တရားတို့သည် ဖြစ်ပျက်, ဖြစ်ပျက်နေကုန်၏။ ဖြစ်ခြင်း ပျက်ခြင်း သဘောတရားတို့သာတည်း''ဟူ၍ ဝိပဿနာဉာဏ်ဖြင့် ဖြစ်ပျက်ကို ရှုကြည့်၍ မြင်သော ရဟန်းအား (အသက်-ဟူ၍ လည်းကောင်း, ကိုယ်-ဟူ၍ လည်း ကောင်း) ဆိုခြင်းငှါ သင့်ပါဦးမည်လော?

ဤသို့ မေးတော်မူသောအခါ ငါ့ရှင်ဂေါတမ, ဤသို့ နာမ်တရားတို့၏ ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို မြင်သော သူသည် (အသက်–ဟူ၍ လည်း ကောင်း,ကိုယ်–ဟူ၍ လည်းကောင်း ဆိုခြင်းငှါ မသင့်တော့ပါ) နာမ်တရား ကို ''ဖြစ်ပျက် ဖြစ်ပျက် နေ၏''ဟူ၍ ဆိုခြင်းငှါသာလျှင် သင့်မြတ်ပါတော့၏- ဟု လျှောက်ကြကုန်၏။

ငါ့ရှင် ပရိုဗ်တို့- ဤကဲ့သို့ ဖြစ်ပျက်ကို အဖန်ဖန် ရှုကြည့်ဆင်ခြင် ကောင်းစွာမြင်၍ အာသဝေါတို့မှ ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ် အဖြစ်သို့ ရောက်သော ရဟန်းသည် (ကိုယ် ဟူ၍ လည်းကောင်း, အသက်–ဟူ၍လည်း ကောင်း) ဆိုခြင်းငှါ သင့်ပါဦးမည်လော။

ငါ့ရှင် ဂေါတမ ဤကဲ့သို့ အာသဝေါတရား ကုန်ခန်း၍ ရဟန္တာဖြစ်ပြီး သော ပုဂ္ဂိုလ်သည်ကား ''အသက် ဟူ၍ လည်းကောင်း, ကိုယ်– ဟူ၍ လည်းကောင်း'' ဆိုခြင်းငှါ မသင့်တော့ပါ အရှင်ဂေါတမ၊

ငါ့ရှင် ပရိုဗ်တို့- ငါဘုရားသည်လည်း ဤကဲ့သို့ ရဟန္တာ ဖြစ်ပြီး၍ ''ကိုယ်-ဟူ၍ လည်းကောင်း, အသက်–ဟူ၍ လည်းကောင်း'' ဆိုတော်မမူ၊ အယူရှိတော်မမူ။ ဤသို့ဟောတော်မူ၏။ ဤသို့မြတ်စွာဘုရား ဟောတော် မူသောအခါ ထိုပရိုဗ် ရဟန်းတို့သည်မြတ်စွာဘုရား၏ တရားဒေသနာတော် ကို နှစ်သက်ဝမ်းမြောက်ခြင်း ရှိကြကုန်၏။

ဇာလိယသုတ်ဝတ္ထု ပြီး၏။

# ၈။ မဟာသီဟနာဒသုတ် ဝဏ္ဏ၊

## အစေလကဿပသည် မြတ်စွာဘုရားအား သူတပါးတို့၏ အကျင့်ကို ကဲ့ရဲ့ပါသလော–ဟု လျှောက်ထားကြောင်း

မြတ်စွာဘုရားသည် ဥရုညတိုင်း၊ ဥရုညမြို့ကို ဂေါစရဂါမ် ဆွမ်းခံရွာ အမှီပြု၍ ကဏ္ဏကထလ အမည်ရှိသော မိဂဒါယ သမင်တော၌ သီတင်းသုံး နေတော်မူသောအခါ အဝတ်မဝတ်ဘဲ ကိုယ်လုံးပေါ်အကျင့်ရှိသောအစေလ ကဿပအမည်ရှိသော တိတ္ထိတယောက်သည် မြတ်စွာဘုရား အထံသို့ လာ၍ ဝမ်းမြောက်ဝမ်းသာ စကားပြောပြီးလျှင် သင့်တင့်ရာ၌ ထိုင်နေ၍ ဤသို့ လျှောက်ကြားလေ၏။

အရှင်ဂေါတမ၊ အကျွန်ုပ်သည် ဤသို့ဆိုသောစကားကို ကြားဘူးပါသည်။ ရဟန်းဂေါတမသည် အလုံးစုံသော အကျင့်ကို ကဲ့ရဲ့၏–ဟူ၍ လည်းကောင်း, ခေါင်းပါးသော အသက် မွေးခြင်းဖြင့် ခြိုးခြံစွာ ကျင့်သော သူကိုလည်း ကဲ့ရဲ့၏။ ပျက်ရယ်သမှု မသိမ့်မြင် ပြု၏ – ဟူ၍ လည်းကောင်း, ရှုတ်ချ ပြစ်တင် ပြောဆို၏ -ဟူ၍ လည်းကောင်း,ကြားဘူးပါသည်။

အရှင်ဂေါတမသည် သူတပါးတို့၏ -အယူဝါဒအကျင့်အာစာရကို တဖက်သတ် ကဲ့ရဲ့ရှုတ်ချအပြစ်တင်၍ ပြောသည်– ဟူသော စကားသည် ဟုတ်မှန်ပါသလော?။

အရှင်ဂေါတမ၏ အယူဝါဒ အကျင့် အာစာရ ၌လည်း– တစုံတခု ကဲ့ရဲ့ဘွယ်ရာအကြောင်း မရှိပါသလော?။ အရှင်ဂေါတမကို အကျွန်ုပ်တို့သည် မကဲ့ရဲ့လိုပါ၊ ဤသို့ အစေလ ကဿပ ကိုယ်လုံးပေါ် တက္ကဒွန်းသည် မေး လျှောက်၏။

မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏၊ အစေလ ကဿပ၊ ငါဘုရားသည် ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် ကြည့်ရှုတော်မူသည်ရှိသော် ငရဲပြည်သို့ ရောက်သော လူခါဇီဝအကျင့်ရှိသူကိုလည်း မြင်ရ၏၊ နတ်ပြည်သို့ ရောက်သော လူခါဇီဝ အကျင့်ရှိသူကိုလည်း မြင်ရ၏။ ငရဲပြည်သို့ ရောက်သော အပ္ပဒုက္ခ အကျင့်ရှိသူကိုလည်း မြင်ရ၏၊ နတ်ပြည်သို့ရောက်သော အပ္ပဒုက္ခ အကျင့်ရှိသူကိုလည်း မြင်ရ၏၊ နတ်ပြည်သို့ရောက်သော အပ္ပသုခအကျင့်ရှိသူကိုလည်း မြင်ရ၏။

အစေလကဿပ၊ ငါဘုရားသည် ဤအကျင့် ရှိသူတို့၏ လားရာ ဘဝကို လည်းကောင်း, ဖြစ်ရာဘဝကို လည်းကောင်း, စုတိခြင်း, ပဋိသန္ဓေနေခြင်းကို လည်းကောင်း ဟုတ်တိုင်းမှန်စွာသိတော်မူ၏။ ထိုသို့သိတော်မူသော ငါဘုရားသည်၊ အဘယ်သို့လျှင် အလုံးစုံသော အကျင့်ကို ကဲ့ရဲ့ တော့ အံ့နည်း၊ အဘယ်သို့တဖက်သတ် ပြောဆိုတော့ အံ့နည်း။ ဤသို့ မြတ်စွာဘုရားသည် မိန့်တော် မူ၏။

ဤသို့ မိန့်တော်မူသော စကား၏ အဓိပ္ပါယ်ကား သာသနာပ အညတိတ္ထိယသည်-

၁။ လူခါဇိဝ အကျင့်ကိုကျင့်သော သူတမျိုး,

၂။ အပ္ပဒုက္ခအကျင့်ကို ကျင့်သော သူတမျိုး--ဟု ၂ မျိုးရှိ၏။

ထိုနှစ်မျိုးတို့တွင် အဝတ်မဝတ်ဘဲဆင်းရဲစွာ ကိုယ်ကို ပင်ပမ်းစေသော အကျင့်ကို ကျင့်သောသူသည် လူခါဇိဝအကျင့် ရှိသူမည်၏။

သျှော်တေသက်နီး, ပံ့သူကူလ သင်္ကန်းတို့ကို ဝတ်၍ သစ်သီး သစ်ဥ စသည်ကို စားသောရသေ့များနှင့်, အဝတ် ဝတ်သော ဆန္နပရိဗ္ဗာဇက ပရိဗိုဇ် ရဟန်းတို့သည် အပ္ပဒုက္ခဝိဟာရီ အကျင့်ရှိသူမည်ကုန်၏။

ထိုနှစ်မျိုးသောသူတို့သည် ဒုစရိုက်သုံးပါးကို ကျင့်၍ သုစရိုက်ကို မဖြည့် ကျင့်သော သူသည် အပါယ်သို့ ကျရောက်၏။ ဒုစရိုက်ကို ရှောင်ကြဉ်၍ သုစရိုက်ကိုဖြည့်ကျင့်သော သူသည် သုဂတိဘဝလူ့ပြည်၊နတ်ပြည်သို့ရောက်၏။ ဤကား အညတိတ္ထိယ သာသနာပ အကျင့်အားဖြင့် ဟောတော်မူ၏။

သာသနာတော် အတွင်း၌ ရဟန်းပြုသော သူသည်လည်း ထို့အတူပင် ဒုစရိုက်ကို ပြုကျင့်၍, သုစရိုက်ကိုမဖြည့်ကျင့်သော ရဟန်းသည် အပါယ်သို့ ကျရောက်၏၊ ဒုစရိုက်ကို ရှောင်ကြဉ်၍ သုစရိုက်ကို ဖြည့်ကျင့်သော ရဟန်း သည် သုဂတိဘဝသို့ ရောက်၏။

ထိုအကြောင်း တို့ကို မြတ်စွာဘုရားသည် ဒိဗ္ဗ စက္ခုဖြင့် မြင်တော် မူ၍ ဘယ်အကျင့်, ဘယ်အယူဝါဒကိုမှ တဖက်သတ်အားဖြင့် ကဲ့ရဲ့တော် မူခြင်း မရှိ-ဟူ၍ ဟောတော်မူ၏။

အစေလ ကဿပ၊ ငါတော် သူမြတ်အခေါ်ခံသူ အချို့ ပညာရှိ တို့သည် ရှိကြကုန်၏၊ ထိုပညာရှိတို့နှင့် ငါဘုရား၏ အယူဝါဒသည် အချို့ ညီညွတ် ၏၊ အချို့မညီညွတ်။

အချို့ ငါးပါးသီလကို ကောင်း၏-ဟူ၍ ဆိုကုန်၏။ ငါဘုရားသည်လည်း ငါးပါးသီလကို ကောင်း၏-ဟူ၍ ဆိုတော်မူ၏။ အချို့ သူ့အသက် သတ်ခြင်း စသော ပဥ္စဝေရ-ရန်ငါးပါးကို မကောင်း-ဟူ၍ ဆိုကုန်၏၊ ငါဘုရားသည်လည်း မကောင်း- ဟူ၍ပင် ဆိုတော်မူ၏။ ဤကား ညီညွတ်သော အရာဖြစ်၏၊

အချို့ ပဥ္စဒွါရ၌ စောင့်စည်းခြင်း မရှိသည်ကို ကောင်း၏- ဟူ၍ ဆိုကုန်၏။ ငါဘုရားက မကောင်း-ဟူ၍ ဆိုတော်မူ၏။ အချို့ ပဥ္စဒွါရ၌ စောင့်စည်းခြင်းကို မကောင်း-ဟူ၍ ဆိုကုန်၏။ ငါဘုရားက ကောင်း၏-ဟူ၍ ဆိုတော်မူ၏၊ ဤကား မညီညွတ်သော အရာတည်း။

ငါဘုရားသည် တူ မတူ အယူဝါဒ နှစ်ဌာနရှိကုန်သော သူတော် သူမြတ် အခေါ်ခံသူကို ပညာရှိတို့၏အထံသို့သွား၍ ဤသို့ မေးတော်မူ၏။ ငါ့ရှင်တို့၊ အကြွင်းနေရာ ဌာနတို့၌ မညီညွတ်၊ ထိုမညီညွတ်သော တရားကို ထားပါဦးလော့၊ သင်တို့၏ အယူဝါဒနှင့် ငါဘုရား၏ အယူဝါဒသည် တူမျှညီညွတ်သောအရာ၌ အကုသိုလ်တရားတို့ကို အကြွင်းမဲ့ ပယ်ဖြတ်၍ အဘယ် သူက ကျင့်နိုင်ပါသနည်း?၊ ရဟန်းဂေါတမက ကျင့်နိုင်သလော။ တပါးသောအညတိတ္ထိယဂိုဏ်းဆရာကြီးတို့က ကျင့်နိုင်သလော။

ဤသို့ပညာရှိတို့ စုံစမ်း မေးမြန်း သည်ရှိသော် ငါဘုရား ကိုသာလျှင် အကြွင်းမဲ့သော အကုသိုလ်တရားတို့ကို ပယ်ဖြတ်၍ ကျင့်နိုင်သော သူမြတ် ဟူ၍ များစွာ ချီးမွမ်းကုန်ရာ၏။

ကုသိုလ်တို့ကို အကြွင်းမဲ့ ဆောက်တည်၍ ကျင့်သုံးရာ၌လည်း အဘယ်သူက သာလွန်၍ ကျင့်သုံးနိုင်ပါသနည်း၊ ရဟန်းဂေါတမက အလုံးစုံသော ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်နိုင်သလော, အညတိတ္ထိယ ဂိုဏ်းဆရာကြီးတို့က ဆောက်တည်၍ ကျင့်နိုင်သလော။

ဤသို့ ပညာရှိတို့ စုံစမ်းမေးမြန်းသည်ရှိသော် ထိုကုသိုလ်တို့ကို အလုံးစုံ ဆောက်တည်၍ ကျင့်ရာ၌လည်း ငါဘုရား ကိုသာလျှင် ကျင့်နိုင်သော သူမြတ်-ဟူ၍ များစွာ ချီးမွမ်းကုန်ရာ၏။

အခါလကဿပ - ထိုမှတပါးလည်း ငါဘုရား၏တပည့်သံဃာများလည်း ရှိကြ၏၊ အညတိတ္ထိယဂိုဏ်း ဆရာကြီးတို့၏ တပည့်များလည်း ရှိကြ၏၊ ထိုတပည့်နှစ်ဦးတို့တွင် အဘယ်သူ၏ တပည့်များက အလုံးစုံသော အကုသိုလ်ကို ပယ်ဖြတ်၍ ကျင့်နိုင်ပါသနည်း၊ အလုံးစုံသော ကုသိုလ်တို့ကို ဆောက်တည်၍ ကျင့်နိုင်ပါသနည်း။

ရဟန်းဂေါတမ၏ တပည့်သံဃာများက ကျင့်နိုင်ပါသလော။ အညတိတ္ထိယ ဂိုဏ်းဆရာကြီးတို့၏ တပည့်များက ကျင့်နိုင်ပါသလော။ ဤသို့ ပညာရှိတို့ မေးမြန်းစိစစ်သည် ရှိသော် ငါတို့ကိုသာလျှင် များစွာ ချီးမွမ်းကုန်ရာ၏။

အစေလကဿပ-လမ်းကောင်း, လမ်းမှန် အကျင့်ကောင်း, အကျင့်မှန်သည် ရှိ၏၊ ထိုလမ်းကောင်း, လမ်းမှန်သို့ လိုက်၍ အကျင့်ကောင်း,အကျင့်မှန်ကို ကျင့်သော သူသည် ရဟန်းဂေါတမကား– ကောင်းမြတ် ဟုတ်မှန်သော တရားစကားကို ဟောတော်မူတတ်သော သဗ္ဗညုဘုရားအစစ်- ဟူ၍ ကိုယ်တိုင်ပင် သိလတ့်, ကိုယ်တိုင်ပင် မြင်လတ့်။

ထိုလမ်းကောင်း, လမ်းမှန် အကျင့်ကောင်း, အကျင့်မှန်သည် အဘယ်နည်း -ဟူမူကား.... ဂုဏ်အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော ဤလမ်းကောင်း, လမ်းမှန်ပင်တည်း။ ဂုဏ်အင်္ဂါရှစ်ပါး–ဟူသော်ကား....

၁။ သမ္မာဒိဋ္ဌိ– ဖြစ်ပျက်ကို ကောင်းစွာ ကြည့်ရှုခြင်း၊

၂။ သမ္မာသင်္ကပ္ပ- ဖြစ်ပျက်ကိုကောင်းစွာကြံစီခြင်း၊

၃။ သမ္မာဝါစာ- ဝစီဒုစရိုက်ကို ရှောင်ကြဉ်၍ ဖြစ်ပျက်ကို ကြည့်ရှုခြင်း၊

၄။ သမ္မာကမ္မန္တ–ကာယဒုစရိုက်ကိုရှောင်ကြဉ်၍ ဖြစ်ပျက်ကိုကြည့်ရှုခြင်း၊

၅။ သမ္မာအာဇီဝ– အာဇီဝဋ္ဌမက– သီလ၌ ကောင်းစွာတည်၍ ဖြစ်ပျက်ကို ကြည့်ရှုခြင်း၊

၆။ သမ္မာဝါယာမ- ကောင်းစွာအားထုတ်၍ ဖြစ်ပျက်ကို ကြည့်ရှုခြင်း၊

၇။ သမ္မာသတိ- ကောင်းစွာ သတိထား၍ ဖြစ်ပျက်ကို ကြည့်ရှုခြင်း၊

၈။ သမ္မာသမာဓိ– ကောင်းစွာတည်ကြည်သော စိတ်ဖြင့် ဖြစ်ပျက်ကို ကြည့်ရှုခြင်း။

ဤကား ဂုဏ်အင်္ဂါရှစ်ပါးတည်း။ ဤဂုဏ်အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံစွာ ဖြစ်ပျက်ကို မြင်အောင် ကြည့်ရှု၍ မြင်သော သူသည်''ရဟန်းဂေါတမသည် သဗ္ဗညု ဘုရားအစစ်''ဟူ၍ ကိုယ်တိုင်ပင် သိလတ့်။ ကိုယ်တိုင်ပင် မြင်လတ့်။

ဤသို့ မြွက်စွာဘုရား မိန့်တော်မူသည်ရှိသော် အစေလ ကဿပသည် ဤသို့ ကြံ၏။ ဤရဟန်းဂေါတမသည် ငါ့မှာသာလျှင် လမ်းကောင်း, လမ်းမှန် အကျင့်ကောင်း,အကျင့်မှန်ရှိ၏ -ဟူ၍မှတ်ထင်၏။သူတပါးတို့၌ လမ်းကောင်း, လမ်းမှန် အကျင့်ကောင်း, အကျင့်မှန် မရှိဘူး-ဟူ၍ မှတ်ထင်၏။ ''ငါတို့

အစေလ-ရဟန်းတို့၏ လဒ်းကောင်း, လမ်းမှန်ကျင့်နည်းကို ငါပြောပြဦးအံ့'' ဟု ကြံ၍ အစေလက- ကိုယ်လုံးပေါ် တက္ကဒွန်းတို့၏ အကျင့်တို့ကို ထုတ်ဖေါ်၍ အကျယ်အားဖြင့် ပြောပြလေ၏။

## အစေလက-အဝတ်မဝတ်သော မိစ္ဆာဒိဋ္ဌိတို့၏ ကျင့်နည်းများအကြောင်း

ငါရှင် ဂေါတမ၊ ဤဆိုလတ့်သော အကျင့်တို့သည်လည်း သူတော်, သူမြတ်အခေါ် ခံကြကုန်သော အစေလက ရဟန်းတို့၏ ကျင့်နည်း အလုပ်တို့တည်း။ ဤကျင့်နည်းတို့သည် ရဟန်းတို့၏ အလုပ်-ဟူ၍လည်း ဆိုအပ်ကုန်၏။ သူမြတ်တို့၏ အလုပ်-ဟူ၍လည်း ဆိုအပ်ကုန်၏။ ထိုကျင့်နည်း အလုပ်တို့သည် အဘယ်နည်း- ဟူမူကား....

အဝတ်မဝတ်ဖဲ ကိုယ်လုံးပေါ် ကျင့်ခြင်း, ကျင်ကြီး ကျင်ငယ်ကို မတ်တတ်ရပ်လျက် စွန့်ခြင်း, (ဝါ) မတ်တတ်ရပ်၍ ကျင်ကြီး ကျင်ငယ်ကို စွန့်ခြင်း။ ကျင်ကြီး စွန့်ပြီး၍ လက်ဖြင့်သာလျှင် ကနုတန် အမှတ်ဖြင့် ကျင်ကြီးကို သုတ်ခြင်း။ သုတ်ပြီး၍ လက်၌ကပ်သော ကျင်ကြီးကို လျှာဖြင့် လျက်ခြင်း ဆွမ်းခံကြွပါ-ဟု ပင့်ခေါ်၍ မသွားခြင်း, ဆွမ်းအလို့ငှါ ရပ်ပါ-ဟု ဆို၍ မရပ်ခြင်း, ရှေးဦးစွာ ဆောင်ယူ၍ လှူသော ဆွမ်းကို မခံယူခြင်း, အရှင်ဘုရားတို့ကို ရည်မှန်း၍ ချက်သော ဆွမ်း-ဟု ဆိုသည်ကို မခံယူခြင်း, ဤမည်သော အိမ်သို့ ဆွမ်းခံကြွတော် မူပါ-ဟု ပင့်သော ဆွမ်းကို မခံယူခြင်း။

ထိုအစေလက ကျင့်နည်းကို ကျင့်သော ကိုယ်လုံးပေါ် ရဟန်းသည် ထမင်းအိုးမှ ထုတ်ယူ၍ လှူသော ဆွမ်းကိုလည်း မခံယူ, ထမင်းတောင်းမှ ခပ်ကော်၍ လှူသော ဆွမ်းကိုလည်း မခံယူ။ (အဘယ့်ကြောင့် မခံယူသနည်း။ ထမင်းအိုး, ထမင်းတောင်းတို့သည် ငါ့ကို အမှီပြု၍ ခွက်, ယောင်းမ တို့၏ တိုက်ခိုက်ခြင်းကို မရပါစေလင့် နှလုံးပြု၍ မခံယူသတည်း။)

တံခါးခုံ ခြားရာ၌ လှူသော ဆွမ်းကိုလည်း မခံယူ။ ဒုတ်တောင်ဝှေး ခြားရာ၌ လှူသော ဆွမ်းကိုလည်း မခံယူ။ ကျည်ပွေ့ ခြားရာ၌ လှူသော ဆွမ်းကိုလည်း မခံယူ။ (အဘယ့်ကြောင့်နည်း။ တံခါးခုံ၊ ဒုတ်တောင်ဝှေး ရေပ်ကျည်ပွေ့တို့သည် ငါ့ကို အမှီပြု၍ အကြား၌ နေရ၏-ဟု နှလုံးပြု၍ မခံယူသတည်း။)

နှစ်ယောက် ထမင်းစား၍ နေရာ၌ တယောက်က ထ၍ လောင်းသော ဆွမ်းကိုလည်း မခံယူ။ (အဘယ်ကြောင့်နည်း။ တယောက်သူအား ထမင်း လုပ် အန္တရာယ်ဖြစ်၏-ဟု နှလုံးပြု၍ မခံယူသတည်း။)

ကိုယ်ဝန်ဆောင် မိန်းမ လောင်းသောဆွမ်းကိုလည်း မခံယူ။ (ဝမ်းပိုက် ထည်းက သူငယ် ပင်ပန်း၏-ဟု နှလုံးပြု၍ မခံယူသတည်း။)

နို့တိုက်နေသော မိန်းမ လောင်းသော ဆွမ်းကိုလည်း မခံယူ။ (သူငယ် အား နို့စို့ရာ၌ အနှောက်အယှက် အန္တရာယ် ဖြစ်၏-ဟု နှလုံးပြု၍ မခံယူ သတည်း။)

လင်ယောကျ်ားရှိသော မိန်းမလောင်းသော ဆွမ်းကိုလည်း မွေ့လျော် ခြင်း အန္တရာယ်ဖြစ်၏-နှလုံးပြု၍ မခံယူ။ (ဒုဗ္ဘိက္ခအခါ၌ အစေလက ရဟန်း တို့ အကျိုးငှါ ထိုထိုအိမ်မှ ဆံတို့ကို စုဆောင်း၍ ချက်သော ထမင်းကိုလည်း ဥက္ကဋ္ဌအကျင့်ရှိသော အစေလက ရဟန်းသည် မခံယူ။)

အနီး၌ ခွေးတမျှော်မျှော်နေသော ဆွမ်းကိုလည်း မခံယူ။ထိုခွေးကို ရှေးဦး စွာ ထမင်းမကျွေးဘဲ ခံယူခြင်းမပြု။ ယင်ကောင်တို့ အစုအစု ဝိုင်းအုံ၍ နေ သော ဆွမ်းကိုလည်း ထိုယင်ကောင်တို့သည် အစားအသောက် အန္တရာယ် ဖြစ်၏-ဟု နှလုံးပြု၍ မခံယူ။

ငါး, အမဲကိုလည်းမစား။ သေရည် အရက်ကိုလည်း မသောက်။ အလုံးစုံ သော အဆောက်အဦတို့ဖြင့်ပြုလုပ်အပ်သော လောဏသောဝီရက ဆေးရည် ကိုလည်း အချက်နှင့်တူသောကြောင့် မသောက်။

ထိုအစေလက-ရဟန်းသည် တအိမ်တည်းမှ ရသော ဆွမ်း, တလုပ်တည်း သော ဆွမ်း, နှစ်အိမ်မှရသော ဆွမ်း, နှစ်လုပ်သော ထမင်း, ခုနစ်အိမ်မှ ရသော ဆွမ်း, ခုနစ်လုပ်သော ဆွမ်း, တယောက်မသော ဆွမ်း, နှစ်ယောက် မသော ဆွမ်းဖြင့်လည်း မျှတ၍နေ၏၊ တရက်ခြား, နှစ်ရက်ခြားသော်လည်း အစာကို စား၏၊ (လ) ခုနစ်ရက်ခြားသော်လည်း အစာကို စား၏။ ဤသို့ သဘောရှိသော တဆယ့်ငါးရက်ခြားသော ဆွမ်းကိုလည်းအလှည့်ကျအားဖြင့် စား၍ နေ၏။

ငါ့ရှင် ဂေါတမ၊ ဤကျင့်နည်းတို့သည်လည်း ထိုသူတော် သူမြတ်ဖြစ်ကုန် သော အစေလက အဝတ်မဝတ်ဘဲ ကျင့်ကုန်သော ကိုယ်လုံးပေါ် ရဟန်းတို့ အား "ကောင်းမြတ်သော ရဟန်းအကျင့်" ဟူ၍ ဆိုအပ်၏။ သူမြတ်တို့ အကျင့်-ဟူ၍ ဆိုအပ်၏။

ထိုအစေလက အကျင့်ကို ကျင့်သောကိုယ်လုံးပေါ် ရဟန်းသည် ဟင်းရွက်စိမ်း, မျက်သီးဆံ, ကြိတ်စပါးဆံ, သားရေနယ်သမားတို့ လှီးဖြတ်၍ ပစ်သော သားရေအဖတ်, သစ်ပင်မှ ထွက်သော အစေး, ဆံကွဲ, ထမင်းကျိုးမဲ့, ပိညာက– နှမ်းမှုံ့ညက်, နွားချေး တောသစ်မြစ် တောသစ်သီးဖြင့်လည်း မျှတ၍ နေ၏။ အလိုလိုကျွေကျသော သစ်သီးဖြင့်လည်း မျှတ၍ နေ၏။

ငါ့ရှင်ဂေါတမ၊ ဤကျင့်နည်းတို့သည်လည်း သူတော် သူမြတ် ဖြစ်ကုန်သော အစေလက ရဟန်းတို့အား ကောင်းမြတ်သော အကျင့်-ဟူ၍ ဆိုအပ်၏။ (ရဟန်းကောင်းတို့၏ အကျင့်-ဟူ၍ ဆိုအပ်၏။) သူမြတ်တို့ အကျင့်-ဟူ၍ ဆိုအပ်၏။

ထိုအဝတ် မဝတ်သော အစေလက ကိုယ်လုံးပေါ် ရဟန်းသည် ပိုက်ဆံလျှော်ဖြင့် ရက်သော ဂုံအိတ်အဝတ်နှင့် အရောရော ရက်သော အမျိုးမျိုးသော အဝတ်စုတ်ကိုဖြင့် ပေါင်းစပ်ဖါထေး၍ ချုပ်သော အဝတ်ကိုကိုလည်း ဆောင်၏။

သူသေကောင်မှ စွန့်ပစ်သော အဝတ်တို့ကိုလည်း ဆောင်၏။ ပံ့သုကူလ အဝတ်, တိရိဋ္ဌ– သစ်ခွံအဝတ်, သမင်ရေ, သစ်နက်ရေ, သမန်းမျက်ဖြင့် ရက်သော မြက်အဝတ်, ဝါကစိရ– မသျှော်ဘောက်ကန်းကိုလည်း ဆောင်၏။ ပျဉ်ပြားသကန်းတို့ကိုလည်း ဝတ်ရုံ၏။ လူ၏ဆံပင်ဖြင့် ရက်သော ဆံပင်သကလပ်, ဝါဠကမ္ဗလ- မြင်းမြီးတို့ဖြင့် ရက်သော မြင်းမြီး အဝတ်ကိုလည်း ဝတ်ရုံ၍ နေ၏၊ ဒီးဒုတ်ငှက်, ခင်ဘုတ်ငှက်တို့၏ အမွေးအတောင်ဖြင့် ရက်သော အဝတ်ကိုလည်း ဆောင်၏။

ဆံမုတ်ဆိတ်ကို နုတ်၍နေ၏၊ နေရာဖယ်ရှား မတ်တတ်သွား၍ နေလေ့ရှိ၏။ ဆောင့်ဆောင့်ထိုင်၍ နေလေ့, သွားလေ့ ရှိသည်လည်း ဖြစ်၏။ ဆူးပေါ်, ငြောင့်ပေါ်, သံချွန်ပေါ်, သစ်ချွန်ပေါ်၌ သားရေကို ခင်း၍ နေခြင်း, ထိုင်ခြင်း, သွား, လာခြင်း, အိပ်ခြင်းကိုလည်း ပြုလေ့ရှိ၏။

ပျဉ်ပြားပေါ်၌ အိပ်ခြင်းကိုလည်း ပြုလေ့ရှိ၏။ တဏ္ဍိလ-မြင့်မောက်ဖုကြွ, မညီမျှသော မြေ၌လည်း အိပ်ခြင်းကို ပြု၏၊ နံပါးတဖက်ဖြင့် သာလျှော် အိပ်ခြင်းကို ပြု၏၊ ကိုယ်ကို ဆီလူး၍ မြူအလိမ်းအလိမ်းကပ်သော ကိုယ်ဖြင့်လည်း နေ၏။

လွင်တီးခေါင်၌လည်း နေလေ့ရှိ၏။ ရသော နေရာကို မပြောင်းရွှေမူ၍ နေလေ့ရှိ၏။ ဝိကဋ္ဋဘောဇဉ်ဖြစ်သော မစင်ကို စားလေ့ရှိ၏။ ရေအေးကို မသောက်မူ၍ နေလေ့ရှိ၏၊ တနေ့လျှင် သုံးကြိမ်ရေထဲသို့ဆင်း၍ မကောင်းမှုကို မျှောလေ့ရှိ၏။

ငါ့ရှင်ဂေါတမ၊ ဤကျင့်နည်းတို့သည် သူတော်သူမြတ် အခေါ်ခံကြကုန်သော အစေလက—ကိုယ်လုံးပေါ်ရဟန်းတို့၏ အကျင့်မြတ်တို့-ဟူ၍ဆိုအပ်၏။ ရဟန်းကောင်းတို့အကျင့်-ဟူ၍ ဆိုအပ်၏။

(အစေလ-ကဿပသည် ဤတိုင်အောင်သော စကားတို့ကို ''အာဝုသော ဂေါတမ''-ဟု ခေါ်၍ ပြောသတည်း)

ဤသို့ အစေလ ကဿပသည် မိမိတို့၏ တိတ္ထိယ ကျင့်နည်းတို့ကို ပြောပြသောအခါ ထိုတိတ္ထိတို့၏ ကျင့်နည်းသည်-သီလသမ္ပဒါ, စိတ္တသမ္ပဒါ, ပညာသမ္ပဒါတို့ မရှိသောကြောင့် သမဏ ဗြာဟ္မဏ၏ အဖြစ်မှ ဝေးကွာ၍ အကျိုးမရှိသော အကျင့်ဖြစ်ကြောင်းကို ဤသို့ ဟောပြတော်မူ၏။

အစေလကဿပ၊ အဝတ်မဝတ်ဘဲ နေခြင်း, မတ်တတ် ရပ်၍ ကျင်ကြီး ကျင်ငယ်စွန့်ခြင်း စသည်ကိုပြုကျင့်သော သူသည်သမဏအဖြစ်မှလည်း ဝေးလှစွာ၏။ ဗြာဟ္မဏအဖြစ်မှလည်း ဝေးလှစွာ၏။ (ဝါ) သူတော်သူမြတ် အဖြစ်မှ အလွန်ဝေးကွာလှ၏။

အစေလ ကဿပ၊ အကြင်ရဟန်းသည် ခိုက်ရန် ပူဆာ ဗျာပါ မရှိသော မေတ္တာစိတ်ကို ပွားစေ၏။ အာသဝေါတို့ ကုန်ခန်း၏။ စိတ်၏စင်ကြယ်ခြင်း, ပညာ၏ စင်ကြယ်ခြင်းရှိသော အရဟတ္တဖိုလ်ကို ယခုမျက်မှောက်ဘဝ၌ ကိုယ်တိုင်သိ၍, အရဟတ္တဖလ သမာပတ်ကို ဝင်စား၍ နေနိုင်၏၊ အစေလကဿပ၊ ထိုရဟန်းကို သာလျှင် သမဏ-ဟူ၍လည်းကောင်း, ဗြာဟ္မဏ-ဟူ၍ လည်းကောင်း ဆိုအပ်၏။

အစေလ ကဿပ၊ ဟင်းရွက်စိမ်း, မြက်သီးဆံ့,တောသစ်မြစ်,တော သစ်သီးတို့ကို စား၍ နေသူသည် သီလသမ္ပဒါ, စိတ္တသမ္ပဒါ, ပညာ သမ္ပဒါတို့ကို မပွားစေအပ်သည်ဖြစ်၍ သီလ သမ္ပဒါ, စိတ္တ သမ္ပဒါ, ပညာ သမ္ပဒါတို့ကို မျက်မှောက်မပြုနိုင်။ ထိုသူသည် သမဏအဖြစ်မှလည်း ဝေးလှစွာ၏။ ဗြာဟ္မဏအဖြစ်မှလည်း ဝေးလှစွာ၏။ (ဝါ) သူတော် သူမြတ်အဖြစ်မှ အလွန်ဝေးကွာလှ၏။

အစေလကဿပ၊ ပိုက်ဆံလျှော်ဖြင့် ရက်အပ်သော ဂုံအိတ်ချည်, အဝတ်, အဝတ်စုတ်တို့ကို စပ်ချုပ်ဖာထေး၍ ဝတ်ရုံ၍ နေသောသူ ။လ။ တနေ့လျှင် သုံးကြိမ် ရေသို့ဆင်း၍ မကောင်းမှုတို့ကို မျှော၍ နေသောသူတို့သည်သီလသမ္ပဒါ, စိတ္တသမ္ပဒါ, ပညာသမ္ပဒါတို့ကို မျက်မှောက် မပြုနိုင်သောကြောင့် သမဏအဖြစ်မှလည်း ဝေးလှစွာ၏၊ ဗြာဟ္မဏအဖြစ်မှလည်း ဝေးလှစွာ၏။

အစေလကဿပ၊ အကြင် ရဟန်းသည် ခိုက်ရန် ပူဆာ ဗျာပါ မရှိသော မေတ္တာစိတ်ကို ပွားစေ၏၊ အာသဝေါတရားတို့ ကုန်ခန်း၏။ စိတ်၏စင်ကြယ်ခြင်း, ပညာ၏စင်ကြယ်ခြင်းရှိသော အရဟတ္တဖိုလ်ကိုယခုမျက်မှောက် ဘဝ၌ ကိုယ်တိုင်သိ၏။ ထိုရဟန်းကို သမဏ-ဟူ၍လည်း ဆိုအပ်၏၊ ဗြဟ္မဏ ဟူ၍ လည်း ဆိုအပ်၏။

ဤသို့ မြတ်စွာဘုရား ဟောတော်မူသည် ရှိသော် အစေလကဿပသည်

ဒုက္ကရံ ဘော ဂေါတမ သာမညံ၊ ဒုက္ကရံ ဗြဟ္မညံ။

ဟူ၍-လျှောက်ကြား လေ၏။

ဘော ဂေါတမ၊ အရှင်ဂေါတမ၊ သာမညံ- ရဟန်း၏ အဖြစ်သည်- ဒုက္ကရံ-ခဲယဉ်းစွာ၏။ ဗြဟ္မညံ-သူတော် သူမြတ်၏အဖြစ်သည်။ဒုက္ကရံ၊ ခဲယဉ်းစွာ၏။

(ယခုအခါ၌ အစေလ ကဿပသည် "ဘောဂေါတမ" - ဟု ခေါ်၍ လျှောက်သတည်း။)

အစေလကဿပ၊ အဝတ် မဝတ်ဘဲ နေရုံမျှနှင့် ခဲယဉ်း စွာသော ရဟန်း အဖြစ်ကို ရပါလျှင် လူတိုင်းပင်လျှင် အဝတ် မဝတ်ဘဲ နေနိုင်၏။ သူကြွယ် သည်လည်း ကောင်း,သူကြွယ်၏သားသည်လည်းကောင်း နေနိုင်၏။အယုတ်ဆုံး ထမင်းအိုး,ဟင်းအိုးတို့ကို ဆေးကြောထိန်းသိမ်း၍ နေရသော အိုးထိန်းကျွန်မ သော်လည်း အဝတ် မဝတ်ဘဲ နေနိုင်၏။ သို့သော်လည်း အဝတ် မဝတ်ဘဲ နေရုံမျှဖြင့် သမဏဗြဟ္မဏ သူတော် သူမြတ်-ဟူ၍ မဆိုအပ်၏။

သီလသမ္ပဒါ, စိတ္တသမ္ပဒါ, ပညာသမ္ပဒါတို့ကို မျက်မှောက်ပြု၍ အာသဝေါကင်းသော ရဟန္တာအဖြစ်သို့ ရောက်မှသာလျှင် သမဏ-ဟူ၍ လည်း ကောင်း, ဗြဟ္မဏ-ဟူ၍လည်းကောင်း ဆိုအပ်၏။

မဘ်တတ်ရပ်၍ ကျင်ကြီး ကျင်ငယ်ကို စွန့်နိုင်ရုံ, သစ်ရွက်စိမ်းကို စားရုံ သစ်သီး, သစ်မြစ်တို့ကို စား၍နေရုံ, တနေ့လျှင် သုံးကြိမ် ရေသို့ဆင်း၍ ရေ ချိုး၍ ကိလေသာတို့ကို မျှောရုံမျှဖြင့် ရဟန်း ဖြစ်သည်မဟုတ်။

တနေ့သုံးကြိမ် ရေချိုးရုံမျှဖြင့် ရဟန်းအဖြစ်ကိုရပါလျှင် လူတိုင်းပင်လျှင် ရေချိုးနိုင်၏။ အယုတ်ဆုံး, ထမင်းအိုး,ဟင်းအိုးတို့ကို ဆေးကြောသိမ်းဆည်း၍နေရသော ကုမ္ဘဒါသီ-အိုးသိမ်းကျွန်မသော်လည်း ရေချိုးနိုင်၏။ ရေချိုး နိုင်ရုံမျှနှင့် ရဟန်းဖြစ်သည် မဟုတ်၊ သမဏ-ဟူ၍ လည်းကောင်း, ဗြဟ္မဏ-ဟူ၍လည်းကောင်း မဆိုအပ်။

သီလသမ္ပဒါ, စိတ္တသမ္ပဒါ, ပညာသမ္ပဒါတို့ကို မျက်မှောက်ပြု၍ အာသဝေါကင်းသော ရဟန္တာအဖြစ်သို့ ရောက်မှသာလျှင် သမဏ-ဟူ၍လည်းကောင်း, ဗြာဟ္မဏ-ဟူ၍ လည်းကောင်း ဆိုအပ်၏။

အစေလ ကဿပ၊ အဝတ် မဝတ်ဘဲ သည့်ဖြင့် နေသော အကျင့်ကား တခြား, ရဟန်းအဖြစ်သည့်ကား တခြား၊ မတ်တပ်ရပ်၍ ကျင်ကြီးကျင်ငယ် စွန့်သော အကျင့်ကား တခြား, ရဟန်းအဖြစ်သည်ကား တခြား။

အဝတ်မဝတ်ဘဲ နေသော သူသည် ရဟန်းဖြစ်သည် မဟုတ်၊ ရဟန်းဖြစ်သော သူသည်လည်း အဝတ်မဝတ်ဘဲမနေ၊ သမဏ ဗြာဟ္မဏ ရဟန်းအဖြစ် သူတော်, သူမြတ် အဖြစ်နှင့် သင်တို့၏ အစေလက အကျင့်သည် အလွန်ကွာခြား၍နေ၏။

ဤအဝတ်မဝတ်ဘဲ နေခြင်း စသော အကျင့်တို့ကို ကြဉ်ထား၍ ရှောင်ရှား၍, ပယ်စွန့်၍ သမ္ပဒါသုံးပါးကို မျက်မှောက်ပြုသော သမဏ ဗြာဟ္မဏ အဖြစ်သည်သာလျှင် ခဲယဉ်း၏။ အလွန်ခဲယဉ်း၏။ ထိုကြောင့် သမ္ပဒါသုံးပါးကို မျက်မှောက်ပြုသော ဤရဟန္တာ၏ အဖြစ်ကိုသာလျှင် (ဒုက္ကရံ သာမညံ၊ ဒုက္ကရံ ဗြဟ္မညံ)ဟူ၍ ဆိုခြင်းငှါ သင့်၏။ (ပါဠိတော်)။

ဤသို့ မြတ်စွာဘုရား မိန့်တော်မူသည် ရှိသော်-အစေလ ကဿပသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ကြားပြန်၏။

ဒုဇ္ဇာနော ဘော ဂေါတမ သမဏော၊ ဒုဇ္ဇာနော ဗြာဟ္မဏော။

ဘော ဂေါတမ၊ အရှင်ဂေါတမ။ သမဏော၊ ရဟန်းသည်။ ဒုဇ္ဇာနော၊ သိနိုင်ခဲ၏။ ဗြာဟ္မဏော၊ သူတော်, သူမြတ်အဖြစ်သည်။ ဒုဇ္ဇာနော သိခဲစွာ၏။

အစေလကဿပ၊ အဝတ်မဝတ်ဘဲ နေရုံမျှဖြင့် ရဟန်း ဖြစ်ပြီးအံ့။ ထိုအဝတ်မဝတ်ဘဲ နေသော ရဟန်းသည် သိနိုင်ခဲသည် မဟုတ်။ လူတိုင်းပင်လျှင် သိချင်လွယ်၏။ "ဤသူကား အဝတ်မဝတ်ဘဲ နေသော ရဟန်းတည်း"ဟူ၍ သူကြွယ်သည် လည်းကောင်း, သူကြွယ်သားသည်လည်းကောင်း သိနိုင်လွယ်၏၊ အယုတ်ဆုံး ထမင်းအိုး, ဟင်းအိုးတို့ကို ဆေးကြောထိန်းသိမ်းရသော အိုးသိန်းကျွန်မသော်လည်း "ဤသူကား အဝတ်မဝတ်သော ရဟန်းတည်း"ဟု သိနိုင်လွယ်၏။

ဤအဝတ်မဝတ်ဘဲ နေခြင်း အစရှိသော အကျင့်တို့ကို ကြဉ်ထား၍ ပယ်ရှား၍, ရှောင်လွှဲ၍ သမ္ပဒါသုံးပါးကို မျက်မှောက်ပြုသော ရဟန်းသည်သာလျှင် သိနိုင်ခဲသော ရဟန်းဖြစ်၏။ အလွန်သိနိုင်ခဲ၏။ ထိုကြောင့် သမ္ပဒါသုံးပါးနှင့်ပြည့်စုံ၍ မျက်မှောက်ပြု၍ အာသဝေါ ကင်းသော ရဟန်းသည်

သာလျှင် သိနိုင်ခဲ့သော ရဟန်း ဖြစ်၍ "ဒုဋ္ဌာနော သမဏော၊ ဒုဋ္ဌာနော ဗြာဟ္မဏော"ဟူ၍ ဆိုခြင်းငှာ သင့်၏။

ဤသို့ မြတ်စွာဘုရား ဟောတော်မူသည် ရှိသော် အစေလ ကဿပသည် မြတ်စွာဘုရားကို ဤသို့ မေးလျှောက်လေ၏။

အရှင်ဂေါတမ၊ သီလသမ္ပဒါ ဆိုသည်ကား အဘယ်သို့ပါနည်း? စိတ္တသမ္ပဒါကား အဘယ်သို့ ပါနည်း? ပညာသမ္ပဒါကား အဘယ်သို့ပါနည်း? ဟူ၍ လျှောက်၏။

ထိုသို့ မေးလျှောက်သော အခါ၌ မြတ်စွာဘုရားသည် အစေလ ကဿပ အား ဗုဒ္ဓုပ္ပါဒ-ဘုရားဖြစ်တော်မူသည်မှ စ၍ ဟောရိုးဟောစဉ် ဖြစ်သော ဒေသနာတော် အစဉ်ကို ဟောကြားတော်မူလျက် သမ္ပဒါ သုံးပါးတို့ကို ပြတော်မူခြင်းငှာ-

> ဣဓ ကဿပ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ။လ။

အစရှိသဖြင့် စူဠသီလ,မဇ္ဈိမသီလ, မဟာသီလတို့ကို ခွဲပြလျက်-

> ဣဒမ္ပိဿ ဟောတိ သီလသမ္ပဒါယ။

ဟူ၍ သီလသမ္ပဒါကို လည်းကောင်း,

> ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဣဒမ္ပိဿ ဟောတိ စိတ္တသမ္ပဒါယ။ အယံ ခေါ ကဿပ စိတ္တသမ္ပဒါ။

ဟူ၍ စိတ္တသမ္ပဒါကို လည်းကောင်း,

> ဉာဏဒဿနာယ စိတ္တံ အဘိနီဟရတိ(လ)နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။ ဣဒမ္ပိဿ ဟောတိ ပညာသမ္ပဒါယ။

ဟူ၍ ပညာသမ္ပဒါကို လည်းကောင်း, ဟောပြတော်မူသတည်း။

၁။ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလသည် သီလသမ္ပဒါ မည်၏။

၂။ ပဌမဈာန် အစရှိသော သမာပတ်ရှစ်ပါးသည် စိတ္တသမ္ပဒါမည်၏။

၃။ အဘိညာဏ်ငါးပါးနှင့်တကွ ဝိပဿနာဉာဏ်,အာသဝက္ခယဉာဏ်သည် ပညာသမ္ပဒါ မည်၏။

အစေလ ကဿပ၊ ဤငါဘုရား၏ သာသနာတော်၌ ဤသီလသမ္ပဒါ, စိတ္တသမ္ပဒါ, ပညာသမ္ပဒါသည် ရှိ၏၊ တပါးသော အယူဝါဒ၌ "မြတ်သော သမ္ပဒါဟူ၍ မရှိ"ဟူ၍ အရဟတ္တဖိုလ်နှင့်ဟုဉ်သော သမ္ပဒါသုံးပါးကို ရည်၍ ဟောတော်မူ၏။

ဤသမ္ပဒါသုံးပါးတို့ထက် မြတ်သော သမ္ပဒါ-ဟူ၍ တပါးသော အယူဝါဒ၌ မရှိကြောင်းကို ဟောတော်မူပြီး၍ သီဟနာဒကို ပြုလိုရကား ဤသို့ ဟောတော်မူပြန်၏။

အစေလ ကဿပ၊ အချို့သီလကို ချီးမွမ်းကုန်သော သမဏဗြာဟ္မဏ-ပညာရှိ သူတော်သူမြတ်တို့သည် ရှိကုန်၏၊ ထိုပညာရှိသူတော်သူမြတ်တို့သည် များစွာသော အကြောင်းဖြင့် သီလ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကုန်၏။

အစေလ ကဿပ၊ အလွန်စင်ကြယ်၍ လွန်မြတ်သော လောကုတ္တရာ သီလ၌သော်လည်း ငါ၏ သီလထက်လွန်မြတ်သော သီလရှိသူကို ငါဘုရားမြင်တော်မမူ၊ ငါ့ထက်သာလွန်သူကို အဘယ်မှာ ရနိုင်တော့အံ့နည်း? စင်စစ်သော်ကား ဤလောကုတ္တရာ- သီလ ဟုဆိုအပ်သော အဓိသီလ၌ ငါဘုရားက သာလျှင် အသာလွန်ဆုံး ဖြစ်တော်မူ၏။

အစေလ ကဿပ၊ ကိလေသာကို စက်ဆုတ်၍ အားထုတ်သော ဝိပဿနာ လုံ့လရှိကုန်သော ပညာရှိ သူတော်သူမြတ်တို့သည် ကိလေသာကို စက်ဆုတ်၍ အားထုတ်သော ဝိပဿနာ လုံ့လ၏ ဂုဏ်ကျေးဇူးတို့ကို များစွာသော အကြောင်းဖြင့် ချီးမွမ်းကြကုန်၏။

အစေလ ကဿပ၊ အလွန်စင်ကြယ်၍ လွန်မြတ်သော လောကုတ္တရာနှင့် ယှဉ်သော ဝိပဿနာလုံ့လ၌သော်လည်း ငါ၏ဝိပဿနာလုံ့လထက်မြတ်သော ဝိပဿနာလုံ့လရှိသူကို ငါဘုရား မြင်တော်မမူ။ ငါဘုရားထက် သာလွန်သူကို အဘယ်မှာ ရနိုင်တော့အံ့နည်း။ စင်စစ်သော်ကား အဓိဇေဂုစ္ဆ-ဟု ဆိုအပ်သော လောကုတ္တရာ ဝိပဿနာ လုံ့လ၌ ငါဘုရားသည်သာလျှင်အသာလွန်ဆုံး ဖြစ်တော်မူ၏။

အစေလ ကဿပ၊ အချို့ပညာ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကြ ကုန်သော သူတော်သူမြတ် ပညာရှိတို့သည် ပညာ၏ ဂုဏ်ကျေးဇူးကို များစွာသော အကြောင်းတို့ဖြင့် ချီးမွမ်းကြကုန်၏။

အစေလ ကဿပ၊ အလွန်စင်ကြယ်၍ မြင့်မြတ်သော လောကုတ္တရာပညာ သော်လည်း ငါဘုရား၏ ပညာနှင့် တူမျှသော သူကို ငါဘုရားမြင်တော်မမူ။ ငါဘုရားထက် သာလွန်သူကို အဘယ်မှာ ရနိုင်တော့အံ့နည်း။ စင်စစ်သော်ကား 'အဓိပညာ'-ဟု ဆိုအပ်သော လောကုတ္တရာပညာ၌ ငါဘုရားသည် သာလျှင် အသာလွန်ဆုံး ဖြစ်တော်မူ၏။

အစေလ ကဿပ၊ အချို့-ကိလေသာမှ ကင်းလွတ်ခြင်း ဝိမုတ္တိကို ချီးမွမ်းကြကုန်သော သူတို့သည် ဝိမုတ္တိ၏ဂုဏ်ကျေးဇူးကို များစွာသော အကြောင်းတို့ဖြင့် ချီးမွမ်းကြကုန်၏။

အစေလ ကဿပ၊အလွန်စင်ကြယ်၍ လွန်မြတ်သော လောကုတ္တရာဝိမုတ္တိ၌ သော်လည်း ငါဘုရား၏ ဝိမုတ္တိနှင့် တူမျှသော သူကို ငါမြင်တော်မမူ။ သာလွန်သူကို အဘယ်မှာရနိုင်တော့အံ့နည်း။ စင်စစ်သော်ကား အဓိဝိမုတ္တိ-ဟု ဆိုအပ်သော လောကုတ္တရာဝိမုတ္တိ၌ ငါဘုရားသည်သာလျှင် အသာလွန်ဆုံး ဖြစ်တော်မူ၏။

(ငါးပါး သီလမှ စ၍ ပါတိမောက္ခ သီလတိုင်အောင် သီလမည်၏။ လောကုတ္တရာနှင့် ယှဉ်သောသီလသည်ပရမသီလမည်၏။အဓိသီလလည်းမည်၏။ ပရမသီလ-ဟူ၍လည်းကောင်း,အဓိသီလ-ဟူ၍လည်းကောင်းဟောတော်မူ၏)

ကိလေသာကိုခန်းခြောက်အောင်အားထုတ်သော သမထလုံ့လ,ဝိပဿနာ လုံ့လသည် တပေါ -ဇေဂုစ္ဆာမည်၏၊ လောကုတ္တရာနှင့်ယှဉ်သော လုံ့လ သည် အဓိဇေဂုစ္ဆာမည်၏။

ကမ္မဿကတာပညာ, ဝိပဿနာပညာသည် ပညာမည်၏။ လောကုတ္တရာနှင့် ယှဉ်သော ပညာသည် အဓိပညာမည်၏။

တဒင်္ဂ, ဝိက္ခမ္ဘန ပဟာန်တို့သည် ဝိမုတ္တိမည်ကုန်၏။

သမုစ္ဆေဒ, ပဋိပဿဒ္ဓိ, နိဿရဏပဟာန်တို့သည် အဓိဝိမုတ္တိ မည်ကုန်၏။ (သီလက္ခန်ပါဠိတော်၊ အဋ္ဌကထာ။)

အစေလ ကဿပ၊ရဟန်းဂေါတမသည် ခြင်္သေ့မင်းကဲ့သို့ ကြွေးကြော်ခြင်း မရှိ၊ သတ္တဝါ၏ ...... ရဲတင်းသောစကားကို တကိုယ်တည်းသာ တိတ်ဆိတ်ရာ ၌ နေ၍ ဆိုဝံ့၏၊ ''ပရိသတ်ထဲ၌ ရဲတင်းသော စကားကို မဆိုဝံ့'' ဟူ၍ အညတိတ္ထိယ-ပရိဗ္ဗာဇကတို့သည် ပြောစရာအကြောင်း ရှိ၏-

''ပရိသတ်ထဲ၌ ဘိုဝန်သော်လည်း ရဲရဲရင့်ရင့် ပွဲလယ်တင့်အောင် မဆို ဝံ့''-ဟူ၍လည်း ပြောစရာအကြောင်း ရှိ၏။

''ပရိသတ်ထဲ၌ ရဲရဲရင့်ရင့် ပွဲလယ်တင့်အောင် ကြုံးရင်မြွက်ဖော် ဆိုဝံ့ သော်လည်း ...... ပုစ္ဆာစကား, လျှောက်ထားမေးမြန်းသူ မရှိကုန်''- ဟူ၍လည်း ပြောစရာအကြောင်း ရှိ၏။

ပုစ္ဆာစကား လျှောက်ထား မေးမြန်းသူ ရှိသော်လည်း မေးသော သူတို့ ၏ ပုစ္ဆာကို မဖြေနိုင်-ဟုလည်း ပြောစရာအကြောင်း ရှိ၏။

ပုစ္ဆာစကား လျှောက်ထားမေးမြန်းသည်ကို ဖြေဆိုသော်လည်း မေးသော သူ၏ စိတ်ကို နှစ်သက်စေနိုင်ခြင်း မရှိ-ဟူ၍လည်း ပြောစရာ အကြောင်း ရှိ၏၊

မေးသော သူ၏စိတ်ကို နှစ်သက်ခြင်း ရှိအောင်ဖြေဆိုသော်လည်း ''ရဟန်းဂေါတမ ဖြေကြားသော စကားကို နားထောင်လိုသူ မရှိကုန်''-ဟူ၍လည်း ပြောစရာ အကြောင်းရှိ၏။

''နားထောင်လိုသူ ရှိသော်လည်း ဘယ်သူမှ ကြည်ညိုသူမရှိ''-ဟူ၍လည်း ပြောစရာအကြောင်း ရှိ၏။

ရဟန်းဂေါတမ- ဖြေကြားသော စကားကို ကြား၍ ကြည်ညိုကြကုန်သော်လည်း ''ကြည်ညိုသော အခြင်းအရာကို ပြုသူမရှိ''-ဟူ၍လည်း ဆိုစရာ ရှိ၏။

ကြည်ညိုသော အခြင်းအရာကို ပြုသော်လည်း ရဟန်းဂေါတမ ပြောဟောသော တရားအတိုင်း လိုက်နာ၍ ကျင့်သူ မရှိ-ဟူ၍လည်း ပြောစရာ ရှိ၏။

ရဟန်းဂေါတမ ပြောဟောသော တရားစကားအတိုင်း လိုက်နာ၍ ကျင့်သော်လည်း ဘယ်သူမှ တရားထူးကို ရခြင်းမရှိ—ဟူ၍လည်း ပြောစရာ ရှိ၏။

ထိုသို့ ပြောစရာရှိ၍ ပြောဆိုကြကုန်သော အညတိတ္ထိယ ပရိဗ္ဗာဇကတို့ကို ဤသို့ ပြောဆိုအပ်ကုန်၏။ အဘယ်သို့ ပြောဆိုအပ်သနည်း။

မာ ဟေဝံ့ အာယသ္မန္တော ဝစနီယာ—ဤသို့ မပြောဆိုကုန်လင့်-ဟူ၍ ထိုအညတိတ္ထိယ ပရိဗ္ဗာဇကတို့အား ပြောဆိုအပ်၏။

ရဟန်းဂေါတမသည် ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောစကားကို ပရိသတ်ထဲ၌လည်း ပြောဆို၏။

ရဲရဲရင့်ရင့်၊ ပွဲလယ်တင့်အောင်လည်း ဆို၏။ ရဟန်းဂေါတမကို ပုစ္ဆာမေးသူတို့လည်း များစွာရှိကုန်၏။ မေးသမျှ ပုစ္ဆာကိုလည်း အလုံးစုံ ဖြေဆိုနိုင်၏ ဖြေဆိုသော ပုစ္ဆာတို့သည်လည်း အလုံးစုံရှင်းလင်း ပြေပြစ်သွားသဖြင့် မေးလာသမျှ သူတို့၏စိတ်သည် နှစ်သက်ခြင်း ရှိကြကုန်၏။

နားထောင်သူတို့သည်လည်း အလွန်များကုန်၏။ နားထောင်၍ ကြည်ညိုသူ တို့လည်း အလွန်များကုန်၏။ ကြည်ညိုသော အခြင်းအရာကို ပြုသူတို့လည်း အလွန်များကုန်၏။

ရဟန်းဂေါတမ ပြောဟောသော တရားကို ကျင့်သူတို့သည်လည်း အလွန်များကုန်၏။ ကျင့်သော သူတို့သည်လည်း တရားထူးကို ရကြကုန်၏။ ဤသို့သာလျှင် အညတိတ္ထိယ ပရိဗ္ဗာဇကတို့အား ပြောကြားအပ်ကုန်၏။

အစေလ ကဿပ- ငါဘုရားသည် တပါးသော အခါ၌ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူစဉ်အခါ ခေါင်းပါးစွာ ခြိုးခြံသော အကျင့် ရှိသော နိဂြောဓ ပရိဗ္ဗာဇကသည် အလွန်ခြိုးခြံသော အကျင့်၌ ပုစ္ဆာကို ငါဘုရားအား မေးလျှောက်၏။ ထိုပုစ္ဆာကို ငါဘုရားသည် ဖြေဆိုဟောကြား တော် မူ၏။

ငါဘုရား ဖြေကြားတော်မူသော တရားစကားကို အလွန် နှစ်သက် ဝမ်းမြောက်ခြင်းရှိ၏။

ဤသို့ မြတ်စွာဘုရား မိန့်တော်မူသည် ရှိသော် အစေလ ကဿပသည် ဤသို့ လျှောက်ကြားလေ၏။

> ကော ဟိ ဘန္တေ ဘဂဝတော ဓမ္မံ သုတွာ န အတ္တမနော အဿ ပရိဝိယမတ္တာယ။

ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မံ၊ တရားတော် ကို။ သုတွာ၊ ကြားနာရ၍။ ပရိဝိယာမတ္တာယ၊ အလွန်သာလျှင်။ ကောဟိ၊ အဘယ်သူသည်လျှင်။ နအတ္တမနော၊ ဝမ်းပမြောက်ဘဲ။ အဿ၊ ဖြစ်နိုင်တော့ မည်နည်း။ အတ္တမနောဟိ၊ အတ္တမနောဝ၊ ဝမ်းမြောက်ခြင်းသည်သာလျှင်။ အဿ၊ ဖြစ်ရာ၏။

(ယခုအခါ၌ အစေလ ကဿပသည် ဘန္တေ-ဟူသော စကားဖြင့် ခေါ်ဆို ၍ လျှောက်ကြားလေဘော၏။)

မဆင်းရဲလွန်း, မချမ်းသာလွန်း, အလယ်အလတ်၊ ကောင်းမြတ် လှစွာ သော မဇ္ဈိမပဋိပဒါတရားတော် အကျင့်မြတ်ကို တုတ်ဖေါ်ထင်ရှား မိန့်ကြား တော် မူပေသော မြတ်စွာဘုရား- အရှင်ဘုရား ဟောကြားတော် မူသော တရားတော်ကို ကြားနာရ၍ အဘယ်သူ ဝမ်းပမြောက်ဘဲ နေနိုင်ပါအံ့နည်း? အလွန်သာလျှင် ဝမ်းမြောက်ကြပေကုန်ရာ၏။

တပည့်တော်သည်လည်း မြတ်စွာဘုရား၏ တရားတော်ကိုနာရ၍ အလွန် သာလျှင် ဝမ်းမြောက်ခြင်း ဖြစ်လှပါတော့သည် မြတ်စွာဘုရား-ဟု လျှောက် ကြားပြီး၍ အလွန်အံ့သြခြင်း ရှိရကား....

အဘိက္ကန္တံ ဘန္တေ အဘိက္ကန္တံ ဘန္တေ။

စသည်ဖြင့် အံ့သြချီးမွမ်းခြင်းကို ပြုလျက် သရဏဂုဏ်ကို ဆောက်တည် ပြီးလျှင်။

လဘေယျာ ဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒံ-

ဟု တောင်းပန်လေ၏။

ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ အဟံ၊ တပည့်တော် အစေလ ကဿပသည်။ ပဗ္ဗဇ္ဇံ၊ ရှင် အဖြစ်ကို။ လဘေယျံ၊ ရလိုပါ၏။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ လဘေယျံ၊ ရလိုပါ၏။

အစေလ ကဿပ၊ အညတိတ္ထိ ဖြစ်ဘူးသောသူသည် ဤသာသနာတော်၌ ရှင်အဖြစ်ကိုလည်းကောင်း, ရဟန်းအဖြစ်ကိုလည်းကောင်း အလို ရှိငြားအံ့။ လေးလတို့ ပတ်လုံး တိတ္ထိယ ပရိဝတ်ကို ကျင့်၍ နေရ၏။ လေးလ လွန်မှ သာလျှင် ရဟန်းတို့သည် နှစ်သက်ခြင်း ရှိကြကုန်၍ ရဟန်း ဖြစ်စေခြင်းငှါ ရှင်ပြုကြကုန်၏။ ပဉ္စင်းခံ၍ ပေးကြကုန်၏။ သို့ပင် ဖြစ်သော်လည်း ဤနေရာ၌ ငါဘုရားသည် ပုဂ္ဂိုလ်ထူးကို သိတော်မူ၏-ဟု မိန့်တော်မူသောအခါ-

"အကယ်၍ လေးလပတ်လုံး တိတ္ထိယပရိဝတ်ကို ကျင့်မှ ရဟန်းပြု၍ ပေးငြားအံ့၊ တပည့်တော်သည် လေးနှစ်ပတ်လုံး တိတ္ထိယပရိဝတ်ကို ကျင့်ပါအံ့"။

လေးနှစ်လွန်သောအခါ ရဟန်းပြု၍ ပေးတော်မူပါစေ မြတ်စွာဘုရား- ဟူ၍ စိတ်အားထက်သန်စွာ လျှောက်ကြား တောင်းပန်၍၊ အစေလကဿပ သည် ရှင်အဖြစ်ကိုလည်းကောင်း, ရဟန်းအဖြစ်ကိုလည်းကောင်း ရသည်သာ လျှင်တည်း။

ရဟန်းပြု၍ မကြာမြင့်မီပင်လျှင် အရှင်ကဿပသည် တယောက် အထည်း ထည်း တိတ်ဆိပ်ရာ၌ နေလျက် မမေ့မလျော့ အပူတပြင်း ကမ္မဋ္ဌာန်း အာရုံသို့ စိတ်ကိုစေ၍ "အားကုန်လွှတ်၍" (ဝါ။ စိတ်ကုန်လွှတ်၍) မနေမနား အား ထုတ်၍ ဖြစ်ပျက်ကို ဆင်ခြင်ကြည့်ရှုသည်ရှိသော် အကြင်နိဗ္ဗာန် အကျိုးငှာ အမျိုးကောင်းသားတို့သည် အိမ်ရာမထောင်ဘဲ ရဟန်းပြုကြကုန်၏။ထိုနိဗ္ဗာန် အကျိုးသည် ပြီးဆုံးခြင်းသို့ ရောက်၍ မျက်မှောက်ဘဝ၌ပင်လျှင် ကိုယ်တိုင် မြင်၍,ကိုယ်တိုင်သိ၍ အရဟတ္တဖိုလ်ချမ်းသာကို ခံစားလျက် ဖလသမာပတ်ကို ဝင်စားလျက် နေတော် မူနိုင်၏။

"နောင်တဖန် ပဋိသန္ဓေနေခြင်းမရှိပြီ"- ဟူ၍ သိတော်မူ၏။ မြတ်သော အကျင့်ကို ကျင့်သုံး၍ ပြီးဆုံးပြီ-ဟုလည်း သိတော်မူ၏။ ပြုဘွယ်ကိစ္စ- ဟူ သမျှ ပြီးဆုံးလေပြီ။ ထိုအရဟတ္တဖိုလ်ထက် ပိုလွန်၍ ပြုဘွယ်ကိစ္စ ဘာတခုမှ မရှိပြီ-ဟူ၍လည်း သိတော်မူ၏၊

မြတ်စွာဘုရား၏ တပည့်ရဟန္တာအပေါင်း သိန်း, သောင်း သင်္ချေ မရေတွက် နိုင်အောင် များလှသော ရဟန္တာ အပေါင်း တို့တွင် အပါအဝင် ဖြစ်တော်မူသော အရှင်ကဿပအညတြ ဖြစ်တော်မူလေ၏။

အညတြအရှင်ကဿပသည် ဖြစ်ခြင်း, ပျက်ခြင်း ဆင်းရဲခြင်း မရှိသော နိဗ္ဗာန်ပြည်တော်ကြီးသို့ ရောက်၍ အေးမြချမ်းသာစွာ နေရလေတော့၏။

အဟော သုခံ၊ အဟော သုခံ။

(သီဟနာဒပေါင်း တချ့တဆယ် ရှိသောကြောင့် မဟာသီဟနာဒသုတ်-ဟူ၍ သံဂါယနာတင် ထေရ်အရှင်တို့ အမည်တင်၍ ထားတော်မူကုန်၏-ဟူ၍မှတ်။ အဋ္ဌကထာ။)

မဟာသီဟနာဒသုတ် ဝတ္ထု ပြီး၏။

# ၉။ ပေါဋ္ဌပါဒသုတ် ဝဏ္ဏနာ

## ကိုးကွယ်သော ဘာသာအယူဝါဒ အမျိုးမျိုးတို့ကို ယှဉ်ပြိုင်၍ ပြောဆိုရာဖြစ်သော ဇရပ်ကြီးအကြောင်း

သာဝတ္ထိပြည် ကောသလမင်းကြီး၏ မိဖုရား မလ္လိကာ ဒေဝီ၏ ဥယျာဉ်တော်ကြီးကို တည်ပင်တို့ဖြင့် စီစဉ်ကာ စိုက်ကာထားလျက် ခန်းနားကြီးကျယ်စွာ များစွာသော ပန်းမျိုး, သစ်သီးမျိုးတို့နှင့် ပြည့်စုံအောင်ပြုလျက် စိုက်ပျိုး၍ ထား၏။

ထိုမလ္လိကာ၏ ဥယျာဉ်တော်ကြီး အတွင်း၌ အယူဝါဒ အမျိုးမျိုးတို့ကို ယှဉ်ပြိုင်၍ ပြောဆိုကြရန် နေရာဇရပ်ကြီး တခုကိုလည်း အသီးအခြား ဆောက်လုပ်၍ထား၏။ ထိုအယူပြိုင်ရာ ဇရပ်ကြီး၌ စင်္ကီပုဏ္ဏား, တာရုက္ခ ပုဏ္ဏား, ပေါက္ခရသာတိပုဏ္ဏား, သောဏဒဏ္ဍပုဏ္ဏား, ကူဋဒန္တပုဏ္ဏား-အစ ရှိသော ဗြာဟ္မဏအယူရှိသော သူတို့သည် လည်းကောင်း, ပုဗ္ဗကောဋ္ဌကမ္ဘဒိဋ္ဌိ အယူရှိကုန်သော နိဂဏ္ဌတိတ္ထိ, အဝတ်မဝတ်သော အကျင့်ကို ကျင့်သော အစေလကတိတ္ထိ, ဆန္နပရိဗ္ဗာဇက- အဝတ် ဝတ်ကြကုန်သော ပရိဗ္ဗာဇက ရဟန်းတို့သည် လည်းကောင်း စည်းဝေးကြကုန်၍ ကိုယ်စီကိုယ်စီ မိမိတို့၏ အယူဝါဒကို ပြောဆိုကြကုန်၏။

ရှေးအဖို့၌ ဥယျာဉ်တော်ကြီး အတွင်းဝယ် ထိုဇရပ်ကြီး တဆောင်သာ ရှိ၏၊ ထိုနောက် ရှေးဘုသိုလ်ကံရှိသော ပရိဗ္ဗာဇက ရဟန်းကို အမှီပြု၍ များစွာသော ဇရပ်တို့သည် ဖြစ်ကုန်၏။ နေရာထိုင်ခင်း အရိပ်အာဝါသနှင့် ပြည့်စုံလှ၍ နိဝါသဖါသု- နေထိုင်၍ ချမ်းသာသုခရှိသော ဥယျာဉ်တော်ကြီး ဖြစ်၏။

### ပေါဋ္ဌပါဒပရိဗိုဇ်နှင့် ဟတ္ထိသာရိပုတ္တစိတ္တ မိတ်ဆွေနှစ်ဦးတို့ အကြောင်း

ပေါဋ္ဌပါဒ ပရိဗိုဇ်နှင့် ဆင်ဆရာ၏သား စိတ္တတို့သည် ဂိဟိသဟာယက လူဖြစ်စဉ်အခါက မိတ်ဆွေဖြစ်ကြကုန်၏၊ထိုမိတ်ဆွေနှစ်ဦးတို့တွင် ပေါဋ္ဌပါဒသည် သာဝတ္ထိပြည်၌ ဗြာဟ္မဏ မဟာသာလ- ပုဏ္ဏားမျိုးဖြစ်၏။ ကုဋေ

လေးဆယ်မျှသော ဥစ္စာရှိ၏၊ ကာမဂုဏ်၌ အပြစ်ကိုမြင်၍ ထိုကုဋေလေးဆယ်မျှသော စည်းစိမ်ကို စွန့်ပယ်၍ ပရိဗ္ဗာဇကရဟန်းပြု၍ ပရိဗ္ဗာဇကတိတ္ထိယတို့၏ ဂိုဏ်းဆရာကြီးဖြစ်၍ နေ၏။

ထိုပေါဋ္ဌပါဒ ပရိဗိုဇ်ဆရာကြီးသည် သုံးရာမျှလောက်သော ပရိဗိုဇ်တို့ဖြင့် ခြံရံလျက် မလ္လိကာမိဖုရားကြီး၏ ဥယျာဉ်တော်အတွင်း၌ပင်လျှင် နိဝါသဖွာသုဖြစ်သောကြောင့် အမြဲနေ၏။

ဆင်ဆရာ၏သား- စိတ္တသည်ကား မြတ်စွာဘုရား၏ သာသနာတော်၌ ဥပသမ္ပဒ- သကျပုတ္တိယ- သာကီဝင်မင်းသား ရဟန်းအဖြစ်ကို ပြုလျက် ပိဋကတ်သုံးပုံတို့ကို သင်ကြား၍ သိမ်မွေ့နက်နဲသော အနက်ထူးတို့၌ တတ်သိလိမ္မာခြင်း ရှိ၍ ဈာန်သမာပတ်ကိုလည်း ရပြီးမှ ခုနစ်ကြိမ် လူထွက်၏။

## အရှင်မဟာကောဋ္ဌိကထေရ်ဟောပြသော တရားအထူး

တရံသောအခါ၌ မြတ်စွာဘုရားသည်ဗာရာဏသီပြည်ဣသိပတနမိဂဒါဝုန်တော၌ သီတင်းသုံးတော်မူ၏၊ ထိုအခါ၌ များစွာကုန်သော ထေရ်ကြီးရဟန်းတို့သည် ဆွမ်းခံ၍လာမှ ဖဲခွါ၍ ပစ္ဆာဘတ္တ ဆွမ်းစားပြီးကာလ၌ တရားသဘင်စည်းဝေးရာ ဇရပ်ဝန်း၌ စည်းဝေးကြကုန်လျက် အဘိဓမ္မာစကားကို အချဝ်းချင်း မေးမြန်း ပြောဆိုကြကုန်၏။

ထိုအခါ၌ ခြောက်ကြိမ် လူထွက်၍ သတ္တမအကြိမ် ဝင်လာသော ဆင်ဆရာ၏သား အရှင်စိတ္တသည် အဘိဓမ္မာစကားကို ပြောဆိုကြကုန်သော ထေရ်ကြီးတို့၏ အကြား၌ စကားမဆုံးခင် ဝင်၍ပြော၏။

ထိုအခါ၌ အရှင်မဟာကောဋ္ဌိကထေရ်က ဆင်ဆရာ၏သား အရှင်စိတ္တကို ဤသို့ဆို၏။ ဆင်ဆရာ၏သား အရှင်စိတ္တသည် အဘိဓမ္မာစကားကို ပြောဆိုကြကုန်သော ထေရ်ကြီးရဟန်းတို့၏ အကြား၌ ဝင်၍စကားမဆုံးခင် မပြောပါလင့်၊ စကားပြီးဆုံးအောင် ဆိုင်းငံ့ဦးလော့-ဟု ဆို၏။

ဤသို့ ဆိုသည်ရှိသော် အရှင်စိတ္တ၏ သဟာယက- အပေါင်းရဟန်းတို့က အရှင်မဟာကောဋ္ဌိကကို ဤသို့ဆိုကြကုန်၏။ ''အရှင်မဟာကောဋ္ဌိကသည် ဆင်ဆရာ၏သား အရှင်စိတ္တကို မမောင်းမဲပါလင့်။ အရှင်စိတ္တသည် ပညာရှိ၏၊ အရှင်စိတ္တသည် ထေရ်ကြီး ရဟန်းဘို့နှင့် အဘိဓမ္မာစကားပြောခြင်းငှါ တတ်စွမ်းနိုင်ပါ၏''-ဟု ပြောဆိုကြသောအခါ....

ငါ့ရှင်တို့- သူတပါးတို့၏ စိတ်ကို မသိသော သူတို့သည် ဤအကြောင်းကို သိနိုင်ခဲလှ၏၊ ငါ့ရှင်တို့- ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည်

မြတ်စွာဘုရားနှင့် အလေးပြုအပ်သော သီတင်းသုံးဘော်တို့ကို အမှီပြု၍ နူးညံ့ သိမ်မွေ့စွာ နှိမ့်ချငြိမ်သက်သော စိတ်ရှိကြကုန်သော်လည်း မြတ်စွာဘုရားနှင့် အလေးပြုအပ်သော သီတင်းသုံးဘော်နှင့် ဝေးကွာသည်ရှိသော် ရဟန်း- ယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ-ယောကျ်ား, ဥပါသိကာ- မိန်းမ, မင်း အမတ်, တိတ္ထိယ၊ တိတ္ထိယသာဝကတို့နှင့် နှီးနှောရောယှက်၍ နေ၏။

ထိုသို့ ရောယှက် နှီးနှော စကားပြောလျက် အကျွမ်းဝင်စွာ နေသော ရဟန်းအား ရာဂသည် စိတ်ကို ထိုးဆွတတ်၏။ ရာဂ-ထိုးဆွသော စိတ်ဖြင့် သိက္ခာကို ချ၍ ယုတ်နိမ့်ရာ လူ၏အဖြစ်သို့ ပြန်လည်၍ သွားတတ်၏။

ငါ့ရှင်တို့၊ ဥပမာဆိုသည်ရှိသော် ကောက်စပါးပင်ကို ဝင်၍ စားလေ့ ရှိသော နွားဆိုးကို ဥယျာဉ်အတွင်း, နွားခြံအတွင်း၌ ချည်နှောင်ပိတ်ထား သည်ရှိသော် ထိုနွားဆိုးသည် နောင်တဖန် ကောက်စပါးပင်ကို ဝင်၍ မစား ဘော့ လတ့်-ဟူ၍ ဆိုနိုင်မည်လော။ မဆိုနိုင်ပါ၊ ငါ့ရှင်ဖွဲ့ချည်သော ကြိုးကို ရှန်းဖြတ်၍ သော်လည်းကောင်း, ခြံကို ဖေါက်ခွဲ တိုးထွက် ခုံလွှား၍သော် လည်းကောင်း, စားနေကြ ကောက်စပါးပင်ကို ဝင်၍ စားတတ်ပါ သေး၏။ စားရန်အကြောင်း ရှိပါသေး၏။

ငါ့ရှင်တို့၊ စားနေကြ ကောက်စပါးပင်ကို ဝင်၍စားတတ်သော နွားဆိုး ကဲ့သို့ မှတ်ရာ၏။

ငါ့ရှင်တို့၊ ထိုမှတပါးလည်း ဤသာသနာတော်၌ အချို့သော ကာမဂုဏ် တို့မှ ကင်းကွာ၍ ပထမဈာန်ကို ဝင်စား၍ နေနိုင်သော ရဟန်းသည် ''ငါကား ပထမဈာန်ကို ရသောသူတည်း''ဟူ၍ ဧည့်နည်းအတူ-ရောယှက် နှီးနှောစကားပြောကာ အကြွမ်းဝင်လျက် ထင်ရှားစွာနေ၏။ ထိုသို့နေသည် ရှိသော် ရာဂထိုးဆွ၍ လာတတ်၏။ ရာဂထိုးဆွ၍လာသည်ရှိသော် သိက္ခာ ချ၍ လူဘက်သို့ လည်တတ်၏၊

ဥပမာဆိုသည် ရှိသော် မိုးရွာသောအခါ၌ လမ်းဆုံလမ်းမ လမ်းလေးခွ၌ မြူမှုန့်တို့သည် ငြိမ်းပျောက်၍ ညွန်စီးရွံ့ဘွက် ဖြစ်၏။ ထိုညွန်စီးရွံ့ဘွက်သည် နောင်တဖန် မြူမှုန့်တို့မထဘဲ ငြိမ်းလတ့်—ဟု ဆိုနိုင်မည်လော။ မဆိုနိုင်ပါ ငါ့ရှင်၊ မြူမှုန့်ထစရာ အကြောင်း ရှိပါသေး၏။ (ထိုရေခမ်းခြောက်လျှင် မြူမှုန့်သည် နောင်တဖန် ဖြစ်စရာ အကြောင်း ရှိပါသေး၏။)

ငါ့ရှင်တို့၊ ထိုအတူသာလျှင် မှတ်ကြကုန်လော့။ ပထမဈာန်ကို ရသော် လည်း ပထမဈာန်မှ လျောကျ၍ လူထွက်တတ်သေး၏။

ငါ့ရှင်တို့၊ ထိုမှတပါးလည်း ဝိတက် ဝိစာရတို့မှ ငြိမ်း၍ ဒုတိယဈာန်ကို ရသော ရဟန်းသည်လည်း ''ငါသည် ဒုတိယဈာန်ကိုရသော ရဟန်းတည်း''

ဟူ၍ ရှေးနည်းကဲ့သို့ ရောယှက်နှီးနှော စကားပြော၍နေသည်ရှိသော် ရာဂ ထိုးဆွ၍ လူထွက်တော်သေး၏။

ဥပမာဆိုသည်ရှိသော် ရေအနည်းငယ်မျှရှိသော တဖက်ဆည်း ရေကန်ကြီး အတွင်း၌ ယောက်သွား, ခရု, အိုးခြမ်းကွဲတို့သည် မိုးကြီးသည်းထန်စွာ ရွာသည် ရှိသော် ရေကန်ကြီးအဘွင်း၌ ရေပြည့်၍ လာသဖြင့် ထိုယောက်သွား, ခရု, အိုးခြမ်းကွဲတို့သည် ရေဖုံးလွှမ်းသဖြင့် ပျောက်၍ သွားရာ၏။ ရေပြည့်သော အခါ၌ ပျောက်၍ သွားသော်လည်း ရေခမ်း၍ သွားသော အခါ၌ ထို ယောက်သွား, ခရု, အိုးခြမ်းကွဲတို့သည် နောဝ်တဖန် မပေါ်လာနိုင်ဘူး ဟူ၍ ဆိုနိုင်မည်လော၊ မဆိုနိုင်ပါ ငါ့ရှင်။ နောင်တဖန် ရေခမ်းသော အခါ ပေါ်လာရန် အကြောင်း ရှိပါသေး၏။ ငါ့ရှင်တို့ထိုအတူပင် မှတ်လေလော့။

ငါ့ရှင်တို့၊ ထိုမှ တပါးလည်း ဤသာသနာတော်၌ တတိယဈာန်ကို ဝင်စား၍ နေနိုင်သော ရဟန်းသည် ''ငါကား တတိယဈာန်ကို ရသော သူတည်း''ဟူ၍ ရှေးနည်းကဲ့သို့ ရောယှက်နှီးနှော စကားပြောကာ အကျွမ်းဝင်လျက် ထင်ရှားစွာနေသည့် ရှိသော် ရာဂထိုးဆွ၍ လာသဖြင့် တတိယ ဈာန်မှ ဖျောကျ၍ လူထွက်တတ်သေး၏။

ဥပမာဆိုသည် ရှိသော် မွန်မြတ်သော ဘောဇဉ်ကို စားရ၍ ဝပြီးသော သူသည် ထမင်းမဆာဘဲ နေရာ၏၊ ထိုသို့ စား၍ ဝသောအခါ၌ ထမင်း မဆာသော သူသည် နောင်တဖန် ထိုဘောဇဉ်ကို မစားလိုဘဲ ထမင်း မဆာဘဲ နေလော့-ဟူ၍ ဆိုနိုင်မည်လော။ မဆိုနိုင်ပါ ငါ့ရှင်။ နောင်တဖန် ထမင်းဆာရန် အကြောင်း ရှိပါသေး၏၊ ငါ့ရှင်တို့ ထိုအတူပင်လျှင် မှတ်ကြ ကုန်လော့။

ငါ့ရှင်တို့၊ ထိုမှတပါးလည်း စတုတ္ထဈာန်ကိုရ၍ ဝင်စား၍ နေနိုင်သော ရဟန်းသည် ''ငါကား စတုတ္ထဈာန်ကိုရသော သူတည်း''ဟူ၍ ရှေးနည်း ကဲ့သို့ ရောယှက် နှီးနှော စကားပြောကာ အကျွမ်းဝင်လျက် ထင်ရှားစွာ နေသည် ရှိသော် ရာဂထိုးဆွတတ်၍ လူထွက်တတ်၏။

ဥပမာဆိုသည်ရှိသော် မြင့်လှစွာသော ဘောင်ထိပ်ပေါ်၌ ရေအိုင်သည် လေငြိမ်၍ နေသောအခါ၌ မြေကြီးမပေါ်ဘဲ ရေဖုံး၍နေ၏။ လေငြိမ်၍ ရေဖုံးသော ထိုမြေကြီးသည် နောင်တဖန် မပေါ်လတံ့-ဟူ၍ ဆိုနိုင်မည် လော။ မဆိုနိုင်ပါ ငါ့ရှင်။ အရှေ့မှသော်လည်းကောင်း, အနောက်,တောင်, မြောက် အရပ်မှသော်လည်းကောင်း ပြင်းထန်စွာသော လေသည် တိုက်ခတ် လာသောအခါ ရေလှိုင်းဘောင်ဘင်ခတ်၍ မြေပေါ်စရာ အကြောင်း ရှိပါ သေး၏၊ ငါ့ရှင်တို့ ထိုအတူသာ မှတ်ကြကုန်လော့။

ငါ့ရှင်တို့၊ ထိုမှတပါးလည်း ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် အလုံးစုံသော နိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့် အနိမိတ္တစေတောသမာဓိကို ဝင်စား၍ နေ၏။ ထိုရဟန်းသည် "ငါကား အနိမိတ္တစေတောသမာဓိကိုရသောသူတည်း"ဟူ၍ရဟန်းယောကျ်ား,ရဟန်းမိန်းမ ဥပါသကာ, ဥပါသိကာ,မင်း,မင်းအမတ်,တိတ္ထိယ, တိတ္ထိယသာဝကတို့နှင့် ရောယှက်နှီးနှော စကားပြောကာ အကျွမ်းဝင်လျက် ထင်ရှားစွာ နေသည် ရှိသော် ရာဂ ထိုးတက်၍ လာသဖြင့် လူထွက်တတ်၏။

ငါ့ရှင်တို့၊ ဥပမာဆိုသည်ရှိသော် မင်းသည် လည်းကောင်း, မင်း၏အမတ် စစ်သူကြီးသည် လည်းကောင်း, အင်္ဂါလေးပါးရှိသော စစ်သည် ဗိုလ်ထုဖြင့် အဓွန့်ရှည်သော ခရီးသို့ရောက်၍ တခုသော တောအုပ်အတွင်း၌ တညဉ့်မျှ အိပ်၍နေရာ၏။ ထိုသို့ နေရာ၌ ဆင်သံ, မြင်းသံ, ရထားသံ, ဘားစည်သံ, မောင်းသံ, ခရာသံတို့ဖြင့် ဆူညံခြင်းသည် ငြိမ်းပျောက်၍ နေရာ၏။

ထိုသို့ နေရာ၌ ထိုဆူညံသောအသံတို့သည် နောင်တဖန် ထင်ရှားစွာမဖြစ်လတံ့-ဟူ၍ ဆိုနိုင်မည်လော။ မဆိုနိုင်ပါ ငါ့ရှင်။ ထိုတောအုပ်မှဖဲသွားသည် ရှိသော် ထိုဆူညံသောအသံတို့သည် ထင်ရှားဖြစ်ပေါ်စရာ အကြောင်း ရှိပါသေး၏။

ငါ့ရှင်တို့၊ ထိုဥပမာအတူသာလျှင် အနိမိတ္တစေတော သမာဓိကို ရသော ရဟန်းသည်လည်း ရှေးနည်းကဲ့သို့ လူအများတို့နှင့် ရောယှက်နှီးနှောစကား ပြောကာ အကျွမ်းဝင်လျက် ထင်ရှားစွာ နေသည်ရှိသော် ရာဂထိုးတက်၍ လူထွက်တတ်သေး၏။

ဤသို့ အရှင်မဟာကောဋ္ဌိက,က မောင်းမဲ့ပြောဆိုပြီးနောက် မကြာမီပင် လျှင် ထိုဆင်ဆရာ၏သား အရှင်စိတ္တသည် သိက္ခာကို ချ၍ လူထွက်လေ၏။

ထိုအခါ၌ အရှင်စိတ္တ၏ သဟာယက အဖော်ရဟန်းတို့သည် အရှင်မဟာကောဋ္ဌိက အထံသို့ လာကြ၍ "အရှင်မဟာ ကောဋ္ဌိကသည် မိမိ စိတ်ဖြင့် ဆင်ဆရာ၏သား အရှင်စိတ္တ၏စိတ်ကို သိပါသလော။ အရှင်စိတ္တသည် ဤသို့သော ဝိဟာရ သမာပတ်ကို ရသော်လည်း သိက္ခာကိုချ၍ လူထွက်လတံ့-ဟူ၍ နတ်များက သော်လည်း လာ၍ ပြောပါသလော"ဟု မေးမြန်း လျှောက်ထားကြကုန်၏။

ငါ့ရှင်တို့၊ ငါ၏စိတ်ဖြင့်လည်း အရှင်စိတ္တ၏ စိတ်ကိုသိ၏။ "ဆင်ဆရာ၏ သား အရှင်စိတ္တသည် ဤသို့သော ဝိဟာရ သမာပတ်တို့ကို ရသော်လည်း သိက္ခာကို ချ၍ လူထွက်လတံ့"ဟူ၍ နတ်များကလည်း လာ၍ ပြော၏-ဟု အရှင်မဟာကောဋ္ဌိက ဆိုသည်ရှိသော် ထိုရဟန်းတို့သည် မြတ်စွာဘုရား အထံ

သို့ သွား၍ ရှိသေစွာရှိခိုးပြီးလျှင် ဆင်ဆရာ၏သား အရှင်စိတ္တသည် ဤသို့သော ဝိဟာမှ သမာပတ်တို့ကို ရပါလျက် သိက္ခာကို ချ၍ လူထွက်သွားပါသည် မြတ်စွာဘုရား-ဟူ၍ လျှောက်ကြားကြကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ချစ်သားရဟန်းတို့ငါ၏ တပည့်စိတ္တသည် မကြာမှီပင်လျှင် ပြန်၍ဝင်လာလတ့်-ဟူ၍ မိန့်တော်မူလိုက်၏။ (ဆက္ကင်္ဂုတ္တရ)

## စိတ္တမထေရ် ရှေးမကောင်းမှုကံကြောင့် ခုနစ်ကြိမ် လူထွက်ရကြောင်း

ကဿပ မြတ်စွာဘုရား၏ လက်ထက်တော်အခါ၌ မိတ်ဆွေရဟန်းနှစ်ပါးတို့သည် အချင်းချင်း သင့်တင့်ညီညွတ်ခြင်း ရှိကြ၍ အဘူတက္ခ စာအံခြင်း သရဇ္ဈာယ်ခြင်းတို့ကို ပြု၍ နေကြကုန်၏။ ထိုနှစ်ပါးတို့တွင် တပါးသော ရဟန်းသည် လူထွက်လိုသော စိတ်ဖြစ်၍ မိမိမိတ်ဆွေ အဖော်ရဟန်းအား ပြောကြား၏။ ထိုအဖော် ရဟန်းက လူ၏အဖြစ်၌ အပြစ်ကို ပြ၍ ရဟန်းအဖြစ်၌ အကျိုးကို ပြ၍ တရားဟော၏။

ထိုလူထွက်လိုသောရဟန်းသည် အဖော်ရဟန်းက ပြောသောတရားစကားကို ကြားရ၍ လူထွက်လိုသောစိတ် ပျောက်ကင်း၍ သာသနာတော်၌ ပျော်မွေ့ပြန်၏။ ထိုသို့ပျော်မွေ့သော စိတ်ဖြစ်ပြီးမှ နောင်တဖန် လူထွက်လိုသော စိတ်ဖြစ်လာပြန်သောအခါ အဖော် ရဟန်းကို ဤသို့ပြောကြား၏။ "ငါ့ရှင် မိတ်ဆွေ၊ ငါသည် လူထွက်လိုသော စိတ်ဖြစ်ပြန်၏။ ငါသည် လူထွက်တော့အံ့။ ငါ၏သပိတ်, သင်္ကန်းတို့ကို မိတ်ဆွေယူပါလော့-"ဟု ဆို၏။

ထိုအဖော် ရဟန်းသည် သပိတ်, သင်္ကန်းကို လိုချင်သော လောဘဖြင့် မြန်မြန်လူထွက်၍ သွားအောင် လူ၏အဖြစ်၌ အကျိုးအာနိသင်တို့ကိုပြောပြ၍ ရဟန်း၏ အဖြစ်၌ လူထွက်လိုသော စိတ်ဖြင့် မပျော်မွေ့ဘဲ နေသည်ရှိသော် အပြစ်တွေများကြောင်း စသည်ဖြင့် ပြောဟော မိလေ၏။

ထိုလူထွက်လိုသော ရဟန်းသည်ကား.... အဖော်ရဟန်းက လူထွက်၍ မြန်မြန်သွားအောင် ပြောဟောသော်လည်း လူမထွက်လိုဘဲ လူထွက်လိုသော စိတ်ပျောက်ကင်း၍ ရဟန်းအဖြစ်၌သာလျှင် ပျော်မွေ့၍ နေတော့၏။

ထိုအခါ၌ သပိတ်, သင်္ကန်းကို လိုချင်သော လောဘဖြင့် မြန်မြန်လူထွက်အောင် ပြောဟောသော အဖော်ရဟန်းသည်ကား- သူတပါးမဟုတ်၊ ယခု

ငါတို့ မြတ်စွာဘုရားလက်ထက်၌ အရှင်မဟာကောဋ္ဌိကထေရ်၏ မောင်းမဲ ပြောဆိုခြင်းကို မခံနိုင်၍ လူထွက်ခဲ့သော ဆင်, ဆရာ၏သား အရှင်စိတ္တပင် ဖြစ်၏။

ဤသို့လျှင် ဆင်, ဆရာ၏သား အရှင်စိတ္တသည် ကဿပ မြတ်စွာဘုရား လက်ထက်က သီလဝန္တ ရဟန်းအား မြန်မြန် လူထွက်အောင် လူ၏အဖြစ်၌ အကျိုးကို ပြ၍ပြောဟောမိသော မကောင်းမှုက နှိပ်စက်ရကား- လူမထွက်ဘဲ မနေနိုင်။ ခြောက်ကြိမ်တိုင် လူထွက်၍ သတ္တမအကြိမ် ဝင်လာသော အခါ အရှင်မောဂ္ဂလာန်နှင့် အရှင်မဟာကောဋ္ဌိကတို့က အဘိဓမ္မာစကား ပြောဆို၍ နေရာတွင် စကားမဆုံးခင် ဝင်၍ပြောသောကြောင့် အရှင်မဟာ ကောဋ္ဌိက ထေရ်သည် အကြောင်းကို ပြ၍ ဆုံးမစကားဖြင့် ပြောကြားခါ မောင်းမဲလိုက်၏။

ထို ဆင်, ဆရာ၏သား အရှင်စိတ္တသည် မဟာသာဝကကြီး၏ မောင်းမဲ ဆုံးမသော စကားကို မတည်နိုင်ရကား သတ္တမအကြိမ်၌ လူထွက်၍ သွားပြန် ၏။ (သီလက္ခန်အဋ္ဌကထာ။)

မြတ်စွာဘုရားသည်လည်း ဆင်,ဆရာ၏သား စိတ္တထေရ် လူထွက်၍သွား ပြီးသော နောက်တနေ့ နံနက်အခါ၌ စိတ္တ၏ ဂိဟိသဟာယက-လူဖြစ်စဉ်က မိတ်ဆွေဖြစ်သော ပေါဋ္ဌပါဒ ပရိဗိုဇ် အထံသို့သွား၍ ထိုပေါဋ္ဌပါဒ ပရိဗိုဇ် သည် ငါဘုရားအား နိရောဓသမာပတ်ကို မေးလျှောက်၍ ဟောကြားပြီး သော အခါ မကြာမှီပင်လျှင် ငါ၏တပည့် လူထွက် စိတ္တကို ခေါ်၍ ငါဘုရား အထံသို့ လာလတ့်။

ထိုအခါ ထိုနှစ်ဦးသော ဂိဟိသဟာယတို့အား ငါဘုရား တရားဟော တော် မူသည်ရှိသော် ပေါဋ္ဌပါဒသည် သရဏဂုဏ်တည်လတ့်။ စိတ္တသည် ငါဘုရား၏ အထံ၌ တဖန် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန္တာ ဖြစ်လတ့်-ဟု မြင်တော်မူ၍ စောစောကပင်လျှင် ကိုယ်လက်သုတ်သင်ခြင်းကို ပြုတော်မူ၍ သင်းပိုင်တော်ကို ဝတ်၍ ခါးပန်းကြိုးတော်ကို ပတ်ပြီးလျှင် ပံ့သုကူလ သင်္ကန်းတော်ကြီးကိုလက်ဝဲတဖက် ပခုံးထက်၌ စံပယ်တင်သိုင်းတော် မူလျက်, သပိတ်တော်ကို လက်ဝဲပခုံးတော်၌ လွယ်တော်မူ၍ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်တော် မူအံ့သောငှါ ဇေတဝန်ကျောင်းတိုက်တော်မှ ထွက်တော် မူ၏။

မြို့၏အနီးသို့ ရောက်တော်မူသောအခါ ဆွမ်းခံဝင်ရန် အချိန်စောသေး၏။ မလ္လိကာ မိဖုရား၏ ဉယျာဉ်၌ ပေါဋ္ဌပါဒ ပရိဗိုဇ်ထံသို့ ငါသွားတော်

မှူဦးအံ့–ဟု ကြံတော်မူလျက် မလ္လိကာမိဖုရား၏ ဥယျာဉ်သို့ ရှေးရှု ကြွတော်မူ၏။

ထိုအခါ၌ ပေါဋ္ဌပါဒ ပရိဗိုဇ်သည်·များစွာသော ပရိဗ္ဗာဇက ပရိသတ်နှင့် အတူတကွ ထိုင်နေလျက်မြင့်ကျယ်သော အသံဖြင့် များစွာသော တိရစ္ဆာန ကထာတို့ကို ပြောဆိုလျက် နေ၏၊

ထိုပရိဗ္ဗာဇက အညတိတ္ထိယတို့အား နံနက်စောစော ထ၍ ပြုအပ်သော စေတိယဝတ်လည်းမရှိ၊ ဗောဓိဝတ်, အာစရိယဝတ်, ဥပဇ္ဈာယ်ဝတ်တို့လည်း မရှိ။ ယောနိသော မနသိကာရ ကမ္မဋ္ဌာန်းကို နှလုံးသွင်းစရာလည်း မရှိ။

ထိုကြောင့် ထိုပရိဗ္ဗာဇကတိတ္ထိယတို့သည် နံနက်ထသောအခါ ပြင်းစွာ ပူသော နေပူ၌ ကိုယ်ကိုနေပူလှမ်းလျက် "ဤသူ၏လက်ကား တင့်တယ်လှပ၏၊ ဤသူ၏ခြေကား– တင့်တယ်လှပ၏" စသည်ဖြင့် တယောက်သည် တယောက်၏ လက်ခြေ စသည်တို့ကိုကြည့်ရှုကာ ချီးမွမ်း၍, မိန်းမယောကျ်ား သူငယ်, သူငယ်မတို့၏ အဆင်းကို ပြောဆို ချီးမွမ်း၍, ထိုမှတပါးသော ကာမဂုဏ်ချမ်းသာ, ဘဝချမ်းသာတို့ကို ပြောဆိုချီးမွမ်း၍, ဗာဟိရ စကား, နိရတ္ထက စကားတို့ကို ဖြစ်စေ၍ အစဉ်သဖြင့် မင်းစကား, ခိုးသူစကား စသည်တို့ကို ပြောဆိုကြကုန်၏။

ထိုအခါ၌ ပေါဋ္ဌပါဒ ပရိဗိုဇ်သည် မိမိ၏ အခြံအရံ ပရိဗိုဇ်တို့ကို ကြည့်ရှု၍ ဤပရိဗိုဇ်တို့သည် အလွန်သာလျှင် အချင်းချင်းမရှိသေခြင်းဖြစ်၍ နေကုန်၏။ ငါတို့မှာလည်း ရဟန်းဂေါတမ ပေါ်ပေါက်လာသည်မှ စ၍ နေရောင်၌ ပိုးစုံးကြူး ပမာ ဖြစ်၍ နေကုန်၏။ လာဘသက္ကာရသည်လည်း ငါတို့အား ယုတ်လျော့ကုန်၏။

အကယ်၍ ဤနေရာသို့ ရဟန်းဂေါတမသည် လည်းကောင်း, ရဟန်းဂေါတမ၏ တပည့်များသည် လည်းကောင်း, ဒါယကာများသည် လည်းကောင်း လာငြားအံ့။ အလွန်သာလျှင် ရှက်ဖွယ်ကောင်းလှ၏၊ ပရိသတ်၏ အပြစ်သည်လည်း ဦးစီး ဘူတ ဥက္ကဋ္ဌ၏ အပေါ် သို့ တက်ရောက်တတ်၏။ ဤသို့ ကြံစည်လျက် ထိုမှ ဤမှ ကြည့်ရှုသည်ရှိသော် မြတ်စွာဘုရားလာတော်မူသည်ကို မြင်လေ၏၊

မြတ်စွာဘုရားလာတော်မူသည်ကို အဝေးမှ မြင်သောအခါ ပရိသတ်ကို ပြုပြင်၏၊ အရှင်တို့ အသံနည်းစွာ ဖြစ်ကြကုန်လော။ (စကားပြောဆိုလျှင် တိုးဘိုးသာသာ ပြောကြကုန်လော့။) အရှင်တို့သည် အသံကျယ်စွာ မပြုကြကုန်လင့်၊ ဤရဟန်းဂေါတမသည် လာ၏။ နည်းသောအသံရှိသည်ကို ချီးမွမ်း ပြောဆိုလေ့ရှိ၏။ နည်းသော အသံရှိသော ပရိသတ်ကို မြင်၍ လာငြားအံ့

လည်း မသိ။ ဤသို့ ပေါဋ္ဌပါဒ-ဆိုသည်ရှိသော် ထိုပရိဗိုဇ်တို့သည် တိတ်တိတ် နေကြကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ပေါဋ္ဌပါဒ ရှိရာသို့ ကြွလာတော်မူ၏။ ပေါဋ္ဌပါဒ သည်လည်း "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ကြွလာတော် မူပါဘုရား။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၏ လာတော်မူခြင်း သည် အလွန်ကောင်းသော လာခြင်း ဖြစ်ပါ၏ဘုရား။ ဘုန်းတော်ကြီးလှ သော မြတ်စွာဘုရားသည် အလွန်ကြာမှ- ဤနေရာသို့ လာတော်မူပါ၏။ ထိုင်တော်မူပါ မြတ်စွာဘုရား။ ဤ၌နေရာခင်းထားပါသည် မြတ်စွာဘုရား" ဟူ၍ လျှောက်ကြားလေ၏။

မြတ်စွာဘုရားသည်လည်းခင်းထားသောနေရာ၌ ထိုင်တော်မူ၏၊ပေါဋ္ဌပါဒ ပရိဗိုဇ်သည်လည်း နိမ့်သောနေရာကို ယူ၍ ရှိသေစွာ ထိုင်နေ၏။ မာနဖြင့် တောင့်ခိုင် ခက်ထန်ခြင်းမရှိဘဲ ညွတ်ကိုင်းမြတ်နိုးစွာပြု၍ နေ၏။

ထိုပရိဗ္ဗာဇကတို့သည် မြတ်စွာဘုရား လာရောက်တော်မူသည်ကို အလွန် အလိုရှိကြကုန်၏။ အဘယ်ကြောင့်နည်း ဟူမူကား- မိမိ၏ လာဘသက္ကာရ တိုးပွားခြင်းကို တောင့်တသောကြောင့်တည်း။

မြတ်စွာဘုရားသည် လည်းကောင်း, ရဟန်းများသည် လည်းကောင်း, မိမိတို့၏ အထံသို့ လာသည်ရှိသော် ပရိဗိုဇ်တို့သည် ဂုဏ်ဖော်၍ ပြောကြ ကုန်၏။ အဘယ်သို့ ဂုဏ်ဖော်၍ ပြောကြသနည်း ဟူမူကား....

"ငါတို့၏ အထံသို့ ရဟန်းဂေါတမသည် လာ၏။ အရှင်သာရိပုတ္တရာသည် လာ၏။ အရှင်မောဂ္ဂလာန်သည် လာ၏။ ထိုပုဂ္ဂိုလ်တို့သည် လူတိုင်းတို့၏ အထံသို့ မသွားလာကြကုန်။ အလိုဆန္ဒ ကောင်းမြတ်သော သူတို့၏ အထံကို သာလျှင် သွားလာကြကုန်၏၊ ငါတို့သည် ကောင်းသော အလိုဆန္ဒရှိသော သူတို ဖြစ်၍သာလျှင် ငါတို့၏ အထံသို့ လာကုန်၏"ဟူ၍ မိမိတို့ ကိုယ်ကို မြှောက်ပင့်ပြောဆိုကြကုန်၏။

မြတ်စွာဘုရား၏ ဒါယကာတို့ကို မြင်လျှင်လည်း ထိုပရိဗိုဇ်တို့သည် ဤသို့ ပြောဆိုတတ်ကုန်၏။ "သင်တို့၏ ဆရာ ရဟန်း ဂေါတမသည်လည်းကောင်း, ရဟန်းဂေါတမ၏ တပည့်ရဟန်းများသည် လည်းကောင်း ငါတို့၏ အထံသို့ လာကြပါကုန်၏။ ငါတို့သည် ရဟန်းဂေါတမနှင့် အချင်းချင်း ညီညွတ်ကြ ကုန်၏။ သင်ဒါယကာတို့သည်ကား ငါတို့ကို မျက်စိဖွင့်၍မှ မကြည့်ရှုလိုကြ ကုန်။ အရိုအသေမပြုကြကုန်။ သင်တို့ကို ငါတို့က ပြစ်မှား ချွတ်ယွင်းသော အရာရှိပါသလော? ဟူ၍ ပြောဆိုကြကုန်၏။

ထိုသို့ ပရဗိုဇ်တို့က ပြောဆိုသည် ရှိသော် အချို့သော လူဒါယကာတို့သည် မြတ်စွာဘုရားသော်မှုလည်း ထိုတိတ္ထိယတို့၏ အထံသို့ သွားတော်မူသေး၏၊ ငါတို့သည် အဘယ်ကြောင့် မသွားဘဲ နေရတော့အံ့နည်း-ဟု အောက်မေ့၍ ထိုတိတ္ထိတို့ကိုလည်း တဒွန်း တယောက်မ တတ်အားသမျှ လှူဒါန်းကြကုန်၏။

ဤပေါဋ္ဌပါဒသည်လည်း ဤကဲ့သို့ လာဘသက္ကာရ တဒွန်းတယောက်မကိုသော်လည်း မျှော်လင့် တောင့်တခြင်း ရှိသည်ဖြစ်၍ 'မြတ်စွာဘုရားလာတော်မူသည်ကို အလိုရှိရကား မိမိ၏နေရာကို ခေါက်ခါ၍ ဤနေရာ၌ မြတ်စွာဘုရား ထိုင်တော်မူပါ-ဟု ရိုသေစွာ လျှောက်ကြား၍ မြတ်စွာဘုရား ထိုင်တော်မူသော အခါ မာနဖြင့် တောင့်ခိုင် ခက်ထန်ခြင်းမရှိဘဲ ညွတ်ကိုင်း မြတ်နိုးစွာပြု၍ သင့်တင့်ရာ၌ ထိုင်နေ၏။ ဤသို့ ထိုင်နေသော ပေါဋ္ဌပါဒကို မြတ်စွာဘုရားသည် ဤသို့ မေးတော်မူ၏။

ပေါဋ္ဌပါဒ၊ ယခုအခါ၌ သင်တို့သည် အဘယ်စကားကို ပြောဆို၍ နေကြသနည်း? ငါဘုရား ကြွလာသောကြောင့် အဘယ်စကားသည် မပြီးဆုံးဘဲ နေသနည်း? ဤသို့ မေးတော်မူသည် ရှိသော် ပေါဋ္ဌပါဒသည် ဤသို့ လျှောက်ကြား၏။

ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ တပည့်တော်များ ပြောဆိုသော စကားကို ထားပါတော့ မြတ်စွာဘုရား....တပည့်တော်တို့ ပြောသောစကားမျိုးကို နောက်အခါ မြတ်စွာဘုရား ကြားတော်မူလိုပါက မခဲယဉ်းပါ။ အရှင်ဘုရား ကြွလာတော်မူသော အခါ၌ တပည့်တော်များ အလိုရှိသော စကားကို မေးလျှောက်ပါရစေ။ မေးလျှောက်လိုသော စကားသည်ကား အခြား မဟုတ်ပါ။ အရှင်ဘုရားတို့မှသာလျှင် ဖြေနိုင်အံ့သော စကားများ ဖြစ်ပါ၏။

ရှေးယမန်နေ့ အလွန်က သူတော်သူမြတ် အခေါ် ခံကြ ကုန်သော အမျိုးမျိုးသော တိတ္ထိတို့သည် အုပ်အုပ်ကြက်ကြက် ပြောဆိုသော ဇရပ်တခု၌ စည်းဝေး ထိုင်နေကြကုန်လျက် စိတ်ဝိညာဏ် ပျောက်ကင်း၍ သွားသော နိရောဓသမာပတ် ဝင်စားပုံစကားများကို ပြောဆိုကြပါကုန်၏။ အဘယ်သို့ ပြောဆိုကြသနည်း ဟူမူကား....

အိုအချင်းတို့၊ အဘယ်သို့ ဖြစ်သည်ရှိသော် စိတ်ဝိညာဏ် ကင်းပျောက်သော နိရောဓ သမာပတ် ဝင်စားခြင်း ဖြစ်ပါသနည်း? ဤသို့ မေးမြန်းရာ၌ အချို့တိတ္ထိဆရာတို့က ဤသို့ဆိုကြကုန်၏။ "စိတ်ဝိညာဏ်သည် အကြောင်း မရှိဘဲ ဖြစ်လည်း ဖြစ်ကုန်၏။ မဖြစ်ဘဲလည်း နေကုန်၏။ အကြင် အခါ၌

ဖြစ်လာကုန်၏။ ထိုအခါ၌ စိတ်ဝိညာဏ်ရှိ၏၊ အကြင် အခါ၌ မဖြစ်ပေါ်လာဘဲ နေ၏။ ထိုအခါ၌ စိတ်ဝိညာဏ်မရှိ'' ဤသို့ ပြောဆို၍ အချို့ တိတ္ထိဆရာတို့သည် နိရောဓသမာပတ် ဝင်စားပုံကို ပြောဆိုကြပါကုန်၏။ ဤကား ပထမ အယူဝါဒပါတည်း မြတ်စွာဘုရား။

ထိုသူကို တပါးသော တိတ္ထိဆရာက ဤသို့ ပြောဆိုပါ၏။

အချင်းတို့၊ ဤနိရောဓသမာပတ်သည် ဤသို့ဖြစ်သည် မဟုတ်။ ထိုစကားသည် မှန်၏။ အချင်းတို့ စိတ်ဝိညာဏ်သည် လူ၏ ကိုယ်တည်း။ ဝါ- လူ၏ အသက်တည်း၊ ထိုလူ၏ကိုယ် လူ၏ အသက် ဖြစ်သော စိတ်ဝိညာဏ်သည် ကပ်လာသော အခါလည်း ရှိ၏။ ဖဲသွားသော အခါလည်း ရှိ၏။ အကြင်အခါ၌ ထိုလူ၏ကိုယ် လူ၏အသက်ဖြစ်သော စိတ်ဝိညာဏ်သည် ကပ်ရောက်လာ၏။ ထိုအခါ၌ စိတ်ရှိ၏။ အကြင်အခါ၌ ဖဲခွာ၍ သွား၏။ ထိုအခါ၌ စိတ်ဝိညာဏ်မရှိ။ ဤသို့ ပြောဆို၍ အချို့ တိတ္ထိဆရာတို့က နိရောဓစိတ်ဝိညာဏ်မရှိ၊ ဤသို့ ပြောဆို၍ အချို့ တိတ္ထိဆရာတို့က နိရောဓသမာပတ် ဝင်စားပုံကို ပြောဆိုကြပါကုန်၏။ ဤကား ဒုတိယ အယူဝါဒပါတည်း မြတ်စွာဘုရား။

ထိုသူကို တပါးသော တိတ္ထိဆရာက ဤသို့ ပြောဆိုပြန်ပါ၏။

အချင်းတို့၊ ဤနိရောဓသမာပတ်သည် ဤသို့ ဖြစ်သည်မဟုတ်။ ထိုစကားသည် မှန်၏။ တန်ခိုးအာနုဘော်ကြီး ကုန်သော ရသေ့ရဟန်းတို့သည် ရှိကြကုန်၏။ ထိုတန်ခိုးအာနုဘော် ကြီးကုန်သော ရသေ့ ရဟန်းတို့သည် လူ၏ စိတ်ကို ဆွဲ၍လည်း သွင်းနိုင်ကုန်၏၊ တခြားသို့ဆွဲ၍လည်း ဖယ်ထားနိုင်ကုန်၏၊ အကြင်အခါ၌ ထိုစိတ်ကို ဆွဲ၍ သွင်းထားကုန်၏။ ထိုအခါ၌ စိတ်ရှိကုန်၏၊ အကြင်အခါ၌တခြားသို့ဆွဲ၍ ဖယ်ထားကုန်၏။ ထိုအခါ၌ စိတ်ဝိညာဏ်မရှိ။ ဤသို့ ပြောဆို၍ အချို့ တိတ္ထိဆရာတို့က နိရောဓသမာပတ် ဝင်စားပုံကို ပြောဆိုပါကုန်၏။ ဤကား တတိယ အယူဝါဒပါတည်း မြတ်စွာဘုရား။

ထိုတတိယလူကို တပါးသော သူက ဤသို့ ပြောဆိုပြန်ပါ၏။

အချင်းတို့၊ ဤနိရောဓသမာပတ် ဝင်စားပုံသည် ဤသို့ ဖြစ်သည်မဟုတ်။ တန်ခိုးကြီးသော နတ်တို့သည် လောက၌ ရှိသည်သာလျှင်တည်း။ ထိုနတ်တို့သည် ဤလူ၏ စိတ်ကိုဆွဲ၍လည်း သွင်းနိုင်ကုန်၏။ တခြားသို့လည်း ဆွဲ၍ ဖယ်ထားနိုင်ကုန်၏။ အကြင်အခါ၌ ဆွဲ၍ သွင်းထား၏၊ ထိုအခါ၌စိတ်ရှိ၏။ အကြင်အခါ၌ ဆွဲ၍ တခြားသို့ ဖယ်ထား၏။ ထိုအခါ၌ စိတ်မရှိ။ ဤသို့ ပြောဆို၍ အချို့ တိတ္ထိဆရာတို့က နိရောဓသမာပတ် ဝင်စားပုံကို ပညတ်ပြောဆိုပါကုန်၏။ ဤကား စတုတ္ထ အယူဝါဒပါ မြတ်စွာဘုရား။

ထိုသို့ တိတ္ထိသရာတို့ ပြောဆိုကြသော အခါ၌ တပည့်တော် ပေါဋ္ဌပါဒ သည် မြတ်စွာဘုရားကို သာလျှင် အာရုံပြု၍ သတိရပါ၏။ ဩော်-မြတ်စွာ ဘုရား....ဩော်-သဗ္ဗညု မြတ်စွာဘုရား....ယခုအခါ ဤနေရာ၌ မြတ်စွာဘုရား ရှိပါမူကား "နိရောဓသမာပတ် စကားကို ထင်ရှားစွာ ဟောတော်မူရာ၏" ဟူ၍ တပည့်တော် အောက်မေ့လျက် နေရပါသည် မြတ်စွာဘုရား-ဟူ၍ လျှောက်ကြား၏။ (ပါဠိတော်)

ထိုပေါဋ္ဌပါဒ လျှောက်ကြားသော နိရောဓသမာပတ်စကား ဖြစ်ပုံသည် ကား.... ထိုကြောင် အခါ၌ မြတ်စွာဘုရားသည် ရှေးဘဝ ဖြစ်ခဲ့ဘူးသော ဇာတ်တော်, သိက္ခာပုဒ်တော်တို့ကို ဟောကြား ပညတ်တော်မူ၏။ ထိုအခါ ဇမ္ဗူဒိပ် တကျွန်းလုံး ပျံ့နှံ့၍ မြတ်စွာဘုရား၏ တရားစကားဖြင့် ထင်ရှား ကျော်ဇောသော အသံသည် ဖြစ်သွား၏။

တိတ္ထိတို့သည် ထိုသို့ ကျော်ဇောသံကို ကြား၍ "အရှင် ဂေါတမသည် ရှေးဘဝ ဖြစ်ခဲ့ဘူးသော ဇာတ်တော်ကို ပြောဟောသတဲ့၊ ငါတို့ကော အဘယ့်ကြောင့် မပြောဟောနိုင်ဘဲ ရှိအံ့နည်း"ဟု မြတ်စွာဘုရားကို ဂုဏ်ပြိုင် ၍ တခုသော အခြားမဲ့ဘဝက အကြောင်းအရာကို ပြောဟောကြကုန်၏။

"အရှင် ဂေါတမသည် သိက္ခာပုဒ်ကို ပညတ်သတဲ့။ ငါတို့ကော အဘယ် ကြောင့် မပညတ်နိုင်ဘဲ ရှိအံ့နည်း"ဟု မိမိတို့ တပည့် တိတ္ထိယတို့အား တစုံ တခုသော သိက္ခာပုဒ်ကို ပညတ်ကုန်၏။

ယခုနိရောဓသမာပတ် ဝင်စားပုံ စကားကိုကား မြတ်စွာဘုရားသည် ရှစ်ပါးသော ပရိသတ် အလယ်၌ ထိုင်နေတော်မူ၍ နိရောဓသမာပတ်ဝင်စား ပုံ တရားစကားကို ဟောကြားတော်မူ၏-ဟု တိတ္ထိတို့ကြားသော အခါ၌ အရှင်ဂေါတမသည် နိရောဓသမာပတ် ဝင်စားပုံ တရားကို ပြောဟောသတဲ့။ ငါတို့သည်လည်း နိရောဓသမာပတ် ဝင်စားပုံစကားကို ပြောကြားကုန်အံ့-ဟု စည်းဝေး၍ ပြောကြားကြကုန်၏။

ထိုတိတ္ထိတို့ ပြောကြားသော နိရောဓသမာပတ် စကားလေးနည်းတို့တွင် ပထမ အယူဝါဒဖြစ်ပုံကား.... အကြင်သူသည် သာသနာပ ဗာဟိရရသေ့ တို့၏ အထံ၌ ရသေ့ရဟန်းပြု၍ စိတ်ဖြစ်ခြင်း၌ အပြစ်ကို မြင်၍ စိတ်မရှိဘဲ ဖြစ်ရခြင်းသည် ငြိမ်သက်ချမ်းသာ၏-ဟု နှလုံးပြု၍ သမာပတ် ရှစ်ပါးကို အားထုတ်၍ ရသည်ရှိသော် ထိုသမာပတ်ဖြင့် စုတေ၍ ကမ္ဘာငါးရာပတ်လုံး အသညသတ်ဘုံ၌ စိတ်မရှိဘဲ ရုပ်သက်သက်ဖြစ်၏။

ကမ္ဘာငါးရာပြည့်သောအခါ သမာပတ် ဘာဝနာ၏ အစွမ်းအဟုန်ကုန်လေသောကြောင့် ထိုအသညသတ် ဘုံမှ စုတေ၍ လူ့ဘုံ၌ ဖြစ်လာရ၏။

လူ့ဘုံ၌ဖြစ်ပြန်သောအခါ၌လည်း ထိုသူသည် သမာပတ်ရှစ်ပါးကိုရသော ရသေ့ဖြစ်ပြန်၍ ဒိဗ္ဗစက္ခုအဘိညာဏ်, ပုဗ္ဗေနိဝါသအဘိညာဏ်တို့ဖြင့် ကြည့်ရှုသော အခါ စိတ်ဖြစ်သော အကြောင်းကို လည်းကောင်း, စိတ်မရှိဘဲ အသညသတ်ဘုံ၌ နေရသောအကြောင်းကိုလည်းကောင်း, မမြင်နိုင်သည်ဖြစ်၍ (စိတ်သည်အကြောင်း မရှိဘဲ ဖြစ်လာသောအခါလည်း ရှိ၏။ မဖြစ်ဘဲနေသောအခါလည်း ရှိ၏)–ဟူ၍ ပြောဆိုလေ၏။ ဤကား ပထမ အယူဝါဒ ဖြစ်ပုံ။

ဒုတိယလူက– ထိုသူ၏ အယူဝါဒကို တားမြစ်၍ မိဂသိင်္ဂရသေ့၏မေ့လျော့တွေဝေလျက် နေပုံကို ယူ၍ (စိတ်သည် ကပ်လာသည့်အခါလည်းရှိ၏။ ဖဲခွါသော အခါလည်း ရှိ၏) –ဟု ပြောဆို၏။

## မိဂသိင်္ဂရသေ့သည် နတ်သမီး အတွေ့ကြောင့် သုံးနှစ်မေ့၍ နေကြောင်း

မိဂသိင်္ဂရသေ့သည် အလွန်ထက်မြက် တည်ကြည်သော သီလအကျင့်ရှိ၏။ ထိုရသေ့၏ သီလအာနုဘော်ကြောင့် သိကြားမင်း၏ ဘုံဗိမာန် ပူခြင်းဖြစ်၏။ ''ဤရသေ့သည် ငါ၏နေရာကို လိုချင်တောင့်တပုံ တူ၏''–ဟု အလမ္ဗုသာ နတ်သမီးကို ဖျက်ဆီးရန် စေလွှတ်၏။

မိဂသိင်္ဂရသေ့သည် ပထမနေ့၌ ထိုနတ်သမီးကို မြင်၍ သစ်ရွက်မိုးသော ကျောင်းအတွင်းသို့ ဝင်၍ ပြေး၏။ ဒုတိယနေ့၌ ကာမဂုဏ်ဖြင့် ငြိတွယ်၍ နတ်သမီး၏ လက်ကိုဆွဲကိုင်လေ၏။

ထိုမိဂသိင်္ဂ ရသေ့သည် နတ်သမီး၏ အတွေ့ဖြင့် မေ့လျော့၍ သွားလေ၏။ သုံးနှစ်ကျော်မှ သတိရ၍ လာ၏။ ထိုမိဂသိင်္ဂရသေ့၏ မေ့လျော့နေခြင်းကို နိရောဓသမာပတ်–ဟု မှတ်ထင်၍ ''သုံးနှစ်ကျော်မှ နိရောဓ သမာပတ်မှ ထ၏–''ဟု ပြောဆိုလေ၏။ (ဤကား ဒုတိယဝါဒ။)

တတိယ လူက– ထိုအယူကို ပယ်ရှား၍ အထဗ္ဗနမန္တန်၏ အစွမ်းဖြင့် လူကို ဦးခေါင်းပြတ်သကဲ့သို့, လက်ပြတ်သကဲ့သို့, ခြေပြတ်သကဲ့သို့ ပြုလုပ်၍ ပြနိုင်သည်ကို မြင်ပြီး၍ တဖန် ပကတိလူ အတိုင်း နေပြန်သည်ကိုလည်း

မြဲပြန်၍ "နိဗ္ဗာနသမာပတ်မှ ထခြင်း–ဟု မှတ်ထင်၍ တန်ခိုးကြီးသော ရသေ့ရဟန်းတို့၏ အာနုဘော်ကြောင့် ဖြစ်၏"–ဟု ပြောဆိုလေ၏။ (ဤကား တဘိယဝါဒ ဖြစ်ပုံတည်း။)

စတုတ္ထလူက– ထိုအယူကို တားမြစ်၍ ယက္ခဒါသီ-နတ်ဝင်မတို့၏ ရစ်မူး ငိုက်မိုန်းခြင်းကို ယူ၍ "တန်ခိုးကြီးသော နတ်တို့၏အာနုဘော်ကြောင့် နိဗ္ဗာနသမာပတ်ဖြစ်၏"–ဟု ပြောဆို၏။

ယက္ခဒါသီ-နတ်ဝင်မတို့သည် အလုံးစုံသော ညဉ့်တို့ပတ်လုံး နတ်ပူဇော် ခြင်းကို ပြု၍ ကခုန်မှူးတူး ပျော်ပါးကြကုန်လျက် အာရုဏ်တက်သောအခါ အရက်ကို သောက်၍ လိမ့်လူးကာ အိပ်ပြီးလျှင် နေကြီးမြင့်မှ ထ၏။ ထိုယက္ခဒါသီ- နတ်ဝင်မတို့၏ ရစ်မူးငိုက်မိုန်းကာ အိပ်ပျော် ကျူးသည်ကို မြင်၍ "အိပ်သောအခါ၌ နိဗ္ဗာနသမာပတ်ဖြစ်၏။ နိုးသောအခါ၌ နိဗ္ဗာန သမာပတ်မှ ထ၏-"ဟု ပြောဆိုလေ၏။ ဤကား စတုတ္ထအယူဝါဒဖြစ်ပုံ။

ဤပေါဋ္ဌပါဒ ပရိဗိုဇ်သည်ကား ပညာရှိ လိမ္မာသည့်၏။ ထိုကြောင့် ထိုတိတ္ထိတို့ ပြောဆိုသော စကားတို့ကို ကြား၍ နှလုံးပသာဖြစ်၏။ ဤတိတ္ထိ တို့၏ စကားသည် သူ့အဘ၏ စကားကဲ့သို့ နိဗ္ဗာနလေးမျိုးကို ပြောဆို၏။ ဤနိဗ္ဗာနမည်သည်ကား– တခုသာလျှင် ရှိရာ၏။ အများမရှိနိုင်ရာ။ ထိုတခု သော နိဗ္ဗာနသည်လည်း ဤတိတ္ထိဆရာတို့ ပြောသကဲ့သို့ မဟုတ်နိုင်ရာ။ ထိုနိဗ္ဗာနကိုလည်း တပါးသူတို့ သိခြင်းငှါ မတတ်နိုင်ရာ။ သဗ္ဗညုမြတ်စွာ ဘုရားမှ တပါး ဤနိဗ္ဗာနအရာ၌ ဟောပြနိုင်သူ တစုံတယောက်မျှ ရှိမည် မဟုတ်။

မြတ်စွာဘုရားသည် ယခုအခါ၌ ရောက်လာ၍ ရှိငြားအံ့။ "ဤကား– နိဗ္ဗာနသမာပတ်တည်း"–ဟု ဆီမီးတထောင်ကို ထွန်းဘိသကဲ့သို့ ယခုပင် လျှင် ထင်ရှားစွာ ဟောပြတော်မူမည်ကား မုချဖြစ်ရာ၏–ဟု မြတ်စွာဘုရား ကို သာလျှင် အခါခါ အောက်မေ့လျက်နေ၏။ ထိုကြောင့်....

> တဿ မယှံ ဘန္တေ ဘဂဝန္တံယေဝ အာရဗ္ဘ သတိ ဥဒပါဒိ 'အဟောနူန ဘဂဝါ၊ အဟောနူန သုဂတော၊ ယော ဣမေသံ ဓမ္မာနံ သုကုသလော'တိ။

ဟူသော စကားကို လျှောက်ကြားလေ၏။ (အဋ္ဌကထာ။)

ဘန္တေ၊ မြတ်စွာဘုရား။ တဿမယှံ၊ ထိုတပည့်တော် ပေါဋ္ဌပါဒအား။ ဘဂဝန္တံယေဝ၊ မြတ်စွာဘုရားကို သာလျှင်။ အာရဗ္ဘ၊ အာရုံ ပြု၍။ သတိ၊ အောက်မေ့ခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်လာပါ၏။ ယော၊

အကြင်မြတ်စွာဘုရားသည်။ ဣမေသံဓမ္မာနံ၊ ဤနိရောဓသမာပတ် တရားတို့၌။ သုက္ကသလော၊ကောင်းစွာလိမ်မာတော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အဟောနူနကထေယျ၊ ဧကန်—ယခုပင်လျှင် ဟောကြားရာ၏။ သောသုဂတော၊ထိုမြတ်စွာဘုရားသည်ကား။ အဟောနူနကထေယျ၊ ဧကန်—ယခု ရှိမူလား ဟောကြားရာ၏။

သဗ္ဗညု ဖြစ်တော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် နိရောဓသမာပတ် အရာ၌ လိမ်မာတော်မူပါ၏။ အရှင်ဘုရားသည် နိရောဓသမာပတ်ကို လေ့လာတော်မူပြီး ဖြစ်ပါ၏။ ဤနိရောဓသမာပတ်သည် အဘယ်သို့ ဖြစ်ပါသနည်း မြတ်စွာဘုရား။

ဤသို့ ပေါဋ္ဌပါဒ လျှောက်ကြားသော အခါ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

ပေါဋ္ဌပါဒ- အမည်ရှိသော ပရိဗ္ဗာဇက၊ ထိုလေးပါးသော အကြောင်းဖြင့် တိတ္ထိဆရာတို့ ပြောဆိုသော နိရောဓစကားကိုတွင် "စိတ်သည်အကြောင်းမရှိဘဲ ဖြစ်၏"-ဟု ဆိုသော ပထမစကားသည် အစကပင်လျှင် လွဲချော်နေ၏။ အဘယ်ကြောင့် လွဲချော်သနည်းဟူမူကား- ပေါဋ္ဌပါဒ၊စိတ်သည်အကြောင်းရှိ၍ ဖြစ်လည်း ဖြစ်၏။ ပျက်လည်းပျက်၏။ အကြောင်းမရှိဘဲ စိတ်မဖြစ်။ (အချို့သော စိတ်သည် အကျင့်အားဖြင့် ဖြစ်၏။ အချို့သော စိတ်သည် အကျင့်အားဖြင့် မဖြစ်ဘဲလည်း နေ၏။)

ထိုအကျင့်သည် အဘယ်နည်း-ဟူ၍ မြတ်စွာဘုရားသည် မေးတော်မူပြီး၍ "အချို့သော စိတ်သည် အကျင့်အားဖြင့် ဖြစ်၏။ အချို့သော စိတ်သည် အကျင့်အားဖြင့် မဖြစ်ဘဲလည်း နေ၏"—ဟူ၍ ဥဒ္ဒေသ ညွှန်ပြသော အကျဉ်းစကားကို အကျယ်အားဖြင့် ဟောတော်မူလိုရကား—

> ဣဓ ပေါဋ္ဌပါဒ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။

အစရှိသည်ဖြင့် အဇာတသတ် မင်းအား ဟောကြားတော် မူသော သာမညဖလသုတ်အတိုင်း ဟောရိုးဟောစဉ်ဖြစ်သော ဒေသနာတော်အစဉ်ကို ဟောကြားတော်မူလျက် စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ အားဖြင့် အဓိသီလ သိက္ခာတည်းဟူသောအကျင့်ကို ပြတော်မူပြီး၍ သမာပတ်ရှစ်ပါး တည်းဟူသော အဓိစိတ္တသိက္ခာ အကျင့်ကို ပြတော်မူသောအခါ၌ အကျင့်အားဖြင့် စိတ်ဖြစ်ပေါ်လာပုံကို လည်းကောင်း, အကျင့်အားဖြင့် စိတ်မဖြစ်ဘဲ နေပုံကို လည်းကောင်း ထင်ရှားအောင် ခွဲ၍ပြတော်မူ၏။

## အကျင့်ကို ကောင်းစွာ ကျင့်၍ အချို့စိတ်ဖြစ်ပုံ, အချို့စိတ်မဖြစ်ပုံကို ထင်ရှားစွာ ခွဲပြတော်မူကြောင်း

အကြင်သူသည် ထွက်သက် ဝင်သက် အာရုံ, အရိုးစုအာရုံ, ပထမဈာန်ကို ဖြစ်စေနိုင်သော နှစ်ဆယ့်ငါးပါးသော အာရုံကိုတွင် တပါးပါးသော အာရုံကို ကောင်းစွာအာရုံပြု၍ကျင့်သည်ရှိသော် နှလုံးသွင်း ဆင်ခြင် ရှုကြည့်သည်ရှိသော် ပထမဈာန် စိတ်သည် ဖြစ်ပေါ်၍လာ၏၊ ထိုသူအား ကာမဂုဏ် စိတ်သည် မဖြစ်ပေါ်လာဘဲ နေတော့၏။

ထိုအခါ၌ ကာမဂုဏ် စိတ်သည် မဖြစ်ပေါ်လာဘဲ နှစ်သက် ချမ်းသာ သိမ်မွေ့စွာသော ပထမဈာန် စိတ်သာလျှင် ဖြစ်၍နေတော့၏။ ဤသည်ကား– ကောင်းစွာကျင့်သော အကျင့်အားဖြင့် အချို့သောစိတ် မဖြစ်ပေါ်လာဘဲ, အချို့သောစိတ် ဖြစ်ပေါ်လာပုံတည်း။

ပေါဋ္ဌပါဒ၊ နောက်တဖန်လည်း အကြင်ရဟန်းသည် ဒုတိယဈာန်ကို ဝင်စား၍ နေ၏။ ထိုရဟန်းအား ပထမဈာန်စိတ်သည် မဖြစ်ပေါ်လာဘဲ နေ၏၊ ဒုတိယဈာန်စိတ် ဖြစ်ပေါ်၍လာ၏၊ ထိုအခါ၌ ပထမဈာန်-တည်းဟူသော အချို့စိတ်သည် မဖြစ်မူ၍ ဒုတိယဈာန်တည်းဟူသော အချို့စိတ်သာလျှင် ဖြစ်ပေါ်၍နေတော့၏၊ ဤသည်လည်း ကောင်းစွာကျင့်သော အကျင့်အားဖြင့် အချို့သောစိတ် မဖြစ်ပေါ်လာဘဲ အချို့သောစိတ် ဖြစ်ပေါ် လာပုံတည်း၊

ဤနည်းကို အစဉ်အတိုင်း၍ သမာပတ် ရှစ်ပါးကို သိအပ်၏။ အဘယ်သို့ သိအပ်သနည်း–ဟူမူကား– ပထမဈာန်စိတ် ဖြစ်လာသောအခါ ကာမဂုဏ် စိတ် မဖြစ်နိုင်။

ဒုတိယဈာန်စိတ် ဖြစ်သော အခါ ပထမဈာန်စိတ် မဖြစ်။ တတိယဈာန် စိတ် ဖြစ်သောအခါ ဒုတိယဈာန်စိတ် မဖြစ်။ စတုတ္ထဈာန်စိတ် ဖြစ်သော အခါ တတိယဈာန်စိတ် မဖြစ်၊ အာကာသဈာန်စိတ် ဖြစ်သောအခါ ဝိညာဏဈာန်စိတ် မဖြစ်၊ ဝိညာဏဈာန်စိတ် ဖြစ်သောအခါ အာကာသဈာန်စိတ် မဖြစ်၊ အာကိဉ္စညာဈာန်စိတ် ဖြစ်သောအခါ ဝိညာဏဈာန်စိတ် မဖြစ်။

ပေါဋ္ဌပါဒ၊ ငါဘုရား၏ သာသနာတော်၌ အကြင်ရဟန်းသည် ပထမဈာန် အစရှိသော ဈာန်စိတ်ကိုကို 'ဈာန်စိတ်'-ဟူသော အမှတ်သညာ သာလျှင် ဖြစ်၏။ ကိုယ်-ဟူသော အမှတ်သညာ မဖြစ်၊ (ဈာန်စိတ်ကို ဈာန်စိတ် ဟူ၍သာလျှင်မှတ်၏။ ဈာန်စိတ်ကို ကိုယ်–ဟူ၍ မမှတ်) ထိုသို့အမှတ်ရှိသော ရဟန်းသည် ပထမဈာန်ကို ဝင်စားပြီး ထပြီး၍ ပထမဈာန်၌ ရှိသော

သင်္ခါရတရားတို့ကို ဖြစ်ခြင်း, ပျက်ခြင်း သဘောတရားတို့တည်း-ဟု ဝိပဿနာရှုသည်။

ထိုနောက်- ဒုတိယ စျာန်ကို ဝင်စားပြီး ထပြီး၍ ဒုတိယ စျာန်၌ ရှိသော သင်္ခါရတရားတို့ကို "ဖြစ်ခြင်း ပျက်ခြင်း သဘောတရားတို့တည်း"-ဟု ဝိပဿနာရှုပြီး၍ (လ) အစဉ်အတိုင်း စျာန်တို့ကို ဝင်စား၍ ဝိပဿနာ ရှုပြီးလျှင် အာကိဉ္စညာယတနစျာန် တည်းဟူသော သညဂ္ဂသို့ တွေ့ထိ ဆိုက်ရောက်လေ၏။

ထိုအာကိဉ္စညာယတနစျာန်- တည်းဟူသော သညဂ္ဂ၌ တည်နေသော ရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏။ "ငါ့အား စျာန်ဝင်စားခြင်းသည် ယုတ်ပါ၏။ စျာန်မဝင်စားဘဲ နေခြင်း, (ဝါ) စိတ်မဖြစ်ဘဲ နေခြင်းသည် မြတ်၏။ ငါသည် အကယ်၍ စျာန်ကိုသာလျှင် ထပ်ခါထပ်ခါ ဝင်စားငြား အံ့။ အထက် နေဝသညာ သမာပတ် ချမ်းသာကိုလည်း တောင့်တငြားအံ့။ ဤစျာန်စိတ်တို့သည် ချုပ်ပျက်၍ သွားပြီးနောက် ရုန့်ရင်းစွာဖသော ဘဝင် စိတ် စသည်တို့သည် ဖြစ်၍လာကုန်ရာ၏။"

ထို့ကြောင့် ငါသည် စျာန်ကိုလည်း မဝင်စားဘဲ နေတော့အံ့။ အထက် နေဝသညာ သမာပတ် ချမ်းသာကိုလည်း မတောင့်တဘဲ နေတော့အံ့-ဟူ၍ ထိုအာကိဉ္စညာယတန စျာန်၌ တည်သော ရဟန်းသည် ထိုစျာန်ကိုလည်း နောက်ထပ်၍ မဝင်စား။ နေဝသညာသမာပတ်ကိုလည်း မတောင့်တ နှလုံး မသွင်း၊ ထိုသို့ အာကိဉ္စညာ စျာန်ကိုလည်း ထပ်၍မဝင်စား။ နေဝသညာ စျာန်ကိုလည်း မတောင့်တ-နှလုံးမသွင်းသော ရဟန်းအား ထိုအာကိဉ္စညာ စျာန်စိတ်တို့သည်လည်း မဖြစ်ပေါ်လာကုန်။စျာန်စိတ်မှ တပါးသောဘဝင် စိတ်တို့လည်းမဖြစ်ကုန်မူ၍ အလုံးစုံသောစိတ်တို့ ဖြစ်ပေါ်လာသော နိရောဓ သမာပတ်သို့ ဆိုက်ရောက် တွေ့ထိလေ၏။

ပေါဋ္ဌပါဒ၊ နိရောဓ သမာပတ်သည် ဤသို့ဖြစ်၏။ အသို့နည်း ပေါဋ္ဌပါဒ၊ ရှေးအခါက-ဤသို့သော အနုပုဗ္ဗနိရောဓသမာပတ်ကို ကြားဘူးပါ၏လော။ မကြားဘူးပါ မြတ်စွာဘုရား။ (သီလက္ခန်ပါဠိတော်၊ အဋ္ဌကထာ။)

(သမာပတ် ရှစ်ပါးတို့၌ အစိတ်အစိတ် အင်္ဂါအားဖြင့် ဝိပဿနာရှုခြင်းသည် သဗ္ဗညုဘုရားတို့သာလျှင် ဖြစ်နိုင်၏၊ သာဝကတို့၌ အရှင်သာရိပုတ္တရာ ကဲ့သို့သော အဂ္ဂသာဝကကြီးတို့ သော်လည်း အစိတ်အစိတ် အင်္ဂါအားဖြင့် ဝိပဿနာ မရှုနိုင်။ အပေါင်းအားဖြင့်သာလျှင် ဝိပဿနာ ရှုနိုင်၏။)

ဤပေါဋ္ဌပါဒသုတ် ဒေသနာတော်ကိုလည်း သညာသညာ-ဟူ၍ အင်္ဂါ အစိတ်အားဖြင့် ထုတ်ဆောင် ဟောပြတော်မူ၏။ ထို့ကြောင့် အာကိဉ္စညာ

ယတန ဈာန်တိုင်ရုံသာလျှင် ပြတော်မူပြီး၍ ထိုအာကိဉ္စညာဈာန်ကို သညဂ္ဂ-ထိပ်ဖျားကျသောသညာ-ဟူ၍ ဟောတော်မူ၏။ လောကီချမ်းသာ ထိပ်ဖူးသို့ ရောက်အောင် ပြုလုပ်ရာ၌ ထိုအာကိဉ္စညာ ဈာန်သည် ထိပ်ဖျားကျ၏။

ထိုစကားသည်မှန်၏၊ နေဝသညာသမာပတ် ချမ်းသာကိုလည်းကောင်း, နိရောဓသမာပတ် ချမ်းသာကို လည်းကောင်း ရလိုသော ရဟန်းသည် အာကိဉ္စညာယတန ဈာန်၌ တည်၍သာလျှင် ဝင်စားနိုင်, ရနိုင်၏။ ထိုကြောင့် အာကိဉ္စညာဈာန်ကို သညဂ္ဂ- ဟူ၍ ဟောတော်မူ၏။

နိရောဓသမာပတ်ကို ဝင်စားလိုသော ရဟန်းသည် အာကိဉ္စညာယတန သမာပတ်မှ ထ၍ "နေဝသညာသမာပတ်ကို ဝင်စားလျက် နေအံ့"-ဟူသော နှလုံးသွင်းခြင်းသည် အရှင်းသတ်သတ် မရှိ။ နိရောဓသမာပတ် အကျိုးငှါ သာလျှင် နှလုံးသွင်းခြင်း အာဘောဂ မနသိကာရ ရှိ၏၊ စိတ္တက္ခဏတကြိမ် နှစ်ကြိမ်မျှသော်လည်း နေဝသညာ ဈာန်၌ တည်နေလိုသော နှလုံးသွင်းမရှိ။

ယင်းသို့ မရှိသော်လည်း နေဝသညာ ဈာန်စိတ် နှစ်ကြိမ် ဖြစ်ပြီးမှ နိရောဓသမာပတ်သို့ ရောက်၏။ ဤအဓိပ္ပာယ်ကို "ပုတ္တသရာစိက္ခဏနည်း"ဖြင့် ပြအပ်၏။

အဘ၏ အိမ်အလည်မှ ဖြက်ကျော် ဝင်သွား၍ နောက်အဖို့၌ သား၏ အိမ်သည် ရှိ၏။ ထိုသား၏ အိမ်မှ မွန်မြတ်သော ဘောဇဉ်ကို ယူ၍ဆွမ်းစားဇရပ်သို့ လာသော ကျောင်းသား သူငယ်ကို မထေရ်ရဟန်းက ဤဘောဇဉ် ကို အဘယ်အိမ်မှ ဆောင်ယူခဲ့သနည်း?-ဟု မေးသည်ရှိသော် သား၏အိမ်မှ ဆောင်ယူခဲ့ပါသည်ဘုရား-ဟု လျှောက်၏၊

ထိုကျောင်းသား သူငယ်သည် အဘ၏အိမ်အတွင်းသို့ ဖြတ်ကျော်ဝင်ထွက် ၍ သွားသည်ကို လည်းကောင်း, လာသည်ကို လည်းကောင်း, နှလုံးသွင်း ခြင်း မရှိ၊ မရှိသော်လည်း အဘ၏အိမ်သို့ ဝင်ရောက်ပြီးမှသာလျှင် သား၏ အိမ်သို့ ရောက်၏။

ထိုဥပမာ၌ ရောက်ရာဖြစ်သော သား၏အိမ်ကိုသာလျှင် "ဘောဇဉ်ရသော နေရာ"-ဟူ၍ ဆရာရဟန်းအား ပြောကြား၏။ စပ်ကြား အဘ၏ အိမ်သို့ အသွားအပြန်- နှစ်ကြိမ် ရောက်အောင် ဝင်ထွက်ဖြတ်ကျော် သွားသည်ကို မပြောကြားတော့ပြီ။

ထိုအတူ အာကိဉ္စညာဈာန်၌တည်သောရဟန်းအား စပ်ကြား,နေဝသညာ ဈာန် နှစ်ကြိမ်ဖြစ်သည်ကို နှလုံးမသွင်းမူ၍ ရောက်ရာဖြစ်သော နိရောဓသမာ ပတ်ကို သာလျှင် ညွှန်ပြ၍ ဟောကြားတော်မူသတည်း။ (အဋ္ဌကထာ။)

နိဂုံးချုပ်ချက်။ ၁။ ဆွမ်းစား ဇရပ်နှင့် အာကိဉ္စညာ ရှာန် တူ၏၊
၂။ အဘ၏ အိမ်နှင့် နေဝသညာရှာန်တူ၏၊
၃။ ဘောဇဉ်ရရာဖြစ်သော သား၏ အိမ်နှင့် နိရောဓ တူ၏၊
၄။ ဘောဇဉ်- ယူသော ကျောင်းသား သူငယ်နှင့် နိရောဓ ဝင်စားသော ရဟန်း တူ၏။

(ဤနေရာ၌ နိရောဓသမာပတ္တိ ဝိထိကျပုံကို ဝိထိလက်ဆန်း စာအုပ်၌ ရှုရာ၏။)

ပေါဋ္ဌပါဒပရိဗ္ဗာဇကသည် မြတ်စွာဘုရား ဟောပြတော်မူသော နိရောဓ သမာပတ် ဝင်စားပုံ အကျဉ်းချုပ်စကားကို နှုတ်ရအာဂုံ ဆောင်သည်ကို ဤသို့ လျှောက်ကြား၏။

နိရောဓကထာကို ထင်ရှားစွာ ဟောပြတော်မူပေသော သဗ္ဗညုမြတ်စွာ ဘုရား- တပည့်တော် ပေါဋ္ဌပါဒသည် အရှင်ဘုရား ဟောတော်မူသည်ကို ဤသို့ဆောင်ထား မှတ်သားမိပါ၏-မြတ်စွာဘုရား။

(ဆောင်ထားသော ပါဠိကား)

ယတော ခေါ ပေါဋ္ဌပါဒ ဘိက္ခု ဣဓ သကသညီ ဟောတိ။ သော တတော အမုတြ တတော အမုတြ အနုပုဗ္ဗေန သညဂ္ဂံ ဖုသတိ၊ တဿ သညဂ္ဂေ ဌိတဿ ဧဝံ ဟောတိ၊ စေတယ မာနဿ မေ ပါပိယော၊ အစေတေယ မာနဿ မေ သေယျော၊ အဟဥ္စေဝ ခေါ ပန စေတေယျံ။ အဘိသင်္ခရေယျံ၊ ဣမာစ မေ သညာ နိရုဇ္ဈေယျုံ၊ အညာစ ဩဠာရိကာ သညာ ဥပ္ပဇ္ဇေယျုံ၊ယံနူနာဟံ နစေဝ စေတေယျံ၊ နအဘိသင်္ခရေယျန္တိ၊ သော နစေဝ စေတေတိ၊ နစာဘိသင်္ခရောတိ၊ တဿ အစေတ ယတော အနဘိသင်္ခရောတော တာစေဝသညာ နိရုဇ္ဈန္တိ၊အညာစ ဩဠာရိကာသညာ နဥပ္ပဇ္ဇန္တိ၊ သောသညာ နိရောဓံ ဖုသတိ၊ ဧဝံခေါ ပေါဋ္ဌပါဒ အနုပုဗ္ဗာ ဘိသညာ နိရောဓ သမ္ပဇာနာ သမာပတ္တိ ဟောတီတိ-

ဤပါဠိအတိုင်း တပည့်တော်သည် နှုတ်ရအာဂုံ ဆောင်ထားသည်မှာ ဟုတ်ပါ၏လော-မြတ်စွာဘုရား။

ဧဝံ ပေါဋ္ဌပါဒ၊ အင်း-ဟုတ်၏ ပေါဋ္ဌပါဒ -ဟူ၍ မြတ်စွာဘုရား ဆိုတော်မူ၏။

ထိုနောက် ပေါဋ္ဌပါဒသည် ဤသို့ မေးလျှောက်ပြန်၏။ အကိဉ္စညာယတန ဈာန်ကို မြတ်စွာဘုရားသည် သညဂ္ဂ-ဟူ၍ ဟောတော် မူပါ၏။ ဤနိရောဓသမာပတ်၌ ဟောတော်မူသော သညဂ္ဂ-တခုသာ ရှိပါသလော-ကြွင်းသော သမာပတ်တို့၌လည်း သညဂ္ဂ ရှိပါသေးသလော။

ပေါဋ္ဌပါဒ၊....က သိဏ်းအား ဖြင့် လည်း ကောင်း, ဈာန် အား ဖြင့် လည်းကောင်း, တကြိမ်ဝင်စားလျှင် သညဂ္ဂတခု၊ နှစ်ကြိမ်ဝင်စားလျှင်-သညဂ္ဂနှစ်ခု၊ (လ) အကြိမ်တရာဝင်စားလျှင် သညဂ္ဂတရာ၊ အကြိမ်တထောင်, တသောင်း, တသိန်း, ဝင်စားလျှင် သညဂ္ဂ တသောင် တသောင်း တသိန်း ဖြစ်၏-ဟူ၍ ဟောတော်မူ၏။ (ပါဠိတော်-အဋ္ဌကထာ)။

သညာပဌမ ဖြစ်ပါသလော, (သို့မဟုတ်) ဉာဏ်ပထမ ဖြစ်ပါသလော, (သို့မဟုတ်) သညာနှင့်ဉာဏ်သည် ထပ်ပြိုင်နက်ဖြစ်ပါသလော-မြတ်စွာဘုရား, ဟူ၍ နိရောဓသမာပတ်မှ ထသော ရဟန်း၌ ဖြစ်ပုံကို လျှောက်ကြားပြန်၏။

ပေါဋ္ဌပါဒ....သညာ ပထမဖြစ်၍ ဉာဏ် နောက်မှဖြစ်၏၊ သညာဖြစ်ခြင်းကြောင့်—ဉာဏ်ဖြစ်၏။ နိရောဓသမာပတ်မှ-ထသော ထိုရဟန်းသည် ဤသို့ သိ၏၊ "ငါ့အား သညာဖြစ်ခြင်းကြောင့် ဉာဏ်ဖြစ်လာ၏" တကား-ဟူ၍ သိ၏။ ဤသို့ မြတ်စွာဘုရား ဟောတော်မူ၏။

ဤသို့ မြတ်စွာဘုရား ဟောတော်မူသော ပါဠိတော်၌ သညာဟူသည်ကား-ဈာနသညာ၊ ဉာဏ်ဟူသည်ကား-ဝိပဿနာဉာဏ်တည်း။

တနည်း သညာဟူသည်ကား-ဝိပဿနာ သညာ၊ ဉာဏ် ဟူသည်ကား—မဂ်ဉာဏ်တည်း။

သညာ ဆိုသည်ကား-မဂ္ဂသညာ၊ ဉာဏ် ဆိုသည်ကား-ဖလဉာဏ်တည်း။ ဤသို့ အဆိုးသိုး အဓိပ္ပါယ်ယူကြကုန်၏။

ပိဋကတ်သုံးပုံဆောင် မဟာသိဝထေရ်သည်ကား—ဤသို့ဆို၏။ ဤရဟန်းတို့သည် အဘယ်သို့ ငြင်းခုန်၍ ပြောဆိုကြကုန်သနည်း?။ ပေါဋ္ဌပါဒသည် ရှေးဦးစွာ နိရောဓကို မေးလျှောက်၏၊ ယခုအခါ၌ နိရောဓမှထသည်ကို မေးလျှောက်သို့၍-

မြတ်စွာဘုရား၊ နိရောဓသမာပတ်မှထသော ရဟန်းအား အရဟတ္တဖိုလ်သညာသည် ရှေးဦးစွာ ဖြစ်ပါသလော?။ (သို့မဟုတ်) ပစ္စဝေက္ခဏာဉာဏ်သည် ရှေးဦးစွာ ဖြစ်ပါသလော-ဟူ၍ မေးလျှောက်၏။

ထိုသို့ မေးလျှောက်သော အခါ၌ မြတ်စွာဘုရားသည် အရဟတ္တ ဖိုလ်သညာသည် ရှေးဦးစွာဖြစ်၍။ ထိုနောက်မှ ပစ္စဝေက္ခဏာဉာဏ်ဖြစ်ကြောင်းကို ဟောတော်မူ၏။

ဤပေါဋ္ဌပါဒ ပရဗိုဇ်သည် စိတ်သညာကို ကိုယ်-ဟူ၍ လည်းကောင်း, အသက်-ဟူ၍လည်းကောင်း, ထင်မှတ်၏။ မြတ်စွာဘုရားသည်လည်း-စိတ်သညာ၏ ဖြစ်ပျက်ဖြစ်နေကြောင်းကို ထင်ရှားအောင် အကြောင်းအဆင့်ဆင့်ပြ၍ ဟောတော်မူ၏။

ထိုသို့ ဟောတော်မူသော်လည်း ပါရမီ နုသောကြောင့် အတ္တသညာ မကင်းပျောက်နိုင်၍၊ စိတ်သညာကိုပင် လူ၏ကိုယ်-ဟူ၍ ဆိုပါသလော?။ (သို့မဟုတ်) စိတ်သညာတခြား၊ ကိုယ်တခြားပါလော-မြတ်စွာဘုရား''ဟု မေးလျှောက်၏။

သင်သည် အဘယ်သင်းကို ''ကိုယ်ဟူ၍မှတ်ထင်သနည်း'' ပေါဋ္ဌပါဒ-ဟူ၍ မြတ်စွာဘုရား မေးတော်မူသည်ရှိသော်-မိမိမှတ်ထင်သည်ကို မလျှောက်ကြားဘဲ၊ ထမင်းစားရှဲနေသော စတုမဟာဘုတ်ရုပ်ကောင်ကြီးကို ကိုယ်-ဟူ၍ မှတ်ထင်ပါသည်ဘုရား-ဟု လျှောက်ကြား၏။

ထမင်းစား၍နေသော စတုမဟာဘုတ် ရုပ်ကောင်ကြီးကို ကိုယ်-ဟူ၍ သင်မှတ်ထင်သော်လည်း၊ စိတ်သညာဖြစ်နေသောကြောင့် သင်မှတ်ထင်သော ကိုယ်တခြား, စိတ်သညာတခြား-ဟူ၍ မိန့်တော်မူ၏။

ပေါဋ္ဌပါဒသည် တဖန် အယူကို ပြောင်းလဲပြန်၍။ ''အင်္ဂါကြီးငယ်နှင့်တကွ၊ မနောမယ ရုပ်ကောင်ကြီးကို ကိုယ်-ဟူ၍ မှတ်ထင်ပါသည်ဘုရား''ဟု လျှောက်ကြားပြန်၏။

အင်္ဂါကြီးငယ်နှင့်တကွ မနောမယ ရုပ်ကောင်ကြီးကို ကိုယ်-ဟူ၍ သင်မှတ်ထင်သော်လည်း စိတ်သညာသည် ဖြစ်ပျက် ဖြစ်ပျက်နေသောကြောင့် သင်မှတ်ထင်သော ကိုယ်တခြား, စိတ်သညာတခြား-ဟူ၍ မိန့်တော်မူပြန်၏။

ပေါဋ္ဌပါဒသည် ယခုအခါ၌ မိမိမှတ်ထင်ရင်း ဖြစ်သော အယူကို ထုတ်ဆိုလျက်-''သညာဖြင့်ပြီးသော၊ သညာနှင့်တကွ၊ စိတ်သညာနာမ်တရားကို ကိုယ်-ဟူ၍ မှတ်ထင်ပါသည်ဘုရား''ဟု လျှောက်ကြားပြန်၏။

စိတ်သညာနာမ်တရားကို ကိုယ်-ဟူ၍ သင်-မှတ်ထင်သော်လည်း စိတ်သညာသည် ဖြစ်ပျက် ဖြစ်ပျက်နေသောကြောင့် သင်မှတ်ထင်သော ကိုယ်-တခြား၊ စိတ်သညာတခြား-ဟူ၍ မိန့်တော်မူ၏။

ဤသို့ မြတ်စွာဘုရားသည် စိတ်သညာ၏ ဖြစ်ပျက်, ဖြစ်ပျက်နေသည်ကို ဟောပြတော် မူသော်လည်း ဖြစ်ပျက်သဘောကို မထင်မြင်နိုင်ရကား.... "စိတ်သညာသည် လူ၏ကိုယ်-ဟူ၍ လည်းကောင်း, စိတ်သညာ တခြား, ကိုယ်တခြား-ဟူ၍လည်းကောင်း၊ တပည့်တော်သိခြင်းငှာ၊ တတ်နိုင်ပါမည်လော? မြတ်စွာဘုရား"ဟူ၍ မေးလျှောက်၏၊

"သာသနာတော်မှ တပါးသော တိတ္ထိဆရာအဖြစ်၌ သာသနာတော်မှ တပါးသော တိတ္ထိအကျင့်ကိုကျင့်လျက် သာသနာတော်မှတပါးသော တိတ္ထိအယူကို စွဲလမ်း၍နေသော သင်သည် စိတ်သညာတခြား, ကိုယ်တခြား, ဟူ၍ သိခြင်းငှာ ခဲယဉ်းစွာ၏" ဟူ၍ မိန့်တော်မူ၏။

ပေါဋ္ဌပါဒ ပရိဗိုဇ်သည် မိမိစွဲလမ်းမှတ်ထင်သော ကိုယ်သည် "မြဲလော, မမြဲလော"-ဟု သိလို၍ ဤသို့လျှောက်ကြားပြန်၏၊

ဖြစ်ပျက်တရားကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား၊ သာသနာတော်မှတပါးသော တိတ္ထိအယူအကျင့်ကို ကျင့်သော တပည့်တော်သည် "စိတ်ဝိညာဏ်တခြား, ကိုယ်တခြား" ဖြစ်သည်ကို အကယ်၍ မသိနိုင်လျှင် ရှိပါစေတော့။ "ကိုယ်သည်မြဲ၏" ဟူသော စကား ဟုတ်မှန် သလော မြတ်စွာဘုရား။

ဤစကားကို ငါဘုရား ဟောတော်မမူ-ဟု မိန့်တော်မူ၏။

ကိုယ်သည် မမြဲ-ဟူသောစကား မှန်ပါသလော။

ဤစကားကို ငါဘုရား ဟောတော်မမူ၊ (လ)

အဘယ်ကြောင့် မြတ်စွာဘုရား မဟောပါသနည်း။

ထိုစကားသည် အကျိုးစီးပွားနှင့်လည်း မစပ်ယှဉ်၊ တရားနှင့်လည်း မစပ်ယှဉ်၊ သီလ, သမာဓိ, ပညာ, သာသနာတော်အကျင့်မြတ်၏ အစလည်း မဟုတ်၊ (အလယ်—အဆုံးမှာကား အဘယ်ဆိုဘွယ်ရှိအံ့နည်း)။

ဖြစ်ပျက်, ဖြစ်ပျက်နေသော သံသရာဝဋ်၌ ငြီးငွေ့ခြင်းလည်း မဖြစ်၊ ဖြစ်ပျက်, ဖြစ်ပျက်နေသော သံသရာဝဋ် ကင်းလွတ်ခြင်းငှာလည်း မဖြစ်၊ တဏှာရာဂကင်းခြင်းငှာလည်း မဖြစ်။ ဖြစ်ပျက် ငြိမ်းပျောက်ခြင်းငှာလည်း မဖြစ်။ ဖြစ်ပျက်တရားကို အထူးသိခြင်းငှာလည်း မဖြစ်၊ မဖြစ်သဘောကို မြင်ခြင်းငှာလည်း မဖြစ်။ ထိုကြောင့် ငါဘုရား ဟောကြားတော် မမူသတည်း။

မြတ်စွာဘုရားသည် အဘယ်သို့ ဟောတော်မူပါသနည်း ဘုရား။

ပေါဋ္ဌပါဒ၊ ဤဖြစ်ခြင်း, ပျက်ခြင်းသည် ဆင်းရဲ သဘော-ဟူ၍ လည်းကောင်း, ဤ ဖြစ်ခြင်း, ပျက်ခြင်းသည် ဆင်းရဲကြောင်း-ဟူ၍ လည်းကောင်း, ဤမဖြစ်ခြင်းသဘောသည် ဆင်းရဲအေးငြိမ်းကြောင်း-ဟူ၍ လည်းကောင်း, ဤမဖြစ်ချင်ခြင်းသည် ဆင်းရဲအေးငြိမ်းရာသို့ရောက်ကြောင်း ဟူ၍ လည်းကောင်း ငါဘုရား ဟောတော်မူ၏၊

အဘယ်ကြောင့် ဟောတော်မူပါသနည်း မြတ်စွာဘုရား....

ပေါဋ္ဌပါဒ၊ ဤသစ္စာလေးပါး အမှန်စကားသည် အကျိုးစီးပွားနှင့်လည်း စပ်ယှဉ်၏၊ တရားနှင့်လည်း စပ်ယှဉ်၏၊ သာသနာတော် အကျင့်မြတ်၏အစ လည်းဖြစ်၏။ ဖြစ်ပျက်သံသရာကို ငြီးငွေ့ခြင်း, တဏှာရာဂ ကင်းခြင်း, ဖြစ်ပျက်သံသရာမှ လွတ်ခြင်း, ငြိမ်းအေးခြင်း, ဖြစ်ပျက်သဘောကို အထူး သိခြင်း, မဖြစ်သဘောကို ကောင်းစွာသိခြင်းဖြစ်၏။ ထို့ကြောင့် ငါဘုရား ဟောတော်မူသတည်း။

မြတ်စွာဘုရားသည် ဤသစ္စာတရားတည်း ဟူသော အဓိပညာ သိက္ခာ အကျင့်တရားကို ဟောကြားတော်မူပြီး၍ တုဏှိဘာဝသဘောဖြင့် တရား စကားကို မဟောကြားဘဲ ရပ်ထား၍ နေတော်မူ၏။

ထိုအခြင်းအရာကို ပေါဋ္ဌပါဒသည် သိ၍,....

"ဧဝ မေတံ ဘဂဝါ၊ ဧဝ မေတံ သုဂတ" ဤစကာ အတိုင်းပါ- မြတ်စွာဘုရား-ဟု ဂရုဂါရဝ နှစ်ကြိမ်တိုင် လျှောက်ကြား၍, မြတ်စွာဘုရား သည် ယခုအခါ၌ ဆွမ်းခံချိန်အခါ ရောက်သည်ကို သိတော်မူပါ-မြတ်စွာ ဘုရား-ဟု လျှောက်ကြား၏။

မြတ်စွာဘုရားသည်လည်း နေရာမှထ၍ ဖဲကြွတော်မူခဲ့၏။

မြတ်စွာဘုရား ဖဲသွားတော်မူ၍ မကြာမီပင်လျှင် ထိုပရိဗာဇက တိတ္ထိ တို့သည် ပေါဋ္ဌပါဒ ပရိဗိုဇ်ကို စကားတည်း ဟူသော ဒုတ်ချောင်းဖြင့် ထိုးဆွ ပြောဆိုကြကုန်၏။

အရှင်ပေါဋ္ဌပါဒသည် ရဟန်းဂေါတမ၏ တရားစကားကို ဝမ်းမြောက်စွာ ဝန်ခံခြင်းကို ပြု၏။("ဧဝ မေတံ ဘဂဝါ၊ ဧဝ မေတံ သုဂတ"-ဟူ၍ ဝန်ခံ စကားကို ဆို၏) ငါတို့သည်ကား-ရဟန်းဂေါတမ၏ တရားစကားကို တစွန်း တစမျှ မသိပါကုန်-

ကိုယ်သည် မြဲ၏-ဟူ၍ လည်းကောင်း, မမြဲ-ဟူ၍လည်းကောင်း, (လ) တစွန်းတစ တခုမျှ မသိပါကုန်။ ဤသို့ ဆိုကြကုန်သည်ရှိသော်-ပေါဋ္ဌပါဒ ပရိဗိုဇ်သည် ထိုပရိဗာဇက တိတ္ထိတို့ကို ဤသို့ပြောဆို၏။

အချင်းတို့၊ ငါသည်လည်း ရဟန်းဂေါတမ၏ တရားစကားကို တစွန်းတစ တခုမျှ မသိပါ၊ ကိုယ်သည် မြဲ၏-ဟူ၍ လည်းကောင်း, မမြဲ ဟူ၍ လည်းကောင်း, (လ) တစွန်းတခုမျှ မသိပါ။ သို့သော်လည်း ရဟန်းဂေါတမသည် ဟုတ်ရာ, မှန်ရာ, အကျင့်တရားကို ဟောကြားတော်မူပေ၏။ ဟုတ်ရာမှန်ရာကို ဟောကြားသော ရဟန်းဂေါတမ၏တရားစကားကို ငါကဲ့သို့သော ပညာရှိသည် အဘယ်ကြောင့် ဝန်မခံဘဲ ရှိအံ့နည်း-ဟူ၍ ဆိုလေ၏။

ထိုနောက် ကတိပါဟ ဒွိဟတိဟစ္စယ-နှစ်ရက် သုံးရက် လွန်သောအခါ, ပေါဋ္ဌပါဒ၏ ဂိဟိသဟာယက—လူဖြစ်စဉ်က အဖေါ်မိတ်ဆွေဖြစ်သော ဆင်ဆရာ၏သား-ရဟန်းလူထွက် စိတ္တသည် မိတ်ဆွေဖြစ်သော ပေါဋ္ဌပါဒပရိဗိုဇ်အထံသို့ ရောက်၍ "မိတ်ဆွေသည် ဤသို့သော ဂုဏ်ထူးနှင့် ပြည့်စုံသော မြတ်စွာဘုရား၏ သာသနာတော်မှ အဘယ်ကြောင့် ထွက်၍လာရသနည်း၊ လာ-လိုက်ခဲ့လော၊ ယခုပင်ပြန်၍ ရဟန်းပြုရမည်"ဆို၍ ပေါဋ္ဌပါဒသည် စိတ္တ ရဟန်းလူထွက်ကို ခေါ်၍ မြတ်စွာဘုရားအထံသို့ လာ၏။

မြတ်စွာဘုရားအထံသို့ ရောက်သောအခါ ရိုသေစွာ ရှိခိုးပြီး၍ သင့်တင့်ရာ၌ ထိုင်နေပြီးလျှင် ပေါဋ္ဌပါဒသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ကြား၏၊

မြတ်စွာဘုရားသည် တပည့်တော်တို့အား နိရောဓစကားကို ဟောကြားပြီး၍ ဖဲကြွတော်မူသောအခါ ထိုပရိဗာဇကတိတ္ထိတို့သည် တပည့်တော်အား စကားတည်း ဟူသော ဒုတ်ချောင်းဖြင့် ထိုးဆွ ပြောဆိုကြပါကုန်၏။

ထိုအခါ၌ တပည့်တော်သည် ထိုတိတ္ထိတို့ကို ဤသို့ ပြန်၍ ပြောဆိုလိုက်ပါ၏၊ "အို-အချင်းတိတ္ထိဆရာတို့၊ တရားမှန်ကို ဟောကြားသော ရဟန်းဂေါတမ၏ စကားကို ငါ—ကဲ့သို့သော ပညာရှိသည် အဘယ်ကြောင့် ဝမ်းမြောက်စွာ ဝန်မခံဘဲ ရှိအံ့နည်း"ဟူ၍ ပြောဆိုပါ၏။

ဤသို့ ပေါဋ္ဌပါဒ လျှောက်ကြားသည်ရှိသော်....

ပေါဋ္ဌပါဒ၊ ထိုပရိဗာဇကတိတ္ထိတို့သည် အကန်းတို့သာတည်း။ မျက်စိမရှိကြကုန်။ ထိုပရိဗာဇကတိတ္ထိတို့အလယ်၌ သင်တယောက်သည်သာလျှင်-မျက်စိရှိ၏၊ ငါဘုရားသည်၊ တစွန်းတစ—တခုသော အဘို့အားဖြင့် ဟုတ်မှန်သော တရားကိုလည်း ဟုတ်မှန်သောတရား—ဟူ၍ ဟောတော်မူ၏။ တစွန်းတခုသော အဘို့မဟုတ်မူ၍ များစွာဘွေးဘောခြင်းရှိသော မဟုတ်မမှန်သော တရားကိုလည်း မဟုတ်မမှန်သောတရား ဟူ၍ ဟောတော်မူ၏၊

**ပေါဋ္ဌပါဒ၊ အဘယ်တရားတို့သည် များစွာကွေးတောခြင်းရှိ၍ မဟုတ်မမှန်သောတရားတို့နည်း-ဟူမူကား—**

ကိုယ်သည်မြဲ၏-ဟူ၍လည်းကောင်း, မမြဲ-ဟူ၍လည်းကောင်း, ကိုယ်သည် အဆုံးရှိ, အဆုံးမရှိ—ဟူ၍လည်းကောင်း, (လ) အသက်သည်ပင်လျှင် ကိုယ်-ဟူ၍လည်းကောင်း, အသက်တခြား, ကိုယ်တခြား-ဟူ၍ လည်းကောင်း, သတ္တဝါ သေသည် နောက်ဖြစ်၏-ဟူ၍ လည်းကောင်း, မဖြစ်-ဟူ၍ လည်းကောင်း, (လ) ဖြစ်လည်း မဟုတ်၊ မဖြစ်လည်း မဟုတ်—ဟူ၍ လည်းကောင်း, ဤတရားတို့သည် များစွာကွေးတောခြင်းရှိသော မဟုတ်-မမှန်သော တရားတို့-ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

**အဘယ်တရားသည် ဟုတ်-မှန်သော တရားနည်း....**

ဖြစ်ချင်—ဖြစ်၊ မဖြစ်ချင်—မဖြစ်။ သစ္စာလေးပါးအစစ်။

ဤတရားသည် ဟုတ်မှန်သော တရားတည်း-ဟူ၍ ငါဘုရားဟောတော်မူ၏။

အချို့သော ရသေ့ရဟန်းတို့သည် "ဆင်းရဲမဖက်, သက်သက်ချမ်းသာခြင်းရှိသော ကိုယ်သည်—ရှိ၏"ဟူ၍ အယူရှိကြကုန်၏။ ငါဘုရားသည် ထိုသို့ အယူရှိသော ရသေ့ရဟန်းတို့၏ အထံသို့ သွား၍, "ငါ့ရှင်တို့သည် ဤသို့ အယူရှိကြ၏-ဟူသည် မှန်ပါသလား"ဟု မေးတော်မူသောအခါ၊ အာမ-ဟုတ်ပါ၏-ဟူ၍ ဆိုကြကုန်၏။

ယင်းသို့ဖြစ်သော် သင်တို့သည် (ဆင်းရဲမဖက်-သက်သက်ချမ်းသာခြင်းရှိသောကိုယ်ကို မြင်ကြပါ၏လော)-ဟု ငါဘုရား မေးသည်ရှိသော်-မမြင်ပါ-ဟူ၍ ဆိုကြကုန်၏။

ယင်းသို့ဖြစ်သော် ဆင်းရဲမဖက်-သက်သက်ချမ်းသာခြင်းရှိသော-ကိုယ်ကို "တနေ့သော်လည်းကောင်း, တညသော်လည်းကောင်း, နေ့ထက်ဝက်သော်လည်းကောင်း, ညထက်ဝက်သော်လည်းကောင်း, သိ၍ ခံစား၍နေကြရပါကုန်၏လော"—ဟူ၍ မေးသည်ရှိသော် မနေရပါ-ဟူ၍ ဆိုကြကုန်၏။

ယင်းသို့ဖြစ်သော် ဤအကျင့် ဤနည်းလမ်းသည် ဆင်းရဲမဖက်-သက်သက် ချမ်းသာခြင်းရှိသော-ကိုယ်ကို မျက်မှောက် ပြုနိုင်သော လမ်း-ဟူ၍ သင်တို့ သိကြပါကုန်၏လော-ဟူ၍ မေးသည်ရှိသော် မသိပါ-ဟူ၍ ဆိုကြကုန်၏။

ယင်းသို့ဖြစ်သော် ဆင်းရဲမဖက်-သက်သက်ချမ်းသာခြင်း ရှိသော ကိုယ်၏ အဖြစ်သို့ ရောက်ကြကုန်သော နတ်တို့၏ စကားကို ကြားဘူးကြပါကုန်၏ လော....

အို....အချင်းလူအပေါင်းတို့၊ ဤအကျင့်ကို ကျင့်ကြကုန်လော့။ ငါတို့ သည် ဤအကျင့်ကိုကျင့်၍ သက်သက်ချမ်းသာရှိသော ကိုယ်၏ အဖြစ်သို့ ရောက်ရကုန်၏။

ဟူ၍ ထိုနတ်တို့၏ ပြောဆိုသော စကားကို ကြားဘူးပါကုန်၏လော-ဟူ၍ မေးသည်ရှိသော် မကြားဘူးပါ-ဟူ၍ ဆိုကြကုန်၏။

အဘယ်သို့မှတ်ထင်သနည်း....ပေါဋ္ဌပါဒ၊ ဤသို့ဖြစ်သည်ရှိသော် ထိုရသေ့ ရဟန်းတို့၏ အယူဝါဒစကားသည် ဟုတ်ရောင်ရောင်နှင့် မထုတ်ဆောင် နိုင်သော အနိယျာနိက-သပ္ပါဋိဟိရ စကားအဖြစ် ရောက်သည် မဟုတ် ပါလော။

စင်စစ်မုချ အနိယျာနိက စကားဖြစ်၍ နေပါတော့သည် မြတ်စွာဘုရား။

ပေါဋ္ဌပါဒ၊ ဥပမာဆိုသည်ရှိသော်....တစုံတဦးသော ယောကျ်ားသည် ဇနပဒကလျာဏီကို အလိုရှိ၏-ဟူ၍ ပြော၏။ ထိုယောကျ်ားကို တပါးသော သူတို့က-

အချင်းယောကျ်ား "သင်သည် ဇနပဒကလျာဏီကို မြင်ဘူးပါ၏လော, ထိုဇနပဒကလျာဏီသည် မင်းသွီးလော,၊ ပုဏ္ဏားသွီးလော,၊ သူဌေးသသွီး လော,၊ သူကြွယ်သွီးလော,၊ သူဆင်းရဲသွီးလော,-ဟူ၍ မေးသည်ရှိသော် မသိပါ-ဟူ၍ ပြောဆိုငြားအံ့။

ထိုဇနပဒကလျာဏီသည် ရှည်ရှည်, မြင့်မြင့်လော, ပုပုတိုက်တိုက်လော, အဘယ်မြို့, အဘယ်ရွာ, အဘယ်အရပ်မှာ ရှိပါသနည်း'-ဟူ၍ မေးသည် ရှိသော် မသိပါဟူ၍ ဆိုငြားအံ့။

အချင်းယောကျ်ား၊ သင်သည် ထိုဇနပဒ ကလျာဏီကို မသိမမြင် ဘူးပါဘဲနှင့် ပြောဆိုသံကိုမျှလည်း မကြားဘူးပါဘဲနှင့် အလိုရှိ၍နေသလော-ဟူ၍ မေးသည်ရှိသော် ဟုတ်ပါ၏-ဟူ၍ ဆိုငြားအံ့။ ဤသို့ဆိုသည်ရှိသော် ထိုယောကျ်ား၏စကားသည် အရမ်းမဲ့ပြောဆိုသော စကားဖြစ်၍ နေသည် မဟုတ်ပါလော။?

အရမ်းမဲ့ ပြောဆိုသော စကား ဖြစ်ပါတော့သည် မြတ်စွာဘုရား။ ပေါဋ္ဌပါဒ၊ ထိုအတူပင်လျှင် ထိုရသေ့ရဟန်းတို့၏ စကားသည် အရမ်းမဲ့

ပြောဆိုသော စကားဖြစ်၏။ အဟုတ်အမှန်ကို သိ၍ပြောဆိုသော စကား မဟုတ်။

ဥပမာ တနည်းသော်ကား.... လမ်းလေးခွ၌ လူတယောက်သည် ပြသာဒ်ကြီးကို တက်ရန် လှေခါး လုပ်၍နေ၏။ ထိုလူကို တပါးသော လူတို့က ''သင်သည် ပြသာဒ်ကြီးကို တက်ရန်လှေခါး လုပ်၍နေ၏၊ ထိုပြသာဒ်ကြီးသည် အဘယ်မှာရှိသနည်း။ အရှေ့မှာ ရှိသလော၊ အနောက်မှာရှိသလော၊ တောင်အရပ်မှာ ရှိသလော၊ မြောက်အရပ်မှာ ရှိသလော၊ နိမ့်သလော၊ မြင့်သလော၊ သင်သည်မြင်ဘူးပါ၏လော-ဟု မေးခဲ့သော်၊ မမြင်ဘူးပါ-ဟူ၍ ဆိုငြားအံ့၊ ထိုယောကျ်ား၏ စကားသည် အရမ်းမဲ့ ပြောဆိုသော စကား ဖြစ်သည်-မဟုတ်ပါလော?။

အရမ်းမဲ့ပြောဆိုသော စကားဖြစ်ပါတော့သည် မြတ်စွာဘုရား။

ထိုအတူပင်လျှင် ထိုရသေ့ ရဟန်းတို့သည် သက်သက် ချမ်းသာရှိသော ကိုယ်သည် ရှိ၏-ဟူ၍ ပြောဆိုကြကုန်၏။ ထိုပြောဆိုကြသော စကားသည် မသိမမြင်ဘဲ အရမ်းမဲ့ ပြောဆိုသော စကားဖြစ်၏။

## အတ္တဘောသုံးမျိုးကို ဟောတော်မူကြောင်း

ပေါဋ္ဌပါဒ ပရိဗိုဇ်၊ အတ္တဘောကို ရခြင်းတို့သည် သုံးမျိုးရှိကုန်၏။ သုံးမျိုး—ဟူသော်ကား-

၁။ ရုန့်ရင်းသော ဩဠာရိက အတ္တဘော၊

၂။ စိတ်ဖြင့်ပြီးသော မနောမယ အတ္တဘော၊

၃။ နာမ်သက်သက်ဖြစ်သော အရူပအတ္တဘော—ဟူ၍ ရှိ၏၊

ထိုသုံးမျိုးတို့တွင် ထမင်းစား၍ထားသော စတုမဟာဘုတ်၊ ရုပ်ကောင်ကြီးသည် ရုန့်ရင်းသော ဩဠာရိက အတ္တဘော မည်၏။

အလုံးစုံသော အင်္ဂါကြီးငယ်ရှိသော မနောမယ ရုပ်ကောင်ကြီးသည် မနောမယအတ္တဘော မည်၏။

သညာရှိသော နာမ်သက်သက်သည် အရူပအတ္တဘော မည်၏။ (ကာမတဆယ့်ဘုံ၌ ဖြစ်သော အတ္တဘောသည် ဩဠာရိက အတ္တဘော မည်၏။)

ရူပတဆယ့်ခြောက်ဘုံ၌ ဖြစ်သော အတ္တဘောသည် မနောမယ အတ္တဘော မည်၏။

အရူပလေးဘုံ၌ ဖြစ်သော အတ္တဘောသည် အရူပအတ္တဘော မည်၏။ (ဝါ) နာမ်သက်သက်ဖြစ်သော အတ္တဘောမည်၏။

ထိုအတ္တဘော သုံးမျိုးတို့ကို ပယ်ခြင်းငှါ ငါဘုရားသည် တရားဟောတော်မူ၏၊ ငါဘုရားဟောတော်မူတိုင်း ကျင့်သော သင်တို့အား ညစ်မဲ့သော အကုသိုလ်ဓိဘ်တို့ကို ပယ်နိုင်ကုန်လတံ့။ ဖြူစင်သော သမထဝိပဿနာတို့ကို ပွားစေနိုင်ကုန်လတံ့။ ပညာ၏ ပြည့်စုံခြင်းသို့လည်း ရောက်၍ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ကိုယ်တိုင်သိ၍ မျက်မှောက်ပြု၍ ပြည့်စုံစွာနေရလတ့ံ။

ဤသို့ မျက်မှောက်ပြု၍ နေရာ၌ ဆင်းရဲစွာနေရ၏-ဟု သင်မမှတ်လင့်။ ညစ်မဲသော အကုသိုလ်တရားတို့သည်လည်း ပပျောက်၍သွားလတံ့။ ဖြူစင်သော သမထ ဝိပဿနာတရားတို့သည်လည်း တိုးပွား၍ မျက်မှောက်ပြု၍ ပြည့်စုံစွာ (ဝင်စား၍) နေရလတံ့။ ထိုသို့နေရာ၌၊

၁။ ဝမ်းမြောက်ခြင်း, ပါမောဇ္ဇတရားသည်လည်း ဖြစ်လတံ့၊

၂။ နှစ်သက်ခြင်း ပီတိတရားသည်လည်း ဖြစ်လတံ့၊

၃။ စိတ်၏ ငြိမ်းအေးခြင်း, ပဿဒ္ဓိတရားသည်လည်း ဖြစ်လတံ့၊

၄။ သတိဆင်ခြင်းသည်လည်း ဖြစ်လတံ့၊

၅။ ပညာဆင်ခြင်ခြင်းသည်လည်း ဖြစ်လတံ့၊

၆။ ချမ်းသာစွာ နေရခြင်းသည်လည်း ဖြစ်လတံ့၊

ပထမ ဈာန်ကို ဝင်စားရာ၌ ဤခြောက်ပါးသော တရားတို့ကို ရအပ်ကုန်၏။ ဒုတိယဈာန်၌ ပါမောဇ္ဇမှတပါး ငါးပါးသော တရားတို့ကိုရအပ်ကုန်၏၊ တတိယ ဈာန်, စတုတ္ထဈာန်တို့၌ ပါမောဇ္ဇ၊ ပီတိမှတပါး လေးပါးသော တရားတို့ကို ရအပ်ကုန်၏။ အလုံးစုံသော နေခြင်းတို့ထက် ဤဈာန်ချမ်းသာဖြင့် နေခြင်းသည် အလွန်ချမ်းသာသော နေခြင်းဖြစ်၏- ဟူ၍ ဟောတော်မူ၏။

(သမ္ပသာဒနသုတ်၌ သက်သက်သော ဝိပဿနာပါဒက ဈာန်ကိုသာလျှင် ဟောတော်မူ၏၊ ဒသုတ္တရသုတ်၌ စတုတ္ထဈာနိက ဖလသမာပတ်ကိုဟောတော်မူ၏။ ဤပေါဋ္ဌပါဒသုတ်၌ ပါမောဇ္ဇကို ပီတိ၏ ဝေဝုစ်ပြု၍ ဒုတိယဈာန်ဖလသမာပတ် မည်သည်ကို ဟောတော်မူ၏-ဟူ၍ သိလေ။)

အိုပေါဋ္ဌပါဒ အမည်ရသော ပရိဗ္ဗာဇက၊ အကယ်၍ သူတပါးတို့က ငါဘုရားကို ဤသို့မေးမြန်းကုန်ငြားအံ့။

အရှင်ဂေါတမသည် အဘယ်အကျိုးငှါ တရားဟောတော်မူပါသနည်း-ဟူ၍ သူတပါးတို့က ငါ့ဘုရားကို အကယ်၍ မေးလာငြားအံ့။

ဤအဘ္တဘောသုံးပါးတို့ကို ပယ်ခြင်းအကျိုးငှါ တရားဟောတော်မူ၏-ဟူ၍ ဖြေကြားတော်မူအံ့။ ထိုအတ္တဘောသုံးပါးတို့သည် အဘယ်နည်း-ဟူ၍ သူတပါးတို့က ငါ့ဘုရားကို အကယ်၍ မေးလာငြားအံ့။

ထမင်းစား၍ နေရသော စတုမဟာဘုတ် ရုပ်ကောင်ကြီး ဖြစ်သော ကာမဘုံ အတ္တဘောကြီး ညီး တပါး။ အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော-ရူပဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏ မနောမယ အတ္တဘောကြီးလည်း တပါး, အရူပဘုံ၌ဖြစ်သော သညာဖြင့်ပြီးသော နာမ်သက်သက် အရူပအတ္တဘောကြီးလည်းတပါး ဤအတ္တဘော သုံးပါးတို့ကို ပယ်ခြင်းအကျိုးငှါ ငါ့ဘုရားသည် တရားဟောတော်မူ၏-ဟူ၍ ဖြေတော်မူအံ့။

ဤသို့ကွဲကွဲပြားပြား ထင်ရှားစွာ ဖော်ပြ၍ ဖြေသည်ရှိသော် ဟုတ်တိုင်းမှန်စွာ မြင်ကြသိ ကြကုန်သည်ဖြစ်၍၊နိယျာနိက ထုတ်ဆောင် ပြသော တရားစကားဖြစ်သည် မဟုတ်ပါလော? ဤသို့ကွဲကွဲပြားပြ ားထင်ရှားစွာ ဖော်ပြ၍ ဖြေတော်မူသောကြောင့် ဟုတ်တိုင်းမှန်စွာ မြင်ကြသိကြ ကုန်သည် ဖြစ်၍ နိယျာနိက ထုတ်ဆောင် ပြသော တရား စကား ဖြစ်ပါ တော့ သည် မြတ်စွာဘုရား၊

အို ပေါဋ္ဌပါဒ ပရိဗာဇက-ဥပမာဆိုသည်ရှိသော် ပြသာဒ်ကြီး၏အောက်၌ ထိုင်နေသော ယောကျာ်းသည် ထိုပြသာဒ်ကြီး ပေါ်သို့ တက်အံ့ သောငှါ လှေခါးကို ပြုလုပ်၍နေ၏၊ ထိုယောကျာ်းကို တပါးသောသူတို့က-

အချင်းယောကျာ်း၊သင်သည်ပြသာဒ်ကြီးပေါ်သို့တက်အံ့သောငှာလှေခါးကိုပြုလုပ်၏။ ထိုပြသာဒ်ကြီးကို သိပါ၏လော၊ ထိုပြသာဒ်ကြီးသည် အရှေ့မှာ ရှိသလော၊ အနောက်မှာ ရှိသလော၊ တောင်အရပ်- မြောက် အရပ်တို့မှာ ရှိသလော၊ နိမ့်သလော, မြင့်သလော, မနိမ့်လွန်း မမြင့်လွန်း အလတ်စားလော?-ဟူ၍ မေးသည်ရှိသော်။

ပြသာဒ်ကြီး၏ အောက်၌နေ၍ လှေခါး လုပ်သော ယောကျာ်းက ထိုပြသာဒ်ကြီးကို လက်ညှိုးထိုးကာ ပြလျက်-"ဟောသည်ပြသာဒ်ကြီးဘဲ"-ဟူ၍ ဆိုငြားအံ့၊ ထိုယောကျာ်း၏ စကားသည် ထင်ရှားစွာ လက်ညှိုး ထိုးပြသောကြောင့် ထင်ရှားစွာမြင်ကြရကုန်သည်ဖြစ်၍ နိယျာနိကထုတ်ဆောင် ပြသော စကားမဟုတ်ပါလော။ ဟုတ်လှပါတော့သည် မြတ်စွာဘုရား။

အချုပ်း ပေါဋ္ဌပါဒပရိဗ္ဗာဇက။ ထိုပြဿဒ်ကြီးနှင့် အတူသာလျှင် ထမင်းစား၍ နေသော စတုမဟာဘုတ် ရုပ်ကောင်ကြီးကို လက်ညှိုးထိုးကာပြလျက် ထိုစတုမဟာဘုတ် ရုပ်ကောင်ကြီးပယ်အံ့သောငှါ ငါဘုရားသည် လှေခါးနှင့်တူသော စတုသစ္စာတရားစကားကို ဟောကြားတော်မူ၏။

ပြဿဒ်ကြီးနှင့်တူသော ဗြဟ္မာတို့၏ မနောမယ အတ္တဘောကြီးကို ပယ်အံ့သောငှာ လည်းကောင်း, ပြဿဒ်ကြီးနှင့် တူသော အရူပအတ္တဘော ကြီးကို ပယ်အံ့သောငှာ လည်းကောင်း, ငါဘုရားသည် စတုသစ္စ တရားကို ဟောကြားတော်မူ၏။

ဤသို့အတ္တဘောကြီး သုံး မျိုးကို လက်ညှိုးထိုးကာ ပြလျက်။

''ဖြစ်ချင်ဖြစ်၊ မဖြစ်ချင် မဖြစ်''

ဟူသော စတုသစ္စာတရားကို ဟောပြသည်ရှိသော် နိယျာနိက ထုတ်ဆောင်ပြသော တရားစကား မဟုတ်ပါလော၊ ဟုတ်မှန် လှပါဘော့သည်.မြတ်စွာဘုရား။

(ထိုအတ္တဘောကြီး သုံးမျိုးသည် ဖြစ်ချင်၍ ဖြစ်သည်၊ မဖြစ်ချင်လျှင် မဖြစ်ဘူး ဟူ၍မှတ်။)

ဤသို့လျှင် မြတ်စွာဘုရားသည် အတ္တဘောကြီး သုံးမျိုးကို ဟောပြတော်မူသောအခါ သင်္ဆရာ၏သား ရဟန်းလူထွက် စိတ္တသည် ''ဤအတ္တဘောဆိုသည်ကား နာမပညတ်မျှသာဖြစ်၏''– ဟူ၍ သဗ္ဗညု မဟုတ်ရကား ထုတ်ဆောင်၍မသိ။ အတ္တဘော ဟူ၍သာလျှင် သိ၏။ထိုကြောင့် မြတ်စွာဘုရားကို ဤသို့လျှောက်ကြား၏။

အတ္တဘောကြီး သုံးပါးကို ဟောကြားတော် မူပေသော မြတ်စွာဘုရား အကြင်အခါ၌ ဩဠာရိကအတ္တဘော ဖြစ်၏။ ထိုအခါ၌ မနောမယအတ္တဘော, အရူပအတ္တဘောတို့သည် မရှိဘဲနေပါ၏။ ဩဠာရိကအတ္တဘော တခုသာလျှင် ထိုအခါ၌ အမှန်ရှိ၍နေပါ၏။

အကြင်အခါ၌ မနောမယအတ္တဘောသည် ဖြစ်၏။ ထိုအခါ၌ ဩဠာရိကအတ္တဘော, အရူပအတ္တဘောတို့သည် မဖြစ်ဘဲနေပါ၏။ အကြင်အခါ၌ အရူပအတ္တဘောဖြစ်၏၊ ထိုအခါ၌ ဩဠာရိကအတ္တဘော, မနောမယ အတ္တဘောတို့သည် မရှိဘဲ နေပါ၏၊ အရူပအတ္တဘောတခုသာလျှင် အမှန်ရှိ၍ နေပါ၏ မြတ်စွာဘုရား၊ ဤသို့မေးလျှောက်သည်ရှိသော်–

ချစ်သားစိတ္တ၊ အကြင်အခါ၌ ဩဠာရိကအတ္တဘောသည်ဖြစ်၏။ ထိုအခါ၌ မနောမယ အတ္တဘော- ဟူ၍ မခေါ်ဆိုရ။ အရူပအတ္တဘော- ဟူ၍လည်း မခေါ်ဆိုရ။ ဩဠာရိက အတ္တဘော-ဟူ၍သာ ခေါ်ဆိုရ၏။ အမည် နာမ ပညတ် ဖြစ်၏။

ချစ်သားစိတ္တ၊ မနောမယ အတ္တဘော ဖြစ်သောအခါ၌လည်း ဩဠာရိက အတ္တဘော-ဟူ၍ မခေါ်ဆိုရ။ အရူပအတ္တဘောဟူ၍ မခေါ်ဆိုရ။ မနောမယ အတ္တဘော-ဟူ၍သာလျှင် ခေါ်ဆိုရ၏။ အမည်နာမ ပညတ်ဖြစ်၏။

အရူပအတ္တဘော ဖြစ်သော အခါ၌ အရူပအတ္တဘော-ဟူ၍ သာလျှင် အမည်နာမ ပညတ်အားဖြင့် ခေါ်ဆိုရ၏။ ဩဠာရိက အတ္တဘော-ဟူ၍လည်း ကောင်း, မနောမယအတ္တဘော-ဟူ၍လည်းကောင်း မခေါ်ဆိုရ။

ချစ်သားစိတ္တ—သင့်ကို သူတပါးတို့က ဤသို့ မေးကုန် ငြားအံ့။ ရှေးဘဝ အတိတ်ကာလ၌ သင်သည် ဖြစ်ဘူး၏။ မဖြစ်ဘူးသည် မဟုတ်လော, သင်သည် နောင်ဘဝအနာဂတ်ကာလ၌လည်း ဖြစ်လတ့်။ မဖြစ်လတ့် မဟုတ်လော၊ သင် ယခုဘဝပစ္စုပ္ပန်ကာလ၌လည်း ရှိ၏။ မရှိသည်မဟုတ်လော။ ဤသို့ မေးသည် ရှိသော် သင်သည် အဘယ်သို့ ဖြေမည်နည်း။

ဤသို့ တပည့်တော်ကို မေးသည်ရှိသော်-

ငါသည် ရှေးဘဝ အတိတ်ကာလ၌ ဖြစ်ဘူး၏။ မဖြစ်ဘူးသည် မဟုတ်။ ငါသည် နောင်ဘဝအနာဂတ်ကာလ၌လည်း ဖြစ်လတ့်။ မဖြစ်လတ့် မဟုတ်။ ငါသည် ယခုဘဝပစ္စုပ္ပန် ကာလ၌လည်း ရှိ၏။ မရှိသည်မဟုတ်။ ဤသို့ ဖြေဆိုပါအံ့ မြတ်စွာဘုရား။

ချစ်သားစိတ္တ-သင့်ကို ဤသို့ မေးကုန်ငြားအံ့။ သင်၏ အတ္တဘောသည် ရှေးဘဝအတိတ်ကာလ၌ ဖြစ်၏။ ရှေးဘဝအတိတ်ကာလဖြစ်သော ထိုအတ္တဘောသည်သာလျှင် မှန်၏။ အနာဂတ် အတ္တဘောလည်း မဟုတ်။ ပစ္စုပ္ပန် အတ္တဘောလည်း မဟုတ်မှန်။

သင်၏ အတ္တဘောသည် အနာဂတ်၌ ဖြစ်လတ့်။ ထိုအနာဂတ်အတ္တဘော သည်သာလျှင် ဟုတ်မှန်၏၊ အတိတ် အတ္တဘောလည်း မဟုတ်မှန်။ ပစ္စုပ္ပန် အတ္တဘောလည်း မဟုတ်မှန်။

သင်၏အတ္တဘောသည် ယခုပစ္စုပ္ပန်၌ ဖြစ်၏။ ထို ပစ္စုပ္ပန်အတ္တဘောသည် သာလျှင် မှန်၏။ အတိတ်-အနာဂတ် အတ္တဘောသည် မမှန်။

ဤသို့ မေးငြားအံ့။ သင်သည် အဘယ်သို့ ဖြေမည်နည်း။

တပည့်တော်ကို ဤသို့ မေးသည်ရှိသော်-

ငါ၏အတ္တဘောသည် အတိတ်ဘဝ၌ ဖြစ်ဘူး၏။ ထိုအခါ၌ ထိုအတိတ်အတ္တဘောသည် မှန်၏၊ အနာဂတ်-ပစ္စုပ္ပန်မဟုတ်။ ငါ၏ အတ္တဘောသည် အနာဂတ်၌ဖြစ်လတ္တံ့၊ ထိုအနာဂတ် အတ္တဘောသည် သာလျှင် ထိုအခါ၌ ဟုတ်မှန်၏၊ ပစ္စုပ္ပန်-အတိတ် မဟုတ်မှန်။

ငါ၏အတ္တဘောသည် ယခုပစ္စုပ္ပန်၌ဖြစ်၏။ ယခုအခါ၌ ထိုပစ္စုပ္ပန် အတ္တဘောသည်သာလျှင် ဟုတ်မှန်၏။အတိတ် အနာဂတ် အတ္တဘောမဟုတ်။ ဤသို့ ဖြေဆိုပါအံ့ မြတ်စွာဘုရား။

ချစ်သားစိတ္တ-ထိုအတူပင်လျှင် ဩဠာရိက အတ္တဘော ဖြစ်သော အခါ၌ ဩဠာရိကအတ္တဘော-ဟူ၍ ခေါ်ဆိုရ၏၊ မနောမယအတ္တဘော-ဟူ၍ လည်းကောင်း, အရူပအတ္တဘောဟူ၍ လည်းကောင်း မခေါ်ဆိုရ။

မနောမယအတ္တဘောဖြစ်သောအခါ၌ မနောမယ အတ္တဘော-ဟူ၍သာလျှင် ခေါ်ဆိုရ၏။ ဩဠာရိက အတ္တဘော-ဟူ၍ လည်းကောင်း, အရူပအတ္တဘော-ဟူ၍လည်းကောင်း မခေါ်ဆိုရာ။

အရူပအတ္တဘောဖြစ်သောအခါ၌အရူပအတ္တဘော ဟူ၍သာလျှင်ခေါ်ဆိုရ၏။ဩဠာရိကအတ္တဘော-ဟူ၍ လည်းကောင်း, မနောမယအတ္တဘော-ဟူ၍ လည်းကောင်း မခေါ်ဆိုရ။

ချစ်သားစိတ္တ-ဥပမာ ဆိုသည်ရှိသော်-

နွားမမှ နို့ရည်ဖြစ်၏၊ နို့ရည်မှ နို့ဓမ်းဖြစ်၏။ နို့ဓမ်းမှ ဆီဦးဖြစ်၏၊ ဆီဦးမှ ထောပတ်ဖြစ်၏၊ ထောပတ်မှ ထောပတ်ကြည်ဖြစ်၏။ အကြင်အခါ၌ နို့ရည်ဖြစ်၏၊ ထိုအခါ၌ နို့ဓမ်း-ဟူ၍လည်း မခေါ်ရ၊ ဆီဦး-ဟူ၍လည်း မခေါ်ဆိုရ။ ထောပတ်-ဟူ၍လည်း မခေါ်ဆိုရ။ ထောပတ်ကြည်-ဟူ၍လည်း မခေါ်ဆိုရ။ ထိုနို့ရည် ဖြစ်သော အခါ၌ နို့ရည် ဟူ၍သာလျှင် ခေါ်ဆိုရ၏။

နို့ဓမ်းဖြစ်သော အခါ၌လည်း နို့ဓမ်း-ဟူ၍သာလျှင် ခေါ်ဆိုရ၏။ နို့ရည်-ဟူ၍ လည်းကောင်း, ဆီဦး, ထောပတ်, ထောပတ်ကြည်-ဟူ၍ လည်းကောင်း မခေါ်ဆိုရ။

ဆီဦးဖြစ်သောအခါ ဆီဦး-ဟူ၍သာလျှင်ခေါ်ဆိုရ၏။ထောပတ်ဖြစ်သော အခါ ထောပတ်-ဟူ၍သာလျှင် ခေါ်ဆိုရ၏။ ထောပတ်ကြည် ဖြစ်သော

**တခါ ထောပတ်ကြည်–ဟူ၍သာလျှင် ခေါ်ဆိုရ၏။ နို့ရည်, နို့ဓမ်း, ဆီဦး, ထောပတ်ဟူ၍ မခေါ်ဆိုရ။**

**ချစ်သား-စိတ္တ၊ ထိုအတူသာလျှင် မှတ်လေလော့။**

ချစ်သား စိတ္တ၊ ဤသို့ခေါ်ဆိုခြင်းတို့သည်ကား-လောကအမည်တို့တည်း။ လောက စကားတို့တည်း၊ လောက အပြောအဆို ဝေါဟာရ တို့တည်း၊ လောကပညတ်တို့တည်း၊ ထိုလောက အမည်, လောကစကား, လောက အပြောအဆို ဝေါဟာရ, လောကပညတ် အားဖြင့် ငါဘုရားသည်လည်း ခေါ်ဆိုရ၏၊ ခေါ်ဆို၍ ပြောဟောရ၏။ ခေါ်ဆို၍ ပြောဟောသော်လည်း ရုပ်နာမ်တို့၏ဖြစ်ခြင်း, ပျက်ခြင်း, အစဉ်မပြတ်ဖြစ်သော သန္တာနပညတ်, သန္တာနပညတ်မျှသာ ဖြစ်၍ စွဲလမ်းခြင်းကို မပြု၊ စွဲလမ်းခြင်းကိုမပြုဘဲ ပြောဟောတော်မူ၏။

ဤသို့ ဟောတော်မူသည်ရှိသော်- ပေါဋ္ဌပါဒ ပရိဗ္ဗိဇ်သည် ''အဘိက္ကန္တံ ဘန္တေ၊ အဘိက္ကန္တံ ဘန္တေ'' အလွန်ကောင်းပါပေ၏ မြတ်စွာဘုရား, အင်မတန် ကောင်းလှပါတော့သည် မြတ်စွာဘုရား။

''မှောက်ထားသောအိုးကို လှန်ဘိသကဲ့သို့, ဖုံးထားသည်ကို ဖော်ပြ ဘိသကဲ့သို့, မျက်စိလယ် လမ်းမှား ချောက်ကမ်းပါး ကျ၍နေသော သူကို လက်ကိုဆွဲငင်ယူ၍ လမ်းမှန်ရာသို့ ပို့ဆောင်ကာ ညွှန်ပြသကဲ့သို့, မဲလှစွာ သောမှောင်ကြီးထဲ၌ ဆီမီးတဆောင်ကို ထွန်းဘိသကဲ့သို့, မြတ်စွာဘုရားသည် တပါးမက များလှစွာသော အကြောင်းယုတ္တိတို့ဖြင့် ဟုတ်သည့်အတိုင်း ထင်ရှားအောင် ဟောကြား ညွှန်ပြတော်မူပေ၏''-ဟူ၍ ချီးမွမ်းစကား လျှောက်ကြားပြီး၍ သရဏာဂုံ ဆောက်တည်လေ၏။

ဆင်ထိမ်း၏သား ရဟန်းလူထွက် စိတ္တသည်ကား- ရဟန်းအဖြစ်ကို တဖန် တောင်းပန်၍ ရဟန်းပြုပြီးလျှင် ခုနစ်ကြိမ် လူထွက်ရသော မကောင်းမှုကံ ကုန်ခမ်း၍ တရားကို ကြိုးစားအားထုတ်သည် ရှိသော် ရဟန္တာ အဖြစ်သို့ ရောက်၍ ဟတ္ထိသာရိပုတ္တစိတ္တ ဆင်ဆရာ၏သား အရှင်စိတ္တ-ဟု ခေါ်ကြကုန်၏။

ဤဒေသနာတော်၌ မြတ်စွာဘုရားသည် ရှေးဦးစွာ အတ္တဘောသုံးမျိုးကို ဟောတော်မူပြီး၍ ထိုအတ္တဘောသုံးပျိုးတို့သည် ဝေါဟာရအမည်ပညတ်မျှ ဖြစ်ကြောင်းကို ဟောတော်မူ၏။ အဘယ့်ကြောင့်နည်း ဟူမူကား....

ပရမတ္ထအားဖြင့် သတ္တဝါ-ဟူ၍မရှိ။ ရုပ်နာမ်တို့၏ ဖြစ်ပျက်မျှသာရှိ၍ တလောကလုံး ဖြစ်ပျက်တွေသာရှိ၏၊ သုညော တုစ္ဆော ရိတ္တော-အလကား ဟာတွေ ဖြစ်ကုန်၏။

ရိဏ္ဍော တုစ္ဆော သုညော လောကော- အလုံးစုံသောလောကသည် ဖြစ်ပျက် ဖြစ်ပျက် နေ၍ အလကားဟာတွေ ဖြစ်ကုန်၏။

မြတ်စွာဘုရားတို့၏ စကားတော်သည် သမ္မုတိစကား, ပရမတ်စကား ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် သတ္တဝါ, ယောကျ်ား, မိန်းမ, လူ နတ် ဗြဟ္မာဟူ၍ ပြောဟောတော်မူသော စကားတော်သည် သမ္မုတိစကားတို့ ဖြစ်ကုန်၏။

ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, သတိပဋ္ဌာန် သမ္မပ္ပဓာန် အစရှိသော စကားတို့သည် ပရမတ်စကား ဖြစ်ကုန်၏။

အကြင်သူသည် သမ္မုတိစကားဖြင့် ဟောကြား၍ တရားကို သိခြင်းငှါ ထိုးထွင်း, စူးရှခြင်းငှါ, ထုတ်ဆောင်နိုင်ခြင်းငှါ အရဟတ္တအောင်လံတခွန် ကို ကိုင်လှုပ်ခြင်းငှါ တတ်စွမ်းနိုင်ငြားအံ့။ ထိုသူအား အစဦးပဌမကပင် လျှင် သတ္တဝါ-ဟူ၍လည်းကောင်း, လူ, နတ်, ဗြဟ္မာ, မိန်းမ, ယောကျ်ား ဟူ၍ လည်းကောင်း ဟောကြားတော်မူ၏။

အကြင်သူသည် ပရမတ်စကားဖြင့် ဟောကြား၍ တရားကို သိခြင်းငှါ ထိုးထွင်းဖေါက်ခွဲခြင်းငှါ ထုတ်ဆောင်ခြင်းငှါ အရဟတ္တ အောင်လံတံခွန်ကို ကိုင်ယူခြင်းငှါ တတ်စွမ်းနိုင်ငြားအံ့၊ အနိစ္စ-ဟူ၍ လည်းကောင်း, ဒုက္ခ- ဟူ၍ လည်းကောင်း, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ တမျိုးမျိုးသော ပရမတ်စကားဖြင့် သတ္တဝါတို့၏ အဇ္ဈာသယ အားလျော်စွာ ဟောတော် မူ၏။

သမ္မုတိစကားဖြင့် တရားသိလတံ့သော သူအား ရှေးဦးစွာ ပရမတ် စကားကို ဟောတော်မမူ။ သမ္မုတိစကားကို ဟောတော်မူပြီးမှ သာလျှင် ပရမတ်စကားကို ဟောတော်မူ၏။

ပရမတ်စကားဖြင့် တရားသိအံ့သော သူအား ရှေးဦးစွာ သမ္မုတိစကား ကို ဟောတော်မမူ။ ပရမတ်စကားကို ဟောတော်မူပြီးမှ သာလျှင် သမ္မုတိ စကားကို ဟောတော်မူ၏၊

ပကတိအားဖြင့် ရှေးဦးစွာ ပရမတ်စကားကို ဟောသည် ရှိသော် ဒေသနာတော်သည် ခြောက်တီး ခြောက်တောက်ကဲ့သို့ နေ၏။ ထို့ကြောင့် မြတ်စွာဘုရားတို့သည် ရှေးဦးစွာသမ္မုတိစကားကို ဟောတော်မူပြီးမှနောက်၌ ပရမတ်စကားကို ဟောကြားတော် မူကုန်၏။

သမ္မုတိစကားကို ဟောတော်မူသော်လည်းအမှန်ကိုသာလျှင် ဟောတော် မူ၏။ မဟုတ်မမှန်ကို ဟောတော်မမူ။ ပရမတ်စကားကို ဟောတော်မူသော်

လည်း အမှန်ကို သာလျှင် ဟောတော်မူ၏။ မဟုတ်မမှန်ကို ဟောတော်မမူ။ သစ္စသဘာဝ- အမှုသာ- ဟုတ်မှန်သော သဘောကိုသာလျှင် ဟောတော်မူကုန်၏။

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။

သင်္ကေတ ဝစနံ သစ္စံ၊ လောကသမ္မုတိ ကာရဏံ။
ပရမတ္ထ ဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတလက္ခဏံ။

ဝဒတံ-ဝဒန္တာနံ၊ တရားဟောပုဂ္ဂိုလ်တို့တွင်။ ဝရော၊ အမြတ်ဆုံးဖြစ်တော်မူသော။ သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သမုတိံစ၊ သမုတိစကားကိုလည်းကောင်း။ ပရမတ္ထဉ္စ၊ ပရမတ်စကားကိုလည်းကောင်း။ ဒုဝေ၊ နှစ်မျိုးကုန်သော။ သစ္စာနိ၊ အမှန်စကားတို့ကို။ အက္ခာသိ၊ ဟောကြားတော်မူ၏၊ တတိယံ၊ သုံးခုမြောက်သော စကားကို။ နုဥပလဗ္ဘတိ၊ မရအပ်။

လောကသမုတိကာရဏံ၊ လူ, နတ်,ဗြဟ္မာတို့ သမုတ်မှတ်သား၍ ပြောဆိုခြင်း အကြောင်းဖြစ်သော။သင်္ကေတဝစနံ၊ အမှတ်အသား သင်္ကေတစကားသည်။ သစ္စံ၊ အမှန်ပင်တည်း။ ဓမ္မာနံ၊ သဘောတရားတို့၏။ ဘူတလက္ခဏံ၊ ဟုတ်မှန်သော လက္ခဏာရှိသော။ ပရမတ္ထဝစနံ၊ ပရမတ်စကားသည်။ သစ္စံ၊ အဟုတ်အမှန်ပင်တည်း။ (သီလက္ခန်အဋ္ဌကထာ။)

တသ္မာ ဝေါဟာရ ကုသလဿ၊ လောကနာထဿ သတ္ထုနော။
သမ္မုတိံ ဝေါဟရန္တဿ၊ မုသာဝါဒေါ နဇာယတိ။

တသ္မာ၊ ထိုကြောင့်။ သမ္မုတိံ၊ သမ္မုတိစကားကို။ ဝေါဟရန္တဿ၊ ပြောဟောတော်မူသော။ ဝေါဟာရကုသလဿ၊ အပြောအဟော၌ လိမ္မာတော်မူသော။ လောကနာထဿ၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ သတ္ထုနော၊ မြတ်စွာဘုရားအား။မုသာဝါဒေါ၊ မုသာဝါဒသည်။ နဇာယတိ၊ မဖြစ်။

ပေါဋ္ဌပါဒသုတ် ဝတ္ထု ပြီး၏။

# ၁၀။ သုဘသုတ် ဝတ္ထု

## တောဒေယျပုဏ္ဏားကြီး ခွေးဖြစ်သောအကြောင်း

သာဝတ္ထိပြည်နှင့် မနီးမဝေး တုဒိအမည်ရှိသော ရွာ၌ အုပ်စိုး၍ အကြီးအမှူးဖြစ်သောကြောင့် ''တုဒိဿဂါမဿ အဓိပတိတိ တောဒေယျော'' ဟူသော ဝစနတ္ထနှင့်အညီ တုဒိဿ၊ တုဒိအမည်ရှိသော။ ဂါမဿ၊ ရွာ၏။ အဓိပတိ၊ အကြီးအမှူးတည်း။ ဣတိ၊ ထိုကြောင့်။ တောဒေယျော၊ တောဒေယျမည်၏။


တုဒိရွာသား တောဒေယျ-ပုဏ္ဏားသည် များသောဥစ္စာရှိ၏။ လေးဆယ့်ငါးကုဋေမျှသော ဥစ္စာနှစ်ရှိ၏။ အလွန်နှမြော၏။ မိမိပစ္စည်းကို တချင်ရွေးမျှ မပေးလှူလို၊ ပေးလှူသော သူ၏ဥစ္စာသည် ကုန်ခမ်းခြင်းသို့ ရောက်၏-ဟု ကြံ၍ တစုံတခုကိုမျှ မပေးလှူ။

မျက်စဉ်းခွက်၌ အနည်းငယ်မျှ ယူ၍ မျက်စဉ်းခပ်သော မျက်စဉ်းရည်သည် ယူပါများလျှင် ကုန်ခမ်း၍ သွားသည်ကိုလည်းကောင်း, မြေမှုန့်လေးအနည်းငယ်မျှကို ခံတွင်းဖြင့် ကိုက်ချီ၍ စုဆောင်းပြုလုပ်သော ခြသင္ကာဝါကလေးတို့၏ ကြီးကျယ်စွာ ဖြစ်သော တောင်ပို့ကြီးကို လည်းကောင်း, ပျားကောင်ငယ်ကလေးတို့ ပန်းပွင့်မှ စုတ်ယူ၍ စုံဆောင်းသော ပျားရည်ကို လည်းကောင်း, ကောင်းစွာကြည့်ရှု၍ ပညာရှိသော သူသည် မိမိပစ္စည်းကို စုဆောင်း၍ သိမ်းဆည်း၍ နေရမည်-ဟူ၍ သားသွီးတို့ကို ဆုံးမ သင်ပြလေ့ရှိ၏။ လှူရမည်-ဟူ၍ သင်ပြခြင်း မရှိ။

ထိုတောဒေယျပုဏ္ဏားကြီးသည် သေသည်မှ နောက်၌ မိမိအိမ်၌ပင်လျှင် ခွေးဖြစ်၍ နေ၏။ တောဒေယျပုဏ္ဏားကြီး၏သား သုဘလုလင်သည် ထိုခွေးကို အလွန်ချစ်၏။ မိမိစားသော ထမင်းကိုသာလျှင် ကျွေး၏။ ထိုခွေးကို ချီပွေ့၍ ကောင်းမြတ်သော နေရာ၌ အိပ်စေ၏။

တနေ့သ၌ ထိုသုဘလုလင်သည် မိမိအိမ်မှထွက်သွားသော အခိုက်အခါ၌ မြတ်စွာဘုရားသည် ထိုအိမ်သို့ ဆွမ်းခံဝင်တော်မူ၏။ တောဒေယျခွေးသည် မြတ်စွာဘုရားကိုမြင်၍ ဟောင်ခြင်းကိုပြုလျက် အနီးသို့ရောက်လာ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့ဆို၏။ အချင်းတောဒေယျ၊ ရှေးကလည်း ငါဘုရားကို (ဘောဘော)-ဟူသော စကားဖြင့် မထီလေးစား



ဘုရားသခင်သည် သုဘလုလင်အား တရားဟောနေပုံ။

မရှိမသေဆိုသောကြောင့် ခွေးဖြစ်ရ၏၊ ယခုအခါ၌လည်း ငါ့ဘုရားအား ဟောင်ခြင်းကိုပြု၍ အငိုစိုသို့ရောက်လတ့်။ ဤသို့ မြတ်စွာဘုရား ဆိုသည်ရှိသော်- တောဒေယျခွေးသည် ထိုစကားကို ကြား၍ နှလုံးမသာခြင်းဖြစ်လျက် မီးဖိုဆောင် ဖိုခနောက်ကြား ပြာပုံပေါ်၌အိပ်၏။

အိမ်နေလူအပေါင်းတို့သည် ထိုတောဒေယျခွေးကိုချီမြှောက်၍ မြတ်သောအိပ်ရာ၌ ရွှေထား၍ အိပ်စေခြင်းငှာ မတတ်နိုင်ကြကုန်။ သုဘလုလင်သည် ပြန်လာ၍“အဘယ်သူသည် ဤငါ့၏ခွေးကို မြတ်သောနေရာမှ ရွှေထားကြသနည်း”-ဟု မေး၏၊

အိမ်နေ လူအပေါင်းတို့က “ဘယ်သူမှ မရွှေ့ထားပါ”–ဟု ဆို၍ ထိုအကြောင်းကို အကုန်အစင် ပြောကြကုန်၏။ အိမ်နေလူတို့ ပြောသောစကားကို ကြားလျှင် “ငါ၏အဘကား – ဗြဟ္မာပြည်၌ ဖြစ်၏။ ရဟန်းဂေါတမသည်ကား-ငါ၏အဘကို ခွေးဖြစ်သည်ဟုဆို၏။ ဤရဟန်းဂေါတမသည် အလုံးစုံသော စကားကို နှုတ်တက်ရာ ပြောဆိုတတ်၏”–ဟု စိတ်ဆိုး၍ မြတ်စွာဘုရားကို မုသာဝါဒဖြင့် စွပ်စွဲလိုရကား ဇေတဝန်ကျောင်းတော်သို့ လာ၍ ထိုအကြောင်းကို မေးလျှောက်၏။

မြတ်စွာဘုရားသည် သုဘလုလင်အား သင်၏အဘသည် ခွေးဖြစ်ကြောင်းကို ပြောဟောတော်မူပြီး၍ သုဘလုလင် ယုံကြည်ဘွယ် သက်သေဖြစ်ခြင်းငှာ ဤသို့ မေးတော်မူ၏။

သုဘလုလင် သင်၏အဘသည် မပြောကြားဘဲ ထားသော ဥစ္စာများရှိပါသလော-ဟု မေးတော်မူလျှင် “ရှိပါသည် အရှင်ဂေါတမ”

၁။ အဘိုးတသိန်းထိုက်သော ရွှေပန်းခိုင်တခု၊

၂။ အဘိုးတသိန်းထိုက်သော ရွှေခြေနင်းတခု၊

၃။ အဘိုးတသိန်းထိုက်သော ရွှေခွက်တခု၊

၄။ ကဟာပဏဒင်္ဂါးငွေ တသိန်း၊

ဤလေးသိန်းသော ဥစ္စာတို့ကို မပြောကြားဘဲ ထားခဲ့၍ သေသွားပါသည်-ဟု လျှောက်ကြား၏။

သုဘလုလင် အိမ်သို့ပြန်၍ သင်၏ခွေးကို ရေနည်းသော နို့ဃနာအချိုထမင်းကို ကျွေးပြီး၍ အိပ်ရာပေါ်သို့ ပွေ့တင်၍ အနည်းငယ်မျှအိပ်ပျော်သောအခါ၌ ထိုလေးသိန်းသောဥစ္စာတို့ကို မေးမြန်းလေလော။ ထိုခွေးသည် အလုံးစုံသောဥစ္စာကို ပြောကြားလတ့်။ ထိုသို့ပြောသောအခါ “ဤခွေးကား ငါ၏ အဘတည်း”-ဟု သင်သိလတ့်-ဟု မိန့်တော်မူလိုက်၏။

ထိုသုဘလုလင်သည် အိမ်သို့ပြန်၍ မြတ်စွာဘုရားမိန့်တော်မူတိုင်း ပြုလုပ်၏။ ထိုခွေးသည် ၎လုံးစုံကို ပြောကြား၏၊ ထိုအခါ၌ "ဤခွေးသည် ငါ၏ အဘပင်တည်း" ဟု သိ၍, မြတ်စွာဘုရားကို ကြည်ညိုသောစိတ်ဖြစ်၍ ကျောင်းတော်သို့ လာပြီးလျှင် တဆယ့်လေးပါးသော ပုစ္ဆာတို့ကို မေးလျှောက်၍ မြတ်စွာဘုရား ဖြေတော်မူသော အဆုံး၌ သရဏဂုဏ်ကို ဆောက်တည်၍ ပြန်သွား၏။ (ဤပုစ္ဆာမေးပြီး၍ မြတ်စွာဘုရား ဖြေတော်မူသော အဆုံး၌ သရဏဂုဏ်ကို ဆောက်တည်၍ ပြန်သွား၏။ ဤပုစ္ဆာမေးကြောင်းကို မဇ္ဈိမပဏ္ဏာသ ပါဠိတော် သုဘသုတ်၌လာ၏။ ဤသီလက္ခန် ပါဠိတော် သုဘသုတ်၌ကား – အရှင် အာနန္ဒာကို မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူ၍ သံဂါယနာမတင်မှီ–မေးလျှောက်ကြောင်းကို ဆိုလတ့်)။

တောဒေယျပုဏ္ဏား၏သား သုဘလုလင်သည် အဘ၏ အမွေဖြစ်သော တုဒိရွာစားအရာ၌နေ၍ သာဝတ္ထိပြည်နှင့် တုဒိရွာသည် နီးစပ်လျက်ရှိသောကြောင့် မကြာမကြာ သာဝတ္ထိပြည်သို့လာ၍ နေ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူ၍ မကြာမြင့်မှီ ကုသိနာရုံပြည်မှ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ သပိတ် ပရိက္ခရာတော်တို့ကို လွယ်ယူတော်မူ၍ တပည့်ငါးရာနှင့် တကွ သာဝတ္ထိပြည်သို့ သံဂါယနာမတင်မှီ ခေတ္တမျှ သွားရောက်တော်မူသောအခါ၌ လူအပေါင်းတို့သည် ဝိုင်းဝန်းကာ ဆောက်လာကြ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောနေ့၌ကဲ့သို့ ဆူညံ၍ သွားအောင် ပုထုဇဉ် သောတာပန်တို့သည် ငိုကြွေးကြကုန်၏။

ထိုအကြောင်းကို သုဘလုလင်သည် ကြား၍ ယနေ့ အရှင်အာနန္ဒာ၏ အထံသို့ သွား၍ စကားပဋိသန္ဓာရ ပြောဆိုခြင်းငှာ မသင့်ချေ။ ငါ၏ အိမ်သို့ အရှင်အာနန္ဒာကို ပင့်၍ ငါ၏ ယုံမှားသံသယတခု ရှိသည်ကိုလည်း မေးလျှောက်အံ့–ဟု နှလုံးပြု၍ သူငယ်တယောက်ကို ခေါ်ပြီးလျှင်–

အချင်းသူငယ်၊ သင်သည် အရှင်အာနန္ဒာထံသို့သွား၍ အနာကင်းကြောင်း ချမ်းသာ ကျန်းမာကြောင်းများကို မေးလျှောက်လေလော့။ ဤသို့လည်း လျှောက်ကြားလေဦးလော့။ သုဘလုလင်သည် အရှင်ဘုရား၏ အနာကင်းကြောင်း ကျန်းမာကြောင်းများကို မေးလျှောက်လိုက်ပါသည်ဘုရား–ဟူ၍ လျှောက်ကြားပြီးလျှင် သုဘလုလင်၏အိမ်သို့ အရှင်အာနန္ဒာသည် ကြွလာတော်မူပါလျှင် ကောင်းလှပါသတဲ့ အရှင်ဘုရား–ဟု လျှောက်လေလော့–ဟု မှာထား၍ ထိုသူငယ်ကို စေလွှတ်၏။

ထိုသူငယ်သည် ဇေတဝန်ကျောင်းတော်သို့ သွား၍ သုဘလုလင် မှာလိုက်သောစကားတို့ကို အရှင်အာနန္ဒာအား လျှောက်ကြားသည်ရှိသော်–

အချင်းသူငယ်၊ "ယနေ့ ငါသည် အနည်းငယ်မျှသော ဝမ်းနုတ်ဆေးကို သောက်ထား၍ မလာနိုင်သေး။ နက်ဖန်နေ့၌ အကြောင်းညီညွတ်လျှင်လာနိုင်ငြားအံ့လည်းမသိ၊ အခါကိုကြည့်ရှု၍ လာအံ့"—ဟု အရှင်အာနန္ဒာက ပြောလိုက်၏။

ထိုသူငယ်သည် အရှင်အာနန္ဒာပြောလိုက်သော စကားကို သုဘလုလင်အား ပြန်၍ပြောကြားသောအခါ....

အချင်းသူငယ်၊ ဤမျှသောစကားဖြင့် အရှင်အာနန္ဒာသည် နက်ဖန်လာခြင်းကို အခွင့်ပြုတော်မူလိုက်၏-ဟု ဆို၍ သုဘလုလင်သည် နက်ဖန်နံက် အရှင်အာနန္ဒာ ရောက်လာလျှင် ဆွမ်းကျွေးရန်နှင့် တကွ အသင့်ပြုလုပ်၍ ထားပြီးလျှင် အရှင်အာနန္ဒာ ရောက်လာသောအခါမှ ငါ၏ယုံမှားသံသယကို မေးလျှောက်အံ့-ဟု မျှော်လင့်လျက်နေ၏။

အရှင်အာနန္ဒာသည် ထိုညဥ့်မိုးသောက်သော အခါ၌ သင်းပိုင်တော်ကို ပြင်ကာဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် နောက်ပါရဟန်းစေတကထေရ်နှင့်တကွ သုဘလုလင်၏အိမ်သို့ သွားတော်မူ၍ ရောက်သောအခါ ခင်းထားသောနေရာ၌ ထိုင်တော်မူ၏၊

သုဘလုလင်သည်လည်း အရှင်အာနန္ဒာကို ရိုသေစွာရှိခိုး၍ ယမန်နေ့က သောက်ထားသော ဝမ်းနုတ်ဆေးနှင့် လျော်စွာသော ဘောဇဉ်ခဲဘွယ်တို့ကို ပြုလုပ်စီရင်၍ အရှင်အာနန္ဒာအား ဆွမ်းလုပ်ကျွေး၏။ ဆွမ်းစား၍ပြီးသော အခါ သုဘလုလင်သည် သင့်တင့်ရာ၌ထိုင်လျက် အရှင်အာနန္ဒာကို ဤသို့ မေးလျှောက်၏။

အရှင်အာနန္ဒာဘုရား၊ အရှင်ဘုရားသည် မြတ်စွာဘုရား၏အနီး၌ မကွေမကွာ အမြဲပါ၍ နေတော်မူရသော အပါးတော်မြဲ အလုပ်အကျွေးဖြစ်ပါ၏။ ထို့ကြောင့် အရှင်အာနန္ဒာသည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို သိနိုင်ရာ၏။ ထို့ကြောင့် အရှင်ဘုရားအား မေးလျှောက်ပါ၏။ မြတ်စွာဘုရားသည် အဘယ်တရားများကို ချီးမွမ်းတော်မူပါသနည်း?။ အဘယ်တရားတို့၌ ဤလူအပေါင်းကို တည်စေပါသနည်း?

သုဘလုလင်၊ မြတ်စွာဘုရားသည် သုံးပါးသောတရားတို့ကို ချီးမွမ်းတော်မူ၏။ ဤသုံးပါးသော တရားတို့၌ လူအပေါင်းတို့ကို တည်စေတော်မူ၏။ ထိုသုံးပါးသောတရားသည် အဘယ်နည်း—ဟူမူကား-သီလတရား, သမာဓိတရား, ပညာတရား, ဤသုံးပါးတည်း။

ဤသုံးပါးသော တရားတို့ကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ ဤသုံးပါးသောတရား၌ လူအပေါင်းတို့ကို တည်စေတော်မူ၏။

အရှင်ဘုရားအာနန္ဒာ၊ မြတ်စွာဘုရားသည် အကျင့်သီလတရားကိုချီးမွမ်းတော်မူ၍ ဤသီလတရား၌ လူအပေါင်းတို့ကို တည်စေတော်မူ၏။ ထိုသီလတရားသည် အဘယ်တရားတို့ပါနည်း။ ထိုသီလတရားကို အဘယ်သို့မြတ်စွာဘုရား ဟောတော်မူပါသနည်း? ထိုအခါ၌ အရှင်အာနန္ဒာသည်–

ကတမ မာဏဝ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော-

အစရှိသော ဟောရိုးအစဉ်ဒေသနာတော်ကို မြတ်စွာဘုရားသည် အဇာတသတ်မင်းအား ဟောကြားတော်မူသော ဒေသနာနည်း အစဉ်အတိုင်း စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကို ဟောတော်မူ၍–

ဧဝံ ခေါ မာဏဝ ဘိက္ခု သီလ သမ္ပန္နော ဟောတိ။ အယံ ခေါ မာဏဝ အရိယော သီလက္ခန္ဓော–ဟု အဆုံးသတ်လျက်၊ သုဘလုလင် မြတ်စွာဘုရား ချီးမွမ်းတော်မူသော သီလတရားကား–ဤတရားပင်တည်း။ ဤသီလတရား၌ လူအပေါင်းတို့ကို တည်စေတော်မူ၏-ဟူ၍ ဟောသောအခါ သုဘလုလင်သည်'အစ္ဆရိယံ ဘော အာနန္ဒ၊ အဗ္ဘုတံ ဘောအာနန္ဒ' အရှင်ဘုရားအာနန္ဒာ၊ အံ့ဘွယ်ရှိပါပေ၏။ မဖြစ်ဘူးမြဲ၊ ဖြစ်ခဲလှစွာဖြစ်ပါပေ၏။ မြတ်စွာဘုရားသည် ဤသီလတရား၌ လူအများတို့ကို တည်စေတော်မူပေ၏။

ထို့ပြင် လူအပေါင်းတို့ကို တည်စေတော်မူသော သမာဓိတရားကား– အဘယ် တရားပါနည်း?။ သမာဓိတရားကို အဘယ်သို့ မြတ်စွာဘုရား ဟောတော်မူပါသနည်း-ဟူ၍ မေးလျှောက်ပြန်၏။

ထိုသို့ မေးလျှောက်ပြန်သောအခါ၌-

ကထဉ္စ မာဏဝ ဘိက္ခု ဣန္ဒြိယေသု ဂုတ္တဒွါရော ဟောတိ။ ဣဓ မာဏဝ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ နနိမိတ္တဂ္ဂါဟီ ဟောတိ-

စသည်ဖြင့် ဣန္ဒြိယသံဝရမှစ၍ အရှင်အာနန္ဒာသည် ပထမဈာန်အစ ရှိသော ရူပဈာန်လေးပါးတို့ကို ပြတော်မူ၍–

"အယံ ခေါ သော မာဏဝ သမာဓိက္ခန္ဓော"- ဟု အဆုံး သတ်လျက် သမာဓိတရားကို ဟောကြား တော်မူ၏။

သုဘလုလင်သည်လည်း အံ့ဩချီးမွမ်းခြင်းကိုပြုလျက်-

အရှင်ဘုရား အာနန္ဒာ၊ ဤသီလ- သမာဓိမှ တပါး မြတ်စွာဘုရားသည် ပညာတရား၌ လူအများတို့ကိုတည်စေတော်မူ၏။ ထိုပညာတရားသည် အဘယ်တရားပါနည်း။ ထိုပညာတရားကို အဘယ်သို့ မြတ်စွာဘုရား ဟောတော်မူပါသနည်း-ဟု မေးလျှောက် ပြန်၏။ ထိုသို့ မေးလျှောက် ပြန်သော အခါ၌ အရှင်အာနန္ဒာသည်-

> သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဉာဏဒဿနာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ။ ။

စသည်ဖြင့် ဝိပဿနာ ဉာဏ်မှစ၍ အဘိညာဉ် ငါးပါးနှင့်တကွ အာသဝက္ခယဉာဏ်တိုင်အောင် ပြတော်မူ၍ "အယံ ခေါ သော မာဏဝ အရိယော ပညက္ခန္ဓော"-ဟု အဆုံးသတ်လျက် ပညာတရားကို ဟောကြားတော် မူ၏။

သုဘလုလင်သည် သီလတရား, သမာဓိတရား, ပညာတရား ဤသုံးပါးတို့ကို ကြားရသောအခါ၌ အလွန် ဝမ်းမြောက်ခြင်းရှိလှ၍-

အဘိက္ကန္တံ ဘော အာနန္ဒ၊ အဘိက္ကန္တံ ဘော အာနန္ဒ။

စသည်ဖြင့် အလွန်အံ့ဩချီးမွမ်းခြင်းကို ပြုလျက်။

သောဟံ ဘော အာနန္ဒ တံ ဘဂဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ, ဘိက္ခုသံဃဉ္စ၊

ဟု သရဏဂုဏ်ကို ထပ်၍ ဆောက်တည် ပြီးလျှင် ဥပါသကာ၏ အဖြစ်ကိုလည်း လျှောက်ကြားလေ၏။

ထို သုဘလုလင်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော် မူကြောင်းကို ကြားသိသောအခါ လူအပေါင်းတို့အား မြတ်စွာဘုရား ဟောကြားပညတ်တည်ထားအပ်သော တရားတော်တို့သည် ရှိကုန်၏။ ထိုတရားတော် တို့သည် မြတ်စွာဘုရားမရှိလျှင် ပျက်စီး၍ ပျောက်ပျက်၍ ကုန်လိမ့် မည်လော။ (သို့မဟုတ်) အစဉ်တည်၍ပင် နေမည်လော-ဟု သံသယမကင်း ယုံမှားခြင်းဖြစ်၍ နေ၏။ ထိုအကြောင်းကို အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အပါးတော်မြဲ အလုပ်အကျွေးဖြစ်၍ မြတ်စွာဘုရားနှင့် မခွဲမခွာအမြဲပါ၍ ကြွတော်မူရာသို့ လိုက်နေရသဖြင့် မုချသိတန်ရာ၏-ဟု နှလုံးပြု၍ အရှင်အာနန္ဒာကို အိမ်သို့ ပင့်ဆောင်၍ ထိုတရားတို့ကို မေးလျှောက်သတည်း။

အရှင်အာနန္ဒာသည်လည်း သုဘလုလင်၏ ယုံမှားသံသယကိုကင်းပျောက်စေခြင်းငှါ မြတ်စွာဘုရားဟောတော်မူသော ပိဋကတ်သုံးပုံ တရားတော်တို့ကို သီလ, သမာဓိ, ပညာ ဤတရားသုံးပါးဖြင့် သိမ်းချုပ်၍ လက်ဝါးကြီးအုပ် ဟောကြားတော်မူ၏၊ ထိုစကားသည် မှန်၏။ မြတ်စွာဘုရားဟောကြားတော်မူသော ပိဋကတ်သုံးပုံ တရားတော် တို့သည် ဘယ်မျှလောက်ပင် ကျယ်ဝန်းများပြားစွာရှိသော်လည်း လိုရင်းအဓိပ္ပာယ်မှာ သီလ, သမာဓိ, ပညာ ဤသုံးပါးသာလျှင်ရှိ၏။ ထို့ကြောင့် အရှင်အာနန္ဒာသည် မြတ်စွာဘုရားဟောရိုးအစဉ်ထား၍ ဟောကြားတော်မူသော ဒေသနာတော်အစဉ်အတိုင်း ဟောပြတော်မူသတည်း။

သုဘသုတ် ဝတ္ထုပြီး၏။

# ၁၁။ ကောဝဋ္ဋသုတ် ဝဏ္ဏ

## ကောဝဋ္ဋသူကြွယ်သည် မြတ်စွာဘုရားအား တန်ခိုးပြနိုင်သော ရဟန်းတပါးကို တန်ခိုးပြစေရန် တောင်းပန်ကြောင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ တယူဇနာ ကွာသော နာဠန္ဒမြို့ ပါဝါရိက သေဋ္ဌေး၏ အမ္ဗဝန- သရက်ဥယျာဉ် ကျောင်းတိုက်တော်၌ သီတင်းသုံးနေသော အခါ ကုဋေလေးဆယ်မျှ ဥစ္စာရှိသော ဂဟပတိ မဟာသာလ၏ သားဖြစ်သော ကောဝဋ္ဋသူကြွယ်သည် ရှိ၏။

ထိုကေဝဋ္ဋသူကြွယ်သည် သဒ္ဓါကြည်ညိုခြင်း အလွန်များသော ဒါယကာ ဖြစ်၏။ သဒ္ဓါကြည်ညိုခြင်း လွန်ကဲသည်၏ အဖြစ်ကြောင့် ဤသို့ အကြံ ဖြစ်၏။ အကယ်၍ ရဟန်းတပါးသည် ဆယ့်ငါးရက် တကြိမ်ဖြစ်စေ, (သို့မ ဟုတ်) တလတကြိမ်ဖြစ်စေ, တနှစ်တကြိမ်ဖြစ်စေ, ကောင်းကင်သို့ ပျံတက် ၍ အထူးထူးသော တန်ခိုးတို့ကို ပြငြားအံ့။ အလုံးစုံသော လူအပေါင်း တို့သည် ငါကဲ့သို့ပင်လျှင် မြတ်စွာဘုရား၏ သာသနာတော်ကို ကြည်ညိုကြ ကုန်လတ္တံ့။ ငါသည် မြတ်စွာဘုရား အထံသို့ သွား၍ တန်ခိုးပြနိုင်သော ရဟန်းတပါးကိုလျှောက်ကြားတောင်းပန်၍ မြတ်စွာဘုရားကို အခွင့်တောင်း အံ့-ဟု ကြံ၍ ကျောင်းတော်သို့ လာပြီးလျှင် မြတ်စွာဘုရားအား ရှိသေစွာ ရှိခိုး၍ ဤသို့ နားတော် လျှောက်၏။

အနေကဝိဟိတ- တပါးမက-များလှစွာသော တန်ခိုးအာနုဘော်တို့နှင့် ပြည့်စုံတော်မူပါသော သဗ္ဗညုမြတ်စွာဘုရား- ဤနာဠန္ဒ မြို့ကြီးသည် အလွန် လည်း ပြည့်စုံကြပါကုန်၏။ များစွာသော ဥစ္စာတို့ဖြင့် ချမ်းသာ ကြွယ်ဝ ပေါများကြပါ၏၊ များစွာသော လူတို့သည်သည်း နေကြပါကုန်၏။ ပခုံး ချင်းထိ၍ တိုးဝှေ့တိုက်သွားရအောင် များလှသောင်းပြောင်း လူအပေါင်း တို့ဖြင့် ပြည့်နှက်၍ နေအောင် စည်ကားလှပါ၏။

ထိုလူတို့သည် မြတ်စွာဘုရား၌ ကြည်ညိုခြင်း များကြပါကုန်၏။ တပည့် တော် တောင်းပန်ပါ၏ မြတ်စွာဘုရား၊ တန်ခိုးပြနိုင်သော ရဟန်းတပါး ကို အရှင်ဘုရား ခွင့်ပြု၍ ထားတော်မူပါ- မြတ်စွာဘုရား။

ဤသို့ ခွင့်ပြုချ်ထားသည်ရှိသော် ထိုရဟန်းသည် တဆယ့်ငါးရက် တကြိမ်ဖြစ်စေ, တလတကြိမ်ဖြစ်စေ, တန်ခိုးပြတော်မူပါလျှင် ဤနာဠန္ဒ မြို့ကြီး၌ လူအပေါင်းတို့သည် အတိုင်းထက်အလွန် ကြည်ညိုခြင်း တိုးပွား၍ တရား ရကြပါကုန်လတ့်- မြတ်စွာဘုရား။

ဤသို့တောင်းပန်လျှောက်ကြားသည်ရှိသော် မြတ်စွာဘုရားသည် ကေဝဋ္ဋ အမည်ရှိသော ဒါယကာကို ဤသို့မိန့်တော်မူ၏။

ဒါယကာ ကေဝဋ္ဋ- ငါဘုရားသည် "ချစ်သား ရဟန်းတို့၊ အဝတ်ဖြူ အဝတ်ကြား လူအများကို တန်ခိုးပြကြကုန်လော့"- ဟူ၍ ရဟန်းတို့အား တရားဟောတော်မမူ-ဟု မိန့်တော်မူ၏။

ဒုတိယအကြိမ်လည်း တောင်းပန်လျှောက်ကြားပြန်၏။

မြတ်စွာဘုရားသည် ဒုတိယအကြိမ်လည်း ပယ်ရှားတော်မူ၏။ တတိယ အကြိမ်လည်း တောင်းပန်လျှောက်ကြားပြန်၏။

မြတ်စွာဘုရားသည် ပယ်ရှားတော်မူအပ်သော စကားတော်ကို သုံးကြိမ် ထပ်၍ တောင်းပန်လျှောက်ကြားဝံ့သောသူ မည်သည်မရှိ။ ဤဒါယကာ သည်ကား မြတ်စွာဘုရားနှင့် အလွန်အကျွမ်းဝင်၏။ အလွန်အကျွမ်းဝင်လှ သဖြင့် အကျိုးစီးပွားကို လိုလားခြင်းကြောင့် သုံးကြိမ်တိုင်အောင် ထပ်၍ တောင်းပန်လျှောက်ကြား၏။ ထိုအခါ၌ တန်ခိုးပြခြင်း၏ အပြစ်ကို ပြတော် မူလို၍ ဤသို့မိန့်တော်မူ၏။

ဒါယကာ- ကေဝဋ္ဋ၊ ထုတ်ဆောင်ဖေါ်ပြခြင်း ပါဋိဟာရိယတို့သည် သုံးပါးရှိကုန်၏။ သုံးပါး- ဟူသော်ကား....

၁။ ဣဒ္ဓိပါဋိဟာရိယ အမျိုးမျိုးသော တန်ခိုးတို့ကို ထုတ်ဆောင် ဖေါ် ပြခြင်း,

၂။ အာဒေသနာပါဋိဟာရိယ သူတပါးတို့၏ စိတ်အကြံကို သိ၍ထုတ် ဆောင် ဖေါ်ပြခြင်း,

၃။ အနုသာသနီပါဋိဟာရိယ- ဩဝါဒ ဆုံးမသော တရားတော်ကို ထုတ်ဆောင်၍ ဖေါ်ပြခြင်းတည်း။

ထိုသုံးပါးတို့တွင် ဣဒ္ဓိပါဋိဟာရိယ- အမျိုးမျိုးသော တန်ခိုးတို့ကို ထုတ်ဆောင်ဖေါ်ပြခြင်းသည် အဘယ်နည်း-ဟူမူကား....

ဒါယကာကေဝဋ္ဋ- ဤသာသနာတော်၌ ရဟန်းပြုသော ပုဂ္ဂိုလ်သည် တပါးမကများလှစွာသော ဣဒ္ဓိဝိဓတန်ခိုးတို့ကိုပြ၏။ တပါးတည်း ဖြစ်လျက်

လည်း အများဖြစ်၍ ပြ၏။ အများဖြစ်၍လည်း တပါးတည်း ဖြစ်အောင် ထင်ထင်ရှားရှား လူအများ မြင်စေ၍ လည်းကောင်း, မမြင်စေမူ၍ လည်းကောင်း, နံရံခြားရာ ထံတိုင်းခြားရာ, တောင်ခြားရာတို့သို့ တိုက်ခိုက်ငြိတွယ်ခြင်း မရှိစေဘဲ ကောင်းကင်၌ကဲ့သို့ သွားနိုင်၏။

မြေကြီး၏ အတွင်း၌လည်း, ရေထဲ၌ကဲ့သို့ ငုပ်ခြင်း, ပေါ်ခြင်းကို ပြုနိုင်၏၊ ရေ၌သော်လည်း, မြေကြီးပေါ်၌ ကဲ့သို့ ကွဲပြားခြင်း, နစ်မြုပ်ခြင်း မရှိအောင် သွားနိုင်၏၊ ကောင်းကင်၌လည်း ငှက်တို့ကဲ့သို့ သွားနိုင်၏။ ကြီးသော အရှိန်အဝါ အာနုဘော်ရှိကုန်သော လ- နေတို့ကိုလည်း လက်ဖြင့် ကိုင်၍ထားနိုင်၏၊ ပြဟ္မာပြည်တိုင်အောင်လည်း ကိုယ်ဖြင့်သွားနိုင်၏။

ဤသို့ တန်ခိုးပြသော ရဟန်းကို သဒ္ဓါကြည်ညိုခြင်းရှိသော ဒါယကာသည် မြင်၍ သဒ္ဓါကြည်ညိုခြင်း မရှိသော ဒါယကာအား ပြောကြား၏။ ပြောကြားသောအခါ သဒ္ဓါကြည်ညိုခြင်း မရှိသော ဒါယကာက သဒ္ဓါကြည်ညိုခြင်းရှိသော ဒါယကာကို ဤသို့ ပြောဆိုရာ၏။

အချင်းယောကျ်ား၊ "ဂန္ဓာရီဝိဇ္ဇာ-ဟူ၍ လောက၌ ရှိ၏။ ထိုဂန္ဓာရီဝိဇ္ဇာအတတ်ဖြင့် ထိုရဟန်းသည် များစွာသော တန်ခိုးတို့ ပြနိုင်၏" ဟူ၍ ပြောဆိုရာ၏။

အသို့ထင်သနည်း ဒါယကာ ကေဝဋ္ဋ၊ သဒ္ဓါကြည်ညိုခြင်း မရှိသော ဒါယကာ ဤသို့မပြောဆိုပါလော၊ ပြောဆိုပါလိမ့်မည်- မြတ်စွာဘုရား။

ဒါယကာ ကေဝဋ္ဋ- ငါဘုရားသည် ဤသို့သော အပြစ်ကို မြင်တော်မူ၍ ဣဒ္ဓိပါဋိဟာရိယ- တန်ခိုးတို့ကို ထုတ်ဆောင်ဖော်ပြခြင်း၌ ရှက်နိုးတော်မူ၏။ စက်ဆုတ်တော်မူ၏။

ဒါယကာ ကေဝဋ္ဋ-အာဒေသနာပါဋိဟာရိယ-သူတပါးတို့၏ စိတ်အကြံကို သိ၍ ထုတ်ဆောင်ဖော်ပြခြင်း- ဟူသည် အဘယ်နည်း- ဟူမူကား ...

ဤသာသနာတော်၌ ပရစိတ္တဝိဇာနန-ခေတော ပရိယအဘိညာဏ်ကို ရသော ရဟန်းသည် သူတပါးတို့၏ စိတ်ကို ထုတ်ဖော်ညွှန်ပြ၏၊ အကြံကိုလည်း ထုတ်ဖော်ညွှန်ပြ၏။ ဆင်ခြင်စဉ်းစားခြင်းကိုလည်း ထုတ်ဆောင်ဖော်ပြ၏၊ သင်၏နှလုံးသွင်းသည်ကား- ဤလိုပင်တည်း။ သင်၏နှလုံးထားပုံကား ဤသို့အပြားရှိ၏။ သင်၏စိတ်သည်ကား- ဤသို့ဖြစ်၏။ ထိုသို့ သူတပါးတို့၏ စိတ်အကြံကို ထုတ်ဆောင်ဖော်ပြသော ရဟန်းကို သဒ္ဓါကြည်ညိုခြင်း ရှိသော ဒါယကာသည်မြင်၍ သဒ္ဓါကြည်ညိုခြင်းမရှိသော ဒါယကာ

ကို ပြောကြား၏။ ပြောကြားသော အခါ သဒ္ဒါကြည်ညိုခြင်း မရှိသော ဒါယကာက ဤသို့ပြောဆိုရာ၏။

အချင်းမိတ်ဆွေ၊ "လောက၌ စိန္တာမဏိက အမည်ရှိသော ဝိဇ္ဇာအတတ် သည် ရှိ၏။ ထိုစိန္တာမဏိကဝိဇ္ဇာအတတ်ဖြင့် ထိုရဟန်းသည် သူတပါးတို့၏ စိတ်ကို ထုတ်ဆောင်ဖေါ်ပြနိုင်၏"ဟူ၍ ပြောဆိုရာ၏။ ဒါယကာ ကေဝဋ္ဋ-အသို့ ထင်သနည်း။ သဒ္ဒါကြည်ညိုခြင်း မရှိသော ဒါယကာက ဤသို့ မပြောဆိုပါလော။ ပြောဆိုပါလိမ့်မည် မြတ်စွာဘုရား။

ဒါယကာကေဝဋ္ဋ၊ ဤသို့သောအပြစ်ကို ငါဘုရားသည်မြင်တော်မူ၍ အာဒေသနာပါဋိဟာရိယ သူတပါးတို့၏စိတ်အကြံကိုသိ၍ ထုတ်ဆောင် ဖေါ်ပြခြင်း၌ ငါဘုရားသည် ရှက်နိုးတော်မူ၏။ စက်ဆုတ်တော်မူ၏။

ဒါယကာကေဝဋ္ဋ၊ အနုသာသနီပါဋိဟာရိယ- ဩဝါဒ ဆုံးမသော တရားတော်ကိုထုတ်ဆောင်၍ဖေါ်ပြခြင်းဟူသည် အဘယ်နည်း-ဟူမူကား.....

ဒါယကာ ကေဝဋ္ဋ၊ ဤသာသနာတော်၌ ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် ဤသို့တရားတော်ရှိသည်အတိုင်း ဆုံးမပြောဟော၏၊ ဤနေက္ခမဝိတက်စသည် တို့ကို ကြံကြကုန်လော, ကာမဝိတက် စသည်တို့ကို မကြံကြကုန်လင့်, အဆင်း ဖြစ်ပျက်, အသံဖြစ်ပျက်-ဖြစ်ပျက်, ဖြစ်ပျက်၊ မွမွကြဲအောင်ပျက်-ဤသို့ နှလုံး သွင်းကြကုန်လော့?

အဆင်းလှ၏၊ အသံသာ၏-ဟူ၍ နှလုံးမသွင်းကြ ကုန်လင့်။ ဤ ကာမ ရာဂကို စွန့်ပစ်ကြကုန်လော့။ ဤ လောကီစျာန်, လောကုတ္တရာ စျာန်တို့ကို ပြည့်စုံစေကြကုန်လော့၊ ပဌမစျာန်, ဒုတိယစျာန် စသည်တို့ကို ဝင်စား၍ နေကြကုန်လော့၊ ဖလသမာပတ်ကို ဝင်စား၍ နေကြကုန်လော့။

ဒါယကာ ကေဝဋ္ဋ၊ ဤသို့ တရားတော်ရှိသည်အတိုင်း ဆုံးမ ပြောဟော ခြင်းကို အနုသာသနီပါဋိဟာရိယ- ဩဝါဒ ဆုံးမသော တရားတော်ကို ထုတ်ဆောင်ဖေါ်ပြခြင်း-ဟူ၍ ဆိုအပ်၏။

ဒါယကာ ကေဝဋ္ဋ ထိုမှတပါးလည်း မြတ်စွာဘုရားသည် လောက လူတို့ ပြည်၌ ထင်ရှား ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် ပူဇော် အထူးကိုလည်း ခံတော်မူထိုက်၏၊ သဗ္ဗညု, ဝိဇ္ဇာစရဏ, လက္ခဏာ, နိဗ္ဗာန်, ပညတ် ငါးရပ်သော နေယျဓမ္မကို လုံးဝဥဿုံ အကုန်အစင် ဉာဏ်သဗ္ဗညုဖြင့် သိမြင်တော်မူ၏။ (လ) ဤသို့ စသည်ဖြင့် သာမညဖလသုတ်အတိုင်း ဟောရိုး ဒေသနာတော်အစဉ်ကို ဟောတော်မူပြန်၏။

ဒါယကာ ကေဝဋ္ဋ၊ ဤသို့ စူဠ, မဇ္ဈိမ, မဟာ- သုံးဖြာသော သီလနှင့် ပြည့်စုံသော ရဟန်းကို သီလသမ္ပန္နပုဂ္ဂိုလ်–ဟူ၍ ဆိုအပ်၏။ (လ)ထိုပုဂ္ဂိုလ်သည် ပထမဈာန်ကို ဝင်စား၍နေ၏။

ဒါယကာ ကေဝဋ္ဋ၊ ဤပထမဈာန်ကို ဝင်စား၍နေခြင်းသည်လည်း အနုသာသနီပါဋိဟာရိယ ဩဝါဒ ဆုံးမသော တရားတော်ကိုထုတ်ဆောင်ဖော်ပြခြင်း-ဟူ၍ ဆိုအပ်၏။

ဉာဏဒဿန–ဝိပဿနာရှု၍ နေခြင်းကိုလည်း အနုသာသနီပါဋိဟာရိယ ဩဝါဒ ဆုံးမသော တရားတော်ကို ထုတ်ဆောင် ဖော်ပြခြင်း– ဟူ၍ ဆိုအပ်၏။

ရဟန္တာဖြစ်အောင် ဝိပဿနာကိုရှု၍ အရဟတ္တဖိုလ်ကိုရသော ထိုရဟန်းသည် ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်သည်ရှိသော် အရဟတ္တဖိုလ်ထက်ပိုလွန်၍ မြတ်သောတရားကို ရအောင်အားထုတ်၍ ဝိပဿနာ ရှုဘွယ်ကိစ္စ မရှိ-ဟူ၍ သိ၏၊ သိ၍ နေ၏။

ဒါယကာ ကေဝဋ္ဋ၊ ဤသို့သိ၍ နေခြင်းသည်လည်း အနုသာသနီပါဋိဟာရိယ ဩဝါဒ ဆုံးမသော တရားတော်ကို ထုတ်ဆောင် ဖော်ပြခြင်း–ဟူ၍ ဆိုအပ်၏။

ဒါယကာ ကေဝဋ္ဋ၊ ဤသို့ ဟောတော်မူခဲ့ပြီးသည့်အတိုင်း ဣဒ္ဓိပါဋိဟာရိယ, အာဒေသနာပါဋိဟာရိယ, အနုသာသနီပါဋိဟာရိယ–ဤသုံးပါးသော ထုတ်ဆောင် ဖော်ပြခြင်းတို့ကို ငါဘုရားသည် ကိုယ်တော်တိုင် သာလျှင် ထူးမြတ်လွန်ကဲသော သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူ၍ မျက်မှောက်ပြု၍ တတ်တတ်ထင်ထင် ကိုယ်တိုင်မြင်၍ ဟောကြားတော်မူ၏။

## အဘိညာဉ်ရ ရဟန်း၏ အကြံဖြစ်ကြောင်း

ဒါယကာ ကေဝဋ္ဋ၊ ရှေးအခါက ဤရဟန်း သံဃာ၌ လောကီအဘိညာဉ်ကို ရသော ရဟန်းတပါးသည် ဤသို့ အကြံဖြစ်၏။ ဖြစ်ပုံကား....

ပထဝီ, အာပေါ, တေဇော, ဝါယော– ဤလေးပါးသော မဟာဘုတ်တို့သည် အဘယ်၌ အကြွင်းမဲ့ ချုပ်ကင်းပျောက်ငြိမ်း၍ သွားကုန် ပါလိမ့်မည်နည်း။ ဤသို့အကြံဖြစ်သော ရဟန်းသည် ဣဒ္ဓိဝိဓ အဘိညာဉ် တည်းဟူသော ဒေဝ ယာနိက နတ်လမ်းဖြင့် စတုမဟာရာဇ် နတ်ပြည်သို့ သွား၍ စတုမဟာရာဇ်နတ်သားတို့ကို "ငါ့ရှင်နတ်သားအပေါင်းတို့၊ပထဝီ, အာပေါ,

တေဇော, ဝါယော ဤမဟာဘုတ် လေးပါးတို့သည် အဘယ်၌ ကင်းပျောက်ချုပ်ငြိမ်းကြကုန်သနည်း--''ဟု မေးလေ၏။

ဒါယကာ ကေဝဋ္ဋ၊ ဤသို့ မေးသည်ရှိသော် ထိုရဟန်းကို စတုမဟာရာဇ်နတ်သားတို့က ဤသို့ ဆိုကြကုန်၏။

အရှင်ရဟန်း၊ ဤ လေးပါးသော မဟာဘုတ် တို့သည် အဘယ်၌ ကင်းပျောက်ချုပ်ငြိမ်း ကြကုန်၏-ဟူ၍ အကျွန်ုပ် တို့သည်လည်း မသိ ပါကုန်။ အကျွန်ုပ်တို့ထက် လွန်မြတ်ကြကုန်သော စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် ရှိပါကုန်၏။ ထိုနတ်မင်းကြီး လေးယောက်တို့သည် သိကုန်ရာ၏-ဟူ၍ ပြောကြကုန်၏။

ဒါယကာ ကေဝဋ္ဋ၊ထိုအခါ၌ ထိုရဟန်းသည် စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့ ထံသို့သွား၍ ငါ့ရှင်နတ်မင်းကြီးတို့၊ ဤ လေးပါးသော မဟာဘုတ်တို့သည် အဘယ်၌ ပျောက်ကင်းချုပ်ငြိမ်းကြကုန်သနည်း ဟု မေးသောအခါ၊ နတ်မင်းကြီးတို့ကလည်း အရှင်ရဟန်း အကျွန်ုပ်တို့လည်း မသိပါကုန်။ အကျွန်ုပ်တို့ထက် လွန်မြတ်သော တာဝတိံသာ နတ်တို့သည် ရှိပါကုန်၏၊ ထိုတာဝတိံသာ နတ်တို့သည် သိကုန် ရာ၏-ဟု ပြောဆို၏။

ထိုရဟန်းသည် တာဝတိံသာ နတ်ပြည်သို့သွား၍ ငါ့ရှင် တာဝတိံသာ နတ်အပေါင်းတို့၊ပထဝီ, အာပေါ, တေဇော, ဝါယော ဤလေးပါးသော မဟာဘုတ်တို့သည် အဘယ်၌ အကြွင်းမဲ့ ပျောက်ကင်း ချုပ်ငြိမ်း ကြကုန်သနည်း-ဟူ၍ မေး၏၊

တာဝတိံသာ နတ်သား တို့ကလည်း.... အရှင်ရဟန်း၊အကျွန်ုပ်တို့လည်း မသိပါကုန်၊ အကျွန်ုပ်တို့ထက် လွန်မြတ်သော နတ်တို့၏ အရှင် ဖြစ်သော သိကြားမင်းသည် သိတန်ရာ၏- ဟု ပြောပြန်၏။

ထိုရဟန်းသည် သိကြားမင်း အထံသို့ သွား၍ ငါ့ရှင် သိကြားမင်း၊ ပထဝီ, အာပေါ, တေဇော, ဝါယော- ဤလေးပါးသော မဟာဘုတ်တို့သည် အဘယ်၌ အကြွင်းမဲ့ ကင်းပျောက်ချုပ်ငြိမ်းကုန်သနည်း-ဟု မေးလေ၏။

ထိုအခါ၌ သိကြားမင်းသည် ဤသို့ကြံ၏။ ဤပုဂ္ဂိုလ်သည် သဗ္ဗညုဘုရားတို့၏ အရာဖြစ်၏၊ တပါးသောသူတို့ ဖြေခြင်းငှါ မတတ်နိုင်ရာ။ ဤရဟန်းသည်ကား မီးပုံကြီးကို ပယ်ရှား၍ ပိုးစုံးကြူး--ဟူ၍ခေါ်ကြသော ဝင်းဝင်းကောင်ကလေးကို မီးမှတ်သကဲ့သို့ လည်းကောင်း, စည်တော်ကြီးကို ပယ်ရှား၍ ဝမ်းပိုက်ကို စည်တီးသကဲ့သို့ လည်းကောင်း, လောက၌ အဂ္ဂပုဂ္ဂလ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်သော မြတ်စွာဘုရားကို ပယ်ရှား၍ နတ်အများတို့

ထံသို့ လာပြီးလျှင် ပုစ္ဆာကိုလှည့်လည်၍ မေးဘိ၏။ ထိုရဟန်းကို ဆောင်ယူ၍ မြတ်စွာဘုရားအထံသို့ ငါပို့အံ့-ဟု ကြံပြီးမှ တဖန် ဤသို့ ကြံပြန်၏။

ဤရဟန်းသည် ဘယ်မျှလောက် ဝေးအောင်သွားသော်လည်း မြတ်စွာဘုရား အထံသို့ ရောက်မှ ယုံမှားပျောက်လတ့်။ ရှိပေစေဦးတော့။ ငါမပို့သေးဘူး- ဤရဟန်းသည် လှည့်လည်၍ အနည်းငယ် ပင်ပန်းပါစေဦး။ နောက်ခါကျမှ ဘုရားထံရောက်၍ သိလာ့။ ငါသည် အထက်နတ်ပြည်ကို ညွှန်ပြလိုက်ဦးအံ့-ဟု ကြံ၍-

အရှင်ရဟန်း၊ အကျွန်ုပ် သိကြားမင်းသည်လည်း နတ်တို့ကို အုပ်ချုပ်ရသော သိကြားမင်း အလုပ်ကိုသာ သိပါ၏။ ဤမဟာဘုတ် လေးပါးတို့ ဘယ်မှာ ငြိမ်းပျောက်၍ ဘယ်မှာကုန်ဆုံးသည်ကို မသိပါ။ အကျွန်ုပ်ထက် လွန်မြတ်သော ယာမာနတ်ပြည် ရှိပါသေး၏၊ ထိုယာမာနတ်ပြည်သားတို့ တို့သည် သိတန်ရာ၏-ဟု ပြောလိုက်၏။

ထိုရဟန်းသည် ယာမာနတ်ပြည်သို့ သွား၍ ယာမာနတ်သား အပေါင်းတို့ကို မေးသော အခါလည်း-အရှင်ရဟန်း၊ အကျွန်ုပ်တို့လည်း မသိပါကုန်၊ အကျွန်ုပ်တို့ထက် လွန်မြတ်သော သုယာမနတ်မင်းကြီးသည် ရှိပါ၏၊ ထို သုယာမ နတ်မင်းကြီးသည် သိတန်ရာ၏-ဟု ပြောပြန်၏။

သုယာမနတ်မင်းကြီးထံသို့ သွား၍ မေးပြန်လျှင်လည်း- အရှင်ရဟန်း၊ အကျွန်ုပ်လည်း မသိပါ၊ အကျွန်ုပ်တို့ထက် လွန်မြတ်သော တုသိတာနတ်သားတို့သည် သိကုန်ရာ၏-ဟု ပြော၏။

တုသိတာနတ်ပြည်သို့ တဖန်သွားပြန်၍ တုသိတာနတ်သားတို့ကို မေးသော အခါ တုသိတာ နတ်သားတို့က သန္တုသိတ နတ်မင်းကြီးထံသို့ ညွှန်ပြပြန်၏။

သန္တုသိတနတ်မင်းကြီးထံသို့ သွားပြီးလျှင် မေးပြန်၏။ သန္တုသိတ နတ်မင်းကြီးကလည်း နိမ္မာနရတိနတ်တို့ကို ညွှန်ပြပြန်၍ နိမ္မာနရတိနတ်တို့ထံ သွား မေးပြန်၏။

ထိုနိမ္မာနရတိနတ်သားတို့က သုနိမ္မိတနတ်မင်းကြီးထံသို့ ညွှန်ပြ၍ ထို ရဟန်းသည် သုနိမ္မိတ နတ်မင်းကြီးထံသို့ သွား၍ မေးပြန်၏။ သုနိမ္မိတနတ်မင်းကြီးက တဖန် ပရနိမ္မိတ ဝသဝတ္တီနတ်တို့၏ အထံသို့ ညွှန်ပြ ပြန်၍ ပရနိမ္မိတ ဝသဝတ္တီ နတ်သားတို့ထံသို့ သွား၍ မေးသောအခါလည်း ဝသဝတ္တီ နတ်မင်းကြီးထံသို့ ညွှန်ပြ ပြန်၏။ ဝသဝတ္တီနတ်မင်းကြီး အထံသို့ သွား၍-

ငါ့ရှင်ဝသဝတ္တိ နတ်မင်းကြီး၊ ပထဝီ,အာပေါ, တေဇော, ဝါယော- ဤလေးပါးသော မဟာဘုတ်တို့သည် အဘယ်မှာ ချုပ်ကုန်သနည်း- ဟု မေးသောအခါ အရှင်ရဟန်း၊ အကျွန်ုပ်လည်း မသိပါ၊ အကျွန်ုပ်မသိသော်လည်း အကျွန်ုပ်တို့ထက် လွန်မြတ်သော အထက် ဗြဟ္မာဘုံ၌ ဗြဟ္မာတို့သည် သိကုန် ၂ ၏- ဟူ၍ ပြောလိုက်ပြန်၏။

ဒါယကာ ကေဝဋ၊ ထိုအခါ၌ ထိုရဟန်းသည် အဘိညာဏ်၏ အခြေဖြစ်သော ပါဒက စျာန်ကို ဝင်စား၍ စိတ်တည်လတ်သော် ဗြဟ္မာပြည်သို့ သွားနိုင်သော ဗြဟ္မယာနိကလမ်းသည် ထင်ရှားဖြစ်၍ လာ၏။

ထိုဗြဟ္မယာနိကလမ်းဖြင့် ဗြဟ္မာပြည်သို့ သွား၍ ရောက်သောအခါ....

ငါ့ရှင် ဗြဟ္မာ အပေါင်းတို့၊ လေးပါးကုန်သော မဟာဘုတ်တို့သည် အဘယ်မှာ အကြွင်းမဲ့ ကင်းပျောက်၍ ချုပ်ငြိမ်းကုန်သနည်း-ဟု မေး၏။

ဒါယကာ ကေဝဋ- ဤသို့မေးသည်ရှိသော် ဗြဟ္မာအပေါင်းတို့က ထိုရဟန်းကို ဤသို့ ပြောကြကုန်၏။

အရှင်ရဟန်း၊ အကျွန်ုပ်တို့သည်လည်း မသိပါကုန်၊ အကျွန်ုပ်တို့ထက် လွန်မြတ်သော မဟာဗြဟ္မာကြီးသည် ရှိပါ၏၊ ထိုမဟာ ဗြဟ္မာကြီးသည် သိဘန်ရာ၏-ဟူ၍ ပြောဆိုကြသည် ရှိသော်-

ငါ့ရှင် ဗြဟ္မာအပေါင်းတို့၊ ထိုမဟာဗြဟ္မာကြီးသည် အဘယ်မှာနည်း- ဟု မေး၏။ အရှင်ရဟန်း၊ အကျွန်ုပ်တို့သည် မဟာဗြဟ္မာကြီး အဘယ်မှာ နေသည်-ဟူ၍ မသိပါကုန်၊ သို့သော်လည်း ဗြဟ္မာကြီးလာသော အခါ ရှေးဦးစွာ အရောင် အလင်းတွေ ပေါ်လာပါ၏။ ထိုအရောင် အလင်းတွေ ပေါ်လာခြင်းသည် မဟာဗြဟ္မာကြီး ရောက်လာခြင်း၏ ပုဗ္ဗနိမိတ်ပါတည်း- ဟူ၍ ပြောကြကုန်၏၊

ဒါယကာ ကေဝဋ၊ ထိုနောက် မကြာမီပင်လျှင် မဟာဗြဟ္မာကြီးသည် ထင်ရှား ဖြစ်ပေါ်လာ၏၊ ထိုအခါ၌ ထိုရဟန်းသည် မဟာဗြဟ္မာကြီးကို ဤသို့ မေး၏။

ငါ့ရှင် မဟာဗြဟ္မာကြီး၊ ပထဝီ, အာပေါ, တေဇော, ဝါယော- ဤလေးပါးသော မဟာဘုတ်တို့သည် အဘယ်မှာ အကြွင်းမဲ့ အားဖြင့် ပျောက်ကင်းချုပ်ငြိမ်းပါသနည်း-ဟု မေးလေ၏။

ဒါယကာ ကေဝဋ၊ ထိုအခါ၌ မဟာဗြဟ္မာကြီးက ထိုရဟန်းကို ညာလုံး လှိုင်းလုံး, အပြစ်ကို ဖုံးသော ဝိက္ခေပ စကားလုံးဖြင့် ဤသို့ပြောဆိုလေ၏။ ပြောဆိုပုံကား-

အရှင်ရဟန်း၊ အကျွန်ုပ်သည် မဟာဗြဟ္မာကြီး ဖြစ်ပါ၏၊ သူတပါးတို့ကို လွှမ်းမိုးနိုင်၏၊ အကျွန်ုပ်ကို သူတပါးက မလွှမ်းမိုးနိုင်၊ စင်စစ်မုချ အလုံးစုံကို ကျွန်ုပ်မြင်နိုင်၏၊ သူတပါးကို အကျွန်ုပ်၏ အလိုသို့လိုက်စေနိုင်၏၊ အကျွန်ုပ်သည် အလုံးစုံကို အစိုးရ၏၊ အလုံးစုံကို ပြုလုပ်ဖန်ဆင်းနိုင်၏၊ အလုံးစုံသော သူ့ဘိုးဘက် ဖြစ်၏၊ အကျွန်ုပ်သည် အလုံးစုံသော သတ္တဝါတို့ကို အသီးအသီး ခွဲခြမ်းဝေဖန်၍ စီမံဖန်ဆင်းနိုင်၏၊ အကျွန်ုပ်သည် လျှင်မြန်စွာ လေ့လာနိုင်သော ဝသီဘော်ရှိသည်ဖြစ်၍ အလုံးစုံသော သတ္တဝါတို့၏ အဘ ဖြစ်၏။

ဤသို့ ညာလုံး လှိုင်းလုံး ဝိက္ခေပစကားကို သုံး၍ လုံးထွေးထွေး ရီတီးယားတား ထင်အောင် ပြောဆိုလေ၏၊

အဘယ့်ကြောင့် ဤကဲ့သို့ ပြောဆိုသနည်း- ဟူမူကား- ကောက်ကျစ်စဉ်းလဲသောကြောင့် ပြောဆိုသတည်း။

ဒါယကာ ကေဝဋ္ဋ၊ ထိုအခါ၌ ထိုရဟန်းက ထိုမဟာဗြဟ္မာကြီးကို ဤသို့ ပြောဆို၍ မေးပြန်၏။

ငါ့ရှင် မဟာဗြဟ္မာကြီး၊ သင်၏ ဂုဏ်ပုဒ်တွေကို သိလို၍ ငါမေးသည် မဟုတ်၊ သင်-မဟာဗြဟ္မာကြီးသည် ဝါကြွား၍ ရီးတီးယားတားသင်အောင် မပြောပါလင့်၊ ငါ့ရှင်မဟာဗြဟ္မာကြီး၊ ငါသည် လေးပါးသော မဟာဘုတ်တို့၏ ချုပ်ငြိမ်း ကင်းပျောက်ရာကိုသာ မေးပါ၏၊ ထိုလေးပါးသော မဟာဘုတ်တို့၏ ချုပ်ငြိမ်းကင်းပျောက်ရာကို သင်သိပါလျှင် ငါအား ဖြေကြားပါလော့၊ ဤသို့ ရဟန်းက မေးသည်ရှိသော်- ထို မဟာဗြဟ္မာကြီးသည် ဒုတိယအကြိမ်လည်း ထိုညာလုံး လှိုင်းလုံး ဝိက္ခေပ စကားလုံးကိုသာလျှင် ထပ်၍ပြောပြန်၏။

တတိယအကြိမ် ထိုရဟန်းက မဟာဗြဟ္မာကြီးကို ဤသို့ဆိုပြန်၏၊ ငါ့ရှင် မဟာဗြဟ္မာကြီး၊ သင်၏ဂုဏ်ပုဒ်တွေကို သိလို၍ ငါမေးသည်မဟုတ်၊ တချို့ဟုတ်, တချို့မဟုတ်, ရွှေလိမ်ရှုပ်သော ဂုဏ်ပုဒ်ဖေါ်ကြား, ညာစကားတွေကို ဝါကြွား၍မပြောပါလင့်၊ လေးပါးသော မဟာဘုတ်တို့၏ ချုပ်ငြိမ်း ပျောက်ကင်းရာကိုသာလျှင် ငါမေးပါ၏။ သင်သိပါလျှင် ယခုပင်လျှင် ဖြေကြား၍ ပြောပါလော့။

ဤသို့ ရဟန်းက ပြောဆို၍ မေးမြန်းသောအခါ သိရောင်ကားနှင့် ဝါကြွားလှိုင်းညာ စဉ်းလဲစွာသော မဟာ ဗြဟ္မာကြီးသည် ထိုရဟန်း၏ လက်ရုံးကို ဆွဲကိုင်၍ သင့်ရာသို့ ခေါ်သွား၍ ဤသို့ ပြောဆိုလေ၏၊

အချင်ရဟန်း၊ ဤဗြဟ္မာ အပေါင်းတို့က အကျွန်ုပ် မဟာဗြဟ္မာကြီးကို ဤသို့ အသင်ကြီး၍ နေကြကုန်၏။

အသင်ကြီးပုံကား- မဟာဗြဟ္မာကြီး မသိသောအရာသည် တစုံတခုမျှမရှိ၊ မဟာဗြဟ္မာကြီး မမြင်ရသောအရာသည် တစုံတခုမျှမရှိ၊ မဟာဗြဟ္မာကြီး မျက်မှောက်မပြုသောအရာသည် တစုံတခုမျှမရှိ၊ ဤသို့ အထင်ကြီး၍နေကြကုန်၏၊ ထို့ကြောင့် အကျွန်ုပ် မဟာဗြဟ္မာကြီးသည် ထိုဗြဟ္မာအပေါင်းတို့၏ ရှေ့မျက်မှောက်၌ အချင်ရဟန်း မေးမြန်းသောပုစ္ဆာကို အကျွန်ုပ်မသိပါ-ဟူ၍ ပြောဆိုလိုက်လျှင် ထိုဗြဟ္မာအပေါင်းတို့သည် အကျွန်ုပ် မဟာဗြဟ္မာကြီးကို မသိလေးစား ပြုကြကုန်လတ့်။ "ဤမဟာဗြဟ္မာကြီးကို ငါတို့သည် ရှေးအခါက မသိသောအရာ ဘာတခုမျှမရှိ-ဟု မှတ်ထင်ခဲ့ပါကုန်၏။ ယခုမှ ပင်လျှင် ငါတို့၏အပေါ်၌ မဟာဗြဟ္မာကြီးသည် တချို့ဟုတ်, တချို့မဟုတ် နှင့် ပွေရှုပ်ပြောကြား, ညာစကားဖြင့် ဝါကြွား၍နေသည်ကို သိရပေတော့သည်၊ ဤမဟာ ဗြဟ္မာကြီးသည် ရဟန်းငယ်တပါးက မေးမြန်းသော ပုစ္ဆာကိုမှ နေရာတကျ မဖြေဆိုနိုင်"-ဟု အကျွန်ုပ်ကို ဗြဟ္မာအပေါင်းတို့က မသိလေးစား ပြုကြကုန်လတ့်။

ထို့ကြောင့် အကျွန်ုပ်သည် ရီးတီးယားတား ညာစကားကို ဝါကြွား၍ ပြောခဲ့ပါသည် အရှင်ရဟန်း စိတ်မရှိပါလင့်။ ဤပုစ္ဆာကို အကျွန်ုပ်လည်း မဖြေဆိုနိုင်ပါ။ ဤပုစ္ဆာသည် သဗ္ဗညုမြတ်စွာဘုရားတို့၏အရာ ဖြစ်ပါသည်။ အချင်ရဟန်းသည် သဗ္ဗညုမြတ်စွာဘုရားကို ကျော်လွန်၍ ပင်ပန်းကြီးစွာ ဗြဟ္မာဘုံတိုင်အောင် လှည့်လည်၍ သ်သူကိုရှာခြင်းသည် သဲလုံးတွေကို ဆီထွက်အောင် ကြိတ်သကဲ့သို့ အရှင်ရဟန်း၏ ချွတ်လွဲခြင်းပင်ဖြစ်၏။ အရှင်ရဟန်းသည် ယခုပင်လျှင် သွားပါလော့၊ မြတ်စွာဘုရားကိုသာလျှင် ဆည်းကပ်၍ မေးလျှောက်ပါလော့၊ မြတ်စွာဘုရားသည် ဖြေဆိုပါလတ့်။ မြတ်စွာဘုရား ဖြေဘော်မူသည့်အတိုင်း သာလျှင် မှတ်ပါလေလော့-ဟူ၍ ဗြဟ္မာကြီးက ပြောဆိုလိုက်၏။

ထိုရဟန်းသည် ကွေးသောလက်ကို ဆန့်တန်းသကဲ့သို့ ဗြဟ္မာပြည်မှကွယ်ခဲ့၍ ငါဘုရား၏ ရှေ့တော်မှောက်သို့ ရောက်၍လာ၏၊

ဒါပာ ာ ကေဝဋ္ဋ၊ ထိုအခါ၌ ထိုရဟန်းသည် ငါဘုရားကို ရိုသေစွာ ရှိခိုးပြီး၍ သင့်ဘင့်ရာ၌ ထိုင်နေပြီးလျှင် ဤသို့လျှောက်ကြား၏၊

ဖြစ်ချည့်, ပျက်ချည့်, အဘည်မမြဲ ပြောင်းလဲဖောက်ပြန်၊ လေးတန်မဟာဘုတ်၊ ချုပ်ကင်းကွာ၊ ငြိမ်းအေးရာကို၊ ကောင်းစွာ သိတော်မူပေသော သဗ္ဗညုမြတ်စွာဘုရား။ လောကီချွန်လမ်း ကျော်သန်းပေါ်ပါး,

တန်ခိုးအားဖြင့် ပျံသွားခြင်းငှာ စွမ်းနိုင်ပါသော တပည့်တော်သည် တယောက်ထည်းသာ ဆိပ်ငြိမ်ရာ၌ ကြံရာကြံမိ အမှန်သိအောင် အကြံရှိ၍ နေပါ၏-မြတ်စွာဘုရား၊

အဘယ်သို့ အကြံရှိသနည်း-ဟူမူကား....ပထဝီ, အာပေါ, တေဇော, ဝါယော-လေးပါးသော မဟာဘုတ်တို့ ကင်းချုပ်ပျောက်ကွာ အေးငြိမ်းရာကား အဘယ်မှာ ရှိပါလိမ့်မည်နည်း၊ ထိုမဟာဘုတ် လေးပါး ရုပ်တို့ ကင်းချုပ် ပျောက်ငြိမ်းသော အရပ်ဌာနကား-အဘယ်အရပ် ဖြစ်ပါလိမ့်မည်နည်း၊ အဘယ်ကို အစွဲပြု၍ အဘယ်သို့ ရောက်သောသူအား လေးပါးသော မဟာဘုတ်တို့သည် ငြိမ်းချုပ်ပျောက်ကင်း, ကျန်ကြွင်းမရှိ အဆုံးထိ၍ ဇာတိပြတ်စဲ မဖြစ်ဘဲနေပါလိမ့်မည်နည်း? ဤသို့ အကြံဖြစ်ပါသည် မြတ်စွာဘုရား- (အဋ္ဌကထာ)

ဤသို့ အကြံဖြစ်ပြီးမှ ကမ္မဇဒ္ဓိ ဘုန်းတန်ခိုးဖြင့် မြေလျှိုးမိုးပျံ လျှင်မြန်လှစွာ တေဇာထွန်းပြောင် အရောင်အဝါ ကြီးမားစွာသော နတ်ဗြဟ္မာတို့သည် လေးဖြာမဟာဘုတ် ဒုက္ခရုပ်တို့ ကင်းချုပ်ငြိမ်းရာ မဖြစ်ရာကို ကောင်းစွာသိမည် ချော်ရမ်းရည်၍ လှည့်လည်ပြေးသွား မေးသော်ငြားလည်း ကြီးမားချောင်ဝါ ထွန်းလင်းဖြာ၍ တေဇာလျှံငြိး ဗြဟ္မာကြီးလည်း ရီးတီးရားတား သိရောင်ကားနှင့် အများဗြဟ္မာ မကြားရာသို့ ခေါ်ယူကာ ခေါ်သွား၍ မြတ်စွာဘုရားကိုသာလျှင် ညွှန်ပြ ပြောကြားလိုက်ပါသည် မြတ်စွာဘုရား၊

ထို့ကြောင့် အရှင်ဘုရားအား မေးလျှောက်ပါ၏။ လေးပြားသောမဟာဘုတ်ဘို ကင်းချုပ်ပြတ်စဲ မဖြစ်ဘဲနေရသော အရပ်ကား အဘယ်အရပ်ပါနည်း မြတ်စွာဘုရား၊ အဘယ်အရပ်သို့ ရောက်သော သူအား လေးပါး မဟာဘုတ်၊ ဒုက္ခရုပ်တို့၊ ကင်းချုပ်ပြတ်စဲ၊ မဖြစ်ဘဲနေရပါသနည်း မြတ်စွာဘုရား?

ဒါယကာ ကေဝဋ္ဋ၊ ဤသို့ မေးလျှောက်သည်ရှိသော် ထိုပုဟန်းကို ငါဘုရားသည် ဤသို့ မိန့်တော်မူ၏။

ချစ်သားရဟန်း၊ ရှေးအခါက သမုဒ္ဒရာသို့ သွားကြကုန်သော ကုန်သည်တို့သည် ကမ်းကို ကြည့်ရှုနိုင်သော ငှက်တကောင်ကို ယူဆောင်၍ သွားကြကုန်၏၊ ထိုကုန်သည်တို့သည် သမုဒ္ဒရာအလည်သို့ရောက်၍ ကမ်းကိုမမြင်သော အခါ ကမ်းကိုကြည့်ရှုနိုင်သော ထိုငှက်ကို လွှတ်ကြကုန်၏၊ ထိုသို့ လွှတ်လိုက်သောငှက်သည် အရှေ့ အရပ်ကိုလည်း ပျံသွား၏၊ တောင်အရပ်ကိုလည်း ပျံသွား၏၊ အနောက် အရပ်ကိုလည်း ပျံသွား၏၊ မြောက်အရပ်ကိုလည်း

ပျံသွား၏၊ အဆောင့်အရပ်ကိုလည်း ပျံသွား၏၊ ဤသို့ပျံသွား၍ ကြည့်ရှုသော်-ငှက်သည် အကယ်၍ ကမ်းကိုမြင်ငြားအံ့ ထိုမြင်ရာကမ်းဆီသို့သာလျှင် ပျံသွား၏၊ အကယ်၍ ထက်ဝန်းကျင်ပတ်လည်မှ လှည့်လည် ပျံသွား ကြည့်ရှု၍ ကမ်းကို မမြင်ငြားအံ့၊ ထိုကုန်သည်များစီးသော လှေသင်္ဘော ဆီသို့သာလျှင် ပြန်၍လာ၏။

ချစ်သားရဟန်း၊ ထိုငှက်နှင့်အတူသာလျှင် သင်ချစ်သားသည် ဗြဟ္မာပြည် တိုင်အောင် လှည့်လည်ပြေးသွား၍ ဖြေကြား နိုင်မည့်သူကို ရှာသော်လည်း ဤပုစ္ဆာကို ဖြေခြင်းငှါ တတ်စွမ်းနိုင်သော သူကို မရနိုင်၊ ထိုသို့ မရသော အခါမှသာလျှင် ငါဘုရား၏ အယံသို့ ပြန်လာခဲ့ရ၏။

ချစ်သားရဟန်း၊ ဤပုစ္ဆာကို ဤသို့ မမေးအပ်၊ မမေးသင့်၊ ချစ်သား ရဟန်း ဤပုစ္ဆာကို ဤသို့မေးအပ်၏၊

မေးပုံကား....

> ကတ္ထ အာပေါစ ပထဝီ၊ တေဇော ဝါယော နဂါဓတိ၊ ကတ္ထ
> ဒီဃဉ္စ ရဿဉ္စ၊ အဏုံထူလံ သုဘာသုဘံ၊ ကတ္ထ နာမဉ္စ ရူပဉ္စ၊
> အသေသံ ဥပရုဇ္ဈတိ။

(အမေး-ခြောက်ပါဒ ဂါထာ)

အာပေါစ၊ ယိုစီးဖြစ်သွဲ့ အိဖွဲ့စေးကပ် အာပေါ ဓာတ်သည် လည်းကောင်း၊ ပထဝီစ၊ ကြမ်းချောခံခု မြေဓာတ်စုသည်လည်းကောင်း။ တေဇော စ၊ ပူအေး နွေးသော ဓာတ်တေဇောသည် လည်းကောင်း။ ဝါယောစ၊ တောင့်တင်း တွန်းတိုး လေဓာတ်မျိုးသည် လည်းကောင်း။ ကတ္ထ၊ အဘယ် အရပ်၌၊ နဂါဓတိ၊ နပတိဋ္ဌာတိ၊ မတည် မဖြစ်ပါသနည်း။ ဒီဃဉ္စ၊ ရှည်ရှည် လျားလျားသည် လည်းကောင်း၊ ရဿဉ္စ၊ တိုတိုပုပုသည် လည်းကောင်း။ အဏုံထူလံစ၊ အကြီးအငယ်သည် လည်းကောင်း။ သုဘာသုဘဉ္စ၊ လှ-မလှ နှစ်ပါးသော အဆင်းသည်လည်းကောင်း။ ကတ္ထ၊ အဘယ်အရပ်၌၊ နဂါဓတိ၊ နပတိဋ္ဌာတိ၊ မတည် မဖြစ်ပါသနည်း။ နာမဉ္စ၊ နာမ် တရားသည် လည်း ကောင်း။ ရူပဉ္စ၊ ရုပ်တရားသည်လည်းကောင်း။ ကတ္ထ၊ အဘယ်အရပ်၌။ အသေသံ၊ ကြွင်းကျန်မရှိ၊ ဥပရုဇ္ဈတိ၊ ကင်းချုပ်ပြတ်စဲ မဖြစ်ဘဲ နေပါသနည်း။

ဤသို့ နာမ်ဘရားစုနှင့်စပ်၍ ဖြစ်သော ဥပါဒိန္နရုပ်တို့၏ မဖြစ်ရာကိုသာ လျှင် မေးအပ်၏၊ ရဟန်းမေးသော ပုစ္ဆာသည် နာမ်တရားနှင့် မစပ်သော အနုပါဒိန္န ရုပ်တို့ပါ အကြွင်းမဲ့ မေးခြင်းကြောင့် မေးပုံကို သင်ပြ၍ ပေးတော်မူ၏။

နာမ်တရားနှင့်စပ်၍ ဖြစ်ကုန်သော၊ ကြမ်းချောခုခံ၊ တောင့်တင်း တွန်းတိုး ပူအေးနွေးသော၊ ယိုစီးပြစ်ခဲ့ အိဘဲ့ ဖေးကပ်၊ လေးပါးဓာတ်နှင့် ယှဉ်စပ်တဲ့မှီ၊ ရှည်တိုကြီးငယ် ၊တင့်ကယ်မလှ ဖြစ်ကုန် ကြသော၊ ဥပါဒိန္နရုပ်တို့သည် အဘယ်အရပ်ဌာန ဘယ်ဒေသ၌ မတည်မကပ် အဖြစ် ပြတ်၍၊ ရပ်စဲငြိမ်းခြင်း ရှိပါသနည်း။ ဤသို့ မေးသင့်၏။

တတြ ဝေယျာကရဏံ ဘဝတိ၊
ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ။
ဧတ္ထ အာပေါစ ပထဝီ၊ တေဇော ဝါယော နဂါဓတိ။

ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံထူလံ သုဘာသုဘံ၊
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။
(အဖြေ ၄-ပါဒ-တဂါထာ၊ ၆-ပါဒ-တဂါထာ၊ နှစ်ဂါထာ)

တတြ၊ ထိုအမေး၌။ ဝေယျာကရဏံ၊ အဖြေသည်။ ဘဝတိ၊ ဖြစ်၏။ ဝိညာဏံ၊ ဉာဏ်ဖြင့်သိအပ်၏။ အနိဒဿနံ၊ ပသာဒစက္ခုဖြင့်မမြင်အပ်။ အနန္တံ၊ ဥပါဒ်အစ၊ ဌီအစ၊ ဘင်အစ၊ သုံးဌာနမှ အစအစွန်းမရှိ။ ဝါ၊ ဥပါဒ်ဌီဘင်မရှိ။ ဝါ၊ ဖြစ်ပျက်မရှိ။ သဗ္ဗတော၊ အလုံးစုံသောအရပ်မှ။ ပဘံ၊ ရောက်ရာဆိပ်ကမ်းရှိ၏။ ဧတ္ထ၊ ဤအလုံးစုံသောအရပ်မှ ရောက်ရာဆိပ်ကမ်းရှိ၍ ဖြစ်ခြင်းပျက်ခြင်း အစအစွန်းမရှိခြင်းကြောင့် သိသာဆိ၍ မမြင်အပ်သော အရပ်ဌာန၌။ အာပေါ၊ ယိုစီး ပြစ်ခဲ့၊ အိဘဲ့ ဖေးကပ်၊ အာပေါဓာတ်သည်လည်းကောင်း။ ပထဝီစ ကြမ်းချောခံခု၊ မြေဓာတ်စုသည် လည်းကောင်း။ တေဇောစ၊ ပူ၊အေး၊နွေး၊ သော- ဓာတ်တေဇောသည် လည်းကောင်း၊ ဝါယောစ၊ တောင့်တင်းတွန်းတိုး လေဓာတ်မျိုးသည်လည်းကောင်း၊ နဂါဓတိ၊ နပတိဋ္ဌာတိ၊ မတည်မကပ်၊ အဖြစ်ရပ်၍၊ ပြတ်စဲငြိမ်းအေးလေတော့၏။

ဧတ္ထ၊ ဤ ဉာဏ်ဖြင့် သိအပ် မမြင်အပ်သော အရပ်၌၊ ဒီဃဉ္စ၊ ရှည်ရှည်လျားလျားသည်လည်းကောင်း။ ရဿဉ္စ၊ တိုတိုပုပုသည်လည်းကောင်း။ အဏုံထူလံစ၊ အကြီးအငယ်သည် လည်းကောင်း။ သုဘာသုဘံစ၊ လှ မလှ နှစ်ဝသောအဆင်းသည် လည်းကောင်း၊ နဂါဓတိ၊ နပတိဋ္ဌာတိ၊ အတည်မဖြစ်နိုင်။ ဧတ္ထ၊ ဤဖြစ်စ ပျက်ဆုံး လုံးလုံးမရ စွန်းစ မထင် သွားလျှင် ရောက်ရာ ဆိပ်ကမ်းသာသောအရပ်၌။ နာမဉ္စ၊ နာမ်သည် လည်းကောင်း။ ရူပဉ္စ၊ ရုပ်သည်လည်းကောင်း။ အသေသံ၊ ကြွင်းကျန်မရှိ။ ဥပရုဇ္ဈတိ၊ ပျောက်ချုပ်ကင်းငြိမ်း၊ ဖြစ်ဇာတ်သိမ်း၏။ ဝိညာဏဿ၊ စုတိဝိညာဏ်၊ အဘိသင်္ခါရဝိညာဏ်၏။ နိရောဓေန။ မဖြစ်ခြင်း၊ မရှိခြင်းကြောင့်။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ဧတံ၊ ထိုရုပ်နာမ်နှစ်ပါးသည်။ ဥပရုဇ္ဈတိ၊ ကင်းပြတ်လေတော့ ၏။

ဘာဝတခုမျှ မဖြစ်တော့ပြီ၊ မဖြစ်လျှင် အေးငြိမ်း၏။

နိဗ္ဗာန်၌ ဖြစ်ခြင်း, ပျက်ခြင်း, ဥပါဒ်ဌီဘင် မရှိသောကြောင့် အစွန်းအစမရှိဟူ၍ ဆိုအပ်၏။ ထိုနိဗ္ဗာန်ကို ဉာဏ်ဖြင့်သိအပ်သောကြောင့် ဝိညာဏံ-ဟူ၍ ဟောတော်မူ၏၊ ပကတိသော ပသာဒ စက္ခုဖြင့် မမြင်အပ်သောကြောင့် အနိဒဿနံ-ဟူ၍ ဟောတော်မူ၏၊ သွားလိုရာအရပ်မှ သွားရောက်နိုင်သောကြောင့် သမုဒ္ဒရာကဲ့သို့ ဆိပ်ကမ်းကျယ်ရကား သဗ္ဗတောပဘံ-ဟူ၍ ဟောတော်မူ၏။ ပပ-ဆိပ်ကမ်း။ ပ-အက္ခရာကို ဘ-ပြု၍-ပဘ ဟု ဆိုခြင်းဖြစ်၏။ (အဋ္ဌကထာ)

ကေဝဋ္ဋသုတ်ဝတ္ထု ပြီး၏။

# ၁၂။ လောဟိစ္စသုတ် ဝဏ္ဏ

## လောဟိစ္စပုဏ္ဏားကြီး အယူမှား၍ နေကြောင်း

**သာဝတ္ထိပြည်** ပသေနဒီကောသလမင်းကြီး၏ အာဏာလွှမ်းမိုးရာဖြစ်သော ကောသလ တိုင်းအတွင်း၌ သာလဝတိကာ-အမည်ရှိသော အင်ကြင်းပင် ခြံဝိုင်းရွာသည်ရှိ၏။ ထိုရွာကိုပတ်လည်ဝိုင်း၍ ခြံစည်းရိုးကဲ့သို့ ဝန်းရံစိုက်ပျိုး၍ ထားသော အင်ကြင်းပင်တို့သည် ရှိကုန်၏။ ထိုကြောင့် သာလဝတိကာ-အင်ကြင်းပင် ခြံဝိုင်းရွာ-ဟူ၍ ခေါ်ကြ၏။

ထိုအင်ကြင်းပင် ခြံဝိုင်းရွာကို ဂါမဘောဇက-အဖြစ်ဖြင့် ပသေနဒီ ကောသလမင်းကြီးက ရွာစားပေးအပ်၍ထားသော လောဟိစ္စပုဏ္ဏားသည် ထိုရွာကို အုပ်စိုး၍နေ၏။

ထိုလောဟိစ္စပုဏ္ဏားသည်–ဤသို့ အယူမှား၍ နေ၏၊ အယူမှားပုံကား-ရသေ့သည်လည်းကောင်း, ရဟန်းသည်လည်းကောင်း, မိမိရသော တရားထူးကို သူတပါးတို့အားလည်း ရစေရန် ပြောဟောသဖြင့် မသင့်လျော်။ မိမိရသောတရားထူးကို မိမိသာလျှင် မြတ်နိုးရှိသေစွာပူ၍ နေသင့်၏။ သူတပါးကို ပြောဟောသဖြင့် နာယူသောသူက ပြောဟောသူကို အဘယ်သို့ ပြုလုပ်ဦးမည်နည်း၊ ဥပမာအားဖြင့်....အဟောင်းဖြစ်သော နှောင်ဖွဲ့ခြင်းကို ဖြတ်ပြီး၍ အသစ်ဖြစ်သော နှောင်ဖွဲ့ခြင်းကို ပြုလုပ်သကဲ့သို့ ဖြစ်၏။

ဤသို့ ပြောဆိုလျက် လောဟိစ္စပုဏ္ဏားသည် အယူမှား၍နေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ရွှေညာဏ်တော်ကွန်ရက်ဖြင့် ဖြန့်ကျက် လွှမ်းအုပ်၍ ကြည့်ရှုတော်မူလျှင် လောဟိစ္စပုဏ္ဏား မှားသောအယူရှိသည်ကို မြင်တော်မူ၍ ငါးရာချလောက်သော ရဟန်းတို့နှင့် အကူတကွ ကောသလ တိုင်းအတွင်း၌ ဒေသစာရီကြွချီတော်မူသောအခါ သာလဝတိကာ အင်ကြင်း ပင် ခြံဝိုင်းရွာသို့ ဆိုက်ရောက်တော်မူ၏။ (ဤသာလဝတိကာရွာ၌ မြတ်စွာ ဘုရား နေတော်မူသော ကျောင်းနေရာကို ပြဆိုခြင်းမရှိ)။

လောဟိစ္စပုဏ္ဏားသည် မြတ်စွာဘုရား ဆိုက်ရောက်တော်မူလာကြောင်းကို ကြားသိလျှင် ရောသိကအမည်ရှိသော နှာပိတ ဥပါသကာကိုခေါ်၍-

အဲ့သူရောဿိက- အဆွေသည် ရဟန်းဂေါတမအထံသို့သွား၍ ကျန်းမာချမ်းသာ၍ အနာကင်းကြောင်းများကိုလည်း ငါ၏စကားဖြင့် လျှောက်ကြားမေးမြန်းလေလော့။ ထို့ပြင်လည်း ဤသို့ လျှောက်ကြားဦးလော့။ အရှင်ဂေါတမသည် လောဟိစ္စပုဏ္ဏားအိမ်သို့ နက်ဖန်နံနက်ဆွမ်းအလို့ငှာ ရဟန်းသံဃာတော်အပေါင်းနှင့်တကွ ကြွတော်မူပါလော့။ ဤသို့ လျှောက်ကြားလေလော့-ဟု ပြောဆို၏။

ရောဿိကအမည်ရှိသော နှာပိတဥပါသကာသည် "ကောင်းပြီအရှင်"-ဟုဆို၍ မြတ်စွာဘုရားအထံသို့ လာပြီးလျှင် ရှိသေစွာ ရှိခိုး၍ သင့်တင့်ရာ၌ထိုင်နေပြီးလျှင် လောဟိစ္စပုဏ္ဏား ပြောကြားလိုက်သောစကားတို့ကို မြတ်စွာဘုရားအား လျှောက်ကြား၏။ မြတ်စွာဘုရားသည် တုဏှီဘာဝ နေတော်မူလျက် သည်းခံတော်မူလိုက်၏။

ထိုရောဿိကအမည်ရှိသော နှာပိတဥပါသကာသည် မြတ်စွာဘုရား သည်းခံတော်မူကြောင်းကို သိပြီး၍ လောဟိစ္စပုဏ္ဏားထံသို့ ပြန်သွားပြီးလျှင်-

မြတ်စွာဘုရားသည် နက်ဖန် ဆွမ်းအလို့ငှာ ပင့်လျှောက်သည်ကို သည်းခံတော်မူလိုက်ကြောင်းနှင့် ပြောကြား၏။

လောဟိစ္စပုဏ္ဏားသည် ထိုညဉ့်မိုးသောက် အလင်းရောက်၍ မွန်မြတ်သောဘောဇဉ်ခဲဘွယ်တို့ကို စီရင်ပြင်ဆင်ပြီး၍ ဆွမ်းပြင်၍ ပြီးပါကြောင်းနှင့် ရောဿိကအမည်ရှိသော နှာပိတ ဥပါသကာကို ပင့်လျှောက်ရန် စေလွှတ်၍ (ကာလော ဘန္တေ နိဋ္ဌိတံ ဘတ္တံ)-ဟု လျှောက်ကြားသောအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်းပိုင်တော်ကို ပြင်ကာဝတ်တော်မူ၍ သပိတ်သင်္ကန်းတို့ကို ယူဆောင်တော်မူ၍ ရဟန်းသံဃာတော်တို့နှင့်တကွ သာလဝတိကာ-အင်ကြင်းပင်ခြံဝိုင်းရွာသို့ ရွှေရှု ကြွတော်မူ၏။

ထိုအခါ၌ လောဟိစ္စပုဏ္ဏား၏ ပိယသဟာယ-ချစ်ခင်လှသော အဖော်မိတ်ဆွေ ရောဿိက အမည်ရှိသော နှာပိတ ဥပါသကာသည် မြတ်စွာဘုရား၏ နောက်တော်မှ ကပ်၍ လိုက်ပြီးလျှင် တိုးတိုးစကား ဤသို့ လျှောက်ကြား၏။

မဟာကရုဏာတော်နှင့် ပြည့်စုံတော်မူပါသော မြတ်စွာဘုရား။ လောဟိစ္စပုဏ္ဏားအား မှားသောအယူဖြစ်၍ နေပါ၏၊ ထိုအယူကိုစွန့်ပစ်အောင် တရားချ၍ ဟောပြတော်မူပါ မြတ်စွာဘုရား-ဟု လောဟိစ္စပုဏ္ဏား၏ အစီးအပွားကို လိုလား၍ တိုးတိုးစကား လျှောက်ကြားလေ၏။

ဤသို့ မိန့်တော်မူပြီး ကြွသွားတော်မူ၍ လောဟိစ္စပုဏ္ဏားအိမ်သို့ ရောက်တော်မူသောအခါ ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။

လောဟိစ္စပုဏ္ဏားသည် ဗုဒ္ဓပမုခ သံဃာကို မွန်မြတ်သောခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍ ဆွမ်းစားပြီးသောအခါ သင့်တင့်ရာ၌ ထိုင်နေသော လောဟိစ္စပုဏ္ဏားကို မြတ်စွာဘုရားသည် ဤသို့ မေးတော်မူ၏။

လောဟိစ္စပုဏ္ဏား၊ အသင်ပုဏ္ဏားအား ဤသို့ယုတ်မာသော အယူဖြစ်၍ နေ၏-ဟူသည် မှန်သလောဟု မေးတော်မူ၏၊ ဟုတ်မှန်ပါသည်အရှင်ဂေါတမဟု လျှောက်ကြား၏။

လောဟိစ္စပုဏ္ဏား-အသင်သည် သာလဝတိကာရွာကို အုပ်ချုပ်၍နေသည် မဟုတ်လော။ ဟုတ်ပါသည် အရှင်ဂေါတမ။

သာလဝတိကာရွာ၌ ဖြစ်သမျှအလုံးစုံသော ဥစ္စာစပါး စီးပွားချမ်းသာတို့ကို လောဟိစ္စပုဏ္ဏားတယောက်သာလျှင် သုံးစွဲစားသောက်၍ နေရမည်၊ လောဟိစ္စပုဏ္ဏားမှတပါးကုန်သော အခြွေအရံတို့ကို မစားသုံးစေရ မပေးရ-ဟူ၍ ဆိုငြားအံ့၊ ထိုဆိုသောသူသည် အသင်ပုဏ္ဏားကို အမှီပြု၍နေကုန်သော အခြွေအရံတို့၏ အန္တရာယ်ကို ပြုသလော၊ မပြုသလော၊ အန္တရာယ်ကို ပြုပါသည် အရှင်ဂေါတမ။

ထိုအန္တရာယ်ပြုသောသူသည် ထိုအခြွေအရံတို့၏ စီးပွားကို လိုသူ ဖြစ်သလော၊ မလိုသူဖြစ်သလော၊ စီးပွားကိုမလိုသူ ဖြစ်ပါသည် အရှင်ဂေါတမ။

ထိုစီးပွားကို မလိုသောသူသည် ထိုအခြွေအရံတို့၏ မိတ်ဆွေ ဖြစ်ပါသလော? ရန်သူဖြစ်သလော? ရန်သူဖြစ်ပါသည် အရှင်ဂေါတမ။

ထိုရန်သူဖြစ်သောသူသည် မှားသောအယူ ရှိသလော၊ မှန်သော အယူရှိသလော၊ မှားသော အယူရှိပါသည် အရှင်ဂေါတမ။

လောဟိစ္စပုဏ္ဏား၊ မှားသောအယူရှိသူသည် ငရဲ တိရစ္ဆာန် ဂတိနှစ်ပါးတို့တွင် တပါးပါးသော ဂတိသို့ ရောက်၏-ဟူ၍ ငါဘုရား ဟောတော်မူ၏။

လောဟိစ္စပုဏ္ဏား၊ ပသေနဒီ ကောသလမင်းကြီးသည် ကာသိတိုင်း, ကောသလတိုင်းကို အုပ်စိုး၍ နေသည်မဟုတ်လော? အုပ်စိုး၍နေပါသည် အရှင်ဂေါတမ။

ကာသိတိုင်း, ကောသလတိုင်းကို အုပ်စိုးစားသောက်၍နေသော ပသေနဒီ ကောသလမင်းကြီးသည် ကာသိတိုင်း, ကောသလတိုင်းမှ ထွက်ရှိသော ဆန်ရေစပါး ဥစ္စာများကို ကောသလမင်းကြီး တယောက်တည်း သာလျှင်

စားသောက်ရမည်၊ တပါးသော အခြွေအရံတို့ကို မပေးရ–ဟု ဆိုငြားအံ့၊ ထိုဆိုသော သူသည် အခြွေအရံတို့၏ အန္တရာယ်ကို ပြုသလော၊ မပြုသလော၊ အန္တရာယ်ကို ပြုသူဖြစ်ပါတော့သည် အရှင်ဂေါတမ။

အန္တရာယ်ပြုသူသည် ထိုအခြွေအရံတို့၏ စီးပွားကို လိုသူဖြစ်သလော၊ မလိုသူဖြစ်သလော? မလိုသူဖြစ်ပါတော့သည်- အရှင်ဂေါတမ။

မလိုသော သူသည် ထိုအခြွေအရံတို့၏ မိတ်ဆွေ ဖြစ်သလော- ရန်သူ ဖြစ်သလော? ရန်သူဖြစ်ပါတော့သည်– အရှင်ဂေါတမ။

ရန်သူဖြစ်သော သူသည် မှားသော အယူဖြစ်သလော- မှန်သောအယူ ဖြစ်သလော? မှားသောအယူ ဖြစ်ပါသည် အရှင်ဂေါတမ။

လောဟိစ္စပုဏ္ဏား၊ မှားသောအယူရှိသူသည် ငရဲတိရစ္ဆာန် ဂတိနှစ်ပါးတို့တွင် တပါးပါးသို့ ရောက်၏–ဟူ၍ ငါဘုရား ဟောတော်မူ၏။

လောဟိစ္စပုဏ္ဏား၊ ထိုအတူပင်လျှင် မှတ်လေလော့၊ တရားထူးကိုရသော ရဟန်းတို့သည် မိမိရသော တရားထူးကို သူတပါးတို့အား ရစေရန် မပြောဟောသင့်၊ မိမိရသော တရားကို မိမိသာလျှင် အလေးအမြတ် အရိုအသေ ပြု၍ နေသင့်၏။

သူတပါးတို့အား ရစေရန် ပြောဟောသဖြင့် ထိုပြောဟောသော သူကို တရားနာသော သူက အဘယ်သို့ပြုလုပ်လိမ့်ဦးမည်နည်း–ဟူ၍ အကြင်သူသည် ဆိုငြားအံ့၊ ထိုဆိုသော သူသည် ငါဘုရား ရတော်မူပြီးသောမဂ်ဖိုလ်ချမ်းသာကို ရလ ဖြစ်ကုန်သော အမျိုးကောင်းသားတို့၏ မဂ်ဖိုလ်အန္တရာယ်ကို ပြု၍ အစီးအပွားကို မလိုသော ရန်သူဖြစ်ရကား- မှားသောအယူရှိသူဖြစ်၍ နေ၏၊ မှားသော အယူရှိသူသည် ငရဲတိရစ္ဆာန် ဂတိနှစ်ပါးတို့တွင် တပါးပါးသော ဂတိသို့ ကျရောက်၏-ဟူ၍ ငါဘုရား ဟောတော်မူ၏။

လောဟိစ္စပုဏ္ဏား၊ သာလဝတိကာ ရွာကို အုပ်စိုးစားသောက်၍နေသော လောဟိစ္စ ပုဏ္ဏားသည် သာလဝတိကာရွာ၌ ထွက်ရှိသော ဆန်ရေစပါး ဥစ္စာများကို လောဟိစ္စပုဏ္ဏား တယောက်သာလျှင် စား၍ နေရမည်၊ အခြွေအရံတို့ကို မပေးရ- ဟူ၍ဆိုသော သူသည် ထိုအခြွေအရံတို့၏ သုံးဆောင်စားသောက်ခြင်း၏အန္တရာယ်ကို ပြု၍ အခြွေအရံတို့၏ အစီးအပွားကို မလိုသော ရန်သူဖြစ်ရကား မှားသော အယူရှိသူ ဖြစ်ပါသည်။

ထိုပြင် ကာသိတိုင်း, ကောသလတိုင်းကို အုပ်စိုးစားသောက်၍နေသော ကောသလ မင်းကြီးသည် ကာသိတိုင်း, ကောသလတိုင်းမှ ထွက်ရှိသော

ဆန်ရေစပါး ဥစ္စာများကို ကောသလမင်းကြီး တယောက်သာလျှင် စား၍ နေရမည်။ အခြွေအရံတို့ကို မပေးရ, မကျွေးရ- ဟူ၍ ဆိုသော သူသည် ထို အခြွေအရံတို့၏ စားသောက်ခြင်း အန္တရာယ်ကို ပြု၍ ထိုအခြွေအရံတို့၏ အစီးအပွားကို မလိုသော ရန်သူဖြစ်ရကား- မှားသော အယူရှိသူ ဖြစ်ပါသည်။

ထိုအတူပင်လျှင် တရားထူးကို ရကုန်သော ရသေ့ရဟန်းတို့သည် မိမိ ရသောတရားထူးကိုသူတပါးတို့အား ရစေရန် မဟော ပြောအပ်၊ မိမိရသော တရားကို မိမိတယောက်တည်းသာလျှင် အလေးအမြတ် အရို အသေ ပြု၍ နေသင့်၏-ဟု ပြောဆိုသော သူသည် တရားထူးကို ရကုန်သော ငါဘုရားနှင့် ငါဘုရား၏ တပည့်တို့၏ အန္တရာယ်ကို ပြုသော ရန်သူဖြစ်ရကား.... ငရဲ တိရစ္ဆာန် ဂတိနှစ်ပါးတို့တွင် တပါးပါးသော ဂတိသို့ ကျရောက်၏- ဟူ၍ ငါဘုရား- ဟောတော်မူ၏။

## အပြစ်ပြောဆိုထိုက်သော တရားဟောဆရာ သုံးမျိုးတို့ အကြောင်း

လောဟိစ္စပုဏ္ဏား၊ လောက၌ အပြစ်တင်၍ ပြောဆိုထိုက်သော တရား ဟော ဆရာတို့သည် သုံးမျိုးရှိကုန်၏။ ထိုသုံးမျိုးသော တရားဟော ဆရာ တို့ကို အပြစ်တင်၍ ပြောဆိုသော စကားသည် ဟုတ်၏, မှန်၏၊ အပြစ် မရှိ။

အဘယ်သုံးမျိုးတို့နည်း-ဟူမူကား....

၁၊ အကြင်တရားဟော ဆရာသည် မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာအလို့ငှါ ရဟန်းပြု၏- ရဟန်းပြုပြီး၍ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ရအောင်တရားကို အားမထုတ်ဘဲ နေ၍ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို မရဘဲ နေ၏။ မိမိသည် တရား ကို အားမထုတ်၍ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကို မရမူ၍ သူတပါးတို့အား မဂ်ဖိုလ်နိဗ္ဗာန်တရားကို ပြောဟော၏။ ပြောဟောသော်လည်း ထိုဆရာ၏ တရားကို တပါးသော သူတို့သည် မနာယူလိုကြကုန်၊ နားမထောင်ကြကုန်။ ထိုဆရာဟောသော တရားကို သိလိုသောစိတ် မရှိကြကုန်။ ထိုဆရာ၏တရား ကို မကျင့်လိုဘဲ ရှောင်လွှဲ ထွက်သွားကြကုန်၏။ ဤကား ပဌမတရားဟော ဆရာတည်း။

၂။ လောဟိစ္စပုဏ္ဏား၊ ထိုနောက်တဖန်လည်း ဤလောက၌ အချို့သော တရားဟောဆရာသည် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာ အကျိုးငှါ ရဟန်းပြု၍ တရား ကို အားထုတ်ခြင်း မရှိသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တရားကို မရမူ၍ သူတပါးတို့

အား မင်္ဂိုလ်နိဗ္ဗာန်ကို ပြောဟော၏။ ထိုတရားဟောဆရာ ဟောသော တရားစကားကို သူတပါးတို့သည် နာယူလိုကြကုန်၏၊ နားထောင်လိုကြကုန်၏၊ သိခြင်းငှါ စိတ်ဖြစ်ကြကုန်၏၊ ထိုတရားဟော ဆရာ၏ တရားစကား အတိုင်း မပယ်ရှား နာယူမှတ်သား၍ တရားကို ကျင့်ကြကုန်၏။ ဤကား ဒုတိယ တရားဟော ဆရာတည်း။

၃။ လောဟိစ္စပုဏ္ဏား၊ ထိုမှတပါးလည်း ဤလောက၌ အချို့သော တရားဟော ဆရာသည် မင်္ဂိုလ်နိဗ္ဗာန်အကျိုးငှါ ရဟန်းပြု၍ တရားကို အားထုတ်သဖြင့် တရားထူးကို ရ၏၊ ထိုသို့ တရားထူးကို ရပြီးသော တရားဟော ဆရာသည် သူတပါးတို့ကို တရားဟော၏၊ ဟောသော်လည်း ထိုဆရာ၏ တရားစကားကို သူတပါးတို့က နာယူမှတ်သားလိုခြင်း မရှိ။ နားထောင်လိုခြင်း မရှိ၊ ဟောကြားထုံးမသော တရားကို ဖေါက်ဖျက်၍ ကျင့်၏၊ ထိုကဲ့သို့ မိမိပြောသော တရားကို နားမထောင်လို မကျင့်လိုသော သူတို့အား တရားဟောသော ဆရာကိုလည်း အပြစ်တင်၍ ပြောဆိုသင့်၏။ ဤကား တတိယ တရားဟောဆရာတည်း။

(ငါးပါးသီလ မတည်သော လူအများတို့ကို တရားဟောသော အရှင်သာရိပုတ္တရာကဲ့သို့တည်း။)

လောဟိစ္စပုဏ္ဏား၊ ဤတရားဟော ဆရာသုံးဦးတို့ကို အပြစ် တင်၍ ဆိုသင့်၏၊ အပြစ်တင်၍ဆိုသော စကားသည် ဟုတ်၏၊ မှန်၏၊ အပြစ်တင် ဆိုသော သူ၌ အပြစ်မရှိ။

ဤသို့ မြတ်စွာဘုရား ဟောတော်မူသည်ရှိသော် လောဟိစ္စပုဏ္ဏားသည် မြတ်စွာဘုရားကို ဤသို့ မေးလျှောက်၏။

အရှင်ဂေါတမ၊ လောက၌ အပြစ်တင် ဆိုခြင်းငှါ မထိုက်သော တရားဟောဆရာ ရှိပါသေး၏လော - ဟူ၍ မေးလျှောက်၏၊ လောဟိစ္စပုဏ္ဏား၊ လောက၌ အပြစ်တင်ဆိုခြင်းငှါမထိုက်သောတရားဟောဆရာသည် ရှိသေး၏- ဟု မိန့်တော်မူ၏။

အရှင်ဂေါတမ၊ လောက၌ အပြစ်တင်ဆိုခြင်းငှါ မထိုက်သော တရား ဟော ဆရာသည် အဘယ်သူပါနည်း- ဟူ၍ မေးလျှောက်၏။ ဤသို့ မေးလျှောက်သော အခါ မြတ်စွာဘုရားသည်-

> ဣဓ လောဟိစ္စ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။ (ပ)

အစရှိသည်ဖြင့် အဇာတသတ်မင်းအား ဟောကြားသကဲ့သို့ ဟောရိုးအစဉ်ဖြစ်သော ဒေသနာတော် အစဉ်ကို သွင်သွင် မိးမိး မြစ်ရေစီးသကဲ့သို့ တွင်တွင်ကြီး ဟောတော်မူ၍ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ-တို့ကို ခွဲခြမ်းဝေဖန်၍ ဟောပြတော်မူ၏။

လောဟိစ္စပုဏ္ဏား၊ ဤသို့သီလနှင့် ပြည့်စုံသော ရဟန်းသည် ဣန္ဒြေကို စောင့်စည်းခြင်း, ရောင့်ရဲ လွယ်ခြင်း, သတိ သမ္ပဇဉ်နှင့် ပြည့်စုံခြင်းဖြင့် ဆိပ်ငြိမ်ရာ၌ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေပြီးလျှင် သတိကို ထင်စွာ ထား၍ အားထုတ်သည်ရှိသော် ကာမဂုဏ်တို့မှ ဝေးကွာကင်းဆိပ်၍ ဝိတက်ဝိစာရနှင့် တကွ နှစ်သက် ချမ်းသာခြင်းရှိသော ပဌမဈာန်ကို ဝင်စား၍နေ၏။

ဤကဲ့သို့ တရားထူးကို ရအောင် မိမိအားထုတ်ပြီး၍ သူတပါးတို့အားလည်း ဟောကြားသဖြင့် သူတပါးတို့သည် ပဌမ ဈာန်ကို ဝင်စား၍ နေကုန်၏။

လောဟိစ္စပုဏ္ဏား၊ ဤသို့သော တရားဟော ဆရာကို အပြစ်တင်ဆိုခြင်းငှါ မထိုက်၊ အပြစ်တင်၍ ဆိုသော စကားသည် မဟုတ်မမှန်၊ တရားနှင့် မညီ အပြစ်တင်၍ ဆိုခြင်းကြောင့် အပြစ်တင်၍ ဆိုသော သူ၌ အပြစ်ရှိ၏။

ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ဉာဏဒဿန- အဘိညာဏ်ငါးပါး, အာသဝက္ခယဉာဏ်ကို မိမိရပြီး၍ သူတပါးတို့အားလည်း ပြောဟော၍ တရားထူးကို ရသဖြင့် ရဟန္တာဖြစ်၍ အရဟတ္တဖလ သမာပတ်ကိုဝင်စား၍ ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ဆင်ခြင်သည်ရှိသော် အရဟတ္တဖိုလ်ထက် ပိုလွန်၍ မြတ်သော တရားထူးကို ရအောင်အားထုတ်၍ ကျင့်ဘွယ်ကိစ္စ မရှိ- ဟူ၍ သိ၏။

လောဟိစ္စပုဏ္ဏား၊ ဤသည်လည်း အပြစ်တင်ဆိုခြင်းငှါ မထိုက်သော တရားဟော ဆရာတည်း၊ အပြစ်တင်ဆိုသော စကားသည် မဟုတ်မမှန်၊ အပြစ်ရှိ၏။

ဤသို့ ဟောတော်မူသည်ရှိသော် လောဟိစ္စပုဏ္ဏားသည် ဤသို့လျှောက်ကြား၏။

အရှင်ဂေါတမ၊ ဥပမာဆိုသည်ရှိသော် နက်လှစွာသော ချောက်ထည်းသို့ ကျသော ယောကျ်ား၏ ဦးစွန်းဆံပင်ကို ဆွဲကိုင်၍ ကုန်းပေါ်သို့ တင်ထားသကဲ့သို့ ထိုအတူ ပင်လျှင် အရှင် ဂေါတမသည် မှားသော အယူ မိစ္ဆာ

ချောက်နက်ထဲသို့ ကျ၍နေသော တပည့်တော်ကို ထုတ်ယူ၍ တင်ထားတော်မူပေ၏၊ "ကောင်းပါပေ၏- အရှင်ဂေါတမ၊ အလွန်ကောင်းလှပါပေ၏- အရှင်ဂေါတမ"-ဟူ၍ ဝမ်းမြောက် ရွှင်လန်းစွာ သာဓုခေါ်၍ ဥပါသကာ၏ အဖြစ်ကို လျှောက်ကြားလေ၏။

လောဟိစ္စသုတ် ဝတ္ထုပြီး၏။

# ၁၃။ တေဝိဇ္ဇသုတ် ဝတ္ထု

## သာဝတ္ထိပြည် ကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားကြီး ငါးဦးတို့အကြောင်း

ကောသလမင်းကြီးန၌ ဗေဒင် သုံးပုံတတ် တေဝိဇ္ဇ— ဟူ၍ ကျော်စော ထင်ရှားသော ဗြဟ္မဏမဟာသာလ- ခေနဥစ္စာ ပေါများသော ပုရောဟိတ် ပုဏ္ဏားကြီး ငါးဦးရှိ၏။ ငါးဦး–ဟူသော်ကား-

၁။ ဩပါသာဒ— ရွာစား၊ စင်္ကီပုဏ္ဏားကြီး၊

၂။ ဣစ္ဆာနင်္ဂလ ရွာစား— တာရုက္ခပုဏ္ဏားကြီး၊

၃။ ဥက္ကဋ္ဌ ရွာစား- ပေါက္ခရသာတိ ပုဏ္ဏားကြီး၊

၄။ သာဝတ္ထိမြို့တော်၌ နေသော ဇာဏုသောဏိ ပုဏ္ဏားကြီး၊

၅။ တုဒိရွာစား- တောဒေယျပုဏ္ဏားကြီးတို့တည်း။

ထိုပုဏ္ဏားကြီး ငါးဦးတို့သည် ကောသလမင်းကြီး၏ ပုရောဟိတ် ဖြစ်ကြကုန်၏။

(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ- ဝါသေဋ္ဌသုတ်အဖွင့်။)

ထိုမှတပါး, သာလဝတိက ရွာစား- လောဟိစ္စပုဏ္ဏားလည်း ပါဝင်၏။ ဤသို့ အစရှိသော ဗြဟ္မဏမဟာသာလ၊ ခေနဥစ္စာ ပေါများသော ပုဏ္ဏား သေဋ္ဌေးတို့သည် သာဝတ္ထိပြည်တော်နှင့် မနီးမဝေး အစိရဝတီ မြစ်ကမ်း မနသာကဋမည်သောရွာ၌ အလွန်ပျော်မွေ့ဘွယ်ရှိသော မြေအဘိုရှိရကား- အစိရဝတီ မြစ်ကမ်း၌ အိမ်တို့ကို ဆောက်လုပ်၍ တံတိုင်းအရံကိုလည်း ကောင်းစွာ ကာရန်၍ တပါးသော လူအများတို့၏ သွားလာဝင်ထွက်ခြင်း မရှိစေရန် တားဆီးပိတ်ပင်၍ ကိစ္စကြီးငယ်တို့ပြီးစီး၍ အားလပ်သော အခါ၌ ထိုနေရာတို့၌ သွား၍ မကြာမကြာ နေကြကုန်၏။

သဗ္ဗညု မြတ်စွာဘုရားသည် ငါးရာမျှလောက်သော ရဟန်းတို့နှင့် တကွ ကောသလတိုင်းသို့ ဒေသစာရီကြွချီတော်မူသောအခါ မနသာကဋမည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ထိုမနသာကဋ- ရွာ၏မြောက်ဘက် အစိရဝတီ မြစ်ကမ်း, ငွေအဆင်းရှိသော သဲဖြူတို့ဖြင့် ဖြန့်ဖြူးစွာလျက် အထက်မှ ပတ္တမြား

မြရောင်အဆင်းရှိသော သစ်ခက်, သစ်ရွက်တို့ဖြင့် ဖုံးအုပ်လျက် မွှေ့လျော်ဘွယ် ရှိသော အမ္ဗဝန- သရက်တောသည် ရှိ၏၊ ထို သရက်တော၌ မြတ်စွာဘုရားသည် ရဟန်းငါးရာတို့နှင့်တကွ သီတင်းသုံးနေတော်မူ၏။

ထိုအခါ၌ ပေါက္ခရသာတိ ပုဏ္ဏားကြီး၏ တပည့် ဝါသေဋ္ဌ ပုဏ္ဏားနှင့် တာရုက္ခ- ပုဏ္ဏားကြီး၏ တပည့်- ဘာရဒွါဇပုဏ္ဏား, မိတ်ဆွေ နှစ်ဦးတို့သည် မိမိတို့၏ ဆရာဖြစ်သော ပုဏ္ဏားကြီးတို့နှင့် အတူတကွ အစိရဝတီ မြစ်ကမ်း, အိမ်တို့၌ နေကြကုန်၍ တနေ့ပတ်လုံး ဗေဒင်သုံးပုံတို့ကို သရဇ္ဈာယ်လျက် ညနေချမ်း အခါတွင် ရေချိုးရန် အချေ့ အရုံ အပေါ်အပေါင်းတို့နှင့်တကွ အစိရဝတီ မြစ်ရေအိမ်သို့ လာကြကုန်၏။

တနေ့လုံး ကြာမြင့်စွာ ထိုင်နေခြင်းဖြင့် ညောင်းညာခြင်းကို ပျောက်စေရန် ထိုအစိရဝတီ မြစ်ရေအိမ်၌ ငွေအဆင်းရှိသောသဲသောင်ပြင်၌ ခေါက်တုံ့ ခေါက်ပြန်, အညောင်းပြေ စင်္ကြန်သွား၍ နေကြကုန်၏။

ထိုသို့စင်္ကြန်သွားယင်း နှစ်ဦးသော မိတ်ဆွေ ပုဏ္ဏားတို့သည် အချင်းချင်း အလ္လာပ သလ္လာပအားဖြင့် စကားပြောရာမှ ဗြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းဟုတ်, မဟုတ်-ဟူသော စကားသည် ဖြစ်လာ၏။

ထိုသို့ ဖြစ်ရာ၌ ဝါသေဋ္ဌ ပုဏ္ဏားက မိမိဆရာပေါက္ခရသာတိ ပုဏ္ဏားကြီး ပြောဟောသော လမ်းသည်သာလျှင် ဗြဟ္မာပြည်သို့ ဖြောင့်စွာရောက်သော လမ်းဖြစ်၏-ဟူ၍ ပြောဆို၏။

ဘာရဒွါဇ ပုဏ္ဏားက မိမိဆရာဖြစ်သော တာရုက္ခပုဏ္ဏားကြီး ပြောဟောသော လမ်းသည် သာလျှင်-ဗြဟ္မာပြည်သို့ ဖြောင့်စွာရောက်သော လမ်းဖြစ်၏-ဟူ၍ ပြောဆို၏။

ထိုနှစ်ဦးသော ပုဏ္ဏားလုလင်တို့သည် အချင်းချင်း ငြင်းခုံ ပြောဆို၍ တယောက်ကို တယောက် မိမိဘက် လိုက်ပါအောင် ပြောဆို ငြင်းခုံခြင်းငှါ မတတ်နိုင်ကြကုန်။

ထိုအခါ၌ ဝါသေဋ္ဌ ပုဏ္ဏားလုလင်က ဘာရဒွါဇ ပုဏ္ဏားလုလင်ကို ဤသို့ ဆို၏။

အဆွေ ဘာရဒွါဇ၊ သာကီဝင် မင်းမျိုးမှ ရဟန်း ပြုသော ရဟန်း ဂေါတမသည် အစိရဝတီ၏ မြစ်ကမ်း, အမ္ဗဝန သရက်တော၌ ယခုသီတင်း သုံးတော်မူလျက်ရှိ၏၊ ထိုရဟန်းဂေါတမ အထံသို့ သွား၍ ထိုအကြောင်းကို လျှောက်ဘား မေးမြန်းကြပါစို့-ဟူ၍ ဆိုသောအခါ ကောင်းပြီ- လာ, ယခုပင် သွား၍ မေးလျှောက်ကြကုန်အံ့-ဟု ဘာရဒွါဇက ဆို၏။

နှစ်ဦးသော ပုဏ္ဏားလုလင်တို့သည် အတူတကွ လာကြကုန်၍ မြတ်စွာဘုရား အထံသို့ ရောက်သောအခါ ဝမ်းမြောက်စွာ စကားပြောကြကုန်ပြီး၍သင့်တင့်ရာ၌ ထိုင်နေကြကုန်၏။ (ရှိခိုးဝတ်ချကြောင်းကို မဆို။)

သင့်တင့်ရာ၌ ထိုင်နေသော ဝါသေဋ္ဌ ပုဏ္ဏားလုလင်သည် မြတ်စွာဘုရားကို ဤသို့ လျှောက်ကြား၏။

အရှင်ဂေါတမ၊ တပည့်တော်တို့သည် အညှောင်းပြေ စင်္ကြံသွားစဉ် လမ်းဟုတ်၊ လမ်းမဟုတ်-ဟူသော စကား ဖြစ်ပါကုန်၏၊ ထိုသို့ ဖြစ်ရာ၌ တပည့်တော်က-တပည့်တော်၏ ဆရာပေါက္ခရသာတိ ပုဏ္ဏားကြီး ပြောဟောသော လမ်းသည်သာလျှင် ဗြဟ္မာပြည်သို့ ရောက်သော လမ်းဖြောင့် ဖြစ်၏-ဟူ၍ ပြောဆိုပါ၏။

ဤဘာရဒွါဇ ပုဏ္ဏားလုလင်ကလည်း သူ၏ဆရာ တာရုက္ခ ပုဏ္ဏားကြီး ပြောသော လမ်းသည်သာလျှင် ဗြဟ္မာပြည်သို့ ဖြောင့်စွာရောက်သော လမ်းဖြစ်၏-ဟု ဆိုပါ၏၊ ဤသို့ဆိုကြရာ၌ ငြင်းခုံခြင်း နာနာဝါဒ စကားသည် ရှိပါ၏။ ဤသို့လျှောက်သည်ရှိသော်—

အချင်း ဝါသေဋ္ဌ၊ အသင်က ပေါက္ခရသာတိ ပုဏ္ဏားကြီး ပြောဟောသော လမ်းသည်သာလျှင် ဖြောင့်သောလမ်း ဖြစ်ကြောင်းကို ဆို၏၊ ဤဘာရဒွါဇလုလင်ကလည်း တာရုက္ခပုဏ္ဏားကြီး ပြောဟောသော လမ်းသည်သာလျှင် ဖြောင့်သောလမ်း-ဟူ၍ ဆို၏၊ ထိုသို့ ဆိုကြရာ၌ အဘယ်စကား၌ ငြင်းခုံခြင်း ဖြစ်သနည်း—ဟု မေးတော်မူ၏၊

အရှင်ဂေါတမ၊ လမ်းဟုတ်- လမ်းမဟုတ်-ဟူသော စကား၌ ငြင်းခုံခြင်း ဖြစ်ပါ၏၊ ဗြာဟ္မဏတို့သည် အထူးထူး အမျိုးမျိုးသော လမ်းတို့ကို ပညတ်ပြောဟောကြကုန်၏။ အဒ္ဓရိယပုဏ္ဏားတို့သည် လည်းကောင်း, တိတ္တိရိယပုဏ္ဏားတို့သည် လည်းကောင်း, ဆန္ဒောကာ ပုဏ္ဏားတို့သည် လည်းကောင်း, ဗဝှါရိဇ္ဈပုဏ္ဏားတို့သည် လည်းကောင်း အကယ်၍ အမျိုးမျိုးပြောဟောကြကုန်သော်လည်း ထိုပြောဟောသော လမ်းတို့သည် အတူတူပင်လျှင် ဗြဟ္မာပြည်သို့ ရောက်ကြကုန်၏။ အဘယ်သို့နည်း—ဟူမူကား....

ရွာနိဂုံး အနီး၌ရှိသော လမ်းတို့သည် အလုံးစုံပင်လျှင် ရွာနိဂုံးသို့ရောက်ကြကုန် သကဲ့သို့ ထိုပုဏ္ဏားတို့ ပြောဟောသော လမ်းတို့သည်လည်း အလုံးစုံပင်လျှင် ဗြဟ္မာပြည်သို့ ရောက်ကြကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဝါသေဋ္ဌ ပုဏ္ဏားလုလင် ဆိုသော စကားကို မြဲစွာကိုင် တော်မူ၍ —

အချင်း ဝါသေဋ္ဌ၊ ရောက်ကြကုန်၏- ဟူ၍ သင်ဆိုသလော? အရှင် ဂေါတမ၊ ရောက်ကြကုန်၏-ဟူ၍ တပည့်တော် ဆိုပါ၏။

ဝါသေဋ္ဌ၊ ရောက်ကြကုန်၏-ဟူ၍ သင်ဆိုသလော?

အရှင်ဂေါတမ၊ ရောက်ကြကုန်၏-ဟူ၍ တပည့်တော် ဆိုပါ၏။

ဝါသေဋ္ဌ၊ ရောက်ကြကုန်၏- ဟူ၍ သင်ဆိုသလော?

အရှင်ဂေါတမ၊ ရောက်ကြကုန်၏- ဟူ၍ တပည့်တော် ဆိုပါ၏။

ဝါသေဋ္ဌ၊ သင်ဆိုသော စကားကို သင်မြဲစွာ မှတ်လော့၊ သင်သည် ရောက်ကြကုန်၏-ဟူသော စကားကို ဆို၏။

အသို့နည်း ဝါသေဋ္ဌ၊ ဘေဝိဇ္ဇာ-ဟု ကျော်စောသော ပုဏ္ဏားတို့တွင် တယောက်သော ပုဏ္ဏားသည်လည်း ဗြဟ္မာကို မြင်ဘူးပါ၏လော? မမြင်ဘူးပါ အရှင်ဂေါတမ။

ထိုတေဝိဇ္ဇ ပုဏ္ဏားတို့၏ ဆရာ့ဆရာများသည်လည်း ဗြဟ္မာကို မြင်ဘူးပါ၏လော? မမြင်ဘူးပါ အရှင်ဂေါတမ။

ဝါသေဋ္ဌ၊ ထိုတေဝိဇ္ဇ ပုဏ္ဏားတို့၏ ခုနစ်ဆက်တိုင်သော ဆရာအဆက်ဆက်တို့သည် ဗြဟ္မာကို မြင်ဘူးပါ၏လော? မမြင်ဘူးပါ အရှင်ဂေါတမ။

ဝါသေဋ္ဌ၊ ထိုတေဝိဇ္ဇ ပုဏ္ဏားတို့ အဆင့်ဆင့်သင်ကြား ပို့ချ ဟောပြ၍ နေသော ဗေဒင်သုံးပုံတို့ကို စီရင်ကြကုန်သော အဋ္ဌက ရသေ့, ဝါမက-ရသေ့, ဝါမဒေဝ, ဝေဿာမိတ္တ, ယမတဂ္ဂိ, အင်္ဂီရသ, ဘာရဒွါဇ, ဝါသေဋ္ဌ, ကဿပ, ဘဂု ရသေ့အားဖြင့် ဤဆယ်ယောက်သော ရသေ့တို့က ငါတို့သည် ဗြဟ္မာကို သိပါကုန်၏၊ မြင်ပါကုန်၏- ဟူ၍ ပြောဆိုသော စကား ရှိပါသလော? မရှိပါ အရှင်ဂေါတမ။

ဝါသေဋ္ဌ၊ ထိုတေဝိဇ္ဇ ပုဏ္ဏားတို့တွင် ဗြဟ္မာကို မြင်ဘူးသောသူ တဦး တယောက်မှ မရှိပါဘဲနှင့် ဤလမ်းသည်သာလျှင် ဗြဟ္မာပြည်သို့ ဖြောင့်စွာ ရောက်သော လမ်းတည်း-ဟူ၍ ပြောဆိုကြကုန်၏။ ထိုတေဝိဇ္ဇ ပုဏ္ဏားတို့ ပြောဆိုသော စကားသည်မသိဘဲနှင့် အရမ်းမဲ့ပြောဆိုသော စကားဖြစ်သည် မဟုတ်လော၊ အရှင်ဂေါတမ၊ အရမ်းမဲ့ပြောဆိုသော စကားဖြစ်ပါတော့၏။

သာဓု- ဝါသေဋ္ဌ၊ ထိုတေဝိဇ္ဇ ပုဏ္ဏားတို့သည် မသိဘဲနှင့် အရမ်းမဲ့ပြောဆိုသော စကားဖြင့် ဗြဟ္မာပြည်သို့ ရောက်၏-ဟူ၍ ဆိုစရာ အကြောင်း မရှိ၊ ဗြဟ္မာပြည်သို့ မရောက်ဘူး-ဟူ၍သာလျှင် သင်မှတ်လေလော့။

ဥပမာအားဖြင့် ဆိုသည်ရှိသော် သူကန်းအဆက်ဆက်တို့သည် ရှေးက သူကန်းလည်း မမြင်၊ အလည် သူကန်းလည်း မမြင်၊ နောက်ဆုံးက သူကန်းလည်း မမြင်သကဲ့သို့တည်း။

## စတုဒီသာ ဇာ့ပ်ကြီးတွင် သူကန်း ငါးဆယ်ကျော်တို့ စုရုံး နေကြောင်း

ထိုသူကန်း ငါးဆယ်ကျော်တို့သည် ဈေးသွား-ဈေးလာ လူများစွာတို့၏ အထံမှ တဆုတ်ဘခဲနဲ့များမဟူ တောင်းယူစားသောက်၍ နေကြရာတွင် တယောက်သော သေသောက်ကြူးသည် ဤမည်သော နေရာ၌ ခဲဘွယ် ဘောဇဉ်တို့ကို လူဒါန်းကျေးမွေး စွန့်ကြဲ၍ နေကြောင်းနှင့် သူကန်းတို့ကို ပြောကြားလျှင် သူကန်းတို့က အကျွန်ုပ်တို့ကို ပေးကမ်းစွန့်ကြဲသော နေရာသို့ ရောက်အောင် ရှောဒုတ်ကို ဆွဲ၍ ပို့ပါလော့-ဟု ဆိုကြကုန်၏။

ထိုအခါ သေသောက်ကြူးသည် "ကောင်းပြီ" ထိုနေရာသို့ ငါရောက်အောင် ပို့အံ့။ သင်တို့သည် တယောက်၏ ခါးတောင်းကြိုက် ပုဆိုးစကို ဆွဲကိုင်၍ ထိုနောက်တယောက်, ထိုနောက်တယောက်, အခြင့်ဆင့်သော သူကန်း၏ ခါးတောင်းကြိုက် ပုဆိုးစကို ဆွဲကိုင်၍ လိုက်ခဲ့ကြလော့- ဟုဆို၍ ခေါ်ယူသွား၏၊

တခုသော ခြုံနားသို့ ရောက်သော အခါ ထိုခြုံကို ခြာခြာ လှည့်ပတ်၍ နောက်ဆုံး သူကန်း၏ ခါးတောင်းကြိုက် ပုဆိုးစကို ရှေ့ဆုံး သူကန်း၏ လက်ဖြင့် ဆွဲကိုင်စေ၍ ထိုသေသောက်ကြူးသည် တခြားသို့ ပြေးသွားလေ၏။

ထိုသူကန်း ငါးဆယ်ကျော်တို့သည် တယောက်၏ ခါးတောင်းကြိုက်ပုဆိုးစကို တယောက်က ဆွဲကိုင်၍ နေသော သူကန်းအဆက်ဆက်တို့သည် ခြုံကို ခြာခြာလည်၍နေကြကုန်၏၊ တနေ့လုံးသွားသော် လည်းကောင်း, တလလုံး သွားသော် လည်းကောင်း, တနှစ်လုံး သွားသော် လည်းကောင်း, တသက်လုံး သွားသော် လည်းကောင်း ထိုခြုံကို သာလျှင် ခြာခြာလည်၍ သွားကြရကုန်၏။ လမ်းမှန်ကို မရနိုင်ကြကုန်။

ထိုအတူပင်လျှင် ထိုတေဝိဇ္ဇ ပုဏ္ဏားတို့တွင် ရှေးက ပုဏ္ဏားတကျိပ်တို့သည်လည်း ဗြဟ္မာကို မမြင်ဘူးကုန်၊ ဘိုးဘေး ခုနစ်ဆက်တိုင်အောင်သော ပုဏ္ဏားတို့သည်လည်း မမြင်ဘူးကုန်၊ ယခုရှိသော တေဝိဇ္ဇ ပုဏ္ဏားတို့သည်လည်း, ဗြဟ္မာကိုမ မြင်ဘူးကြကုန်၊ ထိုသို့မမြင်ဘူးကြကုန်သော သူကန်း အဆက်ဆက်တို့ကဲ့သို့ လမ်းမှန်ကို မရနိုင်ကြကုန်။

ဗြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းကို မသိကြကုန်။ မသိကြကုန်ဘဲ ဤလမ်းသည် သာလျှင် ဗြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းတည်းဟူ၍ ပြောဆိုသော တေဝိဇ္ဇ ပုဏ္ဏားတို့၏ စကားသည် အရမ်းမဲ့ ပြောဆိုသော စကားဖြစ်၍ ရယ်ဘွယ်သာလျှင် ဖြစ်၏။

လာမက၊ ရိတ္တ၊ တုစ္ဆ-တို့ကို မြတ်သောသာသနာ၌ နှောင်ဖွဲ့ခြင်း-ဟူ၍လည်း ဆိုအပ်ကုန်၏၊ တုတ်ထားခြင်း-ဟူ၍လည်း ဆိုအပ်ကုန်၏။ ထို ကာမဂုဏ်ငါးပါးတို့ ဟူသည်ကား အဘယ်နည်း....

မျက်စိဖြင့် မြင်၍ သိအပ် ခံစားအပ် ကုန်သော အဆင်း တို့သည်လည်းကောင်း, နှာခေါင်းဖြင့် နံ၍ သိအပ် ခံစားအပ်ကုန်သောအနံ့ တို့သည်လည်းကောင်း, လျှာဖြင့်လျက်၍ သိအပ် ခံစားအပ်ကုန်သော အရသာတို့သည်လည်းကောင်း, ကိုယ်အင်္ဂါဖြင့်ထိ၍ သိအပ် ခံစားအပ်ကုန်သော အထိတို့သည်လည်းကောင်း, လိုချင်စရာ၊ နှစ်သက်စရာ၊ မြတ်နိုးစရာ၊ ချစ်ခင်ဘွယ်ရာ၊ ကာမနှင့်စပ်ယှက်၍ တပ်မက်စရာ ဖြစ်ကုန်၏။

ဝါသေဋ္ဌ၊ ဤကာမဂုဏ် ငါးပါးတို့ကို မြတ်သော သာသနာတော်၌ နှောင်ဖွဲ့ခြင်း-ဟူ၍လည်း ဆိုအပ်ကုန်၏။ တုတ်ထားခြင်း-ဟူ၍လည်း ဆိုအပ်ကုန်၏။ ဤကာမဂုဏ် ငါးပါးတို့ကို တေဝိဇ္ဇ ပုဏ္ဏားတို့သည် တွေဝေမူးမေ့ သက်ဝင်၍လျှင် ပြစ်ပမြင်ဘဲ အာရုံစွဲလျက် လူးလဲပျော်ပါး ခံစားကြကုန်၏၊

ထိုတေဝိဇ္ဇပုဏ္ဏားတို့သည် ဤကာမဂုဏ်ငါးပါး တည်းဟူသော နှောင်ဖွဲ့ခြင်း, တုတ်ထားခြင်းဖြင့် နှောင်ဖွဲ့တုတ်ထားလျက် နေသောကြောင့် သေသည်မှ နောက်၌ ဗြဟ္မာပြည်သို့ ရောက်လိမ့်မည်-ဟူ၍ ဆိုဖွယ်ရာအကြောင်း မရှိ၊

ဝါသေဋ္ဌ၊ ဥပမာ တနည်းသော်ကား....ဤအစိရဝတီမြစ်၏ ဤမှာကမ်း၌ ဦးခေါင်းနှင့်တကွ အလုံးစုံ ခေါင်းမြီးခြုံ၍ အိပ်နေသော ယောကျာ်းသည် ထိုမှာဘက်ကမ်းသို့ ရောက်ပါမည်လော?။ မရောက်နိုင်ပါ အရှင်ဂေါတမ။

ဝါသေဋ္ဌ၊ ထိုအတူပင်လျှင် မြတ်သော သာသနာတော်၌ နီဝရဏတရား ငါးပါးတို့ကို ခေါင်းမြီးခြုံ-ဟူ၍လည်း ဆိုအပ်ကုန်၏၊ အဖုံး အကာ အမှေး အရှက်-ဟူ၍လည်း ဆိုအပ်၏၊ထိုနီဝရဏတရား ငါးပါးတို့သည် အဘယ်နည်း-ဟူမူကား....

၁။ ကာမကိုအလိုရှိ၍ နေခြင်း, ကာမစ္ဆန္ဒနီဝရဏလည်းတပါး၊

၂။ စိတ်ဆိုးသိုခြင်း ဗျာပါဒ နီဝရဏလည်းတပါး၊

၃။ ငိုက်မျဉ်း ပျင်းရိခြင်း၊ ထိနမိဒ္ဓနီဝရဏလည်းတပါး၊

၄၊ စိတ်မငြိမ်သက်၊ ရောက်ရက်ခပ်အောင် ပြန့်လွင့်ခြင်း ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏလည်းတပါး၊

၅။ မသိဝိုးဝါး၊ ယုံမှားတွေးတော၊ သို့လောသို့လော၊ သဘောမမိ၊ ယတိမပြတ်၊ မဆုံးဖြတ်နိုင်ခြင်း ဝိစိကိစ္ဆာ နီဝရဏလည်းတပါး။

ဤငါးပါးသော နီဝရဏ တရားတို့ဖြင့် မဟုတ်မဟပ် အဟုတ်မှတ်ဖို့၊ ပါးစပ်အားတိုင်း အလကား အချိန်နှီးပြောဆိုသော စကားသာဖြစ်၏၊

ဝါသေဋ္ဌ၊ အဘယ်သို့ မှတ်ထင်သနည်း? ဤ-လ-နေတို့ကို ထိုတေဝိဇ္ဇ ပုဏ္ဏားတို့သည်လည်းကောင်း, တပါးသောလူအများတို့သည် လည်းကောင်း, မြင်ကြသည်မဟုတ်လော?။ မြင်ကြပါကုန်၏ အရှင်ဂေါတမ။

ဝါသေဋ္ဌ၊ အဘယ်သို့ထင်မှတ်သနည်း? ဤ-လ-နေ-တို့တွင် လထွက်သည် ကိုလည်းကောင်း, ဝင်သွားသည်ကို လည်းကောင်း, မြင်ကြပါကုန်လျက် ထို-လ-နေ-တို့၏ နေရာသို့ ရောက်ကြောင်းလမ်းကို တေဝိဇ္ဇ ပုဏ္ဏားတို့သည် ပြောကြားနိုင်ပါသလော။ မပြောကြားနိုင်ပါ အရှင်ဂေါတမ။

ဝါသေဋ္ဌ၊ ထိုတေဝိဇ္ဇ ပုဏ္ဏားတို့သည် ပကတိမျက်စိဖြင့်ပင်လျှင် အထင်အရှား မြင်ကြကုန်သော-လ-နေ-တို့၏ နေရာသို့ ရောက်ကြောင်းလမ်းကိုမှ မပြောကြားနိုင်ဘဲနှင့် သူကဏ်းအဆက်ဆက်တို့ကဲ့သို့ ဗြဟ္မာကို မမြင်ဘူးပါဘဲနှင့် "ဤလမ်းသည်သာလျှင် ဗြဟ္မာပြည်သို့ရောက်ကြောင်း လမ်းတည်း" ဟူ၍ တေဝိဇ္ဇပုဏ္ဏားတို့ ပြောဆိုသော စကားသည် အရမ်းမဲ့ ပြောဆိုသော စကားမဟုတ်ပါလော။ အရမ်းမဲ့ ပြောဆိုသော စကား ဖြစ်ပါတော့သည် အရှင်ဂေါတမ။

သာဓု-ဝါသေဋ္ဌ၊ တေဝိဇ္ဇပုဏ္ဏားတို့သည် မိမိမမြင်ဘူးသော ဗြဟ္မာပြည်သို့ ဤလမ်းသည်သာလျှင် ဖြောင့်စွာရောက်ကြောင်း လမ်းတည်း-ဟူ၍ ပြောဆိုသောစကားဖြင့် ရောက်စရာအကြောင်းမရှိ။

ထိုပုဏ္ဏားတို့ ပြောဆိုသော စကားဖြင့် ဗြဟ္မာပြည်သို့ မရောက်နိုင်ဘူး-ဟူ၍သာလျှင် မှတ်လေလော့။

ဝါသေဋ္ဌ၊ ဥပမာ တနည်းသော်ကား-တစုံတယောက်သောယောကျ်ား သည် ဇနပဒကလျာဏီကို အလိုရှိ၏-ဟူ၍ ပြောဆိုရာ၏။ ထိုယောကျ်ားကို တပါးသောသူတို့က "အချင်းယောကျ်ား ဇနပဒကလျာဏီကို သင်အလို ရှိသည်-ဟူ၍ ပြော၏။ ထိုဇနပဒကလျာဏီကို သင်သိ၏လော။ ထိုဇနပဒ

ကလျာဏီသည် မင်းသမီးလော။ ပုဏ္ဏားသမီးလော။ သူဌေးသမီးလော။ သူကြွယ်သမီးလော။ သူဆင်းရဲသမီးလော။''

ဤသို့မေးသည်ရှိသော် ''မသိဘူး''-ဟူ၍ ဆိုငြားအံ့။ ထိုဇနပဒကလျာဏီသည် အဘယ်အရပ်၌ နေသနည်း။ မြို့၌နေသလော။ နိဂုံး၌နေသလော။ ရွာ၌နေသလော။ ဤသို့ မေးသည်ရှိသော် ''မသိဘူး''-ဟူ၍ ဆိုရာ၏။

အချင်းယောကျ်ား ဇနပဒကလျာဏီကို မမြင်ဘဲ, မသိဘဲနှင့် သင်အလိုရှိ၍ နေသလော။ ဤသို့ မေးသည်ရှိသော်-ဟုတ်ပါ၏-ဟူ၍ ဆိုပြန်၏၊ ထိုယောကျ်ားသည် ဇနပဒ ကလျာဏီကို မမြင်ဘူး, မသိဘူး ပါဘဲနှင့် ''အလိုရှိ၏''-ဟူ၍ ပြောဆိုသော စကားသည် အရမ်းမဲ့ အလကား ပြောဆိုသောစကား မဟုတ်ပါလော?။ အရမ်းမဲ့ အလကား ပြောဆိုသောစကား ဖြစ်ပါတော့သည် အရှင်ဂေါတမ။

ထို့အတူပင်လျှင် ထိုတေဝိဇ္ဇပုဏ္ဏားတို့သည် ဘိုးဘေးအစဉ်အလာ-ဆရာအဆက်ဆက်တို့သော်မှ မမြင်ဘူး, မသိဘူးပါဘဲနှင့် ဗြဟ္မာပြည်သို့ ရောက်ကြောင်းလမ်းကို ပြောဆိုသော စကားသည်လည်း အရမ်းမဲ့ ပြောဆိုသောစကား မဟုတ်လော။ အရမ်းမဲ့ပြောဆိုသောစကား ဖြစ်ပါတော့သည် အရှင်ဂေါတမ။

သာဓု-ဝါသေဋ္ဌ၊ ထိုတေဝိဇ္ဇပုဏ္ဏားတို့သည် ဗြဟ္မာကို မမြင်ဘူးပါဘဲနှင့် ''ဤလမ်းသည်သာလျှင် ဗြဟ္မာပြည်သို့ရောက်ကြောင်း လမ်းတည်း''-ဟူ၍ ကိုယ်တိုင်သိသကဲ့သို့ ပြောဆိုသော စကားဖြင့် ဗြဟ္မာပြည်သို့ ရောက်စရာအကြောင်းမရှိ၊ မရောက်ဘူးဟူ၍ မှတ်လေလော့။

ဝါသေဋ္ဌ၊ ထိုအတူပင်လျှင် တေဝိဇ္ဇပုဏ္ဏားတို့သည် ဘိုးဘေးအစဉ်အလာဆရာအဆက်ဆက်တို့မှ မမြင်ဘူးပါဘဲနှင့်၊ ဤလမ်းသည်သာလျှင် ဗြဟ္မာပြည်သို့ ရောက်ကြောင်းလမ်းတည်း-ဟူ၍ ပြောဆိုသောစကားသည် ဘာမှန်းမသိဘဲ အရမ်းမဲ့အလကား ပြောဆိုသော စကားဖြစ်သည်မဟုတ်လော။ အရမ်းမဲ့ပြောဆိုသောစကား ဖြစ်ပါတော့သည် အရှင်ဂေါတမ။

သာဓု-ဝါသေဋ္ဌ၊ ထိုတေဝိဇ္ဇပုဏ္ဏားတို့သည် မသိမမြင်ပါဘဲနှင့် ''ဤလမ်းသည်သာလျှင် ဗြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းတည်း''-ဟူ၍ ပြောဆိုသော စကားဖြင့် ဗြဟ္မာပြည်သို့ရောက်စရာ အကြောင်းမရှိ၊ မရောက်ဘူး-ဟူ၍သာလျှင် မှတ်လေလော့။

ဝါသေဋ္ဌ၊ ဥပမာ တနည်းသော်ကား-ဤငါတို့၏အနီးတွင် စီးသွားလျက်နေသော အစိရဝတီမြစ်သည် ကမ်းနှုန်နေ၍ ကျီးငှက် သောက်နိုင်လောက်အောင် ကမ်းလုံးမောက်လန်၊ ရေပြည့်လျှံလျက်နေ၏။ ထိုအစိရဝတီမြစ်၏

ထိုမှာဘက်ကမ်းသို့ ကူးသွားလိုသော ယောကျ်ားသည် ဤမှာဘက်ကမ်းမှ ရပ်နေလျက် ထိုမှာဘက်ကမ်းကို လှမ်း၍ခေါ်ရာ၏။ ခေါ်ပုံကား-

အို- ဟိုမှာဘက်ကမ်းရဲ့၊ ဤအကျွန်ုပ်ဆီသို့ လာခဲ့ပါလော၊ ဤသို့ ခေါ်ငြားအံ့၊ ထိုယောကျ်ားခေါ်ခြင်းကြောင့် ထိုမှာဘက်ကမ်းသည် ဤမှာဘက်ကမ်းသို့ လာရောက်မည်လော ? မလာရောက်ပါ အရှင်ဂေါတမ။

ဝါသေဋ္ဌ၊ ထိုအတူပင်လျှင် တေဝိဇ္ဇ ပုဏ္ဏားတို့သည် ဗြဟ္မဏဖြစ်ကြောင်း တရားကောင်းတို့ကို ပယ်ရှား၍ ဗြဟ္မဏ မဖြစ်ကြောင်း မကောင်းသော တရားတို့ကို ကျင့်ကုန်လျက် ဤသို့ ဆိုကြကုန်၏၊ ဤသို့ ခေါ်ကြကုန်၏၊ ခေါ်ပုံကား-

ဣန္ဒြဗြဟ္မာမင်းကို ခေါ်ပါကုန်၏၊ သောမဗြဟ္မာမင်းကို ခေါ်ပါကုန်၏၊ ပဇာပတိဗြဟ္မာမင်းကို ခေါ်ပါကုန်၏၊ မဟိဒ္ဓိဗြဟ္မာမင်းကို ခေါ်ပါကုန်၏၊ ယမဗြဟ္မာမင်းကို ခေါ်ပါကုန်၏၊ ဤသို့ ခေါ်ဆိုကြကုန်၏။

ဝါသေဋ္ဌ၊ ထိုတေဝိဇ္ဇ ပုဏ္ဏားတို့သည် ထိုသို့ ခေါ်ခြင်း, တောင်းပန်ခြင်း, တောင့်တခြင်း တည်းဟူသော အကြောင်းကြောင့် သေသည်မှ နောက်၌ ဗြဟ္မာပြည်သို့ ရောက်၏-ဟူ၍ ဆိုစရာအကြောင်း မရှိ၊ ထိုကဲ့သို့ ခေါ်ရုံ, တောင်းပန်ရုံ, တောင့်တရုံ မျှဖြင့် ဗြဟ္မာပြည်သို့ မရောက်ဘူး- ဟူ၍ မှတ်လေလော့။

ဝါသေဋ္ဌ၊ ဥပမာ တနည်းသော်ကား.... ဤဂါတို့၏ အနီး၌ စီးသွားလျက် ရှိသော အစိရဝတီ မြစ်၏ ဤမှာဘက်ကမ်း၌ လက်ပြန် ကြိုး ဖွဲ့ချည်၍ မြဲခိုင်စွာတုပ်ထားသော ယောကျ်ားသည် ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ ကူးသွားနိုင်မည်လော၊ မကူးသွားနိုင်ပါ အရှင်ဂေါတမ။

ဝါသေဋ္ဌ၊ ထို့အတူ ပင်လျှင် ကာမဂုဏ် ငါးပါးတို့ကို မြတ်သော သာသနာတော်၌ နှောင်ဖွဲ့ခြင်း-ဟူ၍လည်း ဆိုအပ်ကုန်၏၊ တုတ်ထားခြင်း- ဟူ၍လည်း ဆိုအပ်ကုန်၏။

ထိုကာမဂုဏ်ငါးပါးတို့- ဟူသည်ကား အဘယ်နည်း ...

၁။ မျက်စိဖြင့် မြင်၍ သိအပ်, ခံစားအပ်ကုန်သော အဆင်းတို့သည် လည်းကောင်း၊

၂။ နားဖြင့် ကြား၍ သိအပ်, ခံစားအပ် ကုန်သော အသံတို့သည် လည်းကောင်း၊

၃။ နှာခေါင်းဖြင့် နံ၍ သိအပ်, ခံစားအပ်ကုန်သော အနံ့တို့သည် လည်းကောင်း၊

၄။ လျှာဖြင့် လျက်၍ သိအပ်, ခံစားအပ်ကုန်သော အရသာတို့သည် လည်းကောင်း၊

၅။ ကိုယ်အင်္ဂါဖြင့် ထိ၍ သိအပ်, ခံစား အပ်ကုန်သော အထိတို့သည် လည်းကောင်း ဖြစ်ပါကုန်၏။

လိုချင်စရာ, နှစ်သက်စရာ, မြတ်နိုးစရာ, ချစ်ခင်ဘွယ်ရာ ကာမနှင့် စပ်ယှက်၍ တပ်မက်စရာ ဖြစ်ကုန်၏။

ဝါသေဋ္ဌ၊ ဤကာမဂုဏ် ငါးပါးတို့ကို မြတ်သော သာသနာတော်၌ နှောင်ဖွဲ့ခြင်း- ဟူ၍လည်း ဆိုအပ်ကုန်၏၊ တုတ်ထားခြင်း- ဟူ၍လည်း ဆိုအပ်ကုန်၏၊ ဤကာမဂုဏ် ငါးပါးတို့ကို တေဝိဇ္ဇ ပုဏ္ဏားတို့သည် တွေဝေ မူးမေ့, သက်ဝင်၍လျှင် ပြစ်မမြင်ဘဲ အာရုံစွဲလျက် လှူးလဲ ပျော်ပါး ခံစား ကြကုန်၏။

ထိုတေဝိဇ္ဇ ပုဏ္ဏားတို့သည် ဤကာမဂုဏ် ငါးပါးတည်းဟူသော နှောင်ဖွဲ့ခြင်း, တုတ်ထားခြင်းဖြင့် နှောင်ဖွဲ့ တုတ်ထားလျက် နေသောကြောင့် သေသည်မှ နောက်၌ ဗြဟ္မာပြည်သို့ ရောက်လိမ့်မည်-ဟူ၍ ဆိုစရာအကြောင်း မရှိ။

ဝါသေဋ္ဌ၊ ဥပမာ တနည်းသော်ကား- ဤအစိရဝတီမြစ်၏ ဤမှာ ဘက်ကမ်း၌ ဦးခေါင်းနှင့် တကွ အလုံးစုံ ခေါင်းမီး ခြုံ၍ အိပ်နေသော ယောကျ်ားသည် ဟိုမှာဘက်ကမ်းသို့ ရောက်ပါမည်လော၊ မရောက်နိုင်ပါ အရှင်ဂေါတမ။

ဝါသေဋ္ဌ၊ ထိုအတူပင်လျှင် မြတ်သော သာသနာတော်၌ နီဝရဏတရား ငါးပါးတို့ကို ခေါင်းမီးခြုံ-ဟူ၍လည်း ဆိုအပ်ကုန်၏။ အဖုံး အကာ အမှေး အယှက်-ဟူ၍လည်း ဆိုအပ်ကုန်၏။ ထိုနီဝရဏ တရား ငါးပါးတို့သည် အဘယ်နည်း- ဟူမူကား-

၁။ ကာမကို အလိုရှိ၍နေခြင်း, ကာမစ္ဆန္ဒ, နီဝရဏလည်း တပါး၊

၂။ စိတ်ဆိုးလိုခြင်း, ဗျာပါဒ နီဝရဏလည်း တပါး၊

၃။ ငိုက်မှိန်း,ပျင်းရိခြင်း, ထိနမိဒ္ဓ နီဝရဏလည်း တပါး၊

၄။ စိတ်မငြိမ်သက်, ရောက်ရက်ခတ်အောင် ပြန့်လွင့်ခြင်း, ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏလည်း တပါး၊

၅။ မသိဝိုးဝါး ယုံမှားတွေးတော သို့လောသို့လော၊ သဘောမဝိ၊ ယတိ မပြတ်၊ မဆုံးဖြတ် နိုင်ခြင်း၊ ဝိစိကိစ္ဆာ နီဝရဏလည်း တပါးတည်း၊

ဤငါးပါးသော နီဝရဏ တရားတို့ဖြင့် မှေးယှက် ဖုံးရုံ ခေါင်းမြီးခြုံ၍ နေကြကုန်သော တေဝိဇ္ဇပုဏ္ဏားတို့သည် သေသည်မှ နောက်၌ ဗြဟ္မာပြည်သို့ ရောက်လိမ့်မည်-ဟူ၍ ဆိုစရာအကြောင်း မရှိ။

ဝါသေဋ္ဌ၊ အသက်ကြီး- အရွယ်ကြီး၊ ဆရာ့ဆရာ ပုဏ္ဏားကြီးတို့၏ ပြောဆိုသော စကားကို သင်အဘယ်သို့ ကြားဘူးသနည်း၊ ဗြဟ္မာသည် မိန်းမ သိမ်းယူခြင်း ရှိသလော၊ မရှိသလော။ မိန်းမသိမ်းယူခြင်း မရှိပါ အရှင်ဂေါတမ။

ရန်ခိုက်ဒေါသ ရှိသလော၊ မရှိသလော၊ ရန်ခိုက်ဒေါသ မရှိပါ အရှင် ဂေါတမ။

ထိနမိဒ္ဓဗျာပါဒဖြင့် ကြောင့်ကြ ငိုက်မှိန်းခြင်း ရှိသလော၊ မရှိသလော၊ ကြောင့်ကြငိုက်မှိန်းခြင်း မရှိပါ အရှင်ဂေါတမ။

ညစ်နွမ်းပုံ့လွင့်သော စိတ်ရှိသလော၊ မရှိသလော၊ ညစ်နွမ်း ပုံ့လွင့်သော စိတ်မရှိပါ အရှင်ဂေါတမ။

ဗြဟ္မာသည် ဝိစိကိစ္ဆာတရားဖြင့် ယုံမှားတွေးတော စိတ်သဘောကို မိမိအလိုသို့ လိုက်စေနိုင်သလော၊ မလိုက်စေနိုင်သလော၊ စိတ်သဘောကို မိမိအလိုသို့ လိုက်စေနိုင်ပါသည် အရှင်ဂေါတမ။

ဝါသေဋ္ဌ၊ ထိုတေဝိဇ္ဇ ပုဏ္ဏားတို့သည် မိန်းမသိမ်းယူခြင်း ရှိသလော၊ မရှိသလော၊ မိန်းမသိမ်းယူခြင်း ရှိပါသည် အရှင်ဂေါတမ၊

ရန်ခိုက်ဒေါသ ရှိသလော၊ မရှိသလော၊ ရန်ခိုက်ဒေါသ ရှိပါသည် အရှင်ဂေါတမ။

ထိနမိဒ္ဓ-ဗျာပါဒဖြင့် ကြောင့်ကြငိုက်မှိန်းခြင်း ရှိသလော၊ မရှိသလော၊ ကြောင့်ကြငိုက်မှိန်းခြင်း ရှိပါသည် အရှင်ဂေါတမ။

ညစ်နွမ်း ပုံ့လွင့်သော စိတ်ရှိသလော၊ မရှိသလော၊ ညစ်နွမ်း ပုံ့လွင့်သော စိတ်ရှိပါသည် အရှင်ဂေါတမ။

ထိုတေဝိဇ္ဇ ပုဏ္ဏားတို့အား ဝိစိကိစ္ဆာတရားဖြင့် ယုံမှားတွေးတော စိတ်သဘောကို မိမိအလိုသို့ လိုက်စေနိုင်သလော၊ မလိုက်စေနိုင်သလော။

ထိုတေဝိဇ္ဇ ပုဏ္ဏားတို့သည် ဝိစိကိစ္ဆာတရားဖြင့်ယှဉ်မှားတွေးတော စိတ်သဘောကို မိမိအလိုသို့မလိုက်စေနိုင်ပါ၊ ထိုပုဏ္ဏားတို့သည် စိတ်၏အလိုသို့သာ လိုက်ကြရပါကုန်၏ အရှင်ဂေါတမ။

ဝါသေဋ္ဌ၊ ထိုတေဝိဇ္ဇ ပုဏ္ဏားတို့သည် မိန်းမသိမ်းယူကုန်၏။ ဗြဟ္မာသည် မိန်းမသိမ်းယူခြင်း မရှိ။ မိန်းမသိမ်းယူခြင်း ရှိသော ပုဏ္ဏားတို့အား မိန်းမ သိမ်းယူခြင်း မရှိသော ဗြဟ္မာနှင့် ညီညွတ် သင့်မြတ် ပါ၏လော၊ မညီညွတ် မသင့်မြတ်နိုင်ပါ အရှင်ဂေါတမ။

သာခု-ဝါသေဋ္ဌ၊ ထိုမိန်းမ သိမ်းယူခြင်း ရှိသော တေဝိဇ္ဇ ပုဏ္ဏားတို့ သည် သေသည်မှ နောက်၌ မိန်းမသိမ်းယူခြင်း မရှိသော ဗြဟ္မာ၏ အထံသို့ ရောက်၍ ဖြစ်လိမ့်မည်-ဟူသောစကားကို ဆိုစရာအကြောင်း မရှိ။ (လ)။

ရန်ခိုက်ဒေါသ ရှိသော တေဝိဇ္ဇ ပုဏ္ဏားတို့သည် သေသည်မှ နောက်၌ ရန်ခိုက်ဒေါသ မရှိသော ဗြဟ္မာ၏ အထံသို့ ရောက်လိမ့်မည်-ဟူ၍ ဆိုစရာ အကြောင်း မရှိ။ (လ)။

ဝိစိကိစ္ဆာတရားဖြင့် ယှဉ်မှားတွေးတော စိတ်သဘောကို မိမိအလိုသို့မလိုက် စေနိုင်သော တေဝိဇ္ဇ ပုဏ္ဏားတို့သည် စိတ်သဘောကို မိမိအလိုသို့ လိုက်စေ နိုင်သော ဗြဟ္မာ၏အထံသို့ ရောက်လိမ့်မည်-ဟူ၍ ဆိုစရာအကြောင်း မရှိ။

ဝါသေဋ္ဌ၊ ထိုတေဝိဇ္ဇ ပုဏ္ဏားတို့သည် ဗြဟ္မာပြည်သို့ ရောက်ကြောင်း ဖြစ်သော လမ်းမဟုတ်ပါကဲနှင့် ဗြဟ္မာပြည်သို့ ရောက်ကြောင်း ဖြစ်သော လမ်းတည်းဟု မတ်ဆင်လျက် လမ်းလွဲသို့ သွား၍ ညွန်ထဲ၌ နစ်မြုပ်သကဲ့သို့ နစ်မြုပ်ကြကုန်၏၊ နစ်မြုပ်ကုန်ပြီး၍ ပျက်စီးခြင်းသို့ ရောက်ကြကုန်၏၊ ရေမရှိသော သောင်ပြင်ထည်း၌ နေပူပြင်းလှ၍ အခိုးထသဖြင့် လှုပ်ကြွ ရွေ့ရှား, ရေစီးသွားသကဲ့သို့ ရိပ်ရိပ်, ရိပ်ရိပ်, လှုပ်ရှား၍ နေသော တံလျှပ် ကို ရေအောင် မှတ်၍ လက်ပြစ်ကူးသွားသော ယောကျ်ားကဲ့သို့ အခြောက် တိုက် ကူးခပ်၍ နေကြကုန်၏။

ထို့ကြောင့် တေဝိဇ္ဇ ပုဏ္ဏားတို့၏ ပြောဟောသော ဗြဟ္မာပြည်ရောက် ကြောင်း စကားကို "တေဝိဇ္ဇာ တောရှုတ်ကြီး"- ဟူ၍ ဆိုအပ်ကုန်၏၊ "တေဝိဇ္ဇာ ချုံပိတ်ပေါင်းကြီး"- ဟူ၍လည်း ဆိုအပ်ကုန်၏၊ "တေဝိဇ္ဇာ ပျက်စီးခြင်း"ဟူ၍လည်း ဆိုအပ်ကုန်၏။

ဤသို့ မြတ်စွာဘုရား ဟောတော်မူသည် ရှိသော် ဝါသေဋ္ဌ ပုဏ္ဏား လုလင်သည် မြတ်စွာဘုရားကို ဤသို့ မေးလျှောက်၏။

အရှင်ဂေါတမ၊ ရဟန်းဂေါတမသည် ဗြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းကို သိတော်မူ၏-ဟူ၍ တပည့်တော် ကြားဘူးပါ၏။

ဝါသေဋ္ဌပုဏ္ဏား အဘယ်သို့ ထင်သနည်း။ မနသာကဋရွာသည် ဤသရက် ဥယျာဉ်မှ နီးသည် မဟုတ်လော၊ ဤ သရက်ဥယျာဉ်မှ မဝေးသော အရပ်၌ မနသာကဋ ရွာရှိသည် မဟုတ်လော၊ ဟုတ်ပါသည် အရှင်ဂေါတမ ဤသရက်ဥယျာဉ်မှ မနသာကဋ ရွာသည် နီးပါ၏၊ အဝေး၌ မဟုတ်ပါ။

အသို့နည်း ဝါသေဋ္ဌ၊ ဤမနသာကဋ ရွာ၌ မွေးဖွား၍ ကြီးပြင်း လာသော ယောကျ်ားသည် ထိုမနသာကဋ ရွာမှ ထိုခဏ ဖဲသွားသော အခါ လမ်းခရီးအကြား၌ တွေ့သော သူက မနသာကဋ ရွာသို့ ရောက်နိုင် သော လမ်းကို မေးငြားအံ့။ ထိုမနသာကဋ ရွာ၌ မွေးဖွား၍ ကြီးပြင်း လာသော ယောကျ်ားသည် မနသာကဋ ရွာသို့ ရောက်နိုင်သော လမ်းကို ပြောရာ၌ နှုတ်နှေး လေးလံခြင်း ရှိမည်လော၊ နှုတ်နှေး လေးလံခြင်း မရှိ နိုင်ပါ အရှင်ဂေါတမ၊ အဘယ့်ကြောင့်နည်း။

အရှင်ဂေါတမ ဤ မနသာကဋ ရွာ၌ မွေးဖွား၍ ကြီးပြင်းလာသော ယောကျ်ားသည် မနသာကဋရွာ၌ ရှိသမျှ လမ်းတို့ကို အလုံးစုံ ကောင်းစွာ သိပါ၏။

ဝါသေဋ္ဌ၊ မနသာကဋ ရွာ၌ မွေးဖွား၍ ကြီးပြင်းလာသော ယောကျ်ား သည် မနသာကဋ ရွာသို့ ရောက်နိုင်သော လမ်းကို ပြောကြားရာ၌ နှုတ်နှေး လေးလံခြင်း ရှိရာသေး၏၊ ဗြဟ္မာပြည်ကို လည်းကောင်း, ဗြဟ္မာပြည်သို့ ရောက်ကြောင်းလမ်းကို လည်းကောင်း, ပြောကြားရာ၌ ငါဘုရားသည် နှုတ်နှေး လေးလံခြင်း မရှိသည် သာတည်း။

ဝါသေဋ္ဌ၊ ငါဘုရားသည် ဗြဟ္မာကိုလည်း သိ၏၊ ဗြဟ္မာပြည် ကိုလည်း သိ၏၊ ဗြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းကိုလည်း သိ၏။ ထိုလမ်းအတိုင်း သွား၍ ဗြဟ္မာပြည်သို့ ရောက်သော သူကိုလည်း ငါဘုရား သိတော်မူ၏။

ဤသို့ မြတ်စွာဘုရား ဟောတော်မူသည် ရှိသော် ဝါသေဋ္ဌပုဏ္ဏား လုလင်သည် မြတ်စွာဘုရားကို ဤသို့ လျှောက်ကြား၏။

အရှင် ဂေါတမ၊ ''ရဟန်းဂေါတမသည် ဗြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းကို ဟောကြားတော်မူ၏''-ဟူသော စကားကို တပည့်တော် ကြားဘူး ပါသည်။

တောင်းပန်ပါ၏၊ အရှင်ဂေါတမသည် တပည့်တော်တို့အား မြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းကို ဟောကြားတော်မူ ပါလော့၊ အရှင်ဂေါတမသည် ပုဏ္ဏား သူငယ်များကို ထုတ်ဆယ် ကယ်တင်တော်မူပါလော့။

ဝါသေဋ္ဌ၊ ယင်းသို့ ဖြစ်သော် နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ငါဘုရား ဟောကြားတော်မူအံ့။

ကောင်းပါပြီ၊ အရှင်ဂေါတမ–ဟု ဆို၍ ဝါသေဋ္ဌ ပုဏ္ဏားလုလင်သည် မြတ်စွာဘုရား၏ စကားတော်ကို နားထောင်၍ နေ၏၊ မြတ်စွာဘုရားသည် ဤသို့ ဟောဘော်မူ၏။

> ဣဓ ဝါသေဋ္ဌ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ။ လ ။

အစ၌သည်ဖြင့် ဟောရိုးအစဉ် ဖြစ်သော ဒေသနာတော်ကို အဇာတသတ်မင်းအား ဟောကြား သကဲ့သို့ သာမည ဖလသုတ် အတိုင်း စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ တို့ကို ခွဲ၍ ဟောတော် မူပြီးလျှင် –

> ဧဝံ ခေါ ဝါသေဋ္ဌ ဘိက္ခု သီလသမ္ပန္နော ဟောတိ –

ဟူ၍ သီလ ပြည့်စုံသော ရဟန်း အဖြစ်ကို ဟောပြတော် မူပြီးမှ ဣန္ဒြိယ သံဝရ, သန္တုဋ္ဌိ, သတိ သမ္ပဇည တို့ကို ဟောပြတော်မူ၏။

ထို သီလသံဝရ, သန္တုဋ္ဌိ, သတိသမ္ပဇညနှင့် ပြည့်စုံသော ရဟန်းသည် ဆိတ်ငြိမ်ရာ တောကျောင်း, တောင်ကျောင်း ပံ့ပေါင်းဂနိုင်၊ ရိပ်မြုံ အေးစွာ လူရှင်းရာ၌ ကောင်းစွာ ဝင်ရောက် နေထိုင်၍။

(ပရိမုခံ သတိံ ဥပဋ္ဌပေတွာ) မိန့်မှာ မြွက်ဟ ကျင့်နည်းကို ပြ၍ နီဝရဏ ကင်းကြောင်းတို့ကို ဟောတော်မူသတည်း။

မိမိ၏ စိတ်အစဉ်၌ နီဝရဏ ကင်းကွာအောင် ငြိမ်းကြောင်းကို သိမြင်သော ရဟန်းအား ဝမ်းမြောက်ခြင်း ဖြစ်၏၊ ဝမ်းမြောက်ခြင်း ဖြစ်သောသူအား နှစ်သက်ခြင်း ဖြစ်၏၊ နှစ်သက်သော စိတ်ဖြင့် ရဟန်း၏ ကိုယ်စိတ်သည် ငြိမ်းအေး၏၊ ကိုယ်စိတ် ငြိမ်းအေးစွာသော ရဟန်းသည် ချမ်းသာ၏၊ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။

## ဗြဟ္မာပြည် ရောက်ကြောင်းလမ်းကို ဟောတော်မူကြောင်း

ထိုသို့ စိတ်တည်ကြည်သော ရဟန်းသည် မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာအဖို့သို့ ပျံ့နှံ့၍ နေ၏၊ ထိုအတူ ဒုတိယ အရပ်သို့,

တတိယ အရပ်သို့, စတုတ္ထ အရပ်သို့, ဤသို့လျှင် အထက်အောက်, အထောင့်ဖီလာ ဆယ်မျက်နှာ၌ သတ္တဝါ ရှိသမျှ အလုံးစုံကို အကုန်အစင် ထက်ဝန်းကျင်မှ ပြန့်ပြော ကြီးမြတ်လှသဖြင့် ပမာဏ မရှိသော အဝေရ အဗျာပဇ္ဇ စိတ်ဖြင့် ပျံ့နှံ့၍ နေ၏။

ဝါသေဋ္ဌ၊ ဥပမာ ဆိုသည်ရှိသော် အားကြီးစွာသော ယောက်ျားသည် ခရုသင်းကို မှုတ်သည်ရှိသော် အရပ်လေးမျက်နှာ, ရှစ်မျက်နှာ, ဆယ်မျက်နှာသို့ အသံ ပျံ့နှံ့၍ သွားသဖြင့် အလုံးစုံ ကြားနိုင်သကဲ့သို့ ထိုအတူပင်လျှင် မေတ္တာနှင့် ယှဉ်သော ဥပစာရ သမာဓိစိတ်, အပ္ပနာ သမာဓိစိတ်ဖြင့် (ဝါ) သမာဓိ စိတ်ကို ဆိုပြီးသည့်အတိုင်း လေးမျက်နှာ, ရှစ်မျက်နှာ, ဆယ်မျက်နှာ သတ္တဝါတို့ကို ပျံ့နှံ့အောင် ပွားသည်ရှိသော် (အခါခါ မေတ္တာ ပို့သည် ရှိသော် မေတ္တာ စိတ်ဖြင့် အောက်မေ့၍ မပြတ် နေသည် ရှိသော်) ပမာဏကို ပြုအပ်သော ကာမာဝစရ ဒါန, သီလ စသော ကုသိုလ်ကံသည် လူ့ဘုံ, နတ်ဘုံ၌သာလျှင် ဖြစ်စေနိုင်, ရောက်စေနိုင်၏၊ ဗြဟ္မာပြည်သို့ မရောက်စေနိုင်။

ထို မေတ္တာစိတ်ဖြင့် အဖန်ဖန် အောက်မေ့၍ တည်ကြည်သော အပ္ပမာဏ, မဟဂ္ဂတ-ဟု ဆိုအပ်သော ဗြဟ္မဝိဟာရ, မေတ္တာဘာဝနာ, အပ္ပနာသမာဓိ ကုသိုလ်ကံသည်ကား- ဗြဟ္မာမင်းကဲ့သို့ နေသောကြောင့် ဗြဟ္မာပြည်သို့ ရောက်စေနိုင်၏၊ ဗြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းကောင်း, လမ်းမှန် ဖြစ်၏။

ဝါသေဋ္ဌ ပုဏ္ဏား၊ ဤ လမ်းသည်လည်း ဗြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းတည်း။

ဝါသေဋ္ဌ၊ ထိုမှတပါး, နောက်တတန်လည်း ကရုဏာနှင့် ယှဉ်သော စိတ်ဖြင့် ရှေးနည်းအတူပင်လျှင် အလုံးစုံသော အရပ်မျက်နှာ အလုံးစုံသော သတ္တဝါတို့ကို ပျံ့နှံ့၍နေ၏။ ဤသို့ ကရုဏာဖြင့် ပျံ့နှံ့၍ နေခြင်းသည်လည်း ဗြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းတည်း။

မုဒိတာနှင့် ယှဉ်သောစိတ်၊ ဥပေက္ခာနှင့် ယှဉ်သောစိတ်၊ ထိုအတူ ပွားသည် ရှိသော် ဗြဟ္မာပြည်သို့ ရောက်စေနိုင်၏။ ဤလမ်းတို့သည် ဗြဟ္မာပြည်သို့ ရောက်ကြောင်း လမ်းတို့တည်း။

ဝါသေဋ္ဌ ပုဏ္ဏား၊ ငါဘုရား မိန့်တော်မူသော စကားကို အဘယ်သို့ ထင်သနည်း၊ ဤသို့ ဗြဟ္မဝိဟာရ လေးပါးကို ပွား၍နေသော ရဟန်းသည် မိန်းမယူခြင်း ရှိသလော၊ မရှိပါသလော။ မိန်းမယူခြင်း မရှိပါ အရှင် ဂေါတမ။

ခိုက်ရန် ဒေါသစိတ် ရှိသလော၊ မရှိသလော။ ရန်ခိုက်ဒေါသစိတ် မရှိပါ အရှင်ဂေါတမ။

ထိနမိဒ္ဓဖြင့် ကြောင့်ကြ ငိုက်မိုန်းခြင်း ရှိသလော။ မရှိသလော။ မရှိပါ အရှင်ဂေါတမ။

ပျံ့လွင့် ညစ်နွမ်းသော စိတ်ရှိသလော၊ မရှိသလော။ မရှိပါ အရှင်ဂေါတမ။

ဝိစိကိစ္ဆာဖြင့် ယုံမှား တွေးတော စိတ်သဘောကို မိမိအလိုသို့ လိုက်စေနိုင်သလော၊ မလိုက်စေနိုင်သလော။ လိုက်စနိုင်ပါ၏ အရှင်ဂေါတမ။

ဝါသေဋ္ဌ ပုဏ္ဏား၊ မိန်းမယူခြင်း မရှိသော ရဟန်းအား မိန်းမယူခြင်း မရှိသော ဗြဟ္မာနှင့် ညီညွတ်သည် မဟုတ်လော၊ ညီညွတ်ပါသည် အရှင်ဂေါတမ။

သာဓု-ဝါသေဋ္ဌ၊ မိန်းမယူခြင်း မရှိသော ထိုရဟန်းသည် သေသည်မှ နောက်၌ မိန်းမယူခြင်း မရှိသော ဗြဟ္မာပြည်သို့ ရောက်၏။

ရန်ခိုက်ဒေါသ မရှိသော ရဟန်းသည် ရန်ခိုက်ဒေါသ မရှိသော ဗြဟ္မာနှင့် ညီညွတ်သည် မဟုတ်လော၊ ညီညွတ်ပါသည် အရှင်ဂေါတမ။

သာဓု-ဝါသေဋ္ဌ၊ ထိနမိဒ္ဓကြောင့်ကြ ငိုက်မိုန်းခြင်းမရှိသော ရဟန်းသည် ထိနမိဒ္ဓ ကြောင့်ကြငိုက်မိုန်းခြင်း မရှိသော ဗြဟ္မာနှင့် ညီညွတ်သည် မဟုတ်လော၊ ညီညွတ်ပါသည် အရှင်ဂေါတမ။

သာဓု-ဝါသေဋ္ဌ၊ ပျံ့လွင့် ညစ်နွမ်းခြင်း မရှိသော ရဟန်းသည် ပျံ့လွင့် ညစ်နွမ်းခြင်းမရှိသော ဗြဟ္မာနှင့် ညီညွတ်သည် မဟုတ်လော၊ ညီညွတ်ပါသည် အရှင်ဂေါတမ။

သာဓု-ဝါသေဋ္ဌ၊ ဝိစိကိစ္ဆာ ယုံမှားတွေးတော စိတ်သဘောကို မိမိအလိုသို့ လိုက်စေနိုင်သော ရဟန်းသည် ဝိစိကိစ္ဆာ ယုံမှားတွေးတော စိတ်သဘောကို မိမိအလိုသို့ လိုက်စေနိုင်သော ဗြဟ္မာနှင့် ညီညွတ်သည် မဟုတ်လော။ ညီညွတ်ပါသည် အရှင်ဂေါတမ။

သာဓု-ဝါသေဋ္ဌ၊ ဤသို့ ဆိုပြီးသည့်အတိုင်း ဟောတော်မူသည့်အတိုင်း ဗြဟ္မာနှင့်ညီညွတ်သော စိတ်ရှိသော ရဟန်းသည် သေသည်မှနောက်၌ ဗြဟ္မာပြည်သို့ ရောက်နိုင်၏-ဟူ၍ မှတ်လေလော့။

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူသည် ရှိသော်- ဝါသေဋ္ဌနှင့် ဘာရဒွါဇ ပုဏ္ဏားလုလင် နှစ်ယောက်တို့သည်—

အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ။

စသည်ဖြင့် အံ့ဩ ချီးမွမ်းခြင်းကို ပြုကြ ကုန်လျက် ထို ဝါသေဋ္ဌနှင့် ဘာရဒွါဇ ပုဏ္ဏားလုလင် နှစ်ယောက်တို့သည် မဇ္ဈိမပဏ္ဏာသ ဝါသေဋ္ဌ ဘာရဒွါဇသုတ်ကို ကြားနာရ၍ ပထမ သရဏဂုဏ်ကို ဆောက်တည်ပြီး၍ ယခုတဖန် တေဝိဇ္ဇသုတ်ကို ကြားနာပြီးသော အခါ၌လည်း ဒုတိယအကြိမ် သရဏဂုဏ်ကို ဆောက်တည်ကြကုန်၏။

ထိုနောက် ကတိပါဟစ္စယ၊ နှစ်ရက်သုံးရက် လွန်လျှင် အဂ္ဂညသုတ်ကို နာ၍ အဂ္ဂညသုတ် အဆုံး၌ ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ကြားကြ ကုန်လျက် သာသနာတော်၌ ရဟန်းပြုကြပြီးလျှင် တရားကို အားထုတ်သည် ရှိသော် အာသဝေါကုန်ခမ်း၍ ရဟန္တာဖြစ်ကြကုန်၏။

အဟော သာဓု၊ အဟော သုဋ္ဌု။

တေဝိဇ္ဇသုတ် ပြီး၏။

# နိဂုံး ဂါထာများ

၁။ ယံ ရဋ္ဌံ တမ္ဗဝဏ္ဏေန၊ မဟီတလေန ဒီပိတံ၊
တမ္ဗဒီပေါတိ တံ ရဋ္ဌံ၊ ဝေါဟရေ ပုဗ္ဗကပ္ပိကာ။

၂။ နဒီယာ နိဝတ္တနမှိ၊ ယံ တံ တိဋ္ဌတိ နဂရံ၊
နဒီနိဝတ္တနံ ဣတိ၊ ဝေါဟရေ ရဋ္ဌဝါသိကာ။

၃။ တမ္ဗဒီပ ဝှယေရဋ္ဌေ၊ နဒီနိဝတ္တနေ ပုရေ၊
ဂါမေ နဂရ မာတုကေ၊ ဇာတေန သုကတံ မယာ။

၄။ ဇေယျသေနာ ဘိဓာနေန၊ မဟာထေရေန ဘိက္ခုနာ၊
ပါရမိပူရဏတ္ထာယ၊ သီလက္ခန္ဓဿ ဝဏ္ဏနံ။

၅။ နဝါသီတိ ဝဿာဓိကေ၊ ဒွိသတဿိ သဟဿကေ၊
အာသဠှိ ကာဠ ပက္ခမှိ၊ နဝမိယံ သုနိဋ္ဌိတံ။

၆။ ယထာ အနန္တရာယေန၊ သီလက္ခန္ဓဿ ဝဏ္ဏနံ၊
ဧဝံ ကလျာဏ သင်္ကပ္ပါ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။

၁။ ယံရဋ္ဌံ၊ အကြင်ဟိမဝန္တာ၊ မဟာအိုင်မြတ်၊ နောတတ် ပဘာဝါ၊ အစဉ် ဖြာလျက်၊ ဂင်္ဂါမသွေ့၊ ရောဝတီ၊ မြစ်မဟီဖြင့်၊ နာမည် ကျော်လှိုင်း၊ မြန်ပြည်တိုင်းကို။ တမ္ဗဝဏ္ဏေန၊ အရုဏဝတီ၊ စံမှီသို့၊ နီနီလွင်လွင်၊ ကြည်လင်ဆန့်ရှင်း၊ ထိန်ထိန်ဝင်းသော။ မဟီတလေန၊ စည်မျက်နှာသွင်၊ အပြင်ညီစွာ၊ မဟီချာတွင်၊ သီတာဖြန်းဖွေ့၊ ရွှန်းရွှန်းဝေလျက်၊ စမ်းဧရစိမ့်ရေ၊ တွေ့ဘော့သွင်သွင်၊ မြေပြင်မခမ်း၊ ရေရှင်လမ်းလျက်၊ ဧအေးချမ်းရိပ်မြုံ၊ ရဂုံပိတ်ဆိုင်း၊ ရေလျှင်ဝိုင်းသော၊ အင်းဘိုင်းမြေအပြင်ဖြင့်။ ဒီပိတံ၊ နိမိတ်ခြင်းရာ၊ လက္ခဏာနှင့်၊ မှတ်ရာတတ်တတ်၊ ေ ါ ပြအပ်၏။ တံရဋ္ဌံ၊ ထိုသို့ကြောင်းဟိတ်၊ ဂုဏ်နိမိတ်ဖြင့်၊ ကျော်ဖိတ်ဝှန်းသူ၊ ဇမ္ဗူ တခွင်၊ မြေပြင် မဆန့်၊ ပျံ့နှံ့ ကျော်လှိုင်း၊ မြန်ပြည်တိုင်းကို။ တမ္ဗဒီပေါတိ၊ တမ္ဗဒီပ–ဟူ၍

(ဂ) မြေနိကျွန်း-ဟူ၍။ ပုဗ္ဗကပ္ပိကာ၊ ကမ္ဘာဦးသူ၊ ရှေးလူကဝိ၊ ပညာရှိတို့သည်။ ဝေါဟာရေ၊ နာမည်ထုတ်ဖေါ်၊ သမုတ်ခေါ်ကြကုန်၏။

၂။ ယံနဂရံ၊ အကြင်မြို့သည်။ နဒီယာ၊ ရောဝတီမြစ်၏။ နိဝတ္တနမှိ၊ သဲငူသောင်ပြင်၊ ရေလျှင်တိုက်တွေ့၊ ဆိပ်ကမ်းကွေ့၌။ တိဋ္ဌတိ၊ တိုက်အိမ် ဈေးလမ်း၊ စီစဉ် တန်းလျက်၊ ခမ်းနား ထင်ပေါ်၊ မှော်လျော်ပျော်ရွှင်၊ ရှုချင်စဘွယ်၊ တင့်တယ်သပ်ရပ်၊ လျောက်ပတ်သဖြင့်၊ အနေသင့်လျက်၊ ဘွေမြင့်နိမ့်မှာ၊ ဝတိ်သာကို၊ ပမာနှိုင်းမူ၊ ဆင်တူပုံလျက်၊တုဘက်ယှဉ်မှို၊ ပြိုင်လျက်တည်၏။ တံနဂရံ၊ ထိုမြို့ကို၊ နဒီနိဝတ္တနံ့ဣတိ၊ မြစ်ကွေ့မြို့ဟု၊ လူတို့ရှေးက၊ ခေါ်ဆိုကြလည်း၊ ကာလ နှောက်မှာ၊ လူ အများ တို့၊ စကား ရွေ့ ပြောင်း၊ အကြောင်းစာများ၊ ရေးသားပေးပို့၊မကွေးမြို့-ဟူ၍။ရဋ္ဌဝါသိကာ၊ မြန်တိုင်းနေသူ၊ မြန်မာလူတို့သည်။ ဝေါဟာရေ၊ နာမည်ထုတ်ဖေါ်၊ သမုတ်ခေါ်ကြကုန်၏။

၃-၄-၅။ တမ္ဗဒီပ ဝှယေ ရဋ္ဌေ၊ တမ္ဗဒီပ၊ နာမခေါ်တွင်၊ ကျော်ထင်သမိုင်း၊ မြန်ပြည်တိုင်း၌။နဒီ နိဝတ္တနေ ပုရေ၊မကွေးမြို့၌။ဂါမေနဂ္ဂရမာဘတ္တုကော၊ မြို့မိရွာ၌။ ဇာတေန၊ဇာတ်သစ်ပုန၊ လူ့ ဘဝ သို့၊ ဇာတဘွားမြောက်၊ သန္ဓေစင်ရောက်သဖြင့်။ ဘိက္ခုနာ၊ ဥပသမ္ပဒါ၊ အင်္ဂါစုံလစ်၊ ရဟန်းဖြစ်သော၊ ဇေယျသေနာဘိဓာနေန၊ အစဉ်ဆယ်နှစ်၊ ကျောင်းသား ဖြစ်၍၊ ဆဲ့ဘနှစ်ရှယ်၊ သူငယ်စဉ်က၊ သင်ပြမက္ခာ၊ မိဘဆရာသည်၊ နောင်ခါစင်စစ်၊ ရဟန်းဖြစ်မည်၊ ဘွဲ့ချီထူးထွေ၊ မှည့်ခေါ်လေ၍၊ ဦးဇေယျသိန်-ဟူသော အမည်ကိုရသော။ မဟာထေရေန၊ ယခုအခါ၊ သေ ခါ လု နီး၊ မထေရ်ကြီး ဖြစ်သော။ မယာ၊ ငါသည်။ ပါရမီပူရဏတ္ထာယ၊ ပါရမီပြည့်စေခြင်းငှါ။ သုကတံ၊ ကောင်းစွာ စီရင်၊ ပြုပြင်ကိုးစား၊ ရေးသားခြင်းကို ပြုအပ်သော။ သီလက္ခန္ဓဿ၊ သုတ်သီလက္ခန်ပါဠိတော်၏၊ ဝတ္ထုကံ၊ အကြောင်းအရာ၊မြန်မာပြန်မှုကျမ်းဝတ္ထုသည်။ နဝါသီတိဝဿာဓိကေ။ ရှစ်ဆယ်ကိုးနှစ် အလွန်ရှိသော။ ဒွိသတသိ်သဟဿကေ၊ တထောင့်နှစ်ရာ၊ နှစ်ကောဇာ၌။ (ဂ) တထောင့်နှစ်ရာ၊ ရှစ်ဆယ်ကိုးခုနှစ်၌။ အာသဠ္ဟ ဥဋ္ဌပက္ခမှိ၊ ဝါဆိုလဆုတ်ဖြစ်သော။ နဝမိယံ၊ ကိုးရက်နေ့၌။ သုနိဋ္ဌိတံ၊ကောင်းစွာ ပြီးပြီ။

၆။ သီလက္ခန္ဓဿ၊ သီလက္ခန္ဓပါဠိတော်၏။ ဝတ္ထုကံ၊ အကြောင်းအရာ၊ မြန်မာပြန်မှု၊ ကျမ်းဝတ္ထုသည်၊ အနန္တရာယေန၊ အန္တရာယ် မရှိသဖြင့်။ သုနိဋ္ဌိတံယထာ၊ ကောင်းစွာပြီးသကဲ့သို့။ ဧဝံ၊ ဤအတူ။ ပါဏိနံ၊ သတ္တဝါတို့၏။ ကလျာဏသင်္ကပ္ပါ၊ ကောင်းသောအကြံအစီတို့သည်။ သီဃံ၊ လျင်မြန်စွာ။သိဇ္ဈန္တု၊ ပြီးစီးကြပါစေကုန်သတည်း။

နိဂုံးဂါထာများ ပြီး၏။

သုတ်သီလက္ခန် ဝတ္ထုတော်ကြီး ပြီးပြီ။

## ကြီးကြပ်သူ၏ အမှာ နှုတ်ခွန်းဆက်....

ဤသုတ်သီလက္ခန် ဝတ္ထုတော်ကြီးကို စတင်ရေးခဲ့သည့် နှစ် လ, ကို မသိခဲ့ရပါ နောက်ဆုံး ပြီးဆုံးသည့်နှစ်သည်ပင် ၄၈-နှစ်မျှ ရှိပြီ ဖြစ်၍ စာမူများမှာ ကိုင်လို့ မရနိုင်အောင်ပင် ဆွေးမြေ့နေပါပြီ၊ ကျောဘက်မှ စက္ကူများ အသစ် ထပ်ကပ်ပြီး ခဲယဉ်းစွာ ကူးယူခဲ့ရပါသည်။ အဆက်ပြတ် နေသော အချို့စာကြောင်းများကို မူရင်း သုတ်သီလက္ခန် ပါဠိတော် ၎င်းအဋ္ဌကထာ တို့နှင့် တိုက်ဆိုင် ညှိနှိုင်းပြီး ဆိုလိုရင်းမပျက်အောင် အတတ်နိုင်ဆုံး စီစဉ်ခဲ့ရပါသည်။

ဆရာတော် ဘုရားကြီးသည် ဤဝတ္ထုတော်ကြီးကို အချိန် တိုတောင်းသောကာလအတွင်းမှာ ရတ်တရက်ရေးသည် မဟုတ်တန်ရာ အကြောင်းကား–သုတ်သီလက္ခန် ပါဠိအဋ္ဌကထာနှင့် ဆက်နွယ်သော မဇ္ဈိမနိကာယ် မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ, သဂါထာဝဂ္ဂသံယုတ်, ဓမ္မပဒ စသော ကျမ်းတို့မှ အဆုံးအဖြတ်များလည်း ပါရှိ၍ နေသောကြောင့် ဖြစ်ပါသည်။

မှန်ပါသည်၊ ဤဝတ္ထုတော်ကြီးကို တအုပ်လုံး ခြုံ[illegible] လျှင် ပါဠိတော်နှင့် အဋ္ဌကထာ နှစ်ခု ပေါင်းစပ်ပြီး၊ [illegible]ယ် စုံလင်စွာ အများနားလယ်လွယ်, သိလွယ်, မြင်လွယ်, ထင်လွယ် အောင် အနုပ်သုံး စကားများဖြင့် စာပေရသ မြောက်အောင် ချေစပ် သေချာစွာ အချိန်ယူပြီး ရေးသားသဖြင့် အပင်အပမ်းခံ၍ ထား ကြောင်း ထင်ရှားလှပါသည်။

သို့ဖြစ်ပါ၍ ဤကျမ်းကြီးကို အမှတ် မထင် သမံဂါ လျှံကာ (တော်စွာ–လျော်စွာ) ရိုက်နှိပ်လို့ မဖြစ်ပါ အချိန်ယူပြီး အပြစ် ကင်းနိုင်သမျှ ကင်း၍ ကောင်းနိုင်သမျှ ကောင်းအောင် အခက်အခဲ အမျိုးမျိုးကို ကျော်လွှားပြီး အခါကာလ အားလျော်စွာ ထုတ်ဝေ လိုက်ရပါသဖြင့် ဘတ်ရှုကြသော ရဟန်းရှင်လူ အပေါင်းတို့ ကျေနပ် နှစ်သိမ့် ဝမ်းမြောက်ကြလိမ့်မည်-ဟု ယုံကြည်မိပါသည်။

ဆရာ- ဦးတင်စိုး (ပျော်ဘွယ်)

ကြီးကြပ်သူ။

# ထွန်းပညာစာပေတိုက်

မှ

## ထွက်ပေါ်လာမည့် ကျမ်းစာများ

အဘိဓဇမဟာရဋ္ဌဂုရု- ပခုက္ကူ ဆရာတော်ဘုရားကြီး စီစဉ်တော်မူသော

**(၉၅)ခဏ်း (၃-ပါးကိုင်) ကမ္မဝါစာ။**

အဘိဓဇမဟာရဋ္ဌဂုရု- ပခုက္ကူဆရာတော်ဘုရားကြီး ရေးသားတော်မူသော

**ဉာဏသံဝေဂကျမ်း**

အဘိဓဇမဟာရဋ္ဌဂုရု- ပခုက္ကူ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော

**ကျောင်းထိုင်ဘုန်းကြီးလက်ကိုင် ဝိနယမဏ္ဍိုင်ကျမ်း**

စာချဆရာတော်-ဦးရာဇိန္ဒ (ဓမ္မာစရိယ) ရေး

**ဆုပေးနှင့် ရေစက်ချ အမျိုးမျိုးကျမ်း**

သိပ္ပံမဥ္ဇူကျောင်း ဆရာတော်-အရှင်ဉာဏာဒိစ္စ ရေး

**အဘိုးတန် မန်လည်ကဗျာကျမ်း**

တို့သည် ဆက်ခါ, ဆက်ခါ ထွက်ပေါ်လာနေတော့မည် ဖြစ်ကြောင်း
သတင်းကောင်း ပါးလိုက်ရပါသည်။

● ဤ သုတ်သီလက္ခန် ဝတ္ထုတော်ကြီးကို အောက်ပါ ဆိုင်များတွင် ရနိုင်ပါသည်။

၁။ ● ဝံသာနု ဦးပျိုင် – သိုး မည္ဇန့်

သက်န်းပရိက္ခရာ နှင့် ပိဋကတ်စာအုပ်ဆိုင်
အမှတ် ၅/၆၊ ရွှေတိဂုံဘုရားကြီး ဈေးတော်ရှဲ
တောင်ဘက် ခါတ်လှေခါးအနီး
ရန်ကုန်မြို့။

၂။ ● မည္ဇန့်ဝေ

ပိဋကတ် စာအုပ်ဆိုင်
ဆင္ဓမူ ကျမ်းစာများ အရောင်းကိုယ်စားလည်
၃၈၊ ရွှေတိဂုံဘုရားကြီး တောင်ဘက် ဈေးတော်ရှိ
ရန်ကုန်မြို့။

၃။ ● ဒေါ်ခင်အုန်းချို – ဒေါ်အေးမြင့်

"သိ" စာပေရိပ်မြုံ
အမှတ် ၁၂၆၊ ဆူးလေဘုရားလမ်း
ရန်ကုန်မြို့။ (ဖုံး – ၁၃၂၅၀)

ဦးဝင်း (၁၁၁၂) ကာလာမောင်ဝင်းပုံနှိပ်တိုက် ၁၂၈–မိုလ်ချုပ်လမ်းရန်ကုန်။